www.burmeseclassic.com




ခင်ခင်ထူး

# ပန်းကြာဖြူ

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## ရွှေဝံ စာအုပ်တိုက်က ထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| ၁၁၂။ | ပဲသင်းကောက်ဝတ္ထုတိုများ | ခင်ခင်ထူး |
| ၁၁၃။ | အိမ်ကလေး(၁၆)လုံး (ဒုတိယအကြိမ်) | နေဝင်းမြင့် |
| ၁၁၄။ | အင်္ဂလိပ်စကားပြော အီဒီယမ် | ဆန်းလင်းထွန်း |
| ၁၁၅။ | သိပါရဲ့လားကျန်းမာရေး | ဒေါက်တာခင်ပန်နှင်း |
| ၁၁၆။ | ရသစာပေ၏သဘော | ဇော်ဂျီ |
| ၁၁၇။ | ဈေးခြင်းတောင်း | ခင်ခင်ထူး |
| ၁၁၈။ | ဆရာကောင်းတစ်ယောက် ဖြစ်ရလေအောင် | လှအောင် |
| ၁၁၉။ | ကဲ့ကော်လက်ဆောင် စာစီစာကုံးများ | ဖြိုးသာရ |
| ၁၂၀။ | အနန္တစွမ်းအားရှင် သင် | မြတ်ငြိမ်း |
| ၁၂၁။ | ဆယ့်နှစ်ကြိုးဝတ္ထုတိုများ | နေဝင်းမြင့် |
| ၁၂၂။ | ဟိုးရှေးရှေးတုန်းက ဂျပန်ပုံပြင်များ | ခွန်းချိုဆွေရည် |
| ၁၂၃။ | ကလေးတွေသုံး အင်္ဂလိပ်စကားလုံး | ညွန့်ဝေမိုး |
| ၁၂၄။ | ကမ္ဘာတလွှားမှ ထူးဆန်းအံ့ဖွယ်ပုံပြင်များ | ရွှန်းလဲ့ဆွေရည် |
| ၁၂၅။ | ကြခတ်တောနှင့် စိမ့်စမ်းရေ ကဗျာများ | မောင်တင်ပိုင် |
| ၁၂၆။ | ကြာဆစ်ကြိုး မဂ္ဂဇင်းဝတ္ထုရှည်များ | ခင်ခင်ထူး |
| ၁၂၇။ | သည်ခရီး သည်ထီးဆောင်း | သက်ဆွေ |
| ၁၂၈။ | လှည်းယဉ်ကြော ဝတ္ထုတိုများ | ခင်ခင်ထူး |
| ၁၂၉။ | ကျောက်ဆစ်ရုပ်မှ လက်တစ်ချောင်းနှင့် လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ | ကလောင်စုံ |
| ၁၃၀။ | ပညာခေတ်၏ရနံ့စာစီစာကုံးများ (၅) | မောင်မောင်ဦး (မဟာဝိဇ္ဇာ) |
| ၁၃၁။ | နိုင်ငံတကာရိုးရာပုံပြင်များ | သီဟန်သွင် |
| ၁၃၂။ | ရက်ကန်းလွန်း ဝတ္ထုတိုများ (ဒုတိယအကြိမ်) | ခင်ခင်ထူး |
| ၁၃၃။ | ဂျပန်ဟာသများ | မြင့်ဆွေဦး |
| ၁၃၄။ | ရေသွန်မြစ် ဝတ္ထုတိုများ (ဒုတိယအကြိမ်) | နေဝင်းမြင့် |
| ၁၃၅။ | အညာသူအညာသား ကျွန်မဆွေမျိုးများ (တတိယအကြိမ်) | ခင်ခင်ထူး |

**ယခု**

| | | |
|---|---|---|
| ၁၃၆။ | ပန်းကြာဝတ်မှုန် (ဒုတိယအကြိမ်) | ခင်ခင်ထူး |

**ဆက်လက်၍**

| | | |
|---|---|---|
| ၁၃၇။ | နန်းဇလေ့ မှတ်တမ်းများ (ဒုတိယအကြိမ်) | မြကေတု |

# ပန်းကြာဝတ်မှုန် (ဒုတိယအကြိမ်)

■ ခင်ခင်ထူး

www.burmeseclassic.com

www.burmeseclassic.com

# ပန်းကြာဝတ်မှုန် ပထမအကြိမ် အမှာစာ

(၁)

ကျွန်မ၏ 'ပန်းကြာဝတ်မှုန်' လုံးချင်းဝတ္ထုရှည်ကြီး ရေးပြီးသည့်နေ့က ကျွန်မ၏စိတ်တွေ လွတ်လပ်ပေါ့ပါးသွားခဲ့ရပါသည်။ ဝတ္ထုတစ်ပုဒ် ရေးသားပြီးစီးသွားလေပြီဆိုသည့်အခါတိုင်း ကျွန်မတို့စာရေးသူများတွင် ခံစားနေကျ ပေါ့ပါးလွတ်လပ်ခြင်းမျိုး ပါသလို၊ ကျွန်မ အနှစ်နှစ်အလလက စိတ်ကူးဖွဲ့တည်မိသော ရေးချင်သည့်ဝတ္ထုကြီး တစ်ပုဒ် အထမြောက်ရလေပြီဆိုသည့် စိတ်ပေါ့ပါးလွတ်လပ်မှုလည်း ပါကြောင်း ဆိုလိုပါသည်။

ပင်ကိုအားဖြင့် ကျွန်မသည် ဝတ္ထုတိုများကို အဖွဲ့အရေးသန်သူဖြစ်ပါသည်။ ရေးဖြစ်ခဲ့သည့်ဝတ္ထုတိုများကို စုစုစည်းစည်း ရွေးချယ်လျက် ဝတ္ထုတိုပေါင်းချုပ်များအဖြစ် ထုတ်ဝေဖြစ်ခဲ့သည်။ လုံးချင်းဝတ္ထုရှည်အနေဖြင့်မူ 'ဝတ်လဲတော် ရွှေပုဆိုး တန်းထိုးလို့ ကြိုမယ်' လုံးချင်းဝတ္ထုကိုလည်းကောင်း၊ ကျေးလက်နေ ဆွေမျိုးသားချင်းများ၏ ဘဝဓာတ်လမ်းစုံများကို ထင်ဟပ်ဖော်ပြသည့် ဝတ္ထုပြာန် ဘဝပုံရိပ်အဖြစ် 'အညာသူ အညာသား ကျွန်မဆွေမျိုးများ' စာအုပ်ကိုလည်းကောင်း ရေးသားထုတ်ဝေပြီး ဖြစ်ပါသည်။ ထိုစာအုပ်နှစ်အုပ်မှာ လဆက် အခန်းဆက် ရေးသားဖော်ပြခဲ့သည့်အလျောက် ကျွန်မ အချိန်ယူကာ ရေးနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်မ၏ 'ပန်းကြာဝတ်မှုန်' ဝတ္ထုရှည်ကတော့ တစ်နှစ်နီးပါး အချိန်ယူကာ ရေးဖွဲ့ထားသော ဝတ္ထုရှည်ဖြစ်ပါသည်။ မည်သည့်မဂ္ဂဇင်းကိုမှ မပို့ဖြစ်ဘဲ ကျွန်မအမိဌာန်နှင့်ကျွန်မ ရေးဖြစ်ခဲ့သော ဝတ္ထုရှည်ကြီးဖြစ်ပါ၏။ ကျွန်မအမိဌာန်ဆိုသည်မှာ ကျွန်မ ဝတ္ထုတိုများ ရေးစဉ်ကပင် ကျွန်မကိုယ်တိုင် ပညာရင်နို့ သောက်စို့ခဲ့ရသော အမိကျောင်းတော် မန္တလေးတက္ကသိုလ်နောက်ခံ ဝတ္ထုရှည်ကြီးတစ်ပုဒ် ရေးဖြစ်အောင်ရေးမည်ဆိုသည့် စိတ်ပိုင်းဖြတ်ချက်ကို ဆိုလိုပါသည်။

ကျွန်မ၏ ကြိုးစားအားထုတ်မှုအလျောက် တက္ကသိုလ်ကျောင်းတော်ကို မရောက်ရောက်အောင် ပို့ကြရင်း တက္ကသိုလ်ပညာကို ဆည်းပူးခွင့်ပေးခဲ့ကြသော ကျေးဇူးရှင်မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးနှင့်အတူ ပညာသင်ကြားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးတရားများကိုလည်း အစဉ်အောက်မေ့ခဲ့ပါသည်။

(၂)

တစ်ရက်မှာတော့ ကျွန်မ၏အထက်တန်းကျောင်းသူဘဝ၊တက္ကသိုလ်ကျောင်းသူဘဝများတွင် အတူတကွ ပညာသင်ယူခဲ့ကြသော သူငယ်ချင်းတစ်သိုက် ကျွန်မအိမ်ကို ရောက်လာခဲ့ကြပါသည်။ အာစရိယပူဇော်ပွဲအတွက် အစည်းအဝေးဖိတ်ကြားရန် ရောက်လာကြရာက တက္ကသိုလ်နေ့ရက်များအကြောင်း စကားရောက်သွားကြပါသည်။ ကျွန်မတို့သူငယ်ချင်းများအားလုံး မန္တလေး မြို့နေပြည်ထိုင်များ ဖြစ်သဖြင့် ထိုစဉ်က ပညာရေးစနစ်အရ ခွင့်ပြုခဲ့သော တက္ကသိုလ်အဆောင်များတွင် နေခွင့်မရခဲ့ကြသော်လည်း အဆောင်နေသူငယ်ချင်းများနှင့် ရင်းနှီးခင်မင်ခဲ့ကြပုံတွေပါ စကားဝိုင်းမှာ ပါလာခဲ့ကြပါ၏။

သူငယ်ချင်းတွေ ပြန်သွားကြသည့်အခါမှာတော့ ကျွန်မရင်ထဲက ဝေဒနာဟောင်းသည် ပြန်လည်နိုးကြားလာခဲ့သည်။ ထိုရက်များအတွင်း တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ကျွန်မနှင့်မေဂျာတူ ကျောင်းနေဖက်သူငယ်ချင်း ကိုအောင်နိုင်သူ ကျွန်မတို့အိမ်ကို လာရောက်လည်ပတ်ပါသည်။ ကိုအောင်နိုင်သူက ၁၉၈၀ ခုနှစ်ကာလများအတွင်း အမေရိကန်နိုင်ငံကို ရောက်သွားခဲ့ရာက ထိုနိုင်ငံမှာပင် နေထိုင်အခြေချနေသူဖြစ်ပါ



သည်။ ကိုအောင်နိုင်သူကို ကျွန်မစိတ်ကူးတွေ ပြောပြသည့်အခါ သူမှတ်မိသမျှ အတွေ့အကြုံတွေကို ပြောပြခဲ့သည်။ အတွေ့အကြုံဆိုသည်ထက် သူ့ဘဝ သူ့ဇာတ်လမ်းကို ရင်ဖွင့်သွားခဲ့သည်ဆိုတာက ပိုပြီး မှန်ပါလိမ့်မည်။ ကျွန်မက ထိုဇာတ်လမ်းကို သီကြိုးထားကာ ဝတ္ထုဖန်တီးချင်ကြောင်း ပြောသည့်အခါ သူကလည်း ခွင့်ပြုခဲ့ပါသည်။

တစ်ဖန် ထိုနှစ်ကာလများက အဆောင်တွင် နေခွင့်ရခဲ့ကြသော မတ္တရာမြို့မှ သူငယ်ချင်းများဖြစ်ကြသော ကိုကျော်သိန်း၊ ကိုမျိုးမြင့်၊ မခင်ဌေး၊ မခင်အေး တို့ထံ ဖုန်းအကြိမ်ကြိမ်ဆက်ရင်း သူတို့မှတ်မိသမျှ မေးမြန်းရပါသည်။ အထူးသဖြင့် မြောက်တံငါရွာ ကျောင်းအုပ်ဆရာကြီးဖြစ်နေသော 'ကိုကျော်သိန်း' မှာ ကျွန်မမေးသမျှ မှတ်လည်းမှတ်မိသည်။ ပြောလည်းပြောနိုင်သည်။

မန္တလေးတက္ကသိုလ်နယ်မြေအတွင်း အကြိမ်ကြိမ် သွားရောက်ရင်း ကျွန်မတို့နှစ်ကာလများက တည်ရှိခဲ့သော အဆောက်အအုံများ၊ ကျောင်းဆောင်များ၊ သစ်ပင်များ၊ လမ်းများကိုလည်း ကြည့်ရှုစံစားခဲ့ပါသည်။ တက္ကသိုလ်စာကြည့်တိုက် ပညာဌာနမှ မခင်စုမာ၏ကျေးဇူးကြောင့် ၁၉၈၀ ခုနှစ်ကာလများအတွင်း ထုတ်ဝေခဲ့သော မန္တလေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းများကို ငှားရမ်းဖတ်ရှုခွင့်ရခဲ့သည်။ ကျွန်မ အကူအညီတောင်းတိုင်း ပြေးလွှားကူညီခဲ့ကြသော ဆရာညိုထွန်းလူ၊ ကိုကျော်မင်းထွန်းနှင့် အခြားမိတ်ဆွေများကိုလည်း ကျေးဇူးတင်ရပါ၏။

(၃)

ကျွန်မတွင် စိတ်ကူး အချက်အလက်နှင့် ဇာတ်အိမ်ရှိသော်လည်း ချရေးရန် အဓိကအားပြုခဲ့သော စာအုပ်နှစ်အုပ်မှာ ဆရာမြသန်းတင့်၏ 'လွမ်းမောခဲ့ရသော တက္ကသိုလ်နွေညများ' ဘာသာပြန်စာအုပ်နှင့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ 'သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်ခိုင်' ပင်ကိုရေးဝတ္ထုကြီးနှစ်အုပ်ဖြစ်ပါသည်။ သည်ဝတ္ထုကြီးများကို ဖတ်ရစဉ်ကပင် ကျွန်မအပေါ် ကြီးစွာလွှမ်းမိုးမှုရှိခဲ့ကြသည်။

ဆရာတက္ကသိုလ်ဘုန်းနိုင် မကွယ်လွန်မီလအတွင်းက ကျွန်မခင်ပွန်းနှင့်အတူ သံလျင်မြို့ကို ရောက်ခဲ့ကြစဉ်က ခိုင် ဝတ္ထုကြီးနှင့်ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းအသံသွင်းယူဖြစ်ခဲ့ပါသည်။ ဆရာက ဝတ္ထုကြီးထဲက ဇာတ်ကောင်များ၏ ထူးဆန်းသော စိတ်ခံစားမှုများကို ဖွဲ့ရာ၌ သူကိုယ်တိုင်ပင် အံ့ဩမိခဲ့ရကြောင်း ပြောပြပါသည်။

ကျွန်မမှာ သည်ဝတ္ထုကြီးနှစ်ပုဒ်၏ လွှမ်းမိုးမှု ရှိခဲ့သည့်အတွက် 'ပန်းကြာဝတ်မှုန်' ရေးရန် ပြင်ဆင်သည့်အခါ နှစ်အုပ်စလုံးကို ပြန်ဖတ်ဖြစ်ပါသည်။ ကျွန်မ၏ 'ပန်းကြာဝတ်မှုန်' သည် သည်ဝတ္ထုကြီး နှစ်ပုဒ်၏ ကျေးဇူးမကင်းခဲ့ကြောင်းကိုသာ ဖော်ပြလိုခြင်းဖြစ်၍ 'မနိုင်းအပ် မနိုင်းရာ' နိုင်းပြခြင်းမဟုတ်ရပါ။ ကျွန်မ ကြိုးစားရေးဖွဲ့ခဲ့ခြင်းကိုသာ ဆိုလိုပါသည်။

ထိုစာအုပ်များကို ရေးသားသူ ဆရာကြီးနှစ်ပါး၏ စာပေဂုဏ်ကျေးဇူးကိုလည်း ဦးထိပ်တင်ပါကြောင်း ဖော်ပြလိုပါသည်။

(၄)

ကျွန်မ တကယ်တမ်းချရေးဖြစ်သည့်အခါမှာတော့ ဇာတ်ကောင်တို့၏စရိုက်များနှင့်လျော်ညီစွာ စာကဗျာများ ထည့်သွင်းရန် လိုအပ်လာပါသည်။ ကျွန်မဝတ္ထုတွင် အဓိက အမျိုးသားဇာတ်ကောင်မှာ မြန်မာစာအဓိကကျောင်းသားအဖြစ် ဖန်တီးထားပါသည်။ မြန်မာစာပေ၏ အလှရသနှင့် တင်စားခိုင်းနှိုင်းချက်များ ထည့်နိုင်လျှင် ဝတ္ထုအတွက် အထောက်အကူရနိုင်သည်ဟု ယူဆမိ၍ ဖြစ်ပါသည်။ အထူးသဖြင့် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်နှင့် ဆရာမ ကြည်အေး၏ ကဗျာများကို နေရာအတော်များများတွင် ထည့်သွင်းဖော်ပြထားပါသည်။

ဂန္ထဝင်စာကဗျာများနှင့်ပတ်သက်၍ မြန်မာစာညွှန့်ပေါင်းကျမ်းများကို အသုံးပြုရပါသည်။ ဆရာမြသန်းတင့်၏ စာအုပ်များဖြစ်သော ဘဝနေနည်းအနုပညာ၊ ဒုတိယလိင်၊ နိုင်ငံရပ်ခြား ကဗျာများ၊ တဂိုး၏ကဗျာများ (၅) အုပ်ကိုလည်း ရယူကိုးကားခဲ့ရပါ၏။ 'ပန်းကြာဝတ်မှုန်' ပတ်သက်၍ နှင့် ရှေးဟောင်းမြန်မာစာပေအကြောင်းအရာများကိုမူ ကျွန်မ၏ခင်ပွန်းဖြစ်သူထံမှ များစွာအကူအညီရရှိခဲ့ပါသည်။ အထူးသဖြင့် ကျွန်မ သုံးလိုကိုးကားလိုသော မဟာဂီတအကြောင်းအရာများကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြခဲ့သဖြင့် ခင်ပွန်းသည်အား ကျေးဇူးတင်ရပါသည်။



(၅)

ကျွန်မရေးနေကျ ကျေးလက်အငွေ့အသက်ပါသော ဝတ္ထုများမှ ခွဲထွက်၍ ကျွန်မ အနှစ်နှစ်အလလ မျှော်သိပ်ထားခဲ့ရသော 'ပန်းကြာဝတ်မှုန်' ကို စာအုပ်အဖြစ် ဖော်ပြခွင့်ရခဲ့ပါပြီ။ မဂ္ဂဇင်းများကို မဖြတ်သန်းရဘဲ တိုက်ရိုက်ထုတ်ဝေဖြစ်သော ကျွန်မ၏ ပထမဆုံး လုံးချင်းဝတ္ထုလည်း ဖြစ်ပါသည်။

မန္တလေးတက္ကသိုလ် နှစ်ကာလများကို လွမ်းမောရင်း ကျွန်မတတ်စွမ်းသမျှ ဖန်တီးခဲ့ခြင်းဖြစ်သည့်အတွက် လစ်ဟာမှုများ၊ တိမ်းယိမ်းမှုများပါလျှင် ခွင့်လွှတ်စေချင်ပါသည်။ မတူညီသောဘဝနှစ်ခုနှင့် မတူညီသော ဘဝနှစ်နေရာတွင် ရပ်တည်နေကြသော ချစ်သူ (သို့မဟုတ်) သူငယ်ချင်းနှစ်ဦး၏ ပုံရိပ်ကို ဝတ္ထုဖွဲ့ခြင်းသာဖြစ်၍ ထိုချစ်သူ နှစ်ဦး၏ နီးခြင်း ဝေးခြင်းကိုမူ စာဖတ်သူများကသာ ဆန္ဒအလျောက် ခံစားနိုင်ကြရန် ဖြစ်ပါ၏။

*ပန်းကြာဝတ်မှုန်၊ ရနံ့ထုံ၊ လုံးစုံအေးမြကြပါစေ...။*

ခင်ခင်ထူး

၂၂ ရက် ဇွန် ၂၀၀၀ ခုနှစ်

မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com



## ပန်းကြာဝတ်မှုန် ဒုတိယအကြိမ် အမှာစာ

ကျွန်မရေးခဲ့သည့် 'ပန်းကြာဝတ်မှုန်' ဝတ္ထုကြီးကို ကုံကော်ဝတ်ရည်
စာပေမှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလက ပထမအကြိမ် ထုတ်ဝေခဲ့ပါသည်။
ချစ်စွာသော စာဖတ်သူများ၏ အားပေးမှုကို ခံယူရပါသဖြင့် ကျွန်မ
များစွာ ဝမ်းသာခဲ့ရပါ၏။ အနယ်နယ်အရပ်ရပ်မှ စာများ၊ တယ်လီဖုန်းများ
ဖြင့်လည်းကောင်း၊ လူကိုယ်တိုင် တွေ့ဆုံရင်း နှုတ်အားဖြင့်လည်းကောင်း
ဆက်သွယ်အားပေးကြသူများ ရှိသကဲ့သို့ ၁၉၈၀ ခုနှစ်တစ်ဝိုက် မန္တလေး
ဆေးကောလိပ်နှင့် မန္တလေးတက္ကသိုလ်ပညာသင်ကာလများကို သရုပ်ဖော်
ရာတွင် အနည်းငယ် အတိမ်းအလွဲကလေးများ ပါနေကြောင်းကိုလည်း
ထောက်ပြခဲ့ကြပါ၏။

အထူးသဖြင့် မန္တလေး ၅၆ လမ်း၊ ကန်သာယာမြို့သစ်မှာ နေထိုင်သူ
မန္တလေးတက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာမကြီး ဒေါ်စုစုခင် ရေးလိုက်
သော စာထဲမှာ ပြင်ဆင်ရန် အချက်အလက်များ အသေးစိတ် ဖော်ပြပေး
သဖြင့် ဆရာမကြီးကို ကျေးဇူးတင်ရပါ၏။

"ဆရာမရဲ့ ဇာတ်ကောင်လေးတွေရဲ့ ချစ်စရာကောင်းတဲ့ အပြုအမူ
အပြောအဆိုလေးတွေကလည်း တကယ်သက်ရှိထင်ရှားရှိနေတဲ့
တပည့်ကြီးများကို ထိုင်ကြည့်နေရသလို ရှိပါတယ်။ အဲဒီအချိန်က
ရှိခဲ့တဲ့ ဓာတုဗေဒပါမောက္ခ ဒေါက်တာခင်မောင်၊ မြန်မာစာပါမောက္ခ



ဦးမြင့်သန့်၊ ရွှေမန်းဆောင် အဆောင်မှူး ဓာတုဗေဒဌာနက
မမ ဒေါ်စောရှိန်တို့ကို သတိရမိပါတယ်ရှင်..."

"ဆရာမရေ...အခုလို စာရေးလိုက်တာဟာ နောင် ဒီစာအုပ်
ဒုတိယအကြိမ် ထွက်ခဲ့သော် ပြင်နိုင်အောင်ပါ...တကယ်လို့
နိုင်ငံခြားဘာသာနဲ့ ပြန်ဆိုပြီး ထုတ်မယ်ဆိုရင်လည်း ဆရာမ
ပြင်နိုင်အောင်ပါ..."

မှန်ပါသည်။ ကျွန်မကိုယ်တိုင်က ပထမအကြိမ် ထုတ်ဝေစဉ်က
လစ်ဟာမှုများ၊ တိမ်းယိမ်းမှုများပါလျှင် ခွင့်လွှတ်စေချင်ကြောင်းနှင့်
တည့်မတ်ပေးပါရန် တောင်းပန်ခဲ့သည့်အလျောက် အတိမ်းအယိမ်းအချို့ကို
ဒုတိယအကြိမ် ထုတ်ဝေရေးတွင် ပြင်ဆင်လိုက်ပါသည်။ သည်ကြားထဲက
အမှားမဇင်နိုင်ခဲ့လျှင်လည်း တောင်းပန်ပါသည်။

'ပန်းကြာဝတ်မှုန်' ဝတ္ထုကို ဖတ်ရှုပြီး အားပေး၊ ဝေဖန်၊ နစ်သက်
ကြသည် ဆိုသော ကျွန်မ၏ စာဖတ်ပရိသတ်အားလုံးကို ကျေးဇူးတင်ရပါ
ကြောင်းလည်း ထပ်လောင်းဖော်ပြအပ်ပါသည်။ စာမူကို ပြန်လည်ရိုက်ကူး
သန့်စင်ပေးသော ညီမငယ် မိုးသူဇာ၊ ဆရာ ပန်းချီမြင့်မောင်ကျော်၊
ဆရာ ကျော်စွာထက်နှင့် ကူညီအားပေးကြသူများအားလုံးကို ကျေးဇူး
တင်ရပါ၏။ ကျွန်မကတော့ စာရေးဆရာပီပီ စာဖတ်ပရိသတ်ကို တတ်စွမ်း
သမျှသော မေတ္တာ၊ စေတနာကိုသာ ကြည်လင်အေးမြစွာ ပေးဆပ်လိုက်
ပါကြောင်း...။

လေးစားလျက်

**ခင်ခင်ထူး**

၂ ရက် အောက်တိုဘာ ၂၀၀၉ ခုနှစ်
မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

"မြစ်ရေပြင် လှေလှူးလို့
ချစ်ဦး မယ်နဲ့မောင်
ပန်းခူးရအောင်"

(ကြည်အေး)

လရောင်ကို ကျွန်မချစ်သည်။ ကမ္ဘာလောကမှာ လရောင်ဆိုသည့် အရာတစ်မျိုးရှိနေတာကိုပဲ ကျွန်မ ကျေနပ်ခဲ့သည်။ လမိုက်ရက်တွေကို ကျွန်မမုန်းတာတော့မဟုတ်။ ဆန်းစလကွေးကလေး ကောင်းကင်မှာ အရိပ်ထင်လာလျှင်တော့ ကျွန်မမှာ အသက်တွေ ပြန်ဝင်လာရသော ဝိညာဉ်တစ်ခုလို လှုပ်လှုပ်ခုန်ခုန် ရှိလာတတ်ခြင်းကြောင့် ဖြစ်ပါ၏။ လရိပ်လရောင် တဖြည်းဖြည်း မြင့်တက်လာတာကို ညစဉ် ကျွန်မ စောင့်ကြည့်တတ်မြဲ။ ဝန်းဝန်းပြည့်ပြည့် လလုံးကြီးကို မြင်ရမည့်ရက်နီးကပ်လာတာကို ကျွန်မ ရင်ခုန်ရပါ၏။

အိန္ဒိယကဗျာဆရာကြီး တဂိုး၏ 'Crescent' ဆိုသည့်စကားပုံး ကလေးကို ဆန်းစသော်တာလို့ ဘာသာပြန်ပုံကို သဘောကျကြောင်း 'ဆောင်'ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပြောခဲ့ဖူးပါ၏။ အောင်ကတော့ ရေးစာတွေမှာ လခွဲတစ်ကြိမ်လို့ သုံးဖူးကြောင်းပြောပြသည်။ ကျွန်မက လခွဲတစ်ကြိမ်ဆိုတာ ဘာလဲလို့မေးတော့ အောင်ရယ်တာကိုလည်း ကျွန်မ မှတ်မိပါသည်။ သူ့အရယ် သူ့အပြုံးတွေထဲမှာ မထိတရိ ပြုတတ်သော အငွေ့ကလေးတွေ ပါလေသလား ကျွန်မ ရှာဖွေကြည့်မိသေး၏။ ပြီးတော့ သူ့ထုံးစံအတိုင်းပင်။ တစ်ခုခုကိုပြောရတော့မည် သို့မဟုတ် ဖြေရတော့မည်ဆိုလျှင် အောင်က စကားလုံးတွေကို အရင်ရွေးချယ်တတ်တာ သူ့ဉာဉ်ခေါ်မလား၊ ဝသီခေါ်မလား။ ဒါကိုပဲ ကျွန်မက စိတ်မရှည်နိုင် ဖြစ်ရပြန်ပါ၏။ ဘာပဲဖြစ်ဖြစ် သူသိထားသမျှ ကျွန်မကို ပြောပြတတ်တာကိုတော့ ကျွန်မ ကျေးဇူးတင်ရပါသည်။

"လခွဲတစ်ကြိမ်ဆိုတာ တစ်လမှာ ရက်ပေါင်းသုံးဆယ် ရှိတယ်မှတ်လား။ တစ်ခြမ်းစီခွဲလိုက်တော့ ဆယ့်ငါးရက်ပေါ့...ဒါကို လခွဲတစ်ကြိမ်ခေါ်တာ...ရေးကဗျာတွေမှာ သည်အဖွဲ့မျိုးတွေ..."

မြန်မာစာကျောင်းသား အောင်သည် စကားစတစ်ခုရလျှင် ကဗျာတွေကို ကောက်တော့သည်။ သူကိုယ်တိုင်က ကဗျာတောအုပ်တစ်အုပ်လို ကဗျာပင်တွေနှင့် သန်စွမ်းနေသူမဟုတ်လား။ နောက်တော့ သူ့စကားလုံး၊ အင်း...ရေးစကားလုံးဆိုသည့် 'လခွဲတစ်ကြိမ်' ဆိုတာကို ကျွန်မကိုယ်တိုင်က နှစ်နှစ်သက်သက် သုံးတတ်လာခဲ့သည်။

"မေတော့ လောဘကြီးတယ် ပြောချင်လည်းပြောတော့...လရောင်ကို လခွဲတစ်ကြိမ်မျှော်ရတာကို မောလှပါတယ်...ညတိုင်းသာရင် ဘယ်လောက်ကောင်း မလဲနော်"

သည်လိုပြောတော့ အောင်က တည်တည်ကြီး လုပ်ချင်လုပ်နေတတ်ပြန်၏။ ကျွန်မကို မျက်လုံးငွေ့ငွေ့ဖြင့် ကြည့်နေတတ်သည်။ ကျွန်မလက်ကလေးကို အားပေးသလိုမျိုး အသိမ့် လှမ်းဆုတ်ပြီး ကျွန်မကို ရိဝေရွှန်းလဲ့သောအကြည့်မျိုးဖြင့် ကြည့်တတ်ပါသည်။ ကျွန်မက ကျွန်မစွဲလန်းသည့် ကြည်အေး၏ကဗျာတွေထဲက တချို့ကဗျာပိုဒ်တွေကို ဆက်ရွတ်သည့်အခါ သူက ကျွန်မမျက်လုံးတွေထဲမှာ တစ်စုံတစ်ရာကို ရှာဖွေနေတတ်ပြန်၏။



'လမင်းကလှောင် ကြယ်ပြောင်ကပြုံး
ညဦးကဗျာတည်တဲ့ ငှက်ပလီ ဘုံနွယ်ရိပ်မှာ
တိတ်တိတ်ကွယ်ပုန်း'

ကျွန်မရွတ်သည့်ကဗျာကို သူနားထောင်နေသော်လည်း သူ့စိတ်က ကြည်အေး၏ကဗျာတစ်ပုဒ်ဆီ ရောက်နေမှန်းလည်း ကျွန်မသိပါ၏။ ကျွန်မက လရောင်ကို စွဲလန်းလွန်းသည်ဟု အောင် မကြာခဏပြောဖူးသည်။ လရောင်ကို ချစ်တာ အပြစ်လား အောင်။ ကျွန်မကို လရောင်ထက်စာလျှင် ကြယ်ရောင်တွေကို ချစ်တတ်ဖို့ သင်ပေးရဦးမယ်လို့ ပြောတာကိုပဲ မခံချင်ဖြစ်နေမိတတ်သည်။

"သည်နေရာမှာတော့ မေနဲ့အောင် မတူဘူးလို့ ပြောရမှာပဲ။ လရောင်ကို လခွဲတစ်ကြိမ် မျှော်ရတာထက်စာရင် နေ့တိုင်းလိုလိုမြင်ရတဲ့ ကြယ်တွေက ပိုအဓိပ္ပာယ်ရှိတယ်လို့ အောင်ထင်တယ်။ ဘဝမှာ လက်တွေ့ဆန်တာပဲ အောင်ကြိုက်တယ်။ ကြည်အေးရေးတာပါပဲ... '*ကြယ်ပွင့်တွေဆီ ကြယ်ရှည်တွေလူးလို့ ကြယ်အင့် ကြယ်အဖူးနဲ့ ကြယ်ပွင့်တွေပဲ ရှုးချင်တယ်*' တဲ့။ ဒါကျတော့ ဘဝမဆန်ဘူးလား မေ"

လရောင်မြစ်လယ်မှာ လှေလှူးတစ်စီးနှင့် ပန်းရှူးချင်သည့်ကျွန်မနှင့် ကြယ်အင့် ကြယ်အဖူးနှင့် ကြယ်ပွင့်တွေရှူးချင်သောအောင်...။ လရောင်ရော ကြယ်ရောင်ပါ ည၏ဖွားဘက်တော်များမို့ အောင်နှင့်ကျွန်မ၏ခံစားချက်ချင်းက သိပ်မကွာလှမ်းလှပါ။

တယောကြိုးသီ...ညိုမညီလို့ ဂီတမဖြစ်ရင်လည်း ရှိပါစေတော့။ ငွေသံကျော့ရှ...မလှ လှအောင် ဂီတအဖြစ် ပြောင်းချင်သည်လို့လည်း မဆိုချင်ပါ။ သည်လမ်းအဆုံး တုံးမှတ်တိုင်ထိ ဖွဲ့ကိုင်ဖေးမ...စောင့်ခေါ်ပါနော်လို့လည်း ကျွန်မက တောင်းပန်နေမည့်သူမဟုတ်။ အောင်နှင့်ကျွန်မကြားမှာ မာနရယ်လို့ တွေ့ဦးစကတည်းက မထားခဲ့ကြသော်လည်း ဘဝတစ်ဆစ်ချိုးမှာ တစ်ပြည်တစ်ရွာဆီ ဆေးကျသွားကြလိမ့်မည်လို့ ကျွန်မရော အောင်ပါ မထင်ခဲ့မိရိုးအမှန်ပင်။ ဝေးမယ့်ဝေးတော့လည်း ကမ္ဘာ့အရှေ့ခြမ်းနှင့် အနောက်ခြမ်း...။ အရှေ့နှင့်အနောက် မတူတာကိုတော့ ပါးလ်အက်စ်ဘက်ခ်၏ ဝတ္ထုတွေမှာ ကျွန်မဖတ်ဖူးသည်။ ပြီးတော့ ဟန်ဆုယဉ်၏ဝတ္ထုတွေ...။

www.burmeseclassic.com

www.burmeseclassic.com



နေနှင့်လလို တစ်ယောက်ပေါ်လာတော့ တစ်ယောက်ပျောက်။ ဘယ်သူက ဘယ်သူ့နောက်ကိုလိုက်နေတာလဲ။ တစ်ခါ တစ်ခါ ဒါကိုပင် ကျွန်မ ရက်ပေါင်းများစွာ တွေးနေမိတတ်ပါ၏။ စိတ်ကစဉ့်ကလျားရောဂါများလား။

သည်ကနေ့အချိန်အထိ သူငယ်ချင်းအချစ်ထက် ပိုမပွင့်ခဲ့ကြသော ကျွန်မတို့နှစ်ဦး၏ ချစ်ခြင်းမေတ္တာတရားသည် ပဝါတစ်ကမ်း လက်တစ်လှမ်းအဆင့်ထက် မပိုခဲ့ကြတာကို ကျွန်မတို့ချင်း အသိဆုံးဖြစ်ပါ၏။ သို့သော် အောင်နှင့်ကျွန်မ တစ်ယောက်အပေါ်တစ်ယောက် ရစ်ပတ်ထုံးဖွဲ့ထားသော သံယောဇဉ်သီကြိုးကလေးကတော့ သံမဏိကြိုးမျှင်ထက် ခိုင်ကျည်တာတော့ သေချာပါသည်။

ကြည့်စမ်း...။ ဆယ်စုနှစ် နှစ်စုတောင် ကြာခဲ့ပြီတဲ့လား။

မိုင်ပေါင်းများစွာ အဝေးကိုရောက်တော့မှ အီလက်ထရွန်းနစ် စာပို့စက်ထဲက လျှောခနဲ ထွက်လာတတ်သည့်စက္ကူကလေးတွေနှင့် ကျွန်မတို့အချင်းချင်း အသံမပါသောစကားတွေ ပြောဖြစ်ခဲ့ကြသည်။ စက္ကူပေါ်က စာကလေး သုံးလေးကြောင်းသည်ပင် ကျွန်မတို့နှစ်ယောက်၏ ချစ်ခြင်းသံယောဇဉ်ဖြင့် မြှောက်လိုက်လျှင် အဆများစွာ ပွားရသော စကားလုံးကလေးတွေ ဖြစ်ကုန်တော့သည်။ အောင်တစ်ခါကပြောခဲ့ဖူးသော မေတ္တာ၏အဓိပ္ပာယ်တွေကို ကျွန်မ သတိရမိသည်။ အထူးသဖြင့် ကျွန်မစိတ်တွေက ငုဝါပွင့်ကလေးတွေ၊ စိန်ပန်းနီနီရဲရဲကလေးတွေ၊ ပြီးတော့ တမာပင်တွေတန်းနေသော မန္တလေးတက္ကသိုလ်ထဲက ချစ်သူ့လမ်းကြားကလေးဆီ ရောက်သွားတတ်ခြင်းဖြစ်၏။

"မေတ္တာဆိုတာ မရည်ညွှန်းတဲ့ အနောဓိသ ပုဂ္ဂိုလ်ငါးပါး၊ ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ခုနစ်ပါး၊ ပေါင်းတော့ ဆယ့်နှစ်ပါး။ သည်ဆယ့်နှစ်ပါးကို အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟာရန္တုဆိုတဲ့ မေတ္တာပို့စကား လေးပါးနဲ့မြှောက်တော့ လေးဆယ့်ရှစ်ရတယ်။ သည်လေးဆယ့်ရှစ်ကို အရပ်ဆယ်မျက်နှာနဲ့ မြှောက်တော့ လေးရာရှစ်ဆယ်ရပြန်ရော။ ဒါကိုမှ အရပ်ကို မမှတ်ဘဲ ပို့တဲ့ လေးဆယ့်ရှစ်ရပ်နဲ့ပေါင်းတော့ ငါးရာနှစ်ဆယ့်ရှစ်ရတယ်။ အင်မတန် အားမြတဲ့ မေတ္တာပေါ့မေ"

"ဒါဖြင့် တစ်ထောင်ငါးရာကျတော့ကော..."



"တစ်ထောင်ငါးရာကျတော့ အိမ်ကပို့တဲ့ပိုက်ဆံပါကွာ...တစ်လ တစ်လ မလောက်ချင်ဘူး..."

အောင်က အတည်ပေါက်ပြောနေရာက ဖောက်ချင်ဖောက်တတ်သည်။ နောက်လည်းနောက်သည့်အောင်...။ ပြီးတော့ သူ့အသံကျယ်ကျယ်ကြီးဖြင့် အားရပါးရ ရယ်မောတတ်ပြန်သည်။ သူ့ရယ်သံကြောင့် တခြားမိန်းကလေးတွေ လှည့်ကြည့်တော့လည်း သူမရှက်တတ်ပါ။ ကျွန်မသာ ရှက်ရသည်။ သည်တုန်းက ငုနှင့်တမာ၊ စိန်ပန်းနီတျာတျာတွေကြားမှာ အောင့်အသံက ငှက်သံကလေးတွေကိုပင် ဖုံးလွှမ်းပစ်တတ်ပါသည်။

အနှစ်နှစ်ဆယ်ကြာမှ ကျွန်မဆီရောက်လာခဲ့သော e-mail တွေမှာ သည်ရယ်သံတွေ မပါတော့သော်လည်း အောင့်ရယ်သံကို ကျွန်မ ကြားနေရသည် ထင်မိပါ၏။ ဘာပဲဖြစ်ဖြစ် သူပို့တတ်သော e-mail တွေရောက်လာလျှင် ကျွန်မစိတ်တွေက မိခင်တက္ကသိုလ်ရိပ်ကို အတွေးတွေရောက်သွားရမြဲဖြစ်၏။

သည်လို အတွေးကလေးဝင်ရောက်ချိန်မှာ ကျွန်မနှင့်အတူ လရောင်ကလေး ရှိနေသည်။ ကျွန်မဖွဲ့လမ်းသော ကြည်အေး၏ကဗျာစာအုပ်ကလေး ရှိနေသည်။ ပြီးတော့ ကျွန်မတို့နှင့်အတူ ရင်ငွေ့ပေးတတ်သော မန္တလေးတက္ကသိုလ်ကြီး ရှိနေတတ်သည်။ လက်တွဲပျော်ရွှင် ငယ်ဖော်သူငယ်ချင်းတွေကလည်း ဟိုတုန်းကလိုပဲ သိုက်သိုက်ဝန်းဝန်း ရောက်လာတတ်ကြမြဲ။

အောင်...ဘယ်လိုအခြေအနေတွေကြောင့်များ တို့တစ်တွေကို သည်လောက်ဝေးကွာအောင် ဖြစ်ခဲ့ရတာလဲ။ ဘာကြောင့်များ သည်လောက်အချိန်ကာလတွေ နှောင်းသွားခဲ့ရတာလဲ။ နှစ်ပေါင်းနှစ်ဆယ်...။ အသက်တစ်ရာနဲ့တွက်ရင်တောင် ဘဝရဲ့ ငါးပုံတစ်ပုံ အချိန်တွေလေ...။ နှမြောစရာကောင်းလိုက်တာ။

ဩော်...အခုတော့ *'တိမ်ဇာအုပ်ဆိုင်း...လ,မှန်ဝိုင်း၌...ရိပ်မှိုင်းသန်းရီ မပီပြင်လည်း...ထင်သောမျက်နှာ ချစ်သူပါပဲ'* လို့ ဆိုရအောင်ကလည်း လမင်းကိုတောင် တစ်ချိန်တည်း ပြိုင်တူမော့ကြည့်ခွင့်ရှိတာမဟုတ်။ ကျွန်မချစ်သော လရောင်က လခွဲတစ်ကြိမ် သာလိုက်၊ လခွဲတစ်ကြိမ် ပျောက်လိုက်။ ဘာပဲဖြစ်ဖြစ် မျှော်လင့်လို့တော့ ရသေးသည်။ အောင်နှင့်ကျွန်မကတော့ ထာဝရ လမိုက်ရှုတ်တွေလိုများ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေလေမလား။ ကံကြမ္မာကို ကြိုတင်မပြောနိုင်သော်လည်း လသာရက် တစ်ရက်တော့ ရှိလာလိမ့်မည်ထင်ပါ၏။

ဘယ်လိုပဲဖြစ်ဖြစ်ပါအောင်...။

မြစ်ရေပြင်မှာ လှေတစ်စင်းနှင့် ပန်းအတူခူးကြရအောင် ပြန်လာခဲ့ပါဦးလား။ နှမနဲ့မောင် တွေ့ရအောင်လေ...။

■

# "၁၉၈၀ ခုနှစ် ကာလများ"

www.burmeseclassic.com

www.burmeseclassic.com

(၁)

“ပညာဆိုတာ အသိဉာဏ်ပဲသမီး…သိတတ်သောဉာဏ်၊ ဆည်းပူးရယူသောဉာဏ်၊ အဲဒီဉာဏ်ကို ရရှိရာရရှိကြောင်း ရှာဖွေဆည်းပူးအပ်သော အတတ်ရယ်လို့ ဖေဖေတို့ လောကုတ္တရာစာပေများမှာ ဖတ်ရတယ်… သမီးမိန်းကလေး တစ်ယောက်အနေနဲ့ ပညာဆည်းပူးဖို့သွားတာကို ဖေဖေတို့ စိတ်မချပေမယ့် သမီးကို ယုံကြည်တယ်…သမီးဟာ စိတ်ဓာတ် နိုင်မာတယ်…ဆုံးဖြတ်ပြီးရင် ဖြစ်အောင်လုပ်တယ်…ပွဲတင့်အောင် ရရင့်တယ်ဆိုတာ ဖေဖေတို့ယုံတယ်။ မကြာပါဘူးသမီးရယ်…ဖေဖေတို့နဲ့ ခွဲရရင် ခဏပေါ့…မန္တလေးနဲ့မြင်းခြံဆိုတာ ရေအိုးနဲ့ရေမှုတ်ပါကွယ်”

ကျွန်မ မန္တလေးဒေသကောလိပ်ကို သွားတက်ရမည့်နေ့က ဖေဖေနှင့် မေမေ ကြိမ်ဆက်တီပေါ်မှာ ထိုင်ကြရင်း ကျွန်မ၏ကန်တော့ခြင်းကို ခံယူကြပါသည်။ ကျွန်မ ဦးသုံးကြိမ်ချပြီး မော့အကြည့်မှာ ဖေဖေက ဆုတွေ တသီကြီးပေးသည်။ စိတ်ခွန်အားတွေ ပေးနေခဲ့သည်ပင် အကြာကြီး။ မေမေကတော့ ထုံးစံအတိုင်း ဘာမှမပြောဘဲ မျက်ရည်တွေသာ ဝိုင်းနေခဲ့သည်။ ဖေဖေက ကျွန်မကို စိတ်ခွန်အား ပေးနေခြင်းနှင့်မတူဘဲ မေမေ့ကို စိတ်ခွန်အားပေးနေသည်နှင့်ပင် တူလေသည်။ ဆော်ရုံနှင့်တော့ ကျွန်မ ဝမ်းမနည်းတတ်တာ ဖေဖေသိပါသည်။ သည်စိတ်ဓာတ် ကလည်း ဖေဖေ့ဆီက ကျွန်မရရှိခဲ့သည့် အမွေဖြစ်ပုံရပါ၏။

ကျွန်မငယ်စဉ်တစ်လျှောက်လုံး ဖေဖေကသာ အကြောင်းသင့်တိုင်း လူ အကြောင်း၊ လောကအကြောင်း ပြောပြခဲ့သူဖြစ်သည်။ ပန်းဇက်ပေါ်ခွနိုင်သည့်အရွယ် ကတည်းက ဖေဖေနှင့်ကျွန်မ အနီးဆုံးဖြစ်ခဲ့ရသည်။ ဖေဖေသည် သူတို့ခေတ် သူတို့အခါက သူတို့ပညာအရ ခေတ်ပညာတတ်ခဲ့သူဖြစ်သည်။ ဖေဖေ့သိတိုင်းက ပညာ၏ရင့်ကျက်ခြင်းဖြင့် တစ်လျှောက်လုံးရှိခဲ့သူဖြစ်သည်။ အိမ်စီးပွားရေးအတွက်

www.burmeseclassic.com



မေမေကိုယ်တိုင် ရှာဖွေခဲ့ကာ ကျွေးမွေးမပျက် ဆောင်ရွက်စီမံ ရှိခဲ့ရသည်။ ကျွန်မဘဝမှာ မေမေကိုယ်တိုင်သည်ပင် အရာရာမှာ စံပြုအပ်သောပုဂ္ဂိုလ်ဖြစ်၏။ မေမေကရုပ်ရည်ချောမောသန့်စင်သလောက် စိတ်ဓာတ်မြင့်မြတ်လှသူမဟုတ်လား။ မေမေကတော့ ပင်ကိုဗီဇ စကားနည်းသူဖြစ်၏။ ခံစားချက်ကို မျက်ရည်ကျခြင်းဖြင့် ဖြေဖျောက်တတ်သူမဟုတ်သော်လည်း မိန်းမသားပီပီ တစ်ခါတစ်ရံ နွမ်းညှိုးသွားတတ်သည်။ သို့သော် မေမေသည် ဆိုခဲစေ မြဲစေဆိုရလောက်အောင် ပြတ်သားသူဖြစ်သည်။

"သမီးမေမေက ပျော့ညံ့သလိုလိုနဲ့ သန်စွမ်းတယ်။ ဆုံးဖြတ်ထားပြီဆိုရင် မမိုက်မသုန်လုပ်တတ်တယ်။ ဖေဖေ့နောက်ကို မေမေလိုက်ခဲ့စဉ်က သူဟာ ရွှေပေါ်မြတင်နေနိုင်ခဲ့ရရဲ့...သို့သော်လည်း ဖေဖေ့ယုံကြည်ချက်ကို အဲသည်တုန်းကတည်းက နားလည်ခြင်းနဲ့အတူ ဖြည့်စွမ်းခဲ့ရှာတယ်။ ဖေဖေ့ယုံကြည်ချက်ကို သူ့ယုံကြည်ချက်အဖြစ် ပြောင်းလဲနိုင်ဝံ့တယ်ဆိုတာ နည်းတဲ့သတ္တိမဟုတ်ဘူး"

တစ်ခါက မေမေ့အကြောင်း စကားရောက်တော့ ဖေဖေပြောဖူးသည့်စကားဖြစ်ပါ၏။ ကျွန်မမိဘနှစ်ပါးသည် သမိုင်းလုကြသူတွေဖြစ်ကြောင်း ကျွန်မသာ အသိဆုံးဖြစ်ပါသည်။ ဖေဖေ့ကို ကျွန်မ ကြည်ညိုသည်ဆိုလျှင် မေမေ့ကိုလည်း ကျွန်မ လေးစားသည်ဟု ပြောရပါမည်။ ဖေဖေက စကားအရာမှာ နှုတ်ရေးကြွယ်သလောက် မေမေက နှုတ်ရေးနည်းလှသူဆိုတော့ ကျွန်မကို မျက်ဝန်းများဖြင့်သာ ဆုံးမသွန်သင်တတ်သူဖြစ်သည်။ မေမေ့အကြည့်ကို ကျွန်မအမြဲနားလည်နေခဲ့ရသည်။ မေမေကြိုက်တာလား၊ မကြိုက်တာလား။ မေမေ့စိတ်ပုံရိပ် ထင်ဟပ်ချက်ကို ကျွန်မ ခွဲခြားတတ်သည်။ မေမေသည် အမြဲတမ်း ကြည်လင်နေတတ်ရုံမက ဖျတ်ဖျတ်လတ်လတ် ရှိရှာပါသည်။ နေ့စဉ် နံနက်စောစော အိပ်ရာထ ဆွမ်းချက် ဆွမ်းကပ်၊ ပန်းရေချမ်း ကပ်လှူကာ တစ်လောကလုံးကို အမျှပေးဝေသည်။ ပြီးလျှင်တော့ ချက်ခြင်း ပြုတ်ခြင်းဖြင့် မီးဖိုထဲမှာ အချိန်ကုန်ရတော့သည်။ မေမေ ဖွဲ့စွဲလမ်းလမ်း ကြိုက်သောဟင်းရယ်လို့ ကျွန်မ မမှတ်မိပါ။ ဖေဖေကြိုက်သည့်ဟင်းနှင့် ကျွန်မတို့ မောင်နှမသုံးယောက်ကြိုက်သည့်ဟင်းကိုသာ မေမေချက်တတ်သည်။

"သည်နေ့တော့ ခမည်းတော်ရော သားတော် သမီးတော်တွေရော အကြိုက်ပါပဲ...နွားနို့ခဲချက်ရယ်၊ ရှားစောင်းခါးချက်ရယ်၊ ငရုတ်သီးထောင်းနဲ့ ငါးပိကင်...မန်ကျည်းဖူးချဉ်ရည်ကလေး ချက်ထားတယ်။ သားအဖတစ်တွေ ထမင်းစားကြတော့မလား..."



မေမေ့စကားထဲမှာ ဘယ်တော့မဆို သူ့အကြိုက် သူ့ကိစ္စမပါ။ ဖေဖေနှင့်ကျွန်မတို့တစ်တွေအတွက် ဘဝလုပ်နေရရှာသူဟုပင် ပြောနိုင်ပါသည်။ သည်အတွက်ကြောင့်လည်း ကျွန်မ မေမေ့ကို သနားရသည်။ လေးစားရသည်။ မေမေ့ကြီးမြတ်မှုကို အတုယူရသည်။ မိန်းမကောင်း မိန်းမမြတ် ပီသသောမေမေ့ကို ကြည်ညိုမှုဖြင့် ကျွန်မ ချစ်ရပါ၏။

'သီရိမေ' ဆိုသည့် ကျွန်မအမည်ကိုပင် မေမေကပဲ ပေးခဲ့သည်ဆို၏။ မေမေပေးခဲ့သည့်နာမည်ကို ကျွန်မကိုယ်တိုင်ကလည်း မြတ်နိုးခဲ့ရသည်။ "သီရိမေဆိုတာ ကျက်သရေရှိတဲ့မိန်းမသားလို့ပြောတာ သမီးရဲ့" ဟု ကျွန်မခံစားနားလည်တတ်စအရွယ်က မေမေကိုယ်တိုင် ကျွန်မဆံစတွေကို ပွတ်သပ်ရင်း ပြောပြခဲ့ဖူးသည်။

သီရိမေ...ကျက်သရေရှိတဲ့ မိန်းမသား။

ကျက်သရေရှိတဲ့မိန်းမသားဆိုတာ လှတဲ့မိန်းမကို ပြောတာထင်ပါရဲ့။ ကလေးအတွေးနှင့် ကျွန်မ တွေနှပ်နေမိသည်။ သည်ကတည်းက မေမေ့ကို သမီးလှရဲ့လားလို့ မေးရတာလည်း အကြိမ်ကြိမ်ရှိခဲ့ပါ၏။ မေမေက ပြုံးရုံသာပြုံးသည်။ ကျွန်မပါးကလေးတွေကိုဖျစ်ရင်း နဖူးဆံစပ်တွေကို လက်ဖဝါးဖြင့် နောက်ကိုသပ်ကာ သပ်ကာ မျက်နှာကလေးပွင့်အောင် ဖွင့်နေတတ်သည်။ ထိုအခါ ကျွန်မက မျက်နှာကလေးမော့ကာ တန်ဖိုးအဖြတ်ခံရန် ကလပ်ပေါ်ရောက်နေရသော ပတ္တမြားတစ်ပွင့်လို နေပြရသည်။ မေမေက ကျွန်မမျက်နှာကိုကြည့်ရင်းက မှတ်ချက်ပြုသည်။

"သမီးက လှချင်လို့လား...မိန်းကလေးဆိုတာ မလှသူရယ်လို့ မရှိဘူးသမီးရဲ့။ အားလုံးလှကြသူတွေချည်းပဲ။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမသားဖြစ်နေလို့ပေါ့။ သူ့လောက်လှတယ်၊ သူ့လောက်မလှဘူးဆိုတာ နှိုင်းယှဉ်တာပါ။ တကယ့်ဆိုရင် မိန်းကလေးတိုင်း လှကြတာချည်းပါသမီးရယ်။ ဒါပေမဲ့ တကယ့်အလှက ရုပ်ရည်မဟုတ်ပါဘူးသမီးရဲ့...ကိုယ်ကျင့်သီလပါ။ မိန်းမသားပီပီ စောင့်စည်းအပ်တဲ့ ဣန္ဒြေရှိခြင်းပါ။ ဘဝမှာ တကယ်တမ်းအရေးကြီးတာ လှဖို့ထက် တော်ဖို့ပါသမီးရယ်။ သီရိမေဆိုတာ ကျက်သရေရှိတဲ့မိန်းမသားလို့ သမီးငယ်ငယ်က မေမေပြောဖူးတာ မှတ်မိလား...ရုပ်ရည်ကျက်သရေရှိခြင်းထက် စိတ်ဓာတ်ကျက်သရေရှိခြင်းကို မေမေပြောချင်တာ..."

မေမေ့စကားတွေကို ကျွန်မအံ့သြခဲ့ရဖူးပါသည်။ သည်လိုဆိုပြန်တော့ ကျွန်မကို ရုပ်ရည်အားဖြင့် မလှဘူးလို့ ဆိုချင်တာများလား။ မေမေ့စကားထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



သည်လိုစကားမျိုး မပါသော်လည်း ကျွန်မကိုယ်ကျွန်မ သတိထားလိုက်မိသည့် အချက်ကတော့ ကျွန်မ တော်ရတော့မည်။ ထူးချွန်ထက်မြက်ရတော့မည်။ မေမေ့ အာသီသကို ကျွန်မနားမည်ထဲကပဲ ကျွန်မရှာတွေ့မိပြီ။ မေမေသည် ကျွန်မအတွက် တစ်ဘဝစာ ပွဲပြင်ပေးခဲ့သူပါလား။

မနက်ဖြန် ကျွန်မမိဘနှစ်ပါးနှင့်ခွဲကာ တစ်မြို့တစ်ရွာကို သွားနေရတော့မည်။ ကျွန်မဘဝမှာ တစ်ခါမှ ဝေးဝေးလံလံမသွားဖူးခဲ့။ ကြာတောင်ကြာမြင့် ခွဲရခြင်းလည်းမရှိ။ မွေးကတည်းက သည်အိမ် သည်ပတ်ဝန်းကျင်မှာပဲ ကျွန်မ နေခဲ့ရသည်။ ဖေဖေရယ်၊ မေမေရယ်၊ မောင်လေးနှင့် ညီမလေးရယ်။ မိသားစုငါးယောက် ကမ္ဘာလေးက ကျဉ်းမြောင်းသည်ဆိုချင်ဆိုနိုင်သော်လည်း သာယာအေးမြ ရှိခဲ့ရပါသည်။ သည်မြို့ကလေးထဲမှာ သည်မိသားစုနှင့်အတူနေခဲ့ကြတာကိုပဲ ကျွန်မ အသက်ဖြင့်တွက်ကြည့်လျှင်ပင် တစ်ဆယ့်ခုနစ်နှစ်ရှိခဲ့ပါပြီ။ ပတ်ဝန်းကျင်လောကထဲကို ကျွန်မ ခြေတစ်လှမ်းချခွင့်မကြုံခဲ့သေး။

တစ်ခုတော့ရှိသည်။ ကျွန်မ စာတွေဖတ်ခွင့်တော့ ရခဲ့သည်။ ကျွန်မဖတ်သည့်စာအုပ်တွေထဲက ဇာတ်ဆောင်များသည်ပင် ကျွန်မ၏အဖော်များဖြစ်ခဲ့ရသည်။ စာဖတ်တာကို ဖေဖေက ခွင့်ပြုသော်လည်း မေမေကတော့ ကြိုက်ချင်ပုံမရ။ ဘာမှတော့လည်း မပြောရှာပါ။ ကျွန်မတစ်ယောက် တစ်ချောင်ချောင်မှာကုတ်ပြီး စာဖတ်နေခြင်းမျိုးထက်စာလျှင် မေမေက သူ့အနားမှာ ရှိစေချင်ပုံရပါ၏။

"တက္ကသိုလ်ဆိုတာ တက္ကနဲ့သီလကို ပေါင်းစပ်ထားတဲ့ ပါဠိစကား သမီးရဲ့။ တက္ကဆိုတာ ကြံစည်ခြင်း၊ ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်းကို ဆိုလိုတယ်။ သီလဆိုတာ အကျင့်သိက္ခာ၊ သုံးသပ်မှု၊ ဝေဖန်မှုဆိုတဲ့ အလေ့အကျင့်တွေကို ပွားများခြင်းရယ်လို့ အနက်အဓိပ္ပာယ်ရတယ်။ ဒါကြောင့် တက္ကသိုလ်မှာ ပညာသွားသင်တယ်ဆိုတာ ဆရာ အာစရိယက သင်ကြားပြသလိုက်တာနဲ့တင် ပြီးပြည့်စုံပြီလို့ မယူဆရဘူး…သမီးကိုယ်တိုင်လည်း ပညာကို ဉာဏ်နဲ့ ထပ်ပြီးဝေဖန်တတ်ရမယ်၊ ဆင်ခြင်သုံးသပ်တတ်ရမယ် သည်လိုပြောတာ။ ကိုင်း…စောစောအိပ် မနက်စောစော ထနိုင်အောင်…"

ဖေဖေ့စကားတွေကို ကျွန်မမှတ်သားနာယူရုံမက အသိဉာဏ်ထဲမှာ စွဲနေအောင် သိမ်းထားလိုက်ပါသည်။ ကျွန်မမှတ်မိသလောက် သည်အရွယ်အထိ ရင်ထဲနင့်အောင် နာကျင်လောက်သည့်မျက်ရည် မကျခဲ့ဖူးပါ။ ဖေဖေတို့က ဆုံးမ



တန်သည်ကို ဆူပူရိုက်မောင်း ပြုခဲ့ဖူးပါ၏။ အသားနာကျင်သွားတာနှင့်တော့ ကျွန်မ မျက်ရည်မကျတာ သေချာသည်။ မေမေကပင် ဖေဖေ့ကို "ရှင့်သမီးက မျက်ရည်မပါတဲ့မိန်းကလေး" လို့ ဆိုခဲ့ဖူးသည်အထိ ကျွန်မ၏မျက်ရည်တာရိုး နိုင်လှသူဖြစ်ပါသည်။

သို့သော် သည်တစ်ခါမှာတော့ ကျွန်မ၏မျက်ရည်တာရိုး ပွင့်ကျသွားခဲ့သည်။ မျက်ရည်တွေ ဘယ်ကများ စီးဆင်းလာကြတာပါလိမ့်။ ချစ်ခြင်းမေတ္တာတရား၏ အစွမ်းထက်သော တန်ခိုးအာနိသင်ကို ကျွန်မ ပထမဆုံးအကြိမ် ခံစားလိုက်ရခြင်းလည်း ဖြစ်ပါသည်။ ဖေဖေက အသံမထွက်ဘဲ စိတ်မကောင်းဟန်ဖြင့် တစ်ဖက်ကို လှည့်နေခဲ့သည်။ မေမေကတော့ မိန်းမသားမဟုတ်လား…မေမေ့ဒူးပေါ် ကျွန်မမျက်နှာအပ်လိုက်တော့ ကျွန်မကျောကို မေမေက ပွတ်သပ်ပေးရှာသည်။ ကျွန်မကျောပေါ်မှာ ကျလာသည့်မေမေ့မျက်ရည်များ…။

"သမီး…မေမေတို့နဲ့ မခွဲချင်ဘူး မေမေရယ်"

ကျွန်မနှုတ်က သည်စကားတွေ ထွက်ကျလာတော့ မေမေက ကျွန်မ မျက်နှာကို မော့စေလိုက်သည်။

"မေမေငိုတာ တစ်မျိုးပါသမီးရယ်…သမီးက ငယ်သေးတော့ သမီးနေရမယ့် ပတ်ဝန်းကျင်နဲ့ အဆင်မှပြေပါ့မလားဆိုတဲ့စိတ်နဲ့ပါ။ မခွဲနိုင်လို့ မဟုတ်ဘူး။ လူ့ဘဝဆိုတာ ခွဲခွာဖို့ ရောက်လာကြတာသမီးရဲ့…တခြားဘာအကြောင်းမှမရှိဘူး။ လူတွေက ဆုံစည်းဖို့ ရောက်လာကြတယ် ထင်တတ်ကြတယ်။ တကယ်ကျတော့ ခွဲခွာဖို့ပါ။ သမီးဘဝမှာ ခွဲခွာရတာတွေ အများကြီးကြုံရဦးမှာပါလေ…အဲသည်အခါမှာ သမီး ခံနိုင်ရည်ရှိဖို့ပဲလိုတယ်"

မေမေ့စကားကြောင့် ကျွန်မမှာ ကျနေသည့်မျက်ရည်များပင် ရပ်တန့်သွားသည် ထင်ရပါ၏။ ဖေဖေသည်ပင် မေမေ့ကိုကြည့်ရင်း သူ့ကြေကွဲမှုကို ထိန်းသိမ်းလိုက်ပုံရသည်။ မေမေ့စကားကြောင့် ကျွန်မ အားရှိသွားခဲ့သည်။ မေမေကိုယ်တိုင်က ထစ်ခနဲရှိလျှင် မျက်ရည်ဝိုင်းတတ်သူ၊ မျက်ရည်လည်တတ်သူဆိုတာ ကျွန်မသိထားပါ၏။ သည်လိုဆိုလျှင် မေမေကျခဲ့သည့်မျက်ရည်တွေက ခွဲခွာခြင်းအတွက် ကျခဲ့သည့်မျက်ရည် တစ်ကြိမ်တစ်ခါမှ မရှိသည့်သဘော ဖြစ်လိမ့်မည်။

"မိန်းမသားဆိုတာ မျက်ရည်ကျကောင်းတယ်။ ဒါ မိန်းမသားရဲ့ ဗီဇက ပါလာတဲ့ကိစ္စ…ဒါပေမဲ့ ပျော့ညံ့တာမဖြစ်စေရဘူး။ မျက်ရည်ကျခြင်း အားဖြင့် နောက်တစ်ခါ လုပ်ရမယ့်အလုပ်အတွက် နောင်တစ်ခါ ရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ရမယ့် အတွေ့အကြုံတစ်ခုအတွက် အားဖြစ်ဖို့လိုတယ်။ မေမေကတော့ မျက်ရည်နဲ့ အားယူတယ်…"

မေမေ့စကားက ထူးတော့ထူးဆန်းသားပါလား…။ မျက်ရည်နှင့် အားယူသောမေမေ…။

မေမေသည်လည်း မျိုးကြီးရိုးကြီး ဂုဏ်သရေရှိမိသားစုက ပေါက်ဖွားလာတာဆိုတော့ စကားပြောခြေမြစ်သည်။ တစ်နေကုန်တစ်နေခန်း ပြောချင်မှ ပြောသည်မှန်သော်လည်း ပြောလျှင်တော့ မေမေ့စိတ်ရင်းကို မြင်ရတတ်သည်။ မေမေ့ဂုဏ်ရည်ကို ကျွန်မအထက်တန်းကျောင်းသူဘဝလောက်ရောက်မှ တဖြည်းဖြည်း သဘောပေါက်လာခြင်းဖြစ်၏။ ကျွန်မပြောခဲ့သလိုပင် ကျွန်မစာဖတ်ဝါသနာပါအောင် ဖေဖေက ပြုစုပျိုးထောင်ပေးခဲ့သည်ဆိုသော်လည်း မေမေ့ခွင့်ပြုချက်ကိုတော့ များများမရခဲ့ပါ။ စာအုပ်တစ်အုပ်ဖြင့် နေကုန်တာမျိုးကိုတော့ မေမေကြိုက်ပုံမရ။ ဖေဖေက စာအုပ်များ ရှာပေးတတ်သူဖြစ်ပြီး၊ မေမေက လက်တွေ့ဘဝကို ခင်းကျင်းပြတတ်သူလို့ ဆိုရမလား။

ထိုနေ့က ကျွန်မတို့မြို့ကလေးမှာ နေစောစောကြီးဝင်သွားခဲ့သည်။ 'နေမင်းကြီးကွယ်သွားလို့ ပူဆွေးနေရင် ကြယ်တာရာတွေနဲ့ပါ လွဲသွားမှာပေါ့' ဆိုသည့် တဂိုး၏ကဗျာကို ကျွန်မသတိရမိပြန်ပါ၏။ ကျွန်မအခန်းကလေးထဲ ပြန်ဝင်ခဲ့ကာ ယူရမည့်ပစ္စည်းကလေးတွေ ပြန်စစ်ဆေးရသည်။ အားလုံးတော့ ပြင်ဆင်ပြီးသားပါ။ သေချာအောင် တစ်မယ်ချင်း လိုက်ကြည့်ခြင်းဖြစ်၏။

ပြီးတော့ ကျွန်မခုတင်ကလေးပေါ် လှဲချလိုက်သည်။ မြို့ကလေး၏ အနောက်ဘက်ဆီက ညနေအလင်းမှည့်မှည့်တွေ ပြတင်းဝက ဝင်လာခဲ့၏။ ဖုန်မှိုင်းတွေရှိနေတော့ အလင်းတန်းတွေကို ကျွန်မမြင်နေရသည်။

မနက်ဖြန်မှာတော့ မန္တလေးကောင်းကင်က ဖြာကျလာမည့်နေခြည်မျှင်များနှင့် ကျွန်မ ထိတွေ့ရတော့မည်။

■

(၂)

မန္တလေး…။

မြင်းခြံနှင့်မန္တလေး မဝေးလှပါ။ မန္တလေးကို ငယ်ဘဝတစ်လျှောက် ကျွန်မကိုယ်တိုင် အကြိမ်ကြိမ်ရောက်ခဲ့ဖူးပါ၏။ မန္တလေးမှာ ဖေဖေ့အမျိုးတွေရှိသော်လည်း ဖေဖေက ဘယ်သူ့ကိုမှ ဒုက္ခကရိကထ ပေးချင်သူမဟုတ်။ မန္တလေးဒေသကောလိပ်ကို ကျွန်မတက်ခွင့်ရလျှင် ပင်မတက္ကသိုလ်အဆောင်တွေမှာ နေခွင့်မရသေးမီ ပြင်ပဆောင်ဒါဆောင်တစ်ခုမှာပဲ နေရမည်။ များသောအားဖြင့် ထိုခေတ်ကာလ သတ်မှတ်ချက်အရ မြင်းခြံကဆိုလျှင် မိတ္ထီလာကောလိပ်ကို သွားတက်ကြရတာများသည်။ ကျွန်မကတော့ မိတ္ထီလာထက်စာလျှင် မန္တလေးကိုသာ ရောက်ချင်သည်။ ပထမနှစ်၊ ဒုတိယနှစ်၊ နှစ်နှစ်တက်ပြီးလျှင် မန္တလေး ပင်မတက္ကသိုလ်ကြီးတွင် တတိယနှစ်မှာ ပြောင်းရွှေ့ရမည့်အတူတူ တစ်လက်စတည်း မန္တလေးမှာ ဘွဲ့ရသည်အထိနေဖို့ ဖေဖေက စီစဉ်ပေးခဲ့ခြင်းလည်း ဖြစ်ပါ၏။ မန္တလေး ဒေသကောလိပ်ကို တက်ခွင့်ရပြီဆိုတော့ မန္တလေးနေ ဆွေမျိုးတွေကလည်း ဝမ်းသာကြပါ၏။

"အစ်ကို့သမီး သီရိမေ မန္တလေးဒေသ တက်ခွင့်ရတာ ကောင်းတာပေါ့။ အိမ်က ခင်လှရီတို့နဲ့ အဖော်ရရော…"

ဖေဖေ့နှမဝမ်းကွဲတော်သူ အန်တီပြုံးက မြင်းခြံအိမ်သားက ပွဲရုံကို ဖုန်းလှမ်းဆက်ရင်း ကျွန်မကို သူတို့အိမ်မှာနေဖို့ လမ်းကြောင်းသည်။ ဖေဖေက ညင်ညင်သာသာပဲ ငြင်းခဲ့သည်။ သည်တုန်းက ဖေဖေ့အနားမှာ ကျွန်မရှိသည်။

"အပြုံးရေ…ဆွေစိတ်မျိုးစိတ်ရှိတာ ကျေးဇူးတင်ပါရဲ့ကွယ်…ငါ့နှမများ လိုအပ်တဲ့အခါသာ စောင့်ရှောက်ပေးကြပါအေ…။ သီရိမေကတော့ အဆောင်မှာပဲ နေပါစေတော့…လူတွေနဲ့ ပေါင်းတတ်ဖော်တတ်အောင် ရယ်…မိဘနဲ့အတူမနေရတဲ့ နေရာမှာ သူ့ဘာသာ ထိန်းကျောင်းနေထိုင်တတ်အောင်ရယ် အလေ့အကျင့် ရစေချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သည်ကတည်းက ဖေဖေသည် ကျွန်မလျှောက်ရမည့်ဘဝထဲကို ခြေတစ်လှမ်း စချပေးလိုက်ခြင်းပဲလို့ ကျွန်မခံစားရသည်။ ကျွန်မက သားသမီးတွေထဲမှာ အဦးဆုံးသမီးဆိုတော့ ဘဝထဲကို တိုးဝင်သည့်အခါ ရှေ့ဆောင်လမ်းပြ ကြယ်တစ်ပွင့်ဖြစ်စေချင်တာလည်း ပါလိမ့်မည်ထင်ပါ၏။

မြင်းခြံက မန္တလေးကို ကျောင်းသွားတက်ပြီး ဘွဲ့ယူလာသည့် မြင်းခြံသူ မမအေးကတော့ တက္ကသိုလ်ဘဝ ပျော်စရာကောင်းလှပုံတွေကို ပြောပြဖူးပါသည်။ တချို့က တက္ကသိုလ်မှာပဲ ရည်းစားတွေ ရွေးချယ်ကြသတဲ့။ တချို့က တက္ကသိုလ်ကျောင်းတစ်ပိုင်းတစ်စနဲ့ အိမ်ထောင်ရက်သား ကျကုန်ကြသည်ဆိုတာလည်း ပါ၏။ များသောအားဖြင့် ဘွဲ့တစ်ခုခုရအောင် ကြိုးစားကြရင်း အတောင်အလက် စုံသော ငှက်ကလေးတွေလို လောကထဲ ပျံသန်းနိုင်ဖို့ လုံးပမ်းကြသူတွေဟု ဆိုသည်။ တချို့က ပြည့်ပြည့်စုံစုံဘဝတွေ၊ တချို့က ချို့ချို့ငဲ့ငဲ့ဘဝတွေ။

"တက္ကသိုလ်ဆိုတာ ပညာသွားသင်ရုံတင်မကဘူး သိရဲ့မရေ...ကြင်ရာပါ ရှာရတာဟဲ့...သည်အရွယ်ဆိုတာ ဘဝရဲ့ အပျိုမြစ်အနုနယ်ဆုံးအရွယ် မဟုတ်လားအေ့...တက္ကသိုလ်ကထွက်လာရင် ဘာပဲဖြစ်ဖြစ် ဘဝထဲ ခုန်ဆင်းရတာမဟုတ်လား...လူ့ဘဝကျင်းကြီးထဲရောက်မှတော့ ခုန်တက်ဖို့ မလွယ်တော့ဘူး။ အဖော်ကလေးနဲ့ဆိုတော့ အားရှိတာပေါ့အေ...ငါ့ညီမ ရည်းစားတစ်ယောက်တော့ ထားဖြစ်အောင်ထားအေ့"

မမအေးက သည်လိုပြောတော့ ရယ်ချင်စိတ်ကို ကျွန်မ မနည်းထိန်းထားခဲ့ရသည်။ သူကိုယ်တိုင် အပျိုကြီးဖြစ်နေတာမဟုတ်လား။ ကျွန်မပြုံးတာကို မမအေးက ရိပ်မိပုံရသည်။

"ငါကိုယ်တိုင်တော့လား...အင်း...ငါကိုယ်တိုင်က အချစ်ကံခေခဲ့လို့ပေါ့ ဟယ်...ရည်းစားမှ ဆယ်ယောက်တောင်ထားတာ၊ တစ်ယောက်မှ အဖတ်မတင်ဘူး။ ညည်းကိုယ်တိုင် တက္ကသိုလ်ဓာတ်လမ်းတွေ တွေ့လာမြင်လာတော့ သိပါလိမ့်မယ်အေ..."

မမအေးက ရယ်စရာလိုလို အတည်လိုလို ပြောနေတာဆိုတော့ ကျွန်မလည်း ရယ်ရခက် ငိုရခက်။ ကျွန်မဖတ်ဖြစ်ခဲ့သည့်စာတွေကို ကျွန်မ အားယူထားသူဖြစ်သော်လည်း လက်တွေ့ဘဝမှာ စာတွေထဲကအတိုင်း ဟုတ်ရဲ့လားလို့လည်း ကျွန်မ သံသယစိတ်ကလေး ရှိရသည်။ ဘဝဆိုတာ ပုံတူမရှိ။ ကိုယ့်အကြောင်းနှင့်ကိုယ်။ ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုဟာ လူသားနှစ်မျိုးဖြစ်သော လူယောကျ်ား၊ လူမိန်းမတွေထဲက တစ်မျိုးပဲမဟုတ်လား။ ဘာမှ အားငယ်စရာမရှိ။ ဘာမှမလုံခြုံစရာ



မရှိ၊ ဘာမှကြောက်ရွံ့စရာမရှိ။ ပြန်စဉ်းစားကြည့်တော့ ဆယ်ကျော်သက်အရွယ်ဆိုသော်လည်း ကျွန်မမှာ သည်လိုစိတ် သည်လိုအတွေးအခေါ်မျိုး ရှိနေခဲ့နှင့်ပြီဖြစ်သည်။ ကျွန်မဖတ်ဖူးသော စာတစ်ပိုဒ်ထဲမှာတော့ သူ့အယူအဆတွေကို ကျွန်မ သဘောကျရသည်။

"အပျိုဖော်ဝင်စမိန်းကလေးဟာ သဘာဝကြီးနဲ့ လူ့အဖွဲ့အစည်းက သူ့ကိုပေးထားလိုက်တဲ့ ကံကြမ္မာကို လက်မခံဘူး...လုံးလုံးပစ်ပယ်လို့ရလား ဆိုတော့လည်း ပစ်ပယ်လို့ မရနိုင်ပြန်ဘူး...သူ့မှာ ကလေးစိတ်တစ်လှည့် အပျိုစိတ်တစ်လှည့် ဝင်နေတာ...ကမ္ဘာလောကကို ခုခံဖို့ ခွန်အားမရှိဘူး...တစ်ခါတလေမှာ ကလေးစိတ်ဝင်တယ်၊ တစ်ခါတလေမှာ အပျိုစိတ်ဝင်တယ်...ဒါပေမဲ့ ကိုယ်တိုင်က အရွယ်မရောက်တရောက် ကလေးသာသာအရွယ်ဖြစ်နေတယ်...ဒါကြောင့် အပျိုဖြစ်နေတဲ့ စိတ်ခံစားမှုကို ဆန့်ကျင်ဖို့ သူ့မှာ ကလေးစိတ်အပြည့်မရှိဘူး...ကလေးဆန်တာကို ဆန့်ကျင်ဖို့ အပျိုစိတ်ရှိသလားဆိုတော့လည်း မရှိပြန်ဘူး...ဒါပေမဲ့ ဘာစိတ်ပဲရှိရှိ နိုးရိမ်စိတ်တော့ ရှိတာပဲ...အတိတ်နဲ့ လမ်းခွဲရမှာကို ကြောက်ကြတာကိုး"

အကြောက်အရွံ့ သိပ်မရှိဟု ကျွန်မကိုယ်ကျွန်မ ထင်ခဲ့သောကျွန်မကကော အတိတ်နဲ့လမ်းခွဲရမှာကို ကြောက်နေခဲ့သလားလို့ တွေးကြည့်မိရသေးသည်။ သည်တုန်းက ကျွန်မ၏အတိတ်မှာကော ဘာတွေရှိနေသလဲ။ ဖေဖေ၊ မေမေနှင့် ကျွန်မတို့မောင်နှမသုံးယောက်တစ်ဘဝသည်ပင် ကျွန်မ၏အတိတ်များပေလား။ ကျွန်မက သမီးကြီး၊ ပြီးတော့ တစ်အိမ်လုံးက 'မောင်မောင်' လို့ ခေါ်ကြသည့် မောင်လေး၊ ပြီးတော့ ညီမလေး။ သည်အထဲကမှ သနပ်ခါးမလိမ်းချင်သော၊ ပန်း မပန်ချင်သော၊ မျက်လုံးတွေဝေအောင် စာတွေဖတ်လေ့ရှိသော၊ ကျောင်းတက်ချိန်မှလွဲလျှင် အိမ်ထဲမှာပဲ အလင်းကြောက် ငှက်တစ်ကောင်လို အောင်းနေချင်တတ်သော ကျွန်မ၏ ဆယ့်ခုနစ်နှစ်ဆိုသော အတိတ်တိုတိုတောင်းတောင်းကလေးကို လမ်းခွဲရဦးတော့ ကျွန်မ ဘာကိုကြောက်နေရမှာလဲ။

စာတွေထဲမှာတော့ အပျိုဖော်ဝင်စမှာ လောကဝန်းကျင်ကို အကြောက်လွန်ရာက မာယာတွေ များလာတတ်သည်။ မရိုးသားမှုတွေ ရှိလာသည်။ ဤသို့အားဖြင့် မိန်းကလေးသည် ငြင်းဆန်ခြင်းအတတ်ကို တတ်လာကြသည်။ စိုးရိမ်ခြင်းနှင့် ကြောက်ရွံ့ခြင်းကြားမှာ ဝေခွဲမရဖြစ်နေတတ်သည်ဟု ဆိုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာတော့ သည်ခံစားမှုမရှိခဲ့တာ သေချာပါသည်။ အစုထိလည်း ကျွန်မမှာ မရိုးသားမှုတွေ မရှိ။ မာယာတွေမရှိ။ စိုးရိမ်ခြင်းနှင့် ကြောက်ရွံ့ခြင်းကြား ဝေခွဲမရတာမရှိ။

အဆောင်ဆိုတာကို ရောက်သွားလျှင် ကျွန်မမိဘများနှင့် နေရသလို မဟုတ်ဘဲ ကျွန်မအနားမှာ ကျွန်မနှင့်ရွယ်တူမိန်းကလေးတွေ ရှိလာတော့မည်။ အများနှင့် ပေါင်းဖော်နေထိုင်တတ်ရတော့မည်။ အဆောင်မှာ ထမင်းလခပေးစားရမှာ ဆိုတော့ မေမေ့လက်ရာကို တောင့်တလို့ ဖြစ်နိုင်သည်မဟုတ်။ အနေစိမ်းရသော ဘဝအသစ်တစ်ခုမှာ ကျွန်မရှိရတော့မည်။ သမီးမိန်းကလေးများပီပီ ကျွန်မရော ညီမလေးပါ ကျောင်းချိန်ကလွဲလျှင် မေမေ့ဟင်းရံတွေကို နိုင်သလောက် ကူညီကြရမြဲ။ ကြက်သွန်နွှာတာ၊ ငရုတ်သီးထောင်းတာ၊ ပန်းကန်ဆေးကြောတာကအစ ထမင်းတစ်အိုး ဟင်းတစ်အိုး စားကောင်းအောင် မချက်နိုင်သေးတာကလွဲလို့ မီးဖိုချောင်ထဲ ကျွန်မတို့ညီအစ်မနှစ်ယောက် မေမေနှင့်အတူ ရှိနေရတာကို ပျော်ပါသည်။

သည်မှာလည်း ကျွန်မဖတ်ဖူးသလောက် မိသားစုတစ်စုအတွက် ချက်ပြုတ်ခြင်းသည်လည်း ကဗျာဟုဆိုသည်။ ထမင်းဟင်းချက်တဲ့အမျိုးသမီးတစ်ယောက်ဟာ ပဉ္စလက်ပညာသည်တစ်ဦး၊ မှော်ဆရာတစ်ဦး ဖြစ်သွားသတဲ့။ အိမ်ရှင်မတွေဟာ ဆားတို့၊ သကြားတို့နဲ့ ကြော့ကွင်းထောင်ပြီး အချဉ်သနပ်လုပ် ထိန်းသိမ်းထားလိုက်တယ်။ ရှင်သန်တဲ့ဘဝကို စဉ့်အိုးထဲထည့်ပိတ်လိုက်တော့တယ်။ ချက်ပြုတ်ခြင်းအတတ်ဟာ တွေ့ရှိမှုဖြစ်ပြီး ဖန်တီးမှုလည်း ဖြစ်သတဲ့။ ကျွန်မမှာ မေမေ့လက်ရာ မေမေ့ကဗျာတွေနဲ့ ဝေးရဦးမှာပေါ့။

အဲသည်ညက လရောင်ကလေးရှိနေခဲ့သည်။ လရောင်က ကျွန်မအိပ်ခန်းထဲကို ခပ်ဆောင်းဆောင်းဝင်နေသဖြင့် ကျွန်မအခန်းကျဉ်းကလေးထဲမှာ လင်းလက်နေသည်။ လရောင်ကို ကျွန်မချစ်တတ်တာ ငယ်ကတည်းကဖြစ်သည်။ လသာရက်တွေမှာ ကောင်းကင်ကို တမေ့တမော ငေးကြည့်နေတတ်တာ ကျွန်မအကျင့်။ လပြည့်ဝန်းကြီး ဝင်းဖြာနေသည့်ညတွေဆိုလျှင် ကျွန်မပျော်သည်။ ပြီးလျှင်တော့ လမင်းက ဆုတ်သွားလိမ့်မည်။ ဘာကြောင့်များ ဆုတ်သွားရတာပါလိမ့်။ ထာဝရ အလင်းညတွေချည်းပဲဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

လကွယ်ညတွေမှာ ကျွန်မ ကောင်းကင်ကို မကြည့်ရက်သလို ပြတင်းတံခါးကလေးကို ပိတ်ထားမိသည်။ ဆန်းစလကွေးကလေး ရေးရေးထင်လာလျှင်တော့ ပြည့်ဝန်းလာမည့်ရက်တွေကို မျှော်လို့ကောင်းလှသည်။ ဆန်းစသော်တာမှ



လပြည့်ဝန်းဝန်း ဖြစ်လာဖို့ သူကိုယ်တိုင်က အလင်းတွေ ဖြည့်နေရတာမဟုတ်လား။ လူဆိုတာလည်း သည်လိုပဲဖြစ်ရမှာပေါ့။ မနက်ဖြန်ဆိုလျှင်…။

ကျွန်မတို့အိမ်ကလေးမှာ သိပ်ကြီးလှတာတော့မဟုတ်။ အိမ်ရှေ့မှာ အတော်အတန်ကျယ်သော ကွက်လပ်ကလေးရှိသဖြင့် မေမေရော ကျွန်မတို့မောင်နှမ တစ်တွေပါ ပန်းပင်ကလေးတွေ စိုက်ထားကြသည်။ မေမေက မြင်းခြံလို အပူပြင်းသောအရပ်မှာ ကံ့ကော်ပင်ကို ဖြစ်အောင်စိုက်နိုင်သူဖြစ်သည်။ ကံ့ကော်ပင်က ဖြစ်ခဲလို့လားတော့မသိ၊ စိုက်တိုင်း အဆင်မပြေခဲ့တာများလှပြီ။ သို့သော် မေမေ့ဇွဲကောင်းမှုကြောင့် ကံ့ကော်ပင်ကလေးသုံးပင်က လူ့တစ်ရပ်ပင် ကျော်နေကြပြီ။

"ကံ့ကော်ဆိုတဲ့နာမည်ကို အမေဖြင့် သိပ်သဘောကျတာပဲ…တချို့ကလည်း ကံကော်လို့ခေါ်ကြတယ်…ကံကို ကော်ယူတယ်ဆိုတဲ့သဘောနဲ့ ကံကောင်းခြင်း အမှတ်လက္ခဏာလို့ ယူဆကြပုံရပါတယ်။ မေမေကတော့ ကံ့ကော်ရွက်ကလေးတွေက ကျက်သရေရှိလို့၊ အပွင့်ကလေးတွေက ချစ်စရာကောင်းလို့ ကြိုက်တာ"

ကျွန်မက စကားစိမ်း၊ စကားဝါ၊ စကားဖြူပင်ကလေးတွေကို ကြိုက်သည်။ အကြိုက်ဆုံးကတော့ 'ပန်းများ၏မဟေသီ' နှင်းဆီတွေပဲဖြစ်သည်။ ဘာကြောင့်ရယ်မသိ၊ ဆူးကလေးတွေ အတက်အဆင်း အစောင့်ချထားတတ်သော ပန်းကလေးတွေကို ကျွန်မငယ်ငယ်ကပင် စွဲလန်းခဲ့သည်။ ပွင့်ဖတ်ကလေးတွေ ငုံခဲနေသည့် နှင်းဆီငုံကလေးတွေဆိုလျှင် ကျွန်မသိပ်ချစ်ပါသည်။ ကျွန်မစိတ်ကို သိနေလို့လားတော့မသိပါ။ မေမေက နှင်းဆီတွေ အမျိုးစုံစုံ အသွေးစုံစုံ စိုက်ပေးခဲ့သည်။ အပူကြိုက်ကြလို့လားတော့မသိ၊ ကျွန်မတို့မြို့ကလေးမှာ နှင်းဆီနှင့်ရွက်လှတွေ ဖြစ်လွန်းလှသည်။ နှင်းဆီထဲမှာမှ နှင်းဆီဝါကို ကျွန်မပိုချစ်သည်။ သာမန်အားဖြင့် အဝါရောင်ကို ကျွန်မကြိုက်သော်လည်း အရွက်စိမ်းစိမ်း၊ အရိုးစိမ်းစိမ်း၊ ဆူးစိမ်းစိမ်းပေါ်က နှင်းဆီပွင့်အဝါရောင်ကတော့ ဝင်းဝင်းစက်စက် စိုစိုဖတ်ဖတ်နှင့် ကြွနေတတ်ခြင်းကြောင့်ဖြစ်၏။ ကျွန်မစာကျက်စားပွဲကလေးပေါ်မှာ နှင်းဆီပွင့် ပြတ်သည့်နေ့မရှိ။

နှင်းဆီက ဆယ့်နှစ်ရာသီလုံး မပြတ်ပွင့်သည်ဆိုသော်လည်း မိုးရာသီမှာတော့ အပွင့်မလှချင်။ နှင်းဆီသည် မိုးကိုကြိုက်ပုံမရ။ တစ်ခါတစ်ရံ မှန်တွေထဲက ပါလာတတ်သော ပိုးတွေကျတော့လည်း နှင်းဆီပင်တွေ အလူးအလဲခံကြရသည်။ သည်ကြားထဲက ရိုးရိုးရဲရဲ ပွင့်ကြရရှာသော အပွင့်ကလေးတွေကို ဘျူးရှူးတင်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အကင်းမပီ၊ အငုံမလှ၊ အပွင့်မညီသည့်တိုင် နှင်းဆီကတော့ နှင်းဆီပင်။ နှင်းဆီနှင့်ပတ်သက်၍ဖွဲ့သောကဗျာတွေကိုလည်း ကျွန်မကြိုက်မိတာများသည်။ တစ်ခါတစ်ရံ ကျွန်မဘ၀အတွက် အားမာန်တွေကို နှင်းဆီနီမိတ်ပုံတွေကရသည်ဆိုလျှင် မမှားနိုင်ပါ။

ကျွန်မစွဲလမ်းသော ကဗျာဆရာမ ကြည်အေးကတော့ နှင်းဆီကို လှအောင်ဖွဲ့ပါ၏။

*'မိုက်မဲတယ် ထင်ချင်ထင်တော့*
*ဘယ်သဇင် မသေဆုံးပါသလဲ*
*ရှင်သန်တုန်း လှပမွှေးရီ*
*နှင်းဆီရဲ့ အချစ်တရား...'*

ဆရာမ ကြည်အေး၏ ကဗျာတွေကို ကျွန်မစွဲလမ်းသည့်အထဲမှာ မိန်းကလေးစိတ်သဘာဝတင်းတိမ်ကို မပဟာပဟာ လှစ်ပြတတ်ခြင်းကြောင့်ဖြစ်ပါသည်။ ကဗျာအဖွဲ့အနွဲ့ သဘောတရားကို ကျွန်မ နားမလည်သော်လည်း ကဗျာကဆိုသော အသိကိုတော့ ခံစားတတ်ပါ၏။ ဘယ်သဇင် မသေဆုံးပါသလဲတဲ့။ ဟုတ်သေသားပဲ။ ဘယ်ပန်းတွေကတော့ကော ကြာရှည်ခံကြလို့လဲ။ ပန်းဆိုတာ ခဏကင်း၊ ခဏဖူး၊ ခဏငုံ ခဏပွင့်...ခဏကလေးလှပရုံသာ။ ရှင်သန်တုန်း လှပမွှေးရီနိုင်ဖို့သာ လိုသည်ဆိုသည့် သဘောတရားကို ကျွန်မလည်း သဘောတူသည်။ ရှင်သန်တုန်းမှာ လှပ မွှေးရီသောဘ၀မျိုး ရှိဖို့ပဲလိုသည်။

အိမ်ရှေ့ နှင်းဆီပွင့်တွေဆီက ရနံ့တွေ လရောင်နှင့်ရောကာ ကျွန်မအခန်းထဲကို ရောက်လာကြသည်။ သင်းပျံ့မွှေးရီသော ရနံ့ကြားမှာ ကျွန်မလဲလျောင်းနေရာ ကကြည့်လျှင် ကောင်းကင်ပြာပြာမှာ တိမ်တစ်မျှင် ကြယ်ခင်းထွေးထွေး ရှိနေကြ၏။ ကျွန်မလဲလျောင်းနေရင်းကပင် လသည် အတော်မြင့်လာခဲ့သည်။

ကျွန်မအတွေးတွေက စိတ်လှုပ်တိုင်း ရွေ့လျားနေကြလေသည်။ တွေးရင်းကပဲ ကျွန်မ အိပ်ပျော်သွားသည်ထင်၏။ အိပ်မက်ဝိုးဝိုးဝါးဝါးထဲမှာ ကျွန်မ ဖတ်ခဲ့ဖူးသည့်စာအုပ်တွေလည်းပါသည်။ မေမေနှင့် မေမေလည်း ပါသည်။ မောင်မောင်နှင့် ငယ်လေးလည်း ပါသည်။ လရောင်နှင့် နှင်းဆီပွင့်တွေလည်း ပါသည်။ အိပ်မက်ထဲမှာ ကျွန်မစွဲလမ်းသော ကဗျာတွေပင် ပါနေသည်။

■

(၃)

'နှင်းဆီဖြူ'

အမျိုးသမီးဆော်ဒါဆောင်ရှေ့ကို သုံးဘီးကားနှစ်စင်းဖြင့် ကျွန်မတို့ ရောက်သွားချိန်မှာတော့ အဆောင်ထဲမှာ ကျောင်းသူတချို့ ရောက်နေနှင့်ကြပြီ။ အဆောင်ဆိုသော်လည်း နှစ်ထပ်ပျဉ်ထောင်အိမ် ခပ်ယောင်းယောင်းကြီးတစ်လုံးသာဖြစ်သည်။ အဆောင်သက်က ရင့်လှပြီထင်၏။ သည်အဆောင်ထဲက ကျောင်းသူဘယ်နှယောက်တောင် ထွက်သွားကြပြီလဲ။ အဆောင်အတွေ့အကြုံ ရင့်လှရော့မည်။ ရေနံချေးတွေ မည်းနက်နေအောင် သုတ်ထားသော နှင်းဆီတစ်ပင်မှမရှိသည့် နှင်းဆီဖြူကိုကြည့်ပြီး ကျွန်မပြုံးမိသည်။ အဆောင်ရှေ့မှ ပုန်းညက်ပင် စိမ်းစိမ်းဖားဖားကြီးကိုတော့ ကျွန်မ သဘောကျမိပါ၏။ ပုန်းညက်ပင်အောက်နေရာကိုရရင် ကောင်းမှာ။ အို...ဘယ်မှာ နေရနေရပါလေ။

"မြင်းခြံက ငါးယောက်အဖွဲ့လား...လာ လာ အပေါ်ထပ်မှာ နေရာယူထားတယ်"

အဆောင်ပိုင်ရှင်ဟုထင်ရသော အသက်ငါးဆယ်ခန့် အမျိုးသမီး၀၀ကြီးက ကျွန်မတို့အဖွဲ့ကို ဆီးကြိုရင်း နေရာလိုက်ပြသည်။ မြင်းခြံမှ မန္တလေးအသကားလိပ်ကို တက်ကြမည့် ကျွန်မတို့သူငယ်ချင်းငါးယောက် သယ်ယူလာကြသမျှ ပစ္စည်းတွေ အားလုံးက အဆောင်ရှေ့မှာ အပုံလိုက်ရှိနေသည်။ ဘယ်သူကမှလည်း တကူးတက တင်ပေးကြမှာမဟုတ်တော့ အပေါ်ထပ်ကို သည်ပစ္စည်းတွေရောက်ဖို့ သည်ပင် မလွယ်လှ။ ကျွန်မတို့ငါးယောက်ကတော့ သူ့ပစ္စည်း ကိုယ့်ပစ္စည်း မခွဲခြားတော့ဘဲ ဝိုင်းကာဝန်းကာ တင်ကြရင်း အပေါ်ထပ်ကို ရောက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တုန်းကတော့ ကျွန်မတို့အတွက် မန္တလေးသည် ကြီးမားလွန်းနေသည်။ မိဘေးဖဘေး ခပ်စိမ်းစိမ်းမြို့ကြီးတစ်မြို့က အဆောင်ဆိုသည့်အိမ်မည်းကြီး တစ်လုံးအပေါ် ကျွန်မရောက်နေရတာကိုလည်း အံ့ဩမိသား။ ကြောက်စိတ်မရှိသည့်တိုင် ရင်ကလေးတော့ ဖိုမိ၏။ မန္တလေးက နွေးထွေးလေမလား၊ ခြောက်လှန့်လေမလား ကျွန်မမသိ။ သည်လိုဆိုတော့လည်း ကျွန်မ၏မြို့ကလေးကို ကျွန်မ လွမ်းရပြန်၏။

မြင်းခြံမှ မနက်စောစော ရှစ်နာရီထွက်သည့် အဝေးပြေးကားကို စီးလာကြသော ကျွန်မတို့မှာ နှင်းဆီဖြူကိုရောက်တော့ ညနေ သုံးနာရီပင် ရှိနေပါပြီ။ ကျွန်မတို့အဆောင်ဖော် သူငယ်ချင်းအုပ်စု တောင့်သည်ကတစ်ကြောင်း၊ ဖေဖေကိုယ်တိုင် မန္တလေးကို တစ်ခေါက်သယ်သယ်လာပြီး အဆောင်ကို လေ့လာပြီးသည်က တစ်ကြောင်းမို့ အိမ်က လိုက်ပို့မည့်အစီအစဉ်ကို ကျွန်မငြင်းခဲ့သည်။ မနက်ပိုင်းတုန်းကတော့ 'ဝင်း' အမြန်ယာဉ်ကားဂိတ်မှာ ဖေဖေရော မေမေပါ ကျွန်မနှင့်အတူ ရှိနေခဲ့သည်။ ကျွန်မတို့စီးလာကြသည့် အဝေးပြေးကားကြီး သီရိရုံ (ရုပ်ရှင်ရုံ) ထောင့်မှ ထွက်လာသည်အထိ ကျွန်မကို လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့ကြရှာသည်။ သည်တစ်ခါမှာလည်း ကျွန်မရင်တွေ ဟာကျန်ရစ်ခဲ့သည်။ အတောင်အလက်မစုံခင် အသိုက်ထဲက စွန့်ထွက်လာသည့်ငှက်တစ်ကောင်လို ကျွန်မခံစားနေရသည်။ ကျွန်မမှမဟုတ်ပါ။ ကျွန်မမြို့ဖော် သူငယ်ချင်းတွေကလည်း မျက်ရည်ကလေးတွေတစမ်းစမ်းနှင့်။ တစ်ယောက်ကိုတစ်ယောက် စကားမပြောနိုင်ကြ။ တစ်ယောက်ကတော့ ကိုယ်လုံးသိမ့်သိမ့်ခါအောင် ငိုနေခဲ့သည်။

"သည်လိုပေါ့ဟယ်...မိရိပ် ဖရိပ်က ခွဲမှမခွဲကြဖူးပဲဟာ...တို့ ပညာလာသင်ကြတာပဲဟဲ့...အားငယ်စရာမရှိပါဘူး..."

ကျွန်မတို့အထဲမှာ အသက်နည်းနည်းကြီးသည့် ခင်ခင်က ဖျောင်းဖျသည်။ အဝေးပြေးကားကြီးက မြို့ကလေးကိုရော ဖေဖေမေမေတို့ကိုပါ အဝေးနောက်မှာ ထားရစ်ခဲ့ပြီ။

ကျွန်မအဖို့တော့ ခွဲခွာခြင်းမဟုတ်သော်လည်း ဝေးကွာခြင်းဆိုသည့် ခံစားမှုကို ပထမဆုံး ခံစားနေရခြင်းဖြစ်ရာ ရင်တွေ တလှပ်လှပ်ခုန်နေခဲ့ရသည်။ ဆယ်တန်းတုန်းက ဆရာရွတ်ပြသည့် Life is challenging ဆိုသည့်စကားကို သတိရမိသည်။ ဘဝဆိုတာ စိန်ခေါ်ခြင်းတွေတဲ့။

အဆောင်အပေါ်ထပ်မှာ စီခင်းထားသော တစ်ယောက်အိပ်ခုတင်ကလေးများနှင့် ခုတင်ဘေးမှာထားသည့် စာအုပ်တင် စားပွဲခုံကလေးများက စားပွဲခင်း



ဖွေးဖွေးဖြင့် ညီညာသပ်ရပ်နေသည်။ အဆောင်ရှင်အမျိုးသမီးကြီးက ကျွန်မတို့ ငါးယောက်ကို ခေါင်းရင်းဘက် ညာဘက်အခြမ်းက ခုတင်ငါးလုံးမှာ နေကြဖို့ နေရာချထားပေးသည်။ ပြတင်းပေါက်တစ်ပေါက်သာ ရှားရှားပါးပါးရှိသည့်အတွက် သည်နေရာကို အားလုံးက စိတ်ရောက်နေကြသည်။ ပြတင်းပေါက်တစ်ပေါက်၏တန်ဖိုးကို သည်တစ်ခါမှပဲ ကျွန်မသိရတော့သည်။ ပြတင်းပေါက်ကလေးရှိတော့ လေရနိုင်သည်။ အလင်းရနိုင်သည်။ အပြင်ကို ငေးချင်တော့လည်း ဖြစ်သည်။

"ကဲ...မဲနှိုက်မယ်ဟာ...မဲပေါက်တဲ့လူ ပြတင်းပေါက်နားနေ"

မြင်းခြံ ကြံမင်းဆေးလိပ်ခုံပိုင်ရှင်သမီး နွယ်နွယ်တင်က မဲနှိုက်ဖို့ပြောတော့ အားလုံးက သဘောတူကြသည်။

"မဲတော့ မနှိုက်ကြနဲ့ဟယ်...တစ်လတစ်ယောက် ပြောင်းနေရအောင်... ငါက မဲညံ့တယ်ဟဲ့"

ခင်ခင်က အကြံပေးသလိုလိုနှင့် လေးလခြား ကံကောင်းခြင်းကို ရှေ့ညွှန်တွက်ပြသည်။ တစ်ယောက်ကတော့ "ချက်ချင်းမနှိုက်နဲ့ဦး...ဘုရားရှိခိုးချင်သေးတယ်" ဆိုပြန်၏။ တစ်ယောက်က "ကဲပါဟယ်...နင်တို့မနေချင်ရင်လည်း အနစ်နာခံတဲ့အနေနဲ့ ပြတင်းပေါက်နား ငါပဲနေလိုက်ပါ့မယ်ဟယ်" ဟု ဆိုသည်။

"ကဲ...သီရိမေ ပြော ဘာလုပ်ရင်ကောင်းမလဲ"

ကျွန်မစိတ်ကူးကို ပြောသင့်မသင့် စဉ်းစားရသေးသည်။ သည်သူငယ်ချင်းများနှင့် အတူတူနေရဦးမှာမဟုတ်လား။ စကားလုံးကိုတော့ ရွေးချယ်ရမည်။

"မဲကျလို့ ကံကောင်းတာကို ငါမလိုချင်ပါဘူးဟာ...နင်တို့လေးယောက်ပဲ နှိုက်ကြပါ...ငါ့ကို ဗလာထားလိုက်...ဒါဆို နင်တို့ကံက ငါးပုံတစ်ပုံကံတိုက်ကနေ လေးပုံတစ်ပုံ ကံတိုက်ဖြစ်သွားပြီ Chance များသွားတာပေါ့ဟယ်..."

အားလုံး တိတ်ဆိတ်သွားကြသည်။ ပထမဆုံး စလှုပ်လာသူမှာ ခင်ခင်ဖြစ်၏။

"သီရိမေ...ရုပ်အောင်မလုပ်နဲ့...မဲသာနှိုက်...ငါးမဲလုပ်"

မဲလိပ်တွေကို လိပ်ကြသည်။ ကျွန်မကိုယ်တိုင်ကတော့ဖြင့် သည်လိုကံစမ်းမဲဆိုတာကို ကြိုက်သူမဟုတ်။ မဲဆိုတာ ကံမကောင်းသူတွေကြားက လုယူရသော ကံကောင်းမှုမဟုတ်လား။ ရှိပါစေတော့။ ပြတင်းပေါက်တစ်ပေါက်အတွက်တော့ ကျွန်မ ဘာမှပြောမနေချင်။

www.burmeseclassic.com

www.burmeseclassic.com



"မဲနှိုက်ရတာ ရည်းစားထားရသလိုပါပဲလားနော်…ရင်တွေခုန်လိုက်တာ"

ခင်ခင့်စကားကြောင့် ကျွန်မတို့ ရယ်ကြရသည်။ တွေးတွေးသိန်းက မဲလိပ်တွေကို လက်အုပ်ထဲထည့်ကာ ခလောက်လေး၏။ ကံမကောင်းခြင်းလေးခုနှင့် ကံကောင်းခြင်းတစ်ခုတို့ တစ်နေရာတည်းမှာ က,ခုန်နေကြသလိုပါလား။

"သီရိမေ…နှိုက်လေ"

"နင်တို့နှိုက်ကြလေ…ကျန်တာ ငါ့ဟာပေါ့"

သူငယ်ချင်းတွေ မဲလိပ်မှာ အာရုံကျနေကြတုန်း ကျွန်မပစ္စည်းတွေကို ကျွန်မသယ်ကာ တစ်စုတစည်းတည်းဖြစ်အောင် ဖယ်ထားလိုက်သည်။

"ဘာမှ ရေးမထားတာ ဗလာလား…"

"အေးပေါ့ဟဲ့…ပေါက်မဲက ပြတင်းပေါက်လို့ ရေးထားတယ်"

"ဒါဆို ငါ ဗလာပေါ့…နင်တို့ စိတ်မကောင်းမဖြစ်ကြနဲ့"

ကျန်သုံးယောက်က စက္ကူလိပ်ကလေးထဲက မြွေထွက်လာတော့မလို မျက်နှာများနှင့်ဖြစ်၏။

"ဗလာပေါ့…ဗျည်းရော သရရော တစ်လုံးမှကို မပါတာ"

ဒါဖြင့် မဲပေါက်တဲ့သူ ဘယ်သူဖြစ်နိုင်သလဲ…။

"သီရိမေ…နင် မဲပေါက်တယ်။ မနာလိုလိုက်တာဟာ…ကြည့်စမ်း မဲမနှိုက်ချင်တဲ့လူက ကံကောင်းနေလိုက်တာ"

"ဟဲ့…သီရိမေက စိတ်တန်ခိုးနဲ့ ညှို့ယူတာနေမှာ…ဒါကြောင့် ပါးစပ်က ပွစိပွစိလုပ်နေတာကိုး"

"ငါက မဲပေါက်မယ်ဆိုတာ ကြိုသိတယ်ဟဲ့"

ခင်ခင်ပြောလိုက်သည့် မဲမနှိုက်ချင်သူက မဲပေါက်တယ်ဆိုသည့်စကားကို ကျွန်မ အမှတ်ထင်ထင်ရှိခဲ့ရသည်။ ဒါလည်း ထူးဆန်းလှတာတော့မဟုတ်ပါ။ ဘဝဟာ ကြိုတင်တွက်ဆထားလို့ ဖြစ်တာမျိုးမဟုတ်။ ဖြစ်ချင်သလိုဖြစ်နေတာ မဟုတ်လား။

ကျွန်မတို့ငါးယောက် ကိုယ့်နေရာမှာကိုယ် နေသားတကျဖြစ်ဖို့ ချွေးစို့အောင် ပြင်ဆင်ကြရသည်။ ကျွန်မတို့အထဲမှ နှုတ်သွက် လျှာသွက် တွေးတွေးသိန်းကတော့ အဆောင်သူများနှင့် တစ်ယောက်ချင်း မိတ်ဖွဲ့နေလေသည်။ ကျွန်မကတော့ ကျွန်မနှင့်သူငယ်တန်းကတည်းက တပူးတွဲတွဲရှိခဲ့သော စိုးစိုးမော်နှင့် မန္တလေးဒေသကောလိပ်အထိ အတူရောက်လာရတာကိုပဲ ဝမ်းသာသည်။ ပြီးတော့ ဘာသာတွဲချင်းကလည်း အတူတူ။ သိပ္ပံ သင်္ချာ။



စိုးစိုးမော်၏ မိဘများမှာ အစိုးရဝန်ထမ်းများဖြစ်သည်။ စိုးစိုးမော်ကလည်း စာဖတ်ဝါသနာပါသည်။ ပင်ကိုအားဖြင့် စိတ်နှလုံး ညင်သာသူဖြစ်၍ အမြဲတမ်း အလျှော့ပေးဖို့သာ စဉ်းစားတတ်သူဖြစ်သည်။ တစ်ခါတစ်ခါ ကျွန်မမှာ သူ့ကို အားမလိုအားမရ ဖြစ်ရသည်အထိ သူတစ်ပါးကို အားနာလိုက်လျောတတ်သူ ဖြစ်သည်။ ကျွန်မကိုလည်း သူက အားရပုံမပေါ်။

"သီရိမေရယ်…နင့်ကို သူငယ်ချင်းအရင်းမို့လို့ ငါချစ်လို့ပြောရဦးမယ်… ဘာမဆို နင် ထက်လွန်း သွက်လွန်းတယ်…တချို့ကိစ္စတွေကို အလျှော့ပေးလိုက်ရင် ပြီးတာပါပဲဟယ်…ငါကတော့ လူတွေကို အမြဲတမ်း အသာပေးလိုက်တာပဲ"

"စိုးမော်ရယ်…နင်ပဲ အလျှော့ပေး…ငါတော့ အလျှော့ပေးရတယ် တင်စီးရတယ်လို့ မတွက်ဘူး…အမှန်တရားဖြစ်ရမယ်လို့ပဲ တွက်တယ်"

ဒါက ကျွန်မကို ခုနစ်တန်းကျောင်းသူဘဝက ပြောခဲ့သည့်စကားတွေ။ အခု ဒေသကောလိပ်ရောက်သည်အထိလည်း စိုးစိုးမော်က အလျှော့ပေးဝါဒကို လက်မလွှတ်။ သူမ၏ထုံးစံ နူးညံ့အေးဆေးရှိတတ်သည်။

"ဟော့…မိန်းမတွေ ရေချိုးမှာဆို မြန်မြန်လုပ်ကြဟဲ့…ရေက ညနေ ခြောက်နာရီဆို ပြတ်တာတဲ့နော်…လုပ်လုပ်…ရေချိုးပြီး မန္တလေးဒင်နာပါတီ လုပ်ကြရအောင်"

တွေးတွေးသိန်း ဆော်သြလိုက်မှ ကျွန်မတို့အားလုံး ရေချိုးဖို့ အောက်ကို ကမန်းကတန်း ဆင်းခဲ့ကြသည်။ သွပ်ပြားမိုးထားသော အုတ်ကန်ကြီးထဲက ရေတွေက အေးစက်လို့။ ခရီးပန်းလာကြသူတွေဆိုတော့ ဖုန်တွေရော ချွေးတွေရော အလူးလူးထနေကြတာမဟုတ်လား။ ရေတွေ တစ်ဝချိုးလိုက်ကြသည်။ ရေချိုးပြီး မေးတခိုက်ခိုက်ရိုက်ရင်း အဆောင်ပေါ် ပြေးတက်၊ သနပ်ခါးဘူးထဲက သနပ်ခါးကို ကော်ယူကာ အမြန်လူးရသည်။ ခေါင်းစွပ်အနွေးထည်ပါးပါးကိုပင် ဝတ်လိုက်ရသေးသည်။ မန္တလေးဆောင်းသည်လည်း အအေးသား။

"မန္တလေးက တို့မြင်းခြံထက် အေးတယ်နော်"

"နင်က ဘာနဲ့တိုင်းလိုက်တာတုံး"

"ဟဲ့…အေးတာကို နင်တို့ မခံစားရဘူးလား"

"ရေအေးတာ အရေးမကြီးဘူးနော်…မန္တလေးကျုံးရေသောက်မိရင်တော့ မန္တလေးက မပြန်ရဘူးတဲ့"

"ကျုံးရေသောက်တဲ့လူ ဖမ်းလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးပါ့ပါတယ်…မန္တလေးသားနဲ့ အိမ်ထောင်ကျရတတ်တယ်လို့ ပြောတာဟဲ့"

"မနက်တော့ ကျုံးဘက်သွားပြီး ပုံးနဲ့ခပ်သောက်လိုက်ရဦးမယ်"

ကျွန်မကတော့ သူငယ်ချင်းများပြောနေကြသည့် တစ်ယောက်တစ်ပေါက် စကားတွေကို နားထောင်ရင်း အပျင်းပြေရသည်။ အတူနေကြရသည့်ရက်တွေ မများလှသေးသော်လည်း တစ်ယောက်၏နှလုံးသားကို တစ်ယောက်နားလည်ခွင့် ရကြပြီ။ မေမေပြောသည့် 'လူတွေနဲ့ သမီးနေတတ်သွားရင်ပဲ ဘဝမှာ တန်ဖိုးရှိလှပြီ…လူတွေရဲ့ အားနည်းချက် အားသာချက်တွေကို ထိန်းရင်း ညှိရင်း ပေါင်းကြရတာဆိုတော့ ကိုယ်တိုင်လည်း ထိန်းညှိပြီးသားဖြစ်ရတယ်' ဆိုတာ ဒါပဲထင်ပါရဲ့။ အခြားအဆောင်သူတွေနှင့်လည်း တွေ့ကြဆုံကြ ပေါင်းကြရပြီ။ မာနအခံကလေးနှင့် ခပ်တင်းတင်းနေကြသူတချို့ရှိသော်လည်း အနှောင့်အယှက်တော့ မရှိပါ။

အပြင်ဆောင်များ၏ သဘာဝကို ကျွန်မမသိ။ 'နှင်းဆီဖြူ' ကတော့ ထမင်းချိုင့်ဆွဲပါ စီစဉ်ပေးသည့်အတွက် စားရေးသောက်ရေး အဆင်ပြေပါသည်။ ကျွန်မတို့တွင် ပါလာသော သုံးဆင့်စတီးချိုင့်ကလေးတွေကို အဆောင်အောက်ထပ်က စားပွဲရှည်ကြီးပေါ်မှာ တင်ထားလိုက်ရုံ။ မနက်စာကို နေ့လယ် ဆယ့်တစ်နာရီ၊ ညစာကို ညနေ ငါးနာရီမှာ အဆင်သင့် ဆင်းယူကြရုံသာ။ အဆောင်လခနှင့် ထမင်းလခပေါင်း နှစ်ရာ။ ကျွန်မတို့ ကျောင်းလခသွင်းကြရတာ တစ်လကို သုံးဆယ်၊ သင်ကြားရေးစရိတ်နှင့် နေရေးထိုင်ရေး စားရေးသောက်ရေးစရိတ်က ပေါင်းလိုက်လျှင် တစ်လကို သုံးလေးရာရှိမှ လူးသာလွန့်သာရှိသည်။ တစ်လ လေးရာထားပါဦး၊ မေမေတို့ လစဉ်ပို့နိုင်ရှာကြပါ့မလား။ ကျွန်မအတွက် အိမ်မှာ ဘယ်လောက်တောင် ချွေတာနေကြရသလဲ။

အိမ်အကြောင်းကို ကျွန်မ အသိဆုံးပင်။ ကျွန်မတို့မိသားစုမှာ ပြည့်စုံလှတာမဟုတ်တော့ လောက်ငအောင်သုံးဖို့သာ ကျွန်မ တွေးထားရသည်။ ကျွန်မတို့ ငါးယောက်ထဲက ခင်ခင်ဆိုလျှင် ပြည့်စုံရှာလှသူမဟုတ်။ တက္ကသိုလ်ကျောင်းကို တက်ရောက်ရန်လာသည်ဆိုသော်လည်း အဝတ်အစား လတ်လတ်လောလော ချုပ်လာဖို့ပင် အခက်အခဲရှိပုံပေါ်သည်။ သည့်အတွက် ခင်ခင်ကိုယ်တိုင် အားငယ်ပုံ မရှိတာကိုတော့ ကျွန်မသဘောကျသည်။

"ငါ သည်လာဖို့တောင် အမေတို့က ရွာက မြေကလေးတစ်ကွက် ပြေးရောင်းလိုက်ရတာပါပါတယ်…ရွာက အမေကြီးရဲ့အမွေ မြေကလေး ရောင်းမယ်ဆိုတော့ ငါတော့ ငိုတာပဲ…တက္ကသိုလ်ကို မသွားတော့ဘူးလို့



ဆုံးဖြတ်လိုက်တယ်…ဟုတ်တယ်လေ ဘွဲ့ရတဲ့အထိဆိုရင် ကျန်တဲ့မြေကလေးပါ ရောင်းရမှာ…"

ခင်ခင်၏ ပွင့်လင်းရိုးသားမှုကို ကျွန်မ လေးစားရသည်။ ဘဝကို အရင်းအတိုင်း သိမြင်ရုံမက ဘဝကိုပါ ချပြဝံ့သောသတ္တိကို ကျွန်မလေးစားခြင်းဖြစ်ပါသည်။

ကျွန်မတို့ငါးယောက်ထဲမှာ အပြည့်စုံဆုံးက ဆေးလိပ်ခုံပိုင်ရှင့်သမီး နွယ်နွယ်တင်ဖြစ်သည်။ လက်ကောက်တွေကချည်း ဆယ်ကွင်းလောက် ဝတ်လာသူဖြစ်၍ ဝတ်မထားသည့် လက်ဝတ်လက်စားတွေပင် ပါသေးသည်။

"မပူစမ်းပါနဲ့ခင်ခင်ရယ်…နင့်ကျောင်းလခအားလုံး ငါသွင်းမယ်…နင်တို့အားလုံး ပိုက်ဆံမလောက်ရင်ပြော…ငါ့လက်ကောက် တစ်ကွင်းပြီး တစ်ကွင်း ရောင်းပြီးသုံးကြမယ်"

နွယ်နွယ်တင်ကိုလည်း ချစ်ခင်ရပါ၏။ ထွေးထွေးသိန်းက မျက်နှာကြီး ချက်ချင်းညှိုးသွားပြီး

"ငါလည်း ပြည့်ပြည့်စုံစုံ လာရတာမဟုတ်ပါဘူးဟယ်…နွယ်နွယ်တင်ရယ် လက်ကောက်တစ်ကွင်း အနုသွားရောင်းပါဟယ်…ငါ့မှာ ထဘီတောင် ကောင်းကောင်းမပါခဲ့ဘူးဟ…အပ်ချည် ခါးတောင်းကျိုက်ဝတ်ရမှာ…"

ထွေးထွေးသိန်း၏ ဟာသကြောင့် ကျွန်မတို့အားလုံး ပျော်ကြရသည်။

ထမင်းစားသောက်ပြီးချိန်မှာ အဆောင်မီးပွင့်ကလေးတွေ လင်းလာပြီ။ ကျွန်မတို့အတွက် တစ်ဦးစီ မီးတစ်ပွင့်စီမရသော်လည်း နှစ်ယောက် မီးချောင်းတစ်ချောင်းစာ အလင်းရသည်ဆိုတော့ မဆိုးလှပါ။ ထမင်းစားပြီးတော့ နွယ်နွယ်တင် ပါလာသည့် လက်ဖက်သုပ်ချိုင့်ကိုချကာ စားရင်းသောက်ရင်း သူ့အတွေ့အကြုံ ကိုယ့်အတွေ့အကြုံ ပြောဖြစ်ကြသည်။ ကျွန်မတို့အားလုံး နေ့ခင်းကလို စကားကျယ်ကျယ်ပြောခွင့်မရတော့။ ရယ်တာတောင် ပါးစပ်ပိတ်ရယ်ကြရသည်။ ထွေးထွေးသိန်းက "ကိုယ့်အိမ်မဟုတ်တော့ ရယ်တာတောင် ကြမ်းတုံးခုနေရတာ မဟုတ်ပါဘူးဟယ်" ဆိုလို့ ရယ်ကြရသေးသည်။

ကျွန်မကတော့ ထုံးစံအတိုင်း ညအိပ်ရာမဝင်ခင် စာကလေးတော့ ဖတ်ချင်နေခဲ့၏။ အဆောင်ထဲက အဆောင်သူတွေအားလုံးလိုလို ကိုယ့်အကြောင်းအရာနှင့်ကိုယ် ပြောလက်စမကုန်နိုင်ကြ။ ပျော်စရာကောင်းသည်ဟု ဆိုကြသော တက္ကသိုလ် ဆိုတာကို ခြေတစ်လှမ်းမချရသေးသည့်တိုင် တက္ကသိုလ်ဆိုသည့် ပန်းခုံတောမှာ

www.burmeseclassic.com

www.burmeseclassic.com



ပညာဝတ်ရည် သောက်သုံးကြရမည့် လိပ်ပြာကလေးများပမာ ကိုယ့်အဆင်အသွေးနှင့်ကိုယ် လှပကြသူချည်းပင်။ သည်အထဲမှာ ကျွန်မသည်လည်း လိပ်ပြာတစ်ကောင်ပေါ့။

အဆောင်ဧည့်ခန်း တိုင်ကပ်နာရီက နာရီထိုးသံ ဆယ်ချက်ကြားရပြီ။ အဆောင်မီးတွေကို ပိတ်တော့မည့်အကြောင်း အချက်ပြသည့်အနေဖြင့် မီးကို မှိတ်ချည်ဖွင့်ချည် သုံးကြိမ်ပြသည်။ ငါးမိနစ်အတွင်း မီးပိတ်တော့မည်။ သည်တော့မှ ကိုယ့်အိပ်ရာဆီရောက်အောင် လှစ်ခနဲထပြေးကြရ၏။ ခြင်ထောင်ကို ဆွဲချ၊ ဆောင်ကို အသင့်ထား၊ ကျွန်မလည်း ဖတ်လက်စစာအုပ်ကလေးကိုပိတ်ကာ ခေါင်းအုံးဘေးမှာ ထားလိုက်သည်။ အအေးဓာတ်ကလေးဝင်လာတော့ ခြေထောက်ကို ထွေးထားသောစောင်ကို ရင်ဘတ်အထိ ဆွဲတင်လိုက်၏။

မီးတွေငြိမ်းသွားပြီ။ လမ်းဘက်ဆီက အလင်းနှင့်အသံတွေကတော့ ရှိဆဲ။ နောင်အခါ ကျွန်မတို့နှင့် အကျွမ်းတဝင်ရှိလာမည့် အလင်းနှင့်အသံတွေမှန်း ကျွန်မမသိ။ အဆောင်တစ်ဆောင်လုံး မှောင်သွားခဲ့သော်လည်း အပြင်မှာ ဆန်းစသော်တာရှိနေသည်။ အမှတ်မထင် မဲပေါက်ခဲ့သောကျွန်မက ပြတင်းပေါက်နေရာကိုသာမဟုတ် လရောင်ကိုပါ ပိုင်ဆိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

လရောင်ကို ကျွန်မချစ်တာကတော့ ကနေ့အထိ အဖြေရှာလို့မရခဲ့ပါ။ သည်ကနေ့အထိ လရောင်နှင့်တူသောအလင်းမျိုး ဘယ်သူကမှ မတီထွင်နိုင်သေးဟု ကျွန်မထင်သည်။ တီထွင်နိုင်သည်ဆိုလျှင်တောင်မှ လ၏အေးမြမှုကိုတော့ ရနိုင်မည်မထင်ပါ။ ဆရာမ ကြည်အေးကတော့ 'ငွေရည်စိုစို လရောင်ယိုတို့၊ သောက်ချိုပြုံးမြ၊ နှလုံးမြ၍' လို့ ဖွဲ့သည်။ 'လကွေး ငွေရည်စို့မှာ' လို့လည်း ဖွဲ့သည်။ လရောင်က ငွေရောင်ဟုတ်ရဲ့လား။ ကလေးဘဝတုန်းက မေမေ့ကိုပင် ကျွန်မမေးခဲ့ဖူးသည်။

"မေမေ...လရောင်က ဘာရောင်လဲ"

"လရောင်က လရောင်ပေါ့သမီးရဲ့"

"အရောင်ကိုပြောတာမေမေရဲ့...အဖြူလား ရွှေရောင်လား ငွေရောင်လား"

"မဟုတ်ဘူး...ဘာရောင်မှမဟုတ်ဘူး။ ဘာရောင်နဲ့မှလည်း မတူဘူး။ လရောင်က လရောင်ပဲ"

မေမေပြောတာ မှန်သားပဲ။ လရောင်...။

မေမေ့အဖြေကို ဖျတ်ခနဲသတိရလိုက်တော့ သူငယ်ချင်းတွေကို သေချာအောင် မေးချင်စိတ်ကလေးပင် ဝင်လာခဲ့၏။ အိပ်များအိပ်ကုန်ကြပြီလား။ ကျွန်မအနားက စိုးစိုးမော်ကို မေးကြည့်သည်။



"စိုးမော်...လရောင်က ဘာရောင်လဲ သိလား"

"ဘာရယ်"

"လရောင်က ဘာရောင်လဲလို့"

"သီရိမေ...နင် ကယောင်ချောက်ချား ဖြစ်နေသလားဟင်...ငါ့မှာ သွေးဆေးပါတယ်"

"တကယ်မေးနေတာပါဟ"

"ဟာ...နွယ်နွယ်တင်ရေ...ကြားလား၊ သီရိမေ မေးတာ..."

သူငယ်ချင်းတွေ မအိပ်ကြသေး။ အတွေးကိုယ်စီရှိနေကြသည်ထင်ပါ၏။ ရယ်သံကလေးတွေလည်း ပါလာကြသည်။

"ဘာတဲ့လဲ"

"လရောင်က ဘာရောင်လဲတဲ့ဟေ့..."

စိုးစိုးမော်က အားလုံးကြားအောင် ခပ်အုပ်အုပ်ကလေးပြောလိုက်သည်။

"ရွှေရောင်ပေါ့ဟာ...တစ်ခုတော့ရှိတယ်ဟ...တို့မြင်းခြံက လရောင်က ဆယ့်ခြောက်ပဲရည်...မန္တလေးလရောင်က ဆယ့်ငါးပဲရည်ရယ်လို့တော့ ကွာတယ်"

သူငယ်ချင်းတွေဆီက တခွီးခွီးရယ်သံတွေကြားရတော့ ကျွန်မပင် အမှောင်ထဲမှာ ပြုံးရပါသည်။

"နင်တို့မှားတယ်...လရောင်ဆိုတာ လရောင်ပဲ"

"အဖြစ်ဆိုးလှချည်လားဟယ်...မအိပ်ခင်က ဘီလူးစီးနင့်ပြီ"

"ဘီလူးစီးတာမဟုတ်ပါဘူးဟာ...မြင်းခြံက အရှုးဘခုန်ကို လွမ်းတာ နေမှာပါ"

တစ်ယောက်တစ်ပေါက်တွေပြီးသွားတော့လည်း ငြိမ်သက်သွားကြပြန်သည်။

လကွေးကလေးကို လှမ်းမြင်နေရသည်။ လဆန်းလေးရက် လကွေး။ ကဗျာဆရာကြီး တဂိုးကတော့ ငွေလှေတဲ့။ မန္တလေး၏လရောင်က ကျွန်မကို ဖမ်းစားနေခဲ့ပါ၏။ ပြတင်းပေါက်တစ်ပေါက်ကို မဲပေါက်ရခြင်းသည် လရောင်ကို မဲပေါက်ရခြင်းဖြစ်၏။

■

www.burmeseclassic.com

(၄)

"ပဲပြုတ် ငချိတ်ပေါင်း...အဆောင်သူတွေ စားကြဦးမလား"

ညက ညဉ့်ကြီးနက်သည်အထိ အိပ်မပျော်ခဲ့သဖြင့် ကျွန်မအိပ်ရာထ နောက်ကျခဲ့သည်။ အိပ်ရာထနောက်ကျသော်လည်း တော်တော်စောစောကတည်းက ကျွန်မနိုးနေခဲ့ခြင်းဖြစ်သည်။ မနိုးလို့လည်းမရ။ မိန်းကလေးတွေ အုံ့ဖွဲ့နေသော အဆောင်ထဲမှာ တစ်ယောက်လောက်နိုးသွားလျှင်ပင် ကျန်သူတွေ နိုးဖို့သာပြင်ရော့။ အောက်ထပ်ကို ဆင်းကြသူ၊ အပေါ်ထပ်ကို တက်ကြသူများ၏အသံတွေ၊ စကားပြောသံတွေ၊ ခိုးခိုးခစ်ခစ်ရယ်သံတွေ၊ အချင်းချင်း မှာကြ ကြားကြတာတွေက မကြားချင်လို့မရ။ နားထဲမရောက်ချင်လို့မရ။ မြင်းခြံသူတွေအားလုံး ကျွန်မလိုပင် ပျင်းပိုးတွယ်နေကြပုံရသည်။

"ယော့ ယော့...မြင်းခြံသူတွေ ငချိတ်ပေါင်းစားကြမလား...မနက်စောစော အဆာပြေတစ်ခုခု ဝယ်စားထားရတာနော်...ထမင်းက ဆယ့်တစ်နာရီမှ ရတာ... ဆရာမတို့..."

ကျွန်မတို့ထက်အရင် အဆောင်ကိုရောက်နှင့်နေကြသော မိုးကုတ်သူတွေက လမ်းပေါ်က ဟစ်သွားသော ငချိတ်ပေါင်း ဆင်းဝယ်ဖို့ ပြင်နေကြရင်း ကျွန်မတို့ကို အော်ခဲ့ခြင်းဖြစ်သည်။ ကျွန်မတို့လည်း မနေသာတော့ပါ။ ကိုယ့်ဇလုံကလေးတွေကို ကိုယ်စီဆွဲကာ အောက်ထပ်ကို ပြေးဆင်းခဲ့ရတော့၏။ အောက်ထပ်မှာ နေကြသည့် ဒုတိယနှစ် အဆောင်သူတချို့လည်း ထွက်လာကြပါသည်။

နှင်းဆီဖြူ မိန်းကလေးဆောင်က အောက်ထပ်နှင့်အပေါ်ထပ်ကို သီးသန့်စီ ထားပေးသည့်အတွက် အဆင်တော့ပြေသည်။

အပေါ်ထပ်သို့တက်သည့်လှေကားက ဝရန်တာဘက်ရှိသဖြင့် လှေကားက ဆင်းသည်နှင့် အဆောင်အပြင်ဘက်ကို ရောက်သွားတာမျိုးဖြစ်သည်။



မနွလေးဆောင်းမနက်ခင်း...။

နေခြည်နုနုကလေးက နှင်းတွေကိုဖြတ်ကာ ပါးပါးကလေး ကျနေသည်။ အအေးဓာတ်ကတော့ စိမ့်စိမ့်ကလေးရှိပါ၏။ သဘာဝအားဖြင့် အအေးကြိုက်သော ကျွန်မအဖို့တော့ အတော်ပါပဲ။

"ကိုင်းတော်...ငချိတ်ပေါင်းက ကုန်ပြီတူမတို့ရဲ့...အဒေါ်က ခါတိုင်းလို မှတ်လို့ များများမပေါင်းခဲ့ဘူး...အဆောင်လူပြည့်ရင်တော့ အဒေါ် အများကြီးလုပ်ခဲ့မှာပါ...နောက်ရက်ကျမှ ကောင်းကောင်းစားကြ"

ကျွန်မတို့ ဈေးသည်အဒေါ်ကြီးကို ဝိုင်းမိချိန်မှာ ငချိပ်ပေါင်းတောင်းကြီးက အခွံချည်းကျန်တော့သည်။ နောက်ဆုံး ဝယ်ခွင့်ရသွားသော ကျောင်းသူထဲကို ပဲစေ့ကလေးတွေ ခြစ်ခြုတ်ထည့်ပေးရင်း ပြောနေခြင်းဖြစ်၏။ ကျွန်မတို့အားလုံး လမ်းပေါ်မှာ ယောင်တိယောင်န။

သည်မနက် ဘာစားကြရပါ့။ ကျွန်မကတော့ မေမေ့ထမင်းကြော် ကျွတ်ကျွတ်ကို သတိရနေမိသည်။

"ဟိုဘက်နားမှာ အကြော်နဲ့ကောက်ညှင်းပေါင်းသည်ရှိတယ်...ကျောင်းဘက်မှာလည်း ခေါက်ဆွဲသုပ်တို့ လက်ဖက်ရည်တို့ နံပြားတို့ ထပ်တစ်ရာ တို့ ရပါတယ်"

ကျောင်းသူတစ်ယောက်က သတင်းပေးရှာသော်လည်း ကျွန်မတို့ ငါးယောက်သား ဇလုံတွေကိုင်ပြီး အဆောင်ပေါ်ပြန်တက်ခဲ့ကြသည်။ ကျောင်းရောက်မှပဲ တစ်ခုခုစားရတော့မည်။ စားစရာမရှိတော့ဘူးဆိုမှ ဗိုက်ကဆာလိုက်တာ။ နွယ်နွယ်တင်က မြင်းခြံ 'ကမ္ဘာလုံး' မုန့်တိုက်ကဝယ်လာသည့် မုန့်တွေ ချကျွေးသည်။ ဆာဆာနှင့်စားလိုက်ကြတာ အစအနပင်မကျန်တော့။

"ဟေး...ဒါ တို့အတွက် ဘဝဆေးသင်ခန်းစာပဲ။ ပဲပြုတ်နဲ့ငချိတ်ပေါင်းက ငါးမူးဖိုး တစ်ကျပ်ဖိုးနဲ့ ဗိုက်ပြည့်တယ်။ ကျန်တာဝယ်စားရင် ငါးမူး တစ်ကျပ်နဲ့ မပြီးဘူးကွ။ နောက်ဆို အိမ်သာအရင်မဝင်ကြနဲ့ ယော့...ငချိပ်ပေါင်းသည်ကြီး ထွက်စောင့်ကြ"

ထွေးထွေးသိန်းက သူ့ဝသီအတိုင်း အားပါးတရ ပလုတ်ပလောင်း ပြောတော့ အဆောင်သူတွေက ဝိုင်းရယ်ကြသည်။

"နင်တို့ပြောနေတာ အစာဟောင်းနဲ့ အစာသစ်ပြဿနာဖြစ်နေတယ်။ သည်တော့ တစ်နေ့ကို တစ်ယောက်က အားလုံးအတွက် ထွက်ဝယ် ကြေးလုပ်ဟာ၊ ကောက်ညှင်းပေါင်းနဲ့ပဲပြုတ်ဝယ်တာ ငါးယောက်မလို ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ဟုတ်တာပဲ…ဓလုံငါးလုံး လူငါးယောက် မျက်နှာမသစ် ဘာမသစ်နဲ့ လမ်းပေါ်ထွက်ရတာလည်းမဟုတ်သေးဘူး…သည်တော့ အက္ခရာစဉ်လိုက် စဟာ…ခင်ခင်ကစ…"

သည်လိုဆိုတော့လည်း ကျွန်မတို့၏ မနက်ခင်းအဆာပြေကိစ္စ အဆင်ပြေသွားခဲ့သည်။ ခင်ခင် တနင်္လာ၊ စိုးစိုးမော် အင်္ဂါ၊ ထွေးထွေးသိန်း ဗုဒ္ဓဟူး၊ နွယ်နွယ်တင် ကြာသပတေး၊ သိရီမေ သောကြာ။ ပြီးတော့ ခင်ခင်က ပြန်စ။ နောက်တစ်နေ့ကစ၍ ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်သည် ကျွန်မတို့၏ မပြောင်းလဲသော မနက်စာ ဖြစ်လာတော့သည်။ တစ်ခါတလေတော့ နွယ်နွယ်တင်က အဆောင်နှင့်မျက်စောင်းထိုးရှိ မန်ကျည်းပင်ရိပ်ကြီးအောက်မှာ လာလာထိုင်ရောင်းတတ်သော ခိုတောင်မုန့်တီဆိုင်ကို ခေါ်သွားကာ ကျွေးမွေးပြုစုတတ်သည်လည်း ရှိပါ၏။

"ငါတို့ သည်လိုစားတော့ နင်လည်း ကုသိုလ်ရတာပေါ့ နွယ်နွယ်တင်ရဲ့…ကျွေးနိုင်ပါစေ မွေးနိုင်ပါစေ"

ထွေးထွေးသိန်းက ခိုတောင်မုန့်တီသုပ်ပန်းကန်ကို လက်စသပ်ရင်း ဆုတောင်းသည်။

ပထမဆုံး ကျောင်းတက်ရမည့်နေ့က အားလုံး ရင်တွေခုန်နေခဲ့ကြ၏။ မြင်းခြံမှာ အထက်တန်းပညာ သင်ယူချိန်တုန်းကတော့ ကိုယ့်မြို့နှင့်ကိုယ်ဆိုတော့ သနပ်ခါးရေကျဲကလေးနှင့်လည်း အဆင်ပြေသည်။ ပါးကွက်ကလေးကွက်သွားတော့လည်း ဖြစ်သည်။ သည်မနက်မှာတော့ တက္ကသိုလ်ဆိုသည့် အရှိန်အဝါကြီးလှသော ကျောင်းတော်ကြီးကို သွားကြရမည်။ ထွေးထွေးသိန်းက 'ကျူ့ဗ်' လို့ခေါ်ကြသည့် ညှစ်မိတ်ကပ်ဘူးကို ညှစ်ရင်း မျက်နှာကို တင်းနေအောင် လိမ်းတော့သည်။ တစ်ဆောင်လုံး မွှေးလို့။

"အလှကုန်နဲ့ပတ်သက်လို့ ရှုရှားစကားပုံရှိဟာယ်ဟဲ့"

ကျွန်မစကားစလိုက်တော့ အားလုံးက ကျွန်မဘက်ကို လှည့်ကြည့်ကြသည်။ နွယ်နွယ်တင်ကဆိုလျှင် ကျွန်မကို အံ့သြဟန်ပြု၏။

"ရုရှားစကားပုံ…ဟုတ်လား သိရီမေ…ပြောပြဟာ"

"သည်လိုဟဲ့…အလှကုန်ပစ္စည်းဆိုတာအဲ့…ငယ်သူတွေက ကြီးတယ်ထင်ရအောင် လိမ်းကြရတာတဲ့…အသက်ကြီးသူတွေကျတော့ ငယ်တယ်ထင်ရအောင် လိမ်းတာတဲ့…"

"ဒါဖြင့် ထွေးထွေးသိန်းကျတော့ကော…"



"ငယ်တယ်ထင်ရအောင်နေမှာပေါ့ဟ"

ထွေးထွေးသိန်းကလည်း ပြန်ပက်သည်။

"ကိုယ့်အသက်လည်း ကိုယ်ပြန်တွက်ကြဦးနော်၊ ငါက အခုမှ ဆယ့်ခြောက်နှစ်ပြည့်မှာ တစ်ရက်လျှော့နေသေး…"

ထွေးထွေးသိန်းက ပါးစပ်ထဲကို လက်ညှိုးကလေးထည့်ရင်း မူပြလိုက်တော့ ကျွန်မတို့တစ်တွေ ရယ်လိုက်ကြရပုံများ…။

မန္တလေးဒေသကောလိပ်က လမ်း ၈၀ ပေါ်မှာရှိသည်။ ကျွန်မတို့အဆောင်က ၈၂ လမ်းမှာဆိုတော့ မန္တလေးအခေါ်နှင့်ဆိုလျှင် နှစ်ပြလောက် လမ်းလျှောက်သွားကြရသည်။ ကားအသွားအလာများသည့် ၃၅ လမ်း (အေလမ်း) ဘက်ကမသွားဘဲ၊ ၃၄ လမ်းအတိုင်း ကျွန်မတို့ အရှေ့ကိုလျှောက်ခဲ့ကြသည်။ ဆောင်းနေခြည်ကလေး ဖြာကျနေသော မန္တလေးမနက်ခင်းမှာ စက်ဘီးတွေများတာ သတိထားမိသည်။ သည်တော့လည်း ကျွန်မ စက်ဘီးကောင်းကောင်းမစီးတတ်တာကို သတိရလိုက်သေးသည်။ မန္တလေးဆိုသည့် အရှိန်အဝါက ကျွန်မတို့ကို လွှမ်းမိုးထားနိုင်တာကတော့ အမှန်ပင်။ တိုက်တာအဆောက်အအုံတွေကလည်း ခေတ်မီသလောက် ကြီးမားကြသည်။

"ငါပြောမယ်…မန္တလေးက ဘာမှ မှားစရာမရှိဘူး…တောင်မြောက်လမ်းမကြီးတွေကို အရှေ့အနောက်လမ်းတွေက ပိုင်းဖြတ်ထားတာ…ဒါကို သဘောပေါက်ရင် ရတယ်။ အရှေ့ကနေ အနောက်၊ မြောက်ကနေတောင်ကို နံပါတ်တွေ ကြီးလာတယ်ဟာ…ဒါပဲ"

ခင်ခင်က မန္တလေးလမ်းတွေကို လမ်းလျှောက်ရင်း ပြောနေခြင်းဖြစ်သည်။ အားလုံး မန္တလေးကို ရောက်ဖူးကြသော်လည်း ထဲထဲဝင်ဝင်ရှိကြတာတော့မဟုတ်။ ကျွန်မဆိုလျှင် ဆွေမျိုးသားချင်းတွေပါရှိသူဖြစ်သော်လည်း အလည်အပတ်ရောက်ရတိုင်း ဘုရားကြီးနှင့် မန္တလေးတောင်ကိုသာ အရောက်များရသည်။ မြို့တွင်းလမ်းတွေ၊ အိမ်တွေ၊ ဈေးတွေ၊ ဆိုင်ကြီးကန္နားကြီးတွေ၊ တန်ခိုးကြီးဘုရားတွေကို မရောက်ဖူးခဲ့။

"ဒါတော့ နင်ပြောမှလားဟ…ဘယ်မြို့မှာမဆို လမ်းဆိုတာ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက် ဖောက်ကြတာချည်းပဲပေါ့…တို့မြင်းခြံလည်း သည်လိုပါပဲဟာ…"

www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးသိန်းက မိတ်ကပ်ဖွေးဖွေးထဲက မျက်လုံးတွေပြူးပြရင်း ခင်ခင့်ကို ပြန်တွယ်သည်။

"ငါက နင်တို့ လမ်းမှားမှာစိုးလို့ ပြောတာဟဲ့"

"အဲဒါတော့ ငါမစိုးရိမ်ဘူး... ရည်းစားရဲ့စက်ဘီးကယ်ရီယာနောက်က ထိုင်လိုက်ရင် လမ်းဘယ်မှားတော့မလဲ"

"နင့်ခန္ဓာကိုယ်ကို ဘယ်ရည်းစားကမှ တင်မနင်းနိုင်ဘူး... စိတ်ချ..."

"အေးပါဟယ်... ဒါဆိုလည်း ကားဝယ်နိုင်းရမှာပေါ့"

ကျွန်မကတော့ အနွေးထည်ကလေးကို ဆွဲစေ့ရင်း သူတို့ကို အမီလိုက်နေရသည်။ မန္တလေးမနက်ခင်းမှာ စက်ဘီးတွေများလှပါသည်။ သံဃာတော်တွေ ဆွမ်းခံကြွကြတာကလည်း ကျက်သရေရှိလှသည်။ ကျွန်မကတော့ ကျောင်းကို ရောက်ချင်လှပြီ။ မေမေတို့ဆီ စာရေးချင်လှပြီ။ ပြီးတော့ ကျွန်မစိတ်ကူးထားသည့်အတိုင်း ဒိုင်ယာရီနေ့စဉ်ရေးရမည်။

■

(၅)

"လမ်းပျောက်မယ်နော်... လက်တွဲထား... လမ်းကူးရင် ဖိနပ်ချွတ်ကူး"

၃၄ လမ်းမှ ကျောင်းရှိရာ လမ်း ၈၀ ဘက်အချိုး ပလက်ဖောင်းပေါ်ရပ်နေကြသော ကျောင်းသားတွေက ကျွန်မတို့ကို လှမ်းစခြင်းဖြစ်၏။ ကျောင်းဖွင့်စရက်ဆိုတော့ လမ်း ၈၀ ပေါ်မှာ ကူးလူးသွားလာနေကြသော ကောလိပ်ကျောင်းသူကျောင်းသားတွေ အဖွေးသား။ သူတို့လည်း အဝေးကလာကြရသော ကျောင်းသားကျောင်းသူတွေဖြစ်လိမ့်မည်။ ဘာမှအားငယ်စရာမရှိ။ ဆယ်ကျော်သက်အရွယ်နုနယ်ပျိုမျစ်သော ကောလိပ်ကျောင်းသူဘဝကို ထိုနေ့ကစ၍ ကျွန်မ ခံယူခဲ့ရပါသည်။ တက္ကသိုလ်ကို မရောက်ရောက်အောင် ပို့ပေးခဲ့သည့် မိဘနှစ်ပါးကို အောက်မေ့မိတော့လည်း ဝမ်းနည်းရပြန်သည်။

"ဟော့... တို့မြင်းခြံက ကိုတိုးကြီးကို ရှာရအောင်... ကိုတိုးကြီးက ခဏခဏ စာမေးပွဲကျနေတာဆိုတော့ ရှိကိုရှိရမယ်ဟဲ့"

"တို့မြို့ကို ပညာနဲ့ မြှင့်တင်နေသူပေါ့နော်..."

"သည်လောက်လူတွေထဲမှာ နင်က ဘယ့်နှယ်လုပ်ရှာမှာတုံး ထွေးသိန်းရဲ့... ကိုယ့်ဗိုက်ကိုယ် အရင်ဖြည့်စမ်းပါရစေဦး"

"နင်တို့ အဲဒါခက်တာပဲ... ကိုတိုးကြီးကို ရှာရတာ လွယ်ပါတယ်။ လူမရှာနဲ့ ဗိုက်ကိုရှာ"

"သူ့ကိုမညှင်းရဘဲ... တို့ကို ပြန်ညှင်းနေမှ ခက်မယ်"

နွယ်နွယ်တင့်စကားကြောင့် ကျွန်မတို့အားလုံး ရယ်ကြရသည်။

ကိုတိုးကြီးက ကျွန်မတို့ရေ့ နှစ်နှစ်လား သုံးနှစ်လား စောပြီး ဆယ်တန်းအောင်သွားသော်လည်း ကျွန်မတို့ကောလိပ်ရောက်လာချိန်အထိ ဆေးကောလိပ်က မတက်သေးသော နှစ်ဆွေးကြီးဖြစ်ပါ၏။ မြင်းခြံ 'ငွေစမ်းယုန်' ဆပ်ပြာစက်ပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



သားဆိုတော့ တတ်နိုင်လို့သာ တော်တော့သည်။ ကျွန်မတို့မြင်းခြံက ကျောင်းလာတက်သမျှသူတွေအားလုံးက ကိုတိုးကြီးကို မမိသူမရှိ၊ မသိသူမရှိ။ ကိုတိုးကြီးကလည်း ရောက်လာသမျှ တစ်မြို့တည်းသားတွေကို စောင့်ရှောက်တတ်သူဖြစ်၏။ ကျွန်မတို့အစ်ကိုလို ချစ်ခင်ရသူဖြစ်၍ သဘောမနော ကောင်းပါသည်။ ရွှတ်ပေပေနိုင်သလောက် ပျော်ပျော်နောက်နောက်နေတတ်သော ကိုတိုးကြီးကို ကျွန်မတို့အားလုံး ချစ်ခင်ကြသည်။

ကျွန်မက ကိုတိုးကြီးကျေးမည့်မုန့်ဆိုတာထက် လူကိုတွေ့ချင်စိတ်သာရှိသည်။ ဘာပဲဖြစ်ဖြစ် အစ်ကိုတစ်ယောက်လို အားကိုးရမည့်သူတစ်ယောက်တော့ ရှိနေဖို့လိုသည်မဟုတ်လား။ ပြီးတော့ ကိုတိုးကြီးက မြင်းခြံမှာ ကျွန်မတို့အိမ်နှင့်နီးသည်။ ဖေဖေတို့နှင့် ကိုတိုးကြီးမိဘများမှာ ရင်းနှီးသူများလည်းဖြစ်၏။

"ဟော့ ဟော့...ကြွက် ကြွက်..."

ကျွန်မတို့ရှေ့တည့်တည့် မျက်နှာချင်းဆိုင်လျှောက်လာသော ကျောင်းသားတွေက ရုတ်တရက် အလန့်တကြား အော်လိုက်တော့ ကျွန်မတို့ငါးယောက်စလုံး လန့်ဖျပ်ခုန်မိကြသည်။ ဣန္ဒြေပျက်သွားကြသည့် ကျွန်မတို့ကိုကြည့်ပြီး သူတို့က တဟားဟားရယ်လို့။

"ကောင်စုတ်တွေ...လူကို လန့်သွားတာပဲဟယ်"

စိုးစိုးမော်ဆိုလျှင် တကယ်လန့်သွားပြီး ခြေဖျားလက်ဖျားကလေးတွေပင် အေးစက်တုန်ယင်နေရှာသည်။ သူတစ်ပါးလန့်ဖျပ်သွားတာကို ရယ်စရာလို သဘောထားကြသူတွေကို ကျွန်မပြန်ကြည့်သည့်အခါမှာတော့ အားလုံး တိတ်သွားကြရာက အသာအယာ လစ်သွားကြသည်။ နောက်တော့လည်း ကောလိပ်ကျောင်းသားတွေဟာ သည်လိုပဲအောက်မေ့မိရပါသည်။ စာတွေထဲမှာ သည်လိုနောက်ကြ ပြောင်ကြတာကိုပဲ Collegiate life ထဲက အောက်မေ့ဖွယ်ရာဟု ဆိုကြတာလည်း သတိရလိုက်သည်။ ကောလိပ်ကျောင်းသားများ၏ ဉာဉ်ကတော့ ကောလိပ်ရှိနေသရွေ့ ပျောက်နိုင်စရာမရှိ။

ကျွန်မတို့ငါးယောက် ကျောင်းထဲကို အရင်မဝင်ကြသေးဘဲ ကားလမ်းအရှေ့ဘက်ခြမ်းကို ကူးလာခဲ့ကြသည်။ သည်နေရာမှာတော့ စားသောက်ဆိုင်တွေ အတန်းလိုက်ကြီးရှိသည်။ ကျွန်မတို့တစ်တွေက မြို့ကြီးသူတွေမဟုတ်။ တို့ကနန်းဆိတ်ကနန်းမရှိ။ စားမှတော့ ဗိုက်ပြည့်တာ အဆာခံတာပဲ စားချင်ကြသူတွေဖြစ်၏။ ကော်ဖီလေးလောက်နှင့် မဝနိုင်ကြလေတော့ ကျွန်မတို့အဖွဲ့ ရိုစီရှမ်းခေါက်ဆွဲဆိုင်ထဲကိုပဲ တန်းဝင်ခဲ့ကြသည်။ မနက်စောစောဆိုသော်လည်း စားသောက်တန်းမှာ



စားသောက်ကြသူတွေ အပြည့်။ ကိုယ့်အုပ်စုကလေးတွေနှင့်ကိုယ်။ ကျွန်မတို့ငါးယောက်လည်း လွတ်နေသည့်ခုံကို ရှာကာ ထိုင်ကြရသည်။

"ရှမ်းခေါက်ဆွဲ ငါးပွဲ"

ထွေးထွေးသိန်းက ခပ်တည်တည်ဖြင့် လက်ငါးချောင်းထောင်ကာ စားပွဲဆီသို့ လာရပ်သော စားပွဲထိုးကောင်လေးကို လှမ်းမှာလိုက်သည်။ ကောင်လေးမျက်နှာက မချိုမချဉ်။ ကျွန်မတို့ကျောဘက်ဆီက ဝါးခနဲ ရယ်သံတွေ ထွက်လာ၏။

"ဟော့ကောင် ဝိတ်တာ တို့က အရင်မှာတာလေကွာ"

"မင်းတို့က အရင်မှာပေမယ့် မိန်းကလေးတွေ ဦးစားပေးရမယ်ကွ။ လေဒီအစ်စ်ဖတ်စ်လေ"

သူတို့အချင်းချင်း အတိုင်အဖောက်တွေလုပ်နေတော့မှ စားပွဲထိုးကောင်လေးမဟုတ်ကြောင်း ကျွန်မတို့ ရိပ်မိကြတော့သည်။ ကျောင်းသားဆိုလျှင် လွယ်အိတ်လွယ်ထားကြမြဲဆိုတော့ လွယ်အိတ်မပါဘဲ စားပွဲဆီလာရပ်ပြီး လတ်လျားလတ်လျားလုပ်နေသော ထိုကျောင်းသားကို ထွေးထွေးသိန်းက စားပွဲထိုး မှတ်ခြင်းသာ။ ရှက်လိုက်တာနော်။

"မသိလို့ပါနော်...ငါတို့က တကယ်စားပွဲထိုးထင်နေတာ...နှင့်ရုပ်က စားပွဲထိုးရုပ်ကိုးဟ"

ထွေးထွေးသိန်းကတော့ ချက်ချင်းပြန်တွယ်သည်။ သည်တော့လည်း ရယ်ကြပြန်၏။ သည်တော့ ခင်ခင်က ဆက်ဝင်သည်။

"မထူးပါဘူးဟယ်...မုန့်ပွဲတွေ သွားသယ်ပေးစမ်းပါ...ဆရာမတွေ စားမှာလို့ ပြောလိုက်"

သည်တစ်ခါတော့ ကျွန်မပင်မနေနိုင်တော့။ တစ်ယောက်ကိုတစ်ယောက် တွန်းကာ ရယ်ကြရတော့သည်။ ထိုကျောင်းသားက တကယ်လည်း မုန့်ပွဲတွေ သွားယူကာ လာချပေးသည်။ ကျွန်မတို့ဆီသို့ ဝင်ထိုင်ကာ "လိုတာပြောနော် ကြီးတော်တို့..." ဟု ဆိုသည်။ သည်လိုဆိုတော့လည်း ခင်ချင်စရာအကောင်းသား။ ကျွန်မတို့ကလည်း မောင်ရင်းနှမလို ချစ်ခင်သွားခဲ့ရသည်။ စားပြီးတော့လည်း ရေနွေးတွေ ငှဲ့ပေးနေသေးသည်။

"ရေနွေးများများသောက်...ကြီးတော်တို့က ရှမ်းခေါက်ဆွဲမရှိတဲ့အရပ်က လာကြတာထင်တယ်...စားပုံက အချိုးမကျလိုက်တာ..."

ကျွန်မတို့ငါးယောက် တူကိုင်ကြပုံကိုကြည့်ကာ ပြောခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဟ…နှင်းဆီဖြူဆိုတာ ရှစ်ဆယ့်နှစ်လမ်းထဲကမှတ်လား…ငါလည်း ရှစ်ဆယ့်နှစ်လမ်းက ပန်းသတင်းမှာနေတာ…တို့အဆောင်က သုံးဆယ့်သုံးလမ်းဘက် ပိုနီးတယ်…ဂါရဝပြုချင်တဲ့အခါ လာကြပေါ့ဟာ… ယောကျ်ားလေးတွေချည်း ဆိုတော့ နင်တို့လည်း စိတ်ကူးယဉ်လို့ရတာပေါ့"

ကျွန်မတို့တစ်တွေကတော့ မန္တလေးလမ်းတွေ မကျွမ်းကျင်သေးတော့ စိတ်ထဲမှာပဲ မှတ်ထားလိုက်ရသည်။ ကျောင်းပိတ်ရက်တစ်ရက်မှာ မန္တလေးလမ်းတွေ အနံ့လျှောက်ကြဖို့ ကျွန်မတို့ချင်း တိုင်ပင်ထားကြသည်။

"ကိုတိုးကြီးတို့အဆောင်က ယောကျ်ားလေးတွေက စိတ်ကူးယဉ်လောက်လို့လား…ကျွန်မတို့က စိတ်ကူးတွေအားနေကြတာနော်"

"ဟ…နင်တို့ မြင်းခြံတုန်းက ရည်းစားမထားခဲ့ကြဘူးလား…ညံ့ပါ့ဟာ…အေးလေ နင်တို့ရုပ်တွေကလည်း တစ်နေကုန်ထိုင်ကြည့်တာတောင် မက်လောက်စရာမပါတဲ့ဟာကို…"

"မြင်းခြံသူ အသားညိုချောတွေပါနော်…အလုတန်ဖိုးမသိဘဲနဲ့ မပြောပါနဲ့…ရည်းစားများ ကိုယ်ကသာကြိုက်ရင် ပုတီးလိုတောင် သီလို့ရတယ်"

ကိုတိုးကြီးကို ကျီးကန်းတွေလို ဝိုင်းအာကြတော့ ခေါင်းကလေး ပုနေရှာ၏။ ထိုနေ့က ကိုတိုးကြီး တော်တော်ထိသွားရှာပါသည်။ ဆိုင်မှာစားကြသည့် အပြင် အဆောင်မှာ ညဘက်စားဖို့ မုန့်တွေလည်း သယ်ခဲ့ကြသေးသည်။ ကိုတိုးကြီးက ပိုက်ဆံတွေဖောင်းနေသည့်အိတ်ကို စားပွဲပေါ်ချကာ စားပွဲထိုးကောင်လေးကို လှမ်းခေါ်သည်။ သွေးသွေးသိန်းက ပါးစပ်အငြိမ်မနေ။

"မိဘတွေ ငွေကုန်ရကျိုးနပ်လိုက်တဲ့ သားလိမ္မာကလေးပါဟယ်… တို့အစ်ကိုက တက္ကသိုလ်ကိုလည်း သံယောဇဉ်သိပ်ကြီးရှာတာ…ကျောင်းဆွေးဆွေး လူဆွေးဆွေး ကျောင်းနေရင်းသာ ပျံတော်မူမည် ဆိုတာမျိုးဟာ"

"ကောင်မလေးတွေ…စားစရာရှိတာစား ယူစရာရှိတာယူ အပိုတွေမပြောနဲ့…သီရိမေ ကောလိပ်မှာ မထုံတက်သေးလုပ်မနေနဲ့…စာချည်းပိတ်ဖတ်မနေနဲ့ စကားလည်းပြော…ငါက နင့်ကို စိတ်ပူတာ…"



"အေးဟ…တို့က လားရှိုးက…"

နွယ်နွယ်တင်က ဝင်ဖောက်သည်။ နွယ်နွယ်တင်ကလည်း မဆိုးပါလား။ ထိုကျောင်းသားက အကျကောက်ပြန်၏။

"ဒါဆို ငါတို့နဲ့ မဝေးဘူးပေါ့ဟာ…"

"နင်တို့က ဘယ်ကတုံး"

"တွံတေးက"

ကျွန်မတို့အားလုံးရယ်တော့ သူလည်း ရယ်သည်။ ကျွန်မတို့က ထိုကျောင်းသားကို သေသေချာချာကြည့်နေမိသည်။ သူ့မှာ ဟာသရှိသည်။ မလေးမစားချောက်ချခြင်းမျိုးမဟုတ်ဘဲ မောင်နှမချင်း နောက်ပြောင်သည့် မျက်နှာရိပ်က အထင်းသားပေါ်နေသည်။ ကျွန်မတို့ ထလာကြတော့ သူလည်း တစ်ဖက်စားပွဲကို ကူးသွားသည်။ ကျွန်မတို့ဆိုင်ဝကိုရောက်တော့ ကျောင်းသားကြီးတစ်ယောက်က ကျွန်မတို့ငါးယောက်ရှေ့က ပိတ်ရပ်ထားသည်။ ကျွန်မတို့ပင် ထိတ်ခနဲဖြစ်သွားကြရာက မော့ကြည့်လိုက်ကြသည်။ အုန်းသီးကြီးကြီးတစ်လုံးစာလောက် မျက်နှာကြီးမှာ ပါးစပ်က နားနှစ်ဖက်ချိတ်မတတ်နှင့် ပြုံးဖြဲဖြဲကြီးလုပ်လို့။

"ဟိတ်…မြင်းခြံသူတွေ နင်တို့ကို ငါလိုက်ရှာနေတာ ဘာစားပြီးကြပြီလဲ…"

"ဟာ…ကိုတိုးကြီး…ခင်ဗျားကို လိုက်ရှာကြမလို့"

"နင်တို့မျက်စိဆယ်လုံးပေါင်းတာတောင် ငါ့တစ်ယောက်လုံး မမြင်ကြဘူးလားဟ…တကယ့်ဟာတွေ"

ကိုတိုးကြီးဟောက်လည်း ဟောက်ချင်စရာ။ ကျွန်မတို့ကလည်း တကယ့်ကို မမြင်ကြ။ ကိုတိုးကြီးက ကျွန်မတို့ကို ဆိုင်ထဲပြန်ခေါ်လာသည်။ နှမတွေကို ဒရွတ်တိုက် ဆွဲသွင်းလာပုံဖြင့် တွန်းတွန်းတိုက်တိုက် ခေါ်လာခဲ့ခြင်းဖြစ်၏။ တစ်ကိုယ်လုံးလည်း မွှေးကြိုင်လို့။ မျက်နှာကြီးကတော့ အဆီတွေပြန်လို့။

"လန့်မနေကြပါနဲ့ဟာ…နင်တို့ကို ကျွေးချင်လို့ပါ…နင်တို့မိန်းကလေးတွေများ ကိုယ့်ပိုက်ဆံထုတ်ရမှာ အင်မတန်နှမြောတဲ့ဟာတွေ…သူများကများ ကျွေးမယ်ဆိုရင် ဝေသာလီပြည် ဘီလူးကျသလိုပဲ…"

ကျွန်မတို့ကို အော်ကြီးဟစ်ကျယ် စကားပြောသည်။ ခေါင်းတွေကို ပုတ်သည်။ ဇက်တွေကို ဖျစ်သည်။ မြင်းခြံသတင်းတွေ အားရပါးရမေးပြောသည်။ ကျွန်မတို့အဆောင်ကို မေးသည်။ လက်ဖက်ရည်နှင့် မုန့်တွေ မှာသည်။

www.burmeseclassic.com



ကျွန်မက ပြုံးရုံသာပြုံးပြလိုက်သည်။ ကိုတိုးကြီးက မြင်းခြံမှာ အိမ်အဝင်အထွက်ရှိသူဆိုတော့ ကျွန်မအကြောင်း ကောင်းကောင်းသိသူဖြစ်သည်။ ကျွန်မက စကားကို လိုသလောက် ပြောတတ်တာ၊ ကိုတိုးကြီးအိမ်လာတိုင်း စာအုပ်နှင့်မျက်နှာမခွာတမ်းဖတ်နေတာကို ဆိုလိုချင်ပုံရသည်။

"ကျွန်မ စကားတွေပြောတတ်ပါတယ် ကိုတိုးကြီးရယ်…မကြားကြလို့ပါ…အသံမထွက်ဘဲပြောချင်နေတဲ့စကားတွေလေ…"

ဒါက ကျွန်မရင်ထဲက ကျွန်မသာသိသောအရာမဟုတ်လား။ ကျွန်မသည် လူတစ်ယောက်နှင့် စကားပြောနေသော်လည်း အတွေးတွေက လွင့်ချင်ရာလွင့်နေတတ်သည်။ တစ်ခါတလေ နှင်းဆီပန်းပင်ကလေးတွေ မြေဆွရင်း နှင်းဆီဖူးကလေးတွေနှင့် စိတ်ချင်း စကားပြောချင်ပြောနေတတ်သလို တစ်ခါတလေမှာတော့ လက်ဖက်ရည်ပန်းကန်နှုတ်ခမ်းပေါ်က ယင်ကောင်ကလေးတွေနှင့်၊ နံရံမှာ ပိုးကောင်ချောင်းနေသည့် အိမ်မြှောင်ကလေးတွေနှင့် စကားပြောချင်ပြောနေမိသည်။ ပင့်ကူကလေးတွေ၊ နကျယ်ကောင်ကလေးတွေ…ပြီးတော့ ကောင်းကင်ထက်က ကြယ်ပွင့်ကလေးတွေ…

ကျွန်မငယ်ငယ်က အကိုင်းအခက်တွေ များများပါသည့် သစ်ကိုင်းခြောက်ကလေးကို မြေမှာစိုက်ကာ ပုရွက်ဆိတ်ကြီးကြီးတစ်ကောင် တင်ပေးထားတတ်သည်။ ပြီးတော့ တစ်ကောင်တည်း သစ်ကိုင်းခြောက်ပေါ်မှာ ဆင်းလိုက် တက်လိုက် သစ်ကိုင်းခြောက်တစ်ကိုင်းမှတစ်ကိုင်း ယောက်ယက်ခတ်အောင် ဆင်းလမ်းရှာနေသည့် ပုရွက်ဆိတ်နှင့် စကားပြောတမ်း ကစားဖူးသည်။ မေမေကပင် "ကစားစရာ ရှားလို့သမီးရယ်" လို့ ဆိုခဲ့ဖူးသည်။

"ကဲ ကဲ…ငါ့နမတွေ သာ လာ…ကျောင်းထဲ ငါလိုက်ပို့ပါ့မယ်"

ကျွန်မတို့အားလုံး ရောင်ပြန်လက်ဖက်ရည်ဆိုင်ထဲက ထွက်လာခဲ့ကြသည်။ ကျောင်းထဲဝင်လိုက်တော့ ကောလိပ်ဆိုသည့် အရှိန်အဝါကြောင့်ထင်ပါ၏။ ကျွန်မတစ်ကိုယ်လုံး နွေးသွားခဲ့သည်။

■

(၆)

'မန္တလေး ဒေသကောလိပ်'

မန္တလေးဒေသကောလိပ် ဆိုင်းဘုတ်ကြီးက ကျွန်မတို့ကို သွေးနှီးပေးလိုက်သလိုရှိခဲ့သည်။ မန္တလေးဒေသကောလိပ်မှာ လမ်း ၈၀ နှင့် ၈၁ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား တစ်ပြပတ်လည်ကြီးဖြစ်သည်။ ကျွန်မတို့အတွက် ထူးဆန်းနေသည့် အဆောက်အအုံကတော့ အနောက်နိုင်ငံပုံစံ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးဖြစ်၏။

"သည်ဘုရားရှိခိုးကျောင်းကြီးက စိန့်ဂျိုးဇက်တဲ့…ဒါပေမဲ့ ဖားသားလဖုန်းကျောင်းလို့ လွယ်လွယ်ခေါ်ကြတယ်…ဟိုတုန်းက ခရစ်ယာန်ဘုန်းတော်ကြီး ဖာသာလာဖွန် တည်ထောင်ခဲ့တာလို့ ပြောကြတာပဲ"

ကိုတိုးကြီးကပြောတော့ ကျွန်မတို့အချင်းချင်း လက်တို့ကာ ရယ်ကြရသေးသည်။ ဒေသကောလိပ်ဝင်းအဝင်လမ်းမှာ တမာပင်ကလေးတွေ အတန်းလိုက်ရှိနေသည်။ သစ်ပင်တွေမှာ လေးထောင့်ခုံတန်းကလေးတွေ ရိုက်ထားကြသဖြင့် ကျောင်းသားတချို့ သစ်ရိပ်မှာထိုင်နားနေတာ တွေ့ရသည်။ ကျောင်းအဝင် တောင်ဘက်ဘေးမှ အဆောက်အအုံကြီးပေါ်မှာ 'အောင်ပင်လယ်' ခန်းမရှိသည်ဆို၏။

"အောင်ပင်လယ်ဆိုတာ မန္တလေးက အထင်ကရ ကန်တော်ကြီးပေါ့…ရှေးက ဘုရင့်လယ်တွေစိုက်တဲ့နေရာပဲ…တစ်ရက်တော့ အောင်ပင်လယ်နဲ့ ရန်ကင်းတောင်ကို ငါလိုက်ပို့မယ်"

အောင်ပင်လယ်…။ သည်အမည်ကို ကျွန်မ မစိမ်းပါ။ စာတွေထဲမှာ ဖတ်ခဲ့ရသည့် အောင်ပင်လယ်ကို ကိုယ်တွေ့မျက်မြင် ကြည့်ချင်စိတ်ကလေး ဝင်လာခဲ့သည်။ အခုလည်း ကျောင်းမှာ အောင်ပင်လယ်ခန်းမတဲ့။ သည်ခန်းမမှာ ကျောင်းအခမ်းအနားတွေ လုပ်ကြသည်ဟု ဆိုပါသည်။ အောက်ထပ်မှာ စာတုဗေဒ

www.burmeseclassic.com

www.burmeseclassic.com



ဌာန၊ မနီးမဝေး အနောက်ဘက်တွင် စက်ဘီးတွေ အပ်နှံရာရုံကြီးရှိသည်။ မန္တလေးမှာ စက်ဘီးမြို့တော် ဆိုရလောက်အောင် စက်ဘီးတွေ များလွန်းလှသည်။ ကျွန်မတို့က အဆောင်နီးသောကြောင့် စက်ဘီး သုံးစရာမလိုသော်လည်း အဝေးက လာတက်ကြသော ကျောင်းသူကျောင်းသားများ၏ စက်ဘီးတွေကတော့ သည်မှာပဲ အပ်နှံကြရသည်။ စက်ဘီးရုံထဲမှာ စက်ဘီးတွေက အပြည့်။

"နင်တို့ နောက်တော့ စက်ဘီးလိုမှာဟ... စက်ဘီးရှိတော့ ခရီးတွင်တာပေါ့... မြင်းခြံမှာ စက်ဘီးရှိရင် တင်လာခဲ့ကြ... တကယ်ပြောတာနော်... မရှိလည်း ဝယ်ကြ"

ဒေသကောလိပ်ဝင်းကြီးက ကျယ်ဝန်းလှသည်။ အပြင်က လှမ်းကြည့်တော့ ကျယ်ဝန်းသည်မထင်ရ။ အဆောက်အအုံများအလယ်ရှိ မြက်ခင်းပြင်ကျယ်ကြီးက တစ်မျိုးကျက်သရေရှိသည်။ မြို့ကြီးသူ ကျောင်းသူတွေကတော့ ကျွန်မတို့နယ်ကျောင်းသူများထက် ဝတ်ပုံစားပုံ သွားပုံလာပုံ ကျော့ရှင်းကြသည်။ ယဉ်ယဉ်နွဲ့နွဲ့ရှိကြသည်။ အပြောအဆိုကလည်း ညက်ညက်ပြေပြေ။ လွယ်အိတ်ကလေးလွယ်ကာ ဟန်လှလှလျှောက်နေကြသော ကျောင်းသူကလေးတွေကို ကျွန်မတို့ပင် ငေးချင်ချင်။ ဆံပင်ပုံတွေကလည်း ကျွန်မတို့ကောလိပ်တက်သည့်နှစ်တွေက ခေတ်စားလာသော နှစ်ဆင့်ကောက် သုံးဆင့်ကောက်။ တချို့က အဖြောင့်။ သရီးစတက် တူးစတက်တဲ့။

"ငါတော့ ဖိုက်စတက် သွားညှပ်ပစ်လိုက်မယ်... ကိုတိုးကြီး ဆံပင်က ဘယ်မှာညှပ်ရတာလဲ"

"သုံးဆယ့်ငါးလမ်းအတိုင်း အရှေ့ကိုတက်သွား... ပင်မတက္ကသိုလ်ဘက်မရောက်ခင် ၇၈ လမ်းမှာ မြင့်ဓွေး ဆံပင်အလှပြင်ဆိုင်ရှိသဟ... နင်တို့လိုဟာတွေ ရုန်းရင်းဆန်ခတ်ဖြစ်နေတာ တွေ့လိမ့်မယ်"

နွယ်နွယ်တင်က ဆံပင်ညှပ်ဆိုင်မေးမှ အားလုံးက သတိရကြတော့သည်။ ကျွန်မတို့မှာ ဆံပင်ညှပ်ရမယ့်အလုပ် ရှိရဦးမည်။ ညနေဘက်မှာ မြင့်ဓွေး ဆံပင်ညှပ်ဆိုင် သွားကြဖို့ တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြ၏။

ကျွန်မတို့တက်ရမည့် စာသင်ခန်းက ခရစ်ယာန်ဘုရားကျောင်းအဆောက်အအုံနှင့်ကပ်လျက် သုံးထပ်ကျောင်းဆောင်မှာဖြစ်သည်။ စိန်ပန်းပင်တွေ အတန်းလိုက် စိုက်ထားတာကို ကျွန်မ သဘောကျမိပါ၏။ မြောက်ဘက်က တစ်ထပ်တိုက်အဆောက်အအုံကလည်း စာသင်ဆောင်ပဲဖြစ်သည်။ အနောက်ဘက်ခြမ်းက နှစ်ထပ်



သစ်သားဆောင်ကတော့ လက်တွေ့ (Practical) ကျောင်းဆောင်လို့ ဆိုပါသည်။ သစ်သားကျောင်းဆောင်ရှေ့က မန်ကျည်းပင်ကြီးတွေကတော့ ရင့်အိုကြပြီ။ မန်ကျည်းရိပ်ခုံတန်းကလေးတွေမှာ ထိုင်နေကြသူတွေကတော့ အပူအပင်ရှိကြပုံမပေါ်။ အေးအေးဆေးဆေး တက္ကသိုလ်ဘဝ၏ ဆွတ်ပျံ့စရာကောင်းလှသော နိမိတ်ပုံတွေများလား။ စာသင်ဆောင်များ၊ အေးမြသော သစ်ရိပ်များ၊ ကောလိပ်ကျောင်းသူအဖြစ် သည်နေရာကို ရောက်လာရခြင်းကိုပင် ကျွန်မကိုယ်ကျွန်မ မယုံနိုင်။

"နင်တို့ အဓိကသိရမယ့်အဆောက်အအုံက ဟိုကဟာတွေပဲ..."

"ဘာတွေလဲ... ဘယ်ဟာကိုပြောတာတုံး ကိုတိုးကြီးရဲ့"

"ဟိုမှာလေ... နင်တို့ ကင်တင်းမှတ်ပြီး ဝင်မှာစိုးလို့"

ကျောင်းအိမ်သာတွေကို ပြောနေခြင်းပါ။ အရှေ့ဘက် သုံးထပ်ဆောင်စကြံလမ်းက ဖြတ်ထွက်လိုက်တော့ နန်းကေသီဆောင်။ လေးထပ်ဆောင်ကြီးဖြစ်၏။ နန်းကေသီကထွက်တော့ လမ်း (၈၀) ပေါ်ကို ပြန်ရောက်သည်။ ကျွန်မတို့အားလုံး သုံးဆယ့်လေးလမ်းဘက်ကို ထွက်ကာ လမ်း ၈၀ ကို ဖြတ်ကူးကြရပြန်၏။ ကဋ္ဌနဆောင်။ ကဋ္ဌနဆောင်ကိုဝင်တော့ စက်ဘီးတွေထဲက ရုန်းထွက်ကြရသည်။ ကျွန်မတို့ပင် လူစုကွဲသွားကြရသည်အထိ ကျောင်းသူကျောင်းသားတွေများလှသည်။ ကျွန်မတို့ချင်း ပြန်ဆုံမိတော့ ရယ်ကြရသည်။ ခင်ခင်က စက်ဘီးကြို စက်ဘီးကြား လောင်းကလေးနဲ့သွားပေါ့ဟယ်လို့ ညည်းသည်။

"သည်ကဋ္ဌနဆောင်က ဒုတိယနှစ်ကျောင်းသူကျောင်းသားတွေ တက်တဲ့အဆောင်... အောက်ထပ်မှာ ရုံးခန်းတွေရှိတယ်။ ကျောင်းအုပ်ကြီးရုံးခန်း။ မော်ကွန်းထိန်းလည်း သည်မှာပဲထိုင်တာ... ငွေသွင်းတာကျတော့ ဟိုရှေ့က အစွန်ဘက်မှာ..."

ငွေသွင်းကြရမည့် ကျွန်မတို့အားလုံး ငွေစာရင်းဌာနရှေ့က ကျောင်းသူကျောင်းသားအုပ်ကြီးကို မြင်လိုက်ရတော့ မတ်တတ်က လဲချင်ကြပြီ။ ကျောင်းဖွင့်စဆိုတော့ ကျွန်မတို့လိုပဲနေမှာပေါ့။ ငွေစာရင်းဌာနကို လက်ညှိုးထိုးပြပြီး ကိုတိုးကြီးပြန်သွားတော့သည်။ ကျွန်မတို့လည်း ချွေးဒီးဒီးကျနေအောင် တိုးကြရင်း ငွေသွင်းဖြစ်အောင် သွင်းကြရသည်။ ကိစ္စတွေပြီးတော့ မွန်းတိမ်းပြီ။ ငွေစာရင်းဌာနလည်း မနက်ပိုင်း ငွေလက်ခံချိန်ပိတ်ပြီး ထမင်းစားနားကြပြီ။

"ကောလိပ်အတွေ့အကြုံပေါ့ဟယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ဈေးဝင်ပြီးကြတော့ အဆောင်မှာ ထမင်းကမန်းကတန်းစားပြီး မြင့်ဈေး ဆံပင်ညှပ်ဆိုင်ကို ပြေးကြသည်။ မြင့်ဈေးမှာ တက္ကသိုလ်ကောလိပ်က ကျောင်းသား ကျောင်းသူတွေ အပြည့်။

"ဟယ်...ဆံပင်ညှပ်ဖို့အရေးကလည်း သမဝါယမ ပစ္စည်းထုတ်ဖို့ တန်းစီရသလိုပါပဲလား"

တကယ်လည်း ထိုနေ့က အဆောင်တံခါးမပိတ်ခင် အချိန်မီအောင် ပြန်ပြေးခဲ့ရသည်။ နှင်းဆီဖြူအဆောင်၏စည်းကမ်းမှာ ညနေ ခြောက်နာရီမှ မနက် ခြောက်နာရီအတွင်း အဆောင်တံခါး သော့ပိတ်ထားခြင်းဖြစ်သည်။ အဆောင်အတွင်းကို ပြင်ပမှလူတစ်ဦးတစ်ယောက်မှ ဝင်ခွင့်မရှိသလို အဆောင်သူများကိုလည်း ညနေ ခြောက်နာရီအတွင်း အဆောင်ပြန်မရောက်သည့်သူကိုလည်း လက်မခံဟု စည်းကမ်း ထုတ်ထားပါသည်။

အဆောင်ပြန်ရောက်တော့မှ ကျွန်မတို့ ကိုယ့်ဆံပင်ပုံကို ပြန်ကြည့်ရတော့သည်။ ကျွန်မနှင့်စိုးစိုးမော်ကတော့ နဂိုက ခေတ်မဆန်ရဲကြတာပါသလို ရိုးရိုးယဉ်ယဉ်သာ ညှပ်ခဲ့ကြသည်။ ကျွန်မက ဆံပင်ကို အလယ်မကျ ဘေးမကျခွဲ၍ ကကြီးပုံကလေးညှပ်ကာ ကျောလယ် ဝဲဝဲကလေးသာ တိခဲ့သည်။ မိန်မသားပီပီ အမြင်တင့်တယ်ချင်စိတ်ကလေးရှိတာ သဘာဝပင်။ အပျိုဖော်ဝင်စ မိန်းကလေးတွေကို အရိုင်းစိတ် အယဉ်စိတ် ရောထွေးနေသည်ဟု ကျွန်မထင်သည်။ တစ်ခါတစ်ရံ ပတ်ဝန်းကျင်ကို စိန်ခေါ်ချင်သည့်စိတ်ကလေးတွေလည်း ရှိနိုင်သည်။ ကျင့်ဝတ်ဟောင်းတွေကို အာခံချင်တာလည်း ရှိနိုင်ပါ၏။

နွယ်နွယ်တင်နှင့် ခင်ခင်ကတော့ သရီးစတက်ပုံ ကောက်ကြသည်ဆိုသော်လည်း မဆိုးလှ။ ထွေးထွေးသိန်းဆံပင်က နဂိုပွဆိုတော့ ကောက်လိုက်တော့ ပျားအုံကြီးလို ဖြစ်သွားတော့သည်။ ဒါကိုပဲ ကျွန်မတို့မှာ အူတက်မတတ် ရယ်ကြရပါ၏။

"နင်တို့ဝိုင်းရယ်သလောက်လည်း မဆိုးသေးပါဘူးဟယ်...ထွေးသိန်းဆံပင်ပုံက ကျောင်းထဲမှာ ပေါ်ပြူလာတောင် ဖြစ်ဦးမှာ...ကျောင်းထဲ ပျားအုံကြီးတစ်အုံ လမ်းလျှောက်လာတာလောက် ထူးဆန်းတာ ရှိဦးမလား"

နွယ်နွယ်တင်ပြောလိုက်သည့်စကားကြောင့် ထွေးထွေးသိန်းကို ထိုနေ့ကစ၍ ကျွန်မတို့က ပျားအုံလို့ နာမည်ပြောင် ပေးလိုက်ကြပါသည်။ ထွေးထွေးသိန်း



မှမဟုတ်ပါ။ ကျွန်မတို့တစ်တွေမှာလည်း နာမည်ပြောင်ကလေးတွေကိုယ်စီ ပေါ်ပေါက်လာတော့၏။ အသားညိုညို မျက်လုံးပြူးပြူး ကုလားဆင်ရုပ်ကလေးနှင့် နွယ်နွယ်တင်ကို ကုလားကားထဲက ဇာတ်လိုက်မင်းသမီး 'ဇီးနတ်အာမန်'၊ လိပ်ရွှေရွှေ အချဉ်ပေါင်းကို ပါးစပ်နှင့် မပြတ်တမ်းစားနေတတ်သော ခင်ခင်ကို 'လိပ်ရွှေရွှေ'၊ မြန်မာပြည်သိန်းတန်၏သီချင်းကို အသံမရှာဘဲ 'အုံ့မှိုင်းရီ...အုံ့မှိုင်းရီ' နှင့် ဆိုတတ်သော စိုးစိုးမော်ကို 'အုံ့မှိုင်းရီ'၊ ကျွန်မကိုတော့ အိပ်ရာထဲ တခွေခွေ တမှုန်းမှုန်းနှင့် စာချည်းဖတ်နေတတ်သောကြောင့် 'မယ်ခွေ' လို့ ခေါ်ကြသည်။

ဒေသကောလိပ်ရောက်လို့ တစ်လပင်မပြည့်သေးသော်လည်း ကျွန်မတို့မှာ နာမည်ပြောင်တွေ ရခဲ့ကြပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၇)

ဆောင်းလေက ပြတင်းပေါက်က တရှူရှူဝင်နေခဲ့သည်။ အဆောင်အပြင်ဘက်က စိန်ပန်းပင်တွေကို ကျွန်မ လှမ်းမြင်နေရသည်။ ရွက်အုပ်ဖားဖားစိမ်းစိမ်းကြီးတွေသာရှိ၍ အပွင့်နီနီတွေတော့ မရှိသေးပါ။ စိန်ပန်းရွက် စိမ်းစိမ်းတွေကြားက ပတ္တမြားသီးတွေ သီးနေသလို အဆုတ်လိုက်ရှိနေတတ်သော စိန်ပန်းပွင့်တွေကို ကျွန်မချစ်သည်။ အဆောင်ဆောင်းက ပုန်းညက်ပင်ကြီးကလည်း ကျွန်မ၏ပြတင်းပေါက်ကိုကျော်ကာ နေရောင်ခြည်လုရင်း ကောင်းကင်ကို ထိုးတက်နေပါ၏။ ပုန်းညက်စိမ်းကလည်း ကျက်သရေရှိသည့် အစိမ်းဖြစ်သည်။

ကျွန်မ ရေးလက်စ စာကို ဆက်ရေးသည်။

"သမီး နေကောင်းပါတယ် ဖေဖေနဲ့မေမေ...မန္တလေးကတော့ သမီးတို့ မြင်းခြံလောက် မအေးသလိုပဲ...သမီးတို့ မနက်စောစောထကြရတယ်...မနက်စာစားစာ ပဲပြုတ်နဲ့ ရှိုက်ပေါင်းပဲ မေမေရေ...မေမေ့လက်ရာ ထမင်းကြော်ကို လွမ်းလိုက်တာမေမေ...သမီးတို့ရောက်တာ တစ်လလောက်ရှိနေပေမယ့် အခုထိတော့ အဆောင်နဲ့ကျောင်းပဲ ကူးနေရသေးတယ်...ပတ်ဝန်းကျင်ကိုတောင် ကောင်းကောင်း မရောက်ရသေးဘူး...အန်တီပြုံးကတော့ ညနေကျောင်းဆင်းချိန်မှာ နှစ်ခေါက်လောက် လာပါတယ်...သမီးကို ဘာလိုသလဲ မေးပါတယ်...သမီးက အခုထိတော့ မလိုသေးတဲ့အကြောင်း ပြောလိုက်ပါတယ်...အန်တီပြုံးတို့အိမ်လည်း မရောက်ရသေးဘူး...ကျောင်းပိတ်ရက်တစ်ရက်တော့ သူငယ်ချင်းတွေခေါ်ပြီး သမီးသွားလိုက်ပါမယ်...

ကိုတိုးမောင်မောင်လည်း သမီးတို့ကို ကျောင်းဖွင့်တဲ့နေ့က တစ်ခေါက်...နောက်ပိုင်း အဆောင်ကိုလာတွေ့တာ တစ်ခေါက်၊ နှစ်ခါ



ရှိပြီ...လာတိုင်း သမီးတို့ကို မုန့်တွေလိုက်ကျွေးတာပဲ...သမီးတို့ကို တစ်ရက် ကားငှားပြီး မန္တလေးတောင်ကို လိုက်ပို့မယ်လို့လည်း ပြောတယ်...သမီးတို့အဆောင်နဲ့ သူနေတဲ့အဆောင်နဲ့ မဝေးဘူးလို့တော့ပြောတယ်...

သမီးသူငယ်ချင်းတွေလည်း ချစ်ချစ်ခင်ခင်ရှိကြပါတယ်။ နွယ်နွယ်တင်ကလည်း စိတ်ရင်းကောင်းတယ်...သမီးတို့လိုတာမှန်သမျှ သူအကုန်ထုတ်ပေး ရှာပါတယ်...

ဖေဖေတို့ မေမေတို့ရော အဆင်ပြေကြရဲ့လား၊ မောင်လေးနဲ့ညီမလေးကိုလည်း သတိရတယ်...သမီးကျောင်းလခ၊ စာအုပ်ဖိုးအားလုံးသွင်းပြီးပြီ၊ တခြား ဘာမှ ဟုတ်တိပတ်တိ မကုန်ရသေးပါဘူး...အဆောင်ထမင်းကလည်း ဆာတဲ့အချိန် နှိုက်မစားနိုင်တာကလွဲလို့ ချက်တာပြုတ်တာ ကောင်းပါတယ်...သမီးဖြင့် ကုန်တောင်မကုန်ဘူး"

ရေးလက်စ စာတိုကို ကျွန်မရပ်ထားလိုက်သည်။ ကျောင်းတက်ရတာ တစ်လပဲရှိသေးတော့ ကျောင်းအတွေ့အကြုံလည်း များများမရှိသေးချိန်ဆိုတော့ ကျောင်းကအပြန် အဆောင်မှာပဲ ရေမိုးချိုး၊ ထမင်းချိုင့်ကလေးယူ၊ ထမင်းစား၊ ကျောင်းစာကြည့်သူကကြည့်၊ စာဖတ်သူကဖတ်ဆိုတော့ အဆောင် အတွေ့အကြုံကလည်း ထူးခြားသည်မဆိုသာပါ။ ကျွန်မတို့အဆောင်မှာ မိုးကုတ်က ကျောင်းသူတွေလည်းရှိသည်။ မုံရွာ၊ ကလေး၊ မြစ်ကြီးနားလိုမြို့တွေက ကျောင်းသူတွေလည်း ရှိသည်။ ကျောင်းအားချိန်တွေမှာ တချို့က မြို့ထဲ လည်ကြ၊ တချို့ကတော့ ရုပ်ရှင်သွားကြည့်ကြ၊ တချို့ကတော့ ရည်းစားနှင့်လျှောက်လည်ကြသတဲ့။

ကျွန်မတို့ နှင်းဆီဖြူအဆောင်မှာ အပေါ်ထပ် အောက်ထပ် ကျောင်းသူတွေက အပြည့်ဆိုတော့ ဧည့်သည်လာလျှင် ပုန်းညက်ပင်ကြီးအောက်မှာ ခင်းထားသော စားပွဲတစ်လုံးနှင့် ခုံတန်းရှည်ကြီးနှစ်လုံးမှာ ဆင်းတွေ့ကြရသည်။ ပုန်းညက်ပင်ကြီးသည်ပင် ဧည့်ဆောင်လိုဖြစ်နေပြီ။

"ဟော့...သီရိမေ...မိုးကုတ်က နီလာသန်းသိလား...ဟို အေးတိအေးစက်နဲ့ တစ်ယောက်ဟာလေ...အံမယ် ရည်းစားနဲ့တွေ့တော့ ကိုကိုချင်းထပ်နေတာပဲ...ပါလာမှာ ငါကြားခဲ့တာ..."

တွေးတွေးသိန်းက အဆောင်အပြင် လမ်းဟိုဘက်က စတိုးဆိုင်ကလေးမှာ နေကြာစေ့နှင့် အချဉ်ပေါင်းတွေဝယ်အပြန် သတင်းပါလာခြင်းဖြစ်၏။ မိုးကုတ်

www.burmeseclassic.com

www.burmeseclassic.com



က နီလာသန်းမှာ ကျွန်မတို့ထက်တော့ ကြီးပုံရပါ၏။ အေးအေးဆေးဆေးနေတတ်သည်။ ပိန်ပိန်သွယ်သွယ် ဝတ်ပုံစားပုံ ခပ်ရိုးရိုးမို့ အပျံစား ဖလားနေတတ်ကြသော မိုးကုတ်သူတွေကြားမှာ တစ်ဘာသာ။ သူ့ကို ကျွန်မတို့က ‘တောသူမယ်’ လို့ နာမည်ပေးထားသည်။ ကျွန်မတို့မြင်းခြံဆိပ်ကမ်းမှာ ဆိုက်ကပ်လာတတ်သော ပြည်ကုတို့သင်္ဘောအမည်ဖြစ်ပါ၏။ တောသူမယ် နီလာသန်းက ‘ကိုကို’ လို့ ခေါ်တာ ကြားရတာကလည်း သတင်းမဟုတ်လား။

“ဘာလဲ…နင် မနာလိုဖြစ်လာခဲ့ပြီပေါ့ ဟုတ်လား”

“မနာလိုတာမဟုတ်ပါဘူးဟာ…အားကျလာခဲ့တာပါ… ကိုကိုလို့သာ ခေါ်တာ သူ့ရည်းစားကောင်က သက်ကြီးပုထင်ပါ့ဟာ…အရပ်ပုပု ကလေးရယ်… ဟိုက ထွက်သွားတော့ တောသူမယ်က အပေါက်ထိ လိုက်ပို့တာဟ…ကိုကို သွားတော့နော်တဲ့…ဟီဟိ…ကိုကို…”

ထွေးထွေးသိန်းက သတင်းကို ထပ်ဖြည့်သည်။ ခင်ခင်ကလည်း ကြားပုံရပါ၏။

“နင်…မှန့်ရောပါခဲ့ရဲ့လား ထွေးသိန်း…သူများကိစ္စများ စပ်စပ်စုစု…နင် ငရဲကြီးတတ်တယ်နော်…”

“နင် နားမထောင်ရင်နေလေ…ငါက သီရိမေကို ပြောနေတာ”

ကျွန်မမှာ ရေးလက်စစာကို ရပ်ကာ ရယ်နေလိုက်သည်။ သူတို့နှစ်ယောက်နှင့်ဆုံမိလျှင် အရာရာနှင့်အကြောင်းကြောင်း။

တောသူမယ်ဆိုလို့ ကျွန်မတို့အဆောင်မှာ နာမည်ပြောင်တွေရှိသည်။ မတ္တရာဘက်က အဆောင်လာနေသော မကျင်ဒွေးကို မျက်နှာပိန့်ပိန့်နှင့် တုတ်တုတ်ပုပုကလေးဆိုတော့ ဘောက်ဖတ်၊ မြစ်ကြီးနားက မြင့်မြင့်အေးကတော့ ဖြူစုတ်စုတ်သေးသေးကလေးမို့ ပိုးဟပ်ဖြူ၊ အရပ်ရှည်ရှည် ကလန်ကလားကြီးနှင့် မုံရွာသူ စိန်တင်မကျတော့ လန်ဘားတဲ့။

ကျွန်မတို့အဖွဲ့တွေက အဆောင်ပိုင်ရှင်ကိုပင် ချမ်းသာမပေးပါ။ မိန်းကလေးတွေကို အုပ်ချုပ်နေရသူ၊ တာဝန်ခံနေရသူဆိုတော့ လိုအပ်စွာ မျက်နှာကြီးတင်ထားတတ်သူဖြစ်သည်။ မောက်မာတာမျိုးမဟုတ်ဘဲ စည်းကမ်းနှင့်နေသူများတွင် တွေ့ရတတ်သည့် မရယ်မပြုံးမျက်နှာမျိုး။ စက္ကူတစ်ချပ် ကပ်ထားသလို ခံစားမှုမပါသည့်မျက်နှာကို အစွဲပြု၍ ‘ဂျပ်စက္ကူ’ လို့ ကျွန်မတို့ နာမည်ပြောင်ပေးထားကြသည်။

“မနေ့က ဂျပ်စက္ကူနဲ့ ဘောက်ဖတ် စကားများကြသတဲ့…ဘာဖြစ်တာလဲတော့ မသိဘူး”



ဒါဆိုလျှင် ဘယ်သူနှင့်ဘယ်သူ ရန်ဖြစ်ကြတယ်ဆိုတာ ကျွန်မတို့သိကြသည်။ ပြောသာပြောရတာ တခြားအဖွဲ့တွေကလည်း ကျွန်မတို့ကို နာမည်ပြောင်တွေ ပေးထားနိုင်သည်မဟုတ်လား။

ကျွန်မကို ဘယ်လိုနာမည်ပေးထားသလဲ ကျွန်မသိချင်သည်။ နာမည်ပြောင်တွေမှာ စရိုက်သဘာဝတွေ အနီးစပ်ဆုံးပါတတ်သည်။ ကိုယ်မမြင်ရသော ကိုယ့်သဘာဝကို အားလူက မြင်သည့်အတိုင်း ပေးတတ်ကြသည့် နာမည်တွေဖြစ်သည်။ တကယ်တော့ တစ်ဖက်သား နစ်နာအောင် ကွယ်ရာမှာ မလိုတမာ ခေါ်ကြတာမျိုးမဟုတ်ဘဲ လူ့စရိုက် လူ့သဘာဝနှင့် လိုက်ရာဖက်ရာ ချစ်စရာကောင်းသော စရိုက်ဖော်နာမည် ပေးကြခြင်းမျိုးသာဖြစ်ပါ၏။

“သီရိမေ”

“ပြော”

“နင် ရည်းစားရှိတယ်ဆိုပါတော့ ဘယ်လိုခေါ်မှာလဲ”

ပြဿနာက မပြီးသေးပါ။ ကျွန်မဘက်လှည့်လာပြန်ပြီ။ ကျွန်မမှာ ရည်းစားရှိတယ်ဆိုပါတော့တဲ့။ ထွေးထွေးသိန်း၏မေးခွန်းကို မဖြေခင် ကျွန်မကိုယ် ကျွန်မ အရင်မေးကြည့်ရသည်။ ဆယ်တန်းကျောင်းသူဘဝတုန်းက အတန်းဖော်ယောကျ်ားကလေးတွေထဲက မျိုးမင်းကို ဖျတ်ခနဲ သတိရလိုက်သည်။ မျိုးမင်းကတော့ တခြားယောကျ်ားကလေးသူငယ်ချင်းများနှင့်မတူဘဲ အနေစိမ်းတာကို ကျွန်မ သတိထားမိသည်။ သူ့အကြည့်တွေကို ကျွန်မ နားလည်သည်။ ကျွန်မကို ခိုးကြည့်တတ်တာကိုလည်း ကျွန်မ ခဏခဏမိဖူးသည်။ သူ ခိုးကြည့်တာ မိသည်ဆိုတော့ ကျွန်မကိုယ်တိုင်က သူ့ကို ခိုးကြည့်လို့ပေါ့။

သို့သော် ကျွန်မနှင့် မျိုးမင်းက သည်အဆင့်မှာပဲ ပြီးခဲ့ရသည်။ တစ်မြို့တည်းသားတွေဆိုသော်လည်း ကျောင်းစာသင်ခန်းထဲကလွဲလျှင် အခြား ဘယ်မှာမှ မတွေ့ဖူးခဲ့။ “မျိုးမင်းက နင့်ကို စိတ်ဝင်စားနေတာ သီရိမေရဲ့” ဆိုသည့် ကြားခံ မိန်းကလေးသူငယ်ချင်းတစ်ယောက်က သတင်းပေးခဲ့ဖူးတာကလွဲလို့ တခြား ဘာမှ မရှိခဲ့။ ထားပါတော့။ မျိုးမင်းကိုယ်တိုင်က ကျွန်မကို မေတ္တာရှိကြောင်း ပြောလာပြီဆိုပါတော့ ကျွန်မ ဘယ်လိုဖြေရမှာလဲ။ အမေက ငယ်သေးတယ်တဲ့ရှင်…လို့ ဖြေရမှာလား။ ဒါမှမဟုတ် သူ့မေတ္တာကို ကျွန်မလက်ခံလိုက်တယ်ပဲ ထားပါဦး ချစ်သူတွေဖြစ်ကြပြီပဲထားပါဦး ကျွန်မ ဘယ်လိုခေါ်မှာလဲ။ ကျွန်မ ရယ်ချင်သွားပါသည်။

“သီရိမေ…ရယ်မနေနဲ့ ငါမေးတာ ဖြေလေဟယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ…နင်တို့ဟာ ရည်းစားမှမရှိတဲ့ဟာကို…မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး နှုတ်ခမ်းနာနဲ့ တည့်ပါ့မလား ဆိုတာလို ဖြစ်နေပြီ"

"ဥပမာ…ရှိတယ်ဆိုပါတော့…နင် ဘယ်လိုခေါ်မှာလဲ"

"ကိုင်း…ကိုကိုပေါ့ဟာ"

"ကောင်လေးက နင့်ထက်ငယ်ရင်ကော"

"အင်း…ငယ်ရင်တော့…ငါက ကိုယ့်ထက်ငယ်တဲ့လူတော့ ရည်းစား မထားချင်ဘူး…ထားချင်ထားရင် ကြီးတဲ့လူဖြစ်မှာ သေချာတယ်"

"အံမယ်လေး…အရေးထဲ ဘဝဒဿနတွေ လုပ်မနေစမ်းပါနဲ့ဟာ… ငယ်တဲ့ရည်းစားဖြစ်နေရင် ဘယ်လိုခေါ်မှာလဲသာ ပြောစမ်းပါဟာ"

"မောင်…လို့ခေါ်မှာပေါ့ဟဲ့…မောင်ဆိုတာ တို့လူမျိုးရဲ့စရိုက်နဲ့လည်း လိုက်တယ်လေ…မောင် ဆိုတာ မောင်ငယ်ဆိုတဲ့အခေါ်ကလာတာ…"

"ကြားကြလားဟေ့…သီရိမေဟ မောင်ခေါ်မှာတဲ့"

ကျွန်မတို့စိတ်နှလုံးတွေ သန့်ရှင်းကြပါသေးသည်။ ကျွန်မသိသလောက်တော့ ကျွန်မသူငယ်ချင်းတွေကြား ဘယ်သူမှ ရည်းစားသံမကြားရသေးပါ။ ကျွန်မ မသိတာလည်း ဖြစ်နိုင်ပါ၏။ ဒါမျိုးဆိုတာ လျှို့ဝှက်ပါဘိခြင်း။ ရည်းစားရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျွန်မတို့နှလုံးအိမ်ထဲကို ဘယ်လိုယောကျ်ားလေး တစ်ယောက် ဝင်လာနိုင်သလဲဆိုတာကတော့ စိတ်ဝင်စားစရာ။ ကျွန်မတို့တစ်တွေ ဘယ်ဆီနေမှန်း မသိနိုင်သော ရည်းစားဆိုသူများနှင့် ဘယ်လိုတွေ့ကြလို့ ဘယ်လို စကားတွေပြောကြ ရမှာလဲ တွေးမိပြီး ပြုံးစိစိဖြစ်ရပါ၏။

ဥပမာ ကျွန်မပဲဆိုကြပါစို့…ကျွန်မကကော ဘယ်သူ့ကို ဘယ်လိုစိတ်ဝင်စားမှုမျိုး ဖြစ်လာမလဲ။ ချစ်သူတစ်ယောက်အဖြစ် ရွေးချယ်ရမည့်စံတွေဆိုတာကော ရှိသလား။ စံနဲ့ကိုက်မှ ရွေးချယ်ရမှာလား။ ရင်ခုန်တယ်တို့ ဘာတို့ဆိုတာ ဘာကို ပြောတာပါလိမ့်။

မိန်းကလေးဆိုတာ အရွယ်ကလေးတိုင်လာလျှင် ဆရာမ ကြည်အေး ရေးသလို 'သဘောနားလည ၁ူကြင်သည်ကို၊ ဆိမ့်ကြည်လေးပင်၊ မြည်းတို့ချင်ငဲ့' ဆိုသလို အချစ်ကို မြည်းတို့ချင်စိတ်ကလေးရှိလာတာ သဘာဝထင်ပါရဲ့။ အခုထိ တော့ ကျွန်မမှာ 'ကြော့ဇဉ်ခွေရှန်း၊ ကောနွယ်ကုံးလည်း၊ နှစ်လုံးမပွင့်၊ ရာသီလင်္ကာ' လို့သာ ပြောရတော့မည်။

ဖေဖေတို့ မေမေတို့ဆီကို ကျွန်မ စာဆက်ရေးဖို့ ဟိုရောက်သည်ရောက် အာရုံတွေကို ပြန်စုယူလိုက်သည်။ မန္တလေးနှင့်မြင်းခြံ ဖုန်းတော့ဆက်နိုင်သား။



သို့သော် စာရေးခြင်းလောက် မပြည့်စုံနိုင်။ ဖုန်းဆက်စကားပြောရတာ စကားလုံးတွေ လေထဲမှာ လွင့်မျောသွားတာမျိုးဖြစ်ပြီး စာထက်အက္ခရာတင်ရတာကတော့ မှတ်တမ်းတစ်ခုအဖြစ် တစ်သက်လုံး သိမ်းဆည်းထားနိုင်တာမျိုးဖြစ်သည်။ သတိရတိုင်း ပြန်ဖတ်နိုင်သည်။ နှစ်တွေကြာလေ စာတွေက တန်ဖိုးရှိလေ။ ကမ္ဘာ့စာပေများတွင်လည်း ပေးစာများကဏ္ဍကို အရေးထားကြောင်း ကျွန်မဖတ်ဖူးသည်။

သည်တော့ တစ်ပတ်တစ်ခါ မိဘများထံ စာရေးခြင်းကို ဝတ်မပျက်စေရဟု ကျွန်မသန္နိဋ္ဌာန်ချထားခဲ့သည်။ ကျွန်မကိုယ်တိုင် သည်အသက်အရွယ်ထိ ဘယ်ကိုမှ စာမရေးခဲ့ဖူးပါ။ ရေးစရာလည်း အကြောင်းမရှိခဲ့။ အတန်းတူ သူငယ်ချင်းတွေ အဝေးကို ပြောင်းသွားကြလို့ သူတို့ဆီက စာတွေလာတတ်သော်လည်း စာပြန်ဖို့ကျ ကျွန်မ အင်မတန်ဝန်လေးခဲ့သည်။ အခုတော့ တစ်မြို့တစ်ရွာစီ နေကြရသော မိဘတွေဆီ စာရေးခွင့်ရပြီ။

*"ဖေဖေလည်း ကျန်းမာရေး ဂရုစိုက်ပါဖေဖေ…ခါတိုင်းလို ပြောင်းပြာချောင်းဘက်ကို လမ်းလျှောက်ဖြစ်သေးလား…ညနေတိုင်ရင် သမီးနဲ့ဖေဖေ လမ်းလျှောက်ထွက်ကြတာကို သတိရပါတယ်…အခု အဆောင်မှာ ထမင်းစားရတော့လည်း မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေ တတ်တဲ့ မေမေ့လက်ရာက ထွက်လာတာမဟုတ်တော့လည်း ထမင်း ချိုင့်ကို ကြည့်ရင်း လွမ်းရတယ်…ကိုယ့်အိမ်နဲ့ဝေးမှ အိမ်ဆိုတာရဲ့ တန်ဖိုးကို သမီးသိလာရတယ်။ Home is where the heart is ဆိုတာ မှန်တယ်နော်…နှလုံးသားရှိတဲ့နေရာဟာ အိမ်ပဲတဲ့။ …သမီး ဖတ်ရတဲ့ စာအုပ်တစ်အုပ်မှာ ကိုယ့်အိမ်ကိုယ် သန့်ရှင်းရေးလုပ်နေရ ခြင်းသည်ပင် အကုသိုလ်ကို ဖယ်ရှားနေတာတဲ့…ကိုယ့်အိမ်သာလျှင် စကြဝဠာရဲ့ဗဟိုတဲ့…စကြဝဠာကြီးကို တန်ပြန်အံတုနိုင်တဲ့ စကြဝဠာ တဲ့…သမီးဖတ်ရတုန်းက သဘောမပေါက်ဘူး…အိမ်နဲ့ဝေးရတော့မှ သိလာသလိုလိုပါပဲ။*

*မောင်မောင်ရော ကျောင်းမှန်မှန်တက်ရဲ့လား…ငယ်လေးကတော့ မေမေ့ကို ကူညီနေမယ်ဆိုတာ ယုံပါတယ်…ဖေဖေတို့ မေမေတို့ အရိပ်အာဝါသက ဝေးနေရတယ်ဆိုပေမယ့် ဖေဖေမေမေတို့ ပို့သတဲ့ မေတ္တာကြောင့် သမီး အေးချမ်း ကျန်းမာလျက်ပါ…သမီးအတွက် စိတ်မပူစေချင်ပါ…ကောလိပ်ဆိုတော့လည်း အသိအမြင်များခွင့်လည်း ရပါတယ်…သူငယ်ချင်းတွေနဲ့လည်း အဆင်ပြေပါတယ်…*

www.burmeseclassic.com

www.burmeseclassic.com



*သည်မှာတော့ အစောကြီးထရပြီမေမေ...။ သမီးတို့က မနက် ခြောက်နာရီ ကျောင်းတက်ရတာကိုး။*

*မေမေချက်တဲ့ ဓောင်ချမ်းချဉ်ချက်ကလေး စားချင်လိုက်တာ မေမေ...*

*ကျန်းမာချမ်းသာကြပါစေ*

*သမီး သီရိမေ*

*မန္တလေး။*

စာကို ကျွန်မ တစ်ခေါက်ပြန်ဖတ်သည်။ ပြီးမှ စာအိတ်ထဲထည့်ပြီး ပိတ်၊ လိပ်စာရေး၊ အဆောင်ပိုင်ရှင်က ပေးစာတွေကိုစုကာ တနင်္လာနေ့မနက်တိုင်း သွားထည့်ပေးသည်ဆို၏။ စာရေးပြီးတော့ ကျွန်မ အောက်ထပ်ကို ဆင်းလာခဲ့သည်။ အဆောင်ဝင်းဝအထိ ဆင်းလာခဲ့ရာက အပြင်ဘက်ကို ထွက်လျှောက်ချင်စိတ် ကလေး ဝင်လာခဲ့သည်။ ကျွန်မတစ်ယောက်တည်းဆိုတော့ ဆေးဆေးတော့ မလျှောက် ဖြစ်ခဲ့ပါ။ စာအုပ်ဆိုင်ကလေးတစ်ဆိုင်တွေ့တော့ ကျွန်မ ဝမ်းသာသွားရသည်။ စာအုပ်ငှားလို့ ရတန်ကောင်းပါရဲ့။

စာအုပ်ဆိုင်ကလေးထဲမှာ စာအုပ်တော့ သိပ်စုံစုံမရှိပါ။ ကျွန်မစာအုပ်တွေ ရွေးကြည့်ရင်းက ဆရာငြိမ်းကျော်၏ 'အစဉ်သဖြင့်' လုံးချင်းစာအုပ်ကို တွေ့၍ ငှားလာခဲ့သည်။

"နှင်းဆီဖြူအဆောင်ကပါ...စာအုပ်ငှားလို့ရမလားရှင့်"

"ဪ နှင်းဆီဖြူကလား...ရပါတယ် ယူသွားပါ...အဆောင်သူတွေ ကိုလည်း ပြောလိုက်ပါဦးနော်"

စာအုပ်ဆိုင်က အစ်မကြီးက သဘောကောင်းပုံရပါ၏။ ပြီးတော့ ကျွန်မ တို့လိုအဆောင်သူတွေကိုလည်း ဖောက်သည်ဖြစ်ချင်ပုံရသည်။ စာအုပ်ငှားခက တစ်ရက် တစ်ကျပ်ဆိုတော့ တစ်ပတ်တစ်အုပ်တော့ ကျွန်မငှားဖတ်နိုင်ပါ၏။

အဆောင်ကိုရောက်တော့ ရေမိုးချိုး၍ ထမင်းစားကြသည်။ သူငယ်ချင်း ငါးယောက် စားရသည့်ထမင်းဝိုင်းဆိုတော့ ပျော်စရာကောင်းလှပါသည်။ လမ်းက ကျွန်မဝယ်လာသည့်အကြော်တွေကိုပါ ဝေမျှစားကြခြင်းဖြစ်၏။

"သီရိမေ...နှင် ဘယ်တွေလျှောက်သွားနေတာလဲ...ငါတို့က စိတ်ပူ နေတာ"



"ယောက်ျားနောက် လိုက်သွားတာလားလို့ပေါ့...မလုပ်နဲ့ဦးဟဲ့ ပညာစုံ အောင် သင်ဦး"

နွယ်နွယ်တင်က စိုးရိမ်စိတ်ဖြင့်မေးတာကို ခင်ခင်က ဝင်ဖောက်သည်။ သည်ကနေ့ ကျောင်းပိတ်ရက်ဆိုတော့ နေ့လယ်ဘက် သူတို့အားလုံး မန္တလေး တောင်ကို သွားကြမည်ဆို၏။ ကျွန်မ မလိုက်ချင်ပါ။ မန္တလေးတောင်ကို ရောက်ဖူး သည်ကတစ်ကြောင်း၊ ဆရာငြိမ်းကျော်၏ ဝတ္ထုကို ဖတ်လိုသည်ကတစ်ကြောင်းမို့ အဆောင်မှာပဲ ဇိမ်နှင့် နပ်နေခဲ့ချင်သည်။

"နင်တို့သွားကြပါဟယ်...ငါ ဝတ္ထုဖတ်ချင်လို့ပါ...နောက်တစ်ပတ် နင်တို့ ဘယ်သွားသွား လိုက်မယ်ဟာ..."

"သီရိမေ...နင် သစ္စာဖောက်တို့သွားရာလမ်းကို သိတယ်နော်...ဒါ ဘာလဲ ကြည့်စမ်း"

ထွေးထွေးသိန်းက သုံးဆင့်ချိုင့် ချိုင့်ကိုင်းကို ခြောက်လုံးပြူးသဏ္ဍာန် ကိုင်ရင်း ကျွန်မကိုချိန်သည်။ ကျွန်မက လက်နှစ်ဖက်မြှောက်ပြလိုက်တော့ ထွေးထွေး သိန်းက ကောင်းဘွိုင်ရုပ်ရှင်တွေထဲကလို သေနတ်ပြောင်းဝက မီးခိုးကို မှုတ်သည့်ပမာ ဖူးခနဲ မှုတ်ပြလိုက်သည်။

"ထွေးသိန်း...နင်ကိုင်ထားတာ ခြောက်လုံးပြူးလား...ငါက ချိုင့်ကိုင်း မှတ်လို့"

စိုးစိုးမော်က ဝင်ကြောင်သည်။ ခင်ခင်က တစ်မျိုးဝင်ပြန်၏။

"ထွေးသိန်းက...တို့မြင်းခြံက ဂုဏ်ရုံရှေ့မှာ ကြဲရောင်းတာဟဲ့... ကောင်းဘွိုင်ကားတွေ တော်တော်ကြည့်ထားရတာကိုး"

"ငါကြဲရောင်းတာကို နင် ပလက်စတစ်ကောက်ရင်း မြင်တာမဟုတ် လား"

ထမင်းစားပြီး အဝတ်အစားလဲသူကလဲ၊ အလှပြင်သူကပြင်၊ စကားတွေ တွတ်ထိုးကြရင်း လှေကားက ဆင်းသွားမှပင် ကျွန်မလည်း နားအေးရတော့သည်။ အဆောင်မှာ ကျောင်းသူတချို့တော့ ကျန်ရစ်ခဲ့သည်။ သိုးမွေးထိုးနေသည့် မိုးကုတ်သူ သီတာအေးနှင့် စာကျက်နေသော မိုးမိုးတို့ရှိနေသည်။ ကျွန်မနှင့် ခုတင်လေးငါးလုံး ခြားသည်ဆိုတော့ သူတို့ကိစ္စနှင့်သူတို့ အလုပ်များနေကြ၏။ ကျွန်မအတွက် ဘာအနှောင့်အယှက်မှုမဖြစ်ပါ။

ဆရာငြိမ်းကျော်၏ဝတ္ထုကိုဖတ်ရန် ခုတင်ပေါ် အသာအယာမှီလိုက် သည်။ စောင်ပါးကလေးကို ခြေထောက်ပိုင်းလောက် ခြုံလိုက်တော့ လုံခြုံသွား

www.burmeseclassic.com

www.burmeseclassic.com



သည်ဟုထင်သည်။ စာမျက်နှာတော်တော်ကလေးဖတ်ပြီးသည့်အခါမှာတော့ ကျွန်မ မျက်လုံးတွေ စင်းလာခဲ့သည်။ အာရုံစူးစိုက်မှု များသွားလို့လားမသိပါ။ နေ့လယ် နေ့ခင်းတွေမှာ ကျွန်မအိပ်ခဲ့သည်။ မျက်လုံးတွေ မှိတ်ထားကာ မျက်စိကို အနား ပေးလိုက်သည်။ လက်ကနာရီကိုကြည့်လိုက်တော့ ညနေ လေးနာရီပင် ထိုးတော့ မည်။ အိပ်ပျော်သွားလို့မဖြစ်။ ဆောင်းတွင်းဆိုတော့ သည်အချိန်အိပ်လိုက်ရင် ဖျားနိုင်သည်။ စောင်ကိုခွာလိုက်ပြီး အိပ်ရာကထသည်။ အောက်ထပ်မှာ မျက်နှာ သွားသစ်လိုက်လျှင် လန်းဆန်းကောင်းပါရဲ့။

"မြင်းခြံအဖွဲ့ကတစ်ယောက်...အောက်ထပ်မှာ ဧည့်သည်..."

မိန်းကလေးတစ်ယောက် တက်လာကာ အော်လိုက်ခြင်းဖြစ်သည်။ ဧည့်သည်...။ ဘယ်သူများပါလိမ့်...။ ဘယ်သူ့ဧည့်သည်များပါလိမ့်။ ဘယ်သူပဲ ဖြစ်ဖြစ် သည်အချိန်မှာ မြင်းခြံအဖွဲ့ထဲက ကျွန်မပဲရှိတာဆိုတော့ အောက်ထပ်ကို ဆင်းဖို့ ပြင်ရသည်။ လက်ကိုင်မှန်ဝိုင်းကလေးကိုကြည့်ရင်း မျက်နှာကို ခရင်းပတ်ဖိ နည်းနည်းတော့ ဖို့လိုက်ရသည်။ ဆံပင်ကို ဘီးဖြင့် တစ်ချက်နှစ်ချက်သပ်၊ ထဘီ လတ်လတ်တစ်ထည် ကပျာကသီလဲကာ လှေကားအတိုင်း ဆင်းလာခဲ့သည်။ ပုန်းညက်ပင်အောက်က ခုံတန်းမှာ လူနှစ်ယောက်။

"သီရိမေ...ဟိုဟာတွေကော..."

ကိုတိုးကြီး...။ ကျွန်မ ဝမ်းသာသွားသည်။ ကိုတိုးကြီးရောက်လာတော့ အိပ်ချင်စိတ်ကလေး ပြေသွားရပါ၏။ ကိုတိုးကြီးနှင့်ပါလာသူကတော့ မော့ချွဲသော်မှ မကြည့်။ ကိုတိုးကြီးဖြင့် လိုက်သာလာရသော်လည်း သူ့ကိစ္စမဟုတ်ဆိုသည့်ပုံဖြင့် ခေါင်းကိုငုံ့ရင်း စာအုပ်တစ်အုပ်ကိုသာ သဲကြီးမဲကြီး ဖတ်နေတော့သည်။ ဖြောင့်စင်း စင်းဆံပင်မည်းမည်းထူထူကို ကျွန်မမြင်နေရသော်လည်း ကိုတိုးကြီးလို ဖရိုဖရဲ တော့မဟုတ်။ ကြည်ပြာနုရောင်အင်္ကျီလက်တိုနှင့် မဲနယ်ပြာရောင်ပုဆိုးက ဖြူဝင်း သောအသားအရေနှင့် လိုက်ဖက်သည်။ ခုံတန်းပေါ်မှာထိုင်ရင်း ရှေ့ကို နည်းနည်း လေးထုတ်ထားသောခြေထောက်မှာတော့ ကတ္တီပါ လေးညှင်းရောင် စီးထားတာကို မြင်နေရ၏။

"ကိုတိုးကြီး...ကျွန်မ အိမ်ကို စာရေးတော့ ကိုတိုးကြီးနဲ့တွေ့တာတောင် ရေးလိုက်သေးတယ်...ထွေးသိန်းတို့ကတော့ လေးယောက်စလုံး မန္တလေး တောင် သွားကြလေရဲ့"

"နင်လိုက်မသွားဘူးလား"



"ဟင့်အင်း...မလိုက်တော့ဘူး...စာဖတ်ချင်တာနဲ့ပဲ နေရစ်ခဲ့တာ...ဘာရှိ လို့လဲ"

"ဘာမှမရှိပါဘူးဟာ...နင်တို့ဆီ တွေ့ချင်လို့လာတာပေါ့...သည်မှာ သူက ငါ့သူငယ်ချင်း အောင်..."

ကိုတိုးကြီးက ကျွန်မနှင့်မိတ်ဆက်ပေးသော်လည်း 'အောင်'ဆိုသူက မော့ချွဲသော်မှမကြည့်။ ကျွန်မလည်း ပြုံးပြဖို့ပြင်ထားသည့်မျက်နှာကို လျှော့ချလိုက်ရ သည်။ "ဟုတ်ကဲ့...တွေ့ရတာ ဝမ်းသာပါတယ်" ဝတ္ထုတွေထဲမှာတော့ သည်လို ပြောကြတာ ကျွန်မမှတ်မိနေသည်။ လူတစ်ယောက်နှင့်တစ်ယောက် တွေ့လို့ မိတ်ဆက်ပေးရင် "ဝမ်းသာပါတယ်" လို့ ပြောရတာ အနှောက်တိုင်းဆန်သည်ဟု ကျွန်မကြားဖူးပါသည်။ ဘာကိုဝမ်းသာကြတာလဲ။ ခင်ရမင်ရ မိတ်ဆွေတွေတိုးရ တာကို ဝမ်းသာတာလား။ 'အောင်'ဆိုသူ မော့ကြည့်လျှင် ကျွန်မပြောရမည့် စကားလုံး စဉ်းစားနေသည်ပင် တစ်မိနစ်လောက်တော့ရှိမည်ထင်၏။

"ဟေ့ကောင်...အောင်...မင်းကွာ စာအုပ်ကြီး ခဏချထားစမ်းပါဦး"

ကိုတိုးကြီးက တံတောင်နှင့်တွတ်လိုက်တော့ အောင်ကို စာအုပ်ပြုတ်ကျ သွားသည်။ ဒါကို စိတ်ဆိုးဟန်မရှိ၊ ရှက်ရွံ့သွားပုံမျိုးလည်းမပေါ်ဘဲ ကျွန်မကိုသာ အားနာဟန်ဖြင့်ကြည့်ကာ ပြုံးပြသည်။

"ဒါ ငါ့နှမတွေထဲကတစ်ယောက် သီရိမေတဲ့...သူက အောင်နိုင်သူတဲ့၊ တို့အဆောင်ကပဲ"

အောင့်မျက်နှာကလေးက အပြုံးကလေးဖြင့် ကြည်လင်နေသည်။ ကျွန်မ ထက် နည်းနည်းများငယ်မလား။ ရွယ်တူဖြစ်ချင်လည်းဖြစ်နိုင်ပါ၏။ မျက်နှာကျ သွယ်သွယ်၊ အရပ်ရှည်ရှည်၊ အသားအရေက အဝါဘက်လုသော သန္တာရောင်၊ စိမ်းရိပ်ရိပ်နှုတ်ခမ်းမွေးကလေးပါတာကိုလည်း ကျွန်မ သတိထားမိလိုက်ပါ၏။

"ဆောရီးဗျာ...မသိရိခင်...ကျွန်တော်..."

"သီရိမေပါကွာ...လုပ်ပြန်ပြီ"

"ဪ...ဟုတ်ကဲ့ မသီရိမေ...ကျွန်တော် စာထဲစိတ်ရောက်နေလို့..."

"ရပါတယ်"

ကျွန်မနှုတ်က ထွက်သွားသည့် 'ရပါတယ်' ကို စကားလုံးတည်ရဲ့လား စဉ်းစားရသေးသည်။ ရပါတယ်...ဆိုတာလည်း ရပါတယ်လေ။ အောင်က ပြုတ်ကျသွားသည့်စာအုပ်ကို စားပွဲပေါ်တင်လိုက်တော့ အင်္ဂလိပ်စာအုပ်တစ်အုပ် ဖြစ်မှန်း ကျွန်မမြင်လိုက်ရသည်။ ဟန်လုပ်လာတာလည်း ဖြစ်နိုင်သည်။ ဆယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



အောင်ပြီးကာစ ကျောင်းသားတစ်ယောက်အဖို့ အင်္ဂလိပ်စာအုပ်တစ်အုပ် ဖတ်နိုင်ဖို့ အခွင့်အလမ်း နည်းပါသေးသည်။ ဖတ်နိုင်ရင်တောင်မှ အနည်းအကျဉ်းသာ ရှိမည်။ သည်အနည်းအကျဉ်းထဲမှာ 'အောင်' ပါတာလည်း ဖြစ်နိုင်တာပါပဲလေ။

"အောင်က ဝိဇ္ဇာရိုးရိုးက…ကလောသား…သီရိမေ နင်နဲ့တွေ့တာ အတော်ပဲ…အောင်က စာသိပ်ဖတ်တာ…နင်ကလည်း စာသမားဆိုတော့ Language တူတာပေါ့။ သီရိမေရဲ့အဖေက စာသိပ်ဖတ်တာအောင်ရ… စာကျိုးကြီးကွ…သူတို့အိမ်မှာ စာအုပ်စင်ကြီးနှစ်စင်နဲ့အပြည့် စာအုပ်တွေရှိတယ်…တို့ငယ်ငယ်တုန်းက သိချင်ရင် သီရိမေတို့အဖေ ဦးလေးဖုန်းကို သွားသွားမေးရတာ…စာအုပ်တော့ ပေးမငှားဘူးကွ…ငါတို့က စည်းကမ်းမှမရှိတာကိုး…သီရိမေကတော့ စာအုပ်တွေ ခေါင်းအုံးအိပ်လာတဲ့သူ…မင်းက စာဝါသနာပါတာနဲ့တော့ ဟန်ကျတာပေါ့ကွာ"

ကိုတိုးကြီးကပြောတော့ အောင်နိုင်သူက ကျွန်မကို တအံ့တသြ ငေးကြည့်နေခဲ့သည်။

မိန်းကလေးတွေ ဝတ္ထုမဖတ်ရဆိုသောခေတ် မဟုတ်တော့သော်လည်း စာဖတ်သည်ဆိုသော မိန်းကလေးအရေအတွက်က နည်းလှပါသေး၏။ ကျွန်မတို့မြင်းခြံမှာ ကျွန်မတို့အရွယ် စာဖတ်သူရယ်လို့ သိပ်မရှိ။ ကျွန်မမှာ ကျောင်းနေဖော်၊ စာကျက်ဖော်၊ အတန်းဖော်သူငယ်ချင်းတွေသာရှိသည်။ စာဖတ်ဖော်မရှိ။ ကျွန်မနှင့် သူငယ်တန်းကတည်းက အတူနေခဲ့သော စိုးစိုးမော်သည်ပင် ကျွန်မဖတ်သည့် စာအုပ်တွေကို တစ်ရွက်လှန်မကြည့်ခဲ့ပါ။ စိုးစိုးမော်ဖတ်သည့်စာအုပ်က တစ်မျိုး။

"စာဖတ်တယ်ဆိုတာ စိတ်ကို အစာကျွေးတာပဲသမီးရဲ့…လူတွေဟာ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုရှိရသလိုပဲ ဦးနှောက်ကလည်း တွေးတော စဉ်းစားတတ်တဲ့အလုပ်ကို လုပ်ရတယ်…ဘာမှမစဉ်းစားချင်တဲ့လူက ဘာမှဖြစ်မလာနိုင်ဘူးတဲ့…သမီးကို ဖေဖေ အမွေပေးချင်တာ ပညာတတ်အောင် သင်ပေးတာနဲ့ စာဖတ်ခြင်းအလေ့ပဲ"

ဖေဖေကတော့ ကျွန်မကို စာဖတ်ချင်စိတ်ပေါက်အောင် အမျိုးမျိုး သွန်သင်နည်းပြခဲ့သူသာဖြစ်၏။

"ကျွန်မကတော့ မြင်းခြံကပါ…ကိုတိုးကြီးနဲ့ တစ်မြို့တည်းလေ… ကျွန်မတို့မြင်းခြံက သူငယ်ချင်းငါးယောက်စလုံး သည်အဆောင်မှာနေကြတာ…သူတို့ မန္တလေးတောင်သွားနေကြလို့…"



ကိုတိုးကြီးက ကျွန်မတို့အဖွဲ့ကို တစ်ခုခုကျွေးဖို့ လာခေါ်ခြင်းဖြစ်ကြောင်း ပြောတော့ ကျွန်မမှာ ဘယ်လိုပြောရမှန်းမသိ။ အဖွဲ့မစုံတဲ့ ကျွန်မတစ်ယောက်တည်း လိုက်မသွားချင်ပါ။ ကိုတိုးကြီးက ဇွတ်ခေါ်ပေမယ့် ကျွန်မငြင်းလိုက်ရသည်။ အောင်ကတော့ ကိုတိုးကြီးနှင့်ကျွန်မကို စိတ်ဝင်စားသူမဟုတ်။ သူ့စာအုပ်က စာမျက်နှာကိုသာ သဲကြီးမဲကြီး ပြန်ရှာနေပါပကော။

"ကဲ…ဒါဆိုလည်း ဟိုကောင်မတွေလာရင် ပြောလိုက်တော့…ငါလာခဲ့ဦးမယ်လို့…တော်ကြာ နင်တို့ကို ပစ်ထားတယ်ဖြစ်ဦးမယ်…သွားစို့ အောင်…"

ကိုတိုးကြီးက မတ်တတ်ထရပ်တော့ အောင်က ဖတ်လက်စနေရာကို လက်ညှိုးသွင်းကာ လက်ကလေး နောက်ကိုပစ်ရင်း ကျွန်မကို ပြုံး၍ နှုတ်ဆက်သည်။

"သွားပါဦးမယ် မသီရိမေ…အဲဒီသီရိမေ ဆိုတာ လှတယ်…နာမည်သိပ်လှတာပဲ…ဘယ်သူပေးတာလဲ"

"မေမေပါရှင်…"

"မသီရိမေရဲ့မေမေကလည်း လှမှာသေချာတယ်…နော ကိုတိုးကြီး"

စကားပြောတော့လည်း ဘယ်ရောက်လို့ဘယ်ပေါက်မှန်းမသိ။ စာအုပ်ဖတ်ရင်းက ထနှုတ်ဆက်ရတာဆိုတော့ ကြောင်တောင်တောင်ဖြစ်နေတာလည်း ဖြစ်နိုင်သည်။ ကျွန်မက ကျေးဇူးတင်ကြောင်း ပြန်ပြောလိုက်တာကကော အမြီးအမောက် တည့်ရဲ့လားမသိ။ ကျွန်မဘာသာ အတွေးဝင်ပြီး ပြုံးမိရပါ၏။

ကိုတိုးကြီးတို့ ပြန်သွားတော့ အဆောင်ပေါ်ကို ကျွန်မပြန်တက်လာခဲ့သည်။ ကျွန်မဘဝမှာ တစ်ဦးဦးက မိတ်ဆက်ပေးလို့ ခင်ခဲ့ရသည့်ယောကျ်ားကလေးရယ်လို့ သိပ်မရှိပါ။ ဆယ်တန်းအထိ ကျောင်းနေခဲ့စဉ်တစ်လျှောက်လုံးလည်း ကိုယ့်မြို့က ကိုယ့်အတန်းဖော် ယောကျ်ားလေးသူငယ်ချင်းတွေမဟုတ်လား။ ဘယ်သူကမှ ဘယ်သူ့ကို မိတ်ဆက်ပေးစရာမလို။ ဒါဆို အောင်က ပထမဆုံးလား။ ဟုတ်မည်ထင်ပါ၏။

ညနေ ခြောက်နာရီထိုးလုထိုးခင် မီးပွင့်တွေလင်းလာတော့မှ မရွှေချောတို့ ပြန်ရောက်လာကြသည်။ ကျွန်မက ထမင်းချိုင့်တွေယူထားတော့ ရေမိုးချိုးပြီးကြသည်နှင့် စားကြသောက်ကြတော့၏။ ကျွန်မကတော့ ညနေစောင်းကတည်းက စားနှင့်ပြီးပြီ။ ချိုင့်ကိုလည်း ဆေးကြောသန့်စင်ပြီးပြီ။ နွှယ်နွှယ်တင်က သူတို့ကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်မစားရကောင်းလားလို့ အပြစ်တင်သည်။ ထွေးထွေးသိန်းက "သီရိမေ… သည်ကနေ့ သစ္စာဖောက်တာ နှစ်ခါရှိပြီ" ဟု ဆိုပြန်ပါသည်။

"ဟဲ့…ငါက နင်တို့နဲ့အတူတူစားဖို့ပဲဟဲ့…ကိုတိုးကြီးနဲ့ သူ့သူငယ်ချင်း တစ်ယောက် ရောက်လာပြီး ဒန်ပေါက်ဆိုင်ခေါ်သွားတာနဲ့ လိုက်စားခဲ့ရ တာပါဟာ…ဒန်ပေါက်စားပြီး ဖွာလူဒါ သောက်ဦးဆိုလို့ မသောက်ချင်ဘဲ သောက်ရသေးတာလေ…ပြီးတော့…"

သူငယ်ချင်းလေးယောက်စလုံး ကျွန်မစကားကြောင့် စားလက်စ ထမင်းလုတ်တွေ ရပ်သွားကြသည်။ ကျွန်မကို မယုံနိုင်သလို လှမ်းကြည့်ကြသည်။ ကျွန်မက အရေးမကြီးလေဟန်ဖြင့် စားပွဲပေါ်တင်ထားသော ဦးချိန်တီ အစာကြေ ပုလင်းကိုဖွင့်ကာ လက်ဖဝါးထဲ နှစ်လုံးသုံးလုံးထည့်ပြီး ပါးစပ်ထဲငုံလိုက်သည်။ ခင်ခင်က ကျွန်မလှုပ်ရှားပုံကိုကြည့်ကာ ပြုံးသည်။

"သီရိမေရယ်…ဒါမျိုးတွေ ရိုးနေပါပြီဟာ…ဘာကိုတိုးကြီးမှ မလာ ဘူး…တို့ကို လာမရှီးနဲ့…"

"အဆောင်က ကလေးမကို ခေါ်မေးကြည့်ကြပေါ့ဟဲ့…ငါက စားရလို့ စားရတယ်ပြောတာပဲ"

ထွေးထွေးသိန်းကတော့ ကိုတိုးကြီးရောက်လာတာကို ယုံကြည်ပုံရသည်။ ဒန်ပေါက်သွားစားတာကိုလည်း ယုံပုံရ၏။

"ခင်ခင်…သီရိမေပြောတာ ဟုတ်လောက်တယ်…ကြည့်ပါလား ဒန်ပေါက်တွေစားပြီး ဦးချိန်တီစားယူရတာ…ဘယ်လောက်တောင် မအီမလည် ဖြစ်နေမှန်းမှမသိတာ"

ကျွန်မက ခင်ခင့်ကိုရော ထွေးထွေးသိန်းကိုပါ ညည်းတို့ ယုံချင်ယုံ မယုံချင်နေဆိုသည့်မျက်နှာမျိုး လုပ်ပြလိုက်သည်။ ညည်းတို့ကံကိုက ဆိုးပါတယ် အေ ဆိုသည့်သဘောဖြင့် မျက်နှာကိုချိုကာ နှီးယပ်တောင်ကို ကောက်ပြီး ယပ်ခတ် နေလိုက်သည်။

"ဆောင်းတွင်းကြီး ယပ်ခတ်နေတာကြည့်ဟော့…ဒန်ပေါက်စားပြီး အပူကန်နေတာလေ…တကယ်လို့ဆိုရင် ကျွန်မသူငယ်ချင်းတွေအတွက် ပါဆယ် ထုတ်ပေးလိုက်ပါဆိုရင် ကိုတိုးကြီးက ဝယ်ပေးမှာပါဟာ… သီရိမေ…နင်ကလေ သိပ်တစ်ကိုယ်ကောင်းဆန်တာပဲ"

"ပြောပါတယ်ဟယ်…နင်တို့ ဘယ်သွားကြတုံးလို့မေးတော့ ငါက မန္တလေးတောင်ကို ဘုရားဖူးသွားကြတယ်ဆိုတော့…ကိုတိုးကြီးက



ဒါဆိုရင် အပြန်နောက်ကျရင် ဒန်ပေါက်တွေ ကောင်းမှာမဟုတ်တော့ ဘူးတဲ့…ဒါနဲ့ ငါကလည်း သည်ရက်ထဲတော့ သူတို့လေးယောက်စလုံး သက်သတ်လွတ်စားနေကြတာလို့ ပြောလိုက်တယ်ဟယ်…နင်တို့လည်း ကုသိုလ်ရအောင်လို့…"

"ဟယ်တော်…သက်သတ်လွတ်စားတယ်လို့ တကယ်ပြောလိုက်တာ လား…အံ့ပါရဲ့အေ…"

စိုးစိုးမော်က ယူကျုံးမရဖြစ်သည့်ပုံနှင့်ပြောတော့ ထွေးထွေးသိန်းက "သီလရှင်ဝတ်ဖို့ ခေါင်းတုံးသွားတုံးကြတာလို့ ပြောလိုက်ရင် ပြီးရော" ဟု ငေါ်သည်။ နွယ်နွယ်တင်က "သီရိမေ ကျွန်ရစ်ခဲ့တာ အမိပွာယ်ရှိတယ်ဟဲ့…ဒါကို ဖော်ထုတ်ရမယ်" ဆိုပြန်၏။ ခင်ခင်က မေးစေ့ကို လက်ထောက်ကာ ပညာရှိတွေး တွေးဟန် ပြုပါသည်။

"နေဦး…နင်တို့ ကျီးကန်းတွေအာသလို အာမနေကြနဲ့…ငါ ယုန်ပညာရှိ စဉ်းစားကြည့်စမ်းမယ်…ကိုတိုးကြီးနဲ့အတူ လူတစ်ယောက် ပါလာသေး တယ် ဆိုတော့…သူ ဘယ်သူလဲ…ကိုတိုးကြီးဆိုရင် တို့အားလုံးရှိမှ စိစဉ်မှာလေ…သီရိမေတစ်ယောက်တည်းတော့ ကွက်မကျွေးလောက် ဘူးရယ်"

ထွေးထွေးသိန်းက ခင်ခင့်စကားကြောင့် မျက်လုံးတွေ ဝင်းလက်သွားကာ ဟက်ခနဲ ရယ်လိုက်သည်။ ထမင်းစားလက်စဇွန်းကိုချကာ ခင်ခင့်လက်ကို ဆွဲ နှုတ်ဆက်သည်။

"သည်တစ်ခါတော့ နင့်ဦးနှောက်ကို မချီးကျူးဘဲ မနေနိုင်ဘူးဟာ… ကိုတိုးကြီးကတော့ နှမတွေအပေါ် သည်လောက် မရက်စက်လောက်ဘူး …သည်တော့ သူနဲ့ပါလာတဲ့ငနဲက သီရိမေကို ကျွေးချင်ရက်စက်စက် ယိုတာဖြစ်လောက်တယ်…သီရိမေကလည်း တို့နဲ့ မန္တလေးတောင်ကို မလိုက်တာ ထူးခြားမနေဘူးလား…ဟုတ်ပြီနော်…ဆက်စဉ်းစားရင် သည်ကိစ္စမှာ သီရိမေရဲ့ပယောဂ ပါကိုပါရမယ်…။ ဟုတ်ပြီ…သည် ကတည်းက"

အမှုက ကြီးသည်ထက်ကြီးလာပြီ။ ကျွန်မမှာ ရယ်ချင်စိတ်တွေကို မျိုသိပ် ထားသော်လည်း မရပါ။ အားရပါးရ ရယ်ချလိုက်တော့ သူတို့လေးယောက်က ကျွန်မကို ပြူးကြည့်ကြပြန်သည်။ ကျွန်မကို ရူးများသွားပြီလားဆိုသည့်ပုံ…။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုကြည့်လေ ကျွန်မမှာ ရယ်ချင်လေ။ ကျွန်မ အဲသလိုရယ်လေ သူတို့က ကြည့်လေ။ ပြီးတော့ တစ်ယောက်တစ်မျိုး ဝေဖန်ကြပြန်ပါသည်။

"သီရိမေတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ရောဂါကြီးရှာပြီထင်ပါရဲ့ဟယ်"

"သူပြောတာပဲလေ...ကိုယ့်ထက်ကြီးရင် ကိုကိုခေါ်မှာတဲ့...ကိုယ့်ထက် ငယ်ရင် မောင်ခေါ်မယ်တဲ့...မဟုတ်မှလွဲရော..."

"မဟုတ်မှတော့ လွဲပြီပေါ့အေ..."

"နေစမ်းပါဟာ...ဆုံးအောင်နားထောင်စမ်းပါဦး၊ အခုဟာက ကိုကိုလား မောင်လား ငါသိချင်တာ"

"ဟဲ့...သူပြောဖူးတာတော့ ရည်းစားထားရင်တောင် သူ့ထက်ကြီးတာ ထားမှာဆိုတော့...ကိုကိုပဲဖြစ်ရမယ်"

ကျွန်မက မျက်နှာကိုပြန်တည်ကာ အဖြစ်မှန်ကို ပြောပြရတော့သည်။ နို့မို့ဆိုလျှင် စကားတွေ ဘယ်အထိရောက်ကုန်မည်မသိ။ သည်တော့လည်း သူတို့က ရယ်ကြပြန်သည်။ လက်ခုပ်တွေတီးကာ အလုံးကြီးကျလေဟန် လုပ်ကြသည်။

"ငါတို့မရှိတုန်း နင် ဒန်ပေါက်စားရတာမဟုတ်ရင် ပြီးတာပဲ...နင့် တစ်ယောက်တည်း ကွက်ကျွေးတာဆိုရင်တော့ ကိုတိုးကြီးလာရင် ဖမ်း ညှစ်ပစ်လိုက်မယ်"

"ဘယ်ကိုညှစ်မှာလဲ"

"လည်ပင်းပေါ့ဟဲ့"

ထိုညက ကျွန်မတို့အားလုံး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြသည်။ ကိုယ့်ဘဝ သူ့ဘဝ အရင်က မသိခဲ့ မကြားခဲ့ရတာတွေလည်း ပါသည်။ ကြေကွဲစရာ ပျော်မောစရာ ဆွတ်ပျံ့လှိုက်မောစရာ ပြုံးတေ့တေ့ နာကြည်းစရာ။ မိန်းကလေး ဆိုတာ ပင်ကိုအားဖြင့် နူးညံ့သိမ်မွေ့သယောင်ရှိတတ်သည်ဆိုသော်လည်း ဟိတ် ဟန်ဖြင့် ဖုံးကွယ်ထားကြရမြဲမဟုတ်လား။ ရင့်ကျက်သယောင် ဣန္ဒြေ ချစ်စရာ အမူအယာအားဖြင့် ရှိနေကြသူတွေဖြစ်သည်။ တကယ်တမ်း ပြောကြပြီဆိုတော့ လည်း ခံစားမှုတွေ ကိုယ်စီရှိကြသည်သာ။

ဆယ်ကျော်သက်မိန်းကလေးတွေပီပီ ဘဝမပါဘူးလို့ပဲပြောပြော လက် တွေ့မဆန်ဘူးပဲဆိုဆို မိသားစုခံစားမှုတွေကို ကိုယ့်ခံစားမှုလုပ်နေရသည့်အရွယ်တွေ မဟုတ်လား။ ပဋိပက္ခမဟုတ်သော မကျေမချမ်းမှုလေးတွေကတော့ ရှိကြမြဲပင်။

"ဘာထူးသလဲဟယ်...ငါတို့အိမ်မှာလည်း ပြည့်စုံတယ်ဆိုပေမယ့် မေမေ က သိပ်မကျန်းမာရှာဘူး...ဖေဖေကလည်း စီးပွားရေးကိုပဲ ဦးစားပေးနေ



တာဆိုတော့ မေမေက သူ့ကို မေတ္တာမရောက်ဘူး ထင်ရှာတာပေါ့ ဟယ်...သည်အတွက် ရောဂါ ပိုကြီးနေတယ်ထင်တာပဲ"

နွယ်နွယ်တင်က သူ့မိသားစုတွင်းပြဿနာကို ပြောပြသည်။

"ဘာပဲဖြစ်ဖြစ် နွယ်နွယ်တင်ရယ်...နင်တို့ကမှ ပြည့်ပြည့်စုံစုံရှိသေးတယ်။ တို့အိမ်ကတော့ မိသားစုကလည်း များ၊ စီးပွားကလည်း မပြည့်စုံဆိုတော့ ငါ ဆယ်တန်းသာအောင်တာ မပျော်ခဲ့ပါဘူးဟယ်...နင့်အဖေနဲ့ အမေ့ ပြဿနာက ဘာမှမဟုတ်သေးပါဘူး...နင့်အမေက ခံစားလွန်းတာပါ"

ခင်ခင်က သူ့အမြင်ကို ရိုးရိုးကလေး ပြောနေခြင်းသာဖြစ်သည်။ နွယ်နွယ် တင်ကလည်း ခင်ခင့်မှတ်ချက်ကို စိတ်မဆိုးရှာပါ။ ကျွန်မကတော့ ဘာပြောရမှာလဲ။ ဖတ်ထားသည့်စာတွေထဲက သဘောတရားတွေကိုပဲ ပြောရမှာလား။ ဘယ်သူမှားလို့ ဘယ်သူမှန်တယ် ကျွန်မကိုယ်တိုင် မဝေခွဲတတ်ပါဘဲလျက် ဘယ်သူ့ကိုမှ အပြစ် မတင်ချင်ပါ။ ကျွန်မမြင်သလောက်တော့ ပြောဖြစ်ခဲ့သည်။

"အိမ်ထောင်ကျပြီးသွားရင် အချစ်ဟာ လယ်ကွင်းထဲက စပါးတွေမဟုတ် တော့ဘဲ ကိုယ့်ကျီထဲ ပုတ်ထဲကစပါးလိုဖြစ်သွားပြီလို့ ထင်ကြတာ သဘာဝပဲတဲ့ ကွ...နင့်အဖေရဲ့သဘောက ဇနီးနဲ့သားသမီးတွေအပေါ်မှာ တာဝန်မမဲ့ချင်ဘူး၊ သူဟာ အိမ်ဦးနတ်ဆိုတဲ့စိတ်နဲ့ ပြည့်စုံတဲ့ဘဝကို တည်ဆောက်နေခြင်းအားဖြင့် သူ့မေတ္တာကို ပြနေတာဖြစ်မှာပေါ့... နင့်အမေကတော့ မိန်းမသားဆိုတော့ စိတ်လုံခြုံမှုကို ပိုလိုချင်တာပေါ့... ငါဖတ်ဖူးသလောက်တော့ အိမ်ထောင်ရှင်တွေမှာ ယောကျ်ားသားတွေ က သူတို့လုပ်နေတဲ့အလုပ်အပေါ်မှာ အတ္တကြီးတတ်ကြသတဲ့...မိန်းမ သားတွေကတော့ အတ္တကို ရှာဖွေခွင့်ကိုတောင် မရကြဘူးလို့ ခံစားတတ် ကြသတဲ့... မိန်းမသားဟာ ခင်ပွန်းဖြစ်သူရဲ့ အောင်မြင်ကြီးပွားမှုဟာ သူ့ကြောင့်လို့ ထင်စေချင်ပြီး၊ ယောကျ်ားသားကတော့ သူရှာဖွေထားတဲ့ အောင်မြင်ကြီးပွားမှုဟာ သူ့အတွက် မဟုတ်ဘူးဆိုတာနဲ့ လုံလောက် တယ်ထင်နေတတ်သတဲ့...အချစ်ဟာ ပုံသဏ္ဌာန်အမျိုးမျိုးရှိတယ်.. ဆန်းကြယ်တယ်တဲ့ဟာ...ပုံသေပြောဖို့ခက်သတဲ့..."

"ခက်ရင်လည်း အိပ်ကြစို့ဟာ...မီးငြိမ်းတော့မယ်"

ကျွန်မတို့စကားကောင်းနေကြတာ ညဆယ်နာရီထိုးလုပြီ။ ဗိုလ်မှူးမော်က သတိပေးလိုက်တော့ ကျွန်မတို့အားလုံး အောက်ထပ်ဆင်းကာ ကိုယ်လက်သန့်စင်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အဆောင်အပေါ်ထပ် ကိုယ့်နေရာကိုယ်ရောက်တော့ မီးသုံးကြိမ် မှိတ်ချည်ဖွင့်ချည် အချက်ပြသည်။ အိပ်ရာထဲ ကိုယ်စီရောက်ကြသော်လည်း ကျွန်မကတော့ ဖယောင်းတိုင်ကလေးထွန်းကာ ဒိုင်ယာရီစာအုပ် ထုတ်လိုက်သည်။ တစ်နေ့တာမှတ်မိသမျှ ချရေးလိုက်သည်။ တစ်နေရာမှာတော့ စာတစ်ကြောင်း ပါလာခဲ့၏။

> 'ကိုတိုးကြီး အဆောင်ကိုရောက်လာ၊ သူ့သူငယ်ချင်းနှင့် မိတ်ဆက်
> ပေး။ အောင်နိုင်သူ...ဝိဇ္ဇာရိုးရိုး...ကလောကတဲ့...'

ဒိုင်ယာရီကို ကျွန်မပိတ်လိုက်သည်။ အိပ်ရာထဲရောက်မှ ဖယောင်းတိုင်ကို ငြိမ်းလိုက်သည်။ ကျွန်မမျက်လုံးတွေ မှိတ်ထားလိုက်၏။ အိပ်မပျော်ပါ။ ပြတင်းဝမှာ လရောင်ကလေးရှိနေခဲ့သည်။

■

(၈)

မန္တလေးနွေဦးသည်လည်း ကျွန်မတို့မြို့ကလေးက နွေဦးနှင့်မခြားလှပါ။ တမာတွေကြွေကြပြီ။ ထနောင်းတွေ ရွက်နုထိုးကြပြီ။ ကျွန်မတို့မြို့က မြို့အဝင်မှာ ထနောင်းပင်တန်းကြီးရှိသည်။ ထနောင်းလမ်းသည် မြင်းခြံ၏ အညာနိမိတ်ပုံဟု ဆိုနိုင်ပါသည်။ ထနောင်းတွေချည်း ဝါဝါထိန်ထိန် စိမ်းစိမ်းလန်းလန်း သစ်တောကြီးလို စိုက်ခဲ့ပျိုးခဲ့ကြသည့် ရှေးကလူကြီးသူမတွေကို ကျွန်မ ကျေးဇူးတင်လို့မဆုံး။ အခုလိုရာသီဆိုလျှင်တော့ မြင်းခြံမှာလည်း ထနောင်းရွက်ကလေးတွေ စိမ်းကြရော့မည်။ လက်ပံပင်တွေမှာလည်း လက်ပံပွင့်ရဲရဲကလေးတွေ ပလုံစီထိုးနေလောက်ပြီ။

ကျွန်မတို့အဆောင်ရှိရာ မြို့လယ်မှာတော့ လက်ပံပင်မရှိ။ အဝေးဆီမှာတော့ အဆောင်ပေါ်က လှမ်းမြင်ရသော တစ်ပင်လုံး ရဲနေသည့် လက်ပံပင်တစ်ပင်ကို လှမ်းတွေ့နေရသည်။ မေမေကတော့ လဲပင်လို့ခေါ်သည်။

> "မေမေတို့အညာမှာ တချို့အရပ်က လဲပင်လို့ခေါ်ကြတာသမီးရဲ့...
> လဲပွင့်ရဲ့ ဝတ်ရည်က ချိုပြီး ယစ်နေတာဆိုတော့ ဆက်ရက်တွေက
> သည်အရသာကို သိပ်ကြိုက်ကြတယ်...ဝတ်ရည်စုပ်ပြီးရင် မူးပြီး အော်
> ကြတာပေါ့...လူတွေဘုံဆိုင်မှာ အရက်မူးပြီး ရမ်းကြသလိုပဲ...ဆက်ရက်
> တွေအတွက်တော့ လက်ပံပင်က အရက်ဆိုင်ပေါ့ကွယ်...လက်ပံပင်
> ဆက်ရက်ကျလို့ဆိုတာ ဒါကိုပြောတာ..."

လက်ပံတွေပွင့်လျှင် နွေဦးရောက်ပြီလို့ ကျွန်မငယ်ငယ်ကတည်းက မှတ်ထားခဲ့သည်။ နွေဦးမှာ ဥဩငှက်တွေကလည်း တွန်ကြမြဲပင်။ မန္တလေးမှာ နွေဦးဆိုတော့ မြင်းခြံမှာလည်း နွေဦးပေါ့။ မေမေက ပေလေးပင် ရှင်ဓမ္မေးပါးဝင် ရှင်အုန်းညို၏ ဂါထာ ၆၀ ထဲက အချို့အပိုဒ်တွေကို အလွတ်ရသည်။ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမတွေကို နွေရောက်တိုင်း မြင်းခြံ အရှေ့တောင်ဘက်အရပ်ရှိ စွန်းလွန်းတောရဘက်၊ မောင်ရင်ပေါ်ချောက်ဘက်ကို ပို့တတ်သည်။ သစ်ပင် သစ်တောအုပ်အုပ်ကြီးတွေကို ဖေဖေက လှမ်းပြရင်း ဝါတစ်ကွက် စိမ်းတစ်ကွက် နီတစ်ကွက် ညိုတစ်ကွက် တစ်တောထဲမှာ လေးရောင်ကွဲနေသည့်အလှကို ပြတတ်သည်။ သည်ဘက်မှာတော့ ဥသြသံ ကြားရတတ်သည်။

"ဂါထာ ၆၀ ဆိုတာက ဘုရားရှင် ကပ္ပိလဝတ်ကို ကြွတော်မူဖို့ ခမည်းတော်ကြီးက တမန်ကိုးခေါက်လွှတ်ပြီး လျှောက်ထားတယ်။ ဘုရားရှင်က မကြွလာတဲ့အခါ ဖွားဖက်တော် ကာဠုဒါယီကို အကြီးခန့်ပြီး ပိုလ်ခြေတစ်ထောင်နဲ့ စေပြန်တယ်။ ကာဠုဒါယီနဲ့ ပိုလ်ခြေတစ်ထောင်လည်း ဘုရားရှင်က တရားဟောတော့ ရဟန္တာဖြစ်ကုန်ကြရော... တပေါင်းလရောက်တော့မှ ကပ္ပိလဝတ်ကို ကြွတော်မူသင့်တဲ့အကြောင်း ဂါထာပေါင်း ၆၀ ကျော်နဲ့ လျှောက်ထားတော့မှ ဘုရားရှင်က ကြွတော်မူတယ်"

"ဂါထာပေါင်း ၆၀ ကျော်ရှိတာပေါ့နော်ဖေဖေ"

"ဗုဒ္ဓဝင်အဋ္ဌကထာမှာ ၆၄ ဂါထာ၊ မဟာဒါန်အဋ္ဌကထာမှာ ၆၃ ပုဒ်လို့ ပြတယ်။ အခေါ်ရလွယ်အောင် ဂါထာ ၆၀ ခေါ်ကြတာသမီးရဲ့... သည်ဂါထာတွေကို ရွှေနန်းကြော့ရှင်မင်းလက်ထက် သက္ကရာဇ် ၈၇၉ မှာ ရှင်အုန်းညိုက ရေးဖွဲ့ခဲ့တာပဲ...သဘောကတော့ နွေရဲ့အလှ တောပန်း တောင်ပန်းတွေရဲ့အလှကို ဖွဲ့တာ...ဘုရားရှင်ရဲ့စိတ်တော်ကို ညွတ်နူးအောင် သဘာဝအလှကိုဖွဲ့ပြီး ကြွချင်အောင် လျှောက်ထားတာ ဖေဖေ သိပ်ကြိုက်တာပဲ"

ဖေဖေက စာတစ်ပိုဒ်ကို ရွတ်ပြသည်။ ဖေဖေက သူကြိုက်လျှင် စာကို အလွတ်ကျက်မှတ်ထားတတ်သည်။ ကျွန်မကိုလည်း သည်အမွေကောင်းကို လက်ဆင့်ကမ်းပေးခဲ့သည်။ ဖေဖေရွတ်ဖန်များလွန်းလို့ ကျွန်မတို့မောင်နှမများပင် အလွတ်ရနေကြပြီ။

*'တန်ခူးမပြောင်း၊ တပေါင်းမကုန်၊ ပုပ္ပဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလ သာတွေ၊ ဆောင်းနွေဆိုးဆမ်း၊ ပုချမ်းနှစ်ပါး၊ ဆွေတော်များသို့၊ ဘုရားမြတ်စွာ၊ ဖူးအံ့ခါကား၊ သာယာတောတီ၊ ကြည်ဖွယ်ရှိစွ၊ ခရီးဆစ်ပိုင်း၊ လမ်းစဉ်တိုင်းတဲ့၊ သစ်ကျိုင်းညွန့်လန်း၊ ဂနိုင်ပန်းတီ၊ ထက်ဝန်းဖြင့်မျှ၊*



*ပွင့်လတ်ကြသော်၊ ရှင်ပြမြည်ရုန်း၊ ပိတုန်းမည်းနက်၊ ဝတ်ရက်ယှယှ၊ ချစ်မှုဖော်နှော၊ ရဂုံတောဝယ်၊ ဥသြကျေးငှက်၊ ယှဉ်ဖက်မကွာ...'*

နွေရောက်တိုင်း ကျွန်မတို့မိသားစု စွန်းလွန်းဘက်ကို သွားကြသည်။ မောင်ရင်ပေါ်ချောက်ကို သွားကြသည်။ ထနောင်းပင်တန်းကို သွားကြသည်။ မန္တလေးနွေဦးကတော့ စိန်ပန်းတွေဖြင့် ရဲရဲနီဈေးနေသည်ဟု ကျွန်မထင်ပါသည်။ အထူးသဖြင့် ကျွန်မတို့ဒေသကောလိပ်ကျောင်းဝင်းထဲမှာရှိသော စိန်ပန်းပင်တွေ ပင်းလုံးကျွတ် ရဲမှည့်နေကြပြီ။ တမာတွေလည်း ဖူးကြပြီ။ ပြီးတော့ ဖားသားလဖုန်းကျောင်းဘက်ရှိ ငုဝါပင်ကလေးတွေကလည်း အဖူးအခိုင်ကလေးတွေက အသီးတွေလို တွဲလွဲခိုနေကြပြီ။

သည်မြင်ကွင်း သည်ရှုခင်းတွေကို ရေးဖို့ ကျွန်မ ဒိုင်ယာရီကလေးကို ဖွင့်လိုက်သည်။

"ထောယဉ်မှာ နေ့လယ်စာစားတဲ့နေ့...တို့သူငယ်ချင်းတွေနဲ့ အောင်တို့ စတင်ရင်းနှီးခဲ့ကြသည်"

ဇန်နဝါရီလစာမျက်နှာမှာ ပေါ်လာသော စာကြောင်းကလေးကို တွေ့လိုက်ရတော့ ကျွန်မပြုံးမိရပါ၏။ အဲသည်နေ့က နှယ်နှယ်တင်၏မွေးနေ့ဖြစ်သည်။

"မနက်ဖြန် ငါ့မွေးနေ့မှာ နင်တို့ကို စားသောက်ဆိုင်ကောင်းကောင်း တစ်ခုမှာကျွေးမယ်...ကိုတိုးကြီးကိုလည်း ကျွေးချင်တယ်ဟာ..."

ဒေသကောလိပ်ထဲမှာ ကိုတိုးကြီးကို အသည်းအသန် လိုက်ရှာစရာ မလိုပါ။ ကိုတိုးကြီးတို့ ဝိဇ္ဇာအတန်းတွေဘက် သွားလိုက်သည်နှင့် တန်းတွေ့ရတော့သည်။

"စိတ်မကောင်းစရာပဲဟာ...ငါ မနက်ဖြန်မှာ...အဲ"

"ဘာလဲ မအားဘူးလား...မအားလည်းနေလေ"

"အစားအသောက်အတွက်ဆို မအားမရှိစေရပါဘူးဟာ...မနက်ဖြန်မှာ မနက်ကတည်းက ငါ ဝမ်းနတ်ထားလိုက်မယ်လို့ ပြောမလို့ဟဲ့"

နောက်တစ်နေ့မနက်မှာတော့ ကျွန်မတို့အဖွဲ့ မနက်ပိုင်း ကျောင်းဆင်းသည်နှင့် 'ထောယဉ်'ကို ထွက်ခဲ့ကြသည်။ ကျွန်မတို့ငါးယောက်စလုံး စက်ဘီးပါ မလာကြသေးတော့ အဆောင်က မိုးကုတ်သူတွေထံမှ စက်ဘီးသုံးစီးငှားပြီး လာခဲ့ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"Second Term တွေ ပြန်ဖွင့်ရင်တော့ အိမ်ကို စက်ဘီးအဝယ်နိုင်းရမယ်"

နွယ်နွယ်တင်က ပြောခြင်းဖြစ်၏။

ကျွန်မနှင့်စိုးစိုးမော်က စက်ဘီးမစီးတတ်တော့ ခင်ခင်နှင့် နွယ်နွယ်တင်တို့ စက်ဘီးကယ်ရီယာနောက်က ထိုင်လိုက်ကြသည်။ ထွေးထွေးသိန်းနောက်က ဘယ်သူမှမစီးရဲကြ။ သူက နောက်တီးနောက်တောက်ဆိုတော့ စက်ဘီးကို ဟိုထိုး သည်ကွေ့ဖြင့် နောက်ကထိုင်လိုက်ရသူ ကြောက်အောင်လုပ်တတ်သည်မဟုတ်လား။ ကိုတိုးကြီးနှင့် အောင်နိုင်သူကတော့ စက်ဘီးတစ်စီးစီ။

"နင်တို့ကြားထဲ ငါတစ်ယောက်တည်း အားငယ်နေရမှာစိုးလို့ ငါ့သူငယ်ချင်းကိုပါ ခေါ်လာခဲ့တယ်"

စားပွဲဝိုင်းကြီးမှာထိုင်ကြတော့ အောင်က ကျွန်မဘေးမှာ လာကျသည်။ သည်တစ်ခါတော့ စာအုပ်မပါပါ။ ကြဲရည်ရောင်အင်္ကျီပျော့နှင့် ပိုးချည်ပါသည့် ပုဆိုးစိမ်းကို ဝတ်ထားသည်။ အဝတ်အစားကို ဂရုတစိုက် ရွေးချယ်ဝတ်ပုံရသည်။ ဖြောင့်စင်းစင်းဆံပင်ကလေးတွေက သူ့မျက်နှာနှင့် လိုက်ဖက်လှသည်။ လှပုံချောသလောက် သန့်ရှင်းသပ်ရပ်သော 'အောင်နိုင်သူ'။

"ကိုင်း...မိတ်ဆက်ပေးရဦးမယ်...ဒါ ငါ့သူငယ်ချင်း အောင်နိုင်သူတဲ့...ကလောသား...ငါကတော့ အောင်လို့ပဲခေါ်တယ်...သူ့နာမည်က တင်စီးလွန်းလို့...အောင်လည်းအောင် နိုင်လည်းနိုင်တဲ့သူဗျာ...ဒါ မြင်းခြံက ငါ့နှမတွေ ဆိုတာပဲ...ကဲ နင်တို့နာမည် နင်တို့ဘာသာမိတ်ဆက်ကြပိုရင်းနီးတာပေါ့...ကိုင်း နင်ကစ..."

ကိုတိုးကြီးက ကျွန်မကို လက်ညှိုးထိုး၍ စမိတ်ဆက်နိုင်းသည်။ ဟိုတစ်နေ့က အဆောင်မှာ မိတ်ဆက်ပေးခဲ့တာ မေ့သွားပြီထင်၏။

"မသီရိမေကို ကျွန်တော်သိနေပြီလေ ကိုတိုးကြီးရဲ့...ဟိုတစ်နေ့က မိတ်ဆက်ပေးပြီးသားလေ"

"သိပါတယ် အောင်ရာ...ကိုင်း ကိုင်း နင်ပြော"

ကျွန်မဘေးက ခင်ခင်။

"ကျွန်မက ခင်ခင်တဲ့...အိမ်မှာတော့ ငသလဲထိုးလို့ ခေါ်ကြတယ်...ဓာတာနာမည်က ကြယ်စင်..."



"ဟဲ့ နင့် ဘယ်သူက ရိုက်စစ်နေလို့ ငသလဲထိုးတွေ ကြယ်စင်တွေ ပါလာရတာတုံး"

ခင်ခင်က လက်ကလေးပိုက်ရင်း မတ်တတ်ရပ်ပြောနေသဖြင့် ကိုတိုးကြီးက ဝင်ဟောက်ခြင်းဖြစ်၏။ ကျွန်မတို့အားလုံး ခင်ခင့်ကိုကြည့်ကာ ရယ်ကြတော့ အောင်ကလည်း ရယ်သည်။

"ကိုတိုးကြီးနှမတွေက မဆိုးဘူး ဟာသရှိကြတယ်...ကျွန်တော့်ကို ကိုတိုးကြီးနဲ့မခြား ခင်ကြပါခင်ဗျာ...မသီရိမေ...မခင်ခင်...နောက်..."

"ထွေးထွေးသိန်း"

"နွယ်နွယ်တင်"

"စိုးစိုးမော်"

အစဉ်လိုက်မဟုတ်ဘဲ တစ်ယောက်တစ်ပေါက် ဝင်မိတ်ဆက်ကြခြင်းဖြစ်သည်။ ခင်ခင်ပြီးတော့ မိတ်ဆက်ရမည့် နွယ်နွယ်တင်က အသံမထွက်တော့ ထွေးထွေးသိန်းက တစ်ယောက်ကျော် စမိတ်ဆက်လိုက်ခြင်းဖြစ်သည်။ သည်တော့လည်း ကျွန်မတို့ ရယ်ကြရသည်။

"အောင်ရာ...ငါ့နှမ မြင်းခြံသူတွေက ရိုးကြတယ်ကွ...အစားအသောက်ကျတော့လည်း ဟင်းတစ်ပွဲကတစ်ပွဲ ကူးပြီး လက်မနှိုက်ဝံ့ကြဘူး...ရှက်တတ်ကြတယ်"

ဟင်းတွေက စားပွဲပေါ် တစ်ခုပြီးတစ်ခု ရောက်လာကြသည်။ ဝက်စတူး၊ ကြက်ကုန်းပေါင်၊ ကြက်အစိမ်းကြော်၊ မှိုကန်စွန်း၊ ငါးချဉ်စပ်၊ ဆယ့်နှစ်မျိုးဟင်းချို...။ အငွေ့တထောင်းထောင်း၊ ရေတ်သီးစိမ်းနံ့ မွှေးမွှေး။ ကျွန်မတို့အားလုံး တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲကြည့်လိုက်ကြသည်။ ပြေးလမ်းထိပ်မှာ ခရာတုပ်မည့် ဒိုင်လူကြီး၏ ခရာသံကို စောင့်နေရသော အပြေးသမားများလို တာထွက်ချိန်တစ်ဒင်္ဂကို အသက်အောင့်စောင့်နေရသည်နှင့်ပင် တူသည်။ ထိုအချိန်ကလေးမှာပင် အောင်က ကြက်ကုန်းပေါင်ဟင်းထဲက ကြက်သားတစ်ဖတ်ကို ဇွန်းဖြင့်ခပ်ယူကာ ကျွန်မ၏ထမင်းပန်းကန်ထဲကို ဦးချလိုက်သည်။

ကြည့်စမ်း...ဘာလုပ်တာလဲ။ ကျွန်မမျက်နှာ ဖြန်းခနဲ နွေးသွားရသည်။

"မသီရိမေက ကျွန်တော့်ထက် တစ်နှစ်ကြီးတယ်...ကိုတိုးကြီးက မသီရိမေရဲ့ date of birth ပြောလို့သိတာပါ...ကြီးသူကို ဦးချရတာ ယဉ်ကျေးမှုလေ..."

www.burmeseclassic.com

www.burmeseclassic.com



သည်အခြင်းအရာကို ကျွန်မသူငယ်ချင်းတွေက အလွတ်မပေးပါ။ ခင်ခင်က စဝင်လေသည်။

"အေးပေါ့ဟဲ့ သီရိမေရဲ့...တစ်နှစ်ငယ်တယ်ဆိုတော့ မောင်ငယ်ပေါ့"

ဝါးခနဲ ရယ်လိုက်ကြသည့် သူငယ်ချင်းတွေရယ်သံထဲမှာ အဓိပ္ပာယ်တွေ ပါမှန်း ကျွန်မသိပါသည်။ ကျွန်မစကားနှင့် ကျွန်မကိုချည်ကြခြင်းဖြစ်သည်။ ကျွန်မတို့ချင်းသာသိသော လျှို့ဝှက်အထာမဟုတ်လား။ ကျွန်မလည်း ရှက်ရှက်နှင့် အောင့်ကို မဲလိုက်မိတော့သည်။

"မိန်းကလေးတစ်ယောက်ရဲ့ date of birth ကို ကျိတ်မေးတာကတော့ မကောင်းလှဘူးထင်တယ်...ဘာသဘောလဲ"

အောင်က သူအမှတ်မထင် စ,လိုက်ခြင်းအပေါ် ကျွန်မစိတ်ဆိုးသွားသည် ထင်ကာ မျက်နှာ ကွက်ခနဲပျက်သွားတော့၏။ ကိုတိုးကြီးကလည်း ခိုးထုပ်ခိုးထည်နှင့် အမိခံလိုက်ရသလို ရယ်ကျဲကျဲလုပ်နေပါသည်။ သူငယ်ချင်းတွေကလည်း ထမင်းပင် စ,မနိုက်ရဲကြဘဲ ကျွန်မကိုကြည့်နေကြသည်။ ကျွန်မတို့ဝိုင်းကလေးမှာ တဒင်္ဂတော့ ငြိမ်သက်သွားရသည်။ ကျွန်မကြောင့် ပျော်စရာအချိန်ကလေး ပျက်စီးသွားရတော့မှာလား။ အောင့်လက်ကလေးတွေ တုန်နေရှာသည်။ တစ်ပွင့်တည်းစိန်ကို ရွှေကွပ်ထားသည့် သူ့လက်သူကြွယ်က လက်စွပ်ကလေးသည်ပင် လှုပ်ခုန်နေသည် ထင်ရ၏။ ကျွန်မအပြုအမူ ရိုင်းများသွားပြီလား။ ကျွန်မ ချက်ချင်းပြုံးလိုက်သည်။

"သည်တော့ ကိုအောင်နိုင်သူကို အပြစ်ပေးရမယ်...သည်စားပွဲပေါ်က ဟင်းတွေအားလုံး ကျွန်မပန်းကန်ထဲကို တစ်ဇွန်းစီ ခပ်ထည့်ပေးရမယ်"

အောင်ကလည်း မနေပါ။ ချက်ချင်းမတ်တတ်ထရပ်ကာ ကျွန်မပန်းကန်ထဲကို ဟင်းတွေ ခပ်ထည့်တော့သည်။

"ဖြစ်ပါ့ဗျာ...အဲ...ဟင်းချိုကျတော့ ထမင်းပန်းကန်ပေါ် ပုံလို့မကောင်းဘူး ထင်တယ်...အဲဒါ ဘယ့်နှယ်လုပ်မလဲ"

ကြည့်စမ်း...။ ကျွန်မတွေးမထားတာကို အောင်က အထအနကောက်သည့်သဘောမျိုးဖြင့်ဆိုသည်။ ဒါကလည်း လွယ်ပါသည်။ အများရှေ့မှာမို့ သည်နေရာမှာတော့ သူနှင့်ကျွန်မ အားပြိုင်ရတော့မည်။

"အဲဒါကတော့ ဇွန်းနဲ့ခပ်လိုက်လေ...ကိုအောင်နိုင်သူ ကျွန်မပါးစပ်ထဲ ရောက်အောင် ခွံ့ရမှာပေါ့"

ဟေးခနဲအော်သံတွေ ထွက်လာပြီး ကျွန်မသူငယ်ချင်းတွေအားလုံး ပျော်သွားကြသည်။ အောင်က တစ်ချက်ပြုံးလိုက်ပြီး ဟင်းချိုတစ်ဇွန်းခပ်ကာ



အသာအယာမှုတ်သည်။ ပြီးတော့ ကျွန်မပါးစပ်ဘက်ကို ထိုးပေးသည်။ ကျွန်မ အလိုက်သင့်သောက်လိုက်သည့်အခါ သူ့မျက်လုံးတွေက ကျွန်မကို စိုက်ကြည့်နေခဲ့သည်။ ရွှန်းလက်တောက်ပသော မျက်လုံးများ။

ကိုတိုးကြီးက လက်ခုပ်လက်ဝါးတီးကာ ကိုယ်ကြီးသိမ့်သိမ့်ခါအောင် ရယ်လေတော့သည်။ သူငယ်ချင်းများ၏ ရယ်သံတွေနှင့်အတူ ကျွန်မတို့ဝိုင်းကလေး ပြန်စိုပြည်လာသည်။ မိန်းကလေးတွေအတွက် ချုပ်တည်းမှုဟာ ဒုတိယစရိုက်ဆိုတာကို ကျွန်မယုံကြည်သည်။ ကျွန်မတို့မှာ စောင့်စည်းခြင်းသာရှိသင့်သည်။ မိဘများ၏ အုပ်ထိန်းမှုနှင့်ဝေးသည့်တစ်နေရာမှာ ယောကျ်ားကလေးတစ်ယောက်က ခွံ့သော ဟင်းချိုတစ်ဇွန်းကို အများရှေ့မှာ ကျွန်မ ရဲရဲဝံ့ဝံ့သောက်ပြလိုက်ခြင်းသည်ပင် ချုပ်တည်းထားရခြင်းကို ဖြေလျှော့ပေးလိုက်ခြင်းဟု ကျွန်မခံယူသည်။ သည့်အတွက် စောင့်စည်းခြင်းကို ကျွန်မနှင့်မကွာအောင်ထားနိုင်ပြီးဖြစ်၏။ သည်ကိစ္စကို ဖေဖေနှင့် မေမေအား ကျွန်မပြောပြဝံ့ပါသည်။

ကျွန်မတို့ ထမင်းမစားမီ မွေးနေ့ရှင် နွယ်နွယ်တင်အား ဆုမွန်ကောင်း တောင်းပေးကြသည်။ ကိုတိုးကြီးက ဟင်းတစ်ခွက်ကတစ်ခွက် မနိုက်ဝံ့ကြသူတွေလို့ စကားခံထားသော်လည်း တကယ်မနိုက်ဝံ့ကြသူတွေ ဘယ်ဟုတ်ပါ့မလဲ။ သွက်လိုက်တဲ့ လက်တွေ။ ကိုတိုးကြီးက ကျွန်မတို့နှင့် ပိုပြီးခင်သွားအောင် စကားစသည်။ သည်အချိန်မှာ ကျွန်မတို့ ထမင်းစားပြီးကြပြီ။ အအေးတစ်ခွက်စီ မှာထားချိန်ဖြစ်၏။

"ကိုင်း...အောင် ငါ့နှမတွေ တစ်ယောက်ချင်းကို မင်းအကဲခတ်စမ်းကွာ...သူတို့စိတ်သဘောတွေ ဘယ်လိုရှိမလဲလို့...ပြီးရင် မင်းကို အကဲခတ်ခိုင်းမယ်"

အောင်က ပြုံးသည်။ ခင်ခင့်ကိုစကြည့်တော့ ခင်ခင်က လက်ကိုင်ပဝါဖြင့် မျက်နှာကို အုပ်သလိုလိုလုပ်လိုက်သည်။ မျက်နှာကို အကဲခတ်ရမှာဆိုတော့ တမင်သက်သက်လုပ်ပြခြင်းဖြစ်ကြောင်း ကျွန်မတို့ချင်း သိကြတာပေါ့။

"ကဲ...ကျွန်တော်ပြောမယ်နော်...မခင်ခင်က...မခင်ခင်က...နေဦး ကျွန်တော် စကားလုံးရွေးပါဦးမယ်...မခင်ခင်က Complex ရှိတယ်...အစွဲအလမ်းခေါ်မလား...သူတစ်ပါးကို ညှာတာတတ်တယ်...သနားတတ်တယ်...ဟုတ်လား မသိဘူး"

ကျွန်မတို့အားလုံး ရယ်ကြရသည်။ ဟုတ်သလိုလိုကိုး။

"စုံထောက်ကြီးဦးစံရှားရယ်...အဖြေကို ရှင်းပါဦး..."

www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးသိန်းက ဖြေရှင်းချက်တောင်းသည်။

"ကျွန်တော် ပြီးရင်ပြောမယ်လေ…နောက်.မစိုးစိုးမော်ကျတော့ အေးဆေးတယ်…သိုသိပ်တယ်…တစ်ခါ မနွယ်နွယ်တင်က စိတ်သဘောထားကောင်းတယ်…ရိုးရှင်းတယ်…"

"ကျေးမွေးထားတာကိုးဟ"

ခင်ခင်က အရွှန်းဝင်ဖောက်လိုက်သေး၏။

"မထွေးထွေးသိန်းကျတော့…"

ထွေးထွေးသိန်းက သူ့အလှည့်မှာ မေးစေ့ကို လက်ညှိုးထောက်ရင်း အမူအယာလုပ်ပြသည်။ နေဦး…ဟုဆိုကာ အင်္ကျီကို ခါးဆွဲဆန့်ကာ ပြန်ထိုင်သည်။ ပြီးမှ ရပြီ ပြောတော့တဲ့။

"မထွေးထွေးသိန်းက ဘဝကို ပျော်ပျော်ပါးပါးဖြတ်သန်းတတ်တယ်…လောကဓံကို ပြက်ရယ်ပြုနိုင်တဲ့အစွမ်းရှိတယ်…ပေါ့ပေါ့ပါးပါး နေတတ်တယ်"

"ပေါ့ပေါ့နေ ပေါ့ပေါ့စားပါကွာ"

ကိုတိုးကြီးက ဝင်ဖောက်လိုက်တော့ ကျွန်မတို့ ဝိုင်းရယ်လိုက်ကြသည်။ ဒီတစ်ခါတော့ ကျွန်မအလှည့်။ သူ ကျွန်မကို ဘယ်လိုမှတ်ချက်ချမှာလဲ။ ကျွန်မက သူနှင့်ကပ်လျက်ဆိုတော့ ကျွန်မကို ဆေးတိုက်ကြည့်သည်။ ပြီးတော့ တော်တော်နှင့် မပြောသေးဘဲ အအေးတစ်ကျိုက်မော့သောက်နေလိုက်သေး၏။ ပြောစမ်းပါမြန်မြန်။ ကျွန်မကြားချင်လှပြီ။ သူက လက်ချောင်းထိပ်ကလေးများဖြင့် စားပွဲကို စန္ဒရားခလုတ်တွေနှိပ်သလို တစ်ချောင်းချင်းနှိပ်ရင်းက ကျွန်မကို တစ်ချက်ငဲ့ကြည့်သည်။

"မသီရိမေကတော့ စိတ်ခံတတ်နိုင်မာပြတ်သားတယ်…လက်တွေ့ဆန်တယ်…တည်ငြိမ်တယ်…ဒါပေမဲ့…"

သူက စကားတွေကို ရပ်ထားလိုက်ပြန်၏။ ကျွန်မ အူတွေယားလာခဲ့သည်။ ဘာဒါပေမဲ့ပါလိမ့်။

"စိတ်ကူးယဉ်ဆန်တတ်တဲ့သဘောလည်း ရှိတယ်…ကမ္ဘာလောကနဲ့ အမြဲတမ်း စကားပြောနေသူလို့ဆိုရင်လည်း ရတယ်…ပြီးတော့…ပြီးတော့ ရွတ်ပေပေနိုင်ချင်တဲ့စိတ်ကလေးလည်း ရှိဟန်တူပါရဲ့ဗျာ"

ကျွန်မသူငယ်ချင်းတွေက ဝိုင်းရယ်ကြသည်။ ကျွန်မမှာ ဆန့်ကျင်ဘက်နှစ်မျိုးရှိနေတယ်လို့ သူဆိုလိုချင်တာလား။



ကိုတိုးကြီးကတော့ ဘာတစ်ခွန်းမှမပြောပါ။ မျက်နှာပြန့်ပြန့်ကြီးပေါ်က ပါးစပ်ပြဲပြဲကြီးကိုဟရင်း တဟားဟားရယ်နေသည်။ တစ်ဦးနှင့်တစ်ဦး ခင်ခင်မင်မင်ရင်းရင်းနှီးနှီးမရှိသေးဘဲ တစ်ယောက်ကိုတစ်ယောက် အကဲဖြတ်နေကြတာ သဘာဝမကျသော်လည်း ပျော်စရာတော့ အကောင်းသား။ ပြီးတော့ ပိုပြီး ရင်းနှီးယုံကြည်ခွင့်လည်း ရသည်မဟုတ်လား။ ကျွန်မတို့က သူ့ကို အကဲခတ်ရမည်ဆိုတော့ သူက ခပ်ပြုံးပြုံး။ ပြောချင်ရာပြောကြတော့ဆိုသည့်မျက်နှာ။

"ကိုင်း…ခင်ခင်စပြောစမ်း…အောင်က ဘယ်လိုလူစားလဲ…နင့်စိတ်ထဲရှိတာ ပွင့်ပွင့်လင်းလင်းဝေဖန်စမ်း"

"မိန်းကလေးတွေကို မရွံ့ဘူး…ပေါင်းတတ်သင်းတတ်တယ်"

ခင်ခင်က ကောက်ကာငင်ကာ ပြောလိုက်ခြင်းသာဖြစ်၏။ စိုးစိုးမော်ကတော့ ခင်မင်စရာကောင်းအောင် နေတတ်တယ်ဆိုတာလောက်သာ ဝေဖန်သည်။ နွယ်နွယ်တင်ကတော့ လူနေလူထိုင်သန့်ပြန့်တော့ စိတ်သဘောထားလည်း သန့်ရှင်းမှာပေါ့တဲ့။ ထွေးထွေးသိန်းကတော့ ယေဘုယျမဆန်ပါ။

"တစ်ခါတလေ စိတ်နဲ့လူနဲ့မကပ်ဘူးဆိုတဲ့ လူစားမျိုးလို့ထင်တယ်…သူတကာနဲ့မတူဘူး…ပွင့်ပွင့်လင်းလင်းမရှိဘူး…သည်စိတ်တွေကို ဖုံးကွယ်ထားနိုင်တဲ့အစွမ်းလည်းရှိတယ်"

ထွေးထွေးသိန်းပြောလိုက်သည့်စကားကို သူက အလေးအနက်ရှိဟန်ဖြင့် နားထောင်သည်။ ခေါင်းတညိတ်ညိတ်။ ထွေးထွေးသိန်းပြီးတော့ ကျွန်မအလှည့်။ ကျွန်မကတော့ သူနှင့်ပတ်သက်လို့ ကြိုတင်ရှာမထားပါ။ ခေါင်းထဲမှာရှိတာ မြင်တာကို အကဲခတ်ရသလောက်သာ ပြောချင်သည်။ ကျွန်မ ဘာပြောရမလဲ။

"ကိုအောင်နိုင်သူက တစ်ခါတစ်ခါ ပိုးမွှားတစ်ကောင်ဖြစ်နေတတ်ပြီး…တစ်ခါတစ်ခါ မြင်းရိုင်းတစ်ကောင်လို ခေါင်းမာတတ်တယ်…အင်း…ဆိုပါတော့ ကိုအောင်နိုင်သူဟာ သင်္ဘောကြီးတစ်စီးဖြစ်နေရင်တောင် ဆိပ်ကမ်းမှာ ကျောက်ချထားရတာကို အဓိပ္ပာယ်ရှိတယ်လို့ ထင်တတ်တဲ့လူမျိုး"

အောင်က စားပွဲကို လက်ဝါးနှင့်ရိုက်ချကာ အားရပါးရ ရယ်မောသည်။ ကိုတိုးကြီးနမတွေ မဆိုးဘူးဆိုသည့်ပုံဖြင့် ကိုတိုးကြီးလက်တွေကို ဆွဲယူယမ်းခါပါသည်။ ကျွန်မတို့တစ်ဦးချင်းကို မတ်တတ်ရပ်ရင်း မမိမကမ်း လက်ဆွဲနှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အပေါ် ပေးကြတဲ့ မှတ်ချက်တွေအားလုံးကို အသိအမှတ်ပြုပါတယ်ဗျာ...မြင်းခြံသူတွေကို အထင်မသေးဝံ့ပါဘူးဗျာ...တစ်ခု...ကျွန်တော် ပြောချင်တယ်..."

ကျွန်မတို့အားလုံး၏မျက်လုံးတွေက သူ့ဆီရောက်သွားကြသည်။

"ကျွန်တော်တို့တစ်တွေ သည့်ထက် ခင်မင်ရင်းနှီးသွားကြပြီဆိုတဲ့တစ်နေ့မှာ သည်လိုပဲ တစ်ယောက်အပေါ်တစ်ယောက် အမြင်ကလေးတွေ ဖလှယ်ချင်သေးတယ်ဗျာ...မကောင်းဘူးလား"

ကျွန်မတို့အားလုံး သဘောတူလိုက်ကြသည်။ ဘယ်နေ့ ဘယ်ရက်ရယ်လို့တော့ မသတ်မှတ်ကြပါ။ စားသောက်ပြီးတော့ ကျွန်မတို့အားလုံး ပြန်ကြဖို့ ထိုင်ရာကထလိုက်ကြသည်။ အောင့်ထံမှ လက်ကိုင်ပဝါအဖြူကလေးတစ်ထည် ကျသွားတာမြင်လိုက်သဖြင့် ကျွန်မကောက်ယူကာ သူ့လက်ထဲထည့်ပေးလိုက်သည်။ သူက လှမ်းအယူမှာ လက်ကိုင်ပဝါထောင့်က ပိုးချည်နှင့်ရက်ထားသော ANT ဆိုသည့် အင်္ဂလိပ်အက္ခရာသုံးလုံးကို ကျွန်မမြင်လိုက်ရသည်။ သူ့ကို ဘယ်သူကများ ထိုးပေးတာပါလိမ့်။

"နေဦးလေ...ကျွန်မတို့ကိုမြင်တဲ့မှတ်ချက်က ဘာကိုကြည့်ပြောတာလဲ ပြောဦးလေ..."

ထွေးထွေးသိန်းက မေးဖြစ်အောင်မေးလိုက်သေးသည်။

"မျက်လုံးတွေကိုပါ...လူတစ်ကိုယ်လုံးမှာ မျက်လုံးတွေဟာ စကားအပြောနိုင်ဆုံးပဲ...မျက်လုံးတွေကိုဖတ်လို့ရတယ်...နှုတ်ပြောတာက မယုံရဘူး...မျက်လုံးတွေက ပြောတာကိုသာ ယုံပါ...အနည်းဆုံး အမှားနည်းတယ်လေ"

မျက်လုံးများကိုကြည့်၍ စိတ်ကို ဖတ်နိုင်သည်ဆိုသောသူနှင့် ကိုတိုးကြီးတို့ ပြန်သွားသည့်အခါမှာတော့ ကျွန်မတို့လည်း အဆောင်ကိုပြန်ခဲ့ကြသည်။ တစ်လမ်းလုံး ရယ်ကြမောကြ။ အဆောင်ရောက်တော့လည်း စကားလက်စမသိမ်းနိုင်ကြပါ။ ထွေးထွေးသိန်းက အသံအကျယ်ဆုံး။ နောက်တော့လည်း စကားဦးက ကျွန်မဘက် လှည့်လာခဲ့တော့သည်။

"သီရိမေ ပိုင်တယ်ကွာ...ကျောက်ချထားတဲ့ သင်္ဘောကြီးတော့ ခံလိုက်ရတာပဲ"

"မဟုတ်ပါဘူးဟယ်...ငါလည်း စိတ်ထဲရှိတာ ပြောချလိုက်တာပါ"



"အေးပါ...နင်ပြောတာ ကောင်းပါတယ်...ဘာပဲဖြစ်ဖြစ် သီရိမေကတော့ ချစ်သူလက်နဲ့နွံ့တဲ့ ဟင်းချိုတစ်ဇွန်း သောက်ဖူးပြီပေါ့ဟယ်"

"ဟော့ ဟော့...နင်တို့စကားတွေနော်"

"ချစ်သူမဟုတ်သေးပါဘူးဟယ်...မောင်ပါ...တစ်နှစ်ငယ်တယ်တဲ့"

"နေပါဦးဟယ်...တို့သင်ရတာလေ...'ချစ်တဲ့သူငယ်လေ သူငယ်ချင်းကောင်း ယောက်မတို့လေး...ကြင်ချင်းဖယ်မှရည်တူ...ရှင်လူထွက်သစ် ဆယ့်ခြောက်နှစ်က ချစ်တဲ့သူကို ကလူငယ်မှ ကလဲ' တဲ့။ ကလူငယ်မှ ကလဲဆိုတာ အဲဒါပြောတာနေမှာ"

ထိုအခါ ခင်ခင်က အားကျမခံ ဝင်ရွတ်သည်။

"ထုတ်သားငယ်မှ မခိုင်...ထုတ်တိုင်ငယ်မှ ပိုးထိုး...အလယ်ကောင်မှာ ဖောင်ဖောင်ကျိုးက သူခိုးဆိုညွှန်း မီးထင်းထွန်းလို့ ဝန်းကြသော့ခါ ဆင်းချခုန် လမ်းဆုံရောက်ပါ့မလားရှင့်"

ခင်ခင်က သည်လိုရွတ်တော့ နွယ်နွယ်တင်က အသံနေအသံထားနှင့် ဆက်ရွတ်ပြန်၏။

"ညီမအထွေး ရွှေတလေးကို ပြေး၍ကြည့်လေ စေလေသောအခါ...အမယ်မမ ကျွန်မ...အို...မြင်ခဲ့ ငါတို့ရွာလယ်ကောင်တွင် ခုတင်ကြီးမှာ စောင်းတီးလို့လေး..."

ကျွန်မမှာတော့ ရယ်ရခက် ငိုရခက်။ ကျွန်မကို ဝိုင်းစနေကြခြင်းဖြစ်သည်။ ရလိုက်သည့်အိုင်ချင်းတွေ...။ စာမေးပွဲတုန်းကသာ သည်လောက်ရလျှင် မြန်မာစာ ဂုဏ်ထူးထွက်လောက်သည်။ စိုးစိုးမော်က ပါလာချေသေး၏။

"နေဦးဟ...အောင်နိုင်သူကို တစ်ဦးတည်းမှုပိုင် ရေစစ္စတြီမလုပ်နဲ့လေ...တို့အားလုံး မဲနှိုက်မှ တရားမှာပေါ့"

"သီရိမေပဲ ပေါက်မှာပါဟယ်... အောင်နိုင်သူကလည်း ပြတင်းပေါက်ပဲဟာ"

ထိုနေ့ညနေက မျက်ရည်တွေထွက်အောင် ရယ်ကြရသည်။ ကျိတ်ကျိတ်ကျိတ်ကျိတ်ရယ်ကြရတာကိုက ရယ်စရာဖြစ်နေရပြန်တော့ အရယ်မဆုံးတော့။ ရယ်ရလွန်းတော့လည်း ငိုရတတ်သတဲ့။ ကျွန်မတို့ဘဝတွေမှာ ငိုရတာရှိလိမ့်မည်ဟု မည်မထင်ခဲ့။ မြင်မြင်သမျှ ရယ်စရာတွေလို့သာ မြင်တတ်ကြသည့်အရွယ်တွေ မဟုတ်လား။ တကယ်တော့ အပျိုငယ်တို့၏ ရယ်မောခြင်းတွင် လှောင်ပြောင်မှု

www.burmeseclassic.com

www.burmeseclassic.com



မပါသော်လည်း မိမိကိုယ်မိမိ ရှက်ရွံ့ဖုံးကွယ်မှုတော့ ပါသည်ဆိုပါ၏။ သည်လို ရယ်မောခြင်းသည်ပင် အရွယ်ရောက်သူတို့၏ စိန်ခေါ်မှု စိတ်ကယောက်ကယက် ဖြစ်မှုလို့လည်း ကျွန်မဖတ်ဖူးသည်။

ထိုညက ကျွန်မ ဒိုင်ယာရီရေးဖို့ ခေါင်းထဲမှာ စီနေမိသည်။ ကျွန်မဖတ်ဖူးသည့် နိုင်ငံရပ်ခြား ဝတ္ထုတိုတစ်ပုဒ်မှာ မိန်းကလေးက သစ်ပင်ပေါ်က လိမ့်ကျဖူးသည်။ ဆူးချုံထဲ ပြုတ်ကျဖူးသည်။ နွားရိုင်း အဝှေ့ခံရဖူးသည်။ ဘာမှမဖြစ်။ သို့သော် ရွယ်တူယောကျာ်းကလေးတစ်ယောက်က လက်ကိုလာကိုင်သည့်အခါမှာတော့ မိုးကြိုးပစ်လိုက်သလို ခံစားမိရကြောင်း ဖွဲ့ထားတာ ကျွန်မဖတ်ဖူးသည်။ ကျွန်မ ဒိုင်ယာရီထဲမှာ ANT လို့ ပိုးချည်ဖြင့်ရက်ထားသော လက်ကိုင်ပဝါဖြူကလေး တစ်ထည်လည်း ပါလိမ့်မည်။ သည်လက်ကိုင်ပဝါလေးကို ဘယ်သူကများ ပေးခဲ့တာလဲ…မိုးကြိုးပစ်သလိုတော့ မခံစားမိရသေးပါ။

ကျွန်မ ဒိုင်ယာရီစာမျက်နှာများကို တစ်ရွက်ချင်း ရှေ့ဆက်လှန်လိုက်သည်။ အောင်နှင့်ကျွန်မတို့အဖွဲ့ ခင်မင်ရင်းနှီးခဲ့ကြတာပင် နှစ်လကျော်ခဲ့ပြီပဲ။ သည်ကနေ့ ဒိုင်ယာရီစာမျက်နှာမှာတော့ နွေဦး၏ ရွက်ခြွေလေအကြောင်းလည်း ထည့်ရေးရပါဦးမည်။

■

(၉)

"နှံမင်းချစ်မွေ့၊ အိမ်သားစေ့ငှ
တွေ့ကြုံဆုံမြဲ၊ အိမ်ပြန်ပွဲနှဲ့
ကြေကွဲဖုံးဝှက်၊ ငါချည်းသက်သက်
အိမ်လွမ်းခက်လှ …"

(ကြည်အေး)

နွေပိပိ မရောက်သေးသော်လည်း ကျွန်မတို့ ကိုယ့်မြို့ကိုယ် ပြန်ချင်ကြပြီ။ အိမ်ကို ပြန်ချင်ကြပြီ။ "အိမ်ကိုလွမ်းတယ်ဟယ်…အဖေတို့ အမေတို့ ဘယ်လို စားသောက်နေကြတယ် မသိဘူး" လို့ ခင်ခင်က ညည်းသည့်အခါ ကျွန်မတို့ စိတ်မကောင်းဖြစ်ကြရသည်။ ခင်ခင့်ခမျာ ပြည့်စုံရှာသူမဟုတ်တာ ကျွန်မတို့အားလုံး အသိပင်။ ခင်ခင့်အဖေက ဆိုက်ကားနင်း၊ အမေက နွယ်နွယ်တင်တို့ဆေးလိပ်ခုံမှာ ဆေးလိပ်လိပ်ရရှာသည်။ မောင်နှမခြောက်ယောက်ရှိရာ အစ်ကိုနှင့်အစ်မက အိမ်ထောင်ခွဲဆိုသော်လည်း အတူနေကြတော့ ကလေးတွေပင် ပိုလာခဲ့သည်။ မောင်နှမတွေထဲက ထူးထူးခြားခြား ခင်ခင်တစ်ယောက်ပဲ ဆယ်တန်းအောင်တာ ဆိုတော့ ကောလိပ်ကို ပို့ချင်ရှာကြသည်။ ရွာကအမွေဆိုင်မြေကွက်ကလေး ပြေးရောင်းပြီး မဖြစ်ဖြစ်အောင်ပို့ကြသည်။ ခင်ခင် ကောလိပ်ကျောင်းသွားတက်တာကိုပဲ သူတို့မှာ ဂုဏ်ယူမဆုံးကြ။

"မပူပါနဲ့ မသန်းရယ်…ကျွန်မ ခင်ခင့် ကျောင်းစရိတ်ကို တာဝန်ယူပါ့မယ်…သမီးကလည်း သူ့သူငယ်ချင်းကို ကျောင်းဆက်တက်စေချင်တာ…သမီးအတွက်လည်း အဖော်ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ်တင့်အမေက ကျောင်းစရိတ်တာဝန်ယူသည်ဆိုသော်လည်း ခင်ခင့်ခမျာ အစစအရာရာ ခြိုးခြံချွေတာသုံးစွဲရရှာသည်။ နွယ်နွယ်တင်က တတ်နိုင်သမျှ ဖြည့်စွမ်းသည်ဆိုသော်လည်း ခင်ခင်က အားနာတတ်သည်။ အခွင့်အရေးကို လိုအပ်သည်ထက် ပိုမယူချင်သည့် ခင်ခင့်ခံစားမှုကို ကျွန်မ နားလည်ပါ၏။ တစ်ခါတစ်ရံ ခင်ခင်က ကျွန်မကို ရင်ဖွင့်ရှာသည်။

“သီရိမေရယ်…နွယ်နွယ်တင်တို့ကို ငါ တကယ်ကျေးဇူးတင်ပါတယ်… ဘာမှလည်း ငါ့အပေါ် အသားယူတာမျိုးမရှိပါဘူး…ဒါပေမဲ့ဟာ ငါက သည်လိုဘဝကို မခံယူချင်တာ…ငါ့မိဘဆင်းရဲလို့ မထောက်ပံ့နိုင်ရင်ပဲ ထား…ငါက ငါ့လုပ်အားနဲ့ စာပေးစာယူလောက်ပဲ တက်ချင်တာ ရေရှည်ကြီးသွားရမှာဟ…တစ်ခါတလေ သည်အကြောင်းတွေးမိရင် ငါ မပျော်ဘူး”

ခင်ခင့်စိတ်ဓာတ်ကို ကျွန်မလေးစားမိရပါ၏။ ကျွန်မသာ သူ့နေရာမှာဆိုလျှင်လည်း သည်ခံစားမှုမျိုးတော့ ဝင်မိမှာသေချာသည်။ သူတစ်ပါးထံမှ အခွင့်အရေးမယူချင်သောစိတ်ဓာတ်ထက် ကိုယ့်ကိုယ်ကို လိပ်ပြာလုံချင်သည့်စိတ်ဓာတ်ပဲ ဖြစ်ပါလိမ့်မည်။

ခင်ခင်မှ မဟုတ်ပါ။ ကျွန်မတို့လည်း အိမ်ကိုလွမ်းကြသူများပင်။ ဖေဖေနှင့် မေမေ့ကိုလည်း လွမ်းသည်။ မောင်လေးနှင့် ညီမလေးကိုလည်း လွမ်းသည်။ သူငယ်ချင်းများနှင့် ပေါ်ပေါ်ဟားဟားရှိရတုန်းတော့ အိမ်လွမ်းစိတ်ကလေး ငုပ်နေသလိုလိုတော့ရှိသား။ တစ်ယောက်တည်းရှိသည့်အခါများမှာတော့ နေ့စဉ်လှုပ်ရှားသွားလာနေကျပုံစံထဲမှာ ကျဉ်းကျပ်နေရသလို ခံစားမိရသည်။

ကျွန်မတို့ သိပ္ပံ သင်္ချာဘာသာတွဲ ယူကြသူတွေက မနက်စောစော ထကြရသည်။ Practical ရှိသည့်နေ့ဆိုလျှင် မနက်စောစော ခေါက်ဆွဲပေါင်းကလေး မှုပင် မစားနိုင်။ Practical အချိန်မီအောင်ပြေးရသည်။ နေ့ခင်း ၁၂ နာရီဆိုလျှင်တော့ ပြီးပြီ။ ညနေပိုင်းတက်သူတွေက ကျွန်မတို့ကျောင်းဆင်းချိန်မှ စတက်ကြရသည်။ ဆောင်းတွင်းတုန်းကများ မန္တလေးဆောင်း၏ နှင်းကျမနက်ခင်းပိုးဝါးထဲ ကျောင်းသွားကြရသည်။ ဒေသကောလိပ်က ကျွန်မတို့အဆောင်နှင့် နှစ်ပြလောက်သာ ဝေးတာမို့ ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်သွားတာနှင့် ရောက်နိုင်ပါသည်။ စက်ဘီးနှင့် တစ်ထောက်မသွားရလို့ တော်ပါသေး၏။ နို့မို့ဆို စက်ဘီးမစီးတတ်တာနှင့်ပဲ ဒုက္ခ။ စက်ဘီးမစီးတတ်သည့်အတွက်တော့ ကျွန်မ စိတ်အားမငယ်မိ။



ဝေးသည်ဆိုဦးတော့ ကျွန်မ လမ်းလျှောက်သွားရုံသာ။ ထွေးထွေးသိန်းက နှစ်နှစ်လောက်လိုသေးသည့် ပင်မတက္ကသိုလ်ကို တက်ရန်ကိစ္စကို လွမ်းပူသည်။

“သီရိမေက စက်ဘီးမစီးတတ်တော့ မိန်းတက်ရရင် ခင်ခင့်နောက်က လိုက်”

“ဘယ်သူ့နောက်မှ မလိုက်ဘူး…ငါက ကားစီးမှာဟဲ့”

“ဟုတ်သားပဲ…သီရိမေ ယောက္ခမက လင့်နိုဗာနဲ့ဟာကို”

ကျွန်မက လိုင်းကားနှင့်သွားမှာကို ပြောခြင်းဖြစ်သော်လည်း စကားက သူတို့အကွက်ထဲဝင်သွားခဲ့သည်။ အောင်က တစ်ခါတစ်ရံ သူ့ဖခင် အရာရှိကားနှင့် ရောက်ရောက်လာတတ်တာကို စကြခြင်းဖြစ်သည်။ သည်တော့ ကျွန်မက သူတို့ထက်ပိုအောင် ကွန့်ပြလိုက်ရသည်။ ခုတလော သူတို့ ကျွန်မကို စကြတာ လွန်လာပြီ။

“ဟော့…ယောက္ခမကားတော့ မစီးဘူးဟေ့…ချစ်သူနဲ့နှစ်ယောက်ထဲ လေညှင်းခံစီးမှာ…နင်တို့မပါကြနဲ့…မွှေးရိုင့်လွှာ၊ နှင်းဆီရာထောင်၊ စိမ်းပြာလိမ္မော်၊ ရွှေရောင်ညိုညက်၊ ချောကလက်ပွင့်၊ သက်ပွင့်မှုးဝေ၊ ပွင့်ဖူးတွေကြား၊ မောင်နဲ့ကစား ချင်…”

“သီရိမေက မောင်နဲ့ကစားချင်လို့တဲ့ဟေ့…ဘာလုပ်တမ်းကစားမှာပါ လိမ့်…”

“ဘုတ်တလုတ်တောက်တဲ့ နေမှာပေါ့”

“တောက်တဲ့ဆိုရင် ကပ်နေမှာပေါ့ဟဲ့”

တစ်ယောက်နှင့်တစ်ယောက် ပြောမနာဆိုမနာ ရှိကြသူတွေဆိုတော့ ပျော်စရာတော့ကောင်းလှပါ၏။ သို့သော် သူတို့တွေလည်း အိမ်တွေကို လွမ်းနေကြတာ ကျွန်မသိပါသည်။ ကျွန်မတို့သူငယ်ချင်းငါးယောက်စလုံး သိပ္ပံသင်္ချာ ယူကြသူတွေချည်းမို့ ကျောင်းသွားတော့လည်း တပူးတွဲတွဲ၊ စားကြတော့လည်း မခွဲမခွာ၊ စကားတွေ အနိုင်ပြောကြရတာကလည်း ဝသီဖြစ်နေကြပြီ။

ခုနပါတ်ခြားသဖြင့် Practical အချိန်မတူသည်မှအပ ကျန်သည့် အတန်းတက်ချိန်တွေမှာတော့ တူကြသည်။ ကိုယ့်အတန်းရယ် သူ့အတန်းရယ် မဟုတ်ဘဲ ကိုယ်ကြိုက်သည့် ဆရာ၊ ဆရာမအတန်းကို ကျွန်မတို့ လိုက်တက်ကြသည်။ ကျောင်းလွှတ်ပြီဆိုလျှင်လည်း အဆောင်ကို တန်းပြန်ချင်မှပြန်သည်။ တရုတ်တန်း ဈေးဘက် သွားငေးချင်ငေးကြသည်။ ဈေးဆိုင်တန်းမှာ အဆာပြေ စားချင်စားတတ်

www.burmeseclassic.com

www.burmeseclassic.com



ကြသေး၏။ စားပြီးတော့ တစ်ယောက်က ဒိုင်ခံရှင်း၊ ပြီးတော့ ကိုယ့်အတွက်သင့်ကျပြန်ပေး။ အမေရိကန်စစ္စတမ်လို့ပြောလျှင် သဘောပေါက်သည်။ ကျောင်းအသုံးအဆောင်ပစ္စည်း ခဲတံ၊ ပေတံ၊ ဗလာစာအုပ်၊ ဘောလ်ပင်ကအစ ကြုံသူကကြုံသလိုဝယ်လာပြီး ဝေမျှသုံးကြသည်။ နှယ်နှယ်တင်ကတော့ ကျွန်မတို့ကို အဖြည့်ဆည်းဆုံး။ သည်အချိန်အထိတော့ သူ့လက်ကောက်တစ်ကွင်းတလေမှ ကျွန်မတို့မထိကြရသေးပါ။

တစ်ခါတစ်ရံ ကျောင်းရိပ်အေးမြမှာထိုင်ကြရင်း ဟိုနားသည်နားသွားဖို့တိုင်ပင်ကြတိုင်း ကျွန်မ သွားချင်သည့် စာအုပ်ဆိုင်ကိစ္စက အမြဲပါတတ်သည်။ မဲဆန္ဒအရ ရုပ်ရှင်ကြည့်ချင်သူ၊ ကျိုန်းကျိုန်းမှာ ဆန်ခေါက်ဆွဲစားချင်သူတွေလည်းရှိ၏။ အဆောင်ပြန်လျှင် ထမင်းစားကြရုံသာရှိသော်လည်း မိန်းကလေးသဘာဝပါးစပ်ကလေးလှုပ်နေရမှ နေသာကြသူတွေမဟုတ်လား။ ကွာစေ့တထောက်ထောက်၊ နေကြာစေ့တဖျောက်ဖျောက် ရှိချင်ရှိသလို၊ သီးစုံပေါင်း ချဉ်စပ်စပ်စားကြရင်း ရှူးရှူးရှဲရှဲ ရှိချင်လည်းရှိသည်။ တစ်ယောက်ယောက်က ဈေးဝယ်စရာရှိသည်ဆိုလျှင်တော့ အဆောင်ကို တော်တော်နှင့်ပြန်မရောက်တော့။ လမ်းပေါ်မှာ ညောင်းလာပြီဆိုတော့မှ အဆောင်ကို ဒရွတ်ဆွဲပြန်ကြသည်။ ကျွန်မသွားချင်သော စာအုပ်ဆိုင်ကိုလည်း လိုက်ကြရသည့်အခါလည်း ရှိပါ၏။

တစ်ခါတစ်ရံ စာအုပ်ဆိုင်သွားဖို့ ခရီးစဉ်ဆွဲနေတုန်း အောင်ရောက်လာလျှင်တော့ စာအုပ်ဆိုင်ကို အောင်နဲ့သွားတော့ဆိုကာ စောင့်နေတတ်ကြသည်။ ကျွန်မတို့နေကျ ဒေသကောလိပ်ရှေ့မှ 'မြတမာ' စာအုပ်အငှားဆိုင်ကလေးမှာ ကျွန်မလိုချင်သည့် စာအုပ်မရလျှင်တော့ ၃၅ လမ်းအတိုင်း လမ်းလျှောက်ကာ 'ဒုတိယချစ်သူ' စာအုပ်ဆိုင်အထိ သွားကြသည်။

"စာအုပ်ဆိုင်တွေမှာ ကဗျာစာအုပ် သိပ်မတင်ကြဘူးနော် မေ…အောင်တော့ ကဗျာစာအုပ်တွေ ကြုံတိုင်းဝယ်ထားတယ်…တော်တော်စုမိနေပြီ…မေ ကဗျာတွေဖတ်သလား"

"ဖတ်ပါတယ်…ကြည်အေးကဗျာတွေ သိပ်ကြိုက်တယ်…တချို့ကဗျာတွေ အလွတ်ရတယ်… ဟိုတစ်ပုဒ် သည်တစ်ပုဒ် စုရတာဆိုတော့ အားမရဘူး… ကြည်အေးကဗျာစာအုပ်ထွက်ရင် သိပ်ကောင်းမှာပဲ"

"ဟုတ်တယ်…ကဗျာဆရာရဲ့ ကဗျာတွေ စုဖတ်လိုက်ရမှ ကဗျာဆရာရဲ့နှလုံးသားကို ကောင်းကောင်းမြင်ရတာ…အောင်ဆိုရင် နတ်ရှင်နောင်ရဲ့



ရတုတွေ သိပ်ကြိုက်တာ…ဘဝရုပ်ပုံလွှာရော သူ့ခံစားမှုပါ မြင်ရတယ်လို့အောင်ထင်တယ်…နတ်ရှင်နောင်ရတုတွေ မေ ဖတ်ဖူးလား…"

"ဖေဖေကတော့ ခဏခဏပြောပြပါတယ်…မေကတော့ တို့တို့တိတိလောက်ပါပဲ…ကောင်းကောင်းမဖတ်ဖူးဘူး အောင်ရဲ့"

"အောင်ယူခဲ့မယ်…မေ ကြိုက်သွားမှာပဲ…။ ဆိုပါတော့… *'ပိတောက်လျှံကဲ၊ ရွှေရည်စဲက၊ ပုလဲနံ့သွယ်၊ အလှယ်လှယ်တည့်၊ စံပယ်ဖြူမွှေး၊ စံကားသေးကို၊ မြတ်လေးစုံမက်၊ ကျွန့်ပ်လက်နှင့်၊ ရွှေလျက်ရှုရှု၊ မဆင်ရတည့်…'* ဆိုတာမျိုးပေါ့…သိပ်ခံစားရတယ်၊ ချစ်သူကို ကိုယ့်လက်နဲ့ပန်းမပန်ပေးရတာကို ဖွဲ့တာ…အင်မတန် နူးညံ့တဲ့ မေတ္တာကိုမြင်ရတယ်"

အင်္ဂလိပ်ဝတ္ထုတွေဖတ်သူက နတ်ရှင်နောင်အကြောင်း ပြောနေတာကိုတော့ ကျွန်မ နားမလည်နိုင်ပါ။ အောင်က ထူးတော့ထူးဆန်းသည်။ လူနေလူထိုင်ရှင်းသန့်သည်။ စာတွေဖတ်တာလည်း အဆတိုးမြင့်သည်။ သူ့မှာ ကိုတိုးကြီးကလွဲလျှင် တခြားယောက်ျားကလေးများနှင့် သွားတာလာတာမျိုး သိပ်မရှိ။ နှစ်စမို့လားတော့မသိ။ ကိုတိုးကြီးနှင့်အကြောင်းခံကာ ကျွန်မတို့နှင့် ဆုံမိကြကတည်းက ခင်မင်သွားခဲ့သည်။ သူ့ခင်မင်မှုက ရိုးသားမှန်း သိသာသည်။ သူ့စိတ်နှလုံးကို မြင်ရသည်။ ကျွန်မတို့ကိုလည်း သူ ခင်မင်ပုံရ၏။ ခုနောက်ပိုင်းမှာ ကျွန်မတို့အားလုံး နာမည်များကို အဖျားဆွတ်ခေါ်သည်။ မထွေး၊ မနှယ်၊ မခင်၊ မစိုး…။ ကျွန်မကိုတော့ မေ…တဲ့။ ကျွန်မတို့ကလည်း ကိုတိုးကြီးခေါ်သလို 'အောင်' လို့သာ ခေါ်ကြသည်။

တခြားသူတွေထက်စာလျှင် စာတွေဖတ်သော ကျွန်မနှင့် ပိုနီးကပ်နေတာတော့ရှိပါ၏။ သူနှင့်ခင်မင်ရတာ ကျွန်မအတွက် ကျဉ်းကျပ်မနေပါ။ ကျောင်းဖွင့်စကတည်းက ခင်မင်ခဲ့သူဆိုတော့ ကျွန်မတို့သူငယ်ချင်းတွေကြားမှာ သူလည်းအသစ်တိုးလာသော သူငယ်ချင်းဖြစ်ခဲ့ပြီ။ အောင်နှင့်ခင်လာတော့လည်း သူ့စကားတွေထဲမှာ သူ့ဘဝပုံရိပ်အချို့ကို ကျွန်မ 'ကောက်' နိုင်ခဲ့ပါ၏။ အောင့်ဖခင်က အစိုးရအရာထမ်းတစ်ဦးဖြစ်၍ မြို့ကြီးတွေကို ပြောင်းရွှေ့နေရသူဟုဆိုသည်။ မိခင်ကကလောသူ။ ရှမ်းတော်သွားမျိုးနွယ်။ ဗုဒ္ဓဘာသာမိသားစုဆိုသော်လည်း အောင်တို့လူနေမှုပုံစံက အနောက်တိုင်းဆန်ပုံရသည်။ အောင်ကတော့ တစ်ဦးတည်းသောသားဖြစ်ပုံရပါ၏။ အောင်က သူ့အကြောင်းတွေကို ပွင့်ပွင့်လင်းလင်း ပြောမပြတတ်ဟုကိုတိုးကြီးက ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အကြောင်းတွေကိုတော့ အောင်က သိနေပြီ။ မသိချင်လို့လည်း မဖြစ်။ ကျွန်မတို့အဖွဲ့၏ တစ်ယောက်တစ်ပေါက်စကားတွေထဲမှာကို ဘဝတွေက ပါပြီးသားမဟုတ်လား။

"မေ…ကျောင်းပြီးရင်ကော ဘာလုပ်မယ်စိတ်ကူးလဲ… အောင်သိချင်လို့ပါ"

"မေကတော့ တက္ကသိုလ်မှာ သရုပ်ပြဆရာမ လုပ်ချင်တာပါ… ငယ်ငယ်ရွယ်ရွယ်နဲ့ သရုပ်ပြဆရာမကလေးတွေဖြစ်နေတာကို မေ အားကျတယ် အောင်…အောင်ကရော"

"အောင်ကတော့…အင်း…အောင် တက္ကသိုလ်ရောက်ရင် မြန်မာစာမေဂျာ ယူမယ်လို့ ရည်ရွယ်ထားတယ်…ဒါကြောင့်လည်း ဝိဇ္ဇာရိုးရိုးဘာသာတွဲကို အောင် ယူခဲ့တာပေါ့…မြန်မာစာကို အောင် သိပ်သဘောကျတယ် မေရဲ့"

တစ်ခါတလေ စာအကြောင်းပေအကြောင်း စကားလမ်းကြောင်းပြောင်းသွားတာလည်းရှိသည်။ တစ်ခါတလေတော့ သူဖတ်ထားသည့် အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်တလေကို အောင်က ပြောပြတတ်ပါသည်။ တစ်ခါတစ်ခါတော့ ရေးကဗျာတွေထဲက တစ်ပိုဒ်ကို ရွတ်ပြရင်း အသုံးအနှုန်းတွေကို ရှင်းပြတတ်ပါသည်။ သည်လိုအခါမျိုးတွေမှာ စကားဝိုင်းက နှစ်ဝိုင်းဖြစ်သွားပါတော့၏။

အတန်းအားချိန်တွေမှာ ကိုတိုးကြီးနှင့်အောင်က နန်းကေသီအဆောင်ဘက်မှ ကျွန်မတို့တစ်တွေရှိရာ သုံးထပ်ဆောင်ဆားက စိန်ပန်းပင်အုပ်အုပ်ကလေးအောက်ကို ရောက်လာတတ်သည်။ ကျွန်မတို့နှစ်ယောက် စာအကြောင်း ပေအကြောင်းပြောမိလျှင် စကားလက်စသတ်မရတတ်ပါ။ တစ်ဖက်စကားဝိုင်းက ငြိမ်သွားပြီး အော်တတ်သည်။

"ကိုင်း သွားကြမယ်ဟေ့…ဖိုးသူတော်ဦးမင်းနဲ့ သီလရှင်မယ်ကင်း…"

"သီရိမေက မယ်ခွေပါဟယ်"

First Term ကျောင်းပိတ်လျှင် အောင့်ကို ကျွန်မတို့မြို့ကလေးကို လိုက်ခဲ့ဖို့ အားလုံးက ခေါ်ချင်ကြသည်။ ကိုတိုးကြီးက ခေါ်လာခဲ့လျှင်တော့ အကောင်းသား။ ထွေးထွေးသိန်းစကားကြောင့် ရယ်ကြရသည်။

"လိုက်လာရင်တော့ ကောင်းတာပေါ့ဟဲ့…နွယ်နွယ်တင်တို့ ဆေးလိပ်ခုံက ဆေးဂိုဒေါင်ထဲ ညသိပ်ရမှာပဲ"

ယမ်းပေါ်မှာ ရယ်သံတွေ လွင့်ပျံ့သွားလေသည်။



တစ်ညနေစောင်း…။

ကျွန်မတို့အားလုံး အဆောင်အောက်ဆင်းကာ ပုန်းညက်ပင်ခြေမှာ စကားတွေထိုင်ပြောဖြစ်ခဲ့ကြပါ၏။ မိုးကုတ်သူတွေကတော့ သိုးမွှေးထိုးနေကြသည်။ ကျွန်မတို့ထဲမှ စပ်စပ်စုစုနိုင်လှသော ထွေးထွေးသိန်းက မိုးကုတ်သူတွေထံမှ ချည်ထိုးပညာ သင်ယူနေသည်။ လက်တစ်ဖဝါးစာလောက် ရလာတာကိုပဲ သူ့မှာ ဂုဏ်ယူမဆုံး။ ကျွန်မကတော့ မိန်းမသားမဆန်ဘူးပဲပြောပြော သိုးမွှေးချည်ထိုးသည့် အလုပ်မျိုးကို ဝါသနာမပါလှပါ။

ဆောင်းယွန်းကာနီးဆိုသော်လည်း ဆောင်းငွေ့ကလေးရှိနေပါသေး၏။ နွေဘက်ကို လုပြန်တော့ မြူတွေကလည်း နှင်းတွေကို ဖယ်ချင်ကြပြီ။ သည်လို စပ်ကူးမတ်ကူးကာလကလေးကို ကျွန်မ သိပ်သဘောကျပါ၏။

"သည်အချိန်ဆို တို့ပြောင်းပြာချောင်းကြီး သဲပြင်ကြီးဖြစ်လောက်ပြီနော် သီရိမေ…ငါတော့ မြင်းခြံပြန်ချင်လှပြီ…နင်ကော"

စိုးစိုးမော်က ကျွန်မကို မေးနေခြင်းဖြစ်သည်။

"ပြန်ချင်တာပေါ့ဟယ်…သိပ်တော့မလိုတော့ပါဘူးဟာ… အောင့်လိုက်ပါဦး"

ထိုစဉ်မှာပင် အဆောင်က ကလေးမကလေးက ကျွန်မကို စာအိတ်တစ်အိတ်လာပေးသည်။ စက္ကူအိတ်ညိုကလေးနှင့် ထည့်ထားကာ အိတ်ပေါ်မှ 'မေ' လို့ရေးထားသည်။ အထဲမှာ စာအုပ်တစ်အုပ်နှင့် စာတစ်စောင်။ သူငယ်ချင်းတွေရှေ့မှာပဲ စာအုပ်ကို ကျွန်မ ထုတ်ကြည့်လိုက်ပါသည်။ တကယ်တော့ စာအုပ်အဖြစ် ချုပ်ထားသော လက်ရေးကဗျာစာအုပ်ဖြစ်သည်။ အပေါ်မှာ ပန်းချီဆန်ဆန် လက်ရေးများဖြင့် 'ကြည်အေး၏ကဗျာများ' လို့ရေးထားသဖြင့် ကျွန်မ စိတ်ဝင်စားသွားခဲ့သည်။ ဆရာမကြည်အေး၏ ကဗျာတွေကို ကျွန်မ အတော်များများ စုမိထားပြီဆိုသော်လည်း သည်စာအုပ်ထဲမှာ ပါသလောက်တော့ မများပါ။ စာအိတ်ထဲမှာ ဗလာစာရွက်ဖြင့် ရေးထားသည့် စာကလေးတစ်စောင်။

မေ,

နက်ဖြန်နောင်ရတုတွေ ငှားပါဦးမယ်ပြောခဲ့ပေမယ့် အောင်ကိုယ်တိုင်ရှာဖွေစုဆောင်းထားတဲ့ ကြည်အေးကဗျာတွေ မေ ကူးချင်ကူးရအောင် ပေးခဲ့ပါတယ်…အေးအေးဆေးဆေးကူးပါ။ တာရာမဂ္ဂဇင်းအဟောင်းတွေထဲက ကဗျာတွေပါပါလို့ ဝမ်းသာမယ်ထင်တာပါပဲ…။

ချစ်ခင်စွာဖြင့်

အောင်

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်လိုက်တာ အောင်…။ ကြည်အေးကဗျာတွေကို ကျွန်မကြိုက်သည်ဆိုသဖြင့် ကျွန်မ ဝမ်းသာပါစေတော့ဆိုသည့်စိတ်ဖြင့် တကန်တကလေးဟုသော အောင့်ကို ဘယ်လိုကျေးဇူးတင်မှန်းပင်မသိ။ ကျွန်မလက်ထဲကစာကို ခင်ခင်က ဆွဲလုသည်။ အားလုံးကြားအောင် ဖတ်ပြသည်။ သူတို့အားလုံးကို ထားခဲ့ကာ အဆောင်ပေါ်ကို ကျွန်မပြေးတက်လာခဲ့သည်။ အဆောင်မီးတွေ လင်းပြီ။ ပြတင်းဝက စွတ်စွတ်အေးသော လေကလေးဝင်နေပါ၏။ လေပြည်ထဲမှာ ပန်းရနံ့တွေတောင်.ပါလေသလားပဲ။

ခုထောင်ပေါ်ကို လှဲလိုက်ကာ ကဗျာတွေကို တစ်ပုဒ်ချင်း ခပ်ဖြည်းဖြည်း ကျွန်မ ဖတ်နေမိ၏။ ကျွန်မထင်သလိုပင်။ သည်စာအုပ်ထဲက ကဗျာအတော်များများကို ကျွန်မ မဖတ်ဖူးခဲ့။ ပထမဆုံးကဗျာတစ်ပုဒ်ကို ကျွန်မ စဖတ်သည်။

*'မောင့် တောအုပ်မှာ*
*ငှက်ပြာဝတ်ရည်၊ သောက်ယစ်ရီတတ်*
*နှင်းဆီဖြူလှဲ့၊ ပျံ့ခင်းဖွဲ့တတ်*
*ဝါသွဲ့ရွက်ကြွေ၊ လိပ်ပြာမွေတတ်*
*မြစ်ရေချောင်းစ၊ တေးညင်းမြတတ်…'*

ထိုညက ကဗျာတွေနှင့် ကျွန်မ အိပ်ပျော်သွားခဲ့သည်။

■

(၁၀)

ထိုရက်တွေတုန်းက ကျွန်မ ကဗျာတွေကူးနေရသည်။ ကျွန်မမှာရှိပြီးသား၊ ကျွန်မ အလွတ်ရပြီးသားကဗျာတွေရယ်လို့ မချန်တော့ဘဲ အောင့်စာအုပ်ထဲက အတိုင်း ကူးယူခြင်းဖြစ်သည်။ ကျွန်မသူငယ်ချင်းတွေကလည်း ကျွန်မရှုးသွပ်မှုမှာ ပါဝင်သောအားဖြင့် ဝိုင်းကူးပေးချင်ကြပါ၏။ ကျွန်မ၏စာအုပ်ကလေးမှာ ကျွန်မလက်ရေးတွေပဲ ပါချင်သည်။ ကျွန်မက လက်ရေးလှလို့တော့မဟုတ်ပါ။ ကဗျာတွေကို ကျွန်မကိုယ်တိုင် တယုတယ ကူးယူချင်လို့ဖြစ်၏။ တစ်ခုတော့ရှိပါသည်။ ရှေ့ဆုံးစာမျက်နှာမှာ စိုးစိုးမော်ကို ကနုတ်ပန်းနွယ်ကလေးတွေ အဆွဲခိုင်းရသည်။ စိုးစိုးမော်က ကနုတ်ပန်းကလေးတွေဆွဲတာ သိပ်တော်သည်။ သဇင်ခွေကလေးတွေ အရွက်အပွင့် အခက်အညွန့်ကလေးတွေပါအောင် လှလှပပဆွဲတတ်တာ ငါးတန်းကျောင်းသူလောက်ကတည်းကဖြစ်၏။

ပြီးတော့ သူ့မှာ ရောင်စုံခဲတံကလေးတွေလည်း သွားလေရာပါသည်။ အားအားရှိလျှင် စကားမပြောဘဲ ကနုတ်နွယ်ကလေးတွေ ရေးနေတတ်သူဖြစ်သည်။ စိုးစိုးမော်ကလည်း ကျွန်မ၏ ကဗျာဗလာစာအုပ်မှာ လက်စွမ်းပြလေတော့သည်။ ကျွန်မက စာမျက်နှာအလယ်လောက်မှာ 'ကြည်အေး၏ကဗျာများ' လို့ စာလုံးကြီးကြီးရေးလိုက်သည်။ နောက်တစ်မျက်နှာကစပြီး အချိန်အားတိုင်း တစ်ပုဒ်ချင်း ကူးရတော့သည်။

*'ငှက်ပြာဝတ်ရည်၊ နှင်းဆီဖြူလှဲ့၊ ဝါသွဲ့ရွက်ကြွေ၊ မြစ်ရေချောင်းစ၊ မောင့်တောအုပ်မှာ…'* ကဗျာထဲက အဖွဲ့အနွဲ့တွေကိုဖတ်ရင်း အပြာရောင်ငှက်၊ အဖြူရောင်နှင်းဆီ၊ အဝါရောင်ရွက်ကြွေ စသည်ဖြင့် အရောင်တွေထည့်ဖွဲ့ခဲ့သော်လည်း မြစ်ရေကျတော့ အရောင်မပါတာကို ကျွန်မစဉ်းစားနေမိပါ၏။ မြစ်ရေစိမ်းဖန့်… ဆိုရင်ကော။ ကဗျာတွေ ဖတ်ရင်းကူးရင်းက စိတ်ကူးတွေကွန့်ရတာလည်း ပျော်စရာကောင်းသား။

www.burmeseclassic.com

www.burmeseclassic.com



အောင် ပြောခဲ့သလို ကဗျာတွေ စုဖတ်လိုက်ရမှ ကဗျာဆရာ၏ နှလုံးသားကို မြင်ရတာအမှန်ပင်။ ကဗျာဘာသာစကားသည် နားထောင်တတ်သူအဖို့ ငြီးငွေ့စရာမရှိ။

သည်ရက်တွေထဲမှာ အလုပ်တွေကလည်း အများသား။ ကျောင်းစာတွေကလည်း များလာပြီ။ Practical လုပ်ရ၊ ကျူတိုရီရယ် ဖြေရနှင့်ဆိုတော့ ကျောင်းစာကိုလည်း ကျွန်မ မလစ်ဟင်းချင်ပါ။ မိဘနှစ်ပါးခမျာ ကြိုးစားပမ်းစား ရုန်းရင်းကန်ရင်း ကျောင်းထားရတာဆိုတော့ ကျွန်မကိုယ်တိုင်က တာဝန်မမဲ့ချင်တာလည်း ပါပါ၏။ စာအုပ်ကလေးကို အဆောင်က ကလေးမထံ ထားသွားပြီးကတည်းက အောင့်ကို ကျောင်းမှာမတွေ့ရတော့။ သူက ဝိဇ္ဇာရိုးရိုးဆိုတော့ ကျွန်မတို့နှင့် Section မတူတာထား၊ ခါတိုင်းလို အတန်းအားချိန်ကလေးမှာပင် မတွေ့ရတော့။ အဆောင်ကိုလည်း ပေါ်မလာ။

ကျွန်မကလည်း သူ့ကို ခြေဆန့်ရှာမနေချင်။ ကိုယ်တော်ချောနှင့်တွေ့မှ သူ့စာအုပ်ကလေး ပြန်ပေးရတော့မည်။ အောင်တို့အဆောင်က ကျွန်မတို့နှင့် သိပ်မဝေးဘူးဆိုတာသိပေမယ့် အဲသလောက်အထိတော့ ကျွန်မ သွားမပေးဝံ့။ အောင့်ကဗျာစာအုပ်ကလေးက ကျွန်မလက်ထဲမှာ တစ်ပတ်လောက်ရှိသွားခဲ့ပြီ။ သူ့စာအုပ်ကလေး ပြန်ပေးချင်စိတ်ရှိသော်လည်း အောင့်ကိုတော့ ကျွန်မ လွမ်းတာမျိုး မဟုတ်။ သူနှင့်ကျွန်မကြား အခြားဘာမှမရှိ။ ကဗျာတွေကို ကျွန်မ ချစ်တာပဲ သိသည်။

ကြည်အေးကဗျာတွေကိုမှမဟုတ်ပါ။ ဆရာမင်းသုဝဏ် ကဗျာတွေကိုလည်း နှစ်သက်ပါသည်။ ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာတွေကိုလည်း ကျွန်မ တတ်နိုင်သမျှ ကူးရေးထားတာရှိသည်။ အောင် နှစ်သက်သည်ဆိုသော နတ်ရှင်နောင်ရတုတွေ၊ နဝဒေးကြီးရတုတွေ။ ပြီးတော့ မမြကလေးနှင့် လှိုင်ထိပ်ခေါင်တင်တို့၏ တေးထပ်တွေကိုလည်း ကျွန်မကူးယူချင်လှပါသည်။ ကဗျာက ပေးသော ရသခံစားမှုတွေကို အောင့်ထံမှ ကျွန်မ ကြားချင်တာလည်း ပါပါသည်။

အခုတော့လည်း ကြည်အေးကဗျာစာအုပ်ကလေးကို အကြောင်းပြု၍ သူစိမ်းရုယ်တူ ယောကျ်ားကလေးတစ်ယောက်ကို ကျွန်မ စောင့်စားနေမိပါပကော။ ဒါပေမဲ့ ကျွန်မ အောင့်ကို စောင့်မျှော်နေမိခြင်းတော့ မဟုတ်ပါ။ ကျွန်မအတွေးကို ကျွန်မကိုယ်ကျွန်မ ပြုံးမိရသည်။



"ဟော့...ကိုတိုးကြီးနဲ့အောင် မတွေ့တာတောင်ကြာပြီနော်... ဘာတွေများ အလုပ်များနေကြသလဲမသိဘူး...သူတို့အတန်းဘက် သွားရှာကြရအောင်"

ထွေးထွေးသိန်းကပြောတော့ အားလုံးက ထောက်ခံကာ နန်းကေသီအဆောင်ဘက်က အတန်းတွေကို ကျွန်မတို့ငါးယောက် ကျီးကန်းတောင်းမှောက်ရှာခဲ့ကြသည်။ သို့သော် မတွေ့ခဲ့ရပါ။

"ဒီမှာ...ကိုတိုးမောင်မောင်ကို သိလား မြင်းခြံကလေ"

"သြော်...သိတယ် သိတယ်...ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားကို ပြောတာမှုတ်လား"

"ရှင်"

ခင်ခင့်အမေးကို ကျောင်းသားတစ်ယောက်က ပြန်ပြောတော့ ကျွန်မတို့တစ်တွေ အားလုံး ကြောင်သွားကြသည်။ ချော်လဲရောထိုင်ကာ ဟုတ်ပါတယ်လို့သာ ဖြေလိုက်ကြသည်။ ဒါ ကိုတိုးကြီးရဲ့ နာမည်ပြောင်ပဲဖြစ်ရမည်။ ဘာကြောင့်သည်လိုခေါ်ကြသလဲဆိုတာတော့ ကျွန်မတို့နည်း ကျွန်မတို့ဟန်နှင့်ပဲ စုံစမ်းယူကြရမည်။ အောင့်မှာကော နာမည်ပြောင်ရှိသလား ကျွန်မ သိချင်သည်။

"ပရော်ဖက်ဆာတို့က Fresher Wellcome အတွက် သီချင်းတိုက်နေကြတာခင်ဗျ...တွေ့ချင်ရင် အောင်ပင်လယ်ခန်းမအပေါ်ထပ်ကို လိုက်သွားကြပါလား...အဲသည်မှာ ရှိလိမ့်မယ်"

"သြော်...ဟုတ်ကဲ့ ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်ရှင့်"

"ကျေးဇူးက ပါးစပ်နဲ့ပဲ တင်တာလားဗျာ...လက်ဖက်ရည်ကလေး ဘာလေးကော မတိုက်ချင်ဘူးလား"

"မတိုက်ချင်ပါဘူးဟယ်..."

"အမ်..."

ထွေးထွေးသိန်းက ခပ်တည်တည်နှင့် နောက်လိုက်တော့ ကျွန်မတို့မှာ ရယ်ကြရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုညနေက အဆောင်ကို ကိုတိုးကြီးနှင့် အောင် ရောက်လာခဲ့၏။ အောင့်ကို မြင်လိုက်ရတော့ ကျွန်မ ပမဲ့သာသွားသည်။ သူ့ကို ကျွန်မစောင့်နေရတာမဟုတ်လား။ ကျွန်မတို့အားလုံး ပုန်းညက်[illegible]ကို ဆင်းခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မနက်တုန်းက ကိုတိုးကြီးတို့အတန်းဘက် လာရှာကြသေးတယ်… သီချင်းတိုက်နေကြတာဆို…"

"အေး"

"ဘာသီချင်းတွေဆိုမှာလဲ ကိုတိုးကြီးရ…အောင်ကရော"

ခင်ခင်က စပ်စပ်စုစုမေးတော့ ကိုတိုးကြီးနှင့်အောင်က တစ်ယောက်ကို တစ်ယောက် ပြုံးကြည့်နေကြသည်။

"ဟ…ဒါက တော့ပ်စီးကရက်လေ ပွဲကျတော့ကြည့်ပေါ့"

"တော့ပ်စီးကရက်ဖြစ်ဖြစ် တော့ပ်ကွမ်းယာဖြစ်ဖြစ် ပြောကိုပြောရမယ်"

"နင်တို့ အဲသည်ကျမှပဲ ခံစားနားဆင်ကြပေါ့ဟာ…အခုနေပြောထားရင် ခံစားမှုလျော့သွားလိမ့်မယ်"

ကိုတိုးကြီးက ခပ်တည်တည်နှင့်ပြောတော့ ကျွန်မတို့က ဝိုင်းလှောင်ကြပါသည်။ ပြီးတော့မှ အောင့်ကိုပါ သရော်သည်ထင်မှာစိုးသဖြင့် ကျွန်မ ဘရိတ်အုပ် လိုက်ရပါ၏။ ကျွန်မက အောင့်စာအုပ်ကလေးကို ပြန်ပေးရင်း ကျွန်မကူးယူထားသည့် စာအုပ်ကလေးကိုပါ ပြလိုက်သည်။

"မေ ကူးပြီးပြီလား…မပြီးသေးရင် ယူထားလိုက်လေ…ဒါ အောင့် ကိုယ်ပိုင်စာအုပ်ပါ…"

"ကူးပြီးတာကြာပြီ…အောင်လည်း ကြည်အေးကဗျာတွေ ကြိုက်တာ ပဲလား…သည်လိုကဗျာတွေစုပြီး ကူးထားမယ့်လူ မရှိဘူးထင်နေတာ… ကူးခွင့်ရလို့ ကျေးဇူးတင်လိုက်တာ"

အောင်က ကျွန်မ ကမ်းပေးသည့်စာအုပ်ကို လှမ်းယူသည်။ ကျွန်မ ပြောတာ မကြားတာပဲလား။ အောင်က ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ တော်တော် ကြီးကြာမှ လှုပ်လာသည်။ မပွင့်တပွင့်နှင့်။

"ကောင်းပါတယ်…ကြိုက်ပါတယ်…ကြိုက်လို့လည်း ကူးထားခဲ့တာ ပါ…ကြည်အေးကဗျာတွေက အဖွဲ့အနွဲ့နဲ့ စကားလုံးကလေးတွေ တွယ်ချိတ်သွားတာကို အောင်ကြိုက်တယ်… ပြောချင်တာကို ကဗျာ ဓာတ်ခံပါအောင် သိပ်ပြောနိုင်တယ်…ဆိုပါတော့… 'နေရိပ်အလို၊ ရွှေမည် လိုနှင့်၊ အညှိသို့လှ၊ တစ်ဝက်နၡ၊ တစ်စုအရင့်' ဆိုတဲ့ အဖွဲ့မျိုး… 'ငွေရည်စိုစို၊ လရောင်ယိုကို၊ သောက်ချိုပြုံးပြ၊ နှလုံးမြ၍၊ နှုံးလျှညွတ်နူး ညဥ့်အဦးမှာ၊ မေ့မူးလုလု' ဆိုတဲ့ အဖွဲ့မျိုး… 'လူးလွန့်အိ၍ ငွေ၏နရည်'



ဆိုတဲ့ အဖွဲ့မျိုး… 'ငွေမှုန်းသည့်ရွှေ၊ ရွှေမှုန်းငွေလို၊ နှစ်တွေရောစ လှချင် လှသော်' ဆိုတဲ့ အဖွဲ့မျိုးတွေမှာ ငွေ ဆိုတဲ့စကားလုံးတွေကို တစ်မျိုးစီ လှအောင်သုံးသွားတာ အံ့သြစရာသိပ်ကောင်းတယ်…တစ်ခုရှိတာက…"

ကျွန်မ အောင့်ကို တအံ့တသြငေးမောကြည့်နေလိုက်မိပါသည်။ ကဗျာ တွေ ရွတ်တတ်လိုက်တာ၊ ကဗျာတွေကို ခံစားနားလည်တတ်လိုက်တာ။ သူ့နှုတ်ခမ်း တွေက မလှုပ်တလှုပ် ဟဟကလေးဆိုသော်လည်း ဖူးဖူးညှန့်ညှန့် ရဲရဲစိုစို ရှိလှသည်။ သည်နှုတ်ခမ်းနှစ်လွှာကြားက လှပသောကဗျာရွတ်သံထွက်လာတာကို ကျွန်မ မူးရီနေမိသည်။ နှုတ်ခမ်းမွေး စိမ်းစိမ်းကလေးတွေက ဝင်းဝါသောအသားအရေပေါ်မှာ ပါးပါးရိပ်ရိပ် ပြေးနေသည်။ အောင်သည် ချောမောသန့်စင်ပြီး မိန်းကလေးတွေ နိုးကြည့်ချင်သည့် ရုပ်ရည်ရှိသည်ဆိုခြင်းထက် မျိုးရိုးအထက်တန်းကျသည့် ဥပဓိမျိုး ပိုင်ဆိုင်သူဖြစ်ကြောင်း ကျွန်မ အကဲခတ်မိပါ၏။

"ပါရမီကတော့ အံ့သြစရာသိပ်ကောင်းတယ် မေ…ဒါပေမဲ့ အောင့်အမြင် ပြောတာပါ…မှန်ချင်မှလည်း မှန်မယ်…ကဗျာကပေးတဲ့ ခံစားမှုတွေက ပျော့လွန်းသလိုပဲ…ချစ်သူကို မျှော်ရ တမ်းရ လွမ်းရတဲ့ ခံစားမှုတွေချည်း ဖြစ်နေသလားလို့…မိန်းကလေးတစ်ယောက်အတွက်တော့ အဓိပ္ပာယ် ရှိလေသလား အောင် မပြောတတ်ဘူး…"

ကျွန်မ သူနှင့်အပြိုင် ဘာကိုမှဝေဖန်ပိုင်းဆစ်မပြချင်ပါ။ သူပြောနေတာက သူ့အမြင်ပါလို့ စကားခံထားလေတော့ ကျွန်မအမြင်နှင့် မတူရကောင်းလားပြောသျှင် နည်းလမ်းမကျနိုင်။ သို့သော် ကဗျာတွေကို သူချစ်တတ်တာကို မြင်နေရသည်။ သည့်အတွက်တော့ အောင့်ကို ကျွန်မ လေးစားမိရပါ၏။ ကျွန်မ တစ်ခုခုတော့ ပြောမှကောင်းမည်။

"အချစ်ကဗျာတွေမှာ…အထူးသဖြင့် မိန်းကလေးတစယောက်ရဲ့ အချစ် ကို ဖွဲ့တဲ့ကဗျာတွေမှာ…စိတ်ကိုဖွဲ့တဲ့ကဗျာတွေမှာ နူးညံ့မှုတွေရှိတာ မေတော့ သဘာဝကျတယ်ထင်တာပဲ…ဆရာမကြည်အေးရဲ့ ကဗျာတွေ ထဲမှာ သေချာတာတစ်ချက်က ရိုးသားမှုပါနေတာပါ… မေ ကြိုက်တယ် ဆိုတာကလည်း နူးညံ့မှုထဲက လင်းလက်နေတဲ့ ရိုးသားမှုကိုပါ…"

"ဥပမာ ဘယ်လိုဟာလဲ"

ကျွန်မ ဥပမာပေးဖို့ ခက်နေရသည်။ ကဗျာဆိုတာ အလိုအလျောက် ထွက်လာရသည့် ရွက်ညွှန့်ကလေးနှင့်တူသည်ဟု ကျွန်မ ဖတ်ဖူးသည်။ ဆရာမ

www.burmeseclassic.com

www.burmeseclassic.com



ကြည်အေး၏ ကဗျာတွေမှာ သည်ရိုးဂုဏ်ရှိသည်ဟု ကျွန်မ ထင်ပါ၏။ ကျွန်မ အလွတ်ရသည့်ကဗျာတစ်ပုဒ် ခေါင်းထဲဝင်လာခဲ့သည်။

"'မောင်က နှင်လျှင်၊ မြက်ပင်နှင်းဆွတ်၊ ပုန်းမလွတ်လည်း၊ ပန်းဝတ်သောက်ဟန်၊ မခြောက်ဟန်နှင့်၊ ဖောက်ပြန်မရဲ၊ တ,ဝမ်းနည်းမိ...' ဆိုတာမျိုးမှာ ချစ်သူရဲ့ အနှင်ခံရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ခံစားမှုကို ရိုးရိုးပဲပြောတယ်...ဘာမှထူးဆန်းတာ မပါဘူး...မောင်က နှင်ရင် ကျွန်မ စိတ်မချမ်းသာဘူးလို့ ပြောတာပဲ...မေတို့ မိန်းမသားတွေမှာ သည်ခံစားမှုက သိပ်ကြီးတယ်ထင်ပါရဲ့...ဒါပေမဲ့ ပျော့ညံ့တာ မဟုတ်ဘူး...ဗီဇ စိတ်ပါ"

ကျွန်မတို့တစ်တွေ၏ စကားဝိုင်းက ထုံးစံအတိုင်း နှစ်ဝိုင်းဖြစ်သွားခဲ့ပြီ။ ကျွန်မနှင့်အောင်က အလိုလို တစ်ဖွဲ့ဖြစ်သွားတတ်တာဖြစ်သည်။ ဆောင်းယွန်းချိန်ဆိုတော့ နေအဝင် သိပ်မစောတော့ပါ။ ပုန်းညက်ရွက် စိမ်းစိမ်းကလေးတွေပေါ်မှာ အလင်းသက်တန့်တွေ ဖြာနေသေးသည်။

"မိန်းကလေးတွေမှာ သည်ခံစားမှု ကြီးတယ်ဆိုရင်တော့ အောင်မပြောတတ်ဘူး...ဒါပေမဲ့ သည်ခံစားမှုကို ဖွဲ့ကြတာ ကြာလှပါပြီ...မမြကလေးလည်း ပြောခဲ့တာပဲ...လှိုင်ထိပ်ခေါင်တင်လည်း ပြောခဲ့တာပဲ..."

သူ့စကားက ကျွန်မကို ထောက်ခံတာလား၊ ကန့်ကွက်တာလား ခွဲခြားဖို့ ခက်သည်။ ကျွန်မပြောချင်တာက မိန်းကလေးစိတ်ကို ပြောချင်တာပဲဖြစ်သည်။ ငယ်ဘဝတစ်လျှောက်လုံး အရိပ်နှင့်နေခဲ့ရသူတွေဆိုတော့ အပျိုဖော်ဝင်မှ ရင်တွင်းကို ရောက်လာမည့်အနာဂတ်ကို ရင်တထိတ်ထိတ်နှင့် စောင့်ကြရသူတွေဖြစ်သည်။ သည့်အတွက် သူ့အားကိုးရာသည် မရေရာသောအနာဂတ်ထဲက ရောက်မလာသေးသည့် အချစ်ဖြစ်ရသည်ဟု ကျွန်မ ဖတ်ဖူးသည်။ သည်အားကိုးရာမဲ့လျှင် ကြေကွဲရခြင်းသည် မိန်းကလေးတစ်ယောက်၏ ကမ္ဘာဦးကတည်းက တည်ရှိခဲ့သော ရိုးဂုဏ်ဒါမှမဟုတ် ငုံ့စိတ်ကလေးကို လှအောင်ဖွဲ့နိုင်ခြင်းကိုသာ ပြောချင်တာဖြစ်သည်။ ကျွန်မ သည့်ထက်တော့ မပြောတတ်ပါ။ ကျွန်မ ကဗျာကို ခွဲခြမ်းနိုင်သူမဟုတ်။

"ကြည်အေးကဗျာထဲက ကဗျာဆရာရဲ့ စိတ်ခံစားမှုကလေးတွေ ပါတယ်ဆိုတာ အောင် လက်ခံပါတယ်...'ကွေကွဲဖောက်ပြန်၊ လွတ်မြောက်ချမ်းသာ၊ အချစ်ဥ္မှုရှာသည်၊ ဘယ်မှာမတွေ့၊ လမ်းမှာကျွေ့ကောက်၊ ရောက်ရာဘဝ၊ ကံပစ်ချရာ...' ဆိုတဲ့အပိုဒ်မှာ ဘဝရဲ့လွတ်မြောက်ခြင်းကို အချစ်မှာ တွေ့ချင်တယ် ဆိုတာလေ..."



"ဒါကတော့ ဆန္ဒပေါ့လေ...ဒါပေမဲ့ ဘဝလွတ်မြောက်မှုက အချစ်ထဲမှာ မတွေ့နိုင်ပါဘူး...ကံပစ်ချရာပေါ့လို့ နောက်ဆုံးတော့ လက်ခံကြရတာပါပဲ...မေပြောတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရိုးသားမှုဟာ အဲသည်လက်ခံခြင်းပါပဲ အောင်..."

အပြင်သွားကြသော အဆောင်သူတွေ ပြန်ဝင်လာကြပြီ။ ကျွန်မ သူငယ်ချင်းများနှင့် ကိုတိုးကြီးတို့လည်း အငြင်းအခုံ၊ အရယ်အမောတွေ ရပ်တန့်သွားကြပြီ။ အောင်နှင့်ကျွန်မကတော့ စကားမပြတ်သေးပါ။ အောင်ပြောသည့် မမြကလေးနှင့် လှိုင်ထိပ်ခေါင်တင်တို့၏ မိန်းမသားခံစားမှုတွေကို ကျွန်မ ဆက်သိချင်နေခဲ့သည်။

"ကိုင်း...ပြန်ကြစို့ အောင်...တို့ သီချင်းသွားတိုက်ရဦးမှာမှတ်လား...ကဲ ငါ့နှမတွေ ပြန်ပဟော့..."

ကိုတိုးကြီးနှင့်အောင် ပြန်သွားတော့ ကျွန်မတို့လည်း အဆောင်ပေါ် တက်ခဲ့ကြသည်။ အဆောင်တံခါးလည်း ပိတ်ပြီ။ မီးပွင့်ကလေးတွေလည်း လင်းလာခဲ့ပေပြီ။

"သီရိမေ...နင်တို့ ဘာတွေပြောနေကြတာတုံး ကြာလိုက်တာဟာ..."

"ကဗျာအကြောင်းပြောတာပါဟာ..."

"ကဗျာ...ကဗျာနဲ့...သည်မယ် သီရိမေ...ငါ တစ်ခါတည်း ပြောထားမယ်...အောင့်အတွက်တော့ နင်နဲ့ငါ စိတ်ဝမ်းမကွဲချင်ဘူး...နင်သဘောပေါက်တယ်နော်..."

တွေးတွေးသိန်းစကားကြောင့် ကျွန်မ ရယ်ရသေးသည်။ အားလုံးကလည်း ပြုံးစိစိ။ ခင်ခင်က လှမ်းစသည်။ သူက ကျွန်မကဗျာစာအုပ်ကို ငှားဖတ်ခဲ့သူဆိုတော့ ကဗျာထဲက တစ်ကြောင်းစ နှစ်ကြောင်းစ ရနေခဲ့သူမဟုတ်လား။

"တို့ သီရိမေတော့...ညကြီး မင်းကြီး ထပြီး ထိုင်နေပဲဟော့..."

"ကြမ်းပိုးကိုက်လို့ နေမှာပေါ့ဟယ်...မနက်ဖြန် ကြမ်းပိုးဆေး ဝယ်ဖျန်းပေးရဦးမယ်"

"ဘီးလူးစီးတာ နေမှာပါဟာ..."

တစ်ယောက်တစ်ပေါက် ပြောကြရင်း တဟီးဟီးရှိနေကြ၏။ သူတို့ကို ကျွန်မ စိတ်မဆိုးရက်ပါ။

အပြင်မှာ လ,တစ်ခြမ်းပဲ့ကလေး တွေ့နေရသည်။ အုန်းလက်တွေ၊ ပုန်းညက်ရွက်တွေပေါ်မှာ လရောင်တဖိတ်ဖိတ်ကျနေသည်။ 'အုန်းလန်းပေလက်

www.burmeseclassic.com

www.burmeseclassic.com



တမာရွက်တို့ ရွှေစက် ရွှေပြောက် ရွှေရည်သောက်၏' ဆိုသည့် ဆယ်တန်းတုန်းက သင်ခဲ့ရသည့်ကဗျာကို သတိရလိုက်ပါသည်။ အေးမြသော မြောက်ပြန်လေအေးကလေးတော့ ရှိနေသေးသည်။ နွေဦးညကို ပြတင်းပေါက်တစ်ပေါက်စာသာ မြင်ရသည်။ သည်ည ဒိုင်ယာရီ မရေးချင်။ နောက်ရက်မှ ပေါင်းရေးတော့မည်။ အောင်က 'ရောက်ရာဘဝ ကံပစ်ချရာ...' တဲ့။ သည်အယူအဆကတော့ ဘဝဆန်သတဲ့။ ကြည်အေး၏ ကဗျာတစ်ပုဒ်မှာပါသည့် အပိုဒ်ကလေး ပြောမှမပြောလိုက်ရ။

*'တွယ်ငြိခြင်းသည်*
*ဆင်းရဲအစ၊ သံသာရ ဟု*
*ချမ်းမြသိလည်း၊ တွယ်ငြိမြဲပင်*
*ရဲဝံ့သည်လား၊ ကြောက်သည်လားဟု...'*

တွယ်ငြိခြင်းရှိပြီဆိုတာနဲ့ ဆင်းရဲခြင်း စလိုက်တာပဲဆိုတာလောက်တော့ မိန်းကလေးတွေလည်း သိတာပါပဲ။ တွယ်ငြိခြင်းကြောင့် သံသရာတစ်လျှောက် ပူလောင်ခဲ့ကြရတာကိုလည်း သိကြပါရဲ့။ ဒါပေမဲ့ တွယ်ငြိချင်နေကြတာပဲ မဟုတ်လား။ သည့်အတွက် ရဲဝံ့ကြသူတွေ များလှပါရဲ့။ အောင်ပြောသလို မမြကလေးလည်း သည်လိုပါပဲ။ လှိုင်ထိပ်ခေါင်တင်လည်း သည်လိုပါပဲ။ သီရိမေလည်း သည်လိုပါပဲ...။

ဒိုင်ယာရီရေးမည့်စာသားတွေကို ကျွန်မ စိတ်ဖြင့်ရေးနေခြင်း ဖြစ်ပါ၏။

■

(၁၁)

မနက်ပိုင်း Class တက်ပြီးအပြန် ရေမိုးချိုး ထမင်းစားပြီးသည်နှင့် ကျွန်မ အဆောင်အောက်ကို ဆင်းလာခဲ့ပါသည်။ ပုန်းညက်ပင်ရိပ်မှာ ဝါးပက်လက်ကုလားထိုင်ကလေးတွေရှိသဖြင့် စာဖတ်ရတာ အဆင်ပြေလှသည်။ ကျွန်မ သူငယ်ချင်းတွေကတော့ အကျီသီသူသီ၊ မီးပူတိုက်သူတိုက်၊ အိပ်သူကအိပ်ဆိုတော့ ပုန်းညက်ပင်အောက်မှာ ကျွန်မတစ်ယောက်တည်း စာဖတ်နေခဲ့သည်။ ထိုအချိန်မှာပဲ အဆောင်ရှေ့ကို ဧည့်သည်တစ်ယောက် ရောက်လာခဲ့၏။ စာထဲစိတ်ရောက်နေခဲ့သဖြင့် ကျွန်မ အမှတ်တမဲ့ရှိခိုက်မှာပင် ဧည့်သည်က ကျွန်မဆီးမှာ လာရပ်သည်။

"ဟယ်...ဖေဖေ"

ကျွန်မမှာ ဝမ်းသာစိတ်နှင့် ဝမ်းနည်းစိတ်တွေ ရောထွေးကာ ချက်ချင်းထရပ်လိုက်ပြီး ဖေဖေ့လက်ထဲက အထုပ်တွေကို ယူလိုက်သည်။ အနားက ဝါးကုလားထိုင်တစ်လုံးပေါ်မှာ ဖေဖေ ဝင်ထိုင်သည်။ မမြင်ရတာ ကြာလို့လားမသိ။ ဖေဖေ့မျက်နှာ အတော်ချောင်ကျသွားသည်ထင်မိ၏။ ဖေဖေလာမည်ဆိုတာကို ကျွန်မ ကြိုမသိ။ ဖေဖေက ကျွန်မကို ပြုံးကြည့်နေသော်လည်း ဝမ်းနည်းရိပ်ကလေး ငွေ့ငွေ့ပါသည်ဟု ကျွန်မ ထင်သည်။ အိမ်မှာ ကျွန်မက သမီးကြီးဆိုသော်လည်း သားကြီးတစ်ယောက်လို သဘောထားရှာသူဖြစ်သည်။

"ဖေဖေလာမယ်ဆို ဖုန်းဆက်လိုက်ရောပေါ့...သမီး ကားဂိတ်လာကြိုမှာပေါ့ ဖေဖေရယ်...မေမေရော နေကောင်းလား...ဖေဖေ အခု ဘာနဲ့လာတာလဲ"

"ကားဂိတ်ကနေ ဆိုက်ကားငှားလာတာပေါ့ သမီးရဲ့... မဆေးပါဘူး... သမီးမေမေ နေကောင်းပါ့ကွယ်...သမီး စာလိုက်နိုင်ရဲ့လား"

"လိုက်နိုင်ပါတယ် ဖေဖေ...မောင်မောင်နဲ့ ငယ်လေးတို့ရော"

www.burmeseclassic.com

www.burmeseclassic.com



မေမေက ကြိမ်ခြင်းထဲက ပစ္စည်းတွေကို ထုတ်ကာ အနားက စားပွဲခုံကလေးပေါ်မှာ တင်သည်။ ကျွန်မတို့မြို့ကထွက်သည့် ဒေသထွက် သရေစာတွေဖြစ်သည်။ ကုလားပဲချောင်းတွေ၊ နှမ်းဖတ်ထန်းလျက်တွေ၊ ပဲဆုပ်၊ မြင်းခြံလက်ဖက်ချဉ်၊ ကုလားပဲလုံးကြော်။ မေမေ ချိုင့်နှင့်ထည့်ပေးလိုက်သည့် ဟင်းတွေကိုဖွင့်ပြတော့ မေမေ့ကို သတိရလွန်းလို့ မျက်ရည်ပင် ဝဲလာခဲ့၏။ ဖေဖေ့ရှေ့မှာ ကျွန်မ မျက်ရည်မကျအောင် ထိန်းထားရသည်။ မေမေ့ဟင်းတွေက ကျွန်မကြိုက်သည့် နွားနို့ခဲချက်၊ ရေတ်သီးငါးပိ မန်ကျည်းမှည့် ဘာလချောင်ကြော်၊ သရက်သီးသနပ်။ ကျွန်မက နွားနို့ခဲတစ်ဖတ်ကို ဖေဖေ့ရှေ့မှာပဲ နှိုက်စားလိုက်သည်။

"သမီးမောင်လေးရော...ညီမလေးရော စာကြိုးစားကြတယ်...မမလို တက္ကသိုလ်တက်ချင်လုပြီလို့ ပြောသေးတာ...သူတို့လည်း သမီးကို လွမ်းနေကြတယ်...သမီးမေမေကတော့ မပြောနဲ့တော့"

မေမေ ကျွန်မကို အောက်မေ့လွမ်းဆွတ်နေမှာကို ကျွန်မ ယုံကြည်ပါသည်။ အိမ်မှာ ကျွန်မက သမီးအကြီးဆုံးဆိုတော့ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ရှိကြသည်။ ဖေဖေက အရာထမ်းတစ်ဦးပီပီ အမြဲတမ်းဝတ်စားနေထိုင်တတ်သူဖြစ်သည်။ စာအလွန်ဖတ်သူဆိုတော့ အရာရာကို စဉ်းစားဆုံးဖြတ်နိုင်စွမ်းရှိသည်။ သည်အမွေကို ဖေဖေက ကျွန်မကို ပေးနေခြင်းမဟုတ်လား။ မေမေကတော့ မျိုးကြီးရိုးကြီးက ဆင်းသက်လာသူဆိုသော်လည်း စကားနည်းတာ၊ အနေအထိုင်အေးဆေးတာမျိုးတော့ ရှိပါ၏။ သို့သော် မေမေက စိတ်ဓာတ်ကြံ့ခိုင်သည်။ အရာရာကို မတုန်မလှုပ်ရင်ဆိုင်ရဲသည်။ တစ်ခါတစ်ရံ ကျွန်မ ခေါင်းမာတတ်သည့်အခါမျိုးတွင် ဖေဖေက 'အမေတူသမီးပဲ' ဟု မှတ်ချက်ချတတ်ပါသည်။

ဖေဖေက လွယ်ထားသည့် လွယ်အိတ်ထဲမှ လေးထောင့်စက္ကူဘူးတစ်ဘူးကို ထုတ်လိုက်သည်။ ဘူးကလေးကို သပ်သပ်ရပ်ရပ် လှလှပပ ပုံနှိပ်ထားသည်။ အထဲမှာတော့ သနပ်ခါးခဲ ဝါဝါကလေးတွေ။ သုံးခဲတန်း နှစ်တန်း နှစ်ထပ်ဆိုတော့ တစ်ဘူးမှာ တစ်ဒါဇင်ပါသည်။ သနပ်ခါးတစ်ခဲချင်းမှာလည်း အပေါ်က နှင်းဆီပွင့်ကလေးတစ်ပွင့် ပုံနှိပ်ထားသည့် ဘဲဥပုံစက္ကူကလေး ကပ်ထားသည်။ 'နှင်းဆီရှင်မတောင်သနပ်ခါးခဲ'။ ကျွန်မက ဘူးခွံကို ပြန်ကြည့်လိုက်တော့ ဘူးအောက်ခြေမှာ လိပ်စာရေးထားတာ တွေ့လိုက်ရသည်။

"ပင်ရင်း အမှတ် (၅) ရပ်ကွက်၊ ကြက်သွန်တန်း၊ မြင်းခြံမြို့"

"ဟုတ်တယ်သမီး...ဖေဖေလာတာ ဒီကိစ္စလည်းပါတယ်... မန္တလေးဈေးချိုက ဖေဖေ့မိတ်ဆွေ နှစ်ဦး သုံးဦးကို ဖေဖေ ပစ္စည်းလာပြကြည့်တာ...သမီးလည်း တွေ့ရအောင် ပစ္စည်းလည်း ပြနိုင်အောင် လာခဲ့တာပဲ...မြင်းခြံတစ်ဝိုက်က ရွာတွေမှာတော့ တော်တော်သုံးနေကြပြီ"



ကျွန်မကတော့ ဖေဖေ့ကို ငေးရင်း မျက်ရည်တွေသာ စီးကျလာတော့သည်။ နားသယ်စတွေ ဖြူဖွေးနေပြီဖြစ်သည့် ဖေဖေ့ခေါင်းကဆံပင်တွေ ပိုများဖြူသွားခဲ့ပြီလား။ ဖေဖေတို့ သနပ်ခါးခဲလုပ်ငန်း ထူထောင်နေတာကို ကျွန်မ မသိ။ ကျွန်မ ကျောင်းလာတက်သည့်အချိန် နှစ်လ သုံးလအတွင်းမှာ ဖေဖေ ဘယ်လိုများ ထူထောင်ခဲ့တာပါလိမ့်။ ဖေဖေရော မေမေပါ ပင်ပန်းရှာကြရော့မည်။ သနပ်ခါးခဲကလေးတွေ လုပ်ကိုင်ရောင်းချနေတာကို ကျွန်မ ရှက်ခြင်းမဟုတ်ပါ။ ဖေဖေရော မေမေပါ ဘယ်လောက်ပင်ပန်းနေကြလေမလဲဆိုတာကို တွေးမိရင်း စိတ်မကောင်းဖြစ်ရခြင်းသာဖြစ်သည်။ အဆိုးဆုံးကတော့ ကျွန်မကျောင်းစရိတ်အတွက်များလားဆိုသည့်စိတ် ဝင်လာခဲ့ခြင်းကြောင့်ဖြစ်၏။ ဖေဖေကတော့ သူ့ထုံးစံအတိုင်း ပြုံးနေခဲ့သည်။ သနပ်ခါးအမှုန့်ကြိတ်စက်၊ သနပ်ခါးခွဲစက်၊ ပုံရိုက်စက်တွေကို ဝယ်ယူကာ အိမ်မှာပဲ တပ်ဆင်ခဲ့ကြောင်း၊ သနပ်ခါးကုန်ကြမ်းက ရေစကြိုက မိတ်ဆွေများနှင့် ဆက်သွယ်ထားကြောင်း၊ သေသေသပ်သပ် ထုတ်လုပ်နိုင်ရန် တစ်လလောက် အချိန်ယူခဲ့ရကြောင်းတွေ ပြောပြနေသည်။ တကယ်တော့ သည်စိတ်ကူးကို နှစ်နှင့်ချီကာ ဖေဖေ ကြံစည်ထားပုံပေါ်သည်။ ဖေဖေ့ဝန်ထမ်းလစာနှင့် မြိုးမြိုးမြက်မြက် နေခဲ့ရသော်လည်း ကျွန်မတို့မိသားစုများ အေးချမ်းခဲ့သည်။ မေမေကလည်း စီးတဲ့ရေ ဆည်တဲ့ကန်သင်း ရှိခဲ့ပါသည်။

"ဖေဖေလုပ်ချင်နေတာ ကြာပြီသမီးရဲ့...ဖေဖေက ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ဖို့ စိတ်ကူးထားခဲ့ပြီးသား...ဘာလုပ်ရင်ကောင်းမလဲဆိုတာပဲ စဉ်းစားနေတာ... သမီးတို့မမွေးခင်က ဖေဖေတို့ ရေစကြိုမှာ နေခဲ့ဖူးတယ်လို့ ပြောဖူးတာ သမီးမှတ်မိလား...အဲသည်မှာ ဖေဖေ့သူငယ်ချင်း အောင်ကြိုင်က သနပ်ခါးစီးပွားရေးလုပ်နေတာ...အတော်အောင်မြင်နေတာ သမီးရဲ့...အခု အောင်ကြိုင်က စက်တွေကူညီလိုက်တာပဲ...လုပ်ရင်းကိုင်ရင်း ဆပ်သွားရုံပေါ့သမီးရယ်...အလုပ်သမားလေး နှစ်ယောက်၊ မိန်းကလေး သုံးယောက်နဲ့ စလုပ်ကြည့်တော့ မဆိုးဘူး...အောင်ကြိုင်ကလည်း ဈေးကွက်ထဲ ပေါက်နေပြီးသား သူ့တံဆိပ်နဲ့ရောပြီး ဖြန့်ပေးတယ်...မြင်းခြံဈေးထဲမှာတော့ ဖေဖေတို့ နှင်းဆီသနပ်ခါးခဲက အတော်ကလေးပေါက်နေပြီ သမီးရဲ့..."

www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီသနပ်ခါးခဲဆိုတာ မေမေပေးတဲ့နာမည်မဟုတ်လား ဖေဖေ..."

ကျွန်မက မျက်ရည်တွေကြားက မေးမိသည်။ ဖေဖေက ခေါင်းညိတ်ပြသည်။ သနပ်ခါးခဲကလေးပေါ်က နှင်းဆီပွင့်က ကျွန်မကို ပြုံးပြနေသည်။ ရဲရဲစွေးစွေး နှင်းဆီနီကလေး။ ကျွန်မ နှင်းဆီကြိုက်မှန်းသိလို့ မေမေ နာမည်ပေးလိုက်တာပဲဖြစ်ရမည်။ သနပ်ခါးကလေးတစ်ခဲ ကောက်ယူကာ ကျွန်မ နမ်းကြည့်သည်။ မွှေးလိုက်တာ။

"နိုင်ငံခြားက သနပ်ခါးနဲ့ထည့်နိုင်ဖို့ ဖေဖေကြိုးစားနေတယ်...ပြီးတော့ သည့်ထက်သပ်ရပ်အောင်နဲ့ ပုံကလေးဆန်းအောင် ဖေဖေလုပ်ကြည့်နေတယ်...သမီးဘွဲ့ရရင် သည့်ထက်ပိုစဉ်းစားနိုင်မှာပဲ"

အို...။ ကျွန်မဘွဲ့ရရင်တဲ့...။ ကျွန်မမျှော်မှန်းထားသည်က တက္ကသိုလ်က သရုပ်ပြဆရာမကလေးဘဝ။ အခုတော့ ဖေဖေ့စကားထဲမှာ မျှော်မှန်းချက်တွေ ပါနေခဲ့ပါပကော။

ဖေဖေက ကျွန်မစိတ်ပြောင်းသွားစေရန် ကျွန်မဖတ်ဖို့ယူလာသော စာအုပ်တွေကို ထုတ်ပေးသည်။ စာအုပ်တွေကိုကြည့်ရင်း ကျွန်မ ဝမ်းသာသွားရသည်။ ကျွန်မ မဖတ်ရသေးသည့် စာအုပ်တွေ။ အထူးသဖြင့် ဆရာမကြီး ဂျာနယ်ကျော် မမလေးရေးသည့် 'သူလိုလူ' စာအုပ်အထူကြီး ပါလာခဲ့သဖြင့် ကျွန်မ ဝမ်းသာနေမိသည်။ 'သူလိုလူ' ကို ကျွန်မ ဖတ်ခဲ့ပြီးပါပြီ။ သို့သော် ကျွန်မ အကြိမ်ကြိမ် အခါခါ ဖတ်လိုသည့်စာအုပ်တွေထဲက တစ်အုပ်မို့ မက်စက်လှပါသည်။ 'သူလိုလူ' ကို အောင့်ကို ပေးဖတ်ရမည်။ အောင့်ထံမှ 'သူလိုလူ' နှင့်ပတ်သက်သည့်စကားတွေကို ကျွန်မ ကြားချင်သည်။ တချို့စာအုပ်တွေက ဖေဖေဝှားလာပုံရ၏။ တချို့စာအုပ်တွေကတော့ ဖေဖေ နှစ်ပေါင်းများစွာ စုဆောင်းထားသည့်စာအုပ်တွေ...။

"နေဦးဖေဖေ...သမီးသူငယ်ချင်းတွေ အပေါ်မှာရှိကြတယ်... ဖေဖေလာတာတွေ့ရင် ဝမ်းသာကြမှာပဲ...သမီး တက်ပြောလိုက်ဦးမယ်..."

ဖေဖေက ဘာမှမပြောဘဲ သူ့သနပ်ခါးခဲကလေးတွေ သူကိုင်ကြည့်ရင်း ကျန်ခဲ့သည်။ ကျွန်မက ဖေဖေရောက်နေကြောင်းပြောလိုက်တော့ အားလုံး ဒရောသောပါး ပြေးဆင်းလာကြသည်။

"ဟာ...ဦးလေးဖုန်း...ဘယ်တုံးက ရောက်တာလဲ...ကျွန်မတို့အိမ်တွေက ဘာမှာလိုက်သေးတုံး နေကောင်းကြလား"



တစ်ယောက်တစ်ခွန်းမေးလိုက်ကြတာ စုံလို့။ ဖေဖေ့အမည်က ဦးတင်ဖုန်းဆိုတော့ ကျွန်မသူငယ်ချင်းတွေက ဦးလေးဖုန်း ခေါ်ကြသည်။ ဖေဖေက သမီးတွေအားလုံးနှင့်တွေ့လိုက်ရသည့်ပမာ ဝမ်းသာရှာပါသည်။ ဖေဖေက ကျွန်မသူငယ်ချင်းများ၏ မိဘတွေ ကျန်းမာပါသည့်အကြောင်း၊ လူကြုံပေးဖို့တော့ အားနာလို့ ဘာမှမပေးလိုက်ကြကြောင်း၊ စိုးစိုးမော်အိမ်ကတော့ စာတစ်စောင်ပေးလိုက်ကြောင်း ပြောပြီး စိုးစိုးမော်ကို စာအိတ်ကလေးတစ်လုံး ထုတ်ပေးလိုက်သည်။ စိုးစိုးမော်ကတော့ ဖေဖေ့ကိုတွေ့ကတည်းက ငိုလေတော့သည်။ သူ့အဖေကို လွမ်းလို့တဲ့။ သည်တော့လည်း အားလုံး မျက်နှာမကောင်းကြပြန်။ သည်အခြေအနေကို ထွေးထွေးသိန်းက ပြန်ထိန်းလိုက်သည်။

"ဟယ်တော်...သနပ်ခါးခဲတွေပါလား...နှင်းဆီသနပ်ခါးခဲတဲ့... သီရိမေ လိမ်းဖို့ ဝယ်လာတာလား...ဦးလေးဖုန်းသမီးက သနပ်ခါးလိမ်းလို့လား"

ဖေဖေကတော့ ဘာမှမပြောပါ။ ကျွန်မက သနပ်ခါးကျပ်ဘူးကို ကောက်ယူကာ သူငယ်ချင်းတွေကို တစ်ယောက်နှစ်ခဲစီ ဝေပေးလိုက်သည်။ ဘူးပေါ်မှာ ရိုက်ထားသောလိပ်စာကိုလည်း ပြလိုက်ပါသည်။ သည်တော့ သူတို့အားလုံး အံ့သြသွားကြသည်။ ဝမ်းလည်း သာနေကြသည်။ ဖေဖေက ညည်းတို့ သနပ်ခါးလိမ်းရအောင် လာပေးတာပါအေ...လို့ပြောတော့ ကျေနပ်သွားကြ၏။

"ဦးလေးဖုန်းက သီရိမေ သနပ်ခါးခဲလို့တော့ နာမည်မပေးဘူး..."

ခင်ခင်ကပြောတော့ ကျွန်မက ကျွန်မစိတ်ကူးထဲ ဖျတ်ခနဲပေါ်လာတာ ပြောလိုက်မိပါသည်။

"ငါဆိုရင် မမွှေးထုံသနပ်ခါးခဲလို့ နာမည်ပေးမှာပါဟာ...အခုက မေမေပေးတဲ့နာမည်ပါ...နှင်းဆီဆိုတာလည်း ငါကြိုက်ပါတယ်လေ"

အလယ်တန်းတုန်းက ကျွန်မတို့သင်ယူခဲ့ရသော ဆရာမကြည်အေး၏ ကဗျာကလေးကို သတိရသဖြင့် ကျွန်မပြောလိုက်ခြင်းဖြစ်သည်။

*'မမွှေးထုံ...မမွှေးထုံ*
*ပါကွက်ကျားနဲ့ နပ်ခါးမှုန်*
*မမွှေးထုံ ဘာကြောင့်မွှေး*
*ရှင်တောင်နပ်ခါး လိမ်းလို့မွှေး...'*
*...........................။*
*...........................။*

www.burmeseclassic.com

www.burmeseclassic.com



'မမွှေးထုံ…မမွှေးထုံ
နှုတ်ချိုအေးတဲ့ မမွှေးထုံ
မမွှေးထုံ ဘာကြောင့်မွှေး
လီမွာရေးခြား သတင်းပြေး
သမီးမြကျေး ကြာညှိုသွေး
စိတ်တည်ကြည်လို့ နာမည်မွှေး…'

ကျွန်မက မေမေ့ကို အန်တီပြုံးတို့အိမ်အထိ လိုက်ပို့မည်ဆိုတော့ မေမေက လက်မခံပါ။ "စာကျက်နေခဲ့ပါသမီးရယ် မေမေ ဈေးချိုဘက် သနပ်ခါးခဲနမူနာ သွားပြစရာရှိသေးတယ်…" ဟု ဆိုသည်။ ကျွန်မ ဖတ်ပြီးသားစာအုပ်တွေ မေမေ့ကို ပြန်ပေးလိုက်သည်။ မေမေက အန်တီပြုံးတို့အိမ်မှာ တစ်ညပဲတည်းခိုပြီး မနက်စောစောကားနှင့် မြင်းခြံပြန်မည်ဆို၏။ ကျွန်မတို့အားလုံး လမ်းထောင့်က ဆိုက်ကားဂိတ်အထိ လိုက်ပို့ကြသည်။

"တိုးမောင်မောင်ကော လာဂဲ့လား သမီး"

"လာပါတယ် မေမေ…သမီးငှဲ့ သူ့ကိုကပ်တီးနေကြတာ…အခုတော့ သမီးတို့ သူငယ်ချင်းသစ်တွေ ရနေပြီ မေမေ"

မေမေက ပြုံးသည်။ ကျွန်မပခုံးကိုဖက်ရင်း ယောကျ်ားလေးသူငယ်ချင်းတွေရောလား သမီးလို့ မေးသည်။ ကျွန်မက အောင့်အကြောင်းပင် ပြောပြလိုက်ပါသည်။ မေမေက အတွေးအခေါ်ခေတ်မီသလောက် လောကသဘာဝကိုလည်း နားလည်လက်ခံသူဖြစ်ပါ၏။ အကယ်၍သာ အချိန်တန်အရွယ်ရောက်လို့ ကျွန်မ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆိုလျှင်ပင် မေမေ့ကို ဖွင့်ဟတိုင်ပင်ဝံ့ပါ၏။ ဆိုက်ကားဂိတ်ရောက်တော့ မေမေက ကျွန်မကို စာအိတ်တစ်အိတ်ပေးပြီး အားလုံးကို နှုတ်ဆက်ကာ ဆိုက်ကားဖြင့်ထွက်သွားတော့သည်။ စာအိတ်ထဲမှာ ငွေစက္ကူအချို့ ပါပါ၏။

အဆောင်ကိုပြန်လျှောက်လာကြတော့ ကျွန်မတို့အားလုံး တိတ်ဆိတ်နေကြသည်။ ခါတိုင်း နောက်နောက်ပြောင်ပြောင်ရှိတတ်သော ထွေးထွေးသိန်းသည်ပင် ငြိမ်ချက်သားကောင်းနေလိုက်တာ။ ကျွန်မက သနပ်ခါးလုပ်ငန်းအကြောင်း မေမေ ပြောပြသမျှ သူငယ်ချင်းတွေကို ပြောပြလိုက်သည်။ ကျွန်မ ဝမ်းနည်းရတာကိုလည်း ပြောမိပါ၏။



"စိတ်မကောင်းမဖြစ်ပါနဲ့ သီရိမေရယ်…နင်တို့လုပ်ငန်းတစ်ခု လုပ်နိုင်တာကိုက ဝမ်းသာစရာပါဟာ…သည်လုပ်ငန်းက ကောင်းတယ်… မိန်းကလေးသုံးပစ္စည်းဆိုတော့ မတိမ်ကောနိုင်ဘူးဟဲ့…လူကြီးတွေက အမြော်အမြင်ရှိလို့လုပ်တာ…လုပ်ပါစေ"

"ငါက မေမေတို့ ပင်ပန်းနေမှာ စိုးလို့ပါဟယ်…"

ထိုနေ့ကအဆောင်မှာ ရေမိုးချိုးပြီးကြသည်နှင့် နှင်းဆီသနပ်ခါးခဲတွေ ဖွေးနေအောင်လိမ်းကြသည်။ ထွေးထွေးသိန်းက ပါးပြည့်ပါးကွက်ကြီးတွေ ကွက်ထားလိုက်တာ ပုံ့ပုံ့ဖွေးနေတော့သည်။ ဗီးဟိုက်ခေါ်ကြသည့် ပျားအုံပုံဆံပင်ပုံစံနှင့် သနပ်ခါးပါးကွက်ကြီးကြောင့် ကျွန်မတို့မှာ မရယ်မိအောင် အောင့်နေကြရသည်။ ခင်ခင်ကတော့ အောင့်မထားနိုင်ဘဲ ပွင့်ထွက်တော့သည်။

"ထွေးသိန်းရယ်…နင့်ကြည့်ရတာ သုံးဆူဘုရားပွဲက အရုပ်ကြီးတွေနဲ့ တူလိုက်တာဟာ…ငါဖြင့် မြင်းခြံတောင် လွမ်းတယ်"

"လွမ်းကြဟေ့ လွမ်းကြ…နင်တို့ချည်း လွမ်းကြ…မြင်းခြံအလွမ်းပြေ သီရိမေရဲ့ မြင်းခြံစာတွေ တွယ်လိုက်ကြဦးစို့…"

ထမင်းစားချိန်မှာတော့ မေမေ့လက်ရာ နေ့ဖို့ညစာဟင်းတွေ စားလိုက်ကြတာ တက်တက်ပြောင်လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ကျွန်မတို့ အထက်တန်းလောက်ရောက်လို့ ကြားဖူးနားဝရှိနှင့်ခဲ့ရသော Fresher Wellcome ခေါ်ကြသည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲသည် အခုတော့ ကျွန်မတို့ကိုယ်တိုင် ကြုံကြရပြီ။ နွယ်နွယ်တင်က မောင်မယ်သစ်လွင်ကြိုဆိုပွဲမှာ ဝတ်ဖို့ အဝတ်အစားအသစ်ချုပ်ဖို့ပြောသည်။ ကျွန်မမှာ ဖေဖေ အိတ်ကလေးနှင့်ထားခဲ့သည့် တစ်ဆယ်တန်အုပ်ကလေး နှစ်အုပ်ရှိသည်ဆိုသော်လည်း အဝတ်အစားချုပ်ဖို့ စိတ်မရှိဘဲဖြစ်နေရသည်။

အဝတ်အစားချုပ်ခြင်းက ကိုယ့်ကိုယ်ပိုင်ကိစ္စဆိုသော်လည်း ခင်ခင့်မှာ အခက်အခဲရှိသည်ကို ကျွန်မ သိနေသည်။ နွယ်နွယ်တင်က ချုပ်ပေးပါမည်ဆိုသည့်တိုင် ခင်ခင် လက်မခံချင်တာ ကျွန်မ နားလည်သည်။ နွယ်နွယ်တင်ကိုယ်တိုင်က မိဘ၏ အမှီအခိုကင်းသေးတာမဟုတ်။ မုန့်ပဲသရေစာလောက်ကို လက်ခံတာ အကြောင်းမဟုတ်သော်လည်း အဝတ်အစားထိ တာဝန်ယူရမည့်ကိစ္စကိုတော့ ကျွန်မတို့အတွက်လည်း မစိုက်စေချင်။

"သမီး…

မန္တလေးမှာ သမီးဝယ်ချင်တာ ဝတ်ချင်တာရှိရင်သုံးဖို့ ထည့်ပေးလိုက်တာပါ…သမီးသုံးချင်တာသုံးပေါ့…မေမေတို့ အဆင်ပြေပါတယ်…သိပ်ကြီးတော့လည်း မချွေတာပါနဲ့…သုံးစရာရှိတာ သုံးရမှာပေါ့…မိန်းကလေးဆိုတာ လိုအပ်မှု များတယ်…"

မေမေထည့်ပေးလိုက်သည့် စက္ကူအိတ်ကလေးထဲမှာ မေမေရေးပေးလိုက်သည့် စာကလေး ပါလာခဲ့သည်။ ကျွန်မမှာ စာအုပ်ငှားဖတ်တာကလွဲလျှင်၊ တစ်ခါတလေ ကိုယ့်အလှည့်ကျ ကျွေးရမွေးရတာကလွဲလျှင် အခြားကုန်ကျစရာမရှိ။ အဝတ်အစားတစ်စုံချုပ်မှ တစ်ရာလောက် ကုန်ကျမှာဆိုတော့ ချုပ်ဝတ်မည်ဆိုလျှင် ဝတ်နိုင်ပါ၏။



"ဒီမယ်…မောင်မယ်သစ်လွင်ကြိုဆိုပွဲဆိုတာ တစ်သက်မှတစ်ခါ ကြုံရတာပါဟယ်…ကောလိပ်ကျောင်းသူဘဝကို နောင်ပြန်ယူချင်လို့လည်း မရနိုင်ပါဘူး…တို့လို ကျောင်းသူ ကျောင်းသားသစ်တွေကို မိခင်တက္ကသိုလ်က ကြိုဆိုလက်ခံတဲ့ပွဲမှာ တို့ကလည်း သစ်သစ်လွင်လွင်နဲ့ လေးလေးစားစား တက်ရမှာပေါ့…"

နွယ်နွယ်တင့်စကားကို ကျွန်မ လက်ခံပါသည်။ အားလုံးကလည်း လက်ခံသည့်ပုံနှင့် ငြိမ်နေကြသည်။ ကျွန်မတို့အဆောင်က ကျောင်းသူတော်တော်များများလည်း ဝယ်ကြချုပ်ကြနှင့် မြင်နေကြရသည်မဟုတ်လား။ ထွေးထွေးသိန်းက အစီအစဉ်တစ်ခု ထဆွဲသည်။ ကျွန်မတို့အားလုံး တတ်နိုင်သမျှ ငွေထည့်၍ ကျန်လိုတာမှန်သမျှ နွယ်နွယ်တင် စိုက်။

"စိုက်မှာပေါ့ဟယ်…အားလုံးအတွက် ငါဝယ်ပေးမယ်ဆိုရင် ဇော်ကားရာရောက်မှာစိုးလို့ပါ…သည်လိုလုပ်ဟာ…နင်တို့ကြိုက်တာ နင်တို့စိတ်ကြိုက်ဝယ်ကြ…လာမယ့်စနေနေ့ တရုတ်တန်းဈေးသွားကြမယ်လေ"

ကျွန်မက ငွေတစ်ရာ နွယ်နွယ်တင့်လက်ထဲထည့်လိုက်သည်။ ထွေးထွေးသိန်းက တစ်ရာ။ စိုးစိုးမော်နှင့်ခင်ခင်က ငါးဆယ်စီ။ စိုးစိုးမော်က တစ်ရာထည့်မယ်ဆိုတာကို ကျွန်မက လက်တို့ကာ ငါးဆယ်ပဲ အထည့်ခိုင်းခြင်းဖြစ်၏။ ဒါမှလည်း ခင်ခင့်ခမျာ မျက်နှာမငယ်ရှာမှာမဟုတ်လား။ သည်တစ်ခါတော့ ထွေးထွေးသိန်းအကြံဉာဏ်ကို ကျွန်မ ချီးကျူးမိရပါသည်။

စနေနေ့ရောက်တော့ ကျွန်မတို့ တရုတ်တန်းဈေးသွားကြသည်။ အိတ်၊ အိရှန်၊ ဖော့ကပ်၊ လေယဉ်မောင်စတွေထဲက ကိုယ်ကြိုက်ရာရွေးကြသည်။ ဂျပန်ရှန်၊ ကီမိုနိုဆိုသည့် ဂျပန်ပန်းရိုက်ထည်တွေကလည်း သူ့ခေတ်သူ့အခါ ပွဲတိုးလှသည်။ ပါတိတ်အပွင့်တွေကလည်း အဆင်ဆန်း၊ အဆင်စုံ။ ပြောင်ဝမ်းဆက်၊ အပွင့်အစက်ဝမ်းဆက်။ ကျွန်မတို့အဆောင်က ကြေးမုံယဉ် ဖော့ကပ်စ ဝယ်လာသည့်နေ့က အဆောင်သူတွေ ရင်ခုန်ကြရသည်။ တစ်ကိုက် နှစ်ရာ။ ကျွန်မတို့တစ်တွေကတော့ ကိုယ်နှင့် လိုက်လျောညီထွေဖြစ်မည်ထင်သည်ကိုသာ ရွေးချယ်ဝယ်ယူခဲ့ကြသည်။ ကျွန်မကတော့ ကျွန်မစိတ်ကြိုက်အရောင်ဖြစ်သည့် နက်ပြာရောင်ပြောင်ထဘီနှင့် အပွင့်နုတ်နုတ်ကလေးတွေခတ်ထားသော အိတ်ပွင့်ရိုက်အင်္ကျီစကိုပဲ ဖြတ်ခဲ့သည်။ နွယ်နွယ်တင်သည်ပင် ပါတိတ်ဝမ်းဆက် တစ်ဆင်စာပဲ ဝယ်လေသည်။

"နွယ်နွယ်တင်…နင် ကြေးမုံယဉ်လို ဖော့ကပ်ဝယ်ဟယ်…တို့ မြို့ခံသူတွေလည်း ဝယ်နိုင် ဝတ်နိုင်ကြောင်း ပြရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဝတ်ချင်ပါဘူးဟယ်...ငါက အသားညိုတော့ မလိုက်ဘူးဟဲ့...ကိုယ်နဲ့လိုက်ဖက်တာပဲ ကောင်းတယ်...တန်းဖိုးကြီးကြီးပေးရတိုင်း လှတာ မဟုတ်ပါဘူးဟာ...တော်ပါပြီ"

နွယ်နွယ်တင့်စိတ်ဓာတ်ကို ကျွန်မ ကျိတ်ပြီး လေးစားမိရသည်။ သူ တကယ်မဝတ်ချင်တာလည်း ဖြစ်နိုင်သလို ကျွန်မတို့တစ်တွေထက် ကျော်ပြီး ဝတ်ကောင်းစားလှ မဆင်မြန်းလိုတာလည်း ပါလိမ့်မည်။

စက်ဆိုင်သွားအပ်ကြသည့်နေ့က ကျွန်မတို့တစ်တွေ ရင်စေ့လက်ဖောင်း၊ ကြာယပ်ပန်းထိုး စသဖြင့် ရိုးရိုးကလေးတွေသာ ချုပ်ကြသော်လည်း ထွေးထွေးသိန်းက ထီးလက်ကားကားကြီး ချုပ်မည်ဆို၏။ ထိုအခါ သူတစ်ပါးကို ပြောခဲလှသော စိုးစိုးမော်က ဝင်တားသည်။

"နှင့်နှယ်ဟယ်...ထီးလက်ကားကြီး မချုပ်စမ်းပါနဲ့...ကိုးရိုးကားရားကြီးပါဟာ...တော်ကြာ မကြိုက်လို့ သေတ္တာထဲထည့်ထားရမှာ နှမြောစရာ"

ထွေးထွေးသိန်းက ပယ်ချသည်။

"ကြေးမုံယဉ်ကို လူတိုင်းငေးသလို...ငါ့ကိုလည်း လူတိုင်းကြည့်စေရမယ်...နင်တို့ကြည့်နေ...ကောလိပ်ကျောင်းသားတွေက ငါ့ကိုမကြည့်တော့ ပြောချင်တိုင်းပြော...ပေါ်ပြူလာဖြစ်ဖို့ လိုတယ်ဟဲ့"

အထည်တွေ စက်ဆိုင်က ရွေးလာသည့်နေ့က ထွေးထွေးသိန်းကို ကြည့်ကာ ရယ်ကြရပါသည်။ ဆပ်ကပ်လူရွှင်တော်တွေဝတ်သလို ဖိုးရိုးဖားရားကားကားကြီး။ ထွေးထွေးသိန်းက မယ်ဗမာလျှောက် လျှောက်ပြနေသေးသည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲက မတ်လထဲမှာကျင်းပမှာဆိုတော့ ရက်သိပ်မလိုတော့ပါ။ ကျွန်မတို့ သိပ္ပံသချ်ာ မိသားစုက စနေနေ့မနက်ပိုင်း။ နေ့လယ်ပိုင်းမှာ သိပ္ပံဇီဝ မိသားစု။ တနင်္ဂနွေမှာတော့ ဝိဇ္ဇာတွဲတွေ။ ကိုတိုးကြီးနှင့်အောင်ကိုပါ အားပေးရမှာဆိုတော့ ကျွန်မတို့အဖွဲ့ နှစ်ရက်စလုံး နွှဲကြမည်။ အတွေးဖြင့်ပင် ပျော်ရပါသော မောင်မယ်သစ်လွင်ကြိုဆိုပွဲပါကလား...။

■

(၁၃)

"ဆန်းစခါနွေ ... သာတပေါင်းမို့၊ ညာညောင်းကြွေ၊
ပြေပြေရောရ၊ မြအသွေး ရွှေရေးလုလို့၊ ရတုအညီ၊
မြေသို့သက်တဲ့ ရော်ရွက်ရီကို၊
ပလီပလာ တီတာတာ သည်ခါလေ၊
နွေအကူး လေရူးဖေ့တော့"

(မင်းသုဝဏ်)

နွေဦးပေါက်ခဲ့လေပြီ။ ဒေသကောလိပ်ဝင်းအတွင်းရှိ မန်ကျည်းပင်ကြီးတွေ ပင်ပုရစ်နုတွေဆင်ကြပြီ။ စိန်ပန်းပွင့်တွေလည်း အဆုတ်လိုက်အခဲလိုက် ရဲရဲစိုစို ပွင့်နေကြသည်။ ကျောင်းဖွင့်စ ဆောင်းရက်တွေတုန်းက နှင်းစိုစိုမြက်ခင်းတွေက အခုတော့လည်း ဝါညိုရောင်ပေါက်နေကြပြီ။ နွေပီပီသသီရောက်ကာမှ ကျွန်မတို့ မျှော်ခဲ့ရသော 'မောင်မယ်သစ်လွင်ကြိုဆိုပွဲ' နွှဲခွင့်ရကြပါ၏။

ထွေးထွေးသိန်းပြောသလို "မောင်မယ်သစ်လွင်ပွဲသာပြောတာပါဟယ်...မောင်မယ်တွေလည်း ဟောင်းကုန်ကြပါပြီ" လို့ဆိုရတော့မည်။ မည်သို့ပင်ဆိုစေ တက္ကသိုလ်မြေ၏ ရင်ခုန်ဖွယ်နေ့တစ်နေ့ပင်။ တက္ကသိုလ်ပညာ ဆည်းပူးခွင့်ရသူတို့၏ အမှတ်တရပွဲတစ်ပွဲပင်။

အဲသည်နေ့က ကျွန်မတို့ကောလိပ်ကျောင်းသူတွေ မီးကုန်ယမ်းကုန် ခြယ်ကြသကြရင်း သစ်လွင်ပွဲကို တက်ရောက်ခဲ့ကြတာဆိုတော့ ကျောင်းလုံးမွှေး၊ ကျောင်းလုံးလှနေကြတော့သည်။ မန္တလေးဒေသကောလိပ်အဝင် ညာဘက်ဆောင်မှ အောင်ပင်လယ်ခန်းမကြီးပေါ်တွင် ကျောင်းသူကျောင်းသားတွေ လှိုင်းလုံးချင်းရိုက်နေခဲ့ကြပါ၏။ လှေကားအတက် တစ်ဖက်တစ်ချက်မှာ ကျောင်းသားတွေက မယ်ရွေးပွဲ အကဲဖြတ်ဒိုင်တွေလို မျက်လုံးပေါင်းများစွာဖြင့် ကောလိပ်သရဖူ ရွေးနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်နေ့က အလှဆုံးနေ့၊ အခြယ်ဆုံးနေ့၊ အတောက်ပဆုံးနေ့ဆိုတော့ မိန်းကလေးတိုင်းလှနေကြသည်။ သည်အထဲကမှ အလှသရဖူဆောင်း ဘုရင်မကို ရွေးကြရတာဆိုတော့ ခက်တော့ခက်သားလား။ ကျွန်မတို့နှင်းဆီဖြူအဆောင်က အဆောင်သူ ကြေးမုံယဉ်ဆိုလျှင် သည်ပွဲမတိုင်ခင်ကတည်းက အလှမယ်အဖြစ် သတင်းကြီးသည့် မင်းသမီးဖြစ်ခဲ့နှင့်ပါပြီ။ ကြေးမုံယဉ်နှင့်တစ်ဖွဲ့တည်းဖြစ်သော ကျွန်မတို့အုပ်စု လှေကားပေါ်အတက်မှာ ကျောင်းသားများ၏ အော်သံကို ကြားရတော့၏။

"Queen…Queen သိပ်ပွဲသချ်ာ Queen"

ဆူဆူညံညံ အော်လိုက်ကြသော အော်သံကြီးမှာ ကျောင်းပွင့်လောက်သည်။ ကြေးမုံယဉ်ကို ဝိုင်းအော်ကြခြင်းဖြစ်၏။ ကြေးမုံယဉ်ကလည်း ချောလိုက်တာ ဝါဝင်းသောအသားအရေနှင့် ဖော့ကပ်ခရမ်းရင့်ရောင် ဝမ်းဆက်ကလေးနှင့်ဆိုတော့ နတ်မိမယ်ကလေးတမျှမဟုတ်လား။ ကြေးမုံယဉ်ခမျာတော့ မပြောတတ်ပါ။ ကျွန်မတို့ပင် ဘာမဆိုင်ညာမဆိုင် အလန့်လန့်အဖျပ်ဖျပ် ဖြစ်ကြရသည်။ ကြေးမုံယဉ်နှင့်ယှဉ်လိုက်တော့ ကျွန်မတို့မှာ လမင်းကြီးဘေးက ကြယ်ပွင့်ကလေးတွေ ဖြစ်ကြရသည်။ အမှန်အတိုင်းဝန်ခံရပါလျှင် ကျွန်မ ကြေးမုံယဉ်နေရာမျိုးကို အားမကျမိပါ။ အနေကျဉ်းကျပ်၊ စိတ်ကျဉ်းကျပ်စရာ ကောင်းလှပါဘိ။

"ဟ… Queen က သည်မှာဟ…သည်မှာ ခင်သန္တာသက်ချိုပြုံးကွ"

တွေးတွေးသိန်းကို ဝိုင်းအော်ကြပြန်သည်။ ခင်သန္တာသက်ချိုပြုံး ဆိုတာ ဆင်ခန္တာဝက်ကိုယ်လုံးဆိုသည့် အဓိပ္ပာယ်မှန်း ကျောင်းသားတိုင်းသိကြတာဆိုတော့ ဝေါခနဲ ရယ်ကြပြန်သည်။ ပျော်စရာတော့ကောင်းသား။ တွေးတွေးသိန်းကတော့ ကိုယ်လုံးကို တစ်ပတ်ပင်လှည့်ပြနေလို့ မနည်းဆွဲခေါ်ခဲ့ရသည်။ ကျောင်းသားတွေက Miss Universe ကွလို့ အော်ကြပြန်၏။

ကျောင်းသားများက Queen ရွေးကြသကဲ့သို့ ကျွန်မတို့ကျောင်းသူများကလည်း King ဘယ်သူလဲ ရွေးကြသည်သာ။ စနစ်တကျ အမှတ်ပေးရွေးကြတာမျိုးမဟုတ်သော်လည်း သည်လိုပွဲမျိုးမှာ Queen နှင့် King ရယ်လို့ အများသဘောညီကြသူတွေ ပေါ်လာတတ်သည်။ ကြေးမုံယဉ်က Queen ဆိုတော့ ယောကျ်ားကလေးထဲက King ဘယ်သူဖြစ်မလဲဆိုတာလည်း မိန်းကလေးတွေကြားမှာ လက်တို့ရသည့်ကိစ္စ ဖြစ်နေလေသည်။ တချို့ ရဲတင်းသွက်လက်သော ကျောင်းသူ ခပ်လောင်လောင်တွေကတော့ King ဆိုတာကို ဝင်လာကြသမျှ ကျောင်းသားတွေထဲက ရွေးနေကြ၏။



အောင်ပင်လယ်ခန်းမပေါ်အတက် လှေကားထိပ်ကော်ရစ်ဒါပေါ်မှာ ကျောင်းသူကျောင်းသားတွေအပြည့်။ ကော်ရစ်ဒါမှာ အုတ်ကွက်ကလေးတွေ ကွယ်နေသော်လည်း ဝန်းကျင်ရှုခင်း ကြည့်လို့ကောင်းသောနေရာဖြစ်သည်။ အုတ်ကွက်ကလေးတွေကြားမှ အရှေ့ဘက်ကို လှမ်းမျှော်ကြည့်လိုက်လျှင် ရှမ်းရိုးမ တောင်တန်း ပြာပြာကြီးတွေကို တမျှော်တတန်းကြီး လှမ်းမြင်နေရတတ်သည်။ လမ်း ၈၀ နှင့် ၃၅ လမ်းပေါ်မှာ ပြေးလွှားနေကြသော ကားရောင်စုံများ၊ ဆိုင်ကယ်များနှင့် များစွာသော စက်ဘီးများကိုလည်း အပေါ်စီးမှ မြင်နိုင်ပါ၏။ မန္တလေးမြို့၏ မြို့ပြမြင်ကွင်းကို ကန့်သတ်မှုဘောင်ထဲမှာ မြင်နေရသည်။ အောက်ဘက်ဆီမှာ မတ်တတ်ရပ်ရင်း စကားပြောနေကြသည့် ချစ်သူတွေကိုလည်း မြင်ရပါ၏။ တချို့က ပြုံးကြရယ်ကြ။ တချို့က ညိုးကြငယ်ကြ။

တစ်ခါတစ်ရံ Class နားချိန်တွေမှာ စိုးစိုးမော်ကို အဖော်ခေါ်ကာ သည်ကော်ရစ်ဒါမှာ ကျွန်မ လာရပ်လေ့ရှိပါသည်။ လှေကားက အဆောက်အဦး အပြင်မှာဆိုတော့ တက်သွားလိုက်ရုံဖြင့် အပေါ်ထပ်ကော်ရစ်ဒါကို ရောက်နိုင်သည်။

"စိုးမော်ရယ်…ငါတော့လေ ဘဝကအကြောင်းလားတော့ မပြောတတ်ပါဘူးဟယ်…အဲသလိုတောင်တန်းကြီးတွေကို မြင်ရင် ကိုယ့်ဘဝနဲ့ ဆက်နွယ်နေသလိုလို ခံစားရတာချည်းပဲ…ငါဝန်ထမ်းဖြစ်ရင် ရှမ်းပြည်နယ်က ရွာကလေးတစ်ရွာကို ရွေးမိမှာပဲ…"

တကယ်ခံစားမှုဖြင့် ပြောမိခြင်းဖြစ်သည်။ ပြောသာပြောရတာပါ။ ရှမ်းပြည်နယ်ကို ကျွန်မ တစ်ခါမှ မရောက်ဖူးခဲ့။ တောင်တန်းတွေရဲ့အောက်ခြေမှာ လူတွေ၊ ဘဝတွေ ရှိကြလိမ့်မည်။ သူတို့၏ နေထိုင်မှုဘဝကို ကျွန်မ သိချင်သည်။

ကျွန်မက မြင်းခြံသူဆိုတော့ ပုပ္ပားတောင်ကိုလည်း ချစ်ပါ၏။ တောင်တော်ပုပ္ပား၏ ညို့ညို့မှိုင်းမှိုင်း ကျက်သရေရှိခြင်းကိုလည်း စွဲလမ်းရပါသည်။ သို့သော် တောင်စဉ်တောင်တန်းများကို လွမ်းစိတ်နှင့် ကျွန်မ ချစ်မိသည်ဖြစ်၏။

"နင်က စာတွေဖတ်ပြီး စိတ်ကူးယဉ်တတ်လိုက်တာဟယ်"

ရိုးသားဖြူစင်ကြသော ရှမ်းပြည်သူတို့၏ဘဝကို စွဲလမ်းနှစ်ခြိုက်ခဲ့သည်။ အောင့်ကို ခင်မင်ခွင့်ရခါစက ကလောမြို့ကလေးအကြောင်းပြောပြတော့ ကျွန်မ သိပ်ကို စိတ်ဝင်စားခဲ့ရသည်။ ကလောကို ရောက်ဖူးချင်ခဲ့သည်။ ပြီးတော့ အောင်ကိုယ်တိုင်က ရှမ်းသွေးပါသူ ရှမ်းလူချောကလေး။

ခန်းမထဲကို ကျွန်မတို့ဝင်ကြတော့ ကျောင်းသားကျောင်းသူတွေ ရောက်နှင့်နေကြပြီ။ အလယ်မှာ မင်းလမ်းခြား၍ ကောဇောချပ်ကြီးတွေ ခင်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်အခြမ်းက ကျောင်းသားတွေ၊ ဘယ်ဘက်အခြမ်းက ကျောင်းသူတွေ။ ခန်းမထဲမှာ အသံတွေ တဝေါဝေါ။ အော်ကြဟစ်ကြ၊ ပြောကြဆိုကြ။ တစ်ခန်းလုံး ဖိတ်ဖိတ်လက်အောင် ဝင်းရှိန်နေလေ၏။ ကျွန်မ ရင်တွေခုန်နေသည်။ စင်မြင့်ကို မီးမောင်းတွေထိုးထားသော်လည်း လှုပ်ရှားမှုမရှိသေး။ နီညိုရောင်ကတ္တီပါနောက်ခံမှာ ရွှေရောင်စာလုံးတွေက ကြွနေသည်။

**"ပထမနှစ်၊ သိပ္ပံသချာင်္ဘာသာရပ်**
**မောင်မယ်သစ်လွင်ကြိုဆိုပွဲ"**

နီညိုခံကတ္တီပါသားပေါ်မှာ ရွှေရောင်စာလုံးများဖြင့် ပုံဖော်ထားသော အခမ်းအနား ဘက်ကရောင်းကို လှမ်းကြည့်ရင်း ကျွန်မ ရင်တွေခုန်ရပါ၏။ နမူးစီးနှင့် စတိတ်ခုံတစ်ဖက်တစ်ချက်စီချထားသော ကတ္တီပါ ကားလိပ်ကြီးတွေက လည်း ရေလှိုင်းတွေ လွန့်လူးနေကြသလို ကြည့်လို့လှနေသည်။ ကြာတော့ ဈေးတလုံးလုံးဖြစ်လာကြပြီ။ အခမ်းအနား မစနိုင်သေး။ ကျောင်းသူ ကျောင်းသား တွေက ဆူညံသည်ထက် ဆူညံနေတော့သည်။ ကျောင်းသူတစ်ယောက်၏ ကြည် လင် ချိုမြသောအသံကြောင့် ဆူညံနေကြသူတို့ တိတ်သွားကြသည်။ အခမ်းအနား စတော့မည်။ ကျောင်းသူ ကျောင်းသားတွေက လက်ခုပ်တီးကာ ကြိုဆိုကြ၏။

"အစီအစဉ်ကြေညာသူလုပ်တာ ပန်းကမ္ဘာတေးသံသွင်းဆိုင်က မေဖော်ဦး လေ...အသံကောင်းလိုက်တာ..."

အခမ်းအနားအစီအစဉ် ဖတ်ကြားသည်။ အခမ်းအနား စတင်ဖွင့်လှစ်သည်။ ဒေသကောလိပ်ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်၏ မောင်မယ်သစ်လွင်များကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောသည်။

"မောင်တို့ မယ်တို့...သည်ကနေ့မှာဆိုရင် မောင်တို့ မယ်တို့ကို အမိ ဒေသကောလိပ်မြေမှ ကြိုဆိုလိုက်တဲ့ ပွဲကြီးဖြစ်တယ်..."

သည်အစီအစဉ်ပြီးသည်နှင့် အမျှော်ကြီးမျှော်နေကြသော ဖျော်ဖြေရေး အစီအစဉ်။ ကျောင်းသားကျောင်းသူတွေ အလှည့်ကျသီဆိုဖျော်ဖြေကြသည်ဆိုသော် လည်း ခေတ်ပေါ်တီးဝိုင်းအစုံအလင်နှင့်ဆိုတော့ တကယ့် Show ပွဲတွေ ကြည့်ရ သလို အားလုံးက စိတ်ဝင်တစားရှိကြတာမဟုတ်လား။ သီချင်းတစ်ပုဒ်ပြီးတိုင်း လက်ခုပ်သံတွေ ဆူညံသွားတော့သည်။ သီချင်းတွေကလည်း လောလောဆယ် ခေတ်စားနေသည့် တေးသံရှင်များဖြစ်သည့် စိုင်းထီးဆိုင်၊ ခိုင်ထူး၊ ပလေးဘွိုင်း သန်းနိုင်၊ အယ်လ်ခွန်းရီ၊ ကဲ့ကော်တောမျိုးအောင်၊ ကိုင်ဇာ၊ မေဆွိ စသူတို့၏ သီချင်းတွေ။ တချို့သီချင်းတွေကို ကျောင်းသူကျောင်းသားတွေက လိုက်ဆိုကြသည်။



ကျွန်မတို့အဖွဲ့သည် နောက်တစ်နေ့ ဝိဇ္ဇာ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကိုလည်း မပျက်မကွက် တက်ရောက်ခဲ့ကြပါသေး၏။

"ကိုတိုးကြီးရော...အောင်ရော သီချင်းဆိုမှာကွ...တို့ လက်ခုပ်ကျယ် ကျယ် တီးကြမယ်နော်..."

ကျောင်းသူကျောင်းသားတွေ သဘောကျပြီဆိုလျှင် လက်ခုပ်သံတွေ ဝက်ဝက်ကွဲအောင်တီးပြီး အားပေးကြတာဆိုတော့ ကိုယ့်လူကိုယ် လက်ခုပ်ကျယ် ကျယ်တီးပေးဖို့ ကျွန်မတို့အချင်းချင်း ထိုင်ပင်ထားကြသည်။

"ခုတစ်ခါ သီဆိုဖျော်ဖြေဖို့ အလှည့်ကျသူကတော့ ပထမနှစ် ဝိဇ္ဇာရိုးရိုးမှ အောင်နိုင်သူပဲ ဖြစ်ပါတယ်ရှင်...အောင်နိုင်သူ ဖျော်ဖြေမယ့်သီချင်းကလေး ကတော့..."

အစီအစဉ်ကြေညာသူက ခဏကလေးရပ်ထားတော့ အသံတွေ တိတ် သွားသည်။ ပြီးမှ 'မောင့်လပြည့်ဝန်း' ပါရှင်...ဆိုလိုက်တော့ လက်ခုပ်သံတွေ ညံသွားသည်။

စင်ညာဘက်ထောင့်မှ အောင်ထွက်လာတော့ ကျွန်မတို့အားလုံး လက်ခုပ် လည်းတီး ပါးစပ်ကလည်း ဝေးခနဲ အော်ကြ။ ကျွန်မတို့ပတ်လည်မှာ ထိုင်နေ ကြသည့် ကျောင်းသူများကပင် ကျွန်မတို့ကို လှမ်းကြည့်ကြသည်။ ထွေးထွေးသိန်း က လက်ညှိုးနှင့်လက်မကိုခွေကာ ပါးစပ်ထဲထည့်၍ ရှူးခနဲ မှုတ်ချလိုက်တော့ ကျောင်းသားတွေဘက်က ဝေးခနဲ ယောင်ကြသည်။ ကျွန်မက တံတောင်နှင့်တွတ် ကာ ထွေးထွေးသိန်းကို သတိပေးရသည်။ အောင်က ဂျင်းဘောင်းဘီ နက်ပြာ ရောင်နှင့် ကြည်ပြာရောင်လက်ရှည် အစင်းကလေးကို ဝတ်ထားသည်။ ဖြူဝင်း သော အသားအရေကြောင့် မီးရောင်အောက်မှာ တောက်ပနေပါ၏။ ဂစ်တာ ကြိုးတွေကိုညှိရင်း တီးဝိုင်းနှင့် စကားပြောနေသည်။ ကျွန်မကတော့ သည်ရက် တွေထဲမှာ အောင့်ကို ပထမဆုံး ပြန်တွေ့လိုက်ရခြင်းဖြစ်သည်။ သည်လောက်များ သည့် ကျောင်းသူတွေထဲမှာ ကျွန်မတို့ကို အောင် တွေ့နိုင်မည်မထင်။

အောင်က အားလုံးအဆင်ပြေသွားသလို ခါးကိုမတ်လိုက်ကာ ပရိသတ် ကို ပြုံးပြသည်။ ဝေးခနဲ အော်ကြပြန်၏။ အောင် ဂစ်တာတီးတတ်မှန်း ကျွန်မ မသိ။ ကျွန်မတို့အဆောင်ရှေ့မှာ ညစဉ် သီချင်းလာဆိုကြသူတွေရှိသည်။ တချို့ အသံကောင်းကြသူတွေ ပါသည်။ ခက်တာက ဘယ်သူမှန်းမသိ ဘယ်သူ့ကို ရည်ညွှန်းနေမှန်းလည်း မသိ။ ဂစ်တာသံကို ကျွန်မ နှစ်သက်သည်။ ပရိသတ်ငြိမ်သွား တော့မှ Intro စဝင်လာခဲ့သည်။ ပြီးမှ ချိုမြသည့် အောင့် အသံ...။

www.burmeseclassic.com

www.burmeseclassic.com



*"သည်တစ်ညမှာ မြင်ရခဲ့တဲ့ x x မောင့်လပြည့်ဝန်း x x သာလွန်းတယ် အရင်ညက မောင့်လပြည့်ဝန်း x x အမှောင်ညကို စွန့်သွားတဲ့ မောင့် လပြည့်ဝန်း x x"*

လက်ခုပ်သံတွေ ဝေါခနဲကျလာသဖြင့် ကျွန်မတို့ပင် ရောယောင်တီးကြရတော့သည်။ အောင့်အသံက မဝဲသော်လည်း နွဲ့လှသည်။ ကရုဏာသံပါသည်။ ဇောဇောကအ ဆိုခဲ့ကြသော ဆူဆူညံညံတွေထဲမှာ သီချင်းအေးကလေးဝင်လာသည်ဆိုတော့ အာရုံအပြောင်းအလဲဖြစ်ရသည်။ ကျွန်မပင် အောင့်ကို ငေးကြည့်နေမိ၏။ ပီသကြည်မြလွန်းရုံမက ကရုဏာသံအပြည့်နှင့် ဆွဲဆောင်မှုအားကောင်းသော အောင့်အသံကို ကျွန်မ အံ့သြရပါသည်။ သီချင်းဆုံးသွားတော့ လက်ခုပ်သံတွေ ဖျောခနဲကျလာတော့၏။

"ဟဲ့…သီရိမေ လက်ခုပ်တီးလေဟယ်"

ခင်ခင်က လက်တို့သတိပေးကာမှ ကျွန်မ လက်ခုပ်ဖွဖွ တီးမိရပါ၏။ အောင့်နောက်မှာ သီဆိုကြသူတွေလည်း ကောင်းကြပါသည်။ သို့သော် အောင့်သီချင်းကို မကျော်နိုင်ကြ။ ဒါကလည်း ကျွန်မစိတ်အထင်သာ ဖြစ်ပါ၏။

"အခုတစ်ခါ အထူးအစီအစဉ်ကလေးမစမီမှာ နောက်ဆုံးဖျော်ဖြေဖို့ အလှည့်ကျသူကတော့ ကျွန်မတို့ ဓသကောလိပ်ရဲ့ ဂုဏ်ထူးဆောင်ကျောင်းသားကြီး ကိုတိုးမောင်မောင် ဖြစ်ပါတယ်… ကိုတိုးမောင်မောင်စင်မြင့်ပေါ်ကို ကြွပါရှင်"

အစီအစဉ်ကြေညာသူ၏ ဟာသကြောင့် ကျောင်းသားတွေ 'ဝေး…' ခနဲ အော်ကြပြန်၏။ ကိုတိုးကြီးကို ချစ်ခင်ကြသူတွေများတော့ လက်ခုပ်သံတွေကတဖြောင်းဖြောင်းထွက်ကျလာပါသည်။ လူက ဘုတ်သိုက်သိုက် ဖိုးရိုးဖားရားဆိုတော့ ပရိသတ်က တဝါးဝါး။ အဝတ်အစားကတော့ သပ်သပ်ရပ်ရပ်အရှိသား။ ကိုတိုးကြီးက လက်နှစ်ဖက်ထောင်ပြကာ နှုတ်ဆက်သည်။

"ဝေး……ဟေး……ဟေး……"

"ကောလိပ်ကြမ်းပိုးကြီးကွ"

"ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားကွ"

"မြင်းခြံသားကွနော်…"

ဆောင်းဘီရှည် ပွပွကားကားကြီးနှင့် စင်ပေါ်တက်လာကတည်းက ကိုတိုးကြီးပုံကို မြင်ရုံဖြင့် လူတွေ တဝါးဝါးပွဲကျနေကြသည်။ မိုက်ခွက်ကိုကိုင်ပြီး



"ကျွန်တော် တကယ်ဆိုမှာပါခင်ဗျာ" လို့ပြောလိုက်တော့ ရယ်သံတွေ ပိုဆူလာလေတော့၏။ သီချင်းနာမည် ကြေညာမထားတော့ ပရိသတ်က ဘာဆိုမှာပါလိမ့်စိတ်ဝင်စားနေကြသည်။

*"ကျောင်းဖွင့်ချိန် စိန်ပန်းတွေလည်း မြေမှာကြဲပြန့်နေ x x ကံ့ကော်ပွင့်တွေနဲ့အတူ သူနဲ့တွေ့ရာ နယ်မြေ x x တက္ကသိုလ် သို့မဟုတ် မြကျွန်းသာ အင်းလျားကန်နယ်မြေ x x"*

အဆိုတော် တွံတေးသိန်းတန်၏ 'ချစ်ရက်ရှည်ရှည် အင်းလျားမြေ' သီချင်းကို ကိုတိုးကြီး ရွှေးဆိုလိုက်တော့ ကျောင်းသူကျောင်းသားတွေ သဘောကျကုန်ကြသည်။ ပထမ အကြောတုန်းကတော့ မူရင်းသီချင်းစာသားကို ဆိုသော်လည်း ဒုတိယအကြောမှာတော့ ကိုတိုးကြီးက ထွင်ဆိုလိုက်သည်။

*"ကျောင်းဖွင့်ချိန် စိန်ပန်းတွေလည်း မြေမှာကြဲပြန့်နေ x x ငုဝါပွင့်တွေနဲ့အတူ သူနဲ့တွေ့ရာ နယ်မြေ x x တက္ကသိုလ် သို့မဟုတ် မန်းသီလာအမိတက္ကသိုလ်မြေ x x"*

ကျောင်းသားပရိသတ်များသာမက ဆရာ၊ ဆရာမတွေကပင် သဘောတွေကျကုန်ကြ၏။ တတ်လည်းတတ်နိုင်တဲ့ ကိုတိုးကြီး။ ကျွန်မတို့မှာ ကိုယ့်မြို့သားတစ်ယောက် အခုလို စင်ပေါ်မှာ လက်ခုပ်သံရယူနိုင်တာကိုပဲ ဂုဏ်ယူလို့မဆုံးနိုင်ခဲ့ပါပေ။ ထွေးထွေးသိန်းကတော့ အကဲဆုံးဖြစ်၏။

"ကြွရောက်လာကြသော ဆရာ ဆရာမများ ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူများရှင့်…အခု အထူးအစီအစဉ်တစ်ရပ်အနေနဲ့ ဖျော်ဖြေတင်ဆက်ဖို့ ရှိပါတယ်ရှင်…သည်အစီအစဉ်ကတော့ ပထမနှစ်ဝိဇ္ဇာရိုးရိုး ကျောင်းသား ကိုအောင်နိုင်သူ ကိုယ်တိုင်ဘီးခတ်မယ့် စောင်းလက်သံနှင့်အတူ ပထမနှစ်ဝိဇ္ဇာရိုးရိုး ကျောင်းသူ မအိစပယ်နိုင်ရဲ့ တစ်ပင်တိုင်အကကို တွဲဖက်ခံစား ရှုမြင်ရမှာဖြစ်ပါတယ်…ကျေးဇူးတင်ပါတယ်ရှင်"

အထူးအစီအစဉ်ဆိုတော့ ခန်းမတွင်းမှ အားလုံးငြိမ်သက်သွားကြသည်။ စိတ်ဝင်တစားဖြင့် လည်ကိုဆန့်၍ မျှော်ကြရသည်။ ခဏနေတော့ အောင်ကစောင်းတစ်လက်ကိုပိုက်၍ စင်မြင့်၏ ညာဘက်ဆောင်က ကတ္တီပါခင်းခုံမြင့်မှာ နေရာယူလိုက်ရင်း စောင်းကြိုးတွေကို တို့ခတ်နေသည်။ ပြီးတော့ လက်သံပြစောင်းတီးကွက်ကို တီးလေသည်။ သည်တစ်ခါတော့ အောင်က နံ့သာရောင်တိုက်ပုံဆိုးကို

www.burmeseclassic.com

www.burmeseclassic.com



ဆင့်မြန်းထားပါ၏။ တခြားသူတွေတော့ မပြောတတ်ပါ။ ကျွန်မမှာတော့ အံ့ဩလွန်းစွာ ငေးနေမိပါ၏။ ဓောင်းသံက ကောင်းကင်မှ တစ်ပေါက်ချင်း ကြွေကျလာသော မိုးရေစက်များလို အစဉ်မပြတ်ပဲရှိနေခဲ့သည်။ နားထောင်နေရင်းက ကျွန်မမှာ လက်ဖျားခြေဖျားများပင် အေးစက်လာကာ ရင်တွေ တဆတ်ဆတ်ခုန်နေခဲ့ပါ၏။

*'သီချင်းညည်းမယ်*
*စည်းကျပ်သံလွင်၊ ကောက်ယူငင်လိုက်*
*ရင်မှာပြည့်သွပ်၊ ကျပ်နေတာတွေ*
*ဌွေသံကျော့ရွှ၊ မလှလှအောင်*
*ဂီတအဖြစ် ကူးပြောင်းဖြစ်ဆဲ…'*

ဆရာမကြည်အေး၏ ကဗျာတစ်ပုဒ်က ကျွန်မခေါင်းထဲဝင်လာခဲ့၏။

အောင်က ဓောင်းတီးကွက်တစ်ကွက်အပြီးမှာ အကဝင်မည့်အပျိုးကို စတီးလိုက်သည်။ ထိုအခါ ဘယ်ဘက်စင်ထောင့်မှ အိစပယ်နိုင်က ကကြိုး ညက်ညက်ကလေးကရင်း လွင့်မျောလာခဲ့သည်။ ဓောင်းတစ်လက်တည်းတီးသော အတီးကို ကျွန်မ တစ်ခါမှ နားမထောင်ဖူးခဲ့သလို ဓောင်းသံနှင့်တွဲထားသော အကကိုလည်း ကျွန်မ တစ်ခါမှ မကြည့်ဖူးခဲ့။ ခရမ်းနုရောင်ဝတ်စုံကလေးနှင့် နွဲ့နွဲ့နှောင်းနှောင်း ကလေးကနေသော အိစပယ်နိုင်သည်လည်း ထိုပွဲကစလို့ ဝိဇ္ဇာရိုးရိုး၏ Queen ဖြစ်ရသလို အောင်ကလည်း မိန်းကလေးများစွာ၏စိတ်ဖြင့် ပေးသောအမှတ်တွေ သိမ်းကျုံးယူလိုက်နိုင်ကာ King ဖြစ်ခဲ့ရတော့သည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲပြီးတော့ ကျွန်မတို့သူငယ်ချင်းအုပ်စုကလေးမှာ လူသိပိုများလာခဲ့ရသည်။ လူတိုင်းကချစ်ခင်သော ကောလိပ်ဧကရာဇ်ကလေး အောင်က ကျွန်မတို့နှင့် တပူးတွဲတွဲဆိုတော့ ကျွန်မတို့ကိုလည်း လူတွေသတိထားမိလာကြသည်။ အောင်နှင့် မိတ်ဖွဲ့ချင်၊ သီချင်သူတွေကြားမှာ ကျွန်မတို့က ရင်းနှီးခင်မင်ပြီးသားသူငယ်ချင်းတွေ ဖြစ်နေရတာ ကျွန်မတို့မှာလည်း ဝမ်းသာရပါသည်။ တက္ကသိုလ်၏မင်းသားတစ်ပါးနှင့် ခင်မင်လက်စ ကျွန်မမှာ အောင်နှင့်တွေ့ရမှာကို ဝန်လေးလာမိသည်။ ကျွန်မစာအုပ်ကလေးတွေ ပေးဖတ်ချင်သော၊ ကျွန်မကို ကဗျာကလေးတွေအကြောင်းပြောပြတတ်သော၊ 'အောင်' မှ ဟုတ်သေးရဲ့လား။ အောင့် အနုပညာ၊ အောင့် ထင်ပေါ်ကျော်ကြားမှုအတွက် ကျွန်မ ဝမ်းသာဂုဏ်ယူမိရသော်လည်း အောင်နှင့်ကျွန်မ တစ်စုံတစ်ရာ ဝေးသွားသလို ခံစားနေခဲ့ရသည်။ သူနှင့်ကျွန်မ ချစ်သူတွေ မဟုတ်ကြပါ။ ချစ်သူတွေနှင့်မတူသော ခင်မင်ရင်းနှီးရသည့် သူငယ်ချင်းတွေသာဖြစ်ပါ၏။



*'လှမ်းမီပေမယ့်*
*မောနေပါမယ်၊ ခူးမလွယ်ဘူး*
*မြေဝယ်လျှောင်းစင်း၊ မောင့်ခြေရင်းက*
*သက်ဆင်းကြွေလွင့်၊ ခရေပွင့်လေ…'*

ထိုညက ဆရာမကြည်အေး ကဗျာတွေထဲက တချို့ကဗျာပိုဒ်တွေကို အိပ်ရာထဲမှာပင် ရွတ်နေမိခဲ့ပါ၏။ ကဗျာတွေရွတ်ရင်းက ဝမ်းနည်းလာခဲ့သည့်အတွက် ကျွန်မကိုယ်ကျွန်မပင် အံ့ဩမိခဲ့ရသည်။

ကျွန်မက သက်ဆင်းကြွေလွင့်…ခရေပွင့်လေလား။ သည်လိုတော့လည်း မဟုတ်ပြန်ပါ။

■

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

ပထမနှစ်ဝက် ကျောင်းတွေပိတ်ဖို့ ရက်လည်းနီးလာခဲ့ပြီ။ ကျွန်မတို့ မြင်းခြံပြန်ရမည့်ရက်လည်း နီးလာပြီ။ မေမေ့ သနပ်ခါးစက်ကို ကျွန်မ ကြည့်ချင်လှပြီ။ မောင်နှမတွေ ဆုံချင်လှပြီ။ အထူးသဖြင့် မေမေ့ကို တွေ့ချင်သည်။ တက္ကသိုလ်ဆိုတာ သည်လို မေမေရဲ့…လို့ အတွေ့အကြုံတွေကို ပြောချင်လှပြီ။ မြို့ပြဆိုသော်လည်း ဥသြသံကို တစ်ခါတစ်ခါ ကြားရပါ၏။ ဥသြတွန်တဲ့ လရာသီပါကလား။

ထိုနေ့က လက်တွေ့ (Practical) နောက်ဆုံးအချိန်ဖြစ်သည်။ ၁၁၄ ခေါ်သည့် Organic Chemistry လက်တွေ့ချိန်။ ကျွန်မအာရုံတွေက ကျွန်မ ကိုင်တွယ်နေသည့် ပစ္စည်းတွေပေါ်မှာ စူးစိုက်လျက်ရှိ၏။

"ဟော့…ဟိုမှာ ဝိဇ္ဇာက ကင်းကွ ဘာလာလုပ်တာလဲမသိဘူး"

ကျွန်မဘေးမှ ကျောင်းသူတစ်ယောက်က သူ့အဖော်ကို ပြောလိုက်သည့် အသံ။ ကျွန်မပါ ရောယောင်လှည့်ကြည့်လိုက်သည်။ ကျွန်မတို့ Practical လုပ်ရာ အခန်းနှင့်တည့်တည့် အပေါ်ထပ်ကိုတက်ရာ လှေကားခြေမှာရပ်နေသော အောင်။ ဗျူရက်ဖြင့် ဆာလဖျူရစ်အက်ဆစ်ပျော့ကို အစက်ချဖို့ပြင်နေသော ကျွန်မမှာ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားရပါ၏။ အောင်က ကျွန်မကို စာအုပ်တစ်အုပ် ထောင်ပြနေသည်မဟုတ်လား။

တာဝန်ကျဆရာမကို ခွင့်ပန်၍ အခန်းအပြင်ဘက်ကို ခဏထွက်ပြီး အောင့်ဆီသွားလို့ရမှန်းသိပေမယ့် ကျွန်မ လက်ကိုထောင်ပြလိုက်ပါသည်။ ခဏနော် ဆိုသည့်သဘောကို အောင် နားလည်လိမ့်မည်ထင်ပါ၏။ အမှန်မှာ ကျွန်မဆီကို အလာကျဲနေသည့်အောင့်ကို စိတ်ခုနေမိတာ ပါသလို၊ ကျွန်မကိုယ်တိုင်ကလည်း မာနကလေးတော့ ခံလိုက်ချင်သေးတာပါ ပါ၏။ လက်တွေ့ကို မြန်မြန်ကလေးလုပ်၊ အဖြေကိုရေး ဆရာမထံ စာအုပ်အပ်ပြီးမှ အခန်းအပြင်ကို ထွက်လာခဲ့သည်။



ကျွန်မနောက်ကျောဘက်ဆီက မျက်လုံးပေါင်းများစွာ လိုက်လာကြလိမ့်မည်ဆိုတာ ကိုလည်း ကျွန်မ အတပ်သိနေပါ၏။

အောင်နှင့်ကျွန်မ မန်ကျည်းပင်ခြေက သစ်သားခုံဝိုင်းမှာ ထိုင်လိုက် ကြပါသည်။

"မေ့ကို အောင် စာအုပ်ပေးချင်လို့လာတာ"

အောင့်စကားကြောင့် ကျွန်မ ဝမ်းနည်းသွားမိသည်။ ကျွန်မကဖြင့် အောင် ဖတ်စေချင်သည့် သူလိုလူစာအုပ်ထူကြီးကို ရက်နှစ်ပတ်လောက် နေ့စဉ်လွယ်ခဲ့ ရတာကို အမှတ်ရမိလို့ပဲဖြစ်သည်။ မောင်မယ်သစ်လွင်ကြိုဆိုပွဲပြီးသည့်နောက်ပိုင်း ကျွန်မတို့အဆောင်ဘက်ကို အောင်နှင့်သူ့သူငယ်ချင်းတွေ တစ်လှေကြီး ရောက်လာခဲ့ ကြပါသေးသည်။ သည်တုန်းက ကျွန်မ သိပ်နေမကောင်းဟု အကြောင်းပြကာ ဆင်းမတွေ့ဖြစ်ခဲ့ပါ။ အဆောင်ရှေ့က ပုန်းညက်ပင်ခုံတန်းလျားဆီမှ ကိုတိုးကြီး၏ အသံသြသြကျယ်ကျယ်ကြီးကို အပေါ်ထပ်မှာအောင်းနေသည့် ကျွန်မကိုယ်တိုင် အတိုင်းသားကြားနေခဲ့ရသည်။ ထွေးထွေးသိန်း၏ရယ်သံကိုလည်း ကြားနေရသည်။ သူငယ်ချင်းများနှင့် အောင်တို့လူသိုက် ငြင်းကြခုံကြတာကိုလည်း ကြားရပါ၏။ အောင့်အသံကိုတော့ မကြားရ။ အောင့်အသံကို ဘာဖြစ်လို့ မကြားရတာလဲ။ သူ ဘာမှဝင်မပြောကာလား။ ခင်ခင်တို့က Fresher Wellcome နေ့က အောင့် သီချင်းနှင့် စောင်းလက်သံအကြောင်းတွေ ပြောနေတာလည်း ကြားရပါသည်။ တကယ်ဆိုရင် ထိုနေ့ကအကြောင်းတွေ ကျွန်မမှာ ပြောစရာတွေရှိသည်။ အခုတော့ ကိုယ့်မာနနှင့်ကိုယ် ဘာမှဆင်းပြောလို့မဖြစ်ပြန်။

နွယ်နွယ်တင့်အသံကိုလည်း ကြားနေရသည်။

"သိရိမေလား… မသိပါဘူး…စောစောက အကောင်းပါ…အခုမှ ကောက်ကာငင်ကာ နေမကောင်းဖြစ်သွားတာ…သူက တစ်ခါတစ်ခါ အဲသလိုပဲ အောင်ရဲ့…ရောဂါဟောင်းရှိတယ်"

အောင့်အသံ မကြားရ။ နွယ်နွယ်တင့်အသံကိုပဲ ပြန်ကြားရသည်။

"ဘာရောဂါရမလဲ…သုံးပန်လှရောဂါပေါ့…တစ်နေ့ သုံးမျိုးပြောင်း တာလေ…"

ကျွန်မပင် ရယ်ချင်သွားပါသည်။ ဟုတ်ပါရဲ့။ ကျွန်မကတော့ ဘာကြောင့် များ အောင်နှင့်ပတ်သက်လျှင် သုံးပန်လှဖြစ်နေရတာပါလိမ့်။ ကျွန်မကိုယ်တိုင် ဘာမှန်းမသိဘဲ မာနတွေတင်းခံနေခဲ့မိသည်။ ဒါကလည်း ကျွန်မအကျင့်။ ကိုယ့် စိတ်ထဲ တစ်စုံတစ်ရာ စိတ်အစာမကြေသည့်အခါ မာနလို့ပဲခေါ်မလား သိက္ခာကြီး

www.burmeseclassic.com

www.burmeseclassic.com



တယ်ပဲခေါ်မလား။ တင်းတင်းတောင့်တောင့်ဖြစ်သွားတတ်ပါ၏။ အောင့်ကို ကျွန်မ သည်လိုပြုမူနေမိတာကတော့ ဘာအဓိပ္ပာယ်ပါလိမ့်။ ကျွန်မ၏ ချစ်သူမဟုတ်သော ရင်းနှီးသောသူငယ်ချင်းတစ်ယောက်ကို သည်လိုပြုမူသင့်သလား။ ဒါတော့ ကျွန်မ မသိ။ အခုလည်း အောက်ထပ်ကို ကျွန်မ ပြေးဆင်းချင်စိတ်တွေ ပေါက်မိသော်လည်း ကျွန်မ မဆင်းခဲ့။ ကျွန်မနှင့် ကျွန်မ ပြန်ပြီးအားပြိုင်နေရတာမျိုး။

အောင့်အပေါ်မှာ ကျွန်မစိတ်ကောက်နေခဲ့မိခြင်းသာဖြစ်၏။ ထိုနေ့က အောင်တို့ပြန်သွားတော့လည်း ကျွန်မမှာ နောင်တတွေသာ ကျန်ရစ်ခဲ့သည်။ အခုတော့ အောင့်ကို ဖတ်စေချင်လွန်းသဖြင့် ယူလာခဲ့သောစာအုပ်ကလေး ပါမလာခဲ့ပြန်။

"ဟိုတစ်နေ့က အဆောင်ကိုလာခဲ့ကြသေးတယ်...သည်စာအုပ်ကလေး ပေးဖို့လာတာပါ...မေသိပ်နေမကောင်းဘူးဆိုတာနဲ့ ဘယ်သူ့မှမပေးခဲ့ဘဲ ပြန်ယူသွားခဲ့တာ...ကျောင်းတွေလည်း ပိတ်တော့မှာဆိုတော့ မေ့လက်ထဲကို ထည့်ပေးလိုက်ချင်လို့...အောင် မကြာခဏဖတ်ဖြစ်တဲ့စာအုပ် မေ ရဲ့... မေ ဖတ်စေချင်လွန်းလို့ပါ...ကျောင်းတွေဖွင့်မှ ပြန်ပေးပေါ့"

မြန်မာစာပေသမိုင်း၊ ဦးဖေမောင်တင်။

စာအုပ်ကလေးက အတော့်ကိုဟောင်းနေပါပြီ။ အဖုံးကလေးပင် စုတ်နေပြီ။ စာရွက်သားကလေးတွေကလည်း ဝါကျင်ကျင်။ အောင် ဘယ်နှခေါက်များ ဖတ်ခဲ့ပါလိမ့်။ ကျွန်မ သည်စာအုပ်ကို မဖတ်ဖူးခဲ့ပါ။ ရှိမှန်းပင်မသိ။

"သည်စာအုပ်ကို သေသေချာချာ အေးအေးဆေးဆေးဖတ်နော်... ဆရာကြီးဦးဖေမောင်တင်ကို မေ ကြားဖူးတယ်မဟုတ်လား..."

ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။ ဆရာကြီးဦးဖေမောင်တင်အကြောင်းကို အောင်ကပြောပြနေခဲ့သည်။ သည်စာအုပ်ကိုဖတ်လိုက်လျှင် မြန်မာစာပေ၏ သမိုင်းအကြောင်းကို သိနိုင်သတဲ့။ စာဆိုများ၏ ဘဝနှင့်စာကို တွဲဖတ်နိုင်သတဲ့။ ဖတ်ပြီးရင် ဆွေးနွေးကြရအောင်လို့လည်း ပြောနေသည်။

စာအုပ်ကလေးကိုကိုင်ရင်း အောင့်ကို အားနာစွာ ကျွန်မ မော့ကြည့်လိုက်ပါသည်။ ပကတိ ရိုးသားဖြူစင်သောအောင့်ကို ကျွန်မ ဘာကြောင့် ဘာကို စိတ်ကောက်ခဲ့ရတာပါလိမ့်။ ကျွန်မကလည်း အောင့်ကိုဖတ်စေချင်သည့် ဂျာနယ်ကျော်မမလေး၏ သူလိုလူစာအုပ်ကြီး လွယ်အိတ်ထဲ အမြဲထည့်ယူလာခဲ့သည့် အကြောင်းကို ပြောပြလိုက်ပါသည်။ အောင်က ဘာကြောင့်မှန်းမသိ ရယ်သည်။

"အခုပါလား မေ... အောင်ဖတ်ချင်ပါတယ်"



"အခုတော့ မပါဘူးရှင်ရေ...တစ်လလောက်ပျောက်နေတဲ့လူကို မေက ဘယ်နှယ်လုပ် ရှာပြီးပေးရမှာလဲ၊ ကမ္ဘာ့အနောက်ဘက်ခြမ်းရောက်နေတဲ့ လမင်းကို မျှော်မနေပါဘူး...ကိုယ့်ကမ္ဘာခြမ်းမှာ သာတဲ့ရက်တွေအထိ စောင့်နေတာလေ...အဆောင်မှာထားပစ်ခဲ့တာပဲ ကြာလှပေါ့"

ကျွန်မစကားကိုကြားတော့ အောင်က တအားရယ်လေသည်။ အောင်က ရယ်တော့ ကျွန်မမှာ မလုံမလဲစိတ်ဖြင့် ရှက်သွားမိသည်။

"ဒါကြောင့် မေ့မှာ သုံးပန်လှရောဂါရှိတယ်ပြောတာနေမှာ...သည်ရောဂါမျိုးက ကြောက်ရတယ်နော်...တော်ရုံဆေးနဲ့ မပျောက်ဘူးဗျ"

"တစ်သက်လုံးရှုံးနေရင်လည်း ကောင်းသားပဲ...ဘယ်သူ့မှ မမှတ်မိလေ ကောင်းလေပဲ..."

"အောင့်ကိုရော"

"အဓိကပေါ့ရှင်... ကိုယ့်ပြောလို့ပြောမှန်းမသိတာ ခက်သားပဲ"

သည်လိုဆိုတော့လည်း အောင်က စိတ်မကောင်းဖြစ်သွားပုံရပါ၏။ မျက်နှာကလေး ညှိုးသွားရှာသည်။ သူ့လေသံကို နူးညံ့သွားအောင် လျှော့ချလိုက်တာ ကျွန်မ သတိထားမိ၏။

"ညနေ အဆောင်ကို အောင် လာယူပါ့မယ်...အောင်ကတော့ သူများလို စိတ်မကောက်တတ်ပါဘူးဗျာ...သူများလို တို့မရိုင်း၊ တိုင်းသိပါရဲ့"

ကျွန်မအဖြစ်ကို အောင် ရိပ်မိသည်။ ကျွန်မကတော့ အောင့်မှာ ဘာအပြစ်ရှိလို့ ရန်ထောင်မိတာပါလိမ့်။ ကျွန်မတို့နှစ်ယောက်ကြားမှာ စကားတွေ တိတ်ဆိတ်သွားခဲ့သည်။ အောင်ကတော့ ကွင်းပြင်ထဲက လေဖွေထသွားသော ဖုန်မှုန်တွေကို ငေးလို့နေသည်။ ဥဩသံကိုကြားရပြန်ပြီ။ မန်ကျည်းပင်ထက်မှ မန်ကျည်းရွက်ဝါဖတ်ကလေးတွေ ကြွေကျလာသည်။ First Term ကျောင်းပိတ်တော့မှာပါလား ဆိုသည့် စိတ်ကလေး ဝင်လာခဲ့ပြန်ပါသည်။

"စာအုပ်ကလေးကို မေ ဖုံးခဲ့မယ်နော် အောင်...မေ စာအုပ်အဖုံး ချုပ်တတ်တယ်"

"မဖုံးနဲ့ မဖုံးနဲ့ မေ...စာအုပ်ကို ဘာမှမလုပ်လိုက်ပါနဲ့...သည်အတိုင်းပဲထားပါ...ပဲ့နေတဲ့ ကွာနေတဲ့ နေရာကလေးတွေကိုတောင် မဆက်လိုက်နဲ့နော်...ဒါကြောင့် မေ့လက်ထဲရောက်အောင် လာပေးတာ...သည် စာအုပ်ကလေးက အောင့်အတွက် အဓိပ္ပာယ်ရှိတယ် မေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



အောင့်ကို တအံ့တသြ ကျွန်မ မော့ကြည့်လိုက်ပါသည်။ အောင့်မျက်နှာပေါ်မှာ ချယ်ရီသွေးပါးပါးကလေး ယှက်သန်းနေသည်။ အောင့်မျက်လုံးကလေးတွေမှာ မျက်ရည်တွေဝိုင်းနေတာလား။ သည်စာအုပ်ကလေးနှင့်ပတ်သက်ပြီး အောင့်မှာ ခံစားမှုတစ်ခု ရှိနေပုံရပါသည်။ အောင့်ခံစားချက်ကို ကျွန်မ သိချင်သော်လည်း မမေးရက်ပါ။ မမေးကောင်းပါ။ ထိုနေ့က အောင်သည် ကျွန်မအတွက် စကားထာတစ်ပုဒ်ဝှက်သလို ဖြစ်ခဲ့သည်။ ထိုစကားထာကို ကျွန်မ မဖော်နိုင်။ အောင်မသိဘဲ ကျွန်မ ပန်းပေးထားရပါ၏။ အောင်ကိုယ်တိုင် တစ်နေ့တော့ ဖြေကောင်းဖြေလိမ့်မည်ဟု ကျွန်မမျှော်လင့်ရုံမှတစ်ပါး အခြားမရှိပါ။ အောင်တကယ်မြတ်နိုးတန်ဖိုးထားသော စာအုပ်ကို ကျွန်မအား ဖတ်စေချင်တာကတော့ အဓိပ္ပာယ်ရှိသည်။ ပြီးတော့ စုတ်နေ ကွာနေတဲ့ စာရွက်ကလေးတွေကိုလည်း သည်အတိုင်းပဲထားပါတဲ့။

နွေကျောင်းပိတ်ရက် မြင်းခြံပြန်ဖို့ ထုတ်ပိုးတော့ အောင့်စာအုပ်ကလေးကို ပလတ်စတစ်အိတ်ကလေးဖြင့်ထည့် အပေါ်က သားရေပင်နှင့်စည်းကာ တရိုတသေ ကျွန်မ ယူဆောင်လာခဲ့ပါသည်။ Second Term က ဇွန်လမှပြန်ဖွင့်မှာဆိုတော့ ကျွန်မတို့နှင့်အောင် နှစ်လလောက် ခွဲခွာကြရဦးမည်။ မြင်းခြံပြန်မည့်နေ့က ကိုတိုးကြီးရော အောင်ပါ ကျွန်မတို့ကို ကားဂိတ်အထိ လိုက်ပို့ကြပါသေးသည်။ ကျွန်မတို့ ငါးယောက်နှင့် ပစ္စည်းတွေကို မြင်းလှည်းပေါ်တင်ပေးပြီး ကိုတိုးကြီးနှင့် အောင်က စက်ဘီးဖြင့် နောက်ကလိုက်လာခဲ့ကြခြင်းဖြစ်၏။ ကိုတိုးကြီးကတော့ နောက်ရက်တွေမှ မြင်းခြံကိုပြန်မည့်အကြောင်း ပြောလိုက်ဖို့ သူ့အိမ်ကို မှာသည်။ သူ့ရည်းစားကို သည်ကနေ့ည မြစ်ကြီးနားရထားပေါ် တင်ပေးရဦးမည်ဆိုပါ၏။ အောင်ကရော...။ သည်တစ်ခါတော့ ကျွန်မ သည်မေးခွန်းကို အောင့်ကို မေးဖြစ်ခဲ့ပါသည်။

"အောင်လည်း နှစ်ရက်လောက်နေမှ ပြန်မှာပါ...အောင်တို့မြို့က ကားကြဲနဲ့ပြန်မယ်...သန်ဘက်ခါလောက် ပြန်ဖြစ်မယ်ထင်ပါရဲ့"

ထွေးထွေးသိန်းက အောင့်ကိုစသည်။

"အိစပယ်ခိုင်ကို ကားဂိတ်ပို့ဖို့ စောင့်ရဦးမှာထင်ပါရဲ့ဟာ"

အောင်က ရယ်သည်။

"အောင့်မှာ ဘယ်မိန်းကလေးမှ မရှိပါဘူး မထွေးရာ...ရည်းစားများမှုလို့တောင် ရှုစရာမရှိဘူး...ပြီးတော့ ဘယ်မိန်းကလေးကိုမှ မစောင့်ချင်ဘူး မထွေးရာ...အောင့်ကိုသာ စောင့်ချင်ရင်တော့ စောင့်ကြပေါ့..."



အောင်က ရယ်သလို မောသလို ပြောလိုက်ခြင်းဖြစ်ပါ၏။ သို့သော် အောင့်စကားကြောင့် ကျွန်မတစ်ကိုယ်လုံး ထူပူသွားခဲ့သည်။ မိန်းကလေးတွေကလည်း ဘယ်သူ့ကိုမှ စောင့်နေတာမျိုး မရှိဘူးဆိုတာ အောင် သိပုံမရ။ ရှိသည်ပဲဆိုပါဦး...။ အောင့်ကို စောင့်နေမယ့်မိန်းကလေးထဲမှာ သီရိမေတော့ မပါဘူးအောင်ရေ။ ကျွန်မရင်ထဲက အော်လိုက်သော်လည်း အောင့်ကိုတော့ ပြုံးပြခဲ့မိသည်။

မြင်းခြံကားမထွက်ခင် အောင်က ထိုးမုန့်ဆယ်ထုပ် ပြေးဝယ်ကာ လက်ဆောင်တွေ ထည့်ပေးသည်။ ကိုတိုးကြီးအိမ်အတွက်ပါ ပါ၏။ ကားပေါ်တက်ကာနီးတော့ စာတွေဖတ်နော်လို့ ကျွန်မကို မှာလိုက်သေးသည်။ ထွေးထွေးသိန်းက လက်ညှိုးကို လျှာနှင့်တို့ကာ မျက်ရည်ကျပုံမျိုးလုပ်ပြသည်။

"နင်တို့နဲ့ခွဲရမှာ စိတ်မကောင်းလိုက်တာဟယ်...မကျနဲ့လို့ တင်းထားတဲ့ကြားက မျက်ရည်တွေကျလာပြီနော်...မန္တလေးရေ...နှစ်လလောက်ခွဲကြဦးစို့နော်...နှစ်လပြည့်တော့ တို့ပြန်လာခဲ့ပါ့မယ်..."

"မငိုလိုက်ပါနဲ့ ထွေးသိန်းရယ်...ပြိတ္တာတို့မျက်ရည် မြေမကျကောင်းဘူးဟဲ့"

ခင်ခင့်စကားကြောင့် ကျွန်မတို့တစ်တွေ ရယ်ကြရသည်။ ကားပေါ်တက်ထိုင်ကြတော့ ကိုတိုးကြီးနှင့်အောင်က စက်ဘီးပေါ်ကနှုတ်ဆက်ကာ ပြန်သွားကြသည်၊ အောင့်ကျောပြင်ကို ကျွန်မ လှမ်းကြည့်နေမိသည်။ သူဆိုခဲ့သော သီချင်းကိုလည်း ကြားယောင်နေသည်။

*"ချစ်၍ စွန့်သွားတဲ့မင်းကို x x ဪ စွန့်၍ချစ်သွားမယ်လေ x x*
*သည်လူသားသစ္စာ ကမ္ဘာတည်သရွေ့လေ x x"*

ကားကြီးထွက်လာတော့ မန္တလေးနှင့် မန္တလေး၏နွေဦးသည် ကျွန်မတို့နောက်မှာ ကျန်ရစ်ခဲ့လေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

မြင်းခြံကိုရောက်တော့ ကားဂိတ်ကို ဖေဖေ၊ မေမေနှင့် မောင်နှမတွေ တစ်လှေကြီး လာကြိုကြသည်။ မေမေက ကျွန်မနဖူးဆံစတွေကို သိမ်းပေးရင်း မျက်နှာကိုကြည့်သည်။

"သမီးက မန္တလေးနဲ့တည့်တယ်ဟော့… အသားတောင် ဖြူလာသလိုပဲ"

ကျွန်မပါလာသည့် ပစ္စည်းပစ္စယများ၊ မန္တလေးမုန့်များကို ဖေဖေနှင့် မောင်လေးတို့က စက်ဘီးတစ်စီးစီဖြင့် သယ်သွားကြသည်။ မေမေ၊ ညီမလေးတို့နှင့် အတူ ကျွန်မ လမ်းလျှောက်လာခဲ့သည်။ ထိုနေ့က မေမေ့လက်ရာ ဟင်းတွေများလှသည်။ သနပ်ခါးစက်က အလုပ်သမားတွေပါ ကျွေးရသည်ဆိုတော့ ရွာက မေမေ့ တူမဝမ်းကွဲတစ်ယောက်ပါ အဖော်ခေါ်ထားရသည်ဆို၏။

မြင်းခြံရောက်စရက်တွေမှာတော့ ကျွန်မ အိမ်မှာအငြိမ်မနေခဲ့။ မြို့မှာ ကျန်ရစ်ခဲ့သော သူငယ်ချင်းတွေအိမ်ကိုလည်း ရောက်သည်။ ဈေးထဲကိုသွား၍ ပလာတာသုပ်စားသည်။ ဘုရားတွေကိုလည်း ရောက်သည်။ သူငယ်ချင်းတွေ အိမ်လာလည်ကြတော့လည်း မြင်းခြံလက်ဖက်သုပ်စားကြသည်။ မန်ကျည်းနှင့်ကျင်း ရောထားသော မြင်းခြံလက်ဖက်ကို မြင်းခြံသူ မြင်းခြံသားတွေ ဘယ်တော့မှ မေ့နိုင်တာမဟုတ်။ ကျောင်းပိတ်ရက်တစ်လျှောက်လုံး မေမေ့သနပ်ခါးခဲလုပ်ငန်း ခွင်ကလေးထဲမှာ ကျွန်မပိုင်းကူနေရသည်။ ကျွန်မတို့အိမ်ဘေးအခွယ်မှာ ဇောင်းချပြီး သနပ်ခါးခဲလုပ်ငန်းကလေး ဖောင်ထားခြင်းဖြစ်၏။ သနပ်ခါးကြိတ်စက်ဖြင့် သနပ်ခါးများကိုကြိတ်ပြီး ပုံစံခွက်ကလေးများဖြင့် သနပ်ခါးခဲလုပ်သည့်ပညာကို မေမေ ဘယ်ကရတာပါလိမ့်။

"ရေစကြိုက မေမေ့သူငယ်ချင်း မကျော့မေကို သမီးသိတယ်မှတ်လား… သမီးတို့မမွေးခင်က ရေစကြိုမှာ မေမေတို့နေခဲ့ကြသေးတာ သမီးကို ပြောဖူးသားပဲ…ကိုအောင်ကြိုင်တို့ မကျော့မေတို့နဲ့ဆက်ပြီး သည်



လုပ်ငန်းကလေး ခွဲထောင်ဖြစ်တာပဲ…ရေရှည်မှာ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းကလေးရှိတော့ နောင်ရေး စိတ်အေးရတာပေါ့သမီးရယ်…"

နှင်းဆီသနပ်ခါးခဲလုပ်ငန်းထောင်တာ နှစ်လလောက်သာ ရှိသေးသော်လည်း မြင်းခြံဈေးထဲမှာတော့ အတော်ကလေး အရောင်းသွက်လှပြီဆိုပါ၏။ ဖေဖေ့လုပ်ငန်းက ကြီးတော့အကြီးသား။ လူပင်ပန်း စိတ်ပင်ပန်းဆိုသော်လည်း စီးပွားရေးအရ အဆင်ပြေသည်ဆိုလို့ ဝမ်းသာရပါ၏။ သနပ်ခါးတံဆိပ်ကို 'နှင်းဆီ' လို့ မေမေ ဘာကြောင့် အမည်ပေးရသလဲဆိုတာ ကျွန်မ မေးကြည့်ဖြစ်ခဲ့ပါ သေးသည်။

"နှင်းဆီ ဆိုတာ မိန်းကလေးတိုင်း နှစ်သက်တဲ့ပန်းဆိုတော့ နာမည် ကလေးကြားလိုက်ရုံနဲ့ စိတ်ဝင်စားကြတာပေါ့သမီးရယ်…ခေါ်ရတာ လည်း လွယ်တယ်…ပြီးတော့ သမီးက နှင်းဆီပန်းကြိုက်တာ မေမေ သိလို့ သမီးအကြိုက် ရွေးလိုက်တာပေါ့"

ဒါဆို သည်သနပ်ခါးတံဆိပ်ပေါ်က နှင်းဆီပွင့်ကလေးက ကျွန်မပဲပေါ့။ မေမေ့ကို ကျွန်မချစ်မက်မြတ်နိုးစွာ ကြည့်လိုက်ပါသည်။ မေမေကတော့ အသား ကလေး နည်းနည်းညိုသွားသည်။ ဘယ်လောက်တောင် ပင်ပန်းနေရှာပါလိမ့်။ မေမေ ပျော်ပုံတော့ရပါသည်။ လုပ်နိုင်သလောက် အကျိုးရှိနေတာဆိုတော့ လုပ်ငန်း ထဲမှာ အာရုံရှိနေတာကိုက မေမေကျန်းမာဖို့ ဖြစ်နေတာပဲလို့ အောက်မေ့ကာ ဝမ်းသာရသည်။ ဖေဖေကတော့ ရေစကြိုနှင့်မြင်းခြံ ပြေးနေရ၏။

"သိရိမေရယ်…ညည်းအမေကတော့လေ ညည်းကို သိပ်ဂုဏ်လုပ်တာပဲ သိလား…သည်သနပ်ခါးစက်ကိုလည်း သမီးတက္ကသိုလ်မှာ စိတ်ချမ်းသာ လက်ချမ်းသာ ပညာသင်နိုင်အောင်လို့တဲ့တော်…"

အလုပ်သမခေါင်းဆောင် မမြရွှေက သည်လိုပြောတော့ ကျွန်မ မျက်ရည် ဝိုင်းမိရပါ၏။ ဖေဖေနှင့်မေမေမှာ အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်ကြရှာပါပြီ။ သမီးဦး ကျွန်မကို မေမေက အသက်သုံးဆယ်ကျော်မှမွေးတာဆိုတော့ ဘာပဲဖြစ်ဖြစ် ကျွန်မ အသက်နှစ်ဆယ်ကျော် အစိတ်လောက်ရောက်ကာမှ ကျွန်မ တစ်ပြန် တစ်လှည့် လုပ်ကျွေးခွင့်ကြုံဦးတော့ အသက်အရွယ်ကြီးကြရှာရော့မည်။ ကျွန်မ အောက်က မောင်လေးနှင့်ညီမလေးကိုလည်း ကျွန်မလိုပဲ ပြုစုပျိုးထောင်ရဦးမှာ ဆိုတော့ ဖေဖေ ပြောခဲ့ဖူးသလို သည်သနပ်ခါးစက်ကလေးထောင်ပြီး ကြိုတင် ပြင်ဆင်ထားကြခြင်း ဖြစ်ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ဖေဖေတို့လက်ငုတ်လက်ရင်း ဖြစ်လာမည့် သည်လုပ်ငန်းသည် တစ်ချိန်မှာ ကျွန်မတို့မောင်နှမများအတွက်

www.burmeseclassic.com

www.burmeseclassic.com



မိဖွေ ဖမွေ ဖြစ်လာကောင်းဖြစ်လာနိုင်သည်။ ကျွန်မတို့ပခုံးပေါ်ကျလာမည့် စီးပွားရေးလုပ်ငန်းလည်း ဖြစ်လာနိုင်ပါ၏။ အခုတော့ ပညာသင်ယူနေကြရသည့်အရွယ်တွေဆိုတော့ မိဘကို မကူညီနိုင်သေးသလို ဖြစ်နေရပါ၏။ သည့်အတွက် ဖေဖေကိုယ်တိုင်က ကျွန်မကို အားထားပုံမပေါ်ပါသည်။ သမီးဘွဲ့ရရင်…လို့ ဆိုခဲ့ရာသည်။

"သမီး မြင်းခြံရောက်နေတုန်း မေမေနဲ့သားကြီးနဲ့ ရေစကြိုဘက် သွားချေဦးမယ်…သနပ်ခါးစက်အတွက် မကျော့မေတို့နဲ့ တိုင်ပင်စရာရှိတာလေး တိုင်ပင်ရင်း ကုန်ကြမ်းလည်း မှာရင်းပေါ့…သမီးဖေဖေက ရုံးတစ်ဖက်နဲ့ဆိုတော့ ကသီနေမှာစိုးလို့…"

ကျွန်မရောက်ပြီး ရက်တစ်ပတ်လောက်နေတော့ မေမေနှင့်သီဟမောင် ရေစကြိုသွားကြသည်။ ခါတိုင်း မေမေပြုနေကျ အိမ်မှုတာဝန်တွေကို ကျွန်မဝင်ယူခဲ့ရသည်။ အိမ်မှုကိစ္စဆိုတာကလည်း မယ်မယ်ရရ မပြနိုင်သည့်တိုင်ပင်ပန်းသား။ သနပ်ခါးစက်နှင့်မီးဖိုချောင် ပြေးလွှားနေရရှာသော မေမေ့ကိုကိုယ်ချင်းစာမိသည်။

"အိမ်ထောင်တွေမှာ သာယာတယ် မသာယာဘူးဆိုတာ အိမ်သားတွေရဲ့စိတ်နဲ့ဆိုင်တယ်…ချမ်းသာပြည့်စုံပေမယ့် စိတ်ဆင်းရဲနေကြတာ…ဆင်းရဲပေမယ့် ချမ်းမြေ့နေကြတာတွေဟာ စိတ်ထားနဲ့ဆိုင်တယ်…မေမေတို့မိန်းမသားတွေကတော့ အဓိကပေါ့လေ…"

မေမေက ကျွန်မကို တစ်ခါတစ်ရံ ပြောပြသည့်စကားများဖြစ်ပါသည်။ အိမ်ထောင်စုတစ်စုကို စီမံအုပ်ချုပ်နိုင်သည့်အရည်အချင်းကို ပြောတာပဲဖြစ်မည်။ မေမေကတော့ ကျွန်မကို သည်လိုစကားများဖြင့် မကြာခဏ စိတ်ဓာတ်မြှင့်တင်ပေးလေ့ရှိသည်။ မိသားစုတစ်စု၏တန်ဖိုးကို တဖြည်းဖြည်းသိလာလေ မိဘနှစ်ပါး၏ရုန်းရကန်ရသည့်ဘဝကို ပိုမိုနားလည်လေပါလား။

ကျွန်မဖတ်ဖူးသည့် စာတစ်ပုဒ်မှာတော့ မိန်းမသားဆိုတာ ဘယ်လိုအခြေအနေမျိုးနှင့် လက်ထပ်ခဲ့သည်ဖြစ်စေ လက်ထပ်လိုက်ရသည့်ဘဝကို အတွင်းစိတ်မှာ ကြိတ်ပြီးဆန့်ကျင်နေတတ်ကြသည်တဲ့။ ဟုတ်သလား မဟုတ်သလား ကျွန်မ မသိပါ။ မိန်းမသားတို့၏ စိတ်သဘာဝဆန်းကြယ်တာကိုတော့ ကျွန်မသိပါ၏။ သည်လိုဝန်းကျင်စိတ်ကို တစ်သက်လုံးမဖြေဖျောက်နိုင်သမျှ တစ်သက်လုံးတကျက်ကျက် ဖြစ်နေကြရသည်လို့လည်း ကြားဖူး ဖတ်ဖူးသည်။ အဓိကကတော့ မိန်းမသားများခမျာ အိမ်ထောင်ပြုသည်နှင့် သူတို့၏အတိတ်ဘဝနှင့် အဆက်ပြတ်ရလေခြင်းဟု ခံစားရ၍ဖြစ်သည်ဟုဆိုသည်။ မေမေကတော့ သည်ခံစားမှု ရှိပုံမရပါ။



ဖေဖေ့ကို ချစ်ရှာသည်။ အိမ်ထောင်မှုတာဝန် ထမ်းရွက်နေရတာကိုပင် လေးလံသည်ဟု ထင်ရှာသူမဟုတ်။

မေမေ့စကားတွေကို ကြားရသည့်အခါ သည်ဘဝအမောကိုပင် ချိုမြိန်နေသလား အောက်မေ့ရသည်။ အိမ်ထောင်မှုဘဝသည် မိန်းမသားတစ်ယောက်အဖို့ တာဝန်သစ်ဖြစ်သော်လည်း ထိုတာဝန်ကို ယူရပြီဆိုပြန်တော့ ဘဝတစ်ခုလုံးကိုပုံနှစ်ကာ သေတစ်ပန်သက်တစ်ဆုံး ရင်နှင့်အမျှ ရှိရှာကြသူတွေလို့ ကျွန်မ မြင်လာခဲ့သည်။ မေမေ့လက်နှင့် အခွံသင်လိုက်သော အာလူးတစ်လုံး၊ ထမင်းပွဲမှာ လှီးချွတ်ပြင်ဆင်ထားသော သခွားသီးတစ်စိတ်သည်ပင် သူမျှော်မှန်းသော အနာဂတ်ကိုတည်ဆောက်နေခြင်းဟု ကျွန်မ သိလာခဲ့ပါ၏။

မေမေသည် သူ့စကားနှင့် သူ့စိတ်ကူးများနှင့်အညီ နေထိုင်ကျင့်ကြံခဲ့သူလည်းဖြစ်သည်။ သားသမီးသုံးယောက်တာဝန်ကို ဖေဖေ့ပခုံးပေါ်မှာပဲ လုံးလုံးလျားလျား တင်မထားဘဲ သူလုပ်နိုင်သမျှ သူစွမ်းဆောင်နိုင်သမျှ ပခုံးတစ်ဖက်ဝင်လျှိုခဲ့သူဖြစ်သည်။ မြင်းခြံမှာနေခဲ့စဉ် ငယ်ဘဝတစ်လျှောက်လုံး အေးဆေးတည်ငြိမ်သော မေမေသည် သည်တစ်ခေါက် ကျွန်မ အိမ်ပြန်အလာမှာတော့ ခါတိုင်းထက်ပြေးပြေးလွှားလွှား နီးနီးကြားကြား ရှိနေခဲ့သည်ဟု ကျွန်မထင်ပါသည်။ အဓိကကတော့ တက္ကသိုလ်ကျောင်းကို ရောက်နေသည့် ကျွန်မအတွက် မေမေ ပိုမိုသွက်လက်သွားလေသလား။

မေမေ ခရီးကပြန်လာလို့ ညဘက်စကားဝိုင်းမှာ သားအဖတစ်တွေအလုပ်အကြောင်းတွေ ဆွေးနွေးကြတော့ ကျွန်မတို့မောင်နှမပါ ရှိနေခဲ့သည်။ မြင်းခြံဈေးထဲမှာ ဆိုင်ခန်းတစ်ခန်းငှားမည်။ ရေစကြိုဘက်မှ ရှင်မတောင်သနပ်ခါးတုံးများ တင်ရောင်းမည်။ သနပ်ခါတုံးများနှင့်အတူ မေမေ့ နှင်းဆီသနပ်ခါးခဲကိုပါလက်လီလက်ကား ဖြန့်ဝေရောင်းချမည်။ မကျော့မေတို့က သနပ်ခါးအစိုး၊ သနပ်ခါးအမှုန့်များကိုပါ ရေရှည်အာနိသင်မပျက်အောင် စမ်းသပ်ထုတ်လုပ်နေပြီ ဆိုတာလည်း ပါ၏။

ဖေဖေက လက်ရှိထုတ်လုပ်နေသည့် သနပ်ခါးလုပ်ငန်းကို တိုးချဲ့ချင်နေသည်။ အထူးသဖြင့် နောက်နှစ်နှစ် ဖေဖေ ပင်စင်မယူခင်မှာ လုပ်ငန်းကို တိုးချဲ့အခြေချဖို့ စိတ်ကူးထားကြောင်းပြောပြသည်။ လိုအပ်သည့်ငွေကြေးကို မိတ်ဆွေများထံမှ ချေးယူရန် မေမေနှင့် တိုင်ပင်သည်။ ထိုညက ညဉ့်နက်သည်အထိ သားအဖတစ်တွေ စကားပြောဖြစ်ကြသည်။ အိပ်ရာဝင်သည့်တိုင် ကျွန်မ တော်တော်နှင့်အိပ်မပျော်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အခန်းပြတင်းဝမှ လမင်းဝိုင်းလုံးဝိုင်းခင် ရွှန်းရွှန်းပပကြီးကို လှမ်းမြင်နေရပါ၏။ မနက်ဖြန် လပြည့်နေ့။ ကျွန်မချစ်သောလရောင်ကို ပြည့်ပြည့်ဖြိုးဖြိုး ဖိတ်ဖိတ်လျှံလျှံကြီး မြင်ရတော့မည်။ လမင်းဆိုတာ တစ်ဆင့်အလင်းခံဆိုတော့လည်း ဘာဖြစ်သလဲ။ ကမ္ဘာဦးတုန်းက နေမင်းကြီးရဲ့အလင်းကြောင့် ကမ္ဘာဦးလူတွေ ခွန်အားဖြစ်ရတာလည်းမှန်ပါရဲ့။ နေရောင်ဟာ သတ္တိရဲ့သင်္ကေတဆိုလျှင် လရောင်ဟာ ဗျတ္တိရဲ့ နိမိတ်ပုံပေါ့။ ဖေဖေပြောဖူးသည့်စကားရှိသည်။

"သမီးရဲ့...လူတွေမှာ သတ္တိရှိတာတ်ကြပေမယ့် ဗျတ္တိရှိဖို့ ခဲယဉ်းနေတာတွေ့ရတယ်...ဗျတ္တိဆိုတာ ထင်ရှားစွာဖြစ်ပေါ်ခြင်းလို့ အဓိပ္ပာယ်ရတယ်...ကိုယ်ကျိုးကိုယ်စီးပွားကို ပဓာနမထားဘဲ အခြားတစ်ပါးအတွက် ထင်ရှားစွာ ဖြစ်ပေါ်စေရမယ်ဆိုတဲ့စိတ်ဟာ ဗျတ္တိစိတ်ပဲ...ဒါကို ဗျတ္တိဂုဏ်ခေါ်တယ်"

ဒါဆိုရင် လမင်းဟာ ဗျတ္တိဂုဏ်နှင့်ပြည့်စုံသော သူတော်ကောင်းပေါ့။ နေမင်း၏ပူလောင်သောအလင်းကို ကိုယ်တိုင်ခံယူပြီး အေးမြသောအလင်းကို ပေးမျှပေးတတ်သူပေါ့။ လရောင်ဆီကရသောခွန်အားသည် အေးမြခြင်းနှင့်အတူ ဝါလာခဲ့သော ခွန်အားဖြစ်ပါ၏။

လရောင်ကိုငေးရင်း ကျွန်မစိတ်ကူးတွေ လွှန်းကလေးလို ပြေးလွှားနေခဲ့သည်။ ကျွန်မကိုယ်တိုင်က လမင်းလိုအေးမြသော အလင်းတွေသာ ပေးမျှချင်သည်။ ထိုညက လမင်းကို မဝစတမ်း ကျွန်မ ထိုင်ကြည့်ဖြစ်ခဲ့ပါ၏။ ညဥ့်နက်လာလေ လရောင်က ဝင်းဝါလာလေ အေးမြလာလေ...။

မြင်းခြံမြို့သည်ပင် လရောင်အောက်မှာ ငြိမ်သက်တိတ်ဆိတ်နေပါ၏။

■

(၁၆)

"ချစ်ရသော စောနန်းမိုအတွက်"

အောင့် စာအုပ်ကလေးကို ဖွင့်လိုက်လျှင်ဖွင့်လိုက်ချင်း ဖောင်တိန်ဖြင့် ရေးထားသော မှန်ရေးရေး လက်ရေးရှည်ရှည်ကလေးကို တွေ့လိုက်ရပါသည်။ သည်လက်ရေးမျိုးက ရှေးပန်းချီတွေမှာတွေ့ရတတ်သည့် လက်ရေးမျိုးဖြစ်၏။ အောက်မှရေးထိုးထားသော လက်မှတ်ကိုတော့ ကျွန်မ ဖတ်လို့မရပါ။ လက်မှတ်အောက်မှ ထိုးထားသည့်ရက်စွဲကတော့ ၁၉၅၈ ခုနှစ် ဆိုတော့ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ ကျွန်မတို့မမွေးခင်က စောနန်းမို ဆိုသူကို လက်မှတ်ရေးထိုးပေးထားသော လက်ဆောင်စာအုပ်တစ်အုပ် ဖြစ်လိမ့်မည်။ စောနန်းမို ဆိုသည့် နာမည်မျိုးက ကျွန်မ ဘယ်မှာကြားဖူးပါလိမ့်။ ကျွန်မနှင့် သိပ်တော့လည်း မစိမ်းလှသည့် နာမည်မျိုးပါ။ သည်နာမည်မျိုးကို ကျွန်မတို့အညာဘက်ကမြန်မာတွေ မှည့်လေ့မရှိ။ ကျွန်မမှတ်မိသလောက် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ လွမ်းတေးမဆုံးစေနှင့် စာသခင်ထဲမှာ တွေ့ဖူးတာမှတ်မိလိုက်သည်။ စဝ်တို့၊ စောတို့၊ နန်းတို့ဆိုတာ ရှမ်းပျိုဖြူတွေ၊ ရှမ်းအမျိုးသမီးတွေ မှည့်တတ်သည့်အမည်မျိုး။ အောင်ကိုယ်တိုင်ကလည်း ရှမ်းသွေးနှောသည့် ကလောမြို့သားဆိုတော့ ရှမ်းအမည်များနှင့် ဆက်စပ်နီးနွယ်နိုင်ပါ၏။ ထူးဆန်းတာကတော့ သည်စာအုပ်ကလေးက အောင် အလွန်မြတ်နိုးပုံရခြင်းဖြစ်သည်။ ကျွန်မမှာ စာဆက်မဖတ်နိုင်သေးဘဲ စောနန်းမို ဆိုသည့် အမည်ကိုသာ ထပ်တလဲလဲ ရွတ်ကြည့်နေမိပါ၏။ စောနန်းမို...။

ဝါကျင်ဖောင်းမြည့်နေသော စာရွက်ကလေးတွေကို သတိနှင့် ကိုင်တွယ်ရသည်။ မြန်မာစာပေသမိုင်းဆိုတော့ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်များဆီမှ ထင်ရှားသော ပျို့၊ လင်္ကာ၊ ရတု၊ ကဗျာတွေ ဖတ်၍ပင် မဝနိုင်အောင် ပါနေခဲ့သည်။ စာအုပ်ထုတ်ဝေ

www.burmeseclassic.com

www.burmeseclassic.com



သည့်နှစ်ကိုကြည့်တော့ ၁၉၅၈ ခုနှစ်၊ ဇွန်လ…။ စာအုပ်တစ်နေရာမှာတော့ ခဲတံဖြင့် လိုင်းတွေသားထားသည်။

"အရအမိကို လိုသောသူကား အရအမိရစေ၏။ ကောင်းမှုကို လိုသော သူကား ကောင်းမှုကိုမှ ရစေ၏။ ငါလည်း ရမ္မက်ကြီးသော၊ မရောင့်ရဲ တတ်သော၊ အမျက်ကြီးသော၊ သူတစ်ထူးကို ညှဉ်းဆဲတတ်သော၊ ပညာမရှိသော၊ မိုက်သော၊ ဝန်တိုသော၊ အပေးအကမ်းမရှိသော၊ သစ္စာ မရှိသော၊ ပျက်တတ်သော၊ မေ့လျော့သော၊ အောက်မေ့တသကင်းသော မဖြစ်မူ၍…"

သိယ်သူ့သမီး၏ဆုတောင်းကို လိုင်းသားထားခြင်းဖြစ်၏။ အောက်မှာ တော့ မိဖုရားဖွားစော၏ဆုတောင်းကို လိုင်းသားထားပြန်သည်။

"လူဖြစ်သော်ကား လူတကာထက် စည်းစိမ်ချမ်းသာ ငါရလို၏။ နတ် ဖြစ်သော်လည်း နတ်တကာတို့ထက်မြတ်သော အဆင်းအရောင်အဝါနှင့် ပြည့်စုံ၍ အထူးသဖြင့်လျှင် အသက်ရှည်သော၊ အနာမဲ့သော၊ အဆင်း လှသော၊ အသံသာယာသော၊ အလုံးအရပ်လှသော၊ လူနတ်ခပ်သိမ်း ချစ်ခင်ရိုသေမြတ်နိုးသောငါဖြစ်လို၏။ ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာက စသော အသက်မဲ့ဥစ္စာ၊ အသက်ရှိသော ဆင်၊ မြင်းက စသော ဥစ္စာ ရတနာများစွာသောငါဖြစ်လို၏။ တန်ခိုးဖြင့် အနိုင်အင် အခြံအရံ အကျော်အစော ကြီးစွာသောငါဖြစ်လို၏"

မိန်းမသားနှစ်ယောက်၏ ဆုတောင်းကို ကျွန်မပင် စိတ်ဝင်စားသွားခဲ့ ပါသည်။ စိတ်ဓာတ်အခံချင်းမတူသည့် မိန်းမနှစ်ယောက်၏ နူးညံ့သောအသံနှင့် ခက်ထန်သောမာနသံတွေကို ကျွန်မပါ ကြားယောင်နေမိခဲ့သည်။ သည်စာအုပ်မှာ လိုင်းသားခဲ့သူကလည်း သည်အချက်ကို ထင်ရှားစွာ သိစေလို၍ ဖြစ်မည်ထင်သည်။ သည်စာအုပ်ကလေးကို ကျွန်မ စိတ်ဝင်စားမိခဲ့ပြီ။

အောင့်စာအုပ်ကလေးကို စားပွဲပေါ်မှာ ကျကျနန တင်ရပါ၏။ ခါတိုင်း စာအုပ်ဖတ်လျှင် ကုလားထိုင်မှာထိုင်လျက် လက်ထဲမှာကိုင်၍ ဖတ်ချင်ဖတ်သည်။ အိပ်ရာထဲမှာလှဲရင်း ဖတ်ချင်လည်းဖတ်သည်။ သည်စာအုပ်ကိုတော့ အောင် မြတ်နိုးသော စာအုပ်ကလေးဆိုခဲ့သည့်အတွက် တစ်စုံတစ်ရာ ပျက်စီးသွားမှာ ကျွန်မ စိုးရိမ်သည်။ ကျွန်မ မဖတ်ခဲ့ဖူးသော ရှေးဟောင်းဂန္ထဝင်စာကဗျာများဆိုသော် လည်း ဖတ်မိသည်နှင့် တန်ဖိုးကြီးမားကြောင်း ကျွန်မခံစားမိရပြီ။



စာအုပ်ကိုဖတ်နေရင်းမှပင် အောင့်ဆီကို စိတ်ရောက်သွားမိပြန်ပါသည်။ သည်လိုစာအုပ်မျိုးတွေကို မြတ်နိုးသူ၊ အနုပညာရှိသူ၊ စာကဗျာတွေကို လေ့လာ လိုက်စားသူတစ်ယောက်အဖြစ် အောင့်ကို ကျွန်မ လေးစားနေမိသည်။ သို့သော် ကျွန်မ မသိရသည့်အချက်မှာ အောင်က သည်လိုစာကဗျာတွေကို ဘာကြောင့်များ မြတ်နိုးတတ်ရတာလဲ၊ ကျွန်မနှင့် မတိမ်းမယိမ်း အရွယ်ကလေးနှနယ်သလောက် ဘာကြောင့် အနုပညာစိတ်ကြီးနေရတာလဲ။ အောင့်ကို သည်လို အနုပညာခံစား မြတ်နိုးတတ်အောင် ဘယ်အရာတွေက ဖြည့်ဆည်းပေးခဲ့သလဲ။ ဒါကိုတော့ ကျွန်မ အလွန်သိချင်ခဲ့ပါ၏။

သည်စာအုပ်ကလေးကတစ်ဆင့် ဘာကြောင့်မှန်းမသိဘဲ အောင့်ဘဝကို ကျွန်မ စိတ်ဝင်စားနေမိသည်။ အောင့်ဘဝသည် ရိုးရှင်းသောဘဝတစ်ခု ဟုတ်ခဲ့ရဲ့ လား။ အောင့်ကိုမြင်ရသလောက်တော့ ကန်ရေပြင်လို ငြိမ်သက်နေသည့် ဘဝမျိုးသာ ဖြစ်၏။ တစ်ယောက်ဘဝတစ်ယောက် နိုက်နိုက်နဲ့နဲ့ ပြောရမည့်သူတွေမဟုတ်တော့ သည်လောက်ပဲကောင်းပါသည်။ စာပေဝါသနာပါသည့်ကျွန်မကို မြန်မာစာပေသမိုင်း စာအုပ်ငှားလိုက်တာ မထူးဆန်းသော်လည်း သူ့မှာ သည်သဘောထားတစ်ခု တည်းတော့ ဟုတ်လောက်ပုံမရဟု ကျွန်မတွေးနေမိ၏။

အောင်နှင့်ပတ်သက်ပြီး ကျွန်မမှာ ပဟေဠိတွေသာ ဆက်ကာဆက်ကာ ပွားချင်တိုင်းပွားနေခဲ့၏။ သူ့စာအုပ်ကလေးကို ဖတ်ဖြစ်ပြန်တော့လည်း သူ့ကို သတိရမိသား။ အောင်နှင့်ကျွန်မ၏ ဆက်ဆံရေးက နီးသလားဆိုတော့လည်း မနီး၊ ဝေးသလားဆိုတော့လည်း မဝေး။ ပဝါတစ်ကမ်း လက်တစ်ကမ်း။ ဘယ်သူကမှ ရှေ့ကိုတစ်လှမ်းစာသော်မှ လှမ်းခဲ့ကြသည်မဟုတ်။ ကျွန်မကလည်း သူ့ကို ခင်မင် ခြင်းသာဖြစ်၍ အရောင်ဆိုးသောချစ်ခြင်းမဟုတ်။ ဘာပဲဖြစ်ဖြစ် သည်စာအုပ် ပေးဖတ်လိုက်တာ အကြောင်းတစ်ခုတော့ ရှိကိုရှိရမည်။ သည်အကြောင်းကို အောင်ကိုယ်တိုင် တစ်နေ့နေ့ ကျွန်မကို ပြောဖြစ်လိမ့်မည် ထင်ပါ၏။ ထိုအခါမှာ လည်း ပဝါတစ်ကမ်း လက်တစ်ကမ်းအဝေးက ကျွန်မနားထောင်ဖြစ်မည်ထင်၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

သည်ရက်ထဲမှာ မေမေက မြင်းခြံ တောင်ဈေးကြီးထဲမှာ ဆိုင်ခန်းတစ်ခန်း ငှားလိုက်လေပြီ။ မေမေ့ လက်ဝတ်လက်စားတချို့ကို ထုတ်ရောင်းသည့်ငွေရော၊ မိတ်ဆွေများက ကူညီခဲ့ကြသည့်ငွေရောပေါင်းကာ သနပ်ခါးဆိုင်ကြီးဖွင့်ဖို့ လုံးပန်းနေကြခြင်းဖြစ်၏။ လုပ်ကိုင်လက်စ သနပ်ခါးစက်ကိုလည်း တိုးချဲ့လိုက်သည်။ ဆိုင်ခန်းကိုလည်းလှပအောင် မွမ်းမံခဲ့ကြသည်။ သနပ်ခါးစက်အတွက် နေရာကျဉ်းသဖြင့် ကျွန်မတို့အိမ်ရှေ့ကွက်လပ်ကြီးထဲက သစ်ပင်ကြီး လေးငါးပင်ကို ခုတ်လှဲလိုက်ရပါသည်။ ကျွန်မနှစ်သက်သော နှင်းဆီပန်းအိုးကလေးတွေကိုတော့ အိမ်ရှေ့မျက်နှာစာမှာ ခုံတန်းဆင့်ကာ စီစီရီရီ စီထားလိုက်သည်။ မေမေ တပင်တပန်းစိုက်ပျိုးထားသော ကံ့ကော်ပင်ပျိုကလေးတွေကိုတော့ ခုတ်မပစ်ရက်သဖြင့် ချန်ထားကြရသည်။

မြင်းခြံရောက်ပါပြီဆိုကတည်းက ကျွန်မတို့သူငယ်ချင်းတွေ မဆုံဖြစ်ခဲ့။ ကိုယ့်မြို့ကိုယ့်ရွာ ရောက်ကြပြီဆိုတော့လည်း စကားလက်စတွေမကုန်နိုင်ကြဘဲ ရှိကြဟန်တူပါသည်။ ပြောသာပြောရတာ ကျွန်မလည်း သူတို့ဆီ မရောက်ဖြစ်ခဲ့။ မန္တလေးကို တစ်ခေါက်ပြန်ကြရတော့မည်ဆိုကာမှ တစ်ယောက်အိမ်တစ်ယောက် ရောက်ဖြစ်ကြရတော့၏။

"သမီးရေ...ထွေးသိန်းတို့လာတယ်"

သနပ်ခါးအလုပ်ရုံကလေးထဲက ကျွန်မ ပြေးထွက်လာခဲ့သည်။ ထွေးထွေးသိန်း၊ စိုးစိုးမော်၊ နွယ်နွယ်တင်၊ ခင်ခင်...။ သူတို့လေးယောက် ဘယ်လိုစုလာကြတာပါလိမ့်။ မြို့မှာ တောင်တစ်ယောက် မြောက်တစ်ယောက် နေကြသူတွေမဟုတ်လား။ တစ်ရက်သပ်သပ်ချိန်းလာကြတာပဲဖြစ်ပါလိမ့်မည်။



"နှင့်အိမ်ကို တမင်လာလည်ကြတာပော့...နှင်မအားဘူးဆိုတာ စိုးမော်ပြောလို့ တို့ကြားပြီးပြီဟာ...သည်လို သိရိမေရေ့...တို့တွေ ကျောင်းတက်ရင် မြင်းခြံက စက်ဘီးတစ်စီးစီတော့ ပါသွားမှကောင်းမှာ...နို့မို့ရင် ဆိုက်ကားငှားစီးရတာနဲ့ပဲ...အဲဒါ လာတိုင်ပင်တာ"

နွယ်နွယ်တင်ပြောတာကို မေမေကြားသွားမည်စိုးသဖြင့် ကျွန်မက အိမ်ထောင့်က ပိတောက်ပင်ရိပ်ကို ခေါ်ခဲ့ပါသည်။ ဘာရယ်လို့တော့မဟုတ်ပါ။ မေမေတို့ မေမေတို့ကြားသွားလျှင် ကျွန်မအတွက် စက်ဘီးတစ်စီးစာ ကုန်ကျရှာမှာစိုး၍ ဖြစ်၏။ စက်ဘီးမရှိတော့လည်း ကိစ္စမရှိ။ ကျောင်းနှင့်အဆောင်က နီးနီးကလေး။ စက်ဘီးရှိတော့ လမ်းတောင်များကြရလိမ့်ဦးမည်။

"နေဦး...နင်တို့ ဘာစားကြမလဲ ငါ လက်ဖက်သုပ်လိုက်ဦးမယ်"

ကျွန်မက လက်ဖက်တစ်ပွဲအမြန်သုပ်ကာ ရေနွေးလင်ပန်း တည်လိုက်သည်။ ကျွန်မ လက်ဖက်ပွဲယူလာတော့ မေမေက ကျွန်မသူငယ်ချင်းတွေနဲ့ စကားဝိုင်းမှာထိုင်နှင့်ပြီ။ စက်ဘီးကိစ္စများ ပြောလိုက်ကြပြီလား။

"သမီးတို့ပြန်ရင် သနပ်ခါးယူသွားကြဦး...သနပ်ခါးက စက်သွေးဆိုပေမယ့် စစ်တယ်သမီးရဲ့...ကျောင်းမှာလိမ်းဖို့လည်း ခေါ်ခေါ်ထည့်ပေးလိုက်ဦးမယ်"

မေမေ သနပ်ခါးအလုပ်ရုံကလေးဘက်ဆီထွက်သွားတော့မှ ကျွန်မမှာ ထွေးထွေးသိန်းတို့ကို တိုးတိုးတိတ်တိတ်ပြောရသည်။

"ထွေးသိန်းရယ်...ငါမှ စက်ဘီးမစီးတတ်တာ နင်တို့သိရက်နဲ့ မဝယ်တော့ဘူးဟာ...မေမေတို့ကိုလည်း [illegible]မနေနဲ့တော့"

သည်လိုဆိုတော့လည်း ကျွန်မသူငယ်ချင်းတွေက ဘာမှပြောမနေကြတော့ပါ။ ထိုနေ့က ကျောင်းတက်တုန်းကအကြောင်းတွေ ပြန်ပြောကြရင်း မထင်မှတ်ဘဲ အောင့်အကြောင်း စကားရောက်သွားခဲ့ကြပါသည်။ သူတို့လည်း အောင့်ကို ခင်မင်ကြသူတွေဆိုတော့ တစ်ယောက်တစ်ပေါက် ပြောချင်ရာပြောနေကြသည်။

"အောင်က စကားပြော အင်မတန်သိမ်မွေ့တာပဲနော်...တို့ဆိုရင် ကိုယ်ပြောချင်တာ ပြောချလိုက်တာပဲ...အောင်ကတော့ သည်လိုမဟုတ်ဘူး...သူတစ်ပါး နားဝင်အောင်လည်း ပြောတတ်တယ်...သူ့ကိုယ်သူလည်း ဘယ်တုံးကမှ ငါတော်တယ် တတ်တယ်ဆိုတဲ့ပုံမျိုးနဲ့ ဘယ်တော့မှ အထက်စီးမနိုင်ဘူး..."

www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ်တင်က အောင့်အပေါ် မှတ်ချက်စကားဆိုတော့ ခင်ခင်ကလည်း သူ့အမြင်ကို ပြောပါသည်။

"အောင်က တကယ့်အနုပညာသမားကွနော်… Fresher Wellcome တုန်းက မောင့်လပြည့်ဝန်း သီချင်းဆိုရင် တော်ရုံအသံမျိုးနဲ့ မဆိုနိုင်ဘူး ဟဲ့… အသံကလည်း ကောင်းလိုက်တာ… ရှေးဘဝက ခေါင်းလောင်း လှူခဲ့လို့ဖြစ်မယ်…"

"မင့်းကွန်းခေါင်းလောင်းလောက်နေမှာပဲ…"

"ခေါင်းလောင်းလှူလို့မဟုတ်ဘူးဟ… ဘုန်းကြီးကျောင်းက တုံးမောင်း လှူတာနေမှာ…"

စကားအကောင်းပြောကြရာက ထုံးစံအတိုင်း ဖောက်ကြပြန်၏။

"ငါကတော့ စောင်းတီးတာကို သဘောကျတာ… တော်ရုံတန်ရုံပါရမီနဲ့ မရဘူးနော်"

"အောင့် စောင်းလက်သံနဲ့ က,တဲ့ အိစပယ်ခိုင်ကလည်း အကကောင်း တယ်ဟာ… ခေါင်းခါးခြေလက်တော့ ငါလည်း ကျွင့်ဦးမှပါ"

ထွေးထွေးသိန်းက သူ့ခန္ဓာကိုယ်ကြီးကိုနွဲ့ကာ လက်ချိုးခြေချိုး လုပ်ပြ နေသည်။

"နင်ကျတော့ က,တာနဲ့မတူဘူးဟ… ဘုန်းကြီးပျံပွဲတွေက ဒုံးရုပ်ကြီး ခတ်လိုက်တာနဲ့တူတာ…"

"တော်ကြပါတော့ဟယ်… စကားကောင်းကောင်းပြောကြပါ…"

ထုံးစံအတိုင်း စိုးစိုးမော်ကတော့ သူများပြောတာ နားထောင်ရုံသက်သက်။ ထွေးထွေးသိန်းက က,နေရာမှရပ်လိုက်ကာ အသံကျယ်ကြီးဖြင့် ပြောသည်။

"အံမယ်… နင်တို့မသိသေးတာ ငါပြောရဦးမယ်… အဲသည်နေ့က ပွဲပြီး တော့ ကြေးမုံယဉ်က ငါ့ကိုဘာပြောတယ်မှတ်လဲ… နင်တို့နဲ့ အောင်နဲ့ ခင်တာ ကြာပြီလားတဲ့… ငါကလည်းဟာ… ကြာပြီ သူငယ်ချင်းအရင်း တွေလို့ ပြောချပစ်လိုက်တာ… ပြီးတော့ မေးသေးတယ်… အောင့်မှာ ရည်းစားရှိသလားတဲ့ ပြောင်ကြီးဆရာ… နင်တို့ကို မမေးရဲလို့တဲ့… ငါတော့ အောင်က မကြိုက်လောက်ဘူးဆိုပြီး မေးဝံ့တာနေမှာ… ငါက အောင့်မှာ ရည်းစားတော့ မရှိသေးဘူး… သူကြိုက်တဲ့ မိန်းကလေး ကိုတော့ ငါတို့လည်းမသိဘူးဆိုတော့… နင်တို့အထဲက တစ်ယောက်နဲ့ နေမှာတဲ့… ဒါနဲ့ ငါက ငါနဲ့ပါဟာလို့ ပြောလိုက်တယ်… ဟီး ဟီး"



ကြေးမုံယဉ်က အောင့်မှာ ရည်းစားရှိသလားလို့ ဘာကိစ္စမေးရတာတဲ့လဲ။ သူက အောင့်ကို စိတ်ဝင်စားလို့နေမှာပေါ့။ ကျွန်မစိတ်ထဲ ကျိတ်ပြီးအူတိုနေမိ၏။ အောင်များသိရင် ကြေးမုံယဉ်ကို စိတ်ဝင်စားမှာလားလို့လည်း တွေးမိသည်။ ဒေသကောလိပ်တစ်ခုလုံးက Queen ဆိုသော ကြေးမုံယဉ်လို အလှဘုရင်မကို အောင်ကကော မချစ်ဘဲနေမှာတဲ့လား။ အို… ကျွန်မနှင့်ဘာဆိုင်ပါသနည်း။ အောင် နှင့်ကျွန်မတို့တစ်တွေက သူငယ်ချင်းတွေမဟုတ်လား။

"အောင်တို့က ချမ်းသာသလားတဲ့… အောင့်မိဘတွေက ဘာလုပ်ကြတာ လဲတဲ့ကွ"

ထွေးထွေးသိန်းအသံက မခံချင်သည့်လေသံမှန်း သိသာနေသည်။ ကျွန်မ တို့တစ်တွေတောင် အောင်နှင့်ပတ်သက်၍ အဲသလောက်စပ်စုချင်ကြသူတွေမဟုတ်။ အဲသည်နေ့က ထွေးထွေးသိန်းတို့အဖွဲ့တွေ ပြန်သွားပြီးနောက် ကျွန်မတစ်ကိုယ်လုံး နုံးခွေသွားသလို ခံစားနေရသည်။ ညရောက်တော့လည်း ကျွန်မ တော်တော်နှင့် အိပ်မပျော်နိုင်။ ကြေးမုံယဉ်ကို Queen, Queen လို့ အော်လိုက်ကြသည့် ကျောင်း ကော်ရစ်ဒါပေါ်က အသံတွေကိုကြားနေရသည်။

ဟုတ်သလား၊ မဟုတ်သလားတော့မသိ။ ထွေးထွေးသိန်းပြောခဲ့သော စကားတွေထဲမှာ ပွဲပြီးတော့ ကြေးမုံယဉ်က အောင့်ကို နှင်းဆီဝါတစ်ပွင့် သွားပေးခဲ့ သတဲ့။ ကျွန်မ မမြင်မသိခဲ့သော်လည်း ထွေးထွေးသိန်းကတော့ မဟုတ်ဘဲမပြောဘူး ဆိုတာ ကျွန်မယုံကြည်သည်။ အဲသည်နှင်းဆီဝါပွင့်ကို အောင် ဘယ်မှာထားလေ သလဲ။ အောင့်စာအုပ်တစ်အုပ်ကြားမှာလား။ အောင့်အိပ်ရာဘေးမှာလား။ ပေးသူ ကပေးတော့ ယူသူက ယူရမည်သာ။

အောင့် မြန်မာစာပေသမိုင်းထဲက ကျွန်မဒိုင်ယာရီထဲမှာ ကူးရေးထားသည့် ပျို့ကဗျာထဲက စာသားတွေကို ကျွန်မ သတိရနေမိသည်။

*"ပျို့သင်းကြိုင်ပျ၊ ဖူးခေါင်လွှကို၊ မောင်က ကမ်းတုံ၊ မယ်လှမ်းတုံနှင့်၊ ပန်းငုံပန်းဝတ်ပန်းတမွှတ်ကို၊ နန်းလွှတ်စံရွှေ၊ သန့်သန့်ချွေ၍၊ ပျို့စေ ပြုံးပြည့်၊ မကုံးလှည့်ပဲ…"*

အဲသည်နေ့က နှင်းဆီဝါဝါတစ်ပွင့်ကို 'မောင်က ကမ်းတုံ၊ မယ်လှမ်းတုံ' ဖြစ်နေကြလေသလား။

နောက်တော့လည်း ကျွန်မ အိပ်ပျော်သွားခဲ့ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ကျောင်းတွေပြန်ဖွင့်ပြီ။ မန္တလေးကောင်းကင်မှာ မိုးရိပ်တွေ ဆင်နေကျဆိုသော်လည်း မရွာပါ။ ကျွန်မတို့အဆောင်ရှေ့မှာ စည်ပိုင်းကြီးဖြင့်ထည့်စိုက်ထားသော ဘိတ်စံပယ်ရုံကြီးက အပွင့်အဖူးအူအူထအောင် ဖူးကြပွင့်ကြလေပြီ။ ညအိပ်ရာဝင်ခါနီး စံပယ်နံ့ကလေး ကြိုင်ခနဲသင်းလာလျှင်ပင် အဆောင်သူတွေ စံပယ်ပွင့်တွေ သူ့ထက်ငါဦးအောင် ဆင်းခူးတတ်ကြသည်။ ရနံ့မွှေးသောပန်းတွေကို ကျွန်မနှစ်သက်သော်လည်း စံပယ်ကို နှင်းဆီလောက် မစွဲလမ်းတာကိုလည်း ဝန်ခံရပါမည်။ ပြီးတော့ ကျွန်မကိုယ်တိုင်က ဘယ်ပန်းကိုမှ တရှိုက်မက်မက် ပန်ချင်သူမဟုတ်။

ထွေးထွေးသိန်းတို့တစ်တွေက စံပယ်ပွင့်တွေ ဆင်းခူးကာ သူ့ထက်ငါ အလုအယက်ကုံးကြသည်။ ဘုရားလည်းတင်၊ မနက်ပန်ဖို့ ရေဝတ်ကလေးနှင့် ငါးကုံးထုပ်ကာ ထားလိုက်သေး၏။ မနက်ကျောင်းတက်တော့ ကျွန်မတို့ခေါင်းမှာ စံပယ်တွေမွှေးလို့....။

ဒုတိယနှစ်ဝက် ကျောင်းတွေပြန်ဖွင့်တော့ ကျွန်မတို့တစ်တွေ စာသိပ်မပေါ့ရဲကြတော့ပါ။ Class ပြေးတက်ရ၊ Practical လုပ်ရ၊ Tuitoral ဖြေရ၊ စာကျက်ရနှင့် လုံးချာရိုက်နေသည်။ ကျွန်မတို့မှာ ဆယ်တန်းအမှတ်နှင့်အတူ ဆေးကောလိပ် နှစ်နှစ်အမှတ်ပါပေါင်းပြီး လိုင်းခွဲမှာဆိုတော့ အမှတ်ကောင်းကောင်းရအောင် ကြိုးစားရပါ၏။ စာမေးပွဲကျတာမျိုးကလည်း ရှိလေတော့ ကြိုးစားမှတန်ကာကျမည်မဟုတ်လား။ တချို့ကလည်း ကျူရှင်တွေတောင် ပြေးတက်ကုန်ကြပြီ။ ကျွန်မတို့အဖွဲ့မှာ စက်ဘီးမစီးတတ်သော စိုးစိုးမော်နှင့်ကျွန်မမှလွဲလျှင် ကျွန်သုံးယောက်က စက်ဘီးတွေပါလာတော့ ဘယ်သွားချင်သွားချင် ဒရွတ်ချိုးသိမနိုင်ကြတော့ပါ။



ကျောင်းပိတ်ရက်တွေမှာတော့ ကိုတိုးကြီးရော အောင်ပါ ကျွန်မတို့အဆောင်ကို လာကြပါ၏။ အောင့်စာအုပ်ကလေးကို ကျွန်မပြန်ပေးသည့်နေ့က ကျွန်မတို့တစ်တွေ အဆောင်ရှေ့က ပုန်းညက်ပင်ခုံတန်းမှာ ဝိုင်းဖွဲ့ခဲ့ကြသည်။ ကျွန်မတို့ဧည့်ခံသော မြင်းခြံလက်ဖက်သုပ်ကို အောင်ပါကြိုက်နေလေပြီ။

"မြင်းခြံက လက်ဖက်ထွက်သလား...မြင်းခြံလက်ဖက်ဆိုတာ အောင်အရင်က မကြားဖူးဘူး"

"တို့မြင်းခြံလက်ဖက်က ရွှေဖီမိုးမလွတ်ကွ"

ကိုတိုးကြီးက နောက်သည်။ မြင်းခြံလက်ဖက်ဆိုတာ မန်ကျည်းရွက်နှင့် ဂျင်းရောကာ နှပ်ထားသော ချဉ်ဖြုန်းဖြုန်း မန်ကျည်းရွက်နှပ်တစ်မျိုးဖြစ်ကြောင်း ကျွန်မ ရှင်းပြလိုက်သည်။ မြေပဲထောင်း၊ ပဲကြော်၊ ဆီချက်၊ ပဲမှုန့်၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူ စသည့် အဆာပလာတွေရောကာ ဆီလက်ကြားယိုသုပ်ထားတာဆိုတော့ စားလို့ကောင်းလှသည်။

**"တောင်ပေါ်ကရှမ်းကလေး လျှော်ထမ်းလို့ မပြေးနိုင်တော့ဘူးဟော့"**

အောင်က လက်ဖက်ခွက်ကို လက်မလွှတ်တမ်း စားနေတာကို ထွေးထွေးသိန်းက ကျေနပ်စွာ နောက်ပြောင်ခြင်းဖြစ်ပါ၏။

"ရွှေဖီမိုးမလွတ်ဆိုလို့ မြင်းခြံက မိုးခေါင်တယ်ဆို"

"မေတို့ဆီမှာ မိုးခေါင်တာ ဖြစ်ရိုးဖြစ်စဉ်ပဲအောင်ရဲ့...မိုးကို သိပ်မျှော်ရတာ...ပုပ္ပားတောင်ဘက်က မိုးတွေညို့လာရင် သိပ်ပျော်ရတာလေ...မိုးခေါင်ပေမယ့် မိုးနဲ့ပတ်သက်ရင် သိပ်နားလည်ကြတာပဲ...ပျဉ်ထောင်မိုး၊ လျှောက်ရှာမိုး၊ ဆင်ရာတိမ်မိုး၊ ကန်ဆင်းမိုး၊ ဖက်ဆွတ်မိုး စသဖြင့် မိုးတွေကို နာမည်ပေးကြတယ်..."

ကျွန်မက သည်လောက်ပဲပြောနိုင်သော်လည်း အောင်က ကာချင်းတွေထဲမှာ အံ့ကာမည်း၊ ကျည်းကာဝိုက်ကြိုး၊ ပျဉ်ထောင်မိုးဆိုတာ ဖတ်ဖူးကြောင်းပြောပြလို့ အံ့သြရသည်။ ပျဉ်ထောင်မိုးဆိုတာ မိုးကြီးမိုးသန်ရွာတတ်သည့်အကြောင်း၊ ဆင်ရာတိမ်မိုးကတော့ ဆင်ခြေရာပြည့်ရုံ မြေနူးရုံမိုးဖြစ်ကြောင်း၊ တပေါင်းလသစ်ရွက်ခြွေမိုးမျိုးကိုတော့ ဖက်ဆွတ်မိုးခေါ်ကြောင်း၊ ကျွန်မက ရှင်းပြတော့ အောင်က ခေါင်းတညိတ်ညိတ်။

**"ဟုတ်လောက်တယ် မေရဲ့...ရှင်ဥတ္တမကျော် တောလားမှာ 'သောင်တိမ်**
**ရွှေဥ၊ သဲဖွေနှုန့်ငါ ဝတ်ရည့်နှံ့ချို သရဖီမူ၊ ကြိုင်ဆီလှိုင်သက်၊ ဆောက်ခွတ်**

www.burmeseclassic.com

www.burmeseclassic.com



တည့်…' လို့ ရေးတာဖတ်ဖူးတယ်… '*ရွက်ကျင်ချွေကျိုး၊ ဖက်ချွေမိုးမှု၊ ရေနိုးယူဆောင်၊ မိန်တဆောင်မှာ*' ဆိုတော့ တပေါင်းလ ရွာတဲ့မိုးပေါ့…"

လျှောက်ရွာမိုးကတော့ ကျွန်မကြားဖူးသလောက် သီးနှံဖျက်မိုးကို ခေါ်ကြသည်။ မိုးတွေအကြောင်း စကားရောက်လို့ ရှင်ဥတ္တမကျော်၏ ရွှေစက်တော်သွားတောလားအကြောင်း ရောက်သွားတော့ အောင်က စာတွေကဗျာတွေ ရွတ်ပြနေပြန်သည်။ ဒီသည်လိုစာတွေ သူဘယ်လိုများ ကျက်မှတ်ထားပါလိမ့်။ မြန်မာစာပေထဲက လှပသောစာကဗျာတွေကို ကျွန်မချစ်သော်လည်း အောင့်လောက်တော့ ထဲထဲဝင်ဝင်မသိ။ တချို့စကားလုံးတွေကိုလည်း နားမလည်။ မေမေရွတ်ဖတ်ပြလွန်းလို့ အလွတ်ရနေသည့် ဂါထာ ၆၀ ပျို့ထဲက တစ်ပိုဒ်စ၊ နှစ်ပိုဒ်စ ရွတ်ပြရင်း မသိတာမေးရသည်။

"မြန်မာစာပေသမိုင်း ဖတ်ဖြစ်ရဲ့လား မေ"

"ဖတ်ပြီးသွားပြီ… တချို့အပိုဒ်တွေလည်း မေ ကူးထားတယ်…သည်စာအုပ်ကို ဖတ်လိုက်ရမှ ပျို့တွေ…ရတုတွေ…ဧချင်းတွေအကြောင်း သဘောပေါက်ရတော့တယ်"

"အောင် သည်စာအုပ်ကို ငယ်ငယ်ကတည်းက ဖတ်ရတာ မေရဲ့…တချို့ကဗျာတွေဆို အောင် နှုတ်ကတောင် အမြဲရွတ်နေမိတာ…"

"မေလည်း တချို့အပိုဒ်တွေ ကြိုက်လို့ ကျက်ထားသေးတယ်…မေ ရွတ်ပြမယ်… '*ရွှေရောင်ပြန့်ပြူး၊ ရွှေနဖူးနှင့်၊ ကော့ဖြူးမျက်တောင်၊ ရွှေမျက်မှောင်မှ၊ ရွှေရောင်ဝင်းလျှံ၊ ရွှေနှာတံတွင်၊ သံပုရာဖျား၊ ရွှေရွက်နားလည်၊ ပြန့်ကာရွှေသွေး၊ ရွှေလည်ရေး၌၊ ရွှေကျေးလည်ရစ်၊ ပေါ်စသစ်သို့၊ သနစ်ကုန်စင်၊ ရှုတိုင်းပင်လျှင်၊ ကောင်းအင်စုံစွာ၊ မယ်ဥမ္မာသည်၊ မာယာပန်းမွေး၊ ငါ့ကိုပေး၍၊ ကြင်ရေးဘွဲ့ရှာလေသလော…*' တဲ့"

ကျွန်မကျက်ထားသည့်စာကို ရွတ်ပြရင်းက ကြေးမုံယဉ်ကမ်းလင့်သော နှင်းဆီဝါအကြောင်း ဖျတ်ခနဲ ခေါင်းထဲရောက်လာခဲ့သည်။ ကျွန်မရင်ထဲ ကျင်ခနဲဖြစ်သွားရာက မျက်နှာပင် ညိုသွားမိသည်ထင်၏။ အောင်ကတော့ သူ့ထုံးစံအတိုင်း ဘာမှသိပုံမရ။ သူပြောချင်တာကို ပြောနေသည်။

"အဲဒါ…ဦးရွှန်းရဲ့ ဥမ္မာဒန္တီပျို့ထဲကမဟုတ်လား ..သိပ်လှတယ်နော်…ရွှေရုပ်အဆင်းလို လှပတဲ့ ဥမ္မာဒန္တီကို မြင်လိုက်ရတဲ့ ဘုရင်မင်းခေါင်ရဲ့ ညည်းတွားပုံကို ဖွဲ့ထားတာ…မာယာပန်းမွေး ငါ့ကိုပေး၍ ဆိုတော့…"

"နှင်းဆီအဝါ ဖြစ်မှာပေါ့"



ကျွန်မက ငေါ့ပြောလိုက်သော်လည်း အောင်က ဟာသပြောသည်ထင်ကာ ရယ်သည်။ သည်တော့လည်း ကျွန်မက ကြားထားသည့်သတင်းကို ပြောင်ဖွင့်မေးလိုက်ပါ၏။ အောင်က ဘာမှမထူးဆန်းသလိုကြည့်နေရာမှ အားရပါးရ ရယ်နေတော့သည်။ သူရယ်လေ ကျွန်မ စိတ်ခုနေမိလေ။

"ပန်းတွေက သန့်ရှင်းပါတယ်မေရယ်…လက်တွေကသာ မသန့်ရှင်းတာပါ…အောင်က သန့်ရှင်းခြင်းကိုပဲ လက်ခံလိုက်တာပါ…မေလည်း တစ်နေ့ ဒါမျိုးကြုံရဦးမှာပဲ…ကဲ အောင်မေးပါဦးမယ် မေ့မှာ ရည်းစားရှိသလား"

အောင်က ရုတ်တရက်မေးလိုက်တော့ ကျွန်မ ကြောင်သွားရသည်။ ပြီးတော့ ရယ်ချင်သွားမိ၏။ ကျွန်မမှာ ရည်းစားရှိသလားတဲ့။ ကျွန်မ ဘယ်လိုပြောရင်ကောင်းမလဲ။ ရိုးရိုးသားသားပဲ ကျွန်မဖြေလိုက်ပါ၏။

"မေ့မှာ ရည်းစားမရှိပါဘူး… ကျောင်းနေတုန်း ရည်းစားလည်း မထားချင်ဘူး…"

"ညံ့ပါ့ကွာ…မေက မိုးနဲ့ပြောရင် '*နတ်ပန်းမမြိုင်၊ သဇင်လှိုင်က၊ ဖြိုင်ဖြိုင်မကြဲ၊ စွတ်ရုံဖွဲ့၏*' ဆိုသလို စွတ်ရုံကလေး ဖွဲ့ဖွဲ့ရွာတဲ့မိုးပေါ့…နောက်တော့လည်း ပျဉ်ထောင်မိုးကြီး ရွာရဦးမှာပါ…ဒါကို ငြင်းပယ်ချင်လို့မရဘူးဗျ…အချစ်ဟာ ဆန်းကြယ်တယ်"

ကျွန်မတို့ကြားမှာ စကားရောက်ရာ စကားကျရာ တောင်စဉ်ရေမရ ပြောကြတာတွေကပဲ ပိုပြီး သံယောဇဉ်ဖြစ်ရသလားမသိပါ။ စောစောက အောင့်ရယ်လိုက်သံကြောင့် မနီးမဝေးမှာ လက်ဖက်တစ်ပွဲထပ်သုပ်နေကြသော သူငယ်ချင်းတွေထဲက နွယ်နွယ်တင်နှင့်ခင်ခင်က ကျွန်မတို့အနား ရောက်လာခဲ့သည်။ ကိုတိုးကြီးကတော့ လက်ဖက်ပန်းကန်ထဲက လက်ကျန်ကို ရှင်းနေလေ၏။ နွယ်နွယ်တင်က ကျွန်မတို့ပြောနေသည့်စကားကို နားကျပါးကျမကြားဘဲ စွတ်မေးသည်။

"ဘယ်သူလဲ…အခုန ရည်းစားမရှိဘူးလို့ပြောတာ"

"မေလေ…"

အောင်က ကျွန်မကို မေးထိုးပြရင်း ဖြေသည်။ မျက်နှာက ဖြစပ်စပ်။ ကျွန်မကို အားလုံးက ဝိုင်းရယ်နေကြသည်။

"အလကားပြောတာ အောင်…မြင်းခြံမှာ သူ့ကောင်လေးရှိတယ်…ဆယ်တန်းတုန်းက ကြိုက်ကြတာ…ဟိုခမျာ ဆယ်တန်းကျရှုံးလို့ ကျန်ရစ်ခဲ့ရတာလေ…သိရိမေ နင်ဖွင့်ပြောလိုက်"

www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်...အဲသလို ငယ်ကချစ်တဲ့အချစ်က တစ်သက်ပါသတဲ့...နတ်ရှင်နောင်ရဲ့ ရတုတစ်ပိုဒ်မှာ '*ပွင့်ရုံးရှုရှု၊ လက်သင်မဈေ၊ သက်မျှငယ်ချစ်၊ ပျောင်းလိမ့်ဖြစ်ကို၊ စိစစ်မိမိ၊ သတိချုပ်ဆည်၊ ပြေမည်မျှဝေး၊ ချစ်ဝန်လေးခဲ့...*' တဲ့"

ကျွန်မက အနားမှာရှိနေသည့် ကြက်သွန်ဖြူ လေး,ငါးလုံးနှင့် အောင့်ရင်ဘတ်ဆီ ပစ်ပေါက်လိုက်သည်။ အောင်က ကြက်သွန်ဖြူတွေကို ဖမ်းရင်း ထပြေးသည်။ ထွေးထွေးသိန်းက ကြက်သွန်ဖြူတွေလိုက်ကောက်ရင်း ဗျစ်တောက်ဗျစ်တောက်။

"အမလေး...ငါဖြင့် ကြက်သွန်ဖြူ ရှာလိုက်ရတာ တစ်မနက်လုံးပဲ...လက်စသတ်တော့ သူတို့က ကြက်သွန်ဖြူထုတမ်း ကစားနေကြတာကိုး"

"အဲသည်ကြက်သွန်ဖြူတွေ လက်ဖက်ထဲမထည့်နဲ့တော့ဟာ... ငါတို့တော့ မစားဘူး..."

ထိုနေ့က အောင်တို့ အဆောင်တံခါးပိတ်ခါနီးမှ ပြန်ကြသည်။ သည်အချိန်အထိတော့ မိရိုးတရိုးမှာ ရှိနေ့ကြသေးသူတွေပီပီ ဘဝအတွက် မစဉ်းစားအားပါ။ ကျောင်းစာထဲမှာ နပန်းလုံးနေကြရသည်။ သူငယ်ချင်းတွေနှင့် စကားနိုင်လုကြရသည်။ အောင်နှင့်တွေ့ပြန်တော့ စာစကား ပေစကား ကြားရတာတ်ပါ၏။

စာမေးပွဲရက်တွေနီးတော့ အပြင်စာတွေ ခဏဖယ်ထားရပါသည်။ အထွက်အလည်လျှော့ရသည်။ အဆောင်မှာ စာအော်ကျက်သံတွေညံနေပြီ။ တွေ့သမျှကြုံသမျှ ဒိုင်ယာရီရေးတာတော့ ကျွန်မ မပျင်းပါ။ ဖေဖေတို့ဆီကိုလည်း တစ်ပတ်တစ်ခါ စာရေးမပျက်ခဲ့။ အောင်မလာတာကြာတော့လည်း မျှော်နေမိပါ၏။

ရှင်ဥတ္တမမယ်၏ အိုင်ချင်းထဲကလို '*တညှိုးငယ်မှရော်ရော်...နှမကလေးဆေးကမျှော်သည်...ငယ်ဖော်ပေါင်းငဲ့...လည်ချောင်းငဲ့...*' ဆိုရှာသာပါ။

■



## (၁၉)

ဒေသကောလိပ် နှစ်လည်မဂ္ဂဇင်းထွက်လာခဲ့ပြီ။ မဂ္ဂဇင်းမျက်နှာဖုံးမှာ ကြေးမုံယဉ်၊ အိစပယ်ခိုင်နှင့် သိပ္ပံဇီဝမှ နန်းမိုးမိုးလှိုင်တို့သုံးယောက် ဒေသကောလိပ်အဝင်ဆိုင်းဘုတ်အောက်မှာ ရပ်နေသည့်ပုံဖြစ်သည်။ နောက်ခံမှာ စိန်ပန်းနှင့် ငုဝါပန်းတွေ ကြဲပက်ထားသည်။ ဒေသကောလိပ်နှင့်ကပ်လျက် ဖားသားလဖုန်း ဘုရားရှိခိုးကျောင်းကြီးလည်း ပုံရိပ်တစ်ခုအဖြစ် ပါဝင်ပါသည်။

"နင်တို့နှစ်ယောက် စာအကြောင်း ကဗျာအကြောင်းတွေ သည်လောက်ပြောနေကြပြီး မဂ္ဂဇင်းထဲတော့ ဝင်မရေးကြဘူး"

ခင်ခင်ကပြောတော့ အောင်နှင့်ကျွန်မ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ဖြစ်ကြသည်။ "နောက်နှစ်တော့ ရေးမှာပေါ့ဟယ်" လို့ ကျွန်မက ပြောလိုက်သည်။

"အေး...နောင်တစ်ချိန် နင်တို့နှစ်ယောက် စာရေးဆရာတွေဘာတွေဖြစ်ကြရင် ငါတို့သူငယ်ချင်းတွေ ယောသည်ဒေသကောလိပ်မှာ ဆုံစည်းခဲ့ကြတဲ့အကြောင်းတွေ ရေးစမ်းဟယ်...အဲသည်အချိန်ကျ လွမ်းစရာကလေးတွေ ဖြစ်သွားမှာပဲနော်"

ခါတိုင်း အပြောင်အပျက်ပြောနေကျ ထွေးထွေးသိန်းစကားက သည်တစ်ခါတော့ ကျွန်မရင်ကို လာထိခိုက်ခဲ့လေသည်။ ဟုတ်တယ်နော်...။ နောင်တစ်ချိန်ကျရင် တို့တွေရဲ့ဆုံစည်းမှုဟာ လွမ်းစရာကလေးတွေ ဖြစ်သွားမှာတဲ့လား။ လွမ်းရတာ၊ လွမ်းခွင့်ရသေးလျှင်ပဲ ကျွန်မကတော့ ကျေနပ်နေမည့်သူဖြစ်သည်။ အောင်ကရော...။

"အောင်က ပိုလွမ်းရမှာပါ မထွေးရဲ့...မထွေးတို့ကမှ မြင်းခြံတစ်မြို့တည်းသားချင်းတွေ တွေ့ချင်တွေ့နိုင်သေးတာ...အောင်ကအဝေးမှာ..."

www.burmeseclassic.com



အောင်က ပြောတော့ ကျွန်မ ဝမ်းနည်းရပါသည်။ အဝေးမှာဆိုတာ နေရာကိုပြောတာလား…။ ဘဝချင်းဝေးသွားမှာကို ဆိုလိုတာလား။ အောင့်ကိုလည်း ကျွန်မ သနားမိသလိုလို…။

တကယ်လည်း စာမေးပွဲတွေဖြေပြီးကြတော့ ကျွန်မတို့ ခွဲခွာခဲ့ရသည်။ နောက်နှစ် ကျောင်းပြန်မဖွင့်မချင်း ကျွန်မတို့ ဆေးနေရဦးမှာပဲဖြစ်သည်။ ကျောင်းပိတ်ရက်မှာဖတ်ဖို့ အောင်က ကျွန်မကို စာအုပ်တစ်အုပ်ပေးလိုက်သေးသည်။

"ချစ်ရသော စောနန်းမို အတွက်"

ဟောင်းနွမ်းမြည့်မြည့်စာအုပ်ကလေးရဲ့ မျက်နှာစာအဖွင့်မှာ ရေးဆန်သော လက်ရေးရှည်ရှည်ကလေးတွေ…။ လက်မှတ်ရေးထိုးထားသည့် ရက်စွဲကလည်း ၁၉၅၈ ခုနှစ် ရက်စွဲ။

"အောင့်စာအုပ်ကို မေ ပကတိအတိုင်းပဲထားမယ်နော်…စုတ်တဲ့ဖွာတဲ့ နေရာတွေကိုလည်း ကော်ကပ်မပေးဘူးနော်…"

ကျွန်မပြောတော့ အောင်ကပြုံးပါသည်။ စောနန်းမို ဆိုသည့် အမည်နှင့် ပတ်သက်လို့တော့ အောင်ကလည်း မပြော။ ကျွန်မကလည်း မမေးခဲ့ပါ။ တစ်နေ့တော့ အောင် ပြောလာမည်ထင်ပါ၏။

ကျွန်မတို့ မြင်းခြံပြန်သည့်နေ့က အဆောင်မှာ ရှိသမျှပစ္စည်းတွေအားလုံး သိမ်းခဲ့ရတာဆိုတော့ First Term ပိတ်တုန်းကထက် ပိုများနေသည်။ နောက်နှစ်မှာ နှင်းဆီဖြူမှာပဲ ကျွန်မတို့နေမည့်အကြောင်း စကားစရန်သတ်ခဲ့ကြ၏။ သို့သော်လည်း အဆောင်ထုံးစံ ပစ္စည်းပစ္စယအားလုံး သိမ်းဆည်းခဲ့ရပါသည်။ ကျွန်မတို့မှာ သုံးဘီးကား နှစ်စီးတိုက်နှင့် မြင်းခြံကားဂိတ်ကို ဆင်းတော့ ကိုတိုးကြီးတို့ပဲ လိုက်ပို့ခဲ့ပါသည်။

"ငါတို့မှာ ဘယ်ဘဝကဝင့်ကြွေးရယ် မသိပေါင်ဟာ…နင်တို့ရည်းစား ဖြစ်မယ့်ကောင်တွေ ဘယ်သွားအိပ်ပျော်နေကြပါလိမ့်…"

ကိုတိုးကြီးကပြောတော့ ကျွန်မတို့မှာ ရယ်ကြရသည်။ ထုံးစံအတိုင်း ကိုတိုးကြီးက သူ့ရည်းစား မိုးညင်းသူကို အိမ်တိုင်ရာရောက်ပို့ပြီးမှ ပြန်ခဲ့မည်ဆို၏။ အောင်ကတော့ မပွင့်တပွင့်…။

ကျွန်မတို့ကားကြီးထွက်တော့ အောင်က လက်ပြနှုတ်ဆက်သည်။ အောင့်မျက်ဝန်းအစုံက ကျွန်မဆီမှာ…။ ဒါကိုတော့ ကျွန်မ အဆေးအချာတွေ့လိုက်မိခြင်းဖြစ်သည်။



'သူ့အပြုံးက နှလုံးစွဲစိမ့်
ရင်တွင်းငြိမ့်ငဲ့ ဖိုသိမ့်ကြက်သီး
ချမ်းမပြီးဘူး…။
ယောင်တီးယောင်တ ရပ်ရမလို
နှုတ်ချိုခွန်းစ ဆက်ရမလို
သူ့ကိုသာမှတ် ပြုံးရုံတတ်သည်…'

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ဆေးကောလိပ် ဒုတိယနှစ်…။

မန္တလေးမှာ နှင်းမြူတစ်ကြော့ ဝေခဲ့ပြန်ပြီ။ စိမ်းစိုလန်းဆတ်သော ဆေးကောလိပ်ဝန်းကျင်တစ်ခုလုံး ကျောင်းသားကျောင်းသူ အဟောင်းအသစ်တွေ သက်ဝင်လှုပ်ရှားနေကြသည်။ ကျွန်မတို့အားလုံး ဒုတိယနှစ်ကို ရောက်ကြပြီဆိုတော့ လမ်း (၈၀) အရှေ့ဘက် ကဋ္ဌနဆောင်မှာ တက်ကြရပြီ။

ပထမနှစ်က တက်ရသည့် ဆေးကောလိပ်ဝင်းထဲက အဆောင်တွေလို ပြန့်ကြဲနေခြင်းမျိုးမဟုတ်ဘဲ၊ ကဋ္ဌနဆောင်မှာပဲ ဒုတိယနှစ်အားလုံး တက်ကြရခြင်းဖြစ်သည်။ ကဋ္ဌနဆောင်က သုံးထပ်ဆောင်ဆိုတော့ ကျွန်မတို့ အပေါ်ထပ် အောက်ထပ် ကူးကြရုံကလွဲလို့ တခြားလမ်းသလားစရာမရှိပါ။ တစ်ယောက်နှင့် တစ်ယောက်လည်း သိပ်မရှာကြရ။ တစ်ခါတစ်ရံ ကျွန်မတို့ Class တက်ရာ အခန်းရှေ့သို့ အောင်တို့ရောက်လာတတ်သလို တစ်ခါတလေမှာတော့ ကျွန်မတို့က အောင်တို့ ဗိဇ္ဇာတန်းတွေဘက် သွားတတ်ကြပါသည်။

ကျွန်မတို့ ဒုတိယနှစ်တက်စဉ်က အမှတ်တရဖြစ်စရာတွေ တော်တော်များများ ကြုံတွေ့ခဲ့ရပါသည်။ တက္ကသိုလ်မြေဆိုတာကို တစ်နှစ်ကျင်လည်ပြီးမှတော့ အမှတ်တရတွေကလည်း ရှိလာကြရပြီပေါ့…။ ကျွန်မတို့ ဒုတိယနှစ်ကိုရောက်တော့ ယခင်နှစ်တွေတုန်းကလို အသက်မွေးမှုပညာရပ်တစ်ခုခုကို ရွေးချယ်တက်ရောက်ရတာမျိုး မရှိတော့ပါ။ ပထမနှစ်တုန်းကလိုပင် Practical, Tuitoral နှင့် အတန်းတက်ကြရတာပဲရှိသည်။ သည်တော့ စနေ တနင်္ဂနွေလို အားလပ်သည့်ရက်တွေမှာ မန္တလေးဝန်းကျင်ကို ကျွန်မတို့ ရောက်ဖြစ်ကြပါ၏။

ကျွန်မရင်ထဲမှ အမှတ်ထင်ထင် ရှိခဲ့ရတာကတော့ ကျွန်မတို့အဖွဲ့ တောင်သမန်ကို ပထမဆုံးအကြိမ် ရောက်ခဲ့ရသော နေ့ကလေးကို ဖြစ်ပါသည်။



ကျောင်းပိတ်ရက်ဆိုတော့ ကျွန်မတို့တစ်တွေ တစ်မနက်လုံး လျှော်ကြ ဖွပ်ကြ မီးပူတိုက်ကြ သီချင်းတအေးအေး ချွေးတလုံးလုံး။ ခင်ခင်က သူ့ကျောင်းစာတွေ ကူးပေးလျှင် မီးပူတိုက်ပေးမည်ဆို၍ ကျွန်မအဝတ်အစားတွေ သူ့ကိုပေး၊ သူ့ကျောင်းစာတွေ ကျွန်မ ကူး။ ထိုစဉ်မှာပင် အဆောင်ရှေ့ဆီက ကိုတိုးကြီး၏ အသံသြသြကြီး ပေါ်လာခဲ့ခြင်းဖြစ်သည်။

"ဟော့…မြင်းခြံသူတွေ…ဟေး…ရှိကြရဲ့လားဟ"

ခင်ခင်က အဆောင်ရှေ့ ပြေးထွက်ကာကြည့်တော့ မာဇဒါဂျစ်တစ်စင်း အဆောင်ရှေ့မှာ ရပ်ထားတာတွေ့ကြောင်း ကျွန်မတို့ကို လှမ်းအော်သည်။ သည်နှစ်က ဒုတိယနှစ်ဆိုတော့ ကျွန်မတို့ အဆောင်အောက်ထပ်မှာ နေရာရသည်။ ကျွန်မနှစ်သက်သော ပြတင်းပေါက်ကို ဆားတိုက်မရသော်လည်း ကျွန်မခေါင်းရင်း တစ်ခြမ်းစာ ပြတင်းပေါက်ကိုတော့ ပိုင်ဆိုင်ခွင့်ရခဲ့ပါ၏။ ကိုတိုးကြီးအော်သံ ကြားတော့ ကျွန်မတို့ နေချင်သလိုနေကြရာက ကမန်းကတန်း လူးလဲထကာ အဆောင်ရှေ့ ပြေးထွက်ကြရပါသည်။

"နင်တို့ လိုက်ကြမလား…ငါတို့ တောင်သမန်သွားမလို့…အောင်က နင်တို့ ဝင်ခေါ်ချင်တယ်ဆိုတာနဲ့ ငါကောင်မလေးတောင် ငါမခေါ်ခဲ့ဘူး"

"ကိုတိုးကြီးကောင်မလေးကို မင်းကွန်းလူအိုရုံသွားမှ ခေါ်ပါဗျာ… ကျွန်တော်တို့ အခုအဝတ်အစားလဲပြီးလိုက်ရုံပဲ…နည်းနည်းတော့ ခြယ်ရဦးမှာပေါ့"

"ကိုင်း…မြန်မြန်လုပ်ကြဟာ…နင်တို့ သိပ်မကြာကြနဲ့…ဪ… အဆောင်ပိုင်ရှင်ကို ပြောခဲ့ဦး…မလိုလည်း လိုလည်းပေါ့…ညနေ ခြောက်နာရီ ကျော်ချင်ကျော်မှာ၊ အခုပဲ ဆယ့်တစ်နာရီထိုးတော့မယ်…"

"ကျွန်မတို့ ထမင်းတောင်မစားရသေးဘူး…"

"ထမင်းချိုင့်တွေယူခဲ့…ဟိုကျမှစားရအောင်"

အောင့်ကားက မာဇဒါဂျစ်ခေါ်သည်ဆို၏။ အောင့်ဖခင် မန္တလေးဘက်ကို လာတိုင်း သည်ကားက ပါလာနေကျဆိုတော့ အောင်က ကားကို မောင်းလာတတ်တာ ကျွန်မတို့ သိသည်။ အောင်က ကားမောင်းသည်။ ကိုတိုးကြီးနှင့် ပန်းသတင်းအဆောင်က ထွန်းကျော်၊ မျိုးတင်လတ်တို့ပါ ပါလာသည်။ ကိုတိုးကြီးတို့နှင့် ဆက်နွယ်ပြီး ကျွန်မတို့မှာ သူငယ်ချင်းသစ်တွေ တိုးခဲ့တာကြာပြီ။ ကားရှေ့ခန်းမှာ အောင်နှင့်ကိုတိုးကြီး၊ မျိုးတင်လတ်တို့သုံးယောက် ထိုင်တော့ ထွန်းကျော်က

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ မိန်းကလေးငါးယောက်နှင့် ကားနောက်ခန်းမှာ လာစီးသည်။ စီးသည် ဆိုသော်လည်း ကားနောက်ကာပေါ်မှာ ထိုင်လိုက်ရခြင်းဖြစ်၏။

ကျွန်မတို့မှာ ကမန်းကတန်း ထလိုက်ရတာဆိုတော့ ကားပေါ်ရောက်မှ ခေါင်းဖြီးသူကဖြီးကြ၊ မိတ်ကပ်ရိုက်သူကရိုက်ကြရသည်။ ကျွန်မကတော့ ကျစ်ဆံမြီး ရှည်တစ်ချောင်း ထိုးကျစ်လိုက်ရုံသာ။ ကိုတိုးကြီးက နောက်သည်။

"နင်တို့ ဖွေးလှချည်လားဟ…ရေမချိုးဘဲ ပေါင်ဒါတွေလိမ်းလာကြတာ မို့လား"

"အဲဒီဆောင်မှာ ရေပြတ်လို့ မချိုးရတာ ဆယ်ရက်ကျော်ပေါ့"

ထွေးထွေးသိန်းက ပြန်တွယ်သည်။ အောင်ကတော့ ကားကို ကျင်လည်စွာ မောင်းရင်း သီချင်းညည်းနေသည်။ တစ်လောက အောင် ကလောကို ခဏပြန်ရသေးတာကို နွယ်နွယ်တင်ကမေးတော့ အောင်က မပွင့်တပွင့်ဖြေသည်။ ကလောမှာ သူ့ဦးရီးတော် စဝ်ကြာဖူး နေသိပ်မကောင်းသဖြင့် ပြန်တာပါဟု ပြောရုံကလွဲ၍ တခြားစကားတွေမပါတော့ သည့်ထက်ပိုမေးလို့ မကောင်းနိုင်ပါ။ ကားက အမရပူရ ရောက်မှ တောင်သမန်ကို ချိုးကွေ့လိုက်သည်။

တောင်သမန်…။

စိမ်းစိုလန်းဆန်းနေသော တောင်သမန်ကို ကားပေါ်မှ လှမ်းမြင်လိုက်ရသည်။ တောင်သမန်ကို ကျွန်မ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်ပါ၏။ အောင်က ကားကို မယ်ဇယ်ပင်တန်းဆီ တန်းမောင်းလာခဲ့ပါသည်။ မယ်ဇယ်ရိပ်မှာပဲ ကားကို ရပ်လိုက်သည်။ ကားပေါ်မှ အားလုံးဆင်းကြသည်။ တမျှော်တခေါ်ကြီး တန်းဆက်နေသော မယ်ဇယ်ပင်အုပ်အုပ်ကြီးတွေကို မြင်ရတော့ ကျွန်မ အံ့သြမိရပါ၏။ ကျွန်မတို့တစ်တွေ မယ်ဇယ်ရိပ်က ဆိုင်ကလေးတစ်ဆိုင်မှာ ခဏနားကြရင်း ထမင်းချိုင့်တွေဖွင့်ကာ စားကြသည်။ ပြီးလျှင် ဦးပိန်တံတားကို လျှောက်ကြမည်။ တစ်ဖက်ကမ်း ကျောက်တော်ကြီးဘုရားအထိကူးကာ ဘုရားဖူးကြမည်။ အပြန်ကျမှ အကြော် ပူပူနှင့် လက်ဖက်သုပ်စားကြမည်။ ကိုတိုးကြီးတို့တစ်တွေကတော့ တောင်သမန်ကို ရောက်ဖူးကြသည်ဆို၏။

"တောင်သမန်နဲ့ အင်းရေမှာ ပျော်ရွှင်ကြည်…ရေဖွေးဖွေးနဲ့ လှေကလေးတွေလှော်လို့ ငါးတွေဖမ်းကြသည်…"

အသံမရှရှာသော စိုးစိုးမော်က သီချင်းကောက်ဆိုလိုက်တော့ ထွေးထွေးသိန်းက စိုးစိုးမော်ကို စ,နေကျ 'အုံ့မှိုင်းရီ… အုံ့မှိုင်းရီ…' လို့ နောက်ကနေ



ပြောင်သည်။ ကျွန်မကတော့ စာတွေပေတွေထဲက အမရပူရကို ဖတ်ဖူးသော်လည်း သည်အင်းကျယ်ကြီးနှင့်တံတားကို အခုမှပင်ရောက်ဖူးခဲ့ရသည်။ မယ်ဇယ်ပင်တန်းနှင့် ငှက်လှေကလေးတွေ။ တိမ်တွေက ရေထဲမှာ အရိပ်ကျနေကြ၏။ တစ်ဖက်ကမ်းက ရွာတန်းစိမ်းစိမ်းက တောင်သမန်ရွာလား။ ဘဲအုပ်တွေမွေးထားကြသည့် ကျွန်းစပ်က ဘဲခြံတွေလည်း တွေ့နေရပါ၏။

ကျယ်ပြန့်လှသော အင်းပြင်ကျယ်ကြီးကိုကြည့်ရင်း ကျွန်မ အံ့သြနေမိပါသည်။ တောင်သမန်ဆိုသည့်အင်းကြီးကို စာထဲမှာသာ ကျွန်မ ဖတ်ဖူးသည်။ သည်လောက်ကြီးမားလိမ့်မည်မထင်။ သည်အင်းပြင်ကျယ်ကြီးကို ဖြတ်ထိုးထားသော သစ်သားတံတားရှည်ကြီးကလည်း ရှည်လျားလွန်းလှသည်။ ပုဂံမင်းလက်ထက်မှာ ဆောက်လုပ်သည်ဆိုတာလောက်တော့ ကျွန်မ မှတ်မိနေသည်။ သမိုင်းထဲက အထင်ကရအခန်းတစ်ခန်းမှ ပါဝင်နေသည့် တံတားဟောင်းကြီးပေါ် ဖြတ်ရမှာဆိုတော့ ကျွန်မ ရင်ခုန်ရပါ၏။

အောင်တို့တစ်တွေက တံတားထိပ်မှာ ရပ်နေကြရင်း ကျွန်မတို့ကို စောင့်နေကြသည်။ ဓာတ်ပုံရိုက်ကြရအောင်ဟော့လို့ အော်လိုက်တော့မှ ကျွန်မတို့လည်း အပြေးအလွှားသွားကြရသည်။ တောင်သမန်ဓာတ်ပုံဆရာက ကျွန်မတို့ မိန်းကလေးငါးယောက်ကို ထိုင်စေ၍ ယောကျ်ားကလေးများကို မတ်တတ်ရပ်လျက် တစ်ပုံ၊ အားလုံးအဝိုင်းလိုက်ကြီး မတ်တတ်ရပ်လျက်တစ်ပုံ။ အောင့်သားမှာ ကျွန်မ…။ ဓာတ်ပုံဆရာက သေချာအောင် လေး, ငါးပုံရိုက်ပေးသည်။

"သည်ဓာတ်ပုံက နောင်အနှစ် နှစ်ဆယ် သုံးဆယ်ဆိုရင် သမိုင်းဓာတ်ပုံ ဖြစ်သွားပြီ…အခု တို့သူငယ်ချင်းတွေအားလုံး ပြောမနာဆိုမနာ သူငယ်ချင်းတွေ ဆိုပေမယ့် နောင်အနှစ်နှစ်ဆယ်မှာ တို့အားလုံး ဘယ်နေရာ ရောက်လို့ ဘယ်လိုဘဝနဲ့ နေကြရမယ် မပြောနိုင်ဘူး…ဆိုပါတော့ ငါက လေယာဉ်မယ် ဖြစ်ချင်ဖြစ်မယ်ဟာ…စိုးစိုးမော်က ကျောင်းအုပ်ဆရာမကြီး ဖြစ်ချင်ဖြစ်မယ်ဟာ…"

ထွေးထွေးသိန်းက ဘာစိတ်ကူးရသည်မသိ…။ သည်တစ်ခါတော့ ထွေးထွေးသိန်း ပြောလိုက်သည့်စကားက ဘဝဆန်နေပါလား။ ဟုတ်သားပဲ။ နောင်အနှစ် နှစ်ဆယ်မှာ ကျွန်မတို့ ဘယ်ဘဝ ဘယ်အခြေအနေမှာ ရှိနေကြမှာလဲ။ ဘဝတွေကို ကြိုမသိချင်။ ဘဝကို ကြိုသိနေလျှင် ပေါ့ပျက်ပျက်ဖြစ်နေလိမ့်မည်။ ဖြစ်ချင်ရာဖြစ်၊ ဖြစ်ရာဘဝမှာ ကောင်းကျိုးကိုယ်၌တည်စေမင်း…ဖြစ်ဖို့ပဲလိုသည်ဟု ကျွန်မ ထင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဖတ်ခဲ့ဖူးသော စာတစ်အုပ်ထဲက အဖြစ်အပျက်ကလေးတစ်ခုကို ကျွန်မ စွဲလမ်းနေခဲ့မိတာကလေးရှိသည်။ တစ်ခါက သူတော်စင် မာသာထရီဆာ၏ ရုံးခန်းကို သီလရှင်လေးတစ်ပါး ရောက်လာခဲ့ဖူးသည်။ သီလရှင်ကလေးက မာသာထရီဆာအား ကျွန်မကို တရားပြပါအရှင်ဟု တောင်းပန်သည်။ မာသာထရီဆာက သူမ၏ ဆင်းရဲသားဂေဟာတွေကို ခေါ်သွားကာ ဆင်းရဲဒုက္ခတွေ၊ မပြည့်စုံမှုတွေ၊ ဆုံးရှုံးမှုတွေကို လိုက်ပြသည်။ ထိုအခါ သီလရှင်လေးက ကျွန်မကို တရားထူး တရားမြတ်ပြမယ်ဆိုတာ ဘယ်တော့ပြမှာလဲလို့ မေးသည်။ မာသာထရီဆာက "ညည်းကို တရားထူးတရားမြတ်ပြပြီးပြီပဲ…လူ့ဘဝရဲ့ နေ့စဉ်ကြုံရတဲ့ဒုက္ခကို ချစ်ခြင်းမေတ္တာ၊ စိတ်ရှည်သည်းခံမှု၊ စာနာညှာတာမှုနဲ့ ရင်ဆိုင်ဝံ့တာ မြင့်မြတ်တဲ့ တရားပေါ့" လို့ ဖြေခဲ့သည်။ ကျွန်မ မာသာထရီဆာလို ဖြစ်ချင်သည်။ အဲသလို တရားနှင့် နေချင်သည်။ အဲသလိုဒုက္ခကို ချစ်ခြင်းမေတ္တာနှင့် ရင်ဆိုင်ဝံ့ချင်သည်။ သည့်ထက် ထူးမြတ်သည့်ဘဝမျိုးလည်း မရှိနိုင်ဟု ယုံကြည်သည်။

"နောက်အနှစ် နှစ်ဆယ်ဆိုရင် အောင်ကတော့ ဘုန်းကြီးတစ်ပါး ဖြစ်နေမယ်ထင်တယ်…အဲသည်အခါကျမှ အားလုံး လာကန်တော့လှည့်ကြ"

အောင်က ဘာစိတ်ကူးရသည်မသိ။ ကိုတိုးကြီးကတော့ နောင်အနှစ်နှစ်ဆယ်မှာ ငါကတော့ ကလေးတစ်ဒါဇင် ရနေမယ်ထင်တယ်ဆိုလို့ ကျွန်မတို့ ဝိုင်းထုကြသည်။

နောင် အနှစ် နှစ်ဆယ်မှာ…။

ထိုနေ့က နောင်အနှစ် နှစ်ဆယ်မှာလို့ ပြောခဲ့ကြသောစကားတွေက လေထဲမှာ ပျံ့လွင့်ခဲ့ကြသော်လည်း တကယ့်ဘဝတွေကတော့ လေထဲမှာ ပျောက်ပျက်သွားကြမှာမဟုတ်။ လူတစ်ကိုယ်ဘဝတစ်ခုအားဖြင့် အသီးသီးရပ်တည်နေကြရဦးမည်။ ကျွန်မကကော ဘာဖြစ်လာမှာလဲ။ နွယ်နွယ်တင်က ကျွန်မကို မေးခွန်းတစ်ခုမေးသည်။

"သီရိမေ…နောင်အနှစ် နှစ်ဆယ်မှာ နင်ဘာဖြစ်ချင်သလဲ"

"ကျက်သရေရှိတဲ့ မိန်းမသားဖြစ်ချင်တယ်ဟယ်"

ကျွန်မကို အားလုံးက ကြောင်ကြည့်နေခဲ့ကြသည်။ ကျွန်မ ပြောလိုက်တာ အဓိပ္ပာယ်ရှိ မရှိတော့ မသိပါ။ ကျွန်မကတော့ ကျွန်မခေါင်းထဲရှိတာ ပြောလိုက်ခြင်းဖြစ်သည်။

ကျွန်မတို့အဖွဲ့ တံတားကြီးအတိုင်း လျှောက်လာကြတာ တံတားအလယ် လောက်ရောက်လာကြပြီ။ အောင်တို့တစ်တွေက ရှေ့တော်တော်ရောက်နေ



ကြပြီ။ ကျွန်မနှင့်ခင်ခင်က နောက်ဆုံးမှာ။ နွယ်နွယ်တင်နှင့်စိုးစိုးမော်တို့ကတော့ ခြေလှမ်းသွက်ကြသည်။ နွယ်နွယ်တင်တို့ကို အမီလိုက်ဖို့ပြင်နေသော ကျွန်မလက်ကို ခင်ခင်က လှမ်းဆွဲထားသည်။ သူ့မှာ ပြောစရာရှိနေလို့ ကျွန်မကို ဖြည်းဖြည်း လျှောက်ရအောင် ဆိုတော့ ကျွန်မ ခြေလှမ်းကို နှေးပစ်လိုက်သည်။ ခင်ခင်က ခံစားမှုတစ်ခုရှိနေလျှင် ကျွန်မကို ရင်ဖွင့်တတ်သူမဟုတ်လား။ ခင်ခင့်ခမျာ…။

"သီရိမေ…ငါ့မှာ ပြဿနာတစ်ခုဖြစ်နေတယ်ဟာ… ထွေးသိန်းတို့ကို လည်း မပြောချင်ဘူး…နင်နဲ့ပဲ ငါတိုင်ပင်ချင်တယ်"

"ပြောပါ ခင်ခင်ရယ်…ငါ ဘယ်သူ့မှ မပြောပါဘူး"

"နင့်ကို ယုံပါတယ်ဟယ်…သည်လိုဟ…"

သည်လိုဟ ဆိုသော်လည်း ခင်ခင်မှာ စကားသံထွက်မလာဘဲ မျက်ရည်တွေသာလျှံကျလာခဲ့သည်။ ကျွန်မတို့သူငယ်ချင်းတွေမှာလည်း တစ်ဆောင်တည်း အတူနေ၊ ထမင်းအတူစား၊ ကျောင်းအတူတက် တပူးတွဲတွဲဆိုတော့ တော်ရုံတန်ရုံ ကိုယ်ရေးကိုယ်တာ ပြောဖို့ခက်ရတာတွေရှိသည်။ အခုလည်း ခင်ခင်က သူ့ကိုယ်ရေးကိုယ်တာကို ပြောချင်ပုံရသည်။ မျက်ရည်တွေကျနေတာကို ကျွန်မ စောင့်နေခဲ့သည်။ တော်တော်ကြာမှ စကားသံထွက်လာခဲ့သည်။

"သီရိမေ…ငါကျောင်းတက်ရတဲ့အခက်အခဲကို နင်သိတယ်နော်…ဒါကို ငါ အထူးမပြောတော့ပါဘူးဟာ…ဘာပဲဖြစ်ဖြစ် ငါ နောက်နှစ်တက္ကသိုလ်ကို စာပေးစာယူ ပြောင်းတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ"

"ခင်ခင်ကလည်းဟယ် နှစ်နှစ်တောင် တက်ပြီးမှပဲ…စာပေးစာယူ ပြောင်းရင် နင် တစ်နှစ်နောက်ကျသွားမှာပေါ့…ပြီးတော့ ဘာထူးလဲဟယ်…စာပေးစာယူလည်း ပိုက်ဆံကုန်တာပဲဟာ"

"အဲသည်ပိုက်ဆံကို ငါ့လုပ်အားနဲ့ပဲ ရှာချင်တယ် သီရိမေရယ်… နွယ်နွယ်တင့်ကို အားနာလှပြီ…ထားပါတော့…ငါ့မှာ တခြားအကြောင်းလည်း ရှိသေးတယ်ဟဲ့…"

ခင်ခင့်ကို ကျွန်မ နားမလည်သလို လှမ်းကြည့်လိုက်မိပါသည်။ ခင်ခင့်မာနကို ကျွန်မ သိပါ၏။ အစကတည်းက သူများအထောက်အပံ့ခံဘဝကို သူ မလိုချင်၊ မိဘ ညီအစ်ကိုမောင်နှမများ၏ ဆန္ဒအရသာ သူ တက္ကသိုလ်လာတက်ရခြင်းဖြစ်သည်။ သို့သော် ခင်ခင်က ပျော်ပျော်နေတတ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"သိရိမေ ငါ့မှာ ချစ်သူရှိတာယ်ဟ…ဆယ်တန်းကတည်းက ချစ်သူပါ… သူက ကျောင်းသားတော့မဟုတ်ပါဘူး…မြင်းခြံဈေးထဲကလေ…နင် သိမလားတော့မသိဘူး…ရွှေခြံသားပွဲရုံက ဦးလေးသိန်းရဲ့တူ ကိုမြတ်လေ"

ခင်ခင် သည်လိုပြောလာတော့ ကျွန်မ သိပ်တော့မအံ့ဩလှပါ။ မိန်းမပျို တစ်ယောက်အတွက် သည်ကိစ္စတွေ ရှိနိုင်တာပဲမဟုတ်လား။

"ဘာလဲ ခင်ခင်…နင်က ယောကျ်ားယူတော့မှာမို့လို့ ကျောင်းဆက်မတက်ချင်တဲ့သဘောလား"

"မဟုတ်ပါဘူးဟယ်…ငါ့ကျောင်းကိစ္စနဲ့ ကိုမြတ် လုံးဝမဆိုင်ပါဘူး၊ သူက ငါ အခုလို မန္တလေးမှာ တက္ကသိုလ်သွားတက်နေတာကို ဂုဏ်ယူနေတဲ့သူပါ…စာမေးစာယူပြောင်းမယ်ဆိုတာ ငါ့ဆုံးဖြတ်ချက်သက်သက်ရယ်ပါ…သည်လိုဟယ် သိရိမေရယ်…"

ခင်ခင်က သူတစ်နေ့ ကိုမြတ်နှင့် အိမ်ထောင်ပြုကြမည့်အကြောင်း၊ အိမ်ထောင်မပြုခင်မှာ သူ့မိဘကို သူ့ဈေးနှဲ စာဖြင့် လုပ်ကျွေးသမှုပြုချင်ကြောင်း၊ အိမ်ထောင်ကျပြီးခါမှ လင့်လုပ်စာကို မျှော်ကိုးပြီး မိဘကို ထောက်ပံ့ရတာမျိုး မဖြစ်ချင်ကြောင်း…။ ပြီးတော့ ကိုမြတ်နှင့်သူ အိမ်ထောင်တစ်ခုပြုဖို့ ဆုံးဖြတ်တာ မှန်မမှန် ဆိုတာကို ကျွန်မက စဉ်းစားပေဖန် အကြံဉာဏ်ပြုစေချင်ကြောင်း။

"တခြားသူတွေနဲ့စာရင် နင်က စာတွေပေတွေဖတ်တော့ ငါ့ကို အားမနာ တမ်းသာ ပြောပါဟယ်…"

ကျွန်မမှာ ကိုယ်တိုင်ချစ်သူရည်းစား မရှိဖူးပါဘဲ သူတစ်ပါးကိစ္စကို ပြောရမှာဆိုတော့ ရယ်ချင်စရာတော့ အကောင်းသား။

"အိမ်ထောင်ပြုဖို့ဆိုတာကတော့ နင်မငယ်တော့ဘူးဆိုပေမယ့်…မကြီးသေးဘူးခင်ခင်…အရွယ်ရောက်လာရင် ချစ်ခွင့်ရှိပါတယ်…ချစ်ခြင်းရဲ့ အဆုံးဟာ အိမ်ထောင်ပြုတာပဲလို့တော့ မဖြစ်စေချင်ဘူး…ငါ့သဘော ပြောတာပါ…"

"အေးပါ…ပြောပါ"

"ငါ့မှာ ရည်းစားရယ်လို့တော့ မရှိသေးပါဘူး…ဒါပေမဲ့ ကိုယ်ချင်းစာ တတ်ပါတယ်ဟယ်…မိန်းမသားတစ်ယောက်က ယောကျ်ားတစ်ယောက်နဲ့ ချစ်မိရုံနဲ့ ဘဝကြင်ဖော်ရွေးရတာ မလွယ်ပါဘူး…အိမ်ထောင်ရေး



ဆိုတာ ဘဝနှစ်ခု ပေါင်းဖက်ဖို့ ပြင်ဆင်ထားရမှာတွေလည်း အများကြီးပဲ…နင် ဘာတွေပြင်ဆင်ထားပြီးပြီလဲ…နင့်ကိုမြတ်ကကော ဘာတွေ ပြင်ဆင်ထားသလဲ…ဒါတွေကအစ နင်စဉ်းစားရမှာပေါ့"

"မှန်တာပြောရရင် ဒါတွေ ငါမစဉ်းစားမိဘူးဟာ…ငါ့မှာ မိဘကို လုပ်ကျွေးချင်တာနဲ့ ကိုမြတ်ကို ချစ်တာပဲသိတယ်…နင်ပြောသလို ငါရော ကိုမြတ်ရော ပြင်ဆင်ထားတာ ဘာမှမရှိသေးဘူး…ငါဘာလုပ်ရရင် ကောင်းမလဲဟင်…သိရိမေ…"

ခင်ခင့်မျက်နှာကလေးကို ကျွန်မ ငေးနေမိပါသည်။ ခင်ခင်က ပျော်ပျော် ရွှင်ရွှင် ပေါ့ပေါ့ပါးပါးနေတတ်သူဆိုတော့ ခင်မင်စရာကောင်းသည်။ သူ့ဘဝ အခက်အခဲတွေကို သိုသိုသိပ်သိပ် သိမ်းဆည်းထားတတ်သည်။ မပြည့်စုံသော ဘဝကြားမှာ ခင်ခင် ဘယ်အချိန်ကများ ရည်းစားထားလိုက်တာပါလိမ့်။ ဘဝတစ်ခု တည်ဆောက်မည့်သူက ဘာမှ မစဉ်းစားရသေးဘူး ပြောနေပါလား။ ဒါကိုတော့ အံ့ဩခြင်းနှင့်အတူ ရင်မောမိရပါ၏။

"ခင်ခင်ရယ်…အိမ်ထောင်ရေးဆိုတာ ငါတို့ဉာဏ်ကလေးနဲ့ စိတ်ကူးယဉ်တာလောက်တော့ မလွယ်ဘူးထင်တာပဲဟာ…ငါ့သဘောပြောရရင်တော့ နင် ဘွဲ့တစ်ခုရအောင်တော့ယူပါ…နောက်နှစ် စာပေးစာယူပြောင်းမယ်ဆိုလည်း ပြောင်းပေါ့…အိမ်ထောင်တော့ မပြုစေချင်သေးဘူး…နင့်ကိုယ်နင် အခြေအနေတစ်ခုရောက်အောင် တည်ဆောက်ပါဦး…နင် အဓိကစဉ်းစားရမှာက နင့်မိဘအတွက်လည်း မဟုတ်သေးဘူး…နင့်ကိုမြတ်အတွက်လည်း မဟုတ်သေးဘူး…နင့်အတွက်ပဲ…နင့်အတွက်နင် အရင်စဉ်းစားပါဦးဟယ်"

ကျွန်မနှင့်ခင်ခင် အင်းလယ်က ဇရပ်ဆောင်ကိုရောက်တော့ အားလုံးက စောင့်နေကြပါသည်။ ခင်ခင်က ညှိုးငယ်နေသည့်မျက်နှာကို ပြင်လိုက်ရှာသည်။ ကျွန်မတို့ စကားတွေမဆုံးသေးသော်လည်း ကျွန်မ ပြောနိုင်သလောက်တော့ ပြောခဲ့ပြီ။ ခင်ခင့်မှာ ချစ်သူရှိနေပြီဆိုတော့ ကျွန်တဲ့သူငယ်ချင်းတွေမှာကော အချစ်နှင့် ပတ်သက်၍ ဘာတွေဖြစ်နေကြသလဲ။ ကျွန်မကကော…။ ကျွန်မမှာ ရည်းစားမရှိသေးတာဘဲရှိသည်။ အချစ်ဆိုသည့်အရာကတော့ တစ်ထောင့်တစ်နေရာက စို့ထွက်ဖို့ ပြင်ဆင်အားယူနေမှာ သေချာပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

တောင်သမန်အင်းလယ်က ပတ်ဝန်းကျင်ကို ကျွန်မ ငေးနေမိပါသည်။ ကောင်းကင်ပြာပြာမှာ တိမ်ဖွေးဖွေးတွေ အဆုပ်လိုက်အခဲလိုက် ရှိနေကြ၏။ မြောက်ဘက်ကမ်းပါးဆီမှာတော့ စေတီကလေးသုံးဆူရှိသည်။ အမရပူရမြို့ဟောင်း၏ မြင်သာသောအချက်မှာ ဘုရားကျောင်းကန် စေတီပုထိုး ပေါများခြင်းဟု ဆိုနိုင်ပါသည်။ တစ်ဖက်ကမ်းကိုရောက်တော့ ရွာကလေးတစ်ရွာကို ဖြတ်ရသည်။ ထန်းပက်လက်ကုလားထိုင်ကလေးတွေ ပုပ်ကိုင်နေကြသည့် မိသားစုတစ်စုကို မြင်ခဲ့ရသည်။ ကျွန်မတို့အားလုံး ကျောက်တော်ကြီးဘုရားကို ရောက်တော့ ဘုရားမဖူးနိုင်ကြသေးဘဲ ခြေပစ်လက်ပစ်နားကြသည်။ ကျွန်မတို့နားတုန်းမှာ အောင်က အမရပူရနှင့်ပတ်သက်လို့ ပြောပြသည်။

"အောင်တို့ မဟာဂီတတွေ ဆောင်းနဲ့တက်တော့ အမရပူရမြို့ကိုဖွဲ့တဲ့ သီချင်းတွေပါတယ်...ဦးရီးတော်ကဆိုရင် အမရပူရဟာ အင်မတန်လှတယ်လို့ ခဏခဏပြောတတ်တယ်...မြဝတီမင်းကြီးက *'ဂူတိုင်းငယ်စီ၊ မြရွှေသို့တောင်သမန်နှင့် မြောင်ပတ်ရံဆီး၊ မီးစုံပွင့်ရေ၊ ဗျာသိုက်ကယ် ရန်အောင်ဖြွမယ့်၊ ပန်းဆေါင်ဖွေညာ မြေမော့မှာ ဘိုးတော်ပြည်ကြီး'* လို့ ရေးခဲ့တယ်... *'အင်းအိုင်ဝိုက်လည် ဘိုးတော်တည်'* ဆိုတော့ ထောင့်တစ်ရာလေးဆယ့်လေးခုနှစ်က တည်တာ..."

အောင်က သည်လိုစကားစလိုက်တော့ သမိုင်းနှင့်ဝေးသော ကျွန်မ သူငယ်ချင်းတွေကပါ အနားရောက်လာကြသည်။ အောင်က မယ်ဇယ်ပင်တွေကို စိုက်ပျိုးခဲ့သူ ရေချမ်းဒကာ ဦးကြီး–ဒေါ်အိုတို့အကြောင်း၊ တောင်သမန်အင်းနှင့် မယ်ဇယ်ပင်တန်းကြောင့် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားကြပုံအကြောင်း၊ ရှေးခေတ်ကရောက်လာခဲ့ကြသော နိုင်ငံခြားသားများက အမရပူရ၏ လှပမှုကို မှတ်တမ်းတင်ခဲ့ကြပုံအကြောင်းတွေ ပြောပြသည်။



ကျောက်တော်ကြီးဘုရားကိုဖူးပြီး အပြန်လမ်းမှာတော့ ကျွန်မတို့ ခြေလှမ်းတွေ သိပ်မသွက်ကြတော့။ တံတားကြီးပေါ်မှာ ဖြည်းဖြည်းနှေးနှေး လျှောက်ရသည့် အရသာက အကောင်းသား...။ လမ်းလျှောက်လာကြရင်း အောင်က စကားစသည်။

"ဦးပိန်ဆိုတာက ပုဂံမင်းလက်ထက် မြို့စာရေးပေါ့...၊ မန္တလေးမြို့မတည်ခင် ဆယ်နှစ်လောက်က သည်တံတားကြီးကိုတည်ခဲ့တာပေါ့... *'အင်းက အော်အာ ဆောက်လုပ်ခါ'* ဆိုတော့ ၁၂၁၁ မှာဆောက်တယ်... *'အင်းကအော်ညီး ဆောက်လုပ်ပြီး'* ဆိုတော့ ၁၂၁၃ မှာပြီးစီးတယ်... *'နဝ၊ ဘဍ္ဍ၊ ဇယ၊ မောင်ပိန်'* ဆိုတော့ တိုင်လုံးရေ ၉၈၄ တိုင် ရှိတယ်..."

"နေပါဦး အောင်ရ...ဦးပိန်ဆိုတဲ့မြို့စာရေးကို သည်တံတားကြီးနဲ့တွဲပြီး လူသိများတာတော့ဟုတ်ပါပြီ...အနောက်နန်းမတော် မမြကလေးကျတော့ ဂီတနဲ့ စာပေလေ့လာလိုက်စားတဲ့သူတွေလောက်ပဲ သိကြသလို ဖြစ်နေတယ်နော်..."

ကိုတိုးကြီးကပြောတော့ အောင်က မဆီမဆိုင်ဝင်လာသည့်အကြောင်းအရာကို နားမလည်နိုင်သလို ဖြစ်သွားပုံရသည်။ စကားဝိုင်းဆိုတော့ စိတ်ထဲရှိတာပြောကြတာမဟုတ်လား။

"ဦးပိန်ကို လူသိများတယ်ဆိုတာထက် ဦးပိန်ဆောက်ခဲ့တဲ့တံတားကိုပါ ကိုတိုးကြီးရာ...ကဲ ကိုတိုးကြီးလည်း စာတွေဖတ်တာပဲ ဦးပိန်အကြောင်း ဘာပြောသံ ကြားဖူးလို့လဲ နန်းမတော်မမြကလေးအကြောင်းကျတော့ ဂီတနဲ့ပတ်သက်တဲ့ သူတွေက တော်တော်လေးစားကြတယ်"

"မမြကလေးရဲ့ ပတ်ပျိုးတွေထဲမှာ ချစ်သမျှကို ပတ်ပျိုးက လူသိများတယ်နော်...အောင်"

ကျွန်မကပြောတော့ အောင်က ကျွန်မကို လှမ်းကြည့်သည်။

"အောင်သိသလောက်တော့ သည်ပတ်ပျိုးကို မမြလေး မရေးဘူးလို့ ပြောကြတာလည်းရှိတယ် မေရဲ့...။ ရေးခဲ့တဲ့အထဲမှာ ဂန္ဓမာတောင်ပတ်ပျိုးတို့ ရှုံ့ရွက်ကြာပတ်ပျိုးတို့လည်း ဂီတနယ်က ကြိုက်ကြတယ်... အောင့်မေမေဆို အဲသည်ပတ်ပျိုးတွေ ဆိုလေ့ရှိတယ်..."

အောင့်မေမေက ပတ်ပျိုးသီချင်းတွေဆိုလေ့ရှိတယ်။ အောင်က မိခင်အမွေကို ခံယူခဲ့ခြင်းလေလား။ သူ့မေမေက သီချင်းတွေ တက်ပေးနေတာလား။

www.burmeseclassic.com

www.burmeseclassic.com



"မမြလေးရေးတဲ့ တေးထပ်ကွာ…ဘာတဲ့ အောင်…တို့မြန်မာစာမှာ သင်ရပါတယ်…နေပါဦး မယ်သီလရှင် ဝတ်မယ်ဆိုတာလေ"

ကိုတိုးကြီးကပြောတော့ အောင်က မျက်နှာကြီးကို မဲ့လိုက်သည်။ ကိုတိုးကြီးကလည်း ကိုယ်သင်ရသည့်စာတောင် ဟုတ်တိပတ်တိ မရလေခြင်း ဆိုသည့်သဘော။ တကယ့်ကိုတိုးကြီး။

"မမြကလေးက မိဖုရားတစ်ပါးဆိုပေမယ့် ပြည်မင်းနဲ့ ကြဲရာပါရယ်လို့ မနှာလိုတဲ့သူတွေက ကုန်းချောတော့ ရွှေဘိုမင်းက အမျက်တော်ရှတယ်… မမြကလေးက စာဆို ဆိုတော့ လူ့လောကကြီးဟာ အချစ်တွေ အမုန်းတွေကြားမှာ ငြိုးငွေ့ဖို့ကောင်းလှတယ်ရယ်လို့ ရေးခဲ့တာ… နေဦး ရွတ်ပြဦးမယ်…"

ကျွန်မတို့တစ်တွေ လျှောက်ခဲ့ကြတာ တံတားအလယ်ကိုရောက်ခဲ့ကြပြီ။ အောင် ကဗျာရွတ်မယ်ဆိုတော့ ကျွန်မတို့တစ်တွေ တံတားပေါ်မှာ ထိုင်လိုက်ကြသည်။ တောင်သမန်လှိုင်းခွပ်သံကလေးတွေက အောင့်ကဗျာကို ဂီတတစ်ပုဒ်အဖြစ် အသက်သွင်းပေးနေကြသလို ရှိနေကြလေ၏။ လေတဖြူးဖြူး ညနေခင်းမှာ အောင့် အသံကလည်း လှိုင်းကြက်ခွပ်သံလိုပင်…။

*"သည်ခင်ခင်ပွှသရွေ့ကိုလ…လူ့အတွေ့ ကြောက်တယ်… ငှအကွေ့ ချောက်အဆွယ်မှာ…တစ်ယောက်ကွယ်ရှောင်ပုန်း…သည်ခေတ်တွင် မယ်ကြည်အောင်၊ ဆယ်ပြည်ထောင်ချော့တော့ မပြုံး၊ မင်ခိုင်ကြော့ ကော့ကေ၊ ရှေ့ပစေမထုံး၊ ကတော့မပေတ်သုံးနှင့်၊ အမြတ်ဆုံးရည်ရွယ်၊ လံတစ်ရာငွေချည်ပေါက်၊ သေမည်လောက် ကြောက်တဲ့ခါဝယ်၊ ရွှေရည် သောက် လျှော်တေသည်ကို ဖျော်ဖြေမည် ဆင်မွေ့လို့၊ ရင်လေ့လေ့ဖော တပသီ၊ ဆော၍တည်တည်၊ တောအကွေ့သေလာကိမှာ၊ မေဇာဝီလုပ်မယ် မျှာ့လေး"*

အောင့်အသံက ငြိမ်လှသည်။ အောင် ရွတ်ဆိုသံဆုံးသွားတော့ ကျွန်မတို့ အားလုံး လက်ခုပ်ဝိုင်းတီးလိုက်ကြပါသည်။ ကျွန်မတို့အထဲတွင် အေးအေးအနေ တတ်ဆုံး စိုးစိုးမော်ကပင် အောင့်ကို နောက်တစ်ပုဒ်ရွတ်ပြဖို့ တောင်းဆိုလာ တော့၏။

"လှိုင်ထိပ်ခေါင်တင်က အဲသည့် နန်းမတော်မမြကလေးရဲ့သမီးအရင်း နော်…အောင်"



"ဟုတ်တယ်လေ မေရဲ့…ရွှေဘိုမင်းနဲ့ အနောက်နန်းမတော် မမြကလေး ရဲ့သမီးပေါ့…မယ်တော်မမြကလေး ရာဇဝတ်သားသင့်ပြီး ဆုံးပါးရှာ တော့ လှိုင်ထိပ်ခေါင်တင်မင်းသမီးလေးက ဆယ့်တစ်နှစ်ရှိသေးသတဲ့"

ကျွန်မတို့အဖွဲ့တွေ ရည်ရွယ်မထားပါဘဲ ဦးပိန်တံတားပေါ်မှာ ကဗျာတွေ အကြောင်း ထိုင်ပြောဖြစ်ခဲ့ကြသည်။ ကျွန်မအဖို့တော့ တန်ဖိုးရှိလှပါ၏။

"လှိုင်ထိပ်ခေါင်တင်က အမျှော်စိုက်တေးတွေချည်း ရေးခဲ့တာလား အောင်…မေတော့ လှိုင်ထိပ်ခေါင်တင်ဆိုတာနဲ့ စိန်ခြူးကြာညောင်သီချင်း ကိုပဲ ပြေးသတိရမိတာ"

"အမျှော်စိုက်တေးချည်းရယ်လည်း မဟုတ်ပါဘူးမေရယ်…ဝိဇယကာရီ ဆိုတဲ့ နန်းတွင်းပြဇာတ် ဣန္နာဝံသနန်းတွင်းပြဇာတ်တွေလည်း ရေးခဲ့ ပါတယ်…အောင်တို့သင်ရတဲ့ တက္ကသိုလ်မြန်မာစာအဓိကပြဋ္ဌာန်းချက် တွေထဲမှာ ပါတယ်…ကဲ မေ တစ်ပုဒ်လောက် ရွတ်ပြပါဦး…"

"အို…မေမှ မရတာ"

ကျွန်မက လျှင်လျှင်မြန်မြန်ကြီးငြင်းလိုက်တော့ အောင်က အံ့သြဟန်ဖြင့် ကျွန်မကို မျက်ခန် မော့ကြည့်နေလိုက်သေးသည်။

"မေက ရှက်နေတာကိုး…မရှက်ရဘူးမေရဲ့…ဒါ အောင်တို့ရဲ့အမွေပဲ… ကိုယ်ရထားတဲ့အမွေကို ချောင်ထိုးထားတာမျိုး…ရှက်နေတာမျိုး မဖြစ်စေ ချင်ဘူး…မေမေက ဆိုပါဆိုရင် အောင်တို့ ဆိုကြရတယ်…"

"အောင့်မေမေ သီချင်းဆိုတာ ကြားဖူးချင်လိုက်တာ"

ကျွန်မက ရိုးရိုးပြောလိုက်တာပေမယ့် အောင့်မျက်နှာညှိုးသွားတာ ကျွန်မ တို့အားလုံး သတိထားလိုက်မိပါ၏။ ကျွန်မပြောတာ မှားသွားပြီလား။ အောင့်ဆီ က ဘာစကားသံမှ မကြားရတော့ ကျွန်မ လိပ်ပြာမလုံ ဖြစ်ရပါ၏။ ဘာများ စိတ်ထိခိုက်စရာပါလို့လဲ…။

"ငါကတော့ မမြကလေးတို့ လှိုင်ထိပ်ခေါင်တင်တို့ဆိုရင် မိန်းမတွေ ဘက်က ခံစားချက်ကို ဖွဲ့တာလို့ပဲ မြင်မိတယ်…ရှင်ဘုရင်နဲ့ညားလို့ မိဖုရားဖြစ်ရပေမယ့်…မိဖုရားတွေ မှီလိုပေါက်နေတဲ့ လင်တော်မောင်ကို မျှော်ရတဲ့အလုပ်ကလည်း မလွယ်ဘူးဟ…စာတစ်စောင် ပေတစ်ဖွဲ့ အလုပ်တစ်ခုအနေနဲ့ မျှော်ရတာ"

မျိုးတင်လတ်က ဝင်ပြောတော့ ကျွန်မရင်ထဲ စူးခနဲဖြစ်သွားမိပါ၏။ နဂိုဓာတ်ခံကလည်း သည်အမျှော်ဒိုက်ကဗျာများနှင့်ပတ်သက်ပြီး ကျွန်မမှာ ခံစားချက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ကျွန်မတို့ မိန်းမသားတွေက အားအားရှိ လင်မျှော်နေကြတာမျိုးပဲလို့ ပြောင်လှောင်ကြတာကို ကျွန်မ မခံချင်တာပဲဖြစ်သည်။

"မေကတော့ ဘယ်လောက်လှမ်းလှမ်း ဘယ်လောက်ချစ်ချစ် ကိုယ့်ကိုမှ ဖေးဖေးမမ အရေးတယူမရှိတဲ့ယောက်ျားမျိုးဖြင့် မမျှော်သေးဘူး"

ဘာရယ်မဟုတ်ဘဲ ကျွန်မနှုတ်က လွှတ်ခနဲထွက်သွားမိခြင်းပင်။ ကျွန်မက စလိုက်တော့ ထွေးထွေးသိန်းတို့ကလည်း တစ်အုံကြီး ပါလာပါတော့သည်။

"ဟုတ်ပ…ရှင်ဘုရင်မကလို့ ဘာကြီးဖြစ်နေဖြစ်နေ…ကိုယ့်မခင်ရင် ဂျင်းစိမ်းနဲ့မိတ်သလင်ပဲ…ဝမ်းဂိုး တူးကမ်း သရီးဗိတ် ဒါပဲ"

"ပျားအုံရယ် နှင့်ပုံနဲ့ ဘုရင်ကတော်လည်း မဖြစ်ပါဘူးဟာ၊ မသကာ မြင်းထိန်းမယားဆို တော်သေးတယ်"

ကိုတိုးကြီးက စ,တော့ ထွေးထွေးသိန်းက လိုက်ထုသည်။ ကိုတိုးကြီးက ထပြေးတော့ ထွေးထွေးသိန်းကလည်း တံတားပေါ်မှာ ဝုန်းဝုန်းမြည်အောင် ထလိုက်တော့သည်။

"ဟော့…နှစ်ယောက်သား ရေထဲကျမယ်နော်…ရေလည်း မကူးတတ်ဘဲနဲ့ အတ္တဘောကြီးတွေကို ဆယ်ဖို့မလွယ်ဘူး"

ထွန်းကျော်က ပါးစပ်ကို လက်ဝါးနှစ်ဖက်ဖြင့် အော်လံလိုလုပ်ပြီး အော်တော့ ကျွန်မတို့တစ်တွေ ဝိုင်းရယ်ကြသည်။ အောင်က မရယ်ပါ။

"ငါကတော့ သည်လိုတွေးတာဟ မေရ…ဪ သည်မိန်းမများတွေ တခြား အလုပ်လည်းမရှိဘူးထင်ပါရဲ့ပေါ့နော်…ရှင်ဘုရင် ကိုယ့်အဆောင်ကြွ လာဖို့လောက် ဗျာများနေကြတာလားပေါ့လေ…"

ခင်ခင်ကလည်း သူ့အမြင်နှင့်သူ။ နွယ်နွယ်တင်ကတော့ ရှင်းသည်။ သူ့ခံစားမှုနှင့်ယှဉ်ကာ ပြောလိုက်ခြင်းဖြစ်သည်။

"ဟဲ့…လင်ယူပြီး ကိုယ့်အနားမနေတော့ ဒေါသဖြစ်တာနေမှာပေါ့ဟဲ့…"

ကျွန်မတို့ ငြင်းခုံနေကြရာက မတ်တတ်ရပ်လိုက်ကြသည်။ ကိုတိုးကြီးနှင့် ထွေးထွေးသိန်းက တံတားစွန်းတောင် ရောက်သွားကြပြီ။ ထွေးထွေးသိန်းက ကိုတိုးကြီးပုဆိုးခါးစကို ဆွဲကာ ဆေါ်သွားခြင်းဖြစ်၏။

အောင့်ဆီက ဘာသံမှမကြားရ။ တစ်စုံတစ်ရာတွေးရင်း လျှောက်နေပုံမျိုး ဖြစ်သည်။ အင်းတစ်လျှောက် အလင်းရောင်တွေ ရုပ်သိမ်းစပြုပြီ။ လေကလည်းပို၍ အေးမြလာပါ၏။ လှိုင်းဂယက်သံကလေးတွေ ပိုမိုကျယ်လောင်လာခဲ့သည်။



ကျောက်တော်ကြီးဘုရားဖူးကအပြန် မယ်ဇယ်ပင်တန်းမှာ ဆီထမင်းနှင့် အကြော်စားကြသည်။ ကျွန်မကတော့ အင်းကြီးကို မြင်ရသည့်ဘက်ကို လှည့်ထိုင်သည်။ တောရိပ် တောင်ရိပ် ရေရိပ် သစ်ရိပ်ဖြင့် လှပသော သည်မြင်ကွင်းတွေကို ကျွန်မ ကြည့်မဝဖြစ်ရသည်။

ညနေငါးနာရီကျော်ကျော်မှာ အမရပူရက ကျွန်မတို့ ပြန်ခဲ့ကြသည်။ အမရပူရနှင့် တောင်သမန်အကြောင်းကို ကျွန်မဒိုင်ယာရီမှာ ပြည့်ပြည့်စုံစုံရေးရမည်။ အောင်က ကားမောင်းရင်း သီချင်းတအေးအေး။ ကိုတိုးကြီးက ရယ်စရာမောစရာတွေ ပြောလာသလောက် ခင်ခင်ကတော့ ငြိမ်သက်နေသည်။ ကားတစ်စီးတည်းပေါ်မှာပဲ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်း နှစ်မျိုးရောနေတာကို သတိထားလိုက်မိ၏။ ထွေးထွေးသိန်းက ဘာစိတ်ကူးရသည်မသိပါ။ မေးခွန်းတစ်ခွန်း ထမေးသည်။

"ငါစဉ်းစားနေတာဟ…မိန်းကလေးတစ်ယောက်က ယောက်ျားကလေး တစ်ယောက်ရဲ့အချစ်ကို ပါးစပ်ကလက်ခံလိုက်ရင် ရည်းစားလို့ပြောတယ် နော်…တကယ်လို့ စိတ်ထဲကလက်ခံတယ်ဆိုရင် ဘယ်လိုခေါ်မလဲလို့"

ထွေးထွေးသိန်း၏အမေးကို အားလုံးက ကြောင်သွားကြသည်။ ကိုတိုးကြီးကတော့ ဖြေ၏။

"ရီးတီးယားတားပေါ့ဟ…"

အားလုံးက ရယ်လိုက်ကြသော်လည်း ကျွန်မက မရယ်မောနိုင်ပါ။ ကျွန်မများ ရီးတီးယားတားဖြစ်နေပြီလား။ အဆောင်ရောက်တော့ ညနေ ခြောက်နာရီ ထိုးလုပြီ။ ညမှာတော့ ကျွန်မ ဒိုင်ယာရီ ရေးဖြစ်ခဲ့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၂၂)

ပထမနှစ်ဝက် ကျောင်းပိတ်ပြီး ဒုတိယနှစ်ဝက် ကျောင်းတွေပြန်ဖွင့်တော့ ကျွန်မတို့တစ်တွေ ခေါင်းမဖော်နိုင်အောင် စာကြိုးစားကြရပါပြီ။ သည်နှစ် အမှတ်ကောင်းကောင်းရပါမှ ကျွန်မတို့စိတ်ကူးဖြင့် ပုံဖော်ထားသော အမြင့်ဆုံးလိုင်းကို ရနိုင်ကြမှာမဟုတ်လား။

ကျွန်မနှင့်အောင်ကတော့ တောင်သမန်ကအပြန်ကတည်းက တစ်ယောက်နှင့်တစ်ယောက် ပိုမိုနီးကပ်သွားသလို ခံစားရသည်။ အောင်ကိုယ်တိုင်က ခါတိုင်းလို ကျွန်မကို ပြောဖို့ဆိုဖို့ တင်းတောင့်နေပုံမျိုးမဟုတ်တော့သလို ကျွန်မကလည်း အောင့်ကို ပိုမိုနားလည်ခွင့် ရနိုင်ခဲ့သည်။ သူတကာထက်ပိုသည့် ခင်မင်မှုမျိုးလို့ ဆိုရမလားပင်။

သို့သော် ခါတိုင်းလိုတော့ ကျွန်မတို့နှစ်ယောက် စာအကြောင်း မပြောဖြစ်ကြတော့ပါ။ ဒေသကောလိပ်ရှေ့မှ ‘မြတမာ’ အကြောင်းရယ်လို့ သိပ်မပြောဖြစ်ကြတော့ပါ။ ဒေသကောလိပ်ရှေ့မှ ‘မြတမာ’ စာအုပ်ဆိုင်ကလေးကိုရော၊ ခပ်လှမ်းလှမ်းက ‘ဒုတိယချစ်သူ’ စာအုပ်ဆိုင်ကိုပါ မရောက်ဖြစ်တာကြာပြီ။ ကျောင်းမှာ အတော်ရေပန်းစားနေသည့် ဆရာငြိမ်းကျော်၏ လုံးချင်းဝတ္ထုတွေဆိုလျှင် ကျောင်းသားတွေကြား လက်မလည်နိုင်အောင် လက်ဆင့်ကမ်းနေကြရသလို၊ ဆရာချစ်ဦးညို၏ သမိုင်းနောက်ခံဝတ္ထုကြီးများကိုလည်း အလုအယက်ရှိကြရသည်။ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေအဖို့ စာဖတ်ခြင်းသည်ပင် ယဉ်ကျေးမှုကြီးဖြစ်နေခဲ့သည်။ စာတွေဖတ်ကြ၊ စာအုပ်တွေအကြောင်းပြောကြ၊ ဝေဖန်ကြ၊ ငြင်းကြခုံကြ။ ရုပ်ရှင်ဆိုတာ ရုံကြီးတွေဆီ တကူးတက သွားကြည့်ပါမှ ရောက်နိုင်တာမျိုးမို့ လက်တစ်ကမ်းမှာ အသင့်ဖတ်နိုင်သော ဝတ္ထုကြီးတွေနှင့် ပိုမိုနီးစပ်ခဲ့ကြရသည်။



ကျွန်မကတော့ ပင်ကိုစရိုက်သဘာဝကပင် စာဖတ်အလေ့အကျင့်ရှိသူဆိုတော့ နာမည်ကြီးလုံးချင်းဝတ္ထုများကိုသာမက စာဟောင်းစာကောင်းများနှင့်လည်း မကင်းကွာခဲ့ပါ။ အနည်းဆုံး အိပ်ရာပေါ်မှာ စာတစ်အုပ်တော့ရှိပါမှ နေသာထိုင်သာရှိသည်။ သို့သော် သည်ရက်ပိုင်းတွေမှာတော့ အပြင်စာတွေကို မဖတ်ဖြစ်သလောက် ရှိနေရသည်။

အာစရိယပူဇော်ပွဲရက်လည်း နီးလာတော့ အနုပညာအသင်းအမှုဆောင်အောင်တို့တစ်တွေလည်း သီချင်းတိုက်ကြ၊ အခမ်းအနားစီစဉ်ရနှင့် အတော် အလုပ်များနေကြပုံရပါ၏။ အာစရိယပူဇော်ပွဲနှင့် နှုတ်ဆက်ပွဲဖိတ်ကြားလွှာကလေး ရသည့်နေ့က ကဗျာကလေးတစ်ပုဒ်ပင် ပါလာခဲ့သည်။ ဖိတ်စာကလေးကို ကျွန်မသိမ်းထားသည်။ ကဗျာကိုလည်း ဒိုင်ယာရီမှာ ရေးကူးထားဖြစ်ခဲ့ပါ၏။

*အနန္တသစ္စာ အနစ်နာနှင့်*
*ချွေးစက်မိုးဖြာ စိတ်စေတနာ*
*ဖြူစင်စွာနှင့်*
*ကျောသားရင်သား မခွဲခြားဘဲ*
*သင်ကြားပြသ*
*ဆရာ၊ ဆရာမ . . .။*
*ညှိနှစ်ချိန်ခါ*
*တစ်နှစ်တာတွင်*
*တိုတောင်းကုန်ဆုံး*
*တစ်ကျောင်းလုံးလျှင်*
*ကျူးလွန်အပြစ် ရင်မှာလှစ်၍*
*အကြောင်းနှင့်အကျိုး ဖြစ်သမျှအဆိုးကို*
*ခွင့်လွှတ်နိုးနှင့် လက်အုပ်မိုး၍*
*ရှိခိုးကန်တော့ကြရအောင် . . .။*

ဖိတ်ကြားလွှာအတွင်းက ကဗျာကလေးကို ကျွန်မ အသံထွက်ပြီး ရွတ်ဆိုကြည့်မိပါ၏။ ဒေသကောလိပ်နှစ်နှစ်လုံးလုံး ကျွန်မတို့ကို ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာ၊ ဆရာမများ။ ဆရာ၊ ဆရာမတွေကို မလေးစားတာမဟုတ်သော်လည်း စာသင်နှစ်တွေအတွင်း ကျွန်မတို့ဘက်က လွန်တာတွေရှိခဲ့ကြသည်သာ။ သည့်အတွက် ကြေရာကြေကြောင်း ကန်တော့ခြင်းဖြင့် တင်ရှိသမျှအပြစ်တွေ ပျောက်စေချင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်နှစ်ပြီးလျှင် သည်ဆရာ၊ ဆရာမများနှင့်ပါ ကျွန်မတို့ ခွဲခွာရ တော့မှာပါလား။ မိတ်ကြားလွှာကလေးကို လက်မှာကိုင်ထားရင်းက ပြတင်းတံခါးမှ မြင်နေရသော မိုးစက်မိုးမှုန်တွေကို ကျွန်မ ငေးကြည့်နေမိပါသည်။ ဘာလိုလိုနှင့် တက္ကသိုလ်ပညာကို နှစ်နှစ်ဆည်းပူးခဲ့ရပြီ။ နောက်နှစ်ဆိုလျှင် ပင်မတက္ကသိုလ်ကြီး၏ ရင်ခွင်ကို တစ်လှည့်ခိုနားကြရတော့မည်။ မန္တလေးတက္ကသိုလ် ပင်မဆိုသည့် အရှိန် ဩဇာကကြီးလွန်းလှပါ၏။ မန္တလေးတက္ကသိုလ်မှာ နောက်ထပ်နှစ်နှစ် ပညာသင် ရဦးမည်။ တက္ကသိုလ်ဘဝကို ဖြတ်သန်းရဦးမှာပါလား။ အမှတ်ကောင်းကောင်း ရလျှင်တော့ စက်မှုတက္ကသိုလ် ဒါမှမဟုတ် စီးပွားရေးတက္ကသိုလ်ကို သွားခွင့်ရမည်။ သည်တက္ကသိုလ်တွေက ရန်ကုန်မှာဆိုတော့ ရင်ခုန်ရပြန်ပါ၏။

လာမည့်နှစ်ဆိုလျှင် သည်နှစ်ဆယ်တန်းအောင်သော ကျွန်မမောင်လေး လည်း မန္တလေးကို ကျောင်းလာတက်ရတော့မည်။ ညီမလေးကတော့ သည်နှစ် ခုနစ်တန်းပဲ ရှိပါသေးသည်။ ကျွန်မစိတ်တွေက အိမ်ကိုရောက်သွားပြန်သည်။

ဖေဖေနှင့် မေမေ...။

နောက်နှစ်ဆိုလျှင် ကျွန်မတို့မောင်နှမနှစ်ယောက်အတွက် နှစ်ယောက်စာ ကျောင်းစရိတ်တွေ ကုန်ကြရဦးမှာဆိုတော့ ဝန်လေးကြီးတွေ ထမ်းကြရရှာဦးမည်။ သနပ်ခါးလုပ်ငန်းကတော့ ပုံမှန်လည်ပတ်နေလေသလား။ အဆင်မှပြေရဲ့လား။ ဘာလိုလိုနှင့် ဖေဖေလည်း ပင်စင်ယူတော့မည်။ အိမ်စီးပွားရေးအတွက် ဖေဖေနှင့် မေမေတို့ အိုကြီးအိုမဘဝနှင့် တရားဖက်နိုင်ကြဦးမည်မထင်။

"ယော့ သီရိမေ...တချည်းကျက်နေရတာ မငြီးငွေ့ဘူးလား... တို့ ရုပ်ရှင် လေးဘာလေး သွားကြည့်ရအောင်ပါ"

ထွေးထွေးသိန်းက အဖော်စပ်တော့ အားလုံးက တညီတညွတ်တည်း ထောက်ခံကြပါ၏။ သည်လိုလည်း စိတ်ပြေလက်ပျောက်ကလေး ရှိရဦးမည်။ သို့သော် သည်ကနေ့ ကျွန်မ ဘယ်ကိုမှ ထွက်ချင်စိတ်မရှိ။ ခေါင်းကိုက်နေလို့ပါ ဟာလို့ အကြောင်းပြကာ အဆောင်မှာပဲနေရစ်ခဲ့သည်။ ကျွန်မ မလိုက်ဖြစ်သော် လည်း သူတို့လေးယောက်ကတော့ မိုးထဲရေထဲ စက်ဘီးတွေ ကိုယ်စီဆွဲကာ ထွက်သွားကြတော့၏။ တိမ်ပုပ်မိုးဆိုတော့ သဲကြီးမဲကြီးတော့မဟုတ်။ ကောင်းကင် မှာတော့ မှိုင်းရီနေပါသည်။

မိုးကလေးစဲစပြုတော့ အဆောင်ရှေ့ကို အညောင်းပြေ ကျွန်မ ထွက်ရပ် နေလိုက်သည်။ သည်အချိန်မှာပဲ ကြေးမုံယဉ်က ကျွန်မအနားကို ရောက်လာခဲ့ခြင်း



ဖြစ်၏။ အကောင်းစားရေမွှေးနံ့တွေ ထုံထုံကြိုင်နေပါ၏။ လက်သည်းရှည်ကြီး တွေက ပတ္တမြားရောင်။

"သီရိမေ...နင့်ကို ငါမေးစရာရှိလို့"

ခါတိုင်း အုပ်စုတောင့်သော ကျွန်မတို့မြင်းခြံသူများနှင့် သိပ်ရောနှောလေ့ မရှိသော ကြေးမုံယဉ်ကို ကျွန်မ တအံ့တသြမော့ကြည့်လိုက်မိသည်။ ကြေးမုံယဉ်က တော့ အလှဆုံးပြုံးလို့ပါလား။ ဘာများပါလိမ့်။

"ဘာများလဲ ကြေးမုံယဉ်"

"ဟိုလေ...ငါ့ကို နင်စိတ်မဆိုးပါနဲ့လို့ အရင်တောင်းပန်ထားရမှာပဲ"

စိတ်မဆိုးပါနဲ့ဆိုကတည်းက ကြေးမုံယဉ်ပြောမည့်စကားတွေက ကျွန်မ အတွက် သိပ်မကောင်းနိုင်တာ သေချာသည်။ စဉ်းစားကြည့်တော့လည်း သူနှင့် ကျွန်မကြားမှာ စိတ်ဆိုးလောက်စရာ ဘာမှမရှိ။

"စိတ်ဆိုးစရာစကားဆိုလည်း မေးမနေပါနဲ့တော့ဟာ"

"မဟုတ်ပါဘူးဟယ်...ငါက နင်တို့အဖွဲ့ထဲက ထွေးထွေးသိန်း ပါးစပ်ကို ကြောက်လို့ပါဟ...ဟိုလေ အောင့်အကြောင်း မေးချင်လို့ပါ"

အောင့်အကြောင်း...။ သည်တစ်ခါတော့ ကျွန်မ ပိုပြီးအံ့သြသွားရပါ သည်။ အောင့်အကြောင်းဆိုတာ ဘာများပါလိမ့်။ ကျွန်မ ကြေးမုံယဉ်ဘက် တည့်တည့်လှည့်လိုက်သည်။ ကျွန်မဘက်က မရိုးပျမိဖို့တော့ သတိထားရသည်။

"ဘာလဲ အောင့်မှာ ရည်းစားရှိသလားလို့ မေးမလို့လား"

"မဟုတ်ပါဘူးဟယ် ဟိုလေ...အောင့်မေမေက ဒေါ်စောနန်းမို ဆိုတာ ဟုတ်သလားလို့ပါ"

ကြေးမုံယဉ်ကမေးတော့ ကျွန်မတစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ဒေါ်စောနန်းမို...။

ကျွန်မကို အောင် ပေးဖတ်သော စာအုပ်ကလေးတချို့၏ ပထမဆုံး စာမျက်နှာတွေမှာ ပါနေတတ်သောအမည်။ ကြေးမုံယဉ်က မျက်လုံးကလေးထောင့် ကပ်ကာ အဆောင်အပြင်ဘက်က စည်းရိုးပေါ်က ခရာဝါပွင့်တွေကို ငေးကြည့်နေ သည်။

"အဲဒါတော့...မေလည်းမသိဘူး ကြေးမုံယဉ်ရဲ့...အောင်က သူ့မိဘ အဆက်အနွယ်တွေအကြောင်း ပြောခဲတယ်...မေးလို့လည်း မကောင်း ဘူးလေ..."

www.burmeseclassic.com

www.burmeseclassic.com



"သြော်...သြော်...ဒေါ်စောနန်းမိုကိုကော မေ သိလား"

ကျွန်မ ခေါင်းယမ်းပြလိုက်သည်။ ကြေးမုံယဉ်က တံစက်မြိတ်မှကျလာသော မိုးရေစက်တွေကို လက်ဖဝါးကလေးဖြင့် မဓိမကမ်း လှမ်းခံနေလိုက်သေးသည်။ နုနယ်နူးညံ့မှုရှိလှသော သူ့လက်ကလေးတွေကို ကျွန်မ ငေးနေမိ၏။ အခုထိတော့ ကြေးမုံယဉ် ဘာတွေမေးနေမှန်း ကျွန်မ မသိသေးပါ။ ကြေးမုံယဉ်က အဆောင်နံရံကို ကျောပေးလိုက်ပြီး ကျွန်မကို တည့်တည့်ကြည့်ရင်းပြောသည်။

"ဒေါ်စောနန်းမို ဆိုတာ...ကျိုင်းမိုင်းစော်ဘွားနဲ့ မဟာဒေဝီတို့က ဆင်းလာတဲ့ အမျိုးအနွယ်တွေထဲကပဲ မေရဲ့..."

ကြေးမုံယဉ်က အမည်နာမ အတော်များများကို ရွတ်ပြခဲ့သည်။ ကျွန်မ မကြားဖူးသည့် နာမည်များသာဖြစ်သည်။ အောင့်ကို ရှမ်းသွေးပါမှန်း သိရုံကလွဲ၍ တခြားဘာမှ ကျွန်မ မသိ။

"သူတို့က အမျိုးအနွယ်ကို သိပ်စောင့်ထိန်းကြတာ...ပြောရရင် သူတို့တစ်တွေဟာ အိမ်ထောင်ပြုကြရင်တောင် အမျိုးအနွယ်ထဲကရွေးပြီး အချင်းချင်းပေးစားကြသတဲ့...အောင့်ဖေဖေနဲ့ ဒေါ်စောနန်းမိုတို့ ကွဲသွားကြတာ အဲသည်ကိစ္စ ပါတာပေါ့...မေ သိထားစေချင်လို့ပါ..."

ကြေးမုံယဉ် အဆောင်ထဲပြန်ဝင်သွားသည်ကိုပင် ကျွန်မ သတိမထားမိလိုက်တော့။ ကြေးမုံယဉ်က အောင့်အကြောင်း ဘယ်အချိန်ကများ သေချာစေ့စုံစမ်းထားသည်မသိ။ ပြီးတော့ ကျွန်မကိုသိစေချင်လို့တဲ့။ ဘာသဘောနဲ့များ လာပြောနေတာပါလိမ့်။ ကျွန်မမှာတော့ နေရင်းထိုင်ရင်း အရိုက်ကို အထိုးခံလိုက်ရသလို အောင့်ခနဲ ဖြစ်ကျန်ရစ်ခဲ့ရသည်။ အောင်တို့အမျိုးအနွယ်အကြောင်း ကျွန်မ သိထားစေချင်လို့ပါဆိုသည့် စကား၏အဓိပ္ပာယ်ကို ကျွန်မ နားလည်ပါသည်။ ကျွန်မကို သည်လိုသတိပေးရအောင် ကျွန်မနှင့်အောင် ဆက်ဆံရေးက ဘာမှမပြောင်းလဲပါ။ အောင်နှင့်ကျွန်မသည် သူငယ်ချင်းတွေသာဖြစ်သည်။

မိုးစက်မိုးပေါက်တွေက တပြောင်းပြောင်းဆူညံသံပေး၍ ကျလာခဲ့ပြန်သည်။ ပိတ်ပိတ်သည်းသည်း ရွာနေသောမိုးစက်တွေကို ကျောခိုင်းကာ အဆောင်ထဲ ကျွန်မ ပြန်ဝင်ခဲ့သည်။ ပြီးတော့ ခုတင်ပေါ်ပစ်လှဲချလိုက်ရင်း စာအုပ်တစ်အုပ်ထဲမှာ အာရုံတွေစုစည်းနိုင်ဖို့သာ ကြိုးစားရပါ၏။ အနီးဆုံးစာအုပ်က ကျွန်မလက်ရေးဖြင့် ကူးယူထားသည့် ဆရာမကြည်အေး၏ ကဗျာစာအုပ်...။



'ပင့်သက်ကြာတွေ၊ လက်ချောင်းရှေ့
ပြေပြစ်နားလည်၊ သိမြင်မည်လား
မကြည်လင်ပြန်၊ ညှိုးထန်မည်လား
စောင့်ရှည်ဘဝ၊ ကိုယ်ထီးတသ
မာနကိုးလည်း၊ ရင်လှိုက်လှဲ့ရ
ဆင်းရဲနွမ်းသစ်၊ အချစ်ဖြစ်သည်...'

■

www.burmeseclassic.com

www.burmeseclassic.com

(၂၃)

တက္ကသိုလ်ကျောင်းကို ဖွဲ့သည့်သီချင်းတွေကို ကျွန်မတို့ ညည်းဖြစ်နေကြသည်။ ကျောင်းတွေပိတ်တော့မှာမဟုတ်လား။ စာမေးပွဲဖြေရင်းနှင့် တစ်ဖက်က သိမ်းလို့ရသည့် ပစ္စည်းကလေးတွေကို သိမ်းကြရသည်။ သည်နှစ်ပြီးလျှင် နှင်းဆီဖြူကို အပြီးအပိုင်စွန့်ခွာရတော့မည်။ နောက်နှစ်ဆိုလျှင် ကျွန်မတို့ တက္ကသိုလ်ထဲက အဆောင်တွေမှာ နေခွင့်ရပြီ။

*'ပန်းချီကဗျာထက်လှတဲ့ x x သီလာတက္ကရဲ့ x x ကျွန်းညိုမြဝယ်*
*မိုးမြေနိမ့်ယောင် x x မာယာဆောင်လို့ x x မြူနှင်းတို့ဝေတဲ့ကာလ*
*x x ချမ်းမြမြ ဟေမန်ဝယ် x x*

ထွေးထွေးသိန်းက 'တက္ကသိုလ်မှာဝေတဲ့နှင်း' သီချင်းကို ဇာပဝါကြီးခြုံကာ ဟန်နှင့်ပန်နှင့် ထ၍ဆိုသည်။ ကျွန်မကလည်း အားကျမခံ သီချင်းတစ်ပိုဒ်ဝင်ဆိုမိပါ၏။

*'လှပုံကလေးလည်း တစ်မျိုးရယ် x x တစိမ့်စိမ့်ကလေးလည်း အေးတယ်*
*x x တသိမ့်သိမ့်တွေးစရာကလေးတွေ ရှိနေသည်မို့ x x တက္ကသိုလ်မှာ*
*ဝေတဲ့နှင်းရယ် x x နှင်းကလေးတွေမှဟုတ်ရဲ့လား x x နှင်းကလေးတွေမှ*
*ဟုတ်ပါရဲ့လားကွယ် x x'*

"အံမယ် သီရိမေက အသံမဆိုးပါလားဟဲ့…မြင်းခြံ ရှင်ပင်ရေဘော်ဘုရားပွဲလှည့်ရင် နင်လိုက်ဆိုလို့ရပြီ…"

"ရှင်ပင်ရေဘော်ဘုရားပွဲမှာ ဘာလို့ဆိုရမှာလဲဟယ်…အောင်နဲ့တွဲပြီး ဇီးသီး…အဲလေ…စီးရီးစ်ထုတ်မှာပေါ့ဟဲ့"

"အေး…အဲသည်စီးရီးစ်ကို ခေါင်းစဉ်ပေးရအောင်…"

"ဥပက နဲ့ မဆာဝါ ပေါ့ဟယ်"





ကျွန်မကို တစ်ယောက်တစ်ပေါက် ဝိုင်းစကြသည်။ သည်တစ်ခါတော့ ကျွန်မမျက်နှာကို တည်ထားလိုက်သည်။ သည်လိုစနေကြတာတွေကို ကျွန်မစိတ်မဆိုးသော်လည်း ကြေးမုံယဉ်ကပင် တစ်မျိုးထင်လာသည်အထိ ဖြစ်လာတော့ ပြောစရာရှိတာ ပြောမှကောင်းမှာမဟုတ်လား။

"ငါနဲ့အောင်က…နင်တို့တစ်ယောက်ချင်းစီနဲ့ ခင်မင်သလိုပါပဲဟာ…
သည့်ထက် ဘာမှမပိုပါဘူး…နင်တို့စောင့်ကြည့်…သီရိမေဟာ မြေပေါ်
လွှင့်ကျမှ ကောက်ရတဲ့ ခရေပွင့်မဟုတ်ဘူးဟဲ့…နှင်းဆီ…နှင်းဆီ
သိလား…ဆူးတက်ကလေးတွေကို သတိထားရှူးမှရမယ့် နှင်းဆီရှင်ရေ"

ကျွန်မသူငယ်ချင်းတွေက ကျွန်မကို ငေးကြည့်နေကြသည်။ ကျွန်မသည်လိုပြန်ပြောလိမ့်မည်မထင်ကြ။ ခါတိုင်းလည်း သည်လိုပဲ စ,နေကျ။ ကျွန်မကလည်း ချော်လဲရောထိုင်ရှိနေကျ။ ကျွန်မပါးပြင်ပေါ်မှာ မျက်ရည်တွေ စီးကျနေပြီလား ကျွန်မ မသိတော့။

နွယ်နွယ်တင်က

"နင် စိတ်ဆိုးနေတာလား သီရိမေ…" လို့ မေးသည်။

ကျွန်မက

"မဟုတ်ပါဘူးဟယ်…ငါ စိတ်မကောင်းစရာကြုံရလို့ပါ"

လို့သာ ပြောလိုက်သည်။ သည်သူငယ်ချင်းတွေကို ကြေးမုံယဉ်စကားတွေ သွားပြောလို့ မဖြစ်ပါ။ ခွဲခွာခါနီးကျမှ ရန်ဖြစ်ကြရတာ မကောင်း။ တစ်ယောက်နှင့်တစ်ယောက် ချစ်ခြင်းမေတ္တာတွေနဲ့ပဲ ခွဲခွာကြစေချင်ပါ၏။

စာမေးပွဲနောက်ဆုံးရက်မှာ ကိုတိုးကြီးနှင့် အောင်တို့သူငယ်ချင်းတစ်သိုက် အဆောင်ကို ရောက်လာခဲ့ကြသည်။ ခါတိုင်းလိုပဲ ပုန်းညက်ပင်အောက်က ခုံတန်းလျားမှာ စကားဝိုင်းဖွဲ့ဖြစ်ကြသည်။ သည်တစ်ခါစကားဝိုင်းကတော့ နောက်နှစ်တက်ရောက်ကြရမည့် တက္ကသိုလ်နှင့်ပတ်သက်သည့် စိတ်ကူးစကားများသာ ဖြစ်ပါ၏။

"ဟော့…နင်တို့ ကားလက်မှတ်ဖြတ်ပြီးကြပြီလား…ဘယ်နေ့ပြန်မှာလဲ"

"မနက်ဖြန်လေ ကိုတိုးကြီးရ"

"ဟင်…ဟုတ်လား မြန်လှချည်းလားဟ…ရှစ်နာရီကားလား…ငါတို့ပဲ
လိုက်ပို့ချင်လို့ မေးတာဟ…တို့လာခဲ့မယ်…"

မနက်စောစောကြီး သူတို့ရောက်လာခဲ့ကြသည်။ ကျွန်မတို့ ထုပ်ပိုးထားသည့် ပစ္စည်းတွေအားလုံးစုလိုက်တော့ ပစ္စည်းတွေက မနည်းလှပါ။ နှင်းဆီဖြူ

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ပိုင်ရှင်ကို နှုတ်ဆက်တော့ ဂျပ်စက္ကူမျက်နှာကြီးသည်ပင် နည်းနည်းတော့ ခံစားမှုပါနေခဲ့သည်။ ကျွန်မတို့နှင့် ခင်မင်နေပြီဆိုတော့ စိတ်မကောင်းဖြစ်နေပုံရသည်။ အဆောင်မှာ အတူနေခဲ့ကြသော သူငယ်ချင်းတွေကို နှုတ်ဆက်ရင်း ကြေးမုံယဉ်ကို ကျွန်မ အနားသွားပြီး လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။ သူ ကျွန်မကို အားနာနေပုံ တော့ရ၏။ ကျွန်မကတော့ ပုန်းညက်ပင်ရိပ်က ခုံတန်းလျားကလေးကိုပဲ လွမ်းနေမိရပါ၏။ ခွဲကြဦးစို့ နှင်းဆီဖြူရေ...။

"မေ...အောင်တို့ နောက်နှစ် မန္တလေးတက္ကသိုလ်မှာ ဆုံကြရအောင် နော်...အောင် မေ့ကို ကျောင်းပိတ်ချိန်တစ်ချိန်လုံး သတိရနေပါရစေ... မေဟာ အောင်လွမ်းရတဲ့ ဒုတိယမိန်းမသားပါ...မေမေပြီးရင်ပေါ့..."

အောင်က ကျွန်မအနားရောက်လာရာက ပြောလိုက်သောစကားဖြစ်၏။ ဘယ်သူမှတော့ ကြားကြလိမ့်မည်မထင်။ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြတာဆိုတော့ ကျွန်မတို့ကိုလည်း လှည့်မကြည့်အားကြပါ။ အောင့်စကားက ထူးဆန်းသလိုလိုရှိပေမယ့် ရိုးရိုးသားသား ဟုတ်ရဲ့လား...။ မေဟာ လွမ်းရတဲ့ ဒုတိယမိန်းမသားတဲ့...။

အောင့်ကို ကျွန်မ ဝမ်းနည်းစိတ်ဖြင့် ကြည့်လိုက်ရင်း ဆို့နင့်သွားမိခဲ့သည်။

"ကံမကုန်ရင်တော့ ပြန်ဆုံကြရအောင်ပါ အောင်...မေကလည်း... သတိရနေမှာပါ"

'လွမ်း' ဆိုသည့်စကားကို ကျွန်မ မသုံးချင်သဖြင့် သတိနှင့် စကားလုံးရွေးချယ်လိုက်ခြင်းဖြစ်သည်။ မြင်းခြံကားဂိတ်ကို သူတို့အဖွဲ့ လိုက်လာကြလို့တော်သေးသည်။ သူငယ်ချင်းတွေကတော့ တဝါးဝါး တဟားဟား။ အပျော်ဖြင့် ခွဲခွာကြတာ ကောင်းပါတယ်လေ။

ကားထွက်တော့ အောင်က လက်ပြနှုတ်ဆက်သည်။

ကျွန်မကလည်း လက်ပြနှုတ်ဆက်လိုက်ပါ၏။

မေ လွမ်းနေမှာပါ အောင်...။ မိန်းမသားဆိုတာ တစ်သက်လုံး လွမ်းနေရတဲ့သူပါ...အလွမ်းပိုက်ပြီး မွေးဖွားလာကြရသူတွေပါ...။

တက္ကသိုလ်မြေမှာ ပြန်ဆုံကြရအောင်ပါ...အောင်။

■

(၂၄)

'မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်'

အပြာခံပေါ်မှာ အဖြူစာလုံးဝိုင်းကြီးများဖြင့် ရေးထိုးထားသော တက္ကသိုလ်မုခ်ဦးကြီးကို လှမ်းမြင်လိုက်ရကတည်းက ကျွန်မရင်တွေ ခုန်လာခဲ့၏။ ဒေသကောလိပ်သည်လည်း တက္ကသိုလ်အဆင့်ဆိုပေမယ့် မန္တလေးတက္ကသိုလ် တက်ရောက် သင်ကြားရမည့်ရက်တွေကို ကျောင်းသား ကျောင်းသူတိုင်း ရင်ခုန်ကြစမြဲဖြစ်ပါ၏။ အညာတက္ကသိုလ်၏ အညာဆန်သော ခံ့ညားမှုက ကျွန်မကိုခြောက်လှန့်နေပါသည်။ မေမေပြောပြခဲ့ဖူးသည့် တက္ကသိုလ်ဆိုသည့် အဓိပ္ပာယ်ကိုလည်း ကျွန်မပြန်သတိရနေမိ၏။ ကျွန်မမှမဟုတ်ပါ။ ကျွန်မသူငယ်ချင်းတွေကလည်း သည်ခံစားမှုရှိကြပုံပေါ်ပါသည်။ စကားပင် မပြောဖြစ်ကြဘဲ ကျောင်းမုခ်ဦးဆိုင်းဘုတ်ကိုကြည့်ရင်း ပျော်သလိုလို လွမ်းသလိုလို ရှိနေကြသည်။

"ငါတော့ တက္ကသိုလ်ကျောင်းသူကြီးဖြစ်မှ အမှတ်တရအနေနဲ့ ခေါင်းတုံးတုံးလိုက်ဦးမယ်"

ထွေးထွေးသိန်းက သူ့ဝသီအတိုင်း ရယ်စရာမောစရာနှင့် ကျွန်မတို့ကို လှုပ်နှိုးလိုက်သော်လည်း ကျွန်မတို့အားလုံး မရယ်ဖြစ်ကြပါ။ တကယ်တော့ ပြည့်စုံကြွယ်ဝစွာ ရောက်လာကြရသူများ မဟုတ်ဘဲ ကျစ်ကျစ်ကုတ်ကုတ် တက်ခဲ့ရသည့်ကျောင်းသူဘဝသည် အားလုံးအတွက် ပင်ပန်းလှပါ၏။ နောက်နှစ်နှစ်ဆိုလျှင် ဘွဲ့ကိုယ်စီ ရကြတော့မည်။ အဲသည်အခါမှာတော့ အလုပ်တစ်ခုခုလုပ်ရင်း မိဘတွေကို တစ်လှည့် လုပ်ကျွေးလိုက်ရဦးမည်ဆိုသည့်စိတ်ကွေလည်း ရှိနေကြသည်။

ကျွန်မတို့လေးယောက် စီးလာသည့် မြင်းလှည်းက ကျောင်းပေါက်ဝ တမာပင်ရိပ်မှာ ရပ်လိုက်သည်။ နွယ်နွယ်တင်၊ ထွေးထွေးသိန်း၊ စိုးစိုးမော်နှင့် ကျွန်မ...။

www.burmeseclassic.com

www.burmeseclassic.com



ဒေသကောလိပ် နှစ်နှစ်လုံးလုံး လက်တွဲမဖြုတ်ခဲ့ကြသော ကျွန်မတို့ မြင်းခြံသူ ခင်ခင်တစ်ယောက်တော့ ပါမလာတော့ပါ။ ခင်ခင်က သူ့စိတ်ကူးတွေအတိုင်း စာပေးစာယူ ပြောင်းသွားခဲ့ခြင်းဖြစ်၏။ သည့်အတွက် ကျွန်မတို့အားလုံး စိတ်မကောင်းဖြစ်ကြရုံကလွဲလို့ တောင်မင်း မြောက်မင်းမကယ်နိုင်။ ဘာပဲဖြစ်ဖြစ် အချိန်တန်လျှင် သူလည်း ဘွဲ့တစ်ဘွဲ့တော့ ရမှာပါပဲလေလို့သာ ဖြေကြရပါ၏။ တစ်ခုတော့ရှိသည်။ ကျွန်မတို့လေးယောက်စလုံး မန္တလေး ပင်မတက္ကသိုလ်မှာ အတူတက်ရောက်ခွင့်ရတာကိုတော့ ဝမ်းသာကြရသည်။ ပိုပြီးအဆင်ပြေတာက မေဂျာ (အဓိကဘာသာတွဲ) ချင်းကလည်း အတူတူ။

ဓာတုဗေဒမေဂျာ...။

အမှတ်ပေါင်းစနစ်အရ ကျွန်မ၏အမှတ်ပေါင်းမှာ စက်မှုတက္ကသိုလ်ကို တက်ခွင့်ရဖို့ မမီသော်လည်း စီးပွားရေးတက္ကသိုလ်ကို တက်မည်ဆိုလျှင် တက်ရောက်နိုင်ပါ၏။ သို့သော် ကျွန်မ ပင်မတက္ကသိုလ် ရောက်သည့်နှစ်မှာ ဆယ်တန်းအောင်လာခဲ့သော မောင်လေးကလည်း တက္ကသိုလ်ကို တက်ရမှာဖြစ်သည်။ မောင်လေး ဆယ်တန်းအောင်သည့်နှစ်မှာတော့ ကျွန်မတို့တုန်းကလို ဒေသကောလိပ် မရှိတော့။ ဒေသကောလိပ် အဆောက်အအုံတွေမှာပဲ ရတနာဘုမ္မိနယ်မြေ ပင်မတက္ကသိုလ်ခွဲအဖြစ် တက်ရောက်သင်ကြားကြရသည်။ သည်တော့ ကျွန်မမောင်ငယ် သီဟမောင်ကလည်း တက္ကသိုလ်ကျောင်းသား ဖြစ်လာခဲ့ပြီ။ သည်မောင်လေး (ကျွန်မက မောင်မောင်ဟုခေါ်ပါသည်) အတွက်လည်း ဖေဖေနှင့်မေမေတို့မှာ လေးလံလှသော ဝန်တစ်ထုပ် ပိုးထမ်းရပြန်ပါပြီ။

သမီးနှင့်သား နှစ်ယောက်စာဆိုတော့ ကျောင်းစရိတ်က နှစ်ဆကုန်မည်။ သည်ကြားထဲ ကျွန်မက ရန်ကုန် စီးပွားရေးတက္ကသိုလ် တက်ခွင့်ရပါပြီတဲ့၊ မန္တလေးထက် စရိတ်စက ပိုကြီးလာမှာကိုလည်း ကျွန်မ စဉ်းစားရပါသည်။ ရန်ကုန်လို မြို့ကြီးမှာ စီးပွားရေးတက္ကသိုလ် တက်ရောက်ပညာသင်ကြားဖို့အတွက်တော့ ကျွန်မမှာ စိုးရိမ်ထိတ်လန့်နေတာမျိုး မရှိ။ စီးပွားရေးဘာသာရပ်ကို ကျွန်မ သင်ယူချင်စိတ်လည်း ရှိပါ၏။ သို့သော် ရွေးချယ်ရမည်ဆိုသည့်အခါ လျှောက်လွှာမှာ ဓာတုဗေဒလို့သာ ဖြည့်ဖြစ်ခဲ့ပါသည်။ ဘဝတွင် ကိုယ်က မရွေးချယ်ရဘဲ အခြေအနေက ရွေးချယ်ပေးခဲ့တာတွေ ရှိတတ်တာပဲမဟုတ်လား။

နှယ်နှယ်တင်ကတော့ စီးပွားရေးတက္ကသိုလ် တက်ရောက်ခွင့်ရရန် ထည့်လျှောက်သော်လည်း အမှတ်ပေါင်းက မမီ။ ထွေးထွေးသိန်းနှင့် စိုးစိုးမော်ကတော့



ဘာရယ်မဟုတ် ကျွန်မဖြည့်သည့်အတိုင်း ဓာတုဗေဒ ဦးစားပေးလျှောက်ခဲ့ကြခြင်းဖြစ်၏။

"ဟဲ့...နင်တို့ ငါလျှောက်တာနဲ့ လိုက်မလျှောက်ကြနဲ့လေ...နင်တို့က ငါ ဓာတုဗေဒဆိုတာနဲ့ လိုက်ဓာတုဗေဒလုပ်ကြတာလား..."

"ဓာတုဗေဒဆိုတော့ လေပုတ်ထုတ်လျှက်ဆားလေးဘာလေး ဖော်ရောင်းရတာပေါ့ သိရိုမေရဲ့..."

ထွေးထွေးသိန်းက တစ်မျိုး။ စိုးစိုးမော်ကတော့ "နင်လျှောက်လို့ လိုက်လျှောက်တာပါဟာ...ငါတော့ ဘာမှ စဉ်းစားမထားဘူး..." ဆိုပါ၏။ သည်တော့လည်း သူငယ်ချင်းတွေကို ပိုချစ်မိရသည်။ ကျွန်မလျှောက်လို့ လျှောက်ကြတာတဲ့။ တစ်ဘဝစာလုံး သည်သူငယ်ချင်းတွေနဲ့ချည်း နေရရင်တော့ အကောင်းသားပေါ့။ ကျွန်မ ဘာမှမပြောရက်တော့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူငယ်ချင်းလေးယောက် တစ်မေဂျာတည်း အတူကျလာတော့ ဝမ်းသာမိရသည်သာ။ ပြီးတော့ ကျွန်မတို့လေးယောက် နေခွင့်ရမည့်အဆောင်ကလည်း 'ရွှေမန်း'ဆောင်မှာ။ သည်အထိ ရေစက်ပါနေမှတော့ သိကြားမင်းဖျက်တောင် ဖျက်နိုင်စရာမရှိ။

မြင်းလှည်းလေးစီးက တက္ကသိုလ်ဝင်းထဲရှိ ရွှေမန်းဆောင်နှင့် မနီးမဝေးမှာ ရပ်ပေးကြသည်။ ပစ္စည်းတွေချပြီး ပြန်လှည့်သွားကြသော မြင်းလှည်းတွေကို တအောင့်တော့ ငေးမိသေးသည်။ ကျွန်မတို့နှင့် စိမ်းသေးသော တက္ကသိုလ်ကြီးထဲမှာ ထားခဲ့ကာ ထွက်သွားကြသလို ခံစားမိရပါ၏။ တက္ကသိုလ်ကျောင်းဆောင်များမှာ နေရတော့မည့် နယ်ကျောင်းသူ ကျောင်းသားများ၏ မြင်းလှည်းတွေ၊ သုံးဘီးကားတွေ များလှပါသည်။ ကျွန်မတို့လိုပင် သံသေတ္တာကြီးတွေတင်မကပါ သစ်သားသေတ္တာများ၊ ကြိုးနှင့်စည်းထားသော အိပ်ရာလိပ်များ၊ အဝတ်အိတ်ကြီးများပါပါကြသည်။ တချို့သေတ္တာတွေမှာ နာမည်တွေ ပြူးနေအောင် ရေးထားကြပါ၏။

"ဟိုသေတ္တာတွေကြည့်စမ်း...နာမည်တွေရေးထားတာ ဉသျှစ်သီးလောက် စာလုံးကြီးတွေနဲ့...ဘာတဲ့...ခင်ထွေးရီ မတ္တရာမြို့တဲ့"

"သေတ္တာပျောက်မှာစိုးလို့ပေါ့ဟယ်"

"တိုးတိုးလုပ်ပါဟယ်...ကြားသွားပါဦးမယ်..."

"ကြား ကြားလေ...ရေးထားတာဖတ်တာ ဘာဖြစ်လဲ"

အရေးထဲ ထွေးထွေးသိန်းတို့က စကားများနေကြသည်။ ထွေးထွေးသိန်းက အရာရာနှင့်အကြောင်းကြောင်း။ ဘာခံစားမှုမှလည်း ရှိပုံမရ။ စားခြင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရေးဝအောင် အိပ်သည့်ကြားက အတန်းတွေအောင်လာသည့်အတွက် ကျေးဇူးတင်ရသေးသည်။ ကျွန်မတို့ မြင်းလှည်းငှားကြတုန်းကလည်း သူ့ကြောင့် ရယ်ကြရသည်။ မြင်းလှည်းဆရာကြီးက သူ့မြင်းခြေထောက်တွေကို မ,မ,ကြည့်နေသဖြင့် ကျွန်မတို့ကို မမြင်။

"ဘကြီး…မြင်းလှည်းလေးစီးလောက် လိုချင်လို့…ရမလား"

မြင်းလှည်းဆရာက ထွေးထွေးသိန်းကိုကြည့်ကာ အူကြောင်ကြောင်ဖြစ်သွားပုံရသည်။ မြင်းလှည်းလေးစီးဆိုတာကိုး။

"တစ်ယောက်တည်း မြင်းလှည်းလေးစီး စီးမလို့လား"

"အဲ…ဘကြီးကလည်း တစ်ယောက်တည်း လေးစီးငှားပါ့မလား… လူက လေးယောက်…သေတ္တာက လေးလုံး…ခြင်း လေးလုံး…အိပ်ရာလိပ် လေးလိပ်…တိုလီမုတ္တာလီကလေးတွေရောဆိုတော့ လေးစီးမှ ရမှာပေါ့"

"သြော်…ရှိပါ့ဗျာ…ဘကြီးတို့ဂိတ်မှာ မြင်းလှည်းတွေ ရှိပါတယ်… ခေါ်ပေးမယ်"

"နေဦး…ဘကြီး တက္ကသိုလ် ရောက်ဖူးတယ်မှတ်လား"

"မရောက်ရပေါင်ကွယ်…ရွာဘုန်းကြီးကျောင်းထွက်ပါ"

"အဲဒါပြောတာမဟုတ်ဘူး ဘကြီးရဲ့…မန္တလေးတက္ကသိုလ်ကို သွားမှာ… ဘကြီးရောက်ဖူးသလားမေးတာ"

"တက္ကသိုလ်အထိတော့ မပို့ဖူးဘူး…ငါ့တူမက လမ်းပြရင် ဘကြီး လိုက်ပို့နိုင်ပါတယ်"

"ကျွန်မလည်း မရောက်ဖူးသေးဘူး ဘကြီးရဲ့"

"ဟောဗျာ…မရောက်ဖူးဘဲနဲ့ သေတ္တာတွေရော လူတွေရော ဘာသွားလုပ်မှာလဲ"

"မဟုတ်ဘူး…ကျွန်မတို့က တက္ကသိုလ်ကို အခုမှ တက်ရမှာကို ပြောတာ…တက္ကသိုလ်သွားတဲ့လမ်းတော့ သိတာပေါ့"

"သြော်…အေး အေး"

"ဘယ်လောက်ပေးရမှာတုံး ဘကြီး…ဈေးပြောပါဦး"

"ဘယ်လောက်ဖေးသလဲမှ မသိတာကွယ်…ကြည့်ပေးပေါ့"

"တစ်ဆယ်ထားလိုက်"



"တစ်ဆယ်ပေးရင် လိုက်ပါသဗျာ"

"လေးစီး တစ်ဆယ်ပြောတာ ဘကြီးရဲ့"

"တစ်စီး ငါးကျပ်တော့ ပေးပါကွယ်…နှစ်ကျပ်ခွဲတော့ မလုပ်ပါနဲ့"

ကျွန်မတို့မှာ မြင်းလှည်းဆရာနှင့် ထွေးထွေးသိန်းကိုကြည့်ကာ ရယ်ကြရသည်။ ဤသို့ဖြင့် ကျွန်မတို့အားလုံး သေတ္တာတွေ ပစ္စည်းတွေက သုံးစီး၊ လူက တစ်စီး စီးကာ မြင်းလှည်းလေးစီးဖြင့် လာခဲ့ကြခြင်းဖြစ်၏။

ဣန္ဒြေကြီးလှသော မန္တလေးတက္ကသိုလ် ပင်မအဆောက်အအုံကြီးကတော့ တွေ့ဆုံ ကြုံကွဲ လောကဓံကို အခါခါ အပြန်ပြန် ခံနိုင်ရည်ရှိနေသလို၊ မတုန်မလှုပ် ရှိနေခဲ့သည်။ ရင်ခွင်ကို တိုးဝင်လာကြသူများ၊ ရင်ခွင်မှ ထွက်ခွာသွားကြသူများ များလှရော့မည်။

ကျွန်မ ပထမဆုံး သတိထားမိသည့်ခံစားမှုကတော့ တက္ကသိုလ်ဝင်းထဲကို ဝင်လာမိကတည်းက ရလိုက်သော ထူးဆန်းသော ရနံ့တစ်မျိုးပင် ဖြစ်ပါ၏။ သင်းသလိုလို မွှေးသလိုလို။ မြေသင်းနံ့လည်း မဟုတ်။ ပန်းနံ့လားဆိုတော့လည်း မဟုတ်။ အသိရခက်သား၊ တက္ကသိုလ်ဝင်းကြီးထဲက ရနံ့က မြို့ပြမဆန်ဘဲ တောရိုပ်ဝန်းကျင်ထဲမှာမှ ရနိုင်သည့်ရနံ့မျိုးဖြစ်သည်။ တမာရနံ့၊ စိန်ပန်းရနံ့၊ ငုရနံ့တို့နှင့် ရောထွေးကြိုင်လှောက်နေတတ်သော ရနံ့တစ်မျိုးလည်း ဖြစ်နိုင်သည်။ အမေကြီးဆီက ရတတ်သော နံ့သာဖြူနံ့ ကွမ်းနံ့လို၊ မေမေ့ဆီက ရတတ်သော သနပ်ခါးနံ့ ကိုယ်ငွေ့နံ့လို တက္ကသိုလ်မိခင်ဆီက ရသော ပညာရနံ့များပေလား။

ကျွန်မတို့ နေကြရမည့် ရွှေမန်းဆောင်ကို မဝင်ကြရသေးဘဲ မိုးတိုးမတ်တတ် ရပ်ကြရင်း တက္ကသိုလ်ကြီး၏ ကျယ်ဝန်းလွတ်လပ်သော မြင်ကွင်းတွေကို ကြည့်နေခဲ့ကြသည်။

"တက္ကသိုလ်ကြီးက ကျယ်လိုက်တာဟာ…ငါတော့ ကျောင်းပြေးချင်ရင် သည်ကျောင်းထဲပဲ ပြေးမှာပဲ…တခြားသွားတာကမှ ဗိုက်ဆာကုန်ဦးမယ်…"

နွယ်နွယ်တင်က သစ်ပင်အုပ်အုပ်များဖြင့် အရိပ်ကောင်းလှသော တက္ကသိုလ် အဆောက်အအုံများ လမ်းများကိုကြည့်ရင်း သူ့စိတ်ကူးတွေ ပြောနေခြင်း ဖြစ်၏။ စိုးစိုးမော်ကတော့ မထင်သောစကားကို ဆိုပါ၏။

"ငါ ဝတ္ထုတွေထဲဖတ်ရတာ တက္ကသိုလ်မှာ မာယာတွေရှိတာတဲ့…ပဋ္ဌာန်းလည်း ဆန်းသတဲ့…တက္ကသိုလ်ရဲ့ဖမ်းစားမှု ညို့ဓာတ်တွေက ရုန်းထွက်နိုင်ဘူးတဲ့…ငါဖြင့် ဖတ်ရင်း ကြောက်လိုက်တာ…"

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ထွေးထွေးသိန်းက ရယ်သည်။

"ရှုံးလိုက်တဲ့ ကောင်မရယ်...အဲဒါ တက္ကသိုလ်ကျောင်းတက်ကြရင်း ချစ်သူဖြစ်သွားတဲ့ မင်းသား မင်းသမီးရဲ့အချစ်ကို တင်စားတာပါဟာ... နင်တို့လည်း တစ်နေ့ သည်လိုဖမ်းစားခံရမှာပဲ...တက္ကသိုလ်မှာ ဆုံကြရတဲ့ အချစ်ဇာတ်လမ်းတွေ...ကွဲကွာသွားကြတဲ့ အချစ်ဇာတ်လမ်းတွေ ထဲမှာ နင်တို့လည်း သားကောင် ဖြစ်ကြဦးမှာ...ငါတော့ လွတ်တယ်"

"နင်က ဘာကိစ္စ လွတ်ရမှာလဲ"

"ငါ့ကို ဘယ်သူက ကြိုက်မှာလဲဟဲ့"

"ကိုတိုးကြီးလေ..."

ကိုတိုးကြီးဆိုတော့လည်း 'အောင့်'ကို ဖျတ်ခနဲ သတိရမိလိုက်ပြန်ပါ၏။ အောင် အခုဘယ်မှာလဲ။ ကလောမှာပဲလား။ မန္တလေးကို ရောက်ပြီလား။ ကျောင်းကြီးပိတ်လိုက်ကတည်းက မတွေ့ရတာ ကြာပြီကော။ မန္တလေးတက္ကသိုလ်ကို ဆက်တက်ဦးမှာ သေချာရဲ့လား။ အောင့်ကို ခင်ရသော်လည်း သူ့ဘဝသူ့အကြောင်း ကျွန်မ မသိ။ အောင့်ဆီက တစ်ခါတစ်ရံ ဘဝဆန်သောစကားတွေ ကြားရတတ်ပါ၏။ တစ်ခါတစ်ခါ ငေးငေးမောမောနေတတ်တာကိုလည်း ကျွန်မ သတိထားမိ၏။ ဘာပဲဖြစ်ဖြစ် အောင့်ကိုတော့ မျှော်မိသည်။

"သွားကြစို့...ရွှေမန်းဆောင်မှာ နေရာချလို့ရပြီတဲ့"

ကျွန်မတို့အားလုံး သယ်လာကြသော သေတ္တာတွေကိုကြည့်ပြီး မောနေကြသည်။ မတတ်နိုင်။ တစ်ယောက်တစ်လက် သယ်ကြရတော့မည်။

"ရွှေမန်းဆောင်"

တိုက်ဝါဝါကြီးက အတော်အတန်ကျယ်ပြန့်သော ခြံဝန်းအလယ်မှာ ခံ့ခံ့ထည်ထည်ကြီး ရှိနေသည်။ ကျွန်မတို့ ဒေသကောလိပ်ကျောင်းသူဘဝက နေခဲ့သော နှင်းဆီဖြူ ပြင်ပဆောင်နှင့် တခြားစီ။ သည်နှစ်မှာ ပင်မတက္ကသိုလ် ရောက်ပြီဆိုတော့ ကျွန်မတို့ အဆောင်ရကြသည်။ နှင်းဆီဖြူမှာတုန်းက အဆောင်ကြေး ခြောက်ဆယ်၊ ထမင်းလခ ကိုးဆယ်ဆိုတော့ တစ်လ တစ်ရာငါးဆယ်။ တက္ကသိုလ် အဆောင်ကြေးကတော့ ထမင်း ညမနက်စာပါ အပြီးအစီး တစ်ရာ့နှစ်ဆယ်ပဲ သွင်းကြရသည်။ မနက်စောစော လက်ဖက်ရည်ပင် သောက်နိုင်သည် ဆိုပါ၏။ တက္ကသိုလ်အဝန်းအဝိုင်းထဲက ဆရာမများ၏ ကြီးကြပ်ကွပ်ကဲမှုအောက်မှာရှိသော နှစ်ထပ်တိုက် အဆောင်သီးသန့်ဆိုတော့ ပြင်ပဆောင်တွေနှင့်တော့ ကွာပါသည်။ ကျွန်မကတော့ တက္ကသိုလ်အဆောင်မှာ နေရမှာကိုပဲ ဘာရယ်မသိ ပျော်မိပါ၏။



ရွှေမန်းဆောင်နှင့် မျက်နှာချင်းဆိုင်မှာ မြတ်မာဆောင်ရှိရာ လမ်းပဲခြားသည်။ နောက် ကျွန်မတို့နေကြရမည့် ရွှေမန်းနှင့် တစ်ဆက်တည်း အနောက်ဘက်မှာက သစ္စာဆောင်။ ကျွန်မတို့ပစ္စည်းတွေကို ရွှေမန်းဆောင်ရှေ့မှာ တစ်ထောက် ပုံထားလိုက်ကြသည်။ ထွေးထွေးသိန်းနှင့်ကျွန်မ အဆောင်ဝင်းကြီးထဲဝင်ကာ အဆောင်ဆင်ဝင်ရိပ်မှာရှိသော စုံစမ်းရေးစားပွဲကိုသွားကာ သတင်းပို့ကြရသည်။

"တတိယနှစ် ဓာတုဗေဒ သီရိမေ...ထွေးထွေးသိန်း...နွယ်နွယ်တင်... စိုးစိုးမော်"

ကျူတာဆရာမကလေး ဖြစ်ဟန်တူသော ဆရာမက ကျွန်မတို့အမည်နှင့် ခုံအမှတ်ကို စာရင်းမှာရှာသည်။ ပြီးတော့ အဆောင်ဝင်းကြီးထဲရှိ အရှေ့တောင်ဘက်က တန်းလျားရှည်ကြီးနှင့်တူသည့် သစ်သားဆောင် မည်းမည်းကြီးဆီ ညွှန်ပြလိုက်ပါ၏။

"အရှေ့ဘက်က သစ်သားဆောင်မှာ လေးယောက်စလုံး နေရမယ်... ရွှေမန်းကျောင်းဆောင်သစ်မှာလေ..."

အတူတူနေခွင့်ရကြပြန်တော့ ဝမ်းသာကြရပြန်သည်။

ကျွန်မတို့သေတ္တာများ လက်ဆွဲခြင်းများကို ရွှေမန်းကျောင်းဆောင်သစ်ဆီ အခေါက်ခေါက် သယ်ကြရသည်။ သစ်သားဆောင်ကလေးက ခြေတံရှည်အိမ်ကလေးနှင့်ပင် တူပါသည်။ လှေကား လေးငါးထစ်တက်လိုက်တော့ သစ်သားခုတင်ကလေးတွေ စီချထားသော Hall Type အခန်းကျယ်ကြီးကို တွေ့ရသည်။ ကျွန်မ တို့ ရသည့်ခုတင်က အဆောင်အလယ်လောက်မှာ။ အဆောင်ထဲမှာ ကျောင်းသူ တော်တော်များများပင် နေရာယူထားနှင့်ခဲ့ကြပြီ။ သည်တစ်ခါလည်း ကျွန်မ ကံကောင်းပြန်ပါ၏။ ကျွန်မစာကြည့်စားပွဲနှင့်တည့်တည့်မှာ ပြတင်းပေါက် ရှိနေ ခြင်းကြောင့်ပင်။

ရွှေမန်း နှစ်ထပ်ကျောင်းဆောင်ကြီးပေါ်မှာ နေရာမရလင့်ကစား ကျွန်မတို့ နေခဲ့ဖူးသော နှင်းဆီဖြူထက်တော့ ကျယ်ဝန်းပါသည်။ ပြီးတော့ တက္ကသိုလ်အရိပ်အာဝါသအတွင်းမှာဆိုတော့ ပိုပြီး နွေးထွေးလုံခြုံမှုရှိသလိုလည်း ခံစားရပါ၏။ အဆောင်ထဲမှာ သူ့နေရာ ကိုယ့်နေရာ နေရာချနေကြသည့် ကျောင်းသူတွေအသံက စာစာညံလျက်။ ခရီးရောက်မဆိုက် အချင်းချင်း မိတ်ဆက်ကြသူတွေလည်းရှိသလို တစ်ယောက်နှင့်တစ်ယောက် လှမ်းစကြနောက်ကြသူတွေလည်း ရှိ၏။ တချို့ကတော့ ဝမ်းပန်းတနည်း ငိုကြတာလည်း ရှိသည်။ ငိုသူကို ဝိုင်းစနေကြတာလည်း

www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာကောင်းလှသည်။ ကျွန်မတို့အထဲမှ ထွေးထွေးသိန်းကတော့ ပစ္စည်းတွေ သည်အတိုင်း ပုံချထားခဲ့ပြီး အဆောင်ဟောခန်းအနှံ့ စစ်ဆေးရေးဝင်နေလေ၏။

"ဟဲ့…ပျားအုံ…နင့်ပစ္စည်းတွေ သိမ်းဦးလေဟယ်"

နွယ်နွယ်တင်က လှမ်းခေါ်တော့မှ ထွေးထွေးသိန်း ခုတင်ရှိရာ ပြန်ပြေး လာခဲ့တော့၏။ ထွေးထွေးသိန်း သယ်လာသမျှပစ္စည်းတွေကို ကျွန်မတို့ကပါ ကူပြီး နေရာချထားပေးကြရသည်။ သူ့ပစ္စည်းတွေက သူတကာထက် ပိုသည်။

"ရဲဘော်တို့…ထမင်းစားဆောင်က ညနေ ငါးနာရီ ပိတ်တာတဲ့နော်… ပိတ်ပြီဆိုရင် လှည့်ကိုမကြည့်တော့ဘူးတဲ့…အချိန်နီးကပ်လာပြီ…သတိ"

အဆောင်ထိပ် တံခါးပေါက်မှ ကျောင်းသူတစ်ဦးက လှမ်းအော်လိုက်ခြင်း ဖြစ်သည်။ နာရီကိုကြည့်လိုက်တော့ ညနေ လေးနာရီခွဲပြီးပြီ။ ရေချိုးဖို့တောင် အချိန်မီပါဦးမလား။

"ကဲ…ပြောနေကြာတယ်…မပြောရင် မကြာဘူး…ရပ်ကြည့်လို့ အမြတ် မရှိ…ပြေးကြည့်မှ သိမယ်တဲ့…လာကြ ရေသွားချိုးမယ်"

"နင့်ဟာ ရထားပေါ် လျှင်ဆားရောင်းတာကျလို့ ပျားအုံရယ်…"

ထွေးထွေးသိန်းက ပြောပြောဆိုဆိုဖြင့် ထဘီရေလဲနှင့် တဘက်တစ်ထည် ဆွဲထုတ်ကာ ရေချိုးခန်းဘက်ဆီ ပြေးတော့၏။ ကျွန်မတို့လည်း ထွေးထွေးသိန်း နည်းတူ ရေဖလား၊ ဆပ်ပြာခွက်၊ သွားတိုက်ဘူး၊ သွားတိုက်တံပါမကျန် ဖလား တစ်လုံးထဲ စုထည့်ကာ သုတ်ခြေတင်ခဲ့ကြရသည်။ ရေချိုးခန်းကိုရောက်တော့ အများသုံး ကွန်ကရစ်ရေကန်ထဲမှာ ရေမရှိ။

"ရေကန်ထဲမှာ မိကျောင်းပေါ်နေပြီဟေ့…တယ်လည်း ကြောက်စရာ ကောင်းတဲ့ တောပါလားကရို့…ကိုင်း လာလေရော့…ရေလက်ကျန် တစ်ထွာတစ်မိုက် မိုက်ရုပ်အောင် ငုံ့ကာခပ်လိုက်မယ်…ပိုးလောက်လန်း အထပ်ထပ် ပေါ်ရော့လဟယ်…"

ထွေးထွေးသိန်းက သူ့ခန္ဓာကိုယ်ကြီးနှင့် ရေကို ကုန်းကာ ကုန်းကာ ခပ်ပေးရှာသည်။ ထွေးထွေးသိန်းအတွက်တော့ ကျွန်မတို့က တစ်လှည့် ခပ်ပေး ရသည်။ ရေချိုးလို့တော့ မရပါ။ ကိုယ်လက်သန့်သွားရုံသာ သန့်ရှင်းကြရသည်။

"မနက်စောစော ရေလာချိန်မှာ လုပ်လက်စ ပစ်ထားခဲ့ပြီး ပြေးသာချိုး ကြ…ဒါမှမဟုတ် ညနေ ရေလာချိန်ကျမှ စောင့်ချိုး…လိုရမယ်ရ ရေ တစ်ပုံးစီလောက်တော့ ကိုယ့်ဘေးနား ခပ်ထားကြ…ညဘက် သွား ကလေး ဘာလေးတိုက်တော့ အဆင်ပြေတယ်…ဒါတောင် အဆောင်



လူမစုံသေးလို့တဲ့နော်…နို့မို့ ရေချိုးကန်မှာ ရေလုချိုးကြရတာကိုက ပျော်ပွဲကြီးပဲတဲ့"

ကျွန်မတို့ထက် စောရောက်နေပုံရသော ကျောင်းသူတစ်ယောက်က ပြော ပြခြင်းဖြစ်၏။ ထမင်းစားဆောင်ကတော့ ကျွန်မတို့ ရွှေမန်းကျောင်းဆောင်သစ်နှင့် သိပ်မဝေးလှပါ။ အိမ်မှ ကြော်လှော်ပေးလိုက်သော အခြောက်အခြမ်း၊ အကြော် အလှော်ဘူးများ ကိုယ်စီကိုင်၍ ထမင်းစားဆောင်ဘက် ထွက်ခဲ့ကြသည်။ စားပွဲ တစ်လုံး (၈) ယောက်ထိုင်စနစ်ဖြင့် နေရာချထားပေးသည်။ Tray (ပုံစံပန်းကန်) ဖြင့် ထည့်ပေးသော အဆောင်ထမင်းဟင်းကို ကိုယ့်ပါလာသည့် ဟင်းခြောက်များနှင့် ဖက်စားလိုက်တော့လည်း စားလို့အဆင်ပြေပါ၏။ အဆောင်မှာ ကိုယ်မစားသည့် အသား စာရင်းပေးရသည်။ ကျွန်မက ဝက်သားနှင့် အမဲသားမစား။ ကုလားမလေး နှင့်တူသော နွယ်နွယ်တင် (ကူရ်ဘာနီ) ကတော့ ဝက်သားဟင်းက အကြိုက်ဆုံး ဖြစ်နေပြန်သည်။ စိုးစိုးမော်ကတော့ ကြက်သားနှင့်ငါးပဲ စားသည် ဆိုပါ၏။ ထွေးထွေးသိန်းကတော့ အစုံစားသတ္တဝါ။

"မစားတဲ့အသား စာရင်းပေးရသလို၊ စားတဲ့အသား စာရင်းပေးရရင် ကောင်းမှာပဲဟယ်" ဟု ဆိုလိုက်သေး၏။

ထမင်းစားဆောင်က ကျွန်မတို့ ပြန်လာကြတော့ နေရောင်ပင် မှိန်သွား ခဲ့ပြီ။ စာကြည့်စားပွဲတည့်တည့်က ပြတင်းတံခါးကို ဖွင့်လိုက်တော့ အဆောင်အရှေ့ ဘက် ခြံစည်းရိုးတစ်လျှောက် တွယ်ကပ်ပေါက်နေသော တိုက်ပန်းနွယ်ပင်များကို တွေ့ရသည်။ အရွက်စိမ်းစိမ်းတွေပေါ်မှာ ပန်းရောင် အပွင့် အခုပ်ခုပ်ကလေးများက အပူအပင်ကင်းကင်း ပွင့်နေကြသည်။ စည်းရိုးကိုကျော်ကြည့်လိုက်လျှင် ကျောက်ခင်း လမ်းကလေး အရှေ့ဘက်ဆီက ဘွဲ့နှင်းသဘင်ခန်းမ၊ အားကစားရုံနှင့် စာတိုက် အဆောက်အအုံတွေကို လှမ်းမြင်နေရပါသည်။

ညရောက်လျှင် မေမေနှင့်မေမေ့ဆီကို ကျွန်မ စာတစ်စောင် ရေးရပါဦးမည်။ လမ်းဘက်ဆီမှာ စက်ဘီးကိုယ်စီစီးလျက် ကူးလူးသွားလာနေကြသော ကျောင်းသား တွေကို တွေ့နေရဆဲ။ ညနေ ငါးနာရီခွဲတော့ အဆောင်တံခါးပိတ်ခေါင်းလောင်းတီး သံကို ကြားလိုက်ရလေသည်။ အဆောင်ထဲမှာတော့ နေရာချနေကြရဆဲဖြစ်၏။ ည ကိုးနာရီလောက်မှာမှ ငြိမ်သွားကြတော့သည်။ တစ်ဆောင်လုံး ငြိမ်သွားတော့မှ ကျွန်မစိတ်တွေ ပြန်နိုးလာသလို ခံစားရသည်။ ကျွန်မ အိပ်မပျော်ခဲ့ပါ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

မန္တလေးတက္ကသိုလ် ပင်မအဆောက်အအုံကြီးရှေ့က လှေကားထစ်ဖွေပေါ်မှာထိုင်ကြရင်း အရှေ့ အနောက် တောင် မြောက် သွားလာနေကြသော ကျောင်းသား ကျောင်းသူတွေကို ကျွန်မတို့ လိုက်ကြည့်နေမိကြသည်။ တချို့က တမာရိပ်၊ ထနောင်းရိပ်တွေမှာ မိုးတိုးမတ်တတ်။ တချို့က နှစ်ယောက်တည်း။

မိန်းကလေးက ရှက်စနိုး ခေါင်းငုံ့ထားသည်။ တက္ကသိုလ်သစ္စာထားကြသူများပေလား။

*"ရည်သွန်းရိုးိး၊ စက်ထုံးသော်၊ ဆောင်းကျူးနှေ့စ၊ သာလွန်ညဉ့်၊ သက်မျှစုရုံး၊ နှလုံးကြွင်းမဲ့၊ ကြွေခဲ့မတတ်၊ ဆွတ်လွတ်အူသည်း၊ နေလည်းဗျာပါ၊ ရုံခါခဏ၊ လျှပ်တစ်ပြက်မျှ၊ တွေးဆပြစ်ရှိ၊ မကြဲမီတည်း..."*

မိန်းကလေးက လျှပ်တစ်ပြက်စာသော်မျှ မနောက်အပြစ် မြုမည်စ်ကြောင်းတောင်းပန်နေတာလည်း ဖြစ်နိုင်သည်။ မိန်းကလေးဆိုတော့လည်း နူးနူးညံ့ညံ့ ပျံ့ပျံ့ဖြားဖြား၊ စကားမဥ္စူ၊ ကြားသူသံချို၊ သို့သာဆိုရှင့်၊ စွန်းငြိစိတ်မှာ၊ မသိသာခဲ့၊ သစ္စာတွေးဆေါ၊ နောင်စွန်းမျှော်ရသူတွေမဟုတ်လား။ "နတ်ရှင်နောင်က မိန်းကလေးတွေရဲ့စိတ်ခံစားမှုကို သိပ်ကျွမ်းကျင်သူပဲ မေရဲ့..." လို့ ပြောဖူးသော အောင့်စကားတွေ မှန်လိုက်တာ။ ကျွန်မပင် နှုတ်တက်ရွရွ ရခဲ့လှပါပြီကော။

မနက်ပိုင်းတစ်ချိန်လုံး စာအုပ်ဖိုးသွင်းကြ၊ ကျောင်းလခသွင်းကြ၊ အခန်းရှာရနှင့် မောသွားခဲ့ကြပြီမဟုတ်လား။ ပင်မအဆောင်ရှေ့က လှေကားထစ်တွေပေါ်မှာ ကျွန်မတို့လိုပင် ထိုင်နေကြသော ကျောင်းသားကျောင်းသူတွေ များသည်ထက်များလာခဲ့ကြပြီ။ လှေကားထစ်တွေပေါ်က လှမ်းမြင်နေရသော တက္ကသိုလ်မြင်ကွင်းသည်ပင် သီးခြားကမ္ဘာငယ်တစ်ခုလို ပျော်စရာကောင်းနေတော့သည်။ မုခ်ဦးအဝင်



ပေါက်မှ ဝင်လာကြသော စက်ဘီးတွေကလည်း ပြတ်သွားသည်မရှိ။ ဝင်လာမစဲတသည်းသည်း။ ပင်မဆောင်ရှေ့က ပန်းခြံအဝိုင်းကလေးဆီမှာလည်း ကျောင်းသူကျောင်းသားတွေ ရှိနေကြသည်။ စိန်ပန်းပင်၊ ငုဝါပင်၊ ဖွားဖက်တော်ပင်တွေ စီစီညီညီ ရှိနေကြသော တက္ကသိုလ်လမ်းတစ်လျှောက် လွယ်အိတ်ကိုယ်စီလွယ်လျက်သွားလာနေကြသော ကျောင်းသား ကျောင်းသူတွေကလည်း မနည်းလှပါ။ အဆင်အသွေး ရောင်စုံကြယ်သီးကလေးတွေ ပစ်ကြဲထားသလို တဖျပ်ဖျပ်တောက်နေကြပါ၏။

အထက်မြန်မာပြည် ဒေသကောလိပ်ပေါင်းစုံက ကျောင်းသား ကျောင်းသူတွေ ပင်မ မန္တလေးတက္ကသိုလ်ကြီးဆီ စုဝေးရောက်ရှိလာကြတာဆိုတော့လည်း အလှစုံစုံ၊ ဘဝစုံစုံ ရှိကြလိမ့်မည်။ တချို့က တောက်တောက်ပပ ရွှန်းရွှန်းစိုစိုဝတ်စားနိုင်ကြသူတွေဖြစ်၍ တချို့ကတော့လည်း သစ်လွင်ရုံ ရိုးရိုးကလေးတွေ။ ကျွန်မ တက္ကသိုလ်ကို တက်ရမည်ဆိုတော့ မေမေက မြင်းခြံဈေးထဲ ခေါ်သွားကာ စိတ်ကြိုက်ရွေးခိုင်းသည်။ ကျွန်မ မရွေးခဲ့။ မန္တလေးရာသီဥတုနှင့် ကိုက်လောက်မည့် ချည်ထည်ပွင့်ရိုက်ကလေးတွေသာ ချုပ်လာခဲ့သည်။ ကျွန်မတို့တစ်တွေ ထိုင်ကောင်းကောင်းနှင့် လှေကားထစ်တွေပေါ် အေးအေးဆေးဆေး ထိုင်နေခဲ့ကြသည်။

"ဟော့...အဲဒါ လားရှိုးဒေသကောလိပ်က စိုင်းကျော်စောပဲ့ကွ...မက်စ်မေဂျာကလေ...သူက သီချင်းဆို သိပ်ကောင်းတာတဲ့...စီးရီးတောင်ထုတ်နေပြီတဲ့..."

"ဟို...အိတ်ဝမ်းဆက်ကလေးနဲ့ကောင်မလေး တွေ့လား...တူးစတက်ကလေးနဲ့လေ...အေး သူက တောင်ကြီးဒေသကောလိပ်တုန်းက Queen တဲ့ကွ...အတွဲပါ ပါလာတာတဲ့ဟဲ့"

"ဟော့ ဟော့ ဟိုစုံတွဲကိုကြည့်လိုက်...ကောင်လေးက ဆေးကျောင်းကတဲ့...ကောင်မလေးက သစ္စာဆောင်ကလေ...ကြည့်မကောင်းလိုက်တာ...ပိန်ပိန်ရှည်ရှည်နဲ့ ဂျပုနဲ့...ဟားဟားဟား..."

လမ်းဖြတ်လျှောက်သမျှ အတွဲတွေ၊ ချောချောလှလှ ကောင်လေးကောင်မလေးမှန်သမျှ သိသူက သိသလို တစ်ယောက်တစ်ပေါက် ဝေဖန်ကြခြင်းသည်ပင် မိန်းကလေးသဘာဝများလား။ ကျွန်မတို့ပင် သတင်းလေးငါးခု ရလိုက်ပြီမဟုတ်လား။ ကျွန်မကတော့ အာရုံအားလုံးကို မြင်တွေ့ထိသိရှိသော်လည်း ဘာကိုမှ မစူးစိုက်မိသလို ရှိနေခဲ့သည်။ သည်ကြားထဲက ကျောင်းသား ကျောင်းသူ အုပ်စုထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အောင့်ကိုများ တွေ့လိုက်ရလေမလား ရှာနေမိတာတော့ ဝန်ခံရမည်။ အောင့်ကိုတော့ ကျွန်မ မလွမ်းသာပါ။ အောင် ရွတ်ပြတတ်သည့် ကဗျာတွေကိုသာ လွမ်းရပါ၏။ အောင်မရှိတော့လည်း ကျွန်မမှာ စကားပြောဖော်မရှိသလို ဖြစ်နေရပါသည်။ အနားမှာရှိကြသော သူငယ်ချင်းတွေနှင့်တော့ သူငယ်ချင်းစကားသာ ပြောနိုင်သည်။ စာပေစကား၊ ကဗျာစကား ကြားရလေ့မရှိ။ အောင်ကတော့ သူဖတ်ထားသမျှစာတွေ့ ရွတ်ပြ ရှင်းပြတတ်သည်မဟုတ်လား။ အထူးသဖြင့် ကဗျာတွေကို ကျွန်မစွဲလမ်းမြတ်နိုးသည်။ ရတုဆိုလျှင်လည်း ရတုမို့ စုံလှပါသည်။

နတ်ရှင်နောင်၏ ရတုများအပြင် စတုရင်္ဂဗလ၏ ရတု၊ မင်းခေါင်၏ ရတု၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့၏ ရတုများအပြင် ရှင်ဇေယျန္တာဘိဓေနဝဒေး၊ လျော်ကား ၃၀၀၀ မှူးတို့၏ ရတုတွေကိုပါ ပြောနိုင်သူဖြစ်သည်။ ကိုယ်ရည်သွေးရတု၊ လွှောက်ရတု၊ တမ်းတရတု၊ မြို့ဘွဲ့ရတု၊ ကျေးစေရတု၊ ဘုရားတိုင်ရတု၊ အပြည့်ခံရတု၊ ရာသီဘွဲ့ရတု၊ တောလား ရေလား ရတုများပါ ရှင်းပြတတ်ပါ၏။

ရှင်ရန်အောင်၏ လျှောက်ရတုဆိုလျှင် ကျွန်မ လိုက်ကူးထားခဲ့သည်။ ရတုအချိုက 'လွှန်ကဲ လွမ်း၍'...တဲ့။ လှလိုက်တာ။ ကျွန်မ ရှင့်ကြောင့် လွမ်းရတာပါတဲ့လား။

*"လွှန်ကဲလွမ်း၍၊ ချစ်ကျွမ်းဝင်လှ၊ နောင်ကျိုင်းမြကြောင့်၊ မျှောင်းပွမလန်း၊ မှိုအုံးဝန်းဝယ်၊ လွမ်းပန်းပွဲ့ကြွယ်၊ သနားဖွယ်တည့်၊ နေဝယ်မခံ့၊ ရွှေကြာညှံသို့၊ ဆွတ်ပျံ့ညှိုးချွေ၊ နောင်ကြောင့်သေတည့်၊ မပြေမိန်းမှိုင်၊ လွမ်းဆုံးတိုင်မူ၊ ကြွံခိုင်တဲ့စား၊ ရှင်သက်ထားသည် သနားဖျောက်လှာမည်ဘုရား..."*

သည်ရတုအကြောင်း အောင်ပြောပြတော့ လျှောက်ရတုသုံးပိုဒ်ဟု ပြောခဲ့ဖူးသည်။ နောက်ထပ်နှစ်ပိုဒ် ကျန်ပါဦးမည်။ အောင်နှင့်တွေ့မှ မေးရမည်။ သည်တုန်းက အောင်က "မိန်းကလေးဆိုတာ နေရောင်ထဲ ပွင့်ရတဲ့ ကြာပန်းလိုပါပဲ...နေကိုအံမတုဝံ့တော့ ကြာပန်းကလေး ညှိုးရတာပေါ့...အဲသလိုပဲ ကျွန်မ ရှင့်ကြောင့်လွမ်းရတာလို့ပြောတာ မေရဲ့...ချစ်သူကို အသနားဖျောက်လှည့်ပါဦးလို့ ရေးလိုက်တာ ဘယ်လောက်လှသလဲ...အောင်တော့ သဘောကျတယ်" လို့ ရှင်းပြခဲ့သည်။ ကျွန်မကတော့ ကျွန်မထုံးစံ ကန့်လန့်တိုက်ခဲ့ပါ၏။

"မေကတော့ နေဝယ်မခံ့ ရွှေကြာညှံသို့ ဆိုတဲ့ ရေကြာပန်းမျိုးမဟုတ်ဘူး အောင်...နေဘက်ကို ရဲရဲလှည့်ရဲတဲ့ နေကြာပန်းလို မိန်းမမျိုး...မေ မလွမ်းတတ်ပေါင်"



သည်တော့လည်း အောင်က ကျွန်မခေါင်းကို ပုတ်၍ ရယ်ပါ၏။ ပြီးမှ ကျွန်မတစ်သက်လုံး မှတ်မိနေမည့်စကားကို ဆိုပါသည်။

"လွမ်းတယ်ဆိုတာ အထက်တန်းကျတဲ့ ခံစားမှုပါမေ...မေ မလွမ်းဖူးသေးလို့ပါ"

သည်တော့လည်း ကျွန်မ ခွန်းတုံ့မပြန်သာခဲ့။

တစ်ရက်မှာတော့ ကိုတိုးကြီး ကျွန်မတို့ကို လာရှာသည်။ ကျွန်မတို့အတွက် မုန့်ထုပ်တွေ၊ ဘာလချောင်ကြော်တွေ၊ သရက်သီးသနပ်တွေ၊ မြေပဲယိုနှမ်းယိုတွေ ပါလာလိုက်တာ မနည်းပါ။ ကိုတိုးကြီးပြောပြသလောက်ဆိုလျှင် အောင် ကျောင်းကို ရောက်မလာသေးဟု ဆို၏။ ကိုတိုးကြီးနှင့် အောင်ကလည်း မြန်မာစာမေဂျာချင်းတူသော်လည်း နေခွင့်ရသည့်အဆောင် မတူဟု ပြောပြသည်။ ကိုတိုးကြီးက ဇေယျာဆောင်၊ အောင်က ရတနာပုံဆောင်။ မျိုးတင်လတ်နှင့် ထွန်းကျော်ကတော့ သမိုင်းမေဂျာ။ စပါးဝါဆောင်မှာ အဆောင်ရကြသည် ဆိုပါ၏။ ကျောင်းဖွင့်စရက်ပိုင်းဆိုတော့ ကိုတိုးကြီးလည်း ကျွန်မတို့ဆီ သိပ်မလာအားပါ။ သူ့ရည်းစား 'မချို'ဆီတော့ အသွားစိတ်လောက်ပါ၏။ မချိုက 'မြတ်မာ'ဆောင်မှာ။

"ချိုက မြတ်မာဆောင်မှာဟ...ငါက ဟိုကောင် ဖိုးရှမ်းကို မျှော်တာ...သည်ကောင် ငါ့ဆီ စာရေးဖော်တောင်မရဘူး...နင်တို့ ကျောင်းလခတွေသွင်းပြီးကြပြီပေါ့...ပိုက်ဆံလိုရင် ငါ့ကိုပြောကြ...အိမ်က ငါ ပိုက်ဆံတွေနိုက်လာခဲ့တယ်"

"ကျွန်တော်တို့ ပိုက်ဆံလိုတာတော့ ဟုတ်ပါပြီ...ကိုတိုးကြီးဖမ်းဖို့က မလွယ်ပါဘူး"

စိုးစိုးမော်က ခနဲ့တော့ ထွေးထွေးသိန်းက ထပ်တွယ်သည်။

"ဟဲ့...မြတ်မာဆောင်ကို ရေကြောင်းက လှေလောင်းနဲ့ သွားကြရုံပေါ့...ကိုတိုးကြီးသွားတာနဲ့ ချောင်းပေါက်နေပြီပဲဟာ..."

ကိုတိုးကြီးက သူ့ရည်းစားရှိရာ မြတ်မာဆောင်ကို သွားလွန်းလို့ ချောင်းပေါက်နေပြီလို့ ပြောလိုက်ခြင်းဖြစ်သည်။

"နင်တို့ ဒါပဲ...ငါကျေးတာ ပါးစပ်ထဲမရောက်သေးဘူး ကန်ကြပြီ...အလကား ဟိုက်ဗြိုဂျင်မတွေ...နင်တို့ ပုစိပေါင်းသည်နဲ့ တွေ့မယ်နော်"

ကျွန်မတို့ကို ဟိုက်ဗြိုဂျင်မတွေဆိုလို့ ရယ်ကြရသည်။ ဓာတုဗေဒမေဂျာသူတွေမို့လား။ သည်တစ်ခါ ပြန်တွယ်သူက နွယ်နွယ်တင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့က ဟိုက်ဒြိုဂျင်မတွေ ထားပါတော့… ကိုတိုးကြီးတို့သာ နှစ်စထောင်ဖော့လုံးတွေ…"

ကျွန်မတို့ ဝါးခနဲရယ်တော့ ကိုတိုးကြီးကပါ ရယ်သည်။

"နှင့်ကြီးတော် နှစ်စထောင်ဖော့လုံးရမလားဟ…ကြဲကြဲဖန်ဖန်"

"မြန်မာစာဆိုပညာရှိဆိုတဲ့သဘောပြောတာပါ…ကိုတိုးကြီးက လေ့ကား သုံးထောင်မျိုးလေ…"

"လေ့ကားသုံးထောင်မျိုး လုပ်ကြပါဟာ…ဘယ့်နှယ် လေ့ကားရယ်လို့ တော် တော်…ကောင်မတွေ ငါပြန်တော့မယ်…ငါက ဓေယျဆောင်မှာ နော်…"

ကိုတိုးကြီးက စလို့နောက်လို့ကောင်းသည်။ စိတ်ဆိုးသည်ရယ်လို့လည်း မရှိ။ သူကလည်း ပြောချင်ရာပြောလိမ့်မည်။ သူ့မှာ မိန်းကလေး ယောကျ်ားလေး ခွဲထားခြင်းမရှိ။

မန္တလေး ပင်မတက္ကသိုလ်မှာ ကျောင်းဆောင်တွေ တော်တော်များများ ရှိသည်။ အမျိုးသမီးဆောင်က ရွှေမန်း၊ သဇ္ဇာ၊ မြတမာ သုံးဆောင်ဖြစ်၍ ယောကျ်ား လေးအဆောင်တွေကတော့ ခြောက်ဆောင်တောင်ရှိသည်။ အောင်မင်္ဂလာ၊ ရွှေပြည် အေး၊ ရတနာပုံ၊ နန္ဒီ၊ ဓေယျာ၊ စပါးဝါ။ မန္တလေးတက္ကသိုလ်ထဲကို ရောက်ပြီး နောက်တစ်နေ့မှာပင် ကျွန်မတို့တစ်တွေ တက္ကသိုလ်အနှံ့ ခြေဆန့်ခဲ့ပြီးကြပြီ။

မဆီမဆိုင် တက္ကသိုလ်ဆေးရုံကိုလည်း သွားကြည့်ခဲ့ကြသည်။ စာတိုက် ကတော့ ရောက်နေကျပင်။ ရောက်ကောင်းရောက်ရာ ဘွဲ့နှင်းသဘင်ခန်းမ၊ ရာဇတ် ခန်းမဆောင်၊ ရွှေမန်း၊ သဇ္ဇာ၊ မြတမာ အမျိုးသမီးဆောင်တွေကိုလည်း ရောက်ခဲ့ကြ ပြီ။ အမျိုးသားဆောင်တွေဘက်ကိုလည်း လမ်းပေါ်ကတစ်ဆင့် မျက်လုံးရောက်ကြ ရပါ၏။ အဆောင်ပြတင်းပေါက်တွေဆီက မျက်လုံးတွေ၊ အသံသေးအသံကြောင် အော်ဟစ်အားပေးသံတွေကြောင့် နောက်တစ်ခေါက် ဖြတ်မလျှောက်ရဲကြတော့ပြီ။ ရေနီမြောင်းတစ်လျှောက်က အကြော်ဆိုင်တွေ၊ စားသောက်ဆိုင်တွေဘက်လည်း မရောက်မဖြစ် ရောက်ခဲ့ကြပါ၏။ ဒေါ်တင်မေ့ဆိုင်မှာ အသုပ်စုံစားခဲ့ပြီးပြီ။ ရတနာပုံလမ်းဘက်က ကန်တင်းမှာလည်း ထိုင်ခဲ့ကြဖူးလေပြီ။

"ရေနီမြောင်းက အကြော်ဆိုလို့စားကြည့်ပါတယ်…တို့မြင်းခြံ ပြောင်းဖြာ ထိပ်က ဒေါ်ဘုအကြော်ဆိုင်လောက်တောင် စားမကောင်းဘူး…"

ထွေးထွေးသိန်း၏ မှတ်ချက်ဖြစ်ပါ၏။



ကျွန်မတို့ ဓာတုဗေဒမေဂျာ စာသင်ခန်းများရှိရာ အင်းဝဆောင်၊ လက်တွေ့ (Practical) လုပ်ရာ ပင်မအဆောက်အအုံ အပေါ်ထပ် အောက်ထပ်၊ စာပေးစာယူဌာန တည်ရှိရာ ညောင်ပင်ပိုင်း လက်တွေ့ခန်းတွေကိုလည်း ရောက်ကြ သည်။ ကျောင်းဆောင်အနှံ့၊ စာသင်ဆောင်အနှံ့၊ ဌာနပေါင်းစုံအနှံ့ သွားကြရတာကို လည်း ပျော်ရပါ၏။ ပြီးတော့ တက္ကသိုလ် တောင်ဘက်အပေါက် အထွက်က ဆင်ဖြူကန်သချိုင်းနှင့်နီးရာ လယ်ကွင်းစပ်တွေအထိ စပ်စပ်စုစုရောက်ကြတာလည်း ရှိခဲ့ကြပါ၏။ ခြေဖွေပါသော ထွေးထွေးသိန်းဆိုလျှင် ဆောင်ကုန်းရပ်ရှိ ပြင်ပအဆောင် နေ သူငယ်ချင်းတွေဆီကို ထိုထိုပေါက်လှပြီ။

တက္ကသိုလ်ရောက်ခါမှ အဆောင်တူသူငယ်ချင်းတွေ၊ အတန်းဖော် သူငယ်ချင်းတွေ၊ လက်တွေ့ခန်းသူငယ်ချင်းတွေ စသဖြင့် သူငယ်ချင်းတွေ ရှိလာခဲ့ သည်။ တက္ကသိုလ်ကျောင်းသူတွေဆိုတော့လည်း ပွင့်လင်းကြသည်။ အချင်းချင်း ပေးမစာနာကြသည်။ တက္ကသိုလ်ဆိုသော ကမ္ဘာတစ်ခုတည်းမှာ အချိန်ကာလတစ်ခု အထိ လာစုမိကြသော သူငယ်ချင်းတွေ။ သည်အတွေ့အကြုံကို ကျွန်မ နှစ်သက် မက်မောရပါ၏။ သူငယ်ချင်းတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေ ဘယ်လိုပဲများများ ကျွန်မ မျှော်နေရသော အောင်တစ်ယောက် ရောက်မလာတော့လည်း မပြည့်စုံသလို ဖြစ်နေရသည်။

"သီရိမေ…အောင် ကျောင်းလာမတက်တော့ဘူးလားမသိဘူးနော်"

စိုးစိုးမော်က ကျွန်မကိုပဲရွေးကာ မေးလိုက်ခြင်းကြောင့် မလုံမလဲတော့ ဖြစ်ရပါ၏။ ကျွန်မကိုယ်တိုင်လည်း သည်မေးခွန်းကို မေးချင်နေတာ မဟုတ်ပါ လား…။ သူတို့ကလည်း အောင့်သူငယ်ချင်းတွေဆိုတော့ ရိုးရိုးမေးတာ ဖြစ်ချင် လည်း ဖြစ်မည်။

"မသိပါဘူးဟယ်…မိုးတင်လတ်ကပြောတော့ ကလောက ကျောင်းသား တစ်ယောက်နဲ့တွေ့လို့ အောင့်အကြောင်းမေးကြည့်တော့ သူတို့လည်း မသိဘူးလို့ ဖြေသတဲ့…"

သည်လိုဖြေလိုက်တော့လည်း သူငယ်ချင်းလေးယောက်ထဲမှာ ကျွန်မ တစ်ယောက်တည်းကသာ အောင့်သတင်းကို စုံစမ်းနေသလိုလို အောင့်သတင်းကို သိနေသလိုလို ဖြစ်ရပြန်ပါ၏။ မတတ်နိုင်။ ကျွန်မ သိတာတော့ ရိုးရိုးပဲ ပြောလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအသံကကော ပုံမှန်ဟုတ်ရဲ့လား။ သိပ်စိတ်စောရာများ ကျနေသလား မသိတတ်နိုင်ပါ။ တကယ်တော့ ကျွန်မတို့ အားလုံး အောင့်ကို သတိရနေခဲ့ကြတာလည်း အမှန်ပင်။ အောင်က ကျွန်မတို့အားလုံးနှင့်ချစ်ခင်သူမဟုတ်လား။

"မနွယ်..."

ကျွန်မတို့နောက်မှ ခေါ်သံကြားလိုက်ရသဖြင့် လေးယောက်စလုံး ပြိုင်တူလှည့်ကြည့်လိုက်မိကြသည်။ အသားညိုညို မျက်ဝန်းနက်နက်နှင့် ရိုးပုံရိုးလက်ရှိသော ကျောင်းသားတစ်ယောက်။ ရှပ်အင်္ကျီအဖြူလက်ရှည်နှင့် ပုဆိုးနီညိုရောင်ဝတ်ထားသည်။ ရုပ်ရည်သန့်သန့် ရိုးရိုးသားသားပုံစံမျိုးနှင့် ဖြစ်၏။ မိန်းကလေးတွေတစ်ပြုံကြီးရှေ့မှာဆိုတော့ နည်းနည်းလေး ရှက်ရွံ့သလိုလိုတော့ရှိ၏။ နွယ်နွယ်တင်က ဖျတ်ခနဲ မတ်တတ်ရပ်လိုက်ရင်း ပြုံးပြသည်။

"မနွယ်...မနေ့က ပရယ်တီကယ်အခန်းမှာ စာအုပ်မေ့ကျန်ရစ်ခဲ့တာ ကျွန်တော် သိမ်းထားတယ်"

ကျောင်းသားက နွယ်နွယ်တင့်ကို စာအုပ်ကမ်းပေးတော့ နွယ်နွယ်တင်က ကျေးဇူးတင်ကြောင်းပြောပြီး လှမ်းယူသည်။ ကျောင်းသားကို ကျွန်မတို့နှင့်လည်း မိတ်ဆက်ပေးသည်။

"ဒါ နွယ်နွယ့်သူငယ်ချင်းတွေပါ...သူက ထွေးထွေးသိန်း...ဒါ သီရိမေ... စိုးစိုးမော်..."

ကျောင်းသားက လွယ်အိတ်ကို ရှေ့ရွှေ့ရင်းက ကိုယ်ကလေးညွတ်ကာ ကျွန်မတို့ကို ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်သည်။ ပြောပုံဆိုပုံ ဟန်အမူအရာက အေးဆေးညင်သာရှိသည်။ သူက နွယ်နွယ်တင့်ကို မနွယ်လို့ပင် ခေါ်နေပါပကော။ ထွေးထွေးသိန်းကို လှမ်းကြည့်တော့ ခပ်ပြုံးပြုံး။

"သူက ကိုကိုနိုင်တဲ့...တို့နဲ့ခုံအမှတ်ဆက်ရက်ပဲ...ရွှေဘိုဒေသကောလိပ်က...သည်နှစ်မှရောက်တာ...ရတနာပုံဆောင်က"

နွယ်နွယ်တင့်မျက်နှာကလေးက ပန်းသွေးရောင် ပြေးနေခဲ့သည်။ ခေါင်းကလေးကို ငုံ့ငိုက်ငိုက်ငုံ့ထားသော်လည်း မျက်နှာကပြုံးလျက်။ သည်အပြုံးက နွယ်နွယ်တင်ပြုံးနေကျအပြုံး မဟုတ်သလိုပင်။ ရင်ခုန်မောမော အပြုံးများလား။ အသံတွေကလည်း ရှိုက်သာသော်လည်း တုန်ခါနေခဲ့သည်။ ထွေးထွေးသိန်း ဝင်နောက်လိုက်မှာစိုးသည့်ကြားက ဝင်ဖြစ်အောင်ဝင်လာခဲ့သည်။

"နေပါဦး...ဘယ်ကရယ်"

"ရွှေဘိုပါဗျ"



"ကျွန်မတို့နဲ့ ကပ်လျက်ပဲ"

"ဘယ်ကမို့လဲဗျ"

"မြင်းခြံကလေ"

"ဟာဗျာ"

ကိုကိုနိုင်က ဟဲခနဲ ရယ်လိုက်သည်။ ပြီးမှ ကပျာကယာ ပါးစပ်ကို ပြန်ပိတ်သည်။

"ရွှေဘိုကဆိုတော့ ကျွန်မတို့ဘကြီးတော့ သိမှာပါလေ...မသိသူလည်း မရှိသလောက်ပါပဲ..."

"ဘယ်သူပါလိမ့်ဗျာ..."

"ဦးအောင်ဖေယျလေ..."

"ဟာဗျာ..."

သည်တစ်ခါလည်း ကိုကိုနိုင်က ဟဲခနဲ ရယ်ပြန်ပါ၏။ နွယ်နွယ်တင်ကတော့ ထွေးထွေးသိန်းကို ဝင့်မတားရဲပါ။ ဝင်တားလိုက်လျှင် ပိုဆိုးတော့မှာကို သိလို့ဖြစ်ပါ၏။ ကျွန်မတို့ကလည်း နွယ်နွယ်တင့်သူငယ်ချင်းနှင့် ရင်းနှီးမှုရအောင် စ,နေသည့် ထွေးထွေးသိန်း၏သဘောကို သိပါသည်။ ခင်မင်ရင်းနှီးမှုဖြင့် စခြင်းမဟုတ်လား။ ကိုကိုနိုင်၏ 'ဟာဗျာ' တွေ ကြားရလေ ကျွန်မတို့က ရယ်ရလေ။

"ကျွန်မတို့မြင်းခြံက မြို့ထောင့်စေတီပွဲလည်း လာခဲ့ဦးပေါ့"

"ဟုတ်ကဲ့ပါ...ဟာဗျာ မြို့ထောင့်စေတီပွဲက ကျွန်တော်တို့ဆီကပါ"

သည်တစ်ခါလည်း 'ဟာဗျာ'ပါပြန်လို့ ရယ်ကြရပြန်သည်။ နွယ်နွယ်တင်ကတော့ မျက်နှာကလေး ရဲလို့။ ထွေးထွေးသိန်းနှင့် ရွှေဘိုသားကို ဘယ်လိုခွဲထုတ်ရပါ့မလဲ တွေးနေပုံရသည်။

"ကဲပါ...နွယ်နွယ့်စာအုပ်ကို သိမ်းထားပေးတဲ့အတွက် နွယ်နွယ် မုန့်ဝယ်ကျွေးပါ့မယ်...ဘာစားမလဲ"

"အို...မဟုတ်တာပဲဗျာ...ကျွန်တော် ဘာမှမစားချင်ပါဘူး"

"တို့ကတော့ စားချင်တယ် မနွယ်...အဲလေ နွယ်နွယ်တင်...လာရေနီမြောင်းဘေးက ဘူးသီးကြော်ဆိုင်ကို သွားကြမယ်"

ကိုကိုနိုင်က မိန်းကလေးတွေကြားထဲ မရင်းမနှီး မုန့်လိုက်စားရမှာ ရှက်နေပုံရသည်။ နွယ်နွယ်တင်က လိုက်စေချင်သည့်မျက်နှာရိပ်ပြတော့လည်း ငြင်းနိုင်ခက်နေပုံ...။ ထွေးထွေးသိန်းက ဝင်လာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"အသာတကြည် လိုက်မလား မလိုက်ဘူးလား ပြော…ရွှေဘိုသား လုပ်နေပြီး သတ္တိနည်းလိုက်တာနော်"

သည်တော့မှ ကိုကိုနိုင်လည်း ပြုံးလာခဲ့ကာ လိုက်ပါ့မယ် ဆိုတော့သည်။

ထွေးထွေးသိန်းက ရှေ့ကနေ ချီတက်သွားမှတော့ ကျွန်မတို့တစ်တွေလည်း ရေယောင်ကာ ထလိုက်ခဲ့ကြသည်။ နွယ်နွယ်တင်နှင့် ကိုကိုနိုင်ကတော့ နောက်ချန်ကာ ဖြည်းဖြည်းလျှောက်လာခဲ့သည်။ ပင်မလှေကားထစ်တွေပေါ်က ဆင်းကာ NB ဟုခေါ်သော လမ်းမြောက်ဘက်ဆောင်မှ အဆောက်အအုံ အဝါကြီး အောက်မှဖြတ်ကာ ရေနီမြောင်းဘက် ထွက်ခဲ့ကြသည်။ မြန်မာစာဌာနရှေ့ကို ရောက်တော့ အောင်ကို သတိရလိုက်မိပါ၏။ အောင် ဘာကြောင့် ကျောင်းလာမတက်တာလဲ…။ ရေနီမြောင်း ချောင်းကူးသစ်သားတံတားကလေးကို ဖြတ်ကြတော့ တောင်သမန် ဦးပိန်တံတားကို သွားခဲ့ကြသည့်နေ့ကို စိတ်ရောက်ရပြန်ပါ၏။

ဘူးသီးကြော်စားရင်း စကားတွေပြောကြသည်တော့မှ ကိုကိုနိုင်သည် ရိုးသားဖြောင့်စင်းသူတစ်ဦးဖြစ်ကြောင်း သိရပါ၏။ ထွေးထွေးသိန်းကလည်း မနှောက်တော့ပါ။ ခင်မင်မှုရအောင် နောက်ခဲ့ကြောင်းပင် တောင်းပန်ခဲ့သည်။

"ကျွန်တော်က ရွှေဘိုသားဆိုပေမယ့် ရွှေဘိုမြို့ပေါ်က မဟုတ်ပါဘူး… ရွှေဘို ဝက်လက်နယ်ဘက်က ရွာကလေးတစ်ရွာကပါ…မိဘတွေက တောင်သူတွေ ဆိုပါတော့…"

ကိုကိုနိုင်ပြောပြသော ရွှေဘိုနယ်အကြောင်းတွေကလည်း စိတ်ဝင်စားစရာကောင်းလှပါ၏။ ဓာတုဗေဒ အဓိကကျောင်းသား ဆိုသော်လည်း မြန်မာစာပေ ဝါသနာပါသည်။ ရွှေဘို ကောက်စိုက်ပွဲကြီးသံတွေအကြောင်း ပြောပြတော့ ကျွန်မတို့ ငေးနေရသည်။ ပညာတတ် တောသူတောင်သားဆိုတော့ ရွာဓလေ့ကို မြင်တတ်ကြားတတ်ရှာပါ၏။

"ရှေးက တောင်သူတွေ မိုးခေါင်ရေရှားလို့ ပင်ပန်းကြတာတွေ…ဝတ်ရေ စားရ ဆင်းရဲကြတာတွေ…မိုးကို မျှော်ရပုံတွေ…သည့်ကြားထဲက နွားနဲ့ ရုန်းပြီး လယ်ခင်းဆင်းကြရတာတွေကို ဖွဲ့တာပါပဲ…"

"ရွတ်ပြပါဦး…"

"*'ထွန်ယက် ခမောက်စုတ်နှင့်၊ လူလုပ်ကယ်တဲ့ ညံ့လိုက်တာ၊ ဆိုးတဲ့ကံဟာ၊ မိုးမရွာ မြေသာကွဲလို့၊ ခန့်နဲ့ ရေကိုတင်၊ ပန်းတဲ့ဖြစ်အင်…'* တဲ့။ နောက် ရှိသေးတယ်… *'လုပ်ရတယ်တဲ့ ကိုင်ရတယ်၊ မောင်ကြီး ထွန်ကိုဖြတ်လျှင်၊ ပျိုးနုတ်ရတယ်၊ လုပ်ငန်းရယ်တဲ့ မတွင်တာ၊ နွားပြာပိန်*



*ချိုလိမ်ကော့က၊ အားပျော့ လို့ဗျာ၊ ထမင်းက ညံ့လိုက်တာ၊ မသေရုံ ချဉ်ပေါင်ဟင်း၊ တင်းမျိုရရှာ…'* တဲ့"

"ကောင်းလိုက်တာနော်…ဘဝထဲက ရတဲ့ခံစားမှုတွေ သိပ်ပေါ်တာပဲ"

နွယ်နွယ်တင်ကတော့ ကိုကိုနိုင်နှင့်ကျွန်မတို့ ခင်မင်သွားတာကို ဝမ်းသာနေရှာပါသည်။ ကိုကိုနိုင်ကလည်း ကျွန်မတို့ကို ခင်သွားသည်။ ထွေးထွေးသိန်းက နောက်နေသေး၏။

"သည်အတိုင်းဆိုရင် ကိုကိုနိုင်တို့ရွာကို မလိုက်ဝံ့တော့ဘူးဟော့…ချဉ်ပေါင်ဟင်းနဲ့တော့ မဖြစ်ဘူး…"

ကိုကိုနိုင်က ရယ်သည်။

"ရှေးကပါဗျာ…ဒါကြောင့်လည်း ကောက်စိုက်ပွဲကြီးသံမှာ ရေးထားတာ ထင်ပါရဲ့…"

"လုပ်ပါဦး…"

"*'ရွှေနားတောင်းကိုလ၊ ပုံခေါင်းလောက် ဝတ်စေ့မယ်၊ ဖုံကြီးသည် လိမ်လည်လို့၊ နားချဲ့မိတယ်၊ မေးပါနှင့်ဟယ်၊ ရွှေကိုကွယ် မဆိုထားနှင့်၊ ငွေကိုကွယ် မဆိုထားနှင့်၊ သူ့နားမှာ ရွှေပေရွက်ကို၊ ပေးရက်ကဲ့လား…* တဲ့"

"ရှင်းပြဦးမှပေါ့…"

"ဩော်…မိန်းကလေးကို ရွှေဘိုသားက ကြွားမိတယ်ထင်တယ်…ရွှေနားတောင်း ပုံခေါင်းလောက် ဝတ်စေရပါ့မယ်…နားသာ ချဲ့ထားပါပေါ့… မိန်းကလေးက မယုံဘူး…ရွှေမပြောပါနဲ့ နားထဲလိပ်ဖို့ ပေရွက်ကလေး တောင် ပေးရက်ရဲ့လားတဲ့…"

နွယ်နွယ်တင်နှင့် ကိုကိုနိုင်က ကျောင်းဖွင့်စမှာပင် မေတ္တာရှိနှင့်ကြပြီလား။ သူငယ်ချင်းတွေပဲလား။ သူငယ်ချင်းသာသာလား။ ချစ်ခြင်းဆိုတာ သိရခက်သား။ ကျွန်မကတော့ နွယ်နွယ်တင့်ကို အပြစ်မတင်ပါ။ အရွယ်အရောက် ဆင်ခြင်တတ်သည့် စိတ်အားဖြင့်ပါ ရင့်ကျက်သည့်အရွယ်ရောက်ပြီ။ အခုလည်း မျက်နှာကလေး ဝက်ထားတတ်သော ဆယ်ကျော်သက်စ ကလေးမကလေးလို ရှိနေပါ၏။ ဘာကြောင့်ရယ်မသိ၊ နွယ်နွယ်တင့်ကို ကျွန်မ သနားနေမိသည်။ နွယ်နွယ်တင်တို့က ဥစ္စာဓနပြည့်စုံကြသော်လည်း မိဘနှစ်ပါးမှာ စိတ်မချမ်းသာစရာတွေ ရှိနေတာ အားလုံးအသိ။ နွယ်နွယ်တင်ကိုယ်တိုင်က မပြောသာသည့် သားသမီးဆိုတော့ စိတ်ဆင်းရဲရှာလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ နွယ်နွယ်တင့်ရင်ထဲမှာ အချစ်ရှိခဲ့ပြီ။ သည်အချစ်ထဲမှာ အားကိုး ခြင်း၊ စွန့်စားခြင်း၊ ယုံကြည်ခြင်း၊ မြတ်နိုးခြင်း၊ မျှော်လင့်ခြင်းတွေလည်း ပါလိမ့်မည် ထင်၏။ သို့သော် သူတို့နှစ်ယောက်ဘဝက ရွှေနားတောင်းနှင့် ပေရွက်လိပ်လိုများ ဖြစ်နေသလား။ နွယ်နွယ်တင်ကတော့ ရွှေနားတောင်းကို ချွတ်၊ ပေရွက်လိပ်ကလေး နားပန်ဝံ့ပြီဆိုသော အချစ်၏ခွန်အားတွေ ရနေပြီထင်ပါ၏။

ကျွန်မတို့ အဆောင်ပြန်ကြတော့ ကိုကိုနိုင်လည်း နှုတ်ဆက်ပြီး ပြန်ရှ သည်။ သည့်နောက်မှာတော့ ကိုကိုနိုင်သည်လည်း ကျွန်မတို့အဝန်းအဝိုင်းထဲ ရောက်လာခဲ့ပါ၏။

“မိနွယ်တို့များ ရည်းစားထားတာ မောင်းကြေးနင်းလေး ဘာလေးတောင် မခတ်ဘူး…ညံ့ပါ့ဟယ်…”

“ဍူ ဟူ ဟူ”

“အားကျလိုက်တာဟယ်…မနွယ်တဲ့…ဟီဟိ”

သူငယ်ချင်းတွေကတော့ ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက်ပင်။ နွယ်နွယ်တင့်ခမျာ ရယ်ရခက်၊ ငိုရခက်။ ကျွန်မက ဟန့်ရသည်။ အားလည်းပေးမိ သည်။ နွယ်နွယ်တင်ကလည်း ကျွန်မလိုပင် တွေးမိပုံပေါ်ပါ၏။

“သီရိမေရယ်…ငါ ပေရွက်ဖါလေးလိပ်ပြီး နားပန်တော့မယ် စိတ်ကူးမိ တယ်…ဘဝမှာ စိတ်ချမ်းသာဖို့ပဲ လိုပါတယ်ဟယ်…ငါမှားရင်လည်း ပြောကြပါ ဟာ…”

ကျွန်မကတော့ အောင် ရွတ်ပြခဲ့ဖူးသော ကြည်အေး၏ကဗျာကလေး ကိုသာ ခပ်တိုးတိုး ရွတ်ဆိုနေမိသည်။ ရေနီမြောင်းဘေးတစ်လျှောက် စိန်ပန်း ရွက်ကလေးတွေ လေအသုတ်မှာ တမှုန်မှုန် တလွင့်လွင့် ကြွေကျနေကြပြီ။ မကြာခင် ရွက်နုသစ်တွေ ဝေတော့မည်။ ဖူးကြ၊ ပွင့်ကြလိမ့်မည်။ လောကနိယာမကို တားနိုင် ခဲ့သားပင်။

‘တသည်းသဲ
သန်းယံအိပ်မက်…မမက်ဘူးလား
မဖြားယောင်းရက်…လွမ်းရခက်ခဲ
ရော်ပျက်နှမ်းခွေ…လေသက်မြေခ
ကြွေရွက်အတူ…လူးတော့သည်…’

အချစ်ဆိုတာကတော့ ကြွေခဲ့သော သစ်ပင်တစ်ပင် ထင်ပါရဲ့။

(၂၆)

“ကဲ…ကွင်ဘာနီ…နင်နဲ့ကိုကိုနိုင် ဘယ်က ဘယ်လို ဆုံကြ တွေ့ကြ တယ်ဆိုတာတွေ တို့ကို ကကြီးကနေ အ အထိ အကုန်အံပြစမ်း”

ညနေပိုင်း ရေမိုးချိုး ထမင်းစားသောက်ပြီးကြသည်နှင့် ရွှေမန်းဆောင် ရှေ့က ခုတ်ခုံမှာ ကျွန်မတို့ စုထိုင်နေကျဖြစ်သည်။ တစ်ခါတစ်ရံ အချိန်စောနေလျှင် ရွှေမန်းနှင့် သစ္စာဆောင်ကြား Canteen မှာ သွားထိုင်ကြတာမျိုးလည်း ရှိပါ၏။ ခုတ်ခုံပေါ်မှာထိုင်ကြရင်း ရွှေမန်းတစ်လျှောက် သွားလာနေကြသော စက်ဘီးများ၊ ကျောင်းသူ ကျောင်းသားများကို ကျွန်မတို့ ငေးနေကျ၊ သဘောထားမှတ်ချက်တွေ ပေးနေကျမဟုတ်လား။ ကျွန်မက စာတွေဖတ်ချင်နေသော်လည်း အများဆန္ဒအတိုင်း လိုက်ရတာတွေရှိသည်။

“ဟဲ့…ပျားအုံ…ကကြီးကနေ အ အထိ မရောက်လောက်သေးပါဘူး ဟယ်…အခုမှ ဃကြီးလောက် ရှိဦးမှာပါ”

“ဘာဃကြီးမှမရောက်သေးဘူး…လကလေးစောင်းစောင်း၊ ခွေးကျောင်း တက်နေတုန်းရှိဦးမှာ…”

“ထားပါတော့ ကဝဂ်တော့ ကုန်လောက်ပါပြီ။ နတ်သံကလေးနှောပြီး ပြောစမ်း နွယ်နွယ်တင်”

ကျွန်မတို့တစ်တွေ ဝိုင်းအစ်တော့ နွယ်နွယ်တင်က ရှက်နေသေးသည်။ အသားညိုညို၊ မျက်လုံးဝိုင်းဝိုင်းတောက်တောက်ကလေးနှင့် နွယ်နွယ်တင်က သဘောမနောကလည်း ကောင်း၊ ပစ္စည်းဥစ္စာကလည်း ပြည့်စုံ၊ သူငယ်ချင်းတွေ အပေါ်မှာလည်း ငဲ့ညှာ။ ချစ်လည်းချစ်ခင်ရသော သူငယ်ချင်းကောင်းဖြစ်သည်။ နွယ်နွယ်တင့် ကိုယ်ရေးကိုယ်တာဆိုသော်လည်း တစ်စုံတစ်ရာ အယွင်းအချော် မရှိရအောင် ကျွန်မတို့အားလုံးက သိသင့်သမျှတော့ သိဖို့လိုအပ်သည်ထင်ကာ မေးကြခြင်းဖြစ်သည်။ နွယ်နွယ်တင်က ပျော့ပျော့အေးအေး နေတတ်ပါဘိသနှင့်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနိုင်နဲ့ ငါနဲ့က ခုံနံပါတ်ဆက်ရက်ဟာ…ပရယ်တီကယ်လုပ်ကြ တော့လည်း တစ်အုပ်စုတည်း ကျတယ်ဟာ…အခုမှ လက်တွေ့လုပ်ကြ ရတာ လေး၊ငါးခါ ရှိသေးတယ်ဟာ…တစ်ယောက်နဲ့တစ်ယောက် မျက်နှာတောင် စေ့စေ့မကြည့်ဖူးကြသေးဘူးဟာ…ကိုင်း ဘာသိချင် ကြသေးလဲ…"

"ဒါအကုန်ပဲလား…မကလောက်ပါဘူးဟာ…နင့်ဟာ ခြောက်တောက် တောက်နဲ့ ရင်မခုန်ရချက်တော့…"

စိုးစိုးမော်က ရဲစစ် စစ်နေသေး၏။

"ဒါပါပဲဟာ…တကယ်ပြောတာပါ…ငါက နင်တို့မပြောလို့ ဘယ်သူ ပြောရမှာလဲ…ပြောရရင် ရည်းစားစကားပြောတာ…ရည်းစားစာ ပေးတာ မျိုးတောင် မရှိသေးပါဘူး…သူစိတ်ဝင်စားတယ်ဆိုတာတော့ ငါသိနေ တယ်"

"နင်ကကော…"

"ငါကလား…ဒီလိုပါပဲဟယ်"

နွယ်နွယ်တင့်စကားက မရှုံးမရှင်း။ ကျွန်မတို့သူငယ်ချင်းတစ်တွေ မေဂျာချင်းတူသော်လည်း ခုံနံပါတ်အရ လက်တွေ့ (Practical) အချိန်ချင်း မတူ ကြပါ။ သို့သော် နွယ်နွယ်တင့်အပြောကို ကျွန်မ ယုံကြည်ပါသည်။ မိရိုးဖရိုးနှင့် ဝေးသော ကျောင်းသူတွေဆိုသော်လည်း ပေါ့လွယ်လွယ် စဉ်းစားကြတာမျိုး မရှိ ယောကျ်ားကလေးက ကြိုက်လို့ သည်မိန်းကလေးတစ်ယောက်ကို ပိုးရိပ်ပန်းရိပ် ရှိဘာက အစ ရည်းစားဖြစ်သွားကြသည်အထိ လူမြင်ကွင်းထဲမှာပဲ သန့်သန့်ရှင်းရှင်း ရှိတတ်ကြသည်။ တက္ကသိုလ် ပုရဂုဏ်သည် ပညာသင်ယူရာ ကျောင်းတော်မဟာ ဖြစ်သလို အရွယ်ရောက်နေကြသော ယောကျ်ားကလေး၊ မိန်းကလေးများ ရောက်ရှိ စုဝေးရာနေရာမို့ နှလုံးသားကိစ္စကို လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့် ရှိကြ သည်သာ။

"ဘာသိချင်သေးသလဲ ဆိုတဲ့အမေး ရှိလာတော့…သူက မိန်းမလှတော မှာ နင့်ကိုမှ ရွေးပြီး ဘာကိစ္စ မြားနဲ့ပစ်ရတာလဲ ငါသိချင်တယ်"

ထွေးထွေးသိန်းက မေးစေ့ကို လက်မနှင့်လက်ညှိုးညှပ်ကာ စုံထောက်ကြီး ဦးစံရှားပုံမျိုးဖမ်းကာ မျက်လုံးတွေ မှေးထားရင်း မေးသည်။

"ပျားအုံကလည်းဟယ်… ချိုပြုံး သီချင်းထဲကလို…တစ်ယောက်နဲ့ တစ်ယောက် တစ်မြို့စီ တစ်နယ်စီ နေကြသော်လည်းလေ…အလှရှိ သာမောရာ…မြကျွန်းညို ကဗျာတောမှာ…ခဏကွန်းခို လာသော



အခါ…တစ်ဦးနဲ့တစ်ဦး မိတ်ဆွေအပေါင်းအသင်း ဖြစ်သွားကြတာတွေ စိတ်နေပြောင်းရင်း ချစ်သွားကြတာတွေ…ဒါတွေ တကယ်တော့ မဆန်း ပေ ဆိုသလိုပေါ့ဟယ်…"

ကျွန်မက သီချင်းညည်းပြလိုက်တော့ အားလုံးက သဘောကျကာ ရယ်လိုက်ကြသည်။ နွယ်နွယ်တင်က ကျွန်မကို လှမ်းထုသည်။

"ဟော့…ဟိုမှာ ကိုတိုးကြီးတို့ လာနေတယ်…ဟောတော့ အောင်ပါ ပါတယ်ဟော့"

စိုးစိုးမော်က အလန့်တကြား အော်ဟစ်လိုက်တာကြောင့် ကျွန်မတို့ လေးယောက်စလုံး လမ်းပေါ်ကို လှမ်းကြည့်လိုက်ကြပါသည်။ ဟုတ်ပါရဲ့…။ အောင်နှင့်ကိုတိုးကြီးက ရွှေမန်းလမ်းအတိုင်း စက်ဘီးတစ်စီးစီဖြင့် လာနေကြခြင်း ဖြစ်ပါ၏။

"အောင်…"

ကျွန်မနှုတ်က ဝမ်းသာတုန်ခါစွာဖြင့် လှမ်းခေါ်မိခြင်းဖြစ်လေသည်။ အောင်က စက်ဘီးပေါ်မှဆင်းကာ ခေါက်ထောက်ရင်းက ကျွန်မကို ဝမ်းသာအားရ လှမ်းကြည့်နေသည်။ ဝမ်းသာမှုကြောင့် လည်လာရသော မျက်ရည်စကလေးတွေ ရှိနေမှန်း ကျွန်မကိုယ်တိုင် သိနေပါ၏။ စက္ကန့်အပိုင်းအခြားကလေးအတွင်းမှာပင် ကျွန်မတို့နှစ်ယောက်၏ မျက်လုံးတွေက စကားများစွာ ပြောလိုက်မိကြပြီထင်၏။ အောင့်ကြည့်ရတာ အသားတွေ ပိုညိုသွားသလိုပင်။ နည်းနည်းတော့ လူကြီးဆန်လာ သည် ထင်ပါ၏။ နဖူးပေါ်ဝဲကျနေတတ်သော ဆံပင်ကလေးတွေကို ခပ်တိုတိုညှပ် ထားတော့ မျက်နှာကလည်း ပိုပွင့်နေသည်။ သို့သော် အောင့်အပြုံးတွေကတော့ ယခင်ကနှင့်မခြား နုနယ်လန်းဆတ်နေဆဲပါလေ။ အောင်ရယ်…ကောင်းကင်က ငွေလမင်းပမာ ဘယ်ဆီများ သွားကာ သာနေသလဲလေ…လို့သာ မေးလိုက်ချင် လှပြီ။

"အောင်…စောစောကမှ ကျောင်းကိုရောက်တယ်…ရတနာပုံဆောင်မှာ အထုပ်အပိုးတွေ ပစ်ထားခဲ့ပြီး ကိုတိုးကြီးနဲ့ မေတို့ဆီ ချက်ချင်းလာခဲ့ တာ"

အောင်နှင့် ကိုတိုးကြီး ရောက်လာတော့ နွယ်နွယ်တင့်အမူလည်း ပလပ် လိုက်ရပြီ။ စုံထောက်ကြီး ဦးစံရှားပုံဖမ်းထားသည့် ထွေးထွေးသိန်းသည်ပင် ချက်ချင်း ကိုသိန်းမောင် ဖြစ်သွားလေ၏။ သူငယ်ချင်းတွေအားလုံး ပျော်သွားကြတော့ အမှန်ပင်။ ကျွန်မက အပျော်ဆုံးထင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အောင်ရေ…နင်လာလို့ပေါ့ဟယ်…သီရိမေခများ တကယ့်ကို မယ်ခွေ ဖြစ်နေရရှာတာဟဲ့…စောစောကလေးတင် ကဗျာတစ်ပုဒ် ရွတ်ပြနေ သေး…ဘာတဲ့ မယ်ခွေရဲ့ကဗျာ…အင်း ဘာတဲ့…တညိုးငယ်မှရော် ရော်…နမလေး…ဝေးက မျှော်သည်…ငယ်ဖော်ပေါင်းငဲ့…လည်ချောင်း ငဲ့…အဲ့ ဟဲ့ ဟဲ့…"

ဆွဲဆွဲငင်ငင်နှင့် ဒွန်ကရိုဏ်းမကျသော ထွေးထွေးသိန်းအသံနှင့်ဟန် ကြောင့် တစ်ဝိုင်းလုံး ပွဲကျသွားကြသည်။ ကျွန်မဆိုပြခဲ့သောသီချင်းက တစ်မျိုး၊ ထွေးထွေးသိန်း ရွတ်ပြတာက တခြားမဟုတ်လား။

"အဲဒါ မယ်ခွေရဲ့ကဗျာမဟုတ်ပါဘူး ပျားအုံရယ်…ရှင်ငြိမ်းမယ်ရဲ့ အိုင်ချင်းပါ…နင် တက္ကသိုလ် တတိယနှစ်ရောက်တဲ့အထိ မြန်မာစာ မကျခဲ့တာ ငါ အံ့ဩနေတာ…"

ကိုတိုးကြီးအထောက်ကို စိုးစိုးမော်က ဝင်ဖောက်လိုက်သည်။

"ထွေးထွေးသိန်းရယ်…နင့်အသံနဲ့ ဆိုပြတော့ အိုင်ချင်းမဟုတ်တော့ သလိုပဲ…"

"ဘာနဲ့တူသွားသလဲ…"

"အန်ချင်း…အန်ချင်စိတ်ကို ဝင်လာတာ…"

"ကောင်မစုတ်…"

ကိုတိုးကြီးနှင့် စိုးစိုးမော်က ဝင်နှောက်ကြတော့ ထွေးထွေးသိန်းမျက်နှာ ရှုံ့မဲ့သွားသည်။ အောင်ကတော့ သည်အသံတွေ မကြားရတာ ကြာပြီဆိုသည့် မျက်နှာဖြင့် ပြုံးနေလေသည်။

"ဟဲ့ ငါက အလွတ်ပြောတာဟဲ့…မဟာဝိဇ္ဇာ ကျမ်းပြုနေတာ မဟုတ် ဘူး၊ နင်တို့နဲ့ငါ ကဗျာပြိုင်ရွတ်လိုက်ချင်သေးတယ်"

ထွေးထွေးသိန်းက ပြန်ပက်သည်။

"အောင်ကတော့ ဝမ်းသာတယ်…စာ ကဗျာတွေ ရွတ်ကြတယ်ဆိုတာ အောင်တို့လူမျိုးရဲ့စရိုက်ပဲ…မထွေးရွတ်လိုက်တော့ တရားမ တရား သူကြီး ဦးအေးရဲ့ ကဗျာကလေး အောင် သတိသွားရမိတယ် အနု ပညာဆိုတာ ရင်ထဲက ပွင့်လာတတ်တာမဟုတ်လား"

"တရားမ တရားသူကြီး ဦးအေးရယ်လို့ ရှိသေးတယ်ပေါ့…"

"အထင်ကရ စာဆိုပေါ့ မထွေးရဲ့…လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံရဲ့ သားအကြီးဆုံး…ဘကြီးတော်မင်းနဲ့ ကျောင်းနေဖက်တွေလေ…



ရေကြည်ဝန်၊ အကောက်ဝန်၊ အတွင်းဝန်၊ မြင်းခုံတိုင်မြို့စား၊ တရားမ တရားသူကြီးစတဲ့ ရာထူးတွေ ရခဲ့သူပေါ့"

ကျွန်မတို့အားလုံး ငြိမ်သက်သွားခဲ့ကြပြီ။ ကိုတိုးကြီးပင် အောင့်စကား တွေကို နားထောင်နေ၏။ ဦးအေးဇနီးက ဦးအေးထက် အရင်ကွယ်လွန်သည်။ ဇနီးကွယ်လွန်သည်ကို ရည်စူး၍ တတ်နိုင်သမျှ ကုသိုလ်အဖြစ် ဝါးဇလီသတ် ဝါဆိုကျောင်း ဆောက်လှူကာ ရေစက်ချသည်ဆိုပါ၏။

"ညနေဘက် အလှူပြီးလို့ အိမ်ပြန်ခါနီးတော့ ရင်ထဲမှာ မကောင်းလှ တာနဲ့ ကျောင်းသစ်ခါးပန်းမှာ မီးသွေးခဲနဲ့ ကဗျာတစ်ပုဒ် ရေးခဲ့ရှာရ တယ်… သဖြန်အချိုးကလေးပါ…"

"ရွတ်ပြပါဦး…အောင်"

ကျွန်မက တောင်းဆိုတော့ အောင်က ခေါင်းညိတ်ပြသည်။ ရွတ်ပြရှာ ပါ၏။

*"ပျဉ်မစီ၊ ဇလီရစ်သန်းနှင့်၊ ခိုနန်းလိမ်ကျောင်း၊ မေမပါ၊ သဒ္ဒါဉာဏ်ထိန်း လို့၊ ဆန်စိမ်းကပ္ပိဆွမ်းရယ်နှင့်၊ သွန်းရေစက်လောင်း…တဲ့"*

"ခိုနန်းလိမ်ကျောင်းဆိုတာ ဘာကိုပြောတာလဲ…"

"ခိုနန်းဆိုတာ စတုရန်းပုံတစ်မျက်နှာစီမှာ မုခ်တစ်ခုစီတပ်ထားတဲ့ ပန္နက် ပုံကျောင်းလို့ ပြောတာ…ထောင့်ဆယ့်နှစ်ထောင့်ပါတယ်…ရှေးတုန်းက စိတြဂီဝါခိုမင်းနေတဲ့ အသိုက်ဗိမာန်ပုံက လာတာပေါ့…ကဗျာသဘောက မေ မပါဆိုတာ ဇနီးသည် မပါနိုင်တော့ပေမယ့် အလွမ်းစိတ်ကို သဒ္ဒါ စိတ်နဲ့ဖြေရင်း ရေစက်ချရတယ်ပေါ့လေ…"

ကျွန်မတို့လည်း အောင်ပြောလိုက်ခါမှ ဘာမှန်းမသိဘဲ တရားမ တရား သူကြီး ဦးအေးကို လွမ်းမိကြရသည်။ အောင်ပြောသလို အနုပညာဆိုတာ အကြောင်း ဆိုက်သည့်အခါ ပေါ်လာတတ်မြဲ ထင်ပါရဲ့။

အောင်နှင့်တွေ့လျှင်ပင် သည်လိုစကားမျိုးတွေ ကြားရတာကို ကျွန်မ နှစ်သက်မိခြင်းဖြစ်သည်။ အောင်ပြောသည့်စကားတွေမှာ မှတ်သားစရာတွေ ပါတတ်လှပါသည်။ ကဗျာတွေကလည်း ရလိုက်တာ။ အောင် ဘယ်လိုကြောင့် သည်လိုသိနေရတာလဲ…။ အကြောင်းအရာတစ်ခုကို စာပေအကိုးအကားဖြင့် ပြောပြ တတ်တာကိုပဲ အောင့်ကို ကျွန်မ လေးစားခင်မင်ရတာမဟုတ်လား။

"အောင် ပြောပြတာကလည်း လွမ်းစရာကောင်းလိုက်တာ…[illegible]ပါ သေးရဲ့ အနားမှာ မီးသွေးခဲရှိလို့ ကဗျာတစ်ပုဒ် ပေါ်လာရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးသိန်းကပြောတော့ အောင်က ပြုံးနေပါသည်။ နွယ်နွယ်တင်က တစ်စခန်းထလာပြန်ပါ၏။

"အောင်က တော်လိုက်တာ…အောင် ကဗျာရေးရင် နတ်ရှင်နောင်ထက် တောင် ကောင်းဦးမယ်"

"အောင်က နတ်ရှင်နောင်ဆိုရင် ဓာတုကလျာ လိုဦးမှာပေါ့ နွယ်နွယ်တင် ရဲ့"

အားလုံးက ကျွန်မကို လှမ်းကြည့်ကြသည်။ သည်အုပ်စုထဲမှာ တစ်ခုခု ပြန်မပြောနိုင်လျှင် ကျွန်မအပေါ် ပိုဖိလာကြတော့မှာကိုလည်း သိပါ၏။ သို့သော် ကျွန်မ ဘာမှပြန်မပြောဖြစ်ခဲ့ပါ။ အောင့်ကိုသာ ကျွန်မသိချင်တာ မေးလိုက်သည်။

"အောင် ကျောင်းတက်နောက်ကျလိုက်ကာ ဘာတွေဖြစ်နေလို့လဲ"

အောင်က ပြုံးရုံသာပြုံးနေသည်။ ပြောရမှာ အများကြီးဆိုသည့်ပုံ။ အောင်က မထုံတက်တေးလုပ်နေလေ ကျွန်မက သိချင်လေ။ ကိုတိုးကြီးကတော့ အကျိုးအကြောင်း သိနှင့်ပုံရသည်။

"ဟုတ်ပ့ါဟယ်…တို့မှာဖြင့် စိတ်တွေပူလိုက်ရတာ မပြောပါနဲ့တော့… ကျောင်းတောင် တက်တော့မယ်မထင်ဘူး…မိန်းမများ ရနေပြီလား လို့ဟော့"

"မထွေးတို့တစ်တွေ စိတ်ပူနေကြလိမ့်မယ်ဆိုတာ အောင် သိပါတယ် ဗျာ…အောင့်မှာလည်း ကိုယ့်အပူနဲ့ကိုယ်ရယ်…ဖြစ်ရပုံက သည်လို…"

အောင့်ဖခင်က တတိယနှစ် မြန်မာစာကျောင်းသား အောင့်ကို မန္တလေးမှာ မထားချင်ဘဲ ရန်ကုန်တက္ကသိုလ်မှာ ဆက်တက်ဖို့ စီစဉ်ထားနှင့်သည်ဆို၏။ အောင့်ဖခင်က ပင်စင်ယူလိုက်ပြီဆိုတော့ ရန်ကုန်မှာပဲ မိသားတစ်စု အခြေတကျ နေထိုင်ပြီး သားဖြစ်သူကိုလည်း ကိုယ်နှင့်မကွာ စောင့်ရှောက်ထားချင်ပုံရပါသည်။ ရန်ကုန်မှာဆိုတော့ ကိုယ့်အိမ်မှာနေရင်း ကျောင်းတက်နိုင်သည်။ စရိတ်စက အကုန်အကျနည်းမည်။ ပြီးတော့ အောင် ဘွဲ့ရပြီဆိုသည်နှင့် လုပ်ငန်းဦးဆောင်နိုင်ရန် စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ထားဖို့ စီစဉ်ထားတာလည်း ပါသည်ဆို၏။ ဖခင်၏စိတ်ကူးတွေကလည်း သင့်လျော်ပါ၏။ သို့သော် အောင်က ဖခင်၏ဆန္ဒကို ငြင်းဆန်ခဲ့သည်။

"ပြောရရင် အောင် မန္တလေးတက္ကသိုလ်မှာပဲ ဆက်တက်ချင်တာ ပါပါ တယ်…မန္တလေးမှာ လေ့လာစရာတွေအများကြီးရှိတာယ်…ပြီးတော့…"

"ပြီးတော့…ချစ်သူကိုလည်း မခွဲနိုင်လို့ ဆိုပါတော့ ဟုတ်လားအောင်"



ထွေးထွေးသိန်းက ပြောင်ကြီးမေးလိုက်တော့ ဘာမဆိုင် ညာမဆိုင် ကျွန်မပင် မျက်နှာထူပူသွားမိခဲ့သည်။ အို…အောင်နဲ့ငါက ချစ်သူတွေမှမဟုတ်ဘဲနဲ့။ သူငယ်ချင်းတွေပဲဟာ…။ ငါ မျက်နှာပူစရာ မရှိပါဘူး။ ကိုယ့်ဟာကိုယ်တွေးရင်း မျက်နှာကို ပြင်လိုက်ရပါ၏။

"အောင့်မှာ ချစ်သူမရှိပါဘူး မထွေးရယ်…မန္တလေးမှာဆိုတော့ ကလောနဲ့ နီးတယ်လေ…ဦးရိုးတော်နဲ့ အောင် ဆေးရုမှာစိုးတယ်…သည်မှာဆိုတော့ ကလောကို အချိန်မရွေး ထပြေးနိုင်တာပေါ့"

"အလိုတော်…ဒါဖြင့် ကျုပ်တို့ကို ခင်လို့မဟုတ်ဘူးပေါ့ ဟုတ်လား အောင်"

နွယ်နွယ်တင်က အောင့်စကားကျကိုကောက်ကာ ချဲလိုက်တော့ အောင် က အားရပါးရ ရယ်လေသည်။ ဟုတ်သားပဲ…။ အောင့်အဖြေစကားထဲမှာ ကျွန်မ တို့တစ်တွေအပေါ်ထားသည့် သံယောဇဉ်စကား မပါ။

"ခင်တာပေါ့ဗျာ…ခင်လို့ပဲ အောင့်မှာ ဖေဖေနဲ့ အတိုက်အခံလုပ်ပြီး မန္တလေးတက္ကသိုလ်ကို ရောက်အောင်လာတာပေါ့…ရောက်ရောက်ချင်း အထုပ်တောင် မဖြေနိုင်ဘူး…ချက်ချင်းထပြေးလာတာ ကြည့်ပါလား"

အောင့်စကားတွေ နားထောင်ရတာနှင့်ပင် ဖခင်နှင့် စကားတွေ တော်တော် ပြောခဲ့ရပုံပေါ်ပါသည်။ သည့်အတွက်တော့ စိတ်မကောင်းစရာပင်။ ဘယ်လိုပဲဖြစ်ဖြစ် စကားတတ်သော အောင့်အပြောကြောင့် ကျွန်မတို့တစ်တွေ ကျေနပ်သွားခဲ့ကြတာ တော့ အမှန်ပါ။ အောင်ရောက်လာတော့ ကျွန်မတို့တစ်ဖွဲ့လုံး အားရှိသွားလိုလို လည်း ခံစားမိရသည်။

တက္ကသိုလ်ညနေခင်းသည် ခရမ်းနှင့်အနီ ရောထားသလို အရောင်စပ် တစ်မျိုးဖြင့် လှပနေပါသည်။ မြူရိပ်ပါးပါးရှိနေသည့်အတွက် တစ်မျိုးလွမ်းစရာ ကောင်းလှသည်။ ကိုတိုးကြီးနှင့်အောင်က ကျွန်မတို့အတွက် လက်ဆောင်တွေ ပါလာကြသေးသည်။ ကျွန်မကတော့ အောင့်ကိုပဲ အကဲခတ်နေမိခဲ့၏။ အောင့်မှာ သောကတွေရှိနေလေသလား။ ဦးရိုးတော်ဆိုတာကကော ဘယ်သူလဲ။ အောင့်မိခင် ကကော…။ အောင်တို့မိသားစုကို ကျွန်မ ပုံမဖော်တတ်ပါ။

"မေ…စာဖတ်ဖြစ်ရဲ့လား"

"ဖတ်ဖြစ်တယ် အောင်…မြန်မာစာညွှန့်ပေါင်းကျမ်းတွေဖတ်ပြီး ကြိုက် တာတွေ့ရင် ကူးတယ်…တကယ့်ကဗျာမှော်ရုံတောကြီးပါပဲ…ဖတ်ရင်း တောင် ကြက်သီးများ ထမိတယ်…မေတို့ စာတွေ အများကြီးဖတ်ရဦး မှာပါ. "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်မေ…မေက မြန်မာစာယူဖို့ကောင်းတယ်။ ရှေးက ဝေါဟာရတွေ၊ ပေါ်ရာဇာတွေ၊ ခက်ဆစ်တွေသိရင် ပိုပြီးအရသာရှိတယ်…ရတုဆိုရင် အချီ အချ၊ အချီလုံးရေ…အချလုံးရေ…ပိုဒ်ရေ…ပါဒရေတွေက အစ နှစ်ဆယ့်ခုနစ်မျိုးလောက်ရှိတယ်လို့ သင်ရတယ်…ပဒဒေါသ ဆယ့်ခြောက်ပါး…ဝါကျဒေါသ ဆယ့်ခြောက်ပါး…အလင်္ကာဂုဏ် ဆယ်ပါး…ရသ ကိုးပါး…ဂိုဏ်း ခြောက်ပါး စသည်ဖြင့် လေ့လာလို့ပဲ ကုန်နိုင်စရာမရှိဘူး…"

"အောင်ပြောလိုက်တာနဲ့ ဖတ်ရမှာတောင် လန့်သွားပြီ"

"မလန့်ပါနဲ့…စာကဗျာဆိုတာ ဖတ်လေ အကျိုးများရလေပါမေ…အသက်အရွယ်နဲ့ ပညာအခံရှိလာလေ အရသာတွေ့လေပါပဲ…ရတုဆိုပါတော့ စိန္တကျော်သူ ဦးဩကြ 'ရတုချဖွယ် အသွယ်သွယ် ခြောက်ဆယ် ကိရိယာ'တဲ့…ကိရိယာခြောက်ဆယ်…ဂိုဏ်းရှစ်ပါး…ဂိုဏ်းခြောက်ပါး စတာတွေဆိုရင် ပညာရှိတွေ မှာတောင် အယူအဆအမျိုးမျိုးနဲ့ပါ…ကိုယ့်စာခံ ပေခံနဲ့ ကဗျာကပေးတဲ့ အရသာကို ခံစားတတ်ရင်ပဲ အကျိုးရှိလှပါပြီ"

ထိုနေ့က အောင်ရောက်လာသည့် အထိမ်းအမှတ်အဖြစ် ကျောင်းပိတ်ရက်မှာ ထမင်းကျွေးဖို့ တိုင်ပင်ကြသည်။ ကိုတိုးကြီးက သူ့ရည်းစား ခေါ်ခဲ့မည် ပြောပါသေးသည်။

"တော်ပါပြီဟာ ချို့ကိုခေါ်လာရင် နင်တို့ အလကားနေရင်း သိမ်ငယ်ကုန်ကြပါလိမ့်မယ်…ချို့အလှကို ငါတောင် စာမဖွဲ့နိုင်ဘူး…ရှင်မဟာရဋ္ဌသာရလောက်မှ ဖြစ်မှာ…"

"မကြံကောင်း မစည်ရာ မိုးကြိုးတွေပစ်ကုန်လိမ့်မယ်…ဘာမှတ်လို့လဲ"

ကျွန်မတို့က ဝိုင်းရန်တွေ့လိုက်ကြတော့မှ ကိုတိုးကြီးလည်း မချိုချိုးမွှမ်းခန်း ရပ်သွားလေ၏။ သည်လိုဆိုတော့လည်း ပျော်ရ မောရပါလား…အောင်…။ မလာတော့လည်း လွမ်းရ… လာပြန်တော့လည်း လွမ်းရ…။ သူငယ်ချင်းတွေနှင့် ပျော်နိုင်လျှင် သည်နှစ်နှစ်ပေါ့။ သည်နှစ်နှစ်ပြီးလို့ ဘွဲ့တွေ အသီးသီးရကြပြီးပြီဆိုရင် ဘယ်သူတွေ ဘယ်နေရာကို ရောက်ကြမှာလည်း မသိနိုင်။ ဆန်ကွဲကြဲ ကြဲရတော့မည်။ တွေးရသည်ပင် စိတ်မကောင်းစရာ။

"မြန်မာစာကျောင်းသားချင်းအတူတူ အောင်ကချည်း ကဗျာတွေ ရွတ်ပြနေတာ မဟုတ်သေးပါဘူး…ကိုတိုးကြီးကလည်း ရွတ်ပြဦးလေ…"



"ကိုတိုးကြီးကျတော့ သည်အတိုင်းမကောင်းပါဘူးဟယ်…ဆိုင်းကလေး ဘာကလေးနဲ့ မြင်းခြံခင်သန်းအေးနဲ့မှ ကောင်းမှာပါ…"

တွေးတွေးသိန်းက တောင်းဆိုလိုက်တာကို စိုးစိုးမော်က ဖြည့်လိုက်တော့ ဝါးခနဲ ရယ်ကြရသည်။ ခင်သန်းအေးမှာ မြင်းခြံသူ နာမည်ကြီး ယော်ကျူးမင်းသမီး မဟုတ်လား။ ကိုတိုးကြီးက ကဗျာရွတ်ရန် ပါးစပ်ပြင်ပြီးမှ စိုးစိုးမော်ကြောင့် ရပ်သွားသည်။

"ကောင်မတွေ…ငါက အကောင်းရွတ်ပြမလို့ဟာ…သည်မယ် မြန်မာကဗျာလောကမှာ ဖိုးသူတော်ဦးမင်းနဲ့ လူဦးမင်းဆိုတာ ရှိတယ်…ဖိုးသူတော်ဦးမင်းက ဖိုးသူတော်…၊ လူဦးမင်းက လူ…"

"မှတ်သားလောက်စရာချည်းပါလား ကိုတိုးကြီးရာ…မြန်မစာပေအတွက် အသစ်တွေ့ရှိချက်ပဲနော်"

"နေဦး…နင်တို့ တောကျိုးကန်းမတွေ စကားကောင်းပြောလို့မရဘူး…ငါက ဦးမင်းနှစ်ယောက်၏ ကဗျာလေ့လာချက်ဆိုတာ အခုပြုစုနေတာ… ဆယ့်နှစ်လရာသီဘွဲ့တွေ ရေးတာချင်းအတူတူ ဘယ်သူက ဘယ်လိုအရသာရှိအောင် ရေးကြတယ်ဆိုတာ တစ်ရက် ငါပြောပြမယ်… ပညာရှိဆိုတာ တီးမှ မြည်ရတဲ့စည်ဟ… နင်တို့က ပေါပေါလောလော မလုပ်ချင်ပါနဲ့…"

ကျွန်မတို့တစ်တွေ တဝါးဝါးနှင့် ပွဲကျနေကြတာကို ကျောင်းသူတချို့က လှမ်းကြည့်နေကြသည်။ ကျွန်မတို့တစ်တွေ ရယ်မောနေကြချိန်မှာပဲ အဆောင်ပိတ် ခေါင်းလောင်းထိုးသံကို ကြားလိုက်ရသည်။ ညနေ ငါးနာရီခွဲပြီ။

"ကဲ အောင်…လစ်စို့…ကိုင်း မနက်ကျမှ ဆုံကြစို့ ငါ့နှမတွေရေ…"

ကိုတိုးကြီးနှင့်အောင် ပြန်သွားတော့ ကျွန်မတို့လည်း ကိုယ့်အဆောင်ထဲ ကိုယ် အပြေးဝင်ခဲ့ကြရပြီ။

ဘာကြောင့်ရယ်မသိ။ တစ်ချိန်လုံး တင်းတောင့်နေခဲ့သော ကျွန်မစိတ်တွေ လွတ်လပ်ပေါ့ပါးသွားသလို ခံစားရသည်။ အောင်ရောက်လာတာ ဘာပဲဖြစ်ဖြစ် ကျွန်မအတွက် စကားပြောဖော် စာပြောဖော် ရလာပြီမဟုတ်လား။ အဖော်ဖြစ်မှ အဖက်ဖြစ်ရသတဲ့။ အဖော်နှင့်အဖက်။ တစ်ယောက်နှင့်တစ်ယောက် နှလုံးသားချင်း နီးသော နှစ်ယောက်ဆိုသည့် အဓိပ္ပာယ် ဖြစ်ပါလိမ့်မည်။ ညရောက်တော့ ကျွန်မ Diary ရေးဖြစ်ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com



(၂၇)

မန္တလေးတက္ကသိုလ်ရက်များအတွင်း ကျွန်မတို့ ပညာသင်ယူဖက် သူငယ်ချင်းတွေထဲမှာ ကိုကိုနိုင်သည်လည်း တစ်ယောက်ဖြစ်ခဲ့ပါ၏။ နွယ်နွယ်တင်နှင့် တစ်နွယ်ငင်မိရာက ခင်မင်ကြရသော သူငယ်ချင်းဖြစ်လာရသူ ကိုကိုနိုင်သည်လည်း ခင်မင်စရာကောင်းသူ၊ ရိုးသားသူအဖြစ် ကျွန်မတို့အားလုံးက လက်ခံခဲ့ကြပါ၏။ အထူးသဖြင့် တစိတ် မစိတ်ရှိသော ဂီတအနုပညာကို မြတ်နိုးသော အောင်နှင့်ပါ အဖွဲ့ကျနေတော့သည်။ ကိုကိုနိုင်ကလည်း ကျေးလက်ကဗျာ၊ ဂီတတွေကို မြတ်နိုးခံစားသူတစ်ယောက်ဆိုတော့ အောင်နှင့် ကိုကိုနိုင် အတွဲများလာခဲ့သည်။ အခုတော့ ကျွန်မတို့ရှိရာ စာသင်ခန်းတွေ၊ ရွှေမန်းဆောင်ဘက်တွေကို အောင်နှင့် ကိုကိုနိုင် အတူရောက်လာတတ်သည်။ ကျွန်မတို့ လေးယောက်စလုံး ထွက်မတွေ့နိုင်သည့်အခါများတွင် နွယ်နွယ်တင်နှင့်ကျွန်မက သွားတွေ့ရတာ များပါသည်။ တွေ့ကြတိုင်းလည်း စကားလက်ဆုံ ပြောမကုန် ရှိကြရပါသည်။ အောင်နှင့်ကျွန်မ သည့်လို စကားချောင်းစီးရှိကြတာ အခုမှတော့မဟုတ်ပါ။ ဒေသကောလိပ် နှစ်နှစ်လုံးလုံး ကျောင်းထဲမှာရော၊ နှင်းဆီဖြူမှာပါ စကားတွေ အများကြီးပြောခဲ့ကြပြီမဟုတ်လား။

ပထမနှစ်ဝက် ကျောင်းမပိတ်ခင်အတွင်းမှာပင် ကျွန်မတို့သူငယ်ချင်းတစ်တွေ ရှေးမန္တလေး၏ သမိုင်းပုံရိပ်များရှိရာ အမရပူရ တောင်သမန်၊ မန္တလေးတောင်၊ ကုသိုလ်တော်၊ ရွှေကျောင်းကြီး စသောနေရာတွေကို ရောက်ခဲ့ကြပြီ။ အောင်က သီပေါမင်းနှင့် မိဖုရား ပါတော်မူပုံမြင်ကွင်းကို ပြောပြရင်း ရှေးခေတ်ရုပ်သေးသဘင်တွေမှာ ပါတော်မူသံချိုကြီးတွေ ရွတ်ခဲ့ကြပုံတွေကို ပြောပြသည့်အခါ ကျွန်မတို့အားလုံး တငေးတမော နားထောင်ခဲ့ရသည်။

နှစ်ဝက်ကျောင်းအပိတ်မှာ ကျွန်မတို့ မြင်းခြံကို တစ်ခေါက်ပြန်ကြရပါ၏။ ဖေဖေနှင့်မေမေတို့၏ စီးပွားရေးလုပ်ငန်း အဆင်ပြေသည်ကို တွေ့ရလို့ ဝမ်းသာရသော်လည်း မိဘနှစ်ပါးခမျာ အားရသည်မရှိအောင် လုံးပမ်းနေကြရသည့်အတွက်တော့ စိတ်မကောင်းဖြစ်ရပါသည်။ ဖေဖေက သမ္မာအာဇီဝဓေါ်သည့် ရိုးသားဖြောင့်မတ်သော အသက်မွေးမှုဖြစ်၍ စင်ကြယ်ကြောင်း၊ သားသမီးတွေအတွက် ကောင်းရာညွှန်လတ်၊ အတတ်သင်စေ ဆိုသည့် ဝတ္တရားကျေပွန်ရသည်ကိုပင် ဝမ်းသာရကြောင်းတွေ ပြောပြရှာပါသည်။ မေမေကတော့ မိန်းမသားဆိုတော့ သမီးမှာ ချစ်သူတွေဘာတွေ တွေ့နေပြီလားဆိုသည့်သဘောမျိုး ကွယ်ရာမှာ မေးရှာပါသည်။

"မရှိသေးပါဘူးမေမေရယ်...သမီးက ဖေဖေတို့ မေမေတို့ကို လုပ်ကျွေးဦးမှာပါ...ယောကျ်ားလေးသူငယ်ချင်းတွေတော့ ရှိပါတယ်...ဒါပေမဲ့ သမီးတို့ချင်းမှာ စိတ်မလွန်ကြပါဘူး...သူတို့နဲ့ ယုံယုံကြည်ကြည် သွားတာလာတာ စားတာမျိုးရှိပေမယ့် အမြင်မတင့်တယ်တာမျိုး မရှိအောင် နေကြတာပါ မေမေရဲ့"

မေမေက သည့်ထက် ဘာမှမမေးပါ။ ကျွန်မကိုလည်း ယုံကြည်ရှာသည်။ ကျွန်မထက်စာလျှင် ရုပ်ရည်ချောမောသူ မောင်မောင် (ကျွန်မမောင်လေး) ကိုတော့ မေမေ စိတ်ချပုံမရ။

ပထမနှစ်ဝက် ကျောင်းတွေပြန်ဖွင့်ချိန်မှာတော့ ကိုကိုနိုင်နှင့် နွယ်နွယ်တင်တို့ ချစ်သူတွေ လုံးလုံးဖြစ်ခဲ့ကြပြီ။ ကျွန်မတို့သူငယ်ချင်းတွေကတော့ ကာယကံရှင်များ ကိုယ်ရေးကိုယ်တာဆိုတော့ သူတို့ပိုင်ခွင့်နှင့်သူတို့လို့သာ သဘောထားခဲ့သည်။ ကိုကိုနိုင်သည် နွယ်နွယ်တင့်ကို အရိပ်တကြည့်ကြည့်နှင့် ချစ်တတ်လွန်းခြင်းအတွက်တော့ ဝမ်းသာကြရပါ၏။ နွယ်နွယ်တင်နှင့် အတူသွား အတူလာ ရှိရုံမက ညဘက် ကျွန်မတို့ရွှေမန်းဆောင်အရှေ့ဘက် စာတိုက်ထောင့်က အုတ်ခုံမှာ ညစဉ်ဝတ်မပျက် ဂစ်တာလာတီးမြဲ။ ကိုင်ဇာနှင့် မေဆွိတို့၏ စုံတွဲတေးများ၊ စိုင်းထီးဆိုင်၊ ခင်မောင်တိုး၊ ခိုင်ထူး စသည့်အဆိုတော်များ၏ သီချင်းတွေ အများဆုံးကြားရတတ်သည်။ ကိုကိုနိုင်နှင့်အတူ တစ်ခါတစ်ရံ အောင်လည်း ပါလာတတ်ပါသည်။ ကျွန်မတို့မှာ တစ်ပင်တိုင်မြနန်း ပြတင်းဝမှာ ထိုင်ရင်း ဆောင်းအတီးတော်များ၏ လက်သံကို နားထောင်ရသော မင်းသမီးများနှင့်ပင် တူလောက်ပါသည်။ အောင်ဆိုနေကျသီချင်းက 'ဝတ်မှုန်'။

*'ဝတ်မှုန်ရေ နင်နဲ့နှိုင်းရင် ရှုံးကြမှာပဲ x x ရင်ထဲရှိရှိသမျှ ပြောပြရရင်*
*တကယ်လှတယ် x x မြင်သူတကာငေး x x ငေးလောက်အောင် လှ*
*ရက်လို့ ချူလိုသူတွေ လက်ထဲမှာ x x ဘဝမပျက်အောင် ဆုတောင်း*
*မယ် x x မိန်းကလေးရယ် သင်းပျံ့ကာ အမြဲမွှေးစေချင်တယ် x x'*

www.burmeseclassic.com

www.burmeseclassic.com



သည်သီချင်းကလေးကို ကျွန်မ အလွန်ကြိုက်ကြောင်း နောင်အခါ ကျွန်မ ပြောလျှင် အောင်က သီချင်းကောင်းတစ်ပုဒ်ဖြစ်ကြောင်း ပြောပြသည်။

"ကရုဏာရသပါအောင် ဆိုနိုင်တော့ နားထောင်ရသူတွေမှာ ငြိတာပေါ့... အောင်ကတော့ ကြိုက်လို့ ဆိုတာပါ...အသံမကောင်းဘူး...သည်းသာခံတော့"

"သည်းမခံရပါဘူးအောင်ရယ်...အောင့်အသံ ကောင်းပါတယ်...ညဘက် ဆိုကြတဲ့ ကျောင်းသားတွေထဲမှာ အောင့်အသံက သီသာတယ်... ကောင်းလည်း ကောင်းတယ်"

"သီချင်းရဲ့အသက်က စည်းနဲ့ဝါးပဲ မေရဲ့...စည်းမကျိုး ဝါးမကျိုး ဆိုနိုင်ရင် အသံမကောင်းသူ ဆိုတာတောင် နားသာယာပါတယ်... သီချင်းကို နားလည်ပြီး စိတ်ညွတ်ဆိုနိုင်ရင်တော့ ခံစားမှုပါတာပေါ့... အောင်တို့က ဂီတနဲ့ သိပ်နီးစပ်တယ်...မေမေက မဟာဂီတတွေ အများကြီး ဆိုနိုင်တယ်"

အောင့်ဆီက ကြားရသည့် အစကလေးတစ်စပင်။ သည့်ထက်တော့ မပြောပြန်တော့။ မဟာဂီတတွေ အများကြီးဆိုနိုင်သူဆိုတော့ သူတို့ပတ်ဝန်းကျင်က ဘယ်လိုပတ်ဝန်းကျင်များပါလိမ့်။ သည့်ထက်လည်း ကျွန်မ မတွေးတတ်ပါ။ သည်လိုပဲ တစ်စစီကောက်ရတော့၏။

"ကဗျာရွတ်တာကျတော့ကော..."

"ကဗျာကတော့ ရွတ်ရတာ ခက်တယ်...ရှေးက ကဗျာတွေကို ကောင်းကောင်းရွတ်ခဲ့ကြတာပေါ့...လူးတားတွေ အဲချင်းတွေ ရတုတွေ သံချိုတွေ ဆိုရင် ရွတ်တာ ဖတ်တာ ကောင်းရင်ကောင်းသလောက် အရသာရှိတယ်...ဦးရီးတော်ဆိုရင် လယ်တီဆရာတော်ဘုရားက ကင်းဝန်မင်းကြီးကို ရေးပေးတဲ့ သံဝေဂလင်္ကာကို အမြဲရွတ်တတ်တယ်..."

"ရွတ်ပြပါဦး..."

"မရွတ်နိုင်ဘူး...အသံတွေက သိပ်ခက်တယ်... *'မိုက်မလင်းနိုင်လို့၊ မြိုက်ခင်းညာဆီမှာ၊ ခါတော်မီ သီမဇေ့နိုင်ဘု၊ သည်ကျွေ့တွင်၊ နေကုန်မျှောပါရ၊ အတောဘယ်မသတ်နိုင်တဲ့၊ ရဟတ်ဗွေ'* ဆိုတာလေ...။ ဦးရီးတော်ကတော့ စိတ်ကူးရရင် ရွတ်တာများ လွမ်းစရာတောင်ကောင်းတယ်"



အောင်က ကျွန်မကို သီချင်းမဆိုဘူးလားလို့ မေးပါသေး၏။ ကျွန်မ စိတ်ကူးရလျှင်တော့ ဆိုတတ်သား။ တစ်ပုဒ်လုံး ကြေကြေညက်ညက်ရယ်လို့ ဘယ်အပုဒ်မှ ဖြစ်ဖြစ်မြောက်မြောက်မရှိတာလည်း ကိုယ့်ဘာသာသိပါ၏။ ကျွန်မ ကြိုက်သည့်သီချင်းတွေတော့ ရှိသည်။ ကျွန်မ မေလှမြိုင်သီချင်းတွေကို ကြိုက်သည်။ ရေဒီယိုဖွင့်ထားတတ်သော ကျွန်မတို့အိမ်မှာ သီချင်းသံတွေ အမြဲရှိတတ်ပါသည်။

တစ်ခါတစ်ရံ ကျွန်မတို့အဆောင်သူတွေက အဆောင်ရှေ့က စောင်းတော်ရှင်များကို သီချင်းတောင်းကြသည်များလည်း ရှိသည်။ အဆောင်ပြတင်းဝမှ ခေါင်းပြူကြကာ လူလုံးပြရင်း မီးရောင်မှိန်မှိန်အောက်ဆီက အောင်တို့တစ်တွေရှိရာကို ကျွန်မတို့ လက်ဝါးနှစ်ဖက်ကို အော်လံလုပ်ကာ အော်ကြသည်။

"ခိုင်ထူးသီချင်း ဆိုပါ...ခိုင်ထူး...ဆို...ဆိုပါဗျို့"

"စိုင်းထီးဆိုင်ရဲ့ ဘီးနံ့ပါတ် အိုကေသုည တစ်နှစ်နှစ်အယ်လ် ဆိုပါ"

"ကိုင်ဇာ...ကိုင်ဇာ...တူနှစ်ကိုယ်တိုင်းပြည်"

အားလုံးထဲမှာ ကျွန်မတို့သူငယ်ချင်းတွေက အကဲဆုံးများလား။ အားလုံး တိတ်ဆိတ်သွားတော့မှ ထွေးထွေးသိန်းက –

"အောင်ခြင်းရှစ်ပါး ဆိုပါဗျို့" လို့ အော်လိုက်သည်။

ထွေးထွေးသိန်း ပွဲတောင်းတာကို တစ်ဆောင်လုံးက ဝေးခနဲ အော်ဟစ်ကြရင်း သြဘာပေးကြသည်။ ဟော်လ်ကျူတာဆရာမပင် အပြေးကလေးရောက်လာကာ ဝမ်နင်ပေးယူရသည်အထိပင်။ ကျွန်မတို့တစ်တွေ ငြိမ်ကျသွားပြီး ခဏနေတော့ ဂစ်တာဝိုင်းဆီက မယ်ဒလင်သံဖြင့် အောင်ခြင်းရှစ်ပါး တကယ်ဆိုလိုက်သည့်အခါ ကျွန်မတို့ မရယ်နိုင်ကြတော့ပါ။ အသံက ကောင်းလှပါ၏။ ဆိုသူက ကြည်ကြည်သိုသို ဆိုနေပုံမျိုးမဟုတ်လား။

*'အောင်ခြင်းရှစ်ပါး x x အသံကြားတဲ့အခါ x x စီးပွားဥစ္စာ အဟုတ်မကြာ အောင်မှာ x x ကျွန်းမာချမ်းသာပါလို့ ဘေးရန်မဝိုင်း x x ကြံတိုင်းအောင် ဆောင်တိုင်းမြောက်မှာ x x ခုနှစ်ရက်သားသမီး များနဲ့ နတ်လူပြုပြဟ္မာ x x'*

ထိုညက ကျွန်မတို့တစ်တွေ ကုသိုလ်ပင် ရလိုက်ကြသည်။ ဆိုသူက ကိုကိုနိုင် တဲ့။ ညစဉ်ညတိုင်း မကောင်းသော်ရှိ ကောင်းသော်ရှိ ဂစ်တာဝိုင်းဆရာတွေကို မျှော်ရမြဲဖြစ်ပါ၏။ တစ်ခါတစ်ရံ ဂစ်တာဝိုင်းက လေး,ငါးဝိုင်း ခုံနေကြသေးသည်။ ကျွန်မတို့တစ်တွေကတော့ အောင်တို့ဝိုင်းကို အသံကျက်မိနေကြပြီ အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလေ့ဆိုထရှိသော သီချင်းကလေးတွေကိုတောင် ကျွန်မ ရနေပြီ။ အောင့်အသံ အေးအေးနွဲ့နွဲ့ကလေးနှင့်ဆိုတော့ စိုင်းထီးဆိုင်သီချင်းတွေထဲက 'မောင့်လပြည့်ဝန်း'၊ 'နေရာတိုင်းမှာ မင်းရှိတယ်'၊ 'အချစ်အတွက် တစ်ဖန်မွေးဖွားခဲ့ပြီ' စသည့်သီချင်းများကို ကျွန်မနှစ်သက်သည်။ တစ်ခါတစ်ရံ ကိုင်ဇာ၏ 'မောင့်အိပ်မက်မေ' သီချင်းကို သီဆိုသည့်အခါ ကျွန်မကို ရည်ရွယ်ရော့သလားရယ်လို့ ရင်ခုန်မိရသေးသည်။ အောင်က ရိုးရိုးဆိုတာ ဖြစ်ချင်ဖြစ်နိုင်သော်လည်း ကျွန်မကတော့ အောင့်၏ အိပ်မက်မေသည် သီရိမေများလား ခံစားမိ၍ ဖြစ်ပါ၏။

"အောင်က မောင့်အိပ်မက်မေ သီချင်းဆိုတော့လည်း ကောင်းတာပဲနော် သီရိမေ…မေဆွိနဲ့ဆိုတဲ့ သူငယ်ချင်းကလေး ဆိုခိုင်းရမယ်…"

သည်သီချင်းက ကျွန်မတို့တက္ကသိုလ်ဝန်းကျင်တွင် သူငယ်ချင်းလို ခင်ကြတာပါဆိုသူ မလုံမလဲတွေကို စောင်းဆိုတတ်ကြသော သီချင်းမဟုတ်လား။

"ဟဲ့…မေဆွိမှမရှိတာ ဘယ်လိုလုပ်ဆိုမလဲ"

"မေဆွိမရှိတော့လည်း မေနုဆိုပြီး ငါပြန်ဟစ်လိုက်မယ်ဟယ်"

"သည်လိုလုပ်ပါဟာ…နင်နဲ့ငါပဲ ကိုင်ဇာ မေဆွိ လုပ်ကြရအောင်ပါ"

ထွေးထွေးသိန်းနှင့် နွယ်နွယ်တင်က ခုတင်ပေါ် ပစ်ထိုင်လိုက်ကြရင်း လက်ချင်းချိတ်ပြီး ကိုယ်ကိုယိမ်းကာ ယိမ်းကာ ဆိုကြတော့သည်။ ကျယ်ကျယ်လောင်လောင်တော့မဟုတ်။ အဆောင်မှူး ပြေးလာလျှင် ပြဿနာမဟုတ်လား။

"နင်နဲ့ငါ…သည်လိုခင်မင်နေကြတာ…ဒါကိုလေ သူငယ်ချင်းများက လာလာပြီး မေးကြတာ…နင်ဘယ်လိုပြောမလဲ စဉ်းစားဟာ…ငါဘယ်လို ပြောပြော စကြတာ…မဟုတ်ဘဲလေ အထင်မှား…အိုး…ရှက်စရာ"

ကျွန်မက ခုတင်ပေါ် လှားခနဲ ခုန်တက်ကာ ကျောကုန်းတွေကို တအုန်းအုန်း ထုပစ်လိုက်သည်။

"နင်တို့က အဲသလို ကြပ်ကြပ်စ…သူများတွေက ငါ့ကို ဘယ်လိုထင်ကြမလဲ"

"အဲသည်ကျတော့လည်း ညင်သာစွာ ခေါင်းလေးညိတ်လိုက်ရုံပေါ့ သီရိမေရယ်…လွယ်လွယ်ကလေး…ဟေး ဟေး…"

ကျွန်မက စိတ်ဆိုးသလိုလို မျက်နှာခံကာ ထုနှက်နေသော်လည်း အပြောင်အနောက်မပျက်ကြ။ စိတ်ဆိုးလည်း မတတ်နိုင်ဘူးမောင်…ဆိုသည့် သူငယ်ချင်းတွေမဟုတ်လား။ သို့သော်လည်း သည်လို စ,ကြတာကို မျက်နှာသာ



ပေးပြန်လျှင်လည်း ဆိုးသည်ထက်ဆိုးလာကြကာ အောင့်ရှေ့မှာပင် နောက်ချင်ချင် ရှိလာကြလိမ့်မည်။ ကျွန်မက ထုတော့ ထွေးထွေးသိန်းက ခေါင်းအုံးတွေ လှမ်းပစ်ပေးသည်။ ကျွန်မက ခေါင်းအုံးတွေနဲ့ရိုက်တော့ တဟားဟား ရယ်ကြပြန်၏။ အခြားအဆောင်သူတွေက "မြင်းခြံသူတွေ နော်…ဆေးလိပ်ခုံကျနေတာပဲ" လို့ အော်ကြ၏။

"တို့က စ,တာပါဟယ်…စ,ရာက တကယ်ဖြစ်သွားတော့လည်း အမြတ်ပေါ့ဟဲ့"

သည်စကားကြားတော့ ကျွန်မမှာ ဒေါသစိတ်ကလေး ဝင်မိရသည်။ အောင်က ချစ်မိရင်တော့လည်း အမြတ်ဆိုတာ ဘာသဘောလဲ။ မတန်မရာ အချစ်ခံရတာ နည်းရော့လားဆိုတဲ့သဘောများလား။ သည်စကားကိုတော့ သည်းမခံချင်။ သို့သော် ကျွန်မ လေအေးအေးကလေးနှင့်ပင် ပြန်ပြောခဲ့သည်။

"အောင်က ချစ်လာရင်ပဲ အမြတ်ဆိုတာတော့ မဟုတ်သေးပါဘူး နွယ်နွယ်တင်ရယ်…အချစ်ဆိုတာ အရှုံးအမြတ် မရှိကောင်းပါဘူး။ ဒွန်းစဏ္ဍားနဲ့ ဘုရင့်သမီးတော် ချစ်မိရင်တောင် မြတ်လှပြီ မပြောသာပါဘူး…အချစ်ဟာ နှစ်ယောက်စလုံးရဲ့ ချစ်ခြင်းမေတ္တာပါ…မလိုတာတွေ ဖယ်လိုက်ရင် အတူတူဖြစ်နေဖို့ပဲ လိုတယ်"

သည်တော့လည်း နွယ်နွယ်တင်က ပျာပျာသလဲ တောင်းပန်စကားဆိုရှာပါသည်။ အထူးသဖြင့် ကိုကိုနိုင်ကို ချစ်မိသူဆိုတော့ ကျွန်မစကားတွေကို ဖမ်းဆုပ်နိုင်လိုက်ပုံရပါ၏။ ကျွန်မစကားကြောင့် အားလုံး ငြိမ်သက်သွားကြသည်။

ပြောသာပြောရတာပါလေ ကျွန်မကလည်း အောင့်ကို အကဲလွန်မိနေသလား။ အမေက ငယ်သေးတယ်တဲ့ရှင်လို့ ပြောရမည့်အရွယ်လည်း မဟုတ်တော့ပြီ။

*'ငှံချင်မတတ်၊ ချစ်မြတ်လွန်ကျူး၊ ရှေ့သို့ဦးမူ၊ ပုံပျူးတွေတွေ၊ နေလည်းမခြား၊ စားလျက်တလျက်၊ စက်လည်းတူအုံး၊ နှလုံးမခြား၊ သွားလည်းတူစုံ၊ ရှိချင်တုံလည်း'* မိန်းကလေးဆိုတော့ ဆင်ရိုင်း ချွန်းအုပ် ရှိရသည်မဟုတ်လား…။

နွယ်နွယ်တင်က "ဆောရီး သီရိမေရယ်" တောင်းပန်တော့ ကျွန်မကလည်း တောင်းပန်ရပြန်ပါ၏။ သူငယ်ချင်းတွေဆိုတာ တစ်ယောက်နဲ့တစ်ယောက် သာစေ နာစေ သဘောထားကြသူတွေမဟုတ်တာ ကျွန်မ နားလည်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၂၈)

မနက် ခြောက်နာရီလောက်ကတည်းက အဆောင်ထဲမှာ သီချင်းသံတွေ ညံနေတတ်ပြီ။ သီချင်းအမျိုးမျိုး၊ သံစဉ်အမျိုးမျိုး၊ ကီးအမျိုးမျိုးဖြင့် အေးအေးသြသြ ပွက်ပွက်ကြီးရိုက်နေခြင်းဖြစ်၏။ ရေအိမ်သွားသူ၊ ရေချိုးခန်း ဝင်သူ၊ ဖြီးကြလိမ်းကြ ပြင်ဆင်ကြသူတွေနှင့် ပွက်ပွက်ဆူ စည်ကားလှသော ရွှေမန်းဆောင်ဖြစ်ပါ၏။

မနက် အိပ်ရာထသည်နှင့် ရေပုံးထဲ ဖလားတစ်လုံး၊ ဆပ်ပြာခွက်၊ သွားတိုက်ဘူး၊ သွားတိုက်တံ ထည့်ကာ ရေချိုးခန်းနှင့် သန့်စင်ခန်းတွေဘက် ပြေးကြရသည်။ အဆိုးဆုံးကတော့ ရေအိမ်တွေမှာ တန်းစီရခြင်းပဲဖြစ်ပါ၏။ နှင်းဆီဖြူမှာ နေတုန်းက အဆောင်နေကျောင်းသူ သုံးဆယ်လောက်ကို သန့်စင်ခန်း နှစ်ခန်း သုံးခန်းဖြင့် အဆင်ပြေသော်လည်း ရွှေမန်းဆောင်မှာက ကျောင်းသူတွေ ရာနှင့်ချီ ရှိနေကြတာဆိုတော့ အကွက်မလည်ချင်။ မနက်ခင်းတိုင်းမှာ ကိုယ့်အလှည့် ရောရောရှုရှု ကျရောက်ဖို့ကပင် အလုပ်ကြီးတစ်လုပ် ဖြစ်ရတော့သည်။ အပြင်မှာ လူတွေ တန်းစီစောင့်နေမှန်း သိနေတော့လည်း ကိုယ့်ကိစ္စက အဆင်မပြေ။ စိမ်ပြေနပြေမရှိ။ အလှည့်မကျသေးသူတွေကလည်း သီချင်း တဟိုဟို၊ စကားတပြောပြော နှင့် ဝေဒနာကို ထိန်းထားရသော်လည်း အခန့်မသင့်လျှင် နာရီဝက် တစ်နာရီ ကြာချင်လည်း ကြာတတ်လေရာ လေနှင့်ဝမ်း မကွဲရသူတို့ခမျာ ဒုက္ခကြီးရောက်ရ တော့သည်။ မိန်းကလေးတွေချည်းဆိုသော်လည်း ရှက်တတ်သူတွေလည်း ပါတတ် သလို အော်ကြီးဟစ်ကျယ် ရှိသူတွေလည်း ပါတတ်ပါသည်။

"မြန်မြန်...မြန်မြန်ပါ,ပါ...အချစ်ရေ...သည်မှာ တန်းစီရတာ ညောင်းပြီ"

"မင်းတို့ကိုလည်း...အပြစ်မတင်...ချစ်ခင်...မောင်တင်...ကိုယ့်ကိုယ် ကိုပင် သနားလှချည်ရဲ့အစဉ်..."

အပြင်ဘက်မှနေ၍ ဗိုက်ကိုနှိပ်ရင်း သီချင်းတွေဖျက်ဆိုကြ၊ ရေအိမ်တံခါးကို တဒုန်းဒုန်းထုကြနှင့် ဆူပွက်နေတော့သည်။



"ဟဲ့...ပျားအုံ နင့်ဟာက လိုတာထက် ပိုကြာနေပါပကော...အိမ်သာထဲ ဘာလုပ်နေတာလဲ"

"သော့ခ်မ်းပျားသလား အက်စစ်များသလား လစ်တမတ်စက္ကူနဲ့များ စမ်းနေ တာလားဟယ်..."

"တိုက်ကြေးရှင်းလုပ်နေတာနေမှာပေါ့"

"Test Tube လိုသေးလားဟဲ့..."

ကံကောင်းထောက်မစွာ တစ်နေရာရာသွားသော ထွေးထွေးသိန်းက တော်တော်နှင့် ထွက်မလာခြင်းကြောင့် ကျွန်မတို့က အပြင်ဘက်မှ ကျူးအော်လိုက် ကြခြင်းဖြစ်ပါသည်။ ဗိုက်နာလွန်းလှသဖြင့် ငုတ်တုတ်ထိုင်ကာ ရှုံ့မဲ့နေသော စိုးစိုးမော်ကတော့ စကားပင် ဟဟမဆိုနိုင်တော့ပေ။ သောကကျောင်းသူတွေက လည်း မျက်စောင်းထိုးလှပြီ။

"ဟဲ့...ပျားအုံ...ပျားအုံ...မြန်မြန်လုပ်ပါဟယ်..."

"ဘာတွေဖြစ်နေကြတာတုံးဟ...လေပြေမထိုးနဲ့ဦး...ငါစခန်းမချနိုင် သေးဘူး"

ကျွန်မနှင့်နွယ်နွယ်တင်က ရေအိမ်ကို ပြိုင်တူ တော်တော်ကြီးထုတော့မှ အထဲမှ ထွေးထွေးသိန်းအသံ ပွဲ့ယှဲ့ထွက်လာ၏။

"ပြီးပါပြီဟ...ကတည်းမှ"

"နင့်ဟာက ကြာလိုက်တာဟယ်...နင်မို့ အားမနာတမ်း မိနစ်နှစ်ဆယ် ကြီးများတောင်..."

ထွေးထွေးသိန်းပုံက မသက်မသာဟန်ဖြင့် ထွက်လာခြင်းဖြစ်၏။ ထွေးထွေးသိန်းထွက်လာသည်နှင့် စိုးစိုးမော်က လစ်ခနဲ ဝင်ပြေးသွားတော့သည်။ အခြေအနေက ဆိုးလှပြီမဟုတ်လား။

နွယ်နွယ်တင်က ဆီးအပြစ်တင်လိုက်တော့ ထွေးထွေးသိန်းက ရေမဆေး ရသေးသောလက်ခုံဖြင့် မျက်လုံးကိုပွတ်ကာ –

"တစ်မေ့မေ့လိုက်မိလို့ပါဟဲ့... အိပ်မက်တောင်မက်လိုက်သေးတယ်" ဟုဆိုသည်။

ကောင်းရော။

ဟုတ်ချင်လည်းဟုတ်မည်။ ညတုန်းက ထွေးထွေးသိန်း ဝတ္ထုစာအုပ် ဖတ်နေလိုက်တာ အဆောင်မီးပိတ်သည့်နောက်တောင် လက်နှိပ်ဓာတ်မီးတစ်လက်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဆက်ဖတ်နေခဲ့သည်။ ဝတ္ထုစာအုပ်က ထွေးထွေးသိန်းအကြိုက် တရုတ်သိုင်း ဝတ္ထုကြီး။

ကျွန်မတို့က အိပ်ပါတော့ဆိုသော်လည်း မရ၊ ဇာတ်သိမ်းခန်းဆိုတော့ လက်မလွှတ်နိုင်သေးပုံပေါ်၏။

"ဇာတ်သိမ်းခန်းနောက်ဆုံးတွဲဟာ…မနက်ဖြန်မအပ်ရင် သိုင်းဆရာကြီးက အဲ့လေ…စာအုပ်ဆိုင်က ရက်လွန်ကြေးပေးရတော့မှာ…သည်လိုဟယ် နန်းတွင်း သိုင်းဆရာတွေဖြစ်တဲ့ ကျောက်ကွဲနဲ့ ကျောက်ကြွေးဟုန်တို့က မိသားစု ကမ္ဘာ့ရန်သမားတွေ…ဘုရင့်ဆီမှာ အမှုထမ်းရသူတွေပေမယ့် မတည့်ကြဘူး…သည်မှာတင် ကျိုးကျားကျိန်းတို့အဖွဲ့က အကွက် ကောင်း ချောင်းနေကြတာဆိုတော့…"

"တော်စမ်းပါဟယ်…နင်မို့လို့မှတ်မိတယ်… ကကြီးတွေများလိုက်တာ"

"ဒါတောင် ကျွန်ကျေးကြွတ်ဆိုတာပါသေးတယ် ..အားလုံး ဆယ့်လေး တွဲတောင် ဖတ်ရတာ…တရုတ်နာမည်တွေချည်း နှစ်ရာကျော်ပါတယ်… နောက်ဆုံးတော့ဟာ…"

"တော်ပြီဟေ့…"

ကျွန်မတို့အားလုံးက နားတွေပိတ်တော့မှ ရှင်းလင်းချက်ရပ်တော့သည်။ ကျွန်မသူငယ်ချင်းတွေက ကျွန်မဖတ်သည့်စာအုပ်မျိုး မဖတ်ကြသော်လည်း စာအုပ်နှင့်ပတ်သက်လျှင် ကိုယ့်အကြိုက်နှင့်ကိုယ်တော့ ရှိကြပါ၏။ ထွေးထွေးသိန်းက ဘာသာပြန် သိုင်းဝတ္ထုကြီးတွေကို ကြိုက်သလို နွယ်နွယ်တင်ကတော့ ငြိမ်းကျော်၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ကလျာ (ဝိဇ္ဇာ၊ သိပ္ပံ)၊ ခင်ဆွေဦး၊ မမိုးမြေ စသူတို့၏ မေတ္တာဘွဲ့လုံးချင်းဝတ္ထုကြီးတွေကို သည်းကြီးမည်းကြီး ဖတ်သည်။ စိုးစိုးမော်က တော့ လူပုံအေးစက်စက်နှင့် ဖတ်လိုက်လျှင် သမိုင်းနောက်ခံဝတ္ထုကြီးတွေကိုမှ ဖတ်သည်။ ပါရဂူ၊ ချစ်ဦးညို၊ နန္ဒ…စသည်ဖြင့်။ ခင်ခင်ရီစဉ်ကလည်း စုံထောက် ဝတ္ထုတွေ အဖတ်များခဲ့သည်။ အကြိုက်ချင်းမတူကြသော်လည်း ကျွန်မတို့တစ်တွေ မန္တလေးတက္ကသိုလ်ကို ရောက်လာကြတော့ စာတွေ ပိုဖတ်ဖြစ်လာကြသည်။ စာပေပတ်ဝန်းကျင် ပိုကြီးလာခဲ့သည်။ အဆောင်မှာက လူမျိုးပေါင်းစုံ၊ ဝါသနာ ပေါင်းစုံဆိုတော့ အသံမျိုးစုံ၊ ရုပ်မျိုးစုံ မြင်ခွင့်ရခဲ့ကြသည်။ ရုပ်ရှင်နှင့်စာအုပ်သာ ကျွန်မတို့နှင့် အတူရှိခဲ့သည်။ ရုပ်ရှင်တစ်ခါတစ်ခါကြည့်ရဖို့ တက္ကသိုလ်ထဲကနေ ရုပ်ရှင်ရုံကြီးများရှိရာ မြို့ထဲကိုသွားရဖို့ကလည်း တကန်တက။ ဆေးကောလိပ်မှာ



တုန်းကများ ကျောင်းလစ်ပြီးတောင် ကြည့်ခဲ့ကြတာမဟုတ်လား။ သည်မှာက မြို့ထဲနှင့် သုံးမိုင်လောက်ဝေးတာဆိုတော့ ကျောင်းပိတ်ရက်ရောက်မှသာ စိတ်ကူးဝံ့ ကြသည်။ ရုပ်ရှင်တစ်ပွဲကြည့်ဖို့ ကရိကထများကြရသည်။ သွားနိုင်သည်ထားဦး။ အပတ်တိုင်းတော့လည်း မရောက်နိုင်ကြ။ သည်တော့ ကျွန်မတို့လက်တစ်ကမ်းမှာ စာအုပ်တွေရှိရတော့သည်။ ကျွန်မတို့တက္ကသိုလ်ကျောင်းသူများ၏ စာဖတ်ခြင်း အလေ့သည် ဘဝထဲအထိ ပါလာခဲ့ကြသည်ဟုပင် ဆိုချင်ပါသည်။

ရေချိုးကြရတာကလည်း အမှတ်တရပင်။ မိန်းကလေးတွေချည်းဆိုတော့ စကားလည်းပြောရင်း၊ ရေလည်းချိုးရင်း အလုပ်နှစ်လုပ် လုပ်ကြမြဲ။ သူငယ်ချင်းမယ် တွေ ရေချိုးကြတာ သည်လိုနေမှာပဲဟု ကျွန်မ ကြောင်တောင်တောင် တွေးမိပါ၏။ ကိုယ်လက်သန့်စင်ပြီး အတန်းတက်ဖို့ ပြေးကြရသည်။

ရေအိမ်တန်းစီကြရသလို ဘုံရေချိုးခန်းမှာလည်း ရေပိုက်ကကျလာမည့် ရေကို ဖလားဖြင့် အလုအယက်ခံရပြန်၏။ ရေပိုက်ကရေက ရေကန်ထဲကို စိတ်အေး လက်အေးကျရသည်မရှိ။ အဝတ်လျှော် ခေါင်းလျှော်သည့်နေ့တွေဆိုလျှင် ရေကန် နားမှာပင် တစ်ရေးအိပ်ပေတော့။ လက်နှစ်သစ်လောက်ပဲရှိသည့် ရေကန်ထဲကရေကို ခါးတစ်ခါစ်ချိုးကာ ကုန်းကုန်းခပ်ရသဖြင့် နံရိုးများပင် အောင့်ချင်ချင်။ ကျွန်မတို့ အထဲမှ အရပ်ပုသော ထွေးထွေးသိန်းနှင့် စိုးစိုးမော်ဆိုလျှင် ရေကုန်းခပ်တိုင်း ခြေဖျားထောက်ကာ ခပ်ရသည်။ ခြေထောက်များပင် ထောက်ရာက လွတ်ချင်ချင်။

"ဟော့ နင်တို့နှစ်ယောက် အောက်ခြေမလွတ်ကြနဲ့နော်…အကျနာမယ် သတိထား…"

ကျွန်မတို့က စလျှင် ထွေးထွေးသိန်းက ချက်ချင်းပြန်မခွပ်နိုင်။ ရေကုန်း ခပ်ရတာ မောလှပြီကိုး။ ပြီးမှ ခပ်ထားသည့်ရေကို သာသာလောင်းရင်း "တို့ကျောင်း တော်ကြီးက ငွေကို ရေလိုသုံးဖို့ပါ သင်ပေးလိုက်တာဟ" ဟုဆို၏။ စကားများများ မပြောသည့် စိုးစိုးမော်ပြောလိုက်သည့်စကားကြောင့် ရေချိုးရင်း ရယ်ကြရသေးသည်။

"နင်တို့ဟာကဟယ်…သီရိမေငှားထားတဲ့ ကဗျာစာအုပ်ထဲကလို ဖြစ်နေ ပြီ…အိုင်အိုကြီးပါလား…အလို ရွှေဖားခုန်ချသွား…ပလုံမြည်သံကြား… ဆိုတာလေ"

တဲ့။ စိုးစိုးမော်ကမှ ဟုတ်ဟုတ်သေးတော့။ ဆရာကြီးမင်းသုဝဏ်၏ ဟိုက္ကူကဗျာ မြည်းစရာစာအုပ်ကို ကိုတိုးကြီးဆီက ကျွန်မ ငှားထားခဲ့သည်။ တစ်ယောက် တစ်လက် ယူဖတ်ကြည့်ကြရာက သူတို့ပါ နှစ်သက်သွားခဲ့ကြသည်။ အခု စိုးစိုးမော်

www.burmeseclassic.com

www.burmeseclassic.com



သည်လိုပြောလိုက်တော့ အံ့သြရသလို သူ့စကားကြောင့် ရေချိုးရသည့်ရေကန်ကို မျက်စိထဲ မြင်ယောင်ရသည်။

သည့်ထက်ရယ်ရသည့်အဖြစ်ကတော့ ကျွန်မတို့သူငယ်ချင်းတွေ ပြောချင်ရာပြောနေကြတာကို နားစွန်နားဖျား ကြားကြသူ ကျောင်းသူတစ်ယောက်စ နှစ်ယောက်စ ထပြန်ကြသည်။ နောက်မှသိရသည်မှာ ရေကန်ထဲ ဖားကျလို့ ဆိုသည့်သတင်းဖြစ်နေလို့ ဆိုသည်။ ကျွန်မတို့က ဟိုက္ကျုကဗျာထဲက ကဗျာကို ရွတ်ပြရင်း ၊ရှင်းတော့မှ သူတို့လည်း ရယ်ကြပါသည်။

မည်သို့ပင်ဖြစ်စေ မြေပြန့်နှင့် တောင်ပေါ် ဘာသာစကားချင်း၊ ယဉ်ကျေးမှုလေ့ချင်းမတူကြသူ တိုင်းရင်းသူ သူငယ်ချင်းများနှင့်ပါ ခင်မင်ခွင့်ရခဲ့တာကိုတော့ ကျွန်မ မမေ့နိုင်ပါ။ ကျွန်မတို့ ပင်ပန်းခက်ခဲလှသည်ဆိုတာလောက်ကိုတော့ သူတို့ ပညာသင်ရသည့် ဘ၀များနှင့်စာလျှင် စာမဖွဲ့သာပါ။ ကျောင်းပြီးလျှင် ဆရာမအဖြစ် တာ၀န်ထမ်းဆောင်ချင်ကြသူတွေချည်း။ ကိုယ့်ရေမြေဒေသက ပန်းကလေးတွေ ဖူးနိုင် ပွင့်နိုင်ဖို့ ရေလောင်း ပေါင်းသင်လုပ်ချင်ကြသည့် သူတို့စိတ်ဓာတ်နှင့် ခံယူချက်ကို လေးစားကြရပါသည်။ တိုင်းရင်းသူကလေး 'ပိုးကွေး' ဆိုလျှင် သိပ်ချစ်စရာ ကောင်းသည်။ ကျွန်မက ပိုးကွေးကို –

"မင်းတို့ဆီရောက်ရင် ဘာကျွေးမှာလဲ…ကျောင်းပိတ်ရင် ငါတို့ အလည်လိုက်ကြမလို့…"

"သိရိုမြ ဘာစားချင်လဲ ကျွေးမယ်ကွာ…မင်းတို့လိုက်နိုင်မှာလား အဝေးကြီးဟာကို…မဖြစ်ပါဘူး"

"ပိုးကွေးက မခေါ်ချင်ဘူးပေါ့…"

"အေး မခေါ်ချင်ဘူး…မင်းတို့ မောမှာလေ…"

ကျွန်မတို့က ရယ်တော့လည်း သူက ထပ်ပြောနေပြန်သည်။

"ဟုတ်တယ်လေ…မင်းတို့ မလိုက်နိုင်ဘူး…" တဲ့။

ခန္တီးသူ မခင်ရီပြောတာကိုလည်း ကျွန်မတို့ ရယ်မိကြသည်။

"အား…မင်းတို့ဆီမှာသာ ရေရှားတာပါကွာ…တို့ဆီမှာ မြစ်ထဲ ဒိုင်ဗင်ထိုးချစမ်း…ရလိုက်တာမှ…"

ဟူမွလင်း, ခန္တီးဘက်မှ ရှမ်း, နာဂ တိုင်းရင်းသူကလေးများ၊ မြစ်ကြီးနားဘက်မှ ကချင်တိုင်းရင်းသူကလေးများ၊ ကလေး၀; တမူးဘက်မှ ချင်းတိုင်းရင်းသူ



ကလေးများ၊ လားရှိုး, မူဆယ်, ကွတ်ခိုင်, နမ့်ခမ်းဘက်မှ ရှမ်းတိုင်းရင်းသူကလေးများ၊ ရှမ်းတရုတ်နွယ် ကျောင်းသူများ…။

ကျွန်မတို့တစ်တွေနေရသော ရွှေမန်းကျောင်းဆောင်သစ်မှာ ခန်းမရှည်ကြီးဆိုတော့ အဆောင်သူတွေ တရုန်းရုန်းနှင့် ရှိနေတတ်ပါသည်။ ကိုယ်ကျရာအဆောင်ကို နေရသည်ဆိုသော်လည်း အနေကြာလာတော့လည်း ညီအစ်မတွေလို၊ ငယ်ပေါင်းကြီးဖော်တွေလို ခင်မင်ကြရသည်။

မုံရွာသူ သူငယ်ချင်းတွေထဲက မြင့်မြင့်စိန်ဆိုလျှင် တကယ်လောင်တတ်သူလည်းဖြစ်ပါ၏။ တစ်ညသားမှာ ဘာစိတ်ကူးပေါက်ကြသည်မသိ။ မုံရွာကျောင်းသူတွေ ဇာတ်ထကကြသည်။ မြင့်မြင့်စိန်က အိပ်ရာခင်းစောင်ကြားကြီးကို ခါးမှာပတ်၍ ခါးတောင်းကျိုက်သည်။ ခေါင်းမှာလည်း ပ၀ါတစ်ထည် ပတ်ပေါင်းပေါင်းကာ မင်းသားတွေလို အစဆောင်ထားလိုက်သေး၏။ မျက်နှာမှာ မျက်နှာချေမှုန့်တွေ ပုတ်ထားလိုက်တာ ဖွေးလို့။ နှီးယပ်တောင်ကြီး တဖျပ်ဖျပ်ခပ်ရင်း မြိုင်ထထွက်ကြခြင်းဖြစ်သည်။

"လှမ်းနိုင်ဘူး တော်ကြီးရေ…ဟင့် ဟင့်…"

"တစ်လှမ်းမှတောင် မလှမ်းရသေးဘူး…နင့်ဟာက မလှမ်းနိုင်ဘူးဆိုတော့ မဟုတ်သေးပါဘူးဟယ်…"

မြင့်မြင့်စိန်နှင့်အတူတွဲကသည့် မင်းသမီးကလည်း မုံရွာသူ ခင်ဝင်းကြည်။ ခင်ဝင်းကြည်ကလည်း ပ၀ါတစ်ထည်ကို ဘီးဆံထုံးကြီးလိုထုံးပြီး နဖူးဆံမြိတ်ချကြီးဖြင့် တမူမူ တနွဲ့နွဲ့လုပ်ပြနေလေသည်။ လူရွှင်တော်လုပ်ကြသည့် သင်းသင်းထွေး၊ တင်တင်ဦးနှင့် လှလှအေးတို့ သုံးယောက်ကလည်း နှုတ်ခမ်းမွေးတွေ ခဲနှင့်ဆွဲထားကြပြီး အိပ်ရာခင်းစောင်ကျားကြီးတွေကို တောင်ရှည်ပုဆိုး လုပ်၀တ်ထားကြသည်။

"သြော်…အခုလို ဂုဏ်သရေရှိလှသော ရွှေမန်းဆောင်က ကျောင်းသူတွေကို ကျွန်တော်တို့မုံရွာဇာတ်သဘင်အဖွဲ့ကြီး လာရောက်က,ပြဖျော်ဖြေရတာဖြင့် ပျော်စရာမကောင်းပေဘူးလားဗျာ…"

"ကောင်းပါ့ဗျာ…ကောင်းပါ့ဗျာ…ဘယ့်နှယ်ပြောပါလိမ့်…ရွှေမန်းသူတွေကလည်း အချောအလှ သဘောကျစရာတွေချည်းကိုးဗျ…"

"ချောပေမယ့် အနားမကပ်ဝံ့ဘူးဗျ…"

"မာနကြီးကြလို့လား…"

"ရေ၀အောင် မချိုးကြရဘူးလေဗျာ…"

www.burmeseclassic.com

www.burmeseclassic.com



"ရေစင်အောင် မချိုးရပေမယ့် ရေဖတ်များတော့ တိုက်ကြရပါတယ်ဗျ... ဓာတုဗေဒကျောင်းသူတွေဆိုတော့ အထားခံအောင် ယမ်းစိမ်းပက်ထားလို့ပါဗျာ..."

"ဩော် ယမ်းစိမ်းနဲ့လား...ကျုပ်က ယမ်းစိမ်းနဲ့မထင်ဘူး..."

"ဘာနဲ့ထင်လို့တုံး..."

"ဖဝက်သာနဲ့ထင်တာဗျို့..."

"မဟုတ်မှလွဲရော ထုံးနဲ့လျက်ဆား ဓာတ်ပြုကြပြီထင်တယ်"

လှူရှင်တော်တွေ ပျက်နေတာကိုကြည့်ရင်း တစ်ဆောင်လုံး တဝါးဝါး ရှိနေကြသည်။ လှူရှင်တော်လုပ်သူ သင်းသင်းထွေးက ဒန်လင်ပန်းကြီး ကိုင်ထားပြီး ခေါင်းတွေကို တဝွမ်းဝွမ်းရိုက်သည်။ ယပ်တောင်ခတ်နေသည့် မင်းသားမြင့်မြင့်စိန်က မင်းသားသံဖြင့် ဝင်လာသည်။

"ကိုင်း တော်ကြပါကွယ် ...တိုင်းတော် ပြည်တော်က နှင်လိုက်လို့ နှမတော်ကလေးနဲ့ တောတောင်ခရီးထွက်ခဲ့တာ...အခု ဘယ်ရောက် နေပြီလဲ နှမရဲ့..."

"ရွှေမန်းကျောင်းဆောင် ရောက်နေပါသဗျာ..."

"နို့...ရေမိုးများကော အဆင်ပြေကြရဲ့လားဟဲ့..."

"ဘုန်းတော်ကြောင့် ရေကို ခြစ်ခပ်နေကြရပါသဗျာ..."

"နို့...အစားအသောက်ကကော..."

"ဘုန်းတော်ကြောင့် ဝက်သားနည်းနည်း ဘူးသီးများများပါဘုရား"

"နို့...ဂစ်တာဝိုင်းများကော ညစဉ် မှန်မှန်လာကြရဲ့လား"

"ဘုန်းတော်ကြောင့် ငါးဖွဲ့လောက် ရှိကြောင်းပါ မောင်တော်..."

"အေး ဒါဆိုရင် ငါကိုယ်တော်...သည်မှာ တစ်စခန်းချလို့မို့ တို့နှစ်ဖော် အပန်းတော်ဖြေကြစို့...သဘောဖြူစွာ အလာမနှောင့်ရအောင် ဟောလ်ကျူတာသံ နှာခံရင်း စောင့်စေဗျား..."

သည်မှာပဲ ဟောလ်ကျူတာဆရာမ ရောက်လာခဲ့သည်။ ဟောလ်ကျူတာမှာ ဝါးခြမ်းပြားလေးလို ပိန်လွန်းလှသူဖြစ်သည်။ စည်းကမ်း တင်းကျပ်သလောက် လူမှုရေးတွင် ကူညီရှာသူဖြစ်ပါသည်။

"ဟော...မင်းတို့ ဘာတွေလုပ်နေကြတာလဲ... စာကျက်ချိန်ခေါင်းလောင်း တီးပြီးပြီ...ဓာတ်ထွက်နေကြတာပေါ့လေ ဟုတ်လား...ကဲ ကဲ ဓာတ် အဖွဲ့ကြီး ရုံးခန်းကိုကြွခဲ့ကြပါ...သည်အတိုင်းလိုက်ခဲ့ကြ..."



ဟောလ်ကျူတာဆရာမက ဓာတ်အဖွဲ့သူတွေကို အဆောင်မှူးထံ ခေါ်သွားသည်။ မုံရွာအဖွဲ့ ငါးယောက်စလုံးကို အဆောင်မှူးက ပထမအကြိမ် ဝမ်နင် ပေးလွှတ်လိုက်သည်။ သူတို့အဖွဲ့ ရုံးခန်းကပြန်လာတော့ မျက်နှာတွေက စပ်ဖြီးဖြီး။ ကျန်သည့်အဆောင်သူတွေအားလုံးကလည်း ပြုံးစိစိ။ အားလုံးက အားရဝမ်းသာ နှုတ်ဆက်ကြပါ၏။ မန္တလေးတွင် မြို့မရေသဘင်ကားကြီးကို နှုတ်ဆက်ကြပုံမျိုး။

"ရွှေမန်းဂုဏ်ဆောင် မုံရွာဓာတ်သဘင်အဖွဲ့ကြီး..."

"ကျန်းမာပါစေ...ချမ်းသာပါစေ..."

ကျွန်မတို့တစ်တွေက သံသေးသံကြောင်များဖြင့် နှုတ်ဆက်ကြတော့ မြင့်မြင့်စိန်တို့တစ်တွေက "ရွှေမန်းအဆောင်သူများ ကျန်းမာစေ...ချမ်းသာပါစေ" လို့ ပြန်နှုတ်ဆက်ကြသည်။ လှူရှင်တော် လှလှအေးက မနက်ဖြန်ညမှာတော့ 'ဖတ်စ်ဝမ်နင်' အော်ပရာနဲ့ တင်ဆက်ပါဦးမယ်ဆိုလို့ ကျွန်မတို့မှာ ရယ်ကြရ ပြန်သည်။ သည့်နောက်တော့ မုံရွာဓာတ်သဘင်အဖွဲ့ကြီး သိပ်မလှုပ်ကြတော့ပါ။

*"အဆောင်ဆိုတာ ကိုယ့်အိမ်ကိုယ့်ရာ မဟုတ်ဘူး...သည်တော့ ကိုယ့် အိမ်ကိုယ့်ရာလို လွတ်လပ်မှုမျိုးကို မရနိုင်ဘူး...မိရိုးဖရိုးလည်း မဟုတ် တော့ ဆိုးချင် နွဲ့ချင်လို့လည်း မရတော့ဘူး...သည်မှာက ကိုယ့်ကိုယ် ကို ထိန်းကျောင်းတတ်တဲ့စိတ်၊ အသင်းအပင်းစိတ်၊ အများနဲ့ နေထိုင် တတ်တဲ့စိတ်၊ အတွေ့အကြုံကောင်းကို သိမ်းပိုက်နိုင်သလို အတွေ့ကြုံ ဆိုးကို ဆင်ခြင်စိတ်နဲ့ စွန့်ပယ်နိုင်တယ်...ကောင်းအတူ ဆိုးအမျှ နေပျော်တတ်တဲ့စိတ်ဓာတ်ဟာ သည်လိုအချိန်မှ ရနိုင်တယ်... ဒါကို ဘဝအတွက် အကျိုးအမြတ်အဖြစ် ခံယူကြပါ..."*

ဆရာမကြီးတစ်ယောက်၏ ဆုံးမစကားဖြစ်၏။ ဆရာမကြီး ဆုံးမခဲ့တာ မှန်ပါသည်။ အတွေ့အကြုံအမျိုးမျိုးကို ကျွန်မတို့ကြုံရသော်လည်း နေတတ်ကြပါပြီ။ စိတ်ရောကိုယ်ပါ မလွတ်လပ်နိုင်သည်မှန်သော်လည်း ကျွန်မတို့မှာ ကျဉ်းကျပ်မနေ ပါ။ တစ်ခါတလေ စိတ်ထွက်ပေါက်ရှာကြသလို က,ချင်သူက က၊ ခုန်ချင်သူက ခုန်၊ သီချင်းအော်ဆိုချင်သူက ဆို၊ တစ်ယောက်တစ်ယောက် ထိခိုက်သည် လွန်ကျူး သည် မထင်ကြတော့ပါ။ နေထိုင်စားသောက်ခြင်းတွင် အခက်အခဲရှိသည့်သလောက် ရှိသော်လည်း အခက်အခဲလို့ မထင်ကြတော့။

ကျွန်မတို့အဆောင်မှာလည်း လူအမျိုးမျိုး၊ စရိုက်အမျိုးမျိုး။ တချို့က အမြဲတမ်းလှုပ်နေရမှ၊ တချို့က ငြိမ်ငြိမ်ကုပ်ကုပ်။ တချို့ကတော့ အော်ကြီးဟစ်

www.burmeseclassic.com

www.burmeseclassic.com



ကျယ်။ တချို့က သူ့ကိုယ်သူပင် မကြားရအောင် နှုတ်ခမ်းလှုပ်သည်ဆိုရုံကလေး ပြောကြသူတွေ။ ညနေတိုင်း အိမ်လွမ်းလို့ ငိုသူလည်းရှိသည်။ သူရဲပူးချင်သလိုလို နတ်ပူးချင်သလိုလိုလည်း ပါ၏။ ဗေဒင်လက္ခဏာပါသူတစ်ယောက်ဆိုလျှင် လူတကာ လက်ဖဝါးတွေ လှန်ခိုင်းတတ်သည်။ စိပ်ပုတီးတစ်ချောက်ချောက်လည်း ရှိ၏။ ပရိတ်ကြီးဆယ့်တစ်သုတ် နှုတ်ငုံဆောင်ကြသူတွေလည်း များပါသည်။ ရည်းစားထည့်လဲတွဲသူတွေ ရှိသလို၊ ကြွားဝါတတ်သူများလည်း ပါသည်။ နေရင်းထိုင်ရင်း မှုန်နေအောင် လိမ်းခြယ်ထားကြသူတွေရှိသလို ပုံပန်းတွေကလည်းရှိသည်။ သို့သော် အချင်းချင်း စာစာနာနာ ညာညာတာတာ ရှိကြသည်သာ။

သူ့ဟင်း ကိုယ့်ဟင်း အခြောက်အခြမ်း၊ အငန်အစပ်ကလေးတွေလည်း ဖလှယ်စားကြသည်။ မိဘများက နေ့ဖို့ညစာစားရအောင် ထည့်ပေးလိုက်သော်လည်း တစ်ရက်တည်းနှင့် တစ်ဘူးလုံးပြောင်ရသည်လည်းရှိကြ၏။ မွေးနေ့ရက်နှင့် တိုက်ဆိုင်ကြသူတွေက အဆောင်ထဲမှာပဲ လက်ဖက်သုပ်မွေးနေ့၊ ဂျင်းသုပ်မွေးနေ့၊ ထိုးမုန့်မွေးနေ့၊ ထမနဲမွေးနေ့တွေ ကျင်းပကြတာ ပျော်စရာကောင်းပါ၏။

"နင့် မွေးနေ့ကလည်းဟယ်.. ကိတ်မုန့်မလှီးဘူးလား…ဖယောင်းတိုင် ထွန်းပြီး ဖွားသီလ လုပ်ချင်လို့…"

ဖွားသီလဆိုတာ ဖယောင်းတိုင်မီးမှုတ်ငြိမ်းခြင်းကို ပြောခြင်းဖြစ်ပါ၏။ 'ဖွား' လို့ ခပ်ပြင်းပြင်းမှုတ်လိုက်လျှင် မီးငြိမ်းတာမဟုတ်လား။

"ကိတ်မုန့်က ရတယ်ဟ… ဖယောင်းတိုင် ဝယ်မရလို့"

"ရပါတယ်ဟယ်…အခုလည်း ထိုးမုန့်ကြိတ်လှီးမွေးနေ့ပဲဟာ…"

တစ်ခါတလေတော့ ဘယ်သူ့ဘယ်သူမှ ဟင်းမကမ်းနိုင်ကြ။ အဆောင်ဟင်းကိုသာ ဖိတွယ်ကြရသည်။

"တို့တွေလည်း အခုမှ ထန်းသမားတျာချင်းထဲကလို ဖြစ်နေကြပြီ…"

"ဘာဖြစ်လို့လဲ အံ့မှိုင်းရီရဲ့"

စကားနည်းသော စိုးစိုးမော်က သည်လိုပြောလာတော့ ကျွန်မ စိတ်ဝင်စားသွားမိသည်။ စားလက်စ ဘဲဥဖတ်ကလေးကိုပင် ထမင်းဘေးဖယ်ထားရင်းက မော့ကြည့်ပိုက်မိသည်။ ထွေးထွေးသိန်းကတော့ ပလုပ်ပလောင်း။ မွှေ့ရာထဲ မှို့သွင်းသလို သူ့ဝမ်းဗိုက်ထဲ ထမင်းတွေ သိပ်ထည့်နေပုံနှင့်ပင်တူသည်။

"သြော်…တို့အလယ်တန်းတုန်းကသင်ရတဲ့ ဝန်ကြီးပဒေသရာဇာ ရေးခဲ့တဲ့ ထန်းတက်ဘွဲ့ကဗျာကလေးလေ… 'နှီးခေါင်းလန်းကြီး ခူးပြီးသော



*အခါ…သမီးနှင့်သား များလို့မဝင်သာ…ဒူးတစ်ဖက်ဟာ တွန်းကာဖယ်လျက်…သူ့ထက်ငါလေ စားတော့မည်စေ…စားပေသာလှ အုန်းခွက်ကယ်နှင့်လေး'* ဆိုသလိုပေါ့ဟာ… သည်စားပွဲတစ်လုံးမှာ ငါတို့ ရှစ်ယောက် နေ့တိုင်းထိုင်ပြီး ပုံစံခွက်နဲ့ ထည့်ပေးလိုက်တဲ့ ထမင်းကို သူ့ထက်ငါလေ စားတော့မည်စေ ဖြစ်နေရတာ မဟုတ်လား…"

သည်တော့ ကျွန်မက "ငါတို့လည်း Tray နဲ့ တူနေလောက်ရောပေါ့ဟယ်…" လို့ ဝင်ပြောလိုက်သည်။

တစ်ခါတစ်ခါတော့လည်း မေမေချက်ကျွေးတတ်သည့် ဟင်းစပ်တွေကို လွမ်းမိသည်။ မေမေက မြင်းခြံသူဆိုတော့ အညာစာတွေ လှိုင်လှိုင်ကြီးချက်တတ်သည်။ ကျွန်မအကြိုက်ဆုံးကတော့ မြင်းခြံတောနယ်တွေက လာရောင်းတတ်သော ဆောင်ချမ်းချဉ်ကို ငရုတ်သီးစပ်စပ်နှင့် ချက်တာမျိုး၊ ဘုတ်မခရမ်းသီး မီးအုံးပြီး မြေပဲထောင်းနှင့်သုပ်တာမျိုး၊ နွားနို့ခဲချက်၊ ထနောင်းဖူးသုပ် စသည့် မေမေ့လက်ရာ အချဉ်စပ်၊ အငန်စပ် အရန်ဟင်းကလေးတွေပဲဖြစ်၏။

"နင်တို့ အခုလို မျိုမကျဖြစ်နေတာမြင်ရတော့ ငါ စိတ်မကောင်းဘူးဟယ်…ငါ့လက်ရာကို ချက်ကျွေးချင်လိုက်တာ…အဆောင်မှာ ချက်ခွင့်မရလို့သာ…"

"နင်က ဘာချက်ကျွေးချင်လို့တုံး ပျားအုံရဲ့"

"ဘဲဥချဉ်ဟင်းလေ…"

"အဆောင်မှာ စားရတာတောင် ဘဲရုပ်ပေါက်နေရတဲ့ကြားထဲဟယ်…"

"နင်တို့များ အာသာရှိမလားလို့ပါဟာ…"

တစ်ခါတလေ တစ်ယောက်နှင့်တစ်ယောက် တွန်းကြထိုးကြရင်း ပျော်ပျော်ပါးပါး ပြီးလိုက်ရတာရှိသလို၊ တစ်ခါတလေ မေမေ့ညနေထမင်းဝိုင်းကို အောက်မေ့မိရတာလည်းရှိပါ၏။ နွယ်နွယ်တင်ကတော့ ထကြိမ်းသည်။

"ငါတော့ မြင်းခြံရောက်မှ ငါစားချင်တာတွေကို အိုးနဲ့အပြည့် ချက်စားလိုက်ဦးမယ်…"

"ဘာတွေများပါလိမ့်ဟယ်"

"ဘဲဥတွေ…"

ထမင်းသီးအောင် ရယ်ကြရပြန်ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၂၉)

ကျွန်မတို့တစ်တွေ အဆောင်မှာကြုံရသမျှအားလုံးကို ဟာသနှောကြရင်း ကိုတိုးကြီးတို့ အောင်တို့ကို ပြောဖြစ်ကြသည်။ သူတို့ကလည်း ယောက်ျားလေးဆောင်က ပြဿနာတွေ ပြောပြကြလို့ ရယ်ကြရတာလည်းရှိသည်။ ကျွန်မတို့ ဓာတုဗေဒစာသင်ဆောင်များရှိရာ အင်းဝဆောင်ဘက်ကို မြန်မာစာ အဓိက ကျောင်းသားများဖြစ်ကြသော ကိုတိုးကြီးနှင့် အောင်တို့ အတန်းအားတိုင်း ရောက်လာတတ်မြဲဖြစ်သည်။ ကျွန်မတို့ ဓာတုဗေဒ ကုမ္မာရီတွေက အုပ်စုတောင့်သည် မဟုတ်လား။ ကိုကိုနိုင်ကလည်း ဖိုးသူတော်မျက်စိလည်သလို ရောက်ရောက်လာတတ်ပါ၏။ တစ်ခါတစ်ရံ သမိုင်းကျောင်းသားများဖြစ်ကြသော ထွန်းကျော်နှင့် မျိုးတင်လတ်တို့ကလည်း ကျွန်မတို့သူငယ်ချင်းများနှင့် လာပေါင်းကြသည်။ ထိုအခါ ကျွန်မတို့၏ တစ်ကျိပ်စီးလှေတော်သားအုပ်ကြီးက အင်းဝဆောင်ရှေ့က စက္ကူပန်းရုံကြီးအောက် တခြားလူ ဝင်မတိုးသာ။ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြ ငြင်းကြခုံကြ။ အတွေ့အကြုံတွေ ဖလှယ်ကြ။

"အောင်တို့ယောက်ျားကလေးအဆောင်တွေက ပိုဆိုးတာပေါ့မရဲ့... ညနေတိုင်ရင် အသံတွေဆိုတာ ဂျက်လေယာဉ်တက်နေသလားမှတ်ရတယ်...အဲ ညတိုင်ရင်တော့ မိန်းကလေးအဆောင်တွေရှေ့ သွားကြဖို့တို့ တချို့ကလည်း မြို့ထဲသွားလည်ကြဖို့တို့ ထွက်ကုန်ကြရော...ကျန်တဲ့သူတွေကတော့ စာဖတ်ချင်လည်းဖတ်...မဖတ်ချင်တော့လည်း စကားထိုင်ပြောကြပေါ့...တချို့က ဖဲထုပ်တွေ ဖွက်ထားပြီး ဆရာလစ်ရင် ဖဲရိုက်ကြတာမျိုးလည်းရှိတယ် မရဲ့...အရက်တို့ ဆေးလိပ်တို့ ခိုးသောက်ကြတာလည်း နည်းနည်းပါးပါးရှိတယ်"

"ဟင်...အဲသလိုလုပ်တော့ ဟောလ်ကျူတာဆရာက မသိဘူးလား"



"မိတဲ့အခါ မိတာပေါ့မရယ်...ဒါပေမဲ့ ဆရာတွေက တော်ရုံတန်ရုံတော့ ဆုံးမပြီး ခွင့်လွှတ်လိုက်ကြတာများပါတယ်...သိပ်ဆိုးလာရင်တော့လည်း တစ်မျိုးပေါ့လေ...ရည်းစားနဲ့အဆင်မပြေတာတို့...ရည်းစားကွဲကြတာတို့ဆိုရင်တော့ ကမ္ဘာကြီးကို အရွဲ့တိုက်မယ်တို့ ဘာတို့ဖြစ်ကြတာပေါ့..."

ကိုတိုးကြီးကလည်း သူ့အတွေ့အကြုံတွေ ပြောပြသည်။ ရယ်ရတာလည်းရှိ၊ မောရတာလည်းရှိ။

"တို့ယောက်ျားလေးဆောင်ထဲ အခြောက်ပါလာတာလည်း ရှိသဟ... ပထမ လေးငါးခြောက်လတော့ ဘယ်သူမှမသိကြသေးဘူး...နောက်မှ သိလာကြတာ..."

"ဘယ်လိုသိတာလဲ..."

"ဟာ...သည်လိုပဲသိတာပေါ့..."

"ဟောတော်...ဘယ်လို သည်လိုပဲလဲ...ပြောပြစမ်းပါ"

"ဟာ...သည်ကောင်မလေးတွေ..."

ကိုတိုးကြီးပြောပြသည့် ကျောပေါက်ကြီးတစ္ဆေဒဏ္ဍာရီကတော့ အဆန်းသား။

"ကျောပေါက်ကြီးသရဲဆိုတာ ကျောမှာအပေါက်ကြီးနဲ့သရဲပေါ့ဟာ... ရတနာပုံအဆောင်ဘက်မှာ ဘယ်တုံးက ဖြစ်ခဲ့မှန်းမသိတဲ့ဇာတ်လမ်းဟ...ဒါကလည်း အချစ်ရေးကစတာလို့ပြောကြတာပဲ... တစ်နှစ်တစ်ခါကတဲ့...ကျောင်းသားနှစ်ယောက် ရည်းစားလုကြရာက စကားများပြီး ဓားထိုးမှုဖြစ်ကြသတဲ့...သူများရည်းစား ဝင်လုတဲ့ကောင်က ထိုးလိုက်တော့ ရည်းစားအော်ရေဂျင်နယ်က သေရော...သေတော့ သရဲဖြစ်တယ်ပေါ့ဟာ...အဲဒီကောင်က မကျွတ်ရာက အဆောင်တစ်ဝိုက် လှည့်ပြီး ခြောက်လှန့်နေတာ နှစ်အဆက်ဆက်ပဲ...သူခြောက်တာက တစ်မျိုး... သူ့နောက်ကျောကို လှည့်ပြတတ်တာဟ...နောက်ကျောက အပေါက်ကြီးကို တွေ့ကြတော့မှ သူ့ရဲ့ခြောက်မှန်း သိကြရတာတဲ့လေ...တစ်ခါကလည်း ကျောင်းသားတစ်ယောက်က ညဘက် အပေါ့သွားရင်း ကျောင်းသားတစ်ယောက်နဲ့ လမ်းမှာ တွေ့ပါလေရော...တွေ့တော့ သရဲကို လှမ်းစလိုက်သတဲ့...ဟေ့သူငယ်ချင်း မင်းတစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



လာတာ ကျောပေါက်ကြီးကို မကြောက်ဘူးလားလို့ မေးလိုက်တယ်… သည်မှာတင် အဲသည် သရဲဖြစ်နေတဲ့ကျောင်းသားက ကျောပေါက်ကြီးဆိုတာ ဒါမျိုးလားဆိုပြီး ကျောလှည့်ပြလိုက်သတဲ့…နောက်ကျောက အပေါက်ကြီးကိုလည်းတွေ့ရော စမိတဲ့ကျောင်းသားခမျာ အကြောက်လွန်ပြီး သတိလစ်သွားလိုက်တာ မနည်းနှာနှပ်ယူကြရသတဲ့…"

ကိုတိုးကြီးပြောတာ ကြားရုံနှင့်ပင် ဟုတ်တာမဟုတ်တာထား ကျွန်မတို့မှာ ကြက်သီးဖျန်းဖျန်းထအောင် ကြောက်ခဲ့ကြရသည်။ အောင်နဲ့ကိုတိုးကြီးတို့ကို ညဘက်မထွက်ကြဖို့ သတိပေးကြရသည်။

"နင်တို့က အခုမှသတိပေးနေ…ငါ တစ်ည အရိုးခေါင်းကြီးနဲ့ တည့်တည့်တိုးတာ…မျက်တွင်းဟောက်ပက်နဲ့ သွားကြီးတွေဖြဲလို့…ကြောက်စရာကြီးပါဟာ…"

ကိုတိုးကြီးကိုယ်တိုင်တွေ့ခဲ့ရသည်ဆိုတော့ ကျွန်မတို့အားလုံး နေ့ခင်းကြောင်တောင်ကြီး ကြောက်နေမိကြသည်။ စိုးစိုးမော်က နဖူးကို ခြေမှုန့်သုတ်လိုက်သေး၏။ ထွေးထွေးသိန်းပင် ပါးစပ်အဟောင်းသားဖြစ်လို့။

"ဟုတ်လား ကိုတိုးကြီး…လူ့အရိုးခေါင်းကြီးပေါ့…"

"အစစ်ပေါ့ဟာ…ဒါပေမဲ့ ငါက မကြောက်ပါဘူး…သူ့တော့ သွားမထိရဲဘူးပေါ့ဟာ…"

"အဲ…ကြောက်စရာကြီး ပြောပါဦး…နောက် ဘယ်လိုဖြစ်တုံး"

"ဘယ်လိုမှ မဖြစ်ပါဘူးဟာ…သံပြားမှာချိတ်ထားတဲ့ပုံကိုးဟ…အောက်မှာ သတိထား မို့အား သုံးသောင်းသုံးထောင်တဲ့…"

ကျွန်မတို့အားလုံး ကိုတိုးကြီးကို ဝိုင်းထုကြတော့ ကိုတိုးကြီးက "ကျောပေါက်သွားပါဦးမယ်ဟာ ဖြည်းဖြည်းထုကြပါ" လုပ်နေသေး၏။ အောင်ကတော့ ကျောပေါက်ကြီးအကြောင်း သူလည်း ကြားဖူးကြောင်းပြောသည်။

"အဆောင်တွေထဲမှာ အစဉ်အဆက်ကတည်းက ရဟန်းပုံဆောင်က သရဲခြောက်တတ်တယ်လို့ နာမည်တွေတော့ ထွက်တာပေါ့လေ…အောင်တို့တော့ တစ်ခါမှ မကြုံဖူးပါဘူး…ကျောပေါက်ကြီးဆိုတာက ကြောက်ပေါက်ကြီးကို ပြောင်းပြန်လှန်ပြီး ဟာသလုပ်ကြရာက တကယ်လိုလိုဖြစ်သွားတာလို့လည်း ပြောကြတာပဲ…သရဲရယ်လို့ ဘယ်ရှိပါ့မလဲမေရယ်…"

"ဘာပဲဖြစ်ဖြစ်ပေါ့ အောင်ရယ်…ညဘက် မလွဲသာ မရှောင်သာ ဆင်းရမယ်ဆိုရင် အဖော်ကလေးနဲ့ဆင်းပေါ့…လက်နှိပ်ဓာတ်မီးလည်းယူ…"



အောင်က ကျွန်မကို နိုးရိမ်ရန်ကောဆိုသည့်မျက်နှာဖြင့် ကြည့်နေခဲ့သည်။ ညဘက်မှာ ပုဆိုးခေါင်းမြီးခြုံရင်း အဆောင်ပြန်နောက်ကျသူတွေကို ခြောက်လှန့်ကြတာလည်း ရှိကြောင်းတွေ အောင်ကပြောပြသည်။

တက္ကသိုလ်မြေဆိုတော့ လူပေါင်းစုံ၊ စရိုက်ပေါင်းစုံမဟုတ်လား။ သည်လိုကျောင်းသားတွေလည်း ရှိနိုင်ကြပါ၏။ တက္ကသိုလ်ဘဝဆိုတာသည်ပင် အမှတ်တရဘဝဆိုကြတာမဟုတ်လား။ သည်လိုအဖြစ်အပျက်၊ သည်လိုဓာတ်လမ်း၊ သည်လိုမှတ်တမ်းများသည်ပင် တက္ကသိုလ်ဘဝ၏ အမှတ်ရစရာပုံရိပ်များ ဖြစ်ကြရသည်။ ဘဝတစ်ကွေ့မှာ ကျောင်းနေဖော်သူငယ်ချင်းတွေ ဆုံမိကြသည့်အခါမှာတော့ သည်အဖြစ်အပျက်များသည်ပင် လွမ်းမောစရာတွေဖြစ်ကြရသည်။

"အောင်တို့သူငယ်ချင်းတွေထဲမှာ စရိုက်အမျိုးမျိုးရှိကြတာမှန်ပါတယ်… ဒါပေမဲ့ စာရိတ္တပျက်ရလောက်အောင်တော့ မရှိကြဘူး…သေချာတာ တစ်ခုက စာတွေ ဖတ်ကြတယ်…ဆွေးနွေးကြတယ်…သဘောထားအမြင်တွေ ဖလှယ်ကြတယ်… အဓိက အောင်နဲ့ အချေအတင်ပြောကြတာတွေရှိတယ်…အောင်ကတော့ အဲဒါကို ပိုကြိုက်တယ်…အောင်တို့မေဂျာက နံရံကပ်စာအောင်လက်ရာတွေ သိပ်ကောင်းတယ်…ကဗျာတွေဆိုရင် မေဖတ်ရရင် ကြိုက်မှာပဲ…"

ထိုနေ့က ကျွန်မတို့တစ်ကျိပ်လှေတော်သားတို့ အုပ်စုလိုက်ကြီး ရေနီမြောင်းဆား ကန်တင်းကို ချီတက်ခဲ့ကြသည်။ နွယ်နွယ်တင်က ကျွန်မနှင့် အောင့်ကိုလက်တို့ကာ သူတို့နှစ်ယောက်နှင့် တစ်စားပွဲတည်း အတူထိုင်ဖို့ စီစဉ်ခဲ့သည်။ ကိုတိုးကြီးနှင့် ထွေးထွေးသိန်းတို့အဖွဲ့က တစ်စားပွဲ။

"အောင်နဲ့သိရိမေကို ငါတိုင်ပင်ချင်တာတွေရှိလို့…"

နွယ်နွယ်တင်က သည်လိုစကားစလိုက်တော့ အောင်ရောကျွန်မပါ ထူးဆန်းသွားရသည်။ ကိုကိုနိုင်ကလည်း မျက်နှာမကောင်းတာ သတိထားမိပါ၏။

"ကိုနိုင်နဲ့နွယ့်အကြောင်းကို အိမ်ကများ သိသွားကြသလား မပြောတတ်ဘူး…မနေ့က ပါလာကို အခေါ်လိုက်လာတယ်…နွယ်သွားတွေ့တော့ ညည်း ပညာကို ဆုံးခန်းတိုင်အောင်သင်ဖို့ကော စိတ်ကူးသေးသလားတဲ့…ညည်းအမေက ညည်းအဖေကြောင့် စိတ်ဆင်းရဲရတာတစ်မျိုး…ညည်းကြောင့် စိတ်ဆင်းရဲရတာတစ်မျိုးလို့ ပြောတယ်တဲ့…"

ကျွန်မ အံ့သြသွားခဲ့ရသည်။ ကျွန်မတို့သူငယ်ချင်းတွေထဲကတော့ ပေါက်ကြားစရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…နွယ်နွယ်တင်ရယ်…ဘယ်သူကပြောလိုက်တာပါလိမ့်"

"ဒါကတော့ မြင်းခြံကျောင်းသူကျောင်းသားတွေဆိုတာ တို့ချည်းမှ မဟုတ်တာဟယ်…တို့မြို့က ကျဉ်းကျဉ်းကလေးပဲဟာ…"

"တို့က နင့်အဒေါ် ခါတိုင်းလိုပဲ နင့်ကိုလာတွေ့ရင်း မုန့်ဖိုးပေးတာပဲ ထင်နေတာ…နောက်ထပ်ကော ဘာပြောသွားသေးလဲ"

"သည့်ထက်တော့ ပိုမပြောပါဘူး…ပြောင်မေးလာရင်တော့ ငါကလည်း ငြင်းမှာပဲလေ…"

အောင်နှင့်ကိုကိုနိုင်က ဘာမှမပြောကြပါ။ ကိုကိုနိုင်က ခေါင်းကိုငုံ့ထားရင်း ရေနွေးပန်းကန်ကို လက်ဖြင့်လှည့်နေသည်။ နွယ်နွယ်တင်က သူ့ကိုယ်ရေးကိစ္စကို ယုံကြည်စွာပြောပြနေတော့ အားလုံးက သဘောထားမပေးကြသေးဘဲ နားသာထောင်နေခဲ့ကြသည်။ အောင်က နွယ်နွယ်တင်နှင့် ကိုကိုနိုင်တို့ မေတ္တာရှိကြတာကို သိထားသော်လည်း ဘဝအခြေအနေတွေကို မသိ။

"ငါက ထွေးသိန်းတို့ရှေ့ မပြောရဲဘူး…အားလုံးသိလို့လည်း မကောင်းဘူးလေ…ကိုနိုင့်ကိုတော့ ပြောပြထားတယ်…ကိုနိုင်က ဘာမှ အကြံပေးဖော်မရဘူး ငိုင်နေတာနဲ့ပြီးနေတာပဲ…"

"အခုအချိန်မှာ ကိုယ်က ဘာအကြံပေးတတ်မှာလဲနွယ်ရယ်…နွယ် စိတ်ဆင်းရဲတယ်ဆိုရင် ကိုနိုင်လည်း စိတ်မချမ်းသာဘူးပေါ့ကွယ်"

"နွယ်က စိတ်မဆင်းရဲပါဘူး…မေမေ စိတ်ဆင်းရဲနေရပြီဆိုတာကိုတော့ နွယ်အလေးအနက်ထားရမှာပေါ့…မေမေမှာလိုက်တဲ့စကားကို နွယ်သိတယ်…ကျောင်းထွက်ပြီး ပြန်လာမလား…စာကို လိမ်လိမ်မာမာ သင်မလားလို့ပြောတာ မေမေ့စိတ်ကို နွယ်သိတယ်…"

"အောင်…ဘယ်လိုထင်သလဲ"

ကျွန်မက အောင့်သဘောထားကို မေးကြည့်လိုက်သည်။ အောင်က စားပွဲပေါ်မှာ လျှောက်ရွှေ့နေကြသည့် ယင်ကောင်ကလေးတွေကို ငေးနေသည်။ သူကိုယ်တိုင် ရေရေရာရာမသိတာကို အကြံတောင်းမိသလိုများ ဖြစ်နေပြီလား။ ကျွန်မက နွယ်နွယ်တင်တို့မိသားစုအခြေအနေကို အနည်းအကျဉ်းရှင်းပြလိုက်သည်။ အောင့်ဆီက တော်တော်နှင့် စကားသံထွက်မလာ။ ကိုတိုးကြီးတို့ဝိုင်းကတော့ တဝါးဝါးပွဲကျနေကြသည်။ မျိုးတင်လတ်နှင့် ထွေးထွေးသိန်း ငြင်းခုံနေကြတာလည်း ကြားနေရသည်။



"အောင်ကတော့ မနွယ်နဲ့ ကိုနိုင်တို့နှစ်ယောက် မေတ္တာရှိကြတယ် ဆိုတာလောက် သိထားသူပါ…တက္ကသိုလ်ကျောင်းသူကျောင်းသားတွေ လည်း ဖြစ်ကြပြီ…အရွယ်အရရော ပညာအရရော စဉ်းစားတွေးခေါ်နိုင်ကြပြီဆိုတော့ အောင့်အနေနဲ့ သိပ်ပြောစရာမရှိပါဘူး…တစ်ခုတော့ရှိတာပေါ့လေ…"

အောင်က တစ်ခုခုပြောဖို့ ချင့်ချိန်နေပုံရသည်။ ကျွန်မကိုလည်း လှမ်းကြည့်သည်။ ခေါင်းငုံ့နေသည့် ကိုကိုနိုင်ကိုလည်း ကြည့်သည်။

"အခု မနွယ်တို့ပြောသလောက်က ပြဿနာမဟုတ်သေးပါဘူး…ကိုယ့်သမီး ရည်းစားထားတာကို သိသွားတဲ့မိဘတိုင်း သည်လိုပြောကြမှာပါပဲ…သိပ်လည်း စိတ်မပူပါနဲ့ဦးလေ…မနွယ်မေမေ့ဆီကို သမီး လိမ်လိမ်မာမာ စာသင်နေပါတယ်…တက္ကသိုလ်သဘာဝ ယောကျ်ားကလေးမိန်းကလေး သည်လိုပဲ ခင်ခင်မင်မင်ရှိကြစမြဲပါ ဆိုတာမျိုး စာတော့ရေးလိုက်ပါ…မေမေစိတ်မဆင်းရဲစေရပါဘူးလို့ ထည့်ရေးပါ…"

နွယ်နွယ်တင့်မျက်နှာဆီက အပြုံးရိပ်ကလေး လန်းလာခဲ့သည်။ အောင့်ကို ကျေးဇူးတင်နေပုံလည်းရသည်။ အောင်ကတော့ စကားကုန်သေးဟန်မရှိ။ တစ်စုံတစ်ရာ အားနာနေပုံလည်း ရပါ၏။

"ဒါပေမဲ့…သူငယ်ချင်းတစ်ယောက်အနေနဲ့ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း မေးချင်တာတော့ရှိတယ်…မနွယ်ရော ကိုနိုင့်ကိုပါ မေးချင်တာပါ…"

"မေးပါအောင်ရယ်…အောင်နဲ့သိရိမေတို့ ပြောစေချင်လို့ ဖွင့်ပြောတာပါဟယ်"

"ကောင်းပြီ…မနွယ်နဲ့ကိုကိုနိုင် ချစ်သူတွေဖြစ်ကြပြီနော်…ဒါပေမဲ့ တဂိုးရဲ့ ကဗျာတစ်ပုဒ်ထဲကလိုပေါ့…တစ်ခဏမျှပြက်လိုက်သော အလင်းရောင်ကပို၍ မှောင်မည်းသော အမိုက်ကို ဆောင်ကျဉ်းလာတတ်တယ်တဲ့…တကယ်လို့ အခုချစ်တဲ့အချစ်ဟာ တစ်ခဏ လင်းပြက်လိုက်တာမျိုး ဖြစ်နေမယ်ဆိုရင် အလင်းက သယ်ဆောင်လာမယ့် အမှောင်ကိုလည်း ရင်ဆိုင်ဝံ့ဖို့တော့လိုမယ်…သည့်အတွက် ပြင်ဆင်ထားကြရဲ့လား ဆိုတာပါ…"

"ဘာပြောချင်တာလဲ အောင်"

ကိုကိုနိုင်က မေးလိုက်ခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မနွယ်နဲ့ ကိုကိုနိုင်တို့အချစ်ကို ခုထိတော့ အိပ်မက်ထဲကအချစ်တွေ အဖြစ်နဲ့ပဲ အောင် မြင်နေလို့ပါ..."

"ဘာဖြစ်လို့လဲ အောင်"

သည်တစ်ခါ မေးလိုက်သူက ကျွန်မပါ။ ယောက်ျားကလေးဆိုတာ စွန့်စားရသည့်အခန်းက ပါတတ်သလို မိန်းကလေးဆိုတာ စွန့်စားရသည်ထက် အံ့သြစရာကို ပိုနှစ်သက်တတ်သည်ဟု မဒမ်ဆီဗိုဗွား၏စာတွေမှာ ကျွန်မ ဖတ်ဖူးသည်။ မိန်းကလေးဆိုတာ အဓိပ္ပာယ်မရှိတဲ့ လေလွင့်မှုထဲမှာ မျောပါနေတတ်သည်ဟု ဆိုသည်။ မိန်းကလေးတစ်ယောက်၏အချစ်မှာ နားခိုစရာ တွယ်တာစရာရှိသည်ဟု ထင်တတ်သော်လည်း တကယ်တော့ မြူတွေထဲက ငိုးတဝါးပုံရိပ်တွေကို ဖွဲ့လမ်းခြင်းမျိုးသာ ဖြစ်နေတတ်သည်လို့လည်း ဆိုပါ၏။ အောင်က ဒါကို ဆိုလိုတာများလား။ သို့သော် အောင် အဲသလိုမဖြေပါ။

"ဘာဖြစ်လို့လဲဆိုတော့ ဒီအချိန်မှာ ဘဝ မပါနိုင်ကြသေးဘူးကိုး... အချစ်ရဲ့အဆုံးစွန်ဟာ အဲသလောက် ဘယ်လွယ်ပါ့မလဲ...ဒါကြောင့် ပြောတာပါ...ခုထိတော့ အိပ်မက်ထဲကအချစ်ပဲ ရှိသေးတယ်လို့..."

စောစောက လန်းလန်းဆန်းဆန်း ပြုံးရွှင်လာသော နွယ်နွယ်တင့်မျက်နှာကလေး ညှိုးကျသွားပြန်သည်။ ကျွန်မက အောင့်ကိုပဲ အပြစ်တင်ချင်သည်။ ချစ်သူနှစ်ယောက်ကို အားမပေးဘဲ မဦးမချွတ် ပြောရက်လေခြင်းလို့လည်း တွေးမိရပါ၏။ တစ်ဆက်တည်း ကျွန်မကိုပါ အောင် အဲသလိုသဘောထားနေတာများလားလို့လည်း မဆီမဆိုင်တွေးမိသည်။ ဘဝမှ မပါသေးတာတဲ့။ လောကမှာ ဘဝမပါဘဲ အချစ်ရဲ့အဆုံးစွန် တစ်နည်းအားဖြင့် အိမ်ထောင်မှုဘဝကို မရနိုင်ကြတော့ဘူးတဲ့လား။ မဟုတ်သေးပါဘူး။ အောင်က ဆက်ပြောနေခဲ့သည်။

"ဘဝပါတဲ့ အိမ်ထောင်ရေးမှ လုံခြုံမှုကိုဖြစ်စေတယ်...အချစ်လောက်နဲ့တင်ဆိုရင် အချစ်ကို ဖြစ်စေရုံရှိမှာပဲ...ကျွန်တော်မှားရင်တော့လည်း ပြောပါ..."

အောင့်ကို ကျွန်မ ချေပချင်သော်လည်း စကားလုံးမရှိ။ နွယ်နွယ်တင်ကတော့ နားလည်ရဲ့လားမသိ။ ကိုကိုနိုင်ကတော့ သဘောပေါက်သွားပုံရသည်။ အောင့်လက်ကိုဆွဲကာ အားပါးတရ ဖျစ်သည်။

"အောင်ပြောတာ ဟုတ်တယ်...တို့နှစ်ယောက်က ချစ်ကြရုံရှိသေးတယ်...လုံခြုံမှုရှိတဲ့အချစ်ကို တို့ကိုယ်တိုင် ဖန်တီးရမှာပေါ့..."



ကိုကိုနိုင်က နွယ်နွယ်တင့်လက်ကလေးတွေကို ငေးကြည့်နေခဲ့ပါ၏။ ကိုတိုးကြီးတို့အဖွဲ့ ကျွန်မတို့ဆီ ကူးလာတော့မှ စကားလက်စသတ်ရတော့သည်။ ကန်တင်းကအပြန်လမ်းမှာတော့ အောင်နှင့်ကျွန်မ နောက်ဆုံးမှ စကားပြောရင်း လိုက်လာခဲ့ကြသည်။

"အောင် ဘယ်လိုပြောလိုက်တာလဲ"

"မေ...သူတို့ဟာ ဗာကျိုးနီးယားဝုဖ် ဝတ္ထုတွေထဲက ရှေးခေတ်ပညာတတ်မိန်းမသားတွေတွေးသလို တွေးနေကြတာပဲ...ကျောင်းပြီးရင် လက်ထပ်မယ်...သားသမီးတွေယူမယ်...အိမ်ဖော်တွေထားမယ်...လယ်ကူလီတွေထားမယ်...မီးကင်ဖို့ မီးဖိုပေးထားမယ်...ကြက်သွန်တွေ အခွံခြောက်လှန်းရမယ်...အမေတို့ငယ်ငယ်ကလို ငါ မီးဖိုချောင်ဝင်မယ်ဆိုတာလောက်ပဲ စဉ်းစားထားကြတာမေရဲ့..."

"အောင်ရယ်...တကယ်တော့ ဒါပဲမဟုတ်လား...သည်လိုပဲ အိမ်ထောင်ရေးဆိုတာ အချစ်နဲ့တည်ဆောက်ကြတာပဲမဟုတ်လား"

"မဟုတ်ဘူးမေ...သည်လောက်မလွယ်ပါဘူး... သည်လောက်လွယ်ရင် ကွေကွင်းရခြင်းဆိုတာ ဘယ်ရှိပါ့မလဲ...ကွေကွင်းရခြင်းဟာ စိတ်ကူးယဉ်အချစ်ထဲမှာ ဘယ်တုံးကမှ မရှိခဲ့ဖူးဘူး မေ...တကယ့်ဘဝတွေထဲမှ ရှိတာပါ...အခုမရှိသေးတာကလည်း အပြစ်မဟုတ်ပါဘူး...ဒါပေမဲ့ ကွေကွင်းရခြင်းကိုလည်း ထည့်တွက်ထားဝံ့ရမယ်..."

သည်လိုဆိုတော့လည်း အောင်ပြောတာ စဉ်းစားစရာတွေ ပါနေပြန်၏။ ဘာပဲဖြစ်ဖြစ် နွယ်နွယ်တင် နားဝင်နိုင်လောက်သည့်စကားလုံးများဖြင့် ကျွန်မပြောပြရပါဦးမည်။ ထိုနေ့က ကျွန်မ ဒိုင်ယာရီရေးဖြစ်ပါ၏။ နွယ်နွယ်တင့်အကြောင်းကို အခြေခံ၍ အောင့်စိတ်ကို ကျွန်မမြင်ခွင့်ရခဲ့သည်မဟုတ်လား...။ အဆောင်မီးတွေ ပိတ်တော့ နွယ်နွယ်တင် ကျွန်မခုတင်ကို ကူးလာခဲ့သည်။ နွယ်နွယ်တင် ငိုနေလေသလား။ ကျွန်မအားမှာ လှဲအိပ်ရင်း သိမ့်ရှိုက်နေသော်လည်း အသံမထွက်။ စကားတစ်ခွန်းတော့ လေသံဖြင့် ပြောရှာပါ၏။

"သီရိမေ...ရည်းစားမထားပါနဲ့ဟာ...ငါ့မှာ အချစ်အတွက် ပူရပြီ ငိုရပြီ..."

www.burmeseclassic.com

www.burmeseclassic.com

(၃၀)

အောင်တို့ မြန်မာစာအဓိက ကျောင်းသူကျောင်းသားများ၏ နံရံကပ်စာစောင်ကပ်ရန် ရက်တွေနီးလာလေ ကိုတိုးကြီးနှင့်အောင်တို့ အလာကျဲလေ ဖြစ်နေသည်။ အောင်ရော ကိုတိုးကြီးပါ လက်ရေးကောင်းကြသူတွေဆိုတော့ ဌာနရုံးခန်းထဲမှာပဲ စာမူတွေ ကူးရေးနေကြရသည်ဆိုပါ၏။ ကိုတိုးကြီးက မဂ္ဂဇင်းပင် ထုတ်ချင်သည်ဟု ပြောနေသည်။ တစ်ညနေခင်းမှာတော့ ကျွန်မတို့အဆောင်ရှေ့ကို အောင်ရောက်လာသည်။

"အောင်တို့မြန်မာစာဌာနက နံရံကပ်စာစောင် လုပ်ကြတော့မှာဆို ဘယ်တော့လဲ"

"နောက်လထဲတော့ ဖြစ်မယ်ထင်တာပဲ…စာမူတွေ တော်တော်ရထားပြီလေ…ဝတ္ထုတိုတွေ အက်ဆေးတွေ ထည့်ချင်တယ်…ခပ်တိုတိုပေါ့လေ…"

"အောင်ရော…ကဗျာပဲရေးတာပေါ့…မေဖတ်ချင်လိုက်တာ"

"အောင်က ကဗျာကို ခံစားရတိုင်းရေးဖြစ်တယ်…ကဗျာဖြစ်မဖြစ်ဆိုတာထက် ကဗျာပုံစံနဲ့ရေးထားတာတွေ ဒိုင်ယာရီထဲမှာ အများကြီးပဲ…"

"ဒါဆို ဒိုင်ယာရီကို မဖတ်ပါဘူး…ကဗျာတွေ ရွေးဖတ်ချင်ပါတယ်…"

"မေ့ဟာက ပါး မနမ်းပါဘူး…သနပ်ခါးနမ်းမှာပါ ဖြစ်နေပြီ…"

အောင့်စကားကြောင့် ကျွန်မပင် ထူပူသွားခဲ့ရသည်။ အောင်ကတော့ သူ့ထုံးစံအတိုင်း ဘာမှမဟုတ်သလို။ တကယ်လည်း အောင့်ကဗျာတွေကို ကျွန်မ ဖတ်ချင်နေခဲ့မိသည်။ သူ ဘာတွေများ ရေးထားလေမလဲ။



"အောင့်ကဗျာတွေက ကဗျာရယ်လို့ ပြောဖို့ခက်ပါတယ်။ အောင့်ခံစားမှုတွေက များတယ်…ကိုယ်ချစ်မိတဲ့မိန်းကလေးတစ်ယောက်ကို ဖွင့်မပြောရဲတဲ့ အကြောင်းလည်း ပါတယ်…ဆယ်တန်းကျောင်းသားကလေး ရင်ခုန်ရတာမျိုးပေါ့ မေ…"

"အောင်လား ဖွင့်မပြောရဲမှာ…"

ကျွန်မ မျက်နှာနွေးနွေးနှင့်ပင် အောင့်ကို စကားတောက်ကြည့်လိုက်သော်လည်း အောင်က ဘာမှပြန်မပြောပါ။ သူတစ်ပါးကိုယ်ရေးကိုယ်တာကို စွက်ဖက်ချင်နေမိပါလားဆိုသည့်စိတ်ကလေး ဝင်လာတော့ ရှက်များပင်ရှက်မိပါ၏။ အောင့်ကဗျာတွေကို ဖတ်ချင်တာကလွဲလို့ တခြားရည်ရွယ်ချက်တော့ ကျွန်မမှာမရှိပါ။

အောင်က သူ့ထုံးစံအတိုင်း ညင်ညင်သာသာကလေးပဲ ငြင်းဆိုလိုက်တာ ကျွန်မ သတိထားမိသည်။ ကျွန်မသည် သူငယ်ချင်းတစ်ယောက်အနေနှင့်ပင် အောင့်ဒိုင်ယာရီထဲက ကဗျာတွေကို ဖတ်ခွင့်မရနိုင်တော့ဘူးလား။ အောင်က တစ်ခါတလေ ခပ်တည်တည်နောက်တတ်တော့ သူ့စကားကို ယုံရတာလည်း ခက်သည်။ အောင်ကကော ကျွန်မကို အကဲစမ်းတာမဖြစ်နိုင်ဘူးလား။ ကျွန်မထင်သည့်အတိုင်းပင် အောင်က ကျွန်မကိုကြည့်ရင်း တဟားဟားရယ်နေလေသည်။

"အောင်…"

ကျွန်မတို့စကားထိုင်ပြောနေသည့် ရွှေမန်းဆောင်ရှေ့က အုတ်ခုံရှေ့တည့်တည့်ကို ကြေးမုံယဉ် ရုတ်တရက်ရောက်လာသည်။ ကြေးမုံယဉ်က ရွှေမန်းဆောင်နှင့်မျက်နှာချင်းဆိုင်ရှိ မြတ်မာဆောင်မှာ နေခွင့်ရသူဖြစ်သည်။ ဒေသကောလိပ်ကျောင်းသူဘဝ နှင်းဆီဖြူ ပြင်ပဆောင်မှာ တစ်ဆောင်တည်း အတူနေခဲ့ကြဖူးသော်လည်း ကျွန်မနှင့်ကြေးမုံယဉ်ကြားမှာ အောင်နှင့်ပတ်သက်ပြီး ငြိခဲ့ရသော အဖုအထစ်ကလေးတစ်ထုံး ရှိနေသည်။ ကြေးမုံယဉ်က သင်္ချာမေဂျာဆိုတော့ ကျွန်မတို့ ဓာတုဗေဒစာသင်ခန်းများရှိရာ အင်းဝဆောင်နှင့် လမ်းခြားသည်ကတစ်ကြောင်း၊ အဆောင်ကွဲ မေဂျာကွဲမို့ မဆုံဖြစ်သည်ကတစ်ကြောင်းကြောင့် အတွေ့ရနည်းပါ၏။ တစ်ခါတစ်ရံ မလွှဲမရှောင်သာ တွေ့ဖြစ်ကြသော်လည်း ကျွန်မတို့ချင်း နှုတ်ဆက်ဝမ်းသာမရှိ။ ကျွန်မမှာ အညိုးမရှိသလို ကြေးမုံယဉ်မှာလည်း အတေးရှိပုံမရ။ သို့သော် သူမနှင့်ကျွန်မကြားမှာ ပြောစရာစကား မရှိသလို ဖြစ်နေခဲ့သည်။

"အောင်…ကျောင်းပိတ်ရင် ကလေးကို ပြန်ဖြစ်ဦးမလားလို့ လာမေးတာ…"

www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံယဉ်က ကျွန်မကို ရှိလေသည်ပင် သဘောမထားသလို အမူအရာနှင့်ဖြစ်သည်။ ကြေးမုံယဉ်က ကျွန်မကို မကြည့်သော်လည်း ကျွန်မကတော့ ကြည့်နေမိသည်။ အမြဲလှပကြော့ရှင်းလှသူ မိန်းမချောဖြစ်တာကိုတော့ အသိအမှတ်ပြုရမည်ပင်။ စိန်ပွင့်နားကပ်ကလေးက သူမလှုပ်လိုက်တိုင်း တဖျပ်ဖျပ်တောက်နေခဲ့၏။ ဆံစ,ကလေးတွေ တလွင့်လွင့်။ ရေမွှေးနံ့ တသင်းသင်း။ ကြေးမုံယဉ်၏အလှကို လမ်းပေါ်မှာ သွားလာနေကြသော ကျောင်းသားတွေကပင် ခေါင်းငဲ့ကြည့်သွားကြသည်။ အောင်က အုတ်ခုံပေါ်ထိုင်နေရာက မတ်တတ်ရပ်လိုက်ကာ ယဉ်ယဉ်ကျေးကျေးပဲ ပြန်ဖြေသည်။

"ဟော...မကြေးမုံယဉ်...မတွေ့တာကြာပြီနော်..."

"ကြေးမုံက တွေ့ပါ့ရှင်...အောင့်ဆီမှာ လူတွေဝိုင်းနေတတ်လို့ပါ..."

"ခေါ်ရောပေါ့...ကျွန်တော့်ကို လူအရှင်းစောင့်ရင်တော့ ခက်မှာပဲ...ကလောကိုပြန်မှာပါ...အင်း ပြန်ဖြစ်ဖို့များပါတယ်..."

"ကျိုင်းမိုင်းကိုရော ရောက်သေးလား"

"ခင်ဗျာ..."

ကြေးမုံယဉ် မေးလိုက်သည့်မေးခွန်းကို အောင်ပင်လျှင် အတော်အံ့သြသွားပုံရသည်။ ကျိုင်းမိုင်းဆိုတာ အောင်တို့မိသားစုနှင့်ဆက်စပ်နေသော အရပ်ဒေသတစ်ခု ဖြစ်လိမ့်မည်ထင်၏။ အောင်က သူ့ဘဝနောက်ကြောင်းတွေကို သိပ်ပြောလေ့မရှိသူဆိုတော့ ကျွန်မတို့ကလည်း များများသိကြတာမဟုတ်။ အောင့်ဖခင်နှင့် အောင့်ဦးရီးတော်ဆိုသူတွေ အမည်တွေကိုသာ အောင် မကြာခဏပြောတတ်လို့ ကြားဖူးတာပဲရှိသည်။ ကြေးမုံယဉ်ကတော့ ဘာကြောင့် ကျွန်မရှေ့မှာ သည်လိုစကားတွေ လာပြောနေရတာလဲဆိုတာ ကျွန်မ နားလည်ပါ၏။ နှင်းဆီဖြူ၏ နောက်ဆုံးရက်များတုန်းက နေ့ကလေးတစ်နေ့ကို ကျွန်မ မမေ့နိုင်သေးပါ။

"မအံ့သြပါနဲ့အောင်ရယ်...ကမ္ဘာကြီးက သိပ်မကျယ်လှပါဘူး...ကျိုင်းမိုင်းစော်ဘွားကြီးရဲ့ မြေးတော်အဖြစ် အောင့်ကို ကြေးမုံသိခဲ့တာ ကြာပေါ့ပဲ...အင်မတန်မှ ချောမောလှပပြီး ဂုဏ်သိက္ခာရှိတဲ့ အောင့်မယ်တော်အကြောင်း ကြေးမုံ ကြားဖူးတယ်...အောင့်မယ်တော် ဒေါ်စောနန်းမိကိုလည်း ကြေးမုံမသိဘဲရှိပါ့မလားရှင်...ကြေးမုံတို့ ဆွေမျိုးသားချင်းတွေ အမေရိကားမှာရှိတော့ သတင်းတွေ အမြဲရပါတယ်..."



ကြေးမုံယဉ် ပြောနေသမျှအားလုံးကို ကျွန်မ နားမလည်သော်လည်း အောင်ကတော့ မျက်နှာကလေး သုန်မှုန်နေခဲ့ပါ၏။ ခဏနေတော့မှ အောင်က ကြေးမုံယဉ်ကို အဓိပ္ပာယ်ပါပါ စူးစူးစိုက်စိုက်ကြည့်ရင်းက အပြုံးမပျက်စေရဘဲ စကားကို ပြတ်တောင်းတောင်းဖြတ်ပစ်လိုက်သည်။

"မကြေးမုံယဉ် ကလောကို မှာစရာရှိတာမှာလေ...ကျွန်တော် ရောက်ကောင်းရောက်မှာပါ..."

အောင့်အသံနှင့်ဟန်ပန်အမူအရာကြောင့် ကြေးမုံယဉ် နောက်ကို နည်းနည်းကလေးတော့ တွန့်သွားခဲ့ပါ၏။ ပြီးတော့ သူ့၏ခွန်အားရှိသော အချိုဆုံးအပြုံးကို လှစ်ခနဲပြုံးလိုက်ရင်းက ဆည်းလည်းခတ်သလို အသံလွင်လွင်ကလေးနှင့် ရယ်ပြန်ပါသည်။ ပြီးမှ မျက်နှာကလေး တည်လိုက်ပြန်ကာ ခပ်လေးလေးပြောပါ၏။

"ကလောမြို့ မှိုင်းလုံးခြံကြီးထဲက နှင်းဆီဝါကလေးတစ်ပွင့်လောက်များ ရနိုင်မယ်ဆိုရင်တော့ မှာချင်ပါရဲ့အောင်...ကြေးမုံက နှင်းဆီဝါ သိပ်ချစ်တယ်"

ဟန်တွေလုပ်လွန်းလှသော ကြေးမုံယဉ်ပြောနေသမျှစကားတွေကို ကျွန်မဆက်ပြီး နားထောင်ချင်စိတ်မရှိ။ သို့သော် ယဉ်ကျေးမှုရှိသေးတော့လည်း အသာငြိမ်နေရသည်။ အုတ်ခုံပေါ်ကနေ ဆတ်ခနဲ မတ်တတ်ထရပ်ပြီး သုတ်ခနဲ ထပြန်လျှင် ကျွန်မဘက်က ရိုင်းရာကျတော့မည်။ အောင်လည်း စိတ်ထိခိုက်သွားနိုင်သည်။ နောက်ဆုံးတော့ ကျွန်မ အလိုက်သိစွာပင် အောင့်ကို နှုတ်ဆက်ကာ အဆောင်တွင်း ဝင်ခဲ့ရတော့သည်။ ကြေးမုံယဉ်က အောင့်ကို စကားတွေပြောစရာရှိသည်ဟု ဆိုလာပြီမဟုတ်လား။ ဆက်နေလို့ မကောင်းတော့ပါ။

"ကန်တင်းမှာ အအေးလိုက်သောက်စေချင်တယ် အောင်...ကြေးမုံပြောစရာစကားတွေ ရှိနေလို့ပါ..."

အောင် လိုက်သွားလေသလား၊ မသွားလေသလား ကျွန်မ မသိတော့။ ကျွန်မရင်တွေ တဆတ်ဆတ်ခုန်နေတာပဲ သိနေသည်။ အဆောင်စုတင်ပေါ်ကို ကျွန်မ ဘယ်လိုရောက်လာခဲ့မှန်းပင် မသိနိုင်လောက်အောင် အသိမဲ့သလို ဖြစ်ခဲ့ရပါ၏။ သူငယ်ချင်းတွေ အပြင်ထွက်သွားကြလို့သာ တော်တော့သည်။ တကယ်ဆိုလျှင် သည်လိုဖြစ်စရာ အကြောင်းမရှိပါဘဲနှင့် ကျွန်မ ဘာဖြစ်လို့များ သည်လောက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေရတာပါလိမ့်။ သည်သဘောကိုတော့ ကျွန်မ အမည်မတပ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ပျော်လန်းမရွှင်
အချစ် သည်ဟာထင်ရဲ့
သွင်စံပယ် စင်ကြယ်ချစ်လို့နဲ့
ဆင်းပလီ နှင်းဆီချစ်လေလား
သည်မေတ္တာ မည်မမှည့်နိုင်ဘု
တွေးလှည့်ပါ ပွမဆုံးပြီမို့
ဆွေးမြည်သူ စေတနှန်းရယ်နှင့်
ပြုံးရမှာလား…ဖုံးရမှာလား…'

(၃၁)

"ဟော့…ဟော့ ထကြတော့ ထကြတော့ လေးနာရီထိုးပြီဟ…"

ဒါမျိုးဆိုလျှင် ဝီရိယကောင်းသော နွယ်နွယ်တင်က ကျွန်မတို့ကို ခပ်တိုးတိုးလိုက်နှိုးပါသည်။

သည်ကနေ့ တနင်္ဂနွေနေ့ ကျောင်းအားရက်ဆိုတော့ ကျွန်မတို့သူငယ်ချင်းတွေအားလုံး မင်းကွန်းဘက်ကို အလည်သွားကြဖို့ စီစဉ်ထားခဲ့ကြပါသည်။ မန္တလေး ဧရာဝတီဆိပ်ကမ်းကထွက်သော မင်းကွန်းမော်တော်က နံနက် ခုနစ်နာရီထွက်မှာဆိုတော့ ကျွန်မတို့က ခြောက်နာရီခွဲလောက် မြစ်ဆိပ်အရောက်သွားနိုင်မှ အဆင်ပြေမည်။ မန္တလေးတက္ကသိုလ် ရွှေမန်းလမ်းထိပ်မှာစောင့်ဖို့ မြင်းလှည်းနှစ်စီး မှာထားခဲ့ကြပြီး မနက် ငါးနာရီအရောက် စုရပ်ကို ကျွန်မတို့သွားကြရမည်။ ကျွန်မတို့မိန်းကလေးများထုံးစံ ပြင်မှာဆင်မှာနဲ့ဆိုတော့ မနက်လေးနာရီလောက်က စ,ပါမှ မနက် ငါးနာရီ အတော်လောက်ကျမှာမှတ်လား။ သည်တော့ မနက်စောစော မနိုးတတ်သောကျွန်မကို နှိုးဖို့ နွယ်နွယ်တင့်ကို မှာရပါသည်။ ဗောဓိကုန်းဘုန်းကြီးကျောင်းဘက်ဆီက တုံးမောင်းခေါက်သံ တစ်တုံတုံကြားသည်နှင့် နာရီပင်မကြည့်တော့ဘဲ နွယ်နွယ်တင်က အားလုံးကို လိုက်နှိုးနေခြင်းဖြစ်ပါ၏။

"ဟော့…ထကြတော့လို့ဆိုနေ…လေးနာရီထိုးပြီ"

"ဟုတ်ရဲ့လား နွယ်နွယ်တင်ရယ်…အိပ်ရေးတောင် မဝသေးဘူး နင့်ဟာကလည်းဟာ…"

တွေးတွေးသိန်းက အိပ်ချင်မူးတူးဖြေတော့ ကျွန်မလည်း သံသယရှိစွာဖြင့် နာရီကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

"အိပ်ကြဟော့ ဝအောင်သာအိပ်ကြတော့…လေးနာရီတောင်မကတော့ဘူး…လေးနာရီခွဲပြီးနေပြီ မယ်မင်းကြီးမတွေရေ…"

www.burmeseclassic.com

www.burmeseclassic.com



လေးနာရီခွဲပြီဆိုတော့ မနေသာကြတော့ပါ။ စောင်တွေကိုလှပ်ကာ ကမန်းကတန်း ကိုယ်လက်သန့်စင်ကြရသည်။ မျက်နှာတွေကို ဝုန်းဒိုင်းကြဲ ခြယ်သကြပြီး အဝတ်အစားလဲကြရပါ၏။ ငါးနာရီထိုး ရွှေမန်းလမ်းထိပ်ရောက်အောင် သွားရမည်ကလည်း ရှိသေး။

အိမ်သာပြေး၊ ရေချိုးခန်းဝင်၊ သနပ်ခါးလူး၊ အဝတ်အစားလဲ၊ လိုအပ်မည်ထင်သည့်ပစ္စည်းကလေးတွေ ထည့်လို့ပြီး ဟောလ်ကျူတာ ဆရာမထံ ပုဆိန်ပေါက်သတင်းပို့ကာ ရွှေမန်းလမ်းထိပ်အရောက် ပြေးကြရမှာဖြစ်၏။ ညဦးကတည်းက မနက်ဝတ်ဖို့ ထုတ်ထားသော အဝတ်အစားကို လဲကာ အဝတ်ဟောင်းကလေးတွေ သေချာပြန်ခေါက်သိမ်း။ ခြင်ထောင်၊ အိပ်ရာ ပြန့်ပြန့်ရန့်ရန့်ခေါက်။ ဖိနပ်အဟောင်းနှင့်အသစ် လဲစီး။ ကျွန်မကတော့ ရယ်ဒီ။ အလှရယ်လို့ ပိန်းနေအောင်မခြယ်တတ်သဖြင့် သနပ်ခါးပါးပါးလူးပြီး မိတ်ကပ်နည်းနည်းပုတ်လိုက်ရုံ။

"ထွေးသိန်းရယ်...နင့်အကျီကြီးက ကောက်ညှင်းထုပ်ကျနေတာပဲ...ကျုပ်နေပါပြီ၊ ခရီးသွားမယ့်ဟာ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးရှိတာ ဝတ်စမ်းပါ"

စိုးစိုးမော်က ဝေဖန်လိုက်တော့ ထွေးထွေးသိန်းက သူ့ကိုယ်သူငုံ့ကြည့်သည်။ လူက ဝဝ၊ ထီးလက်အကျီကားကားနှင့် ခေါင်းစွပ်နောက်ဖစ်ခွဲအကျီကြောင့် မံမီရုပ်နှင့် တူနေတော့သည်။

"ဟုတ်ပ ပျားအုံရယ်...နင်ကတော့ လုပ်လိုက်ရင် သည်လိုချည်းပဲ။ မျက်နှာမှာလိမ်းထားတာကလည်း ထုံးသုတ်ထားတဲ့အတိုင်းပဲ...ညှိလိုက်ပါဦးဟ"

"အေးပါဟ...ငါ့ဟာငါ လှနေတဲ့ဟာကို မနာလို မရှုစိမ့်တဲ့ဟာတွေ နင်တို့ထက်လှမှာကို နင်တို့သိပ်ကြောက်ကြတာမဟုတ်လား..."

သံသေတ္တာကို တစ်ခါဖွင့်ရပြန်ပြီ။ ကောင်းမည်ထင်သည့် နောက်တစ်စုံလဲသည်။ အဆင်မပြေ။ အကျီတွေကပဲ သေးလိုက်လာလို့လား၊ ထွေးထွေးသိန်းကပဲ ဝလာလေသလားတော့မသိ။ နောက်ဆုံး ယောကျ်ားလေးဝတ် ရှပ်အကျီအကွက်ကျားကြီးနှင့်မှ အဆင်ပြေသွားတော့၏။ အကျီအဆင်ပြေသွားသော်လည်း အဝတ်တွေက ခုတင်ပေါ်မှာ အပုံလိုက်။ သည်အတိုင်းသာထားခဲ့လို့ကတော့ သေချာပေါက် အပြစ်ပေးခံရတော့မည်။ ခေါက်သိမ်းချိန်လည်းမရတော့ ကျွန်မတို့ကပါ သံသေတ္တာထဲ ကူပြီး ထိုးသိပ်ထည့်ပေးကြရသည်။ ငါးနာရီခွဲပြီးပြီ။



ရွှေမန်းလမ်းထိပ်ရောက်တော့ မြင်းလှည်းလည်း အဆင်သင့်၊ ကိုတိုးကြီးတို့လည်း ရောက်နှင့်နေကြပြီ။

"နင်တို့မိန်းကလေးတွေနဲ့ ဒါကြောင့်မသွားချင်တာ...ထွက်လာတော့လည်း ဒုံရင်းပဲ...ရုပ်တောင် ပိုဆိုးလာကြသေးတယ်...ထွေးထွေးသိန်း တစ်ယောက်ပဲ ကြည့်ကောင်းတယ်"

ဖိုးရိုးဖားရား မျက်နှာဖွေးဖွေး ထွေးထွေးသိန်းကို လှသည်ပြောလိုက်တော့ ထွေးထွေးသိန်းက ပိုက်ဆံအိတ်ထဲက မှန်ဝိုင်းကလေးထုတ်ကာ အိုက်တင်နှင့် မျက်စချီနေသေးသည်။

မင်းကွန်း။

မန္တလေးနှင့်မဝေးလှသော်လည်း ကျွန်မတို့အားလုံး မင်းကွန်းကို ရောက်ခဲကြသည်။ မြစ်ကူးရတာဆိုတော့ မရောက်ဖြစ်တာလည်း ပါပါသည်။ အမရပူရခေတ်၏ အနုပညာပုံရိပ်များကို သမိုင်းသမား ထွန်းကျော်က ရှင်းပြသည်။

"မုံရွေးဆရာတော်က စေတီယကထာမှာ ရေးထားတာ မင်းရွာကို မင်းကွန်းသမုတ်ပြီး သက္ကရာဇ် ထောင့်တစ်ရာငါးဆယ့်နှစ်ခုနှစ်မှာ ဖိနပ်တော် သံတောင်၂၀၅၀ ကျော် ပုထိုးတော်ကြီးကို ဘိုးတော်ဘုရား တည်ခဲ့တယ်လို့ ရေးတယ်...၁၁၅၄ မှာ တည်တယ်လို့လည်း ရေးတာရှိတယ်...ဘုရားလည်းပြီး၊ ပြည်ကြီးပျက်လတ္တံ့ တဘောင်ပေါ်လို့ ရပ်ထားခဲ့တယ်လို့ ဖတ်ဖူးတယ်..."

ပုထိုးတော်ကြီးရှေ့မှာ ကိုတိုးကြီးက သူ့ကင်မရာဖြင့် ကျွန်မတို့အားလုံးကို ဓာတ်ပုံရိုက်ပေးသည်။ မနီးမဝေးမှာ မင်းကွန်း ပုထိုးတော်ကြီးအတက် ပုံတော်စေတီယရှိသည်ဆို၏။ ခေါင်းလောင်းတော်ကြီး၊ မြသိန်းတန်စေတီနှင့် ခြင်္သေ့ကြီးနှစ်ကောင်။

အောင်က မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်က လှုပ်ခဲ့သော စကြာမင်းရေချ ငလျင်၊ ၁၂၀၂ ခုနှစ် ငလျင်၊ ၁၃၁၈ စစ်ကိုင်းငလျင်တွေအကြောင်း ရှင်းပြသည်။

"အမရပူရခေတ် ငလျင်တွေကြောင့် မြို့တော်၊ စေတီ၊ ဂူ၊ ဘုရားတွေ တော်တော်ပျက်စီးခဲ့ရတယ်...အမရပူရ၊ အင်းဝ၊ စစ်ကိုင်းမြို့တွေမှာ ငလျင်ပြင်းလွန်းလို့ မြေကွဲပြီး ရေတောင်ထွက်တယ်လို့ ဖတ်ဖူးတယ်... ဗြိတိသျှသံအမတ် ကောက်စ်က သူရောက်တုန်းက ခြင်္သေ့မျက်လုံးတွေတောင် မတပ်ရသေးဘူးလို့ ရေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အားလုံး ချွေးတလုံးလုံးဆိုသော်လည်း ပျော်စရာကောင်းလှပါသည်။ နွားလှည်းစီးပြီး မိုးမိတ်ကုန်းမြေကိုလည်း ရောက်ရသည်။ မြစ်ဆိပ်ဆင်းထိုင်ရင်း ဧရာဝတီနှင့် မန္တလေးတောင်ကို ငေးကြသည်။ ကျွန်မတို့ကတော့ မြင်းခြံသူတွေပီပီ မုန့်ဆီကြော် အိအိကလေးတွေ ဝယ်စားကြသည်။ ထမင်းစားပြီးတော့ လက်ပံပင်ကြီးတွေအောက်မှာ ကိုယ့်အစုနှင့်ကိုယ် ထိုင်ကြပြန်၏။

"မေ…ဘုရားမှာ ဘာတွေဆုတောင်းခဲ့သလဲ"

"ချစ်သူနဲ့ ပေါင်းရပါစေလို့ ဆုတောင်းတာပေါ့ အောင်ရဲ့…"

"ချစ်သူရှိလို့လား…"

"ရှိပ့ါ…ဘဝတော့ မပါသေးပါဘူးအောင်ရယ်…အိပ်မက်ထဲမှာပဲ ရှိပါသေးတယ်"

ကျွန်မက အောင်ပြောဖူးသည့်စကားတွေကို ပြန်သုံးလိုက်တော့ အောင်က အားရပါးရ ရယ်သည်။

"ဟော့ ထွေးသိန်း…နင် ပန်းကြိုက်တယ်ဆို…လက်ပံပွင့်တွေ ပန်ပါ့လား…"

"ချစ်ဦးသူနဲ့ လွဲမှာစိုးလို့ ပန်းအနီ ငါမပန်ဘူး စိုးစိုးမော်"

ထွေးထွေးသိန်းစကားကြောင့် သူငယ်ချင်းတွေအားလုံးက ပြုံးစိစိ။

"ပန်းနီတွေရမယ်…ပန်းနီတွေ"

စိုးစိုးမော်က လက်ပံပွင့်တွေကောက်ရင်း ထအော်သည်။ ထွေးထွေးသိန်းက "တစ်ကုံးစာသာ ပေးတော့ဟော့" လို့ ပြန်အော်လေ၏။

"ပန်းအနီပန်ရင် အချစ်ဦးနဲ့လွဲတတ်တယ်ဆိုတဲ့အယူကလေးက ဟိုတုန်းကတည်းကရှိတာကွ…တို့သင်ရတဲ့ သုံးထောင့်အိုင် အိုင်ချင်းထဲမှာ *'ပန်းနီနီ မပန်လေနှင့် အမယ်မှာ နတ်ပန်းပွင့်တဲ့ အတင့်ငယ်မှ ရဲချင်…ပျော်လိုအားနှင့် ခေါင်ဖျားတင် အရင်လူနှင့် လွဲတတ်တယ်…'* တဲ့"

ကိုတိုးကြီးက ပြောတော့ အောင်ကလည်း ဆိုပြန်ပါ၏။

"ရှေးက မိန်းကလေးတွေ ပန်းနီပန်တာတွေ့ရသားပဲ…နေပါဦး… *'တင့်နေယဉ်နွဲ့၊ မှတ်မဲ့ဆင်မှတ်၊ ဖြူဆွတ်နားဝယ်၊ ဆင်စွယ်တစ်ထူး၊ ထန်းမှူးနုရွှ၊ ပင်ထက်ရကို၊ ညီလှချောပြေ၊ မယ့်လက်ရွှေနှင့်၊ သပြေညွှန့်လန်း၊ ပရိတ်ပန်းလည်း၊ နီမြန်းပန်းရည်၊ မယ်စည်းသည်ကို၊ တင့်ရည်လွှန်ကဲ၊ ပန်စမြဲနှင့်'* လို့ ပါတယ် ကိုတိုးကြီးရ…သူဇာပျို့မှာထင်တယ်"

အောင် မေ့တော့နေပြီ…"



ကျွန်မတို့က ရှုတ်ပြပါဦး တောင်းပန်တော့ အောင်က ချစ်သူမပါဘဲ သွားရတာထက်စာရင် သေတာကောင်းသေးတယ်လို့ ဖွဲ့တဲ့အဖွဲ့လည်း ရှိသေးတယ်ဟုဆိုကာ ရွတ်ပြသည်။ အောင်က စဉ်းစားပြီးမှ ဖြည်းဖြည်းကလေး ရွတ်ပြပါ၏။

*"လမ်းသာထင်ပေါ်၊ မြင်ကြွားသော်လည်း၊ ရွှင်ပျော်ဖွယ်မဲ့မှာ၊ တစ်ဆိတ်စာမျှ၊ သာယာပါဘူး၊ စိတ်သာဆူးရှင့်၊ တွေထူးပြီးပုံ၊ ယဉ်မျိုးကုံသည်၊ လှုံ့သည့်ထိပ်ချာ၊ ရှိလေရာသို့၊ ရည်ကာစိတ်စွဲ၊ လိုက်ရဘဲလျှင်၊ ခွာရှဲတစ်ပါး၊ ရပ်တခြားသို့၊ သွားရသည်ထက်၊ ဆက်ဆက်လျှင်တောင်း၊ သေသော်ကောင်း၏… တဲ့"*

ထိုအခါ ကိုတိုးကြီးက ပုဆိုးစဖြင့် မျက်ရည်သုတ်သည့်ပုံ လုပ်ပြသည်။

"နောက်တစ်ခါလာရင် ချို့ကို ခေါ်လာရတော့မှာပါကွာ…သူ့ခမျာ လွမ်းကျန်ရစ်ရှာခဲ့တယ်…"

"သေတောင်သေလောက်ပြီထင်တယ်"

ထွေးထွေးသိန်းစကားဆက်လိုက်တော့ "မသာမ" ဟု ဆဲလေသည်။ ထိုနေ့က ဘာကြောင့်ရယ်မဟုတ်ဘဲ လက်ပံပွင့် နီနီရဲရဲကြီးတစ်ပွင့်ကို ကျွန်မကောက်ခဲ့သည်။ အဆောင်ပိတ်ချိန်မီအောင် ပြန်ရမှာဆိုတော့ မင်းကွန်းမော်တော်ဆိပ်ကို ဆင်းခဲ့ကြသည်။ မော်တော်ကုန်းပေါင်ပေါ် လှမ်းတက်တော့ အောင်က ကုန်းပေါင်တစ်လျှောက် ကျွန်မလက်ကို တွဲလာခဲ့သည်။

"မေ…သည်ပန်းပွင့်နီနီကို ဘာလုပ်မလို့လဲ"

"သိမ်းထားဖို့ပေါ့အောင်…ပန်းအနီက အချစ်ဦးနဲ့ လွဲတတ်တယ်ဆိုလို့…"

ကျွန်မက နှုတ်ခမ်းကလေးစေ့စေ့ပိတ်ကာ မာန်အပြည့်ဖြင့် ဆိုလိုက်သည်။ အောင်က ကျွန်မလက်ထဲက ပန်းကို ယူကာ ဧရာဝတီမြစ်ထဲကို မျှောချလိုက်ပါ၏။

"အချစ်ဦးနဲ့ ဘာလို့လွဲရမှာလဲ မေရယ်…"

မြစ်ရေစီးထဲမှာ ချာလည်ချာလည်နှင့် မျောသွားသော ပန်းနီနီကလေးကိုပဲ ကျွန်မ လိုက်ကြည့်နေခဲ့မိပါသည်။

■

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

(၃၂)

ကျွန်မတို့သူငယ်ချင်းအုပ်စုတွေထဲမှာ ပျော်စရာရွှင်စရာ စိတ်ချမ်းသာစရာတွေချည်းရယ်လို့လည်း မဆိုသာပါ။ ဝမ်းနည်းစရာ ကြေကွဲစရာတွေလည်း ကြုံကြရပါ၏။ ပထမနှစ်ကတည်းက ချစ်သူဘဝရောက်ခဲ့ကြသော ကျွန်မတို့၏ ဇာတ်လိုက်ကျော် ကိုတိုးကြီးတစ်ယောက် သူ့ရည်းစားဖြစ်သူ မချိုနှင့် ဆိုင်းမဆင့်ဗုံမပါ ခွာပြဲသွားကြသည်။ မချိုနှင့် ကိုတိုးကြီးက ကိုတိုးကြီး ဒေသကောလိပ် ပထမနှစ် Repeater ဘဝမှာကတည်းက တွေ့ခဲ့ကြခြင်းဖြစ်သည်။ ကိုတိုးကြီး ဒုတိယနှစ် Repeater ဘဝရောက်တော့ မချိုက Main (ပင်မတက္ကသိုလ်) ကို ရောက်နှင့်ပြီ။ ကျွန်မတို့ မင်းကွန်းကပြန်လာပြီး မကြာခင်မှာပင် မချိုနှင့် ကိုတိုးကြီးတို့ အခန့်မသင့်ဖြစ်ခဲ့ကြသည်။ မချိုကို သေတောင်သေလောက်ပြီထင်တယ်ဟု နောက်ခဲ့သော ထွေးထွေးသိန်းက စိတ်မကောင်းဖြစ်နေခဲ့ရှာ၏။

ကိုတိုးကြီးနှင့် ကျွန်မတို့သူငယ်ချင်းတွေ သည်လောက် ခင်ခင်မင်မင် တွဲသွားတွဲလာ ရှိကြသော်လည်း မချိုနှင့် သိပ်မခင်ကြသလို ရှိခဲ့သည်။ ကျွန်မတို့ တစ်တွေရှိရာကို ခေါ်လာတာမျိုးလည်း မရှိ။ တစ်ခါတစ်ရံ သူ့ရည်းစားနှင့်သူ အလုပ်ရှုပ်နေတတ်သော ကိုတိုးကြီးကို ကျွန်မတို့က ပြောင်ကြ လှောင်ကြလျှင် "နင်တို့မသိလို့၊ မချိုက မထင်တာနဲ့ ကောက်ချင်ကောက်တာဟ" ဟု ဆိုလေ့ရှိ၏။ ဘာတွေကောက်မှန်းတော့ ကျွန်မတို့လည်း မသိ။ အခုတော့ မချိုက သူ့ကို လုံးလုံးလျားလျား အဆက်ဖြတ်လိုက်ကြောင်း ကိုတိုးကြီးကပဲ ပြောခြင်းဖြစ်ပါသည်။

"ကျွန်တော်တို့ သွားပြောပေးမယ် ကိုတိုးကြီးရာ… နာကျည်းလောက်စရာလည်း မရှိဘဲနဲ့ ဘယ်လိုဖြစ်ကြတာတုံး"



"ဘာမှ သွားပြောစရာမလိုတော့ပါဘူးဟာ…သူကိုယ်တိုင်က အဆက်ဖြတ်ချင်နေတာဟ…ဖြစ်နေကြတာတော့ ကြာပြီ…ငါနေပုံထိုင်ပုံက ပေါ့သတဲ့…အရာရာ အလေးအနက်မထားဘူးတဲ့…Main ကိုရောက်သွားကတည်း သူ့ဆီ ငါသွားတာကို မကြိုက်ဘူး…ငါ သည်းခံခဲ့တာ ကြာပါပြီဟာ…ငါ သူ့ဆီသွားတိုင်း ထွက်မတွေ့ချင်ဘူး…မလွှဲသာလို့ တွေ့ရရင်လည်း အင်းအဲ မလှုပ်ဘူး…အနေဝေးသွားလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့…ထားပါ ငါ့ကိုမချစ်တော့တာ ငါမနာပါဘူး…အခုဟာ… သူက…တခြားကောင်တစ်ကောင်နဲ့ တွဲနေပြီဆိုတော့ သည်လိုမိန်းမတော့ ပြန်မတောင်းပန်ချင်ဘူးဟာ…တိုးမောင်မောင်ကို ဒါမျိုးမရဘူး…အေး ငါကတော့ စ,မဖောက်ဘူး…သူဖောက်တာတော့ Go ပေါ့ဟာ…"

ပထမနှစ်ကတည်းက ချစ်သူတွေဖြစ်ခဲ့ကြတာဆိုတော့ ကိုတိုးကြီးတို့၏ ချစ်သက်တမ်းက သုံးနှစ်တောင်ရှိခဲ့ကြပြီပဲ။ သည်လောက်ချစ်ခဲ့ပြီးမှ ပျက်ပြယ်ကြတာကလည်း အံ့သြစရာ။ အောင်ပြောသည့်စကားတွေ မှန်လှပါလား။ အောင် ဒါတွေ ဘယ်လိုသိပါလိမ့်။ ထွေးထွေးသိန်းတို့တစ်တွေကတော့ မချိုကို သွားချကြဖို့အထိ ပြင်ဆင်ထားကြလေပြီ။

"နေကြစမ်းပါဟာ…နင်တို့နဲ့မဆိုင်လိုက်တာမှ…"

*'တွန်းနှင်ခွန့်ပစ်၊ သူနေရစ်တော့*
*မွန်းနစ်စိမ်းကား၊ မြုပ်နှံထားခဲ့…'*

ကျွန်မကတော့ ကဗျာတစ်ပိုဒ်ကိုပဲ သတိရနေမိတော့သည်။ ကိုတိုးကြီးများ ပျော်ပျော်နေတတ်သူဆိုသော်လည်း သစ္စာပျက်ရှာသူမဟုတ်တာ ကျွန်မသိပါ၏။ *'အမျှင်တမင်ဖြတ်ရင်တော့ ခွတ်လည်း မတွယ်သာဘု၊ ကွယ်ရာမှာ မျက်ရည်ဝဲတော့မယ်…'* လို့တော့ ခံယူလိုက်နိုင်ပုံပေါ်ပါ၏။ တွေ့ဆုံကြုံကွဲ တက္ကသိုလ်ဇာတ်လမ်းတွေကို မြင်ဖူး ကြားဖူးရှိတော့လည်း ထူးဆန်းသည် မပြောသာ။ သို့သော် ကျွန်မတို့သူငယ်ချင်းတွေအားလုံး စိတ်မကောင်းဖြစ်ကြရပါသည်။ ထွေးထွေးသိန်းက ဓာတုဗေဒကျောင်းသူပီပီ မချိုကို ဆာဖျူရစ်အက်ဆစ်ပြင်းဟု ကင်ပွန်းတပ်သည်။

"ငါတော့ တွေ့တဲ့နေရာ ကုတ်ပစ်လိုက်ချင်တယ်…မျက်နှာပြောင်မ"

"မချိုက ကိုတိုးကြီးနဲ့နင်နဲ့များ အထင်လွဲသလားမှ မသိတာ ပျားအုံ ရယ်…"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ်တင်က စ,တော့ ထွေးထွေးသိန်းက မျက်လုံးကြီးပြူးပြသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ကြားမှာ ကိုတိုးကြီးအဖြစ်က ရုတ်တရက်ရောက်လာသော နိမိတ်ဆိုးဖြစ်ရပြီ။

"နေနှင့်ဦးမိချို...နင့်ကို လက်စားချေမယ်မှတ်...ကိုတိုးကြီးကို ကြေးမုံယဉ်နဲ့ အောင်သွယ်လိုက်ဦးမယ်...ဒါမှ ခင်းထက်သာမှာ"

"ကြေးမုံယဉ်နဲ့တော့ မလုပ်ပါနဲ့ ထွေးသိန်းရယ်...ကိုတိုးကြီး မိတ်ကပ်ဖိုးနဲ့ မွဲရချည်ရဲ့..."

အောင်နှင့်တွေ့တော့ ကျွန်မတို့ သည်အကြောင်းတွေ ပြောဖြစ်ကြသည်။ အောင်ကတော့ သူ့ထုံးစံ အင်းအဲမလုပ်။ ကိုတိုးကြီးကိုယ်တိုင်ကလည်း နှစ်ရက်လား မျက်စိမျက်နှာပျက်သလိုရှိခဲ့သော်လည်း တတိယနေ့မှာ ပုံမှန်ပြန်ဖြစ်သွားခဲ့လေပြီ။ မချိုသွပ်စွဲသလို ဘယ်ဟာကိုမှ အလေးအနက်မရှိတာတော့လည်း အမှန်ပင်ဖြစ်၏။

"ချစ်ပြီးမှ မချစ်တော့ဘူးလို့ ချက်ချင်းကြီးပြောင်းလို့ရတာတော့ အံ့သြမိတယ်...နဂိုကတည်းက အချစ်မစစ်လို့ပေါ့နော်...အောင်"

အောင်က ကျွန်မကို ပြုံးကြည့်သည်။ ဘာမှတော့ သဘောထားမပေး။

"အချစ်ဟာ ဆန်းကြယ်တယ် မေရဲ့...သည်ကနေ့အထိ ဘယ်လိုကြောင့် ဘာကြောင့်ဆိုတာ ဘယ်သူမှ မပြောနိုင်ကြဘူး...လူ့စိတ်တွေနဲ့ ဆိုင်တာကိုး...လူ့စိတ်တွေ ဆန်းကြယ်နေသရွေ့ စိတ်ကဖြစ်ရတဲ့အချစ်ကလည်း ဆန်းကြယ်နေမှာပဲ...ဒါကြောင့် ချစ်လျက်နှင့် ကွေကွင်းရခြင်း၊ မချစ်ဘဲလျက် ပေါင်းဖက်ရခြင်းကို ဒုက္ခလို့ ပြောကြတာနေမှာပဲ...ဒါ ကွေကွင်းရခြင်းပေါ့လေ..."

"ဟုတ်တယ်နော်...မေတို့သူငယ်ချင်းတွေတောင် ခံစားကြရတယ်...ကိုတိုးကြီးတော့ ကြေကွဲရှာမှာပဲ"

"ရှေးစာတွေမှာ ပါသလိုပါပဲ... *'မြင်းမိုရ်တောင်ကို၊ ရွှက်ဆောင်လျက်ပင်၊ ကျိန်လှည့်ချင်လည်း၊ ချစ်ခင်ပေါ်သာ၊ ပျူငှာစွဲလမ်း၊ စိတ်ဝမ်းမတည်၊ တော်မည်ခြင်းရာ၊ ဆံလွှာတစ်မျှင်၊ မယုံချင်တည်း...'* တဲ့။ မြင်းမိုရ်တောင်ရွက်ပြီး ကျိန်ခဲ့ကြပေမယ့် ဆံလွှာတစ်မျှင် မုန်ညင်းတစ်စေ့စာတောင် ယုံမပစ်လိုက်လေနဲ့လို့ ပြောတာပေါ့"

အောင်ကတော့ သည်လောက်ပဲပြောရှာပါ၏။ အောင်က သည်ရက်တွေထဲ ကိုတိုးကြီးကို မရရအောင် ခေါ်ထုတ်ခဲ့မည်ဟု ဆို၏။ ကျွန်မတို့ကိုလည်း ကိုတိုးကြီးတို့ ဓေယျာဆောင်ကိုသွားပြီး ခေါ်ထုတ်ကြဖို့ အကြံပေးလေ၏။



ကိုတိုးကြီးကို အဆောင်ထဲက မရရအောင် ဆွဲထုတ်ကြသည်။ ကျွန်မတို့လေးယောက် ဓေယျာဆောင်ရှေ့ရောက်လျှင်ပင် အဆောင်နေကျောင်းသားတွေက သီချင်းတွေ သံပြိုင်အော်ဆိုကြသည်။ ကျွန်မတို့တစ်တွေကို ကိုတိုးကြီး၏နှမတွေလို့ သိထားကြသူတွေမဟုတ်လား။ သူတို့ကလည်း သူတို့ရောဂါနှင့်သူတို့...။

"ညီမ...အချစ်ဆုံးညီမ...ကြည်ပြာရောင်ဆင်တူဝတ်ရင်..."

ပလေးဘွိုင်းသန်းနိုင်၏သီချင်းကို အသံကုန်ခြစ်ကာ အော်ကြတော့ ကိုတိုးကြီးလည်း မနေသာတော့။ ကျွန်မတို့နှင့်အတူ တက္ကသိုလ်အပြင်ဘက်ရှိ လက်ဖက်ရည်ဆိုင်ကလေးဆီ ထွက်လိုက်လာရတော့သည်။ ကျွန်မတို့ကသာ ဖြစ်နေတာပါ။ ကိုတိုးကြီးက နာလန်ထနေတာ ကြာပေါ့။ ထွေးထွေးသိန်းကတော့ ဆီးယိုကလေးကို ရေအေးအေးနှင့်သောက်ပါဟု စ,သည်။ ကိုကိုနိုင်က နွယ်နွယ်တင့်ကို "ကိုနိုင့်ကို အဲသလိုတော့ မထားခဲ့ပါနဲ့ နွယ်ရယ်" ဆိုလို့ ရယ်ကြရပြန်သည်။

သည်တော့လည်း ကိုတိုးကြီးက နောက်နေသေးသည်။

"ငနိုင်ရာ...နွယ်နွယ်တင့်ကို မင်းတစ်ယောက်ပဲ ယောင်မှားကြိုက်တာပါကွာ...နောက်ထပ်ရည်းစားများတော့ ဝေးပါသေးရဲ့"

နွယ်နွယ်တင်က ကိုတိုးကြီးကျောကို ထုလေ၏။

"ကျောကိုမထုနဲ့ဟ...နှလုံးသားက ကြွေချင်ချင်ရယ်...သွေးနုသားနု ခေါ်တာပေါ့ဟာ..."

ကျွန်မတို့မှာ ပါးစပ်ပိတ်မရတော့။ သူ့ကို ဝေဒနာမှ သက်သာပါစေတော့ရယ်လို့ နှလုံးသားဆရာဝန်လုပ်ဖို့လာကြသော်လည်း တကယ်တမ်း ကျွေးမွေးတော့လည်း သူကပဲ ပိုက်ဆံထုတ်ရလေ၏။

"မြင်းခြံတုန်းက နင်တို့ကို ငါ သည်လောက်မခင်မိပါဘူးဟာ၊ တက္ကသိုလ်ရောက်မှ မောင်နှမတွေလို ဖြစ်ကြရတယ်နော်...ဝမ်းသာပါတယ် ငါ့နှမတွေရာ...ကျောင်းကြီးပြီးလို့ဘယ်ဘဝ ဘယ်အခြေအနေရောက်ရောက်ပေါ့ဟာ...တစ်ယောက်ကိုတစ်ယောက် သည်လိုစိတ်နဲ့ ခင်မင်သွားကြရုံပါပဲ..."

သည့်နောက်တော့ ကျွန်မတို့လည်း ပြန်လာခဲ့ကြတော့သည်။ ကျွန်မတို့အဆောင်ရောက်တော့ အဆောင်သူငယ်ချင်းတွေက လက်ဖက်တွေသုပ်ထားကြသည်။ ကျွန်မတို့မြင်းခြံထွက် ကုလားပဲချောင်းတွေနှင့် ပြန်ဧည့်ခံတော့ စားရသူတွေမှာ မအီမလည် ဖြစ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ပဲချောင်းနဲ့ လက်ဖက်သုပ်...နွယ်နွယ်တင်နဲ့ ကိုကိုနိုင်ပါပဲ ဟာ..."

ထွေးထွေးသိန်းစကားကြောင့် နွယ်နွယ်တင်က ပြန်ရွှပ်သည်။

"နင်နဲ့ကိုတိုးကြီးလည်း အတူတူပဲ..."

"အံမယ်လေးလေး...ငါက ပန်တော်ကျ ကောက်ပန်မယ် ထင်လို့လား မိနွယ်...ယာဂုအိုးကြီးကွဲကာမှ ရွှေစည်းခံ့လျှုပါ၏ မလုပ်နဲ့...နင့်လို ပြောကြကြေးဆို သီရိမေနဲ့အောင်လည်း အတူတူပဲ"

"ယော့ ယော့...ငါ့ကိုဆွဲမထည့်ကြနဲ့...သနပ်ခါးက သနပ်ခါး၊ ပါးကပါးပဲ"

ကျွန်မတို့က လက်ဖက်တွေ ပလုပ်ပလောင်းစားကြသလို အဆောင်သူတွေက ပဲချောင်းတွေ တချောင်းချောင်း ဝါးကြလေ၏။ မြင့်မြင့်စိန်က စားနေရာက မျိုမကျဖြစ်နေပုံရ၏။

"ဟောလ်ကျူတာကို လက်ဖက်နဲ့ ပဲချောင်း သွားပေးလိုက်ပါဦးဟယ်... သူ့ခမျာ ဝါးခြမ်းပြားလောက်နှုံ့ကာပါ..."

"မလုပ်ပါနဲ့ဟယ်...ဝမ်းလျှောလို့ စက္ကူဝင်းဝမ်နင် ထိပါဦးမယ်"

ကျွန်မတို့မှာ ရယ်လို့ပင်မကုန်နိုင်။

"အေး အေး ကြပ်ကြပ်ရယ်ကြဟော့...ရယ်ပြီးရင် အငိုအလှည့်နော်..."

စိုးစိုးမော်က ပြောလိုက်ခြင်းဖြစ်သည်။

"ကိုတိုးကြီး ရည်းစားကွဲတာ အငိုပေါ့ဟဲ့...အငိုကိုက ရယ်ရတာဟော့"

ရယ်ကြရပြန်ပါ၏။ ရယ်မောဆွတ်ပျံ့ဖွယ် တက္ကသိုလ်ရက်များပင်။

■

(၃၃)

တတိယနှစ် စာမေးပွဲဖြေအပြီးမှာတော့ ကိုတိုးကြီးတစ်ယောက် ကျွန်မတို့နှင့်အတူ ကားတစ်စီးတည်းစီးကာ မြင်းခြံကို ပြန်လိုက်ခဲ့သည်။ ပြီးခဲ့သည့် ဒေသကောလိပ် နှစ်နှစ်စလုံး သူ့ရည်းစား မချိုကို သူ့မြို့အထိ လိုက်ပို့ပေးရတာမို့ ဘယ်အချိန် ဘယ်ကာလမှ မြင်းခြံပြန်ရောက်မှန်းပင် မသိခဲ့။ သည်နှစ်တော့ အောင်ကလည်း ရန်ကုန်ကို ချက်ချင်းပြန်သွားရသည်။ မြင်းခြံကိုရောက်တော့ ကျွန်မအတွက် စိတ်မကောင်းဖြစ်စရာ သတင်းနှစ်ခုက ဆီးကြိုနှင့်ပြီ။

တစ်ခုက သူငယ်ချင်း ခင်ခင် အိမ်ထောင်ကျသွားပြီဆိုသောသတင်းနှင့် တစ်ခုက ကျွန်မဖေဖေ ပင်စင်ယူလိုက်ပြီဆိုသောသတင်း ဖြစ်ပါ၏။

ဖေဖေ ပင်စင်ယူတာကို ကျွန်မကိုအသိမပေးခဲ့ကြ။ မန္တလေးက ဒေါ်လေးတွေကလည်း လာမပြောကြပါ။ ကျွန်မ အားငယ်မှာစိုးရိမ်ကြ၍ ဖြစ်ပါ၏။ အိမ်ရောက်တော့မှ ကြားရတော့လည်း ဘာရယ်မသိဘဲ ကျွန်မ ဝမ်းနည်းနေမိသည်။

"ပင်စင်ယူချင်နေတာသမီးရဲ့...သနပ်ခါးစက်ကို အချိန်ပြည့်လုပ်နိုင်တာပေါ့...ကိုယ့်အိုးကိုယ့်အိမ်က မခွာရတော့ ဖေဖေ့မှာ အချိန်တွေ ပိုလာတယ်...တရားလည်း တစ်ဖက်က အားထုတ်နိုင်တယ်...ညည်းအမေကိုလည်း ကူပံ့နိုင်တာပေါ့ သမီးရဲ့...ဝမ်းနည်းစရာမှမဟုတ်တာ"

ဖေဖေက ကျိုးကြောင်းဆီလျော်ပြောရှာပါ၏။ ဘာပဲဖြစ်ဖြစ် ဖေဖေပင်စင်ယူတော့ ကျွန်မတို့တစ်တွေ သနပ်ခါးစက်စီးပွားရေးပဲ ရှိတော့သည်။ သည်သနပ်ခါးစက်ကလေးက ကျွန်မတို့စားဝတ်နေရေးကိုသာမက ကျွန်မတို့မောင်နှမသုံးယောက်၏ ပညာရေးဝန်ကိုပါ ထမ်းနိုင်မှာတဲ့လား။ အကြီးဆုံးသမီးဖြစ်သည့် ကျွန်မမှာ မိဘများနှင့်အတူ ဒူးတင်ရင်တင် ရှိရတော့မည်။ အငယ်နှစ်ယောက်အတွက် ကျွန်မ အလုပ်တွေ ပိုလုပ်ရတော့မည်။ ကျွန်မရည်မှန်းသော တက္ကသိုလ်ဆရာမလေးဖြစ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



အထိဆိုလျှင် နောက်ထပ်သုံးလေးနှစ် ကြာဦးမည်။ ဘွဲ့ရဖို့ဆိုလျှင်တော့ နောက် တစ်နှစ်တက်ပြီးလျှင် ပြီးပြီ။ ကျွန်မ ဘာလုပ်သင့်ပါသလဲ။ ကျွန်မဝမ်းနည်းတာက လူအနေ ဆင်းရဲသွားမှာကို မဟုတ်ပါ။ မိဘနှစ်ပါး ပိုပင်ပန်းကြမှာကိုသာပါ။ အစ်မကြီးတစ်ယောက်အနေဖြင့် ကျွန်မထမ်းနိုင်သမျှဝန်ကို ထမ်းချင်ခဲ့ပါ၏။

"ဖေဖေ ပင်စင်ယူလိုက်ပေမယ့် အားငယ်စရာမရှိပါဘူး…သမီးရည်မှန်းချက် ပေါက်မြောက်အောင်သာ ကြိုးစား…ဖေဖေကတော့ ပညာလောဘ ကြီးတယ်ပဲဆိုဆို ပေးနိုင်တဲ့အမွေမို့ တစ်ထမ်းကြီး ပေးခဲ့ချင်တာပဲ ရှိတယ်…ဒါကြောင့်လည်း သမီးကို ဖေဖေက ကျောင်းစာတင်မကဘူး အကျိုးရှိမယ့်စာအုပ်တွေလည်း အဖတ်ခိုင်းခဲ့တာပေါ့…နောက်ဆံမငင်နဲ့ သမီး…ပညာကို သမီးဖြောင့်အောင်သင်ပါ…သနပ်ခါးအလုပ်က အဆင်ပြေပါတယ်သမီးရဲ့…"

ဖေဖေက ကျွန်မကို အားပေးစကားပြောသော်လည်း အိုကြီးအိုမ မိဘ နှစ်ပါးကို မြင်ရတိုင်း ကျွန်မ ဝမ်းနည်းရသည်။ ကျောင်းမှာတော့ ကျောင်းစိတ်၊ အိမ်ရောက်တော့လည်း အိမ်စိတ်တွေသာ ရှိတော့သည်။

ကျွန်မ မြင်းခြံမှာရှိနေစဉ်တစ်ချိန်လုံးလည်း သနပ်ခါးစက်ထဲမှာပဲ တကုပ် ကုပ် ဝိုင်းလုပ်နေခဲ့ပါသည်။ သူငယ်ချင်းတွေအိမ်ကိုမဆိုထားနှင့် မရောက်မဖြစ် ဆွေမျိုးတွေ အိမ်ကိုပင် မရောက်ဖြစ်ပါ။ တစ်နေ့တော့ ထွေးထွေးသိန်းတို့သုံးယောက် စက်ဘီး တွေဖြင့် ကျွန်မဆီ ရောက်လာခဲ့ကြပါသည်။ သနပ်ခါးနှစ်တွေ ပေကျံနေသော ကျွန်မကို ကြည့်ကာ သူငယ်ချင်းတွေက ရယ်ကြသည်။

"ဟော့ သီရိမေ…နင့်မလဲ မအောင်ဖြူရုပ် ပေါက်နေပါလားဟယ်… တို့ဆီတောင် မလာဘူး…နေနိုင်လိုက်တဲ့ကောင်မ…ခင်ခင်ကတောင် ပြောနေတာ…သီရိမေ သူလင်ယူတာ စိတ်ဆိုးနေသလားမသိဘူးတဲ့… သူက နင့်ကိုလန့်နေတာလေ…နင်တားတဲ့ကြားက ကိုမြတ်နဲ့ယူလိုက် တာ စိတ်ဆိုးပြီး သူ့ဆီမလာတာလို့ ထင်နေရှာတယ်"

"မဟုတ်ပါဘူးဟယ်…ငါ အိမ်အလုပ်တွေ ကူနေရလို့ပါ…ခင်ခင့်ကို လည်း စိတ်မဆိုးရပါဘူး…မရောက်နိုင်တာကိုလည်း တောင်းပန်ရ ဦးမှာပါဟာ… အိမ်မှာ ဖေဖေက ပင်စင်ယူလိုက်ပြီဆိုတော့…"

ကျွန်မတို့မိသားစုအခြေအနေတွေကို သူငယ်ချင်းများကို ပြောပြမိသည်။ ကျွန်မတို့သူငယ်ချင်းတစ်စုကြားမှာ နွယ်နွယ်တင်က စီးပွားရေး အတောင့်တင်း ဆုံးဖြစ်ပြီး ထွေးထွေးသိန်းနှင့် စိုးစိုးမော်ကလည်း လက်နီးစုတ် လက်ခုကိုင်ရမည့်



အပူအပင်မျိုး မရှိကြပါ။ ကျွန်မကတော့ ခင်ခင့်လောက်ကပျာကသီမရှိသော်လည်း ရှန်းဟယ် ကန်ဟယ် ရှိရတုန်း။

"သီရိမေရယ်…နင့်အဖေ ပင်စင်ယူလိုက်လို့များတော့ မပူပါနဲ့သူငယ်ချင်း ရယ်…ငါ တင်စီးပြောတာမဟုတ်ပါဘူး…နင့်လိုတော်တဲ့ ထက်တဲ့သူ ကိုတော့ ပညာကို ရေဆုံးရေခန်း လိုက်စေချင်တယ်…အဲသည်အတွက် တော့ ငါ ကုသိုလ်ယူနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်…နင့်စိတ်ခေတ်ကို ငါသိပြီးသား ပါ…လိုရင် ပြောမှာပေါ့…ဂုဏ်ငယ်ရတယ် မထင်ပါဘူး…"

နွယ်နွယ်တင်က ပြောရှာပါသည်။ ပြောသာပြောရတာပါ။ နွယ်နွယ်တင့် ခများမှာလည်း စီးပွားရေးအရ မပူပင်ရသော်လည်း သူ့မိဘနှစ်ပါး၏ အိမ်တွင်း ရေးပြဿနာတွေကြောင့် စိတ်မချမ်းမသာဖြစ်ရသည့်အကြောင်းတွေ ပြောပြရှာသည်။

"ငါ သည်တစ်ခေါက် အိမ်ပြန်ရောက်တော့ မေမေ အိပ်ရာထဲ လဲနေရှာ တယ်…ဖေဖေ့စိတ်ပေါ့ဟယ်…အခု ဖေဖေက နောက်မိန်းမတစ်ယောက် ယူထားသလိုလို ကြားနေရတာပဲဟယ်…အရင်ရှုပ်လိုက်တဲ့ မိန်းမက လည်း ငွေတွေလိမ်သွားပြီးပြီ…ငါ့အမေကတော့ အဖေ အိမ်ထဲဝင်လာ တာနဲ့ ဂုန်းဒိုင်းကြနေတော့တာပဲ…နည်းနည်းကလေးမှ စိတ်မလျှော့ဘူး ဟယ်…ငါ့မောင်လေးနှစ်ယောက်ကလည်း အထိန်းအကွပ် အားနည်း တော့ ပျက်စီးနေကြပြီသိလား။ တစ်ကောင်ဆို ဆေးစွဲနေပြီ၊ အိမ်လည်း မကပ်ဘူး…ငါတော့လေ အိမ်မှာနေရတာ ငရဲပဲ…ကျောင်းအမြန်ပြန်ဖွင့် ပါစေလို့ပဲ ဆုတောင်းနေမိတယ်…နင်တို့တွေနဲ့ ကျောင်းတက်နေရတဲ့ အချိန်ကလေးပဲ ငါ့ဘဝမှာ ပျော်ရတာပါ"

"ကိုကိုနိုင့်ကိစ္စ နင့်အမေက ဘာပြောသေးလဲ…ဆူသေးလား"

"သေသေချာချာတော့ မသိဘူးဟာ……အောင်ပြောသလိုပဲ ကြား သလောက်နဲ့ လှမ်းကြိမ်းတာပါ…သိရင်တော့ မလွယ်လောက်ဘူး… မေမေတို့က မျိုးရိုးလိုက် ချမ်းသာကြတော့ မာနတော့ ကြီးကြတယ်… ဘွဲ့ရရင် ငါ့ကို အိမ်ထောင်ချပေးမလိုလိုလည်း လေသံပစ်နေကြတယ်… ငါကတော့ မလုပ်ပေါင်…"

နွယ်နွယ်တင့်စကားတွေကိုကြားတော့ ကျွန်မ စိတ်မကောင်းဖြစ်ရသည်။ သဘောမနောကောင်းပြီး စိတ်ထားဖြူစင်ရှာသည့် နွယ်နွယ်တင့်ဘဝကလည်း အစ်မျိုး ပင်။ ဥစ္စာခန ပြည့်စုံရှာသော်လည်း စိတ်မချမ်းသာရသည့်ဘဝမျိုး။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ချင်းစာပါတယ်ဟယ်...ဘာပဲဖြစ်ဖြစ် ဖြစ်နေသမျှဘဝတွေထဲကပဲ တို့မိဘတွေက တို့ကို ပညာသင်ခွင့်ပေးထားကြတာကိုပဲ ကျေးဇူးကြီးလှပါပြီ...အပူဆိုတာကတော့ ရှိကြတာပေါ့ဟယ်...သည်လိုပဲ ဖြေရမှာပေါ့"

ထွေးထွေးသိန်းကတော့ လက်ဖက်နှင့်ချင်း ရောနယ်ထားသော မြင်းခြံလက်ဖက်သုပ်ကို အားရပါးရစားနေသည်။ ကျွန်မပြောနေတာတွေလည်း ခေါင်းထဲရှိပုံမရ။ လူကလည်း တစ်နေ့တခြား ပုတ်တောင်းလောက်ရှိနေပြီ။ ဝပြီဆိုတော့မှ ပါးစပ်တွေကို သုတ်သည်။ အပူအပင်ရယ်လို့လည်း မရှိ။

"နင်တို့သနပ်ခါးတွေ အရမ်းရောင်းရတယ်တဲ့...ငါကြားတယ်...သြော်...ဒါထက် အောင်က ကလောမပြန်ဘဲ ရန်ကုန်သွားတာဆို သီရိမေ...ဘာသွားလုပ်တာတုံး"

"မသိပါဘူးဟာ...ကျောင်းပိတ်ခါနီး တွေ့လိုက်တာရှိတာပဲ...ငါဖတ်ဖို့ စာအုပ်တွေတော့ မျိုးတင်လတ်နဲ့ ပေးခဲ့တယ်...စာတစ်စောင်လည်း ရေးခဲ့တယ်"

"ဘာစာလဲ...ရည်းစားစာလား...ပေးစမ်း ငါဖတ်ချင်လို့"

"နင်ကလေ...အောင်က ငါ့ကို ရည်းစားစာ ပေးပါ့မလား...သူငယ်ချင်းတွေကို..."

ကျွန်မတို့တစ်တွေ စကားကောင်းနေကြစဉ်မှာပင် မေမေ ဈေးကပြန်လာသည်။ မေမေ့ကို ခွင့်တောင်းပြီး ကျွန်မတို့လေးယောက်သား ခင်ခင်တို့အိမ်ဘက်ထွက်ခဲ့ကြသည်။ ကျွန်မနှင့်စိုးစိုးမော်က စက်တီးမစီးတတ်ကြတော့ ထွေးထွေးသိန်းနှင့် နွယ်နွယ်တင့်နောက်က ကယ်ရီယာခုံက ထိုင်လိုက်ကြရသည်။

"သီရိမေ...နင် စက်ဘီးစီးသင်ပါဦးဟယ်...မခက်ပါဘူး...ငါတို့သင်ပေးမယ်လေ"

"ဘာလဲ...နင်တို့က တင်မနင်းချင်ကြဘူးပေါ့လေ"

"ငါတို့က ပြဿနာမရှိဘူး...နင့်ရည်းစားက တင်မနင်းနိုင်မှာစိုးလို့ပြောတာ"

"သီရိမေရည်းစားက ကားနဲ့တင်မှာပေါ့ဟဲ့"

အောင့်ကို စောင်းပြောမှန်း ကျွန်မသိပါ၏။

"ခက်လို့ မခက်လို့ မဟုတ်ပါဘူးဟယ်...စက်ဘီးစီးသင်ပြီးလို့ စက်ဘီးစီးတတ်ရင် စက်ဘီးဝယ်နေရဦးမယ်...ငါက ကားစီးနိုင်မှ စီးတော့မယ်"



"နင်ကတော့ ဒီစကားနဲ့ပဲ စက်ဘီးစီးမသင်တော့ဘူး တကတည်း..."

"ငါ့ချည်းပြောမနေနဲ့...စိုးစိုးမော်ကို သင်ပေးလိုက်"

ထွေးထွေးသိန်းက ကျွန်မကို မဲနေတော့ မြားဦးကို စိုးစိုးမော်ဘက် လှည့်ပေးလိုက်သည်။

"စိုးစိုးမော်လား...တော်း ငအေ စက်ဘီးစီး သင်ပေးလည်း အလကားပဲ...စကားတောင် လေးလုံးကွဲအောင် ပြောတတ်တာမဟုတ်ဘူး"

"အံမယ်...ပြောတတ်ပါ့အေ...လူတွေနဲ့ စကားမပြောချင်လို့ ကိုယ့်ဟာကိုယ် အေးအေးနေနေတာ...ဟင်း"

"လူတွေနဲ့စကားမပြောချင်တော့ နင်က ဘာနဲ့ပြောချင်တာတုံး ကိုင်း..."

"နတ်တွေနဲ့ပေ့ါ နတ်တွေနဲ့"

ထွေးထွေးသိန်းနှင့် စိုးစိုးမော်က သည်လိုပဲ တကျက်ကျက်။ အထက်တန်းကျောင်းသူဘဝကတည်းက သူတို့နှစ်ယောက် စကားကပ်ကြသူတွေ။

တောင်နှင့်မြောက် တန်းနေသော မြို့တွင်းဖြတ် မိတ္ထီလာလမ်း (အဝေးပြေးလမ်းမကြီး) အတိုင်း ကျွန်မတို့ တောင်ဖူးဖူးကို နင်းလာခဲ့ကြသည်။ မြင်းခြံမြို့ကလေးကတော့ ပူပြင်းခြောက်သွေ့မြဲ။ သို့သော် သည်မြို့ကလေးက ကျွန်မဇာတိမြို့ကလေးမဟုတ်လား။ သည်မြို့ သည်လမ်း သည်လူ သည်မြင်ကွင်းတွေကိုပဲ ကျွန်မ ချစ်ရ လွမ်းရတာမဟုတ်လား။

ကိုမြတ်နှင့် ခင်ခင်တို့ အိမ်ထောင်ကျတာကို ထူးထူးခြားခြား ခံစားမှုမဖြစ်မိသော်လည်း လင်မယားနှစ်ယောက် တည်တည်ပပ မနေရဘဲ ကိုမြတ်အလုပ်လုပ်သော ပွဲရုံနောက်ဖေးတန်းလျားမှာ အဖီချနေရတာကိုတော့ ကျွန်မ စိတ်မချမ်းသာပါ။ သူတို့ဘဝနှင့် သူတို့အကြောင်းပေါ့လေ။ ကျွန်မ သည်လိုပဲသဘောထားလိုက်ရတော့သည်။ ကျွန်မတို့ရောက်သွားတော့ ခင်ခင့်ခမျာ ရှက်တအေးအေးရှိရှာသည်။ ပွဲရုံရှေ့ဘက် ထွက်လာကာ ဆီးကြိုရှာပါ၏။ ချက်ရင်းပြုတ်ရင်းက ထလာပုံရသည်။ မျက်နှာမှာ ချွေးနှင့်အိုးမည်းတွေ ရောထွေးလို့။ သနပ်ခါးပင် မကပ်နိုင်ဘဲ ချွေးစေးပြောင်ပြောင်မျက်နှာဖြင့် ကျွန်မတို့ကို ပြုံးပြရှာပါသည်။

"လာ သီရိမေ...ငါလည်း နင့်ဆီလာမလို့ပါဟာ...မီးဖိုကျင်းထဲ ကျနေပြီဟာ...တကယ်တော့ နင်ပြောမှာစိုးလို့ပါဟာ"

"မပြောပါဘူး ခင်ခင်ရယ်...တစ်ယောက်ဘဝကိုတစ်ယောက် အပြစ်တင်ဖို့ ခက်ပါတယ်...သူ့အကြောင်းနဲ့သူ ဖြစ်ရတာကို ငါ နားလည်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဟာ…သူငယ်ချင်းတွေဆိုတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျတာကိုတော့ နှမြောတာပေါ့ဟယ်"

"အဲဒါပြောတာပေါ့ဟာ…ငါကလည်း နင်ပြောသလို ဘဝအဆင်သင့်ဖြစ်ချင်တာပါပဲ…ဒါပေမဲ့ ငါ့ဘဝက ဘယ်တော့မှ အဆင်သင့်ဖြစ်မှာမဟုတ်ဘူး ထင်တာပါပဲဟာ"

"ဘာပဲဖြစ်ဖြစ် နင်ပျော်တယ်မဟုတ်လား"

"အိမ်ထောင်ကျရင် ချစ်သူနဲ့ နေရပြီရယ်လို့တော့ ပျော်ရနိုးနိုး ရှိခဲ့သလိုပါပဲ…ဒါပေမဲ့ အဲသလိုလည်း မဟုတ်ပြန်ပါဘူး…နင် တစ်ခါရွတ်ပြခဲ့ဖူးတဲ့ ကဗျာလိုပဲဟ…လရောင်နဲ့ဝေးသွားပြီ…အခု နေရောင်ထဲမှာလေ"

"အဲဒါ တကယ့်ဘဝပေါ့ဟဲ့ ခင်ခင်ရဲ့…နေပျော်ဖို့ပဲ အရေးကြီးပါတယ်ဟာ"

ခင်ခင်က ကျွန်မကို ငေးစိုက်ကြည့်ရင်းက ရှေ့ကို စကားဆက်ဖို့ ခက်နေပုံရသည်။ ကျွန်မကတော့ အိမ်ထောင်ကျသွားပြီဖြစ်သော သူငယ်ချင်းကို ကြည့်ကာ မယုံနိုင်သလို ဖြစ်နေမိပါ၏။ ကျွန်မတို့တစ်တွေက ပညာသင်ရမယ့်အရေး တွေးနေကြချိန်မှာ ခင်ခင်က စောစောစီးစီး အိမ်ထောင်သည်ဘဝကို ရောက်သွားခဲ့တာကလည်း မျက်လှည့်တော့ ဆန်သား။ ခင်ခင်နေထိုင်ရသောဘဝကို မြင်ရုံနှင့် ပင်ပန်းတကြီးရှိနေမှန်း သိသာပါ၏။ ခင်ခင့်ခမျာ တစ်ခါက ကောလိပ်ကျောင်းသူဆိုသည့် အသွေးကလေးပင် မကျန်ချင်တော့တာကို ငေးနေမိပါ၏။ ဟိုတုန်းက ဆံပင်တသသ၊ ပေါင်ဒါတမှုန်မှုန်၊ အဝတ်အစား မီးကြွေထိုးကလေးနှင့်ခင်ခင် မဟုတ်တော့ပြီ။ ဆံပင်စုထုံး၊ ထဘီတိုတိုပါအောင်ဝတ်ကာ ပွဲရုံနောက်ဖေးက အလုပ်သမားတန်းလျားအခန်း မှောင်မှောင်ကျဉ်းကျဉ်းထဲမှာ ထမင်းအိုးထမ်းဟင်းအိုးထမ်း ဖြစ်ရရှာပြီလား။

ခင်ခင့်အဖြစ်ကိုကြည့်ပြီး ကျွန်မမှာ စကားပင် ဆက်မရဖြစ်မိပါ၏။ အတန်ကြာ တိတ်သွားပြီးမှ စကားဆက်ရသည်။

"နင် စာပေးစာယူ အနီးကပ်သင်တန်း ဘယ်တော့သွားတက်ရမှာလဲ ခင်ခင်…ဘွဲ့တော့ ရအောင်ယူပေါ့ဟာ"

"အခု စာပေးစာယူတွေ သွားတက်ကြပြီလေဟာ"

"ဟင်…ဒါဖြင့် နင်ကရော…"



"ငါ…ကျောင်းဆက်မတက်ဖြစ်တော့ပါဘူး သူငယ်ချင်းရယ်…ငါ့မှာ မလွတ်လပ်တော့ဘူး သိရဲ့မဲ့"

"နင့်ယောက်ျားမတွေက မကြိုက်လို့လား…"

"မဟုတ်ပါဘူး…ငါ့မှာ ကိုယ်ဝန်ရှိနေပြီ"

သူငယ်ချင်းတွေက စကားဝင်မပြောကြဘဲ ကျွန်မတို့ပြောသမျှကိုသာ နားထောင်နေကြပါသည်။ ခင်ခင့်စကား ကြားရသည့်အခါမှာတော့ ကျွန်မတို့ လေးယောက်သား ပါးစပ်အဟောင်းသားပွင့်ကာ ခင်ခင့်ကို တအံ့တဩ ကြည့်နေလိုက်မိကြပါသည်။ မနေ့တစ်နေ့ကပဲ စားတူ သွားတူ အိပ်တူ နေတူရှိနေခဲ့သည့် တစ်ယောက်သောသူငယ်ချင်းက အခုတော့ သားသည်မိခင်ဖြစ်တော့မည်ဆိုပါလား။ ကျွန်မတို့အဖို့ သည်ကိစ္စက သိပ်ကို ကြီးကျယ် ခက်ခဲသည့်ကိစ္စ ထင်ခဲ့မိသည်။ အရွယ်ရောက်လာတဲ့ မိန်းမသားတစ်ယောက်အတွက် သည်ကိစ္စက သိပ်လေးလေးပင်ပင် မဟုတ်သလိုပါပဲလား။

ကျွန်မတို့နှင့် ခင်ခင် စည်းခြားသွားခဲ့ပြီလား။ မိန်းမတစ်ယောက် အိမ်ထောင်ကျသွားတာဟာ အထက်တန်းကျသွားတာလား၊ သေးနုတ်သွားတာလား။ ကျွန်မမသိပါ။

"ခင်ခင်ရယ်…နင် ဆယ်တန်းကြီးများတောင် အောင်အောင်ကြိုးစားလာခဲ့ပြီးမှ သင်ခဲ့ရတဲ့ပညာတွေ နှမြောစရာဟာ…လင်ယူပက်စက်တယ်ဆိုတာ ဒါကိုပြောတာနေမှာ…"

"ဟဲ့…လင်ယူပက်စက်တယ်ဆိုတာ လင်တွေ ခဏခဏယူတာကို ပြောတာဟ…နင်ပြောမှပဲ ခင်ခင့်ပြစ်မှုက ကြီးနေပါရောလား ကျုံးဘာနီရယ်"

"မသိဘူးလေဟာ…ငါကြားဖူးတာ ပြောတာလေ"

နွယ်နွယ်တင့်စကားကြောင့် ကျွန်မတို့ ရယ်ကြရသေးသည်။ ခင်ခင်က အိမ်ရှေ့မှာ ချခင်းထားသော ကွပ်ပျစ်ပေါ်မှာ သင်ဖြူးဖျာကလေး ခင်းပေးသည်။ မန်ကျည်းပင်ရိပ်မှာဆိုတော့ မန်ကျည်းနံ့ကလေး သင်းနေသည်။ စကားထိုင်ပြောနေကြတုန်းမှာပဲ ထမင်းအိုးတူးနံ့ ထွက်လာသဖြင့် ခင်ခင် ပြေးဝင်သွားသည်။

"ကောင်းတယ်ဟေ့…ထမင်းအိုးက မငှဲ့ရဘဲ အော်တိုမစ်တစ် သူ့ဟာသူ ရေခန်းပြီး တူးသွားပြီ…ဒါနဲ့ နင်တို့ ညစာ ထမင်းစားသွားကြပါလား"

"တော်ပါပြီဟယ်…နင့်ထမင်းက ပျော့တူးမနပ်ကြီးဖြစ်နေမှတော့…"

"ငါကိုယ်တိုင်ကလည်း ပျော့တူးမနပ်ကြီး ဖြစ်နေတာဟဲ့…"

သည်လိုဆိုတော့လည်း ကျွန်မတို့ချင်း မဝေးလှသေးပါလား။ ခဏ

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး…နင် ကလေးရတာကလည်း မြန်လိုက်တာအေ…နေများနေပါဦးတော့… Prevention မလုပ်ဖူးလား"

စိုးစိုးမော်က မေးတော့ ခင်ခင်က ရှက်နေသည်။ သူငယ်ချင်း အပျိုမတွေကို သည်ကိစ္စ သိပ်များများပြောချင်ပုံလည်း မရပါ။ ကျွန်မတို့က မိန်းကလေးချင်းလည်းဖြစ်၊ သူငယ်ချင်းလည်း ဖြစ်ကြသူတွေဆိုတော့ ပွင့်ပွင့်လင်းလင်းရှိကြသည်။

"အဲဒါတွေ ငါမသိပါဘူးဟာ…သူ့ဟာသူ ဖြစ်သွားတာပဲဟ"

"သူ့ဟာသူတော့ မဖြစ်ပါဘူး ခင်ခင်ရယ်…နင်ပြောပုံက လေဥပဲ အုသလိုလို"

ထွေးထွေးသိန်းစကားကြောင့် ကျွန်မတို့အားလုံးက ရယ်နိုင်သော်လည်း ခင်ခင်က ငိုလေတော့သည်။ ထွေးထွေးသိန်းက မလျှော့။

"ညည်း နတ်ပူးတာလားခင်ခင်…ငါတို့က စေတနာနဲ့ပြောတာပါဟာ…လင်များတော့ ငါတောင်ရရင် လိုချင်ပ…"

ခင်ခင်က အငိုရပ်ကာ မျက်ရည်ကို လက်ဖမိုးနှင့်သုတ်သည်။ မျက်နှာကလေး ရဲလို့။ ခင်ခင့်မျက်နှာကလေး ချောင်ကျသွားတာတော့ အမှန်ပင်။ ကျွန်မမှာ စိတ်ကူးတစ်ချက် ရလိုက်သည်။ ဖြစ်ခဲ့ပြီးတာတွေကို အပြစ်တင်နေတာထက်စာလျှင် စိတ်ချမ်းသာအောင် မြှင့်တင်ပေးခြင်းသာ အကောင်းဆုံးမဟုတ်လား။ ခင်ခင့်ဆံဖြ ခြောက်ခြောက်ကလေးတွေ လွင့်နေတာကိုကြည့်ရင်း စကားလုံးတွေ ရှာနေခဲ့မိပါ၏။ ခင်ခင့်စကားသံ တိုးတိုးကလေးသာ ထွက်လာပါ၏။

"နင်တို့တွေကို မြင်တော့လည်း ကျောင်းစိတ် ပြန်ဝင်မိပါတယ်ဟယ်…ငါ့မိဘတွေ ညီအစ်ကို မောင်နှမတွေကဆိုရင် ငါတို့အထဲမှာ နင်တစ်ယောက် ဆယ်တန်းအောင်တာ၊ ဦးနှောက်နည်းတာလည်း နင်ပဲတဲ့…စိတ်ဆိုးကြလွန်းလို့လေ။ ဒါပေမဲ့ဟယ်…ကိုမြတ်က ငါ့ကို ကြင်နာရှာပါတယ်"

ကိုမြတ်က ငါ့ကို ကြင်နာရှာပါတယ် ဆိုသည့်စကားတစ်ခွန်း ပြောနိုင်ဖို့ အရာရာကို စွန့်လွှတ်လိုက်ရတာများလားလို့ ကျွန်မ တွေးနေမိပါသည်။ ယောကျ်ားသားတစ်ယောက်၏ ကြင်နာခြင်းက ဘယ်လောက်များ လေးနက်ခိုင်မာနေလို့လဲ။ တစ်ဘဝစာ ကြင်နာခြင်းများနှင့် ချစ်ခင်စွာ ပေါင်းဖက်နိုင်ပါစေလို့သာ ဆုတောင်းရတော့မည်။

"ယောကျ်ားယူတယ်ဆိုတာ ကိုယ်ပိုင်ဝယ်လိုက်တာမျိုးဟ…အပိုင်ဝယ်လိုက်ပြီဆိုကတည်းက အပူထုပ် ခေါင်းပေါ်ရွက်ရပြီသာမှတ်…ချက်ထား



တာလေးမှ ကြိုက်ပါ့မလား…ကနေ့ နောက်ကျတာ ဘယ်များသွားနေတာပါလိမ့်…ခုတလော စကားပြောတာ အေးတိအေးစက်နဲ့၊ ခါတိုင်းနဖူးလေးစမ်း ပါးကလေးစမ်း လုပ်နေကျပါ၊ အခု ဘာဖြစ်နေတာပါလိမ့်…အမလေးလေး…ပူစရာတွေချည်းပဲ…ထွေးသိန်းတို့ကတော့ အပူထုပ်မရွက်ဘူးဟေ့…ရေခဲတုံးပဲ ရွက်တော့မယ်"

"ပေါင်တစ်ရာတုံးလောက် ရှာရွက်ဟာ…ဦးနှောက်ခဲသွားလည်း ကောင်းတာပဲ"

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ပြောနေကြတုန်းမှာပဲ ခင်ခင့်အိမ်သား ကိုမြတ် ရောက်လာသည်။ ကျွန်မတို့အားလုံးနှင့် နဂိုက ခင်မင်ရင်းစွဲမရှိသော်လည်း တစ်မြို့တည်းသားချင်းဆိုတော့ မျက်မှန်းတန်းမိတာလောက်တော့ရှိပါ၏။ ကျွန်မတို့ကိုမြင်တော့ ဝမ်းသာအားရ နှုတ်ဆက်ကာ လက်ဖက်ရည်ပြေးဝယ်ဖို့ ပြင်ရှာပါသည်။ သဘောမနောကောင်းရှာပုံ ပေါ်ပါ၏။

"မဝယ်နဲ့ကိုမြတ် မဝယ်နဲ့…ကျွန်မတို့ မသောက်ချင်ဘူးရယ်"

"သူတို့က လက်ဖက်ရည် သောက်မှာမဟုတ်ဘူး ကိုမြတ်…လမ်းထိပ်က အကြော်နဲ့ မုန့်ပျားသလက်ပဲ ပြေးဝယ်လိုက်…မုန့်ပျားသလက် သုပ်စားရအောင်"

ခင်ခင့်လက်ရာ စုံစီနဖာအသုပ်တွေတောင် ကျွန်မတို့ မစားရတာ ကြာပြီ။ နင်းဆီဖြူမှာတုန်းက ခင်ခင် ရှာရှာဖွေဖွေ သုပ်ကျွေးတတ်သော လက်သုပ်စုံကလေးတွေကို အောက်မေ့ရင်းက ခင်ခင့်ကိုလည်း နှမြောလိုက်မိသေးသည်။ ခင်ခင့်မှာ မီးဖိုချောင်ထဲမှာ လူမသိ သူမသိ အချိန်ကုန်ရမည့် မိန်းမသားဖြစ်သွားခဲ့ပြီလား။

ထို့နေ့ကတော့ ခင်ခင့်မုန့်ပျားသလက်သုပ်ကို တစ်ဝကြီး စားခဲ့ကြရသည်။ သွက်လက်ထက်မြက်သော ကောလိပ်ကျောင်းသူဘဝက သုပ်ကျွေးခဲ့သော အသုပ်စုံတွေနဲ့ မတူတော့ပါ။ အိမ်ထောင်ရှင်မတစ်ဦး၏ လက်ရာမို့ထင်ပါရဲ့၊ စားရတာ အရသာရှိသော်လည်း ဟိုတုန်းကလို စီးစီးပိုင်ပိုင်မရှိသလိုလို။ ကျွန်မစိတ်အထင်လည်း ဖြစ်နိုင်ပါ၏။ ကျွန်မအတွေးမျိုး စိုးစိုးမော်ကလည်း ခံစားလိုက်ရပုံပေါ်ပါသည်။

"ခင်ခင်ရယ်…နင့်မုန့်ပျားသလက်သုပ်က ဖွယ်တယ်တယ်နဲ့ အရင်လို မကောင်းဘူး…လင်ရလို့ လက်ပျက်သွားတာလားဟာ"

သည်တစ်ခါ အားရပါးရ ရယ်သူမှာ ခင်ခင်ကိုယ်တိုင် ဖြစ်ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၃၄)

တက္ကသိုလ် လေးနှစ်သည် ဘာမှကြာလိုက်သည် မထင်ရပါ။ ကျွန်မတို့တစ်တွေ စတုတ္ထနှစ် ဒါမှမဟုတ် တက္ကသိုလ်နောက်ဆုံးနှစ်ကိုပင် ရောက်လာခဲ့ကြပြီ။ အမိတက္ကသိုလ်မှာ ပျော်ခဲ့ရလို့များလား။ ပျော်ခဲ့ရလွန်းသည်လို့တော့ ကျွန်မ မပြောဝံ့ပါ။ ကျွန်မတစ်ယောက်တည်းအဖို့က တက္ကသိုလ်ကျောင်း နေခွင့်ရခဲ့ခြင်းသည်ပင်လျှင် ကံကောင်းလွန်း၍ဖြစ်၏။ မိဘနှစ်ပါးစလုံးက ပခုံးထမ်း ခေါင်းရွက်ထမ်းတင်ခဲ့ကြရှာတာကို ကျွန်မမမေ့။ သည်ကျေးဇူးတရားသည်လည်း မွေးကျေးဇူးကျွေးကျေးဇူးလိုပင် ကြီးမားလှသည်။ သည်လိုနှင့် လိမ့်ကာ ပိမ့်ကာ လေးနှစ်ပြည့်မြောက်ခဲ့ရသည်။

သူငယ်ချင်းတွေကလည်း ဘဝမှာအမှတ်တရ ဖြစ်ရပါဦးမည်။ ကိုတိုးကြီး၊ ကိုကိုနိုင်၊ ထွန်းကျော်၊ မျိုးတင်လတ်၊ အောင်…ပြီးတော့ ကျွန်မတို့ လေးယောက်။ တစ်ဦးကိုတစ်ဦး စာနာဖေးမခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး သံယောဇဉ်မြဲခဲ့ကြရသူတွေ မဟုတ်လား။ ကျောင်းကြီးပြီးလျှင်…။

တစ်မြို့တည်း အတူနေကြသူတွေချင်းပင် ဘယ်သူက ဘာတွေလုပ်လို့ ဘယ်ကိုရောက်ကြမည် မမှန်းနိုင်။ သူ့ခရီးနှင့်သူ ကိုယ့်ခရီးနှင့်ကိုယ်။

သည်နှစ် ကျောင်းပြီးရင်တော့ ကျွန်မတို့အစုအဖွဲ့ကလေး ဌာနေအသီးသီးကို ပြန်ကြရမည်။ အပြီးတိုင် မဟုတ်သော်မှ သည်လိုပြန်ဆုံတွေ့နိုင်ဖို့ ခဲယဉ်းတော့မည်။

နောက်ဆုံးနှစ်မှာတော့ ကျွန်မတို့လေးယောက်စလုံး ရွှေမန်းဆောင်မှာပဲ အဆောင်နေခွင့် ရကြပါသည်။ ရွှေမန်းအုတ်ကျောင်းဆောင်အောက်ထပ် အရှေ့ဘက်ခြမ်းက နှစ်ယောက်တစ်ခန်းတွေမှာ နေရတာဆိုတော့ မနှစ်က ဟောလ်ခန်းကျယ်ကြီးထက်စာလျှင် နေရထိုင်ရ အတော်အဆင်ပြေပါသည်။ ကျွန်မနှင့်စိုးစိုးမော်က



တစ်ခန်းတည်း အတူကျသော်လည်း ထွေးထွေးသိန်းနှင့် နွယ်နွယ်တင်တို့နှစ်ယောက်က တစ်ခန်းတည်း မရသဖြင့် အခန်းဖော်ချင်း နားလည်မှုယူပြီး လဲနေရန် စီစဉ်ရသည်။ အဆောင်မှူးကလည်း မနှစ်ကတည်းက ကျွန်မတို့သူငယ်ချင်းတွေအကြောင်း သိထားသူဆိုတော့ နေရာလဲလှယ်ချထားပေးပါသည်။ နှစ်ခန်းခြားနေရာရကြသော်လည်း တစ်ဆောင်တည်း အခန်းကူးလို့ လွယ်လေတော့ တစ်ခန်းတည်း အတူမနေရုံတမယ် ပျားသွားပျားပြန် ကူးလူးနေကြတော့၏။

ကျွန်မတို့တစ်တွေလိုပဲ ကိုတိုးကြီး၊ အောင်နှင့် ကိုကိုနိုင်တို့လည်း 'ရွှေပြည်အေး'မှာ တစ်ဆောင်တည်း အတူနေခွင့်ရကြသည်။ ကျွန်မတို့ ရွှေမန်းဆောင်နှင့် ရွှေပြည်အေးဆောင်က မောင်နှမဆောင်များ ဖြစ်ကြသည်။ သစ္စာဆောင်နှင့် အောင်မင်္ဂလာ၊ နဒီနှင့်မြတ်မာ စသဖြင့် မောင်နှမဆောင်များဖွဲ့ကာ အဆောင်လှုပ်ရှားမှုများ အတူတွဲပြုလုပ်ကြတာကလည်း တက္ကသိုလ်၏ ချစ်စရာ လွမ်းစရာ အောက်မေ့စရာပင်။

အဆောင်တိုင်းတွင် အဆောင်သာယာရေးကော်မတီ ဖွဲ့ထားပြီး အဆောင်မှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများထဲက အတွင်းရေးမှူးတစ်ယောက် ရွေးကြရသည်။ အဆောင်နေ ကျောင်းသား ကျောင်းသူအားလုံးက အလိုအလျောက် အဖွဲ့ဝင်များ ဖြစ်ကြပါ၏။ ကျသမျှတာဝန်ကိုလည်း ကျေပွန်အောင် ဆောင်ရွက်ကြရပါသည်။ စားဖိုဆောင်ဘက် တာဝန်ကျလျှင် ဈေးဝယ်လိုက်ရသည်။ စားဖိုဆောင်ကို ဝင်ရသည်။ တစ်လတစ်ခါ Special dinner ကျွေးပြီဆိုလျှင် ကျွန်မတို့မှာ သာအိတစ်စိုစိုဖြစ်ရပြီး ပျော်လို့မဆုံး။ အဆောင်ထမင်းဟင်းကို ငယ်ချစ်ဟောင်းနှင့် နှစ်ပေါင်းများစွာ နှစ်ပါးသွားနေခဲ့ရသော ကျွန်မတို့အဖို့ တစ်ထုပ်သော ဒန်ပေါက်နှင့် တစ်ပုလင်းသော စပါကလင်သည် နတ်သုဒ္ဓါ နတ်ဩဇာပင် မဟုတ်လား။ နှစ်လည် ညစာစားပွဲညတွေမှာဆိုလျှင် အဆို အက အနုပညာသုခမတွေပင် ပါလိုက်သေး၏။ ရှမ်းကျောင်းသူတွေက ရှမ်းအိုးစည်အက၊ ကိန္နရီကိန္နရာအက၊ ကချင်ကျောင်းသူတွေက မနောအက၊ မုံရွာကျောင်းသူတွေက ဇာတ်ပွဲစသဖြင့် ကိုယ့်အစုအဖွဲ့အလိုက် ဖျော်ဖြေကြသည်။ ကျွန်မတို့ မြင်းခြံသူတွေ့ထဲက ဇာတ်လိုက်ကျော် ထွေးထွေးသိန်းကတော့ ဟာသမင်းသမီးဖြစ်သည်။ အရှက်နည်းလှသူပီပီ တစ်ကိုယ်တော်ဟာသများဖြင့် ဖျော်ဖြေတင်ဆက်လေ့ရှိသည်။ ထွေးထွေးသိန်းသည် ရွှေမန်းဆောင်၏ ဟာသမယ်အဖြစ် မန္တလေးတက္ကသိုလ်တစ်ခုလုံးမှာ မသိသူမရှိအောင် ကျော်ကြားလှသူ ဖြစ်သည်။ ရွှေမန်းဆောင်၏ ချာလီချက်ပလင်ဟုပင် အမည်တွင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်း ခါး ခြေ လက် ဤလေးချက် မပျက်စေရ သုခုမ ဆိုတဲ့စကားလို ပေါ့ရှင်…ခါးသိပ်အရေးကြီးပါတယ်…ရွှေခါးတော် ထွာဆိုင်နဲ့ ဆိုတဲ့ စကားလို ခါးကလေးပါမှ အက လှပါတယ်"

ထွေးထွေးသိန်းက သူ့ခါးတုတ်တုတ်ကြီး လှည့်ပြတော့ တဝါးဝါး။

"ဟောဒါ ယိုးဒယားကျောက်ကောက်"

ထွေးသိန်းက ကျောက်ကောက်ဟန် ကပြသည်။

"ဟောဒါက ယိုးဒယားပန်းစိုက်"

ပန်းစိုက်ဟန်ကို ညက်ညက်ကလေး ကပြပြန်သည်။

"ဒါက ယိုးဒယား သမင်လိုက်"

သမင်လိုက်ဟန် က,ပြ၏။

"ဟောဒါက ယိုးဒယား နိုးထွက်"

အဆောင်ထဲက နိုးထွက်ဟန် လုပ်ပြတော့ ဝါးခနဲ ရယ်ကြသည်။

"ဟောဒါက ယိုးဒယား ထမင်းထုပ်ဆွဲ"

ထမင်းထုပ်တွေ လက်ဆွဲပြီး ဟိုကြည့် သည်ကြည့် လုပ်ပြပုံကိုက ရယ်စရာ။

ကျွန်မတို့အားလုံး နောက်ဆုံးနှစ်ကျောင်းသူတွေဆိုတော့ အဆောင်သက်ကလေးကလည်း ရင့်ကြသည့်အလျောက် ဘာမဆို လုပ်ရဲကိုင်ရဲ ပြောရဲဆိုရဲ ရှိကြပါသည်။ အကဲဆုံးနှင့် အဆိုးဆုံးတွေဆိုလို့လည်း စိတ်ဆိုးစရာမရှိ။ ဂုဏ်ထူးတန်း တက်နေကြသူ၊ ဘွဲ့လွန်တန်းတက်နေကြသူ တက္ကသိုလ်မမတွေကတော့ အကဲနှင့် အဆိုးတွေ မရှိကြတော့ဘဲ ငြူငြိမ်ကြသည်။

သည်နှစ်က တက္ကသိုလ် နောက်ဆုံးနှစ်ရောက်ပြီဆိုတော့ ဂုဏ်ထူးတန်း တက်ရောက်ခွင့် ရရေးအတွက် အပြင်းအထန် ကြိုးစားကြသူတွေလည်း ရှိသည်။ ဒါကလည်း တစ်ဂုဏ်မဟုတ်လား။ ကျွန်မကိုယ်တိုင်လည်း ဂုဏ်ထူးတန်းတက်ခွင့် ရဖို့ ကြိုးစားနေရသည်။ Qualify ဝင်မှ ကျွန်မဖြစ်ချင်သည့် တက္ကသိုလ်သရုပ်ပြ ဆရာမ ဖြစ်ခွင့်ရမည်။ $Q_1$, $Q_2$ ဆိုဦးတော့ ဂုဏ်ထူးတန်းတက်ဖို့ ပြန်ဖြေရမည်။

သည်စိတ်ကူးမျိုးက ကျောင်းသူ ကျောင်းသား အများစုမှာ ရှိကြတာဆိုတော့ နှစ်စပြီဆိုကတည်းက ကြိုးစားကြသူတွေ များသည်။ နေရာတကာ ကဲကြ၊ ဆိုးကြ၊ ဆူကြ၊ ပွက်ကြ ဆိုသော်လည်း ရည်ရွယ်ချက်တော့ အပျောက်မခံကြ။



"ငါတော့ Qualify ဝင်မှ ဖြစ်မှာပါဟာ"

"သိရိမေရယ်…နင်က တော်ပါတယ်ဟယ်…ငါတို့သာ တအားကျုံးရမှာပါ"

စိုးစိုးမော်က ကျွန်မကို အားပေးသည်။

"နင်တို့တော့ မပြောတတ်ဘူး…ခင်ခင်ဖြင့် ကျူတူးဝင်နေပေါ့"

"ဘာလဲဟဲ့ ပျားအုံရဲ့…နင့်စကားက…"

"ဟဲ့…ငါတို့သူငယ်ချင်း ခင်ခင်လေ ကိုယ်ဝန်ကြီးနဲ့လေဟာ…အဲတော့ ကျူတူးပေါ့"

ထွေးထွေးသိန်းကတော့ ဘာမှ အလေးအနက်မရှိသလိုပင်။ စာတော်သလားဆိုတော့လည်း တော်သည်မပြောသာပါ။ ညံ့သလားဆိုတော့လည်း အညံ့ထဲက မဟုတ်။ နွယ်နွယ်တင်ကဆိုလျှင် "ထွေးသိန်းက ရေစီးနဲ့မျောလိုက်နေတဲ့ ဒိုက်ပုံလိုပဲ တအိအိသွားနေတာ" ဟု ပြောဖူးသည်။ နွယ်နွယ်တင်ပြောတာကပဲ ဟုတ်တုတ်တုတ်။

ကျွန်မကတော့ သူငယ်ချင်းများနှင့်လည်း အဟပ်မကွာအောင် စိတ်လွတ်ကိုယ်လွတ် ပေါ့ပါးလွန်းတာမျိုးလည်း မဖြစ်အောင် ထိန်းရသည်။ နှစ်စပြီဆိုကတည်းက စာကို စနစ်တကျ ကြိုးစားကျက်မှတ်ဖို့ ပိုင်းဖြတ်ထားပြီးသား။

သည်နှစ်ထဲမှာတော့ ကျွန်မတို့အားလုံး ကိုယ့်စိတ်ကလေးတွေကိုယ် ချုပ်ထားကြရသည်။ နေရာတကာ ငန်းကြတာတွေ လျှော့ကြရပြီဆိုတော့ ဘယ်ကိုမှ မရောက်ဖြစ်ကြတော့။ စာသင်ခန်းထဲမှာ လက်ချာတွေကို မလွှတ်ဝံ့ကြသလို Practical ကိုလည်း မပျက်မကွက် လုပ်ကြရပါ၏။ နောက်ဆုံးနှစ်မှာ မေဂျာ ငါးဘာသာနှင့် မိုင်နာအဖြစ် သချ်ာ သို့မဟုတ် ရူပဗေဒကို စိတ်ကြိုက်တစ်ဘာသာ ယူခွင့်ရသည်။ နိုင်ငံရေးသိပ္ပံနှင့်ဆိုလျှင် ခုနစ်ဘာသာ။ မေဂျာငါးဘာသာမှာ အမှတ် ၇၅ မှတ်ကျော်ပါမှ Honours တန်းတက်ခွင့်ရမှာမဟုတ်လား။ သည်တော့ နေ့စဉ် လက်တွေ့ခန်းကရမည့်အမှတ် (၂၀) ကိုလည်း အလျော့မခံဝံ့ကြ။ ထွေးထွေးသိန်းကတော့ သည်အမှတ် ၂၀ က အလျော့တွက်လက်ခဆို၏။ တက္ကသိုလ်မှာ လေးနှစ်တာ ပညာသင်ကြားဆည်းပူးခဲ့ရသည့်ကာလအတွင်း ချစ်ခင်ပေါင်းသင်းခဲ့ရသော သူငယ်ချင်းတွေအားလုံး အမူအကျင့် စရိုက်သဘာဝ မတူကြသော်လည်း ညီအစ်ကိုမောင်နှမတွေနှင့်မခြား ခင်မင်ကြရသည်။ ကျွန်မတို့ မြင်းခြံသူလေးယောက်နှင့်တွေ့ မုံရွာအဖွဲ့၊ မတ္တရာအဖွဲ့၊ ကလေးအဖွဲ့၊ လားရှိုး သီပေါအဖွဲ့ စသဖြင့် အဖွဲ့တွေကွဲကြ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ညီအစ်မအရင်းနှင့်မခြားကြပြီ။ ရွှေမင်းဆောင် ကုမ္ဘာရီတွေကတော့ မေတ္တာအရာမှာ သူတကာအဆောင်တွေထက် ပိုလေရော့သလား။

"ဟော့…သစ္စာဆောင်က အုတ်တံတိုင်းကြီးမှာ ရေးထားတာ တွေ့လား၊ သစ္စာမှာ မိန်းကလေးတွေရှိသည်…မိန်းကလေးတွေမှာ သစ္စာမရှိဘဲကွ… တို့ရွှေမန်းဆောင်ကျတော့ ဘယ်လိုရေးကြမယ်မသိဘူး"

အဆောင်မှာ အားအားရှိတိုင်း ကျွန်မတို့တစ်တွေ အဆောင်ရိပ်က မြက်ခင်းပြင်မှာ စုထိုင်ရင်း ရောက်တတ်လေးဆယ် ပြောဖြစ်ကြတာကလည်း သံယောဇဉ်တစ်ပင်ချင်း တင်းရပါ၏။ တစ်ခါ တစ်ခါ အလေးအနက်တွေ ပြောဖြစ်ကြသလို၊ တစ်ခါတလေမှာတော့ ပေါ့ပေါ့ပါးပါး ပြောဖြစ်ကြသည်။ တချို့က ကိုယ့်အစုကလေးနှင့်ကိုယ်။ ကိုယ့်အကြောင်းအရာနှင့်ကိုယ်။

"တို့တွေဟာယ် သည်နှစ်ပြီးရင် သည်တက္ကသိုလ်ဆိုတဲ့ မိခင်ရင်ခွင်က ခွဲခွာကြရတော့မယ်နော်…ကျောင်းပြီးလို့ ပြန်ကြရင် နင်တို့တစ်တွေကို ငါ လွမ်းနေမှာပါဟာ…တို့မြို့ကို ကြုံရင် ဝင်ခဲ့ကြဦးဟဲ့"

မုံရွာသူ သင်းသင်းထွေးက အလွမ်းစကား ဆိုလိုက်တော့ လားရှိုးသူ နန်းခင်ဌေးက ခပ်ရိုးရိုးလေး ဝင်ဖြည့်သည်။

"အိုး…ဝင်မှာပေါ့ဟဲ့…ဒါပေမဲ့ တို့ရှမ်းပြည်နယ်ကနေ နင်တို့အညာမြို့ကို ဘယ်လိုလုပ် ကြုံနိုင်မလဲနော…လမ်းက တခြားစီလေနော"

နန်းခင်ဌေးစကားကို အားလုံးက ဝိုင်းရယ်ကြသော်လည်း ကျွန်မကတော့ မရယ်ဖြစ်ပါ။ သူ့မြို့က တခြား ကိုယ့်မြို့က တစ်နေရာ။ လာလိုမှလည်း ခရီးနီးရသည်။ မလာလိုတော့ ခရီးဝေးရမြဲ။ ကျွန်မကတော့ ရှမ်းပြည်နယ်ကို ရောက်အောင် သွားချင်သည်။ အထူးသဖြင့် ကလောကို သွားချင်ပါ၏။

"ကဲ…နင်တို့တွေကို ငါမေးပါဦးမယ်…မန္တလေးတက္ကသိုလ်ကို ကျောင်းလာတက်ကြတာလည်း လေးနှစ်ရှိပြီ…အဆောင်မှာနေကြတာလည်း နှစ်နှစ်ရှိပြီ…မန္တလေးတက္ကသိုလ်ကြီးရဲ့သမိုင်းတော့ တို့တွေ မသိကြဘူးနော်"

ဘယ်လိုကဘယ်လို စိတ်ကူးပေါက်လို့ရယ်မသိ။ ကလေးမြို့သူ ခင်မမက ကောက်ခနဲ ထမေးလိုက်ခြင်းဖြစ်သည်။ အားလုံး ကြောင်သွားကာ ငြိမ်ကျသွားကြသည်။ အားလုံးက သိကြသလိုလို မသိကြသလိုလို။ မေးခွန်းက မေးသင့်သည့် မေးခွန်းမဟုတ်လား။ ခင်မမက ထပ်ဆင့်မေးခွန်းထုတ်ပြန်လေ၏။



"တစ်ယောက်ယောက်က ငါတို့ကို မန္တလေးတက္ကသိုလ်ဆင်းတွေရယ်လို့ မေးလာရင်တောင် ဘယ်လိုပြောကြမလဲ ကိုင်း…"

"ဘယ်သူက လေကုန်ခံပြီး မေးနေမှာလဲဟာ နင်ကလည်း…ပူစရာမရှိ ပူနေတယ်"

"ဟဲ့… ဘယ်သူကမေးမေး မမေးမေးလေ…တို့တင်စားပြီးပြောကြတဲ့ စကားရှိတယ်မဟုတ်လား…မိခင်ကျောင်းတော်ကြီးတို့၊ မိခင်တက္ကသိုလ်တို့…စဉ်းစားကြည့်တော့ ပညာတွေကို နို့ရည်လို တိုက်ကျွေးတဲ့မိခင်ဆိုတာ ငါတော့ လက်ခံတယ်…နင်တို့ကော ဒါကိုငြင်းမလား"

"ဒါတော့ မငြင်းနိုင်ဖူးပေါ့ဟယ်"

"ဒါဆို ကိုယ့်အမေအကြောင်း ကိုယ်မသိတာ ကောင်းပါ့မလားဟဲ့"

ခင်မမက ချက်ခနဲ တွယ်လိုက်တော့ အားလုံး မလှုပ်ကြတော့။ ခင်မမက သူ့မေးခွန်း ထိသွားပြီဆိုသည့်မျက်နှာဖြင့် အားလုံးကို လိုက်ကြည့်သည်၊ မျက်နှာက မထီတရီ။

"ဒါကြောင့် နင်တို့သိဖို့ လိုတယ်လို့ပြောတာ"

"ကိုင်းပါ ပန်းပေးပါတယ် ဆရာမရယ်…ရှင်းပြပါဦး"

"ငါ မသိလို့မေးနေတာဟဲ့…ခက်ပါ့ဟာ"

ထိုအခါ တစ်ယောက်က ဝင်ဖောက်ပြန်သည်။

"နေဦးဟ…ပန်းပေးတယ်ဆိုတာ ဘယ်ကလာတဲ့စကားလဲ…အဲဒါလည်း သိဖို့ကောင်းတယ်နော်"

"နေကြပါဦးဟာ…ပခုက္ကူမှ မရေးတတ်ရတဲ့ကြားထဲ အလွှကပ္ပက ခဏနေပါဦး"

စကားတွေက လိုရင်းမရောက်တော့။ ကျွန်မကတော့ တက္ကသိုလ်နောက်ဆုံးနှစ်ရောက်မှ တက္ကသိုလ်သမိုင်းကို ကောက်ကြောင်းလိုက်နေကြသော သူငယ်ချင်းတွေကိုကြည့်ကာ ပြုံးမိပါသည်။ ခဏနေတော့မှ အားလုံးက ကျွန်မကို မန္တလေးတက္ကသိုလ်အကြောင်း သိသလောက်ပြောပြဖို့ ခါးတို့ကြလေ၏။ ကျွန်မကလည်း သိပ်များများသိတာတော့မဟုတ်။ ဖတ်ထားသည့်စာတွေထဲက မှတ်မိသလောက် ပြောပြရပါ၏။

"၁၉၂၀ ပထမကျောင်းသားသပိတ်ရဲ့ အသီးအပွင့် ကျောင်းတော်ကြီးပေါ့ဟယ်…၁၉၂၂ ခုမှာ အမျိုးသားကျောင်းတွေကို အင်္ဂလိပ်အစိုးရက

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုပေးလိုက်ရတယ်။ ၁၉၂၀ မှာ အဲသည်တုန်းက ပညာရေးဝန်ကြီး အမ်အေဦးမောင်ကြီးဆီသွားပြီး မန္တလေးဥပစာကောလိပ် ဖွင့်ပေးဖို့ တောင်းဆိုတယ်။ ရသေ့ကြီး ဦးခန္တီနဲ့ ကျောက်စာဝန် တော်စိန်ခိုတို့ ကလည်း အင်္ဂလိပ်အစိုးရက ဖွင့်မပေးရင် သူတို့ဖွင့်မယ်လို့ စကားထည့် ကြသတဲ့။ ဂျီစီဘီအေအသင်းကြီးကလည်း ရွှေဘုန်းရှိန်ရပ်မှာ လူထု တရားပွဲချပြီး ဥပစာကောလိပ်ဖွင့်ဖို့ တောင်းဆိုတယ်။ သည်တော့မှ စိုက်ပျိုးရေးကောလိပ်နဲ့ သုတေသနဗိမာန်ဆိုပြီး ၁၉၂၄ ခု၊ ဒီဇင်ဘာ ၂၄ ရက်မှာ ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက ဖွင့်ပေးတယ်။ ၁၉၂၅ ဇူလိုင် ၄ ရက်နေ့မှာတော့ မန္တလေး ဥပစာကောလိပ်ရယ်လို့ ဖြစ်လာ တယ်"

"အဲသည်က စဖြစ်လာတာပေါ့ ဟုတ်လား သီရိမေ"

"နေဦး…၁၉၂၆ ခုနှစ်ကျတော့ ရွှေတောင်ကြားပါတီဆိုတာ အဲသည်တုန်း က ရှိတယ်။ အဲသည်ပါတီက မန္တလေးဥပစာကောလိပ်ကို ပိတ်ရမယ်၊ ငွေကုန်တာ များတယ်၊ ဘာညာဖြစ်လာတော့ အစိုးရက ပိတ်ဖို့ဖြစ်လာ တာပေါ့။ ၁၉၃၆ ဒုတိယ ကျောင်းသားသပိတ်ကျတော့ မြို့မိ မြို့ဖတွေက မပိတ်ဖို့ ဝိုင်းကန့်ကွက်ကြပြန်လို့ မပိတ်ဖြစ်ဘဲ၊ ၁၉၄၂ ခုနှစ်ကျတော့ ဒုတိယကမ္ဘာစစ်ကြောင့် ပိတ်ရပြန်ရော။ ၁၉၄၇ ခုနှစ်ရောက်တော့ ဗိုလ်ချုပ် အောင်ဆန်းတို့၊ ဆရာကြီး ဦးရာဇတ်တို့၊ ဦးကိုလေးတို့ ဦးဆောင်ပြီး တက္ကသိုလ်ထူထောင်ရေးအဖွဲ့ဖွဲ့ပြီး ပြန်ဖွင့်ခွင့်ရခဲ့တယ်။ ၁၉၄၇ ခုနှစ် ကစပြီး အဆင့်ဆင့် တိုးတက်လာတဲ့ မိခင်ကျောင်းတော်ကြီးပေါ့ဟယ်"

"အဲသည်တုန်းက ကျောင်းလခ၊ အဆောင်လခ ရှိလား"

"ရှိတာပေါ့…ကျောင်းလခ ကိုးကျပ်၊ အဆောင်စရိတ် နှစ်ဆယ့်ငါးကျပ်"

"သီရိမေ…နင် တော်လှချည့်လား…ဘယ်ကဘယ်လို သိတာလဲဟဲ့"

ခန္တီးသူ မစောကြူက ကျွန်မကို အထင်တကြီးကြည့်ရင်းက မေးသည်။ ကျွန်မကလည်း မစောကြူ ရိုးမှန်းသိတော့ မျက်နှာကို ခပ်တည်တည်ပင်ထားရင်း အလေးအနက်ပုံဖမ်းကာ ပြောလိုက်သည်။

"သည်လိုပါပဲ မစောကြူရယ်…ဟိုတစ်စ သည်တစ်စ ခြေရာကောက်ရ တာပေါ့…သမိုင်းဆိုတာ ခြေရာခံကောင်းလေ နဲ့စပ်လေ တူးဖော်ရရှိလေ ပဲ။ တစ်ရက်က ပါချုပ်ကြီးကိုလည်း သွားမေးရတယ်၊ သမိုင်းဌာနလည်း



သွားရတာပေါ့။ နောက် တက္ကသိုလ်ထဲက အဆောက်အအုံတစ်ခုရှိတယ်။ အဲဒီအဆောက်အအုံရဲ့ အောက်ထပ်မှာ လူမသိတဲ့ မြေတိုက်ခန်းရှိတယ်။ အဲဒီမြေတိုက်ထဲ တော်တော်လေး ဆင်းသွားရင် ကျောက်စာယောင်းကြီး တစ်ချပ် တွေ့လိမ့်မယ်။ ကျွန်မ Practical ပြီးပြီဆိုရင် လူရိပ်လူယောင် ကြည့်ပြီး အောက်ထပ်ကို ဖယောင်းတိုင်ကလေးထွန်းပြီး ဆင်းသွားတာ ပဲ။ ကျောက်စာက တော်တော်ကို ဟောင်းနေပြီဆိုတော့ မနည်းဖတ်ရ တယ်"

"တို့တက္ကသိုလ် ပင်မအဆောက်အအုံကြီးရဲ့ အောက်ဆုံးထပ်လို့နေမှာ ပေါ့နော်"

ခင်မမက ဝင်ပြောတော့ ကျွန်မမျက်စိထဲမှာ ကြောင်လိမ်လှေကားပေါ်မှ ငုံ့ကြည့်တိုင်း မြင်ရသည့်မြင်ကွင်းကို သတိရမိ၏။

အောက်ဆုံးထပ်က စာသင်ခန်းများမဟုတ်သည့်အတွက် ဘယ်ကျောင်း သား ကျောင်းသူမှလည်း သွားလေ့မရှိပါ။ မိန်းလှေကားများမှ တက်လိုက်လျှင် ပထမထပ်ကို တန်းရောက်သွားတတ်သည်။ အောက်ဆုံးမြေညီထပ်က ချိုင့်ဝှမ်းထဲ မှာလို ဖြစ်နေတော့ မြေတိုက်ခန်းလို ဖြစ်နေတော့သည်။ ကျွန်မတို့ Practical လုပ်ဖို့ အပေါ်ထပ်တက်တိုင်း ကြောင်လိမ်လှေကားမှ ငုံ့ကြည့်လိုက်လျှင် စက္ကူ အမှိုက်ပုံများကိုသာ မြင်ရတတ်ပါသည်။

တကယ်တော့ ကျွန်မစိတ်ကူးများဖြင့် ယုတ္တိရှိအောင် ပြောလိုက်ခြင်း ဖြစ်သည်။ မစောကြူပင်မကပါ အားလုံးက ကျွန်မကို အလန့်တကြား ကြည့်နေ ကြသည်။ စိုးစိုးမော်ကတော့ ချက်ချင်းလက်မခံ။

"ဟဲ့ သီရိမေ…နင့် Practical က ဘယ် Practical တုံးဟ…နင် ငါတို့နဲ့အတူတူရှိနေတာကို…နင် ဘယ်မြေတိုက်ထဲမှဆင်းတာ မတွေ့ ပေါင်"

ထိုအခါ ကျွန်မက တက္ကသိုလ်ထဲမှာ အဆောက်အအုံများစွာရှိကြောင်း၊ Practical ဆိုတာ စကားအဖြစ်သာ ပြောလိုက်ခြင်းဖြစ်ကြောင်း၊ သည်ကိစ္စ လေ့လာ နေတာ ကြာပြီဖြစ်ကြောင်း ပြန်ချေပလိုက်တော့ စိုးစိုးမော်လည်း ငြိမ်သွားလေ၏။ ကျွန်မက တည်နေတော့ သူတို့လည်း ပြောသာကြပုံမရ။

"နင့်ဟာယ်…ကျောက်စာဆင်းဖတ်တာ အကြောင်းမဟုတ်ပါဘူးဟာ… မြေကိုက်နေပါဦးမယ်…ငါ့နှယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ်တင်က ပူပန်သည်။ မစောကြူကတော့ ပိုလို့ပင် စိတ်ဝင်စားသွားပုံရသည်။

"ကိုင်းပါ သီရိမေ ပြောပါစေဦး…နေပါဦး ကျောက်စာက မြန်မာလို ရေးထားတာလား…အင်္ဂလိပ်ကို ရေးထားတာလား"

"အင်္ဂလိပ်လို ရေးထားတာပေါ့ မစောကြူရဲ့"

"အေး ဟုတ်သားပဲ…အင်္ဂလိပ်ခေတ်ကကိုး နော…"

ကျွန်မမှာ ရယ်ချင်စိတ်ကို မနည်းမျိုချနေရသည်။ ထွေးထွေးသိန်းက မဟုတ်မှန်းသိသဖြင့် ခန့်ီးသူ မစောကြူကို ငေါ့သည်။

"သည်တစ်ခါ မစောကြူကို ခေါ်သွားစမ်းဟာ…ကျောက်စာဖတ်ရအောင်"

"အမယ်လေး…ရှိကြီးခိုးပါရဲ့ မလိုက်ဝံ့ပေါင်ဟယ်"

မစောကြူကို အားလုံးက ဝိုင်းရယ်မှ မစောကြူလည်း အမေးရပ်တော့သည်။ ရိုးသားဖြူစင်ကြသူတွေဆိုတော့ ပြောသမျှ ယုံချင်ယုံတတ်ပြန်ပါ၏။ တစ်ခါတလေ အမှန်ပြောနေပေမယ့် နောက်ပြောင်သည်ထင်ကြတာလည်း ရှိ၏။ ဝမ်းသာစရာရှိတာကို ငိုချင်ငိုနေတတ်ကြသလို၊ အသေးအမွှကလေးကို အကြီးကြီးထင်ကာ ကျူကျူပါအောင် ငိုကြတာလည်း ရှိပြန်ပါ၏။ အဆောင်ဆိုတာကပင် ခံစားမှုအမျိုးမျိုးဖြင့် ဖွဲ့ထားသော လူ့အသိုင်းအဝိုင်းကလေးမဟုတ်လား။

အားလုံးက ဝိုင်းရယ်ကြတာကို မျက်လုံးပြူးကလေးဖြင့် ကြည့်နေရှာသော မစောကြူကို သည်တော့မှ ကျွန်မက တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွေမှာ ဖတ်ပြီး ကူးထားသည့်အကြောင်း ရှင်းပြလိုက်ရသည်။ မစောကြူက ကျွန်မကို စာအုပ်ဖြင့် လှမ်းရိုက်လေသည်။

(၃၅)

ကျွန်မတို့ရွှေမန်းဆောင်၏အရှေ့ဘက် တက္ကသိုလ်စာတိုက်လမ်းကလေးကို ချစ်သူ့လမ်းကြားလို့ ကင်ပွန်းတပ်ကြသည်။ သည်လမ်းကလေး၏ တစ်ဘက်တစ်ချက် ဆားဝဲယာမှာ တမာပင်တန်းအုပ်အုပ်ကလေး တန်းလျက်ရှိသည်။ တမာပင်တွေက ပင်အိုကြီးတွေမဟုတ်။ အပွင့်ဖွေးဖွေး ရနံ့ဖြူးဖြူး ခပ်အုပ်အုပ်ကလေးတွေဖြစ်သည်။ ညနေတိုင်လျှင် သည်လမ်းကလေးပေါ်မှာ ဖြစ်စ၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော ချစ်သူစုံတွဲတွေ တောင်မှမြောက်၊ မြောက်မှတောင် အခေါက်ခေါက် လူးလာလျှောက်ကြမြဲ။ သည်ချစ်သူစုံတွဲတွေထဲမှာ ချစ်လက်စစုံတွဲတစ်တွဲဖြစ်သော နွယ်နွယ်တင်နှင့် ကိုကိုနိုင်တို့အတွဲလည်း ပါပါသည်။

နောက်ဆုံးနှစ်ရောက်ကြပြီဆိုတော့ တစ်မြို့တစ်ရွာ တစ်မြေစီဆေးဆေး ခွဲခွာကြရတော့မည့် ချစ်သူတွေအရေးကလည်း ကျောင်းစာနှင့်အတူ ဖိစီးနေကြပုံရပါ၏။ တစ်ခါတလေ အချိန်တွေ ဘယ်လောက်ကုန်လို့ ကုန်မှန်းမသိအောင် လျှောက်နေကြတာကို ကြည့်ရင်း အဆောင်သူတွေက ရည်းစားတော့ ထားချင်ပါရဲ့၊ လမ်းမလျှောက်နိုင်တာနဲ့ မထားဝံ့ဘူး ဆိုကြရသည်အထိပင်။ နွယ်နွယ်တင်နှင့် ကိုကိုနိုင်တို့လည်း မထူးပါ။ သည်လမ်းကလေးပေါ်မှာ အခေါက်ပေါင်းမရေနိုင်။ စကားတွေမကုန်နိုင်။

"နွယ်နွယ်တင်ရယ်…နင်တို့လမ်းလျှောက်တာ တစ်မိုင်ကို ၅၂၈၀ ပေနဲ့ ထားတွက်ကြည့်တာ မိုင်နှစ်ဆယ်လောက်ရှိတယ်…နင်မို့ ခြေထောက်မနာတယ်ဟယ်…လှမ်းနိုင်ဘုတော်ကြီးရေလို့များ မောင်တော်ကို မညှာခဲ့ဘူးလား…ကိုကိုနိုင်က နင့်ကိုယ်ကြီး ထမ်းရအောင်လို့…"

တစ်ရက်မှာ ထွေးထွေးသိန်းက နွယ်နွယ်တင်ကို စသည်။

"ကိုယ့်ခြေဖဝါး သွေးခြေဥတာ ငုံ့မကြည့်နိုင်ဘူးဟော…ကျောင်းပိတ်လို့ ခွဲရမှာတွေးပြီး နှလုံးသား သွေးခြေဥတာ ကုစားနေကြရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အလဲ့...နှလုံးသားသွေးခြေဥသတဲ့ သီရိမေရေ...နင့်မှာ ဘမ်းပရုတ်ဆိပါရင် ပေးစမ်းဟာ...သည်ကောင်မ ပွတ်ပေးရအောင်"

ထိုအခါ စဉ့်ကူးသူ မအေးဝင်းက ဝင်ထောက်သည်။

"ပရုတ်ဆီနဲ့မရဘူး ထွေးသိန်းရဲ့...သံဗလွတ်နဲ့ တိုက်ချရမှာ"

"သံဗရုပ်ရှိပြောပါဟာ...ဘယ့်နှယ် သံဗလွတ်ရယ်လို့"

"ငါတို့တော့ သံဗလွတ်ခေါ်လိုက်တာပဲ"

ကျွန်မတို့ကတော့ ရယ်ကြရုံသာ။ တစ်ခါတော့ ကျွန်မကလည်း ဝင်စမိသည်။

"တော်ပါသေးရဲ့ ပျားအုံရယ်...ရည်းစားမထားမိတော့ ရည်းဇနာ (ရည်းစားနာ) တော့ မခံရဘူး"

"သီရိမေ...နင်က ရည်းဇနာမဟုတ်ဘူး...ရည်းဇမျှော်"

ထွေးထွေးသိန်းစကားကြောင့် ဝိုင်းရယ်ကြတော့ ကျွန်မမှာ မလှုပ်သာ။ ကျွန်မကကော တကယ်ပဲ ရည်းဇမျှော် (ရည်းစားမျှော်) ဖြစ်နေလေသလား။ ငြိမ်နေလျှင် ပိုဆိုးတော့မည်။

"မျှော်ရတဲ့ရည်းစား ရှိတယ်ဆိုတာကိုက နည်းတဲ့ကုသိုလ်လားဟဲ့"

သည်လိုဆိုတော့လည်း ရယ်ကြပြန်ပါ၏။

ကိုကိုနိုင်နှင့် စကားပြောဖြစ်ခဲ့သမျှ သူ့ကိုယ်ရေးကိုယ်တာတွေကို နွယ်နွယ်တင်က ကျွန်မကို ပြန်ပြောပြမိပြင်။

"ကိုနိုင်တို့က လက်လုပ်လက်စား သာမန်တောသူ တောင်သားတွေပါ...ရွာမှာလည်း အချမ်းသာကြီးထဲက မဟုတ်ဘူးလေ...ဂုဏ်ဒြပ်အနေနဲ့ ပြောရရင် ကိုနိုင့်မှာ တက္ကသိုလ်ကရတဲ့ဘွဲ့ကလွဲလို့ ဘာမှမရှိရှာဘူး...ငါကတော့ ဒါတွေ ထည့်မတွက်ခဲ့တာ နင်သိပါတယ်...သူ့ရဲ့ရိုးသားမှုနဲ့ မေတ္တာကိုပဲ ငါလက်ခံခဲ့တာပါ...ကျောင်းပြီးရင် တို့နှစ်ယောက် လက်ထပ်ကြမယ်လို့တော့ ဆုံးဖြတ်ထားတာပေါ့ဟယ်။ ဒါပေမဲ့ တကယ်တန်းလက်တွေ့ကျတော့ တို့နှစ်ယောက် ရင်ဆိုင်ဖြတ်ကျော်ရမယ့် အခက်အခဲတွေက အများကြီး။ ကိုနိုင့်မိဘတွေက ဘာမှ ကန့်ကွက်ကြမှာ မဟုတ်ပါဘူး...ပြဿနာက ငါ့ဘက်ကဖြစ်လာမှာပဲ...ငါတို့အိမ် မိသားစုအကြောင်းလည်း နင်သိသားပဲ သီရိမေရယ်...ငါ ဘာလုပ်ရရင် ကောင်းမလဲဆိုတာ ငါကိုယ်တိုင်က မပြတ်သားဘူးဟာ..."

နွယ်နွယ်တင်ကတော့ ကျောင်းကိစ္စထက် ကျောင်းပြီးလျှင် ဘဝတစ်ခုထူထောင်ဖို့အရေးသာ ရှေ့တန်းရောက်နေပုံရသည်။ ကျွန်မတို့မြင်းခြံသူ သူငယ်ချင်း



တွေထဲမှာ သူတစ်ယောက်သာလျှင် ချွန်ပြီး ရည်းစားထားခဲ့တာမဟုတ်လား။ အချစ်ကြောင့် ပျော်ရတာရှိသလို၊ အချစ်ကြောင့် သောကဆိုတာလည်း ရှိရမှာပေါ့။ နွယ်နွယ်တင်က သူ့သောကကို ကျွန်မကို ရင်ဖွင့်တိုင်ပင်လေတိုင်း စိတ်မောရသည့်ကြားက ရယ်ချင်မိတာများလည်း ရှိပါ၏။ ကျွန်မကိုယ်တိုင် ချစ်သူရည်းစား မရှိသေးသော်လည်း သူငယ်ချင်းတွေ ရည်းစားပူမိလေတိုင်း နှလုံးသားအတိုင်ပင်ခံဆရာဝန် ဖြစ်နေရသည်။ ခင်ခင်တုန်းက တစ်ခါ။ အခု နွယ်နွယ်တင်။

"ငါ့သဘောပြောရရင်တော့ဟယ်...နင့်အမေကို စိတ်မဆင်းရဲစေချင်တာပါပဲ...နင့်အမေခမျာ လင်သားအတွက် သောကတွေ အပူတွေ ရင်ထဲပွေ့နေရရှာတာကို နင့်ကြောင့် မီးကျီးခဲထပ်တင်တာမျိုး မဖြစ်စေချင်ဘူး။ နင့်အမေကို နားလည်လက်ခံအောင် နင် ကြိုးစားရမှာပေါ့ဟာ...ဒါက ပြဿနာအပေါ်မှာ ပြောတာ...တကယ်တော့..."

"တကယ်တော့ ဘာဖြစ်သလဲ သီရိမေ...ပြောပါဟာ ငါ စိတ်မဆိုးပါဘူး"

"ကျောင်းပြီးတာနဲ့ ယူကြမယ်ဆိုတာတော့ သမားရိုးကျ ဆန်လွန်းပါတယ်ဟာ...အိမ်ထောင်ပြုရမယ့်အရွယ် ရောက်ကြတာမှန်ပေမယ့် နှစ်ဘက်ချမ်းသာတဲ့မိဘက ပညာစုံလို့ ကြင်ရာဖက်ပေးကြတာမျိုး မဟုတ်ဘူးဆိုတာ ထည့်စဉ်းစားသင့်တယ်...ကိုကိုနိုင်က နင့်မိဘတွေ ယုံကြည်လက်ခံလာအောင် ကြိုးစားရမယ်...နင်က ဒါကို စောင့်နိုင်ရမယ်...သည်ကြားထဲမှာ မိဘတွေကို ဖျောင်းဖျ နားသွင်းရမှာပေါ့"

"အမေက လုံးဝသဘောမတူဘူး ဆိုရင်ကောဟယ်..."

နွယ်နွယ်တင့်အမေးကို ကျွန်မ ချက်ချင်းမဖြေနိုင်ပါ။ အမေသဘောမတူရင်ကော၊ မေးသင့်သည့်မေးခွန်းပင်။ နွယ်နွယ်တင် သည်လိုမေးလို့ ကျွန်မသဘောထားတွေကို ပြောရဖန်လည်း များပါပြီ။ ကျွန်မဉာဏ်မီသလောက်သာ အကြံပေးရတော့သည်။

"နင့်အမေ သဘောမတူရင်တော့ တစ်နှစ်တန်သည် နှစ်နှစ်တန်သည်အထိတော့ နင့်အမေအနားမှာ နေရဦးမှာပေါ့...ကိုနိုင့်ကိုလည်း အိမ်အဝင်အထွက် ရှိပါစေပေါ့။ မိဘတွေက ဂုဏ်လိုချင်တာ မဟုတ်ပါဘူး...ကိုယ့်သားသမီးအတွက် ဘဝလုံခြုံမှု လိုချင်ကြတာပါ"

"ဘယ်လိုဘဝလုံခြုံမှုလဲ သီရိမေ"

www.burmeseclassic.com

www.burmeseclassic.com



"အထူးသဖြင့် မိန်းကလေးမိဘများက သမီးနဲ့ လက်ဆက်ပေးရမယ့် လူကို ဘွဲ့တွေ၊ ဂုဏ်တွေ၊ ဥစ္စာစည်းစိမ်တွေ၊ အသိုင်းအဝိုင်းကြီးတာတွေနဲ့ ရံထားချင်ကြတာဟာ ဒါတွေကို မက်လွန်းလို့ မဟုတ်ကြပါဘူး။ ဒါတွေ ဝန်းရံထားမှ သမီးဘဝအတွက် လုံခြုံလိမ့်မယ်လို့ ထင်ကြတာပါ။ ဒါပေမဲ့ သည်လိုဝန်းရံလို့လည်း လုံခြုံပြီရယ်လို့ အာမမခံနိုင်ပါဘူး။ မြနဲ့ရွှေ ကွပ်ထားတဲ့လက်စွပ်က စွန်ကုပ်မချီလို့ ပြုတ်ထွက်ရတာတွေ အများကြီးပဲဟာ…ကိုကိုနိုင်ဟာ ဆင်းရဲပေမယ့် ဘဝကို အာမခံချက် ပေးနိုင်တဲ့၊ လုံခြုံအောင်ထားနိုင်တဲ့လူဆိုတာ နင့်အမေ ယုံကြည်အောင် ပြနိုင်ရမယ်…သည်လိုဖြစ်ရင် လက်ခံမှာပါ…"

"နင်ပြောသလို ငါလည်း စဉ်းစားပါတယ် သီရိမေရယ်…ဒါပေမဲ့ မေမေက ကိုနိုင်နဲ့ငါ့ကို လုံးဝသဘောတူမှာမဟုတ်ဘူးဆိုတာ ငါသိတယ်။ ပြောပြ ကာမှ အခြေအနေ ပိုဆိုးမှာ စိုးရတယ်…ငါလေ နင့်ကိုတော့ ငါ့ရင်ထဲ ရှိတာ အမှန်အတိုင်းပြောချင်ပါတယ်။ ငါ မေမေ့ကို သနားလို့ မေမေ့ အနားမှာ နေချင်တာလည်း အမှန်ပါ။ ဒါပေမဲ့ ငါ့အိမ် ငါ့မိသားစုဘဝကို ငါ စိတ်ပျက်လွန်းလို့ ခွာချင်တဲ့စိတ်လည်း ရှိနေပြန်တယ်။ ဘယ်လောက် တောင်လဲဆိုရင် ဖြစ်နိုင်ရင် အိမ်ကို မပြန်ချင်တော့ဘူး သိလား သီရိမေ… ကိုနိုင်နဲ့ ပေါင်းရစေတော့စိတ်နဲ့ ပြောတာမဟုတ်ပါဘူးဟယ်…ဒါကို တော့ ယုံပါ"

နွယ်နွယ်တင်က ပြောရင်း မျက်ရည်တွေ စီးကျနေသည်။ နွယ်နွယ်တင့်ကို ကြည့်ရင်း ကျွန်မ သည့်ထက်လည်း မပြောနိုင်။ ပစ္စည်းဥစ္စာ ကြွယ်ဝသည့်မိဘတွေက ဆင်းသက်လာသူဆိုသော်လည်း နွယ်နွယ်တင်ကတော့ စာနာတတ်သော နှလုံးသား ရှိသူ သူငယ်ချင်းကောင်းတစ်ယောက်ဖြစ်သည်။ နိမ့်နိမ့်ချချနေတတ်သည်။ သူတစ်ပါး အပေါ် အမြဲတမ်းလည်း အနစ်နာခံတတ်သည်။ သူတစ်ပါးစိတ်ချမ်းသာဖို့ ပြောတတ် ဆိုတတ် လက်ရောက်တတ်သူ မိန်းကလေးတစ်ယောက်ဖြစ်သည်။ သူ့ကို စိတ်ချမ်း သာစေချင်သော်လည်း အကြံဉာဏ်လောက်သာ ကျွန်မပေးနိုင်သည်။ သည်ပြဿနာ က သည်မှာတင် မပြီးပါ။ အောင့်ကိုပါ ချပြ အကူအညီတောင်းရတော့သည်။

"မေတော့လေ နွယ်နွယ်တင့်ကို ဘယ်လိုအကြံပေးရမှန်းတောင် မသိပါဘူး အောင်ရယ်…ပြဿနာကတော့ အဲဒါပဲ…"

အောင်က ကျွန်မပြောပြသမျှ နွယ်နွယ်တင်နှင့် ကိုကိုနိုင်တို့ ခံစားချက် များကို သေချာနားထောင်ပြီး ငြိမ်သက်နေပါသည်။ အောင်က အရာရာကို အလေး



အနက်ရှိုင်းသူဆိုတော့ အကြောင်းအရာတစ်ခုအတွက် အကြံဉာဏ်တောင်းလျှင် တော် တော်နှင့် စကားမပြောတော့ဘဲ စဉ်းစားခန်း ဝင်နေတတ်ပါသည်။ နွယ်နွယ်တင် နှင့် ကိုကိုနိုင်တို့အကြောင်း ကျွန်မတို့နှစ်ယောက်ကြား မကြာခဏ ဆွေးနွေးဖြစ် ခဲ့ကြသည်။ အောင်ပြောပြသလောက်ဆိုပါလျှင် ကိုကိုနိုင်ကလည်း အောင့်ကို သူတို့အခြေအနေ ချပြဆွေးနွေးတတ်သည်ဆို၏။

* * *

တက္ကသိုလ်နောက်ဆုံးနှစ် ပထမနှစ်ဝက်။

စိန်ပန်းပွင့်တွေ တက္ကသိုလ်မြေအနှံ့ ပတ္တမြားကျောက်ကြွေတွေလို ပြန့်ကြဲ ကျနေကြ၏။ ငုဝါပန်းတွေကတော့ အဝါအဆုပ်အဆုပ်တွေ စီရရီ တွဲကျလို့။ တမာပင်တွေမှာတော့ ရွက်ကြမ်းတွေ မရှိကြတော့ပြီ။ တမာရွက်နုအစိမ်းရောင်နှင့် စိန်ပန်းရွက်ရင့် အစိမ်းရောင်တွေ မတူညီကြသဖြင့်လည်း တစ်မျိုးလှပနေသည်လား။ သည်ကကျော်လျှင် နွေဦးပေါက်ပြန်ပါတော့မည်။ စာမေးပွဲကြီးပြီးလို့ ကျောင်းကြီး ပိတ်လျှင်…။

ချစ်သူတွေကို ခွဲခွာစေမည့် ရာသီတစ်မျိုး ရောက်လာတော့မည်။ သည်တစ်ခါ ခွဲခွာခြင်းက သည်နေရာကို ပြန်ပြီး ဆုံဆည်းခွင့်မရတော့သည့် ခွဲခွာခြင်း မျိုး။ ကျွန်မမှာလည်း ရင်နှင့်အမျှ ခံစားရသော ဝေဒနာတစ်မျိုးရှိနေတာ ဝန်ခံရပါမည်။ ချစ်သူနှင့် ကွေကွင်းရသော ဒုက္ခစစ်စစ်မဟုတ်သော်လည်း ဘာရယ်မသိ ခံစားမှု တစ်မျိုး ခုနေတာတော့ အမှန်ပင်။ သည်အချိန်အထိ ကျွန်မမှာ ဆွတ်မည့်သူမရှိ။ ကျွန်မကလည်း ညွတ်လှည့်ပါရစေ မရှိ၊ ဆရာမ ကြည်အေး၏ ကဗျာကလေးကိုပင် သတိရလိုက်မိပါ၏။

*'သူ့ကိုမြင်လျှင်*
*ရင်ဒိတ်ဒိတ်တိုး၊ တစ်မျိုးမရိုး*
*စိုးထိတ်ဖွယ်လည်း၊ မရှိဘဲနှင့်*
*တင်းဆဲဝှက်ကြောက်၊ တုန်ယင်တတ်သည်…'*
*'ရင်တလှပ်လှပ် ထပ်ထပ်မောမိ*
*မြကြောလျက်တင် ပွင့်စင်ရွှန်းတင့်*
*ပန်းပွင့်ကျွန်မ ဖြစ်ပါရစေ…'*

ကျွန်မကိုယ်က 'တစ်မျိုးမရိုး'များလား။ မရိုးခြင်းတစ်မျိုးသည်ပင် အချစ် ကို ဆိုလေသလား။ ကျွန်မကိုယ်ကျွန်မ ညာနေတာလည်း ဖြစ်နိုင်ပါ၏။ သိချင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကို မသိဟန်ဆောင်ရတာ ပင်ပန်းလွန်းလှပါသည်။ အောင့်ကို ကျွန်မ ခိုးကြည့်လိုက်သည်။ သူက တစ်နေရာကို ငေးရင်း တွေးနေဆဲပင်။ ကျွန်မတို့ထံ တကန်တက ရောက်လာသူကို ကျွန်မ စိတ်ရှုပ်စေခဲ့မိပြီလား။

အောင်က သက်ပြင်းမှုဉ်းမှုဉ်းချရင်း စလှုပ်လာသည်။

"ကိုကိုနိုင်ဟာ မိန်းကလေးတစ်ယောက်အတွက် လက်တွဲဖော်အဖြစ် ရွေးချယ်သင့်သူပါ…စိတ်ဓာတ်ကောင်းတယ်၊ အတွေးအခေါ်ကောင်းတယ်၊ ဦးနှောက်နဲ့ ဦးဆောင်နိုင်တဲ့ အရည်အချင်းတွေလည်း ရှိတယ်။ မနွယ်အတွက်တော့ အဖော်ကောင်းပဲ မေရဲ့…ဒါပေမဲ့ မနွယ်တို့ဘက်က သဘောမမှုနိုင်လောက်ဘူး ဆိုတာလည်း အပြစ်မဆိုသာပြန်ဘူး…နှစ်ဖက်မှုဖို့ ခဲယဉ်းတဲ့အခြေအနေဆိုတော့ အောင့်အမြင်ပြောရရင် မနွယ် တစ်ခုခုကို စွန့်လွှတ်ရလိမ့်မယ်ထင်တယ်"

"နွယ်နွယ်တင်ကတော့ သီရသလောက် စွန့်လွှတ်ဖို့ သတ္တိမွေးထားပုံရပါရဲ့။ သူ သတ္တိအပြည့်အဝရှိတယ်။ ဒါပေမဲ့ အဲသလိုလုပ်လို့လည်း လွယ်ပါ့မလား အောင်ရယ်…လက်တွေ့ကျကျ လုပ်ကြရတော့မှာမဟုတ်လား…"

"စွန့်လွှတ်တာက လွယ်တယ်မေရဲ့…စွန့်စားရဖို့ ခက်တာပါ။ သည်နှစ်ခုက မတူဘူး…စွန့်လွှတ်ရဲကြပေမယ့် စွန့်စားရဲဦးမှ သတ္တိရှိတယ် ပြောနိုင်မှာပဲ… သူတို့နှစ်ယောက် စွန့်စားရဲဖို့တော့ လိုမယ်…"

ထိုနေ့က ကျွန်မနှင့်အောင် အပြန်ပြန်အလှန်လှန် ဆွေးနွေးခဲ့ကြသော်လည်း အဖြေရယ်လို့တော့ ထွက်မလာခဲ့ပါ။ ကိုကိုနိုင်နှင့် နွယ်နွယ်တင်အတွက် ကျွန်မတို့သူငယ်ချင်းတွေကပါ ရောယောင်ကာ စိတ်လက်မရှုင် ဖြစ်ကြရသည်။ နွယ်နွယ်တင့်နေရာမှာ ကျွန်မဆိုရင်ကော…။

ကျွန်မကိုယ်တိုင် ချစ်သူရည်းစား မရှိသေးလို့လားတော့ မသိပါ။ နွယ်နွယ်တင်လို စွန့်လွှတ်မှုမျိုး လုပ်ဝံ့မည်မထင်။ ပိုဆိုးတာက စွန့်စားဖို့ပင်။ တစ်ရက်မှာ ကျွန်မ မျှော်လင့်မထားသည့်မေးခွန်းနှင့် ကြုံခဲ့ရသည်။ ကျွန်မနှင့် တစ်ခန်းတည်းအတူနေ စိုးစိုးမော်က မေးလာခြင်းဖြစ်ပါ၏။

"သီရိမေ…နင့်ကို ငါ တစ်ခုမေးချင်လို့…နင် စိတ်မဆိုးနဲ့နော်"

"အံ့မှိုင်းရီရယ် နင်က စကားတွေ ဘာတွေခံလို့ပါလား…မေးချင်တာ မေးစမ်းပါဟာ…စိတ်မဆိုးပါဘူး"

"နင်နဲ့အောင်က ဘယ်လိုလဲ"

"အို့ဟယ်…"



အံ့ဩသွားခြင်းမဟုတ်သော်လည်း ထင်မထားသည့်မေးခွန်းဆိုတော့ ကျွန်မ ကြောင်အမ်းအမ်းတော့ ဖြစ်သွားမည်ထင်ပါ၏။ ခါတိုင်း အောင်နှင့်ကျွန်မကို အပျော်အပျက် စ,နေကျဆိုသော်လည်း သည်တစ်ခါ စိုးစိုးမော်အမေးက လေးနက်နေသည်။ စိုးစိုးမော်လို အေးတိအေးစက် ဘာသိဘာသာနေတတ်သူက အလေးအနက်မေးလာတာဆိုတော့ ကျွန်မဘက်က ပေါ့ပေါ့တန်တန် သဘောထားလို့ မရပါ။

"ငါနဲ့အောင်က သူငယ်ချင်းသက်သက်ပါဟာ…ဒါကို နင်သိသားနဲ့ စိုးမော်ရယ်…နင် ဘာလို့ သည်မေးခွန်းမေးရတာလဲ"

စိုးစိုးမော်က ကျွန်မကို ခပ်ငေးငေးကလေးကြည့်ကာ အကဲခတ်နေသည်။ ကျွန်မမျက်နှာပေါ်မှာ ဘာလျှို့ဝှက်ထားစရာမှ မရှိတာကို ကျွန်မကိုယ်တိုင် သိနေမှတော့ အကဲခတ်လို့ ရနိုင်စရာမရှိ။ ကျွန်မကို ခံစားမှုမဲ့တာလား၊ ဟန်ဆောင်နေတာလား ရှာဖွေနေသလို အတော်ကြာအောင် ကြည့်နေသေးသည်။

"နင့်ကိုတော့ ငါပြောရမယ့်သူမို့ ပြောရမှာပဲ သီရိမေ…အားလုံးက နင်တို့နှစ်ယောက်ကို ချစ်သူတွေလို့ ထင်နေကြတယ်။ ငါ့ကိုလည်း မေးသူတွေက မေးကြတယ်။ ငါကတော့ မဟုတ်တဲ့အကြောင်း ရှင်းပြတာပဲ…ဒါပေမဲ့ မယုံကြဘူး။ သူတို့ကတောင် ငါ့ကို ဟားကြသေးတယ်"

"ဘယ်သူတွေလဲ…ပြောစမ်း စိုးစိုးမော်…ငါကိုယ်တိုင် ရှင်းပြမယ်"

ကျွန်မက အသံမြှင့်ကာ ပြောလိုက်သည်။

"ကိုယ်မှမဟုတ်ရင်တော့ ရှင်းမနေပါနဲ့တော့ သီရိမေရယ်…ငါပြောချင်တာက ကျောင်းတွေလည်း ပြီးကြတော့မယ်…နင်တို့နှစ်ယောက် ပွင့်ပွင့်လင်းလင်း ရှိကြဖို့ကောင်းပြီလေ…အောင်က နင့်ကို ဘာမှ မပြောဘူးလား"

"ဘာကို ပွင့်ပွင့်လင်းလင်းရှိရမှာလဲစိုးမော်,..ငါကပဲ အောင်ရယ် ငါ့ကို ရည်းစားစကား မပြောသေးဘူးလားလို့ မေးရမှာလား…ဒါမှမဟုတ် ငါက ရေလာ မြောင်းပေး လုပ်ရမှာလား…ဒါမှမဟုတ် အောင့်ရင်ခွင်ထဲ ငါမှီရတော့မှာလား…"

"အဲသလိုပြောတာမဟုတ်ပါဘူးဟယ်…နင့်ကို ငါ စကားခံထားပါတယ်နော်…ငါတို့က ဖြစ်စေချင်လို့ပါ…နင်တို့ တစ်ယောက်ကိုတစ်ယောက် ပြောမထွက်ရဲ ဖြစ်နေကြရင်က ဆေးကြမှာစိုးလို့ပါ"

ကျွန်မစိတ်ကို လျှော့လိုက်ရသည်။ စိုးစိုးမော်မှာ တခြားရည်ရွယ်ချက် မရှိတာ ကျွန်မသိပါ၏။ သို့သော် လူတွေကလို့ စကားခံထားတာကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်ရသည်။ ဘယ်သူတွေလဲ၊ ဘယ်က တခြားလူတွေလဲ။ သူငယ်ချင်းတွေဟာ သူငယ်ချင်းသံယောဇဉ်နဲ့ တစ်ဘဝလုံး မနေကောင်းတော့ဘူးတဲ့လား။ ပွင့်ပွင့်လင်းလင်းပြောရလျှင် အောင်က ကျွန်မကို ချစ်ခွင့်တောင်းခံလိမ့်မည်ဟု တွက်မထားခဲ့ပါ။ သည့်အတွက် ကျွန်မကိုယ်တိုင်ကလည်း မချင့်မရဲမရှိ။ တစ်ခုတော့ ရှိပါ၏။ အောင်က ချစ်ခွင့်တောင်းခံခဲ့လျှင်တော့…။

ကျွန်မ ခေါင်းညိတ်ကောင်း ညိတ်မည်သာဖြစ်သည်။ သည်လို အကျဉ်းအကျပ်ရှိလာလျှင် ကျွန်မမှာလည်း စဉ်းစားစရာတွေရှိသည်။ ကျွန်မစိတ်ခံစားမှုတွေ၊ ကျွန်မဘဝ ရည်မှန်းချက်တွေ၊ ကျွန်မအနာဂတ်တွေ၊ ကျွန်မနှင့်တကွ ကျွန်မမိဘမောင်နှမများ၏ ဘဝတွေ…။ အရာအားလုံးအပေါ်မှာ ကျွန်မစဉ်းစားရပါဦးမည်။

အချစ်သည် ချစ်မြတ်နိုးဖွယ်ကောင်းခြင်းတစ်ခုတည်းနှင့် ဆုံးဖြတ်ကောင်းသည်ဟု ကျွန်မ မထင်ပါ။ အချစ်သည် စိတ်ကူးယဉ်လို့ကောင်းရုံ တွေဝေရခြင်းတစ်မျိုးလည်း မဟုတ်ပါ။ အောင်က ချစ်သည်ဆိုလျှင်လည်း ကျွန်မမှာ ပွင့်ပွင့်လင်းလင်း ပြောစရာတွေရှိသလို အောင်ကလည်း သည်လိုပဲရှိနေလိမ့်မည်လို့တော့ ထင်ပါ၏။ စိုးစိုးမော်ကိုတော့ ကျွန်မ ညင်ညင်သာသာပဲ ပြောလိုက်သည်။

"အောင်ကလည်း ငါ့ကို ဒါနဲ့ပတ်သက်လို့ ဘာမှမပြောဘူး…ငါ မအံ့သြပါဘူး…သူပြောချင်မှလည်း ပြောမှာပေါ့။ သူ့ချစ်သူဟာ ငါဟုတ်ချင်မှလည်း ဟုတ်မှာပေါ့။ ငါ့မှာ လုပ်စရာတွေ အများကြီးရှိတယ်။ ပြောရရင် ငါ ချစ်သူရည်းစားထားဖို့ အိမ်ထောင်ပြုဖို့ အဝေးကြီးမှာပါ။ ငါရည်းစားထားရင် အဲသည်ရည်းစားဟာ ငါ ရွေးချယ်ထားတဲ့ ငါ့ရဲ့ ဘဝဖော်ဘဝဖက်ပဲ ဖြစ်ရမယ်။ ငါ့ရင်ထဲမှာ ဒါပဲရှိတယ်"

ကျွန်မအသံတွေ တုန်နေလေသလား။ အဓိပ္ပာယ်ကော ရှိရဲ့လား။ ကျွန်မပြောနေတာတွေက သာမန်မိန်းကလေးတစ်ယောက်၏ စိတ်ခံစားမှုမျိုးကော ဟုတ်ရဲ့လား။ ကျွန်မ ရိုးသားစွာပြောနေတာကိုတော့ စိုးစိုးမော် ယုံကြည်ပုံရပါ၏။

"ကဲ…ဒါဆို ငါမေးပါဦးမယ်…အောင့်ကို နင်မချစ်ဘူးလား"

စိုးစိုးမော်က လိုရင်းကိုပင် ပွင့်ပွင့်လင်းလင်း မေးလိုက်တော့ ကျွန်မတစ်ကိုယ်လုံး နွေးခနဲဖြစ်သွားရပါ၏။ သည်မေးခွန်းကို စိုးစိုးမော် မေးခွင့်ရှိသည်။ ကျွန်မကလည်း ရိုးရိုးသာ ဖြေရမည်။ အောင့်ကို ကျွန်မချစ်သလား၊ မချစ်ဘူးလား။ ကျွန်မဘယ်လိုဖြေရမလဲ။ ကျွန်မ တွေဝေသွားမိသည်။ စိုးစိုးမော်ကပဲ ဆက်ပြောသည်။



"အောင်ကတော့ နင့်ကို ချစ်နေတယ်လို့ ငါတို့အားလုံး ထင်နေကြတယ်၊ အဲဒါကတော့ သေချာတယ်ဟာ…ကျောင်းမပိတ်ခင် သူ ဖွင့်ပြောလိမ့်မယ် ကြည့်နေ"

စိုးစိုးမော်က ဘာမှဆက်မပြောတော့။ ကျွန်မကလည်း စိုးစိုးမော်ကို ဘာမှမပြောဖြစ်ပါ။ ထိုညက အတွေးများဖြင့် တစ်ညလုံး ကျွန်မ အိပ်မပျော်နိုင်ဘဲရှိနေခဲ့ပါ၏။ စိုးစိုးမော် မေးသည့်မေးခွန်းကို ကျွန်မ မဖြေနိုင်ခဲ့တာကတော့ ကျွန်မသူရဲဘောကြောင်သလို ခံစားရသည်။ Yes or No အဖြေရှိရမည်။ ကျွန်မကိုယ်ကျွန်မကော ဖြေရဲရဲ့လား။ ကျွန်မ တံတွေးကိုသာ မျိုချနေမိသည်။

အကယ်၍…။ ကျွန်မနှင့်အောင် ချစ်သူတွေ ဖြစ်နေကြပြီဆိုပါတော့… သည်အချိန်မှာ ကျွန်မရော အောင်ပါ မိုင်နှစ်ဆယ် လမ်းလျှောက်လောက်ပြီ။ ညကြီးမင်းကြီး ထပြီးထိုင်နေဖြစ်ရတော့မည်။ ကျွန်မနှင့် နှယ်နှယ်တင့်ဘဝကဆန့်ကျင်ဘက်ဖြစ်ပါ၏။ ကျွန်မမှာ မိသားစုတွင် ပြဿနာရယ်လို့ မရှိသော်လည်း နောက်ထပ်ဘဝတစ်ခုကို ပေါင်းစပ်ရန်မဆိုထားနှင့် မိသားစုဘဝ ရပ်တည်ရေးကိုပင် အဆော်ကျွားကန်နေရတာမဟုတ်လား။ မိအိုဖအိုနှစ်ပါးနှင့် မောင်လေးနှင့်ညီမလေးတို့တာဝန်က ကျွန်မခေါင်းပေါ်မှာ ရှက်နိုင်ဖို့ လည်ပင်းခိုင်ခိုင် တောင့်ရဦးမည်။ ကျွန်မမိသားစုဘဝထဲက ဆန့်ကျင်ရန်းထွက်နိုင်သည့် ခွန်အားလည်း မရှိ။ နှလုံးသားလည်းမရှိ။

အောင်နှင့်ပတ်သက်လို့ သူက ချစ်ခွင့်တောင်းလာရင်တောင်

"ခေါင်းလည်း မခါရက်၊ ခေါင်းလည်း မညိတ်ဝံ့တဲ့ဘဝမျိုးပါ သူငယ်ချင်းတို့ရယ်…ငါ့မှာ နှလုံးသားတော့ ရှိပါတယ်။ ကိုယ့်ကိုယ်ကို ညာနေခြင်းဟာ စိတ်ကိုညှဉ်းပန်းခြင်းတစ်မျိုးပါ။ အခုလို လိပ်ပြာသန့်သန့် ခင်မင်ရတာကို မပျက်ပြယ်သွားချင်တာတော့ ရှိတယ်။ ငါ လွမ်းတယ်ဆိုရင် အောင့်ကိုပဲ လွမ်းချင်တယ်။ ယောကျ်ားလေးတစ်ယောက်ကို မိန်းကလေးတစ်ယောက်က လွမ်းနေတယ်ဆိုတာ အချစ်ပေါ့လို့ဆိုရင်လည်း နင်တို့အကောက်အယူအတိုင်း ရှိပါစေတော့…"

ကျွန်မ သည်လိုပဲ ဖြေမည်ဟု စကားလုံးတွေ ရွေးထားလိုက်မိပါသည်။ နောက်ထပ်မေးခွန်းရှိလာလျှင် သည်လိုပဲဖြေမည်။

အောင်ကကော…

အောင့်ကို ကျွန်မ နားမလည်ပါ။ သူ့စကားတွေထဲမှာ မိန်းကလေးအကြောင်း ဘယ်တုံးကမှ မပါခဲ့။ နောက်တီးနောက်တောက် ပြောတာမျိုးပင်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက အောင့်ကို ကြေးမုံယဉ်နှင့် ကျွန်မကိုယ်တိုင် အထင်လွဲခဲ့ဖူးပါသည်။ နောက်တော့လည်း ဘာမှမဟုတ်။ သို့သော် အောင်က အသိရခက်သည်။ လျှို့ဝှက်လွန်းသည်။ သူနှင့်ကျွန်မ၏ ဆက်ဆံရေးက ကျောင်းနေဖော်၊ စာဖတ်ဖက်၊ စာပေဆွေးနွေးဖော်၊ မသိတာရှိလျှင် မေးခွင့်ရဖော်လောက်သာဖြစ်သည်။

တစ်ခါက ကျွန်မတို့သူငယ်ချင်းတွေ စုမိကြတုန်း ထွေးထွေးသိန်းက အောင့်ကို စ,ဖူးသည်။

"အောင်က မင်းသားလို ရုပ်ချောသန့်ပြန့်တော့ မိန်းမချောတွေ ဝိုင်းနေမှာပဲ...အောင့်ရည်းစားတွေအကြောင်း ပြောပြစမ်းပါ"

အောင်က ရယ်သည်။ မိန်းကလေးတွေက ရုပ်ရည်ချောမောသည့် ယောကျ်ားလေးတွေကိုပဲ ချစ်တတ် လွမ်းတတ်တာမဟုတ်ကြောင်း ရှင်ငြိမ်းမယ်၏ အိုင်ချင်းတစ်ပိုဒ်ကို ရွတ်ပြရင်း ပြန်ချေဖူးတာကို ကျွန်မမှတ်မိနေပါ၏။

"'*ကြော့ရှင်းငယ်မှ နုနယ်၊ မှတ်ဆိတ်ကယ် ဖျိုင်းတောင်၊ သလင်းရောင်နှင့် မောင်းတော်ခြောက်စောင်း၊ နောခေါင်ရောင်းမှာ၊ ဆျောင်ခေါင်းထိုးနှင့် ဆေးအိုးသယ် ကို၊ မယ်နှယ်လွမ်းသည်။ ဝမ်းမှာမဆံ့၊ အိမ်ခေါင်မိုးမှ အိမ်မြှောင်မြီးငယ်ကို၊ စားလို့ မိသည်နှယ်ပဲ၊ တနုန့်နုန့်လေး...*' တဲ့"

"ရှင်းပြဦးလေဟာ..."

"မောင်းထောင်ရှာ မြောက်ဘက် ခေါင်ရောင်းရှာက မုတ်ဆိတ်ဖြူဖြူ ကျောက်သလင်းရောင်နဲ့လူကိုလွမ်းတာတဲ့...ဆျောင်ပွပွမှာ ခေါင်းတောင်ထိုးပြီး ဆေးတံကြီးသောက်တဲ့ လူအိုကြီးကို လွမ်းတာများ ဝမ်းနဲ့မဆံ့အောင် လွမ်းလွန်းလို့ တဆတ်ဆတ် တနုန့်နုန့်ဖြစ်နေရသတဲ့... ဒါကိုကြည့်ရင် မိန်းကလေးတွေဟာ ချောတိုင်း ကြိုက်တယ်လို့ မပြောနိုင်ပါဘူး"

အောင်က မိန်းကလေးများ၏ စိတ်သဘောတွေကို သည်လိုပဲပြောပြတတ်သည်။ မိန်းကလေးစိတ်ကို သိလွန်းလို့ပဲ လျှို့ဝှက်နေတာများလား။

ထိုညက မိုးလင်းခါနီးမှ ကျွန်မ အိပ်ပျော်သွားခဲ့သည်။

■

(၃၆)

ကျွန်မတို့အားလုံး ကျောင်းစာတွေထဲမှာပဲ စိတ်ကို နှစ်ထားကြရပြီ။ ဘယ်သူမှ မလှုပ်။ သည်ကြားထဲ ကိုကိုနိုင်နှင့် နွယ်နွယ်တင်ကို စိတ်ရောက်ကြတိုင်း စိတ်မကောင်းဖြစ်ကြရ၏။ တစ်ရက် သူငယ်ချင်းတွေ ဆုံကြတော့ ကိုတိုးကြီးကပဲ ကျွန်မတို့အားလုံးကို လှုပ်လိုက်သည်။

"ကဲ...အားလုံးနားထောင်ကြဟာ...နင်တို့ကလည်း ကျီးကန်းတွေ ကျနေတာပဲ...ငါတို့တွေ သည်တစ်နှစ်ပြီးရင် အခုလိုပြန်ဆုံကြဖို့ မလွယ်တော့ဘူး။ သည်တော့ တို့တစ်တွေ မခွဲခွာရခင် အမှတ်တရ trip ကလေးတစ်ခု ထွက်ကြရအောင်"

Morning Star စားသောက်ဆိုင်ထဲမှာ နေ့ခင်း အတန်းအားချိန် ကျွန်မတို့တစ်တွေကို လာခေါ်ကာ ကိုတိုးကြီးက အသုပ်စုံဖြင့် ညှော့ခံရင်း အပန်းဖြေစိတ်ပြေလက်ပျောက် ခရီးစဉ်တစ်ခုထွက်ဖို့ စကားစလိုက်ခြင်းဖြစ်သည်။ ရေနီမြောင်းလမ်းပေါင်တစ်လျှောက် သွားလာနေကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေကို မြင်ရပြန်တော့ ရင်ထဲ အလွမ်းဝေရပါ၏။ မြင်ရသမျှ လွမ်းစရာချည်း။ တချို့က ချစ်သူတွေဖြစ်မည်ထင်သည်။ လက်ချင်းယှက်ရင်း ခေါင်းတင်နွဲ့မှီ ရှိကြတာကို မြင်ရတော့ ကဗျာတစ်စ သတိရမိပါ၏။

*'လေမျှောတက်မဲ့ လည်ချင်းနွဲ့မှီ*
*တစ်လှည့်စီမွေး လက်ချင်းတွေဆုပ်*
*ငှက်တေးချိုပျား ပန်းစကားကို*
*ပြောကြားမဆုံး နှစ်ယောက်လုံးပဲ*
*အပြုံးလှယ်ကြ ရယ်မောကြနှင့်*
*တစ်ဘဝမျှ နေချင်သည်...'*

တစ်ဘဝမျှ နေချင်ရှာသူတွေ နေခွင့်ရကြပါစေ...။

www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးကြီးပြောနေတာ ကြားတစ်ချက် မကြားတစ်ချက်။ ခရီးတစ်ခုထွက်မည်တဲ့။ ဘယ်ကိုထွက်မှာလဲ။ မန္တလေးအနီးဝန်းကျင်နေရာတွေတော့ တက္ကသိုလ်လေးနှစ်မှာ နဲ့သလောက်ရှိခဲ့ပြီ။ သည်ခရီးတွေကလည်း နောင်မှာ အမှတ်ရစရာတွေဖြစ်ရော့မည်။ တွေးတွေးသိန်း အသံကျယ်ကြီးဝင်လာမှ စကားဝိုင်းထဲ စိတ်ရောက်ရပြန်ပါသည်။

"စာတွေက လွှတ်လို့မဖြစ်ဖူး ကိုတိုးကြီးရ... ကျွန်တော်တို့မေဂျာက Practical လုပ်ရတော့ ပိုဆိုးသေး...ကျောင်းတက်ချိန်က Practical လုပ်တဲ့အချိန်ကို ယူတာ...ဆဲဗင်းတီဖိုက်ပါဆန့် မပြည့်လို့ စာမေးပွဲဖြေခွင့်မရဖြစ်မှ ဒုက္ခ..."

"တွေးသိန်း အပေါမ နင့်ပါးစပ် ပိတ်ထားစမ်း...နင်ဟာ နောက်နှစ်ပဲ ဂရယ်ဂျူယိတ်တစ်ယောက်ဖြစ်တော့မယ် ဦးနှောက်က မုန့်ညင်းစေ့လောက် ရှိသေးတယ်"

ကိုတိုးကြီးက ခပ်တည်တည် ပိတ်ဟောက်လိုက်တော့ တွေးတွေးသိန်းက မျက်လုံးကြီးပြူးကာ နှန်ဆွဲခုန်ဆွဲ ဖြစ်နေသည်။ ကျွန်မတို့တစ်တွေ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးကြသည်။

"ကျောင်းဖွင့်ရက် ဘယ်သူသွားမှာတုံးဟ...နွေကျောင်းပိတ်ရက်ထဲမှာညိပြီး ထွက်ကြမယ်လေ...ဒါဆို ရတယ်မဟုတ်လား..."

"နွေကျောင်းပိတ်ရက်ထွက်လို့ အိမ်ကပေးလွှတ်ပါ့မလားဗျ...ကိုတိုးကြီးဦးနှောက်ကလည်း စမုံစပါးလောက်နဲ့..."

တစ်ယောက်က မုန့်ညင်းစေ့ဆိုတော့ တစ်ယောက်က စမုံစပါးတဲ့။ ကျွန်မတို့ ကျိတ်ရယ်ကြရပြန်သည်။ စိုးစိုးမော်က တိုးတိုးလေးဝင်ပြော၏။

"နားထောင်...လေးညင်းပွင့် လာတော့မယ်"

ကိုတိုးကြီးက စိုးစိုးမော်ကို ခေါင်းလှမ်းပုတ်သည်။

"ကောင်မတွေ နားထောင်ကြစမ်း...မဖောက်ကြနဲ့...တွေးသိန်း နင်သဘောမပေါက်ဘူး...နင်တို့အိမ်တွေက ငါပါရင် မထည့်ဘူးလားဟာ...ငါ့ပိုက်ဆံနဲ့ ခေါ်မယ်ဆိုရင် မဖြစ်ဖူးလားဟာ...ဖြစ်သမျှ ငါတာဝန်ယူမယ်ဆိုရင် ဘာပြောမှာတုံးဟ"

မြင်းခြံသူ မြင်းခြံသားတွေဆိုတော့ မိဘတွေက ကိုတိုးကြီးကို ယုံကြည်ကြတာတော့ အမှန်ပင်။ သည်ကြားထဲ သူက အကုန်ခံဦးမှာတဲ့။ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် လှမ်းအကဲခတ်ရသည်။ ဘယ်လိုလဲ...လိုက်လို့ဖြစ်မှာတဲ့လား...။



"နေဦး...ကျွန်တော်တို့က ရိုးရိုးခရီးထွက်တာကို မြို့မှာ ရည်းစားတွေကိုယ်စီနဲ့ လျှောက်သွားနေကြတယ် ဖြစ်မှာလည်း တွက်ဦး"

"ဟုတ်တယ်...ဟုတ်တယ်...ငါတော့ ကိုတိုးကြီးနဲ့ အထင်မခံနိုင်ဘူး"

"ဟာ...ကျိုးကန်းမ"

"ဟာ...ကိုတိုးကြီးကလည်း နှယ်နှယ်ကိုတော့ မထိနဲ့လေဗျာ"

ကိုကိုနိုင်က အရွှန်းဝင်ဖောက်လိုက်တော့ ကျွန်မတို့ဝိုင်းက မအောင့်နိုင်ကြတော့ဘဲ ဝါးခနဲရယ်လိုက်ကြပါသည်။ မောနင်းစတားစားသောက်ဆိုင်မှ ကိုပြာလောင် (နာမည်အရင်း မဟုတ်ပါ။ ဆိုင်မှာ စားသောက်ကြသည့် ကျောင်းသား ကျောင်းသူများကို ရွှန်းရွှန်းဝေအောင် ပါးစပ်ရော လှုပ၊ မနေမနား ပျာလောင်ခတ်နေတတ်သောကြောင့် တွင်သောအမည်ဖြစ်ပါသည်) အပြေးကလေးရောက်လာကာ သူ့ထုံးစံ ပျာယီးပြာယာဖြင့် ဘာလဲ ဘာလဲ မေးနေလို့ ရယ်ရပြန်၏။

"ဘာလဲကွ မင်းက...ဘယ်သူက ခေါ်လို့တုံး"

"ပြာလောင် လာဦးဟေ့ဆိုလားလို့...ကိုင်းပါ ရောက်လာမှတော့ဗျာ...ဘာများ ထပ်မှာချင်သလဲပြောပါ...လက်ဖက်သုပ်၊ ဂျင်းသုပ်၊ မြင်းခွာရွက်သုပ်၊ ရှောက်သီးသုပ်၊ ကြောင်လျှာသီးသုပ်၊ သင်္ဘောသီးသုပ်၊ စမူဆာသုပ်..."

"ကဲ...မင်းအသုပ်တွေ ခုချက်ချင်းရပ်စမ်း...ဗိုက်မကောင်းရတဲ့ကြားကွာ...စကားပြောကောင်းတုန်း...နေပါဦး ဘယ်ရောက်သွားပါလိမ့်"

"ဘာပျောက်လို့လဲ ကိုတိုးကြီး...ကျွန်တော်ရှာပေးမယ်"

"စကားစပျောက်တာကွ...ကိုင်းဟေ့...စပါကလင်ချ...မင်း သွားတော့"

ကိုတိုးကြီးက ကိုပြာလောင်ကို ဆက်ဟောက်လိုက်တော့ ဆိုင်ကောင်တာဘက်ကို မျိုင်းတစ်ကောင်လို လည်ပင်းရှည်ကြီး ဆန့်ကာ အသံကုန်အော်လေသည်။

"ဟောဒီက ကဗျာရှင်တွေက စပါကလင်ဟေ့...စားပွဲနံပါတ် ဆယ့်တစ်က မန်းကီးတွေကို နန်းကြီးနှစ်ပွဲချ...မြန်မြန်ဟေ့..."

ကိုတိုးကြီးက ကိုပြာလောင့်အသံငြိမ်မှ စကားဆက်နိုင်တော့သည်။

"သည်လိုကွာ...နွေကျောင်းပိတ်ရက်မှာ တို့မြင်းခြံပြန်ရင် မင်းတို့အားလုံး ငါနဲ့လိုက်ခဲ့ရမယ်။ မြင်းခြံက ငါ့အိမ်မှာ တစ်ညတည်းကြ...နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ပုဂံ၊ ပုပ္ပားဘက်ကို ခရီးဆက်ကြမယ်…သည်ခရီးအတွက် ကုန်ကျစရိတ်ကို ငါတာဝန်ယူမယ်။ ကိုင်း…ဘယ့်နှယ်လဲ”

ထိုအခါ နွယ်နွယ်တင်က ကပျာကယာ ဝင်ပြောရှာသည်။

“ကိုတိုးကြီးတစ်ယောက်တည်း အကုန်အကျမခံပါနဲ့…နွယ်လည်း ခေါက်ချိုး တာဝန်ယူပါရစေ”

“အေးလေ…နင်ပါထည့်ရင်တော့ များများသုံးနိုင်တာပေါ့…ဘယ့်နှယ်တုံး ငါ့စိတ်ကူး…ထွေးသိန်း ပြောလေဟာ…”

ကိုတိုးကြီး အစီအစဉ်က ကောင်းပါ၏။ အားလုံး ကောက်ကာငင်ကာ လိုက်နိုင် မလိုက်နိုင်သာ ဆက်ဆွေးနွေးကြရသည်။ ကျွန်မတို့ မိန်းကလေး လေးယောက်ကတော့ ကိုယ့်မြို့ ကိုယ့်မိဘရပ်ထံ ခွင့်ပန်ပြီး ထလိုက်ကြရမှာဆိုတော့ အဆင်ပြေနိုင်ကောင်းပါသည်။ ကိုတိုးကြီးနှင့်ဆိုလျှင် ကျွန်မတို့မိဘများကလည်း စိတ်မချစရာမရှိ။ ကိုကိုနိုင်ကတော့ နှစ်ခါမခေါ်ရဆိုတော့ ချက်ချင်းလက်ခံလိုက်သည်။ နွယ်နွယ်တင်က ချစ်သူနှင့် သွားရမည့်ခရီးဆိုတော့ မျက်နှာကလေး လန်းလို့။ ကိုတိုးကြီးက ဆက်မေးသည်။

“ကဲ…ထွန်းကျော်နဲ့ မျိုးတင်လတ် ပြော…”

“ကျွန်တော်တို့က ရတယ်…မြို့ကိုပြန်မယ့်ကျောင်းသားတွေနဲ့ အကျိုးအကြောင်း စာရေးပေးလိုက်ရုံပဲ…လိုက်မယ်ဗျာ…”

“ကဲ ကိုယ့်လူ…ငြိမ်မနေနဲ့…မောင်ရင်က ဘယ်လိုလဲ”

အောင့်ကိုမေးလိုက်ခြင်းဖြစ်သည်။ ကျွန်မကလည်း ဒါကို သိချင်နေသည်။ အောင်လိုက်စေချင်တာ ပါသလို၊ အောင်မှ လိုက်ပါ့မလားဆိုသည့် စိတ်ကလေးကလည်း ခုနေသည်။ အားလုံးက အောင့်ကို ဝိုင်းကြည့်ကြသည်။ တချို့မျက်လုံးတွေက အောင်လိုက်မှ သီရိမေ ပျော်မှာပေါ့ဆိုသည့် အဓိပ္ပာယ်တွေနှင့်ဖြစ်၏။

ကျွန်မ အောင့်ကို မျက်စိဒေါင့်ကြည့်လိုက်သည်။ အောင်က လက်နှစ်ဖက်ဖြင့် ခေါင်းကို အုပ်ရင်းက ခေါင်းကို အသာအယာ ယမ်းနေသည်။ ကျွန်မရင်ထဲ လှပ်ခနဲ ခံစားလိုက်ရသည်။ ဘာကြောင့်ရယ်မဟုတ်ဘဲ သည်လိုအဖွဲ့လိုက် သူငယ်ချင်းတစ်တွေ စုသွားကြမည့်ခရီးမျိုးမှာတော့ အောင့်ကို အားလုံးက ပါစေချင်သလို ကျွန်မကလည်း ပါစေချင်သည်။ အောင်ပါလျှင် ကျွန်မတို့အားလုံး အဖော်လည်း ရမည်။ မသိတာရှိတော့ အောင့်ကိုမေးနိုင်သည်။ တက္ကသိုလ်က ဝေးကြရမည့် သူငယ်ချင်းတွေ အမှတ်တရရှိရမည့်ခရီးမှာ အောင်မပါတော့ ဘယ်သူကမှ ပျော်ကြလိမ့်မည်မဟုတ်။



“ဘာဖြစ်လို့လဲကွာ…အောင်ရာ အားလုံးလိုက်ကြပါမယ်ဆိုမှတော့ မင်းအနေနဲ့ မငြင်းသင့်ဘူး…ဘာအကြောင်းများ ရှိနေလို့လဲ အောင်…”

“အောင့်မှာ အစီအစဉ်တစ်ခုရှိတယ် ကိုတိုးကြီးရ…ဆောရီးဗျာ”

အောင့်အသံက ပုံမှန်အတိုင်းပင်။ ကျွန်မတို့အဖွဲ့နှင့် မလိုက်ရလို့ စိတ်မကောင်းပုံလည်း မပေါ်။ ကိုတိုးကြီးကို ဆောရီးဗျာလို့ တောင်းပန်နေသံကလည်း တကယ်ဝမ်းနည်းခြင်းမရှိသလို အေးစက်လှသည်။ ကိုတိုးကြီးပင် ဘာပြောရမှန်း မသိအောင် ဆွံ့သွားခဲ့သည်။ ကိုကိုနိုင်ကလည်း အောင့်ကို လှမ်းကြည့်သည်။ နွယ်နွယ်တင်က ကိုကိုနိုင့်ကို ပြောပါဦးဆိုသည့်မျက်နှာရိပ် ပြသည်။

“သီရိမေ…အောင့်ကို နင်ပြောမှ ရမှာ…ပြောဦးလေဟာ”

မျိုးတင်လတ်စကားကြောင့် အောင့်ကို ကျွန်မ အားနာသွားမိပါသည်။ အောင့်ကို ကျွန်မပြောမှ ရမှာတဲ့လား။ ဘာဆိုင်လို့လဲ။ မျိုးတင်လတ်က ဘာကြောင့် သည်လိုပြောရတာပါလိမ့်။ အားလုံးက မျိုးတင်လတ်ပြောတာ မှန်တယ်ဆိုသည့် မျက်နှာရိပ်များဖြင့် ကျွန်မကို ကြည့်နေကြ၏။ အောင်က ခေါင်းငုံ့ထားသဖြင့် မျက်နှာရိပ်တွေကို မမြင်။ ထွေးထွေးသိန်းက ကျွန်မကို ဒူးချင်းတိုက်နေသည်၊၊ ပြောလေ ဆိုသည့်သဘောဖြစ်ပါ၏။

“အောင့်မှာ သူငယ်ချင်းတွေထက် ပိုအရေးကြီးတဲ့ကိစ္စ ရှိနေလို့လား။ မေက ရိုးရိုးမေးတာပါ…ခရီးထွက်ကြမယ်ဆိုတဲ့ အစီအစဉ်က ကနေ့မှ ဖြစ်လာတာလေ…အောင့်မှာ သည့်အရင်က ကြိုတင် Plan လုပ်ထားတာ ရှိနိုင်တာပဲ…အောင် မလိုက်နိုင်တာကို စိတ်တော့ မကောင်းကြဘူးပေါ့…ဒါပေမဲ့ အကျိုးအကြောင်းကတော့ အောင်ပြောသင့်တယ်”

ကျွန်မစကားကို မိန်းကလေးသူငယ်ချင်းတွေက အားရပုံမရပါ။ မျက်စောင်းပင် လှည့်ထိုးကြသည်။ ထွေးထွေးသိန်းက ထုံးစံအတိုင်း ဝင်လာတော့သည်။

“သီရိမေရယ် ငါဖြင့် တိုက်လိုက်ရတဲ့ဒူး…ဒူးခေါင်းတောင် ရောင်နေပြီ…မလိုချင်ဘူး အောင် တို့နဲ့ လိုက်ကိုလိုက်ရမယ်…အောင်မလိုက်ရင် တို့တွေလည်း မသွားတော့ဘူး ဒါပဲ”

အားလုံးက ထွေးထွေးသိန်းကို ထောက်ခံသောအားဖြင့် လက်ခုပ်တွေ တဖျောင်းဖျောင်းတီးကြလေသည်။

“ခင်ဗျာ…လာပြီ လာပြီ…ကဗျာရှင်တွေ စပါကလင်တွေချည်း မလုပ်စေပါနဲ့…အသုပ်ကလေး ဘာလေး တီးကြပါဦး”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ဝိုင်းက လက်ခုပ်တီးကြတာကို ကိုပြာလောင်က သူ့ဓါးသည်ထင်ကာ ပြေးလာပြီး စားပွဲကို လက်နှင့်ထောက်ရင်း မေးလိုက်ခြင်း ဖြစ်သည်။ ကိုတိုးကြီးက ဟောက်ထုတ်လိုက်တော့မှ ထွက်သွားတော့၏။

"အဲသလိုတော့ မလုပ်ကြပါနဲ့ မထွေးတို့ရာ…ပုဂံ ပုပ္ပားဆိုတော့လည်း ပုဂံ ပုပ္ပားပေါ့…မထွေးတို့အားလုံး သွားချင်တဲ့ခရီးကို အောင့်ကြောင့် မပျက်စေချင်ပါဘူး"

"မပျက်စေချင်ရင် လိုက်ခဲ့ပေါ့ကွ…မင်းဟာက ဝေလည်ကြောင်ပတ်နဲ့"

အောင်က ကျွန်မတို့တစ်ယောက်ချင်းကို လိုက်ကြည့်နေသည်။ ကျွန်မတို့တစ်ဦးချင်းကို ခွင့်လွှတ်ပါရန် တောင်းပန်နေတာများလား။ ကျွန်မကိုကြည့်သည့် အကြည့်မှာတော့ အောင့်မျက်နှာကလေး ညှိုးနေတာလား၊ ခွင့်လွှတ်ပါလို့ ပြောနေတာလား။ အောင်ရယ်…လိုက်ခဲ့စမ်းပါဟယ်။

"ကိုင်း…သည်လို သည်လို"

အောင့်အသံက လှုပ်လာသည်။ မျက်နှာက ပြုံးယောင်သန်းလာကာ ကိုတိုးကြီးပေါင်ကို ဖျောင်းခနဲရိုက်ရင်းက တစ်လုံးချင်းပြောလေ၏။

"သူငယ်ချင်းတွေအားလုံးကို သည်ကျောင်းပိတ်ရက်မှာ အောင့်မြို့ကလေးကို ခေါ်ဖို့ စီစဉ်ထားတာ…ကလောကိုလေ…"

ကျွန်မတို့အားလုံး တီးလိုက်သည့်လက်ခုပ်သံက မောနင်းစတားမှာ ထိုင်နေကြသည့် စားသောက်ကြသူတွေအားလုံးကိုပင် လန့်သွားစေပုံရပါ၏။ ကျွန်မကတော့ မျက်ရည်များပင် လည်မိရသည်။ ဒါကို စိုးစိုးမော်က ဖွသည်။

"သီရိမေ ငိုနေတယ်ဟေ့"

"မငိုပါဘူး…မေ မငိုတတ်ပါဘူး"

ကျွန်မက ဝမ်းသာမျက်ရည်စတွေကို လက်ကိုင်ပဝါဖြင့်တို့ရင်း ရှက်စနိုး ပြန်ပြောလိုက်ပါ၏။ ကျွန်မကိုသာ စကြတာပါလေ။ ကျွန်သူငယ်ချင်းတွေလည်း အပျော်ကြောင့် တစ်ယောက်ကိုတစ်ယောက် ထထုံကြသည်။ ကိုတိုးကြီးက သည် အချိန်အထိ အောင် ဘာပြောလိုက်သည်ကို နားရှင်းလိုက်ပုံမရ။ ကျွန်မတို့ကို လိုက်ကြည့်နေသည်။

"ဟဲ့…ငါ့လည်း ပြောကြဦးလေ…ဘာတွေဖြစ်နေကြတာလဲ…အောင်က နေပါဦး…မင်း ဘာပြောတယ်"

ကျွန်မတို့အားလုံးက ရယ်လိုက်ကြသည်။



"အောင်က ကလောကို ခေါ်မလို့ ကိုတိုးကြီးရ…သွားဖို့လာဖို့တော့ ကိုတိုးကြီးပဲ စီစဉ်ဗျာ"

"ဩော်…ငါက ကလောပြန်မယ်ကြားလိုက်လို့ကွ…ဝမ်းသာသကွာ"

ထွေးထွေးသိန်းက အကွက်ဝင်သွားပုံဖြင့် ကိုတိုးကြီးကို တွယ်သည်။

"နားဖာကလော်လိုက်ဦး…နားဖာချေးတွေ များနေပြီ"

ကိုတိုးကြီးက ထွေးထွေးသိန်းကို ပြန်မပက်တော့ဘဲ အောင့်ပခုံးကို မနာအောင် လက်သီးဖြင့် ဖွဖွထိုးသည်။ အားလုံး ပျော်သွားကြပြီ။

"အောင့်အစီအစဉ်က ပိုကောင်းတယ်။ နွေရာသီမှာ ကလောမြို့ကလေး သွားပြီး အေးအေးဆေးဆေးနေလိုက်မယ်လို့ ငါစိတ်ကူးယဉ်ထားတာကြာပြီ။ ချစ်သူနဲ့ ထင်းရှူးပင်တွေအောက်မှာ ပြေးလိုက်ရဦးမယ်"

"ထင်းရှူးပင်တွေဘက် မသွားကြနဲ့ဟော့…ဝက်ဝံကုတ်လိမ့်မယ်"

ကိုတိုးကြီးက နက်လိုက်တော့ ထွေးထွေးသိန်းက ထိုင်ခုံမှထလာကာ ကိုတိုးကြီးကျောကုန်းကို လွယ်အိတ်ဖြင့် တဗုန်းဗုန်း ရိုက်သည်။ အသေးစိတ်တိုင်ပင်ကြတော့ အစီအစဉ်က တစ်မျိုးဖြစ်သွားပြန်သည်။ ပုဂံနှင့် ကလော…။

ပုဂံကိုလည်း သွားချင်ကြသည်။ ကလောကိုလည်း သွားချင်ကြသည်။ ပုဂံနှင့် ပုပ္ပားကို ကိုတိုးကြီးနှင့် နွယ်နွယ်တင်က အကုန်အကျခံမည်။ ကလောကို အောင်က တာဝန်ယူမည်။

"ရာသီဥတုနဲ့ကြည့်ရင် နွေရာသီမှာ ကလောကိုသွားရင် ကောင်းတာပေါ့လေ…ပုဂံဆို ပူမှာပေါ့။ ခရီးက နှစ်နေရာဖြစ်လာတော့ လောလောဆယ် ပုဂံကို သွားမယ်…စာမေးပွဲတွေ ပြီးပြီဆိုမှ ကလောကိုသွားရင်လည်း ကောင်းတယ်။ ဘာလို့လဲဆိုတော့ အောင်က အိမ်ရှင်အဖြစ်နဲ့ နှုတ်ဆက်ချင်တယ်…သူငယ်ချင်းတွေနဲ့ ဝေးချင်ဝေးရမှာမဟုတ်လား…"

အောင့်စကားကြောင့် မျက်နှာကလေးတွေ ညှိုကြရပြန်ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၃၇)

နွေရာသီနှစ်ဝက်…။

အမိတက္ကသိုလ်ကျောင်းတော်မြေ၏အလှက အဝတ်အစားလဲကာ ထွက်လာသော မင်းသမီးကလေးလို တစ်ဘာသာ သစ်လွင်နေပါတော့သည်။ ရာသီပြောင်းလေတိုင်း တက္ကသိုလ်ဝင်းကြီးတစ်ခုလုံး တဖြည်းဖြည်း ပြောင်းလဲသွားသည်ကို စာကဗျာဓာတ်ခံကလေးရှိသော ကျွန်မပင် တစ်ခါတစ်ခါ သတိမထားမိနိုင်အောင် ရှိရပါ၏။ နွေဦးမှာတော့ မြူစလေးတွေ၊ လေပွေကလေးတွေ ထချင်ချင်။ တောင်လေကတော့ မသွေးသည့်နေ့မရှိ။

ကျောင်းမပိတ်ခင်ကလေးမှာ ဖေဖေ့ဆီက တယ်လီဖုန်းလာသည်ဆိုသဖြင့် အကျိုးအကြောင်း လှမ်းမေးရပါသည်။ ကျောင်းပိတ်မည့်ရက်ကို လှမ်းမေးခြင်းဖြစ်၏။ ဖေဖေတို့ သနပ်ခါးလုပ်ငန်းမှာ ပိုမိုအောင်မြင်လာတာကိုတော့ ဝမ်းသာရပါ၏။ အောက်ပြည်အောက်ရွာကိုပင် ရောက်သည်အထိ တွင်ကျယ်လာခဲ့သည်။ သနပ်ခါးခဲသာမက သနပ်ခါးမှုန့်၊ မျက်နှာချေမှုန့်များကို စမ်းသပ်ထုတ်လုပ်သည့်အခါမှာလည်း သုံးစွဲကြသူတွေ နှစ်နှစ်ခြိုက်ခြိုက် အားပေးကြသည်ဆို၏။ ဖေဖေနှင့် ဖုန်းဆက်သည့်အခါ ခရီးထွက်မည့်အကြောင်းပြောဖို့ စိတ်ကူးမိသေးသော်လည်း မရေလည်မှာစိုးသည့်အတွက် မပြောဖြစ်တော့ပါ။

နွေရာသီနှစ်ဝက် ကျောင်းပိတ်သည့်အခါ အောင်၊ ကိုကိုနိုင်၊ ထွန်းကျော်နှင့် မျိုးတင်လတ်တို့ ကျွန်မတို့မြို့ကို ကိုတိုးကြီးနှင့်အတူ လိုက်ခဲ့ကြတော့သည်။ ကိုတိုးကြီးတို့အိမ်မှာ တည်းခိုကြသည်။ အကျွေးအမွေးကို နွယ်နွယ်တင်တို့အိမ်မှာ ဧည့်ခံသည်။ မြင်းခြံက ကျွန်မတို့သူငယ်ချင်းတွေအိမ်ကို တစ်လှည့်စီ လိုက်လည်ကြသည်။ ခင်ခင့်ဆီကိုပင် ရောက်ကြသေး၏။ ခင်ခင်က ကျွန်မတို့ကိုမြင်တော့ ငိုရှာသည်။ နို့စို့အရွယ် သားငယ်ကို ပွေ့ထားရင်း ဧည့်ခံရှာတော့ ကျွန်မရင်ထဲ



မကောင်းဖြစ်ရပါသည်။ ပုဂံကို လိုက်ခဲ့ဖို့ခေါ်ကြသော်လည်း မလိုက်နိုင်မှန်း သိကြပါ၏။

"နင်တို့နဲ့ ခြားနားသွားပါပြီဟာ…ကလေးနဲ့ဆိုတော့ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပါဘူး…နင်တို့ရည်မှန်းချက်တွေ မပြည့်စုံသေးရင်တော့ အိမ်ထောင် မပြုကြစေချင်ဘူး…အိမ်ထောင်ကျတော့မှ တွေ့ရတဲ့အခက်အခဲတွေက အများကြီးပါဟာ…ပြောရင်တောင် မကုန်နိုင်ပါဘူး"

ခင်ခင်က ဘဝကို အလိုမကျပုံဖြင့် ညည်းသည်။

"နင်ကတော့ လင်ယူတယ်…တို့ကျမှ အခက်အခဲတွေ မကုန်နိုင်ပါဘူး ဆိုတာ တရားသလားဟဲ့ မိခင်ခင်ရဲ့…ညည်းပဲ စုံကန္တာနေပူခရီး ဘယ်ထီးမှမပါဘဲ ရပါတယ်ဆို…မြိုင်ကြီးက စလွယ်ကိုကွယ် ယူလက်ဝယ် ကိုင်းချိုးရုံနဲ့ အေးလှဆို…"

တွေးတွေးသိန်းက ပြန်ပြောတော့ ခင်ခင်က ရယ်သည်။ ခင်ခင့်ကလေးက ပုံ့ပုံ့အိအိကလေးဆိုတော့ ကျွန်မတို့ ဝိုင်းနှိုက်ကြသည်နှင့် ပြဲပြဲလန်အောင် ငိုတော့သည်။ ခင်ခင့်အတွက် ပါလာသည့်လက်ဆောင်တွေ ပေးကြကာ နှုတ်ဆက်ကြရတော့သည်။ ခင်ခင်က ကလေးကြီးပွေ့ရင်း ကျွန်မကို တိုးတိုးမေးလိုက်သေးသည်။ တိုးတိုးကလေးသာပါ။

"အောင်နဲ့ နင်နဲ့က ဘယ်လိုလဲ သိရိမေ"

"သူငယ်ချင်းတွေပါပဲ ခင်ခင်ရယ်"

နွယ်နွယ်တင်ကတော့ ချစ်သူ ကိုကိုနိုင်ကို ခင်ခင့်အား ကြွားနေလေ၏။ အချစ်ကို ယုံဝံ့လို့ ဘဝထဲခုန်ချရဲသူ ခင်ခင်နှင့် အချစ်ထက်စာလျှင် ဘဝထဲက ရုန်းထွက်နေချင်သူ နွယ်နွယ်တင်တို့၏ ခြားနားချက်ကို ကျွန်မ သတိထားလိုက်မိပါ၏။

မြင်းခြံမှာ နှစ်ရက်နေကြပြီးမှ ခရီးထွက်ဖြစ်ကြသည်။ အိမ်ကိုရောက်ကတည်းက ကြိုခွင့်တောင်းရသည်။ ဖေဖေနှင့်မေမေတို့ကလည်း ခွင့်ပြုကြပါ၏။ ကိုတိုးကြီးကိုယ်တိုင် တစ်အိမ်ချင်း လိုက်ပြောခြင်းဖြစ်သည်။

"ဦးတို့ ဒေါ်ဒေါ်တို့ကို လာခွင့်တောင်းတာပါခင်ဗျာ…သိရိမေတို့ သူငယ်ချင်းတွေရယ်၊ ကျွန်တော်တို့ယောကျ်ားလေးသူငယ်ချင်းတွေရယ် စုပြီး ပုဂံနဲ့ပုပ္ပား သွားကြဖို့ စီစဉ်ထားတာ သိရိမေလည်း ပြောပြီးရောပေါ့…ပုဂံမှာ ကျွန်တော်တို့မြင်းခြံက ဆရာတော့်ကျောင်းမှာ တည်းဖို့လည်း

www.burmeseclassic.com

www.burmeseclassic.com



စိစဉ်ပြီးပါပြီ…အပြန် ပုပ္ပားဝင်ပြီး ပြန်လာကြမှာပါ…ဦးတို့ ဆေါ်ဆေါ်တို့ ခွင့်ပြုဖို့ လာပြောတာပါ…သီရိမေအတွက် စိတ်ချစေချင်ပါတယ်”

မေမေနှင့်မေမေက ခွင့်ပြုကြောင်း၊ ကိုတိုးကြီးကိုလည်း စိတ်ချကြောင်း ပြောကြသည်။

“အေကွယ်…မင်းတို့မောင်နှမတစ်တွေလည်း ကျောင်းပြီးလို့ ဘွဲ့တွေ ဘာတွေတောင် ရကြတော့မယ်နော်…ဘာမှမကြာလိုက်သလိုဘဲ… ဆေါ်ဆေါ်တို့ကတော့ ပညာအမွေပဲ ပေးနိုင်တာကွယ့်…သီရိမေ ကျွတ်မေ မယ့် အငယ်တွေက မကျွတ်သေးဘူး…ပုဂံသွားကြမှာကို ခွင့်ပြုပါ တယ်…ကျွန်းမာရေးသာ ဂရုစိုက်ကြ…နေပူတယ်”

ကျွန်မတို့မြင်းခြံနှင့် ပုဂံ၊ ပုပ္ပားမှာ မဝေးလှပါ။ ပုဂံဘုရားစုံနှင့် ပုပ္ပားကို နှစ်ခေါက်ရောက်ဖူးသော်လည်း စိတ်ရှိတိုင်း သွားနိုင်ကြတာမဟုတ်။ ကိုတိုးကြီး က နွယ်နွယ်တင်တို့အိမ် သွားပြောမည်ဆိုတော့ ကျွန်မကိုပါ အပါခေါ်သည်။ နွယ်နွယ်တင့်မိဘများနှင့် ခင်သည်ဆိုသော်လည်း သူတစ်ယောက်တည်း မပြောချင် တာ ပါပါလိမ့်မည်။

* * *

ပုဂံ…။

ပုဂံက ဆောင်းဦးမှာလည်း လှသည်။ နွေဦးမှာလည်း လှသည်။ ယာခင်း မြေနီနီ၊ စေတီပုထိုး ဂူဘုရားနီနီတွေက နွေရာသီအပူထဲမှာ အငွေ့ထွက်နေသည် လို့ပင် ထင်ရသည်။ ထနောင်းပင်၊ ကန္တာရပင်နှင့် ဆူးဖြူပင်တွေကိုကျော်ကာ ညောင်ဦးမှ ပုဂံမြေကို ဝင်လာခဲ့သည်။ မြင်းခြံ–တောင်သာလမ်းတစ်လျှောက် လမ်းကြမ်းသော်လည်း ကားပေါ်မှာ သီချင်းတွေ ဆိုခဲ့ကြတာကလည်း ပျော်စရာပင်။ ကိုတိုးကြီးတို့အိမ်က ဒိုင်နာကားကြီးက ကားပက်လက်ကြီးဆိုတော့ နောက်ခန်း ကျယ်သည်။ လူတွေရော၊ ပစ္စည်းတွေရော၊ ချက်စရာပြုတ်စရာတွေပါ ပါလာခဲ့ခြင်း ဖြစ်၏။ နွယ်နွယ်တင်က ချက်ရေးပြုတ်ရေး နားလည်သူ ဆေးလိပ်ခုံက အလုပ်သမ နှစ်ယောက်ကိုပါ တင်ခေါ်လာခဲ့သည့်အတွက် ဘုန်းကြီးကျောင်းကို ဆွမ်းကပ်ပြီး ကျွန်မတို့အဖွဲ့အတွက်ပါ စားရေးသောက်ရေး အဆင်ပြေစေခဲ့သည်။

“လှည်းဝန်ရိုးသံ တညံညံ-ပုဂံဘုရားပေါင်း ဆိုတော့ လေးသန်းကျော် နော်…”

“လှည်းဝန်ရိုးသံအထိပဲ ယူရတယ် မစိုးရဲ့……ပုဂံဘုရားဆူရေဟာ လေးထောင်ကျော်ပဲရှိပါတယ်”



ကိုကိုနိုင်က စိုးစိုးမော်ကို ရှင်းပြနေခြင်းဖြစ်သည်။

ပုဂံမှာ ဘုရားစုံဖူးကြရင်း ကျွန်မတို့တစ်တွေ စကားတွေ အများကြီး ပြောဖြစ်ကြသလို ပိုပြီးလည်း ခင်မင်ရင်းနှီးလာကြသည်။ အမှတ်တရအဖြစ်ရဆုံး ကတော့ လောကနန္ဒာဘုရား အုတ်လှေကားတွေပေါ်မှာထိုင်ရင်း ကျွန်မတို့တစ်တွေ ကျောင်းပြီးလျှင် ရှေ့ဆက်ရမည့် ဘဝခရီးအတွက် စိတ်ကူးတွေပြောဖြစ်ကြခြင်း ဖြစ်သည်။ ကြီးမားလှသော မယ်ဇယ်ပင်ကြီး၏ အေးမြသောအရိပ်နှင့် နတ်လှေကား ကျယ်ကျယ်ကြီးတွေပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ကြရင်း ပြောကြခြင်းဖြစ်၏။

“ဘာလိုလိုနဲ့ တို့ရဲ့လူငယ်ဘဝအရေခွံကို ချွတ်ရတော့မယ်…မြွေတွေလို ပေါ့ဟာ…လူငယ်ဘဝအရေခွံချွတ်ပြီး လူကြီးဘဝအရေခွံနဲ့ နေကြရတော့ မှာပေါ့…”

“စပါးကြီးမြွေရေခွံတွေတော့ ဈေးကောင်းသတဲ့နော်…”

ကိုတိုးကြီးက ကောက်ကာငင်ကာ ပြောလိုက်တာကို ထွေးထွေးသိန်းက ဖောက်လိုက်ခြင်းဖြစ်၏။

ကိုတိုးကြီးက ထွေးထွေးသိန်းလည်ပင်းကို ထညှစ်သည်။ ထွေးထွေးသိန်း က လျှာထုတ်ရင်း မျက်လုံးကြီးတွေ ပြူးပြနေလို့ ရယ်ကြရသည်။ ကျွန်မတို့က ရယ်တော့ ကျွန်မတို့ကို လှည့်မဲပြန်လေ၏။

“ငါက လူကြီးတွေဖြစ်ရတော့မယ်ဆိုတာကို ရယ်ကြတာပေါ့လေ… အေး ငါတို့ ရှေ့လျှောက် ကြီးဖို့ပဲရှိတော့တယ်…ငယ်လို့မရနိုင်တော့ဘူး လေ…ဒါကြောင့် တက္ကသိုလ်နောက်ဆုံးနှစ်အထိ ဘဝဟာ ပြောရရင် လူငယ်ဘဝတောင် မဟုတ်ဘူး…ကလေးဘဝပဲ…”

“ကိုတိုးကြီးစကားက အဘိဓမ္မာဆန်လို့ သဘောကျကြတာပါဗျာ… အဲဒါ ဘယ်စာအုပ်ထဲကလဲ”

“မင်းကြီးတော်ရေးတဲ့ စာအုပ်ထဲကလေကွာ…”

ကျွန်မတို့မှာ ပါးစပ်မပိတ်နိုင်ကြ။ အောင်ကတော့ မြစ်ရှုခင်းတွေကို ဓာတ်ပုံတွေ လိုက်ရိုက်နေသည်။

“တို့တစ်တွေ ဘွဲ့ရရင် ဘာလုပ်ကြမလဲဆိုတဲ့မေးခွန်းကို တစ်ယောက် တစ်လှည့်စီ ပြောရမယ်…ဘဝရည်မှန်းချက်ပေါ့ဟာ…ဖြစ်လာတာ ဖြစ်မလာတာထား စိတ်ကူးတော့ အချင်းချင်းသိသင့်တယ်”

ကိုတိုးကြီးက လှေကားခုံပေါ် ဖင်ထိုင်လျက်က လက်နှစ်ဖက်ကို နောက် ပစ်ထောက်ထားရင်း ကောင်းကင်ကို မော့ကြည့်နေလေ၏။ ကျွန်မတို့သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်တွေကြားမှာ သည်လိုအကြောင်းအရာတစ်ခုခုကို ဦးတည်ချက်ထားပြီး ဆွေးနွေးတတ်ကြတာ ခင်စကတည်းကဖြစ်သည်။ တစ်ခါတစ်ရံ ဆုံးဖြတ်ချက်မကျတာလည်း ရှိသလို၊ အကြံကောင်းရခဲ့တာမျိုးလည်း ရှိသည်။ တစ်ခါတလေမှာတော့ ငြင်းကြခုံကြ။ အော်ကြီးဟစ်ကျယ်ပင် ဖြစ်ရပါ၏။ အဆိုးဆုံးက ကိုတိုးကြီးဖြစ်၍ အသံကြီးက ကျယ်လွန်းလှသည်။

"ကဲပါ ကိုတိုးကြီးရာ... ကိုတိုးကြီးက သည်ထဲမှာ နောင်တော်ကြီးဆိုတော့ ကိုတိုးကြီးပဲ အရင်စပြောဗျာ..."

မျိုးတင်လတ်က တောင်းဆိုလိုက်သည်။

"အေး...ငါအဖြစ်ချင်ဆုံးဆန္ဒပြောရရင် ကိုယ်တိုင်သီချင်းရေးမယ် ဆိုမယ်...အဆိုတော်ဖြစ်ချင်တာပဲ"

"ဝါးဟားဟား..."

"ဟ...ဘာတုံးဟ...နင်တို့ဟာ ရယ်စရာ ဘာပါလို့လဲ...ထွေးသိန်း နင်က ငါ့ကို အဆိုတော်မဖြစ်နိုင်ဘူးထင်လို့လား...နောက်သုံးနှစ် လေးနှစ်မှာ နင်တို့ကိုယ်တိုင် ငါ့သီချင်းခွေတွေ လိုက်ဝယ်ရစေမယ်..."

"ကိုတိုးကြီး အဆိုတော်ဖြစ်ရင် ထွေးသိန်းနဲ့ စုံတွဲသီချင်းတော့ တွဲဆိုသင့်တယ်...တွဲတေးသိန်းတန်နဲ့ ချစ်စပယ်လိုပေါ့"

ကျွန်မက ဝင်နောက်တော့ ကိုတိုးကြီးက မဲ့သည်။

"ငါ့အောင်မြင်မှုတွေ မှေးမှိန်သွားမှာပေါ့ သိရဲ့မရ...လာဘ်ဦးလာဘ်များ ငါ့စီးရီးမှာ ထိခိုက်သွားမှာပေါ့"

"ဆိုပါရစေ ကိုတိုးကြီးရယ်...မောင် ရှေ့ကိုတည့်တည့် လျှောက်ရင်လေ မေလည်း ကန့်လန့် လိုက်မယ်မောင်ရေ..."

ထွေးထွေးသိန်းက ဟန်နှင့်ပန်နှင့် ဆိုပြသည်။

"ကိုင်း...တော်စမ်းပါဟာ...မျိုးတင်လတ် ပြောကွာ...မင်းစိတ်ကူး"

မျိုးတင်လတ်က သူ့စိတ်ကူးကို မပြောသေးဘဲ ကိုတိုးကြီးကိုပဲ ကြည့်နေသည်။ အဆိုတော်ဖြစ်ချင်တယ်လို့ပြောတာ တကယ်ပြောတာလား၊ နောက်နေတာလား ဝေခွဲမရပုံဖြင့် အကဲခတ်နေသည်။

"ကိုတိုးကြီးက တကယ်အဆိုတော်လုပ်မှာလား"

"တကယ်ပေါ့ကွ...အိမ်ကိုတောင် ပြောပြီးပြီ...ကျောင်းပြီးရင် ရန်ကုန် ဆင်းမယ်...လားရှိုးက စိုင်းကျော်စောတို့နဲ့ တွဲလုပ်မယ်...စိုင်းကျော်စော



က သီချင်း သုံးခွေ ထွက်ပြီးသွားပြီ...ငါ့အသံက ပေါက်လောက်တယ် လို့ ပြောတယ်...တို့ ဂစ်တာမပါတာ နာသကွာ..."

ကိုတိုးကြီးက တကယ်ပြောနေခြင်းဖြစ်၏။ မျိုးတင်လတ်က သစ်ကိုင်းကလေးတစ်ကိုင်းကိုချိုးရင်း သူ့စိတ်ကူးကို ပြောပြသည်။

"ကျွန်တော်ကျတော့ သမိုင်းမေဂျာဆိုပေမယ့် ဝါသနာကျတော့ စက်မှုကို ဝါသနာပါတယ်...ကျောင်းပြီးရင် ကားဝပ်ရှော့မှာ ကားစက်ပညာသင်မယ်...ကား ဝပ်ရှော့ကောင်းကောင်းထောင်မယ်...နောင်တစ်ခေတ်မှာ ကားတွေ သည့်ထက်များလာမှာ သေချာတယ်...ကားဝပ်ရှော့တွေ အများကြီးလိုလာမှာပဲ"

သူတို့ယောကျာ်းကလေးတွေမှာလည်း စိတ်ကူးတွေနဲ့ပါလား။ စိတ်ကူးတွေက မတူ။ ထွန်းကျော်ကတော့ လူအေး။

"ငါကတော့ အင်းဂလစ်ရှ်စပါယ်ရှယ်လိုက်စ်လုပ်ယူမယ်။ တိုးရှင်စ်ဂိုက်လုပ်မယ်။ အင်မတန်လှတဲ့ တို့တိုင်းပြည်ကို နိုင်ငံခြားဧည့်သည်တွေ လာကြမှာပဲ...ဧည့်သည်တွေကို ငါ စကားတွေပြောချင်တယ်"

လောကနန္ဒာ ထနောင်းရိပ်က အေးမြလှပါသည်။ မြစ်လေကလေးကလည်း အေးလှပါသည်။ တိမ်တွေမရှိသဖြင့် ကောင်းကင်ပြာသည် ပို၍ပင် ပြာစင်နေပါ၏။ မမြင့်လှသော တောင်တန်း၊ မြစ်တစ်ဘက်ကမ်း မြေပြန့်၊ ပြီးလျှင် ဧရာဝတီ...။ မြစ်ရေက ရေငယ်ချိန်ဆိုတော့ ပါးလျားလှသည်။

"ထွေးသိန်း..."

ကိုတိုးကြီးက လူတစ်ဦးချင်းနာမည်ခေါ်လိုက်တော့ ထွေးထွေးသိန်းပင် ဆတ်ခနဲ တုန်သွားသည်။

"ငါကတော့ သူငယ်ချင်းတွေအိမ် လိုက်စားမှာပဲ...တစ်အိမ်မှာ တစ်လခွဲ နေမယ်...ပြီးရင် တစ်အိမ်ပြောင်းမယ်...ဟီဟိ..."

"ကောင်းကောင်းပြောစမ်းပါဟာ...အလေးအနက်မေးနေတာဟ...နင် ကျောင်းမှာသာ ပေါလို့ရမှာ...ဘဝထဲကျရင် ပေါလို့မရတော့ဘူးနော်"

နွယ်နွယ်တင်က ဝင်ငေါက်လိုက်သည်။ ထွေးထွေးသိန်းက နွယ်နွယ်တင့်ကို မျက်စောင်းထိုးသည်။

"နင်က ရည်းစားထားရုံရှိသေးတယ်...ငါ့ကို မကျေးချင်တော့ဘူးပေါ့ ဟုတ်လား မိနွယ်...အေးလေ...အချစ်ကို အားကိုးမိပြန်တော့ သူငယ်ချင်းတွေကိုတောင် နင် စိမ်းကားရက်စက်နိုင်ပြီပေါ့လေ...စိမ်းရက်တဲ့ မိနွယ်...ငါဟာလေ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း မနေသာတော့ ထွေးထွေးသိန်းကို ဝင်ဝေါက်ရပြန်သည်။

"ကဲ…ကောင်းကောင်းပြောစမ်းပါ ထွေးသိန်းရာ"

"ငါပြောရင် နင်တို့ ငါ့စိတ်ကူးကို လှယူကြမှာစိုးတယ်ဟ…စိတ်ကူး ဆိုတာ လူမသိအောင် မွေးထားရတာမျိုးဟဲ့"

စိတ်ကူးကို လှယူမှာစိုးလို့ဆိုတော့ ဘာစိတ်ကူးများပါလိမ့် ဆိုပြီး ထွေးထွေးသိန်းကို အကဲခတ်ကြရသည်။ ထွေးထွေးသိန်းက အားလုံးကို ဇော့ကြည့်သည်။ မျက်နှာပိုးသပ်သော်လည်း မျက်နှာပိုးက မသေ။

"ငါ အတည်ပြောတာနော်…ငါငယ်ငယ်ကလေးကတည်းက ဘာဖြစ်ချင်သလဲဆိုတော့ လေယာဉ်မယ်ဖြစ်ချင်တာ…ကောင်းကင်မှာ လေယာဉ်ပျံတွေ့တဲ့နေ့ဆိုရင် ငါ့စိတ်တွေက လေယာဉ်ပျံပေါ် ပါသွားတာ များတယ်…ငါ့စိတ်ကူးက မြင့်တယ်နော်"

ထွေးထွေးသိန်းစိတ်ကူးကို ကျွန်မတို့ ရယ်ကြရသည်။ ကိုတိုးကြီးက နင့်ကြောင့် လေယာဉ်က တစ်ဝက်လေးနေမှာပဲလို့ စသည်။

"ပြောသားပဲ မလှောင်ကြနဲ့လို့…ဘွဲ့ရပြီးရင် လေယာဉ်မယ်လျှောက်မယ်…ပြည်တွင်းလေယာဉ်တွေ ဒ၊ဆင်မပြေရင် ဖောရင်းဖလိုက်တွေကို လိုက်ရမှာပေါ့"

ကိုတိုးကြီးက လက်ထောက်ထားရာက ထထိုင်သည်။

"နင် လေယာဉ်မယ်ဖြစ်ဖို့ဆိုရင် စိတ်ပိုင်းဆိုင်ရာ မှုမမှန်တာရော၊ ရုပ်ပိုင်းဆိုင်ရာ ညံ့ဖျင်းတာရော နှစ်ခုပြင်ရလိမ့်မယ် ဗျားအုံ…ဖြစ်နိုင်ခြေရှိတာကို စဉ်းစားတွေးခေါ်စမ်းပါဟာ…"

"ဒီမယ် ကိုတိုးကြီး…ထွေးသိန်းဘဝမှာ ဖြစ်နိုင်ခြေဆိုတာ မရှိဘူး…ဖြစ်နိုင်တယ်ဆိုတာပဲရှိတယ်…ထွေးသိန်းတို့ လေယာဉ်မယ်ဖြစ်တော့မှ အပေါက်ဝ လာမရပ်ကြနဲ့"

ထွေးထွေးသိန်းကို ဆက်မပြောကြတော့ဘဲ ကျွန်မတို့စိတ်ကူးတွေကို ဆက်ပြောဖြစ်ကြသည်။

နိုးနိုးမော်ကတော့ ထုံးစံအတိုင်း ခပ်အေးအေးနှင့် ခပ်တိုတိုပင်။ ကောလိပ်၊ တက္ကသိုလ်တစ်ခုခုမှာ သရုပ်ပြဆရာမကလေး ဖြစ်ချင်တယ်လို့ပဲ ဆိုပါ၏။ နွယ်နွယ်တင်ကတော့ ရည်ရွယ်ချက်ဆန္ဒဆိုတာထက် ချစ်သူ ကိုကိုနိုင့်အပေါ်ပဲ ပုံထားပုံရ၏။



"ငါကတော့ ကိုနိုင့်ကို လက်တွဲဖို့ ဆုံးဖြတ်ထားပြီးသားဆိုတော့ အပ်နဲ့အပ်ချည်လိုပေါ့ဟယ်…ကိုနိုင်က သူ့ရွာပြန်ပြီး တောင်သူလုပ်မယ် ဆိုရင် တောင် ငါက ကောက်စိုက် ပျိုးနုတ် လုပ်မှာပဲ…မြို့မှာ တစ်ခုခုလုပ်မယ် ဆိုတော့လည်း ဝေယျာဝစ္စပေါ့…ငါ့ရည်မှန်းချက်ဆိုတာထက် ကိုနိုင်နဲ့ ငါ့ဘဝနဲ့ ဆီလျော်ရာကို လုပ်ရမယ်လို့ပဲ စဉ်းစားထားတယ်…"

စကားဝိုင်းမှာ တစ်ခါမှ ဝင်မပါဘဲ ပါးစပ်မပိတ်စတမ်း ရယ်မောနေသည့် အောင်က နွယ်နွယ်တင့်စကားကြောင့် မျက်နှာကလေး တည်သွားခဲ့သည်။ ဒါကို ကျွန်မပဲ သိထားလိုက်မိခြင်းဖြစ်၏။ ကျွန်မတွေးသလိုများ တွေးမိလေသလား။ နွယ်နွယ်တင်ပြောပုံက ရှေ့ရေးကို ပုံသေတွက်လွန်းသည်ဟု ကျွန်မခံစားရလို့ဖြစ်၏။ အောင်က စကားအငြိမ်ကို စောင့်ပြီး လေအေးအေးဖြင့် ပြောသည်။

"စိတ်ကူးဆိုတာကတော့ ရှိကောင်းပါတယ် မနွယ်ရဲ့…ကိုယ့်စိတ်ကူးပေါ့…အမှီအခိုကင်းတဲ့စိတ်ကူးမျိုးတော့ ထားရမယ်ထင်တယ်…မနွယ်ရဲ့ပင်ကို စိတ်ကူးတော့ ပြောဦးမှပေါ့…လူတွေမှာ စိတ်ကူးတွေ အနာဂတ်ရည်မှန်းချက်တွေ ရှိသင့်တယ်လေ"

နွယ်နွယ်တင်က ခပ်ပေါ့ပေါ့ပြောလိုက်ပြီးမှ အောင်က သည်လိုဆိုလိုက်တော့ ရှက်တအေးအေး ဖြစ်နေပုံရသည်။ နွယ်နွယ်တင်ကလည်း ရိုးရိုးသားသား ပြောမှန်း အားလုံးသိကြပါ၏။ ကျောင်းအပြီးမှာ ရှိရမယ့်စိတ်ကူးက သူမ၏ရှေ့ရေးနှင့် ဆက်စပ်ရတော့မည်ဆိုသည့်သဘော ပြောချင်တာဖြစ်ပါလိမ့်မည်။ အောင်ကတော့ နွယ်နွယ်တင်၏ စိတ်ကူးသက်သက်ကိုသာ သိချင်သူဖြစ်၏။

"နွယ်ကတော့ ကျောင်းဆရာမ လုပ်ချင်တယ်…မြင်းခြံက လေးတဲ့နယ်မြို့တစ်မြို့မှာ တာဝန်ကျချင်တယ်…အနားမှာ ကိုနိုင်ရှိစေချင်တယ်…ဒါတွေပြည့်စုံရင် ဘယ်လောက်ဆင်းရဲဆင်းရဲ နွယ် နေနိုင်တယ်အောင်"

အောင်က ပြုံးသည်။

"မမြလေးရဲ့ ကဗျာတစ်ပုဒ်ရှိတယ်…အစပိုဒ်ပဲ အောင်မှတ်မိတော့တယ် 'မပြိုင်ခင် နိုင်ချင်ကြက်တဲ့နယ်…ဆိုင်မယှဉ် ရိုင်ပြင်ထွက်ခါမှ အားတက်မိတယ်…' ဒါက အခံပိုဒ်၊ အဆုပ်ပိုဒ်ကတော့ မမှတ်မိဘူး…။ မပြိုင်ခင်က နိုင်ချင်တဲ့ကြက်လို ပါပဲတဲ့။ တစ်ဖက်ကြက်က ကိုယ့်ကြောက်လို့ စည်းဝိုင်းအပြင် ထွက်ပြေးမှ အားတက်ရတာမျိုးကိုပြောတာ…ဒါက နိုင်ကြက်။ ကိုယ်က ရှုံးကြက်ဖြစ်နေရင်ကော…ဒါလည်း တွေးစဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



သင့်တယ်လေ…။ စိုင်ပြင်တယ်ဆိုတာ ကြက်တိုက်ခါနီး စည်းဝိုင်းဝိုင်းတာကို ပြောတာ…တစ်ခါတလေ ကံကြမ္မာက နိုင်ကြက်ဖြစ်တဲ့နေရာ ရောက်နေရင်ကော၊ ကိုယ်က စည်းဝိုင်းအပြင် ပြေးရတဲ့ ရှုံးကြက်ဖြစ်နေရင်ကော ဘာတွေပြင်ဆင်ထားမလဲ…အဲဒါ ကိုယ့်ရဲ့အမှီအခိုကင်းတဲ့ စိတ်ကူးဖြစ်ရမယ်…လောကဓံကို ခံဝံ့တဲ့စိတ်ကူး ရှိရမယ်"

ကျွန်မပြောချင်သည့်စကားကို အောင်က ကဗျာနှင့်ပြောလိုက်တာပါလား။ ကျွန်မနားလည်ပါသည်။ ကိုကိုနိုင်နှင့် အဆင်မပြေရင်ကော၊ ဘဝမှာ အတူမပေါင်းဖက်ရရင်ကော ဘာတွေပြင်ဆင်ထားသလဲဆိုတာလောက်တော့ တွေးထားဖို့ကောင်းသည်ဟု ဆိုခြင်းပင်။ အခုတော့ နွယ်နွယ်တင်က ဘဝကို သုံပုံသွင်းသလို ဖြစ်ရေဆိုသလိုဖြစ်နေသည်။

ခေတ်ပညာတတ်လူငယ်တွေဆိုတော့ အောင့်စကားကို အားလုံး ခပ်လွယ်လွယ် သဘောပေါက်ကြပါ၏။ အားလုံး တိတ်ဆိတ်သွားကြသည်။ လောကနန္ဒာစေတီတော်ဆီက ဆည်းလည်းသံကလေးတွေက လောကအပူ ဘဝအပူတွေကို ချွေးသိပ်ပေးသည့်ပမာ သာယာအေးချမ်းလှသည်။ ကျွန်မတို့ လောကနန္ဒာဘုရားမှာ အချိန်များများပေးဖြစ်ခဲ့ကြသည်။ ကျွန်မတို့ ပုဂံကိုထွက်မလာခင်ညက ဖေဖေက ပုဂံဘုရားတွေအကြောင်း ပြောပြခဲ့ပါသည်။ အထူးသဖြင့် လောကနန္ဒာ၊ မနူဟာ၊ မဒ္ဒရဲကြီး၊ အာနန္ဒာ၊ ရွှေစည်းခုံဘုရားကြီးတွေ ဖူးခဲ့ဖို့ မှာလိုက်သေးသည်။ လောကနန္ဒာစေတီတော်မှာ အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်၍ ပျူခေတ်စေတီများနှင့်ဆင်ကြောင်း၊ မြတ်စွာဘုရား၏ အံတော်ဓာတ်ဌာပနာရာ စေတီတော်ဖြစ်ကြောင်း၊ ရှေးကပိုးလမ်းမကြီးသည် ပုဂံမြို့ကို ဖြတ်သွားသည့်အတွက် လောကနန္ဒာဆိပ်ကမ်းသည် နိုင်ငံခြားဆက်သွယ်ရေးဆိပ်ကမ်းအဖြစ် ထင်ရှားခဲ့ပုံးကြောင်းတွေ ပြောပြပါ၏။

"ကျွန်တော်ပြောတာ စိတ်မဆိုးစေချင်ဘူး…မနွယ်ရော ကိုကိုနိုင်ရော…လောကမှာ ဘယ်ဟာမှ ကံသေကံမ မပြောနိုင်ဘူး…ဒါကြောင့် Uncertainity လို့ ပြောတာပေါ့…သည်တော့ အဆိုးကိုလည်း မျှော်လင့်ကြရတယ်…စိတ်ကူးတွေလည်း သည်လိုပါပဲ…ငါ့စိတ်ကူးတွေအတိုင်း ဖြစ်ကိုဖြစ်လာလိမ့်မယ်လို့ ပြောဖို့ခက်တယ်"

အတော်ကြာမှ နွယ်နွယ်တင့်ဆီက အသံထွက်လာသည်။

"နွယ်ကတော့ အဆိုးဆုံးကို နောက်ထပ် မမျှော်လင့်ရဲတော့ပါဘူး အောင်ရယ်…အဆိုးဆုံးထဲကို ရောက်နှင့်နေရသူပါ"



ကိုကိုနိုင်ကတော့ တောကျောင်းဆရာ ဖြစ်ချင်သည်ဆို၏။ ထွန်းကျော်နှင့် မျိုးတင်လတ်က မြစ်ဘက်ကို ငေးနေကြ၏။ သူတို့မှာလည်း အတွေးတွေရှိကြလိမ့်မည်။

မည်သို့ဖြစ်စေ ကျွန်မကတော့ ကိုကိုနိုင်နှင့် နွယ်နွယ်တင်တို့ဘဝကလေး သူတို့မျှော်မှန်းသလို ထာဝရ လှပနေပါစေလို့သာ ဆုတောင်းနေမိပါသည်။ ကျေးလက်က စာသင်ခန်းကလေးထဲမှာ အေးချမ်းသောဘဝဖြင့် ရောင့်ရဲနိုင်ကြမှာကိုလည်း ယုံပါ၏။ နွယ်နွယ်တင့်ကို ကျွန်မ နားလည်ထားတော့လည်း သူပြောတာကို အတွင်းစိတ်အားဖြင့်ပင် ကျွန်မ သဘောပေါက်သည်။ ကိုကိုနိုင့်ကို ဘဝဖော်အဖြစ် ချစ်ရှာသူသာဖြစ်သည်။

"ကဲ…သီရိမေ ညည်းကကော ဘာဖြစ်ချင်တာတုံး ငါ့နှမရဲ့"

ကျွန်မအလှည့်…။

"မေကတော့ တက္ကသိုလ်မှာ သရုပ်ပြဆရာမဖြစ်ချင်တယ်…စာတွေဖတ်ချင်တယ် …မေ့ဘဝမှာ စာအုပ်တွေကို အေးအေးဆေးဆေးဖတ်ခွင့် တွေးခွင့်ရနေရင်ပဲ ကျေနပ်မယ့်သူပါ…စာအုပ်တွေဟာ ဘဝလားလို့ မေးရင် ဟုတ်တယ်လို့ ဖြေမှာပဲ"

"စာအုပ်တွေဖတ်ပြီး ဆွေးနွေးဖော် ငြင်းခုံဖော် နပန်းလုံးဖော်တော့ လိုမှာပေါ့ဟဲ့"

ထွေးထွေးသိန်းက ကျွန်မစကားကို ဝင်ထောက်၏။ ထွေးထွေးသိန်း ဘာဆိုလိုမှန်းသိတော့ အောင့်ရှေ့မှာပဲ ခပ်ရွှံ့ရွှံ့ ပြန်ဖြေလိုက်မိသည်။

"အလိုအပ်ဆုံးပေါ့ဟယ်…ဘဝမှာ စာအုပ်တွေ ရွေးချယ်ပေးတဲ့ချစ်သူ၊ ဆွေးနွေးဖော်ချစ်သူရှိရင်တော့ အကောင်းဆုံးပေါ့…အဲသလိုလူသာရှိရင် ဘုရင်ခံ မလိုချင်ပေါင်ပေါ့"

ကျွန်မက တမင် အသံကျယ်ကျယ်ပြောလိုက်ခြင်းဖြစ်၏။ အားလုံးက အောင့်ကို မခိုးမခန့် လှမ်းကြည့်ကြတာကိုလည်း မြင်သား။ အောင်ကတော့ သည်စကားတွေ ခေါင်းထဲမရောက်သည့်ပုံ။

"ဟေ့ကောင် အောင်…မင်း ပြောဦးလေကွာ"

အောင် ဘာပြောမှာလဲ။ အဆိုတော်၊ ကျောင်းဆရာသူငယ်ချင်းတွေကြားမှာ အောင်ဘာလုပ်မှာလဲ။

"အောင်ကတော့ ဘဝရပ်တည်ရေးကို အခြေမခံဘဲ ခံစားမှုကို ဖောင်းပေးတယ်ပဲပြောပြော ကဗျာဆရာဖြစ်ချင်တယ်…ကဗျာဆရာတစ်ယောက်မှာရှိတဲ့ အတွေးအခေါ်နဲ့ အနုပညာစိတ် ရှိချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အောင်က သူ့စကားကို ရပ်ထားသည်။ အောင်က ကဗျာဆရာဖြစ်ချင်တာလား။ အောင့်စိတ် တစ်စိတ်တစ်ပိုင်းကို တင်းတိမ်အလုပ်မှာ မျက်တောင်တစ်ခတ် တွေ့လိုက်ရသလို ရှိခဲ့ရသည်။ အောင် ရိုးရိုးသားသားပြောနေသည်ဆိုတာကိုတော့ အားလုံးက ယုံကြပါ၏။ သို့သော် အောင်ပြောဖူးသည့် ဘဝမပါဘူးဆိုသည့် စကားကို ကျွန်မ ဖျတ်ခနဲ သတိထားလိုက်မိပါသည်။

ကျွန်မက စာတွေဖတ်ချင်သည်။ အောင်က ကဗျာတွေရေးချင်သတဲ့။ အောင်နှင့် စာ့ကဗျာတွေ ရွတ်ချင် နားချင်လှသည်။ အောင်ရေးတဲ့ကဗျာတွေ ဖတ်ချင်သည်။ ကျွန်မဖတ်ပြီးသည့်စာတွေ အောင့်ကို ပြောချင်သည်။

'စကားနဲ့ စုံ၊ ပြောတော့ယုံမိ
အိပ်မှုံနိုးလာ၊ ကြားချင်ပါရဲ့
မြေမှာထိုင်ချ၊ မမောကြတမ်း
မိုးစတိမ်လွှန်၊ ကဗျာစွန်လွှတ်
အိမ်ပြန်မသွား၊ လမ်းမှာနားတော့
နှုတ်ဖျားချိုမြ၊ ကြင်ယုယမယ်
ဘဝဆေးမျှင် တွယ်လိုက်ချင်သည်'

ဆရာမကြည်အေး၏ 'မာနကို တောင်းဆိုခြင်း' ကဗျာထဲကတစ်ပိုဒ်…။ အောင့်ကို ဘဝဆေးမျှင် တွယ်လိုက်ချင်မိနေပြီလား သိရိုမေ…။ ကျွန်မကိုယ်ကျွန်မ မေးမိရပါ၏။ မိုးစတိမ်လွှန် ကဗျာစွန်လွှတ်ချင်သူရယ်…။ သည်လေတံခွန်တွေရဲ့ အမြီးတန်းရှည်ရှည်မှာ ခိုတွယ်လိုက်ချင်လိုက်တာလို့ စိတ်ထဲကတောင် မရေရွတ်ရဲအောင် ကျွန်မကို ဘာတွေကများ ပိတ်ဆီးထားပါလိမ့်။ ကျွန်မရဲ့မာနတွေကလား…၊ ကျွန်မရဲ့ ဝေဝါးဝါးဘဝတွေကလား…။

လောကနန္ဒာခြေတော်ရင်း အုတ်ခုံလှေကားမှာပဲ သူငယ်ချင်းတွေ ကဗျာတွေရွတ်ကြပါ၏။ အံ့သြစရာကောင်းတာက ကျွန်မတို့တစ်ယောက်စီမှာ ကိုယ်တိုင်ရွတ်နိုင်သည့်ကဗျာတွေ ရှိနေခြင်းပင်။ ကျွန်မအလှည့်မှာတော့ ဆရာမင်းသုဝဏ်၏ ကဗျာတစ်ပိုဒ်ကို ရွတ်ဖြစ်ခဲ့သည်။ မြစ်ထဲမှာ လှေကလေးတစ်စင်း…ဖနီးသည်က ပဲ့လို့…။ ခင်ပွန်းသည်က ပိုက်ကွန်ဖြန့်လို့…။ တံငါသည်ဇနီးမောင်နှံကိုဆေးရင်း ကျွန်မ ကဗျာရွတ်ပါ၏။

'မြရေကန်ပေါင်ရိုးက
ရေအိုးယူခဲ့ပါ
တွေးညိုကမှာ။



ပဒုမ္မာ၊ ရွှေကြာကသင်း
နှစ်ပွင့်သူယှဉ်လို့
အေးကြည်လည် ရေပြည့်အိုးမှာ
ထိုးတတ်လေခြင်း…'

ကဗျာကို တစ်လုံးချင်း ကျွန်မရွတ်ပြလိုက်သည်။ ကျွန်မကဗျာရွတ်ပြီးတော့ သူငယ်ချင်းတွေက လက်ခုပ်သြဘာပေးကြသည်။

ကျွန်မပြီးတော့ အောင့်အလှည့်…။ အောင် ဘာကဗျာရွတ်မှာလဲ…။ အောင်က စေတီရိပ်မှ စေတီတော်ကို မော့ကြည့်ရင်း ကြည်ညိုနေဟန်ရှိသည်။ အောက်ခြေမှာ မဏ္ဍသကနုတ်ပန်းခေါ်သည့် မယ်ဇယ်ပွင့်ကလေးတွေ ရောင်းသူတချို့ရှိသည်။ တချို့က ကြံပန်းခိုင်ကလေးတွေ၊ ငါးပေါင်းကြော်၊ အကြော်စုံ ရောင်းကြသူတွေလည်း ရှိပါ၏။ စေတီတော် ကြည်ညိုသူတွေက ကျွန်မတို့ထိုင်ရာ လှေကားဆီက တက်ချည်ဆင်းချည်။

"ဆရာဇော်ဂျီရဲ့ သင်သေသွားသော် ဆိုတဲ့ ကဗျာကို အောင်ရွတ်မယ်… သည်ကဗျာဟာ သိပ်ကို လေးနက်ပါတယ်…လူတစ်ယောက် မွေးဖွားလာရင် အသက်ရှင်မယ်၊ ရုန်းကန်မယ်၊ သံယောဇဉ်တွေနဲ့ ဘဝမှာ တဏှာကို တပ်မက်မယ်၊ အိုမယ် နာမယ် သေမယ်။ သည်ဖြစ်စဉ်ရိုးရိုးကြီးထဲမှာပဲ ဘဝတွေ ပြီးရတာက သိပ်ကို နှမြောစရာကောင်းတာပဲ… သင်သေသွားသော်တဲ့…မင်းသေသွားပြီဆိုပါတော့တဲ့…ဘာဖြစ်သလဲ… လူတစ်ယောက် လောကထဲက လျော့သွားရုံပဲလား…ဒါတင်ပြီးပြီလား …ရှင်သန်ခြင်းနဲ့ သေခြင်းဟာ အဓိပ္ပာယ်အားဖြင့် ဘာမှမခြားခဲ့ဘူးဆိုရင် အဓိပ္ပာယ်ရှိမလား…အောင်တော့ သည်ကဗျာကိုဖတ်ပြီး တုန်လှုပ်သွားတယ်။ ဘဝမှာ တာဝန်များများမရှိဘူး…ဆရာကြီးကဗျာက များများ တောင်းဆိုမထားပါဘူး…မင်းသေသွားရင် မင်းနေတဲ့တိုင်းပြည်ဟာ တိုးတက်ပြီး ကျန်ကောင်းတယ်တဲ့…မင်းရဲ့အမျိုးသားစာပေအနုပညာနဲ့ ဘာသာစကားဟာလည်း ကြီးပွားစေဆာ ကျန်ကောင်းတယ်တဲ့…အမျိုး ဘာသာ သာသနာလည်း ကိုယ့်ကြောင့် စည်ပင်ပွင့်လင်း ကျန်ကောင်းသင့်တယ်တဲ့…ပြန်စဉ်းစားရင် သုံးချက်ပေါ့…တိုင်းပြည် ငြိမ်းချမ်းသာယာခဲ့ပါစေ…ယဉ်ကျေးမှု ဘာသာစာစကား ကြွယ်ဝချမ်းသာ ရှိခဲ့ပါစေ… ဘာသာ သာသနာ အရောင်အဝါ တောက်ပထွန်းလင်းခဲ့ပါစေတဲ့။ သည်ကဗျာကို အောင်ရွတ်ပါ့မယ်…သည်ကဗျာကို ကြည်ညိုတဲ့စိတ်နဲ့ ရွတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပါ…ကိုယ့်တိုင်းပြည်နဲ့ လူမျိုးကို ကြည်ညိုတဲ့စိတ်…ကဗျာစာဆိုကို ကြည်ညိုတဲ့စိတ်…ကဗျာကပေးတဲ့ အတွေးအမြင်ကို ကြည်ညိုတဲ့စိတ် တွေနဲ့ ရွတ်ပါ့မယ်"

အောင်က မျက်စိတွေ စုံမှိတ်လိုက်ပြီး အသက်တစ်အောင့် ရှူသည်။ ပြီးမှ တစ်လုံးချင်း ပီပီသသ ရွတ်တော့သည်။ ကျွန်မတို့အားလုံး အောင့်ကဗျာရွတ်သံ လှိုင်းအောက်မှာ ငြိမ်သက်ကြလို့…။

'ဩော်…လူ့ပြည်လောက၊ လူ့ဘဝကား
အိုရ နာရ သေရဦးမည်
မှန်ပေသည်တည်။
သို့ပြီးတကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍ အမှုဆောရာ
စေတီသာနှင့်၊ သစ္စာအရောင်
ဥာဏ်တန်ဆောင်လည်း
ပြောင်လျက် ဝင်းလျက် ကျန်စေသတည်း…'

လောကနန္ဒာဘုရား ခြေတော်ရင်းဆီသို့ မြစ်လေအေးအေးကလေး တိုက်နေခဲ့သည်။ ကျွန်မမျက်နှာကို လေအေးက တိုးဖွသွားခဲ့၏။ အောင့်အသံက ကျွန်မနှလုံးအိမ်ကို ကိုင်လှုပ်နေသည်။ ကျွန်မမှမဟုတ်ပါ။ ထွေးထွေးသိန်းသည်ပင် ငြိမ်သက်နေခဲ့သည်။ အောင် ကဗျာရွတ်ပြီးတော့ ကျွန်မတို့ လက်ခုပ်တီးကြသည်။ ပြီးတော့ တစ်လှည့်စီ ကဗျာတွေ ထပ်ရွတ်ကြသည်။

ကိုတိုးကြီးက သည်ခရီးကတော့ ဘဝမှာ မမေ့နိုင်စရာ ခရီးပါပဲဟုပင် ဆိုခဲ့လေသည်။

"ဟုတ်ပါရဲ့…ပုဂံကဗျာနေ့ရက်ကို မေ ထာဝရ သတိရနေတော့မှာပါ"

* * *

ပုပ္ပား…။

ပုပ္ပားကတော့ ကျွန်မတို့ ပုဂံကအပြန် ဝင်ခဲ့ကြသည်။ ပုဂံမှာ တစ်ညအိပ် ခဲ့ကြသည်။ ဆရာတော့်ကျောင်းမှာ ညဉ့်နက်သန်းခေါင် စကားတွေပြောဖြစ်ကြသည်။ ဆရာတော့်ကျောင်းက မြစ်ဆိပ်မှာဆိုတော့ ပုဂံမြစ်ရှုခင်းကိုလည်း ခံစားရင်း ဘယ်သူမှ မအိပ်နိုင်ကြဘဲ ပျော်နေခဲ့ကြသည်။ နှယ်နှယ်တင် ခေါ်လာသည့် အမျိုးသမီး



နှစ်ယောက်ကလည်း ကျွန်မတို့အတွက် စားစရာအမျိုးမျိုး စီမံပေးရှာကြလို့ ကျေးဇူးတင်ရပါသည်။ ရောက်သည့်နေ့က မဖူးခဲ့ရသော ရွှေစည်းခုံစေတီတော်ကြီးကို ဝင်ဖူးခဲ့ကြသည်။ ပြီးတော့မှ ပုပ္ပားကို ကူးခဲ့ကြခြင်းဖြစ်၏။

ပုပ္ပားမှာ စကားဝါပန်းတွေ ပွင့်စပြုပြီ။ တချို့အပင်တွေမှာတော့ စကားဝါ ပွင့်တွေ ထိန်လို့။ မွှေးလိုက်သည့်စကားဝါပန်းတွေ…။ စကားဝါပန်းကုံးတွေကို ကားတစ်စီးလုံးမှာ ချိတ်ဆွဲခဲ့ကြပါ၏။ အောင်က စကားဝါပွင့်တစ်ပွင့်ကို ရင်ဘတ် ကြယ်သီးပေါက်မှာ ထိုးစိုက်ထားလိုက်သည်။ ကားပေါ်မှာ ပုပ္ပားနတ်တောင်ဘွဲ့ ရေးကဗျာတစ်စကို ရွတ်ပြပါသေးသည်။ တောင်ကလပ်ပေါ်ကိုလည်း တက်ခဲ့ကြ သေးသည်။ တောင်ကလပ်ပေါ်ကအဆင်းမှာ အောင့်ရင်ဘတ်က စကားဝါပွင့် ကလေး ပြုတ်ကျကျန်ရစ်ခဲ့တာကို ကျွန်မ ကောက်ယူထားလိုက်မိသည်။ ဘာရယ် မဟုတ်ပါ။ ပန်းပွင့်ကလေး ကျန်ရစ်ခဲ့မှာကို လွမ်းမိလို့ပဲဖြစ်ပါ၏။

ပုပ္ပားကပြန်လာကြတော့ ကားပေါ်မှာ အားလုံး ငြိမ်သက် တိတ်ဆိတ် လျက်…။ သူယောင်မယ်များ လူ့ဘဝဖန်ဆင်းကာ သူယောင်တောမှာ ပျော်ခဲ့ကြ သလို ကျွန်မတို့ ပျော်ခဲ့ကြပါ၏။ အချိန်တန်တော့လည်း မူရင်းဇာတိရုပ် ပြန်ပေါ် သဖြင့် လျှို့မြောင် ဂူတွေကြား ပြန်လည်ပျောက်ကွယ်ကြရသလို ခံစားမိရပါ၏။ ကျွန်မတို့အားလုံးမှာ သည်ခံစားမှု ရှိနေကြသည်။ ကိုကိုနိုင်က နှယ်နှယ်တင့် လက်ကလေးကို ဆုပ်ထားသည်။ အောင်က ကျွန်မအနားမှာ ကပ်ထိုင်ရင်း ပုပ္ပား တောင် ကဗျာကို ရှင်းပြနေသည်။ ကိုတိုးကြီးက ကားခေါင်းခန်းမှာ။ မျိုးတင်လတ် နှင့် ထွန်းကျော်ကတော့ အကြောင်းအရာတစ်ရပ်မှာ အာရုံရှိနေကြသည်။

"သည်ခရီးကို ငါတော့ ခံစားရတယ် သိရိမေရယ်…တို့ သည်တစ်ခါ ကျောင်းပြန်ဖွင့်ရင် တက္ကသိုလ်မြေမှာဆုံကြရတာ နောက်ဆုံးပဲ…ကျောင်း ကြီး ပိတ်တော့ မိခင်တက္ကသိုလ်ကြီးကို ထားရစ်ခဲ့ရမယ်…ငါတို့ဘဝတွေ ကိုယ့်ခရီးကိုယ် သွားကြရမယ်…ငါတော့ သည်သူငယ်ချင်းတွေကို ဘယ် တော့မှ မေ့နိုင်မှာမဟုတ်ပါဘူးဟယ်…"

ထွေးထွေးသိန်းက မျက်ရည်တွေနှင့် တတွတ်တွတ်ပြောနေခြင်းဖြစ်သည်။ စိုးစိုးမော်ကလည်း မျက်ရည်ဝိုင်းလို့။ ကျွန်မရင်ထဲတွေ လှိုက်တက်လာခဲ့ရသည်။ ကျွန်မ ငိုချင်သော်လည်း မျက်ရည်တော့ ကျမလာခဲ့ပါ။

လွမ်းစရာကောင်းတဲ့ခရီးပါပဲ…အောင်။

■

www.burmeseclassic.com

www.burmeseclassic.com

(၃၈)

‘ဂီတဆည်းဆာ’

တက္ကသိုလ်ပင်မအဆောက်အအုံကြီး၏ တောင်ဘက်မျက်နှာစာ လှေကားထစ်များအတိုင်း မီးအလှတွေ ဆင်ထားပြီး မုခ်ဝအဝင် ရင်ပြင်ကျယ်ကြီးတစ်ခုလုံးက စတိတ်ခုံအဖြစ် ခင်းကျင်းထားသည်။ နောက်ခံကတ္တီပါ နက်ပြာစပေါ်မှာ ‘ဂီတဆည်းဆာ’ ရွှေရောင်စာလုံးတွေက ထင်းခနဲ ကြွနေကြပါ၏။ နယားရုပ် မြန်မာ့ဆိုင်းဝိုင်းကြီးက လက်ယာဘက်၊ ခေတ်ပေါ်တီးဝိုင်းက လက်ဝဲဘက်မှာ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး နေရာယူထားလျက်...။

ရာဇက်ခန်းမဆောင်အနောက်ဘက် မြက်ခင်းပြင်ကျယ်ကြီးတစ်ပြင်လုံးကို ဖျာတွေခင်းထားသည်။ ဆရာ ဆရာမများနှင့် ဧည့်သည်တော်များထိုင်ဖို့ ကုလားထိုင်တွေကို သေသေသပ်သပ် နေရာချထားပေးသည်။

ဓူလိုင်မိုးတွေ ဖျောက်ဖျောက်ဖွေတတ်သည့် သည်လိုလထဲမှာပဲ မန္တလေးတက္ကသိုလ်၏ နောက်ဆုံးနှုတ်ဆက်ပွဲအဖြစ် ဂီတဆည်းဆာကို ကျင်းပလေ့ရှိကြသည်။ တက္ကသိုလ်အဝန်းအဝိုင်းထဲရှိ ဘာသာရပ်ပေါင်းစုံ၊ အဆောင်ပေါင်းစုံက အေးကျောင်းသူ ကျောင်းသားများပါမကျန် တက်ရောက်ဆင်နွှဲခွင့်ရှိသည့် ပွဲလည်းဖြစ်ပါ၏။ နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအနေဖြင့် ဆရာကန်တော့ပွဲနှင့် နှုတ်ဆက်ပွဲ အခမ်းအနားများကိုလည်း မေဂျာအလိုက် ကျင်းပခဲ့ကြပြီ။ ထိုအခမ်းအနားများကိုတော့ သူ့ရက်နှင့်သူ့မေဂျာအလိုက် နေ့ခင်းဘက်တွေမှာ ဘွဲ့နှင်းသဘင်ခန်းမကြီးထဲမှာ ကျင်းပကြခြင်းဖြစ်ပါသည်။

‘ဂီတဆည်းဆာ’ ကတော့ ဆည်းဆာနေရီအချိန်မှာ ပင်မတက္ကသိုလ်တောင်ဘက်က မြက်ခင်းပြင်မှာ လွတ်လွတ်လပ်လပ် ကျင်းပခြင်းဖြစ်ပါ၏။ ညနေခင်း ဆည်းဆာနေလုံးကြီး အနောက်မင်းဝံတောင်တန်းတွေဘက် ဆင်းစပြုပြီ..



မန္တလေးတက္ကသိုလ်ဝင်းကြီးတစ်ခုလုံး ရောင်စုံပုံရိပ်တွေနဲ့ လှုပ်ရှားသက်ဝင်လျက်ရှိသည်။ မနက်ပိုင်းက အုံ့မှိုင်းအိုးအိုးရှိခဲ့သော မိုးရိပ် လေရိပ်တွေ ညနေပိုင်းမှာ မြူမျှမရှိ ကင်းစင်လို့နေသည်။

ကျွန်မတို့ ရွှေမန်းဆောင်တစ်ဆောင်လုံးရှိ ကျောင်းသူတွေအားလုံး လိုက်ဖက်ရာရာ ဝတ်ကောင်းစားလှများ ဝတ်ဆင်ကြလျက် အလှပြိုင်ပွဲကြီး စလေပြီ။ အမွှေးနံ့သာ တထောင်းထောင်းထအောင် လိမ်းသကြလျက် သီချင်းတကြော်ကြော် ဟစ်ကာအော် ပျော်ချင်တိုင်းပျော်ကြရပါ၏။ ဂီတဆည်းဆာပွဲကို တက်နွှဲကြမည့် ကျောင်းသူတွေကတော့ အဆောင်ထဲမှာ သီချင်းကျင့်နေကြသည်။ ထွေးထွေးသိန်း၊ မုံရွာသူ မြင့်မြင့်စိန်၊ တောင်ကြီးသူ နန်းလှရွှေ၊ ကလေးမြို့သူ ချိုချိုအေးတို့က ရွှေမန်းဆောင်၏ ဂုဏ်ကျက်သရေဆောင် အနုပညာရှင်တွေ။

“ဟဲ့...ပျားအုံ နင့်နှုတ်ခမ်းနီကြီးက ရဲလွန်းပါတယ်ဟယ်...ကျီးအာသီးမှည့်ကြီး ရှဉ့်ကိုက်ထားတာ ကျနေတာပဲ”

“ဟောတော်...နင်တို့က ဒိုက်တွေပဲ...တမင်ဆိုးထားတာဟ...ဒါမှ စတိတ်ပုံထဲမှာ ပေါ်မှာပေါ့...အပြင်မှာ တစ်ညနေလောက်မြင်ရတာကို မကြည့်နဲ့...စတိတ်ပုံက တစ်သက်လုံး မြေးတွေအထိ ပြရမှာဟဲ့...”

ကျွန်မတို့မှာ ကိုယ့်ကိုယ်ကိုယ် အလှမပြင်အားကြဘဲ ထွေးထွေးသိန်းကို ဉာဏ်စွမ်းရှိသမျှ ဝိုင်းပြင်ပေးနေကြရသည်။ ကိုယ်လုံးဝဝကစ်ကစ်နှင့် ဘောလုံးပြောက်ဝမ်းဆက် ဝတ်ထားသော ထွေးထွေးသိန်းမှာ ဝက်ဝံပြောက်တစ်ကောင်နှင့် တူနေသည်။ သည်ကြားထဲ အင်္ကျီက လက်ရှည်ထီးလက်။ ကိုယ်လုံးကိုယ်ပေါက် ပေါ်လွင်အောင်ဆိုပြီး နောက်ဇစ်ဆွဲက ပါလိုက်သေးသည်။ ဒေါက်ဖိနပ်ခုံထူကြီးကတော့ ထွေးထွေးသိန်းအရပ်ကို ပင်ကိုယ်အရပ်ထက် လေးလက်မလောက် မြင့်တက်သွားစေပါ၏။ အချိုးမကျလိုက်ပုံများ။

“ဟိုကျ စတိတ်ခုံပေါ်တက်ရင်လည်း သတိထားတက်ဦး...လူရှေ့သူရှေ့ လျှပ်စီးလက်နေဦးမယ်”

“သည်လှေကားထစ်တွေက ငါ တစ်နေ့ ဆယ်ခေါက်လောက် အတက်အဆင်းလုပ်နေတဲ့ လှေကားတွေပါဟယ်...တက္ကသိုလ်ရောက်ကတည်းက တွက်ရင် အခေါက်ပေါင်း တစ်သောင်းမက မကမလားဘဲ...ဖြစ်သွားတော့လည်း လျှပ်စီးလက်တယ်ထင်မှာ မဟုတ်ပါဘူးဟယ်...စာတ်ပုံရိုက်တယ် ထင်မှာပါ”

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးမော်ကတော့ စိတ်မချသည့်ပုံဖြင့် ထွေးထွေးသိန်းကို ကြည့်နေလေ၏။ သည်ကနေ့ညက ကျွန်မတို့အတွက် အဆောင်မှာနေသည့်ကာလရှည်တစ်လျှောက်လုံး တစ်ကြိမ်တည်းသော ထွက်ခွင့်ရသည့်ညလည်းဖြစ်၏။ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းများတွင် ဝတ္ထုတိုများ ရေးလေ့ရှိသောကျွန်မမှာ အခုလို လူလုံးပြ သီချင်းတက်ဆိုဖို့ကိုတော့ မဝံ့ရဲလှပါ။ ကျွန်မတို့၏ တက္ကသိုလ်မင်းသား 'အောင်'ကတော့ သီချင်းနှစ်ပုဒ်ဆိုလိမ့်မည်။ ကိုတိုးကြီးကလည်း နှစ်ပုဒ်ရွေးထားသတဲ့။

ကျွန်မတို့အဆောင်သူတွေ အဆောင်ကထွက်လာကြပြီး ပင်မတက္ကသိုလ်ရှေ့ရောက်တော့ ကျောင်းသား ကျောင်းသူတွေ တအုံးအုံးစုမိကြပြီ။ လူလုံးကွဲအောင် ရှေ့ကျကျနေရာယူကာ အားပေးကြဖို့ အားခဲထားကြသော်လည်း ယပ်တောင်တစ်ချပ်စာပင် နေရာမရှိတော့။ ကောင်းမည်ထင်ရသည့် နေရာတော်တော်များများကိုရွေးပြီးမှ တစ်နေရာကို ပြေးဦးရတော့သည်။

မိန်းကလေးတွေ အုပ်ကြီးဖွဲ့ဝင်လာကြတိုင်း ဝေးခနဲ လောင်ကြသည့် ကျောင်းသားအုပ်စုကလည်း လေး,ငါးအုပ်စုရှိပါ၏။ တစ်ယောက်တစ်ပေါက် အော်ဟစ်နေကြသောအသံတွေကလည်း နားကွဲမတတ် ဆူညံလျက်။ ကျွန်မတို့နေရာယူကြပြီး သိပ်မကြာခင်မှာဘဲ ဖျာနေ ဂလပ်မရှိအောင် ပြည့်သွားခဲ့ပြီ။ မှောင်ရိပ်ကလေး သန်းလာတော့ မီးရောင်စုံတွေ ဖျန်းခနဲ လင်းသွားတာကိုပဲ လောင်စရာသဘောထားကာ အော်ကြသည်။

စိတ်တွေ လွတ်လပ်ပျော်ရွှင်နေတော့လည်း ခံစားမှုကို ပေါ့ပေါ့ပါးပါး ဖွင့်ထုတ်နေကြပုံမျိုး။

"ဟေး..."

အော်သံက တစ်စုတစ်ဝေးတည်းထွက်လာတာဆိုတော့ ဟိန်းသွားလေသည်။ ဒါကိုပင် သဘောကျကြကာ တဝေါဝေါရယ်ကြပြန်သည်။

မီးရောင်စုံများဖြင့် ထိန်ညီးနေသည့် ပင်မတက္ကသိုလ်ကြီး အလယ်ကျကျ ဂီတဆည်းဆာဇာတ်ခုံကြီးကတော့ တောက်ပနေသည်။ ဆရာ၊ ဆရာမများနှင့်တကွ ဧည့်သည်တော်များလည်း စုံပြီ။ ပါမောက္ခချုပ်ကြီး နေရာယူပြီးသည်နှင့် မျှော်လင့်စောင့်စားနေကြသော အခမ်းအနားလည်း စပြီ။ ကျွန်မတို့ကတော့ ကိုယ့်အုပ်စုတွေထဲက တစ်ယောက်တက်လာတိုင်း လက်ဝါးကလေးတွေ နီနေအောင် လက်ခုပ်တီးရတာ အမော။ ပါးစပ်ကလည်း ဟေးဟေးဝါးဝါး အော်ကြလို့။



"အခုဆက်လက်ဖျော်ဖြေမယ့်သူကတော့ ဓာတုဗေဒ နောက်ဆုံးနှစ်ကျောင်းသူ မထွေးထွေးသိန်းပဲ ဖြစ်ပါတယ်... မထွေးထွေးသိန်းရဲ့ ကျောင်းကြီး ပိတ်ချိန်ဆိုတဲ့သီချင်းကလေးကို ခံစားနားဆင်ပါရှင်"

"ဝေး...ဟေး...ဟေး..."

"ရွှေမန်းဆောင်က မေကလျာကွ"

"မဘုတ်ဆုံ မဘုတ်ဆုံ...မဘုတ်ဆုံ တင်ဆုံကြီး လှည်းလုပ်လို့စီး"

"ပျားအုံကွ...ပျားအုံ"

ကျောင်းသားတွေက သံကုန်ဟစ်ကာ ထွေးထွေးသိန်းကို နောက်ပြောင်နေကြသည့်ကြားက ထွေးထွေးသိန်းက ပရိသတ်ကို မျက်လုံးဝေ့ကြည့်လိုက်ပြီး မျက်နှာပိုးမသပ်မရပ်ဖြင့် လေ့ကားအတိုင်း တက်သွားကာ လက်နှစ်ဖက်မြှောက်ဝေ့ယမ်းရင်း နှုတ်ဆက်လိုက်သေး၏။ ထွေးထွေးသိန်း လှေကားအတက် အဆင်မချောမှာ စိတ်မောနေရသော ကျွန်မတို့မှာ စင်ပေါ်ရောက်မှ ဟင်းချနိုင်တော့၏။ မိုက်ကရိုဖုန်းကို လှမ်းဆွဲပုံ၊ ဦးညွှတ်ပုံ၊ ခေါင်းခါပုံတွေက ဝါရင့်အဆိုတော်တစ်ဦးလိုပင်။

*"ကျောင်းကြီးပိတ်ချိန် နီးပြီလေ x x x ဒီနွေရာသီ တပေါင်းလရောက်လို့လာပြန်ပေါ့လေ x x x"*

"ဝေးဟေးဟေး..."

သီချင်းတိုက်သား ကျနေတာကတစ်ကြောင်း၊ မိုက်ကရိုဖုန်းတွေကကောင်းလွန်းသည်က တစ်ကြောင်းကြောင့် ထွေးထွေးသိန်းကပင် ဟုတ်တုတ်တုတ်။ သီချင်းတစ်ပုဒ်လုံးတွင် အသံကြောင်ခြင်း ကွက်ခြင်းမရှိဘဲ တီးပိုဒ် ဆိုပိုဒ် အံဝင်ခွင်ကျ ပြီးသွားခဲ့သည်။ ထွေးထွေးသိန်း ဆင်းလာစဉ် ကျွန်မတို့သူငယ်ချင်းတွေ မတ်တတ်ထရပ်ကြရင်း လက်ခုပ်ဩဘာပေးလိုက်ကြသည်။ ကျွန်မတို့လက်ခုပ်သံမဆုံးခင်ကလေးမှာတော့ စတိတ်ပေါ်မှ ဆင်းလာသော ထွေးထွေးသိန်းတစ်ယောက် လှေကားထစ်ပေါ်က ခြေချော်ကျလေတော့သည်။

ဒေါက်ဖိနပ်ကြီးလည်း တစ်ဖက်စီ လွင့်သွားတာ မြင်လိုက်ကြရသည်။ လူကတော့ ပုံ့ပုံ့ကြီး။ တော်ပါသေးရဲ့ လှေကားက သိပ်မမတ်လို့။

"ဟာ..."

ရယ်သံတွေလား၊ အာမေဍိတ်သံတွေလား ခွဲခြားမရသောအသံတွေ ဝေါခနဲ ဆူညံသွားလေသည်။ ထွေးထွေးသိန်းကို အနားမှာရှိနေကြသည့် ကျောင်းသူကျောင်းသားတွေက ပြေးထူကြတာ မြင်နေရသည်။ ထွေးထွေးသိန်းက ဟန်မပျက် မတ်တတ်ထရပ်လိုက်ရင်း လက်များပင် ဝှေ့ယမ်းပြလိုက်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ လွင့်သွားသည့် ဒေါက်ဖိနပ်ကို တစ်ဖက်စီ လိုက်စွပ်သည်။ ဒါကိုပင် ကျောင်းသူ ကျောင်းသားတွေက တမင်ပွဲကျစီစဉ်သည်ဟုထင်ကာ ဝေးခန့် အားပေးလိုက်ကြသည်။ အကြောက်အရွံ့ အစိုးအထိတ်မရှိသော ထွေးထွေးသိန်း ပါပေ။

ကိုတိုးကြီးအလှည့်မှာတော့ တစ်ကျောင်းလုံး၏ လက်ခုပ်သံတွေ မြေတုန် သွားလေ၏။ ကိုတိုးကြီးက တေးသံရှင် နိုင်ထူး၏ 'ဆို'သီချင်းနှင့် နောက်တစ်ကြော မှာ ကိုင်ဇာ၏ ခေတ်စားလှသော 'တူနှစ်ကိုယ်တိုင်းပြည်' သီချင်းနှစ်ပုဒ်ဆိုသည်။ ကိုတိုးကြီးက 'အတွေ့အကြုံကလည်း ရှိ၊ ဆိုပုံဆိုပေါက်ကလည်း နားလည်၊ ပရိသတ်မကြောက်သည့်အခံနှင့်ဆိုတော့ နားထောင်လို့ကောင်းလှပါ၏။

စီးရီးသုံးခွေထုတ်ပြီးပြီဆိုသော စိုင်းကျော်ဇောက ကိုယ်ပိုင်သီချင်းများနှင့် ဖျော်ဖြေသွားခဲ့တာကလည်း စိတ်ဝင်စားစရာ ဖြစ်ခဲ့ရသည်။

သည်တစ်ခါ ဘယ်သူ့အလှည့်လဲ...။

တစ်ယောက်ဆိုပြီးလေတိုင်း 'အောင့်'အလှည့်များ ဖြစ်နေလေမလား စောင့်စားရတာပင် မောလှသည်။ ပရိုဂရမ်ရှိသော်လည်း တချို့အလှည့်တွေမှာ အပြောင်းအလဲရှိသည့်အတွက် အဆင်ပြေသလို အလှည့်ပေးရပုံပေါ်သည်။ ကျောင်းသူ ကျောင်းသားတွေဆိုသော်လည်း အသံကောင်းကြသူတွေ များသည်။ သီချင်းရွေးတာကလည်း လိုက်ဖက်ကြသည်။ စုတွဲသီချင်းတွေဆိုလျှင်လည်း အဝင် အထွက် စည်းဝါးကအစ ကောင်းလှပါသည်။

"အခုတစ်ခါ အလှည့်ကျသူကတော့ မြန်မာစာအဓိကကျောင်းသား ကိုအောင်နိုင်သူရဲ့အလှည့်ပါရှင်...ကိုအောင်နိုင်သူရဲ့ ချိုမြနူးညံ့တဲ့အသံနဲ့ မောင့်အိပ်မက်မေသီချင်းကို နားဆင်ကြရပါမယ်...ကိုအောင်နိုင်သူ စင်မြင့်ပေါ် ကြွရောက်ပါရှင်..."

"ဝေး..."

ကျွန်မတို့ မျှော်လင့်နေရသူက ခုမှပဲ အလှည့်ကျတော့သည်။ အစီအစဉ် မှူးက ခေါ်နေသော်လည်း အောင်က ရုတ်တရက် ပေါ်မလာနိုင်သေး။ သူ့ထုံးစံ အေးတိအေးစက် လုပ်နေတာများလား။ အောင် စင်မြင့်ပေါ်တက်လာသည့်အခါ မိန်းကလေးပရိသတ်က အားအပေးဆုံးဟု ထင်ပါ၏။ အောင်က ဂစ်တာကို ကိုယ်တိုင်တီးခတ်ကာ သီဆိုသည်။

အောင်ဆိုမည့်သီချင်းက 'မောင့်အိပ်မက်မေ' တဲ့...။

"မောင့်အိပ်မက်မေ မဟုတ်ပါဘူးဟယ်...အောင့်သီရိမေ ဖြစ်ပါလိမ့် မယ်..."



နိုးစိုးမော်က ကျွန်မတို့အချင်းချင်းသာ ကြားလောက်သည့်လေသံဖြင့် လှမ်းစသည်။

"အောင်ဆိုနေတဲ့ မောင့်အိပ်မက်မေဟာ...ငါ့ကိုညွှန်းပြီး ဆိုနေတာ မဟုတ်ရပေါင်အေတို့ရယ်...သူစွဲလမ်းတဲ့သီချင်းမို့ သူဆိုတာပါ"

ကျွန်မစိတ်ထဲက ပြန်ပြောနေသည့်စကားသံတွေဖြစ်သည်။ အောင် သီချင်းဆိုနေစဉ်တစ်လျှောက်လုံး ကျွန်မရင်ထဲ နွေးရှိန်းရှိန်းခံစားမှု ရှိနေသည်။ အောင်ကကော...။ သည်သီချင်းကို ဘာလို့ဆိုတာလဲ...။ အောင်ပဲသိပါလိမ့်မည်။

ညဉ့်ပင် တဖြည်းဖြည်းချင်း ရင့်အိုလာခဲ့လေပြီ။ ကျောင်းသူ ကျောင်းသား တွေ တစ်ယောက်ပြီးတစ်ယောက် စတိတ်ခုံပေါ်မှာ သီဆိုဖျော်ဖြေကြတာကလည်း မငြီးနိုင်ပါ။ အစီအစဉ်မှူးက အောင်၏ တစ်ကိုယ်တော် စောင်းတူရိယာဖြင့် ညှို့ခံဖျော်ဖြေဦးမှာဖြစ်ကြောင်း ကြားဖြတ်ကြေညာသည်။ ဒါကို စောင့်ကြည့်ကြ မည့်ပရိသတ်က လက်ခုပ်သြဘာပေးကြပါ၏။

နောက်ဆုံးတော့ အားလုံးမျှော်လင့်နေသည့် အောင့်အလှည့် ကျလာ လေပြီ။

အောင်က စောင်းကိုပိုက်လျက် ထိုင်နေသည်။ စပေါ့လိုက်တွေ ထိုးထား သဖြင့် ဖွေးဖွေးတောက်နေသည့် မီးရောင်ထဲမှာ အောင်က စောင်းကို လက်သံစမ်း နေပါ၏။

"ကျွန်တော့်ကို စောင်းပညာ သင်ပေးရှာခဲ့သူ ဦးရီးတော် စဝ်ကြာဖူးရဲ့ ဂုဏ်ကျေးဇူးကို အထူးသိတတ်စွာနဲ့ ကျွန်တော်တာတ်မြောက်ခဲ့သလောက် ညီအစ်ကို မောင်နှမများကို ဖျော်ဖြေမှာပါ...စောင်းပညာဟာ ခက်ခဲနက်နဲ လှပြီး ပြီးမြောက်ပြည့်စုံပြီရယ်လို့ မရှိတဲ့အတွက် ကျွန်တော့်မှာ ပါရမီ ပါသလောက်သာ သောတဆင်ကြပါ။ ကျွန်တော့်အဖို့ ဝမ်းနည်းကြေကွဲရ တဲ့အဖြစ်ကတော့ ဦးရီးတော် စဝ်ကြာဖူးဟာ မနက်ကပဲ ကွယ်လွန်ရှာ တယ်လို့ စောစောကပဲ ကျွန်တော်သိရပါတယ်...ကလောမြို့ကို ချက်ချင်း လိုက်သွားချင်ပေမယ့် ဂီတဆည်းဆာမှာ ကျွန်တော် ဖျော်ဖြေဖို့ စောင့်စား ခဲ့ခြင်းဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဦးရီးတော် သင်ကြားပေးတဲ့ စောင်းပညာနဲ့ မိခင်တက္ကသိုလ်မြေကို နှုတ်ခွန်းဆက်ခွင့်ရတဲ့အတွက်တော့ ကျွန်တော့်ဘဝမှာ အမှတ်တရ ဖြစ်ရတယ်ဆိုတာလည်း ပြောချင်ပါ တယ်..."

www.burmeseclassic.com

www.burmeseclassic.com



အောင့်အသံက ပြောနေရင်းက တိမ်ဝင်သွားတာကို သတိထားမိလိုက်သည်။ ဆာဆာက တဝေါဝေါ အော်ဟစ်ဆူညံနေကြသော ကျောင်းသူ ကျောင်းသားတွေရော ဆရာ၊ ဆရာမများပါ ငြိမ်သက် တိတ်ဆိတ်နေကြသည်။ အောင်က စောင်းကြိုးတွေကို တို့ကာ ခတ်ကာ အသာအယာ တီးခတ်နေပါ၏။

နိုးနိုးမော်က ကျွန်မလက်တွေကို လှမ်းဆုပ်သည်။ နှုတ်ခမ်းကြီးရဲနေအောင် ဆိုးထားသော သွေးသွေးသိန်းက လက်ကိုင်ပဝါဖြင့် နှုတ်ခမ်းနီတွေသုတ်ရင်း မျက်လုံးပြူးသွား၏။ နွယ်နွယ်တင်ကလည်း မျက်နှာကလေး ညှိုးကျသွားခဲ့သည်။ ကျွန်မတို့သူငယ်ချင်းတွေအားလုံး စင်မြင့်ပေါ်မှ အောင်ပြောလိုက်မှ သည်အကြောင်း သိကြရခြင်းဖြစ်၏။ ကိုတိုးကြီးတို့ပင် သိကြပုံမရပါ။

အောင်က ကြေကွဲဝမ်းနည်းသည့် ခံစားမှုမရှိတော့ဘဲ စောင်းကြိုးတွေကိုသာ အာရုံရှိနေသည်။ မဟာဂီတကို ကျွန်မနားမလည်သော်လည်း မဟာဂီတထဲက အပိုဒ်တစ်ပိုဒ်ကို တီးခတ်နေမှန်းတော့ သိနေသည်။ အားကောင်းလှသော အသံရဲ့ကိရိယာများကြောင့် စောင်းသံက ပီသလှပါသည်။ စောင်းပိုးကြိုးကလေးတွေကို ခတ်လိုက်တိုင်း ချိုမြသောအသံတွေ ဖိတ်ကျနေပါ၏။

အောင်သည် ကျိုင်းမိုင်းစော်ဘွားကြီး၏ မြေးတော်ဖြစ်ကြောင်း သူ့စကားတွေထဲက ကောက်ယူနိုင်လို့ ကျွန်မသိခဲ့တာ မကြာလှသေးပါ။ စောင်းပညာသင်ပေးသူက ဦးရီးတော် စဝ်ကြာဖူး။ ကျွန်မကိုသာ ပေးဖတ်ရှုစေခဲ့ဖူးသော စာအုပ်ဟောင်းတွေပေါ်မှာတော့ 'စောနန်းမို' ဆိုသည့်အမည်ကို တွေ့ရသည်။ 'ချစ်သော စောနန်းမို' ဟု ပထမဆုံးစာမျက်နှာမှာ ရေးထားသည့် လက်ရေးစောင်းစောင်းကလေးတွေ…။

"အောင် ကလောကို မနက်သွားမယ်ထင်တယ်…တို့ ဘာလုပ်ကြမလဲ သိရီမေ…"

နွယ်နွယ်တင်က မေးခြင်းဖြစ်ပါ၏။ ကျွန်မ မပြောတတ်ပါ။ မီးရောင်အောက်မှာ စောင်းကိုသာ အာရုံညွတ်နေပုံရသော အောင့်ကို ကျွန်မ ငေးမောကြည့်နေခဲ့မိပါ၏။

"စိတ်မကောင်းလိုက်တာ အောင်ရယ်…"

စောင်းသံက ငိုစေချင်တာလား၊ အကြောင်းအရာက ငိုစေချင်တာလား။ ကျွန်မ ငိုချင်နေမိတာတော့ အမှန်ပင်။

■

(၃၉)

ဂီတဆည်းဆာပွဲ ပြီးပြီးချင်း အောင် ကလောကို ပြန်သွားခဲ့ပါသည်။ ကျွန်မတို့နှင့် တွေ့ခွင့်ပင် မရလိုက်။ သည့်နောက်ပိုင်းရက်တွေမှာ ကျွန်မတို့တစ်တွေ ကျောင်းစာထဲ ခေါင်းနှစ်နေရတော့ သူငယ်ချင်းတွေ တစ်စုတစ်ဝေးကြီး မဆုံဖြစ်ကြတော့ပါ။

လေးနှစ်တာ ဆုံတွေ့ခင်မင် သံယောဇဉ်ငင်ခဲ့ကြရသော တက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူတွေကြားမှာ အချင်းချင်း အမှတ်တရ ရေးနိုင်ကြသည့် Auto စာအုပ်ကလေးတွေ လူးလာဆန်ခတ် ပြေးလွှားနေတော့သည်။ အမှတ်တရစာတွေ ရေးကြ၊ လိပ်စာတွေ ပေးကြနှင့် လွမ်းစရာပင် ကောင်းသေးတော့။ တချို့က ကဗျာတွေ ရေးကြသည်။ တချို့က ဆုံးမစာလိုလို ဆုတောင်းစာလိုလို။ ဘာပဲဖြစ်ဖြစ် တစ်သက်လုံး သိမ်းရမည့်စာအုပ်ကလေးတွေ…။

တစ်ရက်မှာတော့ အောင်က ကျွန်မထံကို သားရေဖုံးစာအုပ်ငယ်လေး တစ်အုပ် လာပေးသည်။ အမှတ်တရရေးရန် ရောင်စုံစာရွက်ကလေးတွေ ပါသည်။

"အောင့်စာအုပ်မှာ မေ ရေးပေးစေချင်လို့ပါ…"

စာအုပ်ကလေးကို လှန်ကြည့်တော့ ဘယ်သူမှ ရေးထားတာ မပါပါ။ ကျွန်မကို ပထမဆုံး ရေးစေချင်တာလား။

Auto စာအုပ်ကလေး ကျွန်မဆီရောက်လာသည့်ညမှာပဲ ကျွန်မနှင့်အောင် တကယ်ဝေးရတော့မှာပါလားဆိုသည့် ဝေဒနာကလေး လူးလွန့်လာခဲ့လေသည်။ ကျွန်မနှင့်အောင့်ကို စာကဗျာ ဝါသနာပါသူချင်းတူလို့ သူငယ်ချင်းတွေက အမြဲတမ်း နောက်နေခဲ့ကြသော်လည်း ကျွန်မတို့ချင်းမှာတော့ သူငယ်ချင်းအဖြစ်နှင့် နှုတ်ဆက်ခွဲခွာရတော့မှာပါလား။

အောင်နှင့်ကျွန်မ စတင်ဆုံတွေ့ ခင်မင်ခဲ့ရသည့်ရက်များဆီမှသည် မနေ့တစ်နေ့ကအထိ ဖြစ်ဖြစ်နောက်ကြောင်းများကို ရုပ်ရှင်ပိတ်ကားပေါ်က အရိပ်

www.burmeseclassic.com

www.burmeseclassic.com



များကဲ့သို့ တစ်ကွက်ချင်း ပြန်မြင်နေမိခဲ့ပါ၏။ အောင်က ကျွန်မအဖို့ သူငယ်ချင်းကောင်းလည်း ဖြစ်သည်။ အဖော်ကောင်းလည်း ဖြစ်သည်။ ရင်ခုန်ရသော သူငယ်ချင်း အဖော်ကောင်း အောင်…။

အဲသည်ညဟ အောင့်စာအုပ်ကလေးမှာ ကျွန်မ အမှတ်တရစာ မရေးဖြစ်ခဲ့ပါ။ မျက်ရည်များသာ သွင်သွင်ကျဆင်းနေခဲ့သည်။ အချိန်တန်တော့ သူက ကလောကို ပြန်မည်။ ကျွန်မက မြင်းခြံကို ပြန်မည်။ သည့်နောက်တော့ ကြိုတင်မသိနိုင်သော အနာဂတ်သာ ရှိတော့သည်။

နောက်ရက်မှာတော့ ကျွန်မတစ်ယောက်တည်း AVA-9 ခန်းမဆောင်ထဲသွားကာ အောင့်စာအုပ်ကလေးမှာ အမှတ်တရ ရေးဖြစ်ပါသည်။

**"ခင်မင်ရသော သူငယ်ချင်း အောင်…,**

ခွဲခွာရခြင်းအတွက် ရေးရတဲ့စာလောက် လွမ်းစရာကောင်းတဲ့စာရယ်လို့ ကမ္ဘာလောကမှာ မရှိနိုင်ဘူး ထင်တာပါပဲ…မေကတော့ အားမငယ်တတ်သူပါ…ဒါပေမဲ့ အောင်နဲ့ ခွဲခွာနှုတ်ဆက်ရမှာကိုတော့ ဘာကြောင့်မှန်းမသိဘဲ ထိတ်လန့်နေမိတယ်…မေ့သားမှာ အောင်ရှိနေတဲ့ တက္ကသိုလ်နေ့ရက်တစ်လျှောက်လုံး မိမိကိုယ်မိမိ လုံခြုံနေတဲ့စိတ်ခံစားမှုလည်း ရခဲ့တာ အမှန်ပဲ…။ အောင်နဲ့မေတို့ ဝါသနာချင်းတူတယ်၊ လောကကို မြင်ပုံချင်းမှာ များသောအားဖြင့် မတူနိုင်သေမယ့် (မတူပေမယ့်လို့ပဲ ထားပါတော့) ညှိနှိုင်းလို့ရတယ်…။

တကယ်တော့ အောင့်ကို မေ မသိပါဘူး…အောင့်ဘဝကို ပြောတာပါ…အောင် ဘာလဲ…အောင် ဘယ်သူလဲ…ဘယ်လိုအသိုင်းအဝိုင်းကလဲ…ဘယ်ကလာပြီး ဘယ်ကိုသွားမယ့်လူလဲ မေ မသိပါဘူး…ဒါပေမဲ့ မေကတော့ အောင့်ကို ယုံနေမိတယ်…ခင်မင်နေမိတယ်…ရိုးသားစွာပြောရရင် ဖွဲလမ်းခြင်းနဲ့ ခင်မင်ခဲ့ပါတယ်…ခင်မင်လျက်ပါပဲ…ခင်မင်နေဦးမှာပါပဲ…။

အောင် ဘယ်ကိုပဲရောက်နေနေ…ဘာပဲဖြစ်နေနေ…မေ သတိရနေပါရစေ …ဘယ်ဘဝကိုပဲရောက်နေနေ သတိရနေပါရစေ အောင်…။

ခင်မင်တဲ့

**မေ"**



ကျွန်မ Auto စာအုပ်ကလေးမှာလည်း အောင်က အမှတ်တရ ရေးပေးခဲ့ပါ၏။ နောက်ဆုံးမျက်နှာမှာ အောင်က အမှတ်တရ ရေးပေးခဲ့ခြင်းဖြစ်၏။ အောင် ဘာကြောင့် နောက်ဆုံးစာမျက်နှာကို ရွေးရတာပါလိမ့်။ အောင့်ကို နားလည်ဖို့ ခက်သည်။

**မေ…၊**

အောင်တို့ လျှောက်လှမ်းဖြတ်သန်းခဲ့ကြတဲ့ တက္ကသိုလ် လေးနှစ်တာအတွင်း သိပ်ကို ခင်မင်ခဲ့ရတဲ့ မေ့ကို ဘယ်နေရာရောက်ရောက် ဘယ်ဘဝရောက်ရောက် မေ့နိုင်မှာ မဟုတ်ပါဘူး…။ ခွဲခွာရခြင်းဟာ သေဆုံးခြင်း၊ လွန်မြောက်ခြင်း၊ မျှော်လင့်ချက်မဲ့ရခြင်း မဟုတ်ပါဘူး မေ။ တစ်ဖန် ပြန်လည်ဆုံစည်းရခြင်းရဲ့ အရုဏ်ဦးပါ…။

မေတ္တာအားဖြင့်

**အောင်**

ထိုညက ကျွန်မ ငိုရပါ၏။ အောင့်ကို ကျွန်မ ချစ်မိနေပြီလား။ မဟုတ်ရပါ။ ဒါကို ကျွန်မ ရှင်းရှင်းလင်းလင်းကြီး သိနားလည်ထားပြီးသားပါ။ ဒါဖြင့် ဘာကြောင့် ရင်ကို ဆုတ်ညှစ်ထားသလို ခံစားနေရတာလဲ၊ ဘာဖြစ်လို့ ကြေကြေကွဲကွဲ ဝမ်းနည်းနေမိရတာလဲ ချစ်ရတဲ့သူငယ်ချင်းရယ်…။

သမုဒယကြောင့် ကြွေကျရသော မျက်ရည်တွေကပဲ တက္ကသိုလ်မြေက ပန်းတွေကို ပွင့်စေစေသလား။ မိခင်တက္ကသိုလ်ကတော့ လောကခံ၌ မတုန်လှုပ်သော သူတော်စင်ပမာ မြင့်မြတ်သော စိတ်နှလုံးဖြင့် ကျွန်ရစ်ခဲ့ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၀)

ကလော…။

မြို့ကလေးကို မြင်လိုက်ရတော့ ကျွန်မ အံ့သြသွားခဲ့ရပါသည်။ ကျွန်မမှာမှ မဟုတ်ပါ။ နွေခြောက်ခြောက်၊ ကုန်းခြောက်ခြောက်၊ ထန်းတောညှို့ညှို့၊ ထနောင်းညှို့ညှို့ ကျွန်မတို့မြို့နှင့်တော့ ခြားနားလှပါ၏။ အေးမြသောရာသီနှင့် စိုစိုဖပ်ဖပ် ဆေလီယာပွင့်များနှင့် ထင်းရှူးတောမြို့ကလေးဆိုတော့ ကျွန်မတို့အဖို့ အာရုံအသစ် ဖြစ်ရပါ၏။ ပြီးတော့ ကျွန်မ အလွန်ရောက်ဖူးချင်ခဲ့သော ရှမ်းပြည်နယ်ထဲက မြို့ကလေးမဟုတ်လား။

အောင်တို့ခြံကြီးက ကျယ်လွန်းလှသည်။ ခြံဘေးတစ်လျှောက် ရေမြောင်း ကလေးတသွင်သွင် စီးလျက်ရှိ၏။ ရေကို ကိုင်ကြည့်တော့ အေးစက်နေသည်။ မြောင်းကလေးဘေးမှာ သဘာဝအလျောက် ပွင့်နေကြသည့် ရောင်စုံပန်းပြောက် ကလေးတွေကလည်း ပသာဒရှိလှသည်။ လေးမြှာတစ်ပွင့် လသာပွင့်ကလေးတွေ နှင့်ပင် တူပါသည်။ မြက်စိမ်းစိုစိုတွေထဲမှာ ဆန်ကွဲကြဲပွင့်နေကြသည့် ပန်းမွေ့ရာ ပေါ်မှာ လှဲအိပ်ချင်မိရပါ၏။ အောင်တို့ခြံနှင့် မဝေးလှသော ထင်းရှူးတောကတော့ အစိမ်းပုပ်ရောင်အရွက်များ ညှိဖျော့ဖျော့ပင်စည်များဖြင့် ကောင်းကင်ပြာပြာ နောက်ခံ မှာ မိုးထိုးနေကြသည်။

ကျွန်မအကြိုက်ဆုံးကတော့ အေးမြ၍ လတ်ဆတ်သော လေအေး ကလေးဖြစ်၏။ တွေးတွေးသိန်းက မြင်းခြံကို သည်လေကလေးတွေ ယူသွားချင် လိုက်တာဟုပင် ဆိုပါသည်။

"ပုလင်းထဲထည့်သွားတာပေါ့ဟယ်"

တစ်ယောက်က ဖောက်တော့ တစ်ယောက်က ဝင်ဖြည့်ပြန်ပါသည်။

"ပုလင်းထဲ လေချည်းမထည့်နဲ့ဟာ…တွေးတွေးသိန်းပါ ထည့်မှဖြစ်မှာ"



"ဒါဆိုရင် ပုလင်းထဲ ခေတ်ငွေ့တွေ များနေမှာပေါ့ဟဲ့"

တွေးတွေးသိန်းက စလိုက်သည်နှင့် စကားတွေ ဝင်လိုက်ကြတာ ရစရာပင်မရှိ။

"နင်တို့ကလေ…လောကခေတ်တစ်ခွင်လုံး စိမ်းစိုနေတဲ့ သဘာဝအလှ တရားကြီး ရှိနေပါလျက်နဲ့ မမြင်နိုင် မခံစားနိုင်လောက်အောင်ကို အကြောသေနေကြတာများ ရှက်စရာတောင်ကောင်းတယ်"

ကလောမှာ ကျွန်မတို့ တစ်နှစ်လုံး ပင်ပန်းခဲ့သမျှ အမောပြေကြရပါသည်။ မနက်စောစောထ၊ ကလောမြို့ကလေးထဲ လျှောက်လည်ကြ၊ ဘုတာရုံကလေးမှာ သွားထိုင်ကြ၊ ကလောဈေးထဲက ရှမ်းထမင်းပေါင်း ဝယ်စားကြနဲ့ ပျော်စရာကောင်း လှပါ၏။ ထမင်းမစားခင် သဘာဝချောင်းကလေးထဲမှာ ဆင်းစိမ်ကြရတာကလည်း အရသာရှိလှပါသည်။ မနက်ခင်းစာ၊ နေ့လယ်စာ၊ ညစာတွေကတော့ ရှမ်းစာ၊ ခေလှစာ၊ ဥရောပစာတွေဆိုတော့ အပြောင်းအလဲကလေး ဖြစ်ရပါသည်။ အကောင်း ဆုံးကတော့ ကလောကော်ဖီဖြစ်သည်။ အောင်တို့အိမ်မှာက ကော်ဖီရည်ကို အမြဲ ကျိုထားတတ်သဖြင့် သကြားခဲ၊ နို့စစ်စစ်ဖြင့် ဖျော်သောက်ကြရသည်။ ကော်ဖီက လှော်ပြီး ကြိတ်ထားပုံရပါသည်။ ဖျော်လိုက်သည်နှင့် မွှေးကြိုင်လှ၏။

အောင်တို့ဝင်းကြီးမျက်နှာစာတစ်ကွင်းလုံး နှင်းဆီဝါတွေ အပြည့်ဖုံးနေ တာကိုတော့ ကျွန်မ အနှစ်သက်ဆုံးဖြစ်သည်။ နှင်းဆီထဲတွင် တခြားအရောင်တွေ စုံအောင်မစိုက်ဘဲ အဝါတွေချည်း ဘာလို့စိုက်ရတာပါလိမ့်လို့လဲ တအံ့တသြ တွေးဖြစ်ခဲ့မိသေးသည်။ ပြီးတော့ ကျွန်မအကြိုက်ဆုံး အရွက်စိမ်းရင့်ရင့်ကြားက ဝါစိုနေသော နှင်းဆီဝါတွေ…။

ကလောမှာတော့ အောင့်ဘဝပုံရိပ်တွေကို ကျွန်မ ဆက်စပ်လို့ ရနိုင်ခဲ့ပြီ။ အောင်ကပဲ တစ်ရက် ထင်းရှူးတောတွေဘက် လမ်းလျှောက်ကြရင်း ပြောပြခဲ့ခြင်း ဖြစ်သည်။

"အောင့်မေမေက စောနန်းမို…တဲ့။ ကျိုင်းမိုင်းစော်ဘွားကြီး စဝ်စောဦးရဲ့ သမီးအကြီးဆုံးပေါ့…။ အောင့်အဘိုးဟာ သူ့ရဲ့ စော်ဘွားအမွေအနှစ်ကို ဆက်ခံဖို့ မဟာဒေဝီက ဖွားတဲ့ သားယောကျ်ားကလေး လိုချင်ခဲ့ပေမယ့် ဆန္ဒမပြည့်ခဲ့ရှာဘူး…။ သမီးတွေချည်း သုံးယောက်ဆက်ရတော့ အဘိုး ဟာ တော်တော်စိတ်ထိခိုက်ခဲ့ရတယ်လို့ ဆိုတယ်။ အဲသည်ခေတ်တွေ တုန်းက နယ်ပိုင်စော်ဘွားကြီးတွေရဲ့ သားသမီးတွေဟာ အင်္ဂလန်ကို

www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး ပညာသင်ကြားကြတာ များတယ်၊ စော်ဘွားတွေကိုယ်တိုင်လည်း ဥရောပဆန်ဆန် နေကြထိုင်ကြတယ်။ ဥရောပယဉ်ကျေးမှု ဥရောပအတွေး အခေါ်တွေကို စွဲလမ်းသလိုပဲ ဓလေ့ထုံးစံဟောင်းတွေကို မက်ချင်လည်း မက်နေကြပြန်ရော။

သည်တုန်းက အင်္ဂလိပ်လက်အောက်ခံဘဝ ရောက်နေတဲ့ စော်ဘွား ဆော်တော်များများဟာ အင်္ဂလိပ်တွေနဲ့ သင့်တင့်အောင် ပေါင်းသင်း နေထိုင်ခဲ့ကြတယ်။ အောင်တို့အဘိုးဟာ အင်္ဂလိပ်စကား ကျွမ်းကျွမ်း ကျင်ကျင် ပြောနိုင်တယ်တဲ့။ အဘိုးက သမီးတော်သုံးယောက်စလုံးကို လည်း ငယ်ငယ်ကတည်းက အင်္ဂလိပ်ဘာသာစကား သင်ကြားစေခဲ့ တယ်။ အထူးသဖြင့် သမီးအကြီးဆုံးဖြစ်တဲ့ အောင့်မေမေ စောနန်းမိုကို အဘိုးက သိပ်ပညာတတ်စေချင်တာပေါ့။ မေမေ့ကို ငယ်ငယ်ကတော့ နာမည်ကြီးပေဆိုတဲ့ ရန်ကုန် ကွန်ဗင့်ကျောင်းကိုပို့ပြီး ပညာသင်စေခဲ့ တယ်။ မေမေက မသွားချင်ဘူးလို့ ပြောဖူးတယ်။ အဘိုးကိုငဲ့လို့ သွားခဲ့ရတယ်။ ကျိုင်းမိုင်းနယ်မှာပဲ ပျော်သတဲ့။ မေမေ ရန်ကုန်မှာ ကျောင်းသွားတက်တော့ ဆယ့်သုံးနှစ်သမီးပဲ ရှိသေးတယ်။

ကျောင်းတွေပိတ်မှ မေမေဟာ ကျိုင်းမိုင်းကို ပြန်လာခဲ့ရတာဆိုတော့ မေမေဟာ နယ်သူနယ်သားတွေကြားမှာ သိပ်နေရတယ်လို့ မရှိရှာဘူးတဲ့။ ဒါပေမဲ့ မေမေက ကျိုင်းမိုင်းကို ပြန်ရမယ်ဆိုရင် ပျော်နေတာပဲတဲ့။ ကျိုင်းမိုင်းက ဟော်မှာ မေမေ့ရဲ့ဦးရီးတော် စဝ်ကြာဖူး ဆိုတာရှိတယ်။ စဝ်ကြာဖူးက အဘိုးရဲ့ညီတော် အထွေးဆုံးလေ...။ အခု အောင်နဲ့ အတူနေခဲ့တာ ဦးရီးတော် စဝ်ကြာဖူးပဲ။

ဦးရီးတော်ဟာ ငယ်စဉ်တုန်းကတည်းက သီပေါက စောင်းဆရာကြီး ဦးဘဘွားဆီမှာ အဆို အတီးပညာတွေ စနစ်တကျ သင်ယူခဲ့သူဆိုတော့ စောင်းတီးခတ်ရာမှာ အင်မတန် ပါရမီပါသူပေါ့။ ဦးရီးတော်ဆီက စောင်း ပညာကို အင်္ဂလိပ် ကွန်ဗင့်ကျောင်းသူ အောင့်မေမေက တစ်ဆင့်သင်ယူ ခဲ့တယ်။ ကျောင်းပိတ်လို့ ကျိုင်းမိုင်းဟော်ကို ပြန်ရောက်ရင် မေမေ ပထမဆုံးကိုင်တာ စောင်းပဲ။ စောင်းပညာနဲ့ ဘယ်လောက်ပဲပြတ်နေနေ မေ့တယ်လို့မရှိဘဲ ချိန့်နေအောင် တီးနိုင်စွမ်းရှိသူပဲလို့ ဦးရီးတော်က အောင့်ကို ပြောပြတယ်။ မေမေဟာ အနုပညာမှာ ဝါသနာကြီးသလောက် မဟာဂီတသီချင်းပေါင်းများစွာကို သင်ယူလေ့ကျက်နိုင်ခဲ့တယ်"



အောင်က လက်ထဲပိုက်လာသော အယ်လ်ဘမ်ကြီးထဲမှ နဖူးကလေး တင်းပြောင်နေအောင် စည်းထားသော မိန်းကလေးတစ်ယောက် စောင်းတီးနေပုံ ဓာတ်ပုံဟောင်းကို ပြခဲ့ပါသေးသည်။ ဓာတ်ပုံက အညိုတစ်ရောင်တည်းဖြစ်သော် လည်း ပြတ်သား ကြည်လင်လှပါ၏။ မျက်လုံး မျက်ခုံးလှသော အောင့်မိခင်၏ ငယ်အလှကို မြင်ရတော့ မဟာဆန်တယ်ဆိုတာ ဒါမျိုးများလားလို့ တွေးမိပါ၏။

ဓာတ်ပုံထဲမှာ မြင်းဇောင်းလို အဆောက်အအုံကြီးကို ခပ်ဝါးဝါးတွေ့ရ သည်။ ပဒုမ္မာအင်္ကျီလက်တိုကလေးနှင့် ကန့်လန့်စင်းထဘီကလေး ဝတ်ထားပုံက ရှမ်းအမျိုးသမီးတစ်ယောက် ပီသနေသလို ခံစားမိရပါ၏။ ဓာတ်ပုံက ဆင်ရိုက် ထားတာမျိုးမဟုတ်ဘဲ အမှတ်တမဲ့ သဘာဝအတိုင်း ရိုက်ထားပုံမျိုးဖြစ်သည်။

"ဦးရီးတော်ကလည်း သူတတ်ထားသမျှ သင်ပေးရှာတာပါပဲ။ မေမေ ကလည်းမညံ့ဘူး။ ကျောင်းပိတ်ရက်တွေထဲမှာ သီချင်းကြီးတွေ တော်တော် ရအောင် သင်ယူနိုင်တယ်။ ပြီးတော့ မေမေ့တာက ထူးဆန်းတာ...မေမေ့ လက်ကလေးတွေက စောင်းတီးဖို့ ပါလာတဲ့လက်ကလေးတွေလိုပဲမေ... မေမေ့လက်နဲ့ခတ်ရင် စောင်းသံက ပိုပြီးတော့တောင် ချိုသလိုပဲ။ မေ ခံစားဖူးသလားမပြောတတ်ဘူး...စောင်းသံနဲ့ အိပ်ရတာ သိပ်အရသာ ရှိတာပဲ...အောင်တော့ စောင်းသံနဲ့ အိပ်ရတဲ့ညတွေကို ခုထိလွမ်းတုန်းပဲ"

ကျွန်မနှင့်အောင် နှစ်ယောက်တည်း ထွက်လာခဲ့ကြခြင်းဖြစ်၏။ ကလော အိမ်တော်မှာ အဘွား ဒေါ်နန်းတုံနှင့် အိမ်ဖော်ဟု ထင်ရသော ရှမ်းအမျိုးသမီး သုံးယောက်သာ ရှိသည်။ အိမ်ရှင်တွေအားလုံးကလည်း သဘောကောင်းကြရှာပါ၏။ အစစအရာရာ အောင့်ကို လွှဲထားသဖြင့် ကျွန်မတို့အားလုံး အနေကျဉ်းကျပ်တာ မျိုးတော့ မရှိပါ။

အောင်က ထင်းရှူးတောကြီးထဲကို ခေါ်လာခဲ့သည်။ အလင်းကောင်း ကောင်း ဝင်နိုင်လောက်အောင် ကျဲပါးသဖြင့် ထင်းရှူးတောသည် မှောင်မနေပါ။ ထင်းရှူးပင်တွေကြား လေတိုးသံကို အခုမှပဲ ကျွန်မကြားဖူးတော့သည်။

"ပြောပါဦးအောင်...မေ စိတ်ဝင်စားလိုက်တာ..."

စောင်းသံနှင့်အိပ်ရတာ ခုထိလွမ်းတုန်းပဲဆိုပြီး စကားရပ်သွားလို့ ကျွန်မက စကားဆက်ပေးလိုက်ခြင်းဖြစ်သည်။

"နောက်တော့ ဦးရီးတော်က တူမတော်ရဲ့ပါရမီက မငယ်ဘူး...ငါနဲ့လည်း မဖြစ်ဘူးဆိုပြီးတော့ စောင်းဝိဇ္ဇာ ဦးဘဘွားကိုပါ ဟော်ထဲခေါ်ထားရော...

www.burmeseclassic.com

www.burmeseclassic.com



ဦးဘဘွား ဆိုတာက သီပေါမင်း ပါတော်မူတော့ သဘင်သုခုမပညာရှင် တွေ သီပေါယော်ကို ရောက်သွားကြသလိုပဲ…ဦးဘဘွားက ကျိုင်းမိုင်း ယော်ကို ရောက်လာတာပါ။

ထားပါတော့လေ…အင်္ဂလိပ်ကျောင်းသူ မေမေက ကျိုင်းမိုင်းကိုပြန်လာ တိုင်း စောင်းတီးလိုက် သီချင်းဆိုလိုက်လုပ်နေတာကို အဘိုးက မကြိုက် ဘူး…အဘိုးဖြစ်စေချင်တာက သည်လို သဘင်ဂီတမဟုတ်ဘူး။ မေမေ့ကို ထက်ထက်မြက်မြက်နဲ့ ဂုဏ်ရည်တူအောင် နေစေချင်တာ။ ဥရောပ သိပ်ဆန်စေချင်တာလည်း ပါမှာပေါ့။ ပါတီပွဲတွေ၊ မိတ်ဆုံပွဲတွေ၊ ဂါးဒင်းပါတီတွေ မကြာခဏလုပ်တယ်။ မေမေ ယော်ကိုပြန်ရောက်ရင် အဘိုးက မြင်းစီး သင်ခိုင်းတာတို့၊ ရှမ်းရိုးရာသိုင်း သင်ခိုင်းတာတို့၊ တင်းနစ်ရိုက်ခိုင်းတာတို့ လုပ်ပေးတာချည်းပဲ။ မေမေကလည်း မရဘူး။ အဘိုးကျေနပ်အောင် လုပ်သင့်သလောက်လုပ်ပြပြီး ကျန်တဲ့အချိန် သီချင်း တက်တာနဲ့ စောင်းတီးတာနဲ့ အချိန်ကုန်တာပဲ။ အဘိုးက ဒါကိုမကြိုက် ဘူး။ သူ့ညီကိုလည်း အမြဲတမ်း အပြစ်တင်တယ်။ ငေါက်ငမ်းတယ်။ ငါ့သမီး မင်းကြောင့် ပျက်စ-ဂလို့တောင် ပြောတယ်။ မေမေ့ကြောင့်ပဲ ဦးရီးတော်နဲ့ အဘိုးနဲ့ ခဏခဏ စကားများကြရသတဲ့”

“အောင့်မေမေက သူ့ဖခင်စကား နားမထောင်ဘူးလား”

“နားမထောင်တာတော့ မဟုတ်ဘူး…အဲသည်ခေတ်က စော်ဘွားတွေဟာ သိပ်တန်ခိုးကြီးတဲ့ကာလတွေဆိုတော့ သည်ဩဇာအာဏာ သမီးကို ဆက်ခံစေချင်တဲ့ ဖခင်နဲ့ အုပ်ချုပ်ရေးကို စိတ်မပါတဲ့ သမီးတော် တစ်ယောက်ရဲ့ ပဋိပက္ခတော့ရှိတာပေါ့မေ…အဘိုးက တောနယ်တွေကို ဆင်းတဲ့အခါ မေမေ့ကို အမြဲတမ်းခေါ်သွားလေ့ရှိတယ်။ အဘိုးက ရှမ်းလူထုရှေ့မှာ သမီးနဲ့ စကားပြောရင် အင်္ဂလိပ်လို ပြောချင်တယ်… မေမေက ရှမ်းလိုပဲ ပြောတယ်။ ဒါကိုလည်း အဘိုးက မကြိုက်ချင်ဘူး။ နောက် စော်ဘွားတွေ အာဏာစွန့်ရတာတို့ တန်ခိုးဩဇာ ကျလာတာ တွေတို့ကတော့ အကျယ်ပြောရမှာဆိုတော့ အောင် နောက်မှပြောပြ တော့မယ်။ အဘိုးက အခြေအနေတွေကို မြင်တာပေါ့…သူတို့စော်ဘွား ချင်း တွေ့ကြတဲ့ပွဲကြီးတွေ ရှိသလိုပဲ အချင်းချင်း အမြဲတမ်း သတင်း အပေးအယူရှိကြတော့ နောင်ဖြစ်လာမယ့် အကျိုးဆက်ကို ရိပ်မိတယ်။



အင်္ဂလန် ဒါမှမဟုတ် အမေရိကားမှာ နေထိုင်ဖို့ စီစဉ်တာတွေ ရှိလာ တယ်။ ဒါပေမဲ့ အဘိုးရဲ့ စိတ်ကူးတွေဟာ ကိုယ်လွတ်ရုန်းရေးပဲလို့ မေမေက မြင်တယ်လေ…အဘိုးက မေမေ့ကို ကျိုင်းတုံနယ်မှာ ထင်ရှား ခဲ့တဲ့ နန်းတစ်ထီလာလို မိန်းမသားမျိုး ဖြစ်စေချင်တာ…”

“နန်းတစ်ထီလာဆိုတာ မေ မကြားဖူးဘူး”

“ရှမ်းပဒေသရာဇ်အသိုင်းအဝိုင်းမှာ အင်မတန်ထူးချွန်ထက်မြက်တဲ့ အမျိုး သမီးကြီးလို့ပဲ ပြောရမှာပဲ…တစ်ထီလာအကြောင်းက စိတ်ဝင်စားဖို့ ကောင်းတယ်မေရဲ့…အောင် ပြောပြဦးမယ်…။ တစ်ထီလာဆိုတာ ကျိုင်းတုံစော်ဘွားကြီးရဲ့ သမီးတော်ပေါ့။ နယ်ချဲ့အင်္ဂလိပ်တွေက မြန်မာ နိုင်ငံကို သိမ်းပိုက်ပြီး ရှမ်းပြည်နယ်က စော်ဘွားတွေကို ပဒေသရာဇ် အဆောင်အယောင်တွေကို မရုပ်သိမ်းဘဲ သစ္စာခံခိုင်းခဲ့တယ်။ ကျိုင်းတုံ စော်ဘွားကြီးက အင်္ဂလိပ်လက်အောက်ခံ မဖြစ်ချင်တဲ့အပြင် ဆွေ့စပ် ဆွေးနွေးဖို့လာတဲ့ ဆာဂျော့စကော့ကို သတ်ပစ်ဖို့ စီစဉ်တယ်။ အဲဒီ ဆာဂျော့စကော့ကို သမီးတော်တစ်ထီလာက ကယ်ထုတ်သွားခဲ့တာပဲ။ တစ်ထီလာရဲ့ အယူအဆက ပြတ်တယ်။ သည်တုန်းက ပြင်သစ်က လည်း ကျိုင်းတုံနယ်ကို သိမ်းယူဖို့ ကြံစည်နေတာဆိုတော့ တစ်ထီလာ က ‘ရှမ်းလူမျိုးတွေကို အုပ်ချုပ်မယ့် ဘုရင်တစ်ယောက် ရှိနေဖို့လိုတယ် ဆိုရင် ပြင်သစ်ထက်စာရင် အင်္ဂလိပ်ကို ကျွန်မကြိုက်သေးတယ်’ တဲ့။ ဂစ်ထီလာမင်းသမီးကြီးဟာ ကျိုင်းကမ်းစော်ဘွားနဲ့ လက်ထပ်ပြီး သားတော်တစ်ပါး ထွန်းကားတယ်။ သားတော်အရွယ်မရောက်မီ စော်ဘွားဆုံးတော့ ကျိုင်းကမ်းပြည်နယ်ကို စောနန်းတစ်ထီလာက အုပ်ချုပ်ခဲ့တာ ဆယ့်နှစ်နှစ်ကြာတယ်။ သူ့ အပျိုဘဝတုန်းကလည်း ကျိုင်းတုံစော်ဘွားကြီး ကွယ်လွန်တော့ သားတော်က အသက်ဆယ်နှစ် ပဲရှိသေးတော့ သမီးတော်ကြီး တစ်ထီလာဒေဝီက နှစ်နှစ်အုပ်ချုပ်ခဲ့ ရတယ်။

တစ်ထီလာရဲ့သားတော် နှစ်ဆယ့်တစ်နှစ်အရွယ်မှာ မြို့စားရာထူး လွှဲပေး ခဲ့တယ်။ သားတော်က မြို့စားဘဝနဲ့ ငါးနှစ်နေပြီးတော့ လူသတ်မှုဖြစ် တော့ ကျိုင်းကမ်းနယ်ကို မိုးနဲစော်ဘွားနယ်ထဲ ပေါင်းထည့်လိုက်တယ်။ တစ်ထီလာက အုပ်ချုပ်ရေးအာဏာ ပြန်တောင်းဆိုပေမယ့် ပြန်မရ

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ နောက်တော့ တစ်ထီလာဟာ ဆင်ကုန်သည်ဘဝနဲ့ ကျင်လည်ခဲ့တယ်။

တစ်ထီလာဟာ အိန္ဒိယနိုင်ငံ ဒေလီမြို့အထိသွားပြီး ကျောဘုရင်နဲ့ မေရီမိဖုရားကြီးကိုတောင် တွေ့ဆုံခဲ့ဖူးတယ်။ အင်မတန် ထက်မြက်ပြီး အင်မတန် သတ္တိကောင်းတဲ့ ရှမ်းအမျိုးသမီးကြီးပေါ့။ ယောကျ်ားတစ်ယောက်လို တွေးခေါ်မြော်မြင်တတ်တယ်။ သတ္တိလည်း ကောင်းတယ်။ ဆင်တို့ ကျားတို့ကိုတောင် ကိုယ်တိုင် သေနတ်နဲ့ပစ်ဖမ်းတယ်လို့ ဆိုတယ် မေရဲ့။

အောင့်အဘိုးက မေမေ့ကို တစ်ထီလာလို သိပ်ဖြစ်စေချင်ခဲ့တာပဲ။ ဒါမှ ကျိုင်းမိုင်းနယ်က စော်ဘွားမျိုးဆက် မပြတ်မှာလို့ ယုံကြည်တာကိုး။ မေမေ့ကိုလည်း ကိန်းဘရစ်တက္ကသိုလ်ပို့ဖို့အထိ စီစဉ်ခဲ့တယ်လေ”

ကျွန်မကတော့ ပဒေသရာဇ်ခေတ် မိသားစုတစ်စု၏အဖြစ်ကို မျက်စိထဲပေါ်အောင် ပုံဖော်ကြည့်နေမိပါသည်။ အောင်တို့မိသားစု၏ အခြေအနေကိုလည်း ကျွန်မ ရေးတေးတေး သဘောပေါက်လာခဲ့ရပါ၏။ ကျွန်မဖတ်ဖူးသလောက် သီပေါမင်း ပါတော်မူစကာလများအထိ ရှမ်းပဒေသရာဇ် နယ်အရေးနှင့်ပတ်သက်၍ အင်္ဂလိပ်များကိုယ်တိုင်ပင် ကောင်းကောင်းမသိကြသေးဟု ဆိုသည်။ သီပေါမင်း ပါတော်မူချိန်တွင်ပင် ရှမ်းစော်ဘွားများအနေဖြင့် အင်္ဂလိပ်အစိုးရကို သစ္စာရှိနေသမျှ၊ တရားမျှတစွာ အုပ်ချုပ်နေသမျှ နယ်ပယ်အတွင်းရေးများကို စွက်ဖက်မှာမဟုတ်ကြောင်း အကြောင်းကြားထားစေခဲ့သည်။ ရှမ်းလူမျိုးများအနေဖြင့် အင်္ဂလိပ်ကို အာမခံကြသရွေ့ စော်ဘွားများကို ဆက်လက်အုပ်ချုပ်စေခြင်းအားဖြင့် သူ့အရိုးနှင့်သူ့ထိုးဆိုသကဲ့သို့ ကိုယ်တိုင် မနှိမ်နင်းရဘဲ၊ ကိုယ်တိုင် ငွေမကုန်ရဘဲ ငြိမ်ဝပ်ပိပြားနေဖို့သာ လိုရင်း သဘောထားခဲ့ကြသည်။ သို့သော် အင်္ဂလိပ်ကို သစ္စာခံသူရှိသကဲ့သို့ သစ္စာမခံကြသူ စော်ဘွားများ ပေါ်ပေါက်ခဲ့သည်။

“မေ စာအုပ်တစ်အုပ် ဖတ်ဖူးတယ်…အင်္ဂလိပ်တွေရဲ့ ပဒေသရာဇ်အပေါ်ထားတဲ့ သဘောထားက စော်ဘွားတွေရဲ့ ဂုဏ်အဆင့်အတန်းကို အသိအမှတ်ပြုမယ်…စော်ဘွားတွေရဲ့ အခွင့်အရေးကို ပေးမယ်…အင်္ဂလိပ်စစ်တပ်တွေ ရှမ်းနယ်မှာ ချမထားဘူးဆိုရင် စော်ဘွားတွေက ကျေနပ်မှာပဲလို့ တွက်ကြသတဲ့။ အမှိကကတော့ နိုင်ငံခြားတိုင်းပြည်တစ်ပြည်ရဲ့ ဩဇာကို သူတို့မသိအောင် လက်မခံရင် ပြီးတာပဲလို့ သဘောထားကြသတဲ့”



“အမှိကကတော့ ပြင်သစ်တွေ ဖွဲ့စည်းရုံးမှာကို ကြောက်တာပေါ့မေ… နန်းတစ်ထီလာက ဒါကို ကြိုမြင်တယ်…ဒါပေမဲ့ နောက်ပိုင်းကာလတွေမှာလည်း ခေတ်နဲ့မညီတော့တဲ့စနစ်တွေ ခေတ်မစားတော့ဘူးပေါ့လေ… မေမေဟာ အဘိုးနဲ့ စိတ်ဝမ်းကွဲတာမျိုး မရှိပေမယ့် သာမန်မိန်းမသားတစ်ယောက်လို နေချင်ပုံရပါတယ်”

ထင်းရှူးတောထဲ လမ်းလျှောက်ရတာ အေးမြနေပါသည်။ ကျွန်မတို့နှစ်ယောက်ကို သစ်ပင်တွေက နားမလည်နိုင်သလို ကြည့်နေကြပုံမျိုး။ အောင်ကသည်စကားတွေပြောဖို့များ ကလောကို ခေါ်လာတာများလား။ ဒါလည်း ကောင်းတော့ကောင်းပါတယ်လေ…အောင်ပြောချင်ရာစကားတွေနှင့် လိုက်လျောညီထွေရာအရပ် မဟုတ်လား။

သည်မနက်မှာတော့ အောင်နှင့်ကျွန်မ နှစ်ယောက်တည်း လမ်းလျှောက်ထွက်ခဲ့ကြခြင်းဖြစ်သည်။ သက်သက်မလိုက်လာကြတာများလားလို့လည်း တွေးမိရပါ၏။ ကျွန်မနှင့်အောင့်ကို စကားတွေ ပြောကြပါစေတော့ဆိုသည့် စေတနာလည်း ဖြစ်နိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်မ သိချင်ခဲ့သော ပဟေဠိကို အောင်က အေးအေးဆေးဆေး ပြောပြနေလေပြီ။ ကျွန်မ ဝမ်းသာမိရပါသည်။ အောင့်ကို ကျွန်မစိတ်ကူးနှင့် ပုံဖော်ခဲ့တာ ဘယ်လောက်ကွာသလဲ သိချင်တာလည်း ပါသည်။ အောင်က စကားဆက်သည်။

“မေမေဟာ ကွန်ဗင့်ကျောင်းကနေ တက္ကသိုလ်ဝင်ခွင့်အောင်သွားတော့ ရန်ကုန်တက္ကသိုလ်ကို ဆက်တက်တယ်…။ မေမေ တက္ကသိုလ်တက်ခဲ့တဲ့ရက်တွေမှာ မေမေဟာ ကျိုင်းမိုင်းစော်ဘွားရဲ့သမီးတော်ဆိုတဲ့ အရှိန်အဝါရှိခဲ့တယ်။ အစစအရာရာ ပြည့်စုံတယ်။ ရုပ်ရည်ချောမောတယ်ဆိုတဲ့ မိန်းမသားတွေရဲ့ သဘာဝအတိုင်းပါပဲ။ မေမေဟာ ရန်ကုန်တက္ကသိုလ်မှာ သိပ်ကို ထင်ရှားခဲ့တယ်လို့ ဦးရိုးတော်က ပြောပြဖူးတယ်။ မေမေဟာ နူးညံ့တယ်၊ စာဖတ်တယ်၊ သီချင်းဂီတကို ဝါသနာ ထုံတယ်…သည်တော့ အောင့်ဖေဖေဖြစ်လာမယ့်လူနဲ့ တွေ့တော့တာပေါ့…။

အောင့်ဖေဖေက ဦးကျော်ခိုင်…။ ဖေဖေတို့က ရမည်းသင်းဘက်ကပါ။ ဖေဖေတို့မိဘများက သာမန်လူလတ်တန်းစားတွေဆိုတော့ သားဖြစ်သူကိုမိတ္ထီလာမှာ ကျောင်းထားခဲ့တယ်။ ဖေဖေ တက္ကသိုလ်ဝင်တန်းအောင်တော့ တက္ကသိုလ်သွားရဖို့ ဖြစ်လာပြီ…သာမန်လူလတ်တန်းစား မိသားစု

www.burmeseclassic.com

www.burmeseclassic.com



လူချမ်းသာ သားသမီးမဟုတ်တော့ တက္ကသိုလ်ရောက်ရဖို့ဆိုတာ သိပ်ခက်တဲ့အချိန်ပေါ့မေ…တက္ကသိုလ်ဆိုတာ လူတိုင်းမသွားနိုင်ကြဘူး… ဒါပေမဲ့ ဖေဖေ့ကိုတော့ မိဘဆွေမျိုးတွေကပဲ ရောက်အောင် ပို့ခဲ့ကြတယ်…သည်မှာတင် ရမည်းသင်းသားနဲ့ ကျိုင်းမိုင်းအနွယ်တော်တို့ရဲ့ မေတ္တာဇာတ်လမ်း စခဲ့ရတယ်…”

အောင်တို့မိသားစု ဓာတ်ပုံအယ်လ်ဘမ်ကလေးကို တစ်ချပ်ချင်း ကျွန်မ လှန်ကြည့်နေမိသည်။ အောင့်အဘိုး စော်ဘွားအဆောင်အယောင်နှင့် ရိုက်ထားသည့်ဓာတ်ပုံမှာတော့ မကိုင်္ဂလိုခေါင်းဆောင်းပင်ပါသည်။ ရွှေသားမကိုဋ်များလားတော့မသိ။ မျက်နှာက ပဒေသရာဇ်မာန်ဖြင့် တင်းလွန်းလှသည်။ နောက် အောင့်မိခင်စာနန်းမို၏ ငယ်စဉ်ဘဝ၊ ကျောင်းသူဘဝ၊ အပျိုရည်သွေးဖြင့် လှချင်တိုင်းလှနေသည့် မဟာဆန်ဆန်အလှ။

အောင်ကတော့ မိခင်၏မျက်ဝန်းတွေ အမွေရထားသည်ဟုထင်ပါသည်။ အယ်လ်ဘမ်ထဲက ဓာတ်ပုံတွေကို ကျွန်မ စိမ်ပြေနပြေ ကြည့်ဖြစ်ခဲ့ပါ၏။ တချို့ဓာတ်ပုံတွေက ဝါးနေခဲ့ပြီ။ တချို့ဓာတ်ပုံတွေမှာတော့ မျက်နှာတွေက ကြည်ကြည်သာသာ မရှိကြဘဲ သုန်မှုန်နေကြသလို ဖြစ်နေကြတာကိုလည်း ကျွန်မ သတိထားမိသည်။

အောင်က စကားဆက်သည်။

“အောင်မေမေက ညီအစ်မတော်တွေထဲမှာ အချောဆုံးပဲမေ။ ကျွန်တော့်ညီမတော်တွေကလည်း လှကြပါရဲ့။ မေမေ့အလှကို မမီကြဘူး။ မေ့ကိုစောစောကပြတဲ့ဓာတ်ပုံတွေကိုကြည့်ရင် မေမေ ဘယ်လောက်ကျက်သရေရှိတယ်ဆိုတာ တွေ့မှာပေါ့…။ မေမေက ရှမ်းတိုင်းရင်းသူဆိုပေမယ့် ရန်ကုန်မှာ အနေများခဲ့တာက တစ်ကြောင်း၊ ဥရောပအရိပ်အငွေ့မကင်းတဲ့ ကွန်ဗင့်ကျောင်းမှာ ကြီးခဲ့ရတာက တစ်ကြောင်းဆိုတော့ ဝတ်တာစားတာ နေတာထိုင်တာ ပြောတာဆိုတာ သိပ်ကို သိမ်မွေ့တာပဲ…ကျိုင်းမိုင်းစော်ဘွားရဲ့ သမီးတော်ဆိုတော့ သွေးထဲကပါလာတဲ့ ထီမထင်တဲ့ဟန်ကလည်း မေမေ့အလှကို ပိုကြွစေတယ်…သည်လိုပြောလို့ ခေတ်ကျောင်းပွဲတွေ မင်းပွဲ စိုးပွဲတွေအထိ မေမေဟာ စောင်းတီးပြီး သီချင်းဆိုတယ်။ အဘိုးက သည်လိုအခါမျိုးမှာတော့ ဂုဏ်ယူတတ်သတဲ့။ တစ်ခေတ်က ထင်ရှားခဲ့တဲ့ ဒိုရာသန်းအေးတို့ မင်နီဘခက်တို့လိုပါပဲ။ မေမေဟာ



ဟော်နန်းရိပ်မှာရော လူတွေကြားထဲမှာပါ နှစ်ကိုယ်ခွဲဘဝနဲ့ နေခဲ့ရတယ်…အထူးသဖြင့် ကျိုင်းမိုင်း ဟော်နန်းဟာ မေမေနဲ့ ဦးရီးတော်ကြောင့်ပဲ အနည်းအကျဉ်း စိုပြေခဲ့ရတာပါပဲမေ…။

အောင့်ဖေဖေကတော့ တောသားပညာတတ် စာပေသမားတစ်ယောက်ပါပဲ…။ ဖေဖေက စာသိပ်ဖတ်တယ်…အောင်က ဖေဖေနဲ့မေမေ့ဆီက ဂီတအမွေ စာအမွေတွေ ရခဲ့တာလို့ ဦးရီးတော်က ပြောပြဖူးတယ်…တက္ကသိုလ်မှာ အတူကျောင်းတက်တုန်းက မေမေဟာ ရှမ်းစော်ဘွားတစ်ဦးရဲ့ သမီးတော်ဆိုတဲ့ အရှိန်အဝါကလည်း ဟော်တော်ကြီးခဲ့လေတော့ ဖေဖေက မေမေနဲ့ ခင်မင်ခွင့်ရခဲ့တဲ့ နောက်ပိုင်း စာနဲ့ပဲ ရင်ဖွင့်ခဲ့တယ်…မေမေနဲ့ဖေဖေ မေတ္တာမျှကြပြီးတော့လည်း ဖေဖေက မေမေဖတ်ဖို့ စာအုပ်တွေရှာပေးခဲ့တယ်…မေမေကလည်း ဖတ်တယ်။ အနုပညာစိတ်ရှိတဲ့မေမေဟာ စာပေကိုလည်း ကျေကျေညက်ညက် ရှိခဲ့တာပါပဲ။ ဖေဖေနဲ့မေမေဟာ တစ်နေ့တစ်နေ့ ချစ်သူတွေရယ်လို့ ဖြစ်နေကြပေမယ့် စာပေအကြောင်း၊ ဂီတအကြောင်းတွေနဲ့ အချိန်ကုန်ကြတာများတယ်။ မေမေဟာ အနေအထိုင်အားဖြင့်တော့ အမျိုးဂုဏ်၊ စာရိတ္တဂုဏ်တော့ အပျက်မခံရှာပါဘူး။

ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်ရတဲ့ရက်တွေ ကြာလာတာနဲ့အမျှ ဖေဖေနဲ့မေမေ သံယောဇဉ်တွေ သိပ်ကြီးခဲ့ကြတယ်…မေမေဟာ ဟော်နန်းအရိပ်ကို ဝင်ခွင့်မရနိုင်မယ့် ဖေဖေ့ကို အသနားပိုရသလိုပဲ သူ့ကိုသူလည်း ယူကျုံးမရဖြစ်ရှာသတဲ့။ တစ်ခါတော့ ဖေဖေ့ကိုပြောဖူးသတဲ့…ရှင် ကျွန်မရှေ့ကို ဘယ်လိုရောက်လာ ရတာလဲ ကိုကျော်ခိုင်ရယ်…ရှင်နဲ့ကျွန်မ မတွေ့ခဲ့ကြရင် ကောင်းသားလို့ညည်းတာပါ။ မချစ်မိရင် ကောင်းသားလို့ ပြောတာပေါ့မေ…တစ်ခါတစ်ခါ ချစ်မိဟာ ကောင်းသလိုပဲ မချစ်မိတာလည်း ကောင်းတာပါပဲ…”

မချစ်မိတာ ကောင်းသတဲ့လားအောင်…။ မေနဲ့အောင် တစ်ဦးကိုတစ်ဦး မချစ်မိအောင် နေခဲ့ကြတာများလား။ အောင်ကိုယ်တိုင်ကကော မေ့ကို မချစ်မိအောင် နေခဲ့တာများ ဖြစ်နေသလား…။ မေကတော့ မချစ်မိအောင်နေခဲ့တာ မဟုတ်ပါဘူး အောင်…။ ချစ်မိအောင် မနေခဲ့တာပါ။ အောင့်စကားတွေကို နားထောင်ရင်း ကျွန်မ စဉ်းစားနေမိခြင်းဖြစ်ပါ၏။ ဟော်နန်းသူစာနဲ့ ချစ်မိခဲ့ရသော အောင့်ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



ခမျှာ ဘယ်လောက်တောင် သောကရောက်ရှာလိမ့်မလဲ။ ယော်နန်းရိပ်က ခွာဝံ့ရဲသူ မိန်းမသား၏ အချစ်ကလည်း မတွေးဝံ့စရာပင်။

"မေမေ မသိတာတစ်ချက်ရှိတယ်မေ…ဒါကတော့ အဘိုးဟာ ရန်ကုန်မှာ မေမေ့ကိုစောင့်ကြည့်ဖို့ သူ့လူယုံတော်တွေ လွှတ်ထားတယ်ဆိုတာပါပဲ… ဖေဖေနဲ့မေမေ တညင်ဘက်ကို သွားလည်ကြတာ၊ အင်းယားမှာ လှေစီးကြတာကအစ လူယုံတော်တွေက ကျိုင်းမိုင်းကို သတင်းပို့ကြတယ်… အဘိုးက ပထမတော့ မေမေ့ကို သည်လောက်ကြီး မထင်ခဲ့မိသေးဘူးတဲ့…လူငယ်တို့သဘာဝ လွတ်လွတ်လပ်လပ် ခင်ကြမင်ကြတာပဲလို့ ယူဆခဲ့တယ်…မေမေ သည်လောက်ဆုံးဖြတ်ရဲလိမ့်မယ်လို့ မထင်တာလည်း ပါတာပေါ့မေ…ဒါပေမဲ့ မေမေတို့ဟာ ချစ်သူတွေ ဖြစ်သွားကြပြီဆိုတာ သိသွားတဲ့အခါမှာတော့ အဘိုးဟာ အင်မတန်စိတ်ဆိုးသွားခဲ့တယ်…စိတ်လည်း ထိခိုက်သွားခဲ့တယ်…အဲသည်တုန်းက စော်ဘွားအမျိုးအနွယ်တွေဟာ ကိုယ့်အနွယ်တော်တွေထဲက အချင်းချင်းပဲ လက်ဆက်ကြတာကိုး မေရဲ့…အဘိုးဟာ ရန်ကုန်ကို ကိုယ်တိုင်ပဲ လိုက်လာခဲ့ပြီး ကျောင်းကထွက်ဖို့ပါ စီစဉ်တော့တာပါပဲ…ကျိုင်းမိုင်းကို ပြန်ခေါ်လာခဲ့တယ်…ချစ်သူနှစ်ယောက်အဖို့ နွေခေါင်ခေါင် မိုးကြိုးပစ်ခံရတဲ့အဖြစ်ပါပဲ…ဖေဖေ နောက်တစ်နေ့ ကျောင်းတက်တော့ မေမေ ရန်ကုန်တက္ကသိုလ်မှာ မရှိတော့ဘူး…ပညာသင်လက်စနဲ့ပဲ ကျိုင်းမိုင်းကို မေမေ ပြန်လိုက်ခဲ့ရတယ်…မေမေ့ကို ရန်ကုန်ပြန်မလွှတ်တော့ဘူး…။ တစ်နေ့တစ်နေ့ ယော်ထဲမှာပဲ မေမေ ငိုနေခဲ့ရတယ်…အင်မတန် မြတ်နိုးတဲ့ စောင်းကြီးကိုလည်း ရိုက်ချိုးပစ်လိုက်သတဲ့။ စောင်းကို မုန်းလို့မဟုတ်ပါဘူး…စောင်းတီးတိုင်း လွမ်းရလို့တဲ့…မေမေက သန်းရုံခြေပတ်ပျိုးကို သိပ်ကြိုက်တာ မေရဲ့…*'မျှော်လဲကျွမ်းဆည်နှင့်၊ တနွယ်ငယ်ခွေခွေ၊ သဇင်ခက်ကယ် မဆင်ရက်နိုင်နှင့် ဘဝင်သက်ကယ်ဆည်နိုင်ပါစေ၊ သန္တိမချွန်းတောင် ရွာလာပြန်သည် မိုးနှောင်း ဖန်တော်မှုပူဆွေးကြောင်း'* ဆိုတဲ့စာသားတွေ မေမေ ဘယ်ခံနိုင်ရှာမှာလဲ…ဦးရီးတော်က စောင်းတစ်လက် ထပ်ဝယ်ပေးတယ်…"

**အောင့်မျက်လုံးအကြည့်တွေက အတိတ်က ယော်နန်းဆီ ရောက်နေသလား…အဝေးကို ငေးနေသော်လည်း ဘာမှမြင်ပုံမရ။**



"အဘိုးရဲ့အစီအစဉ်ကို ပြောဦးမယ်…မေမေ့ကို ရန်ကုန်တက္ကသိုလ်ဆက်မထားတော့ဘဲ ကိန်းဘရစ်ချ်ကို ပို့ဖို့ပဲ။ အဘိုးက အင်္ဂလိပ်လက်အောက်ခံ ဘဝမှာ ရင်းနှီးခဲ့တဲ့ အင်္ဂလိပ်အရေးပိုင်တစ်ယောက်နဲ့ ချိတ်ထားပြီးသား။ ဖြစ်ချင်တော့ အဲဒီအင်္ဂလိပ်အရာရှိက အင်္ဂလန်မှာ မရှိတော့ဘူး…။ အမေရိကန်နိုင်ငံမှာ အခြေချနေတဲ့အကြောင်း စာရတယ်…သည်သတင်းကလည်း ချက်ချင်းသိရတာတော့ မဟုတ်ဘူး… လေး၊ ငါးခြောက်လလောက်ကြာမှ ကျိုင်းမိုင်းကို ရောက်လာတာပါ…။ ဖေဖေကတော့ အားလုံးနားလည်သွားပြီလေ…။ စာမေးပွဲပြီးတာနဲ့ ကျိုင်းမိုင်းကို မကြောက်မရွံ့ လိုက်သွားခဲ့သတဲ့…။ ဖေဖေက ကျိုင်းမိုင်းဆိုတာ ဘယ်ဆီမယ်ဆိုတာတောင်မသိဘဲ မေးမြန်းပြီးလိုက်လာတာပါ… အချစ်ဆိုတာ လူကို နုံးညံ့စေသလိုပဲ ရဲရင့်စေတာလည်း အမှန်ပဲမေ…။ ဂျွန် မောင့်ကြောင့် စောင့်တော့တယ်၊ အပ်သွား မောင့်ကြောင့် ထောင်တော့သာယ် ဆိုပေမယ့် ဖေဖေက တောင်ကြီးကို လိုက်တယ်။ တောင်ကြီးကနေမှ ကျိုင်းတုံဘက်ကိုတက်တဲ့ လော်ရီကားကြီးနဲ့ လိုက်ရပြန်တယ်။ တစ်ညလုံး လော်ရီကားကြီးပေါ်မှာ ချမ်းချမ်းစီးစီးနဲ့ လိုက်သွားရတာကို စဉ်းစားသာကြည့်တော့။ လိုက်ရမယ့်မိန်းကလေးက စော်ဘွားသမီး။ ဘယ်လိုတွေ့ကြလို့ ဘယ်လိုနေရမယ်ဆိုတာလည်း သိတာမဟုတ်ဘူး… ကားပေါ်မှာ ပက်လက်ကြီးလိုက်ရတာဆိုတော့ မှားလိုက်တာ သတိမေ့မတတ်ဘဲတဲ့…။ ကားပေါ်မှာ သူလိုပဲ ပါလာကြတဲ့ ခရီးသည်တွေက ရှမ်းဆေးတွေ တိုက်ကြ…စောင်တွေနဲ့ ထွေးပေးကြနဲ့ တစ်လမ်းလုံးပြုစုပေးကြတယ်…ဖေဖေကတော့ သတိလစ်မတတ် မှားနေပေမယ့် စိတ်မလျှော့ရဲရှာဘူးပေါ့ မေ…တချို့က မေးကြတယ်။

'မောင်ရင်လေး…ဘယ်အထိသွားမှာလဲ'

'ကျိုင်းမိုင်း'

'ဝေး…ကျိုင်းမိုင်း…ကျိုင်းမိုင်းက အကျယ်ကြီး နင်ဘယ်လိုသွားမှာလဲ…ကားလမ်းကနေသွားရတာ အဝေးကြီး…ဘယ်သူ့ဆီ သွားမှာလဲ'

'ယော်နန်းကို…'

'ဝေး…ယော်နန်းကို နင်ဘယ်လိုဝင်လို့ရမလဲ…'

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို ပြုစုစောင့်ရှောက်ပေးကြတဲ့ ရှမ်းအမျိုးသမီးကြီးတွေက ယော်နန်းကိုဆိုတော့ စကားတွေ တိတ်သွားကြသတဲ့။ ယော်က အနွယ်တော်တစ်ယောက်လို့ထင်ပြီး စကားမပြောကြတော့ဘူး…သူတို့ပြောသလိုပါပဲ၊ ကျိုင်းမိုင်းလမ်းခွဲမှာ ကားရပ်ပေးတော့ ကားပေါ်ကလူတွေက လက်ညှိုးထိုးပြလိုက်ကြတာပါ…ဖျားနေတဲ့လူတစ်ယောက် နှင်းတွေခဲနေအောင်ကျတဲ့ အရပ်ဒေသမှာ မသိတဲ့ လမ်းကနေ မြင်စရာအကြောင်းမရှိတဲ့ မိန်းကလေးတစ်ယောက်ဆီ သွားရမယ့်အဖြစ်ပါပဲမေ…။ သည်လိုနဲ့ ကျိုင်းမိုင်းဘက်သွားတဲ့လမ်းဆုံရောက်လို့ လော်ရီကားကြီးက ချပေးသွားတော့ လမ်းပေါ်မှာတင် ဖျားနေရှာတယ်။ ကားလမ်းနဲ့ အနီးဆုံးရွာကလေးကို ကတုန်ကရီနဲ့ လျှောက်လာခဲ့ပြီး အိမ်တစ်အိမ်ရှေ့ရောက်တာနဲ့ သတိလစ် လဲကျသွားခဲ့တယ်။ ရွာကပဲ စောင့်ရှောက်ပြီး ဆေးကုပေးကြတယ်။ ဒါပေမဲ့ ဖေဖေ့ကို မသင်္ကာကြဘူးတဲ့။ ခေတ်အခါကလည်း မကောင်းတော့ သူ့ကို ပထမ ရိုးရိုးမေးကြတယ်…နောက်တော့ မညှာကြတော့ဘူး…အုပ်ချုပ်ရေးတာဝန်ခံဆီ ပို့လိုက်ကြတယ်။ အဲသည်နယ်က ကျိုင်းမိုင်းနယ်ဆိုတော့ ဖေဖေ့ခမျာ စော်ဘွားသမီးတော်နဲ့ တွေ့ဖို့လာတာလို့လည်း မပြောဝံ့ဘူးတဲ့။ ဖေဖေက ဘာမှမပြောနိုင်လေ ပိုမသင်္ကာလေနဲ့ဖြစ်ပြီး သစ်သားအချုပ်ခန်းမှာ ရက်တော်တော်ကြာနေခဲ့ရတယ်။ အချုပ်ခန်းထဲမှာလည်း ဆင်းဆင်းရဲရဲ နေရတာပါပဲ။ မသေထမင်း မသေဟင်း ဆိုတာလိုတော့ စားရပါရဲ့…။ ဒါပေမဲ့ ဖေဖေက ပညာတတ်တစ်ယောက် ဆိုတာလောက်တော့ ရှမ်းတွေက ရိပ်မိကြတယ်။ သည်လိုလိုက်လာတာကို အဘိုးမကြားသေးခင်မှာ ယော်နန်းကို အသားပို့ရတဲ့ ရှမ်းအမျိုးသမီးတစ်ယောက်ကတစ်ဆင့် မေမေကြားသွားခဲ့တယ်။ ဘာမှမေးမရလို့ မကြာခင် အသတ်ခံရတော့မလိုလို ကြားရတော့ ဦးရိုးတော်စဝ်ကြာဖူးကို စုံစမ်းနိုင်းရတာပေါ့။ မေမေက ဦးရိုးတော်ကို အကျိုးအကြောင်း အားလုံးပြောပြတော့ ဦးရိုးတော်က သူစုံစမ်းကြည့်မယ်လို့ အားပေးတယ်…။ ဦးရိုးတော်က ကလောမြို့သူနဲ့ အိမ်ထောင်ကျတာ ဆိုတော့ ကျိုင်းမိုင်းနဲ့ ကလောကို ကူးလူးနေရတာများတယ်။ သည်နေရာမှာ ဦးရိုးတော်အကြောင်းကို အောင် ကြားဖြတ်ပြောရဦးမယ်…။ ဒါမှ မေ ပိုရှင်းသွားမယ်…"



အောင်နှင့်ကျွန်မ ထင်းရှူးတောဆီက ထွက်လာခဲ့ကြသည်ပင် ကြာသွားခဲ့ပြီ။ မြို့ပြင်ကို ထွက်သည့်လမ်းဘက်ကို လျှောက်ကြရာက ညောင်းသွားကြသဖြင့် ခေါက်ဆွဲဆိုင်ကလေးရှိရာဘက်ကို လာခဲ့ကြရင်း ခေါက်ဆွဲမီးကင်စားကြသည်။ ရှမ်းလက်ဖက်ခြောက်နံ့သင်းသင်းနှင့် ခေါက်ဆွဲမီးကင်မှာ လိုက်ဖက်လှပါသည်။ ဆိုင်ကလေးမှာ လူသူရယ်လို့မရှိ။ ခေါက်ဆွဲသည် သားအမိသာရှိသည်။ နောက်ထပ်တစ်မိုင်လောက်ဆိုလျှင် ကလောမြို့လယ်ကို ရောက်နိုင်ပါ၏။ ကျွန်မတို့နှစ်ယောက်ဆိုင်ကလေးမှာပဲ ထိုင်ဖြစ်ကြသည်။ အောင်က သည်စကားတွေကို ကျွန်မတစ်ယောက်တည်းကိုသာ ပြောချင်ပုံရသည်။ သည်ကနေ့ အချိန်ရခိုက် သူပြောစရာရှိတာ ကုန်စင်အောင် ပြောတော့မည့်ပုံမျိုး။ ကျွန်မကလည်း သိချင်နေသူ မဟုတ်လား။ အလိုက်သင့် စကားထောက်ရင်းသာ နားထောင်နေမိပါ၏။

"ဦးရိုးတော်က အဘိုးရဲ့ ညီအငယ်ဆုံးဆိုပေမယ့် မာနကင်းရှာသူပါ။ အောင်တို့အဘိုးရဲ့ ခမည်းတော် ကွယ်လွန်တော့ အောင်တို့အဘိုးက စော်ဘွား အရိုက်အရာကို ဆက်ခံရတယ်။ ရှေးဘိုးဘေးစဉ်ဆက် မြန်မာဘုရင်တွေရဲ့ သစ္စာခံခဲ့ရတယ်လို့ ကြားဖူးတယ်…အဆောင်အယောင်တွေလည်း ပေးထားတယ်။ ကိုယ့်နယ်မှာကိုယ် ဘုရင်လိုအုပ်ချုပ်နေကြပေမယ့် လက်အောက်ခံ ပြည်သူလူထုဆီက အခွန်အဆက်တွေကောက်ခဲ့ကြတော့ ချမ်းသာချင်တိုင်း ချမ်းသာခဲ့ကြတာပေါ့လေ…အောင်တို့အိမ်မှာ ရှေးက ပုရပိုက်တွေရှိတယ်…အင်းဝဘုရင်တွေကို ကန်တော့လက်ဆောင်ဆက်ရတာတွေ ရေးထားတယ်…ဦးရိုးတော်က အဘိုးရဲ့ညီဆိုပေမယ့် စော်ဘွားအနွယ်တော်လောက်နဲ့ နေခဲ့ရသူပါ…ဦးရိုးတော်ကလည်း စောင်းတစ်လက် သီချင်းတစ်ပုဒ်လောက်တောင် မမက်ဘူး…မမက်မောတဲ့အပြင် ပဒေသရာဇ်ဆိုတဲ့ လူတန်းစားကို ဦးရိုးတော်က မကြိုက်ဘူး မေရဲ့…ဆင်းရဲသူတွေက ပဒေသရာဇ် စော်ဘွားကို အခွန်ဆက်ရတာကို မိုက်ကြေးခွဲတာကွလို့တောင် ပြောဖူးတယ်…ကိုယ့်ရှမ်းရိုးရာအတိုင်းမနေဘဲ ဥရောပဆန်ဆန် နေထိုင်စားသောက်ကြပုံတွေကို ဦးရိုးတော်က ကြိုက်ချင်တာမဟုတ်ဘူး…မုန့်ညင်းချဉ်နဲ့စားရတာပဲ မြိန်တယ်ဆိုတဲ့လူမျိုး…ပြီးတော့ အစ်ကိုတော်စော်ဘွားရဲ့ အနောက်နိုင်ငံတွေအပေါ် အထင်ကြီး ကိုးစားနေတာကိုလည်း ဦးရိုးတော်က စက်ဆုပ်တယ်…ဦးရိုးတော် အမြင်က အင်္ဂလိပ်တွေဟာ တိုင်းရင်းသားတွေကြား

www.burmeseclassic.com

www.burmeseclassic.com



သွေးခွဲတယ်လို့မြင်တယ်…ရှမ်းပြည်နယ်ထဲက တခြားသောရှမ်းလူထုတွေနဲ့ ရိုးရာမပျက် တစ်သားတည်း ဖြစ်ချင်တယ်…အောင်ကတော့ နားလည်နိုင်ပါတယ်မေ…ဒါတွေဟာ အနုပညာသမားတွေမှာ ရှိတတ်တဲ့ စိတ်ဓာတ်မျိုးမဟုတ်လား…တစ်ခါတော့ ညီအစ်ကိုချင်း အချေအတင်တွေ ပြောကြတာများ အဘိုးက လက်သီးနဲ့တောင် ထထိုးသတဲ့…ကိုယ့်အယူအဆကိုယ် ပြောကြတာ နှစ်ဖက်စလုံးမှာ အမှိုင်းရှိကြတာပါပဲ…"

အဆေးဘက်ကလွင့်လာသော ရှမ်းအိုးစည်နှင့် ရှမ်းမောင်းသံတွေ ကြားရပါသည်။ ဈေးဘက်ဆီမှာ အလှူခံအဖွဲ့တစ်ဖွဲ့ အကအခုန်များနှင့် အလှူခံနေကြတာ ဖြစ်နိုင်သည်။ ကျွန်မတို့ ဈေးလည်သည့်နေ့ကလည်း ရှမ်းပျိုဖြူကလေးတွေ စည်းချက်ညီညီ က,ကြတာ ချစ်စရာကောင်းလှပါသည်။ ရှမ်းမကလေးတွေက မျက်နှာကလေးတွေ ပိုင်းစက်နေကြသည်။ လက်ကလေးတွေချည်း ကနေကြသလို ထင်ရသော်လည်း မြူးမြူးကြွကြွရှိသည်။ ကျွန်မတို့ ခေါ်ပုပ်ဆိုင်ကလေးထဲက ထွက်လာခဲ့ကြသည်။ သူငယ်ချင်းတွေ စောင့်နေကြရော့မည်။

"အဘိုးက သူ့ညီတော်ကို နယ်သူနယ်သားတွေ အုပ်ချုပ်ရတာ ပတ်ပျိုးတစ်ပုဒ်ကို စောင်းနဲ့တီးရတာမျိုး မဟုတ်ဘူးကွလို့ အော်တော့…ဦးရီးတော်က အဲဒါ ဟုတ်ချင်လည်းဟုတ်မှာပေါ့…ဒါပေမဲ့ ဓားမိုးထားတာမျိုးတော့လည်း မဖြစ်အပ်ဘူးပေါ့တဲ့။ ဦးရီးတော်ကတော့ ဟော်နန်းနဲ့ ခပ်ကင်းကင်းနေသူပါ…ဦးရီးတော် အိမ်ထောင်ပြုတော့လည်း သူ့သဘောနဲ့သူ ကလောမြို့က ဆွေဂုဏ် မျိုးဂုဏ်ကြီးတဲ့ အရပ်သူတစ်ယောက်နဲ့ပဲ အိမ်ထောင်ပြုလိုက်တယ်…ဒါကိုလည်း အဘိုးက သဘောမတွေ့ခဲ့ဘူး…ဦးရီးတော် လက်ထပ်တော့ အသက်လေးဆယ်လောက် ရှိနေပါပြီ…သူ့ဘဝမှာ ဂီတနဲ့ပဲ ပြီးခဲ့သူပါ…သည်လိုအရပ်သူကို ယူလိုက်တော့ ကျိုင်းမိုင်းတစ်နယ်လုံး ဟာခနဲဖြစ်သွားကြတယ်…ဦးရီးတော်ကို စာနာထောက်ထားကြတယ်…အဘိုးကလည်း နယ်သူနယ်သားတွေအပေါ် ရက်စက်သူတော့မဟုတ်ပါဘူး…စည်းခြားနေတာပဲရှိတာပါ…စော်ဘွားအနွယ်တော်တစ်ယောက်ဟာ ဘာမဟုတ်တာကို ယူရပါ့မလားဆိုပြီး ခေါ်သူ့ပုန်ထလိုက်တာ ဟော်နန်းတစ်ခုလုံး နေစရာမရှိဘူးတဲ့…ဒါတွေက နောက်မှ ဦးရီးတော်ကိုယ်တိုင်ကရော ဟော်နန်းက သစ္စာရှိကြတဲ့ အိမ်စေတွေကပါပြောပြလို့ အောင် သိရတာတွေပေါ့…"



"အောင့်ဖေဖေ လိုက်လာတာကို ဆက်ပါဦး…မေ သိချင်လိုက်တာ"

"အဲဒါပြောချင်လို့ ဦးရီးတော်အကြောင်း ကြိုပြောတာလေ…ဦးရီးတော်က ကလောမှာသွားနေတယ်…ဟော်ကိုလည်း အဝင်အထွက်မပျက်ပါဘူး…အစ်ကိုတော်ကိုလည်း လေးစားရှာပါတယ်…စေတနာမေတ္တာနဲ့ ပြောနေတယ် ဆိုတာလည်း သိတယ်…မေမေက ဦးရီးတော်ကို သူ့ချစ်သူလိုက်လာတဲ့အကြောင်း ပြောပြတယ်ဆိုတာနဲ့ သည်ကိစ္စဟာ မိုးတက်မီးလောင်တော့မယ်ဆိုတာ သဘောပေါက်လိုက်ပြီ…ဦးရီတော်နဲ့ တူမတော်တို့နှစ်ဦးသား သည်ကိစ္စကို အကြေအလည် ဆွေးနွေးရပြီပေါ့…ဦးရီးတော်က ချက်ချင်းပဲ ဖမ်းထားတယ်ဆိုတဲ့ရွာကို လိုက်သွားတယ်…သိပ်အချိန်ကြာရင် အဘိုးဆီ သတင်းရောက်သွားတော့မှာ သေချာတယ်…နှစ်ပတ်တစ်ခါ နယ်ခံအစည်းအဝေးရှိတော့ နယ်မှာဖြစ်သမျှ စော်ဘွားကို အသိပေးရတာတွေ ရှိတယ်…။

ဒါတွေဖြစ်မလာခင် အဲသည်ရွာကို မြင်းနဲ့ပြေးရတာ…ရွာက နမ့်ခိုက်ဆိုတဲ့ရွာ…ရှမ်းရွာပါပဲ…ရွာကလူတွေက ရိုးသားကြတယ်။ ရွာကြီးဆိုတော့ စော်ဘွားရဲ့အထောက်တွေ ရှိတယ်…ရွာရောက်တော့ ဦးရီးတော် စပ်ကြားဖူးကို ဆီးကြိုကြတယ်…ဦးရီးတော်ကိုချစ်ကြတော့ ဖမ်းထားတဲ့လူကို တွေ့ပေးကြတယ်။ ဦးရီးတော်နဲ့တွေ့စမှာ ဖေဖေက နာလန်ထစပါ…အချုပ်ခန်းထဲမှာ ငုတ်တုပ်ထိုင်နေရာက အချုပ်ခန်းတံခါး ဖွင့်လိုက်တော့ လူတစ်ယောက်ဝင်လာတာ တွေ့တယ်…ဦးရီးတော်က အနားကလူတွေအားလုံး အဖယ်ခိုင်းလိုက်ပြီး သူမေးမယ်ဆိုပြီး အချုပ်ခန်းထဲမှာပဲ မေးသတဲ့…

'မောင်ရင်က ဘယ်ကလာတာလဲ'

'ရန်ကုန်ကပါ'

'ကျိုင်းမိုင်းကို အရင်က ရောက်ဖူးလို့လား'

'မရောက်ဖူးပါဘူး ခင်ဗျာ…'

'အခုက ဘာလာလုပ်တာလဲ…'

'မိတ်ဆွေတစ်ယောက်ရှိတာနဲ့ မေးရင်းမြန်းရင်း ရောက်လာတာပါ…ကျွန်တော် နိုင်ငံရေးသမားမဟုတ်ပါဘူး…'

'အဲသည်မိတ်ဆွေက ဘယ်သူလဲ…ဘာလုပ်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သာမန်လူတစ်ယောက်ပါပဲ…'

'မောင်ရင့်နာမည်ကကော…'

'ကျော်ခိုင်ပါ…'

နမ့်ခိုက်ကအပြန်မှာ ရွာကလူတွေကို သည်သတင်းမပေါက်ကြားစေနဲ့… ဆော်ဘွားကြီးတောင် မသိစေနဲ့ဦး…သူစီမံမယ်လောက်ပြောပြီး ပြန်လာခဲ့တယ်…အချုပ်ခန်းမှာ မထားဘဲ ကောင်းကောင်းမွန်မွန်ထားဖို့နဲ့ ပြုစုစောင့်ရှောက်ထားဖို့လည်း မှာထားခဲ့တယ်…။

ကျိုင်းမိုင်းကိုရောက်တော့ ဦးရီးတော်က တူမတော်ကို သည်အကြောင်းတွေ အကုန်အစင် ပြောပြလိုက်တယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသား ကိုကျော်ခိုင် ဆိုကတည်းက မေမေဟာ ဆောက်တည်ရာမရတော့ဘူးပေါ့…အခက်အခဲတွေ အခြေအနေတွေကလည်း ဆိုးဖို့သာရှိတော့တာ မဟုတ်လား…ချစ်သူရဲ့ စွန့်စားမှု မြတ်နိုးမှုကိုလည်း လေးစားအံ့ဩရတယ်။ သေလုမျောပါး ဝေဒနာနဲ့ အချုပ်ခံထားရတယ်ဆိုတာ ကြားတော့ မေမေ ငိုတာပဲတဲ့…။

သည်သတင်းဟာ အနေးနဲ့အမြန်ဆိုသလို အဘိုးရဲ့နား ပေါက်သွားရင် မလွယ်ဘူးဆိုတာလည်း မေမေက သိတယ်။ ဘာမှမတတ်နိုင်တဲ့အဆုံး မေမေဟာ ဦးရီးတော်ကိုပဲ အားကိုးရတော့တာပေါ့။ ပြောသာပြောရတာ ပြဿနာဟာ ကမ္ဘာပျက်လောက်တယ်ဆိုတာလည်း သဘောပေါက်ကြတယ်။ ဦးရီးတော်က ချက်ချင်းတော့ လက်မခံပါဘူး။ မဖြစ်နိုင်တဲ့ကိစ္စ မဟုတ်လား။ ဒါပေမဲ့ သူတောင် အချစ်အတွက် သူ့စိတ်ကြိုက်ရွေးချယ်ခဲ့တာဆိုတော့ ကိုယ်ချင်းလည်းစာရှာတယ် ထင်ပါရဲ့။ တူမတော်ကို ချစ်လည်းချစ်တယ်။ သနားလည်းသနားတယ်။ ကူလည်း ကူညီချင်တယ်။ သည်တော့ လက်ခံလိုက်တာပါပဲ…။ တူမတော်ရဲ့ စိတ်နေသဘောထားကို သဘောကျသလို လူငယ်တွေရဲ့ ချစ်ခြင်းမေတ္တာကိုလည်း နားလည်ခံစားမိပုံ ရပါတယ်။ ခေတ်အခြေအနေအရ စော်ဘွားတွေရဲ့ အခြေအနေတွေကလည်း ပြောင်းလဲလာပြီဆိုတော့ သူ့တူမတော်ကို စော်ဘွားအရိုက်အရာခံယူပြီး ပဒေသရာဇ် ဘောင်ကျဉ်းကျဉ်းကလေး ထဲမှာ တစ်သက်လုံး အကျဉ်းကျနေတာမျိုးလည်း မဖြစ်နိုင်တော့ဘူး လေ…။ သည်တော့ အဘိုးမသိအောင် ကျိုင်းမိုင်းက ခွာပြီး နမ့်ခိုက်ရွာမှာ



ရှိနေတဲ့ ကိုကျော်ခိုင့်ဆီသွားဖို့သာ အကြံပေးရတော့တာပေါ့။ တကယ်ကျတော့ ဒါကလည်း မလွယ်ဘူး။ မေမေက ဦးရီးတော်နဲ့ ကလောလိုက်သွားချင်တယ်လို့ ပြောတာကို အဘိုးက လိုက်ခွင့်မပြုဘူး။ သည်ကိစ္စမှာ ဦးရီးတော်အနေနဲ့ အထင်လွဲ မခံရအောင် နေပြဖို့ကလည်း ရှိသေးတာကိုး။ အစ်ကို့ဘက်ကကြည့်တော့ သမီး၊ သူ့ဘက်က တူမဆိုတော့ သူတတ်နိုင်တာ ဒါပဲမဟုတ်လား။ ကျန်တာက မေမေ့ကိစ္စ ဖြစ်သွားပြီလေ။

မေမေဟာ ဦးရီးတော်ပြန်သွားကတည်းက စိတ်နှလုံးညှိုးနွမ်းနေခဲ့ရှာတယ်။ ကျိုင်းမိုင်းကနေ အဲသည်ရွာကလေးကို ရောက်ဖို့က မြင်းအပြင်းစီးသွားရင်တောင် နေ့ဝက်စာခရီးလောက်ဝေးတယ်။ သွားတွေ့တယ်ဆိုတာနဲ့ အုပ်လို့ဆိုင်းလို့ကလည်း မရနိုင်တော့ဘူး။ သည်တော့ မေမေဟာ ပြတ်ပြတ်သားသား ရွေးချယ်ရပြီပေါ့။

မေမေဟာ သည်အကြောင်းတွေကို ဒိုင်ယာရီရေးထားတဲ့အတွက် နောင်အခါ အောင်ဖတ်ခွင့်ရခဲ့တယ်မေ…ကျိုင်းမိုင်းအထိ လိုက်လာတဲ့ချစ်သူ… အချိန်မရွေး ဒုက္ခရောက်သွားနိုင်တဲ့အခြေအနေ။ မေမေဟာ လက်တစ်ကမ်းမှာ ရောက်နေတဲ့ချစ်သူကို လက်မကမ်းလိုက်မိရင် တစ်သက်လုံး ဝေးရတော့မယ့်အဖြစ်။ သည့်ထက်ဆိုးတာက ချစ်သူဟာ အချိန်မရွေးဒုက္ခရောက်သွားနိုင်တယ်။ ရှင်ကွဲမဟုတ်တော့ဘဲ သေကွဲတောင် ကွဲရတော့မယ့် အခြေဆိုက်သွားနိုင်တာကိုလည်း ထည့်တွေးတယ်။ ကိုကျော်ခိုင် တစ်ခုခုဖြစ်သွားခဲ့ရင် တစ်ယောက်တည်း ရှင်သန် ကျန်ရစ်ခဲ့ရတာဟာလည်း ဘာအဓိပ္ပာယ်ရှိတော့မှာလဲဆိုတာ မေမေ ရေးထားတာများ အောင်တော့ မျက်ရည်တောင်ကျမိပါတယ်…"

အောင်က ပြောရင်း ဝမ်းနည်းသံကလေး ပါလာသည်။ ကျွန်မကတော့ ထူးဆန်းလှသော အောင့်စကားတွေကိုသာ တစ်လုံးမကျန် နားစိုက်ထောင်နေခဲ့မိပါသည်။ ရုပ်ရှင်ကားတစ်ကား သို့မဟုတ် ဂန္ထဝင်ဝတ္ထုကြီးတစ်ပုဒ်သာဆိုလျှင် စိတ်ကူးယဉ်ဆန်လွန်းသလိုလိုပင် ခံစားမိရလောက်သည်။ သို့သော်လည်း အဖြစ်တွေက တကယ့်အဖြစ်အပျက်များပင်။ ဓာတ်လမ်းက အထွတ်အထိပ်ကို ရောက်နေခဲ့ပြီ။ ချစ်သူနှစ်ယောက်။ တစ်ယောက်က ယော်နန်းဒေဝီ။ တစ်ယောက်က သာမန်ကျောင်းသားတစ်ယောက်။ ကျိုင်းမိုင်းနယ်ကြီးထဲက ပဒေသရာဇ်နယ်ရှင်တစ်ဦး၏

www.burmeseclassic.com

www.burmeseclassic.com



ချောမောလှပသောသမီးတော်ထံ စွန့်စွန့်စားစားရဲရဲလိုက်လာဝံ့သော လူစွန့်စားတို့၏ အချစ်ဇာတ်လမ်းကို ကျွန်မ ကြိုတင်မှန်းဆ၍မရနိုင်ခဲ့။ အချစ်ဆိုတာ ကြောက်စရာကောင်းလှချည့်လား။ အချစ်ဆိုတာ ခွန်အားတစ်မျိုးပါလား...။

ကျွန်မတို့နှစ်ယောက် ရေစီးနေသည့်မြောင်းကလေးအတိုင်း လျှောက်ခဲ့ကြသည်။ ခပ်လှမ်းလှမ်းမှာတော့ အိမ်ကလေးတွေ ဟိုတစ်လုံး သည်တစ်လုံး။ ပန်းစိုက်ခင်းပေါင်းတွေပေါ်မှာတော့ ပန်းရောင်စုံတွေ ပွင့်နေကြသည်။ ပန်းတောင်သူမိသားစုတွေများပေလား။ လူ့ဘဝဆိုတာကလည်း ခဏပွင့်လိုက်ကြသည့် ရောင်စုံပန်းပွင့်တွေနှင့် တူသည်ဟု ကျွန်မ တွေးလိုက်မိပါသည်။ အဖြစ်ရောင်စုံ၊ အပျက်ရောင်စုံ။

"ဆောရီး မေ...အောင်စိတ်ထိခိုက်သွားမိတယ်...မေမေဟာ အဲသည်ကတည်းကပဲ မာကျောသွားလေသလားလို့ အောင်တော့ထင်မိတယ်...သိပ်ပြတ်သားလွန်းတဲ့ မေမေ့ကို အောင် အံ့ဩရတာ ခဏခဏပဲ...ဒါတွေတော့ အကြောင်းဆုံရင် အောင်ပြောပါဦးမယ်...မေမေက ဆုံးဖြတ်ပြီးရင် မပြင်တော့ဘူး...သည်ကိစ္စမှာလည်း မေမေဟာ ဆုံးဖြတ်လိုက်တာပါပဲ...ဖေဖေ့ဆီကို လိုက်တော့မယ်ပေါ့လေ...ဒါပေမဲ့ အဘိုးကယော်က မခွာဘဲဖြစ်နေတယ်...ခါတိုင်းဆိုရင် အဘိုးက ယော်မှာ ရှိခဲ့တယ်... တစ်နယ်လုံးလျှောက်သွားနေတာပဲ...အဲသည်ရက်မှာ ထူးထူးဆန်းဆန်း အဘိုးက ယော်နန်းမှာမြဲနေခဲ့တယ်...မေမေ့ခမျာ တကယ်တမ်းကျတော့ စိတ်ချယုံကြည်ရမယ့်လူရယ်လို့ မရှိရှာခဲ့ဘူး...ပြောလည်း မပြောရဲဘူး။ တစ်ရက်တော့ အဘိုးဟာ ကျိုင်းမိုင်းနဲ့ဝေးတဲ့ မိုးနည်းဘက်ကို ခရီးတစ်ခုသွားရဖို့ ဖြစ်လာတယ်။ ခါတိုင်း အဘိုးခရီးသွားတယ်ဆိုရင် မေမေ ဒါမှမဟုတ် သမီးတော်တစ်ယောက်ယောက် လိုက်နေကျ။ သည်တစ်ခေါက်မှာတော့ မေမေ့ညီမ်တွေ မရှိကြဘူး။ သည်တော့ မေမေ့ကို လိုက်ခဲ့ဖို့ခေါ်တယ်။ မေမေက သူ့သိပ်မကျန်းမာလို့ မလိုက်ပါရစေနဲ့ တောင်းပန်ပြီးနေရစ်ခဲ့တယ်။ အဘိုးက သူ့လူယုံတွေကို အပ်သွားခဲ့ပုံတော့ရပါတယ်...။ မေမေက နောက်ရက်တွေမှာ မြင်းစီးထွက်တယ်။ နမ့်ခိုက်ကို ချက်ချင်းမသွားဘူး။ မြင်းအစီးပြပြီး ယော်ကို ပြန်ပြန်လာတော့ အဘိုးရဲ့လူယုံတွေကလည်း ဘာမှမပြောသာကြဘူး။ ပြောလည်း မပြောဝံ့ကြပါဘူး။ တစ်ရက်တော့ မေမေက လက်ဝတ်လက်စားတချို့နဲ့



အဝတ်အစား နည်းနည်းပါးပါးထည့်လာပြီး မြင်းနဲ့တောက်လျှောက်စိုင်းလာတော့တာပါပဲ။ ထွက်တော်မူယော်နန်းက ခွာရတဲ့နေ့ကို မေမေက ဒိုင်ယာရီရေးခဲ့တယ်။ သူ မထားချင်ဘဲ ထားခဲ့ရတာ စောင်းတစ်လက်ပဲတဲ့...။ ယော်နန်းထဲမှာ သူ့ကိုယ်စား သူ့စောင်းကို ထားခဲ့ရတဲ့သဘောပေါ့လေ...။ နမ့်ခိုက်ကိုရောက်တဲ့အခါ စော်ဘွားကြီးသမီးတော်ဆိုတော့ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြတယ်။ မြင်းတစ်စီးနဲ့ ရောက်လာတဲ့ မေမေ့ကို အရိပ်တကြည့်ကြည့် ရှိကြတယ်။

ရွာအုပ်ချုပ်ရေး တာဝန်ယူထားတဲ့ စိုင်းပန်ကို ဧည့်စိမ်းတစ်ယောက် ရောက်နေတာ ဟုတ်သလားမေးတယ်။ စိုင်းပန်က ရှိပါတယ်ပြောပြီး အပေါ်ထပ်မှာထားတဲ့ ဖေဖေ့ကို ခေါ်လာခဲ့တယ်။ ဖေဖေဟာ မေမေ့ကို တွေ့လိုက်ရတယ်ဆိုရင်ပဲ အံ့ဩဝမ်းသာလွန်းလို့ မျက်ရည်တွေတောင် လည်ရှာသတဲ့။ မေမေကတော့ မျက်နှာကို တင်းထားပြီး အင်္ဂလိပ်လို အခြေအနေကို ရှင်းပြလိုက်တယ်။ ရွာမှာ ကြာကြာမနေပါဘူး... ဧည့်သည်ကို စိုင်းပန်ကိုယ်တိုင် မြင်းနဲ့တင်ခဲ့ဆိုပြီး ရွာကနေ ပြန်ထွက်လာခဲ့ကြတယ်။ စိုင်းပန်ကလည်း စော်ဘွားသမီးဆိုတော့ စောဒကမတက်ဝံ့ဘူး။ ဦးရီးတော်ရောက်တုန်းက သည်ဧည့်သည်ကို အချုပ်အခန်းထဲက ထုတ်ခိုင်းတယ်၊ အခုလည်း သမီးတော်က မြင်းပေါ်တင်ခေါ်ခဲ့ဆိုတော့ သံသယမဖြစ်ပါဘူး။ စိုင်းပန်ကိုတော့ မေမေက ရှမ်းဘာသာနဲ့ ပြောပြတာပါ။ သည်လူဟာ ကျိုင်းတုံကို သွားမယ့်လူဖြစ်တဲ့အကြောင်း၊ လမ်းမှားပြီး ရောက်လာတာဖြစ်ကြောင်း၊ ရန်သူမဟုတ်ကြောင်း၊ အခုပဲ အချုပ်ကလွှတ်ပြီး ကျိုင်းတုံလမ်းမကြီးပေါ်အရောက် ပို့ပေးရမှာဖြစ်ကြောင်း ပြောပြတော့ စိုင်းပန်က မြင်းထုတ်လာပြီး ဖေဖေ့ကို တင်စီးလာခဲ့တယ်။ မြင်းနှစ်စီး အပြင်းနှင်လာလိုက်ကြတာ ညနေစောင်းတော့မှ ကျိုင်းတုံသွားတဲ့လမ်းက ရွာတစ်ရွာကို ရောက်ကြတယ်။ စိုင်းပန်ကို ပြန်လွှတ်လိုက်တဲ့အခါမှာတော့ စိုင်းပန်က သံသယဖြစ်သွားတယ်။ ဝေးလံတဲ့အရပ်က ရွာတစ်ရွာမှာ သမီးတော်နဲ့ လူစိမ်းကို ထားခဲ့ရတယ်ဆိုတာ သဘာဝမကျတော့ဘူးကိုး။ စိုင်းပန်က မေမေ့ကို အာမခံဝံ့လို့သာ ပြန်ရပေမယ့် သူ့စိတ်ထဲမှာ တစ်စုံတစ်ရာ လွဲချော်နေပြီဆိုတာ သိလိုက်ပြီ။ မေမေ့ကို ရှမ်းလိုပြောရှာတယ်တဲ့။ 'သခင်မလေး...ကျုပ်ကျောပေါ်

www.burmeseclassic.com



ရာဇဝတ်ဒဏ် တင်လိုက်ပြီလား…' တဲ့။ မေမေ့ဒိုင်ယာရီမှာ ရေးထားတာလေ။ မေမေက စိုင်းပန်ရဲ့အဖြစ်ကို သနားသွားခဲ့တယ်။ စိုင်းပန်းကသူ့မြင်းတစ်စီးနဲ့ အကျိုးဆောင်ပေးခဲ့တယ်ဆိုတာ အဘိုးသိသွားရင် မတွေးဝံ့စရာကိုး။ သိလည်းသိသွားခဲ့တာပါပဲ"

ကျွန်မရင်ထဲမှာ ဘာမှန်းမသိဘဲ ကျဉ်ခနဲ ခံစားလိုက်ရပါသည်။ စိုင်းပန်ဆိုသူ ရှမ်းအမျိုးသားကြီး၏ ဇာတ်သိမ်းကို ကျွန်မ မကြားရက်သလိုလည်း ရှိရပါသည်။ အောင်က စကားစကို ဖြတ်ထားခဲ့သည်။

ရွာကလေးတစ်ရွာမှာ ကျွန်ရစ်ခဲ့ကြသည့် ချစ်သူနှစ်ဦး။ မြင်းတစ်စီးနှင့် ရာဇဝတ်ဘော် အသင့်ခံရဖို့ ရွာပြန်လာခဲ့ရသည့် စိုင်းပန်…။

"သိပ်အေးလာပြီမေ…အိမ်ရောက်ရင် ရေနွေးချိုးလိုက်…လန်းသွားအောင် မေ့ကို ရှမ်းဆေးတိုက်ဦးမယ်…ကိုတိုးကြီးတို့ကတော့ မေတ္တာပို့နေလောက်ရောပေါ့"

ကျွန်မမှာတော့ မတင်မကျ ခံစားမှုဖြင့် ရင်ခံသလို ဖြစ်နေခဲ့ပါ၏။ အောင်က စကားတစ်ခွန်းတော့ ဆက်ပြောခဲ့သည်။

"အချစ်ဆိုတာ ဆွတ်ပျံ့ကြေကွဲစရာကောင်းတဲ့ ရက်စက်မှုတစ်မျိုးပဲမေ…"

အောင် ဘာကိုဆိုလိုတာပါလိမ့်။

■

(၄၁)

ကျွန်မမှာ ဂန္ထဝင်ဝတ္ထုကြီးတစ်ပုဒ်ကို ခိတ်နှစ် ကိုယ်နှစ် ရှူးရှူးစိုက်စိုက် စိတ်ဝင်တစား ဖတ်နေရာမှ တစ်ယောက်ယောက်က လာပုတ်လိုက်သလို ခံစားမှုရသကလေး လွင့်စင်သွားရပါ၏။ တကယ့်အခန်းကိုရောက်မှ အောင်က ဖြတ်လိုက်သလိုဆိုတော့ မချင့်မရဲဖြစ်မိသည်။ ကလောမြို့၏ ဆောင်းဦးရာသီက ထုံကျင်လောက်အောင် အေးစက်တာမှန်သော်လည်း သည်အအေးဒဏ်ကိုပင် ကျွန်မမေ့နေခဲ့သည်။ အောင်ကပဲ အပြောကောင်းလို့ပဲလားတော့မသိပါ။ အောင်ပြောသမျှကို နားထောင်ရင်း လွန်ခဲ့သောနှစ်များစွာက ကျိုင်းမိုင်း ဟော်နန်းကြီးထဲမှာ ဖြစ်ခဲ့သော မိသားစု အတွင်းရေးများသည်ပင် ရင်ခုန်စရာကောင်းလှပါသည်။

ကလောကို ကျွန်မတို့တစ်တွေ ချစ်တတ်နေပြီ။ အညာနွေခေါင်ခေါင်မှာ အားမာန်နှင့် ရှင်သန်တတ်သော ထနောင်းပင်တွေကို အေးမြသော ကမ္ဘောဇ ရှမ်းနယ်မှာ လာစိုက်ထားသလို ဖြစ်နေသလားတော့ မပြောတတ်ပါ။ ကျွန်မတို့ အားလုံး သိုးမွေးထည်တွေကိုယ်စီနှင့်ဖြစ်၏။ ကလောရာသီဥတုကို အထင်သေးကာ အနွေးထည် လုံလုံလောက်လောက် ယူမလာမိခဲ့ကြသော ကျွန်မတို့ကို အောင်က သိုးမွေးအနွေးထည်တွေ ဝယ်ပေးသဖြင့် အဆင်ပြေရတော့သည်။ ပင်လယ်မျက်နှာပြင်မှ ပေပေါင်း ၄၃၀၀ မှာ တည်ရှိသော တောင်ပေါ်မြို့ကလေးဆိုတော့ အေးလွန်းမြလွန်းလှပါသည်။ ရှေးပလောင်အမျိုးသားများ တည်ခဲ့သော မြို့ဆိုပါ၏။ ပလောင်ဘာသာဖြင့် ကလောက်ဟုခေါ်ကြရာက ကလောဖြစ်လာသည်ဟု ပြောပြကြသည်။

"ကလောက်ဆိုတာ ဇလုံလို့ပြောတာပါ…တောင်တွေ ပတ်ချာဝိုင်းနေတော့ အလယ်က ချိုက်ချိုက်ကလေးဖြစ်နေတာက ဇလုံနဲ့တူတာကိုး… ကလောက နေလို့ထိုင်လို့ကောင်းတယ်…လှိုင်းတက်၊ ယင်းမာပင်၊ ဘုရားသုံးဆူ ကျော်လာတာနဲ့ ဝက်ဖြူတောင်ကို တက်ရပြီလေ…

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်တက်ပြီဆိုတာနဲ့ ရာသီဥတု ပြောင်းသွားတာ သိပ်သိသာတာပဲ…"

ကလောမှာ ခင်ခဲ့ရသည့် မိတ်ဆွေတွေက ကျွန်မတို့ကို ပြောပြခြင်းဖြစ်သည်။ ပြောလည်းပြောလောက်ပါရဲ့။ ထင်းရှူးနံ့တသင်းသင်း၊ အေးမြသောလေညှင်းသည် ကလော၏ အမှတ်အသားပင်။ တောင်တန်းတွေပေါ်က ချယ်ရီခင်းတွေလို အခင်းတွေ၊ ထင်းရှူးတောတွေထဲမှာ ကျွန်မတို့အားလုံး ပျော်ခဲ့ကြရပါ၏။ ကလောမြို့ဘူတာရုံအနီးက တောင်လားချောင်းကိုလည်း ရောက်ကြသည်။ ရွှေဥမင်စေတီတော်ကိုလည်း ဖူးခဲ့ကြသည်။ ယခင်က ဥတောပတိုက်သားများ နှစ်မြိုက်စွာ အပန်းဖြေကြသည့် တောင်ပေါ်မြို့ကလေးဆိုတော့ သယ်ရပ်သန့်ရှင်းလှပါသည်။ မြို့ဝန်းကျင်မှာတော့ စိုက်ခင်းတွေ ရှိသည်။ ကျွန်မကတော့ ရှမ်းစာတွေကို တစ်ဝစားသည်။ တို့ဟူးနွေးနွေး၊ ရှမ်းဆန်စေးစေးကလည်း အရသာတစ်မျိုးပင်။

"အောင့်ကို ကျေးဇူးတင်ပါတယ်…မေကတော့ ကမ္ဘာလောကအသစ်တစ်ခုကို ရောက်ရသလို ခံစားမိပါတယ်…မေတို့သူငယ်ချင်း တစ်ပြုံလုံးကြီး ခေါ်လာလို့ အားတော့နာပါရဲ့…ရွှေဥမင်စေတီမှာ မေတော့ ဆုတောင်းခဲ့တယ်…"

"ဘာဆုတောင်းတာလဲမေ…"

"ကလောမြို့ကလေးကို နောက်ထပ် အခေါက်ခေါက်အခါခါ ရောက်ရပါစေ ဘုရားလို့ပေါ့…"

ကျွန်မစကားကို ထွေးထွေးသိန်းက ဝင်ဖောက်လိုက်သေးသည်။

"ဟယ်…သီရိမေနဲ့ငါနဲ့ ဆုတောင်းတူနေပြီ…ဘုရားတပည့်တော်မ ကလောမှာ နှစ်ကိုယ်သစ္စာဆိုပါရစေလို့…"

"အောင်မယ်…နင်က ဘယ်သူနဲ့များ သစ္စာဆိုမလို့တုံးဟဲ့"

"ငါ့ရင်ထဲက ချစ်သူနဲ့ပေါ့…အခုတော့ သူငယ်ချင်းလိုပဲပေါ့ဟယ်… တစ်နေ့တော့ နင်တို့ကို ငါရင်ဖွင့်ပါ့မယ်ဟာ"

အားလုံးက ဝေးခနဲ အော်လိုက်ကြသည်။ ထွေးထွေးသိန်းက မျက်နှာကလေး ညှိုးဟန် မဲ့ဟန်လုပ်နေလို့ ရယ်ကြခြင်းဖြစ်သည်။

ကျွန်မကို ဆောင်းပြောနေတာများလား။ မသိသလိုသာ နေလိုက်ရပါ၏။ ဘာကြောင့်ရယ်မသိ သည်မြို့ကလေးကို ကျွန်မချစ်နေမိသည်။ တစ်ချိန်က ဩဇာအရှိန်အဝါ ကြီးမားခဲ့ကြသော စော်ဘွားဆိုသူများနှင့် ဟော်နန်းစံ ဒေဝီတွေကို



ကျွန်မ စိတ်ဝင်စားသည်။ အောင်တို့မိသားစုဇာတ်လမ်းတွေကိုပဲကြည့်လေ။ ထူးဆန်းလှတာမဟုတ်သော်လည်း ထူးခြားနေတာတော့ အမှန်ပင်။

ကျွန်မတို့နှစ်ယောက် အိမ်ထဲကိုဝင်ခဲ့တော့ အဘွား ဒေါ်နန်းတုံက ခေါပုတ်ကြော် ပူပူရှရှတွေ ချပေးသည်။ ကိုတိုးကြီးတို့တစ်တွေကတော့ ဝိုင်တွေသောက်ထားကြသဖြင့် စကားတွေ ကျယ်လှသည်။ ကိုတိုးကြီးအသံက အားလုံးကို လွှမ်းမိုးနေသည်။ ကျွန်မတို့မိန်းကလေးတစ်သိုက်ကတော့ ပင်လောင်းလက်ဖက်ခြောက်ကောင်းကောင်းဖြင့် နှပ်ထားသော ရေနွေးကြမ်းပူပူကိုပင် အရသာတွေ့နေကြပါ၏။ ရှမ်းထမင်းချဉ် ရှမ်းထမင်းဝါတွေကိုလည်း လက်လွှတ်မပေးကြ။ နှမ်းထောင်းနံ့မွှေးမွှေး ခေါပုတ်ပန်းကန်ကြီးလည်း ချက်ချင်းပြောင်လေတော့သည်။ စိုးစိုးမော်က ပန်းကန်ကို ထောင်ပြရင်းက နောက်သည်။

"ခွေးလျက်တာထက်တောင် ပြောင်သေးဆိုတာ ဒါမျိုးနေမှာပဲ"

"ဟဲ့ သီရိမေ…စားလေဟယ်…နင်ပဲ ရှမ်းစာကြိုက်လှဆို…ရှမ်းစာ တစ်သက်လုံးစားနိုင်ပါ့ဆို"

ခေါပုတ်ပန်းကန်ကြီး တက်တက်ပြောင်လေမှ နွယ်နွယ်တင်က ကျွန်မရှေ့ထိုးပေးရင်း ကျွန်မကို ကလိသည်။ အဓိပ္ပာယ်တွေနှင့် စကားမဟုတ်လား။ နွယ်နွယ်တင်က စလိုက်တော့ ဒါမျိုးချောင်းနေသော ထွေးထွေးသိန်းကပါ နောက်က ကပ်လျက်ချပ်လျက် ပါလေတော့၏။

"သီရိမေက ရှမ်းစာတင်ကြိုက်တာမဟုတ်ပါဘူးဟာ…ရှမ်းမောင်းဆိုင်းလည်း ကြိုက်တယ်ဟ…နောင်နောင်…နောင်ဗိန်နောင်…"

ပြောရင်းက ရှမ်းက,ထကနေတော့၏။ ကျွန်မတို့အကြောင်း မသိသော ဒေါ်နန်းတုံက ရှမ်းတီးဝိုင်း ခေါ်ပေးမယ်လေ ဆိုလို့ ရယ်ကြရပြန်သည်။

အောင်နှင့်ကျွန်မကို သားမှာထားကာ ကိုတိုးကြီးတို့ရှေ့မှာပဲ ကျွန်မတို့နှစ်ယောက်ကို စ,နေကျဆိုတော့ ထူးပြီး မျက်နှာမပူမိတော့ပါ။ အောင်ရော ကျွန်မပါ မျက်နှာထားတတ်နေကြပါပြီ။ ရင်ထဲမှာတော့ လှုပ်ခတ်နေမိပါ၏။ အောင့်ကိုတော့ အကဲမဖမ်းတတ်ပါ။ အောင့်စိတ်တွေက တစ်နေရာကို ရောက်နေတာလား။ ဟန်ဆောင်နေတာလား။ မှန်တာပြောရလျှင် ကျွန်မစိတ်တွေက အောင်ပြောပြခဲ့သည့် ကျိုင်းတုံလမ်းတစ်နေရာက ရွာတစ်ရွာမှာ ရောက်နေကြသည့် ဟော်နန်းဒေဝီနှင့် ကိုကျောင်းသားတို့ဆီမှာ ရောက်နေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးကြီးဆီက ဂစ်တာသံ ကျောင်ကျင်ထွက်လာတော့ အားလုံးငြိမ်သွားခဲ့ကြပါ၏။ ကိုတိုးကြီးက သီချင်းတစ်ပုဒ် တီးလိုက်တော့ ထွေးထွေးသိန်းတို့အုပ်စုလိုက် သီချင်းတွေ ဝင်ဆိုကြသည်။ အောင်က သီချင်းဝိုင်းမှာမပါဘဲ ကျွန်မကို လှမ်းပြောသည်။

"အောင်တို့ပြောလက်စ စကား ပြန်ဆက်ကြရအောင်…မေ နားထောင်ချင်လား"

"အို…အောင်ရယ် နားထောင်ချင်လိုက်တာမှ…"

ကျီးပြီသလို တအားအားအော်နေကြသော ဂစ်တာဝိုင်းဆီက အောင်နှင့်ကျွန်မ ထလာခဲ့ကြပါသည်။ သူငယ်ချင်းတွေက သီချင်းထဲမှာ အာရုံရှိနေကြတော့ ကျွန်မတို့ ထသွားတာကို မြင်သော်လည်း စိတ်ဝင်စားပုံမပြကြပါ။ တစ်ခုထူးဆန်းတာက အောင်ကိုယ်တိုင် သူ့မိသားစုအတွင်းရေးတွေကို ကျွန်မတစ်ယောက်တည်းကိုပြောသလိုဖြစ်နေခြင်းပင်။ အများရှေ့မှာ မပြောတာကိုလည်း ကျွန်မ သတိထားမိပါ၏။ မပြောချင်တာပဲလား၊ ကျွန်မတစ်ယောက်ယောက်တည်းကိုပဲ သိစေချင်တာလား။ ဒါတော့ ကျွန်မလည်း မဆခွဲတတ်နိုင်ပါ။ ကျွန်မတို့နှစ်ယောက် မီးလင်းဖိုကြီးအောက ဖင်ထိုင်ခုံပုကလေးတွေပေါ်မှာ ထိုင်လိုက်ကြသည်။ ဂစ်တာဝိုင်းက သီချင်းသံတွေက လိုက်လာကြသည်။

*"နေဝင်ချိန် မိုးကလေးတစ်ပြိုက် x x အပြင်မှာ မှောင်မည်းမည်းကောင်းကင်တိမ်တိုက် x x လာပါမေရယ် ထိုင်ကြစို့ x x ပြောကြပစေလိုက်ခဲ့ရဲရဲ သတ္တိမွေးလိုက် x x ချစ်လို့ပေးခဲ့ x x အနမ်းကလေးတစ်ရှိုက် x x မေ့မရဘူး x x ရင်ထဲမှာလှိုက်လှိုက် x x မီးလင်းဖိုလေးရင်ခွင်ရဲတိုက်"*

သီချင်းကို ထပ်ကာကြော့ကာ ဆိုနေကြတာကို ကျွန်မရိပ်မိသော်လည်း အောင်ကတော့ စကားလုံးတွေ ရှာနေပုံရပါသည်။ ကျွန်မက အောင့်နှုတ်ခမ်းတွေကို ကြည့်နေလိုက်မိသည်။ သူငယ်ချင်းတွေကတော့ ကျွန်မတို့နှစ်ယောက်ကို ထုံးစံအတိုင်း ကဗျာတစ်ပုဒ်ပုဒ်၊ စာတစ်ပုဒ်ပုဒ် ပြောနေကြလိမ့်မည် ထင်ကြလိမ့်မည်။ မီးလင်းဖိုထဲမှာတော့ မီးတွေတောက်လောင်နေကြသည်။ သည်နေရာကလေးက နွေးလှပါသည်။ အောင်က ရိုးရိုးသားသားပင် မေးသည်။

"မေ…အေးသလား…လက်အိတ်ယူမလား…အသစ်တွေရှိတယ်"

"မအေးပါဘူး အောင်…မီးလင်းဖိုကလေးက နွေးပါတယ်"



သီချင်းသံက ပြန်ကြော့လာခဲ့ပြန်ပါ၏။

*"ချစ်လို့ပေးခဲ့ x x အနမ်းကလေးတစ်ရှိုက် x x မေ့မရဘူး x x ရင်ထဲမှာလှိုက်လှိုက် x x မီးလင်းဖိုလေး ရင်ခွင်ရဲတိုက် x x"*

ကျွန်မစိတ်ထဲကပဲ ပြုံးလိုက်မိသည်။ အောင်နှင့်ကျွန်မက ချစ်သူတွေမဟုတ်ကြတော့ အနမ်းလေးတစ်ရှိုက်ဆိုတာမျိုး မရှိကြပါ။ အောင်က စကားစပြောဖို့ပြင်တုန်းမှာ ကျွန်မက ကပျာကယာ ဝင်မေးလိုက်မိသည်။

"နေပါဦးအောင်…စကားမဆက်ခင် မေ့ရင်ထဲ မကောင်းတာလေးမေးပါရစေဦး…စိုင်းပန်ရဲ့ဇာတ်သိမ်းကို သိချင်တာ…အဲဒါအရင်ပြောပြပါလား"

အောင်က ကျွန်မစကားကိုကြားတော့ ရယ်သည်။ မထင်တာ မေးလိုက်လို့ ထင်ပါ၏။

"စိုင်းပန်ရဲ့စကားကိုကြားတော့ မေမေက ဝတ်ထားတဲ့စိန်လက်စွပ်တစ်ကွင်း စိုင်းပန်ကို ချွတ်ပေးလိုက်တယ်…ရွာရောက်ရင် မိသားစုကိုခေါ်ပြီး ကလောက ဦးရီးတော်အိမ်မှာ နေတော့လို့ မှာလိုက်တယ်…စိုင်းပန်က ချက်ချင်းပဲ နမ့်ခိုက်ရွာကိုပြန်သတဲ့…အဘိုး ကျိုင်းမိုင်းကိုပြန်မရောက်ခင် ကလောက ဦးရီးတော်ဆီကို မိသားစုလိုက် ပြေးလာခဲ့ကြတာပဲ"

"အောင့်အဘိုးက စိုင်းပန်ကို ပြန်လာဖို့ အမိန့်မချဘူးလား"

"နောက်ပိုင်းမှာ အဘိုးက စိုင်းပန်ကို ဒေါသူပုန်ထတော့တာပေါ့ ..အဘိုးဆီပါသွားရင် မလွယ်ဘူးလေ…ဦးရီးတော်က ဖျောင်းဖျရှာလွန်းလို့ညာလိုက်တာ…သမီးတော်ခိုင်းလို့ လုပ်ရတာ စိုင်းပန်မှာ အပြစ်မရှိတဲ့အကြောင်း မနည်းပြောရတာတဲ့ မေရဲ့…"

"စိုင်းပန်ကော…"

"ဆုံးသွားတာ ကြာပြီ…အခု အောင်တို့အိမ်မှာရှိနေတာ စိုင်းပန်ရဲ့မိန်းမနဲ့ သမီးတွေပေါ့…အဘွား ခေါ်နန်းတုံက စိုင်းပန်ရဲ့ဇနီးလေ…"

"သြော်…အဲသလိုလား…ကိုင်း ဆက်တော့…ရပြီ"

www.burmeseclassic.com

www.burmeseclassic.com

(၄၂)

"မေမေဟာ လူနှစ်ယောက် မြင်းတစ်စီးနဲ့ အဲဒီရွာကလေးမှာ ညအိပ်ဖို့ ဆက်နေသင့်မှန်းသိပေမယ့် သည်နေရာကို အဘိုးရဲ့လူယုံတော်တွေ အချိန်မရွေး ရောက်လာနိုင်တာကိုး...။ မေမေပျောက်သွားမှန်းသိရင် လိုက်လာကြတော့မှာကို သိတော့ ညတွင်းချင်း ထွက်ဖို့စီစဉ်ရတယ်။ မေမေ့မြင်းက ပန်းနေတော့ မြင်းနှစ်ကောင်နဲ့ လူတစ်ယောက်ငှားပြီး ချက်ချင်းထွက်ကြတယ်။ လိုက်ပို့တဲ့လူကို မေမေစီးလာတဲ့မြင်း ပေးလိုက်တော့ လိုက်ပို့တာပေါ့...။

အဲသည်ညက အင်မတန်ကြောက်စရာကောင်းတဲ့ညလို့ မေမေ့ဒိုင်ယာရီထဲမှာ ရေးထားတယ်။ တိုင်းပြည်ကလည်း မငြိမ်မသက်တဲ့အခါကြီး... မြင်းခွာသံတွေဟာ လမ်းဘေးမှာ ဟိန်းကျန်ရစ်ခဲ့တာပဲ...ဖေဖေက လိုက်ပို့တဲ့လူကိုဖက်ပြီး နောက်ကလိုက်ရတာ...မေမေက မြင်းတစ်စီး။ ဖေဖေကတော့ မေမေစီစဉ်သမျှ နာခံနေရုံပါပဲ...ချစ်ရသူနဲ့ တွေ့ရပြီး သည်အခြေအနေဖြစ်လာတာကိုပဲ အံ့သြနေတာပေါ့လေ...ဘာမှန်းမသိ ညာမှန်းမသိ ကျိုင်းမိုင်းကို လိုက်လာတာဟာ တကယ်တော့ ချောက်ချားစရာကြီးမဟုတ်လား။ မေမေတို့ကို လိုက်ပို့တဲ့မြင်းသမားက သည်ဘက် လမ်းတွေကို ကျွမ်းတော့ တောလမ်းတွေက ခေါ်သွားတာတဲ့...ဒါပေမဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ တောလမ်းခရီးက သွားရတာဆိုတော့ မေမေရော ဖေဖေပါ ကြောက်လိုက်ကြတာ တုန်ခိုက်လို့တဲ့...တောကြီး တောင်ကြီးထဲမှာ မြင်းတွေမောရင် လေကွယ် တောကွယ်အရပ်တွေမှာ မီးဖိုပြီး နားကြရတယ်။ မြင်းတွေရော လူတွေရော ပန်းမှန်းသိတော့ မေမေကပဲ တောတွင်းတစ်နေရာမှာ အိပ်ကြဖို့ ဆုံးဖြတ်လိုက်ရတော့တာ



ပါပဲ။ မြင်းသမားက စိတ်ကောင်းရှိသူပါ။ မေမေတို့ကို မီးဖိုဘေး အိပ်နိုင်းပြီး မိုးလင်းအောင် စောင့်ပေးခဲ့တယ်။ မေမေက လက်ဝတ်လက်စားထုပ်ကို ခါးမှာ ပဝါတစ်စနဲ့ သိုင်းချည်ပြီး မနိုးတစ်ဝက် နိုးတစ်ဝက် အိပ်ခဲ့ရသတဲ့။ နှစ်ယောက်စလုံးကို အန္တရာယ်ပြုနိုင်တဲ့အခြေအနေမဟုတ်လား။ မေမေ့ဒိုင်ယာရီမှာ ဘယ်ဆီဘယ်ဝယ်မှန်း မသိရတဲ့ တောကြီးတောင်ကြီးထဲက မီးဖိုကလေးဘေးမှာ ချစ်သူနဲ့နေခွင့်ရခဲ့တာကို အံ့လည်းအံ့သြ ဝမ်းလည်းဝမ်းသာခဲ့တယ်လို့ ရေးတယ်။ သူတို့ဘဝဟာ မိုးတစ်ခါလင်းတိုင်း ဘယ်နေရာမှာ ဘယ်လိုနေရမယ် ဘာတွေကြုံရမယ်ဆိုတာတွေ ကြိုတွေးဖို့ ခက်တဲ့ဘဝမဟုတ်လား။ ချစ်သူနဲ့ ဝေးရမှာစိုးလို့သာ အသက်စွန့်လာခဲ့ရတယ်။ စဉ်းစားကြည့်တော့လည်း နှလုံးသားကို ဦးစားပေးလွန်းရာ ကျနေပြီဆိုတာ မေမေရော ဖေဖေရော သိကြပါတယ်"

ကျွန်မကတော့ တောထဲတောင်ထဲက ထင်းခြောက်မီးဖိုကို ကျွန်မရှေ့က အိမ်တွင်းမီးလင်းဖိုနှင့် နှိုင်းယှဉ်ကြည့်နေမိပါသည်။ မီးတောက်ကလေးတွေက တဖျပ်ဖျပ်လောင်လို့၊ တစ်ဖက်ဝိုင်းဆီက တဝါးဝါး တဟားဟားရယ်သံတွေကိုလည်း ကြားနေရသည်။

"တိုတိုပြောကြပါစို့...မိုးလင်းတော့ မြို့ကလေးတစ်မြို့ကို ရောက်ခဲ့ကြတယ်။ မြင်းရှင်လည်း တစ်စီးကိုစီး တစ်စီးကိုဆွဲပြီး ပြန်သွားခဲ့တယ်။ အသက်ကို စောင့်ရှောက်ခဲ့တဲ့ မြင်းရှင်ကို မေမေက လက်စွပ်တစ်ကွင်း ပေးလိုက်သတဲ့...။ အဲသည်မြို့ကလေးမှာ မထင်မရှားနေခဲ့ကြပြီး ဖေဖေ့ မြို့ ရမည်းသင်းကို ပြန်ခဲ့ကြတယ်လို့ပဲ ပြောရအောင်"

"အောင့်အဘိုး အခြေအနေကကော ဘယ်လိုရှိခဲ့လဲ"

"အဘိုးဟာ ခရီးကပြန်လာလာချင်း သမီးပျောက်တာသိပြီ...ဒါပေမဲ့ လူတွေမျှော်လင့်ထားသလို ဒေါသတွေ အကြီးအကျယ်ထွက်တာမျိုးတော့ မရှိဘူးတဲ့။ အဘိုးက အဲသကိုငြိမ်ပြီး ဒေါသတွေထွက်နေရင် သိပ်ကြောက်စရာ ကောင်းတယ်လို့ပြောတယ်။ သမီးအကြောင်း တစ်ခွန်းမှ မဟတော့ဘူးတဲ့...တကယ်တော့ အဲသည်အချိန်မှာ အဘိုးဟာ အင်မတန် စိတ်ဓာတ်ကျနေတဲ့အချိန်လည်းဖြစ်တယ်...ဆော်ဘွားရယ်လို့ အမည်ခံသာ ကျန်တော့တဲ့ဘဝ ရောက်နေပြီကိုး မေရဲ့...ထားပါတော့ လေ..."

www.burmeseclassic.com

www.burmeseclassic.com



အောင်က မီးငြိမ်းသွားသော ထင်းချောင်းကို မီးကျီးခဲပေါ် မ,တင်ရင်းက ဆက်ပြောသည်။

"အောင့်ကို ရမည်းသင်းက မေမေတို့အိမ်ကြီးမှာ မွေးတာပါ။ ရမည်းသင်းက အဘိုးအဘွားတွေကလည်း မေမေ့ကို စော်ဘွားသမီးရယ်လို့ အင်မတန်တန်ဖိုးထား ချစ်ခင်ကြတယ်။ အောင့်ကိုမွေးတဲ့ညက ဟော်နန်းမှာ ထူးဆန်းတာတစ်ခု ဖြစ်ခဲ့တာလည်း မေ့ကိုပြောပြရဦးမယ်... အောင့်ကို မွေးတဲ့ညက အဘိုးဟာ ညကြီးသန်းခေါင် ညအိပ်ဝတ်စုံကျားကြီးဝတ်ပြီး နှစ်လုံးပြူးသေနတ်ကြီးနဲ့ ဟော်နန်းထဲက ထလာသတဲ့...အစောင့်တွေကလည်း ရှိကြတော့ ကြောက်နေကြတာပေါ့...သည်လို သေနတ်ကြီး ကိုင်ပြီး ထွက်လာတာ မတွေ့ဖူးကြတော့ ထူးဆန်းနေကြတယ်...။ 'အိုက်ဆမ်း...ငါ့ခြံထဲက ကလေးငိုသံ ကြားတယ်...ကလေးငိုသံက တိတ်ပဲမတိတ်နိုင်ဘူး...မင်းတို့ မကြားကြဘူးလား...တစ်ခြံလုံး လိုက်ကြည့်ကြစမ်း...တွေ့ရင် အသာမွေ့ခဲ့ကြ...' အစောင့်တွေကလည်း ခိုင်းလို့သာလိုက်ရှာရတယ် သူတို့လည်း ကြားတာမဟုတ်ဘူး...ကျေနပ်လောက်အောင် ရှာပေးကြပေမယ့် မတွေ့ကြပါဘူး။ အဘိုးကို မတွေ့ကြောင်း ပြောပြတော့ 'ငါ့နား...့ သေသေချာချာကြားတယ်... မတွေ့ရင်လည်း နေပါစေ' လို့ပြောပြီး ပြန်ဝင်သွားခဲ့တယ်တဲ့။ ရမည်းသင်းကအောင့်ငိုသံဟာ ကျိုင်းမိုင်းဟော်ကြီးထဲမှာ သွားကြားရတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားမေ...ဒါပေမဲ့ ဒါက တကယ်ဖြစ်ခဲ့တယ်"

ကျွန်မကတော့ ထူးဆန်းသော အောင့်စကားတွေကို နားမလည်နိုင်လောက်အောင် ဖြစ်ရပါ၏။

"အဘိုးဟာ သမီးကြီးဖြစ်တဲ့ မေမေ့ကို စိတ်အနာကြီးနာသွားရှာလို့ လိုက်ခေါ်ဖို့မပြောနဲ့ ကျိုင်းမိုင်း ဟော်နန်းထဲမှာ မေမေနဲ့ပတ်သက်တာ မကြားချင်ဘူးလို့ ပြောထားသတဲ့။ အောင် အခါလည်သားအရွယ်လောက်မှာ ဦးရီးတော် စဝ်ကြာဖူး ရမည်းသင်းကို ဖြန့်ခနဲ ရောက်လာခဲ့တယ်...မေမေတို့ကို ကလောမှာ သူနဲ့အတူ လိုက်နေလှည့်ပါလို့ ခေါ်တာပါ...။ ဦးရီးတော်မှာ သားထောက်သမီးခံလည်း မထွန်းကားခဲ့တဲ့အပြင် ဇနီးသည်ကလည်း ဆုံးပါးပြီဆိုတော့ သည်ခြံကြီးထဲမှာ သူတစ်ယောက်တည်းလိုလို ဖြစ်နေတာပေါ့လေ။ အဖေအပါးတွေရှိပေမယ့် သွေးရင်းမဟုတ်ကြဘူးကိုး။ မေမေတို့ဘက်ကလည်း တစ်လှည့်နေချင်



နေကြပါစေ ဆိုတော့ ဦးရီးတော်နဲ့ပဲ အောင်တို့ ကလောကိုရောက်ခဲ့ကြတယ်။ အခု အောင်ပြောခဲ့တာတွေက အောင် သိတတ်တဲ့အရွယ်ရောက်လာလို့ ဦးရီးတော်ကရော၊ မေမေကရော၊ အဖေအပါးတွေကပါ ပြောပြလို့ သိရတဲ့အချက်တွေပါ။ မဆက်စပ်မိတာတွေကို အောင်က မေးရင်းမေးရင်း ဇာတ်လမ်းကို ရေလည်လာခဲ့ရတာတွေပါ။ သည်အထိတော့ ဇာတ်လမ်းက မဆန်းသေးဘူးပေါ့မေ..."

သည်အချိန်ကလေးမှာပဲ ဂစ်တာအဖွဲ့ ဇာတ်ခေါင်းကွဲလာကြကာ မီးလင်းဖိုဆီ လာဝိုင်းကြလေတော့သည်။ အောင်က မီးဖိုထဲကို ထင်းတွေ ထပ်ထည့်လိုက်တော့ မီးတောက်တွေ တက်လာသည်။ ကိုတိုးကြီးက ဂစ်တာကို သေးရှုကာ လက်ဖဝါးတွေကို ပွတ်ကာ မီးကင်သည်၊ နွယ်နွယ်တင်နှင့် ကိုကိုနိုင်ကတော့ အပြင်မှာပဲ စကားတွေပြောနေခဲ့ကြပါသည်။

"အမယ်လေးလေး...ဘာတွေများ ပြောနေကြတာတုံး...ကျုပ်တို့လည်း ကြားချင်စမ်းပါဘိ"

ညဉ့်နက်နေပြီဖြစ်သော်လည်း အောင်က အိမ်အစေအပါးတစ်ယောက်ကို ကော်ဖီဖျော်ခိုင်းလိုက်သည်။ ဟုတ်သားပဲ...ကလောညအေးအေးမှာ ကော်ဖီမွှေးမွှေးကလေးသောက်ဖို့ အောင်မို့ စိတ်ကူးရသည်။

"အောင့်အကြောင်းတွေ ပြောပြနေတာပါ...နားထောင်မလား"

"သီရိမေကိုသာ ပြောပြပါနော်...သူက စာရေးဆရာမလုပ်မယ့်သူမှတ်လား...လုံးချင်းဝတ္ထုကြီး ရတာပေါ့"

ကိုတိုးကြီးက ကော်ဖီလင်ဗန်းထဲက ကော်ဖီတစ်ခွက် ကောက်ယူလိုက်ရင်း စကားစသည်။

"အောင်...မိန်းကလေးတွေနဲ့ လာရတာဆိုတော့ တို့ ပြန်မှဖြစ်မယ်...မနေ့က ငါ့အိမ်ကို ဖုန်းဆက်တော့ နွယ်နွယ်တင်တို့အမေက လာမေးတယ်တဲ့...။ ဟုတ်တော့လည်းဟုတ်တယ်...သိပ်ကြာတော့လည်း မကောင်းဘူး...အဲသည်တော့ ငါစဉ်းစားထားတာပေါ့ကွာ...သန်ဘက်ခါ ပြန်ကြမယ်"

အားလုံးက မပြန်ချင်ကြသေးသော်လည်း အိမ်က စိတ်ပူကြရှာမည်။ မိန်းကလေးတွေမဟုတ်လား။ သည်လောက်ခွင့်ပြုထားတာပင် လွန်လှပြီ။ စိုးစိုးအေးက ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သန်ဘက်ခါ ပြဿဒါးရက်ကြီး ကိုတိုးကြီးရဲ့...မပြန်ချင်သေးဘူး"

"အောင်မာ...ရက်ရာဇာ ပြဿဒါး ရွေးနေရသေးဗျာ...သည်လောက် ကလောမှာနေချင်ရင်လည်း ကလောသားနဲ့ ယူလေဟာ...ငါ မြင်းခြံကျ တော့ ကြည့်ပြောလိုက်မယ်"

"သီရိမေ...ဘယ်လိုလဲ...ငါအဖော်ရအောင် နင်လည်း စဉ်းစားဟာ"

"ကျီးကန်းမတွေ တော်တော့...စကားကောင်းပြောနေတာ...ဘယ်လိုလဲ အောင်...ပြန်ဖို့ကိစ္စ..."

အောင့်ကို မေးနေကြပြီ။ ကျွန်မကိုယ်တိုင်မှာလည်း စိတ်နှစ်ခွဖြစ်နေသည်။ မိဘနှစ်ပါး စိတ်ပူနေမှာကိုလည်း သိပါ၏။ ပြန်လည်းပြန်ချင်သည်။ နေလည်းနေချင်သည်။ သို့သော် စိတ်ရှိတိုင်းနေဖို့ကလည်း ခက်သည်။ မိန်းကလေးဆိုတာ သည်လိုပဲမဟုတ်လား။

"ကိုင်း...ဒါဖြင့် သည်လိုလုပ်...ညကျတော့ အောင်စဉ်းစားကြည့်ဦးမယ်...မနက် ဘရိတ်ဖတ်စ်မှာ ပြောကြရအောင်"

ထိုညက ကော်ဖီသောက်ကြရင်း စကားနည်းနည်းပြောပြီးကြသည်နှင့် လူစုခွဲခဲ့ကြသည်။ အောင်နှင့်ကျွန်မ ပြောလက်စစကားတွေ ရပ်ထားလိုက်ရပြန်ပြီ။ ကလောက မပြန်ခင်တော့ ပြည့်ပြည့်စုံစုံ ကြားရကောင်းပါရဲ့။ ကလောညကတော့ ညဥ့်နက်လေ အေးစက်လာလေ။ နှင်းကြွေသံလား၊ မိုးပေါက်သံလား၊ ထင်းရှူးတောလေတိုးသံတွေလား။ ကျွန်မနားထဲမှာတော့ အသံတစ်မျိုး ကြားနေသလိုပင်။ အားလုံးအိပ်မောကျကုန်ကြသည်အထိ ကျွန်မအိပ်မပျော်နိုင်ခဲ့။ အောက်ထပ်ဆီက တိုးတိုးကလေးတီးနေသော ဂစ်တာသံကို ကြားနေရသည်။

အောင်...ထင်ပါရဲ့။

■

(၄၃)

မနက်ခင်းစားပွဲမှာ ကျွန်မတို့အားလုံး ကော်ဖီသောက်ကြသည်။ ကြက်ဥကြော်၊ ပေါင်မုန့်မီးကင်၊ ထမင်းကြော်၊ ရှမ်းတို့ဟူး စသည့်အစားအစာတွေ ကြိုက်ရာစားလို့ရပါ၏။ ကိုတိုးကြီးနှင့်အောင်တို့က ခေါင်းချင်းဆိုင်ကာ တိုးတိုးတိုင်ပင်နေကြသည်။ ကျွန်မတို့သူငယ်ချင်းတွေကတော့ ထုံးစံအတိုင်း ပွက်ပွက်ညံနေကြပါ၏။

"ထွေးကတော့ ပဲပုပ်နဲ့မုန်ညင်းချဉ်ကို လျှာပေါ်မှာ စွဲနေပြီမောင်... ထွေးတော့လေ မောင်တို့ရှမ်းရိုးရာယဉ်ကျေးမှုတွေကို ဖက်တွယ်ပြီး မောင်နဲ့အတူ ဟောဒီကလောမြို့ကလေးမှာ နေတော့မယ်...ထွေးကို ခွဲမသွားပါနဲ့နော်..."

ထွေးထွေးသိန်းက အရေးထဲ ပြဇာတ်ထွက်နေသည်။ အားလုံးက ထွေးထွေးသိန်းကိုကြည့်ကာ အူတက်နေကြသည်။ တကယ်ဝမ်းနည်းပုံဖြင့် နှပ်တွေညှစ်ပြရင်း အမူအရာတွေ လုပ်ပြနေခြင်းဖြစ်သည်။ စိုးစိုးမော်က ထွေးထွေးသိန်းကို လက်ညှိုးထိုးရင်းက အော်လိုက်သည်။ မီးသတ်ပိုစတာတွေထဲကအတိုင်းပင်။

"ဟော့...သင့်ကြောင့် မီးမလောင်ပါစေနှင့်"

"ဟားဟား...ငါ့ကိုများ သင့်ကြောင့် မီးမလောင်ပါစေနှင့်တဲ့...နင်တို့က မီးဆားရှောင် မလောင်ခင်တားတွေ"

သည်တော့ နှယ်နှယ်တင်က ဝင်ပြန်သည်။

"တိတ်...မီးခိုးတော့ အပြုတ်နံ၊ လူခိုးတော့ အစုတ်ကျန်"

ထိုစဉ်မှာပင် ကိုတိုးကြီးက အသံသြသြကြီးနှင့် ဝေါက်တော့၏။

"ဟော့...ပိုးဖလံမတွေ မီးကိုတိုးမနေကြနဲ့...ငါပြောမယ်...တို့ သန်ဘက်ခါ မနက်စောစော ပြန်ကြမယ်...ကနေ့ည Farewell Party လုပ်မယ်... မီးပုံပွဲပေါ့။ ညခုနစ်နာရီ ရောက်ရာအရပ်က သတင်းပို့ကြ...ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက လက်ခုပ်တွေတီးကြသည်။ နွယ်နွယ်တင်ကလွဲလျှင်ပေါ့လေ။ နွယ်နွယ်တင့်ခမျာ ပြန်ချင်ပုံမရသေးပါ။ ကလောမှာ ချစ်သူနှင့်နေရတာကို ပျော်နေပုံရပါ၏။ ကျွန်မကကော…။ ကျွန်မလည်း ရောယောင်လက်ခုပ်တီးလိုက်ရသော်လည်း ပြန်ဖို့တော့ ဝမ်းနည်းမိသလိုလို…။

"ညကျရင် မဲနှိုက်မယ်…ကျရာဇာတ်ရုပ်ကို အမူအရာလုပ်ပြရမယ်… တစ်ယောက်ကို သီချင်းတစ်ပုဒ် ဆိုပြရမယ်"

စားသောက်ပြီးကြတော့ ညပွဲဆက်ရန်ရှိသေးသဖြင့် ကလောဈေးထဲကို ဈေးထွက်ဝယ်ကြဖို့ တိုင်ပင်ကြသည်။ ကျွန်မကတော့ ဈေးကို မလိုက်ချင်တော့။ ထွေးထွေးသိန်းကို အိမ်ပြန်လက်ဆောင်တချို့ ဝယ်ဖို့မှာလိုက်ရသည်။ ကိုကိုနိုင်ကတော့ နွယ်နွယ်တင်ကို လိုက်ပို့ရမှာဆိုတော့ အပျိုထိန်းဖြစ်ရတော့သည်။

"အေးပေါ့ သီရိမေရယ်…ငါ ကိုယ်ချင်းစာပါတယ်ဟယ်…နင်တို့အဖြစ်က ဂဠုန်မြောင်းခြားရတဲ့အဖြစ်မဟုတ်လား…မှာတမ်းတွေ ခြွေစရာရှိကြမှာပေါ့လေ"

"ကိန္နရာချောင်းခြားပါ ထွေးသိန်းရယ်…နင်ကတော့ လုပ်ရော့မယ်"

ကိုတိုးကြီး၊ ထွန်းကျော်၊ မျိုးတင်လတ်တို့သုံးယောက်ကတော့ ဘာအစီအစဉ် ရှိကြသည်မသိ။ ထွက်သွားနှင့်ကြပြီ။ မြင်းခြံသူတွေကတော့ ရှိုးစမိုး အပြည့်ထုတ်ကာ ကလောက ကာလသားတွေစိတ်ညစ်အောင်လုပ်ဖို့ အဆင်သင့်ဖြစ်နေကြပြီ။ သူငယ်ချင်းတွေ တရုန်းရုန်းဖြစ်နေကြချိန်မှာပင် ကျွန်မနှင့်အောင် ခြံထဲက မိုးမခပင်ကြီးအောက် ထွက်ခဲ့ကြသည်။ မိုးမခပင်ကိုင်းတွေက ဖားဖားလျားလျား၊ နှင်းဆွတ်လေကြောင့် ယိမ်းနေကြပါ၏။ မိုးမခပင်အောက်မှာ ခုံတန်းရှည်ဖြူဖြူကလေးတစ်လုံးရှိ၍ ကျွန်မနှင့်အောင် အတူထိုင်လိုက်ကြသည်။ ထွေးထွေးသိန်းတို့အုပ်စုကြီး ထွက်သွားတော့ လှမ်းအော်နေကြသေးသည်။

"သွားပြီဟေ့…ပိုက်ကွန်ကြီးကြီးနဲ့ဆိုရင် တစ်ကောင်လောက်တော့ မိကောင်းပါရဲ့…"

အောင်နှင့်ကျွန်မ ရယ်မိကြသည်။ အောင်က မနေ့ညကစကားကိုဆက်ဖို့ စကားစရှာနေပုံရပါ၏။ ကျွန်မကပဲ အောင့်ကို စကားစဖော်ပေးလိုက်ပါသည်။

"အောင်ရယ်…ကနေ့တော့ ဇာတ်လမ်းကို ဆုံးအောင်ပြောနော်… မနက်ဖြန် ပြန်ရတော့မှာမဟုတ်လား…"

"ကနေ့မပြီးတော့လည်း မေတစ်ယောက်တည်း ကလောမှာနေခဲ့ပေါ့ ရတာပဲဟာ"



"ဇာတ်လမ်းပြီးရင်လည်း ပြန်ရမှာပဲမဟုတ်လား အောင်…ပြန်ရမယ့်အတူတူ မနေပါရစေနဲ့တော့…"

အောင်က ကျွန်မကို ငေးကြည့်နေသည်။ သည်တစ်ခါ အောင့်အကြည့်က ခါတိုင်း ကျွန်မကိုကြည့်ပုံမျိုးနှင့်မတူပါ။ မျက်ဝန်းတွေက စိုစွတ်စွတ် ရီဝေဝေ။ ကျွန်မရင်ထဲမှာ ရှိန်းနွေးနွေးဖြစ်သွားရပါ၏။ ကျွန်မရထားသော တဂိုး၏ ကဗျာကလေးကို စိတ်ထဲက ရွတ်ကြည့်နေမိပါသေးသည်။

*'ဇောင်းသည် ဂီတသံကို သယ်ဆောင်သကဲ့သို့*
*ငါသည်လည်း ငါ့ဘဝတွင် သင့်အချစ်ကို*
*သယ်ဆောင်သောကိုယ် ဖြစ်စေသတည်း။*
*နောက်ဆုံး၌ ငါ့ဘဝဖြင့်*
*အချစ်ကိုပေးဆပ်နိုင်သူ ဖြစ်စေသတည်း…'*

သည်ကဗျာ ဘာကြောင့်များ ကျွန်မရင်ထဲ ရောက်လာခဲ့ရတာပါလိမ့်။ ကျွန်မကိုယ်ကျွန်မပင် နားမလည်နိုင်တော့ပါ။ ကျွန်မအနီးရှိ မိုးမခကိုင်းများက မိုးမခရွက်တွေကို ခြွေပစ်နေမိသည်။

"မေမေ့ကို အောင် ပထမဆုံးမှတ်မိတာ မေမေ စောင်းတီးနေတဲ့ ရုပ်ပုံလွှာပဲမေ…မေမေဟာ ဝင်းစက်နေတဲ့အသားအရေ၊ နက်မှောင်ရှည်လျားလှတဲ့ ဆံပင်တွေကို ဖားလျားချပြီး စောင်းတီးနေတာများ မေမြင်စေချင်တယ်။ လက်သံကလည်း သာလိုက်တာ…ဦးရီးတော်ထက်တောင် လက်ကျကောင်းတယ်။ များသောအားဖြင့် ဖေဖေက ဝန်ထမ်းဆိုတော့ တာဝန်ကျရာမြို့တွေကို သွားနေရတာ များတယ်။ မေမေက ကလေးတစ်ဖက်နဲ့ဆိုတော့ ဖေဖေ့နောက်ကို လိုက်မသွားဘဲ ကလောအိမ်ကြီးမှာပဲ နေတာများတယ်။ ကျိုင်းမိုင်းကိုလည်း လွမ်းပုံရရဲ့…ဦးရီးတော်ကတော့ ယောင်နန်းကို သွားခွင့်ရတော့ ကျိုင်းမိုင်းဟော်က သတင်းတွေ တစ်ခါတစ်ခါ ကြားရတတ်တယ်။ အောင်သိတတ်တဲ့အရွယ်ရောက်တော့ ဇော်ဘွားတွေ အာဏာစွန့်ကြရပြီ။ အရှိန်တွေတော့ ရှိသေးတာပေါ့လေ… ဒါပေမဲ့ အစိုးရအုပ်ချုပ်ရေးပိုင်းက တာဝန်ယူလာတော့ အများက ယော်နန်းပဒေသရာဇ်အသိုင်းအဝိုင်းကို အာရုံနည်းလာကြပြီ။ အဘိုးနဲ့ ကျွန်တဲ့ညီမတော်နှစ်ယောက်ကို မေမေခမျာ သိပ်တွေ့ချင်ရှာပေမယ့် အဘိုးက မကျေနိုင် မချမ်းနိုင် ရှိနေတာကြောင့် ကျိုင်းမိုင်းကို

www.burmeseclassic.com

www.burmeseclassic.com



မသွားဝံ့ဘူး…အောင်ကတော့ ဘာထူးသေးလဲ…ပဒေသရာဇ်စော်ဘွား တစ်ယောက်ရဲ့မြေးတော် ဆိုတဲ့ ခမ်းနားခြင်း မရှိတော့ဘဲ သူလိုကိုယ်လို ကလေးတစ်ယောက်လိုပဲ ကြီးခဲ့ရတာပါပဲ…စိုင်းပန်ရဲ့သမီးတွေကတော့ ရှိသေလေးစားကြတုန်းပါပဲ။ မေမေ့ကို လိုလေသေးမရှိ ပြုစုစောင့်ရှောက်ကြတယ်။ အောင့်ကိုလည်း ထိန်းကြတယ်။

တစ်ရက်မှာ ဦးရီးတော်က သတင်းတစ်ခု သယ်လာတယ်။ ကျိုင်းမိုင်းက အပြန်မှာပါ…အဲသည်နေ့က ဦးရီးတော် ပြန်လာတော့ မိုးကြီးချုပ်နေပါပြီ…မဲမေက ဧည့်ခန်းမှာတက်တင်းထိုးနေတယ်…အောင်က ဦးရီးတော်ဝယ်ပေးတဲ့ လေယာဉ်ပျံ ရုပ်ကလေးနဲ့ ကစားနေတာလည်း မှတ်မိတယ်။

'တူမတော်…ကျိုင်းမိုင်းနောင်တော်ကြီး အမေရိကားကို ထွက်သွားပြီကွယ့်…လောလောဆယ်တော့ ရန်ကုန်မှာ ရှိနေကြတယ်…မကြာခင် ထွက်လိမ့်မယ်ထင်တယ်'

'အို…ဦးရီးတော်ကို သည်ကိစ္စ မတိုင်ပင်ခဲ့ဖူးဘူးလား'

'တိုင်ပင်ခဲ့ဖူးပါတယ်…သည်လောက်မြန်လိမ့်မယ်လို့တော့ မထင်ခဲ့မိဘူး။ အခုက ဦးရီးတော်ကိုတောင် မပြောခဲ့ဘူးကွယ်…ဦးရီးတော်ကိုလည်း စိတ်နာဟန်တူပါရဲ့…ဦးရီးတော် စိတ်မကောင်းတာက မြေးဦးကလေးကိုတောင် ကြည့်မသွားတာပဲ…အင်း…ကျိုင်းမိုင်းကို မရောက်တာလည်း ကြာပြီကိုး'

'ကျိုင်းမိုင်းမှာ ဘယ်သူကျန်ခဲ့သလဲ ဦးရီးတော်'

'အမတ်ချုပ်လုပ်ခဲ့တဲ့ စိုင်းခမ်းတီတို့ ကျန်ခဲ့တယ်…ဟော်နန်းစောင့်ရုံ ပေါ့…ပိုင်ဆိုင်မှုတွေကတော့ အစိုးရက ဘယ်လိုရှိမယ် မပြောတတ်ဘူး'

အဘိုးမရှိတော့တဲ့အခါ မေမေက ကျိုင်းမိုင်းကို မကြာခဏသွားလည်တယ်။ လွမ်းလို့နေမှာပေါ့။ အဘိုးနဲ့ အဘွားတော်တို့ဓာတ်ပုံကြီးတွေကို အမြဲ ကန်တော့ရှာပါတယ်။ ကျိုင်းမိုင်းနယ်သူနယ်သားတွေကလည်း မေမေ့ကိုမြင်တော့ ငိုကြတယ်။ တချို့က ပဒေသရာဇ်အုပ်ချုပ်ရေးကို မျှော်ကြတုန်းပဲ။ ကျိုင်းမိုင်းသခင်မရယ်လို့ မေမေ့ကို အုပ်ချုပ်စေချင်ကြတာတောင်ရှိတယ်။ ဘာပဲဖြစ်ဖြစ် အဘိုးနဲ့ညီမတော်တွေ တစ်မြေစီခြားကြရပြီဆိုတာ သိတဲ့အခါ မေမေဟာ ညှိုးငယ်သွားပုံလည်း ရတယ်။ နောင်တမဟုတ်တဲ့ ကြေကွဲမှုတွေနဲ့ အမြဲတမ်း ငေးငိုင်နေတာပါပဲ။



အဘိုးနဲ့မေမေ့ဘဝတွေပြီးရင် အောင်တို့မိသားစုဘဝဟာ တစ်မျိုးဖြစ်လာခဲ့ပြန်တယ်။ ဘဝဆိုတာ မျက်လှည့်ဆရာလက်ထဲက ကျောက်ခဲကလေးတွေလိုပဲမေရဲ့…ပျောက်လိုက်ရင် ပျောက်တော့သွားပါရဲ့…ဒါပေမဲ့ တစ်နေရာမှာ ရှိနေတာမျိုးပဲ…။

သည်လိုနဲ့ အောင် ခြောက်နှစ်သားအရွယ်ရောက်လာခဲ့တယ်။ ကျောင်းနေပြီ။ ဖေဖေကတော့ အိမ်ကလေးရာမှာ နေရတာမျိုးနဲ့ အကြာကြီး ပျောက်နေတတ်တော့ အောင်လည်း အဘိုးတို့ အဖေတို့နဲ့ မနေရသလိုဖြစ်ခဲ့ရတယ်။ ဦးရီးတော်က ဒါကိုသိတော့ အောင့်ကို တူတော်ဆိုပေမယ့် သားရင်းနဲ့မခြား ချစ်ခင်ရှာတယ်။ စာေင်းတီး သင်ပေးတယ်…အောင်နဲ့ ကစားတယ်…အောင်နဲ့ မြင်းစီးတယ်…အောင့်ကို ကျောင်းလိုက်ပို့တာလည်း ဦးရီးတော်ပဲ။ စာတွေ ကဗျာတွေ ရွတ်ပြတာလည်း ဦးရီးတော်ပဲ။ ကြာတော့ အောင်သိတတ်လာတာနဲ့အမျှ အဘိုးဆိုသူကို မုန်းလာမိတယ်။ သည်လောက် ရက်စက်ရပါ့မလားဆိုတဲ့စိတ်မျိုး ဝင်လာတော့တာပါပဲ။ ဒါက ဦးရီးတော်က သွတ်သွင်းပေးတဲ့စိတ်မဟုတ်ဘူးမေ…အောင့်ကိုယ်ပိုင်ခံစားမှု…အောင် အဲသလို နာနာကျည်းကျည်း ခံစားခဲ့တယ်။ အောင် ခြောက်နှစ်သားလောက်တုန်းက ကလောအိမ်ကြီးကို လူတစ်ယောက် ရောက်လာတာကို မှတ်မိနေတယ်။ သည်လူပြောဆိုနေတာအရ အမေရိကားက လာတာလို့ အောင်နားလည်လိုက်တယ်။ အဲသည်တုန်းက သိပ်နားမလည်ပေမယ့် နောင် ဘာသိလာသလဲဆိုတော့ အဘိုးဟာ အသက်ရလာတာနဲ့အမျှ ကိုယ့်တိုင်းပြည်ကို လွမ်းနေတတ်သတဲ့။ မိသားစုတွေထဲက ပစ်ပယ်ထားတဲ့ အောင်တို့သားအမိကိုလည်း စိတ်ရောက်တဲ့စကားတွေ ပြောလာတယ်လို့ ဆိုတယ်…အထူးသဖြင့် မေမေ့ကို သူမသေခင် တွေ့သွားချင်တာပါ။ ဖေဖေ့ကိုတော့ စကားထဲ မပါဘူး"

"အောင့်အဘိုးက အမေရိကန်နိုင်ငံသား ခံယူလိုက်တာလား"

"ဟုတ်တယ်မေ…ဒါအဓိကအချက်ပေါ့။ အဘိုးက မေမေ့ကိုအမေရိကားကို လိုက်လာစေချင်သလိုပဲ မေမေကလည်း အဘိုးကို သည်ပြန်လာစေချင်တယ်။ ကိုယ်တိုင်လိုက်ဖို့ကတော့ ခက်နေတာကိုး…အဘိုးအသက်အရွယ်နဲ့ ကျန်းမာရေးအရ အချိန်ကလည်း သိပ်များများမကျန်တော့ မေမေခမျာ ဝေခွဲရခက်ရရှာပြန်ပါရော…။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာတော့ အောင့်ဒေါ်လေးဟာ မြန်မာပြည်ကို ခဏတစ်ဖြုတ် ပြန်ရောက်လာတယ်။ ရန်ကုန်ကိုရောက်ရောက်ချင်းဆိုသလိုပဲ ကလေးကို လူလွှတ်ပြီး မေမေ့ကို အပါအခေါ်ခိုင်းလိုက်တယ်။ လောလောဆယ် မေမေတစ်ယောက်တည်း လာတွေ့ပါဆိုတာမျိုး ပြောလိုက်တာဆိုတော့ ထူးတော့ထူးဆန်းနေတာပေါ့။ မေမေ့အောက်က အခေါ်ပါ...နန်းဖုန်းရွှေ တဲ့။ အဘိုးရဲ့အခြေအနေကို လာပြောတာ။ ရန်ကုန်ကို ချက်ချင်းလိုက်ခဲ့ ပါဆိုတော့ မေမေလည်း လိုက်ဖို့ပြင်ရတယ်။

မေမေ ရန်ကုန်လိုက်မယ့်မနက်ကို အောင်မှတ်မိပါသေးတယ်မေ။ အဲသည် နေ့က ဒီဇင်ဘာဆောင်းရက်ကြီး၊ နှင်းတွေကလည်း ပိတ်သည်းလို့...။ ဦးရိုးတော်ကို မေမေက သူ ရန်ကုန်သွားနေတုန်း အောင့်ကို ဂရုစိုက်ဖို့ အထပ်ထပ်မှာကြားခဲ့တယ်။ ဖေဖေကတော့ ထုံးစံအတိုင်း သူ့တာဝန် ကျရာ မြို့ကလေးတစ်မြို့မှာပါပဲ။ ဖေဖေ့ဆိုရင် မေ့တောင်နေတယ်။ အိမ်ပြန်မလာတာ နှစ်တွေတောင် ကြာလှပြီ။ မေမေက ဖေဖေ့အလာ မစောင့်နိုင်တော့ဘူး။ ဆက်သွယ်တော့လည်း ဆက်သွယ်လို့မရဘူး။ သည်တော့ ရန်ကုန်ကို လိုက်သွားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

မေမေဟာ အောင့်ကိုလက်ဆွဲပြီး ကျောင်းကိုလိုက်ပို့ရင်းက သူ ခရီးသွား မှာဖြစ်တဲ့အကြောင်း၊ ဦးရိုးတော်စကားကို နားထောင်ဖို့အကြောင်း၊ မေမေပြန်လာရင် သားအတွက် မုန့်တွေရော အရုပ်တွေရော ဝယ်ခဲ့မယ့် အကြောင်းတွေ ပြောခဲ့တာလည်း အောင်မှတ်မိနေတယ်။ အဲသည်နေ့က အောင့်ကို ကျောင်းပို့ပြီး မေမေပြန်သွားတော့ အောင့်ရင်ထဲက တစ်မျိုး ကြီးပဲ။ မေမေကိုယ်တိုင် ကျောင်းမပို့ဖူးတာရော ငိုပြီးပြန်သွားတာရော ဆိုတော့ အောင် မစဉ်းစားတတ်ဘူး။ ပြောသာပြောရတာ မေမေနဲ့အောင် မခွဲဖူးတာလည်း ပါပါတယ်။ ကျောင်းကပြန်ရင် မေမေ အိမ်မှာ ရှိမှာ မဟုတ်ဘူးဆိုတာ စိတ်ထဲက သိနေသလိုပဲ။ အဲသည်နေ့မနက်က ကျောင်း ကနေ ငိုရင်းပြန်သွားတဲ့ မေမေ့နောက်ကျောကို အောင် နောက်ဆုံး မြင်လိုက်ရတာပါပဲ။

မေမေဟာ သူချစ်တဲ့သားငယ်နဲ့ သူချစ်တဲ့တိုင်းပြည်ကို ရက်စက်စွာ ထားခဲ့ပြီး အမေရိကားကို ပါသွားခဲ့တယ်။ ဒေါ်လေးနန်းဖုန်းရွှေက အဘိုး အသည်းအသန်ဖြစ်လို့ ခဏတစ်ဖြုတ် လိုက်ခဲ့ပါ။ အသက်မီချင်



ရင် မငြင်းပါနဲ့ဆိုတော့ တစ်ခါအပြစ်ရှိခဲ့ဖူးတဲ့မေမေလည်း မငြင်းသာဘဲ လိုက်သွားရတယ်လို့ ဆိုတယ်။ သည်ကတည်းက မေမေ အောင့်ဆီ ပြန်မလာခဲ့တော့ပါဘူး။ အဘိုး နေမကောင်းတာလည်း အမှန်တော့အမှန် ပါပဲမေ...ဒါပေမဲ့ အဘိုးဟာ သူ့သမီးတော်ကြီးကို အပျောက်မခံတော့ ဘူး။

မေမေ့အနေနဲ့ အမေရိကားကို ရောက်စမှာ အဘိုးလူမမာကြီးကို သား သမီးဝတ္တရားအရ ပြုစုဖို့လောက် စဉ်းစားခဲ့တာပါ။ အဘိုး နေကောင်းရင် မြန်မာပြည်ကို ပြန်မယ်ပေါ့လေ။ ဒါပေမဲ့ အဘိုးရဲ့ကျန်းမာရေးဟာ တော်တော်ဆိုးနေတယ်။ ဘိုးစဉ်ဆောင်ဆက် စော်ဘွားဆိုတဲ့ဂုဏ်ဒြပ် ကြီးကို စွဲလမ်းနေရှာတယ်တဲ့။ အဘိုးဟာ သာမန်လူတစ်ယောက်လို နေ့ချင်းညချင်း ဖြစ်သွားခဲ့တာကို ယူကျုံးမရ ဖြစ်နေရှာတဲ့စိတ်၊ အားကိုး တဲ့ သမီးဖြစ်သူက ဆွေဂုဏ်မျိုးဂုဏ်ကို မထောက်ဘဲ အကျည်းတန် အောင်လုပ်ခဲ့တယ်ဆိုတဲ့စိတ် သည်စိတ်နှစ်မျိုးက အဘိုးကို တွန်းလှဲပစ်ခဲ့ တာပါပဲမေ"

"ဒါနဲ့ပဲ အောင့်မေမေက အမေရိကားမှာ ရက်တွေအကြာကြီး နေခဲ့ရတာ ပေါ့နော် အောင်"

တိုင်းတစ်ပါးမှာရောက်နေသည့် သမီးနှင့်ဖခင်၊ မြန်မာပြည်မှာ ကျန်ရစ်ခဲ့ သည့် သားငယ်နှင့် သူ့ဖခင်။ သည်အဖြစ်တွေ ဘယ်လိုဆက်စပ်သွားကြမှာလည်း စဉ်းစားကြည့်နေမိသည်။ စဉ်းစားမရတော့လည်း ပတ်လည်ဝိုင်းနေသည့် တောင်တန်း တွေကိုပဲ ငေးနေမိရပါ၏။ တောင်ပေါ်မှာ ပလောင်ရွာကလေးတွေရှိတယ်လို့ အောင် ပြောဖူးတာလည်း မှတ်မိသည်။ ပလောင်ရွာကလေးတွေကို ကျွန်မ ရောက်ဖူးချင် လှပါသည်။ မနက်ဖြန်ပဲ ပြန်ရတော့မှာဆိုတော့ သည်တစ်ခေါက် ရောက်စရာမရှိ။ နောက်တစ်ခေါက်ပေါ့။ နောက်တစ်ခေါက်ဆိုတာကကော ရောက်ခွင့်သာပါဦး မလား။

ကျွန်မစိတ်ထဲမှာ ဖျတ်ခနဲဝင်လာသည့် အတွေးတစ်ချက်ရှိသည်။ အောင် က သည်အကြောင်းတွေကို ဘာကြောင့် ဒရောသောပါး ပြောပြနေတာပါလိမ့်ဆိုသည့် အတွေး ဖြစ်ပါ၏။ သူငယ်ချင်းတွေကိုပင် အားနာစရာကောင်းလောက်အောင် ကျွန်မကို သည်းကြီးမည်းကြီး ပြောပြနေတာကို ကျွန်မ သည်မနက်ကျမှ သတိပြု မိခြင်းဖြစ်၏။ တွေးတွေးသိန်းတို့က စိတ်ရှည်ရှည် နားထောင်မပေးနိုင်ဘူး ထင်လို့

www.burmeseclassic.com



လား၊ ငါက စိတ်ဝင်စားမှုန်းသိလို့ဇာတ်ရည်လည်အောင် ပြောပြနေတာလည်း ဖြစ်နိုင်တာပဲ…အောင့်ကို မေးခွန်းမေးရင်း ကျွန်မတွေးမိခြင်းဖြစ်သည်။

"အမေရိကားမှာ မေမေကြာတာပေါ့မေ…ဘယ်လောက်တောင် ကြာသလဲဆိုတော့ သည်ကနေ့ထိပါပဲ…တကယ်တော့ သည်ဇာတ်လမ်းဟာ ဇာတ်မပေါင်း ဇာတ်ရည်မလည်သေးပေမယ့် သည်လောက်နဲ့ပဲ ပြည့်ဖုံးကားချသင့်တဲ့ ပြဇာတ်တစ်ပုဒ်ဖြစ်သင့်တယ်…မေ့အနေနဲ့လည်း သည်လောက်ပဲ နားထောင်ဖို့ ကောင်းလိမ့်မယ်"

အံ့သြလှစွာဖြင့် အောင့်ကို ကျွန်မကြည့်လိုက်သည်။ အောင်က ကျွန်မနှင့် ကပ်လျက်မှာ ထိုင်နေခဲ့သော်လည်း အဝေးကြီးကပြောနေသလို၊ ကျွန်မ မကြားလိုက်မိသလိုလို ရှိခဲ့ပါ၏။ မေ့အနေနဲ့ သည်လောက်ပဲ နားထောင်ဖို့ကောင်းလိမ့်မယ်ဆိုတာ ဘာလဲ။ သူ့မိသားစုဘဝကို ဆက်မပြောချင်တော့တာလား။ မိုးမခကိုင်းနွဲ့တွေက ကျွန်မမျက်နှာကို ဖွဖွကလေး လာရိုက်ခတ်နေကြသည်။

"သည်လိုဖြစ်နေခိုက်မှာ ဖေဖေ နယ်ကပြန်ရောက်လာတယ်။ ဦးရိုးတော်က အကျိုးအကြောင်းတွေ ပြောပြတယ်။ ဖေဖေ့ကြည့်ရတာ သည်သတင်းတွေကို ကလောရောက်မှ ကြားရတဲ့ပုံမပေါ်ဘူး…သိသင့်သရွေ့တော့ သိပုံပါ။ နောက်တစ်နေ့ မနက်မှာ အောင်ရယ်၊ ဦးရိုးတော်ရယ်၊ ဖေဖေရယ် လက်ဖက်ရည်ဝိုင်းမှာ ဆုံကြတယ်။ ဖေဖေက အောင့်ကို ဖေဖေနဲ့လိုက်မလားတဲ့…အောင်က ဦးရိုးတော်ကို ကြည့်လိုက်တော့ မသိမသာ ခေါင်းခါပြတယ်။ တကယ်ဆိုရင် ဖေဖေ့နောက်ကို လိုက်ရမှာပေါ့။ အောင် စဉ်းစားတာက မေမေပြန်ရောက်လာရင် လွဲမှာစိုးနေမိတယ်။ ကလေးတစ်ယောက်အနေနဲ့ ဦးရိုးတော်နဲ့ ကလောအိမ်ကြီး၊ စိုင်းပန်ရဲ့မိသားစုတွေနဲ့ ပြန်လာမယ့်မေမေ့ကိုပဲ အောင် အာရုံရှိနေတော့ ဖေဖေ့ကို သည်မှာပဲနေခဲ့မယ်လို့ ပြောလိုက်တယ်။

ဖေဖေပြန်သွားတော့မှ ဦးရိုးတော်က ပြောပြတယ်။ ဖေဖေဟာ အဝေးမှာ အိမ်ထောင်ပြုထားပြီတဲ့။ မေမေ့ကို သက်စွန့်ဆံဖျား လိုက်ရှာခဲ့တဲ့ဖေဖေ၊ အချုပ်ခန်းထဲမှာ အပြင်းဖျား သတိလစ်နေခဲ့တဲ့ဖေဖေ၊ ဟော်နန်းစည်းစိမ်ကို စွန့်ခွာပြီး မြင်းနှစ်စီးနဲ့ ခိုးယူခဲ့တဲ့မေမေ့ကို မြတ်နိုးရှာတဲ့ဖေဖေ…။ ဖေဖေဘယ်လိုဖြစ်သွားခဲ့တာလဲ…။ အချစ်ရဲ့ဆန်းကြယ်မှုတွေကို အောင် နားမလည်နိုင်ပါဘူး။ ဖေဖေ နှစ်နဲ့ချီပြီး ပြန်ရောက်မလာတာကိုလည်း အောင် နားလည်သွားခဲ့တယ်"



"ဒါကို အောင့်မေမေက ဘာမှမသိရှာဘူးပေါ့နော်"

"သိတယ်မေ…အံ့သြစရာမကောင်းဘူးလား။ မေမေက အောင် ရှစ်တန်းလောက်ရောက်တော့ ထည့်လာတဲ့စာတစ်စောင်မှာ ဘာရေးထားသလဲဆိုတော့… ဖေဖေ့ကို မပြစ်မှားမိစေနဲ့သားတဲ့။ ဖေဖေဟာ အဝေးမှာ အိမ်ထောင်ပြုတော့မယ်ဆိုတော့ မေမေ့ကို တပည့်လူကြုံနဲ့ စာလှမ်းရေးပြီး အသိပေးပါတယ်တဲ့။ နယ်မှာ တာဝန်ထမ်းဆောင်နေတုန်း မြင်းရေလှုပါ ချောက်ထဲကျသွားရာက မိသားစုတစ်စုရဲ့ ကျေးဇူးကြောင့် လူပြန်ဖြစ်ရတဲ့အကြောင်း၊ ဖေဖေဟာ ဇနီးနဲ့သားကလေး ရှိတဲ့အကြောင်း ပြောပြထားတဲ့ကြားက မှားမိကြတဲ့အကြောင်း၊ မှားမိတဲ့ညမှာပဲ ဖေဖေဟာ သူ့ကိုယ်သူ အဆုံးစီရင်ဖို့ စိတ်ကူးခဲ့တဲ့အကြောင်း၊ အချစ်ကြီးရှာတဲ့ ဇနီးနဲ့သားလေးအပေါ်မှာ သစ္စာမဲ့မိတာကို ယူကျုံးမရ ဖြစ်ရှာကြောင်း၊ မေမေက သာ ခွင့်ပြုရင် နယ်ကမိန်းကလေးကို လက်ထပ်ချင်ကြောင်း ခွင့်တောင်းတယ်တဲ့။ မေမေက ချက်ချင်းပဲ ဆုံးဖြတ်ပြီး စာတစ်စောင်ရေးပေးလိုက်သတဲ့။ ခွင့်ပြုတယ်ပေါ့…ဒါပေမဲ့ သားကို ဘယ်တော့မှ မျက်နှာမပြရဘူးဆိုတဲ့ကတိတော့ ပေးရမယ်တဲ့။ ဒါဟာ ရှင်နဲ့ထိုက်တန်တဲ့ပြစ်ဒဏ်ပဲလို့ ရေးပေးလိုက်တယ်လို့ စာထဲမှာ ပါတယ်"

"ဒါဖြင့် အောင့်ဖေဖေ ကလောကို ရောက်လာတာက…"

"အောင့်ကိုခေါ်ဖို့လာတာပါ…မေမေက မျက်နှာမပြရဘူးဆိုပေမယ့် ဖခင်တစ်ယောက်အနေနဲ့ နောက်ဆုံးတစ်ခေါက် လာခေါ်တဲ့သဘောပေါ့… ဦးရိုးတော်ကို ဖေဖေက ရောက်ရောက်ချင်း ပြောပြတဲ့အတွက် အောင့်ကို လိုက်မသွားနဲ့လို့ ခေါင်းခါပြခဲ့တာပဲ"

"တကယ်လည်း အောင့်ဖေဖေက နောက်ထပ်မလာတော့ဘူးလား"

"မလာတော့ဘူး"

"အို…အောင်ရယ်"

အောင်က သူ အရွယ်ရောက်လာတော့ ဖခင်ကို သူကိုယ်တိုင်ပင် ရှာဖွေဆက်သွယ်ခဲ့ကြောင်း၊ ဖခင်ကလည်း သူတတ်စွမ်းသရွေ့ ထောက်ပံ့စောင့်ရှောက်ခဲ့တာ ကနေ့အချိန်အထိဖြစ်ကြောင်း၊ အောင့်အနေနှင့် မေမေ့စာထဲမှာပါသလို ဖခင်ကို ဘယ်တုန်းကမှ မပြစ်မှားခဲ့ပါကြောင်းတွေ ဆက်ပြောခဲ့ပါသည်။

အောင့်ဖေဖေဇာတ်လမ်းကတော့ သည်မှာပြီးပြီထင်ပါ၏။ အောင့်မေမေကတော့ သည့်အကျိုးအကြောင်းတွေ သိပါလျက်နဲ့ သားငယ်ကိုပစ်ပြီး အမေရိကား

www.burmeseclassic.com



ကို လိုက်သွားတာကကော ရက်စက်လွန်းရာ မကျဘူးလား။ ကျွန်မအတွေးတွေကို အောင်က ဖတ်မိပုံရပါသည်။

"မေမေက သူစောင့်ရှောက်နိုင်တဲ့မေတ္တာနဲ့မခြား ဦးရီးတော်က မြေးတော်ကလေးကို ချစ်တယ်ဆိုတာ သိရှာပါတယ်။ မေမေနဲ့လမ်းခွဲပြီးတဲ့နောက် အဘိုးကို ကျေးဇူးဆပ်ရင်း ရည်ရွယ်ချက်ရှိရှိ အမေရိကားမှာ ဆက်နေရှာ ဘာပါ။ ဟိုမှာ အဘိုးဆုံးတယ်...သားဖြစ်သူ အောင့်အတွက် အမေရိကားမှာ ပညာဆည်းပူးစေချင်တယ်...အချစ်ကြီးချစ်ခဲ့ရသူကတောင် သစ္စာဖျက်ခဲ့တယ်လို့ ခံယူမိတဲ့မေမေဟာ ပြန်မလာတော့ဖို့ ဆုံးဖြတ်လိုက်တာ သူ့အတွက် မှန်ပါတယ်...မေမေက ထူးဆန်းတဲ့ အမျိုးသမီးတစ်ယောက်လို့ အောင် မြင်တယ်... သားကလေး မတီမတာကို ရင်ခွင်ပိုက်ခေါ်သွားသင့်ပါလျက်နဲ့ မေမေခေါ်မသွားခဲ့တာကလည်း အဓိပ္ပာယ်ရှိတယ်မေ... ဒါတွေ ကြီးမှ အောင်ခံစားလာရတာတွေပါ...ဦးရီးတော်လို အနုပညာသမားကြီးရဲ့လက်ထဲကို အောင့်ကိုထည့်ခဲ့တာကြည့်...ပြီးတော့ အောင့်ကို ဓာတ်မပျောက်စေချင်တာလည်း ပါပါတယ်။ အခုးကနေ မေမေ့ဝတ္ထုရေး မပျက်ရှာပါဘူး...မေမေ ပို့တဲ့စာတွေ အောင် ဖိုင်လုပ်ထားတယ်။ မေ တစ်နေ့ ဖတ်ရမှာပါ။ မေမေ့စာတစ်စောင်မှာ သား မေမေ့ကို စောင်းလာတီးပြနိုင်အောင် ကြိုးစားပါတဲ့"

ကျွန်မသိချင်တာတွေ သိလိုက်ရတော့ ရင်ထဲမှာ စလုံးစခုမရှိတော့သလို ဟင်းလင်းကြီး ပွင့်သွားခဲ့ရပါ၏။ ထူးဆန်းသော အဖြစ်အပျက်တွေကြားမှာ လူလားမြောက်ခဲ့ရသူ အောင်...။ မေတ္တာငတ်မွတ်ရှာသူ အောင်...။ သူ့ဘဝကိုယ်သူ ဘယ်နေရာမှာ ချထားရမှန်းပင် မဆုံးဖြတ်ရသေးသောအောင်...။ ပဒေသရာဇ်စနစ်သာ တည်တံ့နေဦးမည်ဆိုလျှင် စော်ဘွားကလေးအဖြစ် ရှိနေမည့်အောင်...။

အောင့်နှလုံးသားကို သည်တစ်ခါလောက် နိုက်နိုက်တွင်းတွင်း မြင်ရတာမျိုး မရှိခဲ့။ အောင် ဘာကြောင့် သူ့ဘဝကိုပြောဖို့ နှုတ်တွေဆွံ့အနေခဲ့ရတာလဲ ကျွန်မ သိခဲ့ပြီ။ ကောလိပ်ဘုရင်ကလေး အောင်က တက္ကသိုလ်ကြီးအတွင်းမှာ ထင်ထင်ပေါ်ပေါ်မနေဘဲ၊ တခြားသူများနှင့် မပေါင်းသင်းဘဲ ကျွန်မတို့ကိုသာ ဘာကြောင့် ရွေးပေါင်းခဲ့တာလဲ ကျွန်မနားလည်ခဲ့ရပြီ။ ပြီးတော့ အောင် ဘာကြောင့် စာတွေ၊ ကဗျာတွေ၊ ဂီတတွေကို ခံစားနားလည်ရတာလဲ ကျွန်မ ရှင်းသွားခဲ့ပြီ။



သည်တစ်ခါ အောင့်လက်တွေကို ဆုတ်ကိုင်လိုက်မိသူမှာ ကျွန်မပင်။ အောင်ကလည်း ကျွန်မလက်တွေကို ပြန်ဆုတ်ထားခဲ့ပါ၏။ ဘာကိုမှမသိသလို နေတတ်ခဲ့သူရယ်...။ ဘာကိုမှ မခံစားတတ်သလို နေပြတတ်သူရယ်...။

မိုးမခကိုင်းတွေက လေကြောင့် ပို၍ပင် ယိမ်းနွဲ့လာခဲ့ပါသည်။ အောင်က ခုံတန်းကျောမှီကို မှီကာ အဝေးကို ငေးနေခဲ့သည်။ ကျွန်မကတော့ ဇလုံနှင့်တူသော မြို့ကလေးကိုပဲ လွမ်းနေတာလား။ ကျိုင်းမိုင်းဟော်နန်းကိုပဲ လွမ်းနေတာလား။ ရင်နာစရာကောင်းလှသော အောင့်ဘဝကိုပဲ လွမ်းနေတာလား။ ကျွန်မကိုယ်ကျွန်မ သနားနေတာ လွမ်းနေတာလည်း ဖြစ်နိုင်ပါသည်။

"အောင် ဒါတွေ မေ့ကို ပထမဆုံးပြောခဲ့တာပါမေ...အောင်ဟာ စာတွေ ကဗျာတွေနဲ့ပဲ ရင့်ကျက်ခဲ့ရတယ်...သီချင်းဂီတနဲ့ပဲ ဖြေသိမ့်ခဲ့ရတယ်... အခုမှာ မေမေစောင့်နေမှန်းသိပေမယ့် ကျေးဇူးရှင် ဦးရီးတော်ကို ထားမပစ်ရက်ခဲ့လို့ အောင် သည်မှာရှိနေတာပါ။ ဦးရီးတော် မရှိတော့တဲ့နောက်မှာ တစ်ရက်ရက်တော့ အောင် မေမေ့ဆီသွားရမှာပဲ...မနက်ဖြန်လား... နောက်တစ်နှစ်လား...နှစ်နှစ်လား...အောင် မပိုင်းဖြတ်ရသေးပါဘူး"

အောင့်စကားဆုံးတော့ ကျွန်မရင်ထဲမှာ ဆရာမ ကြည်အေး၏ ကဗျာတစ်ပုဒ် နိုးထလာခဲ့ပြန်သည်။

'တစ်နေ့နေ့မှာ
တွေ့မည့်ရှင်ချို့ သခင်ကိုတည့်
မေ့ကိုမှန်းထား အဝေးသွားလည်း
လွင့်ပါးမရှည် ပြန်ခဲ့သည်က
စောင့်သည်တွေ့မူ ချစ်စိတ်ဆူနှင့်
လွမ်းသူရှေ့မှောက် သူဒူးထောက်လိမ့်...'

မိုးမခခုံတန်းကလေးက နှစ်ဦးသား ထလာခဲ့ကြသည်အထိ အောင်နှင့် ကျွန်မ စကားမပြောဖြစ်ပါ။ မိန်းကလေးဆိုတော့လည်း ချစ်စိတ်ဆူသည့်တစ်နေ့ လွမ်းသူရှေ့မှောက် ဒူးထောက်လာလိမ့်မည် ထင်ခဲ့မိပါ၏။ တကယ်တော့ အောင်နှင့် ကျွန်မ သူငယ်ချင်းတွေရယ်ပါ။

ထိုနေ့က အောင် ငိုပါသည်။ ကျွန်မလည်း ငိုပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၄၄)

ကျွန်မတို့သူငယ်ချင်းများ၏ Farewell ညသည် ပျော်စရာထက် လွမ်းစရာကောင်းလှပါသည်။ အဘွား ဒေါ်နန်းတုံ၏သမီးများဖြစ်ကြသော နန်းအေးလှနှင့် နန်းမူယာတို့က ခပ်စောစောကပင် မီးဖိုထားခဲ့သည်။ ထင်းချောင်းကြီးတွေ တောက်လောင်နေချိန်မှာတော့ ကလောဓ၏ဆည်းဆာသည် ညှို့မှိုင်းနေလေပြီ။ မီးပုံကြီးကို ဝိုင်းပတ်ထိုင်ကြရင်း ကျွန်မတို့ စားစရာရှိတာ စားလိုက်ကြ၊ စကားတွေပြောလိုက်ကြ။ ထုံးစံအတိုင်း ကိုတိုးကြီး၏သီချင်းနှင့်စသည်။

“ငါ ကနေ့ဆိုမယ့်သီချင်းက အိန္ဒိယက ဘင်္ဂါလီစာဆိုကြီး ရာဘင်ဒြာနတ်တဂိုးရဲ့ ကဗျာတစ်ပုဒ်ကို မှီပြီး melody ထည့်ထားတဲ့သီချင်းပါ… သီချင်း ခေါင်းစဉ်က ‘သောကရဲ့ ဝန်ထုပ်ဝန်ပိုး’ တဲ့…။ သူငယ်ချင်းတွေ ခွဲခွာရခါနီးမှာ မင်္ဂလာမရှိတဲ့သီချင်းလို့တော့ မခံစားကြစေချင်ဘူး… ငါတို့ဟာ သောကတွေနဲ့ လူးနယ်ထားတဲ့ ပုထုဇဉ်တွေပါ…ငါတို့မလိုချင်သည်ဖြစ်စေ၊ လိုချင်သည်ဖြစ်စေ ငါတို့ဟာ သောကတွေကို လက်ခံနေကြရတာယ်…သည်ဝန်ထုပ်ဝန်ပိုးဟာ ကျောပေါ်က ခေါင်းပေါ်က ဆင်းသွားတယ်ပဲ မရှိနိုင်ဘူး…အခုလည်း မင်းတို့အားလုံးမှာ အလွမ်းတွေ သောကတွေ ရှိနေကြတာပဲမဟုတ်လား…ငါတို့က ပိုးမွှားတစ်ကောင်လို မြေကြီးကို ဝါးမျိုကြရမယ့်သူချည်းပဲ…ဒါဟာ မရှောင်လွှဲနိုင်တဲ့တရားပဲ…ဒါကို နှလုံးသွင်းနိုင်ရင် ငြိမ်းချမ်းမှာပဲ…။ ကိုင်း…သီချင်းစမယ်…”

ကိုတိုးကြီးစကားကြောင့် ကျွန်မတို့ ဝမ်းနည်းကြရပါသည်။

*“ငါဟာ မအိပ်ခဲ့ x x သံသရာတစ်လျှောက်လုံး မအိပ်ခဲ့ x x ပိုးမွှားတစ်ကောင်လို မြေကို ဝါးမျိုခဲ့ x x သစ်လွင်ခြင်းပန်းကုံးကို ကိုင်ရင်း နှပျိုခြင်းကို ကြိုဆို x x ကျောပေါ်က သောကများ ပစ်ချ ကောင်းကင်*



*အလုံး ဆူညံစေ x x ခံ့မင်ရခြင်းလည်း တရား စွန့်လွှတ် ရခြင်းလည်း တရား x x သောကရဲ့ ဝန်ထုပ်ဝန်ပိုးများ x x ဖယ်ရှား x x”*

ကျွန်မတို့အားလုံး ငိုင်နေကြသည်။ ကိုတိုးကြီး ဆိုသည့်သီချင်းက အဓိပ္ပာယ်တွေရှိသည်။ ကျွန်မတို့ ကျောပေါ်ကို သောကရဲ့ ဝန်ထုပ်ဝန်ပိုးတွေ ဘယ်သူတွေ လာတင်ခဲ့တာလဲ။ ကျွန်မတို့ကိုယ်တိုင်များလား။ မီးတောက်တွေက တဟုန်းဟုန်း တောက်လောင်လျက်။ နွယ်နွယ်တင်က ကိုကိုနိုင့်လက်တွေကို ဆုတ်ကိုင်ထားသည်။ ဂစ်တာကြိုးတွေကို တစ်ချောင်းချင်းခတ်နေသံကလည်း တုန်လှိုက်နေပါ၏။

ကျွန်မတို့သူငယ်ချင်းတွေ မဲကျရာသရုပ်ဆောင်ကြရသည်။ထွေးထွေးသိန်းက မယ်ဇမာပို့စ် လုပ်ပြရသည်။ နွယ်နွယ်တင်က နတ်ဝင်သည် နတ်ပူးပုံလုပ်ရသည်။ စိုးစိုးမော်က မျောက်က က,တော့ တဝါးဝါး။ ကျွန်မကတော့ တပင်တိုင်အက မဲပေါက်သည်။ မက,လို့မရတော့ တောချိုး တောင်ချိုး က,ရပါ၏။ ကျွန်မ က,တော့ အောင်က စောင်းတီးပေးသည်။

“နင်တို့ပြောတော့ မင်းသမီးကြီး ဗလပြန် သေပြီဆို…က,လိုက်တာ ကွေးလို့…”

ထွေးထွေးသိန်းက နောက်တော့ ဝိုင်းကလေး စိုရပါ၏။ သည့်နောက်တော့ တစ်ယောက်သီချင်းတစ်ပုဒ် အစီအစဉ်။ ဘယ်သူမှ သီချင်းတစ်ပုဒ် ကောင်းကောင်းရကြတာတွေမဟုတ်တော့ ဝါးလုံးနှင်း ဝါးခြမ်းနှင်း။ ယောကျ်ားကလေးတွေကတော့ ဆိုတတ်ကြသည်။ အားလုံးပြီးတော့ အောင့်စောင်းလက်သံ။ မဟာဂီတသီချင်းတစ်ပုဒ်။ ‘ရှုလိုက်တိုင်းမှိုင်းခဲ့ပြီပတ်ပျိုး’ တဲ့။ ကျွန်မတို့ မကြားဖူးကြပါ။

“သည်ပတ်ပျိုးက ‘မောင်ဘွဲ့ပတ်ပျိုး’ ပါ။ စာသားတွေနဲ့ ဂီတ အတွဲအဖက်တွေကို နားဆင်ကြစေချင်ပါတယ်။ အောင့်မေမေနဲ့ ဦးရိုးဆော်တို့ စွဲလမ်းခဲ့တဲ့ မဟာဂီတတွေထဲက တစ်ပုဒ်ပါ”

အောင်က စောင်းကြိုးခတ်ရင်း ရှင်းပြသည်။ ကျွန်မတို့အားလုံး ငြိမ်လျက်။ မီးတောက်များပင် ငြိမ်ကုပ်နေကြပြီ။ ရှုလိုက်တိုင်း မှိုင်းခဲ့ပြီတဲ့လား…အောင်။

*“ရှုလိုက်တိုင်း မှိုင်းခဲ့ပြီ x x သွင်လေပြေရော x x တောင်တောက မှိုင်းဝေရီ x x ခြည်ခြည်နှင့်သာ မြူခြေမှုန်ပျိုး ငွေမိုးကဖွဲ့စီစီ ချစ်ကြိုးသီ x x သီရိရွှေလှော်လှဲနှင့်လေ x x ဖော်ကာမျှော်ပါ တစ်ကိုယ်နွဲ့လို့လေး x x လွမ်းဖွယ်ခွေယိုင် x x နှင်းလှိုင်လှိုင် ဘုံပြန့်မှာ စံပယ်နံ့သင်းကြိုင်ကြိုင် …………………………………………………*

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပြန့်ဖွေ တိမ်ခြေကြမည်း ရွာရုပ်ကယ်ဟန်လှိုနှင့် တော်ဆိုရှင်
နိုင်တော့မိုးငယ် x x ဆိုတိုးတင့်ရဲ x x”

အောင့်ဆောင်းသံဆုံးတော့ အားလုံး တိတ်ဆိတ်သွားခဲ့၏။ မီးတွေလည်း ငြိမ်းလုပြီ။ သီရိရွှေလှော်လှဲ...ဆိုသည့်စာသားကို ကျွန်မမှတ်ထားလိုက်မိသည်။ ကျွန်မတို့အိမ်ကြီးထဲဝင်ခဲ့ကြတော့ တစ်ညလုံး စကားတွေပြောကြရအောင်လို့ ဆော်ဩသူမှာ အောင်ဖြစ်လေသည်။

မနက်လင်းတော့ နှင်းတွေခဲနေအောင် ဝေ့နေပါ၏။ ကျွန်မတို့ပြန်မည်ဆိုခါမှ ကလောနံနက်ခင်းကလေးက လွမ်းစရာကောင်းလှတော့သည်။ နန်းအေးလှတို့ မနက်ဆာစောကြီးထချက်ကာ ကျွေးမွေးလိုက်သော ထမင်းပူပူ ဟင်းပူပူကြောင့်ဝမ်းကလေး တောင့်ရပါသည်။ မနက်ခင်း ငါးနာရီခွဲလောက်မှာ ကျွန်မတို့ အဆင်သင့်ဖြစ်ပါပြီ။ စားပွဲမှာ ကော်ဖီသောက်ကြတော့ အောင်က ကလောအမှတ်တရ လက်ဆောင်တွေ၊ ကလောမှာ ရိုက်ခဲ့ကြသည့် ဓာတ်ပုံတွေ တစ်ယောက်တစ်ထုပ် လက်ဆောင်ပေးသည်။ စင်းလုံးငှားထားသည့်ကား ရောက်လာတော့ စားပွဲဝိုင်းက ထကြရတော့သည်။ ကျွန်မက အောင်တို့ မှိုင်းလုံးခြုံကြီးကို လိုက်ကြည့်နေမိသေး၏။ နှင်းဆီဝါခင်းကြီးကိုတော့ ကျွန်မ သတိရနေမှာ သေချာပါသည်။ ကိုတိုးကြီးက လောဆော်နေပြီ။

“ကိုင်း တက်ကြယော့...ပစ္စည်းတွေ ကျန်မယ်နော်...နင်တို့မိန်းကလေးတွေ ပစ်ပစပ်တွေ စုံကြရဲ့လား...နင်တို့ သိပ်မေ့တတ်ကြတာ...”

“စုံတယ်...စုံတယ်...အဲ...နေပါဦးဗျို့...ကော်ဖီစားပွဲပေါ် နာရီကျန်ခဲ့တာ...သိုင်းကျူး ကိုတိုးကြီး...”

ကားပေါ်မှာ ကျကျနန နေရာယူထားသည့် ထွေးထွေးသိန်းက ကပျာကယာ ခုန်ချပြီး အိမ်ထဲဝင်ပြေးသည်။ ကားပေါ်မတက်ရသေးသော ကျွန်မအနားကို အောင်ကပ်လာသည်။

“မေ...အောနာ့စ်ဝင်ရင် ကျောင်းဆက်တက်မှာမဟုတ်လား...”

“တက်ဖြစ်ဖို့ များပါတယ်...အောင်ကော...”

“အင်း...တက်ဖြစ်မှာပါ...သွားတော့နော်မေ...မှိုင်းလုံခြုံကြီးက နှုတ်ဆက်ပါတယ်...”

“အောင်ကတော့ နှုတ်မဆက်ဘူးပေါ့...”

“လူလူချင်း နှုတ်မဆက်ကောင်းဘူး မေရ...နှုတ်ဆက်ပြီးခါမှ ဘဝမှာပြန်တွေ့ကြရတာတွေ အများကြီး...ခဏခဏ နှုတ်ဆက်နေစရာ မလိုပါဘူး...အောင်နဲ့မေက တွေ့ရမယ့်အကြောင်းတွေ ရှိပါသေးတယ်”



“ဒါဖြင့် အောင့်ကို နှုတ်မဆက်တော့ဘူးနော်”

ကျွန်မတို့ကားလေး ထွက်လာတော့ အောင်က လက်ပြရင်း ကျန်ရစ်ခဲ့ရှာသည်။ ကျွန်မရင်ထဲမှာ မဖြစ်ဖူးသောခံစားမှုတစ်မျိုး နင့်ခနဲ ရှိခဲ့ရပါ၏။ တစ်ကားလုံးက သူငယ်ချင်းတွေလည်း ငြိမ်သက်နေကြသည်။ ထင်းရှူးတော၊ ဒေလီယာပန်းခင်း၊ နှင်းဆမ်းမြို့ကလေး...ကျန်ရစ်ခဲ့ပြီ။ ကားကလေးက ကလောကို ချန်ထားခဲ့ပြီ။

‘မောင့် တောအုပ်မှာ
ချမ်းသာအေးမြ၊ နေချင်လှလည်း
လမ်းစပျောက်ပျက်၊ ရွာပြန်ခက်ပြီ
ပင့်သက်မောတွေ၊ မျက်ရည်ဝေဆဲ
မနေပျော်နဲ့၊ လာလိုက်ခဲ့ဟု
သဲ့ သဲ့ ခေါ်သံ...’

ကျွန်မတို့ မန္တလေးကို ပြန်ကြရမှာဖြစ်၏။ မန္တလေးမှာ ကျွန်မတို့ပစ္စည်းတွေ ကျန်ရစ်ခဲ့သည်။ မန္တလေးမှာ တစ်ညအိပ်ပြီး မြင်းခြံကို ပြန်ကြရမည်။ နောက်ဆုံးနှစ်ဆိုတော့ အမိတက္ကသိုလ်ကြီးကို ခွဲခွာရတော့မည့်သူတွေလည်း ရှိသည်။ ပြန်လာရမည့်သူတွေလည်း ရှိမည်။

နှယ်နှယ်တင်ကတော့ မန္တလေးကိုရောက်လျှင် ကိုကိုနိုင်နှင့် လမ်းခွဲရတော့မည်။ ထာဝရခွဲခွာခြင်း မဟုတ်ပါစေနဲ့လို့ပဲ ကျွန်မဆုတောင်းနေမိပါ၏။ ခါတိုင်းတစာစာအော်တတ်သော ထွေးထွေးသိန်းပင် ငြိမ်ချက်သားကောင်းနေတော့သည်။

“ကျိုးကန်းမတွေ မအာကြပါလားဟ”

ကိုတိုးကြီးကပင် ကားခေါင်းထဲက လှမ်းအော်ရသည်အထိပင်။ တက္ကသိုလ်လေးနှစ်တာခရီးကြီးမှာ လျှောက်လှမ်းခဲ့ကြသော ကျွန်မတို့သူငယ်ချင်းတွေ လမ်းဆုံးကိုရောက်တော့ တစ်ယောက်နှင့်တစ်ယောက် ခွဲခွာနှုတ်ဆက်ကြရပြီကော။

■

www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ…ငါ တစ်ရက်တော့ ကလောလိုက်သွားပါဦးမယ်"

ကိုတိုးကြီးကလည်း အောင့်ကို လွမ်းနေပုံရပါ၏…။ ကိုကိုနိုင်နှင့် နွယ်နွယ်တင်တို့ကတော့ ဘွဲ့ယူပြီးကြသည်နှင့် မိဘတွေကို ဖွင့်ပြောကြမည် ဆိုသည်။

"ငါ့သဘောထားပြောရရင်တော့ အလုပ်အကိုင်ကလေး အတည်ကျမှ ယူစေချင်တယ် ကိုနိုင်…။ အေးလေ ဒါတော့ မင်းတို့သဘောပေါ့ ကွာ… ငါ တားလည်းမတားချင်ပါဘူး"

ကျွန်မတို့သူငယ်ချင်းတွေ ပင်မဆောင်ရှေ့မှာပင် တစ်စုတဝေးကြီး ဓာတ်ပုံရိုက်ကြရင်း စကားတွေ ထိုင်ပြောဖြစ်ကြသေးသည်။ ကျောင်းသားဘဝ ပြီးဆုံးသွားတော့ ကိုတိုးကြီးပင်လျှင် ရင့်ကျက်သွားသယောင်ယောင်။ နွယ်နွယ်တင်ကတော့ ကိုတိုးကြီးစကားကြောင့် မျက်နှာကလေး ညှိုးငယ်သွားခဲ့ရှာသည်။ ကျွန်မကတော့ သဘောထားမပေးမိခဲ့။ ချစ်သူချင်း ပေါင်းဖော်စေလိုသောဆန္ဒ အမှန်ရှိသော်လည်း ဘဝတွေကို ကျွန်မတို့ နားမလည်နိုင်သေး။ ပညာလည်းစုံ ကြင်ရာလည်းစုံ ဆိုသည့်စကားက လက်တွေ့မှာတော့ အတော်ဖြတ်သန်း ရုန်းကန်ကြရတာပါပဲလား။

ဂုဏ်ထူးတန်းတက်ဖို့ ပြင်ဆင်ရင်း မြင်းခြံမှာ ဖေဖေတို့သနပ်ခါးလုပ်ငန်းကို ကျွန်မတတ်စွမ်းသမျှ ကူညီနိုင်ခဲ့ပါ၏။ ညီမလေးကလည်း သည်နှစ် ဆယ်တန်းရောက်ပြီ။ မောင်လေးက လာမည့်နှစ်မှာ တတိယနှစ်ကို တက်ရမည်။ ကျွန်မကပါ ဂုဏ်ထူးတန်းဆက်တက်မည်ဆိုလျှင် ဖေဖေတို့ မေမေတို့ မောရှာကြလေမလား။ မိဘကို သနားညှာတာမိသည်က တစ်ဖက်၊ ပညာကို ဆက်သင်ယူလိုသည်က တစ်ဖက်နှင့် စိတ်မောမိသည်ကတော့ အမှန်ပင်။

မြင်းခြံပြန်ရောက်ခါမှ အောင့်ကို ကျွန်မ ပိုသတိရနေမိသည်။ ထနောင်းပင်တန်းမြို့ကလေးမှ ထင်းရှူးတောမြို့ကလေးကို လွမ်းရတာ ဆေးတော့ဝေးသားပါလား။

တကယ်တော့ ထိုစဉ်ကတည်းက အောင်နှင့်ကျွန်မ ရှင်ကွဲ ကွဲခဲ့ရခြင်းဖြစ်ကြောင်း နောင်တော့ ကျွန်မ နားလည်လက်ခံခဲ့ရသည်။ အိပ်မက်တွေလိုပါပဲလား အောင်…။

(၄၅)

သီရိမေ

(ခ–၁၊ ခ–၂၊ ခ–၃၊ ခ–၄၊ ခ–၅၊ ရူပဗေဒ၊ နိုင်ငံရေးသိပ္ပံ) အထူးအောင်။

ကျွန်မ ဂုဏ်ထူးတန်းတက်ခွင့်ရပြီ။ ဖေဖေနှင့် မေမေရော၊ မောင်နှမတွေကပါ ဝမ်းသာကြသည်။ ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရသည့် အသီးအပွင့်ကို ခူးဆွတ်ရတော့လည်း အနာဂတ်စိတ်ကူးတွေအတွက် လမ်းပွင့်သွားခဲ့ရပါ၏။

"သမီးတော့ တက္ကသိုလ်မှာ ဆရာမပြန်လျှောက်မလားလို့ပဲ ဖေဖေ"

"ကောင်းတာပေါ့သမီးရဲ့…ပညာနဲ့အသက်မွေးခြင်းဟာ မြတ်သော အသက်မွေးခြင်းလို့ ဆိုတာပဲ"

'ဘွဲ့' ယူသည့်နေ့က မေမေပင် အစွမ်းကုန်လှနေပါ၏။ ဘွဲ့ယူကြသူ သူငယ်ချင်းတွေထဲမှာ အောင်ရောက်မလာခဲ့ပါ။ ကိုတိုးကြီးကို မေးကြည့်တော့လည်း စာမလာ သတင်းမကြားရကြောင်း ပြောပါ၏။

"သည်ကောင် ဘာသာစုံဂုဏ်ထူးဟ……ဆက်တက် မတက်တော့ မပြောတတ်ဘူး…ကွန်ဖိုကေးရှင်းလည်း မလာပုံထောက်တော့ ခရီးလွန်နေသလားမှ မသိတာ…"

ကျွန်မမှာတော့ အောင့်ကိုလွမ်းရတာတောင် ကန့်သတ်မှုရှိနေပါလား။ ချစ်သူတွေလို လွမ်းရတာမဟုတ်တော့လည်း အလွမ်းလက်စကလေး ကမ္ဘာကယာ သိမ်းရပါ၏။ ဘာပဲဖြစ်ဖြစ် ကျွန်မ အောင့်ကို သည်ရက် သည်အခါမှာ တွေ့ချင်တာ တော့ အမှန်ပင် မျှော်လင့်ခဲ့ပါ၏။ အောင်ကတော့ ပေါ်မလာခဲ့ရှာပါပေ။

www.burmeseclassic.com

www.burmeseclassic.com



'မျက်ရည်စိုနှင့် ငိုတော့မေရယ်
တွယ်တာစရာ မေတ္တာကင်းမှ
သည်ဘဝမှာ
ဘာကိုမက်မော ပျော်မည်လဲ...'

တွယ်တာစရာ မေတ္တာကင်းမှတော့ ဘာကိုမက်မော ပျော်ရမှာလဲ အောင်...။ ရှိပါစေတော့...။

"၁၉၉၀ ခုနှစ် ကာလများ"

www.burmeseclassic.com

www.burmeseclassic.com

## (၄၆)

သင့်နာမည်ရဲ့တန်ခိုးနဲ့
ငါ့ဘဝကို အသစ်ပြုထောင်တယ်…
သင့်နာမည်ကို ရေးသားဖို့
ငါမွေးဖွားလာခဲ့တယ်…
အို…လွတ်လပ်ခြင်း…။

ကျွန်မပိုင်ဆိုင်ထားသမျှသော အဆောက်အအုံတွေထဲက တစ်ခုသော ငါးထပ်အဆောက်အအုံကြီးပေါ်မှာ ကျွန်မရှိနေပါ၏။ လေရူးတသုန်သုန်ကြားမှာ လွင့်ပါးနေကြသော သစ်ရွက်ခြောက်ကလေးတွေကို ငေးမောရင်း ပြင်သစ်ကဗျာဆရာကြီး ပေါလ်အဲလူယာပ်၏ လွတ်လပ်ခြင်း (liberty) ကဗျာထဲက အပိုဒ်ကလေးတစ်ပိုဒ်ကို ကျွန်မ ခံစားကြည့်နေမိခြင်းဖြစ်သည်။

လွတ်လပ်ခြင်းကို လူတိုင်းနှစ်သက်ကြမည်မှန်သော်လည်း လွတ်လပ်ခြင်းနှင့် ဝေးနေကြရသော ဘဝတွေကိုသာ ကျွန်မ နေ့စဉ်ကြုံတွေ့နေရသည်။ ကျွန်မကိုယ်တိုင်ကကော…။ ဘဝအသစ်ပျိုးထောင်ဖို့ မွန်းကျပ်ခြင်းတွေထဲမှာ လက်ပစ်ကူးခဲ့ရသည်မဟုတ်လား။ ပြန်စဉ်းစားကြည့်တော့လည်း အံ့သြစရာကောင်းလှပါ၏။ သိရိမဆိုသော ကျွန်မကိုယ်ကျွန်မပင် မနည်းရှာဖွေကြည့်နေရတာမျိုးနှင့်ပင် တူနေသည်။

ကျွန်မ၏ ပိုင်ဆိုင်မှုများကို ကျွန်မ ဘယ်တုံးကမှ စိတ်လိုလက်ရ စာရင်းတို့ကြည့်မိတာမရှိ။ ဘဝအကျိုးပေးဆိုတာကို ကျွန်မယုံပါသော်လည်း ကျွန်မ၏ လုံ့လဝီရိယအားမာန်နှင့် ကြိုးပမ်းရုန်းကန်ခဲ့ရတာကိုလည်း ကျွန်မကိုယ်တိုင်က

www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်ပြုခဲ့တာတော့ အမှန်ပင်။ ကျွန်မအံ့သြတာက သည်ဘဝ သည်အခြေအနေကို ရောက်လာရတာကိုဖြစ်၏။ ကျွန်မဖြစ်ချင်ခဲ့တာက တစ်မျိုး၊ ဖြစ်လာတာက တခြား။

ချမ်းသာကြွယ်ဝခြင်းသည်သာ ဘဝအတွက် လုံခြုံမှုရှိစေသည်ဆိုပါလျှင် ကျွန်မအတွက် လုံခြုံပါပြီ။ သည်အယူအဆကိုတော့ ကျွန်မ သိပ်လက်မခံချင်ပါ။ ကျွန်မမှာ ပိုင်ဆိုင်မှုတွေ များလာသလောက် အလုံပိတ်အခန်းတစ်ခန်းထဲ ရောက်နေရသလို ခံစားနေမိရသည်။ ဘယ်မှာလဲ လွတ်လပ်ခြင်းဆိုတာ...။ ပြောရလျှင် တက္ကသိုလ်ကျောင်းသူဘဝက ချို့ချို့ငဲ့ငဲ့ ကျောင်းတက်ခဲ့ရသော သီရိမေလောက်သည်ကနေ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်လာသော ကျွန်မ မပျော်ရွှင်နိုင်တာ အမှန်ပင်။

ကျွန်မ ရသမျှလျှသည်၊ ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲ ရှိခဲ့ပါသည်။ နိမ့်ပါးသူတို့အတွက် ကျွန်မ ဘယ်သောခါမှ လက်မတွန့်ခဲ့။ နိမ့်ပါးသောဘဝတွေကို စာနာတတ်ခြင်းကတော့ သီရိမေ၏ ပင်ကိုစိတ်ထားဖြစ်ပါ၏။ စီးပွားကို လောဘတကြီး ရှာဖွေနေတာက သီရိမေ၏ ပင်ကိုစရိုက်မဟုတ်။ ကျွန်မသည်ပင် နှစ်ကိုယ်ခွဲဘဝဖြင့် ကျင်လည်နေရတာမျိုး ဖြစ်နေခဲ့ပြီ။

"မမ...ဘာတွေ စဉ်းစားနေတာလဲ...မမကိုကြည့်လိုက်ရင် စဉ်းစားနေတာများတယ်..."

ကျွန်မ၏အတွင်းရေးမှူးမကလေး မွန်မွန် ပြောခဲ့ဖူးတာကို အမှတ်ရမိပါ၏။

"ဘာရယ်မဟုတ်ပါဘူး မွန်မွန်ရယ်...မမမှာ စဉ်းစားရတာကိုက အလုပ်မဟုတ်လား...စိတ်ကလေး အနားရရင် စာဖတ်ချင်ဖတ်မယ်ပေါ့...အင်း...စာဖတ်ရင်လည်း စဉ်းစားရတာပါပဲလေ..."

ကျွန်မမှာ အတိတ်ကို ပြန်လည်အောက်မေ့မိနေတာကလည်း မကြာခဏပင်။ တကယ်တမ်း ကျွန်မစဉ်းစားခန်းတွေထဲမှာ အတိတ်ချည်းလည်း မဟုတ်ပြန်ပါ။ ပစ္စုပ္ပန်ကိုလည်း စဉ်းစားနေရသည်။ အနာဂတ်ကိုလည်း တွေးနေရတာပဲ မဟုတ်လား။ အတိတ်ကို စဉ်းစားမိတော့ အမောကလေး ပြန်ဖောက်ချင်သည်။ အနာဂတ်ကို စဉ်းစားတော့လည်း မောစရာတွေ ရှိပါသေးသကော တွေးမိရသည်။ ဖြစ်သင့်တာက ပြည့်စုံသောဘဝကို ဆုတ်ကိုင်ခဲ့မိကာမှ အနာယောင်းကို မဆိတ်ဆွမိဖို့ပင်။ သို့သော် လူတစ်ယောက်အနေနှင့် အတိတ်မရှိဘဲနေဖို့ဆိုတာ ခက်သား။



ကျွန်မအနေနှင့်တော့ ကာလသုံးပါးမှာ အတိတ်ကာလအကန့်ထဲမှာ ရှိနေတာများသည် ထင်ပါ၏။ အတိတ်ဆိုတာ ပြန်ပြောင်းတွေးတော အောက်မေ့စရာတွေချည်းဆိုတော့လည်း အတိတ်ကို သတိရမိတာ အဓိပ္ပာယ်တော့ ရှိပါသည်။

ကျွန်မငယ်ငယ်က 'နောက်ကြောင်းပြန်' ဆိုသည့်စကားကို ရုပ်ရှင်ရုံတွေထဲမှာ စ,ကြားဖူးခဲ့ခြင်းဖြစ်သည်။ လက်ရှိဖြစ်ပျက်နေသော အခြေအနေကို ခဏရပ်ကာ လွန်ခဲ့သောအတိတ်ဖြစ်ရပ်ကို ပြန်ပြတာ 'နောက်ကြောင်းပြန်' ခေါ်သတဲ့။ နှစ်နာရီလောက်ကြာသော ရုပ်ရှင်ကားတစ်ကားထဲမှာ နောက်ကြောင်းပြန် သုံးလေးနေရာလောက် ပါတတ်သည်။ ရှေ့ဆက်ရမည့်ဇာတ်လမ်းအတွက် လိုအပ်လျှင် နောက်ကြောင်းပြန်ခန်းကို မထည့်မဖြစ် ထည့်တတ်ကြသည်။ သို့သော် ပါလှလျှင် တစ်ကွက် နှစ်ကွက်ပေါ့။ ကျွန်မ၏ တကယ့်ဘဝမှာတော့ နောက်ကြောင်းပြန်ခန်းသည်ပင် ဇာတ်လမ်းဖြစ်နေကာ ပစ္စုပ္ပန်သည် အထောက်အကူဖြစ်လောက်ရုံသာ။ ဒါကို မွန်မွန့်ကို ပြောပြတော့ မွန်မွန်က ရယ်ပါ၏။

"မမရယ်...ပြောင်းပြန်ကြီးပါလား...မမဟာက ရှေ့ကြောင်းပြန်ဖြစ်နေပြီ"

ကျွန်မ မူလတန်းကျောင်းသူအရွယ်က ကျွန်မတို့မောင်နှမသုံးယောက်ကို မေမေက ရုပ်ရှင်လိုက်ပြပါသည်။ ဂုဏ်ရုံလား၊ လူငယ်ရုံလား၊ သီရိရုံလားတောင် မမှတ်မိတော့ပါ။ ဇာတ်ကားက နောက်ကြောင်းပြန်ခန်းတွေများသဖြင့် ကျွန်မမှာ ရှုလည်အူလည်ဖြစ်နေသည်။ မေမေ့ကိုမေးကြည့်တော့ မေမေက ရှင်းပြခဲ့သည်။

"အဲဒါ နောက်ကြောင်းပြန်တာ သမီးရဲ့...အခု သည်ကလေးမကလေးက စောစောကပြတဲ့ ကြည်ကြည်ဌေးပဲ...ကြည်ကြည်ဌေးငယ်ငယ်တုန်းက သည်လိုဖြစ်ခဲ့ဖူးတယ်လို့ ပြန်ပြတာပေါ့"

မေမေပြောတော့မှ ခပ်ရေးရေး သဘောပေါက်ခဲ့ရသည်။ နောက်တော့ ရုပ်ရှင်ဇာတ်လမ်းကို စိတ်မဝင်စားဘဲ နောက်ကြောင်းပြန်ခန်းကို စိတ်ဝင်စားမိပြန်ပါ၏။ မေမေရယ် နောက်ကြောင်းပြန်မပါတော့ သမီးဖြင့် နားမလည်ပါဘူးဆိုလို့ မေမေက အူတက်အောင် ရယ်တာကိုလည်း မှတ်မိသည်။

"မလိုအပ်ရင် ဘယ်ပြပါ့မလဲ သမီးရဲ့...နောက်ကြောင်းဆိုတာ လိုအပ်မှ ပြမှာပေါ့"

"မေမေကော နောက်ကြောင်းပြန်သလား..."

ကျွန်မအမေးက မေမေ့ကို ထိခိုက်သွားစေသလားမသိပါ၊ မျက်နှာညှိုးသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပါသကောကွယ်...အသက်ကြီးလာလေ နောက်ကြောင်းပြန်တွေ များလေပေါ့"

"နောက်ကြောင်းပြန်ရတာ မကောင်းဘူးလား မေမေ"

"စိတ်က တွေးရတာဆိုတော့ လူက မပေမယ့် စိတ်ကတော့ ပေါ့...သမီးငယ်သေးတော့ ဒါတွေ သိမှာမဟုတ်ဘူး"

သုံးလေးတန်းဆိုသော်လည်း ဝတ္ထုကလေးတွေ ဖတ်နေပြီဖြစ်သော ကျွန်မက ဝတ္ထုထဲမှာပါသော ကျွန်မနားမလည်သည့် စကားလုံးတချို့ကိုလည်း မေမေ့ကို မေးဖြစ်ခဲ့ပါ၏။

"အတိတ်ကို ကန့်လန့်ကာချတယ်ဆိုတာဟာ ဘာကိုပြောတာလဲ မေမေ"

"လူတစ်ယောက်က အရင်ကဖြစ်ခဲ့တာတွေမှန်သမျှ စိတ်မချမ်းသာစရာတွေချည်းပဲ ဖြစ်နေရင် မတွေးချင်တော့ဘူး...ဇာတ်ပွဲတွေထဲမှာ ကန့်လန့်ကာကြီးတွေ တွေ့တယ်မှတ်လား...အဲသလို ကန့်လန့်ကာကြီးနဲ့ ကာထားသလို ကာထားလိုက်တယ်လို့ ပြောတာ...တတ်နိုင်သမျှ မတွေးမိအောင်နေချင်တယ်...နေတယ်လို့ ပြောတာပေါ့...စကားဥပမာ တင်စားတာပေါ့ကွယ်...တကယ့်ကန့်လန့်ကာတော့ ဘယ်ဟုတ်ပါ့မလဲ"

မေမေနှင့်ကျွန်မ သည်လိုပြောနေတာမျိုးကို ဖေဖေက သဘောကျတတ်သည်။ တချို့မေးခွန်းတွေ ဖေဖေ့ဆီ ယူမလာပါနဲ့သမီးရယ်...ညည်းအမေလို မဖြေတတ်ပါဘူးလို့ နောက်တတ်ပါသည်။

အခုတော့လည်း အတိတ်ကာလ၏ အဖြစ်အပျက်များသည် လှသည်ဖြစ်စေ၊ အကျည်းတန်သည်ဖြစ်စေ တွေးကြရသည်ပင်။ ငှက်တွေက ပျံရင်း သေကြသည်။ လူတွေက တွေးရင် ကြံရင်း သေကြရသည်တဲ့။

ကျွန်မ၏ နောက်ကြောင်းပြန်အဖြစ်များတွင် ပြင်းထန်သောရိုက်ခတ်ချက်များစွာရှိခဲ့သည်။ ဆိုပါတော့...ဂျပန်ထူးတန်းတက်စဉ်က အထီးကျန်ခဲ့ရသည့်ရက်တွေအကြောင်း၊ မိသားစုအားလုံး မန္တလေးကို ပြောင်းရွှေ့ အခြေချခဲ့ကြသည့်အကြောင်း၊ မောင်မောင်ဘွဲ့ရပြီး သနပ်ခါး စီးပွားရေးလုပ်ငန်းမှာ ဝင်ရောက်ဦးစီးခဲ့ပုံအကြောင်း၊ တက်စုံရှက်စုံဖွင့်ပြီးခါမှ မုန်တိုင်းမိလိုက်လို့ လေမှောက်ရသလို မောင်မောင် ရုတ်တရက် ဆုံးပါးသွားခဲ့ရသည့်အကြောင်း၊ မိသားစုဘဝကို ပခုံးထမ်းဖို့



ကျွန်မ အလွန်မြတ်နိုးစုံမက်လှသည့် တက္ကသိုလ်ဆရာမဘဝကို စွန့်လွှတ်ကာ စီးပွားရေးလုပ်ငန်းကြီးတစ်ခုထဲ ယောင်တီယောင်န ရောက်လာခဲ့ရပုံအကြောင်း၊ လုပ်ငန်းနှင့် မိသားစုဘဝကို ပခုံးထမ်းနေတုန်း ကျွန်မပခုံးတစ်ဖက်ကို ဝင်ရောက်ကူညီ ထမ်းပိုးပေးရင်း နှလုံးသားထဲ ဝင်ရောက်လာခဲ့သည့် လူတစ်ယောက်အကြောင်း...။

သည်အဖြစ်တွေက တစ်ကန့်စီဆိုသော်လည်း ဆက်လိုက်တော့ ဇာတ်လမ်း ဖြစ်ရပြန်သည်။ ၁၉၉၀ ဝန်းကျင် နှစ်ကာလတွေကတော့ ကျွန်မ၏ ခါးသီးသော နောက်ကြောင်းပြန်ခန်းများပင်...။

www.burmeseclassic.com

www.burmeseclassic.com

## (၄၇)

မန္တလေးတက္ကသိုလ် ဂုဏ်ထူးတန်းတက်ဖို့ ရောက်လာတော့ ကျွန်မ ချစ်သော သူငယ်ချင်းတွေ ပါမလာကြတော့ပါ။ ကျွန်မနှင့်အောင် နှစ်ယောက်သာ ဂုဏ်ထူးတန်းတက်ခွင့် ရခဲ့ကြသည်။ အောင်တစ်ယောက် ဘာသာစုံဂုဏ်ထူးထွက်လို့ ဂုဏ်ထူးတန်း တက်ခွင့်ရသည်ဆိုတာ သိကတည်းက ကျွန်မပျော်ခဲ့ရသည်။ ထွေးထွေးသိန်းတို့တစ်တွေ ပါမလာခဲ့တော့ပေမယ့် ခင်မင်ရင်းစွဲကျောင်းသူတွေ ရှိကြပါသည်။ ယောကျ်ားလေးသူငယ်ချင်းတွေထဲမှာတော့ ကျွန်မနှင့်အရင်းနှီးဆုံး သူငယ်ချင်းဆိုလို့ အောင်ပဲရှိတော့မည်။ အောင်ရှိနေလျှင်ပင် လုံလောက်ပါသည်။

အောင်နှင့်ကျွန်မ မေဂျာချင်းမတူသော်လည်း အမိတက္ကသိုလ်ပရဝုဏ်ထဲမှာ စာသင်နှစ် မဆုံးမချင်း ဆက်လက်ခင်မင်ခွင့် ရလိမ့်ဦးမည်။ သို့သော် အောင် ရောက်မလာခဲ့ပါ။ ကျွန်မစိတ်တွေပဲ စောနေလို့များလား။ တစ်ပတ်က နှစ်ပတ်။ တစ်လက နှစ်လရောက်သည်အထိ အောင်ရောက်မလာတော့ပါ။

ပင်မအဆောက်အအုံကြီးရဲ့ လှေကားထစ်တွေပေါ်မှာ၊ ကျောင်းသစ်ရိပ် ဝန်းကျင်တွေမှာ၊ ကန်တင်းမှာ၊ ရေနီမြောင်းဘေး အကြော်ဆိုင်တွေမှာ၊ စာအုပ်ဆိုင်မှာ၊ စာကြည့်တိုက်မှာ စသည်ဖြင့် ကျွန်မ အောင့်ကို လိုက်ရှာမိခဲ့သည်။ အောင်တို့ မြန်မာစာဌာနကိုလည်းရောက်သည်။ ဂုဏ်ထူးတန်းတက်နေသည့် အောင့်သူငယ်ချင်းတွေကိုလည်း သွားမေးခဲ့သည်။ အောင်သာ ကျောင်းကိုရောက်လာလျှင် ကျွန်မထံ မလာဘဲမရှိ။ ဟိုတစ်ခါ ကျောင်းအလာနောက်ကျခဲ့တုန်းကလိုပဲ သူ့အမေနဲ့များ အတိုက်အခံလုပ်နေရရှာသလား။ ဒါမှမဟုတ်...။

မိန်းမသားဆိုတော့လည်း မျှော်ရသတဲ့။ အင်းဝခေတ် အမျှော်စိုက်အိုင်ချင်းတွေအကြောင်း အောင်ပြောပြခဲ့တုန်းက သည်လောက်မခံစားခဲ့မိ။ မိန်းကလေး တစ်ယောက်၏ အလွမ်းတွေကိုပဲ ခံစားခဲ့ရသည်။ စဉ့်ကူးမင်းလက်ထက် မိဖုရား ရှင်မင်း၏ အလွမ်းကို ကဗျာတွေ စာတွေမှာ ဖတ်ခဲ့ရသည်။



"ရှင်ဘုရင်ဆိုတော့ မိဖုရားတွေ များတာကိုး မေရဲ့...သည်တော့ တစ်ဆောင်ကတစ်ဆောင် ကူးမလာတာကို သူတို့မှာ အရေးတကြီး ခံစားစရာလိုလို ရေးခဲ့ကြတာပေါ့... *'မောင်တော်လမင်းကြီး ဘယ်အရပ် ဘယ်ကမ္ဘာမှာ သာနေပါလိမ့်...ကျွန်မကမ္ဘာမှာတော့ လမင်းကြီးမသာပြန် လို့ လွမ်းရတယ်...လမင်းကြီးရယ် သာလှည့်ပါဦး...'* ပေါ့..."

အောင်က ရှင်းပြခဲ့သော်လည်း ကျွန်မကတော့ ထုံးစံအတိုင်း ခွန်းတုံ့ပြန်ခဲ့သည်။

"မိဖုရားဆိုတော့ မောင်တော်မျှော်တာပေါ့အောင်ရယ်...မေတော့ မိဖုရား မဖြစ်ချင်ဘူး...ဘုရင်မပဲ ဖြစ်ချင်တယ်...မိဖုရားလုပ်ပြီး မျှော်ရတာနဲ့ ဘဝပြီးရတာ ဘာမှအဓိပ္ပာယ်မရှိဘူး"

သည်တော့လည်း အောင်က ရယ်သည်။

"ရှေးက မိဖုရားတွေက မျှော်ရုံတင်ဘယ်ကပါ့မလဲ...မောင်တော် အဆောင်ကူးလာဖို့အရေး မှန်စာထိုးကြသတဲ့...ဗေဒင်မေးကြသတဲ့... အထောက်တော်တွေနဲ့ စနည်းနာကြသတဲ့...ကြက်ရိုးထိုးကြသတဲ့... *'ဆံခွေကို ဖြန့်ကျင်းလို့၊ ပြတင်းက မယ်မျှော်...ရွှေလဝန်းစန္ဒော်ငယ်၊ ထွက်ပေါ်လာမှုနီး၊ စောင့်စားလို့တာရှည်သည်၊ နေခြည်မှာ ပန်းကဲ့သို့ ညှိုး...'* တဲ့"

"ရွတ်ပါဦး အောင်ရဲ့..."

"*'ချနေကျ မှန်စာကို၊ အခါခါမယ်ထိုး၊ စနည်းပုံ ရွှေကြက်ရိုးရယ်က၊ အကျိုးငယ်မထင်၊ ရွှေတိုင်ထူ နတ်ကိန်းက၊ တိမ်းယိမ်းလို့ မမှန်လေကျင်၊ ဘယ်ကျွန်းသူ့သခင်ရယ်၊ ထိပ်တင်ကိုချော့ပါလှဲ့၊ မေ့လျော့နေသည့်နှယ်၊ ရှိပြန်ရတယ်၊ ပူလွန်းလို့ ပြန့်ကျယ်တယ်၊ ဘုန်းကြွယ်ကြွယ်ဘုရား ကြောင့်လေး...'* တဲ့။ မေသာ မလွမ်းချင်ဖူးပြောနေတာပါ...မမြကလေး လည်း လွမ်းခဲ့တာပဲ... *'နောက်အိမ်တော်ဆောင်ရိပ်မှာ လွမ်းစိတ်နဲ့ ဆွေးတယ်'* လို့ ရေးတာကြည့်လေ..."

"မေကတော့ မလွမ်းပေါင်ရှင်...လွမ်းရ မျှော်ရမှတော့ ဘာလုပ်ရမှာလဲ"

"မေရဲ့... *'စိန်ခြူးကြောမှန်တင်မှာ၊ နံ့ဆင်ကာ ဟန်ကြွားလို့ စကားချေ လည်လည် ပြောချင်လှတယ်'* တဲ့။ စကားပြောချင်လို့ မျှော်တာလေ..."

အောင့်စကားကြောင့် ကျွန်မ ရယ်ခဲ့ရသည်။ အခုတော့လည်း စကားချေ လည်လည် ပြောချင်လှသော်လည်း ပို့မောင်တော်က ကြွမလာသည့်အဖြစ်။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



၏ ထိုရက်များက အထီးကျန်မှုသည် ပြောမယုံလောက်အောင်ပင် ခြောက်သွေ့လှပါသည်။ မန္တလေးတက္ကသိုလ်ထဲက ပန်းပွင့်သော သစ်ပင်တွေပင် ရာသီအလှည့်ကျ မွှေးကြ ပွင့်ကြ ပြန်အားယူကြ။ နှစ် တစ်ပတ်လည်၊ နှစ် နှစ်ပတ်လည်။ ရွက်ဟောင်းတွေ ကြွေခဲ့သည်။ မိုးစက်တွေ ဖွဲခဲ့သည်။ နှင်းတွေ ဝေ့ဝေ့လည်သည်။ ဆံချွေကို ဖြန့်ကျင်းလို့ အဆောင်ပြတင်းက အောင့်ကိုမျှော်ရတာလည်း လည်ပင်းကိုးတောင် ပြည့်မတတ်ပင်။

ကျွန်မနှင့်အောင် နောက်ဆုံးတွေ့ခဲ့ရသော ကလောမြို့ကလေးမှာ အောင်ရှိနေသေးလား။ အောင်တို့မိသားစုဇာတ်လမ်းတွေ သိထားသူဆိုတော့လည်း တွေးဆကြည့်စရာတွေက အများသား။ ကြာတော့လည်း အောင်နှင့်ကျွန်မအဖို့ သည်လောက်ပဲ ကံပါခဲ့ကြတယ်ထင်ပါရဲ့လို့သာ အောက်မေ့ရတော့သည်။

တကယ်တမ်းဝန်ခံကြစတမ်းဆိုလျှင် အောင်နှင့်ဝေးရပြီဆိုတော့မှ အောင့်ကို ကျွန်မ သည်းကြီးအူပြတ် သတိရနေမိခြင်းပင်။ ဂုဏ်ထူးတန်း တစ်နှစ်၊ ဘွဲ့လွန် နှစ်နှစ်တက်ရောက်ပြီးတော့လည်း ကျွန်မအတွက် ကံကောင်းသည်ခေါ်ရမည် ထင်ပါ၏။ တက္ကသိုလ်မှ သရုပ်ပြဆရာမခေါ်တာကို သိပ်ကြီးမစောင့်လိုက်ရပါ။ ကျွန်မအတွက် ခန့်စာရသည့်နေ့က ကျွန်မမှာ ဝမ်းသာဝမ်းနည်းဖြစ်ခဲ့ရသည်။ ကျွန်မ မျှော်လင့်စောင့်စားနေခဲ့ရသော ရည်မှန်းချက် ပြည့်ပြီဆိုတော့ မြေကြီးနှင့်ခြေထောက် လွတ်များနေသလားထင်ရအောင် ပေါ့ပါးနေခဲ့သည်။ ဝမ်းနည်းတာကတော့ ကျွန်မ၏ ပညာသင်နှစ် ခုနစ်နှစ်လုံးလုံးသည် မိခင် ဖခင်များအတွက် တာဝန်ပိစေခဲ့သည်။ တစ်တောင်းတစ်ရွက် ဝန်မပိုးခဲ့ရဘဲ မိရိပ်ဖရိပ် ခိုခဲ့ရတာနှင့်ပင် ကျွန်မယူသော အခွင့်အရေးတွေ များလွန်းခဲ့သည်။ သရုပ်ပြဆရာမဖြစ်ပြီဆိုတော့ လုပ်သက်တစ်လျှောက် နီးနီးဝေးဝေး ပြေးပြေးလွှားလွှား သွားနေရတော့မည်။ နီးလျှင် အကြောင်းမဟုတ်သော်လည်း ဝေးလျှင် မိသားစုနှင့် ထပ်ပြီးခွဲခွာရတော့မည်။

"သမီးရယ်...အရွယ်ရောက်နေပြီပဲ...ဂုဏ်သိက္ခာရှိတဲ့ အလုပ်အကိုင်တစ်ခု ရပြီဆိုတာကိုပဲ မေမေတို့က ဝမ်းသာနေတာပါ...သွားစရာရှိတာသွားရမှာပေါ့...ဆရာမဆိုတဲ့ဂုဏ်ကပဲ သမီးကို စောင့်ရှောက်မှာပါ...ပညာနဲ့ အသက်မွေးရတာ မြတ်တယ်လို့ ဘုရားဟောခဲ့တယ်ဆိုတာ မေမေပြောဖူးသားပဲ..."

မေမေကတော့ စိတ်ဓာတ်ပြတ်သား တည်ကြည်သူဆိုတော့ သည်စကားကိုပဲ ပြောရှာပါ၏။ မေမေကတော့ ကျွန်မကို အားပေးသလို လက်တွေကိုဆုတ်ညှစ်ရင်းက အကြောင်းဆိုက်လာတဲ့အလုပ်ပဲ သမီးရယ်...လုပ်ရမှာပေါ့



လောက်ပဲ ပြောပါသည်။ မောင်လေးနှင့် ညီမလေးတို့ကလည်း ဝမ်းမြောက်ဝမ်းသာရှိခဲ့ကြရှာပါ၏။

"ဘုရားပါမမရာ...မိသားစုအတွက် မပူပါနဲ့...ကျွန်တော်လည်း ကျောင်းပြီးပြီပဲဟာ...အခြေအနေတွေက ပြောင်းလာပြီ...သည်ခေတ်က စီးပွားရေးနယ်ထဲ လူငယ်တွေ တော်တော်ရောက်ကြရပြီဆိုတော့ အိမ်လုပ်ငန်းကို ကျွန်တော်ကိုယ်တိုင် ဦးစီးမယ်.. လုပ်ငန်းကို သည့်ထက် အဆင့်မြှင့်ချင်တယ်...တိုးချဲ့ချင်တယ်...သည်တာဝန်ကို ကျွန်တော်ယူရမှာပဲ"

မောင်လေးက သူ့စိတ်ကူးတွေကို ပြောပြသည်။ အခြေအနေတွေ ပြောင်းသွားပြီဆိုတာကတော့ စီးပွားရေးလုပ်ငန်းပေါ့လုပ်ဖို့ အခွင့်အလမ်းတွေ ရလာခြင်းကို ပြောတာဖြစ်သည်။ ကျွန်မတို့နှင့် တက္ကသိုလ်တက်ဖက် သူငယ်ချင်းများပင် ကုမ္ပဏီတွေ ထောင်ကြကာ နိုင်ငံတကာနှင့် ကူးလူးကုန်သွယ်နေကြတာတွေ ကြားရပါ၏။ တချို့ကတော့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေ လုပ်လာကြသည်။ ချမ်းသာသည့်သူငယ်ချင်းတွေဆိုလျှင် မိဘဆီက သိန်း ၅၀၊ ၁၀၀ ယူကြကာ ဆယ်ဦးစပ်၊ ငါးဦးစပ် ပူးပေါင်းကြရင်း ကုန်သည်တွေဖြစ်ကုန်ကြပြီ။ ဂျပန်နှင့် အိန္ဒိယကို ပဲမျိုးစုံပို့နေကြသည်။ သစ်အချောထည်လုပ်ငန်းတွေ လုပ်ကြသည်။ တချို့က ရန်ကုန်ကို ဆင်းကာ ကုမ္ပဏီတွေ လျှောက်ကြသည်။ တချို့က အဆင်ပြေသံ ကြားရသည်။ တချို့ကလည်း ရှန်းကန်နေကြရဆဲ။

"သနပ်ခါးလုပ်ငန်းက မြန်မာကွေ့ရှိသရွေ့ ရှိနေရမယ့်လုပ်ငန်းပဲမေမေ...ဒါပေမဲ့ သနပ်ခါးကို စက်နဲ့ကြိတ်ပြီး အမှုန့်တစ်မျိုး၊ အရည်ဖျော်တစ်မျိုးလုပ်နေရုံနဲ့တော့ သနပ်ခါးရည် သနပ်ခါးခဲက တက်မှာမဟုတ်တော့ဘူး...ကျွန်တော်တော့ နည်းပညာနဲ့ပေါင်းမယ်...မိတ်ကပ်နည်းပညာနဲ့ မြန်မာသနပ်ခါး သဘာဝ မပျက်အောင် တီထွင်ကြည့်ချင်တယ်...ကျွန်တော် ရန်ကုန်ဆင်းရမယ်..."

မေမေကတော့ လုပ်ငန်းချဲ့မှာကို သဘောတူချင်ပုံမရ။ ရိုးရာမပျက်လုပ်ငန်းကို ရသလောက်နှင့် တင်းတိမ်ချင်ပုံရသည်။ ဖေဖေကတော့ သည်လိုမိတ်ကပ်ပုံစံလုပ်မှာကို စိတ်ဝင်စားပုံရပါသည်။ သို့သော် တကယ်တမ်းလုပ်ရမည်ဆိုတော့ ဘာကစ,ကိုင်ကြရမှန်းမသိ။ ကျွန်မက မိန်းကလေးဆိုတော့ စိတ်စွမ်းတိုင်း ကိုယ်မပါတာတွေ ရှိသည်။ ဝန်ထမ်းအလုပ်ကတစ်ဖက်ဆိုတော့ လုပ်ငန်းကို စိတ်ရောကိုယ်ပါနှစ်မလုပ်နိုင်။ မောင်လေးဆိုလျှင် ရန်ကုန်ကို အခေါက်ခေါက်အခါခါ သွားနေတာမြင်နေရသည်။ နိုင်ငံခြားက ကက်တလောက်တွေ၊ ပုံစံဒီဇိုင်းတွေ ဝယ်သွားတာဝယ်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဖွားသင့်တာဖွားသည်၊ မိတ္တူကူးသင့်တာ ကူးသည်။ လေ့လာဆည်းပူးခြင်းကို စိတ်နှစ်ထားသူဖြစ်သည်။

သနပ်ခါးကို မိတ်ကပ်အဖြစ် အသွင်ပြောင်းဖို့ချည်းမဟုတ်ပါ။ ရေရှည်ခံအောင်၊ ရနံ့ကောင်းအောင်၊ အရည်အသွေးအရ အစမ်းသပ်ခံနိုင်အောင် ကြံဆနေရသည်။ လုပ်ငန်းကို တကယ်တမ်းပြောင်းယူမည်ဆိုသောအခါ ဈေးကွက်အရ မန္တလေးမှာ ပြောင်းရွှေ့အခြေချဖို့ပါ ဖြစ်လာခဲ့ရတော့သည်။ စိတ်ကူးတွေ ကြီးသော်လည်း ကျွန်မတို့မှာ ငွေကြေးမပြည့်စုံပါ။ မြင်းခြံက အိမ်နှင့်ခြံ ရောင်းတာကလည်း သည်လုပ်ငန်းကြီးအတွက် ဖြစ်လောက်စရာမရှိ။

သည်ရက်တွေထဲမှာပဲ မန္တလေးတက္ကသိုလ်ကို သရုပ်ပြဆရာမကလေးအဖြစ် ကျွန်မရောက်ခဲ့ရပါ၏။ တမာတွေ၊ ငုတွေ၊ စိန်ပန်းတွေ၊ ထနောင်းနှင့် ကန္တာရတွေ ဝေစည်သော အမိတက္ကသိုလ်ရင်ခွင်ကို တစ်ကြော့တစ်လီ ပြန်ရောက်ရပြန်တော့လည်း လွမ်းဆွတ်သတိရတာတွေ နိုးထလာပြန်သည်။ တက္ကသိုလ်ကျောင်းသူဘဝက စိမ်းလတ်လန်းဆန်းခဲ့ရသော ပျော်ပါးသွက်လက်ဘဝမျိုးကို ကျွန်မ မရနိုင်တော့ပါပြီ။ နှစ်ကာလတွေ မကြာခဲ့သော်လည်း ဝတ်စားဆင်ယင်မှုတွေ ပြောင်းလဲသွားကြသည်။ ပြောပုံဆိုပုံတွေ ပြောင်းလဲသွားကြသည်။ လူငယ်သဘာဝတွေကတော့ များများမပြောင်းလဲပါ။ ကျွန်မတို့မြင်းခြံက သူငယ်ချင်းတွေ မန္တလေးတက္ကသိုလ် ရောက်လာခါစ မအူမလည်ဖြစ်ခဲ့ကြရပုံတွေကို ပြန်မြင်ယောင်မိသည်။ မြင်းခြံက မန္တလေးလို မြို့ကြီးပြကြီး ရောက်လာရတာကိုပဲ တစ်ဂုဏ်တိုးရသည်ဟု ထင်ခဲ့ရသည်။

ကျွန်မအဖို့ရာတော့ တက္ကသိုလ်ဆရာမကလေး ဖြစ်ရသော်လည်း ထူးပြီးဂုဏ်ယူလုပ်ရတာမျိုးမရှိ။ ကျွန်မကိုယ်ကျွန်မ မြင်ရသည့်အချက်မှာ ကျွန်မနေတတ်သလိုနေခြင်းပဲဖြစ်ပါ၏။ မန္တလေးတက္ကသိုလ်မှ မကွေးကောလိပ်ကို ကျွန်မ ပြောင်းရွှေ့ခဲ့ရတော့ ကျွန်မ စာဖတ်ဝါသနာပါတာကို သိသူတွေအတွက် အကြောင်းမဟုတ်သော်လည်း မသိသူတွေက ကျွန်မကို တစ်မျိုးမြင်ကြသည်။ တချို့က ကျွန်မကို နာမည်ပြောင် ပေးထားကြသလိုလိုလည်း ကြားရပါ၏။ နာမည်ပြောင်ကတော့ ကျူတာဆရာ ဆရာမတွေကိုတောင် ပေးတတ်ကြသည့် ချစ်စရာ တက္ကသိုလ်ခလေးကလေးလည်းဖြစ်ပါ၏။ ခင်မင်ရင်းနှီးသွားကြတော့လည်း ကျွန်မကို သဘောပေါက်သွားကြသည်။ ကျွန်မတို့နှင့် ဘဝတူ တက္ကသိုလ်ဆရာမပေါက်စတွေကပဲ ကြာတော့ သူငယ်ချင်းတွေ ဖြစ်သွားခဲ့ကြပါ၏။ နယ်အသီးသီးကနေ လာစုကြရတာဆိုတော့ စည်းလုံးခင်မင်မှုလည်း ပိုခဲ့ရပါ၏။



ဆရာ ဦးကျော်စိုး ဆိုလျှင် ပုညက်ညက်၊ အမောက်ကြီးထောင်ထောင်၊ လည်ပင်းကို တင်နေ့ငံနေ့ လုပ်တတ်သဖြင့် ကျွန်မတို့ဆရာမတွေက 'အင်္ဂလိပ်ကြက်ဖ' ခေါ်ကြသည်။ အင်္ဂလိပ်စကားကို များများညှပ်သုံးတတ်၍ဖြစ်ပါသည်။ ဆရာဦးညိုလင်းကတော့ အရပ်ရှည်ရှည်၊ အသားဖြူဖြူ၊ လည်ဇလုပ်ကြီးကြီးနှင့်ဆိုတော့ ငှက်ကုလားအုပ်။ ဆရာ ဦးကောင်းလှကျတော့ ဘိုလိုအမြဲဝတ်တတ်သူ ဖြစ်သည်။ တစ်ခါတစ်ရံ နက်ကတိုင်ကြီး တပ်ထားသည့်အတွက် ကြောင်လျှာသီး ခေါ်ကြတာလည်း ရှိပါသည်။ ကျွန်မနှင့် စ,ကြသော ကွမ်းပလုပ်ပလောင်းနှင့် ဆရာဦးကျော်သွင်ကတော့ ပခုက္ကူသားမို့လားမသိ၊ စကားပြောတာ တစ်မျိုး။ ကျွန်မတို့မြင်းခြံလေနှင့်လည်း ခပ်ဆင်ဆင်။

"ကျွန်တော်က ကွင်းတော့ကြိုက်တယ်...ကွင်းက နှုတ်ဂုဏ်ရွှေရတယ်...
လွင်လွင်ကျူးကျူးတော့ မစားပါဘူး...ခံတွန်းရှင်းရုံပါ..."

ကွမ်းကို ကွင်း၊ လွန်လွန်ကျူးကျူးကို လွင်လွင်ကျူးကျူး၊ ခံတွင်းကို ခံတွန်း။ သူ့ကိုယ်သူ နာမည်ထည့်ပြောစရာရှိလျှင်လည်း ဦးကျော်သွန် ဆိုပြန်လေ၏။ သည်တော့ ကျွန်မက ပြန်နောက်ရသည်။

"ဦးကျော်သွန်ရယ်...ခံတွန်းရှင်းရုံဆို ကိစ္စမရှိပါဘူး...ကျွန်မတို့ကတော်ကြာ တစ်တက်စားလည်း ကြက်သွင်၊ နှစ်တက်စားလည်း ကြက်သွင်ဖြစ်မှာစိုးတာပါ"

"အလွင်အမင်းတော့ မစားပါဘူး ဆရာမရဲ့"

ကျွန်မတို့က နောက်တာကို နောက်မှန်းမသိ။ ကွယ်ရာမှာ ရယ်ကြရတာခဏခဏ။ သူ့ကိုတော့ ကျွန်မတို့က ကြက်သွင်ခေါ်ကြပါသည်။ ကျွန်မတို့အမျိုးသမီး ဆရာမတွေကိုလည်း နာမည်ပြောင်တွေ ပေးထားကြတာကိုတော့ ဆရာဦးအောင်မျိုးဦးက ဖော်သည်။

"ဆရာမ ဒေါ်ကေသီကို လက်ချမီးတဲ့...ကုလားမနဲ့တူလို့...ဆရာမဒေါ်ကျော့ကျော့ကိုတော့ ရေမွှေးဆွတ်လွန်းလို့ စန္ဒကူးမြိုင်တဲ့...နေဦး...ဆရာမ ဒေါ်လှလှဝင်းကျတော့ နှုတ်ခမ်းနီ ရဲနေအောင်ဆိုးလို့ ရွှေခဲတဲ့..."

"ကျွန်မကျတော့ကော..."

"ဒေါ်သီရိမေတော့...အဲ...မကြားဘူးဆရာမရဲ့"

"ဘာမကြားရမှာလဲ...ပြော..."

ကျွန်မက ဝေါက်တော့ ရယ်သည်။ မျက်နှာလည်း ပုပ္ပုံရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဟီး...ဆရာမကျတော့ စာတွေ ကဗျာတွေ ဖတ်လွန်းလို့နဲ့တူပါရဲ့...စာပေါင်းသိုက် ဇာ်...''

ကျွန်မ ရယ်ချင်သွားခဲ့သည်။ ကျွန်မတို့ဆရာ ဆရာမအားလုံးအချင်းချင်း ခင်မင်သွားကြတာ များပါသည်။ တစ်ဦးနှင့်တစ်ဦး မောင်နှမတွေလို ဆက်ဆံကြသည်။ တစ်ယောက်ရှိလျှင် တစ်ယောက်က ဒကာခံ ကျွေးမွေးတတ်ကြသည်။ ကိုယ့်လခကလေးနှင့်ကိုယ်ဆိုတော့ များများလည်း သုံးနိုင်ကြတာမဟုတ်။ မွေးနေ့တို့၊ ရာထူးတိုးတို့နှင့်ကြုံလျှင်တော့ စားကြရသည်။ တစ်ရက်မှာ ဆရာဦးကြက်သွင်က ကျွန်မကို ကဗျာတစ်ပုဒ်ပြပါသည်။ သူရေးထားသောကဗျာ ကောင်း မကောင်း ဆဖန်ခိုင်းခြင်းဖြစ်သည်။

'နှုးဝှဲပေါင်
ဖူးညွန့်ခေါင် ရွှေစံပယ်ရဲ့
ကြွေမလွယ် ဖေတကယ်စောင့်သော်လည်း
ရင့်ရော်ရော် ရက်တွေညှောင်းသော်ကြောင့်
ခွင့်မလျော် မက်မပြေကြောင်းရယ်နှင့်
သော်ငွေဖြူ ဘယ်မှုနှင့်နွဲ့မတုံးရယ်လို့
ဆုံးစိတ်မတည်...'

ကဗျာကိုဖတ်ပြီး အလေးအနက်စဉ်းစားသလို ကျွန်မက မျက်မှောင်ကြုတ်ထားလိုက်ပါသည်။

"ဆရာ့စံပယ်ပန်းက သည်လောက်စောင့်တာတောင် မကြွေဘူးလား"

"ဒါကတော့ ကဗျာသဘောကိုး ဆရာမရဲ့...အလွှင်အကျူးဖွဲ့တာပေါ့ဗျာ...ဒါကြောင့် နှုးဝှဲ့ပေါင်၊ ဖူးညွှန့်ခေါင် ရွှေစံပယ်ရဲ့လို့ စလိုက်တာ"

"ကဗျာဆဖန်တာ ထားပါဦး...ဆရာ့ကဗျာက အခံပိုဒ်ပဲ ရှိသေးတာလေ ဆရာရဲ့...နေပါဦး...ဒါ ဘယ်သူ့စောင်းရေးတာလဲ...ကျွန်မတော့ မဟုတ်ပါဘူးနော်..."

ဆရာ ဦးကျော်သွင်က ပြုံးဖြဲဖြဲလုပ်နေသည်။

"ဆရာမကို ကြိုက်မှတော့ ဆရာမ လာပြပါ့မလား ဆရာမရဲ့ ..သူများက တစ်ဆင့် ပေးခိုင်းမှာပေါ့"

ကျွန်မမှာ ရယ်ချင်စိတ်ကို မနည်းမျိုချနေရသည်။ မျက်နှာကို တည်ထားလိုက်ရပြန်သည်။

"နေပါဦး...ကျွန်မကိုပြတဲ့သဘောက ဘာလဲဆရာရဲ့...ကဗျာက ပြီးလည်းမပြီးသေးဘဲနဲ့..."



"အဲဒါပေါ့...အဆုပ်ဗိုဒ်ဒ် ဆက်လို့မရလို့...အဲဒါ ဆရာမ ဆက်စပ်ပေးစေချင်တယ်..."

"ဟောတော့်...ကဗျာပြီးတော့ ဘယ်သူ့ပေးမှာမို့တုံး ဆရာရဲ့"

"တစ်ကွေ့မကြုံ တစ်ကွေ့ကြုံ...တစ်ယောက်တော့ ပေးခွင့်ကြုံမှာပေါ့"

လုပ်ဖော်ကိုင်ဖက် ဆရာမတွေကို ကျွန်မပြန်ပြောပြတော့ ရယ်လိုက်ကြတာ။

သိက္ခာရှိသောဘဝ။ ကျွန်မကိုယ်ကျွန်မ တစ်ခါတစ်ခါ ပြန်သုံးသပ်ကြည့်မိတော့လည်း ကျေနပ်မိရသည်သာ။ ကျွန်မ၏ ဘဝခံယူချက်မှာ ကိုယ်တိုင်လည်း အေးမြချင်သည်။ သူတစ်ပါးကိုလည်း အေးမြစေချင်သည်။ ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းချင်သည်။ လှုပ်ရှားရသောဘဝမှ တည်ငြိမ်ရသောဘဝကို အကူးမှာလည်း ကျွန်မတွင် ပြဿနာမရှိခဲ့။ ကျွန်မ စာတွေဖတ်ချင်သည်။ ကဗျာတွေ ဖတ်ချင်သည်။ ဘဝအတွေ့အကြုံ စာအတွေ့အကြုံတွေကြောင့် ကျွန်မနှင့် ထိစပ်သမျှ သည်းခံခွင့်လွှတ်တတ်နေပြီ။ အရာရာကို နားလည်ခံစားတတ်နေပြီ။

ဖေဖေတို့ဆီ ရေးဖြစ်သောစာတွေမှာလည်း သည်သဘောတွေ ထည့်ရေးမိတတ်ပါသည်။ (မြင်းခြံကို အရေးတကြီးရှိမှ ကျွန်မ ဖုန်းဆက်လေ့ရှိပါသည်။ သာမန်အားဖြင့်တော့ စာရေးပို့တာ များပါ၏။) ဖေဖေ့ဆီကတော့ စာပြန်တာနည်းပါသည်။ မကွေးကောလိပ်မှာ နှစ်နှစ် တာဝန်ကျခဲ့ပြီး လားရှိုးကောလိပ်ကို ပြောင်းရွှေ့တာဝန်ယူရန် အကြောင်းဖန်လာတော့ ကျွန်မ ဝမ်းနည်းစိတ်ကလေး ဝင်ရပါ၏။

"သမီးရယ်...လားရှိုးဆိုတာ မန္တလေးနဲ့ မဝေးပါဘူး...မန္တလေးကလည်း မြင်းခြံနဲ့ မဝေးပါဘူး...သမီး သွားဖြစ်အောင်သွားရမှာပဲ...နယ်ရောက်တော့လည်း နယ်အတွေ့အကြုံ၊ နယ်ကလူတွေရဲ့ မလေ့ယဉ်ကျေးမှုတွေ သမီးသိခွင့်ရတာ အခွင့်အလမ်းလို့ သဘောထားရမယ်...သမီး ဖေဖေတို့ကို မငဲ့ပါနဲ့ သွားစရာရှိတာ သွားပါ...ငယ်ရွယ်တုန်းမှာ အတွေ့အကြုံရှာရမှာပဲ"

ဖေဖေက တယ်လီဖုန်းထဲမှာ အကြာကြီးပြောနေသည်။ ကိုတိုးကြီးတို့အိမ်က ဖုန်းနှင့်ဆက်သဖြင့် အားနာစရာမရှိ။ ဖေဖေပြောပြီးတော့ ကိုတိုးကြီးက ဆက်ပြောသည်။

"သီရိမေ...နေကောင်းရဲ့လား ငါ့နှမ...တို့သူငယ်ချင်းတွေလည်း တော်တော်ကွဲတစ်ပြားစီ ဖြစ်ကုန်ပါပြီဟာ...မြင်းခြံမှာတော့ အားလုံး အဆင်ပြေပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်…နင်လိုချင်တာရှိရင် မှာလိုက်…ဝင်း ကားဂိတ်က ငါ့သူငယ်ချင်းနဲ့ ထည့်ပေးလိုက်လို့ရတယ်…ဟဲလို…ဟဲလို…ကြားလားဟဲ့…"

"ဟုတ်ကဲ့…ကြားတယ် ကိုတိုးကြီး…ကိုတိုးကြီး အခုတော့ လိမ္မာသွားပြီပေါ့"

"လိမ္မာသွားပြီပေါ့ဟာ…လူကြီးတွေ  အသက်ကြီးကြပြီဟ…ငါက သူ့ဝဏ္ဏသာမမင်းသားလို အမိအဘ လုပ်ကျွေးနေတာ…သမင်တော့ မရှိဘူးဟ"

"အယ်…မိုးကြိုးတော့ အပစ်ခံရတော့မှာပဲ…ဒါထက် တလောက စီးရီး အခွေထုတ်မလို့ဆို…တက္ကသိုလ်ကျောင်းသူကလေးတွေက မျှော်နေကြတယ်…မထွက်သေးဘူးလားတဲ့…"

"ငါ့အခွေက ပြည်တွင်းမှာမဖြန့်ဖြစ်ဘူးဟ…အမေရိကန်မှာ အယ်လ်ဘမ် နှစ်သန်းကျော် ရောင်းလိုက်ရတယ်"

အမေရိကန်မှာ အယ်လ်ဘမ် နှစ်သန်းကျော် ရောင်းလိုက်ရတယ်ဆိုတော့ အောင့်ကို သတိရမိလိုက်သည်။ သူ အမေရိကန်ကိုများ ရောက်သွားလေသလား။ ကိုတိုးကြီးကတော့ ကျောင်းတုန်းကလို ပျော်ပျော်ပင်။ အနားမှာ ဖေဖေရှိသေးသည်ဆိုသဖြင့် ဖေဖေနှင့် စကားပြောဖို့ ဖုန်းတောင်းရပြန်သည်။

"ဖေဖေ…သမီး မေမေ့အသံ ကြားချင်လိုက်တာ…မောင်မောင့်လုပ်ငန်း အခြေအနေကော သမီးသိချင်တယ်…မောင်မောင် မြင်းခြံမှာရှိလား…"

"ရန်ကုန်သွားတယ်သမီး…လောလောဆယ်တော့ အာရုမိတ်စက်တွေပဲ ဝယ်မလို့ပြောနေတယ်…သနပ်ခါးမိတ်ကပ်ကို ရန်ကုန်မှာ စမ်းသပ်ထုတ်ကြည့်တာ အဆင်ပြေတယ်ပြောတယ်…ကုန်ကြမ်းကတော့ နိုင်ငံခြားက မှာရမှာဆိုတော့ ကုမ္ပဏီတစ်ခုနဲ့ သွားညှိနေတယ် သမီးရဲ့…လာရင် ဖေဖေ ဖုန်းဆက်ခိုင်းပါ့မယ်…"

"ငွေတွေ အများကြီးလိုမှာပေါ့…အဆင်ကော ပြေရဲ့လား ဖေဖေရယ်"

"ရှယ်ယာဝင်ချင်တဲ့လူတွေတော့ ရှိတယ်…သားက မခေါ်တော့ဘူး ပြောတယ်…သူ ငွေယူလို့ရတဲ့နေရာကပဲ ယူတော့မယ်တဲ့…သမီးနဲ့ တိုင်ပင်ဦးမှာပါ…ဖေဖေကတော့ လူငယ်တွေခေတ်ရောက်ပြီဆိုတော့ ထိန်းမတ်ပေးရုံပေါ့သမီးရယ်…"

"ညီမလေးကော ဖေဖေ…"



"မအေ့ကို ကူနေရတာပေါ့…ဆယ်တန်းအောင်ပြီး တက္ကသိုလ်မတက်ရသေးခင် ခေတ်မီစက်ချုပ်နည်း သင်ပေးထားမယ် စိတ်ကူးတယ်"

"ကောင်းတယ်ဖေဖေ…ဒါဆိုရင် ဒါပဲနော်ဖေဖေ…သမီးအတွက် စိတ်ချပါ…လားရှိုးရောက်မှ ဖုန်းဆက်တော့မယ်…"

"အေး အေး သမီး…သမီးကြီး ဘေးကင်းရန်ကွာ လိုရာဆန္ဒပြည့်ဝပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါရစေဖေဖေ…"

ကျွန်မနှင့်အတူ လားရှိုးပြောင်းရမည့် ဆရာမနှစ်ယောက်နှင့် သွားရေးလာရေး တိုင်ပင်ကြရသည်။ သူတို့ကလည်း နယ်က ရောက်နေကြသူများဖြစ်၏။ တစ်ယောက်က မဝင်းရီ၊ စဉ့်ကူးဘက်က ဖြစ်သည်။ မမညိုကတော့ ကလေးဝသူ။ အပျိုတွေဆိုတော့ သွားဆို ထသွားကြရုံ။ သံယောဇဉ် အနှောင်အဖွဲ့ မရှိကြသူတွေမို့ ငဲ့စရာ ငေါ်စရာမရှိ။

"သီရိမေကတော့ ကိုကြက်သွင်ကို လွမ်းနေတော့မှာပဲ…မငိုနဲ့နော် သီရိမေ…"

"လွင်လွင်ကျူးကျူးတော့ မလွမ်းပါဘူး မမညိုရယ်…"

ကျွန်မအပြောကြောင့် မမညိုက ရယ်သည်။ မဝင်းရီကတော့ အာကျယ်ပါကျယ်ရှိသူဖြစ်၏။

"ငါကတော့ ဘိုကြက်တောင်ကို လွမ်းသဟေ့…လားရှိုးမှာတော့ ရှမ်းချောချောကလေးတွေ ရှိမှာပါလေ…တစ်ယောက်လောက်တော့ မိအောင် ကုပ်ရမှာပဲ…"

မဝင်းရီစကား ကြားလိုက်ရတော့ ရောယောင်ရယ်မိသော်လည်း ရင်ထဲမှာတော့ အောင့်ကို ဖျတ်ခနဲ သတိရလိုက်မိပါ၏။

*"သခင်ကြင်သူ၊ ကျွန့်ပ်မှုကား၊ လေပူကောင်းကင်၊ ငှက်နယ်လျှင်မူ၊ သခင့်နေရာ၊ ရွှေပြည်သာသို့၊ မကြာလျှင်လှည့်၊ ပြန်ချင်၏ဟု၊ ရွှကြည့်မျှော်စမ်း၊ လာရာလမ်းကို၊ မျှော်တမ်းကာသာ၊ မျက်ရည်ဝါဖွ…"*

အောင်ကလည်း လွမ်းနေလိမ့်မည်ထင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၄၈)

လားရှိုး…။

လားရှိုးကတော့ စည်စည်ညံညံရှိသော ရှမ်းမြို့တစ်မြို့ဖြစ်သည်။ မြို့က ကျယ်ဝန်းသည်။ သွားစရာ လာစရာ၊ လည်စရာ ပတ်စရာတွေ များသည်။ တောင်ကုန်းနိမ့်မြင့်၊ လမ်းကွေ့လမ်းကောက်တွေက အာရုံကို နိုးကြားစေပါသည်။ ကျွန်မစိတ်ထဲမှာတော့ ကလောမြို့က အေးချမ်းငြိမ်သက်သောအလှနှင့်ဖြစ်၍ လားရှိုးကတော့ သွက်လက်မြူးကြွသောအလှရှိသည် ထင်မိပါ၏။

ကျွန်မအကြိုက်ဆုံးကတော့ လားရှိုးမှာ ခပ်များများတွေ့ရသော ရှမ်းနှင့် တရုတ်ခလေ့တွေကဲသော အစားအစာ များပင်။ မနက်တိုင်း တက္ကသိုလ်ဆရာဆောင်တွေဆီက ဈေးဘက်ကို ကျွန်မလမ်းလျှောက်သည်။ မနက်ပိုင်း ဝေလီဝေလင်း နှင်းမှုန်မှုန်ထဲမှာ လားရှိုးမြို့ကလေး စောစောနိုးနေတတ်ပါသည်။ အထမ်းကြီး အထမ်းငယ်များ၊ တရုတ်ကားများ၊ တွန်းလှည်းများနှင့် ဈေးကို အရောက်သွားကြသူတို့မှာ ချွေးကလေးများပင် ပြန်နေတတ်ကြသည်။ ရှမ်းတိုင်းရင်းသားအနွယ်တို့၏ ရိုးရာဝတ်စုံမျိုးစုံကို မြင်တွေ့ခွင့်ရသည့်အတွက် အံ့လည်းအံ့သြ၊ ဝမ်းလည်း ဝမ်းသာမိသည်။ ကျွန်မစွဲလမ်းခဲ့ရသော ဝတ္ထုတွေထဲက မောတို့မြေကို ကျွန်မနေထိုင် လေ့လာခွင့်ရနေတာကိုပဲ ကျေနပ်နေမိပါ၏။ ရှမ်းပျိုဖြူကလေးတွေကတော့ ပါးအို့ရဲရဲ၊ နှုတ်ခမ်းဖူးဖူးကလေးများဖြင့် လှပကြသည်။ ခေတ်မီသူတွေကတော့ ခေတ်အဝတ်အစားဖက်ရှင်တွေ အဆင်အပြင်ဆန်းဆန်း ဝတ်ကြတာလည်း ရှိပါ၏။

လားရှိုးဈေးကတော့ စည်လှပါသည်။ တရုတ်အထည်တွေ များသလောက် ဈေးချိုသဖြင့် ကျွန်မတို့ဆရာမတွေ လောဘတကြီး ဝယ်ကြသည်။ တရုတ်လူသုံးကုန်ပစ္စည်းတွေကလည်း အမျိုးစုံလှပါ၏။ ဆရာမ ဒေါ်ခင်မာလာဆိုလျှင် လက်နှိပ်ဓာတ်မီး လေးလက်ဝယ်သည်။ မီးပူက သုံးလုံးဝယ်သည်။



"မမာလာရယ်…ဓာတ်မီးက လေးလက်တောင်လား"

"ဈေးပေါလို့ပါ မမေရယ်…အရောင်စုံဝယ်လိုက်တာလေ…မီးပူက တစ်လုံးပျက် တစ်လုံးသုံးရတာပေါ့…ကျွန်မက ဘာမဆို အပိုဆောင်းထားတတ်တာ ဝါသနာလေ…"

မမညိုက ဝင်ဖောက်သည်။

"ရည်းစားများကော အပိုမဆောင်းထားဘူးလား ခင်မာလာ…"

"ဟုတ်တယ် မမညိုရယ်…အပိုမဆောင်းမိလို့ အပျိုကြီးဖြစ်နေရတာ"

ဒေါ်ခင်မာကလည်း ဗန်းမော် ကသာနယ်က ရောက်လာသူဖြစ်သည်။ ကျွန်မတို့နှင့်အတူနေသော်လည်း အဆောင်ချင်း ဝေးပါသည်။ သဘောမနောကောင်းသူဖြစ်၍ ပင်ကိုက ပြည့်စုံသူဆိုတော့ ဝယ်နိုင်ခြမ်းနိုင်သည်။ စိတ်ကူးရလျှင် ကျွန်မတို့အတွက်ပါ အမွှေးထည်တွေ ဝယ်လာတတ်သည်။

"ဆရာမရယ်…မဝယ်ပါနဲ့ရှင်…ပေးတာတွေ များနေပါပြီ"

"မများပါဘူး ဆရာမတို့ရယ်…နွေးထွေးပါစေ လုံခြုံပါစေဆိုတဲ့ စေတနာပါ"

တကယ်လည်း စေတနာရှိရှာသူဖြစ်ပါ၏။ ဆရာမ ဒေါ်နန်းလင်းရွှေကတော့ တကယ့်ရှမ်းတိုင်းရင်းသူစစ်စစ် ဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းဘက်ကနေ မြောက်ပိုင်းရှမ်းပြည်နယ် လားရှိုးမြို့ကို ရောက်လာရသူ။ အသားအရေ ဝါဝါနုနုကလေးနှင့် စကားပြောလျှင်လည်း ရှမ်းသံကလေး ဝဲနေတတ်တာမို့ တစ်မျိုးချစ်စရာကောင်းပါသည်။ ရိုးသားသော ရှမ်းတိုင်းရင်းသူဖြစ်၍ ကျွန်မတို့က စလို့စမှန်းလည်း သိသူမဟုတ်။ အရာရာကို လေးလေးနက်နက် သဘောထားသူ ဖြစ်သည်။

"နေပါဦး…ဆရာမတို့က မန္တလေးကလာလို့ မေးပါရစေဦး…သကြန်သီချင်း ရှိတယ်လေ…ဘာလဲ မမှတ်မိတော့ဘူး…ညိုမြတော့ အခေါ်မခံနိုင်ဘူးဆရာ ဆိုတာလေ…အဲဒါဘာလဲ ညိုမြ ဆိုတာ…လူလား…"

ကျွန်မတို့မှာ ဒေါ်နန်းလင်းရွှေအမေးကို ရယ်ကြရသည်။

"ဟိုတုန်းက မန္တလေးမှာ ယူနီဗာစီတီ မြသန်းကြည်ဆိုတဲ့ မင်းသမီး ရှိတယ် မနန်းရဲ့…သူက အငြိမ့်က,ရင် အမူအရာက ချစ်စရာကောင်းလွန်းလို့ သိပ်နာမည်ကြီးတာ…အဲဒီမင်းသမီးက ညိုမြဆိုတဲ့ သီချင်းတစ်ပုဒ်ဆိုတာ သိပ်ကောင်းတာပဲတဲ့…အဲသည်အချိန်ကစပြီး ပြိတ်တီလှပ်တာတွေကို ညိုမြလုပ်တယ် ခေါ်ကြတာ…"

www.burmeseclassic.com

www.burmeseclassic.com



"ပြိတ်တီလုပ်တယ်ဆိုတာ ဘယ်လိုလုပ်တာလဲ…မမေလုပ်ပြပါလား…"

"ဟောတော့…"

ကျွန်မတို့အားလုံး ပြုံးစိစိ။ ဒေါ်နန်းလင်းရွှေကတော့ မတုန်မလှုပ်။ ကျွန်မလုပ်ပြမည့်အမူအရာကို စောင့်နေပုံမျိုး။ တခြားဆရာမတွေက ဝိုင်းချွန်ကြပြန်ပါ၏။

"လုပ်ပြလိုက်ပါ မမေရယ်…မနန်းက ကြည့်ချင်တဲ့ဟာကို…"

"ဟုတ်ပါတယ်မမေရယ်… Please နန်းကို လုပ်ပြစမ်းပါ"

ဒေါ်နန်းလင်းရွှေက လုပ်ခိုင်းလေ ကျွန်မတို့က ရယ်ရလေ…။

"လုပ်တော့ မပြတတ်ပါဘူးမနန်းရယ်…သည်လိုလေ…မိန်းကလေးတွေကို ယောကျ်ားလေးတွေက တွေ့ရင် သရိုးသရီ လုပ်ကြတယ်မှတ်လား…အဲဒါ…"

"နေဦး…သရိုးသရီဆိုတာ ဘာကိုပြောတာလဲ…"

"သည်လိုလေ မနန်းရဲ့…"

ကျွန်မတို့ ဆရာမသုံးယောက် အမျိုးမျိုးရှင်းပြ ပြုံးပြ လုပ်ပြတော့မှ သဘောပေါက်သွားတော့သည်။ သိတော့လည်း ရယ်ပါ၏။ တစ်ရက်မှာတော့ ကျွန်မတို့ ကော်ဖီသောက်ကြတုန်း ဒေါ်နန်းလင်းရွှေပြောလိုက်သည့်စကားကြောင့် ဝါးလုံးကွဲ ရယ်ကြရပါတော့သည်။

"ယူတို့ကို ပြောရဦးမယ်…ဆရာဦးစိုင်းလွန်းလေ…သိတယ်မှတ်လား… သူကနန်းကို ညိုမြလုပ်တယ်…ပြိတ်တီလုပ်တယ်…သရိုးသရီလုပ်တယ်"

ချစ်စရာကောင်းလှသော ဆရာမကလေး ဒေါ်နန်းလင်းရွှေကို ကျွန်မ မမေ့နိုင်ပါ။ သူက အရာရာကို ရိုးသားစွာ နားလည်သူဖြစ်သည်။ မသိလျှင် ချက်ချင်းမေးသည်။ အင်္ဂလိပ်စာတော်သူဖြစ်သဖြင့် သူ့ဘာသာရပ်ကို မြန်မာလို ရှင်းရခက်လျှင် အင်္ဂလိပ်လို ရှင်းပြတတ်သူဖြစ်သည်။ သည့်အတွက် စာသင်ခန်းထဲမှာတော့ သိပ်ပြဿနာရှိပုံမရ။

တစ်ခါမှာတော့ တစ်မျိုးမေးပြန်ပါသည်။

"နေပါဦး…မေ့သွားပြီ…မေးမလို့ဟာကို…သတိရပြီ…သတိမမေ့ခင် မြန်မြန်မေးမယ်နော်…နန်း ကြားလိုက်တာ…ဘာတဲ့ကွာ…နောက်မီး လင်းတယ်တဲ့…အဲဒါ ဘာလဲ…"

ကျွန်မတို့မှာ ကော်ဖီများပင် သီးကြသည်။ မနန်းကို မငဲ့နိုင်တော့ဘဲ အားရပါးရ ရယ်ကြရျဖြစ်သည်။ ရယ်သာရယ်ကြတာပါ၊ အဖြေတော့ ခက်သား။



"မေးခွန်းက ထားလိုက်ပါတော့ မနန်းရယ်…ဘယ်ကကြားလာတာတဲ့"

"ဈေးထဲက ကြားလာတာလေ…အဲဒါ မှတ်လာတာ…"

အဲသလို ဒေါ်နန်းလင်းရွှေပါ။ ကျွန်မတို့က နီးစပ်အောင် ရှင်းပြတော့လည်း အံ့သြနေလေသည်။ မျက်နှာကလေးပင် မှုန်နေခဲ့သည်။ သူ့မှတ်ချက်ကလည်း ရယ်ရပြန်ပါ၏။

"ဆိုးတယ်နော်…ဒါကိုပြောတာလား…အဲဒါနဲ့ နောက်မီးလင်းတာနဲ့ အဆေးကြီးပါလား…ရှုပ်ပါတယ်ကွာ…"

တစ်ခါတလေတော့ သူ့ကိုစချင်သဖြင့် ကျွန်မတို့စိတ်ထဲရှိတာ ဝိုင်းမေးကြသည်။

"နန်းမှာ ရည်းစားရှိလား…"

"အရင်က ရှိတယ်…နောက် မရှိတော့ဘူး"

"ဘယ်လိုဖြစ်တာလဲ နန်းရယ်…စိတ်အခန့်မသင့်ကြတာလား…"

"မဟုတ်ဘူး…သူက ခဏခဏ ဟိုလာခဲ့ပါဦး…သည်လာခဲ့ပါဦးနဲ့ date လုပ်တာလေ…နန်းက ခဏခဏ မထွက်ချင်ဘူး…မသွားတော့လည်း စိတ်ဆိုးတယ်…ဒါနဲ့ နန်းက စဉ်းစားတယ်…သူနဲ့ငါနဲ့ ဘာမှမတော်ဘဲနဲ့ အနိုင်ကျင့်တာပဲလို့လေ…ဒါနဲ့ တော်ပြီကွာလို့ ပြောလိုက်တာ…"

"ဟောတော့…နန်းရည်းစားခမျာ ခံစားရရှာမှာပေါ့"

"အဲဒါတော့ သူ့အပိုင်းလေကွာ…သူ ဘာလို့ ခဏခဏချိန်းသလဲ…"

ကျွန်မတို့ဆရာမသူငယ်ချင်းတွေစုကာ မန်စူဘုရားကြီးကို သွားကြသည်။ ရေပူစမ်းကို သွားကြသည်။ လားရှိုးကြီးမှာ ရှမ်းစာ ရှမ်းထမင်း သွားစားကြသည်။ ဒေါ်နန်းလင်းရွှေပင် ကျွန်မတို့အဖွဲ့နှင့်ခေါင်းလာမှ တော်တော်ကလေး သွက်လာခဲ့သည်။ ကျောင်းပိတ်ရက် တစ်ရက်မှာတော့ ဆရာဆောင်ရှေ့က ခုံကလေးတွေမှာ ဒေါ်နန်းလင်းရွှေနှင့်ကျွန်မ နှစ်ယောက်တည်း စကားတွေပြောဖြစ်ကြသည်။ ကျွန်မက မြင်းခြံမြို့အကြောင်း၊ မန္တလေးတက္ကသိုလ်အကြောင်း၊ သူငယ်ချင်းတွေအကြောင်း ပြောပြသည်။ ကျွန်မပြောသမျှ စိတ်ဝင်တစား နားထောင်ပါ၏။

"နန်းကကော ဘယ်မြို့ကလဲ"

"မိဘတွေက ကလောက…နန်းက ကလောမှာ ရှစ်တန်းအထိ ကျောင်းတက်ခဲ့တယ်…ပြီးမှ ပင်လောင်းဘက် ရောက်သွားတာ…"

ကလောဆိုတော့ ကျွန်မရင်တွေ နွေးခနဲဖြစ်သွားရပါ၏။ အောင်တို့ မိသားစုကိုများ သိနေလေမလား။ အောင်နှင့်နန်းလင်းရွှေက အသက်ချင်း မခြားမယိမ်းဆိုတော့ သိချင်လည်း သိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလောက ဦးစံကြာဖူးတို့ကို သိလား...သူတို့တူတစ်ယောက်ရှိတယ်...အဲဒါ ကျွန်မသူငယ်ချင်း...မန္တလေးတက္ကသိုလ်ဆိမ်းဘက်ချ်တွေလေ..."

"အောင်နိုင်သူလား...သိတာပေါ့...နန်းနဲ့ကလပ်စ်မိတ်ပဲ...နောက်တော့ သူတို့ ကလောမှာ နေသလား မနေသလား မသိတော့ဘူး...အောင်နိုင်သူက စာသိပ်တော်တာ...အင်္ဂလိပ်စာဆို အမြဲတမ်းဖတ်စ်ပဲ...သူတို့အိမ်မှာ အင်္ဂလိပ်လိုပြောကြတာ မမေရဲ့..."

"ဟုတ်လား..."

အောင်က ကျွန်မတို့ရှေ့မှာ အင်္ဂလိပ်စကား ထွက်ခဲ့သည်။ သူ့ဆီက ကြားရတာ မြန်မာစာတွေ၊ မြန်မာကဗျာတွေ။

ဒေါ်နန်းလင်းရွှေဆီက သိပ်ထူးထူးဆန်းဆန်းတော့ မကြားခဲ့ရပါ။ ကျိုင်းမိုင်းစော်ဘွားကြီး၏ မြေးတော်ဖြစ်ကြောင်း၊ စောင်းတီးဝါသနာပါကြောင်း၊ သူ့မိခင်က အမေရိကားမှာ နေသည့်အကြောင်း၊ ဦးရီးတော်က အောင့်ကို ငယ်စဉ်ကတည်းက အင်္ဂလိပ်စကားပြော သင်ပေးကြောင်း စတာတွေဖြစ်သည်။ တစ်ခုတော့ ကြားခဲ့ရသည်။

အောင့်ရှမ်းနာမည်က 'စဝ်ကြာပဒုမ်' တဲ့...။

ကျွန်မ တစ်ခါမှ မကြားဖူးခဲ့။ အောင်ကလည်း ပြောမပြခဲ့။ အောင်တို့တူဝရီးနှစ်ယောက်စလုံးမှာ ကြာတွေပါအောင် မှည့်ထားတာတော့ သတိထားမိပါ၏။ စဝ်ကြာပဒုမ်တဲ့လား အောင်...။ ကျွန်မက အောင်နှင့် ဒေသကောလိပ်မှာရော မန္တလေးတက္ကသိုလ်မှာပါ ခင်မင်ခဲ့ကြပုံတွေ ပြောပြသည်။ အောင်က မြင်းခြံရောက်ဖူးသလို၊ ကျွန်မလည်း ကလောကို ရောက်ခဲ့ဖူးတာလည်း ပြောပြမိသည်။

"ယူတို့နှစ်ယောက်က ချစ်သူတွေလား..."

"ချစ်သူတွေ မဖြစ်လိုက်ရပါဘူး မနန်းရယ်...သူက ဟိုလာပါဦး... သည်လာပါဦး လုပ်မှာစိုးလို့ မသွားတော့လည်း စိတ်ဆိုးမှာလေ..."

ကျွန်မက သူ့စကားနှင့် သူ့ပြန်ချည်တာကို ဟာသလို့မမြင်ဘဲ ကျွန်မကိုပင် ထောက်ခံနေလိုက်သေး၏။

"ဟုတ်တယ် ဟုတ်တယ် မသွားနဲ့...ယောကျာ်းလေးတွေက ဘာဖြစ်လို့ ချစ်သူကို ခဏခဏခေါ်ကြတာလဲ မသိဘူး...မုန်းစရာကောင်းတယ်"

ထိုနေ့က ကျွန်မတို့အဆောင်ထဲမှာပဲ ဒေါ်နန်းလင်းရွှေက ရှမ်းထမင်းဝါ ကိုယ်တိုင်လုပ်ကျွေးသည်။ ကျွန်မတို့က ဝိုင်းကြရသည်။ ဒေါ်နန်းလင်းရွှေလက်ရာက တကယ်ကောင်းလှပါသည်။



"နန်းကိုရတဲ့လူတော့ ကံကောင်းမှာပဲနော်...ရှမ်းထမင်းဝါလုပ်တာ သိပ်ကောင်းတာပဲ"

"ကံဆိုးမှာပါ...နန်းက သည်တစ်မျိုးပဲ လုပ်တတ်တာလေ..."

လားရှိုးသည်လည်း ကျွန်မဘဝတွင် အမှတ်ထင်ထင်ရှိခဲ့ရသော မြို့တစ်မြို့ပင်။ နောက် ဘယ်မြို့ဘယ်ရွာ ရောက်ရဦးမည်မသိသော်လည်း ထိတွေ့ခဲ့ရသည့် သည်မြို့ကတော့ မေ့နိုင်စရာမရှိ။ ဝန်ထမ်းလောကဆိုသော်လည်း အချင်းချင်း အပြုအစု အစောင်းအမြောင်းမရှိကြဘဲ ဆရာ့ဂုဏ်နှင့်အညီ ကျင့်ကြံနေထိုင်ခဲ့ကြသူတွေချည်းဖြစ်၏။

သို့သော် ကံအလှည့်က ကျွန်မဘဝကို တစ်ဆစ်ချိုးပစ်လိုက်သည်။ သည်အကွေ့ သည်အချိုးကြီးကတော့ 'အင့်' လှသည် ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လားရှိုးသည် ကျွန်မ၏ဝန်ထမ်းဘဝ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရသောမြို့ ဖြစ်သွားခြင်းဖြစ်ကြောင်းပင်။

တစ်မနက်...။ ကျွန်မလမ်းလျှောက်ကအပြန် ရေချိုးနေခိုက် ဖေဖေ့ထံမှ ဖုန်းလာသည်။ မမညိုက ဖုန်းကိုင်ထားပြီး ကျွန်မကို ခေါ်ခိုင်းလိုက်သည်။ ကျွန်မလည်း ကမန်းကတန်းပင် တဘက်တစ်ထည်ခြုံရင်း ဖုန်းဆီ ပြေးလာခဲ့ရပါ၏။

"ဟုတ်ကဲ့ပါဖေဖေ"

"သမီး...မြင်းခြံကို တတ်နိုင်သမျှ မြန်မြန်လာစေချင်တယ်...မောင်လေးကလည်း သမီးနဲ့ ဆွေးနွေးစရာတွေရှိတယ်ပြောတယ်...ဖေဖေတို့ အကြမ်းစီစဉ်ထားတာတော့ မန္တလေးကို ပြောင်းကြရမယ်"

"သမီး ခွင့်တင်ကြည့်ပါဦးမယ်...ဖေဖေ"

"အေးပါသမီး...ခွင့်တော့ ရှိုင်းသလောက်ယူခဲ့ပေါ့...သမီးမေမေကလည်း မျှော်နေတော့ မေမေနဲ့ အားရအောင်နေပေးလိုက်ပါဦး"

"ဟုတ်ကဲ့ပါဖေဖေ...သမီး သည်ကခွင့်ရတာနဲ့ ကိုတိုးကြီးတို့အိမ်ကို ဖုန်းဆက်လိုက်ပါ့မယ်..."

ဖုန်းကိုချလိုက်ရသော်လည်း ဘာများပါလိမ့်ဆိုသည့် စိုးရိမ်စိတ်ကလေး ထင့်နေခဲ့ပါသည်။ မမညိုက ကျွန်မကို အကဲခတ်နေသည်။ ဘာမှတော့ မပြော။

"မြင်းခြံကို ပြန်ရဦးမယ် မမညိုရယ်...ဖေဖေ့အသံက အရေးကြီးပုံတော့ ပေါ်တယ်..."

www.burmeseclassic.com

www.burmeseclassic.com

(၄၉)

မိသားစုတွေ စုံစုံလင်လင် ထမင်းစားကြရသည့်အရသာက ကျွန်မရင်ကို နွေးထွေးလှိုက်လှဲစေခဲ့ပါသည်။ အထူးသဖြင့် မေမေ့လက်ရာနှင့် ဝေးရတာကြာပြီဆိုတော့ မေမေချက်ကျွေးသော အညာစာဟင်းတွေကို ကျွန်မ တောင့်တခဲ့သည်။ မေမေကလည်း ကျွန်မရောက်ရောက်ချင်း မန်ကျည်းရွက်နုသုပ်၊ ပဲကြီးနှပ်၊ ငါးကလေးအိုးကပ်၊ ဘုတ်မခရမ်းသီးချက် စသော အညာစာတွေ ချက်ကျွေးသည်။ ထမင်းစားရင်းက မေမေ့ကို ကျွန်မ ဖွတ်ခနဲ လှမ်းကြည့်မိပါ၏။ ကျွန်မလူမှန်းသိတတ်စအရွယ်ကတည်းက ကျွန်မ အသက်သုံးဆယ်လောက်အထိ ထမင်းဟင်းချက်ရသောတာဝန်က မလွတ်ကင်းနိုင်ရှာသေးပါလား။

မေမေကတော့ ထုံးစံအတိုင်း လင်သားနှင့် သားသမီးသုံးယောက် စားကြတာကို ပြုံးပြီးကြည့်နေသည်။ အိမ်ရှင်မတစ်ယောက်၏ တန်ဖိုးဆိုတာကို ကျွန်မ ကောင်းစွာသဘောပေါက်မိရပါသည်။ မေမေက အရွယ်ကလေး ရလာပြီဖြစ်သောကျွန်မကို မေတ္တာရှိသူ တွေ့ပြီလား မေးပါ၏။ ကျွန်မက မတွေ့သေးကြောင်း ပြောပြတော့ မေမေပြုံးသည်။ မေမေက ကျွန်မကို နောက်နေသေးသည်။

"သမီးက တည်လွန်းတော့ တော်ရုံလူက မကပ်ဝံ့ဘူးထင်ပါရဲ့ကွယ်"

"မတည်ပါဘူးမေမေရယ် ...ယောကျ်ားလေးတွေဆိုရင် သမီး ပြုံးပါတယ်..."

ကျွန်မက ပြန်စတော့ မေမေရယ်ပါသည်။ ညပိုင်းမှာတော့ မိသားစုတွေ စုဝေးတိုင်ပင်ကြဖို့ အိမ်ရှေ့ခန်းမှာ စုကြသည်။ ဖေဖေကတော့ စာရင်းဇယားတွေနှင့် အလုပ်ရှုပ်နေ၏။ မောင်မောင်က ဖိုင်တွေတစ်ထပ်ကြီးနှင့်...။ မောင်မောင်က ဖေဖေ့စီးပွားရေးလုပ်ငန်း ကောင်းနေတာကို အရှိန်မပျက်စေချင်သဖြင့် မန္တလေးတွင် မြေဝယ်ပြီး လုပ်ငန်းအခြေချနှင့်ရမှာဖြစ်ကြောင်း၊ အခြေကျပြီဆိုသည်နှင့် ဖေဖေတို့က မြင်းခြံက ပြောင်းကြရမှာဖြစ်ကြောင်း၊ မန္တလေး စက်မှုဇုန်မှာ သနပ်ခါးမိတ်ကပ်



စမ်းသပ်ထုတ်လုပ်ပြီးသည်နှင့် ဈေးကွက်တိုးရမှာဖြစ်ကြောင်းတွေ ပြည့်ပြည့်စုံစုံ ပြောပြသည်။

"ကုန်ကြမ်းက ကယ်မီကယ်တွေပါရမှာဆိုတော့ ကယ်မီကယ်သွင်းပေးမယ့် ကုမ္ပဏီနဲ့ ကျွန်တော် စကားပြောခဲ့ပြီ...သနပ်ခါး များများစားစား ရဖို့လည်း ခြံစိုက်သနပ်ခါးခြံတွေနဲ့ စာချုပ်ဖို့ရှိတယ်...အဓိကကတော့ ဒါပဲ...ကျွန်တော့်နည်းပညာနဲ့ စက်ပစ္စည်းကတော့ ဝယ်ရမယ်...လောလောဆယ် အင်ဒိုနီးရှားနည်းပညာနဲ့ စက်တွေသုံးကြည့်မလားလို့ပဲ...ဂျပန်စက်တွေက ကောင်းပေမယ့် ငွေကုန်ကြေးကျများမှာပေါ့...စက်ရုံဖွင့်ပြီဆိုတာနဲ့ အလုပ်သမားတွေ ဝန်ထမ်းတွေခန့်ရမယ်...ရုံးခန်းတွေ ဂိုဒေါင်တွေ အလုပ်သမားတွေနေမယ့် အဆောင်တွေလည်း လိုမယ်...ဒါကို မကြည့်လိုက်ရင် ရှင်းတယ်...တစ်ခုချင်း လိုအပ်မှုနဲ့ ခန့်မှန်းငွေကြေးလိုအပ်တာတွေပေါ့..."

ကျွန်မရှေ့မှာ မောင်မောင်က ဖိုင်တွေ တစ်ခုချင်း ချပြပြီး ရှင်းသည်။ မောင်မောင့်ကိုကြည့်ရင်း ကျွန်မ ဝမ်းသာနေမိသည်။ လုပ်တတ်ကိုင်တတ်ရှိလိုက်တာလို့လည်း ချီးကျူးမိပါသည်။ ထက်မြက်သွက်လက်သလောက် ဉာဏ်အမြော်အမြင်ကြီးလှသူ မောင်မောင့်ကိုကြည့်ပြီး ကျွန်မ မျက်ရည်တွေ လည်နေမိ၏။

"မောင်မောင်...မင်းလုပ်ရမယ့်လုပ်ငန်းက ကြီးမားလွန်းမနေဘူးလား... မင်းပင်ပန်းမှာစိုးလို့ပါ...လူပင်ပန်းတာရော ငွေကြေးအတွက် စိတ်ပင်ပန်းရမှာကိုရောပေါ့"

ကျွန်မက မောင်မောင့်မျက်နှာ ချောချောနုနုကလေးကို ငေးကြည့်ရင်း မနိုင်ဝန်ထမ်းလိုက်မိမှာကို စိုးနေသည်။ တကယ်တမ်း လက်တွေ့အကောင်အထည်ဖော်ကြရတော့မည်ဆိုတော့ သည်အရေး သည်ဝန်ထုပ်ကြီး ကျွန်မတို့မိသားစုအပေါ် ပုံကျလာမှာကိုလည်း ကျွန်မစိုးရိမ်သည်။ အထူးသဖြင့် မောင်မောင်...။

"မန္တလေးမှာ မြေဝယ်မှာနဲ့...စက်ရုံအဆောက်အအုံတွေ တည်မှာနဲ့... စက်ပစ္စည်းတွေ တပ်ဆင်လည်ပတ်ရမှာနဲ့...ကုန်ကြမ်းလှောင်ရမှာနဲ့ ဆိုရင် ငွေကြေး ခါးပြတ်သွားမှာစိုးတယ်...မင်းစိတ်ကူးတွေတော့ မမ အားလုံးမသိသေးဘူးပေါ့"

"ကျွန်တော် ရေးထားတာတွေထဲမှာ အားလုံးပါပါတယ်...ငွေကြေးကတော့ ကျွန်တော့်မိတ်ဆွေတွေနဲ့ ပခုက္ကူက ဖေဖေ့မိတ်ဆွေတွေဆီက အတိုးသတ်မှတ်ပြီးယူဖို့ ပြောပြီးပြီ...ကူညီကြမှာပါ...ဘဏ်တွေဆီကလည်း ယူမယ်...ပြီးတော့..

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကတော့ အားတက်သရော ရှိနေလိုက်ပုံ...။ ဖေဖေက ရှယ်ယာခေါ်စေချင်သော်လည်း မောင်မောင်ကတော့ လူငယ်ပီပီ စွန့်စွန့်စားစား လုပ်ချင်ပုံရသည်။ များများထမ်းနိုင်လျှင် များများအိမ်ပါနိုင်မည်ဟု တွက်သူဖြစ်သည်။ ဖေဖေနှင့်မောင်မောင် စကားတွေ အချေအတင် ဆွေးနွေးနေကြသော်လည်း ကျွန်မမှာ ဘာမှမပြောနိုင်သလို ဖြစ်နေရသည်။ ညဦးနက်သည်အထိ သားအဖတစ်တွေ စကားတွေကောင်းနေခဲ့ကြသည်။ ထိုညကလေးကို ကျွန်မတစ်သက် မမေ့နိုင်တော့ပြီ။

"ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရှိတယ် မမ...ကိုရဲမိုးတဲ့...သူက ကျွန်တော့်လုပ်ငန်းကို စိတ်ဝင်စားတယ်...သူလည်း ဘွဲ့ရပြီးသား... သိပ်ရိုးသားတယ်...သူက ငွေကြေးမထည့်ဝင်နိုင်ပေမယ့် ကျွန်တော်နဲ့ လက်တွဲလုပ်ဖို့ ပြောထားတယ်...ကိုရဲမိုးက အထိုင်ကနေ...ကျွန်တော်က ပြေးရ လွှားရ လုပ်ရမှာဆိုတော့ ယုံကြည်ရသူတော့ လိုတယ်လေ"

ကိုရဲမိုး...။ သည်နာမည်ကို ထိုညက ကျွန်မ ပထမဆုံးကြားခဲ့ဖူးခြင်းဖြစ်သည်။ ဖြူသလား မည်းသလား မသိရသေးသော်လည်း မောင်မောင်ကတော့ အတော်ယုံကြည်အားထားနေပုံပေါ်ပါ၏။ ထိုနာမည်သည် နောင်အခါ ကျွန်မဘဝထဲကို ချဉ်းနင်းဝင်ရောက်လာမည့်ပုလို့ အဲသည်တုန်းက ဘယ်ထင်ခဲ့မိမှာလဲ။ ကျွန်မ၏စိတ်နှလုံးကို လှုပ်ရှားနာကျင်စေခဲ့သောသူလို့ ဘယ်သိခဲ့ပါလိမ့်မလဲ။

"မမကို ကျွန်တော်တို့ခေါ်ရတဲ့အချက်က ဘာလဲဆိုတော့ သည်လုပ်ငန်းကြီး စပြီဆိုတာနဲ့ မမရှိဖို့ လိုလာပြီလေ...မမက စက်ရုံကို အုပ်ချုပ်ရေးတာဝန်ယူဖို့ လိုမယ်လို့ ဖေဖေရော ကျွန်တော်ပါ စဉ်းစားကြတယ်...မမအလုပ်က လိုအပ်ရင် ထွက်ရဖို့များတယ်...မမသဘောနဲ့ မမဆန္ဒကို ကျွန်တော်တို့ သိချင်တာပါ"

သည်တစ်ခါ လိုက်ခနဲခံစားလိုက်ရသူက ကျွန်မပင်။ ကျွန်မ သည်အထိ စဉ်းစားထားတာမရှိ။ ကျွန်မဝါသနာပါသည့်အလုပ်ကို စွန့်လွှတ်ကောင်းစွန့်လွှတ်ရန်လည်း စိတ်ကူးမရှိ။ ဂုဏ်သိက္ခာရှိသော ဘဝတစ်ခုကို ကြိုးကြိုးစားစား တည်ဆောက်ယူပြီးကာမှ လွယ်လွယ်ကူကူ စွန့်လွှတ်ပစ်လိုက်ဖို့ဆိုတာတော့ မလွယ်။ ကျွန်မ ရသမျှ လစာငွေကလေးထဲက လိုသလောက်သာ ယူထားပြီး မေမေ့ကို အပေးက လှမ်းကန်တော့နေရတာကိုပင် ကျွန်မမှာ ပီတိရှိရလှပါပြီ။ ဘာကိုမှ လောဘတကြီးမရှိလှသောကျွန်မမှာ စီးပွားရေးဆိုတာနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိတာလည်း အမှန်ပင်။



မေမေ့ကို ကျွန်မလှမ်းကြည့်လိုက်သည်။ မေမေက သမီးသဘောဆိုသည့် မျက်နှာရိပ်ဖြင့် ကျွန်မကိုကြည့်နေသည်။ မိသားစုအားလုံးအတွက် မြစ်ထဲက သစ်ဖောင်တစ်ပျစ်လုံးကို ခါးကြိုးချည်ဆွဲသလို တစ်ယောက်တည်း ဆွဲရရှာမည့် မောင်မောင့်ကို သနားမိသည်မှန်သော်လည်း ကျွန်မတစ်သက်လုံး ကြိုးစားထားသမျှ ကျွန်မရည်ရွယ်ချက်တွေ အောင်မြင်ပါပြီဆိုမှ ငြမ်းဖျက်သလို ဖျက်ရမှာကိုတော့ ဝမ်းနည်းရပါ၏။ သို့သော် သည်မိသားစုထဲမှာ ကျွန်မလိုအပ်ပါသည်ဟု ပြောနေသည့်ကြားက ကျွန်မ ခါးခါးသီးသီးငြင်းပယ်ရမှာ ဝန်လေးနေမိရသည်။

"သမီးကြီး ပြောပါဦး...သမီး စိတ်မကောင်းဖြစ်နေသလား...သမီးစဉ်းစားစေချင်တာပါ...ပညာနဲ့ အသက်မွေးတာ မြတ်တယ်လို့ ဖေဖေပြောခဲ့တာပဲ...တစ်ဖက်က မောင်လေးလုပ်ငန်း ကြီးကြီးလာရင် သမီးပါဝိုင်းထိန်းရမှာဆိုတော့ အခြေအနေက စကားပြောလာပြီပေါ့ကွယ်...ဖေဖေခေါ်လိုက်တာက သမီး အနားလည်းယူရင်း...ဖေဖေတို့လုပ်ငန်းကိစ္စလည်း ဆွေးနွေးရင်း ခေါ်လိုက်တာပါ..."

ဖေဖေက တောင်းပန်သလိုလို ဖျောင်းဖျနေတာကို ကျွန်မ စိတ်မကောင်းဖြစ်ရပါသည်။ လုပ်ငန်းစဖို့က လိုသေးသည်ဆိုသော်လည်း Plan တွေက ချကြရတော့မည်။ ကျွန်မစကားကို မတင်မကျဘဲ ပြောလိုက်မိပါ၏။

"သမီး စဉ်းစားပါရစေဦးဖေဖေရယ်...အခြေအနေတွေကို သမီးနားလည်ပါတယ်...မောင်မောင့်ကိုလည်း သနားမိတယ်...လိုအပ်တဲ့အခါ သမီးကိုခေါ်ပါ...သမီး ပြန်လာခဲ့မှာပေါ့...ဟုတ်ပြီနော် မောင်မောင်"

မောင်မောင်က ကျွန်မပခုံးကို လက်သီးဖြင့် ခပ်ဖွဖွထိုး၏။ ဒါက ငယ်ငယ်ကတည်းက ကျွန်မအပေါ် သူလုပ်နေကျ အမူအရာမဟုတ်လား။ သည်လောက်ဆိုလျှင် ဖေဖေရော မေမေပါ စိတ်ချမ်းသာလောက်ပြီထင်ပါ၏။ ကျွန်မရင်ထဲမှာတော့ ကြည်လင်မသွားခဲ့ပါ။ ကျွန်မဖြစ်ချင်တာ ဖြစ်ခဲ့ရပြီးမှ ကျွန်မကပဲ ထားရစ်ခဲ့ရမှာကို စိုးနေမိတာလား။ ဘာမှန်းမသိသော ခံစားမှုတစ်မျိုးကတော့ ခုနေခဲ့တာ အမှန်ပင်။

ထိုညက ကျွန်မ အထပ်ထပ်စဉ်းစားမိသည်။ မိအိုဖအိုတွေက ခြစ်ခြစ်ခြုတ်ခြုတ် ပညာသင်ပေးခဲ့သည်။ ကျွန်မမျှော်မှန်းသော တက္ကသိုလ် သရုပ်ပြဆရာမကလေး ဖြစ်ခဲ့သည်။ နောက်ထပ်လည်း ကထိက၊ ပါမောက္ခအဆင့်တွေထိ ရောက်အောင် ကျွန်မကြိုးစားချင်သည်။ ပီအိတ်ချ်ဒီ (ဒေါက်တာ) ဘွဲ့ကိုလည်း ယူချင်သေးသည်။ မိသားစုအပေါ်မှာ ကျွန်မ တစ်ကိုယ်ကောင်းများ ဆန်လွန်းနေ

www.burmeseclassic.com

www.burmeseclassic.com



ပြီလား။ မိသားစုနှင့်ခွဲခွာပြီး တစ်ကိုယ်ရေတစ်ကာယ အပူအပင်မရှိသလို နေနေရတာ ကျွန်မဘက်က ကိုယ်ကျိုးကြည့်လွန်းသလို ဖြစ်နေပြီလား။ မိဘနှစ်ပါးကို ပြုစုချိန်ပင် မရှိလောက်အောင် ပစ်ပယ်ခြင်းမျိုးဖြင့် ကျွန်မနေသင့်ပါရဲ့လား။ ကျွန်မ ဝမ်းနည်းလွန်းစွာ မျက်ရည်ကျမိရပါ၏။

"အလုပ်ထွက်လိုက်တာ ပိုမကောင်းဘူးလား…ကိုယ့်လုပ်ငန်း စီးပွားရေးမှာ တာဝန်ယူခွင့်ရတာလည်း ဖြစ်သင့်တဲ့ကိစ္စပဲ…မိဘတွေရဲ့ ပခုံးပေါ်က ဝန်ထုပ်ဝန်ပိုးကို ပခုံးပြောင်းယူရာလည်း ကျတယ်…မောင်မောင့်ကိုလည်း ကူညီဖေးမရာ ကျမယ်…မိဘနှစ်ပါးနဲ့လည်း အတူနေခွင့်ရမယ်…သည်မိသားစုထဲမှာ ငါက အကြီးဆုံးပဲ…တာဝန်အရှိဆုံးပဲ…"

ကျွန်မစဉ်းစားမိခြင်းဖြစ်ပါသည်။ သို့သော် ကျွန်မကိုယ်တိုင်က ပြတ်ပြတ်သားသားမရှိ။ ဆရာဦးကျော်သွင် လာပြသောကဗျာလို အခံပိုင်သာပါပြီး အအုပ်ပိုင် မရှိသေးသည့်အဖြစ်ပါလားလို့လည်း တွေးမိရပါသည်။

ကျွန်မ လားရှိုးမပြန်ခင်အထိ တိကျသောအဖြေ မထွက်ခဲ့ပါ။ မိသားစုနှင့် အတူနေကြရတော့လည်း သည်စုစည်းမှုကလေးကို ပျော်ရွှင်ကြည်နူးဖြစ်ရပါ၏။ အထူးသဖြင့် မေမေ့အတွက် တတ်နိုင်သမျှ စီစဉ်ပေးခွင့်ရခဲ့ပါသည်။ သနပ်ခါးစက်ထဲမှာ အလုပ်ဆင်းကြသော ရွာက ကူမနှစ်ယောက်ကို မေမေ့အိမ်မှုကိစ္စတွေမှာ ဝင်ကူဖို့၊ မေမေ စီမံခန့်ခွဲနေရသော နေရာတော်တော်များများမှာ ညီမလေးကို ဝင်ရောက်တာဝန်ယူဖို့၊ သနပ်ခါးစက်ထဲကို မေမေ ဝင်ပါရမှုတွေ အတတ်နိုင်ဆုံး သက်သာစေဖို့ စသဖြင့် ကျွန်မမြင်သလောက် စီမံပေးခဲ့သည်။ ဖေဖေနှင့်မေမေကတော့ တက္ကသိုလ်ဆရာမကလေးအဖြစ် သမီးကို ဂုဏ်တယူယူရှိကြတာလည်း မြင်နေရသည်။ သည်လိုဆိုတော့လည်း ကျွန်မအလုပ်ကိုကျွန်မ ပိုနှမြောလာမိပါ၏။

မြင်းခြံရောက်ခိုက် ကိုတိုးကြီးနှင့် သူငယ်ချင်းမတွေဆီကိုလည်း သွားဖြစ်အောင်သွားလည်ခဲ့သည်။ နွယ်နွယ်တင်ကတော့ မြင်းခြံမှာ မရှိ။ တောင်ကြီးကို သွားသည်တဲ့။ ထွေးထွေးသိန်းကတော့ အလုပ်ကိစ္စဖြင့် ခရီးထွက်နေသည် ဆိုပါ၏။ သည်တော့လည်း ကိုတိုးကြီး၊ စိုးစိုးမော်၊ ခင်ခင်တို့နှင့်သာ ဆုံဖြစ်ခဲ့ရသည်။

"သီရိမေ…နင် အခုမှ ကျောင်းဆရာမနဲ့ ပိုတူလာတာပါဟ…ကျောင်းဆရာမများ ကြီးလာလေ စာရုပ်ပေါက်လေပဲ…နင်က စာဝတီရုပ်…"

ကိုတိုးကြီးက ထုံးစံအတိုင်း အာကျယ်ပါကျယ်။ သူ့ဇနီးနှင့် မိတ်ဆက်ပေးသည်။ ကိုတိုးကြီးက နဂိုကပင် စီးပွားရေးကောင်းကြသူတွေဆိုတော့ ပြည့်စုံပါသည်။ စိုးစိုးမော်ကတော့ မြင်းခြံ အလယ်တန်းကျောင်းမှာပဲ ကျောင်းဆရာမ ပြန်လုပ်နေသည်။



"သီရိမေ…ဘယ်လိုလဲဟဲ့…နင် ခုထိမစွံသေးဘူးလား…"

"စွံတာပေါ့ဟဲ့…တစ်နေ့တစ်နေ့ ခြင်းထဲက ရည်းစားစာတွေ ဖိုင်တွဲရတာနဲ့ မောနေတာပဲ…ရွေးနေတာဟ…နင်ကရော…"

"ငါက အပျိုကြီးလုပ်မှာလေဟယ်…ရှာစရာမလိုတော့ပါဘူး"

ခင်ခင့်အိမ်မှာတော့ ခဏပဲနေနိုင်သည်။ ခင်ခင့်ကိုမြင်ရတော့ ကျွန်မ စိတ်မချမ်းသာဖြစ်ရသည်။ ဆင်းရဲတာ အပြစ်မဟုတ်သော်လည်း လင်သားက အရက်သမားဖြစ်နေတာကတော့ ဆိုးသည်။ ကိုတိုးကြီးကတော့ တတ်နိုင်သလောက် ထောက်ပံ့သည်ဆိုပါ၏။

"ဒါနဲ့ သီရိမေ…နင် အောင့်အကြောင်း ဘာကြားသေးလဲ"

ကိုတိုးကြီးက မေးလာပေမယ့် ကျွန်မမှာ ဖြေစရာအဖြေမရှိပါ။ အောင်တစ်ယောက် အမေရိကားကို ထွက်သွားပြီဆိုတာလောက်သာ ကျွန်မကြားထားပါသည်။ ကိုတိုးကြီးကတော့ ကလောကို တစ်ရက်တက်ဦးမည်ဆိုသည်။

"ကိုတိုးကြီးရယ်…အောင်မရှိမှတော့ ကလောသွားပြီး ဘာလုပ်မှာတဲ့လဲ…သူ့ စာကလေးတစ်စောင်လောက်တော့ ရေးဖို့ကောင်းတာပေါ့…ခုတော့…"

အောင့်အကြောင်းကို သည်လောက်နှင့်ပဲ စကားဖြတ်လိုက်ပါသည်။ တစ်မြို့တည်းနေ သူငယ်ချင်းတွေ၊ တစ်ကျောင်းတည်းနေ သူငယ်ချင်းတွေတောင်မှ ဘဝတွေက အထွေထွေပါလား။ အောင်ဆို တစ်မြို့စီခြားရုံမက ပင်လယ်ကြီးတောင် ခြားသွားပြီဆိုမှတော့…။

'ဖန်ဆင်းလိုက်သော နှင်းဆီတော၌
မက်မောရိပ်သာ
မောင်လာချင်လည်း၊ လာခက်ခဲ၏။
လက်တွဲသိမ်းမွေ့၊ ကြင်မွေ့ခေါ်ငင်
မက်မောခင်မြည်၊ မခင်ဝံ့စား
စကားမသွက်၊ ဖွင့်ဟခက်ခဲ
မြေအက်ကြားမှ၊ မြက်ပွင့်မျှသာ
နှမတစ်နေ့ မေ့ရစ်မည်…'

ကျွန်မရင်ထဲတွင် ဆရာမ ကြည်အေး၏ကဗျာတစ်စ ခုန်ပျံနေလေသည်။ မြေအက်ကြားက မြက်ပွင့်မျှသာ…တဲ့လား။ မေကတော့ အောင့်ကို ဘယ်မေ့ရက်နိုင်မှာတဲ့လဲလေ…။

■

www.burmeseclassic.com

www.burmeseclassic.com

## (၅၀)

လားရှိုးကို ကျွန်မပြန်ရောက်တော့ ဆရာမတွေက ဝိုင်းမေးကြသည်။ အခြေအနေတွေကို ပြောပြတော့ သူတို့တစ်တွေလည်း ကျွန်မလိုပင် တွေဝေသွားကြလေသည်။ သဘောထားတွေလည်း အမျိုးမျိုးပေးကြပါ၏။

"စီးပွားရေးလုပ်ငန်းက မဖေစိမ်းပေးမှ ဖြစ်မယ်ဆိုတော့လည်း မပြောတတ်ဘူးပေါ့လေ...တက္ကသိုလ်ဆရာမဖြစ်ဖို့ဆိုတာကတော့ ဝါသနာလည်းပါမှ အခြေအနေကလည်း ပေးမှ ဖြစ်ရတာမျိုးဆိုတော့ တို့တွေကတော့ မထွက်စေချင်ပါဖူးကွယ်..."

ကျွန်မကလည်း တွေတွေဝေဝေ ဇဝေဇဝါဖြစ်မနေချင်တော့။ တစ်ခုခုကို ဆုံးဖြတ်ရမည်။ ထိုဆုံးဖြတ်ချက်သည်လည်း အလုပ်က မထွက်ရေးသာဖြစ်ပါ၏။ ကျွန်မ နားမလည်ရုံမက ကျွန်မနှင့် အလှမ်းဝေးလွန်းနေသော အလုပ်မျိုးကိုတော့ စိတ်ကလည်း မပါချင်။ ကျွန်မ ပင်ကိုသဘာဝအရ အေးအေးဆေးဆေးနေချင်သည်။ ဖြစ်နိုင်လျှင် တစ်ကိုယ်တည်းပင် နေချင်သည်။ ကျွန်မတွေးမည်၊ ရေးချင်တာရှိတော့လည်း ရေးလိုက်မည်။ စာမဖတ်ရမှာလည်း စိုးသည်။

"ကျွန်မဝီဇစိတ်ထဲမှာ အနှစ်နှစ်အလလ ကိန်းအောင်းနေတဲ့ ရည်မှန်းချက်ကို မတော်တဆ ဖြိုဖျက်ပစ်လိုက်ရမယ်ဆိုရင်တော့ ကျွန်မ တော်တော်ယူကျုံးမရ ဖြစ်ရမယ်ထင်တယ် မမညီရယ်...ဖေဖေတို့ကတော့ ဇွတ်မတိုက်တွန်းကြပါဘူး...ခေါ်တိုင်ပင်တာလောက်ပါ...ဒါပေမဲ့ ကျွန်မလိုအပ်နေတယ်ဆိုတာတော့ ပြောလိုက်ကြတယ်..."

ကျွန်မရင်ထဲရှိသည့်အတိုင်း ပြောပြတော့လည်း စိတ်မကောင်းကြ။ ဒေါ်နန်းလင်းရွှေကဆိုလျှင် ကျွန်မကို သနားစရာကောင်းလှချေလားဆိုသည့် မျက်နှာနှင့်ကြည့်သည်။ ကျွန်မဘက်က လိုက်ပြောသည့်စကားကိုလည်း ကြည့်ပါဦး။ ကျွန်မမှာ ရယ်ရခက် ငိုရခက်။



"အေးနော်...မမေ အလုပ်ကထွက်ဖို့ ခက်နေတာမဟုတ်လား...သေသေချာချာ ရေးတင်ရင် ရမှာပါ...သည်လိုထွက်နေကြတာပဲ"

ကျွန်မ လားရှိုးကောလိပ်မှာ တာဝန်ထမ်းဆောင်နေချိန်မှာပင် ဖေဖေနှင့်မောင်မောင်က မန္တလေးမှာ အတော်အသင့် နေရာတွေချဖြစ်နေကြပြီ။ ဖေဖေလည်း လားရှိုးကို တစ်ညအိပ်ရုံ ရောက်လာခဲ့သေးသည်။ မန္တလေးက လိုက်လာခြင်းဖြစ်၏။

"စက်ရုံတွေ...ကုန်လှောင်ရုံတွေ...လူနေခန်းတွေ ဆောက်နေကြပြီ သမီးရဲ့...ကန်ထရိုက်ပေးလိုက်တာဆိုတော့ ဖေဖေတို့က ရပ်ပေးရုံပါပဲ...အစတော့ သင့်သလို သွားရမှာပေါ့ကွယ်...သီဟမောင်ကတော့ လုပ်ငန်းလိုင်စင်အတွက် ရန်ကုန်သွားနေလို့ ဖေဖေပဲ ကြီးကြပ်ပေးနေတာ..."

ဖေဖေက သည်လောက်ပဲပြောပါသည်။ ကျွန်မအလုပ်အကိုင်ကိစ္စ တစ်ခွန်းမှမပြောရှာပါ။ ဖေဖေ့ကို ကားဂိတ်လိုက်ပို့ရင်း ကျွန်မ စကားတစ်ခွန်းတော့ ပြောလိုက်မိပါ၏။

"သမီးအလုပ်က သမီးအဖို့တော့ စိတ်ချမ်းသာပါတယ်ဖေဖေ...ပညာတွေသင်ပေးခဲ့တဲ့ မိဘနှစ်ပါးရဲ့ ဂုဏ်ကျေးဇူးကိုလည်း အမြဲဦးထိပ်ထားပါတယ်...အလုပ်က သမီးကို ရွေးခဲ့တာမဟုတ်ဘဲ...သမီးက အလုပ်ကို ရွေးခဲ့တာဆိုတော့ စိတ်ချမ်းသာတာဖြစ်မှာပေါ့...သမီးရဲ့ပင်ကိုစိတ်ပင်ကိုအရည်အချင်းနဲ့ ကိုက်ညီနေလို့လည်း ဖြစ်နိုင်တာပါပဲ...အလုပ်အကိုင်တွေကို စပျစ်တစ်တွဲနဲ့ ခိုင်းနှိုင်းရင် ကိုယ်က အကောင်းဆုံးဖြစ်လောက်တဲ့တစ်လုံးကို ရွေးပြီး ဖြုတ်ချွေပါလို့ သမီးဖတ်ဖူးတယ် ဖေဖေ"

ဖေဖေက ကျွန်မကို ပြုံးကြည့်နေသည်။ ဖေဖေ့ကို ကျွန်မ တရားဟောနေမှန်း သိပုံလည်းရပါ၏။ စိတ်မကောင်းဟန်ကလည်း မျက်နှာကို ထင်ဟပ်နေလေသည်။

"သမီး စိတ်ချမ်းသာစွာ အသက်မွေးနိုင်အောင် ဖေဖေတို့ ပညာသင်ပေးခဲ့တာပဲသမီးရယ်...ဖေဖေကလည်း မျှော်လင့်ထားတဲ့အလုပ်ပဲ...သမီး စိတ်မချမ်းမသာဖြစ်ရတယ်ဆိုရင် အဓိပ္ပာယ် ဘယ်ရှိတော့မလဲ...သမီး အလုပ်က မထွက်ပါနဲ့...သီဟမောင်ကလည်း သည်သဘောရှိပါတယ် သမီးရဲ့..."

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့လက်မောင်းကို ကျွန်မ တအားဖက်လိုက်သည်။ ဖေဖေ့ပခုံးမှာ မျက်နှာအပ်ရင်း တသိမ့်သိမ့်ငိုမိပါ၏။ ဖေဖေကား ထွက်သွားသည်အထိ နေရာမှာပဲ ကျွန်မရပ်နေခဲ့သည်။ ဖေဖေ စိတ်မကောင်းများ ဖြစ်သွားရှာသလား။ ကျွန်မ တစ်ကိုယ်ကောင်းဆန်သွားမိပြီ ထင်ပါ၏။

ကျောင်းပိတ်ရက်မှာတော့ မန္တလေးကို ကျွန်မ တစ်ခေါက်သွားလိုက်ပါသည်။ အတန်အသင့် ကျယ်ဝန်းသော စက်ရုံထဲမှာပဲ မောင်မောင်၏စီးပွားရေး လုပ်ဖော်ကိုင်ဖက်များ၊ အင်ဂျင်နီယာများ၊ ကျွမ်းကျင်ပညာရှင်များနှင့် မောင်မောင်က မိတ်ဆက်ပေးသည်။

"မမ…ဒါ ကိုရဲမိုးပဲ…ကျွန်တော် အယုံကြည်ရဆုံး အရေးအပါဆုံး အားအကိုးရဆုံးမိတ်ဆွေပဲ…ကျွန်တော့်လိုပဲ ကျွန်တော့်လုပ်ငန်းကို အရာရာနားလည်သူကို ပြပါဆိုရင်တော့လည်း သူပဲ…ကိုရဲမိုး…ဒါ ကျွန်တော့် အစ်မ…လားရှိုးကောလိပ်မှာ ဆရာမလုပ်နေသူပါ…ဒေါ်သီရိမေ တဲ့"

ကိုရဲမိုးက လက်ကမ်းပေးသဖြင့် လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။ မောင်မောင်နှင့်ရွယ်တူ ဒါမှမဟုတ် ငယ်ပင်ငယ်နိုင်သေးသူဖြစ်၏။ တိုတိုတိုဆံပင်၊ မျက်လုံးစူးစူး၊ အသားမဖြူမညို လူရွယ်တစ်ယောက်ဖြစ်သည်။

"မမ…ကိုရဲမိုးကို ကျေးဇူးတင်…မမကိုယ်စား ကိုရဲမိုးက အထိုင်ကနေပေးမှာဆိုတော့ မမ အလုပ်က မထွက်ရတော့ဘူးပေါ့…အဲဒါ မမ မပြန်ခင် ကျွန်တော်တို့နှစ်ယောက်ကို ထမင်းလိုက်ကျွေးရမယ်"

ကိုရဲမိုးက မျက်နှာပူသွားပုံရသည်။ ကျွန်မကို အားတောင့်အားနာသလို ကြည့်ရင်းက မဟုတ်ပါဘူး၊ မကျွေးရပါဘူး စသည်ဖြင့် တောင်းပန်နေတော့သည်။ လူပုံက ရိုးရိုးအေးအေး သန့်ရေပြန့်ရေရှိသည်။ သူ ရှက်အားနာဖြစ်သွားပုံက အပြစ်ကင်းစင်သည့် ကလေးတစ်ယောက်နှင့်တောင် တူသည်။ မောင်မောင်နှင့် ကိုရဲမိုးတို့နှစ်ယောက်ကိုကြည့်ရင်း သည်ကနေ့ခေတ်လူငယ်တွေ စီးပွားရေးလုပ်ငန်းတွေကို စိတ်ဝင်စားလာကြပါလားဆိုတာ သတိထားလိုက်မိသည်။ ကျွန်မတို့ကတော့ ပညာရေးမှာ ထူးချွန်လိုကြသည်။ သူတို့တွေကတော့ ငွေနောက်ကို လိုက်နေကြပြီလား။ ကျွန်မရင်ထဲ ဖျတ်ခနဲဝင်လာသော အချက်တစ်ခုဖြစ်ပါ၏။

"ကိုရဲမိုးကို ကျေးဇူးတင်ပါတယ်ရှင်…မောင်မောင်ပင်ပန်းလှပြီဆိုတာ သိပေမယ့် ကျွန်မ တစ်ပက်ဝင်မရှုန်းနိုင်ခဲ့ဘူး…လုပ်ရင် တစ်သက်လုံး လုပ်ရမှာနော်…ဒါမှ ကျွန်မလည်း တစ်သက်လုံး ဆရာမလုပ်ရမှာ…"



ကိုရဲမိုးက ရယ်လို့သာနေတော့သည်။ ကျွန်မနှင့်စကားပြောနေပေမယ့် ကျွန်မကိုမကြည့်။ သူစီးထားသော ကတ္တီပါဖိနပ်ကိုသာ ငုံ့ကြည့်နေသည်။ မျက်နှာက ရှက်ကိုးရှက်ကန်း။ တကယ်လည်း တစ်ရက်မှာ မောင်မောင်နှင့် ကိုရဲမိုးကို ကျွန်မ ထမင်းလိုက်ကျွေးခဲ့ပါသည်။ စကားလက်ဆုံပြောကြည့်တော့မှ ကိုရဲမိုး၏ ရိုးသားပွင့်လင်းမှုတွေကို ကျွန်မတွေ့လာရသည်။ မောင်မောင့်အတွက် ကျွန်မ စိတ်ချရပါပြီ။

သည်တစ်ခေါက် လားရှိုးကို ပြန်ခဲ့ချိန်မှာတော့ အားအင်တွေပြည့်သလို ကျွန်မခံစားနေရပါသည်။ ကျွန်မပြတ်နိုးဖွဲ့လမ်းသည့်အလုပ်က ထွက်ရတော့လေမလား နိုးရိမ်စိတ်မရှိတော့။ ကျွန်မတို့မိသားစု မြင်းခြံမှ မန္တလေးကို ပြောင်းရွှေ့ကြဖို့ စီစဉ်ကြတော့သည်။ ကျွန်မမွေးဖွားခဲ့သော သည်အိမ်နှင့် သည်ခြံကို ရောင်းပစ်မှာဆိုတာကို ကျွန်မ ဝမ်းနည်းခဲ့ရသေးသည်။ ငွေကြေးအရ ရောင်းရတာ ပါသလို၊ မြင်းခြံမှာ ဆက်နေထိုင်စရာအကြောင်းမရှိတော့တာလည်း ပါပါသည်။ မိဘများ၏ ဆုံးဖြတ်ချက်ဆိုတော့ ကျွန်မ၏ ဝမ်းနည်းရိပ်ကို မပြခဲ့ပါ။ ဖေဖေကောင်းသလို စီမံပါလို့ပဲ ပြောခဲ့သည်။

သို့သော်…။

ကျွန်မတို့မိသားစုအတွင်းမှာ အင်အားပြင်းထန်လှသော လေမုန်တိုင်းကြီး ဆင်နေတာကို လုံးဝမသိလိုက်သော ပင်လယ်ထဲက လှေတစ်စင်းသဖွယ် ဖြစ်ခဲ့ရသည်။ အစစအရာရာ ငြိမ်သက်သွားပြီဟု ယူဆခဲ့သော ကျွန်မ၏စိတ်ကူးများသည်လည်း ထိုမုန်တိုင်း၏အရှိန်ကြောင့် တစ်စစီ ကျေပျက်သွားခဲ့ရတော့သည်။ ကျွန်မဘဝအတွက် ကြီးမားသော အချိုးအကွေ့ကြီးဆီ တွန်းပို့လိုက်သည့် မုန်တိုင်းလည်းဖြစ်ပါ၏။

ထိုမုန်တိုင်းကြီး ကျရောက်သည့်မနက်က ခါတိုင်းလိုပင် ကျွန်မ မနက်စောစောထကာ မျက်နှာသစ်၊ ကော်ဖီတစ်ခွက်သောက်ပြီး လမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။ လမ်းလျှောက်ရင်း ညက ကျွန်မမက်ခဲ့သော အိပ်မက်ကို ပြန်သတိရနေခဲ့ပါ၏။ အိပ်မက်ထဲမှာ နှင်းတွေ မှုန်မှုန်မှိုင်းမှိုင်းကြီး ကျနေသည်။ ခဏနေတော့ မိုးတွေပါ ရွာချလိုက်သဖြင့် နှင်းနှင့်မိုးရောကာ အေးစက်သော ရာသီဥတုတစ်မျိုး ဖြစ်ပေါ်လာခဲ့သည်။ ကျွန်မလည်း ပြတင်းပေါက်တွေ ချက်ချင်း လိုက်ပိတ်နေမိသည်။ ထိုအချိန်တွင် မိုးကြိုးထစ်ချုန်းသံတစ်ချက် ကျယ်ကျယ်လောင်လောင် ကြားလိုက်ရပြီး ကျွန်မ မပိတ်ထားခဲ့သည့် ပြတင်းမှန်တွေ ချွမ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ကျကွဲသွားတာ မြင်လိုက်ရသည်။ မိုးရေတွေက မှန်ကွဲကတစ်ဆင့် အတွင်းကို တဖျောဖျော ပက်စင်နေကြပါ၏။ ကျွန်မမှာ ကြောက်ရွံ့လွန်းအားကြီးသဖြင့် မမညို တို့ဘက်ကို ကျူးအော်သော်လည်း အသံက မထွက်။ မိုးရေတွေက ကျွန်မခြေမျက်စိ အထိ တက်လာသည်။ ပြီးတော့ ခြေကျင်းဝတ်။ မိုးရေတွေ ပက်နေသည့်နေရာမှာပဲ ကျွန်မရပ်နေမိသည့်အတွက် ကျွန်မတစ်ကိုယ်လုံး ရွဲရွဲနစ်လျက်ရှိ၏။ ထိုစဉ်မှာ ပင် လျှပ်စီးပြက်လိုက်တာကို ပြာခနဲ မြင်လိုက်ရပြီး နောက်ဆက်တွဲ ပေါ်လာသည့် မိုးကြိုးထစ်သံကို ကြားရပြန်လေသည်။

အိပ်ရာက ကျွန်မ ဆတ်ခနဲနိုးသွားခဲ့သည်။ အိပ်ရာဘေးက စားပွဲတင် နာရီကို ဓာတ်မီးနှင့်ထိုးကြည့်လိုက်တော့ ည နှစ်နာရီ မိနစ်လေးဆယ်။ ပြတင်း တစ်ချပ် ပွင့်နေတာကို သတိထားလိုက်မိသဖြင့် ထပိတ်လိုက်သည်။ ထိုပြတင်းကို ညက ပိတ်မိသလား၊ မပိတ်မိလေသလား ကျွန်မ မမှတ်မိ။ ကျွန်မ ပြန်အိပ်ပျော် သွားခဲ့သည်။

နိုးတော့လည်း ခါတိုင်းလိုပင် မနက်စောစောကြီးဖြစ်၏။ လမ်းလျှောက်က အပြန် ကျောင်းဆောင်အဝင်မှာ ကျွန်မအတွက် ဖုန်းလာကြောင်း လူတစ်ယောက်က လာပြောသည်။ ကျွန်မ ဖုန်းကို ကောက်ကိုင်ပြီး ထူးလိုက်သည်။

"ဟုတ်ကဲ့...သီရိမေပါရှင်"

"သမီးလား...ဖေဖေပါ...သမီး စိတ်ကိုထိန်းပါ...ဖေဖေပြောတာ ကြားလား...သမီး စိတ်ကိုထိန်းပါ..."

"ဖေဖေ..."

ဘာရယ်မသိရသေးဘဲ ကျွန်မရင်တွေ ကတုန်ကယင် ဖြစ်နေမိသည်။ မေမေများ...။

"သမီးမောင်လေး ည နှစ်ချက်က မန္တလေးဆေးရုံကြီးမှာ ဆုံးသွားပြီ... သမီး...ကြားလား...သမီး..."

ကျွန်မမှာ အသက်ရှူရပ်သွားသလို မှင်တက်မိလျက် ရှိနေခဲ့သည်။ တယ်လီဖုန်းခွက် လွတ်ကျသွားသဖြင့် ဖေဖေ့အသံသည်လည်း ဝေး...ဝေး... သွားပါ၏။

■

(၅၁)

မောင်မောင်၏ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ပြီးလို့ လအတန်ကြာတော့ မမေ့နိုင်သောခရီး ဖြစ်ပါ၏။ သည်တစ်ခါမှာတော့ ကျွန်မ မငြင်းသာတော့ပြီ။ မှန်တိုင်းမိခဲ့သော လှေငယ်ကလေးထဲကလူတွေကို ကယ်ဆယ်ဖို့ ကျွန်မမှတစ်ပါး တခြားတစ်ယောက် မရှိတော့ပြီ။ တစ်ဦးတည်းသောသားတစ်ယောက် ဆုံးရှုံးခဲ့ရမှု၊ ဘဝတစ်လျှောက်လုံး ဝန်တွေ ထမ်းပိုးလာခဲ့ရသမျှ နားမည်မှ မကြံသေး လက်ရုံးတစ်ဆူ ပြုတ်ကျသွားခဲ့ရ ရှာသော မိဘများ၏ဖြစ်အင်၊ နောက်လယောက်ဆိုလျှင်ပင် စတင်လည်ပတ် တော့မည့် စက်ရုံ၊ ရင်းနှီးစိုက်ထုတ်ထားရသော ငွေရင်းငွေနှီးများ...စသည်ဖြင့် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံက အကျပ်ရိုက်လျက်ရှိ၏။

သည်လုပ်ငန်းကြီး မလုပ်နိုင်တော့လို့ တစ်ယောက်ယောက်ကို ထိုးအပ် သော်မှ ယူထားသမျှသောအကြွေးတွေ မကျေနိုင်။ နောင်လည်း ဆပ်နိုင်ဖို့ မလွယ်။ သည်လုပ်ငန်းကို ရပ်ဆိုင်းပစ်ဖို့ထက် ဆက်လက်ချီတက်ရန်နည်းမှတစ်ပါး တခြား ရွေးစရာမရှိတော့။ မောင်မောင်မရှိတော့မှ ဥမမြင် အပင်မပေါက်ရသည့်အဖြစ်မျိုး အဖြစ်မခံနိုင်။ မောင်မောင့်ကို ယုံကြည်ခဲ့ကြသူများ၊ မောင်မောင့်ကို ညှာတာခဲ့ကြ သူများ၊ ကူညီပံ့ပိုးခဲ့ကြသူများကို မောင်မောင့်ကိုယ်စား ကျွန်မ အာမခံဝံ့ရတော့မည်။ ကျွန်မ အလုပ်ကမထွက်လို့မဖြစ်တော့။

ဆရာမအဆောင်ထဲက ပစ္စည်းတွေသိမ်းရသည့်နေ့က ကျွန်မ မျက်ရည် မဆည်နိုင်ခဲ့။ ကျွန်မအလွန်မြတ်နိုးတွယ်တာသော တက္ကသိုလ်ဆရာမ ဘဝကိုပါ သိမ်းဆည်းလိုက်ရပြီမဟုတ်လား။ ဝမ်းနည်းလွန်းရပါသည်။ ကျွန်မအဖို့ မြောင်းမြ ရိုးစွန်းက ပိုလာဝက်ဝံတစ်ကောင်ကို ဆာဟာရသဲကန္တာရထဲသို့ အရှင်လတ်လတ် ပို့လိုက်သလို ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်၏ပင်ပန်းခြင်း၊ ကိုယ်၏ပင်ပန်းခြင်းများ ဖိစီးရာမှ အစားပျက် အအိပ်ပျက် ကျန်းမာရေး ထိခိုက်လာသည်အထိ မောင်မောင် အားစိုက်ထုတ်ခဲ့သော သည်လုပ်ငန်းကို ကျွန်မ ဆက်လက်ပြုစု ပျိုးထောင်ရတော့မည်။ မောင်မောင် ရုတ်တရက် ကွယ်လွန်သွားသည့်အခါ ကျွန်မမှာ မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်။ မိသားစုအပေါ် တာဝန်ကျေလှသော၊ အနစ်နာခံတတ်သော၊ ငယ်ရွယ် ထက်မြက်လှသော ကျွန်မ၏မောင်လေးကို ကျွန်မ သနားလွန်းလှပါသည်။ ယူကျုံး မရစွာ ကြေကွဲနေခဲ့ရသည်။

မေမေနှင့်မေမေကတော့ ကျွန်မစီမံရာနောက်ကို ဘုရင့်နောင် ဖောင်ဖျက် သလို ဖျက်ပြီး မန္တလေးလိုက်ခဲ့ကြရှာပါ၏။ မေမေဆိုလျှင် ရုတ်တရက် ကျောက် ရုပ်တစ်ရုပ်လို တောင့်တင်းသွားခဲ့သည်။ ကျွန်မဆိုလျှင် အလုပ်ကထွက်ခဲ့ရပြီ။ ကျွန်မချစ်သော မောင်ငယ်တစ်ယောက် ဆုံးရှုံးခဲ့ရသည်။ မိဘနှစ်ပါး၏ ကြေကွဲ ဝမ်းနည်းမှုကို မြင်နေရသည်။ မြင်းခြံက ကျွန်မမွေးဖွားရာအိမ်နှင့်ခြံကို ရောင်းကာ မန္တလေးကို ပြောင်းကြရသည်။ ကျွန်မအတွက် ဝန်အလေးဆုံးကတော့ ကျွန်မ ဘယ်လိုမှ မျှော်လင့်မထားသော ထုတ်လုပ်မှုလုပ်ငန်းကြီး ကျွန်မခေါင်းပေါ် ထုကြီး ထည်ကြီးနှင့် ရောက်လာခဲ့ခြင်းပဲဖြစ်ပါ၏။

သည်လောကခံကပဲ ကျွန်မ၊ကို ခေါင်းထောင်စေခဲ့သည်လား မပြောတတ် ပါ။ မောင်မောင့်ကို ချစ်စိတ်ဖြင့် မောင်မောင်ဖြစ်စေချင်ခဲ့သော လုပ်ငန်းကို ကျွန်မ မဖြစ်ဖြစ်အောင် ဆက်လက်လုပ်ဆောင်ရတော့မည်ဟု ဆုံးဖြတ်ချက် အခိုင်အမာ ချလိုက်ပါ၏။ ဖရိုဖရဲဖြစ်မှုကို အစီအစဉ်တကျရှိမှုက အနိုင်ယူသည်ဆိုသည့်စကားကို ကျွန်မယုံကြည်သည်။ ပထမဆုံး ကျွန်မလုပ်ရမည့်အလုပ်ကတော့ လုပ်ငန်း သဘောသဘာဝတွေကို လေ့လာဖို့ပဲဖြစ်၏။

"ကိုရဲမိုး...ကျွန်မမောင်လေးလုပ်ထားသမျှ သိချင်ပါတယ်...တစ်ခုမကျန် ကျွန်မကို ရှင်းပြပါ...လုပ်ငန်းသဘာဝတွေကအစ ငွေကြေးကိစ္စအထိ ဆက်လုပ်ရမယ့်အလုပ်တွေအားလုံး ကျွန်မသိပါရစေ...နောက်တစ်ချက် က ကိုရဲမိုး ကျွန်မကို အားမနာပါနဲ့...ပြောစရာရှိတာ ချက်ချင်းပြောပါ ရှင်...ကျွန်မ ကိုရဲမိုးအကူအညီတွေ အများကြီးလိုပါတယ်...မောင်မောင့် ကို ကူညီသလိုပဲ ကျွန်မကိုလည်း ကူညီပါလို့ ကျွန်မတောင်းပန်ပါရ စေ..."

ကိုရဲမိုးနှင့် တွေ့ဆုံကာ ကျွန်မလုပ်သင့်လုပ်ထိုက်တာတွေကို ပြောပြဖို့ အကူအညီတောင်းရသည်။



"စိတ်ချပါ ဒေါ်သီရိမေ...ကျွန်တော်လည်း ကိုသီဟမောင် ဆုံးသွားတော့ ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်သွားခဲ့ရတယ်...ကျွန်တော် သူ့ကို အမြဲတမ်းသတိပေးဖူးပါတယ်...သည်အလုပ်က သူ့အပိုင်းနဲ့သူ တာဝန် တွေယူပြီး အလုပ်တွေ ခွဲဝေလုပ်ရမှာပါ...အချိန်လည်း ယူရပါတယ် ဆိုတာ ပြောလို့မရခဲ့ဘူး...အင်မတန် စိတ်မြန်ကိုယ်မြန် ရှိတဲ့သူပါဗျာ... အားလုံး သူ့ခြေသူ့လက် အကုန်လုံးပါနေရတော့ ဖိစီးမှုတွေ များသွား တာပဲ...လူတော်တစ်ယောက် ဆုံးရှုံးသွားတဲ့အတွက် ကျွန်တော် နှမြော လို့ မဆုံးပါဘူး...စိတ်ချပါ ဒေါ်သီရိမေ...ကျွန်တော် တတ်စွမ်းသမျှ အပြည့်အဝကူညီပါ့မယ်..."

"ကျွန်မကို ဒေါ်သီရိမေ မခေါ်ပါနဲ့ရှင်...မောင်မောင်ခေါ်သလို မမ ဒါမှ မဟုတ် မမေ တစ်ခုခုပေါ့...ကျွန်မကလည်း ကိုရဲလို့ပဲ ခေါ်ပါရစေ... ကျွန်မတို့ချင်း လူရင်းလိုဖြစ်သွားအောင်လို့ပါ"

ကိုရဲမိုးက မောင်မောင်ထားခဲ့သော ဖိုင်တွေကို ကျွန်မကို အသေးစိတ် ရှင်းပြသည်။ မသိတာ မရှင်းလင်းတာရှိလျှင် ကျွန်မထပ်မေးရသည်။ မေမေ့ကိုလည်း မေးရသည်။ စာသင်ခန်းထဲက ကျောင်းဆရာမတစ်ယောက်၏ လှုပ်ရှားပုံ၊ သွားပုံလာပုံ၊ နေပုံထိုင်ပုံတွေ ကျွန်မဆီက တစ်စတစ်စ ပျောက်ကွယ်သွားခဲ့ပြီ။ ငွေကြေးကိစ္စများအတွက် ကျွန်မအမည်ကို လွှဲပြောင်းတာဝန်ခံရသည်။ စက်ရုံအတွက် လိုအပ်နေသေးသော ငွေကြေးကို ထပ်မံချေးငှားရသည်။ မောင်လေးနှင့် ထိစပ်ခဲ့သမျှ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကို ကျွန်မကိုယ်တိုင် သွားရောက်တွေ့ဆုံခဲ့ရသည်။ လုပ်ငန်းလိုင်စင်ကိစ္စ၊ အမြတ်ခွန်ကိစ္စမှအစ လုပ်ငန်းတည်ထောင်သူနေရာမှာ ကျွန်မ အမည်ဖြင့် လွှဲပြောင်းရသည်။ ရန်ကုန်–မန္တလေး အခေါက်ခေါက်အခါခါ ကူးရ သည်။ ကုန်ကြမ်းရနိုင်မည့် သနပ်ခါးစိုက်ခင်းတွေဆီ ကိုယ်တိုင်သွားရောက် ကြည့်ရှု ခဲ့ရသည်။ သွားခဲ့ရသည့်ခရီးတွေကို မိုင်ဖွဲ့လျှင် အသိန်းအသောင်းရှိလိမ့်မည်။

ဟိုတုန်းကလို မျက်နှာကို မော်ထားခဲ့သည့် သီရိမေ မဟုတ်တော့။ မျက်နှာ အောက်ချရတာတွေ များခဲ့ပြီ။ ခွန်းကြီးခွန်းငယ် အော်ခဲ့ဟစ်ခဲ့ရသည်။ ကတိစကားကို လွယ်လွယ်ဖျက်ကြသူများနှင့် စကားအချေအတင် ပြောခဲ့ရသည်။ ပြဿနာပေါင်းများစွာက မနက်မိုးလင်းတာနှင့် ကျွန်မကို စောင့်နေကြသည်။ စာရွက်ပေါင်းများစွာကို ကိုင်ရင်း ကျွန်မမျက်နှာအသစ် စောင့်နေကြသူတွေကို ဖြတ်ရတာကပင် မနက်ဆယ်နာရီထိုးမှ ပြီးသည်။ တစ်ပြားတစ်ချပ်မှ အဝင်မရှိ သေးပါဘဲ ဝန်ထမ်းလစာကို သိန်းဂဏန်းချီ ထုတ်ပေးနေရသည်။ ပြဿနာတွေက

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပြီးတစ်ခု။ မျှော်လင့်မထားတာတွေက တစ်ပုံတစ်ပင်။ မိန်းမသားရယ်လို့ မညှာကြသူတွေကလည်း အနန္တပင်။ တော်ရုံကိစ္စတွေ ဖေဖေ့ကိုမပြောတော့တဲ့ ကျွန်မဘာသာ ကျိတ်ရှင်းရတာတွေလည်း များလှပြီ။

"ကိုရဲမိုးရယ်…ကျွန်မဖြင့် လုပ်ချင်မှလုပ် မလုပ်ချင်တဲ့နေ့ အိပ်နေနိုင်တယ်ဆိုတာမျိုး မဟုတ်တော့ပါဘူး…ကျွန်မဟာ စက်တစ်လုံးလို တစ်လျှောက်လုံး လည်နေရတယ်…တစ်ခါတစ်ခါတော့ စိတ်ဓာတ်ကျချင်ချင်ပဲ…စိတ်ဓာတ်ကျမယ်ထင်ရင် ကျွန်မပြန်တင်းတယ်…ကြာတော့လည်း သည်ကိစ္စတွေ ပြီးမြောက်ပါဦးတော့မလားလို့တောင် ထင်မိပါရဲ့"

ကိုရဲမိုးကိုတော့ ကျွန်မ ညည်းပြခဲ့မိပါ၏။ ကျွန်မ အားနည်း အားငယ်ဖြစ်ရတာကို တတ်နိုင်သမျှ မပြောချင်သော်လည်း ကျွန်မအတွက် လေးလံလွန်းလှ၍ ပြောမိခြင်းဖြစ်ပါ၏။ တစ်ယောက်ယောက်ကို ရင်ဖွင့်လိုက်ရတော့ ပေါ့ပါးသွားသလို ခံစားမိရသား။

"လုပ်ငန်းအလွဲအပြောင်းတွေ ကြုံလိုက်ရတော့ အလုပ်များသွားရတာပါ မမေ…အလွန်ဆုံး ပင်ပန်းရင် သည်တစ်နှစ်ပါပဲဗျာ…အားတင်းထားပါနော်…ကျွန်တော်လည်း ရှိပါတယ်…"

"ကျေးဇူးတင်ပါတယ်ရှင်.."

နှင်းဆီသနပ်ခါးခဲ၊ သနပ်ခါးရည်အဖြစ်မှ 'သိရိနှင်းဆီ' နိုင်ငံတကာအဆင့်မီ သနပ်ခါးမိတ်ကပ်ဘူးတွေ စက်ရုံမှ လှိုင်လှိုင်ကြီးထွက်နေချိန်အထိ ကျွန်မ မနားခဲ့ရ။ ဈေးကွက်ထဲမှာ နာမည်တစ်လုံးကျဖို့ကအစ အင်ကြီးအားကြီးနှင့် ထိုးဖောက်ရသည်။ မီဒီယာမျိုးစုံမှာ ကြော်ငြာရသည်။ ဝင်သမျှငွေကလည်း ငွေတိုးဘဏ်တိုးနှင့် ဝန်ထမ်းလစာပင် မလောက်ချင်။ အကျိုးအမြတ်ရယ်လို့ တစ်စုံတစ်ရာ လက်ဝယ်မပိုင်သေးသော်လည်း လုပ်ငန်းအနေဖြင့်တော့ အောင်မြင်ပါသည်။

မမျှော်လင့်ဘဲ ဗီယက်နမ်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုက တောင်အာရှနိုင်ငံများအထိ တာဝန်ယူဖြန့်ချိပေးမည့်အကြောင်း စကားကမ်းလှမ်းလာခဲ့သည်။ ဖေဖေနှင့် ကိုရဲမိုးတို့ကို တိုင်ပင်ကာ ကျွန်မ သည်ကမ်းလှမ်းမှုကို လက်ခံခဲ့သည်။ ထုတ်လုပ်မှုကို နှစ်ဆတိုးခဲ့ရပါ၏။ ဗီယက်နမ်ကုမ္ပဏီ၏ မ,တည်ငွေဖြင့် စက်များ ထပ်မံမှာယူခဲ့ရသည်။ ကုန်ချောနှင့် ခုနှိမ်ဆပ်သွားရုံဆိုတော့ များစွာ တည်ငြိမ်လာခဲ့သည်။

သိရိနှင်းဆီ သနပ်ခါးမိတ်ကပ်တွေက ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ဘူတန်နှင့် နီပေါလ်နိုင်ငံတွေအထိ ဖြန့်ချိရတာတွေ ရှိလာသည်။ ဗီယက်နမ်ကုမ္ပဏီ



ကိုယ်စားလှယ် အဲရစ်ဗန်ကိုက မြန်မာပြည်ကို တစ်လတစ်ခေါက်၊ နှစ်လတစ်ခေါက် ရောက်လာတတ်သည်။ အဲရစ်ဗန်ကိုသည် လူငယ်တစ်ယောက်ဖြစ်ပြီး စီးပွားရေးလောကမြင်သူတစ်ဦး ဖြစ်ပါသည်။ အလုပ်ကို လေးလေးစားစားနှင့် မှန်မှန်ကန်ကန် လုပ်တတ်သူလည်းဖြစ်သည်။ ကျွန်မနှင့်လည်း အကျိုးပေးသည် ဆိုရမည်လားမသိ။ အဲရစ်ဗန်ကိုနှင့် အလုပ်အတူတွဲလုပ်ပြီးနောက်ပိုင်း သူရော ကျွန်မပါ အဆင်ပြေလာခဲ့သည်။ အဲရစ်ဗန်ကိုက ခင်မင်စရာကောင်းသော လူတစ်ယောက်ဖြစ်ပါ၏။

"မြန်မာပြည်က သိပ်လှတယ်…ကျွန်တော်တို့တိုင်းပြည်ကလည်း လှတာပါပဲ…ဗီယက်နမ်ကို လိုက်လည်ပါလား…ကျွန်တော်တို့ကုမ္ပဏီက ဖိတ်တာပါ…"

အဲရစ်က ကျွန်မကို မကြာခဏဖိတ်သော်လည်း ကျွန်မ ငြင်းဆန်ခဲ့ရသည်။ ကျွန်မကိုယ်တိုင်က အမောမပြေသေးတော့ ဘယ်ကိုမှလည်း မသွားချင်သေး။ အဲရစ်က သားအမိနှစ်ယောက်တည်းရှိသော လူပျိုတစ်ယောက်ဖြစ်သည်။ မိခင်ကို လုပ်ကျွေးနေသူဟု ဆိုပါသည်။ ဗီယက်နမ်တက္ကသိုလ်တစ်ခုမှ ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့သည်။

"အဲရစ်က ကျွန်မတို့တိုင်းပြည်ကို လှတယ်ပြောရအောင် ဘယ်တွေများရောက်ဖူးသေးလို့လဲ…ဆိုပါတော့ ပုဂံ၊ အင်းလေး၊ တောင်ကြီး၊ ကလော၊ ပင်းဒယ…"

"ကျွန်တော် ပုဂံရောက်ပါတယ်…သိပ်များများသွားစရာမလိုပါဘူး…မြန်မာမိန်းကလေးတွေကြည့်တာနဲ့ လှတယ်ဆိုမှတော့ တိုင်းပြည်လည်း မလှဘဲရှိပါ့မလား…"

"တယ်ဟုတ်ပါလား…ဘယ်မိန်းကလေးတွေကိုများ တွေ့ခဲ့ပါလိမ့်ရှင်"

"ကျွန်တော့်ရှေ့မှာပဲ ရှိနေသူပေါ့…"

ကျွန်မ ပြုံးလိုက်ရသည်။ ရောက်ရာတိုင်းပြည်တွေကနေ ကျွန်မဆီကို စာတွေ၊ ပို့စကတ်တွေ လှမ်းပို့တတ်သည်။ နောက်ပိုင်းနှစ်တွေမှာတော့ e-mail တွေ။ စာတစ်စောင်မှာတော့ "ကျွန်တော့်မေမေက မေ့ကို တွေ့ချင်နေရှာပါတယ်" လို့ ပါလာခဲ့သည်။ "ကျွန်မ ဗီယက်နမ်စကား သင်ပါရစေဦး" လို့ စာပြန်လိုက်ရသည်။ အဲရစ်ကတော့ ကျွန်မအတွက် တကယ့်မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၅၂)

စာအုပ်တစ်အုပ်မှာ ကျွန်မဖတ်ဖူးသည်။ လုပ်ငန်းတစ်ခုလုပ်ဆောင်ရာမှာ ရေခဲတောင်တက်သည့် တောင်တက်သမားလို ကျင့်ရမည်။ တောင်တက်သမားသည် အထက်ကိုလည်း မကြည့်။ အောက်ကိုလည့် ငုံ့မကြည့်။ ကိုယ်လှမ်းလိုက်သည့် ခြေတစ်လှမ်းတိုင်း သေချာမြဲမြံမှုရှိမရှိ စစ်ဆေးရင်း တစ်လှမ်းချင်း တက်ရမည်။ ခြေတစ်လှမ်းချင်းကို အောင်နိုင်မှ ပန်းတိုင်ရောက်မည်။ အပေါ်ကိုကြည့်ပြီး တက်လျှင် ရင်မောရသည်။ အောက်ကိုငုံ့ကြည့်ပြီး တက်တော့လည်း ချောက်ကမ်းပါးကြောင့် ထိတ်လန့်သွားနိုင်သည်။ အပေါ်ကိုဝ က်နေသူအဖို့ အပေါ်ကို ဘယ်လောက်ရောက် နေပြီလဲ ဆိုတာပဲ အရေးကြီးသည်။ အောက်က ဘယ်လောက်တက်လာနိုင်ခဲ့သည် ဆိုတာ အရေးမကြီးတဲ့။

သည်အချက်ကို သတိရလိုက်သည်နှင့် ကျွန်မကိုယ်ကျွန်မ ပြန်သုံးသပ်ကြည့်သည်။ ကျွန်မမှာရှိနေသည့် ပြဿနာတွေကို တစ်ရစ်ချင်း ဖြေရှင်းသည်။ တစ်ကန့်စီ ဖြေရှင်းသည်။ ပြဿနာတွေအားလုံး စုပုံပြီး ဖြေရှင်းတာမျိုးကို ရှောင်ပါသည်။ အလုပ်တစ်ခု ဆောင်ရွက်တိုင်း အောင်မြင်ရမည်ဟု ကျွန်မယုံကြည်သည်။ သည်ယုံကြည်မှုက စွမ်းအင်တွေရသည်။ ထိုစွမ်းအင်တွေက အခက်အခဲတွေကို ကျော်လွှားစေသည်။

သုံးနှစ်လောက်အကြာမှာတော့ ကျွန်မ မတ်မတ်ကလေး ထရပ်နိုင်ပြီ။ အခက်အခဲအချို့ ပြေပျောက်သွားသည်။ အခက်အခဲသစ်များ ရှိလာသော်လည်း ကျွန်မမှာ ဖြေရှင်းနည်းတွေ သိနေပြီဖြစ်သည့်အတွက် သိပ်ကြီး မပူပန်တော့။ အရေးအကြီးဆုံးကတော့ ယိုပေါက်တွေအားလုံးကို ကျွန်မသိနေဖို့ဖြစ်ပါသည်။ သိလည်းသိလာခဲ့သည်။ လေးနှစ်အကူးမှာတော့ ကျွန်မတို့လုပ်ငန်းတွင် ငွေအား လူအား ကူညီခဲ့ကြသော ပုဂ္ဂိုလ်အချို့ကို ဒါရိုက်တာဖွဲ့ဝင်များအဖြစ် လက်ခံခဲ့ရသည်။



များသောအားဖြင့် မေမေ့မိတ်ဆွေ လူကြီးသူမများဖြစ်သည့်အတွက် ကျွန်မအားထားရသည့် ပုဂ္ဂိုလ်များဖြစ်သည်။ ကိုရဲမိုးကတော့ ကျွန်မ အားအကိုးရဆုံး ဒါရိုက်တာ ဖြစ်လာခဲ့သည်။ စက်ရုံတစ်ရုံလုံးက ကိစ္စတွေအားလုံး သူပဲ တာဝန်ယူသည်။

သည်အချိန်မှာပဲ ညီမလေးက ကျွန်မတို့မိသားစုထဲက ဖဲ့ထွက်သွားခဲ့ပြန်သည်။ ဘွဲ့ရပညာတတ်တစ်ယောက်၏ အပြုအမူ အတွေးအခေါ်မျိုးမဟုတ်ဘဲ မသင့်တော်သူတစ်ဦးနှင့် လက်တွဲသွားခဲ့တာပဲဖြစ်သည်။ ကျွန်မမှာ လုပ်ငန်းအတွက် ခေါင်းမဖော်နိုင်လောက်အောင် ရှုန်းကန်နေရချိန်မှာ ညီမလေးက သည်လိုလုပ်ရက် သွားခဲ့တာကိုလည်း အံ့သြရပါ၏။ မေမေက စိတ်မကောင်းသော်လည်း တစ်ခွန်းတော့ ပြောပါသည်။

"မေမေကတော့ သဘောတူတယ် မတူဘူးဆိုတာ မရှိပါဘူး... သူကောက်ကိုင်လိုက်တာ သူရမှာပဲ...တာဝန်ယူနိုင်စွမ်းရှိတဲ့ ယောကျ်ား တစ်ယောက်ဖြစ်ဖို့တော့ လိုတယ်...ဒါကတော့ သူ့ကံပဲ..."

မေမေကတော့ သိသိသာသာပင် ညှိုးလျော်သွားခဲ့သည်။ အိပ်ရာထဲ ဗုန်းဗုန်းလဲကာ စကားလည်း မပြောသလောက်ဖြစ်သွားတော့၏။ မေမေ့ကိုကြည့်ကာ ကျွန်မ ဝမ်းနည်းကြေကွဲခဲ့ရသည်။ မေမေ့အနားမှာ ကျွန်မ အမြဲမပြတ်မနေနိုင်ခဲ့သော်လည်း နေ့စဉ် ရသမျှအချိန်တိုင်း အနားသွားထိုင်ကာ စကားစမြည်ပြောသော်မှ မေမေ မလှုပ်တော့။ ဟိုတုန်းကလို ချိုမြိန်သောအပြုံးတွေ စကားတွေ မေမေ့ဆီက ကျွန်မ မရတော့ပါ။

ကျွန်မကိုယ်တိုင်က မြတ်နိုးသောအလုပ်က ထွက်လိုက်ရသည်။ မောင်လေး ထူထောင်ခဲ့သောလုပ်ငန်းကို ကျားကုတ်ကျားခဲ ပခုံးဝင်ထမ်းခဲ့ရသည်။ သည်ကြားထဲ တစ်ဦးတည်းသောသားဖြစ်သူ အရွယ်မတိုင်မီ ကြွေခဲ့ရသည်။ သမီးငယ်က သည်လို အခြေအနေထဲမှာ မိုက်မဲရကောင်းလားဟု စိတ်ထိခိုက်နာကျင်သွားပုံရပါ၏။

ကျွန်မတို့လုပ်ငန်းထူထောင်စက စက်ရုံထဲမှာ အိမ်တစ်လုံးဆောက်နေခဲ့ကြသော်လည်း မေမေနှင့်မေမေ စိတ်အေးချမ်းသာစွာနေနိုင်ရန် နန်းရှေ့ဘက်မှာ တိုက်တစ်လုံးဆောက်ပေးနိုင်ခဲ့သည်။ သစ်ပင်ပန်းမန်များ၊ ရေကန်ငယ်ကလေးနှင့် ခြံကျယ်ဝင်းကျယ်သဖြင့် အေးချမ်းသောနေရာဖြစ်သည်။

ကျွန်မလည်း စက်ရုံမှာမနေတော့ဘဲ မြို့ထဲမှာ ရုံးခန်းတစ်ခန်း ငှားလိုက်သည်။ ကုန်ပစ္စည်းဝယ်ယူသူများ အလွယ်တကူ ဝင်ထွက်နိုင်ရန်ဖြစ်သည်။ မေမေနှင့် မေမေ့ဆီကိုတော့ နေ့စဉ်ရောက်သည်။ သည်အခြေအနေမှာတော့ ငှားနေရသည့်ရုံးခန်းနှင့် ငှားစီးရသော ကားကလေးကို လက်မလွှတ်နိုင်သေး။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းက အဆင်ပြေလာခဲ့သည်။ ပြည်တွင်းမှာ ထုတ်လုပ်လို့ မလောက်နိုင်အောင် အမှာတွေ များလာသည်။ ဗီယက်နမ်ကုမ္ပဏီကလည်း တိုးတိုးပြီး မှာယူလာသည်။ ကျွန်မတို့မိသားစုအမည်ပေါက် 'သီရိသီဟ' ကုမ္ပဏီ ထူထောင်လိုက်သည့်အတွက် ဗီယက်နမ်ကုမ္ပဏီနှင့်ဆက်၍ ကုန်ကြမ်းမှာယူရာမှာ အခက်အခဲမရှိတော့ဘဲ အဆင်ပြေသွားခဲ့သည်။ လုပ်သက် ခြောက်နှစ်ကျော်လာချိန်မှာတော့ စာရင်းသဘောအရ အမြတ်အစွန်းရှိလာခဲ့ပါပြီ။

"မမေရယ်...သနပ်ခါးကုမ္ပဏီကြီး ထူထောင်ထားပြီး မမေမှာ သနပ်ခါးကလေးတောင် မလိမ်းနိုင်တော့ဘူးလားဗျာ...သနပ်ခါးနဲ့ ပန်းနဲ့ ကျောကျောကလေးတော့ နေဦးမှပေါ့..."

ကိုရဲမိုးကပင် နောက်ရသည်အထိ ကျွန်မမှာ ကိုယ့်ကိုယ်ကိုယ် မပြင်နိုင်မဆင်နိုင်ခဲ့တာကလည်း တစ်မျိုးတော့ ရယ်စရာကောင်းပါ၏။ အပူတွေငြိမ်းခါစဆိုသော်လည်း ငွေ့ပူတွေတော့ ကျန်သေးသည်။ လုပ်ငန်း အောင်မြင်လာလေ မောင်မောင့်ကို ပိုသတိရလေ။ တစ်ခါတစ်ခါ မိတ်ကပ်ဘူးတံဆိပ်ကိုကြည့်ရင်းကပင် ကျွန်မ မျက်ရည်ကျမိသည်။

"ကျွန်မတော့ အခုထိ ဝင်္ကဗာစွတ်ကောင်လို အငှားခန္ဓာပြောင်းနေတယ်လို့ချည်း ထင်တုန်းပဲ...မောင်မောင့်ကိုလည်း သတိရတယ်...ကျွန်မတို့အောင်မြင်မှုကိုမြင်ရင် သူ ဝမ်းသာရှာမှာပဲ...သနပ်ခါးရော ပန်းပါ ကျွန်မနဲ့ ဝေးနေဦးမှာပါ ကိုရဲရယ်..."

မိန်းမသားတစ်ယောက် သနပ်ခါးမလိမ်း၊ ပန်းမပန်တာကို ထောက်ပြဝေဖန်ခဲ့သော ကိုရဲမိုးကို ကျွန်မနားမလည်နိုင်စွာ ကြည့်လိုက်မိသည်။ ကိုရဲမိုးကတော့ သူ့ထုံးစံ ရိုးရိုးအေးအေးပင်။

■

(၅၃)

ကျွန်မ၏ စီးပွားရေးလုပ်ငန်း အောင်မြင်မှုက ဆယ်နှစ်ကျော်လာသည့်အခါ မြင့်မားသထက် မြင့်မားလာခဲ့ပါသည်။ သည်အချိန်မှာတော့ ကျွန်မကိုယ်ပိုင်ပိုင်ဆိုင်မှုတွေ များလာခဲ့ပြီ။ ရုံးခန်းကို ငှားမနေရတော့ဘဲ စိတ်တိုင်းကျ ကိုယ်ပိုင်ဆောက်လိုက်သည်။ ဖေဖေတို့အတွက် ကားတစ်စီး၊ ကျွန်မအတွက် ကားတစ်စီး ဝယ်ဖြစ်ခဲ့သည်။

စက်ရုံတွင် ဌာနအလိုက် ဝန်ထမ်းများခန့်ထားသဖြင့် အဆင့်ဆင့်အုပ်ချုပ်သွားကြသည့်အတွက် အဆင်ပြေသည်။ ဒါရိုက်တာအဖွဲ့ အစည်းအဝေးများတွင် ဆုံးဖြတ်ထားသည့်အတိုင်း ဒါရိုက်တာအဖွဲ့ဝင်များကလည်း ခွဲဝေဆောင်ရွက်ပေးကြသည့်အတွက် ကျွန်မ သိပ်တော့စိတ်မမောရတော့ပါ။ အထူးသဖြင့် ကျွန်မ စိတ်ချမ်းသာရသည်မှာ ကျွန်မ၏စီးပွားရေးလုပ်ငန်းကို မှီခိုအားထားနေကြသူ မိသားစုများကို လခအပြင် ကျွန်မတတ်စွမ်းသမျှ ကူညီနိုင်ခဲ့ခြင်းပင်။ ခင်ပွန်း ဆုံးပါးသွားသော ခင်ခင်တို့သားအမိတစ်တွေကို ခေါ်ယူကာ စောင့်ရှောက်ထားသည်။ ဖောင်ဒေးရှင်းတစ်ခု ထူထောင်ကာ ဆင်းရဲသူ ဆင်းရဲသားတွေကို ထောက်ပံ့နိုင်ခဲ့သည်။

ကျွန်မအတွက် မနိုင်မနင်းဖြစ်ခဲ့ရသော လုပ်ငန်းကြီးကို အစကတည်းက လက်တွဲကူညီခဲ့သူ ရန်းဖော်ရန်းဖက် ကိုရဲမိုးကို အထူးသဖြင့် ကျေးဇူးတင်လှသည်။ လေးစားသည်။ ကျွန်မ၏မောင်ငယ်တစ်ယောက်လို ယုံကြည်စွာ အားကိုးရသည်။ ကျွန်မ၏အောင်မြင်မှုတွေမှာ ကိုရဲမိုး၏ အစွမ်းအစတွေ တော်တော်များများပါခဲ့တာ အမှန်ပင်။

ကိုရဲမိုးနှင့်ကျွန်မ ဆက်ဆံရေးကလည်း နှစ်တွေကြာလာသည်နှင့်အမျှ ပိုမိုပွင့်လင်း လွတ်လပ်လာခဲ့ပါသည်။ သွေးမတော် သားမစပ် ယောကျ်ားသား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့် နေ့ရောညပါ အတူသွား အတူစားဖန်များလာတော့ လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးမျိုးမဟုတ်တော့။ မိတ်ဆွေဆက်ဆံရေးသည် လုံခြုံမှု၊ ကိုယ်နှုတ်စောင့်စည်းမှုနှင့် လိမ္မာပါးနပ်မှုအပေါ် တည်၍၊ အချစ်ကတော့ စိတ်အားထက်သန်မှု၊ ကြည်နူးမှုနှင့် ယုံကြည်စိတ်ချမှုအပေါ် တည်သည်ဟု ကျွန်မ စာတွေထဲမှာ ဖတ်ရဖူးသည်။ မိတ်ဆွေချင်းဆက်ဆံရေးတွင် အချစ်ဝင်လာသည့်အခါ ရိုးသားမှုတွေ ပျောက်ကွယ်သွားသတဲ့။

တစ်နေ့မှာတော့ ကိုရဲမိုး၏ ရိုးသားမှုတွေ ပျောက်ကွယ်သွားခဲ့သည်။ ကျွန်မကို ချစ်ခွင့်တောင်းလာသည့်အတွက် ကျွန်မ မအံ့သြမိခဲ့သော်လည်း ကျွန်မကိုယ်တိုင်က လိုက်လျောချင်စိတ်တွေ ယိုဖိတ်နေဘာကတော့ ထူးဆန်းသည် ထင်မိသည်။ ကျွန်မနှင့်ကိုရဲမိုးတို့က ကြိုးချင်းထားလို့ ကြိုးချင်းငြိကြရသည့် အဖြစ်မျိုးမဟုတ်။ ကျွန်မကိုယ်တိုင်က ကိုရဲမိုးကို လေးစားသည်။ စိတ်ပိုင်းဆိုင်ရာ ဦးဆောင်နိုင်သူ၊ ရုပ်ပိုင်းဆိုင်ရာ အားကိုးနိုင်သူအဖြစ် အမြဲတမ်းမြင်ခဲ့သည်။ ကျွန်မမှာ ယုံကြည်အားကိုးလောက်သော တိုင်ပင်ဖော်ဆိုလို့ သူပဲရှိတာမဟုတ်လား။

"ကိုရဲကို ကျွန်မအဖြေပေးဖို့ မခက်ပါဘူးရှင်...ဒါပေမဲ့ ကိုရဲ စဉ်းစားပါဦး...အချစ်မှာလည်း ယဉ်ကျေးမှုရှိပါတယ်...တစ်ဦးကိုတစ်ဦး ချစ်မိကြတယ်ဆိုတာ တိုင်ချည်နဲ့ဖောက်ချည်လိုပဲ ချည်တစ်မျှင်ချင်း ရက်ယှက်ယူရတာမျိုးပါ...ချစ်ခင်ခြင်း၊ နှစ်သက်ခြင်း၊ ယုံကြည်ခြင်းနဲ့ သစ္စာရှိခြင်း ချည်မျှင်တွေပေါ့..."

"ကျွန်တော်က စဉ်းစားပြီးပါပြီ မမေ...မမေသာ စဉ်းစားပါ"

ကျွန်မတို့နှစ်ယောက်အတွက် စကားများများမရှိပါ။ သူစဉ်းစားပြီးသားဆိုတာလည်း ဟုတ်ပါလိမ့်မည်။ ကျွန်မကလည်း စဉ်းစားပြီးသား။ မိန်းမသားတစ်ယောက်အဖို့ အခြေခံကျသော စဉ်းစားနည်းတွေက ရှိပြီးသားဟု ကျွန်မထင်သည်။

ကိုရဲနှင့်ကျွန်မ ချစ်သူအဖြစ် ပထမဆုံးရောက်ခဲ့ရသည့်နေရာမှာ ဥယျာဉ်ကြီးတစ်ခုထဲမှာ ဖွင့်လှစ်ထားသော ကော်ဖီဆိုင်ကလေးမှာဖြစ်သည်။ သူ ကော်ဖီကြိုက်မှန်းသိ၍ ကျွန်မ ခေါ်လာခဲ့ခြင်းဖြစ်သည်။

"မိန်းမသားတွေအဖို့တော့ အချစ်ဟာ ခံစားမှုနှစ်မျိုးက စီးဆင်းလာတာပါ ကိုရဲ...တစ်မျိုးက အထင်တကြီး မြတ်နိုးခြင်း အရှိန်အဟုန်ကြီးလာရာက စီးဆင်းလာတာ...နောက်တစ်မျိုးက သနားကရုဏာ အရှိန်ကြီးရာက



စီးဆင်းလာတာပါ...ကိုရဲကို ကျွန်မ လက်ခံလိုက်ခြင်းဟာ နှစ်မျိုးစလုံးက စီးဆင်းလာတယ်လို့ ပြောပါရစေရှင်..."

ကိုရဲနှင့်ကျွန်မ ချစ်ခြင်းမေတ္တာကြားမှာ ဘာမှရှိမနေပါ။ ချစ်သူတို့တွင် ရှိတတ်သော သံသယနှင့် မယုံကြည်စိတ်တွေ ကင်းသည်။ ကိုရဲကို ချစ်ရသည့်အချစ်ထဲမှာ သူ့ကျေးဇူးတရားတွေလည်း ပါပါ၏။ သူ့ကို ကျွန်မ အရိပ်တစ်ရိပ်လို သဘောမထားဘဲ ကျွန်မနှင့်ထပ်တူကျ ကိုယ်ပွားလို သဘောထားနိုင်ခဲ့သည်။ တစ်ခါတစ်ခါတော့ အောင့်ကို သတိရမိသည်။ အောင် ဘာကြောင့် ကျွန်မကို ချစ်ကြောင်း မဖွင့်ဟခဲ့တာလဲ။ ကိုရဲကကော ဘာကြောင့် ချစ်မိကြောင်း ဖွင့်ဟခဲ့တာလဲ။ ဒါကိုတော့ ကျွန်မဉာဏ်ရည်မမီတတ်နိုင်ခဲ့ပါ။

ကိုရဲ၏မွေးနေ့မှာ အဖိုးတန် စိန်လက်စွပ်ကလေးတစ်ကွင်း ကျွန်မကိုယ်တိုင် စွပ်ပေးခဲ့သည်။ ကိုရဲက အားတုံ့အားနာ ရှိခဲ့ပါ၏။

"မဟုတ်တာပဲ မမေရယ်...မယူပါရစေနဲ့"

"ကိုရဲရယ်...တင်ကျီငှက်ဟာ ခဲလုံးကလေးတွေချီပြီး ချစ်တဲ့ငှက်မကလေးကို ပေးတယ်တဲ့...ငှက်ရွှေပါတွေကတော့ သစ်ကိုင်းတွေကိုချီပြီး ငှက်မကလေးကို ပေးတယ်...မေလည်း ငှက်တစ်ကောင်ပေါ့ကွယ်..."

ကျွန်မတို့နှစ်ယောက် သိပ်ကို ပျော်ခဲ့ကြပါသည်။ ကျွန်မမှာ အိမ်ထောင်ပြုသင့်သည့်အရွယ်ဆိုသော်လည်း ပျံသွားငှက်တွေလို ငှက်ဖိုကိုတွေ့သည်နှင့် အသိုက်ရှာတာမျိုးတော့ မဖြစ်ချင်။ ဖေဖေနှင့်မေမေအတွက် ကျွန်မသာ စည်းရိုးအဖြစ် ကျန်တော့သည်မဟုတ်လား။

ကိုရဲနှင့်ကျွန်မတို့အကြောင်း ကျွန်မတို့အသိုင်းအဝိုင်းကြားမှာတော့ လူသိရှင်ကြား ဖြစ်လာခဲ့သည်။ လွတ်လပ်သော မိန်းမသားနှင့် လွတ်လပ်သော ယောကျ်ားတို့၏ ချစ်ခြင်းမေတ္တာဆိုတော့ ဝမ်းသာကြသည်။ ကျွန်မတို့သတင်းတွေ အပြောအဆိုများလာသည့်အခါမှာတော့ ကိုရဲ၏ အေးစက်ခြင်းသည် ကျွန်မအတွက် သတိထားစရာ ဖြစ်လာခဲ့သည်။ သည်လိုအခြေအနေက ကျွန်မနှင့်ကိုရဲ ချစ်သူအဖြစ် သုံးနှစ်လောက်အကြာမှာ ရှိလာခဲ့ခြင်းဖြစ်သည်။

ပင်လယ်သွား မာလိန်မှူးသည် လှိုင်းတံပိုးထ မုန်တိုင်းကြောင့်တော့ ပင်လယ်ကို မုန်းမသွားပါ။ ကျွန်မကတော့ သည်လိုပဲ သဘောထားခဲ့သည်။ သူ၏နွေးထွေးခြင်း၊ အေးစက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ရှောင်ဖယ်ခြင်းတွေက ကျွန်မကို မတုန်လှုပ်စေခဲ့ပါ။ တစ်ရက်မှာတော့ ကိုရဲ မျက်နှာထားဆိုးလှစွာဖြင့် ကျွန်မကို စောင့်ဆိုင်းနေခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါရိုက်တာ ဦးလှမောင်က ခင်ဗျားတို့ လက်မထပ်ကြသေးဘူးလား တဲ့…ကျွန်တော် သည်လိုပြောတာကို မကြိုက်ဘူး…မမေနဲ့ ကျွန်တော် အစစအရာရာ ဆင်ခြင်မှကောင်းမယ်ထင်တယ်"

သည်စကားမျိုးတွေ သည်ဘက်ရက်တွေမှာ ကိုရဲပြောလာတာ များလာခဲ့သည်။ ကျွန်မစိတ်မကောင်းသော်လည်း ဆင်ခြင်မှ ကောင်းမယ်ဆိုတာကိုတော့ ကျွန်မ မကြိုက်ပါ။

"လက်မထပ်ကြသေးဘူးလားလို့မေးတာ ရာဇဝတ်မှုမှ မဟုတ်တာဘဲ ကိုရဲရယ်…ကိုရဲနဲ့မေကိုပြောတာပဲ…မဆင်မခြင် နေခဲ့ကြလို့လား…"

သည့်နောက်မှာတော့ ကိုရဲ ကျွန်မကို ရှောင်တာတွေ များလာသည်။ တစ်ခါမှာတော့ ကိုရဲနှင့်ကျွန်မ စစ်ကိုင်းဘက် သွားခဲ့ကြသည်။ မြစ်ဆိပ်မှာ ကားရပ်ရင်း စကားတွေ ပြောဖြစ်သည်။

"မေတော့ တိုက်တစ်လုံး ဆောက်ချင်တယ်…မေလည်း ပြောသာပြော ရတာ ရုံးခန်းမှာ နေရသလိုဖြစ်နေတယ်…ကိုရဲနဲ့မေနဲ့ လက်ထပ်ပြီးရင် နေစရာတစ်ခုတော့ ခုကတည်းက စီစဉ်မှဖြစ်မယ်ထင်တယ်…ကိုရဲပဲ သည်ကိစ္စ စီစဉ်ပါ…မေကတော့ ကိုရဲသဘောပါ"

"ဆောက်မနေချင်ဘူး မမေ…တိုက်ကောင်းကောင်းတစ်လုံး ဝယ်လိုက်ရင်လည်း ပြီးတာပဲ…ကျွန်တော် တွေ့ထားတာရှိတယ်"

ကျွန်မ ဝမ်းသာခဲ့ရသည်။ လက်ထပ်ဖို့ကိစ္စကို ကိုရဲရော ကျွန်မပါ အကြောင်းကြောင်းကြောင့် အတိအကျ မသတ်မှတ်ရသေးသော်လည်း နေစရာတော့ စီစဉ်ထားချင်သည်။ ကိုရဲက ကြည့်ထားပြီးပြီဆိုတော့ ကျွန်မပျော်ခဲ့ရသည်။

သို့သော် သည်ကပဲ ပြဿနာစခဲ့သည်။ ကိုရဲစိတ်ကြိုက် ဝယ်စေချင်သည့်အတွက် ကျွန်မ လိုက်၍ပင်မကြည့်။ ပွဲစားနှင့်ကိုရဲ တစ်ပတ်လောက်စီစဉ်ပြီးမှ ကျွန်မအမည်နှင့် လက်မှတ်ထိုးရတာလောက်သာ ကျွန်မသိလိုက်ရသည်။ သည်တိုက် ဝယ်ပြီးသည်နှင့် ပွဲစားဆီကပဲ စကားရောက်သလားမသိရဘဲ ကိုရဲနှင့်ကျွန်မ လက်ထပ်ရန် အိမ်ဝယ်လိုက်ပြီဆိုသည့်သတင်း ထွက်လာခဲ့သည်။ ကျွန်မလည်း စိုးရိမ်မိပါ၏။ ကျွန်မစိုးရိမ်မိတာက မိတ်နှစ်ပါးသိသွားခဲ့လျှင် တလေးတစား မရှိလေခြင်း ထင်သွားပြီး ခံစားကြရမှာစိုးသည့်အတွက် ဖြစ်သည်။ တခြား ဘာမှမရှိ။ ချစ်သူနှင့် လက်ထပ်မည်။ အတူနေမည်။ သည့်အတွက် တိုက်ဝယ်သည်။



"ပြဿနာတွေ ရှုပ်ကုန်ပြီဗျာ…အပြင်မှာ ဖြစ်နေတဲ့သတင်းက မမေကို ကိုရဲကပဲ တိုက်တစ်လုံး ဝယ်ခိုင်းသလိုလိုဖြစ်နေတယ်"

"မမေက ဝယ်ခိုင်းတာပါလို့ သတင်းစာထဲ ထည့်လိုက်ရုံပေါ့ ကိုရဲရယ်… ဒါဆို ရှင်းသွားကြမှာပါ…"

ကျွန်မရဲ့မှန်းသိတော့ ဒေါသတွေ ထွက်လာပုံရပါ၏။

"မဟုတ်ဘူးလေဗျာ…ခင်ဗျားမသိတာတွေ ရှိတယ်…ကျွန်တော်က ခင်ဗျားရဲ့စီးပွားရေးလုပ်ငန်းကို လက်ဝါးကြီးအုပ်နေသလိုလို အပိုင်ပဲကြံ နေသလိုလို ပြောနေကြတာ…သိပ်ဆိုးတယ်ဗျာ…"

ကျွန်မ အံ့ဩသွားခဲ့ပါသည်။ အထူးသဖြင့် ကျွန်မကို 'ခင်ဗျား' ဆိုသည့် နာမ်စားသုံးလိုက်ခြင်းကိုဖြစ်သည်။ သူ့ကို သည်လိုပြောနေကြတာတော့ ကျွန်မ မသိ။ ကျွန်မတို့နှစ်ယောက်ကြားမှာ ပိုင်ဆိုင်မှုတွေ မပါပါ။ လက်ထပ်သည်ဆိုခြင်းမှာ ပွင့်လင်းနေသောဆန္ဒတွေကို တည်ကြည်ခြင်းခံစားမှုအဖြစ် ပြောင်းလဲခြင်းပင်ဖြစ်သည်။ အိမ်ထောင်မှုသည် ကြိုးတစ်ချောင်းနှင့် တစ်ရစ်ထပ်တုပ်လိုက်ခြင်းထက် လေးနက်သော သဘောရှိသည်။ သည်စကားကြောင့် ကျွန်မ ကြေကွဲခဲ့ရသည်။

"ကိုရဲရယ်…ရှင်နဲ့ကျွန်မ တက္ကသိုလ်ကျောင်းသားဘဝက တွေ့ရင် ကောင်းမှာ…မပြည့်စုံတဲ့ဘဝမှာ ချစ်ခဲ့ကြရင် ကောင်းမှာ…သည်ပိုင်ဆိုင်မှုတွေ ဟာ ကျွန်မတို့ကိုယ်တိုင် စိုက်ပျိုးခဲ့ကြတာပါ…ကျွန်မတို့နှစ်ယောက် ရိတ်သိမ်းကြတယ်ဆိုရင်ကော ဘာဖြစ်သလဲ…အချစ်ကို ပိုင်ဆိုင်မှုတော့ မေ့စိတ်က သန့်ရှင်းနေရင် ပြီးတာပဲမဟုတ်လား…"

ကားကို ဒေါသတကြီး မောင်းထွက်သွားခဲ့သည်။

တစ်ခါတော့ စက်ရုံဝန်ထမ်းများ ကထိန်ပွဲကျင်းပစဉ်ကဖြစ်၏။ စက်ရုံထဲမှာပဲ ခင်းကျင်းကာ အများကောင်းမှုအဖြစ် လှူခဲ့တန်းခဲ့ကြသည်။ ကျွန်မက သိန်းငါးဆယ် မ,တည်ကာ ဝန်ထမ်းတွေကို သဒ္ဓါတတ်အားသရွေ့ လှူဒါန်းစေခဲ့ပါသည်။ သည်တုန်းက ရေစက်ချရန် ရေစက်ခွက်တွေ တန်းစီထားသည်။ တခြား ဒါရိုက်တာတွေအားလုံး ရေစက်ခွက်တွေကိုင်ကြသည်အထိ ကိုရဲ ရောက်မလာခဲ့။ နောင်အခါ သူ့ဖြေရှင်းချက်ကို ကျွန်မဝမ်းနည်းခဲ့ရပြန်ပါသည်။

"မမေနဲ့ ကိုရဲနဲ့ ရေစက်ခွက်ချင်းကပ်နေတော့ တစ်စက်ရုံလုံး ဘယ်လိုထင်မလဲ…အများရှေ့မှာ ဒါမျိုး လုပ်မပြချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းလွန်း၍ ကျွန်မ မျက်ရည်တွေပင် ကျလာခဲ့သည်။ သည်လိုအဖြစ်တွေက များလာတော့ ကျွန်မ၏စိတ်များပင် ထုံလာခဲ့ရသည်။ ကြာတော့လည်း နာရဖန်များလာခဲ့သည်။ ဘာကြောင့်များ သည်လိုဖြစ်လာတာပါလိမ့်ဆိုတာထက် ကျွန်မကကော ဘာကြောင့်များ သည်လို သည်းခံနေမိရတာပါလိမ့် ဆိုသည့်စိတ်ကို အံ့သြနေမိသည်။ ကျွန်မကိုယ်ကျွန်မ ထက်မြက်လှသူ၊ မာကြောလှသူအဖြစ် တစ်လျှောက်လုံး မှတ်ယူခဲ့မိသည်။ တကယ်တော့ ကျွန်မ ပျော့ညံ့သူသာဖြစ်သည်။

ကျွန်မ မူလတန်းကျောင်းသူဘဝ ကျောင်းတက်ခဲ့ရစဉ်က ကျွန်မကို အမြဲနိုင်စားသူ မိန်းကလေးအတန်းဖော်တစ်ယောက် ရှိခဲ့ဖူးသည်။ နာမည်ကိုပင် ကျွန်မ မှတ်မိနေသည်။ သန်းသန်းအေး ဆိုသူဖြစ်သည်။ သန်းသန်းအေးက ကျွန်မကို အမြဲအနိုင်ကျင့်သည်။ ကျွန်မရေးနေသည့် ကျောက်တံကို ချိုးပစ်သဖြင့် ကျောင်းက အပြန် အိမ်ကို ငိုပြန်ရတာ များသည်။ သန်းသန်းအေးက ကျွန်မကို အညိုးတကြီး ရန်စနေတာကို နားမလည်သော်လည်း သူ့ကို ကျွန်မ ပြန်မလှန်နိုင်ခဲ့တာကတော့ အမှန်ပင်။ တုံ့ပြန်ခြင်းမရှိဘဲ ငိုခြင်းအားဖြင့် အရှုံးပေးရသော စိတ်ခံစားမှုကို ကျွန်မ မကြိုက်ပါဘဲ ထိုဘဝမျိုးနှင့် ကြုံကြိုက်နေရတာကိုတော့ ရင်နာမိခဲ့ပါ၏။ သည် အကျိုတ်အခဲသည် ကျွန်မ ဂျီးပြင်းလာသည်အထိ ပါလာခဲ့သည်။ ကလေးတွေ သဘာဝ သည်လိုပဲရှိကြတာပါလေလို့ ကျွန်မ ဖြေလို့မရ။ ထိုနာမည်နှင့် ထိုမိန်းကလေးကို ကျွန်မ အလွန်နာကျည်းနေခဲ့မိသည်။ ပြောရလျှင် သည်အချိန်အထိ ထိုအကြောင်း စိတ်ရောက်လျှင် ကျွန်မ ခံပြင်းမိရတုန်းပင်။

အခုလည်း ကျွန်မမှာ သည်ခံစားမှုမျိုး တစ်ကျော့ရောက်လာရပြန်ပြီ။ ချစ်သူတွေ ဖြစ်ကြပါလျက် ဘာကြောင့်များ ကျွန်မကို ငိုနိုင်းနေရသလဲဆိုတာ ကျွန်မ နားမလည်နိုင်ခဲ့။

ကိုရဲသည် ကျေးဇူးရှိသူလည်း ဟုတ်၊ အားကိုးခဲ့ရသူလည်း ဟုတ်၊ ကျွန်မအနီးက ထွက်ခွာမသွားဘဲ ကျွန်မလိုအပ်သမျှ ခါးစည်းဆောင်ရွက်ပေးခဲ့သူလည်း ဟုတ်နေပါလျက် ဘာကြောင့် ကျွန်မကို နိုင်စားချင်နေရပါသလဲ။ ကျွန်မဘဝကို သူအသိဆုံးပင်။ ကျွန်မကို သူနားအလည်ဆုံးပင်။ ကျွန်မကို သူအားအပေးခဲ့ဆုံးပင်။ ကျွန်မ မတ်မတ်ရပ်နိုင်အောင် ဖေးကူခဲ့သူသည်လည်း သူပင်။

အခုတော့ အရာရာကို ဆတ်ဆတ်ထိမခံသော၊ တစ်ချက်ကလေး အမှားမခံသော မိတ်ဆွေဆိုးတစ်ယောက်နှင့် တူနေတာကို ကျွန်မအံ့သြရသည်။ အချစ်မှာ ယိုယွင်းသွားလို့၊ ပျက်စီးသွားလို့ ပြန်ကောင်းပါစေတော့ရယ်လို့ ကုသနေရရင်၊



ပြန်မွေးမြူနေရရင် သည့်လောက် စိတ်ဆင်းရဲစရာ မရှိတော့ဘူးဆိုတာမျိုး ကျွန်မကြားဖူးပါသည်။ အထူးသဖြင့် ချစ်သူချင်း ယုံကြည်မှု ပျက်စီးရတာဟာ နူးညံ့တဲ့အမုန်းတစ်မျိုးပဲတဲ့။ ကျွန်မခံယူထားသော မေတ္တာ၏အနက်အဓိပ္ပာယ်သည် တစ်ဦးပေါ်တစ်ဦး လေးစားခြင်းဖြစ်ပါ၏။ ကျွန်မအပေါ်မှာ ကိုရဲ လေးစားမှု လျော့ပါးသွားခဲ့တာကတော့ သေချာသည်။ သူ့ဘက်က ဘာကြောင့် ပြောင်းလဲသွားရတာလဲဆိုတာကိုတော့ ကျွန်မ မသိ။ မေးလည်းမမေးမိ။

အေးစက်သော ချစ်သူများအဖြစ် နှစ်တွေကြာခဲ့ရပြန်ပါ၏။ စက်ရုံတွင်း လုပ်ငန်းတာဝန်တွေမှာ အချိန်ပြည့်ရှိနေတတ်သော်လည်း မလွှဲသာတော့မှ ကျွန်မနှင့် ဆုံလေ့ရှိသည်။ သူ့ကားပေါ်မှာ မိန်းကလေးငယ်ငယ်ချောချောတစ်ယောက် ပါလေ့ရှိကြောင်း ကျွန်မ သတင်းကြားရသည်။ သိချင်စိတ်ရှိသော်လည်း ကိုရဲကို ကျွန်မ မမေးပါ။ ကိုရဲနှင့်ကျွန်မပင်လျှင် မိတ်ဆွေတွေဘဝက အတူတွဲ အတူသွား ရှိခဲ့တာ မဟုတ်လား။ သည်ခေတ်ကာလမှာ သည်လိုကိစ္စမျိုးက သိပ်တော့လည်း မထူးဆန်းတော့ဟု ကျွန်မ ခံယူထားသည်။ သို့သော် သတင်းက ပိုပြီးနိုင်လုံလာသည်။ ပိုပြီး အသေးစိတ်လာသည်။ ကျွန်မ ပြောင်ဖွင့်မေးတော့လည်း သူက ငြင်းဆန်သည်။

"ကိုရဲကို မေ မေးနေတာ အကျပ်ကိုင်ဖို့မဟုတ်ပါဘူး…လူဆိုတာ အမှားတွေရှိတတ်တာပဲ…စိတ်အပြောင်းအလဲတွေ ရှိတတ်တာပဲ…ကျွန်မကတော့ ကိုရဲကို လေးစား အထင်ကြီးလက်စနဲ့ ဆက်လေးစားနေဦးမှာပါ…သစ္စာရှိတဲ့ယောကျ်ားမျိုးကို ကျွန်မ လေးစားတတ်ပါတယ်"

ကျွန်မဆီက မမျှော်လင့်သောစကားကို ကြားလိုက်ရလို့ သူ နည်းနည်းတော့ တုန်လှုပ်သွားပုံရသည်။ အေးစက်သော အဖမ်းရခက်သော သူ့မျက်နှာသည်ပင် သည်တစ်ခါတော့ မည်းညစ်သွားခဲ့သည်။

"မမေနဲ့ လက်ထပ်ဖို့ ကိုရဲမှာ အဆင်သင့်မဖြစ်သေးဘူး…ကိုရဲမှာ ကျော်လွှားရမယ့်ကိစ္စတွေ ရှိသေးတယ်လို့ပဲ ပြောပါရစေ…အရွယ်လွန်နေသူတွေအဖို့ သည့်ထက်နောက်ကျလို့လည်း မထူးပါဘူး…"

စားပွဲပေါ်က ပန်းအိုးကို ကိုင်ကာ မှန်နံရံတွေဆီကို ကျွန်မ ပစ်ပေါက်လိုက်မိသည်။ ခွမ်ခနဲမြည်သံကြီးက ကျယ်လောင်သွားခဲ့သည်။ မှန်တွေ ဖေါခနဲ ပြိုကျသွားသည်။ နှင်းဆီပန်းဝါဝါတွေ ပြန့်ကျဲသွားခဲ့တော့သည်။

ကျွန်မ သူ့ကို လက်ထပ်ဖို့ တောင်းဆိုနေခြင်းမဟုတ်။ ဘယ်သောအခါမလည်း ကျွန်မဘက်ကစပြီး တောင်းဆိုလိမ့်မည်မဟုတ်။ ကျွန်မငယ်ငယ်ကပင်

www.burmeseclassic.com

www.burmeseclassic.com



လိုချင်သောအရုပ်ကလေးတစ်ရုပ်ကိုသော်မှ "မေမေ သမီးကို ဝယ်ပေးပါနော်" လို့ မတောင်းဆိုဖူးခဲ့။ ကျွန်မလိုချင်လျှင် "မေမေ သည်အရုပ်ကလေးက လှလိုက်တာနော်" လို့ပဲ ပြောခဲ့ဖူးသည်။ ကျွန်မပြောလို့ မေမေက သဘောပေါက်လျှင် ဝယ်ပေးချင်ပေး မပေးလျှင် ကျွန်မ ဘယ်တော့မှ မပူဆာခဲ့ပါ။ အခုတော့ ကျွန်မ မာနကို တိုက်ရိုက်ကြီး ထိခိုက်လာခဲ့ပြီ။

"ရှင် ကျွန်မအခန်းထဲက မြန်မြန်ထွက်သွားပါ ကိုရဲ..."

ကျွန်မအပြုအမူကို သူ အတော်ကလေး ထိတ်လန့်သွားခဲ့သည်။ ကျွန်မ ရုံးခန်းမှာ ပေါက်ကွဲခဲ့ကြခြင်းသည်လည်း တစ်မျိုးတော့ကောင်းပါသည်။ စက်ရုံထဲမှာလောက် လူသိမများဘဲ ပြီးသွားခဲ့ခြင်းကြောင့်ဖြစ်၏။

မိန်းမသားတစ်ယောက်ဆီက အချစ်ကို တောင်းခံခဲ့ပြီး၊ ထိုတောင်းခံမိခြင်းအတွက် နောင်တ အဖန်ဖန်ရနေသည့် မျက်နှာဖုံးအောက်က မျက်နှာကို ပစ်ပေါက်လိုက်ရသလို ပေါ့ပါးသွားခဲ့မိပါ၏။

သည်နောက်တော့ မေတ္တာမပါသော ချစ်သူယောင်းတစ်ယောက် ကျွန်မနှင့်မနီးမဝေးမှာ နှစ်ပေါင်းများစွာ ရှိနေခဲ့သည်။ ကျွန်မမှာ သူမရှိလို့လည်း မဖြစ်၊ သူရှိလို့လည်း မကောင်းနိုင်သည့် ဒုံးတွေကြား ကျနေခဲ့ရပါ၏။

"ရှင်ဟာ ဥသြငှက်ကိုတောင် ခေါ်မလာတဲ့ နွေဦးမျိုးပဲ..."

၁၉၉၀ ခုနှစ်ကာလတွေကတော့ ကျွန်မအတွက် ကြာလွန်းလှပါသည်။ ထိုကာလတွေအတွင်း ကျွန်မသည်ပင် ကဗျာတွေနှင့် ဝေးနေခဲ့လေသည်။

■

# "၂၀၀၀ ခုနှစ် ကာလများ"

www.burmeseclassic.com

www.burmeseclassic.com

(၅၄)

တွယ်ငြိခြင်းသည်
ဆင်းရဲအစ၊ သံသာရဟု
ချမ်းမြသိလည်း၊ တွယ်ငြိမြဲပင်
ရဲဝံ့သည်လား၊ ကြောက်သည်လားဟု
ငြင်းပွားစိတ်တွေ၊ အဖြေခက်သည်။

(ကြည်အေး)

ပြင်ဦးလွင်မြို့၏ နွေဦးသည် အေးမြသောနွေဦးဖြစ်သည်။ ပြင်ဦးလွင်ကို ကျွန်မနှစ်သက်ရခြင်းတွေထဲမှာ ညှင်းညံ့သော လေပြည်ရှိခြင်းလည်း ပါပါ၏။ မြို့လမ်းမတွေဘက်ဆီကလွဲ၍ အတွင်းပိုင်းမှာ စက်ယန္တရားနည်းသဖြင့် လေသည်လည်း လတ်ဆတ်နေမြဲဖြစ်၏။ ကျွန်မကတော့ ပြင်ဦးလွင်၏လေကို ဖျူစင်ဖြောင့်မတ်သောလေဟု ကဗျာဆန်ဆန် အမည်ပေးထားသည်။ သဘာဝတရားက အားပြုထားသဖြင့် ပန်းမာလာတို့ အစွမ်းကုန် လှနိုင်ကြပါ၏။ တစ်လမ်းကိုတစ်လမ်း ပိုက်ကွန်ဆက် ဆက်ထားသောလမ်းကလေးတိုင်းမှာ သဘာဝသစ်ပင်ကြီးတွေကို မြင်ရသည်။ ပြင်ဦးလွင်၏ အစိမ်းရောင်သည် လှပသောအစိမ်းရောင်ဖြစ်၍ ပြင်ဦးလွင်ကို ရောက်ရတိုင်း အနည်းဆုံး တစ်ညတော့ ကျွန်မအိပ်ဖြစ်ခဲ့တာ များသည်။ အစိမ်းတွေကြားမှာ အိပ်စက်ခြင်းပေါ့။

ကျွန်မခြံထဲတွင် ဥယျာဉ်မှူး စိတ်ကူးစွမ်းပြထားသော အသွေးစုံ အရောင်စုံ စွင့်စွင့်ရင့်ရင့် ပွင့်နေကြသော ဒေလီယာပန်းတွေရှိသည်။ ကတ္တီပါရောင် တောက်နေကြသော အပွင့်ကြီးများပင်။ ဒေလီယာက တခြားပန်းတွေလိုမဟုတ်ဘဲ ထူးခြားမှုလာ တစ်ဆိုး

www.burmeseclassic.com



တစ်ပွင့် လှလှပပကြီး ပွင့်တတ်ကြသည့်အတွက် ကျွန်မစွဲလမ်းတာလည်း ဖြစ်နိုင်ပါသည်။ အထူးသဖြင့် ဒေလီယာကြက်သွေးရောင်ကို ကျွန်မသဘောကျသည်။ ပြင်ဦးလွင်ရာသီဥတုထဲမှာ အအေးခံပွင့်ရသော သည်အပွင့်ကြီးတွေက ပွင့်ပြီဆိုသည်နှင့် ရက်ရှည်ရှည် အပင်မှာနေနိုင်ကြသည်။

သည်ခြံကြီးကို 'ဆန်းစသော်တာ' လို့ ကျွန်မ အမည်ပေးထားသည်။ အရွယ်ကလေးရလာတော့ သစ်ပင်သစ်တော ပန်းပင် ပန်းတောတွေကို ကျွန်မ ချစ်ခင်မြတ်နိုးလာတာ ကျွန်မကိုယ်တိုင် သတိထားမိပါသည်။ သည်ခြံကြီးကို ကျွန်မ ဝယ်ယူလိုက်စဉ်က ဥရောပဆန်သော တိုက်တစ်လုံးပါသည်။ ဝန်ထမ်းတန်းလျားရှည်ကြီး ပါသည်။ မိုးမခပင်ကြီးတွေ ပါသည်။ အလှဆုံးကတော့ ထင်းရှူးပအေသာပင်ကြီးတွေ။ ခြံထောင့်မှာ စိန်ပန်းပြာတစ်ပင်ရှိသည်။ ရာသီရောက်လျှင် ခရမ်းပြာပြာစိန်ပန်းပွင့်တွေကို မြင်ရပါ၏။

ခြံကိုဝယ်ပြီးပြီးချင်း ကျွန်မကြိုက်သည့် စကားဝါ၊ စကားဖြူ၊ စကားစိမ်း၊ စွယ်တော်ဖြူ၊ ချယ်ရီပင်၊ အကျော်ပင်၊ တရုတ်စကားပင်တွေ စိုက်ဖို့စီစဉ်ခဲ့သည်။ စံပယ်လို၊ ဇွန်လို ရာသီအလိုက်ပွင့်ကြသော ပန်းရုံကလေးတွေ၊ ဒေလီယာ, ဆေစီ, ပင်စိမ်းနီ, ခင်မမေ့ပန်း, ပေါ်ပီပန်း စသည့်ပန်းခင်းရောင်စုံကလေးတွေ၊ ပြီးတော့ နှင်းဆီရောင်စုံပန်းခင်းကြီးကိုလည်း ကျွန်မခြံထဲမှာ စိုက်ပျိုးထားပါသေးသည်။ အခုတော့ သည်အပင်တွေလည်း ပွင့်နေကြပါပြီ။

ကျွန်မနှစ်သက်မိတာ တစ်ခုရှိပါသေးသည်။ သည်မြို့ကလေးကို တစ်ယောက်တည်း ဒါမှမဟုတ် ကျွန်မ၏အတွင်းရေးမှူးမကလေးနှင့် ကားမောင်းတက်လာရတာကို အလွန်ပျော်သည်။ သောကြာနေ့ညနေတိုင်းလိုလို လာမြဲဖြစ်သေရာ သောကြာနေ့ဆိုလျှင် ကျွန်မစိတ်တွေ အလိုလို လွတ်လပ်ပေါ့ပါးနေတတ်ခဲ့သည်။ ပြင်ဦးလွင်မှာ ကျွန်မအနားယူသည့်ရက်များသည် လပြည့်နေ့နှင့် တိုက်ဆိုင်ပြီဆိုလျှင်တော့ တစ်ညလုံး မအိပ်ဘဲ လရောင်နှင့် ပန်းပွင့်တွေကို ကြည့်နေမိပါ၏။

သည်တစ်ပတ် သောကြာနေ့မှာ ပြင်ဦးလွင်ကို ကျွန်မ မတက်နိုင်ခဲ့ပါ။ လုပ်ငန်းဆိုင်ရာ အစည်းအဝေးမှာ ကျွန်မ မထိုင်လို့မဖြစ်တော့ ထိုင်ရင်းက မိုးချုပ်သွားခဲ့သည်။ ညဘက်မှာ ကျွန်မ ကားမမောင်းချင်၍သာ။ စိတ်ကတော့ မြို့ကလေးကို ရောက်နေခဲ့ပါ၏။ စနေမနက်စောစောမှာ တက်လာခဲ့သည်။ ကျွန်မနှင့်အတူ ကျွန်မတပည့်မကလေးနှစ်ယောက် စာအုပ်တစ်ခြင်းနှင့် သီချင်းကက်ဆက် လေးငါး ခွေသာ ပါလာခဲ့သည်။ ရောက်ရောက်ချင်း ကားရုံထဲမှာ ကားထိုးခဲ့ပြီး ပန်းခြံထဲ



ဆင်းလာခဲ့သည်။ နွေဦးကို ကဗျာဖွဲ့နေကြသည့် ပန်းပွင့်ရောင်စုံကလေးတွေက လှပလွန်းလိုက်တာ။

နွေဦးမှာ စိန်ပန်းပြာတွေ ပွင့်ကြသည်။ ချယ်ရီပွင့်တွေကလည်း အပွင့်မခါကြသေးပါ။ ခြံစည်းရိုးမှာ ခဲနေအောင် ပွင့်ကြသည့် ခရာဝါတွေကတောင် လှကြလို့။ နှင်းဆီဖူးဖူးကြီးတွေကတော့ နှင်းဆီတောကြီးပင် ဖြစ်နေတော့၏။ ခြောက်လက်မအရွယ်အစား နှင်းဆီအသွေးစုံတွေက ကင်းဗတ်စပေါ်မှာ ရောင်စုံဆေးစက်တွေကြဲပက်ထားတာနှင့်တူပါသည်။ နှင်းဆီကို ကျွန်မငယ်စဉ်ကတည်းက ချစ်မြတ်နိုးခဲ့ရသည်။ ကျွန်မငယ်ငယ် မြင်းခြံအိမ်မှာတုန်းက အိုးကလေးတွေခံကာ နှင်းဆီပင်ကလေးတွေ စိုက်ခဲ့ဖူးသည်။ နောက်တော့ မြေချစိုက်ဖြစ်သည်။ စိုစိုလန်းလန်းကြီးအားရှိပါးရှိ ပွင့်ကြတာမျိုးမရှိသော်လည်း အိမ်မှာ နှင်းဆီပွင့်မပြတ်ခဲ့။ ကျွန်မ အလယ်တန်းကျောင်းသူဘဝက စာကြည့်စားပွဲမှာ နှင်းဆီတစ်ပွင့် အမြဲထိုးခဲ့တာ မှတ်မိသည်။

"မမေ...နှင်းဆီပန်းတွေမှာ ဆူးတွေပါတာ လူတွေ ခူးကြမှာစိုးလို့လား မသိဘူးနော်..."

မေမေက ရယ်သည်။ ကျွန်မဆံပင်ကို ဖဲပြားကလေးစည်းပေးရင်း ဖြေတာကိုလည်း မှတ်မိနေပါ၏။

"နှင်းဆီက လှတာကိုးသမီးရဲ့...သူ့ကိုယ်သူ ကာကွယ်ဖို့ပြင်ဆင်ထားတာပေါ့...မိန်းကလေးဆိုတာလည်း သည်လိုပဲ...ပန်ချင်သူတွေ များလေတော့ ကိုယ်ကျင့်သိက္ခာဆိုတဲ့ ဆူးတွေနဲ့ ရံထားပါမှ လုံခြုံတယ်"

ကျွန်မငယ်သေးတော့ မေမေ့စကားတွေကို ကောင်းကောင်းနားမလည်ခဲ့။ ကျွန်မတစ်ယောက်တည်း ဒေလီယာခင်း၊ နှင်းဆီခင်းတွေထဲမှာ အချိန်တော်တော်ကြာသွားခဲ့သည်။

"မမ တယ်လီဖုန်း...ရုံးကလာတာ"

ရုံးကလာတာဆိုတော့ မန္တလေးကလာတဲ့ဖုန်းပေါ့။ ဘာကိစ္စများပါလိမ့်။ ကျွန်မ ပြင်ဦးလွင်ကို စိတ်လွတ်ကိုယ်လွတ် ရောက်လာရလေတိုင်း တတ်နိုင်သမျှ အဆက်အသွယ်မလုပ်ကြရန် မှာထားပြီးသား။ တစ်ပတ်လုံးလုံး အလုပ်တွေရှုပ်နေတတ်သောကျွန်မအဖို့ နောက်က အလုပ်လိုက်လာတာမျိုးကို မကြိုက်ချင်တော့။ သည်တစ်ခါ အရေးကြီးလွန်း၍သာ ဆက်လိုက်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ မသင်း"

"ရုံးမှာ ဧည့်သည်ရောက်နေလို့တဲ့…မမ မရှိပါဘူးပြောတာလည်း မရဘူးတဲ့…သူ့မှာ အချိန်သိပ်မရလို့ပါဆိုလို့ ဆက်လိုက်တာတဲ့…အမေရိကားက ဧည့်သည်ဆိုရင် လက်ခံမှာပါတဲ့"

အမေရိကားက…။ ကျွန်မမှာ အမေရိကားက ရောက်လာစရာဧည့်သည် ရယ်လို့ စဉ်းစားလို့ပင်မရပါ။ ပြီးတော့ ကျွန်မကုမ္ပဏီက ထုတ်လုပ်နေသော သနပ်ခါးမိတ်ကပ်ကိုလည်း အမေရိကားလိုနိုင်ငံမျိုးမှာ သုံးစွဲတာမျိုး မရှိသေးတာ ကျွန်မသိပါ၏။ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီယား၊ ဖိလစ်ပိုင် စသည့် အရှေ့တောင်အာရှနိုင်ငံအချို့နှင့် တောင်အာရှနိုင်ငံတွေကို ပို့နေရတာမျိုးသာရှိသည်။ တစ်ခါတစ်ရံ တောင်ကိုရီးယားနိုင်ငံ အလှကုန်ပညာရှင်များ လာရောက်ကြတာမျိုးလည်း ရှိပါ၏။ နိုင်ငံခြားကဧည့်သည်လာမည်ဆိုလျှင်လည်း သနပ်ခါးသုံးစွဲကြသော အာရှနိုင်ငံတွေထဲကပဲ ဖြစ်ဖို့များပါသည်။ ပြီးတော့ ထူးဆန်းတာက ဧည့်သည်က အချိန်သိပ်မရလို့ ချက်ချင်းဆက်သွယ်ခိုင်းတာပဲဖြစ်သည်။ အမေရိကားကဧည့်သည်ဆိုရင် လက်ခံမှာပါတဲ့။ သည်လောက် ရေလည်နေမှတော့ ဧည့်သည်က မြန်မာစကားနှင့်ပြောလို့သာဖြစ်ရမည်။ ထူးတော့ထူးဆန်းသား။

"ကဲ…ရုံးကို ဖုန်းပြန်ခေါ်ရုံပေါ့ မသင်းရယ်"

ကျွန်မအကျင့်အတိုင်း လက်ထဲမှာ ဘာကိုမှ ကိုင်မထားတတ်လေတော့ သင်းသင်းကိုပဲ ရုံးကို ဖုန်းပြန်ခေါ်ခိုင်းလိုက်ရသည်။ ကျွန်မကိုယ်တိုင်က ဖဝေဖဝါ။ ဘယ်သူများပါလိမ့်။

"ရပြီ မမ"

"အေး…ပြော မမွန်…အမေရိကားကဧည့်သည်ဆိုလို့ ဘယ်သူတဲ့လဲ အခုကော ရုံးမှာရှိသေးလား…ဘာကိစ္စတဲ့လဲ…နိုင်ငံခြားသားလား"

ကျွန်မမေးခွန်းတွေက များသွားလေလား။ ကျွန်မရုံးက လူထုဆက်ဆံရေး အရာရှိ မွန်မွန်က သွက်လက်ချက်ချာသူဖြစ်သည်။ ကျွန်မသိချင်တာတွေ တန်းစီ မေးထားနှင့်ပုံရသည်။

"နိုင်ငံခြားသားတော့ မဟုတ်ဘူးမမ…မြန်မာပါပဲ။ မမနဲ့တွေ့ချင်လို့လို့ပဲပြောပါတယ်။ ဘာကိစ္စပါလဲဆိုတော့ ကျွန်တော် သိရှိမသူငယ်ချင်းပါတဲ့…မြန်မာပြည်ရောက်တုန်း လာတွေ့တာပါလို့ ပြောတယ်။ တခြားကိစ္စ အထွေအထူးတော့ ရှိပုံမရဘူးမမ…မွန်မွန်က မမ ပြင်ဦးလွင်သွား



အနားယူပါတယ်လို့တော့ ပြောလိုက်တယ်။ မနက်ဖြန် ပြန်ဆက်သွယ်ဖို့ ပြောလိုက်ပါတယ်"

"နာမည်ပြောသွားသလား…သိရှိမေလို့ခေါ်တယ်ဆိုလို့ မမစဉ်းစားနေတာ"

"Name card တစ်ကတ်ပေးသွားတယ်။ အမေရိကားလိပ်စာ မမရဲ့"

ကျွန်မတစ်ကိုယ်လုံး နွေးသွားကာ ကတုန်ကယင် ဖြစ်လာခဲ့သည်။ နှစ်ပေါင်းများစွာ ရေခဲနန်းတော်ထဲမှာ အောင်းနေရသည့် မင်းသမီးတစ်ပါးလို အေးခဲနေရာက အသက်ပြန်ဝင်လာသလို ရှိခဲ့ရသည်။ ကျွန်မလက်ထဲကဖုန်းပင် လွတ်ကျသွားလေမလားထင်ရအောင် ပိုပြီး တုန်ရီလာခဲ့တော့သည်။

"နာမည်တော့ ကိုအောင်နိုင်သူလို့ ပြောတာပဲမမ…မနက်ဖြန်ဆက်သွယ်ပါလိမ့်မယ်…မနက်ဖြန် မမဆင်းလာမှာလား…ဖုန်းနံပါတ်ပေးလိုက်ရမလား"

"နေဦး မမွန်ရယ်…ငါစဉ်းစားပြီး ပြန်ပြောမယ်…သိုင်ခယူနော် မမွန်ထူးရင် ဆက်ပါ…ဘယ်အချိန်ဖြစ်ဖြစ်"

နှစ်ပေါင်းနှစ်ဆယ်တောင် ရှိခဲ့ပြီကော အောင်…။ နှစ်ပေါင်းနှစ်ဆယ်ဆိုတာ တိုတောင်းတဲ့လူ့ဘဝသက်တမ်းမှာ များလွန်းလှပါတယ်။ နှစ်ပေါင်းများစွာကြာအောင် ဘာဖြစ်လို့ပုန်းနေခဲ့ရတာလဲ။ အခုကော ဘာဖြစ်လို့ ပြန်ထွက်ပေါ်လာခဲ့ရပြန်တာလဲ။ သိပ္ပံဝတ္ထုတွေထဲမှာ ကျွန်မဖတ်ဖူးသည်။

အခုတော့ အောင်ကပဲ ကြိုတ်ထဲရောက်နေတာလား။ ကျွန်မကပဲ ကြိုတ်ထဲ ရောက်နေခဲ့တာလား။ လောလောဆယ်မှာတော့ အံ့သြခြင်းများစွာဖြင့် Shock ရသွားတာက ကျွန်မပင်။ ပန်းခြံထဲမှာ ကျွန်မ တောင့်တောင့်ကြီးရပ်နေခဲ့မိ၏။ အေးမြသောမြို့ကလေးမှာ ကျွန်မချွေးစေးတွေ ပြန်နေခဲ့သည်။ လက်ကိုင်ဖုန်းကလေးကို ဘယ်လောက်တောင် ဆုတ်ညှစ်ထားမိသည်မသိ။ ကျွန်မလက်တွေ ဆန့်၍ပင်မရချင်တော့။

သည်နှစ်ပေါင်းနှစ်ဆယ်ထဲမှာ ကျွန်မဘဝသည်လည်း အဆစ်အကွေ့တွေ များခဲ့ရသည်။ တက္ကသိုလ်ကောလိပ်အချို့မှာ နည်းပြဆရာမဖြစ်ခဲ့သည်။ လက်ထောက်ကထိက ဖြစ်ခဲ့သည်။ နောက်တော့ ကျွန်မမောင်လေး ဆုံးပါးရှာခဲ့သည်။ အိပ်ရာထဲ ဘုန်းဘုန်းလဲနေခဲ့ရှာသော မိခင် ဖခင်အိုကြီးနှင့် မိသားစုလက်ငုတ်လက်ရင်း သနပ်ခါးလုပ်ငန်းကို ကျွန်မပခုံးထမ်းခဲ့သည်။ သနပ်ခါးကို ခေတ်မီအောင် ကြိုးစားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အာရှဈေးကွက်ဝင်အောင် အချိန်နှင့်အမျှ လုံးပမ်းခဲ့ရသည်။ ခေတ်သစ်အလှကုန် နည်းနာနှင့် နည်းပညာအခြေခံကာ မြန်မာ့သနပ်ခါးကို နိုင်ငံတကာစီးပွားရေးပုံရိပ် ဖြစ်အောင် နှစ်နှင့်ချီကာ ကြိုးစားခဲ့ရသည်။

သည်အနှစ်နှစ်ဆယ်အတွင်းမှာ ရင်ခုန်ခဲ့ရတာတွေလည်း ရှိပါ၏။ တစ်ယောက်က ကျွန်မ၏ စီးပွားရေးလုပ်ငန်းမှ ဒါရိုက်တာအဖွဲ့ဝင် ကိုရဲမိုး။ တစ်ယောက်က ဗီယက်နမ်နိုင်ငံသား အဲရစ်ဗန်ကို...။

တွန့်နှုန်းမြန်သော ခေတ်ဟောင်းရုပ်ရှင်ပြစက်တစ်လုံးထဲကို ကျွန်မဘဝ ဖလင်ကော်ပြားတစ်ခွေ ထည့်ပြသလို ပုံရိပ်တွေက ခပ်ဝါးဝါးပြေးလွှားနေခဲ့သည်။ သည့်နောက်မှာတော့ အရာရာ ပြန်လည်ငြိမ်သက်သွားခဲ့ပါ၏။ ကျွန်မရင်ထဲမှာ ရှုပ်ထွေး နောက်ကျိမှုတွေသာ အဖတ်တင်ခဲ့ရသလို ကျွန်မကိုယ်ကျွန်မ ယူကျုံးမရစွာ ပြန်လည် နောက်ဆုတ်ခဲ့ရသောအချစ်မျိုးသာ ရှိခဲ့တာကိုလည်း ကျွန်မဝန်ခံရတော့မည်။

ကျွန်မပထမဆုံး သတိရလိုက်သည့်ပုံရိပ်တွေက ကလောမြို့ကလေး၏ အိမ်တွင်းမီးလင်းဖိုကလေးတစ်ခု၏ မီးတောက်မီးလျှံများဖြစ်သည်။ နောက်ပုံရိပ်တစ်ခုကတော့ ယိမ်းနွဲ့နေကြသော မိုးမခကိုင်းတွေ...။ သည်တုန်းက ကျွန်မ ကဗျာတစ်ပုဒ် ရွတ်ပြခဲ့သေးသည်ထင်ပါ၏။ ‘တွယ်ငြိခြင်းသည် ဆင်းရဲအစ သံသာရဟု...’။ တွယ်ငြိခြင်းသည်ပင် သံသရာတစ်လျှောက် ပါရသောဆင်းရဲခြင်း၏ အစဆိုသည့် ကဗျာ။ ကျွန်မနှလုံးသားတွေ ပူနွေးလာသည်။ မီးလျှံတွေ၊ မိုးမခကိုင်းနွဲ့နွဲ့တွေ၊ မှိုင်းလုံးခြုံကြီးထဲက စောင်းခတ်သံ၊ ပူနွေးနွေး လက်ဖဝါးများ၊ မျက်ရည်များ...။

တယ်လီဖုန်းကို ဆက်ဖို့ပြင်လိုက်ပြီးမှ ခပ်လောလောစဉ်းစားရသည်။ မနက်ဖြန် အောင် ဆက်သွယ်လာချိန်အထိ ကျွန်မ စောင့်မနေချင်တော့။ ပြီးတော့ အောင့်ကို လူကိုယ်တိုင်မြင်ပြီးမှ အသံကိုကြားချင်သည်။ ကျွန်မဒူးတွေ ညွတ်ကျမသွားခင် မန္တလေးရုံးကို ခေါ်လိုက်ဖို့ပဲ စိတ်ကူးလိုက်ပါ၏။

“ဟုတ်ကဲ့...ပြောပါမမ”

“မမွန်...မမပြောမယ်...အခု ဧည့်သည် ဘယ်မှာရှိသလဲ...မန္တလေး ဘယ်မှာတည်းသလဲဆိုတာ Source တစ်ခုခု ပေးခဲ့သလား”

မွန်မွန့်ဆီက အသံမကြားရ။ စက္ကန့်ပိုင်းကလေးကိုပင် ကြာလွန်းလှသည် ထင်မိ၏။ ကျွန်မစိတ်တွေ လျှော့ထားလိုက်ရသည်။ အနားက ဧလီယာပန်းတစ်ပွင့်ကို ဆတ်ခနဲချူးကာ ယက်ထဲမှာ ခြေနေမိပါ၏။



“ဖုန်းနံပါတ် ပေးမသွားဘူးမမ...သူကပဲ ဆက်သွယ်မယ်ဆိုတော့ ကျွန်မ မှတ်မထောင်းလိုက်ဘူး...ဒါပေမဲ့ ဟိုတယ်နီလာနန်းတော်မှာ တည်းတဲ့ အကြောင်းတော့ ပြောသွားတယ်...ကျွန်မ စုံစမ်းလိုက်မယ်လေ”

ဟိုတယ်နီလာနန်းတော်။ မြို့ထဲမှာပဲဆိုတော့ ဆက်သွယ်လို့တော့ လွယ်သည်။ အရေးကြီးသည့်တစ်ချက် ကျွန်မ မမေးမိပါ။

“မမွန်”

“ဟုတ်ကဲ့ပါ”

“သူတစ်ယောက်တည်းလား”

“ရုံးကိုလာတာတော့ တစ်ယောက်တည်းပဲမမ”

သည်မေးခွန်းကို ကျွန်မ ဘာလို့မေးမိတာပါလိမ့်။ ကျွန်မကိုယ်ကျွန်မ ရင့်ကျက်လှပြီဟု တွက်ထားသူက ကလေးများဆန်သွားလေသလား။

“မွန်မွန်...ဟိုတယ်နီလာနန်းတော်ကို ချက်ချင်းလိုက်သွားပါ...မတွေ့ ရင်လည်း စောင့်နေနော်...အခု ဘယ်နှနာရီလဲ...လေးနာရီ...ဟုတ်ပြီ... မမ ခြောက်နာရီအရောက် မန္တလေးကို ပြန်ဆင်းခဲ့မယ်...ရုံးကို ခြောက် နာရီလာဖို့ ချိန်းထား...အကျိုးအကြောင်း မမကိုပြန်ဆက်...မမ ဖုန်းဖွင့် ထားမယ်နော်”

“ဟုတ်ကဲ့ပါ”

မသင်းကို ကားပေါ်တက်ခိုင်းပြီး ပြန်ဆင်းဖို့ပြင်ရပါသည်။ ကျွန်မတို့ အတွက် ညစာစီစဉ်နေသူ ခြံစောင့် မတင်သန်းတို့မိသားစုကို နှုတ်ဆက်ပြီး ကား မောင်းထွက်ခဲ့သည်။ ခြံပေါက်ရောက်ခါမှ ဖျတ်ခနဲသတိရကာ မတင်သန်းကို နှင်းဆီဝါတွေ ညှပ်ထည့်ပေးဖို့ လှမ်းပြောလိုက်သည်။

“အဝါရောင်ချည်းနော် မတင်သန်း”

နှင်းဆီဝါ အရိုးရှည်ရှည် တစ်စည်းစာလောက်တော့ ရသည်။ နှင်းဆီဝါ စည်းကြီးကို ကားရှေ့ခန်းမှာ တင်လိုက်သည်။ ပြင်ဦးလွင်–မန္တလေး လေးဆယ့်နှစ်မိုင်သည် တစ်နာရီကျော်ကျော်လောက် မောင်းရတာကို ကျွန်မသိပါ၏။ စိတ်တွေ လှုပ်ရှားနေသော်လည်း ကျွန်မသတိကြီးစွာထား၍ ကားမောင်းရသည်။ နှင်းဆီဝါတွေ ထပ်လိုချင်သေးသဖြင့် အောင်ချမ်းသာမှာ ကားခဏရပ်ကာ တစ်ပွေ့ကြီး ဆင်းဝယ် လိုက်သေးသည်။ နှင်းဆီတွေကိုကြည့်ရင်း ပန်းဆိုတာ အပင်မှာလှနေတာ အကောင်းဆုံးပါလားလို့ ကျွန်မတွေးလိုက်မိသည်။ အပင်က ခွဲထုတ်လိုက်တော့ အဓိပ္ပာယ် တစ်မျိုးထွက်နေသလိုပင်။

www.burmeseclassic.com



အောင်…။

ဟုတ်ကောဟုတ်ရဲ့လား…။ ကျွန်မအဖြစ်က အိပ်မက်ထဲမှာ ယောင်ရမ်းလမ်းလျှောက်နေသူတစ်ယောက်နှင့်ပင် တူနေသည်။ နှစ်ပေါင်းနှစ်ဆယ် ဝေးကွာခဲ့ရသူထံက စာတစ်ကြောင်း၊ အသံတစ်စ ကျွန်မ မရခဲ့။ ဒါတွေ တွေးမိတော့လည်း နာကျဉ်ကျဉ်ခံစားရသည်။ ဘာမှမဟုတ်သည့်ခံစားမှုမျိုးနဲ့ သူနေခဲ့တာပါလားလို့လည်း ခံပြင်းစိတ်ကလေး ဝင်ခဲ့ရပါ၏။ သို့သော် သူက မဆက်သွယ်တာထား ကျွန်မကလည်း ဘာမှမဆက်သွယ်ခဲ့မိတာလည်း အမှန်ပင်။ နှစ်များစွာ ကြီးရင့်သွားသောအောင့်ကို ကျွန်မ မြင်ချင်လှပြီ။ ဟိုတုန်းကလိုပဲ ခံစားမှုမဲ့နေကတ်တုန်းပဲလား။ ဟန်ဆောင်တတ်တုန်းပဲလား အောင်ရယ်…။

အောင့်ကို ကျွန်မတွေ့ရင်ကော ဘယ်လိုခံစားမှုမျိုးရှိမလဲ။ အခုကော ကျွန်မ ဘယ်လိုခံစားနေရသလဲ။ ကျောင်းတုန်းကလို ကဗျာတစ်ပုဒ်လောက် ရွတ်ပြပါဆိုရင် မရှူးပါနဲ့တော့မေလို့ ပြောနေမှာလား။

သည်လောက် ကာလတွေကြာမှတော့ အောင့်ဘဝမှာ တစ်ယောက်တည်း မဖြစ်နိုင်တော့။ ဘဝကြင်ဖော် ရှိရောပေါ့။ အောင်ချစ်ရသူက ဘယ်လိုမိန်းကလေးမျိုးလဲ။ အောင့်ကိုရော နားလည်ရဲ့လား။ သည်အတွေးကတော့ ကျွန်မကို မျက်ရည်ဝဲမိစေပါ၏။ အနှစ် နှစ်ဆယ်ဆိုတဲ့ကာလထဲမှာ ကျွန်မ မမြင်၊ မကြား၊ မသိခဲ့ရသော အောင့်ဘဝအပြောင်းအလဲတွေကကော ဘယ်လောက်တောင် ထွေပြားနေခဲ့လေမလဲ။ သူလည်း ကျွန်မလိုပဲရှိလိမ့်မည်။

နှစ်ဆယ်စွန်းစက ခင်မင်ခဲ့ရသူရယ်…။ အခုတော့လည်း တို့အသက်တွေ လေးဆယ်စွန်းခဲ့ပြီပဲ…။

ကျွန်မဘဝတစ်ဆစ်တွင် ကျွန်မဘဝထဲ ဝင်ရောက်ခဲ့သူနှစ်ဦးရှိခဲ့သည်။ ကမ်းလင့်လာသောလက်တွေကို ကျွန်မကလည်း ရင်ခုန်ခဲ့ရပါ၏။ ကိုရဲနှင့် အဲရစ်။ သို့သော် သည်ခံစားမှုတွေက အိပ်မက်ဆန်သည်။ ဘဝမိုးလင်းချိန်ရောက်တော့လည်း ပိုးတဝါးရှိခဲ့သော ခံစားမှုမျိုးနဲ့သာ ပြီးခဲ့ရသည်။ အဲရစ်၏ကမ်းလှမ်းချက်ကို ကျွန်မ ဘယ်လိုနည်းနှင့်မျှ လက်မခံနိုင်ခဲ့သော်လည်း ကိုရဲကတော့ ကျွန်မနှလုံးသားထဲအထိ ရောက်ခဲ့ရသူဖြစ်၏။ ပြီးတော့လည်း…။

အောင်နှင့် ကိုရဲ…။

ကျွန်မဘဝမှာ နှလုံးပေါက်အောင် စွဲလမ်းခဲ့ရသူ ယောကျ်ားသားနှစ်ယောက်ကို ကျွန်မ မနှိုင်းယှဉ်ချင်ပါ။ အောင်က ချစ်သူလို့ ပြောဖို့ခက်သော်



လည်း ကိုရဲကတော့ ချစ်သူစစ်စစ်ဖြစ်ခဲ့ဖူးပါ၏။ လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့ပါ၏။ သို့သော် အချစ်နှင့်ပတ်သက်ပြီး ကံမကောင်း အကြောင်းမလှခဲ့သော ကျွန်မအဖို့ ကံမတူ အကျိုးမပေးခဲ့သော ဘဝအကြောင်းကိုသာ ယိုးမယ်ဖွဲ့ချင်မိပါ၏။ တစ်နိုင်ငံသား၏ မေတ္တာတောင်းခံမှုကိုတော့ ကျွန်မ ယဉ်ကျေးစွာပဲ ပယ်ချခဲ့သည်။ နောက်ထပ် နာကျဉ်မှု မရှာချင်တော့လည်း စာအုပ်တွေကိုသာ အဖော်ပြုခဲ့ရသည်။ စာအုပ်တွေသာ ကျွန်မအနားမှာ ရှိကြသည်။

ကိုရဲကို ချစ်ခဲ့မိတာတော့ ကျွန်မဝန်ခံရမည်ပင်။ ကျွန်မထက် အသက်ငယ်သော်လည်း ရိုးသားသော သူ့အမူအရာကို ကျွန်မသဘောကျသည်။ ကိုရဲနှင့်ကျွန်မ ဘယ်လိုချစ်သွားခဲ့ကြသလဲဆိုတာကိုတောင် ကျွန်မ မသိတော့။ ရှင်းရှင်းဆိုရလျှင် ကိုရဲနှင့်ပတ်သက်၍ ကျွန်မမှာ နာကျဉ်ရတုန်း၊ ကြေကွဲရတုန်း။ သည်လိုနှလုံးသားမျိုးနှင့် အောင့်ကို တွေ့သင့်ရဲ့လား။

အောင့်ကို ကျွန်မ တွေ့ချင်တာကတော့ ရှင်းပါသည်။ ဒါကလည်း ကျွန်မဘက်က ရှင်းခြင်းသာဖြစ်၍ အောင့်အခြေအနေကို ကျွန်မ မသိနိုင်။ ဘာပဲဖြစ်ဖြစ် အောင်နှင့်ကျွန်မမှာ အကောင်အထည်ဖော်မရခဲ့သော အကြွေးဟောင်းတွေ ရှိသလို ခံစားရသည်။ အောင့်ဘဝကို ကျွန်မသိခွင့်ရခဲ့သည်။ အောင့်ဘဝက ကြိုးဆွဲဆရာ ကြိုးလှုပ်သမျှ က,ခဲ့ရသော ရုပ်သေးရုပ်တစ်ရုပ်နှင့်တူသည်။ ဒါကလည်း ကျွန်မအထင်ပါ။ အောင် ကျွန်မကို မပြောဖြစ်ခဲ့သောစကားတွေ ရှိကောင်းရှိမည်။ ရှိချင်မှလည်းရှိမည်။ အနှစ် နှစ်ဆယ်ကြီးခြားကာမှ အောင် ဘယ်လိုကြောင့် ရောက်လာခဲ့တာလဲ။ သူငယ်ချင်းတစ်ယောက်လို လာတွေ့တာလည်း ဖြစ်နိုင်ပါသည်။

ကားရှေ့ခုံပေါ်မှာ တင်ထားသည့် နှင်းဆီပွင့်ဝါဝါတွေကို ကျွန်မ မျက်စိရောက်သွားခဲ့၏။ နှင်းဆီဝါတွေကို ကျွန်မချစ်သလို အောင်ကလည်း ချစ်သည်။ အခုတော့ နှင်းဆီကို အဝါမှရယ်လို့ ကျွန်မစွဲလမ်းနေသေးရဲ့လား။ ကျွန်မမှာ စွဲမြဲစရာရယ်လို့ သိပ်မရှိ။ အစစအရာရာ ပြည့်စုံကြွယ်ဝနေသည့်ဘဝမှာ ကျွန်မ ဘာကိုမှ စွဲမြဲထားတာမရှိတော့။ ကျွန်မမှာ လက်ပတ်နာရီရယ်လို့ပင် ပတ်မထားဖြစ်ခဲ့တာတောင် ကြာပြီ။

Farewell ညမှာ ကိုတိုးကြီးဆိုခဲ့သည့် တဂိုးကဗျာထဲကလို သောကရဲ့ ဝန်ထုပ်ဝန်ပိုးတွေဆိုတာတော့ ကျွန်မမှာ ရှိနေဆဲ။ ကျွန်မထမ်းပိုးထားရသော ဝန်ထုပ်ဝန်ပိုးတွေက များလှပါသည်။ အထူးသဖြင့် ကျွန်မကုမ္ပဏီက ဝန်ထမ်းတွေ၊

www.burmeseclassic.com

www.burmeseclassic.com



မိသားစုတွေ၊ ပြီးတော့ ကျွန်မ ငွေပင်စိုက်လှူထားသည့် ဖောင်ဒေးရှင်းတွေ။ သူတို့အားလုံးပေါ်မှာ ကောင်းကင်မိုးစက်တွေလို ကျွန်မ စိမ်းလန်းစေခဲ့သည်။ ဒါကို ကုသိုလ်ဟုဆိုကောင်းလျှင် သည်ဝန်ထုပ်ဝန်ပိုးတွေကို ကျွန်မလိုလားစွာ ထမ်းပိုးထားရဦးမည်သာဖြစ်သည်။

ကျွန်မနှလုံးသားမှာ စီးပိုးနေကြသော သမုဒ္ဒယဝန်ထုပ်ဝန်ပိုးတွေကတော့ ခါချလို့ပဲ မကျနိုင်အောင် ရှိခဲ့တာလည်း ကျွန်မကိုယ်ကျွန်မ အံ့သြမိရပါ၏။

အိမ်အနီးမှာ ရွှေကိုးမသာပါဘဲ ရောက်လာသူဧည့်သည်ရယ်...။ ကလော မြို့မှာ နောက်ဆုံးလက်ပြနှုတ်ဆက်ပြီး ပျောက်ချင်းမလှပျောက်သွားခဲ့တာ နှစ်ပေါင်း နှစ်ဆယ်တဲ့လားအောင်...။ တွေ့ချင်စိတ်ရှိနေတာကိုပဲ ဝမ်းသာရပါရဲ့။

"မသင်း...ရုံးခန်းထဲမှာ ဓာခန်းဆီးအဖြူတွေ လဲတပ်ထားပါလို့ ဖုန်း ဆက်လိုက်စမ်းကွယ်...ပြီးတော့ ဆောင်း ဦးမြင့်အောင်ရဲ့ ဆောင်းလက်သံကို ဖွင့်ထားပါလို့လည်း ပြောလိုက်ဦး...မွှန်မွှန် ဧည့်သည်ဆီ သွားပြီလား လို့မေး..."

ကားမောင်းရင်း သင်းသင်းကို သတိရတာ မှာရသည်။ ဓာခန်းဆီးအဖြူနှင့် နှင်းဆီဝါတွေ တစ်ခန်းလုံး ခင်းကျင်းထားလိုက်မည်။ ဒါကို အောင် သတိထားမိပါ့ မလား...။ နှင်းဆီဝါတွေ မကြိုက်တာကော မှတ်မိသေးရဲ့လားအောင်...။

ကျွန်မကတော့ အောင့်ကို ကဗျာတစ်ပုဒ်လို သတိရနေသူဖြစ်သည်။ ကဗျာဆိုတာ အလှတရား၊ ငြိမ်းချမ်းရေးနှင့် သစ္စာတရားဟု ကျွန်မဖတ်ဖူးပါသည်။ အောင့်မှာ သည်အရည်အချင်းတွေ ရှိသည်။

ကားနောက်ကြည့်မှန်ထဲက ရုပ်သွင်ကို မော့ကြည့်လိုက်မိသည်။ လေ ကြောင့် ဆံစတွေက လွင့်ပျံ့လျက်။ လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်ကနှင်းဆီဖြူ မိန်းကလေးဆောင်ထဲက သီရိမအဖြစ် ကျွန်မကိုယ်ကျွန်မ မြင်နေရသည်။ သည်လို ဆိုတော့လည်း ကျွန်မစိတ်တွေ ပြန်လည်နိုးကြားလာရပြန်လေသည်။

■

(၅၅)

ညနေခင်း...။

ငါးနာရီ...။

မှန်တင်ခုံရှေ့မှာ ကျွန်မ စိတ်လိုလက်ရ ထိုင်နေခဲ့တာပင် မိနစ်နှစ်ဆယ် လောက် ရှိပြီထင်သည်။ ခါတိုင်း Cream တစ်မျိုးမျိုးကို အခံလိမ်းရုံလောက်၊ သပ်ရပ်သွားအောင် ခေါင်းကလေးဖြီးရုံ သင်ရုံလောက်၊ အဝတ်အစား အချိုးကျမကျ ကြည့်ရုံလောက်သာ မှန်တင်ခုံရှေ့ရပ်လေ့ရှိသူက သည်တစ်ခါမှ ဘာကြောင့်များ သည်လောက်အချိန်တွေ ပေးနေမိတာပါလိမ့်လို့ တွေးမိတော့ ရယ်ချင်မိသလိုလို။ စင်စစ် ကျွန်မကိုယ်ကျွန်မ လှသည်ထက်လှအောင် အလှပြင်နေတာတော့မဟုတ်ပါ။ ကြေးမုံပြင်ပေါ်က ကျွန်မကိုယ်ကျွန်မ ကြည့်နေခြင်းမျိုးသာရှိပါ၏။ တကယ်တော့ တိမ်ဖန်သားပြင်ပေါ်မှာ အရိပ်တွေလို ပေါ်လာသော ဓာတ်လမ်းဟောင်းကို ကြည့်နေ ခြင်းမျိုးသာဖြစ်သည်။

သည်ဓာတ်လမ်းထဲမှာ သရုပ်ဆောင်တွေ များခဲ့သည်။ ကိုတိုးကြီး၊ အောင်နိုင်သူ၊ သီရိမ၊ နွယ်နွယ်တင်၊ တွေးတွေးသိန်း၊ စိုးစိုးမော်၊ ခင်ခင်၊ ကိုကိုနိုင်၊ မျိုးတင်လတ်၊ ထွန်းကျော် ပြီးတော့ ဓာတ်ပို့မင်းသမီး ကြေးမုံယဉ်...။

ဓာတ်လမ်းတည်ရာအရပ်က မန္တလေးတက္ကသိုလ်...။

နောက်ခံကာလက ၁၉၈၀ ခုနှစ်ကာလများ...။

သည့်နောက်တော့ ...။ ဓာတ်လမ်းသည် မဆုံးနိုင်သေး။ ဘူငယ်ချင်းတွေ အားလုံး ဆန်ကွဲကြဲ ကြဲကုန်ကြသည်။ ဘဝအတွေ့တွေမှာ ကျရာအခန်းက သရုပ် ဆောင်နေကြပြီ။ သည်ဓာတ်လမ်းမှာ အဓိကသရုပ်ဆောင်တွေက မေနဲ့အောင်လား။ အဲသလိုပြောဖို့တော့လည်း ခက်သည်။ ဓာတ်ပေါင်းခန်းမရိုက်ကူးရသေးသော ရုပ်ရှင် ကားတစ်ကားလိုသာ ဖြစ်နေခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမ…ချိန်းထားတဲ့ညသည် ရောက်နေပါပြီ"

"လာခဲ့မယ်…Juice နဲ့ ညှော်ခံထားလိုက်ပါ"

ကျွန်မ ကိုယ်ကို အားပါပါ မတ်မတ်ရပ်လိုက်ရင်းက မှန်ထဲကို တစ်ချက် လှမ်းကြည့်လိုက်သည်။ နက်ပြာရောင် ဝတ်စုံ။ အဖြူပေါ် အနက်သောလုံးဖြောက် ကလေးတွေပါသော ရှန်စ လည်စီးပဝါ…။ ဆံပင်ကို ရိုးရိုးပဲ ကလစ်နှင့်တွယ်ကာ ကပိုကရိုကျနေသော နဖူးပေါ်မှ ဆံယဉ်စကလေးတွေကို လက်ဖြင့် သပ်တင်လိုက်သည်။ ရိုးရိုးကလေးနှင့် ခေတ်မီနေသော အပြင်အဆင်မျိုးကို ကျွန်မနှစ်သက်ပါသည်။ ခပ်မှိုင်းမှိုင်းအရောင်တွေကို ကျွန်မကြိုက်သည်။ သည်အရောင်တွေက ကျွန်မရုပ်ရည်ကို ငြိမ်သွားစေသည် ထင်သည်။ စိန်ဆွဲသီးကလေးက နက်ပြာရောင် အင်္ကျီပေါ်မှာ တောက်ပနေလိမ့်မည်။ အောင်နှင့် ပထမဆုံးပြန်တွေ့သည့်အချိန်မှာ အနှစ် နှစ်ဆယ်က သီရိမေ မဟုတ်နိုင်တော့သည့်တိုင် ကျက်သရေရှိသော သီရိမေ အဖြစ်နှင့် မြင်တွေ့စေချင်ပါသေး၏။ ကျွန်မ အပေါ်ထပ်က ဆင်းလာခဲ့သည်။ မဆင်းရခင်က မောနှင့်ပြီ။

လှေကားထစ်ကလေးတွေကို စိတ်က ရေတွက်ရင်း ဖွဖွကလေးနင်း ဆင်းလာခဲ့သည်။ အတွင်းခန်းမ၀ကျယ်ကြီးကို ဖြတ်ကာ လေအေးပေးထားသော ရုံးခန်းကျယ်ကြီးကို ကျွန်မလှမ်းကြည့်လိုက်သည်။ အဖြူရောင်ခန်းဆီးစက အိတွဲ ငြိမ်သက်လျက်။ တစ်သက်မျှော်လင့်မထားတော့ပြီဖြစ်သော ရှင်ကွဲကွဲရသူနှင့် မျက်နှာ ချင်းဆိုင်ရမှာပင် စိတ်တွေ လေးနေခဲ့ရပါ၏။ အနှစ်နှစ်ဆယ် ဆေးခဲ့ရသော်လည်း တွေ့ရမည်ဆိုတော့ တစ်လှမ်းစာ နှစ်လှမ်းစာမှာ ရှိနေပြန်ပါပကော…။ ခန်းဆီးစကို အသာလှပ်လိုက်သည်။

"မေ…"

'နိုင်သူပြုံးပါလို့
ရှုံးသူကိုခေါ်မယ် ထူးပေရော့
ချစ်ဦးကြင်သူရေတဲ့
ထူးပါလေ ခေါ်ပြီ့ ကြားပါစဆိုတော့
ရှက်ပါးမေ့မှာနီလို့
ဉာဏ်တစ်ချို့ အမိဖမ်းပုံက
စိတ်ချမ်းကုန် ဘဝင်နှင့်
ရှင်…ရှင် ဆိုနိုင်ခက်လှချည်
ပြုံးရှက်နိုင်လွန်း…'



ကျွန်မရင်ထဲမှာ ကောလိပ်ကျောင်းသူဘဝကတည်းက ရထားခဲ့သည့် ကဗျာတွေ ခုန်ပျံနေတော့သည်။ အောင်က ရုံးသုံး လယ်သာဆုံလည်ကုလားထိုင် တစ်လုံးပေါ်မှာ ထိုင်လျက်က ကျွန်မကိုခေါ်လိုက်ခြင်းဖြစ်၏။ အသံကကော လွန်ခဲ့ သော အနှစ် နှစ်ဆယ်က အသံမျိုးပဲလား။ ကျွန်မပါးတွေ ရှက်သွေးဖြင့် နီနေ လောက်သည်။

"အောင့်ကို မေက စခေါ်ချင်ခဲ့တာပါအောင်…မေက အိမ်ရှင်ဆိုတော့ သည်အခွင့်အရေး ရမယ်ထင်ခဲ့တာ…အောင်က ဦးသွားခဲ့ပြီပဲ"

ကျွန်မက သံမဏိစားပွဲကြီးကို ပတ်လျှောက်ရင်း ကျွန်မထိုင်နေကျ ကုလားထိုင်မှာ ထိုင်လိုက်သည်။ အောင်နှင့် မျက်နှာချင်းဆိုင်။ အောင့်အသားတွေ ပိုတောင်ဖြူလာသည်ထင်ရ၏။ ဆံပင်ကတော့ အုပ်လုံးကောင်းလာကာ တိတိရိရိ ညှပ်ထားသဖြင့် ကြည့်ရတာ လိုက်ဖက်သည်။ သူ၏ ရိုးသားခြင်းကတော့ အနှစ် နှစ်ဆယ်ကအတိုင်းပင် မျက်နှာပေါ်မှာ ထင်ဟပ်လျက်ရှိပါ၏။ သူ့လက်တွေက စားပွဲပေါ်က အအေးခွက်ကို လှည့်နေခဲ့၏။ ကျွန်မ သတိထားမိတာက ကျွန်မကို မိုးကြည့်နေသော မျက်လုံးများကိုဖြစ်၏။

ကျွန်မပင် မသိလိုက်ရဘဲ ကျလာခဲ့သော မျက်ရည်တွေကို ကျွန်မစီးဆင်းခွင့် ပေးထားမိတော့သည်။ အောင်က ကျွန်မကို မကြည့်တော့ဘဲ စားပွဲပေါ်က နှင်းဆီပွင့်တွေကို ကြည့်နေခဲ့၏။

"ဒီတာတော့ မေက ဦးပါတယ်မေ…တကယ်ဆို အောင်က စငိုဖို့ ကောင်းတာပါ…မေ့ကို အံ့သြစေချင်လို့ ကြိုမပြောတာပါမေ…အောင် မနေ့က ရမည်းသင်းကို ဝင်တယ်…သည်နေ့ မန္တလေးကို တန်းလာ ခဲ့တာ…မေ့လိပ်စာ အောင် ရထားတယ်လေ"

အောင့်အသံက ပုံမှန်ပင်။ တစ်လုံးချင်းပြောနေသည်။ အလွတ်ကျက်ထား တာနှင့်ပင်တူသည်။ ကျွန်မက လက်ကိုင်ပဝါကလေးကို ယူကာ မျက်ရည်တွေကို တို့လိုက်သည်။ အောင့်ကို ကျွန်မ ရယ်ရယ်မောမော ကြိုရမှာလား။ ဝမ်းနည်းကြေကွဲ ကြိုရမှာလား။

"မေ"

"အောင်"

"မေ ဝမ်းသာရဲ့လား…"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာတာပေါ့အောင်...အောင်က တမလွန်က နိုးလာတဲ့လူ တစ်ယောက်လို ဖြစ်နေတော့ မြင်မြင်ချင်း အံ့သြမိတာကလွဲလို့ မပျော် ပါတယ်"

ကျွန်မစကားကြောင့် အောင်က ရယ်သည်။ သူ့ရယ်သံနှင့် အမူအရာ ကတော့ အရင်လိုပါပဲ။ ဘာစကားမျှမပြောဘဲ ကျွန်မကို ပြုံးကြည့်နေလေ၏။ အခန်းထဲကို ပန်းသီးနှင့် ကိတ်မုန့်တွေ ရောက်လာသည်။ ပြီးတော့ ကော်ဖီ...။

"ခိုးနတ်တော့ မရှိဘူးအောင်ရေ...မေတို့တိုင်းပြည်က မုန့်ပျားသလက်နဲ့ ကရေကရာပဲရှိတာ"

ကျွန်မက နောက်တော့ အောင်က ရယ်ပါသည်။ အောင့်ကိုမြင်ရတော့ လည်း ကျောင်းတုန်းက သူငယ်ချင်းအဖြစ် ပြန်မြင်ယောင်မိပါ၏။ မိန်းကလေးတွေ ဝိုင်းနေခဲ့သော်လည်း အောင်က မထုံတစ်ထုံ။ စာကို ဖိဖိစီးစီး ကြိုးစားသည်မထင်ရ သော်လည်း စာတော်နေပြန်သည်။ သည်ကြားထဲက ကဗျာတွေ စာတွေ သူ့နှုတ်က ထွက်လာတာကလည်း အံ့သြစရာပင်။ အောင့်ကို တွေ့ရတော့ ကျွန်မမှာ မေးခွန်းတွေ ရှိလာခဲ့ပါ၏။ တချို့မေးခွန်းတွေက ကျွန်မကိုယ်တိုင်ပင် မမေးဝံ့ရဲဘဲရှိသည်။

"မေတော့ အိပ်မက်မက်နေသလိုပါပဲ...အောင်က အဝေးကြီးက လာခဲ့ ရတော့ အောင့်ဘဝနောက်ကြောင်းတွေလည်း မမေးချင်သေးဘူးအောင်... ဇာတ်လမ်းတွေ ပြောပြပြီးရင် နောက်ထပ် အနှစ် နှစ်ဆယ် ပျောက်သွား ဦးမှာ စိုးတာလည်း ပါပါတယ်"

သည်တစ်ခါတော့ အောင်မရယ်တော့ပါ။ ကျွန်မကို စူးစူးကြီးကြည့်နေခဲ့ သည်။ သည်အကြည့်တွေကို ကျွန်မရင်မဆိုင်ရဲသလို ခေါင်းငုံ့ထားလိုက်မိပါ၏။

"မှိုင်းလုံးခြုံကြီးထဲမှာ အောင့်ငယ်ဘဝဇာတ်လမ်းတွေ မေ့ကိုပြောပြတာ တွေဟာ အဓိပ္ပာယ်ရှိပါတယ်မေ...အောင်က ကန့်သတ်မှုထဲမှာ ရှိနေ ရသူပါ...မေ့ကို စိတ်ဒုက္ခမပေးချင်ခဲ့တာလည်း ပါပါတယ်...အောင် ပွင့်ပွင့်လင်းလင်းပြောရမလား မေ..."

"ပြောပါ အောင်"

ကျွန်မရင်တွေ ထိတ်နေခဲ့သည်။ အောင်က တစ်သက်လုံးမြှုပ်ထားသော ဥစ္စာရတနာကို ကျွန်မရှေ့မှာပဲ တူးဖော်ပြတော့မလိုဆိုတော့ ကျွန်မ နားနာဝံ့ပါ့ မလား။



"ဆိုပါတော့...ကျောင်းတုန်းက မေ့ကို အောင် ချစ်ခွင့်တောင်းခဲ့ရင် မေ ဘယ်လိုအဖြေပေးမလဲ...အောင့်ကို မှန်တာဖြေပါမေ..."

ဘယ့်နှယ်ပါလိမ့်။ ကျောင်းတုန်းက မပြောဖြစ်ခဲ့သည့် ရည်းစားစကားကို အခုမှလာပြောနေတာလား။ သည်စကားက အမေရိကားက ရောက်ရောက်ချင်း ပြောရမယ့်စကားလား။ ကျွန်မကို အောင် ရိုးရိုးသားသားပြောနေမှန်းသိတော့လည်း စိတ်မဆိုးရက်ပါ။ အောင်က မေးနေပြီ။ ကျောင်းတုန်းက အောင်က ရည်းစား စကားပြောခဲ့ရင်တဲ့...။ ကျွန်မတွေလိုက်ရပါသည်။

"ကျောင်းတုန်းက သည်စကားမျိုးမပြောခဲ့ပါလား အောင်...မိန်းကလေး တစ်ယောက်ကို သည့်ထက် နိုင်ချင်လို့မကောင်းနိုင်ပါဘူး...အဲသည်တုန်း က ခံစားမှုတွေကို အောင် ဘာလို့သိချင်တာလဲ...အနှစ် နှစ်ဆယ်ကြီး များတောင် ခြားပြီးကာမှ သိရတော့ကော..."

"နိုး...နိုး...အောင်မေးတာ တစ်မျိုးပါ...အောင် အနိုင်ကျင့်တာ မဟုတ် ပါဘူး...မေ မဖြေရင် အောင်ကပဲ ဖြေမှာပါ။ မေနဲ့ခွဲခါနီးမှာ အောင့် ဘဝကို ပြောပြတာဟာ အောင့်ဘက်က ကန့်သတ်မှုတွေကို ပြောချင်တဲ့ သဘောပါ မေ...အောင်ကသာ ချစ်ခွင့်တောင်းခဲ့ရင် မေကလည်း ခွင့်ပြု ခဲ့ရင် မေ ရင်ကွဲကျန်ခဲ့လိမ့်မယ်...အောင်က ကိုယ်သွားရမယ့်လမ်းကို သိနေသူပါ...လိုက်ခဲ့မခေါ်နိုင်ဘဲနဲ့ အောင် အဖော်စပ်တာမျိုး လုပ်ရာ ကျတော့မယ်...အောင်ကိုယ်တိုင် အင်မတန်ကြေကွဲခဲ့ရပါတယ်မေ... ဒါအမှန်ပဲ"

ကျွန်မ သိသလိုလို ခံစားခဲ့ရသော အခြေအနေကို အောင်က ရောက် ရောက်ချင်း ပြောနေခဲ့ပြီ။ သူ့မှာ အချိန်တွေ များများမရှိနိုင်။ သူ ကနေ့ပြန်မှာလား၊ မနက်ဖြန်ပြန်မှာလား ကျွန်မ မသိရသေးသော်လည်း သူပြန်မှာတော့ သေချာပါသည်။ သည်တော့လည်း ဝေဒနာကြွေး ဆပ်ခွင့်ကြုံတုန်း ဆပ်ချင်ဟန်တူပါ၏။

"အောင် ဘယ်တော့ပြန်မှာလဲ...အောင့်ကို မေ့ စကားတွေပြောချင် တယ်...အနှစ် နှစ်ဆယ်စာဆိုတော့ အောင် သည်းခံပြီး နားထောင်ရ လိမ့်မယ်"

"အောင် မန္တလေးမှာ နှစ်ရက်လောက်နေမယ်...ဖေဖေရှိတဲ့ ရမည်းသင်း တောင် တစ်ရက်ပဲ နေခဲ့တာပါမေ...အဓိကကတော့ မန္တလေးကိုလာတာ မေ့ဆီကိုပါ..."

"အောင့် ဖေဖေက"

www.burmeseclassic.com

www.burmeseclassic.com



"ရမည်းသင်းကို ပြန်ရောက်နေတယ်မေ…ဖေဖေ့နောက်အိမ်ထောင်လည်း မရှိရှာတော့ပါဘူး…အချစ်ရဲ့ဆန်းကြယ်မှုတွေကို နားလည်လာတော့လည်း ဖေဖေ့ကို အောင်ခွင့်လွှတ်တတ်သွားတယ်…တချို့ကိစ္စတွေက ကံကြမ္မာက ဆုံးဖြတ်တာ မေရဲ့…"

ကျွန်မက အသံထွက်အောင် ရယ်လိုက်သည်။

"သည်လိုပါပဲ…တချို့လူတွေက ကံကြမ္မာကို ယိုးမယ်ဖွဲ့တတ်ကြတယ် အောင်…မေကတော့ ကံကြမ္မာကို သိပ်မယုံဘူး။ ထားပါတော့လေ…တို့သူငယ်ချင်းနှစ်ယောက် ကျောင်းတုန်းကလို စကားတွေပြောကြရအောင်"

အောင်က ဘာမှတော့ ခွန်းတုံ့မပြန်ပါ။ ကော်ဖီကိုသာ သောက်နေခဲ့သည်။ အနှစ် နှစ်ဆယ်ခြားပြီးကာမှ လိပ်ပြာတစ်ကောင်လို ရောက်လာခဲ့သူက ချစ်ခွင့်မပန်ခဲ့ရလေခြင်းဆိုတာကလည်း ကံကြမ္မာပဲလား။ ယာဂုအိုးကွဲခါမှ ရွှေစည်းခုံကို လှူပါ၏ဆိုသော အဖြစ်မျိုး။ အောင်ကတော့ ပြောပြီးသားစကားတွေ မျိုချလိုက်ပုံနှင့် မထင်သောစကားကို ဆိုပြန်သည်။

"မေ ပိုလှလာတယ်"

"တော်ပါတော့ကွယ်…အောင့်ကို မေ့လိပ်စာ ဘယ်သူပေးတာလဲ"

"ကမ္ဘာကြီးက ကျဉ်းပါတယ် မေရယ်…မေ့ရုံးရှေ့ ချွတ်ထားတဲ့ဖိနပ်ကို တောင် ကမ္ဘာ့တစ်နေရာက လှမ်းကြည့်လို့ရတဲ့ခေတ်ကို ရောက်နေပြီ မေရဲ့"

"ဒါနဲ့တောင် အောင်ရယ်…နှစ်ပေါင်းခုနစ်ရာ ဝေးရတာမျိုးပါလား"

"အောင်က အနှစ် နှစ်ဆယ်လုံးလုံး အိပ်ပျော်နေခဲ့တာပါမေ…ရွှေခွက်ချင်း ထိသံကြားမှ နိုးလာတာပါလေ…"

အောင့်အဖြေကို ကျွန်မ မကြိုက်လှသော်လည်း သူ့မှာလည်း အကြောင်း တွေ ရှိမှာပေါ့လို့ပဲ ဖြေလိုက်သည်။

"သူငယ်ချင်းတွေနဲ့လည်း အောင် တွေ့ချင်တယ်…သူတို့နဲ့မေ ဆုံဖြစ်လား"

"တချို့လည်းတွေ့ တချို့လည်း သတင်းကြားပေါ့အောင်…ဘဝတွေကတော့ အမျိုးမျိုးပေါ့…မေ တက္ကသိုလ်မှာ ဆရာမလုပ်လိုက်သေးတယ်…နောက်မှ အလုပ်ကထွက်ပြီး သနပ်ခါးစီးပွားရေးကို ဇောက်ချလုပ်



တယ်…အာရှမှာတော့ နာမည်ရပါတယ်…မန္တလေးကတော့ အခြေစိုက် လုပ်တာပေါ့…ပြောပြမယ်လေ တစ်ရက်…"

အောင်က တချို့အကြောင်းအရာတွေကို သိထားပုံရသည်။ မန္တလေးကို ရောက်ရောက်ချင်း ကျွန်မထံလာတာမတွေ့တော့ မြို့ထဲလျှောက်ကြည့်ဖြစ်ခဲ့သည် ဆို၏။ ဆိုင်တစ်ဆိုင်ကို ဝင်တော့ ကြေးမုံယဉ်နှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ရကြောင်း တွေ ပြောပြတော့ ကျွန်မပင် အံ့သြရသည်။ ကြေးမုံယဉ်က အောင့်ကို ချက်ချင်း မှတ်မိသည်ဆိုပါ၏။ ကြေးမုံယဉ်ဆိုသည့်နာမည်ကို ကြားတော့လည်း အောင့် အတွက် စကားများခဲ့ရတာကို ကျွန်မသတိရလိုက်သည်။ တစ်မြို့တည်းနေကြသူတွေ ဆိုပေမယ့် ကျွန်မနှင့် ကြေးမုံယဉ် အဆက်အသွယ်မရှိ။ အရွယ်တွေရ၊ ဘဝတွေ စခဲ့ကြပြီဆိုတော့လည်း အနေဝေးကြရစမြဲမဟုတ်လား။

"ကြေးမုံယဉ်က အိမ်ထောင်ကျပြီးတော့ အရမ်းဝသွားလိုက်တာ…မေ့ အကြောင်းတွေ ပြောပြပါတယ်…။ မိုးမြင့်ကောင်းကင် ဖောင်ဒေးရှင်း ထူထောင်ထားတဲ့အကြောင်း၊ ပရဟိတလုပ်ငန်းတွေမှာ ရက်ရက်ရောရော လှူနေတဲ့အကြောင်း၊ လွန်ခဲ့တဲ့ လေးငါးနှစ်က မေ လက်ထပ်တော့ မလိုလို ကြားတဲ့အကြောင်း စုံနေတာပဲ…"

အောင်က သူငယ်ချင်းတွေအကြောင်းမေးတော့ အောင်နားလည်ရုံ ဖျိုးဖျိုး ဖျပ်ဖျပ် ပြောပြရပါသေးသည်။ အောင်က မြန်မာပြည်မှာ နောက်ထပ်နှစ်ရက်ပဲ နေခွင့်ရမည်ဟုဆိုသည်။ ကျွန်မကတော့ အောင့်ဘက်ကသာ ရက်ရပါလျှင် သူငယ် ချင်းတွေဆီကိုပင်မက အောင် သွားချင်ရာ နေရာစုံအောင် လိုက်ပို့ပေးချင်ပါ၏။

"ခင်ခင်တော့ မန္တလေးမှာရှိတယ်…အောင် တွေ့သွားစေချင်တယ်… အောင့်ဘဝဇာတ်ကြောင်းတွေလည်း မေကြားချင်ပါသေးတယ်…"

"အားလုံးနဲ့ကို အောင်တွေ့ချင်တာပါ…အထူးသဖြင့် မေနဲ့တစ်ဝကြီး နေချင်တယ်…ပုဂံကိုလည်း သွားချင်တယ်"

"မေကတော့ ကလော မှိုင်းလုံးခြံကြီးကို အောင်နဲ့ထပ်ရောက်ချင်တယ်"

အောင်နှင့်ကျွန်မမှာ စကားတွေဆက်ဖို့ စကားစတွေပျောက်သလိုဖြစ်ရ တာကလည်း ထူးဆန်းပါသည်။ ရေမြောင်းပေါင်းထဲကရေက ထွက်ပေါက်မှာ အဆီးအဆို့တွေ ပိတ်နေသလို ဖြစ်ပါလိမ့်မည်။ အပိတ်အဆို့တွေကုန်လျှင်တော့ ဝေါခနဲ စီးထွက်လာမည်ထင်ပါ၏။ အောင်က လက်ပိုက်ထားရင်းက တစ်ခုတစ်ရာ တွေးနေပုံရသည်။ ကျွန်မကတော့ လွန်ခဲ့တဲ့ လေးငါးနှစ်က သိရှိမေတောင် လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



မလိုလို သတင်းကြားတယ်ဆိုသည့် ကြေးမုံယဉ်၏စကားကို စိတ်ရောက်နေခဲ့သည်။ မန္တလေးမှာဆိုတော့ သိုးသိုးသန့်သန့်ကြားတာလည်း ဖြစ်နိုင်သည်။ ကိုရဲနှင့်ကျွန်မအကြောင်း အောင့်ကိုပြောပြချင်နေမိတာကလည်း ထူးဆန်းလှပါ၏။ အလုပ်သဘောအရ ကိုရဲနှင့်ကျွန်မ အတူတွဲ အတူသွားရတာတွေ ရှိခဲ့သည်။ ကုမ္ပဏီ၏ စီးပွားရေးဆိုင်ရာလုပ်ငန်းတွေမှာ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအနေနှင့် ပြေးရလွှားရတာတွေ ရှိသည်။ ဒါရိုက်တာအဖွဲ့ဝင် ဆယ်ဦးရှိသည့်အနက် ကိုရဲတစ်ယောက်သာ လူငယ်ဆိုတော့ အစစအရာရာ သူ့ခြေသူ့လက် များသည်။ စက်ရုံကိုလည်း သူပဲ ပြေးရသည်။ ပတ်ကင်ဘူးဒီဇိုင်းကိစ္စ၊ စက်ရုံဝန်ထမ်းကိစ္စ၊ ရာထူးအတိုးအမြှင့် အပြောင်းအလဲကိစ္စ၊ ကုန်ကြမ်းဝယ် ကုန်ချောဖြန့်ကိစ္စတွေမှာလည်း ဒါရိုက်တာအဖွဲ့ဝင်များ၏ အဆုံးအဖြတ်ဖြင့် ကိုရဲပဲ ဆောင်ရွက်ရသည်။ နောက်ဆုံး ကိုရဲနှင့်ကျွန်မ သံယောဇဉ်တွယ်မိကြတော့လည်း အနေနီးသလို ဖြစ်ခဲ့ကြရသည်။

"မေ ဘာတွေတွေးနေတာလဲ"

အောင်က လှုပ်လိုက်တော့မှ ကျွန်မ နိုးသွားရပါ၏။

"သည်လိုပါပဲအောင်...တစ်သက်လုံး တွေးနေရတာနဲ့ပဲ ပြီးရသူလေ...လုပ်ငန်းအတွက် တွေးရတယ်...မိဘတွေအတွက် တွေးရတယ်...ဝန်ထမ်းတွေအတွက် တွေးရတယ်...ကိုယ့်အတွက် တွေးရတယ်..."

"ချစ်သူအတွက်ကော မတွေးခဲ့ဖူးလား...မေ အိမ်ထောင်ပြုဖို့ကောင်းပြီ"

အောင့်ကို ကျွန်မ တအံ့တသြ ကြည့်လိုက်မိသည်။ သူ့မျက်နှာကို အကဲခတ်တော့လည်း သူ့ထုံးစံအတိုင်း ရိုးရိုးသားသားပင်။ ကိုရဲကိုပြောတာလား၊ သူ့ကိုယ်သူပဲ ရည်ညွှန်းပြီး ပြောတာလား ကျွန်မ ဝေခွဲနေမိ၏။ ကြေးမုံယဉ်စကားကို ပြန်ကောက်တာလည်း ဖြစ်နိုင်သည်။

"တွေးခဲ့ရတာပေါ့အောင်...တဂိုးကဗျာတစ်ပုဒ်ရှိတယ်... 'ကမ္ဘာကြီးဟာ အလိုလောဘ ဆာလောင်မှုနဲ့ ဆူညံနေတယ်...အလိုလောဘတွေကို လက်နဲ့ ရက်ယယ်ပြီး ငြိမ်းချမ်းမှုနဲ့ ငါနမ်းခဲ့တယ်' တဲ့...မေ့ဘက်ကတော့ ငြိမ်းချမ်းမှုနဲ့ နမ်းခဲ့တာပါပဲ။ ဒါပေမဲ့ ဆူညံမှုတွေဟာ ငြိမ်သက်မသွားခဲ့ပါဘူးအောင်"

ပြောရင်းက ကျွန်မ မျက်ရည်တွေ ကျလာရပြန်သည်။ ကျွန်မ ဘာကြောင့် ဝမ်းနည်းနေမိရတာလဲ။ တဂိုးကဗျာတစ်ပုဒ်ကို ကျွန်မ ကိုးကားမိပြန်ပြီ။ အတွေ့ကြုံသော ယောကျာ်းတစ်ယောက်အတွက် မျက်ရည်ကျရတာကို ကျွန်မနမေ့ပြောသည်။



ကိုယ့်ကိုယ်ကိုယ် လုံခြုံမှု အရင်ရှာသည့်ယောကျာ်းတစ်ယောက်ထက် အောက်တန်းကျတာမရှိ။ ငြိမ်းချမ်းမှုနဲ့ နမ်းခဲ့မိခြင်းကိုပဲ ကျွန်မ ယူကျုံးမရ ဖြစ်ခဲ့ရပါ၏။

"မေ...ငိုနေသလား"

"ငိုနေတာမဟုတ်ပါဘူး အောင်...မျက်ရည်ကျတာပါ"

အောင်က အားရပါးရ ရယ်သည်။ ငိုသူရှေ့မှာ ရယ်ရသလား အောင်ရယ်...။

"ကျောင်းတုန်းက မေ မျက်ရည်ကျတာ တစ်ခါလားပဲ အောင်တွေ့ဖူးတယ်။ မှတ်မိသေးလား...အဲသည်တုန်းက အောင့်ကိုတောင် မခေါ်မပြောဘဲနေတာလေ...မိန်းမတွေကစိတ်ကြီးတယ်တဲ့။ စိတ်ကြီးတယ်ဆိုတဲ့စကားက ဘယ်လောက်လှသလဲမေ...မေစိတ်ကြီးတာ အောင်သိပါတယ်...မေငိုတာလည်း နောက်ထပ် မမြင်ခဲ့ရပါဘူး...ကလောက ပြန်ခါနီးတော့ မေနဲ့အောင် နှစ်ယောက်အတူငိုခဲ့ကြတာ မှတ်မိလား...တကယ်ဆိုရင် မေ့မျက်ရည်ကို အောင် သုတ်ပေးသင့်တယ်...ဒါပေမဲ့ မသုတ်ပေးခဲ့ရဘူး..."

မျက်ရည်တွေကြားကပဲ အောင့်ကို ရန်တွေ့လိုက်ရသေး၏။

"အောင့်ရှေ့မှာ မေ မျက်ရည်ကျရတာ တစ်ခါတည်းဆိုပေမယ့် အောင့်ကွယ်ရာမှာ မေ မျက်ရည်ကျခဲ့ရတာက ပင်လယ်နဲ့ခဲထားရင်တောင် ပင်လယ်နှုတ်ခမ်းက ဖိတ်ကျလောက်တယ်...ဒါကော အောင် သိရဲ့လား..."

"မေရယ်..."

အောင်က စားပွဲပေါ်မှာတင်ထားသော နှင်းဆီဝါကလေးတွေထဲက တစ်ရိုးတစ်ပွင့်ကို နှုတ်ယူလိုက်သည်။ ကျွန်မကို ကမ်းပေးပါ၏။ ကျွန်မက လှမ်းယူလိုက်သည်။ အောင်က ခပ်ပြုံးပြုံးမျက်နှာဖြင့်ပြောသည်။

"သည်အခန်းကတော့ ဆူညံမနေပါဘူးမေ...ငြိမ်းချမ်းမှုနဲ့ပဲ နှင်းဆီဝါကလေးကို နမ်းလိုက်ပါဦး"

ကျွန်မ မနမ်းဖြစ်ပါ။ စားပွဲပေါ် အလျားလိုက် တင်ထားလိုက်သည်။

"မထူးပါဘူးအောင်ရယ်...အောင်လည်း အတ္တကြီးတဲ့အထဲကယောကျာ်းတစ်ယောက်ပါပဲ...မေ့ကို အောင် နှုတ်ဆက်စကားကလေး တစ်ခွန်းတောင် ပြောခဲ့သူ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အောင်ပြောခဲ့သားပဲ…နှုတ်မဆက်ရဘူးလို့…လူတွေ ဘာဖြစ်လို့များ ခဏခဏ နှုတ်ဆက်နေကြတာလဲ မပြောတတ်ဘူး…ကလေးမဆန်ပါနဲ့တော့ကွာ…မေ့အသက်လေးဆယ်ကျော်ပါပြီ…အောင်လည်း လေးဆယ်ကျော်ပါပြီ… လူကြီးဆန်ကြရအောင်ပါ"

"အသက်အရွယ်ကြောင့် နှုတ်ကြီး လူကြီးမဆန်ချင်ပါဘူးအောင်ရယ်… လူကြီးဆန်တယ်ဆိုတာ ရင့်ကျက်ဟန်ဆောင်တာတစ်မျိုးပါ…မေကတော့ ခံစားမှုရှိတဲ့အတိုင်း ပြောတယ်…နေတယ်။ ငိုစရာရှိ ငိုမယ်… ရယ်စရာရှိ ရယ်မယ်"

အောင်က ရယ်ပြန်ပါသည်။ ပြောမရဆိုမရပါလားဆိုသည့်အဓိပ္ပာယ်ဖြင့် ရယ်ခြင်းထင်ပါရဲ့။ ကျွန်မကိုယ်တိုင်က ဉာဏ်သည်ကို ရန်တွေ့နေမိတာလား မသိတော့ပါ။ အောင့်ကိုတော့ အားမနာမိ။ အောင်ရယ်တာတွေ့တော့လည်း ကျွန်မ စိတ်ချမ်းသာရပါ၏။ ငယ်ငယ်က ရယ်ပုံအတိုင်းပင်။

"လောကမှာ ဘယ်အချိန်အမောဆုံးလဲ သိလား အောင်"

"မာရသွန်ပြေးပွဲ ပန်းဝင် ါနီး နေမှာပေါ့"

စားပွဲပေါ်တင်ထားသော နှင်းဆီရိုးရှည်ကို ကောက်ကာ အောင့်ကို လှမ်းပစ်လိုက်သည်။ အောင်က သူ့ရင်ဘတ်ကို လာမှန်သောပန်းပွင့်ကို ဖမ်းဆုတ်ရင်း ရယ်သည်။ ကျွန်မကို စိတ်ကလေး လျော့သွားအောင် စ,နေမှန်း ကျွန်မသိပါသည်။ ကျွန်မမျက်နှာကိုကြည့်ပြီး တစ်ရယ်တည်းရယ်နေတော့သည်။

"အလကားစ,တာပါမေရဲ့…မျှော်ရတာ အမောဆုံးပေါ့"

"သိလျက်နဲ့ကွာ…သည်တစ်ခါတော့ ပန်းအိုးနဲ့တောင် ပေါက်ချင်တယ်။ မှန်တာပေါ့…မျှော်ရတာ အမောဆုံးပဲအောင်…လူတွေဟာ မျှော်ရတာနဲ့ပဲ ဘဝတစ်ဝက် ကုန်နေကြရတာ သိပ်နမြောစရာကောင်းတာပဲ။ အထူးသဖြင့် မေတ္တာငတ်သူအဖို့ မေတ္တာကိုမျှော်ရတာ ပင်ပန်းလှပါတယ်…"

မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာနမှ လားရှိုးကောလိပ်ကို ကျွန်မ ပြောင်းရွှေ့ခဲ့ရသည့်နှစ်ကတော့ စာကလေးတစ်စောင် ရောက်လာခဲ့ပါ၏။ သည်စာက မန္တလေးတက္ကသိုလ်ကို ရောက်သွားခဲ့သည်။ လက်ထဲ စာရောက်တော့ စာကလေးပင် ဝါနေခဲ့ပြီ။ သည်စာက အောင်နှင့်ခွဲခွာပြီး နှစ်နှစ်လောက်ကြာမှ ပထမဆုံး ရရှိသော စာဖြစ်၏။



၁၈–၁၂–၁၉၈၈

"ချစ်သောမေ,

အောင် သည်စာကို ရေးနေတဲ့အချိန်မှာ ကြေကွဲဝမ်းနည်းစိတ်တွေ ဖိစီးနေတယ်ဆိုတာကိုသာ ယုံလိုက်ပါတော့… သည်စာကို မန္တလေး ပြန်မယ့်သူငယ်ချင်းနဲ့ ပေးလိုက်ရတယ်။ မေ မန္တလေးမှာလား၊ မြင်းခြံမှာလား မသိရတော့ ရောက်အောင်သာ ပို့ပေးပါလို့ တောင်းပန်ရတယ်။ မေ…သည်စာကို ဖတ်နေရတဲ့အချိန်မှာ အောင်ကိုယ့်တိုင်းပြည်ထဲမှာ မရှိတော့တဲ့အချိန် ဖြစ်ကောင်းဖြစ်နေမှာပါ…။

မေ…။

အောင် ဝုဏ်ထူးတန်းတက်ဖို့ မန္တလေးကိုလာခါနီး ရက်တွေမှာပဲ မေမေ့ရဲ့ ညီမအငယ်ဆုံး ဒေါ်လေးအငယ် စောနန်းကိုကလော်ခြံကြီးကို ရောက်လာတယ်…ပြောရရင် ဒေါ်လေးကို အောင်မမှတ်မိပါဘူး…ပြောလို့သာ သိရတာပါ။ ဒေါ်လေးဆိုတာမပြောနဲ့မေမေ့ကိုတောင် အောင်တွေ့ရင် မှတ်မိပါတော့မလား မပြောနိုင်အောင်ပါပဲ…။ ဒေါ်လေးက အမေရိကားကနေ အောင်နဲ့တွေ့ဖို့ သက်သက် ရောက်လာခဲ့သူပါ…ပြောရရင် မေမေက အောင့်ကို အခေါ်လွှတ်လိုက်တာပါပဲ… ဦးရီးတော် ဆုံးတာ မေမေကြားတော့ အောင့်ကို အထီးကျန်နေမှာစိုးတာလည်း ပါပါလိမ့်မယ်…မေမေကိုယ်တိုင်ကလည်း အောင့်ကို လွမ်းရှာမှာပေါ့လေ…အကြောင်းကြောင်းကြောင့်သာ မေမေပြန်မလာနိုင်တာကိုး…မေမေဟာ မေ့ကိစ္စမှာ ကြည်ကြည်ဖြူဖြူ သဘောတူလိုက်တယ် ဆိုပေမယ့် နှလုံးသားအရ နာကျည်းပုံတော့ရတယ်။ မေမေပြန်မလာချင်တာ ဒါတွေလည်း ပါပါတယ်။ သည်လိုဆိုတော့ အောင် စဉ်းစားရပြီပေါ့…မေမေက အောင် ခြောက်နှစ်သားအရွယ်က ထားခဲ့တာမဟုတ်လား…တွက်ကြည့်ရင် ဆယ့်ရှစ်နှစ်ရှိနေပြီ…။ မေ့ကို အောင်ပြောခဲ့ဖူးသလိုပါပဲ။ မေမေဟာ သွားစဉ်က စိတ်တစ်မျိုးနဲ့ သွားခဲ့တာပါ…အဘိုးကိုငဲ့လို့သာ လိုက်သွားရတာကိုး…ဘာပဲဖြစ်ဖြစ် အမေရိကားကို ပါသွားရာက အောင်တို့သားအဖနဲ့ အပြီးတိုင် ဝေးကွာသွားရှာတယ်။ ဦးရီးတော်ကို စိတ်ချလို့ ထားခဲ့တာပေမယ့် စိတ်မချမ်းသာရှာတာလည်း အမှန်ပါပဲ…အောင်က

www.burmeseclassic.com

www.burmeseclassic.com



တော့ မမေ့ဝေဒနာတွေကို သိရလေ သနားလေပါပဲ…မေမေ့ကိုလည်း မေ့တွာမပျက်ခဲ့ပါဘူး…မိဘမဲ့ဖဘေး ကလေးတစ်ယောက်ရဲ့ အရိပ်မဲ့မှု နှလုံးသားမဲ့မှုဟာ အလွန်ပူပြင်းပါတယ်။ အောင် အမြတ်တမ်းအားငယ်ခဲ့ရ တယ်…သူငယ်ချင်းတွေအားလုံး သတိထားမိကြမှာပဲ…သို့ဝှက်ထား တာမဟုတ်ပေမယ့် အောင့်ဘဝ အောင့်ခံစားချက်တွေကို အမြဲတမ်း သိမ်းဆည်းထားခဲ့တယ်။ လူတွေဟာ အောင့်ကို နားလည်ရ ခက်နေကြ မှန်း အသိရခက်မှန်း အောင်သိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မေ့ကိုတော့ အောင် ဖွင့်ပြောမိခဲ့တယ်။ အောင့်ဘဝမှာ အနီးဆုံး သံယောဇဉ်ဆိုလို့ မမေရယ်၊ ဦးရီးတော် စဝ်ကြာဖူးရယ်၊ ဦးရီးတော်ရဲ့ ဇနီး ရီးဆောဦးရယ်၊ အောင် ချစ်ခင်ရတဲ့ မေရယ်ပဲ ရှိခဲ့တာပါ…သူငယ်ချင်းတွေထဲမှာ မေ့ကို အထူးသဖြင့် ခင်မင်မိတယ်…ယုံကြည်မိတယ်…။ အောင့်ကို စာနာပေးနိုင်သူလို့ နားလည်ခဲ့တယ်…။

မေရယ်…။

ဒေါ်လေးပြောပြတဲ့ မေမေ့အကြောင်းတွေကတော့ ထောင့် တစ်ည ပုံပြင်တွေလိုပဲ…မေမေ့ခံစားမှုတွေ ကြားရတော့ အောင့်နှလုံး သားတွေများ မီးအုံးသလို တငွေ့ငွေ့လောင်ကျွမ်းရတယ်။ သည် အကြောင်းတွေကိုလည်း အောင့်အကြောင်း နောက်ဆက်တွဲအဖြစ် မေ့ကို အောင်ပြောချင်ပါသေးတယ်။ အောင် ကိုယ့်တိုင်းပြည်ကို မသွား ခင်ကပဲ လွမ်းခဲ့ရသူပါ…။ ကိုယ့်တိုင်းပြည်ထက် မြတ်နိုးစရာကောင်း တဲ့နေရာ ဘယ်မှာမှ မရှိပါဘူး…။

ဘာပဲဖြစ်ဖြစ် အောင့်အတွက်တော့ အမေဟာ အမိဗွာယ်ရှိရ သူပါ၊ ချစ်ခင်တွယ်တာရသူပါ…။ မိခင်တစ်ယောက်ရဲ့ မေတ္တာနဲ့ အေးမြခြင်းကို ဆာလောင်နေရသူအဖို့ မမေ့ရင်ငွေ့ကို လှုံချင်မိခဲ့တယ်။ အမေရိကားကို အောင် လိုက်သွားဖို့ ချက်ချင်းပဲဆုံးဖြတ်လိုက်တယ်။ မေမေ့ကို ခဏပဲတွေ့ရတွေ့ရ အောင် တွေ့ချင်ပါရဲ့မေရယ်…။

မေ့ကို အောင် လူကိုယ်တိုင်လာပြီး တွေ့ဖို့ကောင်းမှန်း လည်း သိပါရဲ့…ဒါပေမဲ့ ဆန္ဒကို အောင် ချုပ်နှိမ်လိုက်ရပါတယ်။ မေနဲ့တွေ့ရင် စိတ်မကောင်းဖြစ်ကြရုံကလွဲလို့ ဘာထူးမှာလဲပေါ့…မေ နားလည်နိုင်မယ်ထင်ပါတယ်။ တစ်ရက် ကိုယ့်တိုင်းပြည်ကို ပြန်ရောက်



ပြီဆိုတာနဲ့ တက္ကသိုလ်ဆီရှာမကလေးကို အောင် လာတွေ့မှာကိုတော့ ယုံပါ…။

မေ့ကို အောင် ပြောစရာစကားတွေရှိတယ်။ မေနဲ့အောင် စကားတွေ တစ်သက်လုံးပြောကြရလိမ့်မယ်လို့ပဲ အောင် ယုံနေ မိတာပါပဲ…။ မေ့အတွက် ကဗျာတစ်ပုဒ် ထားရစ်ခဲ့ပါတယ်။

'သည်အခါမှာ
*ကြာနုတ်အပြုံး ဖြူနုလုံးနှင့်*
*မရုံးမပယ် ငို့တရယ်လျှင်*
*စင်ကြယ်ခွင့်လွှတ် ချစ်သက်မွှတ်ကို*
*ကြည်သွတ်ချပန် သခင်ပန်က*
*ပြန်လည်လိုလိုက် ချစ်သူမိုက်ကို*
*ထွေးပိုက်ပါယူ အို လွမ်းသူရယ်…'*

ကြည်အေးရဲ့ ကဗျာကလေးထဲကလိုပါ မေရယ်… အောင့် ကို နားလည်ခွင့်လွှတ်စိတ်နဲ့ ထွေးပိုက်စေချင်ပါတယ်။ စင်ကြယ်သော ခွင့်လွှတ်ခြင်းနဲ့သာ ဆောင့်ပါမေ…။

လွမ်းတလျက်

အောင်"

သည်စာကလေးကို နှစ်နဲ့ချီ နောက်ကျကာ ကျွန်မဖတ်ရသည့်အချိန်မှာ တော့ အောင်တစ်ယောက် ကျွန်မနှင့်ဝေးလွန်းသောအရပ်ကို ရောက်သွားလောက်ပြီ။ တက္ကသိုလ်ဂုဏ်ထူးတန်းတက်ခဲ့ရသည့် အထီးကျန်နေ့ရက်တွေကို ကျွန်မသတိရ မိပါ၏။ ထိုရက်တွေက အောင် ပေါ်လာခဲ့နိုးနိုး မျှော်ခဲ့ရသည်။ သူငယ်ချင်းတွေထဲမှာ ဂုဏ်ထူးတန်းတက်ခွင့်ရသူက ကျွန်မနှင့် အောင်ပဲဆိုတော့ အောင့်ကိုသာ မျှော်မိခဲ့ ရသည်။ မန္တလေးတက္ကသိုလ်၏ လွမ်းမောခဲ့ရသော နေ့ရက်များပင်။

"အောင်ရယ်…ရာမမင်းလည်း ရှိပါရဲ့…တောအုပ်လည်း ရှိပါရဲ့… သီတာဒေဝီပဲ မရှိတာပါဆိုတဲ့စကားကိုတောင် သတိရမိတယ်…။ ကျောင်းတော်ကြီးလည်း ရှိပါရဲ့…မေလည်း ရှိပါရဲ့…အောင် ဘယ် ရောက်နေပါလိမ့်"

ထိုရက်တွေက ကျွန်မဒိုင်ယာရီထဲမှာ ရေးဖြစ်ခဲ့သည့် စာကြောင်းတွေပင် အမှတ်ရနေသည်။ အထီးကျန်နေ့ရက်တွေမှာ အောင်နှင့်ကျွန်မ အတူတိုင်ခဲ့ကြသည့်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆောင်ရှေ့ သစ်ပင်အုပ်အုပ်တွေ၊ ရေနီမြောင်းဘေး အကြော်ဆိုင်၊ ရာဇဝင်ခန်းမ၊ စာကြည့်တိုက်၊ လှေကားထစ်များ နေရာအားလုံးကို ကျွန်မရောက်ခဲ့သော်လည်း ကျွန်မဘေးမှာ အောင်မပါတော့။ ကျွန်မ သတိအရဆုံးကတော့ နှစ်လည်မဂ္ဂဇင်းတွေက စာမူတောင်းခံချိန်ဖြစ်သည်။ အောင်သာရှိလျှင် ကဗျာတစ်ပုဒ် စာတစ်ပုဒ် ရေးဖြစ်မှာ သေချာသည်။ စာမူမပို့ခင် ကျွန်မကိုပြမည်။ ကျွန်မကလည်း ကျွန်မရေးသည့်စာမူကို အောင့်ကို ဖတ်ခိုင်းမည်။

ထိုနှစ်က ကျွန်မရေးခဲ့သည် 'နွေဦး၏ပန်းပွင့်များ' အက်ဆေးတစ်ပုဒ် ရွေးချယ်ခံခဲ့ရသည်။ သည်တုန်းကလည်း အောင့်ကို ဖတ်စေချင်ခဲ့သည်။ နွေဦး၌ ပွင့်ကြသော ပန်း၊ပွင့်ကလေးတွေအကြောင်းရေးရင်း ကျွန်မ၏စိတ်ခံစားမှုကိုပါ ထည့်ရေးခဲ့ခြင်းဖြစ်သည်။ မဂ္ဂဇင်းကော်မတီကပင် ကျွန်မကို စာတွေဆက်ရေးဖို့ အားပေးခဲ့ကြတာကိုလည်း မှတ်မိပါ၏။ အောင်ဖတ်မိရင် ဘယ်လိုခံစားလေမလဲ တွေးခဲ့ရသေး၏။

အခုတော့လည်း ထိုနှစ်ကာလတွေ ကျွန်ရစ်ခဲ့ပါပြီ။ ပြီးသွားခဲ့ပါပြီ။ ဂုဏ်ထူးတန်းပြီးသွားသည်အထိ အောင် ပေါ်မလာခဲ့။ အခုတော့လည်း ကျွန်မရှေ့မှာ အောင်ရှိနေပြန်ပြီ။ ကျွန်မ မမျှော်တော့သည့်အချိန်ကျမှ ပေါ်လာသောအောင့်ကို ကျွန်မ နားမလည်နိုင်။ လမိုက်ရက်တွေထဲမှာ အချိန်အခါမဟုတ် သာလိုက်သည့် လမင်းပါလား။

"အောင့်ကို မေ ညစာကျွေးမယ်…မန္တလေးမှာလည်း ဥရောပစာ ရတယ်…တခြား ဘာရှိသေးသလဲ…သွားစရာကိုမေးတာ…"

"မရှိပါဘူး"

နှစ်ပေါင်းနှစ်ဆယ်လုံးလုံး ဥရောပစာနှင့် ပြီးခဲ့ရသူအတွက် ဥရောပစာပဲ တင်းတိမ်လိမ့်မည် ထင်ပါသည်။ အောင်က မြန်မာအစားအစာပဲ စားချင်သည်ဟု ဆိုပါ၏။ မြန်မာထမင်းဟင်း ပူပူနွေးနွေးရနိုင်သည့်ဆိုင်ကို စဉ်းစားရသည်။ အောင်က ငါးမြင်းဝမ်းပျဉ်းသားချက် စားချင်သည်ဆိုလို့ အံ့ဩရသည်။ ကျောင်းတုန်းက အပြင်မှာ ထမင်းစားကြလျှင် ကျွန်မတို့အားလုံး ငါးမြင်းဟင်းချက်ကို အစားများကြသည်။ ဘာအတွက်ကြောင့်မှန်းတော့မသိ။

"ဒေါ်တင်မေ့ဆိုင်တို့ မေ့နှင်းစကားတို့ကိုကော မှတ်မိသေးရဲ့လား အောင်…ကိုပြာလောင့်ကိုကော အမှတ်ရသေးလား…"

အောင်က ခေါင်းညိတ်သည်။ မှတ်မိသည်ဆိုတော့လည်း အနှစ် နှစ်ဆယ်ဆိုတာ မနေ့တစ်နေ့ကလို နီးလွန်းလှချည်လား။ ကျွန်မတို့နှစ်ယောက် အခန်း



ထဲကအထွက်မှာ အောင်က နှင်းဆီဝါကလေးတစ်ပွင့်ချိုးကာ ကျွန်မကိုပေးသည်။ ကျွန်မကလည်း ပန်လိုက်သည်။ ပန်းမပန်တတ်သောကျွန်မအဖို့ နှင်းဆီဝါကလေး တစ်ပွင့် ပန်လိုက်ရတာကိုပင် လေးလံနေသည်ထင်၏။

"အောင်…အမေရိကန် စာရေးဆရာ အီးရစ်ဆီးဂဲလ်ရဲ့ 'The Class' ကို ဖတ်ဖူးသလား…မေကတော့ ဆရာမြသန်းတင့် ဘာသာပြန်တာ ဖတ်ရလို့ သိပ်ကြိုက်မိတယ်…'လွမ်းမောခဲ့ရသော တက္ကသိုလ်နွေညများ' တဲ့"

ကားမောင်းရင်းက ပြောလိုက်တော့ အောင်က သူဖတ်ဖြစ်သော စာအုပ်တွေအကြောင်း မနားတမ်းပြောပါတော့သည်။ နိုင်ငံတကာစာအုပ်တွေ ဖတ်ဖြစ်တာလည်း ပါသည်။ တချို့ကဗျာတွေကို အင်္ဂလိပ်လို ရွတ်ပြသည်။ အောင့်အသံထွက်က တကယ့်အမေရိကန်တစ်ယောက်နှင့်ပင် တူပါ၏။

"အောင်တို့ဆီမှာ မြန်မာစာအုပ်တွေ ဝေးတယ်…စာအုပ်ကို ကိုင်ဖတ်ရတဲ့အရသာ…မြန်မာစာလုံးတွေကို မြင်ရတဲ့အရသာကို အောင် သဘောကျတယ်…နောက် အောင်ဖတ်ချင်တာ မြန်မာဂန္ထဝင်ဝတ္ထုကြီးတွေ ဖတ်ချင်တယ်…ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ရဲ့ ကဗျာပေါင်းချုပ်တွေလည်း လိုချင်တယ်"

အောင့်အသံက လွတ်လပ်ပေါ့ပါးနေသလိုပင်။ အောင်က ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်ကဗျာတွေ ပြောလာတော့ ကျွန်မကလည်း ကဗျာတစ်ပုဒ် ရွတ်ပြဖို့ စဉ်းစားခဲ့သည်။ ကျွန်မတို့ လာစားဖြစ်သည့်ဆိုင်က ဧရာဝတီမြစ်ကမ်းဘေးမှာရှိပါသည်။ ဧရာဝတီမြစ်နှင့် ဧရာဝတီခံစားမှုကို အောင်ရစေချင်လို့ဖြစ်သည်။ သည်ဆိုင်ကို ကျွန်မ၏ကုမ္ပဏီဝန်ထမ်းများနှင့်အတူ ကျွန်မ ပထမဆုံး ရောက်ဖူးခဲ့သည်။ သည့်နောက်တော့ ကိုရဲနှင့် မကြာခဏ လာစားဖြစ်သည်။ ကိုရဲနှင့်ကျွန်မ ထိုင်နေကျ တရုတ်စကားပင်အောက်က ခုံမှာ လူတွေရှိနေသည်။ ဧရာဝတီမြစ်ထဲက သင်္ဘောမီးရောင် လှေမီးရောင်တွေကို လှမ်းမြင်နေရသည်။ တချို့လှေကလေးတွေမှာတော့ မီးရောင်မလင်းတလင်း။ စားသောက်ဆိုင်က ဖြာကျနေသော မီးရောင်တွေက မြစ်ကမ်းပါးအနိမ့်မှာ ဆိုက်ထားသည့် မော်တော်တွေ စက်လှေတွေအပေါ် ကျနေသည်။ မြစ်ရေကတော့ မည်းနက်နေပါ၏။ စားစရာတွေ မှာပြီး စကားပြောဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အောင့်ကို သည်နေရာ တမင်ခေါ်လာတာအောင်ရဲ့…နည်းနည်းလေးတော့ နောက်ကျသွားတယ်…မေတို့ သည်မှာစားနေကျ…နေဝင်ချိန်ဆိုရင် သိပ်လှတာပဲ…ရောဝတီဟာ မေတို့တိုင်းပြည်ရဲ့ မိခင်ကြီးလေ…။ နိုင်ငံရဲ့အလယ်က ထက်ခြမ်းခွဲပြီး စီးဆင်းလာတာ မတူးဆန်းဘူးလား…ကျောသားရင်သား မခွဲဘူးဆိုတဲ့အဓိပ္ပာယ်၊ မတိမ်းမစောင်းဘူးဆိုတဲ့အဓိပ္ပာယ်လို့ မေ ခံစားရတယ်။ မေတို့ကုမ္ပဏီက သနပ်ခါးမိတ်ကပ်တွေ အာရှဈေးကွက် တင်ပေးနေတဲ့ ဗီယက်နမ် အမျိုးသားတစ်ယောက်ဆိုရင် သည်ဆိုင်ကိုပဲ ကျွန်တော့်ကိုခေါ်ပါလို့ ပြောတယ်…။ သူကမေ့ကို ရောဝတီမြစ်ကြီးရှိတဲ့တိုင်းပြည်ကမို့ ပိုခင်မိတာပါတဲ့ အောင်ရေ…"

အောင်က ပခုံးတွန့်သည်။ ကျွန်မရှေ့က ခွက်ထဲကို ကိုကာကိုလာဘူး မှောက်ထည့်ပေးသည်။

"အဲဒါ ရည်းစားစကားကို ယဉ်ယဉ်ကျေးကျေးပြောတာ မေရဲ့…အူပုံအူပါးနဲ့"

"ရည်းစားစကားကို ယဉ်ယဉ်ကျေးကျေးပြောတာဆိုရင်လည်း ကောင်းတာပေါ့ အောင်ရဲ့…မိန်းကလေးဆိုတာ ရည်းစားစကား အပြောခံရတဲ့ဂုဏ်ကိုက နည်းတာမှမဟုတ်တာ"

အောင်က ဘာမှမပြောတော့ဘဲ ရောဝတီမြစ်ဘက်ကို လှည့်ငေးသည်။ စားသောက်ဆိုင်ကလေးက သန့်ရှင်းလှပါသည်။ စားပွဲချင်း ခြားသည့်အတွက် လွတ်လပ်သည်။ မီးရောင်ကို များများပေးမထားသည့်အတွက် ကြောင်စူးနေတာမျိုးလည်း မရှိ။ အောင်က ကျွန်မကို ခွင့်တောင်းကာ ဘီယာ မှာသောက်သည်။ အမေရိကန်တွေက ဘီယာကို ရေလိုသောက်ကြတာ ကျွန်မကြားဖူးပါ၏။

မြစ်လေက အေးပြီး လတ်ဆတ်နေသည်။

"မေက ဆရာဇော်ဂျီရဲ့ကဗျာတစ်ပုဒ် ရွတ်ပြချင်နေတာ အောင်ရဲ့"

ဆရာဇော်ဂျီ၏ 'သင်သေသွားသော်' ကဗျာကို ကျွန်မရွတ်ပြတော့ အောင်က သေသေချာချာ နားစိုက်ထောင်နေသည်။ အောက်ဘက်က လှေကလေးတွေကို ကြည့်ရင်း ကဗျာကို တစ်လုံးချင်း ကျွန်မရွတ်သည်။ ကျွန်မနှစ်သက်သော ကဗျာဆိုတော့ အထစ်အငေါ့မရှိ။



'သြော်…လူ့ပြည်လောက၊ လူ့ဘဝကား
အိုရ နာရ သေရဦးမည်
မှန်ပေသည်တည့်။
သို့ပြီးတကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျွန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ
စေတီသာနှင့်၊ သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်လျက် ဝင်းလျက် ကျန်စေသတည်း…'

မြစ်လေကြောင့် တရုတ်စကားပင်က အပွင့်တစ်ပွင့် ကျွန်မတို့စားပွဲပေါ် ကြွေကျလာပါ၏။ ပန်းပွင့်ဖြူကလေးက ကျွန်မ ကဗျာအရွတ်ကောင်းလို့ ကြွေကျလာပုံရပါ၏။ အောင်ကတော့ ငြိမ်သက်လျက်။ အစားအသောက်တွေ တစ်ပွဲပြီးတစ်ပွဲ ရောက်လာသည်။ မြန်မာထမင်းဟင်းဆိုသော်လည်း တရုတ်စာအချို့လည်း ပါပါ၏။

"အောင်…စားကြစို့…သိပ်မိုးချုပ်သွားလိမ့်မယ်"

အောင်က ဖွန်းနှင့်ခက်ရင်းကိုကိုင်ရင်း ကျွန်မကို ငေးနေပါသည်။

"သိပ်ကောင်းတဲ့ကဗျာပါပဲ…ဆရာဇော်ဂျီကဗျာဆိုတော့ သည်လိုချီးမွမ်းရတာ တစ်မျိုးဖြစ်နေမလား မပြောတတ်ဘူး။ သည်ကဗျာကို မေရွတ်လိုက်တာကို အောင် သဘောပေါက်ပါတယ်…ဟိုး လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက လောကနန္ဒာဘုရားပေါ်မှာ ဟောသည်ရောဝတီမြစ်ကြီးကိုပဲ တိုင်တည်ပြီး အောင်ရွတ်ခဲ့တာပါပဲလေ…အောင် ဘယ်မေ့နိုင်ပါ့မလဲ"

ကျွန်မကို အငေးမပျက်ဘဲ စိတ်မချမ်းမသာ ပြောနေသောအောင့်ကို ကြည့်ကာ ကျွန်မဝမ်းနည်းရပါ၏။ အောင်ပြောလိုက်သလိုပင် ကဗျာကို ကျွန်မ မထင်မှတ်ဘဲ ရွတ်လိုက်တာတော့ မဟုတ်ပါ။ ဘာပဲဖြစ်ဖြစ် တစ်နိုင်ငံသားဖြစ်နေရသူ ညီ့သည်ကို အိမ်ရှင်က ဇော်ကားတာမျိုး ဖြစ်သွားမှာတော့ ကျွန်မစိုးရိမ်သည်။ ကျွန်မက ဟင်းတွေစုံအောင် အောင့်ပန်းကန်ထဲ ပုံပေးသည်။ အောင်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပန်းကန်ထဲ ပုံပေးသည်။ ပြီးတော့ ခွန်းချင်း ချွမ်းခဲ့မြည်အောင် ရိုက်ကာစားကြသည်။ ကျောင်းတုန်းက သူငယ်ချင်းဘဝမှာ ကျွန်မတို့လုပ်ခဲ့ကြပုံမျိုး။

ကျွန်မကတော့ တို့ကနန်း ဆိတ်ကနန်းလောက်သာ စားနိုင်ပါသည်။ ညဘက် ထမင်းစားကျင့် ဖျောက်ထားတာ ကြာပြီဖြစ်၍ မစားချင်တော့တာလည်း ပါပါ၏။ သို့သော် ဧည့်ခံသူက မစားလျှင် ဧည့်သည်က အနေကျပ်နေတော့မည်။ အောင်ကပင် ရိပ်မိသည်။

"မေ့...ထမင်းစားနည်းတာလား...နေ့းတာလား...စားလေ..."

"မေ ညဘက် သစ်သီးနဲ့ Juice သောက်တာများတယ်...အောင်ကော စားရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်...ကြိုက်တယ်...။ တစ်ခုပဲလိုတယ်...မြင်းခြံလက်ဖက်သုပ်လေ"

"တော်ပါသေးရဲ့...မြင်းခြံလက်ဖက်သုပ်ကို သတိရလို့..."

စားသောက်ပြီး ကျွန်မတို့ထွက်လာကြတော့ ညရှစ်နာရီကျော်လေပြီ။ ကားထဲရောက်တော့ စက်နှိုးလိုက်သည်နှင့် စောင်းသံထွက်လာသည်။ အောင်က တော်တော်ကြာအောင် နားထောင်ပြီးမှ မေးသည်။

"ဆရာကြီး အင်းလေးငါးမြင့်မောင်ရဲ့လက်သံ အောင်ရဲ့...မေက ဆရာကြီးလက်သံကို သိပ်စွဲလမ်းတယ်"

"ဟုတ်တယ်မေ...တော်တော့်ကို ပညာပါရမီကြီးသူပါ...စောင်းကြိုးခတ်လိုက်တဲ့အသံ၊ အတွဲအဖက်တွေရဲ့ အသွဲ့တွေမှာ အင်မတန်ကောင်းတာပဲ... အောင် လိုချင်တယ်"

"ဟိုမှာ အောင် စောင်းတီးဖြစ်ရဲ့လား..."

"တီးဖြစ်ပါတယ် မေ..."

အောင့်အဖြေကို ကျွန်မ အားမရ။ ကျွန်မက လပြည့်ညတွေမှာ လမင်းကို ကြည့်ရင်း စောင်းသံကို နားထောင်သည့်အကြောင်း ပြောချင်သော်လည်း မပြောလိုက်တော့ပါ။ မိန်းမသားတစ်ယောက်၏ တစ်ကိုယ်ရည်အလွမ်းသည် တိတ်ဆိတ်ငြိမ်သက်ခြင်းအားဖြင့်သာ သိက္ခာရှိနေစေချင်လို့ဖြစ်၏။ စောင်းပညာကို နားလည်လှသူမဟုတ်သော်လည်း စောင်းသံနှင့် လရောင်သည် လိုက်ဖက်သည်လို့တော့ ကျွန်မ ခံစားမိသည်။ စောင်းသံတွေ ကျွန်မရင်ထဲရောက်အောင် ထည့်ပေးသူကတော့ ဒါရွှတ္တသီလိမ့်မည်မထင်။ စောင်းသံကြောင့် တက္ကသိုလ် 'ဂီတဆည်းဆာ' ပွဲကလေး



ကိုပါ သတိရမိ၏။ အောင့်ကို ကျွန်မ ကျုံးတစ်ပတ်တော့ ကားမောင်းရင်း လိုက်ပြချင်သေးသည်။

"ဆယ်စုနှစ် နှစ်စုဟာ မေတို့ဘဝတွေကို သိပ်တော့ ပြောင်းလဲမပစ်သေးပါဘူး...ကျောင်းတုန်းက ခံစားမှုမျိုးကတော့ မရနိုင်တော့ဘူးပေါ့... ဒါပေမဲ့ သူငယ်ချင်းတွေနဲ့ တွေ့တဲ့အခါ ဘွဲ့ရပညာတတ်တွေဆိုတဲ့ သဘောဟာ သူတို့ဘဝတွေထဲမှာပဲ ငုတ်လျှိုးနေကြသလိုပဲ..."

မြစ်ကမ်းနားက ၂၆ လမ်းအတိုင်း မောင်းလာခဲ့ကာ အနောက်ကျုံးလမ်းဘက်မှ ကျုံးကို စပတ်လိုက်သည်။ အောင်က ကျုံးရေနှင့် မြို့ရိုးကို တစ်လျှောက်လုံးကြည့်လာခဲ့၏။ ပဒေသရာဇ်နယ်ရှင် ဖော်ဘွားတစ်ဦး၏ မြေးတော်က မြန်မာဘုရင်နန်းတော်ဟောင်းကို စိတ်ဝင်စားပုံရသည်။ မန္တလေးမှာ တက္ကသိုလ်ပညာဆည်းပူးခဲ့သူဆိုတော့ သည်ပုံရိပ်တွေနှင့် မစိမ်းခဲ့။ သို့သော် သည်တစ်ခါမှာတော့ မြို့ရိုးနှင့်ကျုံးက အောင့်ကို ခံစားမှုတစ်မျိုး ပေးနေပုံရသည်။ မြောက်ကျုံးလမ်းကို ကွေ့တော့ လမ်းပေါ်မှာ လူသူကျဲပါးစပြုပြီ။ သုမ္မာဇရပ်တန်း၊ မန္တလေးတောင်။ အရှေ့ကျုံးလမ်းမှာ ခဏရပ်ကာ အောင်နှင့်ကျွန်မ ဆင်းလိုက်ကြသည်။

"တကယ်တော့ သည်လိုညမျိုးမှာ ကဗျာတွေရွတ်ဖို့သာ ကောင်းတော့တယ်မေ...ဘုရင့်ရွှေနန်းတော်ကို ကာရံထားတဲ့ အုတ်နံရံပေမယ့် တစ်ခါက အောင်တို့တိုင်းပြည်ရဲ့ အတိတ်ကာလဟာ သိပ်ကို ခမ်းနားခဲ့တယ်ဆိုတာကို ပြတာပဲ...ကျောင်းတုန်းကလည်း တချို့ညတွေမှာ သည်ကိုရောက်ရောက်လာတယ်... အောင်တော့ မဝတမ်း ထိုင်ကြည့်နေမိတာလည်း ရှိခဲ့တယ်...အမေရိကားရောက်တော့တောင် သည်မြင်ကွင်းတွေကို အောင် အိပ်မက်မက်တယ်...အောင် မန္တလေးကို မမေ့ဘူး... ကျောင်းကို မမေ့ဘူး..."

အောင့်စကားက သည်နေရာမှာပဲ ရပ်သွားခဲ့သည်။ မန္တလေးကို အိပ်မက်တွေမက်တယ်ဆိုတာ ကျွန်မယုံကြည်ပါသည်။ မီးရောင်ကြောင့် ကျုံးရေပေါ်က ဂယက်တွေကို မြင်နေရသည်။ ရေဓာတ်ကြောင့်ပင် တိုက်နေသည့်လေကလည်း အေးမြသည်။ အောင်နှင့်ကျွန်မ ကျုံးဘက်ကိုလှည့်ရင်း ကားကို မှီနေကြသည့်အတွက် နီးနီးကပ်ကပ် ရှိနေကြသည်။

"မန္တလေးမြို့တော်ကြီးရဲ့ ခမ်းနားပုံကို ရှေးကပညာရှိကြီးတွေ အများကြီး ဖွဲ့ခဲ့ကြတယ်မေ...ဦးရိုးတော်ရဲ့ဆရာ စောင်းဆရာကြီး ဦးဘသွားက

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်း စောင်းဆရာကြီးဆိုတော့ မန္တလေးမြို့ဘွဲ့တွေ အများကြီး တက်ပေးခဲ့တယ်... အမေရိကားမှာတောင် မန္တလေးမြို့ဘွဲ့သီချင်းတွေ ဆိုဖြစ်တယ်...မေစဉ်းစားကြည့်လေ...မထူးဆန်းဘူးလား..."

ကျွန်မကတော့ အောင် သီချင်းတစ်ပုဒ်လောက် ညည်းရင် ကောင်းမှာလို့ ပင် တွေးမိပါ၏။ အောင့်စကားအရ အောင်တို့အိမ်မှာ မြန်မာစောင်းတစ်လက်ရှိ နေသည်ပေါ့။ သည်ညနေ ကျွန်မနှင့်အောင် ဆုံမိကြသည်အထိ အောင့်အကြောင်း ကျွန်မ ဘာမှမသိရသေးသော်လည်း ကျွန်မ မမေးဖြစ်ခဲ့။ ဓာတ်မီးရောင်ဝါဝါတွေ ထွန်းလင်းနေသော အရှေ့ကျုံးလမ်းတစ်လျှောက် မြင်ကွင်းသည် ရှင်းနေသည်။ ထနောင်းပင် ပင်စည်ကွေးကွေးကြီးအောက်ကို အောင်နှင့်ကျွန်မ ခိုဝင်ကြရင်း ကျုံးကာ သံတန်းအနီးမှာ ရပ်ကြသည်။ ကောင်းကင်မှာ လရှိသော်လည်း အခြမ်း ကွေးကွေးကလေးသာ။ လမ်းမီးရောင်တွေကြောင့် လရောင်က မဖောက်နိုင်ဘဲရှိ၏။

"သည်လိုအလှတရားဟာ စိတ်နှလုံးနဲ့ဆိုင်တယ်...ကိုယ့်လူမျိုးနဲ့ ကိုယ့် နှလုံးသားဆိုတော့ မြင်မြင်သမျှ အောက်မေ့စရာချည်းပေါ့မေ...ဟိုမှာက လရောင် မြင်ချင်ရင် ရာသီဥတုကောင်းတာတောင် မြို့ပြင်ထွက်ပြီးကြည့်မှ မြင်ရတာမျိုး...လရောင်ဝါဝါကို ခံစားချင်လို့တောင် ခပ်ခက်ခက်ရယ်"

"ဟိုမှာ လရောင်ကို မေ့ကြည့်ဖြစ်ဖို့တောင် အချိန်ရရဲ့လား အောင် ရယ်..."

"ကြည့်ဖြစ်တယ်...အောင် အလုပ်လုပ်ရတဲ့နေရာနဲ့ အိမ်နဲ့က မိုင် လေးဆယ်လောက် သွားရတယ်...လမ်းမှာ ကွင်းပြင်ကို ဖြတ်ရတော့ လရောင် ဖြူရော်ရော်ကို တွေ့ရတတ်တယ်...အဲသလိုမြင်ရရင် အောင် တော့ အတိတ်နဲ့ ပစ္စုပ္ပန် ရောထွေးနေတဲ့လူတစ်ယောက် ဖြစ်သွားတာပဲ မေ..."

အောင်က သူနေထိုင်ရာ မေရီလင်းပြည်နယ်အကြောင်းတွေ ပြောပြသည်။ ရော့ခ်ဗီးလ်မြို့အကြောင်း ပြောပြသည်။ သူအလုပ်လုပ်နေသည့် ဝါရှင်တန်ဒီစီ အကြောင်းတွေကို ပြောပြသည်။ ကျွန်မတို့နှစ်ယောက် ကားပေါ်ပြန်တက်ရင်း အောင်ပင်လယ်ကန်ပေါင်ရိုးအတိုင်း ကားမောင်းလာခဲ့ကြ၏။ အောင်ပင်လယ် ကွင်းပြန့်ကြီးကို လှမ်းငေးရင်းက အောင် သီချင်းတစ်ပုဒ်ညည်းသည်။ တစ်နေရာ မှာတော့ အောင်က ကျွန်မကို ကားရပ်ခိုင်းသည်။ လကွေးကွေး၊ ကြယ်ရောင်မှေးမှေး ကောင်းကင်အောက်က အောင်ပင်လယ်ကန်ပြင်ကြီးကို အောင် ကြည့်နေခဲ့သည်။



ကျွန်မကတော့ တစ်ခါက အောင့် Auto စာအုပ်ကလေးမှာ ရေးပေးခဲ့ဖူးသည့် စာပိုဒ်ကို သတိရနေမိသည်။ အောင့်အကြောင်း ဘာမှမသိရခင်က ရေးသည့်စာ...

*"တကယ်တော့ အောင့်ကို မေ မသိပါဘူး...အောင့်ဘဝကို ပြောတာ ပါ...အောင် ဘာလဲ၊ အောင် ဘယ်သူလဲ၊ ဘယ်လိုအသိုင်းအဝိုင်း ကလဲ၊ ဘယ်ကလာပြီး ဘယ်ကိုသွားမယ့်လူလဲ မေမသိပါဘူး... ဒါပေမဲ့ မေကတော့ အောင့်ကို ယုံနေမိ တယ်...ခင်မင်နေမိတယ်... ရိုးသားစွာပြောရရင် စွဲလမ်းခြင်းနဲ့ ခင်မင်ပါတယ်... ခင်မင်လျက် ပါပဲ...ခင်မင်နေဦးမှာပါပဲ..."*

အခုတော့ အောင့်ဘဝ ပထမတစ်ခြမ်းကို ကျွန်မသိခဲ့ပါပြီ။ သို့သော် မသိရသေးတာတွေ ရှိလာပြန်၏။ အောင့်ရဲ့ တစ်နိုင်ငံသားဘဝ။ ဒါကို ကျွန်မ မသိ။

အောင်ကတော့ စိတ်ထဲမှာ အောင်ပင်လယ်သာ ရှိပုံရသည်။ ကြာဖြူ ကြာနီတွေ ပွင့်စေခဲ့သည့် စိမ်းမြလွှဲခြယ် အောင်ပင်လယ်ကို မှန်းရော်မှန်းဆ လွမ်းတနေတာများလား။ စိတ်ကူးထဲမှာ ပဒုမ္မာကြာတွေကို ရည်းစားနဲ့ညားအောင် ဆောင့်ခိုင်းနေတာများလား။ အောင်က ကျွန်မစိတ်ကို သိပုံရသည်။

"မေများ ညဉ့်နက်နေမလား မပြောတတ်ဘူးတွာ...တွေ့ရတုန်း အောင် စကားတွေပြောချင်တယ်...အောင့်အကြောင်းပါ..."

"ပြောပါအောင်...သည်နားမှာတော့ မကောင်းဘူး...လူပြတ်တယ် လေ...ဒါမှမဟုတ် ကားပတ်မောင်းနေမယ်...အောင်ကပြော..."

ကျွန်မတို့ ပြန်ထွက်လာခဲ့ကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၅၆)

"အောင် ထွက်သွားတုန်းက ဆောင်းရာသီ ဒီဇင်ဘာလထဲမှာပဲ... အေးချမ်းတဲ့ရာသီဆိုပေမယ့် အောင့်ရင်ထဲမှာတော့ တဖွေ့ဖွေ့လောင်မြိုက်နေခဲ့တယ်။ သည်အချိန်ဆိုရင် တက္ကသိုလ်ရိပ်ကနေ မေတစ်ယောက်အောင့်ကို မျှော်နေရောမယ် ဆိုတဲ့စိတ်ကြောင့်ပေါ့။ သိပ်ကို သတိရမိပါတယ်မေ...။

အောင် အမေရိကားကို ရောက်သွားပြီး နှစ်ပေါင်းများစွာအတွင်း မေမေ့ကို တွေ့လိုက်ရတော့ ဝမ်းနည်းဝမ်းသာ ဖြစ်ရတယ်။ ဝမ်းသာတာက မေမေ့ကို တွေ့ရလို့ပါ။ ဝမ်းနည်းတာကတော့ မေမေ့ဝန်းကျင် မေမေ့အသိုင်းအဝိုင်းဟာ ကိုယ့်ယဉ်ကျေးမှု ကိုယ့်နှလုံးသားမျိုး မဟုတ်လို့ပဲ။ မေမေဟာ ဆံပင်အရှည်ကြီးကို တစ်ပတ်လျှိုထုံးပြီး ဆံဖားလျား ချထားတာကိုက ဒူးကောက်ကွေး ရိုက်နေတာလေ...။ အင်္ကျီ ထဘီကလည်း တိုင်းတစ်ပါးမှာပေမယ့် မြန်မာဆန်ဆန်ဝတ်တုန်းပဲ။ အောင့်ကို တွေ့လိုက်ရတော့ ဝမ်းသာသွားရှာတယ်။ မေမေ့မျက်လုံးတွေဟာ တဖျပ်ဖျပ်တောက်နေတာပဲ...လေဆိပ်အထိ လာကြိုနေတာပါ...လေဆိပ်ခန်းမထဲကထွက်လာတော့ မေမေက 'သားရေ' လို့ ခေါ်လိုက်တဲ့အသံဟာ စောင်းကြိုးခတ်လိုက်သလိုပဲ...။ လေဆိပ်က လူပေါင်းများစွာကြားမှာ မေမေဟာ ကျက်သရေရှိနေတာများမေရယ်...။ တကယ်ဆိုရင် မေမေဟာ ဘိုဆန်ဖို့ကောင်းတယ်။ ဒါပေမဲ့ မေမေ မြန်မာစိတ်အပြည့်နဲ့ ရှိနေတာပါပဲ။ အောင့်စိတ်ထဲမှာ မေမေ နည်းနည်းတော့ ပိန်သွားသလိုပဲ။ မိုးပြာရောင်ချိတ်ထဘီနဲ့ ပင်လယ်ပြာရောင်နုနု ပိုးပျော့အင်္ကျီလက်ရှည်ကြောင့် ဣန္ဒြေရနေလိုက်ပုံများ...။ အောင့်ကိုတွေ့တော့ မေမေငိုပါသေးတယ်။ ငါ့သား



အရပ်ကြီးရှည်လာလိုက်တာကွယ်တဲ့။ ပိုပြီးချောလာသတဲ့။ လေဆိပ်က ထွက်လာတဲ့လမ်းမှာ မေမေဟာ ပြုံးပြီး လိုက်လာတာပါ။ သူ့ဘဝမှာ ခုတစ်ခါပဲ စိတ်ချမ်းသာရဖူးတယ်ဆိုတဲ့ မျက်နှာမျိုး။ အောင်က ဂုဏ်ထူးတန်း လက်လွှတ်ခဲ့ရတာကို ပြောပြတော့ စိတ်မကောင်းဘူး။ နောက်တော့လည်း သားတစ်ယောက်တည်း စိတ်လေမှာစိုးလို့ ခေါ်ရတာပါလို့ ပြောတယ်။ အောင်က အဘိုးအကြောင်းမေးတော့ အဘိုးဆုံးပြီတဲ့။ ဆုံးခါနီးတော့ အားလုံးကို ခွင့်လွှတ်တဲ့အကြောင်း၊ အာဃာတစိတ်မရှိတော့တဲ့အကြောင်း ပြောသတဲ့။ အဘိုးဟာ သူ့မြေးဦးကလေး အောင့်ကို အတော်တွေ့ချင်ရှာသတဲ့။ သမီးချည်း မွေးခဲ့လေတော့ မြေးဦးယောကျ်ားကလေး ရတာကို အဘိုးက အတော်ဝမ်းသာအားတက်ရှာသတဲ့။ အဘိုးနှုတ်က ဖွင့်မပြောပေမယ့် အဘိုးမှာ ဘယ်လိုခံစားချက်ရှိသလဲဆိုတာ အားလုံးက သိကြတယ်။ သူ့အမွေကို ဆက်ခံနိုင်မယ့် မြေးယောကျ်ားလေးဆိုတဲ့ မျှော်လင့်ချက်ပေါ့မေ...။

မေမေ့ညီမတွေက အိမ်ထောင်ကျနေကြပါပြီ။ မေမေကတော့ စောင်းတမွေ့မွေ့နဲ့ပဲ နေရှာသတဲ့မေ...။ ပြောရရင်တော့ အောင့်ဒေါ်လေးနှစ်ယောက်က တကယ့်ကို နိုင်ငံခြားသူတွေလိုပဲ။ ရုပ်ရည်ကအစ နေပုံထိုင်ပုံ ဝတ်ပုံစားပုံတွေအားလုံး အနောက်ဟန်ပဲ။ သည်ကြားထဲမှာ မေမေက သင်းကွဲနှင်းဆီပေါ့။ ဒါပေမဲ့ မေမေဟာ စိတ်ဓာတ်အရာမှာ ပြတ်သားသူမဟုတ်လား။ မေမေ့ခံစားမှုက ထူးဆန်းတယ်။ မေမေ့ကို တိုင်းတစ်ပါးမှာ ပျော်နေလို့လို့ အောင်ထင်ခဲ့တာ မှားနေတယ်။ မျက်စိလည်ပြီး ရောက်လာတဲ့လူတစ်ယောက်လိုပဲ။ အောင် ရောက်သွားခြင်းဟာ မေမေ့ အတွက်တော့ ခွန်အားပါပဲ။ အောင့်ကို အားကိုးရှာတယ်။ အသည်းပေါက်မတတ် ချစ်ရှာတယ်။

အောင်က မေမေရယ် ဘာဖြစ်လို့ ပြန်မလာတာလဲ...သည်မှာလည်း မပျော်တဲ့နဲ့နေရတာမဟုတ်လားဆိုတော့ အဘိုးရဲ့နောက်ဆုံးအချိန်အထိ ပြုစုခြင်းအားဖြင့် မေမေ ကုသိုလ်ပြန်ယူချင်လို့ပါတဲ့...သားကို တစ်နေ့ပြန်ခေါ်မယ်ဆိုတဲ့စိတ်နဲ့ မေမေနေခဲ့တာတဲ့လေ...အထူးသဖြင့် မေမေ့ကို နားလည်စွာ ခွင့်ပြုလိုက်တာ မှန်ပေမယ့် နှလုံးသားကတော့ ခွင့်မလွှတ်ဘူးတဲ့...အောင်က နားလည်စွာ ခွင့်ပြုလိုက်တာကိုက နှလုံးသားက

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုတာမဟုတ်ဘူးလားမေမေ ဆိုတော့...ဦးနှောက်က ခွင့်ပြုလိုက်တာ သားရဲ့တဲ့...သား ငယ်သေးလို့ ဒါတွေ မသိနိုင်ဘူးတဲ့...ဒါပဲပြောတယ်...။

အောင် ခြောက်နှစ်သားလောက်က ခွဲခွာသွားခဲ့ရတဲ့မေမေ့ကို နှစ်ပေါင်းများစွာကြာမှ ပြန်တွေ့ရပေမယ့် အောင် ကလေးတုန်းကလိုပဲ မေမေ့ရင်ခွင်ကို ရခဲ့ပါတယ်...မေမေနဲ့အောင်ဟာ ကလောမြို့က ခြံကြီးထဲတုန်းကလိုပဲ စောင်းတီးပြီး သီချင်းတွေ ဆိုခဲ့ကြတယ်...အောင့်ရဲ့ စောင်းလက်သံကိုကြားတော့ မေမေက သိပ်ကိုအံ့သြနေတယ်... အောင့်လက်ကလေးတွေကိုတောင် ပြန်ကြည့်နေသေးတယ်...ဦးရီးတော်ရဲ့လက်ကို မီပါတယ်တဲ့...ဦးရီးတော်ဆိုလို့ မေမေဟာ ဦးရီးတော်ကို ဖခင်နဲ့မခြားချစ်ခင်လေးစားသူပါ...ဦးရီးတော်အကြောင်းတွေ မေးမေးပြီးလည်း မေမေခဏခဏ မျက်ရည်ကျရှာတယ်...ထူးဆန်းတာက ဖေဖေ့အကြောင်း မမေးတာဘဲ...အောင့်ခံစားမှုကိုလည်း မမေးဘူး...ဖေဖေ့အတွက် မေမေ့စွန့်စားခန်းတွေ အောင်လည်း ပြောမှုးသားပဲ...မေမေဟာ မတွေဝေဘူး...မေမေ့ဆုံးဖြတ်ချက်တွေဟာ မှားကောင်းမှားပါလိမ့်မယ်...မေမေဟာ မှားသလား မှန်သလားဆိုတာထက် မှန်တယ်ထင်လို့ ပြတ်ပြတ်သားသား လုပ်ခဲ့တာပဲရှိတယ်...။

အောင်ကတော့ ဒေါ်လေးတွေက မွေးတဲ့ ကပြားကလေးတွေနဲ့ နေရတယ်...အောင် ချစ်ရတာပါပဲ...ချစ်စရာလည်း ကောင်းကြတယ်...သူတို့ကြီးပြင်း လူလားမြောက်ရတာ အောင်တို့နဲ့မတူတော့ တစ်မျိုးတော့ တစ်မျိုးပေါ့လေ...။ အောင် စောင်းတီးရင် သူတို့ သိပ်သဘောကျတယ်...အောင်တို့အိမ်မှာ အဘိုးနဲ့အဘွား ဓာတ်ပုံကြီးတွေရှိတယ်...အောင့်စားပွဲမှာတော့ တက္ကသိုလ်ပင်မအဆောက်အအုံကြီးရှေ့မှာ သူငယ်ချင်းတွေ စုရိုက်ထားတဲ့ဓာတ်ပုံကလေးရှိတယ်...မေမေက ဓာတ်ပုံထဲက တစ်ယောက်ကို မေးတယ်...သူကလေးက ဘယ်သူလဲတဲ့...အောင်ကသားသူငယ်ချင်းတစ်ယောက်ပဲ 'သီရိမေ'လို့ခေါ်တယ်ဆိုတော့ ကျက်သရေရှိတဲ့နာမည်ပဲတဲ့...သူ့မျက်နှာပေါ်မှာ သူ့ရဲ့ထူးခြားတဲ့စရိုက်တွေ ထင်ဟပ်နေတယ်လို့ အင်္ဂလိပ်လို ပြောသေးတယ်... တကယ်ပြောတာ မေရဲ့...။



ဘယ်လိုပဲဖြစ်ဖြစ် ပြန်စဉ်းစားကြည့်ရင် ကျိုင်းမိုင်းယော်ကြီးထဲမှာ တစ်ထီးတစ်နန်း စံခဲ့ရတဲ့ ယော်နန်းမိသားစုကြီးဟာ တစ်စစီပြိုကွဲသွားခဲ့ရတယ်...တစ်နေရာစီ ရောက်ကုန်ကြတယ်...ရှင်ကွဲ ကွဲကြရတယ်...သေကွဲ ကွဲကြရတယ်...မထင်မှတ်ဘဲ ပြန်လည်ပေါင်းစည်းရတယ်...ကိုယ့်တိုင်းကိုယ့်ပြည်...ကိုယ့်ရေကိုယ့်မြေကို ချစ်ကြသူတွေဟာ တစ်ပါးလေကို ရှူနေကြရတယ်...တစ်ပါးရေကို သောက်နေကြရတယ်...တစ်ပါးယဉ်ကျေးမှုနဲ့ ပျော်ဝင်အောင် ကိုယ့်ကိုယ်ကိုယ် အရေဖျော်နေရတယ်...အောင်တို့ရောက်သွားတဲ့နိုင်ငံဟာ တကယ့်ကို စည်ပင်ဖွံ့ဖြိုးတဲ့ ပတ်ဝန်းကျင်ပါ...ရုပ်ဝတ္ထုကြွယ်ဝတဲ့နိုင်ငံပါ...။

မေမေဆိုရင် ပိုပြီး သနားစရာကောင်းတယ်...အဘိုးက အနောက်တိုင်းဓလေ့နဲ့ ယဉ်ပါးအောင် ကွန်ဗင့်ကျောင်းကို ပို့ထားပေမယ့် မေမေဟာ ရေမှာမပျော်တဲ့ ဒြပ်စင်တစ်မျိုးလို နေခဲ့တယ်...မဟာဂီတသီချင်းတစ်ပုဒ်ကို စောင်းနဲ့တီးခွင့်ရတာကိုပဲ ဘဝအဓိပ္ပာယ်လို့ ထင်ခဲ့ရှာသူပါ...အောင်ရောက်သွားတော့ မေမေဟာ ကမ္ဘာလောကကြီးတစ်ခု ရောက်လာသလိုဖြစ်ခဲ့တယ်..."

အောင်ပင်လယ်ကန်ပေါင်ရိုးမှာ ကားမောင်းရင်း အမေရိကားက သူ့ဘဝတွေကို အောင်ပြောနေတာကလည်း ထူးဆန်းသောအခြေအနေတစ်မျိုးပင်ဖြစ်၏။ ကျွန်မကတော့ အောင်ပြောသမျှကိုသာ နားစိုက်ထောင်နေမိသည်။ စောင်းသံသာသာက ကားထဲမှာ ပျံ့လွင့်လျက်။ အောင်က စကားဆက်သည်။

"အောင့်မေမေက လူ့လှတ်ခေါ်ခိုင်းတာ ရည်ရွယ်ချက်တွေရှိတယ်ဆိုတာ အောင်ရောက်ပြီး မကြာခင်မှာပဲ သိရတော့တယ်...တစ်ခုက မေမေနဲ့အတူ နိုင်ငံခြားမှာ ထာဝရနေဖို့ပါ။ သဘောကတော့ သူ မျက်စိနှစ်လုံးမမှိတ်ခင်အထိ အောင့်ကို သူနဲ့ အမြဲနေပါမယ်ဆိုတဲ့ကတိကို လိုချင်ခဲ့တယ်...ဒါကိုလည်း အောင် နားလည်နိုင်ပါတယ်...ဖခင်ရော လင်သားနဲ့ပါ စိတ်အခန့်မသင့်ဖြစ်ရတဲ့မေမေဟာ သားအလှည့်မှာ သားဖြစ်သူပျောက်သွားမှာ စိုးရှာမှာပေါ့...။ နောက်တစ်ချက်ကတော့ သည်လိုအမြဲနေနိုင်ဖို့ အောင့်ကို အိမ်ထောင်ချပေးချင်တာပါပဲ..."

ကားက ကန်ပေါင်ရိုးက ဆင်းကာ ၃၅ လမ်းဘက် ချိုးကွေ့လာခဲ့သည်။ အမှတ်တမဲ့ ချိုင့်တစ်ချိုင့်ထဲကို ကျသွားသဖြင့် ငြိမ့်ခနဲပင်ဖြစ်သွားခဲ့သည်။ ကျွန်မ ဘယ်ကိုမောင်းရမှာလဲ။ မြို့ထဲကို ပြန်ဝင်နေခဲ့ပြီ။ အောင့်ကို မေးမနေတော့။ လမ်းရှိသ၍ မောင်းနေလိုက်တော့မည်ဟု စဉ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်ချထားပေးမယ့်ကိစ္စကိုတော့ အောင်က ခါးခါးသီးသီးငြင်းခဲ့တယ်...မေမေ့ခမျာ တော်တော်စိတ်ဆင်းရဲသွားခဲ့တယ်...အောင့်ကို အမျိုးမျိုးနားချတယ်...ဒေါ်လေးတွေကလည်း မိခင်ရဲ့စကားကို နားထောင်ခြင်းအားဖြင့် စိတ်ဆင်းရဲခဲ့ရှာတဲ့ စိတ်နှလုံးကို လန်းဆန်းပါစေ ဆိုတဲ့သဘောမျိုး တောင်းပန်ကြတယ်...အဲဒါက အောင် ဟိုမှာ ကျောင်းတက်ပြီး လေး,ငါး,ခြောက်လအကြာမှာ ဖြစ်နေတာတွေပါ"

"အောင့်မေမေ စီစဉ်ထားသူရှိလို့လား...အောင့်ကတိရမှ ရှာဖွေပေးစားမယ့် သဘောလား"

"စီစဉ်ထားပြီးသားပေါ့မေ...အိမ်ကို အဝင်အထွက်ရှိနေသူပါ...သူ့အဖေတော့ မရှိတော့ဘူး...သူ့အမေက ဂျင်းနက်တဲ့...။ အစိုးရ အရာရှိဟောင်းတစ်ယောက်ပဲ...ကိုယ်ပိုင်ကုမ္ပဏီတစ်ခုလည်း ပိုင်တယ်...သူ့အဖေရှိတုန်းက မြန်မာပြည်ကို ကုမ္ပဏီကိစ္စနဲ့ ခဏခဏရောက်ဖူးတယ်လို့ ပြောတယ်...တစ်ဦးတည်းသောသမီးပဲ...'အာဆူလာ' တဲ့...။ အာဆူလာကို ဂျင်းနက်ကလည်း အိမ်ထောင်ချချင်နေတော့ မေမေနဲ့ သိပ်ကိုအဆင်ပြေနေတာပေါ့...အာဆူလာက မေရီလင်းတက္ကသိုလ်က ဥပဒေဘွဲ့ရ ကျောင်းသူပ...ကျောင်းကထွက်ရင် မိဘစီးပွားရေးလုပ်ငန်းမှာ ဝင်တော့မယ့်သူပေါ့...အာဆူလာက အောင့်ကို ခင်ရှာပါတယ်"

"မြန်မာမှုကို အင်မတန်မြတ်နိုးတယ်ဆိုတဲ့ အောင့်မေမေက အောင့်အိမ်ထောင်ရေးကျတော့မှ တစ်ပြည်သူကို ယူဖို့နားချတာ တစ်မျိုးဖြစ်မနေဘူးလား အောင်"

"သည်မေးခွန်း မေးသင့်ပါတယ်မေ...မေမေက အောင်ပျောက်သွားမှာစိုးရှာလွန်းတော့ တစ်ပြည်သူကို ယူစေချင်တဲ့သဘောပဲ...ကိုယ့်လူမျိုးကို ယူမယ်ဆိုရင် ပြည်တော်ပြန်ရမယ့်အရေး ပေါ်လာနိုင်တယ်လေ...။ ဒါက အောင့်အထင်ပါ...မေမေ့စိတ်တော့ အောင်လည်း ဝေခွဲလို့မရဘူး...တစ်ရက်တော့ အောင်က အောင့်မှာ ချစ်သူရှိတယ်မေမေလို့ ပြောလိုက်တယ်...မေမေက ချက်ချင်းပြန်ပြောတဲ့စကားက သိပ်အံ့သြစရာကောင်းတာပဲ...သိရဲ့လား မေ လားတဲ့..."

ကျွန်မပင် ဆတ်ခနဲတုန်သွားမိပါ၏။ အောင် မရိုးမသားပြောနေတာမဟုတ်မှန်း ကျွန်မသိနေသည်။ အောင့်အသံတွေ တုန်ရီနေသည်ဟု ကျွန်မထင်သည်။ ကားကို လမ်း ၈၀ အတိုင်း မောင်းလာခဲ့သည်။ ကျုံးဆီကို ပြန်မောင်းမည်။



"မေမေ့ကို အောင် ဘာမှပြောထားတာလည်းမရှိဘူး.. ဘယ်ကမှလဲ မေမေကြားစရာအကြောင်းမရှိဘူး...ဒါပေမဲ့ မေမေဟာ ဓာတ်ပုံထဲက မေ့ကို တန်းပြောလိုက်တော့ အောင်တောင် အံ့သြသွားတယ်...အောင့်မှာ ချစ်သူရှိတယ်ဆိုတဲ့ စကားဟာ မေ့ကိုရည်ညွှန်းပြီး ပြောတာဖြစ်လို့ အောင့်ကိုခွင့်လွှတ်ပါမေ..."

အောင့်စကားကြောင့် ကျွန်မမျက်နှာ ပူနွေးသွားရသည်။ ရည်းစားပါလို့ ရည်ညွှန်းခြင်းခံရတာ စိတ်ဆိုးစရာလား၊ ခွင့်လွှတ်စရာလားဆိုတာ ကျွန်မနားမလည်နိုင်။

"ထားပါတော့လေ...ချုပ်ပြောရရင် အောင် အာဆူလာကို လက်ထပ်ခဲ့ရတယ်...အောင့်မှာ ဘာခံစားမှုရှိသလဲဆိုတော့ ကျရာဘဝမှာ နေပျော်အောင် နေတော့မယ်ဆိုတဲ့စိတ်ပေါ့လေ...ဘယ်သူနဲ့မှလည်း အဆက်အသွယ်မလုပ်ခဲ့တော့ပါဘူး...မေမေစိတ်ချမ်းသာရေးဆိုတာထက် အောင်ကိုယ်တိုင်က ဘဝတစ်ခု ခြားလိုက်သလို၊ မျဉ်းနီတစ်ကြောင်း သားလိုက်သလို စာရင်းဟောင်း စာရင်းသစ် ခြားလိုက်တာပါပဲ မေ...နောက်တော့ အောင် အလုပ်တစ်ခုရတယ်...တောင်အာဖရိကတိုက်က ဘော့ဆွာနာနိုင်ငံကို အောင် ပြောင်းရွှေ့ခဲ့ရတယ်...အာဆူလာကတော့ သူ့ကုမ္ပဏီမှာပါပဲ...တစ်ခါတစ်ခါ ဘော့ဆွာနာနိုင်ငံကို လိုက်လာတတ်ပေမယ့် သိပ်ကြာကြာမနေနိုင်ပါဘူး...ထူးဆန်းတာက မေမေဟာ အောင်နဲ့အတူ လိုက်နေခဲ့တာပဲ...မေမေက မြေးကလေးလိုချင်ရှာပေမယ့် မရခဲ့ကြပါဘူး မေ...အာဆူလာနဲ့ ရှစ်နှစ်ပေါင်းခဲ့ရပြီး တစ်ရက်မှာ စာတစ်စောင် ရောက်လာခဲ့တယ်...အဲသည်တော့ အောင်က ဇမ်ဘီယာ နိုင်ငံမှာပါ...စာက ကွာရှင်းခွင့်ပေါ့...။ အောင် ချက်ချင်း အမေရိကားကို လိုက်လာပြီး ဖျောင်းဖျပေမယ့် မရတော့ပါဘူး...သည်တစ်ခါလည်း မေမေက အင်မတန့်စိတ်ဆင်းရဲသွားရှာတာပါပဲ...။ ထားပါတော့...အောင် ကွာရှင်းပေးလိုက်ရတယ်...အာဖရိကမှာ နှစ်နှစ်ထပ်နေပြီး အမေရိကကို ပြန်ရောက်တယ်...သည်တစ်ခါ စည်းခြားမှုကတော့ အောင့်အလုပ်နဲ့ အိမ်ကလွဲရင် ကိုယ့်ကိုယ်ကိုယ် ပြည်ဖုံးကာချနေလိုက်တာပါပဲ မေ..."

"အောင့်မေမေကော..."

"မနှစ်က ဆုံးရှာပါပြီ...အသက်လည်းရပြီလေ...ဘာပဲဖြစ်ဖြစ် မေမေ စိတ်ချမ်းသာအောင် လိုက်လျောခဲ့တဲ့အတွက် အောင် ကုသိုလ်ရကောင်းရ

www.burmeseclassic.com

www.burmeseclassic.com



မှာပါ…အောင့်အတွက်တော့ အလွန်ကြေကွဲခဲ့ရတယ်…မေမေ့ကို ပေး ထားတဲ့ကတိအတိုင်း မေမေ့တစ်သက် မေမေ့အနားမှာပဲ အောင်နေခဲ့ တယ်…အောင်တစ်ခုတော့ အပြုအမူနဲ့ မေမေ့ကို အာခံခဲ့မိတာရှိပါ တယ်…"

"ဘာလဲအောင်"

"အောင် စောင်း ဘယ်တော့မှမတီးတော့တာပါ"

ထိုညက အောင့်ကို ဟိုတယ်အဝအထိ လိုက်ပို့တော့ ညဆယ်နာရီကျော် ပြီ။ ကျွန်မရုံးခန်းကိုအပြန်မှာတော့ လခြမ်းက ကြယ်စုံခံလျက်သာနေခဲ့သည်။ ကျွန်မ ပြန်လာချိန်အထိ မွန်မွန်တို့ စောင့်နေတာတွေ့တော့ အားနာမိရပါသည်။ ရေမိုးချိုး အဝတ်အစားလဲကာ လသာဆောင်ဘက် ထွက်လာခဲ့သည်။ လခြမ်းကွေးကွေး ကလေးကိုကြည့်ရင်းက ကျွန်မစိတ်တွေ လေးလံနေခဲ့သည်။ အောင် အိမ်ထောင်ပြု ခဲ့သည်။ ထိုအိမ်ထောင်နှင့် ကွာရှင်းခဲ့သည်။ အောင့်မိခင် မနှစ်က ဆုံးပြီ။ သည်နှစ် မြန်မာပြည်ကို သူ ဧည့်သည်လို ရောက်လာခဲ့သည်။ အနှစ် နှစ်ဆယ်လုံးလုံး အဆက်အသွယ်မပြုခဲ့သော သူ့အကြောင်းပြချက်တွေ ခိုင်လုံတာ မခိုင်လုံတာ ထား…။

ရှင်းရှင်းဆိုရလျှင် အောင်သည် ကျွန်မနှလုံးသားတစ်နေရာမှာ တစ်ခါက ရှိခဲ့ဖူးသည်ဆိုသည့်အချက်ကလွဲ၍ အခြားမျှော်ကိုးချက်မရှိခဲ့တာလည်း အမှန်ပင်။ အခု သူရောက်လာခြင်းကကော၊ ဘာအဓိပ္ပာယ် ဆောင်ယူလာခဲ့ပါသလဲ။

ကျွန်မရင်တွေ တစ်ကျော့ခုန်ရပြန်ပါပကော…။

(၅၇)

ညက အိပ်ရေးပျက်ခဲ့သော်လည်း သည်မနက် ကျွန်မအိပ်ရာက နိုးခဲ့ ရသည်။ မနေ့က အောင့်ကို မနက်လာခဲ့မည်ဟု ကျွန်မ ကတိပေးခဲ့ခြင်းကြောင့် ဖြစ်၏။ ရေချိုး အဝတ်အစားလဲပြီးတော့ မနက် ခုနစ်နာရီခွဲပြီ။ အောင် တည်းခိုရာ ဟိုတယ်ကို ကျွန်မဖုန်းခေါ်လိုက်သည်။

"အောင်လား…မောနင်း…နိုးပြီလား"

"နိုးပြီမေရေ…ခဏနေရင် ရေချိုးမယ်…ရှစ်နာရီဆို မေထွက်ခဲ့တော့…"

"ကောင်းပြီ အောင်"

အချိန်နည်းနည်းတော့ ရသေးသည်။ အောက်ထပ်ကို ဆင်းလာခဲ့ပါ၏။ ကျွန်မဒရိုင်ဘာ ကိုမြသိန်းပင် ရောက်နေပြီ။ ကား ဆီထည့်ပြီးပြီ။ ကျွန်မကားကို ခရီးဝေးလျှင် သို့မဟုတ် တောက်တိုမယ်ရ ပြေးရလွှားရတာမျိုးဆိုလျှင် ကိုမြသိန်း မောင်းလေ့ရှိပါသည်။ မန္တလေးမြို့တွင်းလို ပြင်ဦးလွင်လိုခရီးတွေကိုတော့ ကျွန်မ လူပိုမခေါ်ချင်။ ကျွန်မကိုယ်တိုင်ပဲ မောင်းလေ့ရှိပါသည်။

"ကိုမြသိန်း ရုံးမှာ Standby နေလိုက်တော့…ကျွန်မ သည်နား ဟိုနား မှာပဲရှိမယ်…မွန်မွန်"

"ဟုတ်ကဲ့မမ"

"ကနေ့ ဘာရှိသလဲ"

မွန်မွန်က ဘာမှမရှိကြောင်း ပြောသည်။ ဒါရိုက်တာ့အဖွဲ့ အစည်းအဝေး က တနင်္လာ နေ့လယ်ပိုင်းမှာဆိုတော့ ကျွန်မအတွက် အချိန်ရသည်။

"ဦးရဲက ဖုန်းဆက်တယ်…ကနေ့ ကုန်ကြမ်းဖိုးတွေပေးဖို့ရယ်…စက်ရုံ မှာ ဆောက်လုပ်ရေး ဝင်ဖို့ရယ် သိန်းသုံးရာ့လေးဆယ် ထုတ်ဖို့ရှိသတဲ့ တဲ့…မမ ချက်မှာ လက်မှတ်ထိုးခဲ့ဦး…"

www.burmeseclassic.com

www.burmeseclassic.com



"မမ ပြန်လာမှာပါမွန်မွန်...ဟုတ်တယ် ထုတ်ပေးရမှာ...အစည်းအဝေး ဟုန်းက ဆုံးဖြတ်ချက်ရှိဘာယ်။ နောက်တစ်ခုက စက်ရုံကန်ထမ်းဝတ်စုံတွေ ချုပ်ဖို့ ကနေ့ ဈေးလာညှိလိမ့်မယ်။ ကိုရဲရယ်၊ ဦးခင်မောင်ညွန့်ရယ်၊ ဦးမြစံရယ် ခေါ်ပြီး ဈေးဖြတ်ဖို့ပြော...မမကို မစောင့်နဲ့တော့..."

"ဟုတ်ကဲ့ပါ"

ကျွန်မ ကားပေါ်ရောက်တော့ ရှစ်နာရီထိုးခါနီးနေပြီ။ မန္တလေးမနက်ခင်းသည် နေရောင်အောက်မှာ လန်းဆန်းနေပါ၏။

ဟိုတယ်နီလာနန်းတော်။

ဟိုတယ်ဝင်းထဲကို ကားချိုးကွေ့ဝင်လိုက်စဉ်မှာပင် ဟိုတယ်ထဲက အောင်ထွက်လာခဲ့သည်။ မီးခိုးရောင် လက်ရှည်နှင့် ခဲပြာရောင်ဆောင်းဘီရှည် ဝတ်ထားသဖြင့် အောင့်အသားအရေနှင့် လိုက်ဖက်လှပါ၏။ အထူးခြားဆုံးကတော့ ရှင်းသန့်သော မျက်နှာပေါ်က အောင့်အပြုံးများပင်။ လူလုံးလူဖန် ပြည့်လာသော်လည်း ရှည်သွယ်သောအရပ်နှင့် အချိုးကျလှပါ၏။ ပြောရလျှင် အောင်က ကျောင်းတုန်းက လူငယ်ဘဝနှင့်မခြား နုပျိုနေဆဲရှိနေသည်။

"ဟိုတယ်ဘရိတ်ဖတ်စ် မစားတော့ဘူးမေ...အပြင်မှာ တစ်ခုခုစားရအောင်"

"မေလည်း အဲသလိုစီစဉ်ထားတာပါ...အောင်ဘာစားချင်သလဲ...ဘယ်သွားချင်သလဲ"

"နန်းကြီးသုပ်စားချင်တယ်...အစီအစဉ်ကတော့ မေ့သဘောပဲ"

မန္တလေးက နာမည်ကြီး နန်းကြီးသုပ်ဆိုင်မှာ ဝင်စားကြသည်။ အောင်ကတော့ ညကအကြောင်းအရာတွေကို မေ့သွားသလို ပေါ့ပါးလွတ်လပ်နေပါ၏။

"တို့မိန်းကလေးတွေက ယောကျ်ားကလေးတွေဟာ သည်လိုပဲလား အောင်ရယ်။ တို့မိန်းကလေးတွေကတော့ ရင်နဲ့အမျှ ထိခိုက်ရပြီဆိုလျှင် သေရှာပါကြသူတွေပါ။ အောင့်ကိုကြည့်ရင်း ကျွန်မ တွေးနေမိခြင်းဖြစ်သည်။ စားတော့လည်း ကျောင်းတုန်းက ကင်တင်းမှာ စားသလို ပျော်ပျော်ပါးပါးစားနေခြင်းဖြစ်၏။ အမေရိကားမှာလည်း မြန်မာမုန့်တွေ စားဖွယ်ရာတွေ စုံအောင်ရသည် ဆိုပါ၏။

"အောင်အလုပ်သွားလုပ်တဲ့ ဆော့ဆွာနာတို့ ဇမ်ဘီယာတို့က တော်တော်ခေါင်သလား အောင်...မေ စိတ်ဝင်စားလို့မေးတာပါ"

"ဇမ်ဘီယာက အာဖရိကအလယ်ပိုင်းလောက်မှာရှိတာ မေရဲ့... တန်ဇန်းနီးယားတို့၊ မိုဇမ်ဘစ်တို့၊ မာလာဝီတို့၊ နမီးဗီးယားတို့နဲ့ ကပ်နေတဲ့



နိုင်ငံ...ကုန်းမြင့်နိုင်ငံမေရဲ့...လှတယ်။ ဇမ်ဘီဇီမြစ်ကြီးရှိတယ်...အောင်ကတော့ လူဆာကာမြို့မှာ ရုံးထိုင်ရတာပါ...ဆော့ဆွာနာက လည်း ကပ်နေတော့ နိုင်ငံနှစ်ခု ကူးရတယ်ဆိုပေမယ့် မပန်းဘူး...ထင်ရှားတာကိုပြောရရင် ကျောင်းတုန်းက သင်ခဲ့ရတာ မေမှတ်မိလား မသိဘူး...ကလာဟာရီသဲကန္တာရရှိတယ်လေ...မြို့တော်က ဂါဆိုရုန်း။ အာဖရိကန်တွေက သိပ်ချစ်စရာကောင်းတယ်မေရ...သူတို့ကို အဝေးက မြင်ရတာ လူကြမ်း စရိုက်ကြမ်းတွေလို့ ထင်စရာရှိပေမယ့် သိပ်နူးညံ့ကြတယ်...သီချင်းနဲ့ ကဗျာတွေ သိပ်ကြွယ်ဝတဲ့နိုင်ငံတွေပေါ့"

"ကဗျာတွေ သီချင်းတွေ ကြိုက်တဲ့ အောင်နဲ့တော့ ကိုက်ပြီပေါ့"

"ဟုတ်တယ်မေရဲ့...ရိုးရာသီချင်းတွေ ကဗျာတွေ ကျေးလက်တေးတွေ အသံသွင်းလာခဲ့တယ်...တစ်ယောက်က ဘာသာပြန်ပေးလို့ အဆင်ပြေသွားတယ်"

အောင်က ကျွန်မအတွက် ပါရှန်းတာဘက် ရွှေညိုရောင်ကလေးတစ်ထည် လက်ဆောင်ပေးပါသည်။

"တဘက်ကလေး ပခုံးတင်ပြီး မေ တရားထိုင်ရတော့မှာပေါ့ ဟုတ်လား အောင်"

"မဟုတ်ပါဘူးမေရဲ့...လည်မှာသိုင်းဖို့ပါ...။ မေ ကားမောင်းတော့ လေတိုးမှာ စိုးလို့ပေါ့"

အသေးအဖွဲကလေးတွေကအစ ကြင်နာတတ်သူ အောင့်ကို ကျွန်မချစ်ခင်မိတာ မဆန်းပါ။ ကျွန်မကိုမှမဟုတ် သူငယ်ချင်းတွေအားလုံးကို အောင် ညာတာစာနာတတ်တာ ကျွန်မသိပါ၏။ မိန်းမသားတွေကို ညာတာတတ်သော အထက်တန်းကျသည့်စိတ်ဓာတ်ကို ကျွန်မ လေးစားသည်။ နောက်ထပ်အသေးအဖွဲကလေး တစ်ခုကို အောင် တွေ့ပြန်သည်။ ကားရှေ့ခန်းခုံပေါ်မှာ တင်ထားခဲ့သည့် နှင်းဆီဝါ အနွမ်းကလေးတစ်ပွင့်။

"ဒါ မနေ့ညက မေပန်တဲ့ပန်းကလေးမှတ်လား...တို့နှစ်ယောက် ပြန်ဆုံခြင်းအထိမ်းအမှတ် နှင်းဆီပွင့်ကလေး မေရ...သိမ်းထား...။ မေ ညက အိပ်ပျော်သလား...အောင်တော့ ဟိုတယ်ပြတင်းပေါက်က မြင်ရတဲ့လ ခြမ်းကလေးကို သန်းခေါင်ကျော်တဲ့အထိ ကြည့်နေတာ..."

ညက ကျွန်မလည်း ဆန်းစသော်တာကလေးကို ကြည့်ခဲ့မိပါ၏။ လရောင်ကို ကျွန်မသိပ်စွဲလမ်းသည်။ ကောင်းကင်မှာ ချိတ်ဆွဲထားသည့် မီးအိမ်တစ်လုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com



တူသည်ဟု ဖွဲ့နွဲ့ခဲ့သော ဆရာမကြီးအားကို ကျွန်မအံ့သြရသည်။ ညက လရောင် ကြယ်ရောင်နှင့် ကျွန်မသာ နိုးနေခဲ့တာမဟုတ်၊ အောင်ကလည်း လခြမ်းကွေးကွေးကို ငေးနေသည်ဆိုနေပါရော့လား။ မျက်နှာချင်း လမင်းမှာဆုံတယ်ဆိုတာ ဒါမျိုးပေ လား…။

'တရေးနိုးချိန်
မိုး၏မီးအိမ်၊ ဝင်းပြည့်ထိန်သော
စိန်ကြယ်သေးညွန့်၊ မိုးလုံးလွှန့်သော
ခင်းပြန့်ပန်းလွှာ၊ ဝရန်တာ၏
တစ်ရာသီအား၊ တစ်ညမွေး၍
ပွဆွေးယဲ့ပန်း၊ ဘာမှန်းမသိ
ထိုင်မိထိုင်ရာ၊ နာရီကြာလည်း
ကြာသည်ကိုမေ့၊ မချမ်းမြေ့ဘူး…'

ကျွန်မအတွေးနှင့်ကျွန်မ ရှိနေစဉ်မှာ အောင်က မထင်မှတ်ဘဲ စကား တစ်ခွန်း ဆိုလေ၏။

"မေ့ဘဝကို အခုလို တင့်တောင့်တင့်တယ်မြင်ရတာ အောင် စိတ်ချမ်းသာ ပါတယ်"

အောင် ဘာဆိုလိုမှန်း ကျွန်မသဘောပေါက်ပါ၏။ ကျွန်မကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော စိန်ပွင့်စိန်ခက်ကလေးတွေကို ပြောနေခြင်းမဟုတ်ဘဲ ခြားနား သွားသောကာလနှင့် အခြေအနေကို ပြောနေခြင်းဖြစ်၏။

"ကဲ…ခင်ခင့်ဆီ သွားရအောင်…ဟိုကျ အောင် တန်းနှုတ်မဆက်နဲ့နော်"

ကျွန်မက ကားကို မြို့သစ်ဘက် ဦးတည်မောင်းခဲ့သည်။ သိပ္ပံလမ်းအတိုင်း အရှေ့ကို မောင်းလာခဲ့တော့ အောင်က မြင်ကွင်းတွေကို အံ့သြနေလေသည်။ ဟိုတုန်း က သည်ဘက်လမ်းကို ကျွန်မတို့က မန္တလေးတက္ကသိုလ်တောင်ဘက် ထွက်ပေါက် လမ်းအဖြစ် အသုံးပြုခဲ့ကြသည်။ တက္ကသိုလ်တောင်ဘက်ပေါက်က ထွက်၊ ဆင်ပြ ကန်သချိုင်းဘက်ကိုချိုးပြီး ဘုရားကြီးဘက်ကို သွားနေကျ။ လမ်းတောင်ဘက်ဆေ မှာ စပါးကွင်း လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ…။ လယ်ကွင်းစပ် ကန်သင်း ပေါင်များတွင် တက္ကသိုလ်စုံတွဲများ ထိုင်လေ့ရှိကြသည်။ ဝါသနာကို မစွန့်နိုင်ကြသေ ခပ်ပျော်ပျော်ကျောင်းသားတွေက လယ်ကွင်းဘက်ကို အတွဲချောင်းထွက်ကြတာလေ ရှိသည်။ အခုတော့ သည်နေရာတွေက တိုက်တာအဆောက်အအုံကြီးတွေ ရှိနေပြ ကျွန်မက တောင်ဘက်ကို ချဲ့လာခဲ့သော မြို့သစ်တွေအကြောင်း ပြောပြသည်



"ဟိုတုန်းက အောင်တို့တစ်တွေ သည်ဘက်ကို သွားရကောင်းမှန်းတောင် မသိကြဘူး…တက္ကသိုလ်က မြို့အဖျားဆုံးလို ဖြစ်နေတော့ မြို့တွင်းနဲ့ အလှမ်းကွာတဲ့ သီးခြားနေရာတစ်ခုလို ဖြစ်နေတာနော်မေ…"

ကျွန်မက အောင့်ကို မြို့သစ်တစ်ပတ် ပတ်ပြပြီးမှ ခင်ခင့်အိမ်ကို ခေါ်လာ ခဲ့သည်။ ကျွန်မက ကားဟွန်းတီးလိုက်တော့ ကျွန်မကားရှိရာကို ခင်ခင် ပြေးထွက် လာသည်။

"ဒါ ခင်ခင်တို့အိမ်ပဲ အောင်…ဆင်းလေ…"

ခင်ခင့်ကိုရော အောင့်ကိုရော မိတ်ဆက်မပေးဘဲ ကားဘေးမှာ ကျွန်မ တမင်ရပ်နေလိုက်သည်။ နှစ်ပေါင်းနှစ်ဆယ်စာ ဝေးကွာခဲ့ရသော သူငယ်ချင်း တစ်ယောက်ကို ခင်ခင် ဘယ်လောက်မှတ်မိသလဲ သိချင်လို့ဖြစ်ပါသည်။ ခင်ခင်က ဧည့်သည်ကိုတစ်လှည့် ကျွန်မကိုတစ်လှည့် ကြည့်နေသည်။ အောင့်ကို မမှတ်မိတာ သေချာသွားပြီ။

"သိရီမေ…ဧည့်သည်ကို ခေါ်လေဟယ်…အိမ်ထဲကြွပါရှင့်"

"ဟုတ်ကဲ့ပါ…နေကောင်းရဲ့လား မခင်…။ မခင်နဲ့တွေ့ချင်လို့ ရောက် အောင်လာတာ…"

ခင်ခင်က ကျွန်မကို ဘယ်လိုလဲဆိုသည့်ပုံဖြင့် ခပ်ကြောင်ကြောင် လှမ်း ကြည့်သည်။ ခင်ခင့်အမူအရာကြောင့် ကျွန်မ မရယ်မိအောင် ထိန်းနေရသည်။ ခင်ခင်တို့ခြံထဲက စိုက်ခင်းကလေးတွေကို စိတ်ဝင်စားသလို လုပ်နေခဲ့သည်။

ခင်ခင်က ကျွန်မဘက်ကိုလှည့်ကာ ဇဝေဇဝါဖြင့် မေးနေပြန်၏။

"သိရီမေ…ဘာတဲ့လဲ…လာလေ အိမ်ပေါ်ကို…ဧည့်သည်ကိုခေါ်လေ… နင့်ဟာက မတ်တတ်ကြီး…"

"သန်းခေါင်စာရင်း ကြည့်ချင်လို့ပါတဲ့ဟယ်…ပြလိုက်ပေါ့"

ကျွန်မက နောက်တော့ ခင်ခင့်မျက်နှာ ပျက်သွားသည်။

"အဲတော့…သန်းခေါင်စာရင်း"

အောင်က ခင်ခင့်ကိုကြည့်ရင်း ပြုံးပြသည်။ အောင် ရောက်လာလိမ့်မည် မထင်တော့ ဘယ်သူများပါလိမ့်ဆိုသည့်ပုံဖြင့် အကဲခတ်သည်။ ဒါကပဲ ရယ်စရာ ကောင်းနေတော့ ကျွန်မမှာ မနည်းအောင့်နေရသည်။

"မခင်ဆိုတာ ခင်ခင့်ကိုပြောတာလား…"

"ဟုတ်ပါတယ်…မခင်ခင်ကိုပြောတာပါ…မှတ်မိလား"

"နေပါဦး…အဲ…"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ခင်ခင်ဆိုလို့သာ ခင်ခင်လိုက်ရသူ အောင်ကလည်း ခင်ခင့်ကို ကြည့်ရင်း အံ့သြနေမှန်း သိသာသည်။ ဝဝဖိုင့်ဖိုင့် အရွယ်ရမိန်းမကြီးတစ်ယောက်လို ဖြစ်နေသော ခင်ခင့်ကို ကျွန်မကသာ နာမည်မခေါ်လျှင် အောင်ကိုယ်တိုင်ကလည်း မှတ်မိမည်မထင်။ ခင်ခင်က အစဖော်လို့မရတော့ ကျွန်မကို စစ်ကူတောင်းပြန်သည်။

"ဟဲ့ သီရိမေ…ဧည့်သည်နဲ့ မိတ်ဆက်ပေးဦးလေဟယ်…"

"နင်သေချာကြည့်လေ…သူ ဘယ်သူလဲဆိုတာ…"

ခင်ခင်က လျှောကျနေသောမျက်မှန်ကို မ,ကြည့်သည်။ မျက်မှောင်ကို ကြုတ်လိုက် ပြန့်လိုက်နှင့် စဉ်းစားဟန်ပြသည်။ နောက်ဆုံးတော့ သူ့မှတ်ဉာဏ်ထဲ လုံးဝမရှိသူတစ်ယောက်အတွက် ပန်းပေးလိုက်ပုံဖြင့် ခေါင်းခါလေ၏။

"အောင်လေ ခင်ခင်ရဲ့…တို့သူငယ်ချင်း အောင်နိုင်သူကို နင်မမှတ်မိတော့ဘူးလား…"

"ဟယ်…ဒါ အောင်…ဟုတ်လို့လား…အောင်က အမေရိကားမှာ ဆိုလားလို့…အို ဟုတ်ပါရဲ့ အခုမှ ရုပ်မနည်းဖမ်းယူရတယ်…ဟယ် ဟုတ်ပါရဲ့… အောင်…အောင်ကြီးရယ်…"

ခင်ခင်က သည်တော့မှ အူတက်အောင် တသိမ့်သိမ့်ရယ်လေသည်။ အောင်မှန်းသိတော့လည်း ခင်ခင်တစ်ယောက် ဝမ်းသာအဲလဲရှိရှာပါသည်။ အောင့်လက်ကိုဆွဲကာ အိမ်ထဲခေါ်သွားသည်။ ခင်ခင့်သားသမီးသုံးယောက်စလုံး အလုပ်သွားကြပြီထင်၏။ ခင်ခင်က ကော်ဖီတွေပြေးဖျော်ကာ ဧည့်ခံသည်။ ကျောင်းတုန်းက ကျွန်မနှင့်အောင့်ကို စကြသည့်အကြောင်းတွေ ရောက်သွားတော့ ကျွန်မမှာ အနေရခက်နေသည်။ အောင်ကတော့ သူ့ထုံးစံ အေးအေးငြိမ်ငြိမ်။ ခင်ခင့်ကိုကြည့်ရင်း မယုံနိုင်သလို ဖြစ်နေတာကတော့ မပျောက်။ ခင်ခင်ကလည်း အောင့်ကို မယုံနိုင်သလို ကြည့်နေတာပါပဲ။ တစ်ခါက ကျောင်းရိပ်ဝန်းကျင်မှာ ခင်ခဲ့မင်ခဲ့ကြတာကိုလည်း သတိရနေပုံပေါ်ပါသည်။ အောင့်လို တစ်ပြည်သားတစ်ယောက် ရောက်လာတာကိုလည်း ရှက်ရွံ့အားနာဟန်ရှိလေသည်။

"အောင်ရယ်…တို့တွေ ကျောင်းတုန်းက ဘဝတွေကို သတိရလိုက်တာ ဟယ်…မိဘထမင်းအိုးထဲက ထမင်းနဲ့ ကျောင်းတက်ခဲ့ရတာဆိုတော့ ဘာအပူအပင်မှ မရှိခဲ့ကြဘူးနော်…တက္ကသိုလ်ရိပ်မှာ ပျော်လိုက်ရတာ… အခုတော့ ကိုယ့်ထမင်းအိုးနဲ့ ကိုယ်ဆိုတော့ ထမင်းကျင်း နက်ပြီ အောင်ရဲ့"



အောင်က ခင်ခင့်စကားတွေကို နားထောင်ရင်း စိတ်မကောင်းဖြစ်နေသည်။ ဘဝသံပါသော ဘဝထဲကလာသော စကားတွေ ခင်ခင်ပြောတတ်နေခဲ့ပြီ။ ခင်ခင့်ခမျာ ကျောင်းတစ်ဝက်တစ်ပျက်နှင့် ကျောင်းကထွက်ခဲ့ရသည်။ အိမ်ထောင်ကျ စောလေခြင်းရယ်လို့ ကျွန်မတို့သူငယ်ချင်းတွေ ဘူပူပူလုပ်ခဲ့ကြတာကိုလည်း သတိရမိ၏။ သူ့အိုးသူ့အိမ် ထူထောင်ခဲ့သော်လည်း မပြေလည်ခဲ့ရှာသည့်ဘဝ။

"အောင် မိန်းမ ရပြီလား…အမေရိကန်သူတော့ မယူပါနဲ့ဟယ်… ထောပတ်နံ့ နံနေပါဦးမယ်…"

ကျွန်မက ခင်ခင့်ကို လှမ်းဟန့်သော်လည်း မရပါ။ အောင်ကလည်း စိတ်မဆိုးပါ။

"အမေရိကန်မတွေ ထောပတ်နံ့နံတယ်လို့ မခင်ကို ဘယ်သူပြောလဲ… ထောပတ်နံ့မဟုတ်ပါဘူးဗျာ…မာဂျရင်းနံ့ပါ"

"ပြောသာပြောရတာပါ အောင်ရယ်…ကိုယ့်မြန်မာမိန်းကလေးယူတာ တော့ အကောင်းဆုံးပေါ့။ ကိုယ့်ကို နားလည်နိုင်မယ့်မိန်းကလေး ရှာယူ။ အိမ်ထောင်ပြုရတာလည်း ထီထိုးရသလိုပဲ အောင်ရဲ့"

ခင်ခင်က မရှူမကောင်း ပြောနေတာကိုပဲ အောင်က ခေါင်းတညိတ်ညိတ်။

"မြန်မာမိန်းကလေးယူတာတော့ ဟုတ်တာပေါ့မခင်ရဲ့…အောင့်ကို ကြိုက်ဦးမှကိုး…မာနကြီးတဲ့မိန်းကလေးဆိုရင် ဘယ့်နှယ်လုပ်မလဲ"

ခင်ခင်က ရယ်သည်။

"မိန်းကလေးဆိုတာ မကြိုက်တဲ့လူအပေါ်သာ မာနကြီးတာပါ အောင်ရယ်…ကြိုက်တဲ့လူကျရင် မာနတွေ အရည်ပျော်ကုန်ရတာချည်းပါပဲ"

"ဟုတ်ရဲ့လား မခင်ရဲ့…ပြောစမ်းပါဦး"

"ဟောတော့…အမေရိကန်မှာ အနှစ် နှစ်ဆယ်လောက် နေခဲ့ပြီး ဘာမှ မသိသေးပါလား…ဇန်နဝါရီဟောလစ်မရှိပါလားနော်…ဥပမာ သီရိမေကို ကြည့်ပါလား"

ခင်ခင်က General Knowledge ကို ဇန်နဝါရီဟောလစ် ဆိုလိုက်သဖြင့် ပြုံးမိရသည်။ ကျွန်မဘက်လှည့်လာသဖြင့် စကားဝင်ဖြတ်ရသည်။

"ခင်ခင်…ငါ့ဆွဲမထည့်နဲ့…နင်တို့ကိစ္စ နင်တို့ပြောကြ…ဘာသိရီမေလဲ"

"ဟုတ်တယ်လေဟယ်…နင် ကျောင်းတုန်းက မာနကြီးတာပဲ…အောင်ကျတော့ နင်ပျော်တာပဲမဟုတ်လား…ဟုတ်တယ်အောင်ရဲ့…ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ပိတ်လို့ မြင်းခြံပြန်ရောက်ရင် သည်မိန်းမ အောင့်အကြောင်းပြောရတာ အမော”

ကျွန်မတော့ ခေါ်လာမိတာ မှားလေပြီ။ ခင်ခင်က မလျှော့ပေ။ ကျွန်မ ဂုဏ်ထူးတန်းတက်စဉ်က အောင် ပေါ်မလာလို့ ဝမ်းနည်းအားငယ်ဖြစ်ခဲ့ရပုံတွေကို စီကာပတ်ကုံး ပြောနေလေတော့သည်။ ခင်ခင်က ပဲစင်ကလေးအောက်မှာ ဆက်တီ ဟောင်းကလေးတွေ ချခင်းကာ ခေါက်ဆွဲသုပ် ပြေးဝယ်ဖို့ပြင်သည်။ ကျွန်မက စားသောက်ပြီးခဲ့ကြောင်း တားရသည်။

“အောင်ရယ်...ယောကျ်ားသားဖြစ်ဖြစ်၊ မိန်းမသားဖြစ်ဖြစ် ဘဝကြင်ဖော် ဘဝလက်တွဲဖော်ဆိုတာ အရေးကြီးပါတယ်။ ငါ အိမ်ထောင်ကျတော့ ပညာတစ်ပိုင်းတစ်စနဲ့ပေါ့...ငယ်လည်းငယ်သေးတယ်။ တစ်ဘဝလုံး ပေါင်းဖက်ရမယ့် ခရီးဖော်အဖြစ် ရွေးချယ်ပြီး ပေါင်းဖက်ခဲ့တာပါ။ ထင်သလိုပါပဲ...ကိုမြတ်က ကြင်နာခဲ့ပါတယ်။ ကိုယ်စွမ်းရှိသလောက် လုပ်ကိုင်ကျွေးမွေးခဲ့ပါတယ်။ သားသမီးသုံးယောက်ရတော့ ပိုပြီးပင်ပန်း လာကြတယ်။ ကလေးကျောင်းကတစ်ဖက်၊ စားဝတ်နေရေးက တစ်ဖက်နဲ့ဆိုတော့ မလောက်ငနိုင်ခဲ့ကြဘူး...မြင်းခြံက ပွဲရုံနောက်ဖေး တန်းလျားလေးထဲကကို မတက်နိုင်ခဲ့ပါဘူးအောင်ရယ်...နောက်တော့ သူ အရက်သောက်တတ်လာတယ်...နောက်တော့ ကိုမြတ် ဆုံးသွားရှာ တယ်။ ပြေးနေတဲ့လှေ သွားတုန်း တက်ကျိုးတာမဟုတ်ဘူးဟဲ့...လှေက ရွေ့တယ်ဆိုရုံကလေး ရွေ့နေတဲ့လှေကလေး...ပြေးနေတဲ့လှေ သွားတုန်း တက်ကျိုးတာကမှ အရှိန်ကလေးနဲ့ ရှေ့ကိုရောက်နိုင်သေးတယ်...အခု တော့ တက်ကျိုးတာနဲ့ လှေလည်း ငြိမ်သွားတယ်ဆိုတာမျိုးပဲ”

“ကိုမြတ်က ဘာရောဂါနဲ့ဆုံးတာလဲ မခင်”

“အစုံပါပဲ အောင်ရယ်...တီဘီရော၊ အရက်ရောပေါ့...သူ့ရောဂါသူ မကုနိုင်ခဲ့ပါဘူး...လုံးပါး ပါးရှာတာပါ”

အောင် စိတ်ထိခိုက်သွားပုံရသည်။ ခင်ခင့်ပခုံးတွေကို ကိုင်ကာ နှစ်သိမ့် သည်။

“မြင်းခြံမှာ သားအမိလေးယောက် ကသီလင်တဖြစ်နေတော့ သီရိမေက ချက်ချင်းပဲ လာခေါ်တယ်...အကြီးနှစ်ယောက်ကို သူ့ကုမ္ပဏီမှာ အလုပ် ခန့်တယ်...အငယ်မကို ကျောင်းဆက်ထားပေးတယ်...နေစရာ ထိုင်စရာ



အထိပါပဲ အောင်...မယ်မင်းကြီးမပဲ တာဝန်ယူခဲ့တာပါ...အခုတော့ သားအမိတစ်တွေ အရိပ်ကောင်း ခိုနေရပါပြီ...တို့လိုမိသားစုမျိုးတွေ သီရိမေ စောင့်ရှောက်ထားတာ အများကြီးပဲ အောင်”

အောင်က ကျွန်မကို လှမ်းကြည့်နေသည်။ အောင့်မျက်လုံးတွေထဲမှာ ကျွန်မကို လေးစားကြောင်း အရိပ်တွေ ပါနေတာ သတိထားမိပါ၏။

“ခင်ခင်...အောင်က ရက်မရဘူး...ညနေ လေဆိပ်ဆင်းရမှာ...သူငယ် ချင်းတွေနဲ့လည်း ဆုံမပေးနိုင်တော့ဘူး...ငါတောင် မင်းသားကို မျက်နှာတော်ဖူးရုံ တွေ့ရတာပါပဲဟယ်...တို့ပြန်တော့မယ်”

ကျွန်မတို့ကို ခင်ခင်က ကားအနားထိလိုက်ပို့သည်။ အောင်က စကား တစ်ခွန်းတော့ ပြောခဲ့သည်။

“မခင်ရယ်...လောကဓံဆိုတာ သည်လိုပါပဲ...ကောင်းတစ်လှည့် ဆိုး တလှည့်ပေါ့...မတုန်မလှုပ် ခံနိုင်ဖို့ပဲလိုတယ်...မခင်မှ ချစ်သူနဲ့ ကွေကွင်း ရတဲ့ဒုက္ခ ခံစားရတာမဟုတ်ပါဘူး...အောင်လည်း သည်ဒုက္ခ ခံစားခဲ့ ရတာပါပဲ...အောင် ကိုယ်ချင်းစာပါတယ်”

အောင်က သူ့လက်ကိုင်အိတ်ထဲက ငွေစက္ကူတစ်ထုပ် ထုတ်ယူကာ ခင်ခင့်လက်ထဲ ထည့်ပေးသည်။ ခင်ခင်က ငြင်းသော်လည်း အောင်က ဖွတ်ပေးနေ သဖြင့် မငြင်းသာတော့။

“မခင်ကလေးတွေကို ရပ်ဝေးက မမေ့သူငယ်ချင်းက မုန့်ဖိုးပေးတာလို့ ပြောပြပါ”

ကျွန်မတို့ ကားပေါ်ရောက်တော့ ခင်ခင်က မျက်ရည်ကျနေသေးသည်။

“အောင် ပြန်တော့မှာပေါ့...ဟုတ်လားအောင်...အောင်ရယ် ဟိုမှာမပျော် တဲ့အခါ ကိုယ့်တိုင်းပြည်ကို ပြန်လာခဲ့ပါ...တို့တွေကို စောင်းတီးပြလှည့် ပါဦး”

ခင်ခင့်စကားကြောင့် ကျွန်မ မျက်ရည်ဝိုင်းမိခဲ့ရပါ၏။ ကျွန်မ ကားကို မောင်းထွက်လာခဲ့သည်။ အောင်က ခင်ခင့်အကြောင်း တွေးနေပုံရသည်။ ငြိမ် လျက်...။ အောင့်ကို တောင်သမန်ပို့ချင်သေးသဖြင့် ရန်ကုန် – မန္တလေးလမ်းဘက် ကို ထွက်လာခဲ့သည်။ အောင်က ကျွန်မ၏ စောင့်ရှောက်ကူညီတတ်သောစိတ်ဓာတ် ကို လေးစားကြောင်းတွေ ပြောနေခဲ့သည်။

“အဲဒါပေါ့ အောင်...စီးပွားရေးလုပ်ငန်းက သိပ်ကို အောင်မြင်လာခဲ့ ကယ်...ဖေဖေတို့ မေမေတို့ စ,ခဲ့တဲ့အခြေအနေတုန်းကတော့ အိမ်တွင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ဖြစ်လောက်ပဲ…မေမေ ပင်စင်ယူလိုက်တော့ သည်သနပ်ခါးလုပ်ငန်းကလေးက ရတဲ့ငွေနဲ့ပဲ မေတို့မောင်နှမသုံးယောက် တက္ကသိုလ် ခြစ်ခြုတ်တက်ခဲ့ရတာ အောင်အသိပဲ…။ ဘွဲ့လွန် တက်ခဲ့စဉ်တစ်လျှောက်လုံး မေ့မှာ အဆင်မပြေခဲ့ဘူး…မောင်လေးဘွဲ့ရတော့ လုပ်ငန်းကို မန္တလေးရွှေ့တယ်…နည်းပညာအရရော ထုပ်ပိုးပုံနည်းစနစ်အရရော မီဒီယာကြော်ငြာတွေသုံးပြီး အောလိုက်တဲ့အခါကျတော့ ဝယ်လိုအားတွေ တိုက်လာတယ်…ဒါပေမဲ့ မေတို့မှာ လုပ်ငန်းမတိုးချဲ့နိုင်ခဲ့ဘူး…မောင်နှမနှစ်ယောက် တိုင်ပင်ပြီး ဘဏ်က ငွေချေးတယ်…ရှယ်ယာရှာတယ်…တအားကို ရုန်းကန် ထိုးဖောက်ရတာ…။ အဲသလို ရုန်းကန်မဟဲ့ရယ်လို့ အားယူလိုက်တုန်းမှာပဲ မောင်မောင်ဆုံးရှာတယ်…။ အဲသည်အချိန်မှာ မေမေရော မေမေရော စိတ်ထိခိုက်ပြီး စိတ်ကျသွားကြတယ် ထင်ပါရဲ့…ယူထားတဲ့ဘဏ်ကြွေးတွေရော ပြင်ဆင်ထားတဲ့လုပ်ငန်းတွေရော ဘယ်ကစလို့ ဘယ်လိုကောက်ကိုင်ရမှန်းတောင် မသိခဲ့ပါဘူးအောင်ရယ်။ သည်ကြားထဲ မေမေက လေဖြတ်ပြီး ကိုယ်တစ်ခြမ်းသေသွားခဲ့ရှာတယ်လေ…"

ကျွန်မ မျက်ရည်တွေ သွန်ကျလာသည်။ အနှစ် နှစ်ဆယ်အတွင်း ကျွန်မဘဝ၏ တစ်စိတ်တစ်ပိုင်းဆိုတော့ အောင်က ငြိမ်လျက် နားထောင်နေပါသည်။ ကားက တောင်မြို့ကိုဝင်တော့မည်။ တကယ်တော့ ကျွန်မအကြောင်းကို ကျွန်မကိုယ်တိုင်က မပြောချင်ဆုံးပင်။ သို့သော် ကျွန်မရောက်ချင်သည့် အကြောင်းအရာက ပရဟိတလုပ်ငန်းဆီဆိုတော့ ပြောမှလည်း ဖြစ်မည်။ အောင်က စကားတစ်ခွန်း မေးလိုက်တော့ ကျွန်မရင်မှာ ဆို့နင့်သွားခဲ့ရသည်။

"သည်တုန်းက မေ သိပ်အားငယ်သွားမှာပေါ့နော်"

"အားငယ်တာတင်မကပါဘူးအောင်…သည်မိဘ သည်မောင်နှမတွေအားလုံး ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့ကြတဲ့လုပ်ငန်းကြီး မေ့ခေါင်းပေါ်ရောက်လာပြီ ဆိုတာကို မေ နောက်မတွန့်ခဲ့ပါဘူး…မေ သတ္တိမနည်းဘူးအောင်…ဖြစ်သမျှ ရင်ဆိုင်မယ်ဆိုတဲ့စိတ်နဲ့ မေ ကျောင်းကထွက်လိုက်ရတယ်…သည်လုပ်ငန်းကြီးကို ကောက်ကိုင်ရတာတွေတော့ ကြုံမှပြောပြပါဦးမယ်…မောင်မောင်ဆုံးပါးသွားတာ မေ့အနားက အနီးဆုံးသူရဲကောင်းတစ်ယောက် စစ်မြေပြင်မှာ ကျဆုံးသွားသလို ခံစားခဲ့ရ



တယ်…ရန်သူတွေ တဖွဲဖွဲ တက်တက်လာတဲ့ စစ်တလင်းပြင်မှာ လက်ပန်းကျချင်ချင်ဖြစ်နေတဲ့ စစ်သူရဲကောင်းတစ်ယောက်လို မေ့မှာ ရှိတဲ့အားတွေ လျှော့ချလို့လည်း မဖြစ်၊ စစ်ကူလည်းမရှိ၊ လဲပြိုလုလု ပါပဲ အောင်"

အောင့်ဆီက ဘာစကားတစ်ခွန်းမှ ထွက်မလာဘဲ ကျွန်မတို့မိသားစုကို ပုံဖော်နေပုံရသည်။ တကယ်တော့ စီးပွားရေးလုပ်ငန်းဆိုတာကလည်း စစ်မြေပြင်မှာ စစ်ပရိယာယ်တွေ အားပြိုင်တာနဲ့တူကြောင်း အောင် သဘောပေါက်မည် ထင်ပါ၏။ လုပ်ငန်းတစ်ခု အောင်မြင်အောင် ကြိုးပမ်းရတာကို ကိုယ်ချင်းစာနေတာလည်း ဖြစ်နိုင်သည်။

"ထားပါတော့အောင်…မေ့အကြောင်းတွေ ဆက်သွားရင် ဘေးချော်သွားလိမ့်မယ်…။ သည်လိုနဲ့ အောင်မြင်လာတော့ မေ့မှာ စဉ်းစားစရာတွေ ရှိလာတယ်…သည်အောင်မြင်မှုကရတဲ့ အသီးအပွင့်တွေကို ဝေမျှရမယ်ဆိုတဲ့ အသိပါ…သည်ကတည်းက လူတွေကို မေ စောင့်ရှောက်တယ်…ဖေးမကူညီတယ်…မေ့ကြောင့် စိတ်ချမ်းသာတဲ့အဖြစ်ကို ရောက်စေချင်ခဲ့တယ်…ဘာသာတရားအရ လှူဒါန်းတယ်…လူမှုရေးအသင်းအဖွဲ့တွေကို အားဖြည့်လှူဒါန်းတယ်…အခုလည်း မေ ဖောင်ဒေးရှင်းတစ်ခု ထပ်လုပ်ချင်နေတယ်…အောင်ကူညီဖို့က ပရဟိတ ဖောင်ဒေးရှင်းတစ်ခုရဲ့ စည်းမျဉ်းတွေ အောင် ရေးဆွဲပေးစေချင်တယ်…ချက်ချင်းတော့ မဟုတ်ပါဘူး"

"စိတ်ချပါမေ…အောင် သာဓုခေါ်ပါတယ်…လူသူတော်ကောင်းဆိုတဲ့ စကားအဓိပ္ပာယ်ဟာ အဲသည်တစ်ယောက်တည်း ကောင်းနေတယ်ဆိုတဲ့ အဓိပ္ပာယ်ထက် ကျယ်ဝန်းပါတယ်…သူ့ကြောင့် အများသူငါ ချမ်းသာခြင်းကို ဆောင်ယူနိုင်တယ်ဆိုတဲ့ သဘောလည်း ပါပါတယ်"

"အောင်ရယ်…သူတစ်ပါးအကျိုးကို ဆောင်တယ်ဆိုတာ မွန်မြတ်တဲ့ လုပ်ငန်းဆိုတာ မေသိလို့လည်း ဆောင်နေတာပါ…ဒါပေမဲ့ မေ့ဘဝကို အောင်သိစေချင်တာလေးတွေ ရှိသေးတယ်…။ ဆိုပါတော့… မေ့ရဲ့ အောင်မြင်မှု၊ မေ့ရဲ့ ဂုဏ်သတင်းတွေကြောင့်ပဲ မေ့မှာ ဥပေက္ခာပြုခြင်း ခံရဖို့အကြောင်း ဖြစ်လာတာကို အောင်က သိမှမသိသေးဘဲနဲ့…"

"ဘယ်လို မေ…"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်...ဒါကိုပြောမှ ပြည့်စုံမှာဆိုတော့ မေ မပြောချင်ပေမယ့် ပြောရတော့မှာပဲ...မေ့မှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်...မေ့လုပ်ငန်းက ဒါရိုက်တာတစ်ယောက်ပဲ...နာမည်က ကိုရဲမိုး တဲ့...သူကပဲ မေ့ကို ချဉ်းကပ်ခဲ့တယ်...မေကလည်း သူ့ရဲ့ လုပ်ရည်ကိုင်ရည် တည်ကြည်မှုနဲ့ အားကိုးရမှုတွေအပေါ်မှာ မေတ္တာတုံ့ပြန်ခဲ့တယ်...ဒါပေမဲ့ ချစ်သူအဖြစ် သုံးနှစ်လောက် လက်တွဲခဲ့ပြီးကာမှ မေ့ကို အကြောင်းရှာတာတွေ ဖြစ်လာတယ်...ဆိုလိုတာက မေ့ရဲ့အောင်မြင်မှု ကြွယ်ဝမှုနဲ့ ထင်ရှားလာမှုက သူ့အပေါ်မှာ လွှမ်းမိုးနေတာမျိုး မဖြစ်ချင်ဘူးတဲ့...ဘယ်လောက်ထိလဲဆိုရင် သည်စည်းစိမ်ဥစ္စာတွေကြောင့် လက်ထပ်ယူတယ်ဆိုတာမျိုး အများအမြင်မှာ အမြင်မခံချင်လို့တဲ့...။ ဆွေးနွေးကြတာကတော့ အများကြီးပေါ့ အောင်... ထားပါတော့..."

"တော်တော်ကြောင်တဲ့ အတွေးအခေါ်ပဲ မေ...သူ နဂိုက ဒါတွေ မစဉ်းစားခဲ့ဘူးလား...မေ့ကို နားလည်တယ်ဆိုတာ ဘာတွေလဲ...ချစ်သူတွေဖြစ်မှတော့ ကောင်းဒဏ် ဆိုးဒဏ် ဝေမျှခံကြရတာပဲမေ"

"တစ်ချက်ရှိသေးတယ် အောင်"

"ပြောပါဦး"

"မေက သူ့ထက် အသက်ကြီးလို့တဲ့...သူမျှော်လင့်တဲ့ဘဝဟာ ဝေါးသွားမှာစိုးတယ်တဲ့...ဒါကတော့ အကျည်းတန်လှတဲ့ အကြောင်းပြချက်ပေါ့အောင်...။ အဆိုးဆုံးကတော့ မေနဲ့ သံယောဇဉ်ရှိနေတဲ့ကြားက သူ သစ္စာမဲ့ခဲ့တာပဲ...ဒါတွေ မေ မသိသလိုနေခဲ့ပါတယ်...ဒါပေမဲ့ သူ မပိရိဘူးအောင်...ငှက်ကုလားအုပ်တစ်ကောင်ဟာ သူ့ခေါင်းကို တွင်းထဲ ဝှက်ပြီး လုံခြုံလှပြီ ထင်နေသလိုပေါ့"

အောင်က လေတစ်ချက်ချွန်လိုက်သည်။ အံ့သြခြင်းကြီးစွာဖြင့် ကျွန်မကို စိုက်ကြည့်နေသည်။ ကျွန်မ ဘာတွေပြောမိပါလိမ့်။ ကျွန်မရင်ထဲမှာ စကားလုံးတွေ အလိပ်လိပ်ထနေသော်လည်း ရိုက်ခတ်စရာကမ်းခြေမရှိသည့် လှိုင်းတွေလို ဖြစ်နေခဲ့သည်။ အခုတော့ အောင့်ကမ်းခြေကို ရိုက်မိခဲ့ပြီ။ ကျွန်မရင်ထဲကစကားတွေ သွန်ချမိခဲ့ပြီ။ ခဏတစ်ဖြုတ် ရောက်လာသူကို ဇာတ်ကြီးဆယ်ဘွဲ့ ဟောမိလေသလား။ စကားလုံးတွေ ထွက်ကျမလာတော့ မျက်ရည်တွေသာ သွန်ကျလာခဲ့သည်။

"ဘယ်တုံးကမှ မငိုခဲ့တဲ့မေဟာ ညတိုင်း ထမင်းလုံးတစ္ဆေခြောက်ခံရသလို အိပ်ရမှာကိုတောင် ကြောက်နေခဲ့မိတယ်...မေကတော့ ကဗျာတစ်ပုဒ်ထဲ



ကလိုပါပဲ... *'တေးမဖြစ်လို့ စိတ်ညစ်ထိုင်ပြီး သီချင်းညည်းမယ် စည်းဂျပ်သံလွှင် ကောက်ယူငင်လိုက် ရင်မှာပြည့်ညပ် ကျပ်နေတာတွေ ငွေသံကျော့ရှ မလှ လှအောင် ဂီတအဖြစ် ကူးပြောင်းဖြစ်ဆဲ ဆန်းသစ်ကာရန် ပြန်ကာကောက်'* ဆိုတာမျိုးပေါ့။ အခုတော့ မလှ လှအောင် ကာရန်တွေ ကောက်နေရတာမျိုး၊ မလှ လှအောင် ဂီတဖွဲ့နေရတာမျိုးပါ အောင်..."

ဆရာမ ကြည်အေး၏ကဗျာတစ်ပုဒ်ကို ကျွန်မရွတ်ရင်း ပြောပြမိခြင်းဖြစ်၏။ ကျွန်မအဖို့ ကဗျာစကားလုံးတွေကတစ်ဆင့် တွေးစရာတွေ ဖြေစရာတွေ ရယူခဲ့သည့်အကျင့် စွဲနေခဲ့ပြီ။ အောင်က ကဗျာကို ဆက်ရွတ်နေသေး၏။

"ကဗျာက ကျန်သေးတယ်မေ... *'အယောင်လွှန်ပြီး သံအန်ထွက်သွားလန့်တကြားနိုး မေ့မှာစိုး၍ တိုးတိုးတေးဆက် ဆိုတစ်ဝက်မှာ မေ့လက်ဆုပ်ကိုင် ဘေးမှာထိုင်တာ မောင်ပါကော'* တဲ့..."

အောင်က ကဗျာတွေ ရနေသေးတာပဲ။ တစ်ပြည်တစ်ရွာမှာ သည်ကဗျာတွေ သူရွတ်နေစရာ အကြောင်းမရှိပါဘဲလျက် စီကာပတ်ကုံး ရနေသေးတာကို ကျွန်မ အံ့သြရသည်။

"မေ...မေ့လက်ဆုပ်ကိုင် ဘေးမှာထိုင်တာ မောင်ပါကောရယ်လို့မှ ဖြေသိမ့်စရာ အရိပ်တစ်ရိပ် မရှိတာကို အောင် နားလည်ပါတယ်မေ... သူပြတဲ့ အကြောင်းပြချက်တွေကလည်း မခိုင်လုံပါဘူးမေရယ်..."

အောင်က သည့်ထက်တော့ ပိုမပြောပါ။ တံတားဘက်ကို ကားကွေ့လိုက်တော့ မြင်းလှည်းကလေးတွေ မြင်ရပြီ။ မြင်ကွင်းတွေက အောင့်ကို အသစ်တစ်ဖန် ဖြစ်ရဟန်တူပါ၏။ ဦးပိန်တံတားထိပ်က ဆိုင်ကလေးတွေနားမှာ ကားရပ်ဖို့ စဉ်းစားသော်လည်း ကုန်းလျှောကတစ်ဆင့် မယ်ဇယ်ပင်တန်းတွေအောက်အထိ မောင်းလာခဲ့သည်။ တံတားဘက်မှာ လူတွေ များလွန်းနေသည့်အတွက်ဖြစ်သည်။ အောင်က တောင်သမန်အင်းကျယ်ကြီးကို ဝမ်းသာအားရ ဓာတ်ပုံတွေ လှမ်းရိုက်သည်။ မယ်ဇယ်ပင်ကြီးတွေကို ဓာတ်ပုံရိုက်သည်။ ကျွန်မကိုပါ ဓာတ်ပုံရိုက်ခွင့် တောင်းသည်။

"ရှိုးမထုတ်ခဲ့ရသေးဘူးအောင်ရဲ့...မလှဘဲနေမှာပေါ့"

"စိတ်နှလုံးကောင်းခြင်းဟာ မျက်နှာမှာ ထင်ဟပ်စမြဲပဲ မေရဲ့...မေက စိတ်ကြောင့်ရော ရုပ်ကြောင့်ပါ ကျက်သရေရှိလှတဲ့သူပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ အောင်ရယ်…အကြော်ကြိုက်သလောက်သာ စားတော့… လှတယ်လို့ပြောတာတော့ ကြိုက်ပါသရှင်"

ကျွန်မစကားကြောင့် နှစ်ဦးသား ရယ်ဖြစ်ကြပါ၏။ အကြော်ဆိုင်ကလေးမှာထိုင်ရင်း အကြော်ပူပူနွေးနွေး စားကြသည်။ အောင်ကတော့ ငါးကလေးကြော်၊ ပြောင်းဖူးကြော်၊ ဘူးသီးကြော်တွေကို အမျိုးစုံအောင် စားသည်။

"ညနေ ငါးနာရီခွဲ ဖလိုက်ဆိုတော့ အချိန်ရပါသေးတယ်အောင်… တံတားပေါ် လမ်းလျှောက်ကြတာပေါ့"

တံတားပေါ်မှာ လမ်းလျှောက်ရင်း အောင်က အမရပူရ ကောင်းစားစဉ်က အကြောင်းတွေ ပြောပြနေသည်။ ဦးပိန်တံတားနှင့်ပတ်သက်သည့် အကြောင်းအရာတွေလည်း ပါ၏။ မြို့ဝန် ဘိုင်ဆပ်က ပုဂံမင်း၏ အားထားခြင်းခံရသူ ဖြစ်လာပြီး နောက်ပိုင်း ထင်တိုင်းကြဲခဲ့သည့်ဇာတ်လမ်းတွေလည်း ပါသည်။

"ပုဂံမင်း နန်းတက်တာ ၁၂၀၈ ခုနှစ်၊ ဘိုင်ဆပ်က မြို့ဝန်ဖြစ်လာတယ်။ ဘိုင်ဆပ်က တပည့်တွေ မွေး…မိန်းကလေးတွေကို ဖျက်ဆီးခဲ့တယ်။ ဆားမဲ့ပေးထားတဲ့ တောင်သမန်အင်းက ငါးတွေကို ထင်တိုင်းဖမ်းခွင့်ပေးထားတယ်။ တိုင်ရင် ထောင်ကို အပို့ခံရတယ်။ ဘုရင့်ယောက်ဖ မောင်ကျောက်လုံးက နှိပ်စက်လိုက်၊ ဘိုင်ဆပ်တို့က နှိပ်စက်လိုက်တဲ့ မေရဲ့။ တိုင်းပြည်မှာ တဘောင်တွေ ပေါ်တယ်။ *'မှိုနွယ်မတူ ဘယ်ကလူ ပြည်သူပွက်အောင် တားပါလိမ့်၊ ချိုးကြက်တည်ရာ တွေ့ခဲ့ပါ ပြည်တော်ဘယ်မှာ သာပါလိမ့်'* တဲ့။ ပြည်သူလူထု ဆူပွက်အောင် ဖန်တီးတဲ့ တရားခံဟာ ဘယ်သူလဲပေါ့။ ချိုးတည် ကြက်တိုက်လုပ်တဲ့နေရာ သွားကြည့်ရင် တွေ့မှာပေါ့လို့ ဘုရင်သာ တရားခံဖြစ်ကြောင်း တဘောင်တွေ ထွက်လာတယ်။ သည်လိုဘုရင်နဲ့ ဘယ်တော့ တိုင်းပြည်ကောင်းစားမှာလဲလို့ ပြောတာ…"

"တဘောင်ဆိုတာ မေတို့ကြားဖူးနေတာပဲ…တဘောင်ဆိုတာ ဘာကို ပြောတာလဲ အောင်"

"ကလေးသူငယ်တွေ…သူရူးတွေနှုတ်က ထွက်တဲ့နိမိတ်စကားကိုလည်း တဘောင်ခေါ်တယ်…ရှေ့ဖြစ်မယ့် အတိတ်နိမိတ်ကို ပြောတာပါပဲ… *'အိုအေးတို့ လှေကြီးကိုဝန်တင် အရင်ကနေရာဟောင်းကို ပြောင်းကြစို့ အေတို့…အိမ်တန်းရှည် မင်းနေပြည် ရွှေဝမို့ သာလှတယ်လေး…'*



ရယ်လို့ သူငယ်တွေ တဘောင်ဆိုကြလို့ အင်းဝကို မင်းနေပြည်ပြောင်းတယ် ဆိုတဲ့စကား ရှိဖူးတယ်"

"ဘိုင်ဆပ်က တော်တော့်ဆိုးခဲ့တာပဲ…မေ ဖတ်ဖူးတယ်"

"သူ မြို့ဝန်လုပ်ရတုန်းမှာ သတ်ခဲ့တဲ့လူကချည်း သုံးထောင်လောက်ရှိတယ်လို့ အောင်ဖတ်ဖူးတယ်"

အသက်တွေ လေးဆယ်ကျော်ခဲ့ကြသော်လည်း ကျောင်းတုန်းကလို ခံစားမှုမျိုး အသစ်တစ်ဖန် မွေးဖွားရပြန်ပါသည်။ အောင်ကတော့ ကဗျာတွေ စာတွေ ရွတ်ပြနိုင်တုန်း ရှင်းပြနိုင်တုန်း။ ကျွန်မကလည်း နားထောင်ရတုန်း။ အောင် အနားမှာရှိစဉ်ကတော့ စာစကား ပေစကား နှစ်ယောက်သားပြောနေကျမဟုတ်လား။ အောင့်ကို သတိရတာတွေထဲမှာ သည်အချက်လည်း ပါပါသည်။

နေကလေးရင့်ပြီဆိုသော်လည်း တံတားပေါ်မှာတော့ အေးမြနေပါသည်။ အင်းပြင်ကျယ်ကြီးကို ဖြတ်ထိုးထားသော တံတားကြီးပေါ်က ဇာတ်လမ်းဟောင်းတွေကို အောင်က မှတ်မိသမျှ ပြောပြနေသည်။

"အာဖရိကမှာ နေခဲ့တုန်းကကော အမေရိကန်မှာပါ အောင်ရိုက်ထားတဲ့ ဦးပိန်တံတားဓာတ်ပုံတွေကို သိပ်ကြိုက်ကြတာ…သည်လိုသစ်သားတံတားကြီးပေါ်မှာ လူတွေ ဖြတ်သန်းသွားလာနေတာကိုကြည့်ပြီး သိပ်သဘောကျကြတာ မေရဲ့…နေဦး မေ့ကို တံတားပေါ်မှာ အမှတ်တရဓာတ်ပုံတစ်ပုံတော့ ရိုက်ရဦးမယ်"

ကျွန်မက ကျွန်းတိုင်ဟောင်းကြီးတစ်တိုင်ဘေးမှာ ကပ်ပြီး နေရောင်ဘက်လှည့်ကာ ရပ်ပေးလိုက်သည်။ အောင်က လေး,ငါးကွက်လောက် ရိုက်လေသည်။ အောင်က တောင်သမန်ကို မေ့မလာဘူးလား၊ စိတ်ထဲမှန်းကျပ်ရင် သည်ကိုလာပြီး မြင်ကွင်းကျယ်ကြီးကို ကြည့်လိုက်၊ ပေါ့ပါးသွားလိမ့်မယ်လို့လည်း စိတ်ကုထုံးပေးနေသေးသည်။

"တောင်သမန်ကို မေ လာတာပေါ့အောင်ရယ်…စစ်ကိုင်း…ကောင်းမှုတော်ဘုရားကြီးမှာလည်း ငှက်လွှတ်တယ်…မေ့ဘဝမှာ အထင်ကရ ရက်ဖွဲ့သုံးခုရှိတယ်…အဲသည်ရက်တွေရောက်ရင် ကုသိုလ်ပြုလေ့ ရှိတယ်…တစ်ရက်ကတော့ မောင်မောင် ဆုံးတဲ့ရက်ပေါ့"

"နောက်နှစ်ရက်ကကော"

"ထိပ်တန်းလွှို့ဝှက်ပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ခပ်နောက်နောက်ကလေး ပြောလိုက်တော့ အောင်က မမေးတော့။ ကျွန်မတို့နှစ်ယောက် လမ်းလျှောက်ရင်း ကျောက်တော်ကြီးဘုရားဘက် လျှောက်ခဲ့ကြသည်။ အောင်ကတော့ ဖြစ်ခဲ့သမျှတွေရော၊ ဖြစ်နေဆဲရော၊ ဖြစ်လာတော့မည့်အကြောင်းအရာတွေရော ကောင်းတာချည်းပါပဲဟု ဆိုသည်။ သည်စကားက သူ့စကားမဟုတ်ဘဲ ရင့်ကျက်ခြင်းဆီသည့် ကဗျာထဲက တစ်ပိုဒ်ဖြစ်ကြောင်း ပြောသည်။ ကလေးငယ်တွေလို အကာအကွယ်မဲ့စွာ လူကြီးသူမတွေလို အတွေ့အကြုံ ကြွယ်ဝစွာ လွတ်လပ်ခဲ့ကြပါပြီတဲ့။ ထွက်ခွာဖို့ အဆင်သင့်ဖြစ်ကြပါပြီတဲ့။

"ဖမ်ညူးဟားဘာ့ဒ်ရဲ့ကဗျာ မေရဲ့...အသားမျှင်နဲ့ ဖွဲ့ရက်ထားတဲ့ အသိုက်တစ်သိုက်ထဲမှာ ငှက်တစ်ကောင်ရှိတယ်...ငှက်အတောင်ပံတွေက တဖျပ်ဖျပ် ရိုက်နေတယ်...ငှက်နာမည်က စိတ်လေခြင်းတဲ့...အဲသည်ငှက်ပေါ့ 'အချစ်' ဆိုတာ တဲ့...မေ့ရင်ထဲမှာ အချစ်ရှိပါသေးတယ်...မေ့နှလုံးသားတွေ အတောင်ခတ်နေတာ အောင် မြင်နေရတာကိုး..."

တံတားပေါ်မှာ ဈေးသွားဈေးပြန်များကလွဲ၍ လူသိပ်မရှိ။ ကျောက်တော်ကြီးဘက်အထိ မဆင်းကြတော့ဘဲ ပြန်လျှောက်ခဲ့ကြသည်။

"အောင့်ကို ပြောဖူးပါတယ်...တစ်ခါက ရှိခဲ့ဖူးပါတယ်...အခု ဘာမှမရှိတော့ပါဘူး...အဲသည်ငှက်ကလည်း ကောင်းမှုတော်မှာ ငှက်တွေ ခဏခဏလွှတ်နေတော့ ရောပါသွားပြီထင်ပါရဲ့..."

ကျွန်မက နောက်သလိုလို အတည်လိုလိုပြောတာကို အောင်က အလေးအနက် နားထောင်နေသည်။ ဘာမှတော့ မပြောပါ။ တစ်ခုခုတော့ အောင်ပြောချင်ပုံရသည်။ ကျွန်မကလည်း သည်ဘက်ကို စကားမရောက်စေချင်။ နောက်ထပ် အသစ်မဖြစ်ချင်တော့ပါ။ မေတ္တာမပါဘဲ စကားလုံးများဖြင့် ပိုးပန်းနေကြတာမျိုး၊ ဖြားယောင်းမှုများနှင့် လက်ယပ်ခေါ်နေကြတာမျိုး၊ အိမ်တံခါးကို အလိုဆန္ဒဖြင့် လာခေါက်နေကြတာမျိုးတွေကို ကျွန်မ စက်ဆုပ်လှသည်။

"မဟုတ်ဘူးမေ...မေဆိုတဲ့နာမည်ကို ရေးချင်လို့ ကမ္ဘာလောကထဲကို ရောက်လာသူတစ်ဦးတော့ ရှိမှာပဲ...။ မေ...အောင် သည်တစ်ခေါက် ပြန်လာတာက မေ လွတ်လပ်နေသေးရင် ချစ်ရေးဆိုရအောင် လာခဲ့တာမျိုး မဟုတ်ပါဘူး...မေ့ကို နားလည်သူဟာ အောင်တစ်ယောက်တည်း မဖြစ်နိုင်ပါဘူး...ဒါ မေအသိဆုံးပဲ...။ ဆိုပါတော့ မေ ပြောတဲ့ ကိုရဲမိုး...။



ပြောရရင် ကိုရဲမိုးဟာ ဆိပ်ကမ်းယောင်းမှာ ဆိုက်မိတဲ့ ကူတို့လှေမဟုတ်ပါဘူး... မေ ဆိုတဲ့ ဆိပ်ကမ်းသစ်မှာ ဆိုက်ခဲ့တဲ့ ကူတို့လှေပါမေ"

အောင့်ကို ကျွန်မမော့ကြည့်လိုက်သည်။ အောင် ဘာတွေပြောနေတာလဲ။ စောစောကပဲ နှလုံးသားထဲမှာ ငှက်တစ်ကောင် အတောင်ခတ်နေတာကို သူမြင်ရသတဲ့။ အခုလည်း ကိုရဲမိုးဟာ ဆိပ်ကမ်းသစ်မှာ ဆိုက်မိခဲ့တဲ့လှေပါတဲ့။ မျက်ရည်ကျရတဲ့ညတွေ၊ ရက်စက်တဲ့ညတွေကို ကျွန်မကြောက်လန့်နေခဲ့တာ ကြာပြီ။ ကျွန်မ လိုအပ်တာ ကြင်နာခြင်း၊ စာနာထောက်ထားခြင်း၊ လုပခြင်း၊ နူးညံ့ခြင်းစသော မေတ္တာသာလျှင် ဖြစ်ပါ၏။ ချွေလို့ပဲပေးပေး၊ ရက်ရက်ရောရောပဲပေးပေး ကျွန်မက မေတ္တာကို လိုချင်ခဲ့သူပင်။ လွတ်လပ်နေသေးရင် ချစ်ရေးဆိုဖို့လာတာ မဟုတ်ဘူးဆိုသည့် အောင့်စကားကိုတော့ ကျွန်မ သည်းမခံနိုင်ပါ။

"ဘယ်လိုပြောတာလဲအောင်...မေဟာ ဆိပ်ကမ်းယောင်းပါအောင်...ဒါကို အောင်မသိတာလား...မသိချင်ယောင်ဆောင်တာလား...လှေတစ်စီးလို မဆိုက်ကပ်ခဲ့တာပဲ ရှိမယ်...အဲသည့်လှေဟာ အောင်ပါလို့ မေ ဘယ်တော့မှ ပြောမှာမဟုတ်ဘူး..."

အောင်က မျက်နှာတစ်ချက်ပျက်သွားခဲ့သည်။ ကျွန်မရန်တွေ့လိုက်သည် ထင်လို့များလား။ သည်ထက်ပိုပြောလျှင် ကျွန်မကိုယ်တိုင်က အောင့်အချစ်ကို ငံ့လင့်သူဖြစ်ရချေမည်။ အောင့်မေတ္တာကို စောင့်စားနေရသူဖြစ်တော့မည်။

"မေ့ကို အဲသလိုပြောတာမဟုတ်ပါဘူး...ကိုရဲမိုးနဲ့မေဟာ ဖြစ်ကောင်းတဲ့ ချစ်သူတွေဖြစ်ရမှာပဲ...မေတို့ကြားမှာ တစ်ခုခုလွဲချော်နေတာလည်း ဖြစ်နိုင်တာပဲ...မေက ခံစားလွန်းတာလည်း ဖြစ်နိုင်တာပဲ...အောင်တော့ ကိုရဲမိုးနဲ့တောင် တွေ့ချင်တယ်"

ဖြုန်းစားကြီးပြောလိုက်သည့်စကားကြောင့် ကျွန်မပင် လန့်သွားခဲ့သည်။ ကိုရဲမိုးကို အောင် ဘာကြောင့်များ တွေ့ချင်တာလဲ ကျွန်မစဉ်းစားကြည့်သည်။ ကိုရဲမိုးကကော ကျွန်မချစ်သူ ဟုတ်သေးရဲ့လား။ ကိုရဲမိုးနှင့်ကျွန်မ စကားတွေ အများကြီးပြောခဲ့ကြသည်။ လုပ်ငန်းသဘာဝအရ အတူတကွ မြင်တွေ့နေရသေးသည်။ မည်သို့ပင်ဖြစ်စေ ကိုရဲမိုးသည် ကျွန်မလုပ်ငန်းစီးပွားရေးတွင် မရှိလို့လည်း မဖြစ်။ တစ်ခါတော့ ရှင် ကျွန်မနဲ့ဝေးတဲ့နေရာကို ထွက်သွားဖို့ကောင်းတယ်လို့ပင် ကျွန်မ ပြောမိဖူးသည်။

"တွေ့လို့ရပါတယ်...အောင့်မှာ အကြောင်းရှိလို့လား...မေ့အတွက် ဆိုရင်တော့ ရှိပါစေတော့ အောင်"

www.burmeseclassic.com

www.burmeseclassic.com



အောင်က ကျွန်မလက်ကလေးတွေကို လှမ်းဆုပ်လိုက်သည်။ တောင်သမန်လိုနေရာမျိုးမှာ အောင့်အပြုအမူကြောင့် ရှက်ရွံ့သွားခဲ့မိပါ၏။ အောင်ကတော့ အရိုးခံအတိုင်း ကျွန်မကို အားပေးခြင်းဖြစ်သည်။ သို့သော် သည်နေရာက မေရီလင်း ပြည်နယ်မဟုတ်။ ကျွန်မမှာ မန္တလေးတွင် သိက္ခာနှင့် နေထိုင်ရဆဲ မိန်းမသား တစ်ယောက်ဆိုတော့ ကိုယ်အမူအရာကိုလည်း ငဲ့ရပါသည်။ ဘာပဲဖြစ်ဖြစ် အောင့်ရှေ့မှာတော့ ကျွန်မသည် ကလေးတစ်ယောက် ဖြစ်သွားလေသလား။ ကလောက မိုးမခပင်ကြီးအောက်မှာတုန်းကလို အောင့်လက်တွေ နွေးထွေးမနေပါ။ အေးစက်စက်။ ကျွန်မလက်ကို အောင်ပြန်လွှတ်လိုက်တော့မှ စိတ်လွတ်လပ်သွားခဲ့ရသည်။

"အောင်က ဒေ့ဇ်သည်ပါလေ…မေတို့ကိစ္စ ဘာမှတော့ အောင် ကောင်းကောင်းမသိပါဘူး…ဒါပေမဲ့ ရင်းရင်းနှီးနှီး ပေါင်းသင်းခဲ့တဲ့သူငယ်ချင်းတစ်ယောက်အနေနဲ့ မေဟာ အမြဲဖြောင့်မှန်တယ်ဆိုတာ အောင်သိနေတယ်…အောင် အနှစ် နှစ်ဆယ်လောက် ပျောက်နေပြီးမှ ဘိုးတော်သိကြားမင်း ဝင်ရှင်းသလို ရှင်းချင်တာ မဟုတ်ပါဘူး…မေလက်ထပ်သင့်ပြီ…တည်ငြိမ်တဲ့ဘဝကို ပိုင်ဆိုင်သင့်ပြီ…ကိုရဲမိုးကို မေ့အကြောင်း အောင်ကပဲ ပြောပြချင်မိတယ်…အောင်ထင်တာကတော့ သူဟာ နီးလွန်းနေလို့များ ဝေဝါးနေသလားလို့ပါ"

အောင့်စကားကြောင့် နာကျင်မှုတွေ လည်ချောင်းဝ ရောက်လာတာပဲရှိသည်။ ရုပ်ရှင်တွေထဲကလို သုံးပွင့်ဆိုင် ရှင်းရမည့်ဇာတ်လမ်းမျိုးလည်း မဟုတ်။ ဇာတ်ပေါင်းလျှင် သီရိမေနှင့် ကိုရဲမိုးတို့ ပေါင်းကြလေသတည်း ဆိုတာမျိုးကိုလည်း ကျွန်မ မမျှော်လင့်ချင်တော့။

"တော်ပါတော့ကွယ်…ပြဿနာတွေကို ရှင်းလို့ရပေမယ့် နှလုံးသားတွေကိုတော့ ရှင်းလို့မဖြစ်နိုင်ပါဘူး…မေ သူ့ကို သိပ်ချစ်ခဲ့ပါတယ်…ဘာကိုမှ မျှော်လင့်စရာမရှိတော့တဲ့ဘဝမှာ မျောလာတဲ့သစ်တုံးကို လှမ်းဖက်တွယ်ရသလို အားတွေလည်း ရှိခဲ့ရတယ်…ယုံလည်းယုံကြည်ခဲ့တယ်…ဒါပေမဲ့ ရေဆန်လာတဲ့သစ်တုံးဆိုတော့ မိုအဲချင်းပေါ့ အောင်"

အောင်က ကျွန်မပြောသမျှ နားထောင်နေခဲ့သည်။ ဘာကိုမှ မျှော်လင့်လို့မရမှတော့ မီရာသစ်တုံးကို အားပြုခဲ့ရသည်ဆိုသည့်စကားကို ကြေကွဲနေပုံလည်းရပါ၏။ ကျွန်မကို စိတ်ချမ်းသာစေချင်သည့် သူ့စေတနာကို နားလည်ရသော်လည်း အောင် မပါစေချင်တော့ပါ။ ရင်ထဲ မကောင်းသည့်ကြားကပဲ ကျွန်မ နောက်လိုက်သည်။



"ကိုင်းပါ ဆယ်အိမ်ခေါင်းရယ်…လင်မယား ရန်ဖြစ်တဲ့ကြား မီးကင်းကြေး လာကောက်မနေပါနဲ့တော့…ငရုတ်ကျည်ပွေ့ မှန်နေပါဦးမယ်"

"ဆယ်အိမ်ခေါင်း မဟုတ်ဘူးမေရ…စော်ဘွားပါ"

ကျွန်မတို့နှစ်ယောက် ရယ်မိကြပါ၏။

"အောင်ရယ်…အချစ်မှာ ဝင်စို့ ထွက်စို့ မလုပ်ကောင်းဘူးထင်တယ်…ထမင်းအိုးလေး တည်ပါရစေဦးတို့…ဟင်းအိုးလေး တည်ပါရစေဦးတို့…ခေါင်းကလေး ဖြီးပါရစေဦးတို့ဆိုပြီး မေတို့ငယ်ငယ်က ကစားကြသလို တစ်ပတ်လှည့်လိုက် အကြောင်းပြ ဈေးဆစ်လိုက် ဆိုတာမျိုး မေ ဘယ်တော့မှ လက်မခံဘူး…တဂိုးကဗျာတစ်ပုဒ်ကို ကိုးကားပါရစေဦးအောင်… 'ထိုအခါ၌ ငါသည် ရှိသမျှကို သင့်အား ပေးလှူနိုင်ခဲ့လျှင် ကောင်းလေစွဟု တောင့်တရင်း သည်းထန်စွာ ငိုသည်' ဆိုတာလေ…။ မေ့မှာ အဲသလိုစိတ်ထားမျိုးပဲ ရှိခဲ့သူပါ"

"ဘာပဲဖြစ်ဖြစ် အောင် တွေ့တော့တွေ့လိုက်ချင်တယ်"

"အောင် လေဆိပ်ဆင်းရမှာနဲ့…ဟိုတယ်မှာ ချက်ကောက်လုပ်ရမှာနဲ့ မိပါ့မလား…ခုပဲ ဆယ့်တစ်နာရီထိုးတော့မယ်"

"မီပါတယ်…ချက်ကောက်မမီလည်း တစ်ရက်စာ ပေးလိုက်မှာပေါ့…ညနေ သုံးနာရီလောက် လေဆိပ်ဆင်းနိုင်ရင် ပြီးတာပဲ"

ကျွန်မတို့ တောင်သမန်က ပြန်ခဲ့ကြသည်။ အပြန်မှာ စက်မှုဇုန်ကို ဝင်မည်။ အောင်နှင့် ကိုရဲမိုးကို မိတ်ဆက်ပေးမည်။ အောင်က တွေ့ချင်သည့်ဆန္ဒရှိမှတော့ တွေ့ပေးလိုက်ရုံပေါ့။ ကားပေါ်မှာ အောင့်ကို ကတိတစ်ခုတော့ တောင်းလိုက်သည်။ ကျွန်မနှင့်ပတ်သက်ပြီး ကိုရဲကို စကားတွေ မလွန်မိဖို့ဖြစ်၏။ စကားတွေလွန်လျှင် ကျွန်မ၏ဂုဏ်သိက္ခာ ကျဆင်းသွားနိုင်သည်။ ကျွန်မကတော့ ဘယ်လိုအခြေအနေမျိုးမှာပင်ဖြစ်စေ ကိုယ့်နှလုံးသားကို ကိုယ်မညာခဲ့…၊ မညာချင်။

"စိတ်ချပါမေ…ကိုပိုပါရဲ့ ကဗျာထဲကလို မေက မျက်တောင်တစ်ချောင်းသာ ထည့်ပေးလိုက်ပါ…မျက်တောင်ကပဲ လမ်းပြပါစေ…"

ကျွန်မက မျက်တောင်တစ်ချောင်းတောင်မဟုတ်ပါဘူး အောင်…မျက်တောင်တစ်မြုလုံးသာ ယူသွားပါတော့ဆိုတော့ အောင်က ကျွန်မကို ငေးနေခဲ့လေသည်။ သနပ်ခါးစက်ရုံကို မောင်းလာချိန်မှာတော့ အောင်က ကျွန်မကို တရားခံပေါ်ရေးတွင် အဓိကကျသောမေးခွန်း နှစ်ခွန်း သုံးခွန်းကို မေးလိုက်သော စုံထောက်ကြီးဦးစံရှားလို သေချာအောင် စစ်မေးနေခဲ့ပါ၏။ ကျွန်မကတော့ မြန်မာပြည်ကို ရှာရှားပါးပါး ရောက်လာသူက ကြံ့တုန်း အမူလိုက်နေတာကိုကြည့်ပြီး ပြုံးမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အောင် တစ်ခုတော့မေးမယ်...ရင်ထဲရှိတဲ့အတိုင်း ဖြေစေချင်တယ်"

"မေးပါအောင်ရယ်"

"ကိုရဲမိုးကို မေ ချစ်သလား"

သည်မေးခွန်းကိုတော့ ကျွန်မမျှော်လင့်မထားမိပါ။ မှန်တာပြောရလျှင် ကျွန်မကိုယ်ကျွန်မပင် မမေးမိသောမေးခွန်းဖြစ်၏။ ကိုရဲမိုးနှင့်ကျွန်မ ချစ်ခဲ့ကြပြီးနောက် ကျွန်မဘက်က လက်ထပ်ဖို့အရေးမှာ အဆင်သင့်ဖြစ်ခြင်း မဖြစ်ခြင်းထက် ကိုရဲ တင်ပြလာသော ပြဿနာတွေက ပိုမိုရှုပ်ထွေးသွားစေခဲ့သည်။ ကိုရဲကို ကျွန်မ ချစ်သလားဆိုတာကို ကျွန်မဘယ်လိုပြောရပါ့။

"ချစ်ခဲ့ဖူးပါတယ်လို့ပဲ ဖြေရမယ်ထင်တယ်"

"မေ့ရင်ထဲမှာ ကိုရဲမိုး မရှိတော့ဘူးလား"

"ရှိတာပေါ့အောင်...လွယ်လွယ်နဲ့ ပျောက်ပြယ်သွားတာမျိုးတော့ ဘယ်ဖြစ်နိုင်ပါ့မလဲ...ဒါပေမဲ့ မေ မမျှော်လင့်တော့ပါဘူး...ချစ်ခဲ့ကြတုန်းကတော့ ချစ်လုံးလုံးပေါ့ အောင်...နှစ်ယောက်တစ်ဘဝ တည်ဆောက်ကြရမယ့်အရေးပဲ ရှိခဲ့ကြတာပါ...ဒါပေမဲ့အောင်...မိန်းမသားတစ်ယောက်အတွက် လိုအပ်တဲ့အချစ်ဟာ လူနှစ်ယောက် ပေါင်းဖက်ရေးထက် ပိုပါတယ်...အခုတော့ အဲသလိုမဟုတ်တော့ဘူးအောင်...သူ့ဘက်က မခိုင်လုံတဲ့ အကြောင်းပြချက်တွေနဲ့ ဆေးသိမ်အောင် လုပ်လာတာတွေကို မေ ပထမတော့ အံ့ဩခဲ့တာပဲရှိတယ်...အခုတော့ သိပ်ကို စိတ်ပျက်သွားတယ်"

"ကြေမွသွားတာမှမဟုတ်သေးတာပဲမေ...ပြိုလဲသွားတယ်ဆိုရင် ပြန်လည်ထူမကြလို့ ဖြစ်နိုင်ပါသေးတယ်"

အောင်က ခေါင်းကို ခါယမ်းနေခဲ့သည်။ ကျွန်မအတွက် ယူကျုံးမရဖြစ်နေလေသလား။ ကိုရဲမိုးကို တွေ့ပါပြီတဲ့။ ဘာတွေပြောနေဦးမှာလဲ။ တွေ့ဖို့ကောလိုသေးလို့လား။ ကျွန်မကပဲ အချစ်အတွက် ရှေ့နေငှားလာသလို ဖြစ်သွားမှာကိုတော့ မလိုလားပါ။

"အောင်ရယ်...ကနောင်မင်းသားက လက်သုံးတော်ဓားကို ဆွဲထုတ်ခဲ့တာကို စာလေး ကဗျာလေးနဲ့ စိမ်းကားရက်လေခြင်း ညည်းရမယ့်ခေတ်မဟုတ်တော့ဘူးလေ...ဒါပေမဲ့အောင်ရယ်...လှိုင်ထိပ်ခေါင်တင် ရေးသလိုပေါ့... 'မိန်းမသားတွေဆိုတော့လည်း နောင်ရာဝင်ဆန်းအောင်လို့ ဥဒါန်းငယ်တွင်၊ စက်သွားတော် သီလဝင်နှင့် အရှင်မထား ရွှေလည်ကိုသားပါလှဲ့၊ သော့သော့မကြာ၊ သက်ဆုံးတိုင်တိုင်၊ စံပယ်ညှာသေးငယ်လေး...ဆွေးစေတော့သာ' ဆိုတာလေ...မိန်းမသားဆိုတာကတော့ လည်ပင်းကို သီလဝင်ဓားနဲ့ ရစ်ချင်တော့ ရစ်လှည့်ပါ သားလှည့်ပါလို့ ပြောနိုင်ရုံရယ်ပါကွယ်"



"မေရယ်...လှိုင်ထိပ်ခေါင်တင်က အဲသလိုရေးတော့ ကနောင်မင်းသားကလည်း မြင်းစာရေးကြီးညီ မောင်မောင်ဘ ရေးပေးတဲ့ ဘောလယ်ကို ပြန်ပို့တာပဲ မဟုတ်လား...သူ့အမှားကို ဝန်ခံပါတယ်... 'လက်သုံးတော်ဓားကိုလှ၊ ယောင်မှားကာကိုင်၊ နိုင်ချင်လိုလို့ဟုတ်ပါဘဲ၊ နှုတ်အာရဲတယ်လို့ အပြစ်တင်၊ မချစ်ပြင်ပြင်၊ ချစ်ရင်အကျိုးကိုလေ၊ ငြိုးမာန်ဖွဲ့ဆင်' ဆိုတာလေ...။ တစ်ခါတလေတော့ အချစ်မှာ အရုပ်ဆိုး အကျည်းတန်တာတွေ ဖြစ်တတ်မြဲပါ...မေတို့အခြေအနေက အဲသလိုမဟုတ်ကြသေးပါဘူး...ကိုရဲမိုးက 'သတ်တော်မူရက်တာဖြင့်၊ အသက်ကိုပင်၊ ကျေနပ်အောင်စီရင်၍၊ ပြုချင်တော်တိုင်း၊ ခခင်တော်ဆိုင်းပါနှင့်၊ ပိုင်းဖို့ရယ်၊ မြရိုး သီလဝင်၊ သံစက်သွားကိုလေး၊ ထားအပ်ပေမယ့်...' လို့ သူ့အပြစ်ကို သူဝန်ခံလာခဲ့ရင် မေ ခွင့်လွှတ်ရမှာပဲမဟုတ်လား"

"အောင်ရယ်...မေက လှိုင်ထိပ်ခေါင်တင်မဟုတ်သလို...ကိုရဲကလည်း ကနောင်မင်းသား မဟုတ်ပါဘူး"

သည့်နောက်တော့ တစ်လမ်းလုံးလိုလို အောင် အတွေးဖြင့် ငြိမ်လျက်ရှိ၏။ ကျွန်မကိုလည်း မေးခွန်းတွေ မမေးတော့ပါ။ အခုမှ မြန်မာပြည်ပြန်ရောက်လာသူကို တွေ့တွေ့ချင်း ဆောက်နဲ့ထွင်းသလိုများ ဖြစ်နေပြီလား။ ကနေ့ညနေ အောင်ပြန်မှာဆိုသော်လည်း ကျွန်မ ကောင်းကောင်းပင် ဧည့်မခံရသေး။ သနပ်ခါးစက်ရုံဝင်းကြီးရှေ့ကိုရောက်တော့ လုံခြုံရေးဝန်ထမ်းက ကျွန်မကားမှန်းသိသဖြင့် ဂိတ်တံခါးကြီးကို ဖွင့်ပေးကြသည်။

"စက်ရုံထဲမှာ ဦးရဲမိုး ရောက်ပြီလား"

"ဟုတ်ကဲ့...ရောက်တာ နာရီဝက်လောက်ရှိပါပြီ"

ကျွန်မ ကားကို မောင်းဝင်လာခဲ့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၅၈)

စက်ရုံခန်းမကြီးထဲမှာ ဝန်ထမ်းတွေက လုပ်ငန်းကိုယ်စီ အလုပ်တွေများနေကြသည်။ သနပ်ခါးတစ်ပင်လုံးမှ နိုင်ငံတကာအဆင့်မီ သနပ်ခါးမိတ်ကပ်အဆင့်ရောက်သည်အထိ ဌာနတွေအားလုံးက သူ့အစီအစဉ်အပိုင်းနှင့်သူ တက်ညီလက်ညီ လုပ်ကိုင်ကြရသည်။ အရည်အသွေး စံချိန်မီရန်နှင့် တာရှည်ခံရန် နောက်ဆုံးပေါ်နည်းပညာတွေ သုံးရသည်။ တချို့စက်ကြီးတွေက ထိုင်ပေ၊ ထိုင်း၊ မလေးရှားနိုင်ငံဖြစ်တွေ ဆိုသော်လည်း ပြင်သစ်က ့ာယူရသည့် နောက်ဆုံးပေါ် စက်ကြီးတချို့လည်း စမ်းသပ်လည်ပတ်လျက်ရှိပါ၏။ အောင်ကတော့ စက်ရုံကြီး သည်လောက်ကြီးကျယ်ခမ်းနားလိမ့်မည် ထင်ထားပုံမရတော့ အံ့သြနေသည်။ ကျွန်မမှာတော့ ဝန်ထမ်းတွေ လာနှုတ်ဆက်ကြတာကို မနည်းဖြတ်နေရပါ၏။ တကယ်ဆိုလျှင် ကိုရဲဆီ ဖုန်းကြိုဆက်ထားဖို့ကောင်းပေမယ့် ဖျတ်ခနဲတွေ့လိုက်တာပဲ ကောင်းသည် ထင်၍ ဖုန်းမဆက်မိ။ ချစ်သူတွေလို့ ပြောလျှင်လည်း ရနိုင်သေးပေမယ့် ကိုရဲနှင့်ကျွန်မ မတွေ့ဖြစ်ကြဘဲ ဖုန်းဖြင့်သာ ဆက်သွယ်ခဲ့ကြသည်။ လိပ်ပြာမသန့်သလိုရှိနေတတ်သော သူ့မျက်နှာကို ကျွန်မ မမြင်ရတာပင် ကြာခဲ့ပြီ။ လုပ်ငန်းကိစ္စရှိလျှင်လည်း မွန်မွန်နှင့်ပြီးတာများသဖြင့်လည်း အတွေ့ရ ကျဲလှပါ၏။

'မောင်မမြင်၍ ငိုချင်ထွက်ခဲ့
ငဲ့မကြည့်တော့၊ ညွတ်ကော့မြိတ်စက်
အိမ်ပြင်ထွက်၍၊ သင်းညက်ပျံ့လှိုင်
ပီတောက်နိုင်ကို၊ မွှေ့ကိုင်ရပ်ဆဲ
မိုးဖွဲဖွဲမှာ၊ သည်းမည်းရိုင်းကြမ်း
မုန်တိုင်းရမ်းလည်း၊ မဆန်းကြယ်ဘူးထင်မိ၏'



မဆန်းကြယ်သော မုန်တိုင်းရမ်းတွေကို ကျွန်မ ရင်ဆိုင်ဝံ့ခဲ့ရပြီ။ အောင်က သနပ်ခါးစက်ရုံဝင်းထဲက ထွက်လာသော သနပ်ခါးဘူးကလေးတွေကို လှမ်းကြည့်နေသည်။ ကျွန်မက အောင့်ကို ရုံးခန်းရှိရာဆီ ခေါ်ခဲ့သည်။ လေအေးပေးရုံးခန်းပတ်လည်မှာ တပ်ထားသောမှန်တွေက အတွင်းကို ဖောက်ထွင်းမမြင်ရဘဲ အတွင်းကသာ အပြင်ကို မြင်ရသည့် မှန်အမျိုးအစားဖြစ်သည်။ ကျွန်မနှင့်အောင် စက်ရုံတွင်းဝင်လာကတည်းက ကိုရဲ မြင်နိုင်သော်လည်း ထွက်မတွေ့ခဲ့ပါ။ ကျွန်မတို့နှစ်ယောက်ဝင်သွားတော့လည်း အေးတိအေးစက်ပင်။ ကျွန်မနှင့်အောင်က ဧည့်ခန်းဆိုဖာကြီးတွေပေါ်မှာ ထိုင်ကြတော့မှ သူ့စားပွဲက ထလာခဲ့သည်။ ဟန်ဆောင်ထားသောအပြုံးတွေကို ကျွန်မအလွတ်ရနေပြီ။ ကျွန်မကိုရော အောင့်ကိုပါကြည့်ရင်း အနားရောက်လာခဲ့သည်။

"အောင်…ဒါ မေတို့ကုမ္ပဏီက ဒါရိုက်တာမင်ဘာ ဦးရဲမိုး…ကိုရဲ သူက ကျွန်မကျောင်းနေဖက် အချစ်ဆုံးသူငယ်ချင်း ကိုအောင်နိုင်သူ… အမေရိကားမှာ နေတယ်…ကျွန်မကို မန္တလေးအထိ လာတွေ့တာလေ…"

ကျွန်မက စိတ်လှုပ်ရှားမှုမပါသောအသံဖြင့် ခပ်အေးအေး မိတ်ဆက်ပေးလိုက်သည်။ ကိုရဲကလည်း လူမြင်ကွင်းရှေ့မှာ ဘယ်သောအခါကမှ ရုပ်ပျက်ဆင်းပျက်မရှိ။ အသားကျနေပြီဖြစ်သည့် အမူအရာဖြင့် လိုက်လှဲဝမ်းသာဟန်ပြုသည်။ ကျွန်မက ဧည့်သည်ကို သူ့အကြောင်းတွေ၊ ဒါမှမဟုတ် ကျွန်မနှင့် ချစ်သူဖြစ်နေကြောင်းတွေ ပြောပြထားလေသလားဆိုသည့် အကဲဖမ်းရိပ်ကလေးကတော့ ကျွန်မမှ မြင်နိုင်သည့် အိုင်တင်တွေဖြစ်သည်။

"အမေရိကားကဆိုတော့ အဝေးကြီးပဲ…တွေ့ရတာ ဝမ်းသာပါတယ် ကိုအောင်နိုင်သူ…ကျွန်တော်က သည်မှာ ထုတ်လုပ်ရေးတာဝန်ယူရတော့ အလုပ်တွေတော့ များတယ်…တစ်ရက် ကျွန်တော် ဧည့်ခံပါရစေဦး"

အောင်နှင့်ကိုရဲတို့ လက်ဆွဲနှုတ်ဆက်နေကြသည်။ ကျွန်မကတော့ ထိုင်လျက်က စားပွဲပေါ်မှာရှိနေသည့် မဂ္ဂဇင်းတစ်အုပ်ကို ဆွဲလှန်နေလိုက်၏။ အောင်က ဝမ်းသာအားရ ဖျစ်ညှစ်နေသည့်လက်တွေကို မလွှတ်။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုရဲမိုး…အမေရိကားကိုလည်း သနပ်ခါးတွေ ပို့ကြပါဦးဗျာ…နိုင်ငံတကာစံချိန်မီပါတယ်…မေကတောင် ပြောနေတာ…ကိုရဲမိုးရဲ့ စိတ်ကူးတွေပါတဲ့…ကုန်ပစ္စည်းတွေ ဈေးကွက်ဝင်

www.burmeseclassic.com

www.burmeseclassic.com



ရေးမှာ ကိုရဲမိုးရဲ့ မနားမနေ ကြိုးစားမှုတွေက အဓိကပါတဲ့...ကျွန်တော်က မေ့ကိုပြောရတယ်...လူကောင်းတစ်ယောက် ရဖို့ဆိုတာ မလွယ်ဘူး...မေ ကံကောင်းတာပေါ့လို့"

အောင်က စကားတွေတတ်လိုက်တာ။ ကျွန်မကတော့ အသံတွေကို နားထောင်နေခဲ့သော်လည်း မျက်နှာကတော့ စာအုပ်ကမခွာ။ ကျွန်မဘဝမှာ သည်တစ်ခါပဲ စာအုပ်နှင့်အက္ခရာစာလုံးတွေ တွဲမမြင်ခဲ့ခြင်းဖြစ်၏။ ကျွန်မ၏ ထူးဆန်းသော ဘဝအကြောင်းကိုလည်း အတွေးရောက်နေခဲ့ပါ၏။ တစ်ယောက်က ပန်းပွင့်ဖြစ်အောင် စိုက်ပျိုးနိုင်စွမ်းသူ။ သို့သော် ပန်းပွင့်ကို ခူးဆွတ်နမ်းရှိုက်ခွင့် မရခဲ့လေသူ။ တစ်ယောက်က ကိုယ့်ရှေ့က ပွင့်နေတဲ့ပန်း၏ ရနံ့ကိုပင် မခံစားတတ်လေသူ။ သို့သော် ပန်းပွင့်ကို ခူးဆွတ်နမ်းရှိုက်ခွင့် ရနေလေသူ...။

အခုတော့ သည်နှစ်ယောက် မိုင်ပေါင်းများစွာ အဝေးက လာဆုံနေကြပြီကော။

ကျွန်မဖတ်ဖူးသော နှင်းဆီသူခိုးများကဗျာထဲက စာပိုဒ်ကို သတိရမိ၏။ နှင်းဆီသူခိုးတွေက နှင်းဆီပင်ပေါ် ဝဲသြားတက်ကြ။ တစ်ယောက်က နှင်းဆီတစ်ပွင့်ခိုးပြီး နှလုံးသားထဲ ထည့်ဝှက်လိုက်တယ်တဲ့။ နှင်းဆီတစ်ပွင့် ဘယ်သူ့ဆီမှာပါလိမ့်။ နှစ်ယောက်သား ကျွန်မနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ကြသည်။ ရုံးဝန်ထမ်း မိန်းကလေးနှစ်ယောက် ကော်ဖီလာချပေးကြသည်။

"ထိုင်ပါဦးခင်ဗျာ...ကော်ဖီ သုံးဆောင်ပါဦး"

"ဟုတ်ကဲ့ခင်ဗျ...ကျွန်တော် ညနေ လေဆိပ်ဆင်းရမှာပါ ကိုရဲမိုး...အချိန်လည်း နည်းနေလို့ နှုတ်ဆက်ရုံပါ...မေက သနပ်ခါးစက်ရုံကြီးနဲ့ သူဌေးမကြီးဖြစ်နေလို့ လိုက်ကြည့်တာပါ...ကိုရဲမိုးနဲ့ မိတ်ဆက်ပေးရင်းပေါ့...မြန်မာ့သနပ်ခါးကတော့ အကောင်းဆုံး ဘိုးမွေ ဘွားမွေပေါ့ဗျာ...မားကက်ကော ဘယ်လိုနေလဲ"

"ပြည်တွင်းကတော့ထုတ်သလောက် ကုန်ပါတယ်...ပြည်ပတော့ အာရှနိုင်ငံတွေ ပို့ရတယ်...သနပ်ခါးချည်းမဟုတ်တော့ နိုင်ငံခြားငွေနဲ့ ဝယ်ရတဲ့ပစ္စည်းတွေအတွက်တော့ အကုန်အကျရှိပါတယ်...များများချဲ့ချင်ပေမယ့် ကုန်ကျစရိတ်တွေလည်း ထည့်တွက်ရသေးတယ်"

"သီရိနှင်းဆီ ဆိုတဲ့တံဆိပ်ကို ရွေးတာကပဲ အဓိပ္ပာယ်တွေရှိပါတယ်...ကျက်သရေရှိတဲ့ နှင်းဆီပေါ့...သနပ်ခါးကို မိန်းကလေးတွေ လိမ်းတာမြင်ရခဲ့တဲ့နိုင်ငံ ဆိုတော့ သနပ်ခါးကိုတော့ လွမ်းသားဗျ... မြန်မာမိန်းကလေးတွေရဲ့ပါးပေါ်က သနပ်ခါးဟာ ဘယ်မှာမှ မမြင်ရတဲ့အလှမဟုတ်လား"

"ကျွန်တော်ကတော့ အနံ့ယဉ်နေလို့လားမပြောတတ်ဘူး...သိပ်ထူးခြားတယ်လို့ မထင်မိပါဘူး"

ကျွန်မ စကားတစ်ခွန်းမှ ဝင်မပြောခဲ့ပါ။ အခုထိတော့ အောင်က ရိုးရိုးပြောနေသလို ကိုရဲကလည်း ရိုးရိုးပဲပြောနေတာဖြစ်ပါလိမ့်မည်။ စကားစစ်ထိုးနေကြတာလည်း ဖြစ်နိုင်ပါ၏။

"ကိုအောင်နိုင်သူပြန်ရင် မြန်မာသနပ်ခါးဘူးကလေးတွေ ထည့်ပေးလိုက်ပါရစေ...ဟိုကျတော့ ချစ်သူ ခင်သူတွေ ပေးရတာပေါ့...ကြော်ငြာဝင်တာနော်"

သည်စကားကတော့ ဆန်းသည်။ သည့်နောက်မှာတော့ အောင်က အမေရိကန်နိုင်ငံနှင့် အာဖရိကနိုင်ငံတွေအကြောင်း ပြောပြနေသည်။ ကိုယ်တော်ချောက သူ့စကားတွေထဲ တကယ်စိတ်ရောက်နေတာလားတော့မသိ၊ ဆယ့်နှစ်နာရီ ကျော်နေပြီ။ ကျွန်မက ပြန်ဖို့ သတိပေးရပါ၏။ အောင်က စကားလက်စသိမ်းသည်။

"ကိုရဲမိုးတို့ ကုန်ပစ္စည်းက နာမည်ကောင်းရနေပါတယ်...မန္တလေးက မိတ်ဆွေတွေကလည်း ပြောကြပါတယ်...အထူးသဖြင့် မေ့အောင်မြင်မှုတွေ၊ အသိုင်းအဝိုင်းကောင်းတွေ၊ စီမံခန့်ခွဲမှုကောင်းတာတွေပေါ့ဗျာ...ကျွန်တော်သူငယ်ချင်းက စိတ်ဓာတ်ရေး ခံစားမှုပါ ဖြောင့်မတ်ပါတယ်...စိတ်ဓာတ်ကောင်းတဲ့သူငယ်ချင်းအနားမှာ စိတ်နှလုံးကောင်းတဲ့ ကိုရဲမိုးရှိနေတာတွေ့ရတော့ ဝမ်းသာမိပါတယ်...မေက ထူးဆန်းတယ်ဗျ...ကျောင်းတုန်းကလည်း ရည်းစားထားတာမဟုတ်ဘူး...သိပ်မာနကြီးတာဗျ...ဒါကြောင့် မေ့ကိုပြောရတယ်...မေ့ကို တော်ရုံလူက ကြိုက်ဝံ့မှာမဟုတ်သလို မေကြိုက်မိတဲ့လူကလည်း သိပ်ကံကောင်းမှာလို့...မေက ဆိုခဲ့စေ မြဲစေ ဆိုတဲ့မိန်းမသားဗျ။ မေ့ကို ဆက်ပြီး စောင့်ရှောက်ပေးပါဗျာ"

ကိုရဲမျက်နှာကို ကျွန်မ မကြည့်ဖြစ်သော်လည်း သည်စကားကို သူကြိုက်လောက်မှာမဟုတ်တာတော့ သိပါ၏။ အောင့်စကားတွေကို သူ အဓိပ္ပာယ်ရှာဖွေတတ်မှာလည်း သေချာပါ၏။ ကျွန်မကြားနေရသလောက် အောင့်စကားတွေထဲမှာ ထိခိုက်စရာမပါပါ။ ကိုရဲကို ရည်ညွှန်းတာမျိုးလည်း မပြောသာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အမ်ဒီက စီးပွားရေးဦးနှောက်ရှိတယ်...အကွက်မြင်တယ်...ကျွန်တော်တို့က အမ်ဒီစိတ်ကူးတွေကို အကောင်အထည်ဖော်ကြရုံပါ...တစ်ခါတလေ အမ်ဒီစိတ်ကူးကို မနည်းပုံဖော်ရတဲ့အထိ ရှေ့ပြေးသူပါဗျာ...အင်မတန်တော်ပါတယ်...အမှားမတွေ့နိုင်ပါဘူး"

"ဒါပေမဲ့ ကိုရဲမိုးရယ်...လူဆိုတာ မပြည့်စုံနိုင်ပါဘူး...ပွဲတွေ့ အမှားတွေရှိကြတဲ့လူချည်းပါဗျာ"

အောင့်ကို စက်ရုံထဲ ကျွန်မတို့ လိုက်ပြကြသည်။ အောင်က သနပ်ခါးဘူးကလေးတွေကို ကိုင်ကြည့်သည်။ နှင်းဆီလိုဂိုကလေးကတော့ ဖေဖေတို့ခေတ်က နှင်းဆီပွင့်ကလေးကိုပဲ မွမ်းမံထားခြင်းဖြစ်သည်။ ကျွန်မကျောင်းသူဘဝက အဆောင်သူတွေအတွက် လက်ဆောင်ယူလာတတ်တာကို အောင် တွေ့ခဲ့ဖူးသဖြင့် လိုဂိုကို မှတ်မိနေသည်။ ကျွန်မက နောက်ဆုံးစမ်းသပ်ထုတ်လုပ်ထားသည့် 'မမွှေးထုံ' သနပ်ခါးခဲကလေးတွေကို ပြသည်။ ဓာတုပစ္စည်း ပေါင်းစပ်မထားသော ပင်ကိုသနပ်ခါးခဲကလေးတွေ ဖြစ်သည်။

"မမွှေးထုံ ဆိုတာ ကြားဖူးပါတယ် နေပါဦး..."

"ဆရာမ ကြည်အေးရဲ့ ကဗျာပဲလေ အောင်...မမွှေးထုံကဗျာလေ"

ကျွန်မက အသံနေအသံထားနှင့် ရွတ်ပြတော့ အောင်ရော ကိုရဲပါ ရယ်ကြလေသည်။ ကျွန်မတို့ပြန်ကြမည်ပြင်တော့ ကိုရဲက ကားဆီအထိ လိုက်ပို့ပါသည်။ ကျွန်မက ရှေ့က၊ သူတို့နှစ်ယောက်က နောက်က။ အောင့်ကို ထမင်းလိုက်ကျွေးရဦးမည်။ အချိန်က မွန်းတိမ်းနေပြီမဟုတ်လား။ ကတိုက်ကရိုက်ပြေးရမည်။ ကိုရဲကို ထမင်းစားဖိတ်လိုက်သည်။ မလိုက်မှန်းလည်း သိနေပါ၏။

"ကိုရဲ လိုက်ခဲ့လေ...ထမင်းအတူစားရင်း စကားပြောရအောင်"

"မလိုက်တော့ပါဘူး...ကျွန်တော်စားပြီးလို့ပါ...ကိုအောင်နိုင်သူလည်း မြန်မာပြည်ကို မကြာမကြာ လာနိုင်ပါစေဗျာ...လာတိုင်းလည်း ဝင်ခဲ့ပါ"

"မကြာ မကြာတော့ လာနိုင်မှာမဟုတ်ပါဘူး ကိုရဲမိုးရာ...လာတော့ လာဖြစ်မှာပါ...ကျွန်တော့်သူငယ်ချင်းအတွက် ကျွန်တော် ဘီသိက်လာမြှောက်ပေးရဦးမှာ...ဟား ဟား ဟား..."

အောင့်ကို ထမင်း ကတိုက်ကရိုက် လိုက်ကျွေးရသည်။ အောင့်အတွက် မန္တလေးလက်ဆောင်တွေ အပြည့်အစုံထည့်ကာ ထုပ်ပိုးထားဖို့ မွန်မွန်တို့ကို ဖုန်းလှမ်းဆက်ထားရသည်။ ဟိုတယ်ကိုပြန် ချက်ကောက်ထွက် ကျွန်မပဲ တံတားဦးလေဆိပ်ကို လိုက်ပို့ရမှာမဟုတ်လား။



တံတားဦးလေဆိပ်ကို အသွားမှာတော့ အောင်က စကားတစ်ခွန်းဆို၏။

"ကိုရဲမိုးက လူတစ်မျိုးမေရ...အချစ်ကို ကွယ်ဝှက်ချင်နေသလိုပဲ...အချစ်ကို ကွယ်ဝှက်ထားခြင်းဟာ သစ္စာမဲ့တာထက် ဆိုးတာပေါ့လေ...မေကတော့ သစ်ရွက်ကြွေတွေထဲက ကြယ်ပွင့်တစ်ပွင့် ရှာရတော့မယ်...မေတစ်ခါပြောခဲ့ဖူးသလို ကိုယ့်ကိုယ်ကိုယ် လုံခြုံမှုအရင်ရှာပြီး သေချာပြီဆိုမှ မြားတံကို ထုတ်ယူတဲ့သဘောတွေ တွေ့ရတယ်"

ကိုရဲနှင့်ပတ်သက်၍ ကျွန်မစိတ်ထဲက ခံစားမှုကို ကျွန်မသာလျှင် အသိဆုံးဖြစ်သည်။ ကျွန်မနှင့် အနီးဆုံး ကျွန်မကိုစောင့်ရှောက်နေကြသူ မွန်မွန်တို့လို ညီမငယ်များကိုပင် ကျွန်မအသိပေးခဲ့တာမဟုတ်။ ကျွန်မ၏ကိုယ်ရေးကိုယ်တာကိစ္စသည် ကျွန်မနှင့်သာဆိုင်၍ ဘယ်သူ့ကိုမှလည်း စိတ်ဒုက္ခမပေးချင်တာပါ ပါသည်။ အောင့်ကိုတော့ ကျွန်မပြောဖြစ်ခဲ့သည်။ အောင့်မှတ်ချက်ကိုလည်း ကြားခဲ့ရပြီ။

"ဒါပေမဲ့ ကိုရဲမိုးဟာ လူကောင်းတစ်ယောက်ပါမေ...အခွင့်အရေးသမားတစ်ယောက်တော့ မဟုတ်ဘူး...အောင်ကတော့ မေ ကံကောင်းပါစေလို့ပဲ ဆုတောင်းပါတယ်"

သည့်နောက်ပိုင်းမှာ အောင်က ကိုရဲအကြောင်း မပြောတော့ပါ။ သူငယ်ချင်းများနှင့် မဆုံခဲ့ရတာကိုပဲ စိတ်မကောင်းကြောင်း ပြောသည်။ နောက်တစ်ခေါက်မြန်မာပြည်ကို လာခဲ့ရင်တော့ တွေ့ဖြစ်အောင်တွေ့မည်တဲ့။ အကျိုးအကြောင်းရှိသမျှ သူ့ဆီကို အီးမေးလ်နှင့် ဆက်သွယ်ဖို့ မှာရှာသည်။ ကျွန်မဆီလည်း အီးမေးလ်ပို့မည်တဲ့။ လူချင်းဝေးကြသော်လည်း ကျွန်မတို့နှစ်ယောက် စာချင်းဆက်သွယ်နိုင်ပြီ။ အောင်က တစ်ပတ်တစ်ခါ ဖုန်းဆက်မည်ဆိုပါ၏။

"အောင်...နောက်တစ်ခေါက် ဘယ်တော့လာမှာလဲလို့ မေ မမေးတော့ဘူး"

"အဲဒါကိုက မေးခွန်းဖြစ်နေပြီလေ မေရဲ့...အောင် လာမှာပေါ့...တစ်နှစ်အတွင်း ပြန်လာဦးမယ်...အဲသည်ကျရင်တော့ အောင်ရယ်...မေရယ်...အောင်တို့သူငယ်ချင်းတွေအားလုံးရယ် တွေ့ဆုံပွဲကလေး မေစီစဉ်ပေးကွာ..."

သည်ညနေ အောင် ရန်ကုန်ကို ရောက်မည်။ မနက်ဖြန်ဆိုလျှင်တော့ အမေရိကားကို ပြန်လိမ့်မည်။ အောင်နှင့်ကျွန်မ တွေ့ဆုံရခြင်းက အိပ်မက်တစ်လမ်းလျှောက်နေရတာနှင့် တူသည်။ ကျွန်မအိပ်မက်က လန့်နိုးချိန်မှာတော့ ကျွန်မအနားမှာ အောင်မရှိနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် အနှစ်နှစ်ဆယ်ကျရင် တစ်ခေါက်လာခဲ့ဦးပေါ့ အောင်ရယ်..."

လေဆိပ်အတွင်း ကားကွေ့ဝင်လိုက်တော့ ကျွန်မနှုတ်က စကားကလေး တစ်ခွန်း ထွက်ကျသွားခဲ့သည်။ ကျွန်မ ကြေကွဲဝမ်းနည်းနေကြောင်း အောင် သိပုံရပါ၏။ ကျွန်မကို ပေါ့ပါးသွားအောင် စသည်။

"အောင်က ဘိသိက်လာမြှောက်ရဦးမှာလေ မေရဲ့"

"ဘိသိက်ဆရာရေ...တောင်ရှည်ပုဆိုးဝယ်ပြီး စောင့်သာနေတော့..."

အောင်က လေဆိပ်ခန်းမအတွင်း ဝင်ခါနီးတော့ ကျွန်မလက်ကို ဆွဲ၍ နှုတ်ဆက်သည်။ ခန်းမထဲ အောင်ဝင်သွားတော့ သူ့ကို ကျွန်မ မတွေ့ရတော့ပါ။ မှန်တံခါးတွေထဲကတစ်ဆင့် မြင်သလောက် ကြည့်နေမိပါ၏။ အောင်က နှုတ်ဆက်ချင်တာမဟုတ်ဘူးဆိုသည့်စကားကို ပြောတတ်သူမဟုတ်လား။

'သူသွားတော့မည်
ပွေ့ချော့ထွေးလည်း၊ ဝမ်းနည်းရှုံမှုံ
မှန်ဝါးမျက်နှာ၊ မျက်ရည်ကာဆီး
ပြန်လာပါဦး၊ ခွဲချင်ဘူးကွယ်
မူးယစ်ဝေညှ၊ မွေးထုံသဆဲ
ခဏတွေ့မော၊ ရင်ခုန်ရောယှက်
ပြောချင်စကား၊ မေးခွန်းများစွာ
မေ့ထားခဲ့ပြီး၊ ပြန်ချိန်နီးမှ
ငိုညည်းတစ်ဝက်၊ မမီလက်ကမ်း
နှုတ်ဆက်ဝိုးဝါး၊ ပြေးထွက်သွားမှ
တံခါးရပ်မှီ၊ ငေးခဲ့ပြီ...'

မကြာခင် ပြန်လာမည်။ သူငယ်ချင်းတွေနှင့် တွေ့မည်။ မေနှင့် စကားတွေပြောမည်။ အောင်ကတော့ ကတိစကားတွေ ထားခဲ့ကာ ပြန်သွားခဲ့ပြန်ပြီ။ သူလည်း နှုတ်ဆက်ဝိုးဝါး ပြေးထွက်သွားပြန်ပါပကော။

အပြန်ခရီးမှာတော့ ကျွန်မတစ်ယောက်တည်းပင်။ ကျရသော မျက်ရည်တွေ အတွက်တော့ ရှက်စရာမရှိ။ ကျွန်မ ကလေးတစ်ယောက်လို ငိုခဲ့ပါ၏။

(၁၉)

From: "Aung Naing Thu" (koaungnnaingthu@yahoo.com)
To: "Theri May" (rosetm@mandalay.net.mm)
Sent: Sunday, March, 2007 9:41 AM
Subject:

**မေ,**

အောင် မနေ့ကပဲ ချောချောမောမော ပြန်ရောက်တယ်...မန္တလေးမှာ ၂၄ နာရီလောက်ပဲ နေခွင့်ရခဲ့ပေမယ့် မေနဲ့သွားခဲ့ရတာတွေကို သတိရနေမိတယ်။ လေယာဉ်ပေါ်မှာလည်း တစ်လမ်းလုံး မေ့အကြောင်းတွေကိုပဲ စဉ်းစားလာခဲ့မိတာပါပဲ။ မေ့ကို အရုပ်ကလေးတစ်ရုပ်လို ချောင်ထိုးထားခဲ့မိတဲ့အတွက် အောင့်ကိုယ်အောင်လည်း ယူကျုံးမရဖြစ်ရတာကိုလည်း ပြောချင်တယ်။ အောင့်မှာကလည်း တစ်ပါးတိုင်းပြည်ကို ရောက်ပြီဆိုကတည်းက တစ်လျှောက်လုံး အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရတာ မေ့ကိုပြောခဲ့ပါပြီ...။ မြန်မာပြည်ကို တစ်ခေါက်တစ်ကျင်း ပြန်လာနိုင်ဖို့ အောင့်အနေနဲ့ အတော့်ကို ကြိုးစားရုန်းကန်ခဲ့ရတာပါမေ...။ အောင်ပြောခဲ့သလိုပါပဲ...မြန်မာပြည် ပြန်လာချင်တာကို ပြန်တွေးကြည့်တော့လည်း မေမေနဲ့မေ့ကို တွေ့ချင်လို့ဆိုတာက အဓိကဖြစ်နေတယ်။ မေမေကတော့ အောင်နဲ့ တွေ့ရတာ ဝမ်းသာတာရှိပေမယ့် ဘာမှ လိုလေသေးမရှိအောင် ပြည့်စုံနေတဲ့ဘဝ ဆိုတော့ အောင် စိတ်အေးရပါတယ်...။ မေမေကတော့ အိမ်ဘာကောင်းရှာပါရဲ့မေ...သူ့ကိုယ်သူလည်း စိတ်မကောင်းဖြစ်နေတာတော့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မေ့ကိုတွေ့ရတော့ အောင့်စိတ်တွေ လှုပ်ရှားမိတာ အမှန်ပဲ…။ မေ့ကို အောင်တို့ငယ်ငယ် ကျောင်းတုန်းကလိုပဲ တည်တည်ငြိမ်ငြိမ် ကျက်သရေရှိရှိ မိန်းမသားတစ်ယောက်အဖြစ် တွေ့ရတဲ့အတွက်လည်း အံ့ဩဝမ်းသာဖြစ်ရတာ အမှန်ပါပဲ။

မေ…

မေနဲ့တွေ့လိုက်ရတော့ အောင့်ရင်ထဲမှာ ဝမ်းသာဝမ်းနည်း ဖြစ်ရပါတယ်။ မေ့ကို အနှောင်အဖွဲ့ကင်းကင်း တွေ့ရလိမ့်မယ်လို့ အောင် မထင်ခဲ့မိဘူး…။ မေ အိမ်ထောင်ပြုပြီးလောက်ပြီပေါ့လေ…။ မေက ဘာကိုပဲလုပ်လုပ် နိုင်းနိုင်းချိန်ချိန် လုပ်တတ်တဲ့သူဆိုတော့ မေ့ အိမ်ထောင်ကလည်း ကံကောင်းမှာပဲလို့ အောင်ထင်ခဲ့တယ်။ အောင်ကတော့ မန္တလေးမှာ နေခဲ့ရတဲ့အချိန်ကလေးဟာ အဓိပ္ပာယ်ရှိခဲ့တယ်လို့ပဲ ယုံကြည်နေပါတယ်…။ အောင့်စိတ်ထဲရှိတဲ့အတိုင်းပြောရရင် အောင် ပြန်ပြီးရင်တွေခုန်ခဲ့ရတယ်။ ဘဝက အောင်တို့ကို ဘာဖြစ်လို့များ ခွဲပစ်လိုက်ရသလဲဆိုတာလည်း တွေးနေမိတယ်။ အချိန်တွေ နောက်ကျလွန်းသွားပြီလား…။ သူငယ်ချင်း ခင်ခင်ပြောခဲ့သလို အောင်တို့နှစ်ယောက်စလုံး ဟန်ဆောင်ကောင်းခဲ့ကြတာများလား…။ နင်တို့ မပွင့်လင်းကြလို့ ဝေးသွားတာပဲဆိုတဲ့ မခင်ရဲ့စကားက အောင့်အဖို့ စဉ်းစားစရာတွေဖြစ်ခဲ့တယ်။ မေ့ကို ရည်းစားစကားပြောဖို့ လာတာ မဟုတ်ပါဘူးလို့ အောင်ပြောခဲ့ပါတယ်…။ ဒါပေမဲ့ မေရေ…အသက်လေးဆယ်ကျော်ကာမှ ရည်းစားစကားတော့ ပြောချင်သေးသား…။ ကြယ်တွေခူးချင်နေတာမျိုးများ ဖြစ်နေမလားမေရေ…။ ဘာပဲဖြစ်ဖြစ် အောင်ကတော့ သည်နိုင်ငံမှာ ဒရယ်တစ်ကောင်လို ပြေးနေရတုန်းပါပဲ။ ဒါပေမဲ့ အားချိန်ကလေးများရရင် စာတွေရေးပါရစေဦး…။

သတိရခြင်းများစွာဖြင့်

**'အောင်'**



From: "Theri May" (rosetm@mandalay.net.mm)
To: "Aung Naing Thu" (koaungnnaingthu@yahoo.com)
Sent: Monday, March, 2007 10:00 PM
Subject:

**အောင်,**

အောင့်စာကို မေ အခါခါဖတ်ပြီးခဲ့ပါပြီ။ မေ့ကို သတိတရရှိစွာ စာရေးလိုက်တဲ့အတွက်လည်း မေ ကျေးဇူးတင်ပါတယ်…။ အနှစ်နှစ်ဆယ် အပွင့်မြဲနေတဲ့ပန်းတစ်ပင်က ပထမဆုံးပန်းပွင့်တစ်ပွင့် ပွင့်ပြလိုက်သလိုပါပဲ…။ အသက်လေးဆယ်ကျော်ခါမှ ရည်းစားစကား ပြောချင်နေတယ်ဆိုတာကတော့ အောင့်ရဲ့ ပထမဆုံး မရိုးမသား ပြောတာများလားလို့တောင် တွေးမိခဲ့တယ်။ တရိုးကဗျာကိုပဲ ညွှန်းပါရစေတော့…'ငါသည် သင့်ထံ ရေတစ်ပေါက်တောင်းရန် လာခြင်း မဟုတ်… စမ်းချောင်းကိုတောင်းရန် လာခြင်းဖြစ်၏' တဲ့…။ မေကတော့ စမ်းချောင်းကိုတောင်းတဲ့လူရယ်လို့ မတွေ့ဖူးသေးပါဘူး။ အောင့်အတွက် မေစွဲလမ်းခဲ့တဲ့ ဆရာမကြည်အေးရဲ့ ကဗျာတစ်ပုဒ် ထည့်ရေးပေးလိုက်တယ်…။ မေကိုယ်တိုင်က ကဗျာတစ်ပုဒ် ချမရေးနိုင်ပေမယ့် ကဗျာတွေကိုတော့ ချစ်ပါရဲ့။ ဆရာမကြည်အေးက မိန်းကလေးစိတ်ကို သိပ်နားလည်တာပဲလို့ အောင်ပြောဖူးတာလည်း မှတ်မိတယ်…။

*'စိတ်မှာတမ်းမိ*
*နမ်းကြည့်ပါဦး… စံပယ်ဦးရှင့်*
*နူးဆွတ်ရှုရှု၊ မွေးမြချင်ဖွယ်*
*ရင်ဝယ်ခုန်ငြိ၊ သတိရနိုး*
*စောင်းငဲ့ခိုးကြည့်၊ ရုက်မိရက်ကို…'*

အောင်ရေ…အသက်လေးဆယ်ကျော်မှတော့ စောင်းငဲ့ခိုးကြည့် မရှိချင်တော့ပါဘူး ။

ချစ်ခင်လျက်

**'မေ'**

www.burmeseclassic.com

www.burmeseclassic.com



From: "Aung Naing Thu" (koaungnnaingthu@yahoo.com)
To: "Theri May" (rosetm@mandalay.net.mm)
Sent: April, 2007 10:15 PM
Subject:

**မေ,**

အောင် မနေ့က ဖုန်းထဲမှာ စကားတွေပြောလိုက်ရပေမယ့် မဝနိုင်လို့ စာထပ်ရေးလိုက်ရပြန်ပါပြီ…။ မေ ဖုန်းပြောရတာ အဆင်ပြေရဲ့လား။ အောင် အားရင်အားသလို ဆက်ပါဆိုပေမယ့် မေက အလုပ်တာဝန်တွေများလို့ အားနာရပါတယ်။ မနေ့ကတော့ အောင် နေမကောင်းလို့ ရုံးမသွားရဘူး…။ မေ ပေးလိုက်တဲ့ သီချင်းခွေတွေ ဖွင့်နားထောင်မိတယ်။ တချို့သီချင်းတွေကို အောင် မကြားဖူးတော့ဘူး…စာအုပ်တွေကတော့ အစည်းလိုက်ပဲ ရှိသေးတယ်…ရောက်ရောက်ချင်း နေမကောင်းတာဆိုတော့ ရုံးက ဆက်နားလိုက်ပါပြောလို့ ဟန်ကျသွားတာပဲ။

မေ…

ကိုရဲမိုးနဲ့ မေ့အခြေအနေကော ဘယ်လိုလဲ…။ အောင်သိချင်တယ်…အောင်နဲ့မိတ်ဆက်ပေးတာကို စိတ်တော် ကောက်နေပါဦးမယ်…။ 'အပူအပင်မဲ့တဲ့ ရက်ရက်ရောရောရှိတဲ့ ပစ္စည်းဥစ္စာတွေကို စွန့်ကြဲလေလေ ငါ့ရဲ့ သူတောင်းစားခွက်ကို သတိထားမိလေလေ' တဲ့…။ မေ့ကို အားကျမခံ အောင်ကလည်း တဂိုးရဲ့ကဗျာ တစ်ပုဒ် ပြန်ရေးပေးလိုက်တာပါ…။

***PS*** မေက စာရေးကောင်းတယ်…အောင့်ဆီ စာရေးရင် များများရေးပါ…အောင်ဖတ်ချင်တယ်…။ မေမှာတဲ့ မေပယ်လ်ရွက်ကလေးတွေလည်း ပို့လိုက်မယ်…။

ချစ်ခင်လျက်

**'အောင်'**



From: "Theri May" (rosetm@mandalay.net.mm)
To: "Aung Naing Thu" (koaungnnaingthu@yahoo.com)
Sent: May, 2007 12:20 PM
Subject:

**အောင်,**

မေတို့ဆီမှာတော့ သည်ကနေ့က လပြည့်နေ့ကျတယ်…။ အခု စာရေးနေတဲ့အချိန်မှာ မေ့အခန်း မှန်ချပ်တွေကတစ်ဆင့် လမင်းကြီးကို ဝိုင်းဝိုင်းပြည့်ပြည့် လှမ်းမြင်နေရတယ် အောင်…။ ငယ်ရွယ်သူတွေ ဆိုရင်လည်း 'လဆီကို လေယာဉ်စီးလို့ ခရီးထွက်ရအောင် လိုက်လှည့်ပါမောင်' လို့ စိတ်ကူးယဉ်ရသားနော်…။ မေတို့အရွယ်ကတော့ လှိုင်ထိပ်ခေါင်တင် ရေးသလို ရေးရတော့မယ့်အရွယ်ပါပဲ။

*'သူဖြူလျှင် အပ်ယူဖြောင့်နိုင်ငဲ့၊ သူမှောင့်မယ်စိုးမိတယ်။*
*ခွင့်သနားရင်ဖြင့်၊ မြင့်ဖျားယောမာနှင့်၊ ချောင်ကောလာ ရွှေဝါကွေ့မှာ၊ တောမွေ့တော့မယ်။*
*မသေရုံ ရွှေဘုံကြီးမှာလ၊ သစ်သီးနဲ့ ပွဲတော်တယ်၊ ဖန်ခြယ်တဲ့ ဝတ်လဲ။*
*မွေးလို့ရယ်လှိုင်၊ အုပ်လုံးစံပယ်ကြိုင်တဲ့၊ မြကေခိုင် မင်ရည်လဲ့ကို၊ ရှင်းမဲ့ကြဲဆဲ'*

မေကတော့ မြကေခိုင် မင်ရည်လဲ့ကိုရှင်းရင် ကောင်းမလားတွေးမိတာလည်း အခါခါပါ…ချောင်ကောလာ ရွှေဝါကွေ့မှာ တောမွေ့ချင်လို့လေ…(စစ်ကိုင်းနဲ့က နီးတယ်လေ)။ ခက်တာက လမင်းကြီးကို တွေ့ပြန်တော့လည်း လွမ်းရတာတောင် ဘဝအဓိပ္ပာယ်လေလားလို့ ထင်မိရပါတယ်…။ လရောင်ကိုချစ်တာတော့ မစွန့်နိုင်ပြန်ဘူး…။ လမင်းဆိုတာ မိုးရဲ့မီးအိမ်တဲ့…။

ဒါပေမဲ့ '*တစ်ကျွန်းစီနေ၊ တစ်မြေစီခြားတဲ့သူရယ်…မျက်နှာချင်းကိုလ လမင်းမှာဆုံစို့ကွယ်*' လို့ ဆိုဖို့တော့ ခက်သားပဲ။ မေတို့ကတော့ လရောင်ကို ခံစားရဖို့ မြို့ပြင်ကို မထွက်ရသေးတာကိုပဲ ဝမ်းသာနေရတယ်…လရောင်ဟာ လူကို နူးညံ့စေသလား မပြောတတ်ပါဘူး…မြင်လိုက်ရရင် ရင်ကို အေးမြစေတာတော့ အမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အောင့်ဆီကို စာတွေများများရေးချင်ပါတယ်…တစ်ခါတလေ စိတ်ထဲမှာ စီထားတာတွေ အများကြီးပဲ…တကယ်တမ်း ချရေးတော့လည်း ဖြစ်ဖြစ်မြောက်မြောက် မရေးတတ်ပြန်ဘူး…။

ကိုရဲမိုးနဲ့ပတ်သက်လို့တော့ ရေနဲ့ကြာလို သဟဇာတ မဖြစ်ပါဘူး…အောင်ပြန်သွားပြီးတဲ့တစ်ရက် စက်ရုံမှာတွေ့တော့ စကားနာထိုးသလိုလို ရွဲ့သလိုလို လုပ်နေလို့ မေနဲ့စကားများရတယ်…မေဟာ သူ့မေတ္တာကို မျှော်ကိုးတကြီး ရှိတုန်းပါပဲ…။ အောင်ပြောသလို သူနားလည်လာမယ့်တစ်ရက်ကိုတော့ စောင့်နေမိတုန်းပါပဲလို့ ပြောပါရစေတော့…တစ်ရက်တုန်းကလည်း ဒါရိုက်တာတစ်ယောက်က မေနဲ့စလိုက်လို့တဲ့ မေ့ကို ဖုန်းနဲ့ ရန်တွေတွေ့နေလိုက်တာလေ…။ မေကတော့ ပြောလိုက်ပါတယ်… ရှင် အနေအထိုင်မတတ်လို့ထင်ပါရဲ့လို့…။ တစ်ခါတလေကျတော့ သူ့စကားလုံးတွေက ရင့်သီးလွန်းတယ်။ မေကတော့ နားတောင်မလည်နိုင်အောင်ပါပဲ…။

ခင်ခင်က မေနဲ့ ကိုရဲမိုးအကြောင်း သိနေတော့ မခံချင်ဘူးပေါ့လေ…။ သီရိမေ နှင့်သတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲတဲ့…နှင် စိတ်ဆင်းရဲခံနိုင်တာကိုကြည့်ပြီး အံ့သြမိတယ်တဲ့…။

ထားပါတော့…။ အောင့်အတွက် လိုမယ်ထင်တာလေးတွေ ပို့လိုက်မယ်…စာရေးရတာ ဖုန်းပြောရတာထက် ခံစားမှုက ပိုတယ်ထင်တာပဲ…။ အောင်ကော?။

'ပန်းပေါင်းနံ့သာ၊ ထုပ်ပဝါ၊ လွန်စွာမွှေးပျံ့လှ…' တဲ့။

ပန်းပေါင်းနံ့သာကို ပဝါနဲ့မထုပ်မိသေးဘူး အောင်ရေ…။

ချစ်ခင်လျက်

**'မေ'**

(၃၉)

ချစ်၍ ပျိုးသည့်
မိုးနှင့် လန်းရှင်၊ မောင့်ပန်းပင်ကို
မြင်ပြန်ခဏ၊ ကြင်ယုယချင်။

(ကြည်အေး)

အောင်နှင့် မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ခဲ့ရသည့်နောက်ပိုင်း ကျွန်မကိုယ်ကျွန်မ လန်းဆန်းလာသည်ဟု ထင်ပါ၏။ ကျွန်မ မမြင်ရသော အကာအကွယ်တစ်ခု ကာရံလိုက်သလို အားရှိသွားခဲ့ရသည်ဆိုလျှင် ပိုမှန်မည်လားမသိ။ အောင်ကိုယ်တိုင် လူလုံးလူစ ကျွန်မအနားမှာ မရှိသော်လည်း ကျွန်မစိတ်ခံစားမှုတွေထဲမှာ အောင်ရှိနေခဲ့သည်။ နှစ်ပေါင်းများစွာ ဝေးကွာနေရာက အောင်ပြန်ပေါ်လာခြင်းသည်ပင် ကျွန်မအဖို့ ကံအလှည့်ကလေး ပေးလာပြန်သလို ခံစားမိရသည်။ အောင်နှင့် ကျွန်မအခြေအနေက သူငယ်ချင်းတွေဆိုသော်လည်း သူငယ်ချင်းထက်မကသော အဓိပ္ပာယ်တစ်မျိုး ရှိနေခြင်းကတော့ အမှန်ပင်။

ကျွန်မတို့ ရွှေမန်းဆောင်မှာ နေခဲ့ကြစဉ် အဆောင်ရှေ့က တမာတန်းအုတ်ခုံမှာ ဂစ်တာတီးပြီး သီချင်းလာဆိုတတ်သော အောင့်အသံကို ပြန်ကြားရသလို ကျွန်မ သီချင်းတစ်ပိုင်းတစ်စ ညည်းမိသည်အထိ ပေါ့ပါးနေခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် မန္တလေးကို အောင်ရောက်လာခြင်းတွင် အချိန်အားဖြင့် နှစ်ဆယ့်လေးနာရီသာ ရှိခဲ့သည်။ သူပြောသလောက် ဇာတ်လမ်းတွေကိုသာ ကျွန်မကြားခဲ့ရသည်။ ဒါဖြင့် အောင့်ကို ကျွန်မ ဘာကြောင့် နှစ်နှစ်ကာကာ ယုံကြည်ဝံ့ရဲတာပါလိမ့်လို့လဲ ညတိုင်းတွေးမိပါသည်။ အောင်နှင့်ပတ်သက်၍ သူ့ကိုယ်ကျင့်တရားကို ကျွန်မယုံကြည်တာသက်သက်လား။ ငြိတွယ်ခြင်းကင်းခဲ့ရသော ချစ်သူအဖြစ် ကျွန်မစိတ်က လက်ခံနေလို့လား။ ကိုရဲနှင့်ကျွန်မကြားမှာ အောင်က ကာယ်တင်ရှင်လား၊ လူကြမ်းလေး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ်တိုင် ဖြေရှင်းရမှာတွေ အများကြီးရှိသေးသည်။ ကျွန်မ ပြတ်သားရမှာတွေ ရှိသေးသည်။ ထိုအခါ ကျွန်မစိတ်တွေ ထွေနေတတ်ပြန်ပါသည်။ တစ်ခါတစ်ရံ ကျွန်မလက်ရှိရင်ဆိုင်နေရသည့် အခြေအနေက ဝေးချင်စိတ်တွေ ဝင်လာတတ်ပြန်ပါ၏။ ကျွန်မတစ်ယောက်တည်း ဝေးသောတစ်နေရာမှာ နေချင်သည်။ မွန်မွန်.ကိုခေါ်ကာ ကိုယ်လွတ်ရုန်းဖို့ အကြိမ်ကြိမ်တွေးခဲ့ဖူးသည်။ သို့သော် ကျွန်မကို မှီခိုနေသောဘဝတွေက များလှသည်။ တစ်နေ့တစ်နေ့ အကျိုးအမြတ်အဖြစ် ဝင်နေသော ငွေကြေးပမာဏစာရင်း တက်လာတိုင်း ကျွန်မကို ချုပ်နှောင်ထားသည့်ကြိုးတွေလို့ မြင်ခဲ့သည်လည်း အကြိမ်ကြိမ်ရှိခဲ့သည်။ သောက သည် ပင်လယ်ကြီးဖြစ်၍ မျှော်လင့်ခြင်းသည် လှေကလေးတစ်စင်းသာ ဖြစ်နေရသရွေ့ ကျွန်မအတွက် ဘာအဓိပ္ပာယ်မှ မရှိသလို ခံစားရပါ၏။ အောင့်ထံသို့ပင် e-mail မပို့ချင်သည့်ရက်တွေ ရှိသည်။ ဝေးလံသောအရပ်ဆီက တကန်တက ဆက်လာသော စကားသံက ကျွန်မအနီးရှိ ချစ်သူဆိုသူ၏စကားသံထက် ပိုနီးနေတာကိုလည်း ရင်နာရပါ၏။

"အောင်က စောင့်ရှောက်ပါရစေတော့ ဆိုလာရင်ကော..."

သည်မေးခွန်းက ကျွန်မကို ဖိစီးနေခဲ့သည်။ အောင့်စကားတွေထဲမှာ (အောင့်စာတွေထဲမှာ) အနှောင့်အသွားမလွှတ်ကလေးတွေ ပါတတ်သည်။ နှစ်ပေါင်း နှစ်ဆယ် နောက်ကျပြီးမှ ရောက်လာသည့် စာသေတစ်စောင်လို အကြောင်းအရာတွေ အဓိပ္ပာယ်မဲ့နေမှတော့ ရှိပါစေတော့လို့သာ ကျွန်မ မငုံမရဲ ဆုံးဖြတ်မိတာတွေလည်း ရှိပါ၏။ ကျွန်မတွင် တစ်ခါက ရှိခဲ့ဖူးသော သူငယ်ချင်းဆိုသည့် သံယောဇဉ်တစ်ခုတည်းကြောင့်ကော အောင့်ဘက် ယိမ်းညွတ်သင့်ပါသလား။

ကျွန်မအတွက် အခက်ဆုံးက ကိုရဲပင်။ သူ၏ မပြတ်သားမှု၊ စိမ်းကားတွေဝေမှုသာ မရှိခဲ့လျှင် ကျွန်မ သည်စိတ်တွေ့မှုတွေ ဝင်စရာမရှိ။ ကိုရဲက ဥစ္စာစောင့်သိုက်နန်းကို စောင့်နေသည့် မြွေတစ်ကောင်လိုပဲဖြစ်သည်။ မြွေတစ်ကောင်အဖို့ ကျောက်မျက်ရတနာတွေကို လိုလိုချင်ချင် တပ်မက်စရာအကြောင်းမရှိသလို၊ ကျွန်မ၏ ပိုင်ဆိုင်မှုတွေကို သူမတပ်မက်မှန်းလည်း ကျွန်မသိပါသည်။ တကယ်တမ်း လောကကြီးကို နှစ်ယောက်အတူ လက်တွဲရင်ဆိုင်ဖို့ကျတော့ သူ နောက်တွန့်နေတာပဲ မဟုတ်လား။

"ချစ်သူတွေဆိုပေမယ့် ကံဆိုတာ ဆုံချင်မှဆုံရတာမျိုးပါဗျာ...ကိုရဲကတော့ တစ်ယောက်တည်းပဲ နေတော့မယ် ဆုံးဖြတ်ထားတယ်... မမေကြိုက်သလို စဉ်းစားပါ...ကိုရဲကို မငဲ့ပါနဲ့..."



တစ်ခါက ကိုရဲပြောခဲ့သည့်စကားဖြစ်သည်။ သည်စကားကြားရတော့ ဝမ်းမနည်းမိဘဲ စိတ်ပျက်သွားခဲ့ရသည်။ လုပ်ငန်းသဘာဝအရ ကိုရဲနှင့်ကျွန်မ အတူသွား၊ အတူလာ၊ အတူတူစကားထိုင်ပြောရတာတွေရှိသည်။ စီးပွားရေးလုပ်ငန်းသဘောအရ ဆက်ဆံနေကြတာထက် မပိုသော ကျွန်မတို့နှစ်ယောက်ကြားမှာ ချစ်ခြင်းမေတ္တာသည်လည်း အလိုအလျောက် ပျောက်ဆုံးသွားရတော့၏။ လုပ်ငန်းအတွက် အားကိုးရတာလည်း အမှန်ပင်။ ကျွန်မအပေါ် သစ္စာရှိရှိ ကတိတည်တည် ရပ်ပေးနေတာလည်း အမှန်ပင်။ ကျွန်မနှင့်အတူတကွ ရှိနေရခြင်းအပေါ် ဘယ်မျက်လုံးတွေက ဘယ်လိုကြည့်နေကြသလဲဆိုတာမျိုးနှင့် အမြဲမလုံမလဲရှိနေတတ်တာကိုတော့ ကျွန်မခံပြင်းလှသည်။ ကန့်လန့်ကာတစ်ချပ်ခြား ချစ်ရသည့်တဝကို ကျွန်မစက်ဆုပ်သော်လည်း ကျွန်မဘက်က ဖောက်ခဲ့တာ ဘာမှမရှိ။ မေမေ ပြောခဲ့ဖူးသည့် ကျက်သရေရှိသောမိန်းမ ဆိုသည့်အဓိပ္ပာယ်ကို စောင့်စည်းခြင်းဆိုလျှင် ပိုမှန်ပါလိမ့်မည်။

ကျွန်မသည် လူတစ်ယောက်အတွက် Essential မဖြစ်လျှင် Extra တော့ မဖြစ်ချင်။

သည်လို ကျဉ်းကျပ်လာပြန်တော့လည်း အောင်ထံကို ကျွန်မ e-mail ပို့မိပြန်၏။

အောင်,

အောင့်စာထဲမှာ အလုပ်တွေ ထပ်ပိနေတယ်ဆိုလို့ ဖုန်းတောင် မဆက်ဖြစ်ပါဘူး။ ဖုန်းလာရင် အောင် အဆင်မပြေမှာစိုးလို့ပါ။ အစည်းအဝေးခန်းမထဲ ရောက်နေသလား၊ လုပ်ငန်းတာဝန်ချိန် ဖြစ်နေသလား ကအစ တွေးမိလို့ပါ။ အောင့်ကို နေလက်စနဲ့ (ပျောက်လက်စနဲ့) နေလိုက်ပါတော့လားလို့တောင် ပြောချင်မိတယ်။ အခုတော့ မနေသာတော့ဘူးလေ။ မေ့အဖို့ သည်အသက်အရွယ်ရကာမှ အချစ်အတွက် စိတ်ကစားနေရတာမျိုးလည်း မဖြစ်ချင်တော့ပါဘူး။ မေ့အခြေအနေက ပြည့်စုံတယ်ဆိုပေမယ့် တစ်ခါတစ်ရံ ခေါင်းခြောက်ရတာတွေလည်း ရှိရတာပါပဲ။ သောကြာညနေတိုင်း ပြင်ဦးလွင်ကိုသွားပြီး အနားယူတယ်ဆိုပေမယ့် စိတ်မနားရတာတွေတော့လည်း ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ရယ်...

မေတို့ဘဝဟာ တကယ်တော့ ကျောင်းတုန်းကလို စာတွေ ကဗျာတွေနဲ့ချည်း ခံစားနေလို့ မရတော့ဘူးလေ...ဒါဟာ ဆုံးရှုံးမှု ဆိုဦးတော့ ဘဝအတွက် အရေးပါတာတွေဘက် ခေါင်းလှည့်ရတာ ကလည်း လောကထဲက အတွေ့အကြုံရှာရတာတစ်မျိုးပါပဲ။ မေ့ ကုမ္ပဏီလုပ်ငန်းဟာ ကောက်ကာငင်ကာ ကြီးပွားလာတာမဟုတ်ဘူး အောင်...။ မောင်မောင်နဲ့မေ ကျားကုတ်ကျားခဲ ရင်းခဲ့ရတဲ့လုပ်ငန်းကို မေက ဆက်ကိုင်ခဲ့ရတာပါ။ မိန်းမသားတစ်ယောက်အနေနဲ့ သိပ်ကို အားအင်တွေ ကုန်ခန်းခဲ့ရပါတယ်။ လုပ်ငန်းတည်ထောင်ခါစကဆိုရင် ငွေကြေးကအစ ရှာဖွေရတာတွေ ရှိခဲ့တယ်။ ဝန်ထမ်းလစာပေးဖို့ တောင် ခက်ခဲခဲ့ရတယ်။ မေမှတ်မိသေးတယ်။ ဝန်ထမ်းတွေကို မနက် လစာပေးဖို့ ညမှာ ပိုက်ဆံအနွမ်းကလေးတွေကို မေကိုယ်တိုင် တစ်ချပ် ချင်း မီးပူတိုက်ပြီး ဖြန့်ခဲ့ရတာလေ...။ ကုန်ကြမ်း မလာလို့ အခေါက် ခေါက် အခါခါ သွားခဲ့ရတာလည်း ရှိသေးတယ်။ တစ်ခါတစ်ခါများ မတ်တတ် ခိုင်ခိုင်မရပ်ချင်တော့လောက်အောင်ပါပဲ။

လဲပြိုကျမတတ်ရှိခဲ့တဲ့မေ့ကို အားမာန်တွေ ပေးခဲ့တာ ဆရာ ဇော်ဂျီရဲ့ကဗျာပါအောင်။ ကဗျာကို တခမ်းတနားပြန်ကူးပြီး ရုံးစားပွဲ ဆီးမှာ ချိတ်ထားခဲ့တယ်။ ကဗျာကို အောင်မှတ်မိမလားဘဲ။ 'လှိုင်း ကလေး...သင်' လေ။

'ပြင်ကျယ်ကျယ် ပင်လယ်စခန်းဆီက
သည်ကမ်းယံ စေတီဦးဆီသို့
ပူးမြော်ရန် ရောက်လာရင်းပေလ
သော အိုအချင်း လှိုင်းကလေး...သင်။
ကမ်းရောက်ပြန်တော့
တစ်ဖြောက်မြည်သံကျူ၍
နဂိုမူစွန့်ကာပစ်ပါလို့
မူသစ်တစ်ဆင်ခြယ်၍
ပြင်ကျယ်ကျယ် ပင်လယ်စခန်းဆီသို့
မြန်းကြွမည့်သွင်။



ဘယ်ဒေသဆီက
သင်ကြွကာ သည်ကိုလာ၍
ဘယ်နေရာ ဘယ်ဆိပ်ကမ်းဆီသို့
မြန်းမယ်လို့ သင်ဟန်ပြင်
ကြံချင်ဘု သည်အရေး။
သို့ကတဲ
စိတ်ထဲ ငါဆင်ခြင်ခဲ့
သင်လာစဉ် ပင်လယ်လမ်းမှာဖြင့်
မုန်တိုင်းလေ လှိုင်းရေကြမ်းသော်ကြောင့်
ပန်းခဲ့သူ စင်ရော်ငှက်ကိုလ
ကျောထက်ဝယ် ဆောင်ယူသယ်၍
ဖောင်သဖွယ် သင်ကူမတယ်လို့
တွေးဆကာ သည်အလွမ်းရယ်နဲ့
ဝမ်းမြောက်တယ်လေး...'

မေတို့ဟာ လူသားတွေဖြစ်တဲ့အတွက် ပင်လယ်လှိုင်းတွေလိုဖဲ ဘယ်ကလာပြီး ဘယ်ကိုပြန်သွားမလဲဆိုတာ သိနိုင်ဖို့ခက်ပါတယ်။ ဒါပေမဲ့ မုန်တိုင်းပင်လယ်ပြင်မှာ ပင်ပန်းတကြီးရှိခဲ့တဲ့ စင်ရော်ငှက်ကို ဖောင်လို ကျောပေါ်တင်လာခဲ့ရတဲ့အတွက်တော့ ဝမ်းသာမိသတဲ့...။ မေဟာ မုန်တိုင်းပင်လယ်ပြင်ထဲက ခြေကုန်လက်ပန်းကျနေတဲ့ စင်ရော် ငှက်တစ်ကောင်ပါအောင်...။ ဒါပေမဲ့ ပင်လယ်လှိုင်းရဲ့ စေတနာ မျိုးနဲ့ အရာရာကို ကျောပိုးပြီး တတ်စွမ်းသမျှ စောင့်ရှောက်ခဲ့ရ တယ်။ မေ့ဘဝအဓိပ္ပာယ်ဟာ ဒါပါပဲ။ မေ့ယုံကြည်ချက်ဟာ ပရဟိတ စိတ်ဓာတ်ပါပဲ။ မေ့ကြောင့် လူတွေ စိတ်ချမ်းသာစေချင်တယ်။ မေ့ ကြောင့် ပျော်ရွှင် ချမ်းမြေ့ကြစေချင်တယ်။ သည့်အတွက် ပေးဆပ်ရ မယ်ဆိုတဲ့ အနစ်နာခံစိတ်ကိုပဲ မွေးမြူခဲ့ပါတယ်။

ဖေဖေတို့ မေမေတို့က နှလုံးသားထဲ သွင်းပေးခဲ့တဲ့ စိတ်ဓာတ် လို့ ပြောနိုင်ပါတယ်။ အထူးသဖြင့် ဖေဖေဟာ ကိုယ်ကျင့်တရား ကောင်းနဲ့ တည်တည်ကြည်ကြည်ရှိခဲ့တယ်။ မရိုးဖြောင့်မှုမှန်သမျှကို ရှောင်ကြဉ်တယ်။ ဘဝက ပေးသလောက်နဲ့ ရောင့်ရဲရင်း ဘဝကို ရင်ဆိုင်တယ်။ ရိုးသားဖြောင့်မတ်ခြင်းသာလျှင် ဘဝမှာ အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



ဆုံး ဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်ကို ဖေဖေ နှလုံးသွင်းပေးခဲ့တယ်။ မေမေကတော့ မေ့ကို မိန်းမကောင်းပီသအောင်၊ ကျက်သရေရှိတဲ့ မိန်းမတစ်ယောက်ဖြစ်အောင် သွန်သင်ခဲ့တယ်။ မေ ဖတ်ခဲ့တဲ့စာအုပ်တွေကလည်း အမှန်တရားကို မြတ်နိုးတတ်အောင် လမ်းပြခဲ့တာပါပဲ။

မေ့အဖို့တော့ ကဗျာကလေးတဲ့ နှလုံးသားအသစ်တစ်ခုလို့တောင် ခံယူခဲ့ပါတယ်။ တစ်ခါတစ်ခါ စိတ်တွေ ညစ်ညူးလာရင် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ရဲ့ ကဗျာတွေကို မေ ပြန်ဖတ်တယ်။

နောက်စာမှာ ဆရာမင်းသုဝဏ်ရဲ့ ကဗျာတစ်ပုဒ် ထည့်ရေးလိုက်ပါဦးမယ်...။ မေ့စာဟာ မေပြောချင်တာကို မရောက်ရင်လည်း ခွင့်သာလွှတ်တော့...။

စာတွေရေးရတာ Outlet တော့ ရတယ်အောင်ရေ...

မေတ္တာတရားဖြင့်

'မေ'

သည်ရက်ထဲမှာ အောင့်ဆီက စာတွေ ကျွန်မ ရနေခဲ့သည်။ အနှစ်နှစ်ဆယ် ကြွေးတင်နေလို့ စာတစ်စောင်ချင်း အနှစ် နှစ်ဆယ်စာ ဖွဲ့ဆပ်နေလေသလား မှတ်ရသည်။ e-mail နှင့် ရောက်လာတတ်သောစာတွေကို မွန်မွန်ကပဲ ဆောင်ရွက်ပေးသည်။ ကျွန်မစာတွေကိုလည်း မွန်မွန်ကပဲ ပို့ပေးသည်။ ကိုရဲနှင့် ကျွန်မအကြောင်း သိထားသူ မွန်မွန်က ကျွန်မအပေါ် အထင်အမြင် လွဲချော်မှာကိုလည်း တွက်ရပါသည်။ အထူးသဖြင့် ကျွန်မ၏ ကိုယ်ကျင့်တရားကို အထိပါး မခံချင်။

"မွန်မွန့်မှာ ချစ်သူရှိသလား...မမ သိချင်လို့မေးတာပါ"

တစ်ခါတော့ မွန်မွန့်ကို ကျွန်မမေးကြည့်မိသည်။ မွန်မွန်က ပြုံးသည်။

"ရည်းစား မထားအားသေးပါဘူး မမရယ်...မွန်မွန် အလုပ်တွေလုပ်ချင်သေးတယ်"

မွန်မွန့်အဖြေကို ကျွန်မ သဘောကျမိသည်။ ခေတ်လူငယ်ကလေးတွေ အလုပ်ကြိုးစားလိုစိတ် ရှိကြတာကို ကျွန်မဂုဏ်ယူပါသည်။

အောင့်ဆီက e-mail တွေကတော့ မွန်မွန့်ဆီကတစ်ဆင့် ကျွန်မထံ ရောက်လာဆဲပင်။

■

(၆၀)

မေ,

မေ့ဆီက သည်တစ်ခါလာတဲ့စာက အောင့်အဖို့ အနားလာပြီး ပုတ်နိုးလိုက်သလို ခံစားရပါတယ်။ အခုလက်ရှိ အောင်ဖြစ်နေတဲ့ဘဝဟာ အောင်ကိုယ်တိုင်တောင် ဘယ်လိုမှ ထင်မထားမိတဲ့ဘဝပါ...။

အောင်ဖြစ်ချင်ခဲ့တဲ့ဘဝမျိုးနဲ့ လမ်းချော်ခဲ့ရပြီးတဲ့နောက်ပိုင်းမှာ အောင့်ဘက်က ကိုယ်ချစ်တဲ့တိုင်းပြည်၊ ကိုယ်ချစ်တဲ့လူမျိုးအတွက် တာဝန်တွေရှိပါသေးသလားလို့ ခံစားမိရပါတယ်...။ အထူးသဖြင့် အောင်ချစ်တဲ့ မိခင်တိုင်းပြည်ကို ပြန်လည်ခြေချခွင့်ရဖို့နဲ့ ရသမျှအချိန်ကလေးမှာ နိုင်ငံလောကဝန်ကို ထမ်းချင်နေမိပါတယ်...။ အကြောင်းဆုံရင် ပြန်လာခွင့် လုပ်ဆောင်ခွင့်တွေလည်း ရလိမ့်မယ်လို့ မျှော်လင့်နေဆဲပါ။

မေ...

အောင်တို့အရွယ်ဟာ ငယ်ရွယ်သူတွေလို အချစ်ရူး ရူးကြရမယ့်အရွယ်တွေ မဟုတ်တော့ဘူးလေ။ ကိုယ့်တိုင်းပြည် တစ်နေ့ပြန်လာနိုင်ဖို့လည်း စိတ်ရှိနေပါတယ်။ မလွမ်းဘယ်သူနေပါ့မလဲကွယ်...။ အခွင့်မသာလို့သာရယ်ပါ။ သည်မှာကတော့ အရွယ်အလိုက် ပညာဆည်းပူးမကုန်ပါဘူး။ အလုပ်လည်း ခေါင်းမဖော်နိုင်ပါဘူး။

အောင်တို့တိုင်းပြည်ဟာ နယ်ချဲ့လက်အောက်မှာ ရှိနေရချိန်ဆိုတော့ တိုင်းပြည်နဲ့လူမျိုးကို ဆရာဇော်ဂျီ့ကဗျာတွေက ပုတ်နိုးခဲ့တာပဲမေ...။ ဇာတိမာန်ကဗျာတွေ ဆိုပါစို့။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကဗျာတွေက သည်ဘက်ခေတ်တွေအထိ တိုင်းတစ်ပါးကို ရောက်နေတဲ့ အောင်တို့လိုမြန်မာတွေအတွက်လည်း အဓိပ္ပာယ်ရှိနေတုန်းပါပဲ။ သည်လိုကဗျာတွေကို ဖတ်မိတိုင်းလည်း အောင် ဝမ်းနည်းကြေကွဲ ဖြစ်မိရတာအမှန်ပဲ...။

တို့တိုင်းပြည်၊ အိုတက်လူတို့၊ လှိုင်းကလေး သင်၊ ပိတောက်ပန်း၊ ပန်းပန်လျက်ပဲ...... စတဲ့ ဆရာဇော်ဂျီ့ကဗျာတွေကို အောင်သိပ်ကြိုက်ခဲ့ပါတယ်။ အောင် အလွတ်လည်းရပါတယ်။ နောက်လည်း ကဗျာတွေ ထည့်ရေးပါဦး...။ အောင်ဖတ်ချင်ပါတယ်။ ဖတ်ရတော့လည်း လွမ်းရတယ်။ ကျိုင်းမိုင်းကို လွမ်းတယ်၊ ကလောကို လွမ်းတယ်၊ မန္တလေးတက္ကသိုလ်ကြီးကိုလည်း လွမ်းတယ်။ ကိုယ့်တိုင်းပြည်ကို လွမ်းမှတော့ အားလုံးပါပြီပေါ့လေ...။ မေလည်း ပါပါရဲ့...။

သတိရလျက်

'အောင်'

* * *

အောင့်ထံကို ကျွန်မ e-mail ပို့လေတိုင်း ကဗျာကလေးတစ်ပုဒ်တော့ အမြဲထည့်ပေးဖြစ်နေပြီ။ ကဗျာတွေကို အခါမလပ် ရွတ်ပြတတ်သောအောင့်ကို အခုတော့ ကျွန်မကတစ်ပြန် ကဗျာတွေပို့သူ ဖြစ်နေရပြီ။ တက္ကသိုလ်ရက်တွေတုန်းကတော့ အောင်က ကျွန်မဖတ်ရန် ကဗျာတွေကို ရှာပေးခဲ့သူဖြစ်ပါ၏။ ကဗျာတွေကို အရသာခံစားတတ်လာခြင်းမှာ အောင့်ကျေးဇူးတွေ ပါခဲ့သည်။ အောင်နှင့် အောင်နှင့်ကျွန်မ ကဗျာတွေကတစ်ဆင့်ပဲ စတင်ရင်းနှီးခင်မင်ခဲ့ရသည်။ အောင်နှင့် ကျွန်မ ကဗျာတွေ စာတွေအကြောင်း ပြောဖြစ်စရာအကြောင်းမရှိတော့လို့ ထင်ခဲ့ရာက အခုတစ်ဖန် ပြောကြရပြန်ပြီ။ အောင်ပို့လိုက်သည့် e-mail တိုင်းမှာ ကဗျာတွေ ပါသည်။ ရတုတွေ ပါသည်။ ဂန္ထဝင်စာပေတွေ ပါသည်။ ခံစားရှင်းလင်းချက်တွေပါ ပါသဖြင့် ဖတ်လို့ကောင်းပါ၏။

အထူးသဖြင့် ကျွန်မစိတ်ထဲမှာ အောင့်ဘဝကို အားမလိုအားမရ ဖြစ်နေခဲ့ပါ၏။ အောင်ကိုယ်တိုင်က ပြန်လာမှာလား၊ မလာတော့ဘူးလားဆိုတာ မသေချာပါ။ တစ်ပါးနိုင်ငံသားဖြစ်နေမှတော့ လာနိုင်ဖို့ ခက်ရော့မည်။ အောင့်အဖို့ လူနှင့်နေရာလွဲနေရတာ စိတ်မကောင်းဖြစ်ရ၏။ ကလေးဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နောက် မြန်မာပြည်ကို စွန့်ခွာခဲ့ရသောဘဝ၊ တစ်ပြည်သားကြီးဘဝ၊ ကိုယ့်ရည်မှန်း



ချက်တွေကို ဖွင့်အန်ခဲ့ကြတုန်းက ကဗျာစာဆိုကြီး ဖြစ်ချင်ခဲ့သောအောင်။ အခုတော့ ဘာတွေများလုပ်နေတာပါလိမ့်။ ငြိမ်းချမ်းအေးမြသော ကဗျာစာဆိုတစ်ဦးဘဝကို အောင် ဘယ်တော့များမှ ရနိုင်မလဲ...။ သည်တစ်သက်တော့ မမျှော်လောက်တော့ပြီ။ အောင့်ဘဝသာ သည်လို တစ်ဆစ်မချိုးခဲ့လျှင် အောင်တစ်ယောက် ကဗျာဆရာဖြစ်မှာ သေချာပါ၏။ အောင်ရေးသည့်ကဗျာတွေကို ကျွန်မဖတ်ချင်သည်။

လရောင်ကိုချစ်သောကျွန်မနှင့်-နီယွန်မီးရောင်စုံတွေကြားမှာ ခိုလှုံနေရသူအောင့်အဖို့ အခြေအနေချင်းကပင် ခြားနားနေတော့၏။ အရှေ့နှင့်အနောက် မျှဝေခံစားဖို့ပင် ခက်ရပါလား။ ကျွန်မချစ်သော သူငယ်ချင်း၊ ကျွန်မချစ်သော ရောင်းရင်း...။ အောင်တစ်ယောက် လှပသောကဗျာတွေ ရေးဖွဲ့နိုင်ပါစေတော့။

ကောင်းကင်မှာ ထိန်ထိန်သာနေသည့် လမင်းကြီးကိုငေးတိုင်း အောင့်ကို သတိရမိပါ၏။ သတိရတိုင်းလည်း တစ်သောင်းရှစ်ပြန်၊ လေးထောင်လွန်သား၊ ယုဂန်လှည့်သွား လရထားနှင့် အကြိမ်ကြိမ်လိုက်သွားခဲ့ဖူးပါ၏။ အချိန်နာရီချင်း မတူသည့်နှစ်နိုင်ငံကြား ကွာနေသောအချိန်တွေကို ကျွန်မ တွက်တတ်နေပြီ။ ကွာမယ့်ကွာတော့လည်း နေ့နဲ့ညလောက် ကွာခြားသည့်အဝေးမှာ။ ခြော်...လကိုတောင် တစ်ချိန်တည်း တစ်ပြိုင်တည်း မမြင်ရ။ မျက်နှာချင်း လမင်းမှာ မဆုံကြရသည့် ဘဝတွေ...။

တစ်ခါတစ်ရံ အောင်အလုပ်လုပ်ကိုင်ရာ ဝါရှင်တန်မြို့ကြီးဆီမှ ကျွန်မထံ ဖုန်းလာတော့ ညနက်သန်းခေါင်ချဉ်းနေပြီ။ ညကြီးသန်းခေါင် ဖုန်းလာလျှင် အောင်ကလွဲ၍ တခြားမဖြစ်နိုင်။

"မေတို့မန္တလေးမှာ လမင်းကြီးကို ထိန်ထိန်သာလို့ပဲအောင်ရေ..."

"ကောင်းကင်တစ်နေရာမှာ လမင်းကတော့ ရှိစမြဲပါမေ...အမှောင်ကမ္ဘာခြမ်း အလင်းကမ္ဘာခြမ်းဆိုပေမယ့် လမင်းကတော့ အမြဲရှိနေတာပါလေ..."

"မေကတော့ ဝတ္ထုတွေထဲကလို လမင်းကြီးနဲ့ မျက်နှာချင်းဆိုင် စကားတွေ ပိုင်ပိုင်ကြီးပြောလိုက်ချင်တယ် ဆိုသလို လမင်းကြီးကို စကားတွေ ပြောနေမိတယ်...အေးချမ်းလိုက်တာ..."

"အေးချမ်းပါစေဗျာ...မေ့ကို အေးချမ်းစေချင်နေတာပါ..."

တစ်ခါတလေ မအားသည့်ကြားက အောင့်ထံ စာရေးပြီး e-mail ပို့နေမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အောင်ရေ...,

တို့များသူငယ်ချင်းတွေ တက္ကသိုလ်ကျောင်းတော်ကြီးမှာ ပညာသင်ခဲ့ကြတုန်းကများ ရည်ရွယ်ချက်တွေကိုယ်စီနဲ့နော်။ မေတို့ စိတ်ကူးနဲ့အနာဂတ် တစ်ထပ်တည်းကျမယ် ထင်ခဲ့ကြတာမဟုတ်လား။ မေကတော့ ဖြစ်ချင်ခဲ့တဲ့ တက္ကသိုလ်ဆရာမဘဝကို လက်လွှတ်ခဲ့ရတယ်။ အားလုံးခြုံကြည့်လိုက်တော့ ရည်ရွယ်ရာ မရောက်နိုင်ခဲ့ကြသလို မျှော်လင့်ချက်တွေလည်း မပြည့်စုံခဲ့ကြဘူး...။

သည်တစ်ခါ အောင် အလည်တစ်ခေါက်လာဖြစ်ရင် တို့အားလုံး ဆုံနိုင်အောင် မေ စီစဉ်ထားချင်တယ်။ အောင်မှတ်မိသေးလား...။ မေတို့ စ,ပြီးခင်ကြတဲ့နေ့ကလေးကိုလေ...။ နွယ်နွယ်တင့်မွေးနေ့မှာ မေတို့တစ်တွေ တစ်ယောက်ကိုတစ်ယောက် ကိုယ်ထင်ရာမြင်ရာ ဝေဖန်ခဲ့ကြတာလေ။ အဲသည်တုန်းက အောင်ပြောခဲ့တဲ့စကားတွေ မေ မမေ့သေးပါဘူး...။

သည်တစ်ခါ သူငယ်ချင်းတစ်တွေ ဆုံဖြစ်ကြရင်လည်း တက္ကသိုလ်မှာ တွေ့စနေ့တုန်းကလိုပဲ တစ်ယောက်ကိုတစ်ယောက် ဝေဖန်ကြဦးစို့ရဲ့။ သည်ကနေ့ အမြင်သဘောထားတွေဟာ ဟိုတုန်းကနဲ့တော့ မတူနိုင်တော့ဘူးပေါ့။ အောင်ပြောခဲ့ဖူးသလို ဘဝတွေ ^^ ဘာခဲ့ကြပြီကိုး။ မေကလွဲလို့ ကျန်သူငယ်ချင်းတွေအားလုံးလိုလို မိသားစုတွေ ကိုယ်စီဖြစ်နေကြပြီဆိုတော့ သူတို့ ဘာတွေပြောကြမလဲဆိုတာ မေစိတ်ဝင်စားမိတယ်။

သူတို့ဘဝကိုရော သူတို့ကျေနပ်ကြသလား၊ ဘဝင်မကျ ဖြစ်နေကြသလား။ ဒါလည်း မေသိချင်တာပဲ။ ဆင်းရဲတာ ချမ်းသာတာနဲ့တော့ မဆိုင်ဘူးထင်ပါရဲ့။ ဘဝမှာ နေပျော်တယ်ဆိုတဲ့စကားတစ်ခွန်း ပြောနိုင်ရင် အဓိပ္ပာယ်ရှိနေပါပြီ။ မေကတော့ မေတ္တာကိုသာ တောင့်တမိသူပါ။ ပင်ကိုအားဖြင့် မေ့ကို စိတ်ဓာတ်မာတယ်၊ စိတ်ဓာတ် ကြံ့ခိုင်တယ်၊ ထက်မြက်တယ်လို့ ထင်ကြတယ်။ မေကိုယ်တိုင်လည်း အဲသလိုထင်ခဲ့မိတာပါပဲ။ ဒါပေမဲ့ ခုတော့ ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်လောက်အောင် ဖြစ်နေမိတယ်...။



မေ ပျော့ညံ့သွားတာလား...။ မှန်တာဝေဖန်ရဲတဲ့လူနဲ့ တွေ့ချင်တယ်။ စိတ်ချမ်းသာအောင် ညာနေကြခြင်းဟာ စိတ်မချမ်းသာအောင် ဖန်တီးနေတာမျိုးပဲ။ ဘာပဲဖြစ်ဖြစ် အောင်ပြန်ပေါ်လာတာ တစ်ရေးနိုးရသလိုတော့ ခံစားမိရသား...။

အနှစ် နှစ်ဆယ်ကျော် အိပ်ပျော်နေတဲ့အောင်ရေ...! ရွှေခွက်ချင်းထိလို့ တစ်ရေးနိုးလာတဲ့ နဂါးမင်းရေ...၊ မေ့ကိုပါ တစ်ရေးနိုးစေခဲ့လို့ ကျေးဇူးတင်မိတာတော့ အမှန်ပါ။

အောင် လာမယ်ဆိုရင် တစ်လလောက်ကြိုပြီး အကြောင်းကြားပါ။ သူငယ်ချင်းတွေက အဝေးကြီးရောက်နေကြတော့ လာနိုင်အောင် စီစဉ်ရဦးမှာလေ...။

မေတ္တာဖြင့်

မေ"

■

www.burmeseclassic.com

www.burmeseclassic.com

(၆၁)

နှစ်တစ်နှစ်၏ ကြာမြင့်ချိန်ကို ကျွန်မ ဘယ်တုံးကမှ မတွက်ခဲ့ဖူးသော်လည်း သည်တစ်နှစ်လုံး ပြက္ခဒိန်ကြည့်ရတာနှင့်ပင် ၃၆၅ ရက် ကုန်ခဲ့သည်ဟု ထင်ပါသည်။ တစ်နှစ်ကုန်သွားတော့ကော ဘာဖြစ်သလဲ။ ဘာမှဖြစ်မလာခဲ့ပါ။ ကိုရဲနှင့်ကျွန်မ၏ အေးစက်သောဆက်ဆံရေးနှင့် အောင့်ထံ e-mail ပို့ခြင်း၊ ဖုန်းပြောခြင်းတွေကလွဲ၍ ကျွန်မမှာ ထူးထူးခြားခြား ဘာမှမရှိခဲ့။ ကျွန်မ ထူထောင်ဖြစ်ခဲ့သော ပရဟိတဆေးဒေးရှင်းကတော့ လူမှုရေးဖောင်ဒေးရှင်းဖြစ်သည်နှင့်အညီ အသက်အရွယ်ရကြပြီဖြစ်သော ဒါရိုက်တာအဖွဲ့ဝင်များကို အကူအညီတောင်းခဲ့ရသည်။ စက်ရုံဝန်ထမ်းများ၊ ရုံးဝန်ထမ်းများ၏ သာရေး၊ နာရေး၊ လူမှုရေးတွေကလည်း ကျွန်မခေါင်းပေါ်ကို တစ်ထုပ်ပြီးတစ်ထုပ် လာတင်နေကြသကဲ့သို့ လျော့ရသည်မရှိခဲ့။ ပညာထူးချွန်ကြသော ဝန်ထမ်းသားသမီးတွေကိုလည်း ကျွန်မပဲ ပြုစုပျိုးထောင်ပေးရသည်။

တစ်ခါတစ်ရံ ကျွန်မကိုယ်ကျွန်မပင် အလှမပြင်မိ။ ကျွန်မ ကားလဲချင်သည့်ကိစ္စကိုပင် မဆောင်ရွက်နိုင်။ ကျွန်မနှင့် ဦးမြသိန်း။ ကားဟောင်းသူလဲသော်လည်း ကားကလေးခမျာ တစ်ချက်မနားရ။ ကျွန်မ ကိုးကွယ်သော ဆရာတော်များ၏ ကျောင်းဝေယျာဝစ္စကလည်း လျှော့ဒါန်းရုံနှင့် မပြီး။ ကျွန်မပါ ရှိစေချင်သည့်ပွဲတွေကလည်း မနည်းလှပါ။

စက်ရုံကြီးတစ်ရုံ၏ အထွေထွေလိုအပ်မှုတွေကတော့ တစ်ခုမဟုတ်တစ်ခုရှိတတ်ပါ၏။ အမြတ်ခွန်ကိစ္စဆိုတော့လည်း ကျွန်မပင်။ သည်ကြားထဲက ထုတ်လုပ်မှုကိစ္စ၊ ရောင်းအားကိစ္စ၊ ဈေးကွက်ကိစ္စတွေကလည်း ခေါင်းခြောက်စရာကောင်းလှပါ၏။ လူငယ်ဒါရိုက်တာတစ်ဦးဖြစ်သော ကိုရဲမိုး ရှိလို့သာ တော်တော့၏။



"ကိုရဲရှိတာ အားကိုးရပါရဲ့ မွန်မွန်ရယ်...မမကို ဂရုမစိုက်ပေမယ့် ကုမ္ပဏီအလုပ်တော့ သူက စေတနာထားရှာသား...ကိုယ်တော်ချောကျေးဇူးတင်ရသေးတယ်"

မွန်မွန့်ကိုပင် ထုတ်ပြောမိရသည်။

သည်ရက်ပိုင်းတွေထဲ အောင့်ဆီကလည်း စာမလာ၊ အသံမကြားရ။ အလုပ်တွေပိနေလို့ မေရေ ဆိုသည့်စကားတွေနောက် ပျောက်နေခဲ့သည်။ သူတို့ကုမ္ပဏီက လုပ်ငန်းသစ် တိုးချဲ့ရန် စီစဉ်နေသည့်ကိစ္စအတွက် အောင့်တာဝန်တွေများလှသည်ဆိုတာလောက်တော့ အောင်ပြောဖူးသည်။ ဖုန်းမဆက်၊ စာမရေးနိုင်လောက်အောင် အလုပ်များရသလားဆိုတော့ ခရီးတွေ ဆက်တိုက်ထွက်နေရတာကို အကြောင်းပြပါ၏။

တစ်ရက်မှာတော့ အောင့်ဆီက e-mail ဝင်လာခဲ့သည်။ အောင့်စာကိုမျှော်နေမှန်းသိ၍ မွန်မွန်က ကျွန်မရှိရာ ပြင်ဦးလွင်ခြံကို ရုံးကားနှင့် စာလှမ်းပို့ပေးရှာသည်။ အောင့်ကို စိတ်တိုနေမိသောကျွန်မမှာ စာဖတ်လိုက်ရတော့မှ သဘောပေါက်ရပါတော့သည်။

"မေ့

စိတ်တွေများ ဆိုးနေရော့လား ထင်မိလို့ ကြိုတင်တောင်းပန်ရတော့မှာပဲ။ အောင်တို့ ထမ်းဆောင်ရတဲ့တာဝန်က အုပ်စုနဲ့ ဆောင်ရွက်ရတဲ့အပြင် နေ့မအား ညမအား လုပ်ရတာမျိုးပါ။ သည့်အတွက် စာမရေး၊ ဖုန်းမဆက်ဖြစ်ခဲ့ဘူး။ ပင်ပန်းလို့ ကုမ္ပဏီက တစ်ပတ်စီခွင့်ပေးတဲ့အတွက် လာမယ့်နိုဝင်ဘာလထဲ အောင် မြန်မာပြည်ကို ပြန်လာခွင့်ရတော့မယ်။ နိုဝင်ဘာလ ၂၀ ရက်ကနေ ၂၆ ရက်နေ့အထိ အောင် ခွင့်ခံလိုက်ပါတယ်။ ရဖို့လည်း သေချာသွားပြီ။ သွားတာပြန်တာ နှစ်ရက်စီထားပါဦး။ မန္တလေးမှာ သုံးရက်လောက် တွေ့ချိန်ရသေးတယ်။ အဲသည်သုံးရက်ပြီးလို့ အပြန်မှာ ရမည်းသင်း ခဏဝင်ပြီးပြန်ဖြစ်မယ်ထင်တယ်။

နိုဝင်ဘာလထဲ ခွင့်ရတာလည်း တစ်မျိုးတော့ကောင်းပါတယ်။ မြန်မာ တန်ဆောင်မုန်းလနဲ့ တိုက်နေတော့ လပြည့်ညကို မြန်မာပြည်မှာ ကြည့်ခွင့်ရမယ်လေ။ နိုဝင်ဘာ (၂၄) ရက်က လပြည့်ဆိုတော့ မန္တလေးမှာ အောင်ရှိမယ့်ရက်ပဲ။ တန်ဆောင်မုန်းလပြည့်နေ့လေ...။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ ဆယ့်နှစ်လမှာ တန်ဆောင်မုန်းလရဲ့ လပြည့်ညဟာ အလှဆုံးလို့ ပြောကြတယ်။ သည်တစ်ခါတော့ မေနဲ့အတူ မြန်မာ့လမင်းထိန်ထိန်ဝင်းကို မြင်ခွင့် ခံစားခွင့်ရမယ်ဆိုတော့ ဝမ်းသာတယ်။ အောင်ရောက်ရင် သူငယ်ချင်းတွေနဲ့ဆုံဖို့တော့ မေပဲ စီစဉ်လိုက်ပါတော့။ သူငယ်ချင်းတွေ အားလုံးဆုံရင် အောင့်မှာ ရင်ဖွင့်စရာတွေ ရှိသဗျ။ ဘာလဲဆိုတာတော့ ခုမပြောချင်သေးဘူး။ လပြည့်ညကျမှပဲ ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ပေးပါလို့ တောင်းရတော့မှာပဲ။ လမင်းကြီးကတော့ ပေးတန်ကောင်းပါရဲ့။

မြန်မာပြည်ပြန်ရောက်ရင် ပုဆိုးပဲဝတ်မယ်။ ပုဆိုးတွေ ဝယ်ထားပေးပါဦး...။ မြင်းခြံလက်ဖက်လည်း သုပ်ထားဦး...။ အောင် စာမရေးဖုန်းမဆက်တာ နားလည်ပါတော့။ အောင်တို့ တော်တော်ပင်ပန်းသွားကြတယ်။ ပုံမှန်ပြန်ဆက်သွယ်တော့မယ်...။

ချစ်ခင်လျက်

အောင်"

(၆၂)

အောင့်ဆီက e-mail ရရချင်း ကျွန်မ စိတ်မကောင်းဖြစ်မိပါ၏။ စိတ်ကောက်ချင်တာတွေလည်း ပျောက်သွားခဲ့သည်။ အောင်ပြန်သွားတာ တစ်နှစ်နီးပါးရှိရော့မည်။ နိုဝင်ဘာလဆိုတော့ ကိုးလပေါ့။ တစ်နိုင်ငံမှာ နေရသူဆိုတော့ စိတ်ရှိတိုင်းလည်း မရောက်နိုင်။ လုံးဝ ရောက်မလာနိုင်တာထက်စာလျှင် လာမည့်ရက်ကလေး သိခွင့်ရတာကတော့ ဝမ်းသာစရာပင်။

နိုဝင်ဘာ ၂၀ ရက်က ၂၆ ရက်နေ့တဲ့...။ လပြည့်နေ့က ၂၄ ရက်ကျသတဲ့။ ကျွန်မရုံးခန်းထဲမှာ ချိတ်ထားသော ပြက္ခဒိန်ကို ထကြည့်ရပါ၏။ အောင့်စာကိုဖတ်ရင်းက ဝမ်းသာမျက်ရည် စို့မိသလို ဝမ်းနည်းစိတ်ကလေးလည်း ဝင်လာမိသည်။ ရောက်လာလို့ ပျော်ရတာထက် ပြန်ရမှာကို ကြိုလွမ်းရတာမျိုးကို ကျွန်မ ရင်မဆိုင်ချင်။ သူငယ်ချင်းကောင်းတစ်ယောက် အနားမှာရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ဝေးလက်စတုန်းကတော့ ပြန်ဆုံစရာမရှိတော့ ဆိုသည့်စိတ်ဖြင့် သတိရမိတာပဲရှိခဲ့သည်။ မျှော်လို့လည်း အကြောင်းမထူးမှန်းသိတော့ နေတတ်သလို နေခဲ့ရသည်သာ။

အခုတော့ နီးလိုပါလျက် ဝေး၊ ဝေးမှန်းသိလျက် နီးချင်ပါ၏။

သူငယ်ချင်းတွေ ဆုံတွေ့နိုင်ကြမည့်အရေးကိုလည်း လုံးပမ်းရသည်။ ကိုယ့်အိုးကိုယ့်အိမ်နှင့် တစ်မြို့တစ်ရွာစီ နေကြရသူတွေဆိုတော့ လာမှလာနိုင်ကြပါ့မလား။ ကိုတိုးကြီးကတော့ မြင်းခြံမှာပဲ သူ့စီးပွားရေးနှင့်သူဆိုတော့ မြင်းခြံကျောင်းမှာ ကျောင်းအုပ်ဆရာမကြီးလုပ်နေသော စိုးစိုးမော်ကို ကိုတိုးကြီးကားနှင့် တင်ခေါ်လာခဲ့ရုံပင်။ စိုးစိုးမော်ကလည်း မြင်းခြံနှင့်မန္တလေး လိုက်လာခဲ့ဖို့ ဝန်မလေးလောက်ပါ။ နွယ်နွယ်တင်ကတော့ တောင်ကြီးဘက်မှာ။ နွယ်နွယ်တင်နှင့် ဖူးစာမဆုံလိုက်ရသော ကိုကိုနိုင်ကတော့ ရွှေဘိုမှာ အခြေကျနေပြီ။ ထွေးထွေးသိန်းကတော့ ဝေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားဟိုဘက်က တနိုင်းမြို့ကလေးမှာ။ ထွန်းကျော်နှင့် မျိုးတင်လတ်က မလေးရှားမှာဆိုတော့ လာနိုင်စရာမမြင်။

ဘာပဲဖြစ်ဖြစ် ဆုံနိုင်သလောက်တော့ ဆုံကြစေချင်သည်။ 'ပေဒါရောနော၊ အိပ်မက်တောမှ၊ လေမျှောရေဝင်၊ လှိုင်းရိုက်တင်မှ' တဲ့။ ကြုံရာကျရာဘဝတွေမှာ သူငယ်ချင်းတွေ အခြေအနေအမျိုးမျိုး ရောက်နေကြတာကို တွေးမိတော့လည်း ရင်ထဲ မကောင်း ဖြစ်ရပါသည်။

အောင့်စာတိုကလေး ရောက်လာပြီးရက်တွေမှာပဲ ကျွန်မနှင့်ကိုရဲ ဆုံဖြစ်ကြသည်။ ထိုနေ့က ကျွန်မကိုယ်တိုင် ပြေးရ လွှားရနှင့် ပင်ပန်းလှသောနေ့ဖြစ်သည်။ ရုံးခန်းရောက်တော့ ထမင်းပင် မစားချင်တော့သဖြင့် မအေး ဖျော်ပေးသည့် သံပုရာရည် ချဉ်ချဉ်ကလေးကိုသာ အမောပြေ သောက်နေမိခဲ့သည်။ ဗီယက်နမ်မှ စီးပွားဖက် မိတ်ဆွေ အဲရစ်ကလည်း ရောက်နေသဖြင့် သူ့ကိုလည်း တာဝန်ကျခဲ့ရပါ၏။ ဝန်ထမ်းတစ်ယောက် ဆေးရုံတင်လိုက်ရသည့်ကိစ္စ၊ စက်ရုံအလုပ်သမားကလေးနှင့် အလုပ်သမကလေး မင်္ဂလာဆောင်ခဲ့ပွဲ၊ ကုန်ကြမ်းအတွက် စာချုပ်ရသည့်ကိစ္စတွေကအစ ပြုံကျနေခဲ့သဖြင့် ကျွန်မမှာ အလုပ်ငြီးနေခဲ့ပါ၏။ ကနေ့ညတော့ စောစော အိပ်ရာဝင်မည်ဟု စဉ်းစားထားသည်။ ရေမိုးချိုးပြီးသည်နှင့် ရုံးခန်းအပေါ်ဆုံးထပ်က ဒရင်းဘက်ကလေးပေါ်မှာ ခဏနားဖို့ ထလိုက်သည်။ ထိုစဉ်မှာပင် ဖုန်းခေါ်သံ မြည်လာသည်။ ဖုန်းကို လှမ်းဆွဲကာကြည့်လိုက်တော့ ကိုရဲ။

"ဟုတ်ကဲ့ပါ ကိုရဲ"

"အလုပ်ကိစ္စပါဗျာ...တစ်နေ့လုံး ဖုန်းခေါ်နေတာ မရလို့"

"ဟုတ်တယ် ကိုရဲ...ကနေ့ ဖုန်းတွေ တောက်လျှောက်ပြောနေရတယ်... busy ဖြစ်နေမှာပေါ့...ဆောရီး ကိုရဲ...ပြော..."

ကိုရဲ့စကားသံက ထုံးစံအတိုင်း ခန့်သံကလေး ပါသော်လည်း ကျွန်မ စိတ်ကိုလျှော့ထားလိုက်ပါသည်။ ကျွန်မ နေတတ်အောင် နေပြဖို့သာ စိတ်ရှိတော့ သည်။ စကားကိုလည်း အတတ်နိုင်ဆုံး ချိုချိုသာသာပြောမိ၏။

"ပြောဆို ခင်ဗျား စက်ရုံထဲလည်း လာဦးလေဗျာ... ကျွန်တော် တစ်ယောက်တည်း ဆုံးဖြတ်လို့မရတာတွေ ရှိတယ်..."

"ဘာတွေဖြစ်နေလို့လဲ ကိုရဲ...ကျွန်မ မရှိပေမယ့် အန်ကယ်ဦးထွန်းဖေ ရှိသားပဲ...ကျွန်မ အားလုံးစီစဉ်ထားသားပဲ...ကျွန်မ မရှိလို့ အလုပ် မဖြစ်တာမျိုး မရှိစေရပါဘူး"



"အန်ကယ်ဦးထွန်းဖေပါ မရှိလို့ ပြောနေတာပေါ့... ဗီယက်နမ်က ဧည့်သည်က သန်ဘက်ခါပြန်မယ် ပြောနေတယ်...သူမပြန်ခင် ပစ္စည်းတင်ဖို့ လောနေတယ်ပဲ့။ သည်မှာက သူလိုသလောက် မရနိုင်ဘူး။ ကျွန်တော့်မှာ တစ်မိုးလုံး ဖျောက်ဆိပ် ဖြစ်နေတာတော့ ခင်ဗျားတို့ ပြန်ကြည့်ကြဖို့ ကောင်းတယ်..."

'ခင်ဗျား' ဆိုသည့် အသုံးကို ကျွန်မ စိတ်အပျက်ဆုံးပင်။ သူနှင့်ကျွန်မကြား 'ခင်ဗျား' လို့ သုံးတာတွေ ကျွန်မ သတိထားမိတာ ကြာပြီ။ အရင်က လူရှေ့သူရှေ့မှာ အမ်ဒီ ဒါမှမဟုတ် ဒေါ်သီရိမေလို့ ခေါ်တတ်သလို၊ နှစ်ယောက်တည်း ဆုံကြစဉ်မှာ 'မမေ' လို့ ခေါ်တတ်သည်။

ကျွန်မမှာ ကိုရဲကျေးဇူးတွေ များပါသည်။ ကျွန်မ ရုန်းကန်ခဲ့ရစဉ်က ကိုရဲ၏ စွမ်းစွမ်းတမံရှိမှုတွေသာ မပါခဲ့လျှင် သည်လောက်အောင်မြင်ခဲ့စရာ မရှိ။ ကိုရဲ၏ ဖေးမလက်တွဲခဲ့မှုက တစ်သက်စာ ကျေးဇူးတင်ရလောက်အောင် ကြီးခဲ့တာလည်း အမှန်ပင်။ ရင်းနှီးမှုတွေ ပိုလာတော့ တစ်ဦးကိုတစ်ဦး ယုံကြည်မှုတွေ ပိုလာခဲ့ရသည်။ သည်ကမှ တစ်စတစ်စ အချစ်ဝင်ခဲ့ရသည်။ ချစ်ခြင်းမေတ္တာ ဖလှယ်မှုမှာ အခက်အခဲမရှိခဲ့ကြသော်လည်း တကယ်တမ်း ဘဝကို ရင်ဆိုင်ကြမည် ရှိသောအခါ ကိုရဲဘက်က စည်းသုံးတန် မကျော်ဝံ့သလိုရှိခဲ့သည်။ ထမင်းရည်ပူ လောင်မှာစိုးသည့် ယောက်ျားမျိုးပါလား။

ထိုနေ့က ကိုရဲနှင့်ကျွန်မ မပြောမဖြစ်သည့်စကားတွေ ပြောဖြစ်ခဲ့ကြသည်။ သူကလည်း ကျွန်မနှင့်တွေ့လျှင် ပြောရမည့်စကားတွေကို ကြက်တူရွေးနှုတ်တိုက်ပြောခဲ့သလို၊ ကျွန်မကလည်း ရင်ထဲပြောချင်ခဲ့သမျှ ကတ္တဝါလို တရစပ်ပစ်ပေါက်ခဲ့သည်။ အဆိုးဆုံးက အောင်နှင့်ကျွန်မကို စွပ်စွပ်စွဲစွဲပြောနေခြင်းဖြစ်၏။ ကျွန်မမှာ ဒေါသတွေ ထိန်းချုပ်ထားသည့်ကြားကပဲ ပွင့်ထွက်သွားခဲ့ရသည်။ ကျွန်မက နောက်တစ်နေ့မနက် ရုံးဖွင့်ချိန် စက်ရုံကိုလာမည့်အကြောင်း ပြောပြီး ဖုန်းပိတ်ပစ်လိုက်သည်။

ထိုညက ကျွန်မ အိပ်ရာစောစောဝင်ခဲ့သော်လည်း အိပ်မပျော်ခဲ့ရပြန်။ ဒေါသတွေက မီးခိုးငွေ့တွေလို တလိပ်လိပ် လွင့်တက်နေခဲ့သည်။ ကျွန်မ ဘာတွေ ပြောခဲ့မှန်းပင် မသိလောက်အောင် အော်ကြီးဟစ်ကျယ် ပြောခဲ့ခြင်းဖြစ်သည်။

"ရှင်ပဲ ကျွန်မကို လှုပ်နိုးခဲ့တယ်...ရှင်ပဲ ကျွန်မကို မျက်ရည်သုတ်ပေးခဲ့တယ်...ရှင်ပဲ ကျွန်မကို ပါးကွက်အာဏာသားလို လက်ပြန်ကြိုးတုပ်နေတာပါလား ကိုရဲ..."

www.burmeseclassic.com

www.burmeseclassic.com



သည့်လိုစကားမျိုးတွေလည်း ပါခဲ့သည်။ မန္တလေးညသည်ပင် တိတ်ဆိတ်လျက်ရှိနေပြီ။ လေအေးပေးထားသည့်အခန်းက ထွက်၍ အပြင်ဘက်ကို ကျွန်မ လမ်းလျှောက်နေခဲ့သည်။ အပေါ်ဆုံးထပ်ဆိုတော့ ကောင်းကင်လေ အေးအေးကလေး တိုက်နေသည်။ လမ်းပေါ်မှာ ကားအသွားအလာပင် ကျဲပါးနေပါပြီ။ ဆိုင်ကယ်တွေပေါ်က သီချင်းတွေ အော်ဟစ်သွားကြသော လူငယ်တွေကတော့ အပူအပင် မရှိကြပါလား။ ကျွန်မ သူတို့အရွယ်တုန်းကလည်း အပူအပင် အကြောင့်အကြမရှိခဲ့တာကို သတိရနေမိသည်။

မနက် နှစ်နာရီလောက်အထိ အပြင်ဘက်မှာပဲ ကျွန်မထိုင်နေမိခဲ့သည်။

■

(၆၃)

မနက် ခုနစ်နာရီခွဲမှာ ကျွန်မ လမ်းပေါ်ကို ရောက်နေရပြီ။ ကျွန်မရုံးခန်းနှင့် စက်မှုဇုန်က မိနစ်နှစ်ဆယ်လောက်တော့ ကားမောင်းရသည်။ မနက်ခင်း ကားရှင်းတော့ စောစောကလေး ရောက်သွားခဲ့ပါ၏။ သည်မနက်မှာတော့ ကျွန်မမှာ ဘာခံစားမှုမှမရှိတော့ပါ။ ထူးထူးဆန်းဆန်း ကျွန်မမှာ လွတ်လပ်ပေါ့ပါးနေသည်။ ညတုန်းက ကျွန်မရင်ထဲက စလုံးစခုတွေ အန်ထုတ်ပစ်လိုက်ရလို့များ ရင်ချောင်သွားလေသလားတော့ မသိ။

ကျွန်မ ကားဝင်လာတော့ ဝန်ထမ်းတွေ လုပ်ငန်းခွင် ရောက်နေကြပါပြီ။ မနက် ရှစ်နာရီခွဲမှာ ထုတ်လုပ်မှုစသည်။ ကျွန်မက စက်ရုံတွင်း ကြီးကြပ်ရေးမှူးများနှင့် တွေ့ကာ တစ်နေ့စ်အတွင်း အလုပ်တက်သူနှင့် ပျက်ကွက်စာရင်းတွေ ပြီးမပြီး မေးကြည့်သည်။ တချို့က စားရင်းပြုစုဆဲ၊ တချို့က ရုံးကို ပို့ထားကြပြီ။

"သည်လမကုန်ခင် ပို့ကြမှဖြစ်မယ်...ရုံးက ဆုကြေးတွက်ရမှာနဲ့ ဆိုတော့လေ...ကျွန်မ လစာနဲ့အတူ တစ်ဦးချင်းထုတ်ပေးချင်တယ်"

"မီပါတယ်ခင်ဗျာ...ဆရာဦးရဲမိုးကလည်း လောဆော်နေပါတယ်...တစ်ရက် နှစ်ရက်ဆိုရင် ရပါပြီ"

ဌာနတွေစုံအောင် ကျွန်မလိုက်ကြည့်သည်။ မှာစရာရှိတာ မှာခဲ့သည်။ ကျွန်မ တစ်ပတ်လှည့်လာတော့ ရုံးခန်းရှေ့မှာ ကိုရဲ ကျွန်မကို ထိုင်စောင့်နေပြီ။ ကျွန်မနောက်က အမျိုးသမီး ကြီးကြပ်ရေးမှူးတွေ ပါလာတော့ ကိုရဲမိုးက ကျွန်မကို ဒေါ်သီရိမေ လို့ စ,ခေါ်သည်။

"ဒေါ်သီရိမေ...ညက ကျွန်တော်ပြောတာ တစ်မျိုးသဘောပေါက်သွားတယ်ထင်တယ်။ ကျွန်တော်ကတော့ ပြောစရာရှိတာ ပြောရတာပဲ။ ကျွန်တော်လည်း အလုပ်ကထွက်ဖို့အထိ စဉ်းစားနေတယ်။ ရေရှည်မှာ မကောင်းနိုင်တော့ဘူးလေ..."

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားက လုပ်ငန်းအတွက် ပြောသလိုလို၊ ကျွန်မကိုပြောသလိုလို။ ကျွန်မက ကြီးကြပ်ရေးမှူးတွေကို ပြန်လွှတ်လိုက်ပြီး ရုံးခန်းထဲဝင်ထိုင်လိုက်သည်။ ကျွန်မ စကားများများမပြောချင်တော့ လိုရင်းပဲ ပြောလိုက်ပါသည်။ စိတ်တော့လည်း မကောင်းပါ။ သို့သော် သည်စကားကိုသာ ပြောရတော့မည်။

"ဦးရဲမိုး…လုပ်ငန်းကိစ္စ စာရင်းရှင်းချင်လို့ဆိုရင်တော့ အလုပ်ထွက်ချင်ရင် ထွက်နိုင်ပါတယ်…ထွက်စာသာ ရေးတင်လိုက်ပါ…ဒါရိုက်တာ အစည်းအဝေးကျရင် ကျွန်မတို့ စဉ်းစားကြတာပေါ့…။ ကျွန်မတို့နှစ်ဦးသား ကိုယ်ရေးကိုယ်တာကိစ္စကို ရှင်းချင်တယ်ဆိုရင်တော့ နုတ်ထွက်စာတင်မှာက ကျွန်မပဲ…ဒါကတော့ ရှင်စဉ်းစားဖို့ပေါ့…"

ကျွန်မကို သူ အံ့ဩစွာ ကြည့်နေခဲ့သည်။ အလုပ်ကထွက်ဖို့ ကျွန်မကို သူခြိမ်းခြောက်နေတာ ကြာပြီ။ အရာရာကို ကျွန်မငဲ့ခဲ့သည်။ ကျေးဇူးတရားတွေကို ထောက်ထားခဲ့သည်။ သို့သော် ကျွန်မမှာ ရွေးချယ်စရာ မရှိတော့ပါ။

"ခင်ဗျားက အမေရိကန်လေစိမ်း တိုက်နေပြီထင်တယ်… သည်လို ပြောနိုင်ပြီပေါ့…"

"ရှင်က နိုင်ဖဲကိုင်ထားတာလား ကိုရဲ…ကျွန်မက မိန်းမသားပေမယ့် ရှုံ့ချည်နှပ်ချည် မရှိဘူး ကိုရဲရေ…လိုအပ်ရင် ယောကျ်ားတွေထက် သတ္တိရှိတယ်…ရှင်နဲ့ကျွန်မ ကနေ့ပဲ လက်ထပ်လိုက်ရအောင်…ကျွန်မ ရုံးခန်းမှာရှိမယ်"

ကျွန်မနှင့်သူ နှစ်ယောက်တည်းသာရှိသောအခန်းထဲမှာ အသံတိတ်သွားခဲ့သည်။ အခန်းထဲက လှစ်ခနဲ သူထွက်သွားခဲ့သည်။ ကျွန်မ ကားသော့ကို ကောက်ယူကာ အခန်းထဲက ခပ်ပေါ့ပေါ့ပင် ထွက်ခဲ့သည်။

စက်ရုံရုံးခန်းကအထွက်မှာ ကျွန်မကားထဲက သီချင်းခွေတစ်ခွေကို နှိုက်ယူကာ လုံခြုံရေးဝန်ထမ်းကို လှမ်းပေးခဲ့သည်။

"မင်းတို့ဆရာရဲ့ တိပ်ခွေ…မပေးသွားတာလို့ပြော…မှားထားတာ ကြာပြီ ပြန်မပေးဖြစ်လို့…"

ကိုရဲ ကျွန်မကို ပေးခဲ့သည့်တိပ်ခွေပါ…။ ကျွန်မကြိုက်သည့် သီချင်းတွေကို သူ ရွေးကူးပေးထားသည့် တိပ်ခွေကလေး။ မကြာခင် သူ့ထံ ပြန်ရောက်သွားတော့မည်။

ကြယ်ပွင့်တို့သည် ကောင်းကင်၏ ခြေရင်း၌ ကြွေကျကုန်၏။ ကမ္ဘာမြေကတော့ တိတ်ဆိတ်လျက်ပင်…။

* * *



၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်…။

ပြင်ဦးလွင်မြို့ရှိ ကျွန်မ၏ 'ဆန်းစသော်တာ' ခြံကြီးထဲတွင် မီးရောင်တွေ ထိန်ညီးလျက်ရှိသည်။ ထင်းရှူးပဒေသာပင်များပေါ်တွင် တန်းဆက်မီးလုံးကလေးတွေ ရာနှင့်ချီကာ သွယ်တန်းထားသည်။ မီးလင်းဖိုတွေလည်း ဖိုထားလိုက်သေးသည်။ မီးရောင်အလယ်မှာ စားပွဲခုံဝိုင်းကြီးတစ်လုံး ခင်းပြီး နှင်းဆီဝါကလေးတွေကို ဖော့တုံးမှာထိုးကာ ပန်းအိုးသဏ္ဌာန် ပုံဖော်ထားလိုက်သည်။ တစ်ဖက်စားပွဲခုံတန်းကြီးပေါ်မှာတော့ စားသောက်ဖွယ်ရာတွေ အပြည့်တင်ထားသည်။ ညနေ ခြောက်နာရီ ထိုးလျှင် ကျွန်မတို့ ညစာထမင်းဝိုင်းကို စကြမည်။ အားလုံး ပျော်ကြရွှင်ကြရအောင် ဘူဖေးစနစ်ဖြင့် ကျွန်မစီစဉ်ထားပါ၏။

ထွန်းကျော်နှင့် မိုးတင်လတ်မှလွဲ၍ ကျွန်မတို့သူငယ်ချင်းတစ်တွေအားလုံး တစ်စုတစ်ဝေးကြီး လာရောက်ပေါင်းဆုံနိုင်ကြတာကိုပဲ ကျွန်မဝမ်းသာရပါသည်။ ကိုတိုးကြီး၊ ကိုကိုနိုင်၊ တွေးတွေးသိန်း၊ နွယ်နွယ်တင်၊ စိုးစိုးမော်၊ ခင်ခင်၊ အောင်နှင့် ကျွန်မ…။ သည်စိတ်ကူးကလေးကို အောင်က ပေးပြီး၊ ကျွန်မက စီစဉ်ခဲ့ခြင်း ဖြစ်သည်။

သည်ရက်ပိုင်းတွေထဲမှာ ကျွန်မအဖို့ အလုပ်တွေ ဇယ်ဆက်သလို တန်းစီပြီး လုပ်ခဲ့ရသည်။ ကုမ္ပဏီကိစ္စအပြင် သူငယ်ချင်းတွေကို လိုက်စုရသည့်အလုပ်ကလည်း အတော်ရှုပ်ခဲ့ရသည်။ မြင်းခြံမှာနေသော ကိုတိုးကြီးနှင့် စိုးစိုးမော်တို့ကို မနေ့ကတည်းက ကားလွှတ်ပြီး အခေါ်ခိုင်းခဲ့ရသည်။ ရောက်လာတော့ မန္တလေးမှာ မနက်စာ ကျွေးမွေးဧည့်ခံပြီး ခင်ခင်နှင့်အတူ ပြင်ဦးလွင်ခြံကြီးထဲ သွားပို့ထားလိုက်ရပါ၏။ ကိုတိုးကြီးနှင့် ခင်ခင်တို့က ဝန်ထမ်းများမဟုတ်ကြသည့်အပြင် ကလေးတွေကလည်း လက်လွှတ်ကြပြီဆိုတော့ ကောက်ခနဲ ထလိုက်လာခဲ့ကြရုံသာ။ ကျောင်းအုပ်ဆရာမကြီး စိုးစိုးမော်ကတော့ ကျောင်းဖွင့်ရက်ကလည်း ဖြစ်ပြန်၊ အသက်လေးဆယ်ကျော်ကာမှ ကံပေါ်ပြီး ထွန်းကားလာသော သုံးနှစ်သမီးကလေးကိုလည်း စိတ်မချပြန်ဆိုတော့ သမီးကလေးလက်ဆွဲကာ ဒရွတ်သိုးသိနှင့် လိုက်လာခဲ့ရရှာ၏။

"သိရိုမြေရယ်…နင့်လို လေအေးစက်နဲ့ ငုတ်တုတ်ထိုင်နေတာ မဟုတ်ဘူးဟဲ့…ကျောင်းက မနည်းခွင့်ယူလာခဲ့ရတာ…ကလေးလည်း ထားခဲ့လို့ မဖြစ်တော့ ခေါ်လာခဲ့ရတယ်…နင်ကတော့ အပျိုကြီးဆိုတော့ ဒါတွေ သိမှာမဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးမော်က ရောက်ရောက်ချင်းပဲ ကျွန်မကို ကလိသည်။ ကျွန်မကတော့ ရယ်လို့သာနေရတော့သည်။

"ဟဲ့…စိုးစိုးမော်ရဲ့…ဒါတွေသိလို့ လင်မယူတာပေါ့ဟဲ့…နင်တို့သာ အ,လို့ယူကြတာ"

ခင်ခင်ကတော့ ကျွန်မနှင့်အတူ မန္တလေးမှာနေသူဆိုတော့ အိမ်ရှင်တစ်ပိုင်း ဖြစ်နေပြီ။ ခင်ခင်လည်း သက်တော့ မသက်သာ။ သည်ကိစ္စမှာ အပြင်လူ မပါစေချင်တော့ ခင်ခင်ကပဲ ဒါရိုက်တာလုပ်ရသည်။

နောက်ထပ် မျှော်ရသူက နွယ်နွယ်တင်…။

မနေ့တုန်းကတည်းက ဦးမြသိန်းကို ကားတစ်စီးပေးလိုက်ပြီး တောင်ကြီးမှာနေသော နွယ်နွယ်တင်ကို အကြိုလွှတ်လိုက်သည်။ နွယ်နွယ်တင့်ခမျာ ချစ်သူ ကိုကိုနိုင်နှင့် အကြောင်းအပေါင်း မသင့်ခဲ့ရှာပါ။ သူတို့နှစ်ဦးဇာတ်လမ်းက ကြေကွဲစရာလည်း ကောင်းလှပါ၏။ ကျွန်မတို့တက္ကသိုလ်ကျောင်းသူဘဝမှာ သူကပဲ အစစအရာရာ ငွေကုန်ကြေးကျ ခံခဲ့ရှာသူ၊ မိဘက ချမ်းသာသော်လည်း ပလွှားခြင်းကင်းခဲ့ရှာသူ၊ သူငယ်ချင်းတွေအပေါ် စောင့်ရှောက်ခဲ့ရှာသူ။ သည်စိတ်ကောင်း စေတနာကောင်းတွေက သူ့ကို အကျိုးပေးဖို့ကောင်းသော်လည်း ချစ်ဦးသူနှင့် လွဲခဲ့ရရုံမက ဘဝကံအကြောင်းကလည်း မလှပရှာပါ။ အကြောင်းကြောင်းတွေကြောင့် မိဘသဘောတူလို့ လက်ထပ်ခဲ့ရသော ခင်ပွန်းသည်ကလည်း အရွယ်မတိုင်မီ စောစီးစွာ ကွယ်လွန်ခဲ့ရရှာသည်။

"ငါ့မှာ သည့်ထက်ဆိုးစရာကံ မရှိတော့ပါဘူး သီရိမေရယ်…တကယ်တမ်းကျတော့ လူဆိုတာ တစ်ယောက်တည်းလာပြီး၊ တစ်ယောက်တည်း ပြန်ကြရ သူတွေပါဟယ်…ဒါပေမဲ့ အထီးကျန်တယ်ဆိုတာ ဆိုးသားပဲ…ငါက အပျော်ကို လိုချင်ပေမယ့် ငါ့ဘဝထဲကို အဲသည်အပျော်ဆိုတာကြီးက ရောက်ကိုမလာခဲ့တာ…"

နွယ်နွယ်တင့်ခင်ပွန်းဆုံးစဉ်က တောင်ကြီးကို ကျွန်မ နာရေးသွားခဲ့ပါသေးသည်။ နွယ်နွယ်တင့်ကိုတွေ့တော့ အံ့သြခဲ့ရသည်။ နွယ်နွယ်တင် ပိန်လွန်းလှသည်။ မျက်ဆံချောင်ကလေးနှင့် လည်ပင်းသွယ်သွယ်ကလေးက နွယ်နွယ်တင့်မျက်နှာကို ပို၍ညှိုးငယ်နေစေခဲ့သည်။ ကျွန်မက သူ့လက်ကလေးတွေကို ဆုတ်ညှစ်အားပေးတော့ သေးသွယ်သောလက်ချောင်း လက်ဆစ်ကလေးတွေက အရိုးငေါငေါ။ နွယ်နွယ်တင့်ကို ကိုကိုနိုင့်အကြောင်း ကျွန်မ တစ်ခွန်းမှမပြောမိခဲ့။ နွယ်နွယ်တင့်စကားတွေထဲမှာ



လည်း အရိပ်ယောင်တွေ မပါတော့ပါ။ နွယ်နွယ်တင့်ကို ကျွန်မနှင့်အတူ လာနေဖို့ ပြောခဲ့ပါသေးသည်။ နွယ်နွယ်တင်က မန္တလေးကိုလာဖို့ ဝန်လေးလှသည် ဆိုပါ၏။

ကျွန်မက အောင် မြန်မာပြည်ကို လာမည့်အကြောင်း၊ သူငယ်ချင်းတွေနှင့် ဆုံကြမည့်အကြောင်းတွေ လှမ်းဖုန်းဆက်တော့ နွယ်နွယ်တင်က စဉ်းစားဦးမည် ဆိုခဲ့သည်။ နောက်ရက်မှာတော့ သူ ဖုန်းပြန်ဆက်ခဲ့သည်။

"အောင့်ကို ငါ တွေ့ချင်ပါတယ် သီရိမေရယ်…ကလေးတွေကလည်း စက်ာပူမှာဆိုတော့ အိမ်မှာ မေမေပဲရှိတာ…ဒါပေမဲ့ ငါ လာဖြစ်ဖို့ များပါတယ်"

နွယ်နွယ်တင်၏ မတင်မကျစကားကို ကျွန်မက တစ်ခါတည်း ဖြတ်လိုက်ရသည်။ ကျွန်မ ကားအကြိုလွှတ်မည့်အကြောင်း၊ အေးအေးဆေးဆေး သက်တောင့်သက်သာ လာနိုင်အောင် စီစဉ်ပေးမည့်အကြောင်း၊ သူငယ်ချင်းတွေ တစ်ကြိမ်တစ်ခါတော့ ဆုံစေချင်သည့်အကြောင်း ရှန်းရှန်းဝေအောင် ဆိုတော့မှ လာမည်ကတိရပါ၏။ နွယ်နွယ်တင် ရောက်မလာသေးလို့ ကျွန်မမျှော်နေရသည်။

ကိုကိုနိုင်…။

ကိုကိုနိုင်ကတော့ ရွှေဘိုဘက်မှာ ဆန်ကုန်သည်တစ်ပိုင်း အရက်သမားကြီးတစ်ပိုင်း ဖြစ်နေသည်။ တက္ကသိုလ်ကျောင်း ပြီးသည့်နောက် အလုပ်မဝင်နိုင်ဘဲ ယောင်ခြောက်ဆယ်လုပ်နေသေးသည်။ ကိုကိုနိုင့်လို လူကောင်းကလေးတစ်ယောက် ဘယ်လိုကဘယ်လို အရက်စွဲသွားလေသလဲ ကျွန်မ မစဉ်းစားတတ်ခဲ့။ အချစ်ဝေဒနာ ကုစားရတာပါ ဆိုသည်အထိတော့ ကိုကိုနိုင် အသိမဲ့သူမဟုတ်။ နောက်တော့ ရွှေဘိုသူ မအေးနွယ်နှင့် အိမ်ထောင်ကျကာ ယောက္ခမအမွေ ဆန်ကုန်သည်ကြီး ဖြစ်သွားတာ ကျွန်မအသိပင်။ ကိုကိုနိုင် မင်္ဂလာဆောင်တော့ ကျွန်မသွားလိုက်ပါသေးသည်။

"သီရိမေရေ…နွယ်နွယ်တင်နဲ့ မရပေမယ့် မအေးနွယ်နဲ့တော့ ရပါတယ်ဟာ…နွယ်ပါတာ ယူလိုက်တာလေဟာ… ဟား ဟား ဟား"

ကိုကိုနိုင်က ရယ်လား မောလား ပြောသော်လည်း ကျွန်မ စိတ်မကောင်းပါ။ သူငယ်ချင်းနှစ်ယောက်စလုံးအတွက် စိတ်မကောင်းခြင်းပါ။ ချစ်သူတွေကို ဘယ်အကြောင်းကြမ္မာကများ ရက်ရက်စက်စက် ခွဲနေရတာလဲ။ ကိုကိုနိုင့်ဆီ ဖုန်းလှမ်းဆက်တော့ သူလာခဲ့မည့်အကြောင်း ပြောပါသည်။ ကိုကိုနိုင်နှင့် ကျွန်မကတော့ အဆက်အသွယ် မပြတ်တောက်ပါ။ ကျွန်မ ရွှေဘိုဘက်ရောက်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီ ဝင်လည်လေ့ရှိသလို၊ သူ မန္တလေးရောက်တိုင်းလည်း ကျွန်မရုံးခန်းကို လာလေ့ရှိပါ၏။ အရက်နံ့ကလေး ပါလာတတ်လို့ စိတ်မချမ်းသာ ဖြစ်ရသည်။ အောင် အရင်တစ်ခေါက်လာစဉ်က သူ့ကို လှမ်းမခေါ်လို့ ကျွန်မကို ပွက်နေသေးသည်။

"နှစ်ဆယ့်လေးနာရီပဲ တွေ့လိုက်ရတာပါဟာ...နောက်နေ့ ချက်ချင်းပြန် ပြေးတာပါ"

ကျွန်မက အကျိုးအကြောင်းပြောပြတော့ ကိုကိုနိုင်က ပြန်နောက်ပါသည်။

"အေးလေ...နင်က အောင့်ကို ငါ့အတွက် အချိန်ဘယ်ဖဲ့ပေးပါ့မလဲ သိရိမေရယ်...နော"

"ကျပ်ကျပ်ပြော...သူ ဒါကြောင့် ရည်းစားနဲ့ကွဲတာ"

ကိုကိုနိုင် ရောက်လာတော့ ရုံးမှာ ခဏနားသည်။

"ကိုတိုးကြီးတို့ ပြင်ဦးလွင် တက်သွားပြီ...အဲသည်သွားနှင့်မလား"

"နွယ့်ကို စောင့်ချင်ပါသေးတယ်ဟာ"

"နွယ်နွယ်တင်က ကျန်းမာရေး သိပ်မကောင်းဘူး...ပြင်ဦးလွင်တောင် ဆက်တက်နိုင်ပါ့မလား မပြောတတ်ဘူး"

"အေးဟာ နင်ပဲ ကြည့်စီစဉ်ပေးလိုက်ပါတော့"

ကိုကိုနိုင့်ခမျာ သူငယ်ချင်းဟောင်း ရည်းစားဟောင်းကို ငဲ့ညှာရှာပါသေးလား။ ဘဝချင်း ဝေးကြရသော်လည်း သံယောဇဉ်တွေတော့ ကျန်ပုံရသည်။ တစ်ခါက ချစ်သူ့လမ်းကြားမှာ လမ်းလျှောက်ခဲ့ကြသူ ချစ်သူနှစ်ဦး ကံမဆုံခဲ့ကြသော်လည်း အနှစ်နှစ်ဆယ်ကျော်မှ မျက်နှာချင်းဆိုင်ကြရဦးတော့မည်။

ကျွန်မကတော့ မနက်ပိုင်းဖလိုက်နှင့် ရန်ကုန်မှ မန္တလေးကို လိုက်လာမည့် အောင့်ကို သွားကြိုဖို့လည်း စီစဉ်ရပါသည်။ အောင့်ဆီက အဆက်အသွယ်မရသေး။ ရန်ကုန်ရောက်လျှင်တော့ ဖုန်းလှမ်းဆက်လိမ့်မည်။ ဖုန်းမလာသေးတော့ မျှော်မောရပါ၏။

"ထွေးထွေးသိန်းက ဘာတဲ့လဲ သိရိမေ..."

"ပျားအုံက တနိုင်းကနေ မြစ်ကြီးနားဝင်...မြစ်ကြီးနားက ထွက်လာပြီ၊ ရထားဝင်တာ နောက်ကျလို့နေမှာ..."

ထွေးထွေးသိန်းက မြစ်ကြီးနားရထား စီးလာမှာဆိုတော့ မိုးချုပ်ချင်ချုပ်နိုင်သည်။ မြစ်ကြီးနား-တနိုင်းဘက်ကို တာဝန်ဖြင့်ရောက်နေသော ထွေးထွေးသိန်းကို ကျွန်မ နှစ်ခါမခေါ်ရပါ။ ကျောင်းသူဘဝတုန်းက အလွန်စပ်စုသော၊ နေရာတကာပါသော ထွေးထွေးသိန်းတစ်ယောက် မြစ်ကြီးနားဟိုဘက် မိုင် ၁၂၀ ကျော်ဝေးသော တနိုင်းဘက်မှာ ငြိမ်ငြိမ်ကလေး ကုပ်နေရတာကလည်း အကြောင်းရှိပါ၏။ သူ့ခင်ပွန်း ဦးကောင်းစံတစ်ယောက် လူပျိုဘဝက ကြိုက်သူရှားသဖြင့် ထွေးထွေးသိန်းနှင့် ညားရသော်လည်း အသက်ငါးဆယ်ကျော်လို့ အရာရှိကြီးဘဝရောက်ခါမှ စန်းတွေပွင့်နေသောကြောင့်တည်း။ မြင်းခြံမြို့ ဆောက်လုပ်ရေးရုံးမှာ ထွေးထွေးသိန်း အလုပ်စဝင်တော့ ဦးကောင်းစံက လက်ထောက်အင်ဂျင်နီယာဘဝ။ လူပျိုကြီး စာရင်းဝင်...။ ထွေးထွေးသိန်းက စာရေးမပေါက်စ...။ တစ်ရုံးတည်း အတူလုပ်ကြရင်း သူ့ထက် အသက် ၁၀ နှစ်လောက်ကြီးသော ဦးကောင်းစံနှင့် အကြောင်းပါကြသည်။ သားနှစ်ယောက်မိခင်ဖြစ်ပြီးခါမှ ဦးကောင်းစံ ပြောင်းရွှေ့ရာ နယ်တကာ ရောက်နေရတော့သည်။ ထွေးထွေးသိန်းကတော့ ရောက်သည့်နယ်ကနေ ကျွန်မဆီ ဖုန်းဆက်မြဲ။ ဖုန်းထဲမှာပင် သူ့ဝသီအတိုင်း အပျော်အနောက်တွေနှင့် ဝေဝေစီနေတတ်ပါ၏။ အောင့်အကြောင်းတွေကို သူ့ထံ ကျွန်မ ဖုန်းဆက်ဖြစ်ခဲ့သည်။ အောင် လာမည့်အကြောင်း၊ သူငယ်ချင်းတွေ ဆုံကြမည့်အကြောင်း ပြောတော့ ထွေးထွေးသိန်းက တက်တက်ကြွကြွပင်။

"ငါလာခဲ့မယ်ဟေ့...ငါမလာလို့ ဘယ်ဖြစ်ပါ့မလဲ...အောင်နဲ့တော့ တွေ့ချင်ပါ့ဟာ...နေပါဦး...ဟိုတစ်ခေါက်က နင်နဲ့အောင် ဘယ်လိုလဲ"

"မယ်မင်းကြီးမ ကြွသာကြွလာတော်မူပါ...။ ဒိတ်တွေ မှားမယ်နော်...ဖလိုက်ရရင် မြစ်ကြီးနားဖလိုက်နဲ့ လိုက်ခဲ့လေဟာ"

"လေယာဉ်ပျံ စိတ်ကုန်လို့ဟေ့...ရထားနဲ့ပဲ လာမယ်"

လေယာဉ်မယ် ဖြစ်ချင်ခဲ့သူ ထွေးထွေးသိန်းစကားကြောင့် ပြုံးမိရသည်။ သူငယ်ချင်းတွေ ဆုံရတော့မယ်ဆိုတော့လည်း ဝမ်းသာဝမ်းနည်း ဖြစ်ရသလို အတိတ်က တက္ကသိုလ်ရိပ်တွေကိုလည်း လွမ်းမိရသား။

■



www.burmeseclassic.com

www.burmeseclassic.com

## (၆၄)

ကိုကိုနိုင်နှင့်ကျွန်မ စကားကောင်းနေကြစဉ်မှာပင် ကုမ္ပဏီရုံးခန်းရှေ့ကို ကားတစ်စီး ထိုးရပ်လာသည်။ မှန်ချပ်တွေထဲကတစ်ဆင့် လှမ်းကြည့်လိုက်တော့ တောင်ကြီးကို အကြိုလွှတ်လိုက်သည့်ကား...။ ရုံးခန်းထဲကနေ ကျွန်မ အပြေးကလေးထွက်ကာ ကြိုလိုက်သည်။ ကားရှေ့ခန်းတံခါးကို ဖွင့်ဆင်းလာသူက ကျွန်မသူငယ်ချင်း နွယ်နွယ်တင်...။ ရောက်လာလို့ ကျေးဇူးပါ သူငယ်ချင်းရယ်။

ပိန်ပိန်လှပ်လှပ် ခန္ဓာကိုယ်ကလေးက ဟိုတုန်းကလို သေးသွယ်ဖြောင့်ဖြူးနေဆဲ။ လှိုင်းထနေတတ်သော ဆံပင်ကလေးတွေက အခုတော့ ကျဲပါးသွားခဲ့ပြီ။ အရွယ်၏ ရင့်မှည့်ခြင်းဒဏ်ကို မခံရသေးသော်လည်း ခန္ဓာကိုယ်က ပါးလျားလွန်းလှပါ၏။ ခွေးတောက်စိမ်းရောင် ပါတိတ်ဝမ်းဆက်နှင့် လျှော့တဘက်ကလေးကို ကပိုကရို ခြုံထားသော နွယ်နွယ်တင့်ပုံစံက အလှကြီးမဟုတ်တော့သော်လည်း နဂိုရည်အလှတွေ ကျန်နေသေးသည်။ ကျွန်မ ပြေးထွက်သွားပြီး သူငယ်ချင်းကို ဖက်ထားလိုက်သည်။

"နွယ်နွယ်တင် နေကောင်းရဲ့လား သူငယ်ချင်း"

"ကောင်းပါတယ်ဟယ်...နင်ကတော့ ဟိုတုန်းကထက်တောင် ပိုနုနေသေးတယ်...ဘာလဲ နင်က ကိုကိုလာမယ်ဆိုလို့ ကာမီရေတွေ ကျိုလို့လုပ်နေတာ မှတ်လား...သိရိုမေရယ် ငါမသိရင်ခက်မယ်"

"ကာမီက ကော်ဖီမှုန့်မရှိသေးပါဘူးဟာ...ရေနွေးကျိုထားနှင့်ရုံပါ"

နွယ်နွယ်တင်က ရယ်သည်။

"ထန်းလျက်နှစ်ခဲလောက်နဲ့ ကျိုထားနှင့်ပေါ့ဟဲ့"



နွယ်နွယ်တင့်စကားကို ကျွန်မအံ့သံများထွက်အောင် ရယ်လိုက်မိပါ၏။ စိတ်ဓာတ်အားဖြင့်တော့ ကျန်းကျန်းမာမာ လန်းလန်းဆန်းဆန်း ရှိနေသေးပါလား။ သည်လိုတွေ့လိုက်ရတာကိုလည်း ဝမ်းသာမိရပါ၏။

"နွယ်..."

ကျွန်မနှင့်နွယ်နွယ်တင် လက်ချင်းချိတ် ဝင်လာတော့ ရုံးခန်း ဧည့်ခန်းဝမှ ကိုကိုနိုင်က ဆီးကြိုနှင့်သည်။ နွယ်နွယ်တင်က မျက်မှန်ထဲက မျက်ခုံးကလေးကို ပင့်ကာ ကိုကိုနိုင်ကို သည်မှာတွေ့ရမည်မထင်သည့်ပုံဖြင့် ကြောင်အမ်းအမ်းဖြင့် ကြည့်နေသည်။ အနှစ်နှစ်ဆယ်လုံးလုံး ဝေးကွာခဲ့ကြသော ချစ်သူနှစ်ဦး၏ တွေ့ဆုံခြင်းက ကြေကွဲစရာကောင်းလှသည်။ သည်အကြည့်တွေမှာတော့ အဓိပ္ပာယ်တွေ ကိုယ်စီ ရှိနေကြသည်။ ကိုကိုနိုင်က နှမကလေးတစ်ယောက်လို နွယ်နွယ်တင့်ကို ဖေးမရှာသည်။

"ကို...ကို...နိုင်...လား"

နွယ်နွယ်တင့်နှုတ်က တစ်လုံးချင်းစီ ထွက်လာသောစကားလုံးတွေထဲမှာ အံ့ဩခြင်း၊ မဝေခွဲနိုင်ခြင်း၊ ယုံကြုံမရဖြစ်ခြင်းတွေ ပါနေခဲ့ပါ၏။ တစ်ခါက ချစ်သူတွေဆိုသော်လည်း အကြည့်တွေထဲမှာ မရိုးသားမှုတွေ မရှိကြတာကိုလည်း ကျွန်မ သိနေပါသည်။ နှစ်ယောက်စလုံးမှာတော့ မျက်ရည်စတွေ စွန်းထင်းနေကြပါ၏။

"နွယ်..."

"ကိုနိုင်..."

တစ်ယောက်ကိုတစ်ယောက် အမှတ်မထင် တွေ့ကြရတာကိုပဲ မယုံနိုင်သလို နာမည်တွေခေါ်နေကြတာကိုကြည့်ရင်း ကျွန်မပင် မျက်ရည်ဝိုင်းချင်လာသည်။ သည်ဘဝမှာ ကွေကွင်းခဲ့ကြရသော်လည်း သစ္စာမှန်လျှင် နောင်ဘဝမှာ တစ်ဖန်ဆုံစည်းခွင့် ချစ်ခွင့်ရကြပါစေလို့လည်း ဆုတောင်းနေမိသည်။ အခုတော့လည်း အလွမ်းနှင့် ရင်လှိုင်းခတ်နေကြရပါပကော။ နွယ်နွယ်တင်က ခေါင်းကလေးငုံ့လိုက်သည်။ စောင့်စည်းခြင်းသာ အကောင်းဆုံးအမှုအရာ မဟုတ်လား။ မိန်းကလေးဆိုတာ သည်လိုပါပဲ။

"ကဲလာ...ငါ့ရုံးခန်းထဲမှာ ခဏနားဦး...မွှန်မွှန်ရေ ဂျူစ်တစ်ခွက်လောက်ဖျော်ခဲ့ပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက နွယ်နွယ်တင့်အားမှာ ထိုင်ရင်း ကိုယ်လုံးသေးသေးကလေးကို ဖက်ထားလိုက်သည်။

"နွယ့်ခင်ပွန်းဆုံးတာ ကြားရလို့ ကိုနိုင် စိတ်မကောင်းဖြစ်မိပါတယ်... အခု ကလေးတွေနဲ့ နေရထိုင်ရတာ အဆင်ပြေရဲ့လား... လိုအပ်တာ ရှိရင် သီရိမေကိုမှ မဟုတ်ပါဘူး ကိုနိုင့်ကိုလည်း ပြောပါ နွယ်ရယ်... တို့တွေ သူငယ်ချင်းတွေပဲဟာကွယ်..."

ကိုကိုနိုင်က စကားစလိုက်တော့ နွယ်နွယ်တင် မျက်ရည်တွေ စီးကျလာသည်။ ပခုံးပေါ်မှာ ခြုံထားသော လျှော်တဘက်ကလေးဖြင့် မျက်နှာကိုအုပ်ကာ တသိမ့်သိမ့်ငိုကြွေးရှာသည်။ ကျွန်မလည်း ဘယ်ကဘယ်လို နှစ်သိမ့်ရမှန်းမသိ။ နွယ်နွယ်တင့်အကြောင်းကို ကျွန်မသိသည်။ သူက ချော့လေ ပိုဝမ်းနည်းတတ်လေ...။ ကျွန်မပခုံးပေါ်မှာ ပါးကလေးတင်ကာ ငိုကြွေးနေသော နွယ်နွယ်တင့်ကို ကျွန်မ အားပင်မပေးရက်။ နွယ်နွယ်တင်က ချက်ချင်း အသိကလေးဝင်လာပုံဖြင့် အငိုသိမ်းရှာပါသည်။ ကျွန်မက Juice ဖန်ခွက်ကို နွယ်နွယ်တင့်အား ကမ်းလိုက်ပါ၏။

"ခရီးပန်းလာမှာပေါ့ နွယ်နွယ်တင်...Juice လေး သောက်ပြီးရင် အပေါ်ထပ်မှာ နားဖို့လှဲဖို့ ပြင်ထားတယ် တက်နားလိုက်ဦး...မနက်ကျမှ ပြင်ဦးလွင်ကို စောစောတက်မယ်...ဟိုရောက်မှ တို့တွေ စကားတွေ တစ်ဝကြီးပြောကြတာပေါ့ နော်..."

ကျွန်မက နှစ်သိမ့်လိုက်တော့ နွယ်နွယ်တင်က ခေါင်းကလေးညိတ်ပြသည်။ မျက်လုံးတွေကတော့ တစ်ချိန်က ကိုကိုနိုင်ကို ကြည့်နေပုံရ၏။ ကိုကိုနိုင်က ဖိုင့်ဖိုင့်ကြီး ဝနေပြီဆိုတော့ မယုံနိုင်သလိုဖြစ်နေသည်။ "ကိုနိုင် ဝလိုက်တာ" လို့ ပြောနေသည်။

"နွယ် နားချေဦး...ကိုနိုင်လည်း ပြန်မယ်...မနက်ကျမှ ကိုနိုင် သည်ကိုပဲ ဝင်ခဲ့မယ်...အတူသွားကြတာပေါ့...သူငယ်ချင်းတွေနဲ့ တွေ့ကြတော့လည်း ငယ်သွားတာပေါ့နွယ်...ပျော်အောင်နေပါ နွယ်ရယ်"

ကိုကိုနိုင်က နွယ်နွယ်တင့်ကို ပေါ့ပေါ့ပါးပါးဖြစ်အောင် စိတ်ခွန်အားပေးနေခြင်းဖြစ်သည်။ ကျွန်မက မရင်ကို လှမ်းခေါ်ကာ နွယ်နွယ်တင့်ကို အပေါ်ထပ်က သီးသန့်အခန်းတစ်ခန်းဆီ လိုက်ပို့ခိုင်းလိုက်သည်။



ကိုကိုနိုင့်ကို တွေ့လိုက်ရကတည်းက နွယ်နွယ်တင့်ခမျာ ဝမ်းသာ ဝမ်းနည်း ဖြစ်နေရှာပုံရ၏။ ကိုကိုနိုင့်ကို ညှိုးလျှသောအပြုံးဖြင့် နှုတ်ဆက်ကာ မရင်နှင့်အတူ အပေါ်ထပ်ကို တက်သွားတော့၏။ နွယ်နွယ်တင် လှေကားထစ်တွေက ကွယ်သွားမှ ကိုကိုနိုင်က ကြေကွဲဆိုနင့်စွာ မျက်ရည်တွေကျလေသည်။

"သီရိမေရယ်...ငါ နွယ့်ကိုတွေ့ရတာ စိတ်မကောင်းလိုက်တာ...သည်လို ဘဝကို ရောက်မယ်မှန်း ကြိုများသိရင် အနှစ် နှစ်ဆယ်လုံးလုံး ငါ စောင့်နေပါရဲ့ဟာ...တို့နှစ်ယောက်စလုံး ကံမကောင်းခဲ့ကြဘူး...။ အင်း...သူကတော့ ပိုဆိုးတာပေါ့လေ"

ကိုကိုနိုင်နှင့် နွယ်နွယ်တင်အဖြစ်ကိုကြည့်ကာ ကျွန်မရင်မှာ ကျင်ခနဲ နာမိရပါ၏။ 'မေတ္တာဟောင်းတွင်၊ လောင်းတံ့အသစ်၊ မြကြိုးရစ်သို့...' သန့်စင်သော အချစ်၏အဓိပ္ပာယ်ကိုလည်း ကျွန်မ နားလည်လိုက်ရပါ၏။

'ကျွမ်းသက်စေ၍၊ မြတေရုပ်သွင်
လှထွတ်တင်သား၊ သက်လျှင်မှတ်ပိုက်
ကြင်ပေထိုက်သည်၊ ရောင်မြိုက်နွဲ့နှောင်း
လှဟန်ကောင်းကို၊ ထပ်လောင်းဖူးပင်
လွမ်းစဉ်တွင်၌...'

■

www.burmeseclassic.com

(၆၅)

"ဟေး...သီရိမေ...ငါ မန္တလေးဘူတာထဲကို ရောက်ပြီဟ..."

ကိုကိုနိုင် ပြန်သွားခဲ့ပြီ။ ကျွန်မလည်း နွယ်နွယ်တင်ရှိနေသည့် အပေါ်ထပ်ကို ခြေလှမ်းပြင်နေဆဲမှာပင် ထွေးထွေးသိန်းဆီက ဖုန်းဝင်လာတော့သည်။ ထွေးထွေးသိန်းလာပြီ။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ကျောင်းမှာတုန်းကလို တစ်စုတစ်ဝေးကြီး ဆုံကြရဦးတော့မှာပါလား။ လှိုက်ခနဲပင် ခံစားလိုက်ရပါ၏။

"အေး...အေး...ငါ ကားအကြိုလွှတ်လိုက်မယ်...စစ်ကိုင်းလောက်ကတည်းက ဆက်ရောပေါ့ဟယ် နင်ကလည်း...ဘူတာဝ ထွက်စောင့်နေ"

"အေးပါ...နင်လွှတ်မယ့်လူကိုပြောလိုက်...အနီဝမ်းဆက်နဲ့ ကန္တကလျှကလေး ရပ်နေလိမ့်မယ်လို့...ဖုန်းဆက်ပါတော်...စစ်ကိုင်းတောင်မဟုတ်ဘူး...ရွှေဘိုအဝင်ကတည်းက ဆက်တာဟဲ့...နင့်ဖုန်းကဆက်သွယ်ရေးဧရိယာပြင်ပ ရောက်နေတယ်ချည်းပဲ ဖြေနေတော့ ငါကယူအက်စ်အေ ရောက်နေပြီထင်တာ..."

"မြောက်ဝင်ရိုးစွန်း ရောက်နေတာဟေ့...အနီဝမ်းဆက်နဲ့ဆိုတော့ စာတိုက်ပုံးကြီးလိုနေမှာပေါ့...လူမမှားနိုင်ပါဘူး..."

ထွေးထွေးသိန်း၏ ရယ်သံက ကျောင်းတုန်းကလိုပင်။ သည်ကနေ့မနက်မိုးလင်းကတည်းက ကုမ္ပဏီရုံးခန်းအပြင်ဘက် ခြေတစ်လှမ်း မရွေ့ရသေးသော ကျွန်မက ဘယ့်နှယ် ဆက်သွယ်ရေးဧရိယာပြင်ပကို ရောက်နေရပါလိမ့်။

ထွေးထွေးသိန်းရောက်လာတော့ တစ်ခါတစ်ရံသာ အသံကြားရပြီး လူကိုယ်တိုင် မတွေ့ရ မမြင်ရတာ ကြာပြီဖြစ်သောသူ့ကိုကြည့်ကာ ကျွန်မ အလွန်ပဲ အံ့သြရပါသည်။ ကြည့်ပါဦးတော့...။ ဝလာလိုက်တာ။ စည်ပိုင်းပြတ်ကြီး လိမ့်လာ

www.burmeseclassic.com



တဲ့အတိုင်း...။ အမြဲတမ်း ပွယောင်းနေ့တတ်သော သူ့ခေါင်းပေါ်က ဖွားအုံ့ဆံပင်ကြီးကတော့ မဆိုသလောက် ပါးသွားသည်ကလွဲ၍ ထွေးထွေးသိန်း စစ်မှန်ကြောင်း ထောက်ခံချက်ပေးနေသယောင် အ်ရှိပ်လိပ်တွန့်နေလေသည်။ ကျွန်မကိုတွေ့တော့ ပါးစုံ့ကြီးနှစ်ဖက် မြောက်တက်သွားအောင် ရယ်ရင်းက ပြေးဖက်ရှာသည်။ ကျွန်မကို ဆွဲမြောက်လိုက်တာများ ရွှေ့ခနဲပင် ပါသွားခဲ့ပါ၏။ ပြီးမှ ပစ်ချလေတော့သည်။

"အံမယ် သီရိမေ...နင်ကတော့ နုလို့ လှလို့ပါလားဟ...အဖိုးကြီးတွေများ လင်ရချိန် မရရင် ပုတီးစိပ်ရတာနဲ့ အလုပ်ရတာနဲ့ ပြီးရတာဟ...နင်ကတော့ ငယ်ကျွန်ရစ်သလိုပါလား...ငါ့သူငယ်ချင်းကြည့်ပြီး ငါတောင်ဝိတ်ချရတော့မယ်...နင် ဘာဆေးစားတုံးဟဲ့..."

"ဘာဆေးမှ မစားရပေါင်ဟယ်...ပီယဆေးများရရင်တော့ မျိုချလိုက်စမ်းမယ်...နင်တောင် ယောကျာ်းရတယ်ဆိုတော့ ငါ့ကိုယ်ငါ အားငယ်လိုက်တာ မပြောနဲ့တော့"

"ပီယဆေး မမျိုရဘူးဟ...လူအကောင်လိုက် မျိုချရတာ...နင်ကိုကညွှဲ့တာပါဟာ...သည်လောက်ချမ်းသာနေတာ တစ်ယောက်တည်းပျင်းစရာကောင်းလိုက်တာ...။ နေပါဦး သီရိမေရဲ့...အခုထက်ထိ ကိုကိုရဲ့ မောင်မောင်ရဲ့ မရှိသေးဘူးလား"

"မရှိရပေါင်တော်...တစ်ယောက်တည်းပါနော်...ချောက်ထဲက တအော်အော်နဲ့ဆိုသလိုပေါ့ ထွေးသိန်းရယ်..."

"ချောက်ထဲက မအော်ရဘူးဟဲ့...ချောက်နှုတ်ခမ်းပေါ် တွယ်တက်ပြီးတွေ့တဲ့အကောင် ချောက်ထဲတွန်းချရမှာ..."

ထွေးထွေးသိန်းရောက်လာတော့ အပျော်တွေ ကူးစက်ရပြန်သည်။ သူဝင်လာကတည်းက ကျွန်မရုံးခန်းတစ်ခုလုံး ပွက်ပွက်ညံသွားလေတော့၏။ နွယ်နွယ်တင်ရှိရာ အပေါ်ထပ်ကို ပို့လိုက်တော့ နွယ်နွယ်တင်လည်း ထထိုင်ရတော့သည်။

"နွယ်နွယ်တင်...ကောင်မ ထ...လူမမာလုပ်မနေနဲ့...နင်တို့အားလုံးကိုကယ်မဖို့ ငါကြွလာခဲ့တာနော်..."

"အေးပါ...အမေရေယဉ်ရယ်"

အားလုံး လူတွေစုံကြပြီ...။ အောင် ရောက်မလာသေး။ ညနေစောင်းလာလေ ကျွန်မစိတ်တွေ ပူရလေ။ တကယ်ဆို သတင်းတော့ ကြားရဖို့ကောင်းပြီ၊ အခုထိ အောင့်ဆီက ဖုန်းဝင်မလာသေး။ အောင် ရန်ကုန်ကို မရောက်သေးလို့ဘဲ

www.burmeseclassic.com



ဖုန်းမဆက်တာလား၊ လေယာဉ်ပေါ်မှာပဲလား၊ လာမှလာဖြစ်ရဲ့လား။ လာတာတော့ လာမှာပါလေ။ တစ်ခုခုဖြစ်နေလို့နေမှာ။ အောင်ရောက်မလာရင်ကော။ ထွေးထွေးသိန်းကပင် မေးနေသည်။

"နှင့်ရှမ်းလေးက ဘာတဲ့လဲ"

"အဲဒါပြောတာပေါ့...ငါ စိတ်တွေပူနေရပြီ...အောင် ရန်ကုန်ကို မရောက်သေးတာဟဲ့"

"လာမှာပါဟာ...ရေိယာပြင်ပ ရောက်နေလို့နေမှာပါ"

ထိုညနေက ကိုကိုနိုင့်ကို ဖုန်းလှမ်းဆက်ခေါ်ပြီး ကျွန်မတို့သူငယ်ချင်းလေးယောက် ရွှေဘဲမှာ ညစာစားကြသည်။ ထွေးထွေးသိန်းရောက်လာတော့ ကိုကိုနိုင်နှင့် နွယ်နွယ်တင်တို့လည်း ငယ်စာရင်းပျက်ကြကာ သူငယ်ချင်းတွေဘ၀ ပြန်ရောက်သွားခဲ့ကြသည်။ ထွေးထွေးသိန်းက ထုံးစံအတိုင်း အာပူကျယ်လောင်နောက်နောက်ပြောင်ပြောင်။ သူ့အကြောင်း ကိုယ့်အကြောင်းတွေ ပြောကြရင်း တ၀ါး၀ါး တဟားဟား။ ကျွန်မမှာသာ စားလည်း မဖြောင့်၊ ရယ်လည်း မဖြောင့်။ တယ်လီဖုန်းတစမ်းစမ်း ရှိနေရပါ၏။ ကျွန်မ ဂနာမငြိမ်တာကို ထွေးထွေးသိန်းက ရိပ်မိပုံပေါ်သည်။

"မယ်ခွေရယ် နင့်မလဲ အခုထိ ငယ်ဖော်ပေါင်းငဲ့ လည်ချောင်းငဲ့ ရှိရတုန်းပဲလား...တို့ကျောင်းတုန်းက သင်ရတာလေ...ဘာတဲ့ဟာ... 'ချစ်ရှည်စုံသင့်၊ ဘုန်းချင်းမြင့်၍၊ နတ်နှင့်သာစံ၊ ၀င်းညီလျှံကို၊ တစ်ဆံမစဉ့်၊ နေ့ညဥ့်စုံမက်၊ စက်လည်းယုယု၊ မျှော်ရှုခုသာ၊ ဒွာလေသည်လော၊ တွေးတောစိတ်တွင်၊ နီးသို့ထင်လျက်... ' တဲ့။ နီးသလိုလို ဝေးသလိုလိုဖြစ်မနေနဲ့ လာမှာ...လာမှာ"

"အဟုတ်ကြီးပါလားဟဲ့...ကျောင်းတုန်းကစာတွေ မမေ့သေးပါလား...ဘယ်ဆိုးလို့လဲ"

"ရတာပေါ့ဟဲ့...နင်နဲ့အောင့်ကို သနားလို့ ရွတ်မပြတာ...နင် ပူမနေနဲ့ သီရိမေ...အနောက်အရပ်က လူဝင်ကိန်း ငါမြင်နေတယ်"

"အေးပါဟယ်...အရှူးစကား ကလေးစကား မှန်တတ်ပါရဲ့"

ထွေးထွေးသိန်းက စကားကို ပေါ့ရည်ရွှတ်ရည် ပြောတတ်သော်လည်း တစ်ခါတလေ စာတွေ ကဗျာတွေ ညှပ်ချင်ညှပ်ပြောတတ်သေး၏။ မှတ်ဉာဏ်လည်းကောင်းသည်။ သည်လိုစကားတွေ မပြောရတာ နှစ်ပေါင်းများစွာ ကြာခဲ့ကြပြီပဲ။



အောင်ရောက်လာသည်ဖြစ်စေ၊ ရောက်မလာသည်ဖြစ်စေ ရောက်သူတွေကရောက်ကြပြီဆိုတော့ စုစုဝေးဝေးရှိဖို့တော့ လိုသေးသည်။ အခုတော့ မန္တလေးမှာတချို့၊ ပြင်ဦးလွင်မှာ တချို့။ ပြင်ဦးလွင်ကို တက်နှင့်ကြရင် ကောင်းမလား။ ထွေးထွေးသိန်းကတော့ သဘောညီပါ၏။

"ဒီမှာ ညအိပ်မယ့်အစား ပြင်ဦးလွင်သွားအိပ်ရတာ ကောင်းတာပေါ့... ဟိုမှာ ကိုတိုးကြီးတို့နဲ့လည်း တွေ့ရတာပေါ့...စိုးစိုးမော်တို့ ခင်ခင်ကို့နဲ့လည်း ငါ တွေ့ချင်ပြီဟ..."

သည်တော့လည်း ကျွန်မတို့အားလုံး ပြင်ဦးလွင်ကို တက်ကြဖို့ ပြင်ကြရပြန်ပြီ။ ကျွန်မမှာတော့ နောက်ဆံတငင်ငင်။ အောင့်ဆီက ဖုန်းလာလျှင် ကျွန်မတံတားဦးလေဆိပ်ကို ပြေးရဦးမှာလည်း ရှိသေးတော့ လိုက်သွားလို့ကလည်းမဖြစ်။

"သီရိမေ...နင် အောင့်ကိုသွားကြိုရဦးမှာဆိုတော့ မယ်မင်းကြီးမ မနက်ကျမှသာ တက်ခဲ့တော့...တို့ကတော့ ပြင်ဦးလွင်မှာ တစ်ညလုံး နင့်အတင်း ချကြပြီသာမှတ်တော့..."

အားလုံးအတွက် ကားတစ်စီး စီစဉ်ပေးလိုက်သည်။ ကိုကိုနိုင့်ကားကိုတော့ ထားခဲ့ခိုင်းရပါ၏။ ပြင်ဦးလွင်ကားလမ်းကို မကျွမ်းကျင်သေးတော့ စိတ်ပူရဦးမည်။ သည်ကြားထဲ ရည်းစားဟောင်းကလည်း ပါတော့ စိတ်ကယောက်ကယက် ဖြစ်နေမှာ စိုးရသည်။ ထွေးထွေးသိန်းကလည်း သဘောပေါက်သည်။

"ကိုကိုနိုင် မမောင်းပါနဲ့ဟာ...နင်က သည်အချိန် အပမှီနေတာ"

နွယ်နွယ်တင့်ကို ခေါင်းခန်းမှာ နေရာပေးကြသည်။ သူငယ်ချင်းတွေထွက်သွားတာကြည့်ရင်း ပျော်လည်းပျော်ရ မောလည်းမောရသည်။ ၁၉၈၀ ခုနှစ်များဆီကတည်းက သူငယ်ချင်းတွေ။ ၂၀၀၀ ခုနှစ်မှာ တစ်ရက်တလေ စုမိကြဖို့ပင် မလွယ်ကြတော့ပါလား။ ဆယ်စုနှစ် နှစ်စုစာအတွင်းမှာပဲ ဘ၀အလီလီ ပြောင်းခဲ့ကြပြီ။

"မမ...ဖုန်းလာတယ်...ကိုအောင်နိုင်သူတဲ့"

မွန်မွန်က ကျွန်မကျန်ရစ်ခဲ့သည့်ဖုန်းကို အပြေးကလေး လာပို့သည်။ ကျွန်မရင်ထဲမှာ နွေးခနဲပင် ဖြစ်သွားမိသည်။ တစ်နေ့လုံးမျှော်နေခဲ့ရသည့် တယ်လီဖုန်းက ခုမှပဲ လာတော့သည်။ ကျွန်မ၏ လှုပ်ခုန်နေသောရင်ကို ငြိမ်အောင်ထိန်းရင်းပြန်ဖြေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အောင်လား…မျှော်လိုက်ရတာအောင်ရယ်…။ လာမှလာဖြစ်ရဲ့လား လို့…သူငယ်ချင်းတွေ ရောက်ကြပြီ…နေဦး အခုက ဘယ်လိုလဲ"

"မေ…အောင် ရန်ကုန်ရောက်ပြီ…မနက်စောစောဖလိုက်နဲ့ မန္တလေး လိုက်ဖို့လုပ်နေတယ်…မန္တလေးရောက်ချင်နေပြီ…တိမ်စွန်လေလျှင် ဖူးရောက်ချင်သည် ငှက်သွင်ပျံကြွမတတ်သော်…လေ"

"ကိုဇီး သည်လိုလုပ်…ညကျရင် အကျိုးအကြောင်း ဖုန်းဆက်ဦး… တံတားဦးလေဆိပ်ကို မေ လာကြိုမယ်"

"အိုကေ"

အောင့်အသံကြားတော့မှ အပူငြိမ်းရပါ၏။ သည်တစ်ခေါက်လည်း ရောက်လာပြီကောရယ်လို့သာ မှတ်ယူရတော့သည်။ တစ်ခေါက်တစ်ခါ ရောက်လာဖို့အရေး သည်လိုသာ မျှော်ဆေးရမှ အလွမ်းပြေရကြေးဆိုလျှင် မခက်ရပါလား။

'သူတို့ဆီသာကြည်အေးပါစ
ခြားပင်လယ် ဘယ်လိုမေးရပ
မလာချင်ရင် တကယ်ဝေးပေမယ့်
လာချင်ရင် အလွယ်ကလေးသာပေ့…'

ထိုညကလည်း အောင့်ဖုန်းသံကို ကျွန်မမျှော်ရသည်။ အစစအရာရာ အဆင်ပြေပါပြီဆိုမှ အပေါ်ထပ်ကို တက်ခဲ့သည်။ မနက်စောစော လေဆိပ်ကို သွားရမည်။ အောင့်လေယာဉ်က စောတော့ မွန်မွန်ကို နိုးဖို့ မှာရသည်။ လသာ သည့်ည။ သူငယ်ချင်းတွေက ပြင်ဦးလွင်မှာ။ ကျွန်မက မန္တလေးမှာ။ အောင်က ရန်ကုန်မှာ။ ကျွန်မတို့ စိတ်တွေအားလုံး တစ်ကြိုးမချိတ် တစ်ကြိုးချိတ်မိနေကြ လိမ့်မည်။

ကောင်းကင်မှာတော့ မိုး၏မီးအိမ်။

(၆၆)

တံတားဦးလေဆိပ်မှ မန္တလေး၊ မန္တလေးမှ ပြင်ဦးလွင်။

ကားကို ကျွန်မကိုယ်တိုင်ပဲ တောက်လျှောက်မောင်းလာခဲ့သည်။ ကျွန်မ ဘေးမှာ အောင်။ အောင့်အမူအရာက မနေ့က ပြန်သွားပြီး ကနေ့ ပြန်ရောက်လာ သလို လွတ်လပ်လှသည်။ မနက်စောစော ထပြေးခဲ့ရသဖြင့် မနက်စာကလေးပင် မစားရသေး။ အောင်ကတော့ ကျွန်မကိုစောင့်ရင်း လေဆိပ်ကဖေးမှာ အဆာပြေ စားခဲ့သည်ဆိုပါ၏။

၂၁ မိုင်ကျော်တော့ ပန်းတောင်းသည်တစ်ယောက် နှင်းဆီဝါ လက်တစ်ပိုက် စလောက်ကို စက်ဘီးကယ်ရီယာပေါ်မှာ တင်ကာ အောင်ချမ်းသာဘက်ကို နှင်း လာတာ တွေ့လိုက်ရသည်။ ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်ပြီး ပန်းတွေအားလုံး သိမ်းဝယ်လိုက်သည်။ ပန်းတောင်းသူ ရှမ်းအမျိုးသားကြီးကပဲ ကားနောက်ခန်းထဲကို ထည့်ပေးသည်။ အောင်က ပန်းစည်းထဲက ပန်းတစ်ပွင့်ကို ခူးယူထားလိုက်၏။

"နှင်းဆီဝါကို မေကြိုက်တယ်နော်"

"ဟုတ်တယ်အောင်…ဒါနဲ့ အောင်တို့ကလောက မြို့ကြီးထဲမှာ နှင်းဆီဝါ တွေချည်း တစ်ခင်းကြီးစိုက်ထားတာ လှလိုက်တာ…"

"နှင်းဆီဝါကို မေမေက သိပ်ကြိုက်တာမေရဲ့…ဒါကြောင့် အောင် စိုက် ထားတာ…မေကလည်း နှင်းဆီဝါကြိုက်တာ အောင် သတိထား မိတယ်"

ကားထွက်လာတော့ အောင်က ဘာမပြော ညာမပြောနှင့် ကျွန်မဆံပင် တွေကြားမှာ နှင်းဆီဝါကလေး ထိုးစိုက်ပေးလိုက်သည်။ အောင် ပန်းပန်ပေးတာ နှစ်ခါရှိပြီ။ နှင်းဆီဝါချည်း။ ပထမတစ်ခေါက်တုန်းက တစ်ပွင့်။ ခုတစ်ခေါက် တစ်ပွင့်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်ကိုဝင်တော့ ကျွန်မတို့နှစ်ယောက်စလုံး ရင်တွေခုန်ခဲ့ရသည်။ သူငယ်ချင်းတွေနှင့် တွေ့ရတော့မှာမဟုတ်လား။ တကယ်လည်း ကျွန်မတို့ကား ချိုးဝင်လိုက်သည်နှင့် သူငယ်ချင်းတွေ လက်ခုပ်တီးကာ ကြိုဆိုခဲ့ကြသည်။ ကျွန်မ စီစဉ်ထားတာ အောင်မြင်သည့်အတွက် ဝမ်းသာလှိုက်လှဲ ဖြစ်ရသည်။ စားပွဲရှည်ကြီးမှာ သူငယ်ချင်းအားလုံး ဝိုင်းဖွဲ့ထိုင်နိုင်ဖို့ ခင်းကျင်းထားသည်။ မြက်ခင်းစိမ်းစိမ်း၊ ရောင်စုံမီးလုံးတန်းတွေနှင့် ဒင်နာပါတီကလေးလို လှပနေပါသည်။ သူငယ်ချင်းတွေကို အောင် လိုက်နှုတ်ဆက်နေသည်။ ထိပ်ဆုံးမှာ ကိုတိုးကြီး။

"ကိုတိုးကြီး...ဟား...ထိပ်ပြောင်နေပါလား ဟား ဟား...အနီးစားတာလား... အောင် ထင်တော့ထင်တယ်...ကိုတိုးကြီး သီချင်းမဆိုနိုင်လောက်တော့ဘူးလို့"

"သီချင်းက ဘဝမဟုတ်တော့ပါဘူး အောင်ရာ...ဘဝက သီချင်းဖြစ်သွားပါပြီ"

ကိုကိုနိုင်ကတော့ ကျောင်းတုန်းကပုံရိပ်တွေ ပြန်မြင်ယောင်သွားသလို အိုကျသွားသည်။ အောင့်လက်တွေကို တအားဆုပ်ထားသည်။ အောင့်မျက်နှာကို အားရပါးရ ကြည့်နေသည်။

"ကိုကိုနိုင်...ကျေးဇူးတင်တယ်...အောင် သိပ်တွေ့ချင်တာပါဗျာ"

"သည်လိုပါပဲအောင်ရာ...တွေ့ချင်လွန်းလို့ လာခဲ့တာပါပဲ...ကျွန်တော်က နီးပါတယ်...လာရမှာပေါ့...အောင် ဟိုမှာ အဆင်ပြေလား..."

"ပြေပါတယ်...ဒါက မတွေးကြီးလား...ဟား ဝလိုက်တာဗျာ...အခုမှ ပိုလှသွားတာဗျ...အပြန်လိုက်ခဲ့ပါလား အမေရိကားကို...မိစ်ယူနီဗာ့စ် စာရင်း ထည့်လိုက်မယ်လေ..."

"မိစ်ယူနီဗာ့စ်...တော်ပါပြီအောင်ရယ်...အခု မိစ်တနိုင်း ဖြစ်နေပါပြီ...တနိုင်းကို ခေါ်ချင်တာ...ဖိနပ်ပြာကြီးတွေ ကြော်ငြာချင်လို့..."

နွယ်နွယ်တင့် လက်ချောင်းသေးသေးကလေးတွေကို အောင်က ဆုပ်ညှစ်ရင်း မျက်လုံးများဖြင့် အားပေးသည်။ နွယ်နွယ်တင်ကတော့ ပြုံးရုံသာ။ စိုးစိုးမော်နှင့် ခင်ခင်။ သူငယ်ချင်းတွေ စတွေ့တွေ့ချင်း စုဖွဲ့နေကြတာကို ကျွန်မ ယာဉ်မောင်း ဦးမြသိန်းကို ဓာတ်ပုံရိုက်ခိုင်းရပါသည်။ အောင်က ဓာတ်ပုံရိုက်နေတုန်းမှာ ကျွန်မ ခေါင်းပေါ်က ပြုတ်ကျလုလု နှင်းဆီဝါကလေးကို ပြန်စိုက်ပေးသည်။



"အဲဒါပေါ့ဟဲ့...ယိုးဒယားပန်းစိုက်ဆိုတာ..."

"ရှမ်းပန်းစိုက်ပါဟယ်..."

"မဟုတ်ပါဘူးဟဲ့...ယူအက်စ်ပန်းစိုက်"

တစ်ယောက်တစ်ပေါက် အော်ကြတာ ညံသွားတော့သည်။ အားလုံး ငြိမ်သွားတော့ ကိုတိုးကြီးက ဝမ်းပန်းတသာ ကျေးဇူးစကား ဆိုရှာသည်။

"အေးဟာ...တို့သူငယ်ချင်းတွေ ဒီလို စုစုစည်းစည်း မတွေ့ကြ မဆုံကြရတာ နှစ်တွေကို မနည်းတော့ဘူး...ကျောင်းပြီးကတည်းကပဲ...အခုလည်း တို့ဟာတို့ဆိုရင် ဆုံဖြစ်မှာမဟုတ်ဘူး...နိုင်ငံခြားက ရောက်လာတဲ့ အောင့်ကို အကြောင်းပြုပြီး ဆုံရတာဆိုတော့ စီစဉ်ပေးတဲ့ သီရိမရော၊ ကူညီခဲ့တဲ့ ခင်ခင့်ကိုရော၊ ရောက်အောင်လာကြတဲ့ သူငယ်ချင်းတွေကိုရော ကျေးဇူးတင်ပါတယ်ဟာ..."

ကိုတိုးကြီးက စကားရပ်လိုက်သည်။ သူငယ်ချင်းတွေကို လိုက်ကြည့်သည်။

"ကျောင်းတုန်းကတော့ တို့တွေ ရည်ရွယ်ချက်တွေ ကိုယ်စီ...မျှော်မှန်းချက်တွေ ကိုယ်စီ...ယုံကြည်မှုတွေ ကိုယ်စီ...ဖွဲ့တွေ မာန်တွေ အားတွေ အင်တွေ ကိုယ်စီနဲ့ပေါ့...။ သေချာတာကတော့ ငါတို့ဟာ ငါတို့ရဲ့ အချိန်ကာလတွေကို ဖြုန်းပစ်ခဲ့ကြတဲ့ မိုက်မဲသူတွေတော့ မဟုတ်ကြပါဘူး...ငါတို့ ကိုယ်စွမ်းရှိကြသလောက် ကြိုးစားခဲ့ကြတယ်...ဒါပေမဲ့ မျှော်မှန်းသလိုတော့ ဖြစ်မလာခဲ့ကြဘူးပဲ ထားပါတော့...ဆန္ဒနဲ့ဘဝဟာ တစ်ထပ်တည်းတော့ မကျနိုင်ဘူးပေါ့။ သို့သော်လည်း တို့သူငယ်ချင်းတွေရဲ့ ဘဝတွေကိုကြည့်ရင် ဘယ်လောက်တောင် ပြောင်းလဲသွားခဲ့သလဲ ဆိုတာ မပြောပေမယ့် သိနိုင်ကြတယ်...။ ဘာပဲဖြစ်ဖြစ် အခြေအနေ အမျိုးမျိုးမှာ တို့တစ်တွေ သည်လိုပြန်ဆုံကြရတာကတော့ ကြိုတောင့်ကြံခဲပဲ...။ ငါပြောချင်တာက ဘဝဟာ သာတောင့်သာမော ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ငါတို့ရဲ့အားမာန်တွေကို လျှော့မချဖို့ပဲ...။ တို့သူငယ်ချင်းတွေရဲ့ ပျိုမျစ်တုန်းက ခွန်အားတွေကို ပြန်လည်ရယူဖို့ပဲ လိုတယ်...မြွေများ အရေခွံလဲလိုက်သလိုပေါ့ကွာ...ပြိုကျနေတဲ့ စိတ်ဓာတ်ယောင်းတွေကို ခွာချ...စိတ်သစ်ကိုယ်သစ်နဲ့ ဘဝကို အနိုင်ယူကြဖို့ပဲ လိုတယ်...ငါပြောချင်တာ ဒါပဲ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးကြီးစကားကြောင့် ကျွန်မတို့အားလုံး နွေးထွေးသွားခဲ့ကြရပါ၏။ အားတွေ ပြန်ပြည့်သွားခဲ့ကြသည်။ နောက်ချင်ချင်စိတ်ကလေးတွေ ကြည်လင်လန်းဆန်းသွားခဲ့ရသည်။ ပျိုနုစဉ်က စိတ်ဓာတ်တွေ ပြန်လည်ရယူရမည့် တွေ့ဆုံခြင်းတဲ့လား…။ ကျွန်မ ဝမ်းသာရပါ၏။

ညဘက်ရောက်တော့ ပြင်ဦးလွင်ဆောင်းက အေးစက်လှသည်။ အိမ်တွင်းမီးလင်းဖိုကြောင့် အခန်းထဲမှာတော့ နွေးနေပါ၏။ မီးလင်းဖိုရှေ့မှာ ကော်ဇောဖွေးပွကြီး ခန်းဝက်စာမျှ ခင်းထားသည်။ ဆိုဖာတွေကိုလည်း ဝိုက်ဝိုက်ကွေးကွေး ခင်းကျင်းထားပါ၏။ ပြတင်းပေါက်တွေတိုင်းမှာ နှင်းဆီဝါပန်းအိုးတွေထိုးကာ ပန်းတွေကလည်း အအေးဓာတ်ကြောင့် လန်းလန်းရွှင်လျက်ရှိကြ၏။ အခန်းမျက်နှာကြက်မှာ မြှုပ်တပ်ထားသော မီးပွင့်ကလေးတွေကလည်း အဝါရောင်ဆိုတော့ နှင်းဆီပွင့်တွေကို အဝါရောင် ထပ်ဆိုးသလို လုပနေသည်။ နီးစပ်ရာ နီးစပ်ရာ စကားတွေ တတွတ်တွတ်ပြောနေကြတာကပဲ ရေပက်မဝင်။ ဘူဖေးစနစ်ဆိုတော့ ကြိုက်တာယူစားကြရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြရတာ အရသာရှိလှသည်။ စိုးစိုးမော်က အားလုံးကြားအောင် ပြောနေသည်။

"ငါတော့ဟယ်…တက္ကသိုလ်တုန်းက ဒိုင်းနင်းဟောက်စ်မှာ ထမင်းစားရတာကိုတောင် သတိရမိတယ်… ကျောင်းတုန်းက ကိုတိုးကြီးတို့…အောင်တို့…နွယ်နွယ်တင်တို့ အမြဲကျွေးမွေးခဲ့တာလည်း အခုပြန်တွေးကြည့်တော့ ကျေးဇူးတင်စရာ ကောင်းပါရဲ့…"

ကိုတိုးကြီးက ပြုံးသည်။

"အဲသည်တုန်းက မိဘပိုက်ဆံဆိုတော့ ဘတ်လို့ရတယ်လေဟာ…အခုမိန်းမနဲ့ဆိုတော့ ဘတ်လို့မရတော့ဘူး…နင်တို့ ကံကောင်းတယ်မှတ်"

နွယ်နွယ်တင်ကတော့ ရောက်စကထက်စာလျှင် စကားတွေ သွက်လာသည်။

"ငါက ဘာသတိရမိသလဲဆိုတော့ တို့ တစ်ယောက်နဲ့တစ်ယောက် မခင်ကြခင်ကတည်းက ကိုယ့်အမြင် ကိုယ်ပြောကြတာလေ…အောင်ကတို့မြင်းခြံအဖွဲ့နဲ့ လာပေါင်းတာလေ…ဟုတ်တယ်နော် အောင်"

ထွေးထွေးသိန်းက အောင့်ကို လှမ်းစသည်။

"အဲသည်တုန်းကတည်းက အောင် စမှားတာပေါ့ဟာ…အောင်ကလည်း တို့ကို သိပ်မခင်သေးဘူးဟ…ကောင်မလေးတွေ ဝိုင်းနေတော့



တောင်ပေါ်က ရှမ်းကလေး လျှော်ထမ်းလို့ပြေး လျှော်တဲ့ရှည်က လျှော်ဖြစ်နေတာလေ…"

ခင်ခင်က ထောက်ခံသည်။

"ဟုတ်ပါ့…ကြေးမုံဆိုလား လုပ်သားဆိုလားဟာ…ကွင်းလေ…"

"ကြေးမုံယဉ်ပါဟယ်…ဘယ့်နှယ် လုပ်သားက ပါလာတာတုံး"

"အေး အေး…ငါကလည်း သတင်းစာမှတ်ထားတာဟ"

အောင်ကတော့ မျက်နှာကြီး နီရဲနေသည်။ ဘီယာတွေ ဘယ်နခွက်ဝင်ထားသည်မသိ။ စကားတွေပြောလိုက်တာလည်း မရပ်မနားပင်။ ကျွန်မကတော့ အူတွေပါ မြူးနေခဲ့သည်။ အသက်တွေ လေးဆယ်ကျော်နေပြီဆိုတာကိုတောင် မေ့လျော့ကြလို့ ပြန်ငယ်သွားကြသလို ခံစားနေကြရပုံလည်း ပေါ်ပါ၏။

"မထွေးတို့အဖွဲ့ထဲ အောင်ရောက်လာတာ ကောင်းသောလာခြင်းပါဗျာ…အားလုံးနဲ့ ခင်မင်ခွင့်ရခဲ့တာကိုလည်း ဝမ်းသာရတယ်…အောင့်အခြေအနေအရ ခွဲခွာခဲ့ရပေမယ့် မမေ့နိုင်ခဲ့ပါဘူး"

အောင်က ဝမ်းနည်းရိပ်ကလေးနှင့် ဆိုလာတော့ အားလုံးက အလေးအနက် ရှိလာကြပါသည်။ ကိုကိုနိုင်က နောက်ဆုံးနှစ်မှာ နှစ်ဝက် ကျောင်းတွေပိတ်တုန်းက ပုဂံသွားခဲ့ကြတာကို အစဖော်သည်။ သည်တုန်းက ချစ်ရသူ နွယ်နှင့်ချစ်သူတို့လျှောက်သောလမ်းကလေး သာယာဖြောင့်ဖြူးမည် ထင်ခဲ့ကြသည် မဟုတ်လား။

"ဟုတ်တယ် ဟုတ်တယ်…တို့တွေ လောကနန္ဒာဘုရားမှာ ကဗျာတွေရွတ်ခဲ့ကြသေးတယ်နော်…ငါတောင် ဘာကဗျာရွတ်ခဲ့တာပါလိမ့်…သိရိမေ စဉ်းစားစမ်း…"

"နင်တောင် ကိုယ်ရွတ်တဲ့ကဗျာကို ကိုယ်မမှတ်မိတာပဲ ထွေးသိန်းရယ်…ငါ ဘယ်သိပါတော့မလဲ"

ကျွန်မက ထွေးထွေးသိန်းကို ပြန်ပက်လိုက်ပြီး စကားဝိုင်းထဲကို စကားတစ်စ ချပေးလိုက်ပါ၏။ သူငယ်ချင်းတွေ ဆုံကြတုန်း ရင်တွင်းစကား နည်းနည်းစီပြောကြဖို့ဖြစ်သည်။ ကိုတိုးကြီးကလည်း ထောက်ခံသည်။ အားလုံးကလည်း သဘောကျကြပါ၏။ တောင်စဉ်ရေမရ ပြောနေကြမည့်အတူတူ ကိုယ်ဖြတ်သန်းခဲ့ရသော ဘဝထဲက ကိုယ့်ရင်ထဲက စကားတစ်ခုခုပြောခြင်းသည် အမှတ်တရလည်းဖြစ်ရသည်။ တွေးစရာတွေလည်း ဖြစ်ရသည်။ သည်အသက်အရွယ်မှာ ပြောသည့်

www.burmeseclassic.com

www.burmeseclassic.com



စကားတွေဆိုတော့ ဘဝပုံရိပ်တွေလည်း ပါနိုင်သည်။ ကိုတိုးကြီးက ထွေးထွေးသိန်းကိုပဲ စပြောဖို့ မေးထိုးပြသည်။

"ကျောင်းသူဘဝတုန်းကနဲ့ အခုနဲ့ ကွာခြားသွားတာကတော့ လင်ရခဲ့တာပဲ"

"ထွေးသိန်း...ရှုးကြောင်မူးကြောင်မလုပ်နဲ့...။ စကားကောင်းပြော... ဈေးလေးနှစ်ယောက် ရနေပြီ နင်ရှုးတုန်းပဲ"

"အမယ်လေး ဖွေးစာရင်းကောက်တဲ့သူနဲ့ တွေ့နေပါလားနော်...သည်လိုပါ...ငါ့ကိုယ်ငါလည်း တွေးမိတယ်...အိမ်ထောင်က အင်ဂျင်နီယာဆိုတော့ သူပြောင်းတဲ့နောက် လိုက်ချင်လိုက်၊ မလိုက်ချင် အမေတို့နဲ့နေ သည်နှစ်မျိုးပဲ ရှိခဲ့တာကိုး...အိမ်ထောင်ကျစတုန်းက ကိုယ်ကလည်း အငယ်တန်းစာရေးအလုပ်တစ်ခုရဖို့ တော်တော့်ကို အကပ်ကောင်းမှ ရတဲ့ခေတ်ဆိုတော့ ပျော်လိုက်တာလေ...ကိုယ့်ဘဝကိုယ်လည်း အလုပ်နဲ့ အကိုင်နဲ့ရယ်လို့ လုံခြုံသွားပြီ ထင်ခဲ့တယ်လေ...အိမ်ထောင်ကလည်း ကိုယ့်ထက် ဆယ်နှစ်လောက်ကြီးတယ်...အိမ်ထောင်ကျစတုန်းကတော့ မိဘတွေက သဘောမတူချင်ကြဘူးပေါ့...ဒါပေမဲ့ ဆရာနဲ့ အနေနီးလာတော့ ဆရာဆိုတာ ငါ့အိမ်ကလူကို ခေါ်တာ...အနေနီးလာတော့ ဆရာဟာ အားကိုးထိုက်တဲ့လူဆိုတာ တွေ့လာရတယ်... သည်မှာတင် သူ့မေတ္တာကို ငါလက်ခံလိုက်တယ်...ငါစဉ်းစားတာ တစ်ချက်ပဲ...အိမ်ထောင်မှုမှာ အရေးကြီးဆုံးက လုံခြုံမှုပဲ...။ လင်သားဆိုတဲ့ အရိပ်အာဝါသအောက်က လုံခြုံမှုပဲ...။ အခုတော့ သည်အသိက ပိုပြီးအဓိပ္ပာယ်ရှိလာခဲ့တယ်..."

"နင်...အခု ဝန်ထမ်းမလုပ်တော့ဘူးဆို..."

နွယ်နွယ်တင်က ဝင်မေးသည်။

"မလုပ်တော့ဘူး...ကလေးနှစ်ယောက်ကိုပဲ ထိထိရောက်ရောက် ပုံကိုင်ပေးချင်တာလည်း ပါသလို...အိမ်ရှင်မဆိုမှတော့ အိမ်ထောင့်တာဝန်ကို ထမ်းဆောင်ရတာလည်း ပါတာပေါ့...။ အခုတော့ ချက်ဟယ် ပြုတ်ဟယ် ကြော်ဟယ် လှော်ဟယ်နဲ့ မီးဖိုချောင်နောက်ပိုင်းမင်းသမီး ဖြစ်နေပါပြီ"

"နင် ပျော်တယ်ပေါ့..."



"မိသားစုဆိုတဲ့ အသိုက်အစန်းထဲမှာ အဓိပ္ပာယ်တစ်ခုရှိနေတာပေါ့လေ... တို့မိသားစုပေါ့...။ ဒါပေမဲ့ သင်ခဲ့ရတဲ့ပညာတွေ ကျပ်ခိုးစင်ပေါ် တင်လိုက်ရသလို ဖြစ်ခဲ့ရတာကိုတော့ တစ်ခါတစ်ခါ နှမြောသလိုပဲ။ ငါ ကျောင်းတုန်းက လေယာဉ်မယ် ဖြစ်ချင်တယ်လို့ပြောတာ တကယ်ပြောတာ။ လေယာဉ်ပုံဆိုတာကြီး ကောင်းကင်က ဖြတ်သွားရင် သိပ်အံ့သြခဲ့တယ်... လေယာဉ်ပုံလာရင် ထွက်ကြည့်ရတာအမော...ငါကြီးလာရင် လေယာဉ်မယ် လုပ်မယ်ပေါ့ဟယ်...အခုတော့ မဖြစ်နိုင်တော့ဘူးပေါ့လေ..."

"သက်ကြီးလေယာဉ်မယ်ခေါ်ရင်တော့ လျှောက်ပေါ့ဟာ..."

ခင်ခင်က ဝင်နှောက်တော့ ထွေးထွေးသိန်းက မျက်စောင်းထိုးသည်။

"ဒါပေမဲ့ ထူးဆန်းတာ ငါပြောပြမယ်...ကလေးနှစ်ယောက်မှာ အငယ်မက မိန်းကလေးဟ...အကြီးနဲ့အငယ်က ကွာတော့ သမီးက ဆယ်နှစ်ပဲ ရှိသေးတယ်...။ တစ်ရက် သူ့အဖေကို ပြောနေတာ ငါကြားခဲ့ရတယ်... ဖေဖေ သမီးကြီးရင် လေယာဉ်မယ်လုပ်ချင်တယ်တဲ့...ဘယ်သူကမှ သင်ထားတာ ကြားထားတာမရှိဘဲနဲ့ စိတ်လိုလက်ရပြောနေတာ...။ ငါ ဝမ်းနည်းလိုက်တာဟယ် မပြောပါနဲ့တော့..."

"ဘာဖြစ်လို့ ဝမ်းနည်းတာလဲ မထွေး"

အောင်က မေးလိုက်သဖြင့် အောင့်ကို ကျွန်မ လှမ်းကြည့်လိုက်သည်။ သမီးငယ်က သည်စကားပြောလိုက်တာကို အောင် စိတ်ဝင်စားသွားပုံရပါ၏။

"တစ်မျိုးပဲအောင်ရယ်...ဝမ်းသာတာလား ဝမ်းနည်းတာလား မသိပါဘူး...မျက်ရည်တော့ ကျမိတယ်...ငါမဖြစ်ခဲ့ရပေမယ့် သမီးကိုတော့ ဖြစ်အောင် လုပ်ပေးမယ်ဆိုတဲ့စိတ်က ပိုပြီး ပြတ်သားလာခဲ့တယ်"

အောင်က ထွေးထွေးသိန်းကို ငေးနေသည်။ ပြီးမှ တစ်လုံးချင်းပြောပြနေပါ၏။

"အောင် သဘောပေါက်သွားပြီ...အောင်ငယ်ငယ်က မေမေ့ကို ဓာင်းတီးချင်တယ်လို့ စပြောတော့ မေမေငိုတယ်...အဲသည်တုန်းက အောင် ငါးနှစ်သားလောက်ပဲ ရှိဦးမှာပေါ့...မိခင်ဆီက စီးဆင်းလာတဲ့ဆန္ဒတစ်မျိုးပဲထင်ပါရဲ့...မေမေငိုတာ အောင်မှတ်မိတယ်...မိခင်တွေဆီမှာ စွမ်းအားကြီးတဲ့ မနောဓာတ်တွေ ရှိတယ်..."

www.burmeseclassic.com

www.burmeseclassic.com



သည်စကားက အောင့်အကြောင်းသိနေသော ကျွန်မအတွက် မထူးဆန်းသော်လည်း သူငယ်ချင်းတွေကတော့ အောင့်ကို ထူးထူးဆန်းဆန်း ကြည့်နေကြသည်။ အောင့်လက်ကလေးတွေက တရှုရှူ။ စောင်းမပါဘဲ စောင်းကို လက်နှင့် ခတ်ဟန် ထက်,အောက် ကူးလူးနေခဲ့သည်။ အောင် သည်လိုလုပ်တာ ကျွန်မတို့ မတွေ့ဖူးခဲ့ကြပါ။ ကျွန်မကတော့ အောင့်လက်တွေ အခတ်မှာ စောင်းသံကိုပင် ကြားရသည် ထင်မိပါ၏။ စကားတွေပြောပြီးကြရင်တော့ အောင့်ကို စောင်းတီးခိုင်းရမည်။

ကိုတိုးကြီးက ဝင်မေးသည်။

"နေဦး ထွေးသိန်း…နင့်ကို ငါမေးပါဦးမယ်…အခုကော နင် လေယာဉ်ပျံ စီးဖူးပြီလား…"

"တစ်ခါပဲ…မြစ်ကြီးနားကို စီးဖူးတာပါ…နောက် မစီးတော့ဘူး… ကြောက်လို့…စိတ်ထဲမှာ အင်မတန်လေးလံတဲ့သတ္တုအိမ်ကြီး ကော်အော ပျံလို ပျံနေတာ ပြုတ်ကျဖို့ပဲရှိတယ်လို့ချည်း တွေးနေမိတာ ကိုတိုးကြီးရ" ကျွန်မတို့ ပြုံးကြရသည်။ လေယာဉ်မယ်ဖြစ်ချင်သူက လေယာဉ်မစီးရဲဘူး တဲ့လေ…။

"ဒါဖြင့်…နင့်ဘဝနင် အခု ကျေနပ်နေတယ်လို့ ပြောနိုင်တာပေါ့… အဲသလိုလား…"

ကျွန်မအမေးကို ထွေးထွေးသိန်းက ချက်ချင်းဖြေသည်။

"ဒါကတော့ ကိုယ်ခံယူထားတဲ့ ဘဝအဓိပ္ပာယ်နဲ့ဆိုင်မယ်ထင်တယ် သီရိမေ။ ငါဟာ မြန်မာအအမျိုးသမီးတစ်ယောက်ဖြစ်တယ်… ရတနာ သုံးပါးကို ကြည်ကြည်ညိုညို ဆည်းကပ်မယ်…အိမ်ပြန်နောက်ကျတဲ့ လင်သားကိုမျှော်မယ်…ငါ့အကြိုက်ထက် မိသားစုအကြိုက်ကို ရွေးချက်ရ ပြုတ်ရမယ်…မိခင်အိမ်ရှင်မဘဝကို ငါခုံမင်တယ်…သည်တော့ ငါ့ ဝါသနာနဲ့ အလိုဆန္ဒတွေက အလိုလို နောက်ဆုံးတန်းမှာ ရောက်သွားတယ်… ငါ့မှာ ဒါပဲ ရွေးချယ်စရာရှိတာမဟုတ်လား…။ ငါ့ဘွားအေ… ငါ့အမေတွေ ထားခဲ့တဲ့လမ်းကိုပဲ ငါလျှောက်နေရတယ်…သည့်အတွက် ကျေနပ်သလားမေးရင် ကျေနပ်ပါတယ်ဆိုတဲ့အဖြေကို ငါပေးရုံရှိတာပဲ လေ…"

ထွေးထွေးသိန်းကို ကျွန်မငေးကြည့်နေမိသည်။ မြင်းခြံ မူလတန်းကျောင်း မှာကတည်းက ကျောင်းတက်ဖော် ကျောင်းတက်ဖက်။ တစ်သက်လုံး ရှုတ်နောက်



နောက်နေတတ်ခဲ့သူ။ ဘယ်အရာမှ လေးလေးနက်နက်မရှိခဲ့သူအဖြစ် ကျွန်မတို့ အားလုံးက သဘောထားခဲ့ကြသည်။ အခု သူပြောနေတာတွေကတော့ သူ့စိတ်ရင်း အမှန်ဖြစ်သည်။ ထွေးထွေးသိန်းပြော်နေတာ ထူးထူးဆန်းဆန်းစကားလုံးတွေ မပါ သော်လည်း ကျွန်မအတွက် စဉ်းစားစရာတွေဖြစ်ရသည်။ တစ်ခါတုန်းက တက္ကသိုလ် မြေမှာ တလွှားလွှားရှိခဲ့သော ထွေးထွေးသိန်း၏ပုံရိပ်တွေကိုလည်း မြင်ယောင်မိ၏။ ဟူးကောင်းချိုင့်ဝှမ်းထဲက သူငယ်ချင်းရယ်…။

"ကိုင်း လုပ်ပါဦး စိုးစိုးမော်…နင်ပြောချင်ရာပြောပါ…ပေါ့ပေါ့ပါးပါး ပြောလည်း ရတယ်…အတွေးအမြင်တစ်ခုခုပြောရင်လည်း ပြောပေါ့… တို့ရောက်နေတဲ့ဘဝကို ပြောပြီးသားဖြစ်တာပေါ့ဟာ…"

ကိုတိုးကြီးက အလိုလို အခမ်းအနားမှူးဖြစ်သွားတော့သည်။ သူငယ်ချင်း တွေ လွတ်လပ်ပေါ့ပါးစွာ ထိုင်နေကြတာကိုမြင်တော့ စိတ်ပျော်ရပါ၏။ တချို့က ဆိုဖာပေါ်မှာ။ တချို့က ဆိုဖာကိုမှီကာ ကော်ဇောပေါ် ထိုင်ကြသည်။ မီးလင်းဖို မီးတောက်က တဖျစ်ဖျစ်တောက်လောင်လျက်။ လေအသွေးမှာ ခန်းဆီးစဖွေးဖွေး တွေက လွင့်မျောလျက်…။

"ငါကတော့ ဘဝမှာ အပြောင်းအလဲ သိပ်မရှိသလိုပဲ…ကျောင်းပြီးရင် တက္ကသိုလ်မှာ နည်းပြလုပ်မယ်ပေါ့လေ…သည်ကမှ အဆင့်ဆင့် ရာထူး တွေရမယ်…ပညာရေးနဲ့ နိုင်ငံခြားသွားမယ်…အင်မတန် ဂုဏ်သိက္ခာရှိတဲ့ တက္ကသိုလ်ကြီးမှာ အင်မတန်လေးစားထိုက်တဲ့ ကထိကတစ်ယောက်၊ ပါမောက္ခတစ်ယောက် အဲသလို ငါဖြစ်ချင်ခဲ့တယ်.. ဒါပေမဲ့…"

စိုးစိုးမော် တကယ်ဝါသနာပါတာ သချ်ာဟု ဆိုသည်။ အထက်တန်း ကျောင်းတုန်းက စိုးစိုးမော်၏ သချ်ာစွမ်းရည်ကို ကျွန်မတို့ပင် အံ့ဩရသည်။ တချို့သချ်ာပုစ္ဆာတွေဆိုလျှင် မေးခွန်းပေါ်မှာပဲ လက်နှင့်ထောက်ကာ ထောက်ကာ စိတ်နှင့်တွက်သွားသည်။ အဖြေကို ဒိုးဒိုးဒေါက်ဒေါက် အလွတ်ပြောနိုင်သည်။ ပုစ္ဆာမှားနေတာကအစ ပြောနိုင်သူဖြစ်၏။ သို့သော် အကြောင်းအားလျော်စွာ တတ္ထဗေဒဘာသာတွဲ ယူဖြစ်ခဲ့သည်။

"တက္ကသိုလ်ဆရာမ မဖြစ်ခဲ့ပေမယ့် အက်စ်အေတီတော့ ဖြစ်တာပဲမဟုတ် လား စိုးမော်"

"ငါက တက္ကသိုလ်ကျောင်းတော်ကြီးမှာ သင်ချင်တာဟ…။ ဒါပေမဲ့ နောက်ဆုံးနှစ်မှာ အောနာဇ်မဝင်ခဲ့တော့ ကျူတာမဖြစ်ခဲ့ရဘူး…ကန်းသတ်

www.burmeseclassic.com

www.burmeseclassic.com



ချက်တွေ ခေါ်မလား…သတ်မှတ်ချက်တွေ ခေါ်မလား…တစ်ခါတစ်ခါ သည်အချက်တွေကြောင့် တစ်ဘဝစာလုံး ရေလိုက်လွဲရတယ်ဆိုတဲ့ ခံစားမှုက မပျက်နိုင်ခဲ့ဘူး”

“စိုးမော်တို့က သချ်ာမျိုးရိုးရှိတယ်ထင်တယ်”

“ငါ့အဖေကို သိရိုမေတို့ သိပါတယ်…မြင်းခြံမှာ ကျောင်းဆရာကြီး ဦးကျော်ခဲဆိုတာလေ…အဖေက သချ်ာသိပ်တော်တာ…အသင်အပြလည်း ကောင်းတယ်…။ အဖေက ပြောဖူးတယ်…သချ်ာဆိုတာ သဟဇာတဖြစ်၊ သဟဿရ်တဲ့…အရာမကသော တန်ခိုးရှိတယ်…အထောင်မကသော ရောင်ခြည်ရှိတယ်တဲ့”

“ဟုတ်တယ်နော် တို့လည်း ကြားဖူးတယ်…သချ်ာက မျိုးရိုးလိုက်တယ်တဲ့…။ နေပါဦး…အခု နင် ကျောင်းမှာ ဘာသင်ရတာလဲ”

“အဲဒါပေါ့ဟာ…ဝါသနာပါတာက သချ်ာ…ဖွဲ့ရတာက ဓာတုဗေဒ…သင်နေရတာက တစ်ခါတလေ အင်္ဂလိပ်စာ…တစ်ခါတလေ မြန်မာစာ…ကျောင်းမှာ လိုရင် လိုသလို ဝင်ရတာပေါ့”

“ဘာပဲဖြစ်ဖြစ်လေ…နင်ဝါသနာပါတဲ့ သင်ကြားရေးအလုပ်တော့ လုပ်ရသေးတာပါပဲ…အလိုမပြည့်တာကတော့ ရှိမှာပဲပေါ့…တစ်ခါတစ်ခါ ခွတီးခွကျ ယောင်နနဖြစ်ရတာတွေ ရှိတတ်တယ်…ကိုယ်ဖြစ်ချင်တာ မဟုတ်လို့ အိုးနင်းခွက်နင်း ဖြစ်ရတာမျိုးပေါ့…ကိုယ့်ရဲ့အလိုမပြည့်မှုက တစ်ဘက်သားမှာ သွားထိနေရင်တော့ မကောင်းဘူးပေါ့…စိတ်ဓာတ်မကျပါနဲ့ဟာ…”

ကျွန်မက စိုးစိုးမော်ကို အားပေးလိုက်ခြင်းဖြစ်သည်။ ကိုယ့်အလိုမပြည့်မှုတွေကို စိတ်ညစ်ညူးနေမယ့်အစား သူတစ်ပါးအလိုမပြည့်မှုကို အလိုဖြည့်နိုင်ခြင်းသည်လည်း ကောင်းမြတ်သောတရား မဟုတ်လား။

ကိုတိုးကြီးက စိုးစိုးမော်ကို မျက်လုံးကြီး ပြူးကြည့်နေခဲ့သည်။ ခဏနေတော့မှ အသံကျယ်ကြီးဖြင့် မေးသည်။

“အဲတော့ ဘာဖြစ်…”

“ဒါပဲလေ…ကျွန်မဖြစ်နေတာ အဲဒါပဲ…”

“ဒါ ဒုက္ခလားဟ စိုးမော်ရ…နင်စကားပြောရင် အမြဲတမ်း လုံးနေတာပဲ…ကျောင်းသူဘဝကတည်းက နင် ဗလုံးဗထွေးဖြစ်ခဲ့တာ အခု ဆရာမ



ဖြစ်တဲ့အထိ နင့်ကိုယ်နင် မရှင်းဘူး…ကိုင်း ငါပြောမယ်…နင်က ကျောင်းပြီးရင် တက္ကသိုလ်ဆရာမ ဖြစ်ချင်တယ်…မဖြစ်ခဲ့ဘူး…အက်စ်အေတီ တော့ဖြစ်တယ်…ဒါကို မချင့်မရဲဖြစ်နေတယ်…ဒါပြောချင်တာမှုတ်လား”

ကိုတိုးကြီးက စိုးစိုးမော်ကို ဝင်ချေါက်သည်။ ကျောင်းတုန်းမှာကတည်းက စိုးစိုးမော်က ကိုတိုးကြီး၏ ချေါက်ဖတ်မဟုတ်လား။

“ဟုတ်တယ်…ဟုတ်တယ်…အဲသလိုပြောတာ”

“နင့်ဟာက စိတ်ဆင်းရဲစရာမှမဟုတ်တာ…သည်လိုပဲ အလိုမပြည့်ကြတာတွေတော့ ရှိတာပေါ့ဟ…”

“မဟုတ်ပါဘူး ကိုတိုးကြီးရ…ဖြစ်ချင်တာ မဖြစ်ရလို့ စိတ်ဆင်းရဲရတာ မဟုတ်ပါဘူး…ကန့်သတ်မှုတွေကို ပြောချင်တာပါ…ဆိုပါတော့ ကျွန်မ တက္ကသိုလ်ဆရာမ ဖြစ်ချင်တယ်…ကျွန်မကလည်း ရည်ရွယ်ချက်ရှိရှိ ကြိုးစားတယ်…ဂုဏ်ထူးတန်း မဝင်ဘူး…သည်တော့ ကျွန်မဖြစ်ချင်တာ မဖြစ်ရတော့ဘူးလား…သည်ဘဝအတွက် ဒါ ပြီးသွားရောလား…နောက် တစ်ကြိမ် ကြိုးစားခွင့် မရတော့ဘူးလား…တက္ကသိုလ်ဆရာမဖြစ်ဖို့ နောက်ဘဝအထိ စောင့်ရတော့မှာလား…”

စိုးစိုးမော်က သူ့ဝသီအတိုင်း ဆိုလိုချင်တာကိုရောက်အောင် ရှင်းမပြတတ်သော်လည်း ကျွန်မတို့ သဘောပေါက်ကြရပါ၏။ အောင်က ဝင်ပြောသည်။

“မစိုးရဲ့…တချို့ကိစ္စတွေမှာတော့ ကန့်သတ်မှုလို့ ပြောနိုင်တဲ့ စည်းတစ်စည်း ဒါမှမဟုတ် တန်းတစ်တန်းတော့ ရှိတတ်ပါတယ်…ကိုယ်က မကျော်နိုင်ခဲ့ရင်တော့ တန်းမြင့်နေလို့လည်း ဖြစ်နိုင်တယ်…ကိုယ်က မခုန်နိုင်ခဲ့လို့လည်း ဖြစ်လိမ့်မယ်…ဒါတွေထားလိုက်တော့…ဒါကို တနုံ့နုံ့တွေးနေရင် မစိုး ဘယ်တော့မှ စိတ်ချမ်းသာမှာမဟုတ်ဘူး…ကိုယ်ရောက်နေတဲ့နေရာဟာ အကောင်းဆုံးလို့ သဘောထားကြည့်လိုက်ပါလား…ပျော်ရွှင်မှုဆိုတာ ကိုယ်လိုချင်တဲ့ စည်းစိမ်ချမ်းသာ မဟုတ်ပါဘူး…သူတစ်ပါးကို ပေးဆပ်နိုင်တဲ့ အနစ်နာခံမှုပါ…သည်လို တွေးကြည့်ပါလား မစိုးရဲ့”

“မှန်တာပေါ့ကွာ…မင်းလို မပြောတတ်လို့…တို့က သုခချမ်းသာဆိုတာ ကိုယ့်အတွက် ပြည့်စုံခြင်းလို့ တွက်ကြတာကိုးကွ…အမှန်က သူ့အတွက် ပြည့်စုံခြင်း ဖြစ်သင့်တယ်…ဒါကို ဆင်ခြင်လိုက်ရင် နင်းနေပျော်

www.burmeseclassic.com

www.burmeseclassic.com



ပြီ…တော်တော့ နင် ထပ်မရှင်းနဲ့တော့ ပိုလုံးကုန်လိမ့်မယ်…ကိုင်း… ဘယ်မှာလဲ ခင်ခင် ပြော…"

ကျွန်မတို့အတွက် ကော်ဖီပွဲတွေ လာချကြပြီ။ ပေါင်မုန့်မီးကင်မွှေးမွှေး၊ ပြင်ဦးလွင် စထရော်ဘယ်ရီအနှစ် Jam။ သစ်သီးစိတ်များနှင့် ကိတ်မုန့်။ ခင်ခင့် အလှည့်မှာ မုန့်တွေ ကော်ဖီတွေ ရောက်လာတော့ ခင်ခင်လည်း ခဏနေလိုက်ရသည်။

"နေဦးဗျို့…ကော်ဖီသောက်ဦးမယ်…ကိုယ့်ဟာကိုယ်တောင် ဘယ်က စပြောရမှန်း မသိသေးဘူး…ကိုတိုးကြီး လူကျော်လိုက်ဗျာ…"

ခင်ခင့်စကားကြောင့် ကျွန်မတို့ ရယ်ကြရသည်။ ကော်ဖီနှင့်မုန့်တွေကို တက်ညီလက်ညီ ပျော်ပျော်ပါးပါး စားကြတာမြင်တော့ ရေနီမြောင်းဆောင်က မောနင်းစတား စားသောက်ဆိုင်ကိုပင် သတိရလိုက်မိပါ၏။

"ငါ ပထမဆုံးပြောချင်တာက ကျေးဇူးတရားကို ပြောချင်တယ်… ကျောင်းနေခဲ့ရတုန်းက နွယ်နွယ်တင့်ကျေးဇူးတွေ သိပ်ကြီးခဲ့တယ်… နင်တို့သိတာ ရှိသလို မသိတာလည်း ရှိခဲ့တယ်…နွယ်နွယ်တင်ဟာ ကူညီခဲ့ရတယ် ပေးခဲ့ရတယ်ဆိုတဲ့ မျက်နှာမျိုး ဘယ်တုန်းကမှ မရှိခဲ့ဘူး…ကြာတော့ လိုတိုင်းပေးနေတာကို ငါ မယူရက်တော့ဘူး…တို့ မိဘတွေက ဆင်းရဲကြသူတွေဆိုတော့ တက္ကသိုလ်ကို ဖြစ်အောင်ပို့မယ် ဆိုတဲ့စိတ် ရှိကြပါတယ်…တို့လို ဆင်းရဲသားအသိုင်းအဝိုင်းထဲမှာ ဘွဲ့ရပညာတတ်တစ်ယောက် ထွန်းပေါက်တယ်ဆိုရင်ပဲ သပျော်ပြီလို့ တောင် ဆိုကြတာ…မိဘကျေးဇူးတရားနဲ့ မေတ္တာ စေတနာကတော့ ဟယ် အခု ငါကိုယ်တိုင် သားသမီးတွေနဲ့ ဖြစ်လာတော့ ပိုနားလည် သဘောပေါက်ရပါတယ်…မိဘတွေက ရုန်းကန်ပြီး ကျောင်းထားခဲ့တာ ပေမယ့် အခု သည်မှာ လာဆုံစည်းကြတဲ့ သူငယ်ချင်းတွေကလည်း ချိုးချိုးနှိမ်နှိမ် မရှိကြပါဘူး…ဒါပေမဲ့ ငါ့မှာ အားငယ်စိတ်တွေရှိတယ်… လူထုရင် ငါဟာ နောက်တန်းကပါလားဆိုတဲ့ အနိမ့်စိတ်ကလေး ငါ့မှာ ရှိတယ်ဟဲ့…ဒါကလည်း ဘဝက ပြဋ္ဌာန်းတဲ့အတိုင်း ငါနေခဲ့ရတဲ့ပတ်ဝန်း ကျင်နဲ့ ဆိုင်မယ်ထင်ပါရဲ့…သည်တော့ နွယ်နွယ်တင့်ကျေးဇူးနဲ့ ငါ တက္ကသိုလ်မြေကို ခြေချခွင့်ရခဲ့တယ်ပေါ့ဟယ်…ဒါ နင်တို့တွေ အသိပဲ… သည့်အတွက် နွယ်နွယ်တင့် ကျေးဇူးတရားကို ငါဖော်ထုတ်ပါတယ်… ဒါက တစ်ချက်…။



နောက်…ငါ ကျောင်းကထွက်ရတာကို ပြောချင်တယ်။ သူငယ်ချင်းတွေ က ဝိုင်းကြဝန်းကြ ထောက်ပံ့ပေးကမ်းကြတာပေမယ့် ငါ့မှာ သိမ်ငယ် စိတ်ကလေးကလည်း ရှိပြန်…နောက် ငါသာ ကျောင်းဆက်မတက် တော့ဘဲ အလုပ်လုပ်ရင် မိဘကို အခုလို မောမနေစေဘဲ ငါကတောင် ပြန်ထောက်ပံ့နိုင်မယ်လို့လည်း တွက်မိပြန်တယ်ပေါ့ဟယ်…ဘဝတစ်ခု ပြောင်းကြည့်ချင်တဲ့စိတ်က စတာပါပဲ…။ ချစ်သူနဲ့ဘဝတစ်ခု ထူထောင် လိုက်ရင် လှပတဲ့ဘဝတစ်ခု ဖြစ်နိုင်ချေရဲ့ဆိုတဲ့စိတ်က ငါ့မှာ ချိုးနှိမ် လို့ မရခဲ့ဘူး…ကိုမြတ်နဲ့ မေတ္တာရှိကြတာကို ဘယ်သူ့မှမပြောခဲ့ဘူး… ချစ်သူနဲ့ခွဲပြီး ကျောင်းတက်နေရတာကိုလည်း ငါ စိတ်မပါတော့ဘူး။ ခင်ရယ်…တို့နှစ်ယောက် အတူလက်တွဲကြရအောင်ပါ…ခင့်ကို မခွဲနိုင် တော့ပါဘူး…ခင်ပြန်သွားရင် ကိုမြတ်စိတ်တွေ လွင့်လိုက်တော့မယ် ဆိုတာမျိုးတွေအပေါ် ငါ ခံစားခဲ့ရတယ်…ချစ်သူနဲ့ လွဲမှာစိုးတဲ့စိတ် ကစဉ်ကလျား ဖြစ်မှာစိုးတဲ့စိတ်…ငယ်ရွယ်သူတွေအတွက် သိပ်ကြောက် စရာကောင်းတဲ့ စိတ်တွေပေါ့လေ…။

မိန်းကလေးတစ်ယောက်အတွက် ကိုယ့်ရည်မှန်းချက် ကိုယ့်ရည်ရွယ်ရာဆီ မရောက်ခင်မှာ ဝင်လာတတ်တဲ့ အနှောင့်အယှက်တွေဟာ အင်မတန် ပရိယာယ်များတယ်…သည်မာယာတွေကို နှလုံးသားငုံ့စိတ်ရှိသူ တစ်ယောက် တွန်းလှန်ဖို့ဆိုတာ သိပ်ခက်တယ်…ဒါ ကိုယ်တွေ့ပဲ…။ သူငယ်ချင်းတွေ မသိအောင် ကိုယ့်ဟာကိုယ် စိတ်တင်းတယ်…ဖယ်ရှား ကြည့်တယ်…တွန်းလှန်ကြည့်တယ်…တောင့်ခံထားတယ်…မရခဲ့ဘူး တော်တို့ရေ…။ ဒါတွေက ဘဝအကြောင်းတွေနဲ့ ဆိုင်ချင်လည်းဆိုင်မှာ ပဲ…ဆိုင်ချင်မှလည်းဆိုင်မယ်…ဒါပေမဲ့ စိတ်ဆိုတာ ညွှတ်မိရင် ပြန် ထောင်ဖို့ ခက်သားဟဲ့…စိတ်များဟာ မကောင်းမှုမှာပဲ မွေ့လျော်တတ် တယ်ဆိုတာ သိပ်မှန်တာပဲ…ဒါတွေက အခုမှ ဆင်ခြင်ကြည့်တာပါ…"

ခင်ခင့်စကားထဲ ကျွန်မတို့အားလုံး မျောနေကြသည်။ ခင်ခင့်ခံစားမှုကို ကျွန်မတို့ကျောင်းသူဘဝက နားမလည်တတ်ခဲ့သော်လည်း အခုတော့ စာနာတတ်ခဲ့ ရပြီ။ ကျောင်းကထွက်ပြီး အိမ်ထောင်ပြုသွားခဲ့တာကို အပြစ်မြင်ခဲ့ကြသည်။ ခင်ခင် ကိုယ်တိုင်ကလည်း သည်အပြစ်တွေကို ဝန်ခံပါ၏။ သို့သော် ခံစားမှုကိုတော့ ကျွန်မတို့ အပြစ်တင်ဖို့ခက်ပါသည်။ ခင်ခင် အိမ်ထောင်ကျပြီးနောက်ပိုင်း သူ့ဘဝကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ရောက်တတ်ပါသည်။ ဒရွတ်သိုးသီနှင့် စာပေးစာယူတက်ဖို့တောင် ခွန်အားမရှိတော့သောခင်ခင့်ကိုကြည့်ကာ အံ့သြခဲ့ရသည်။ ပညာတစ်ပိုင်းတစ်စနှင့် ရည်ရွယ်ချက် ဦးတည်ချက် မဲ့သွားခဲ့ရလေသော ခင်ခင်။

"ကိုမြတ်နဲ့ အိမ်ထောင်ကျတော့ အိမ်ထောင်မှုမှာ စတွေ့ရတာက မတူညီမှုပဲ…။ ငါက ဆင်းရဲပေမယ့် ပညာရဲ့အကြောင်းခံနဲ့ပဲ ပြောတယ်ဆိုတယ် ဆင်ခြင်တယ်…ဖြစ်ကောင်း၏ မဖြစ်ကောင်း၏ စဉ်းစားခဲ့တယ်… ကိုမြတ်ကတော့ အဲသလို မဟုတ်ဘူး…ယောကျ်ားဆိုတာ မိသားစုကို ပခုံးထမ်းကျွေးနိုင်ရင် တာဝန်ကျေပြီလောက် သိတဲ့လူကိုး…။ ရှာဖွေလုပ်ကိုင်တော့ ကျွေးပါရဲ့…အတွေးအခေါ် ဆင်ခြင်တဲ့တရားက မရှိလေတော့ လူပင်ပန်းဆင်းရဲခံတာကလွဲလို့ တိုးတက်ရာတိုးတက်ကြောင်းဘာမှမရခဲ့ပါဘူး…။ နောက်တော့ အရက်သောက်တတ်လာတယ်… ကိုယ့်ကိုယ်ကိုယ်ဖျက်တာပေါ့ဟယ်…ငါနဲ့ တကျက်ကျက်ရန်ဖြစ်တိုင်း ခင်ဗျားက ပညာတတ်ကြီးကိုး…ခင်ဗျားမှန်ပါတယ်ဗျာ ဆိုတဲ့စကားနဲ့ ငါ့ကို ခနဲ့တယ်…သူ အဲသလိုခနဲ့တိုင်း ငါ ရင်နာရတယ်…တကယ်တော့ ငါ ပညာဆုံးခန်းတိုင်အောင် မသင်ခဲ့မိတာ ပထမအမှား။

ကိုမြတ်ခန့်သလို ငါ ပညာတတ်ကြီးတစ်ယောက် မဟုတ်ခဲ့ပါလားဆိုတဲ့ ကိုယ့်လိပ်ပြာ ကိုယ်မလုံတဲ့စိတ်ပေါ့…အဲသည်စိတ်ကတော့ သေရာပါမယ်ထင်ပါရဲ့…ပညာဆုံးအောင် မသင်ခဲ့မိလို့ သည်ဘဝရောက်ရလေခြင်းလို့ ဆိုလိုတာမဟုတ်ဘူးနော်…။ ငါလုပ်နိုင်ရက်သားနဲ့ လုပ်ခွင့်သာခဲ့ရက်သားနဲ့ ငါမလုပ်ခဲ့မိတာ ငါ့ကိုယ်ငါ အပြစ်တင်တာပါ… ကိုမြတ်နဲ့ သားသမီးသုံးယောက်ရတယ်…ကလေးတွေရဲ့ အနာဂတ်ဆိုတာ ဝေးလို့ မနက်ဖြန် ဘယ်လိုမီးမွှေးရမလဲ မသေချာဘူး…ပညာတတ်ဖြစ်စေချင်တဲ့ ငါ့မိဘတွေခမျာ လူဆင်းရဲရတဲ့ကြားထဲ စိတ်ဆင်းရဲကြရတာ ပိုသွားကြလေရဲ့…။

ကိုမြတ်ဘက်ကလည်း သူတို့ကို လုပ်ကျွေးခဲ့တဲ့သား…ငါနဲ့ရလို့ ပါသွားတယ်လို့ မြင်ကြတယ်…သည်ကြားထဲ သမီးယောင်းမ လင်ကြားမယားကြား ဝင်ပြီး သွေးထိုးကြတာတွေ…အော်ဟစ်ရတာတွေ…လုံးသတ်ကြရတာတွေအထိ ဖြစ်ခဲ့ရတယ်…သားသမီးသုံးယောက် ရခါမှ ငါ လင်ယူမိခဲ့တာ မှားပြီလို့လည်း ငါမညည်းသာတော့ပါဘူး… အဆင်ခြင်မဲ့ လင်ယူမိခဲ့တာ ငါ့ရဲ့ ဒုတိယအမှား ဆိုပါတော့ဟယ်…။



ကိုမြတ်ဟာ အရက်သောက်တဲ့ဒဏ်…တီဘီရောဂါဒဏ်နဲ့ အိပ်ရာထဲ ဖောသွပ်ဖောယောင်ဖြစ်ပြီး ဗုန်းဗုန်းလဲတော့တာပဲ…ငါ့မှာ တစ်ခါမှ မလုပ်စဖူး သူတကာအိမ်လည်ပြီး အဝတ်လျှော်ရတယ်…မီးပူတိုက်ရတယ်…တက္ကသိုလ်ကျောင်းသူ ခင်ခင်ရဲ့ ဘဝကျဆုံးခန်းပေါ့ဟယ်…ငါ အားတော့မငယ်ဘူး…သည်လို လုပ်ရလို့လည်း မရှက်ခဲ့ပါဘူး…ဒါတော့ ငါ့ရင်ထဲမှာ ရှင်းတယ်…ရိုးရိုးသားသား ရှာဖွေစားသောက်တယ်လို့ပဲ ခံယူတယ်…။ ငါ သည်လိုတွေ လုပ်ကိုင်နေတော့ အိပ်ရာထဲကနေ ကိုမြတ် မျက်ရည်ကျရှာတယ်…ခင် ငါမှားသွားပြီတဲ့…။ သေခါနီးတော့မှ နောင်တ ရတော့တာပဲ…နောက်တော့ သူဆုံးရှာတယ်…။

ကိုမြတ် ဆုံးရှုံးပြီးတဲ့နောက်မှာ မုဆိုးမဘဝနဲ့ ငါ့ရဲ့နုံချာခြင်းတွေ…မျှော်လင့်ချက်မဲ့တာတွေ…အနာဂတ်ကို မျက်နှာမလှည့်ဝံ့တာတွေ…အားငယ်စိတ်ပျက်ရတာတွေ၊ စိတ်ရောကိုယ်ပါ နိမ့်ပါးရတာတွေသာ ကျန်ရစ်ခဲ့ရတယ်…လက်တိုရတဲ့ကြား ငါးရိုးမြက်နေရတဲ့ဘဝပေါ့ဟာ…။ သည်နေရာမှာ အော်ပရာထဲကလို ကယ်တင်ရှင် ပေါ်လာသူကတော့ သီရိမေပဲ…။ တစ်ရက် သီရိမေ မြင်းခြံကိုရောက်လာတော့ ငါ့ဆီကို လာလည်တယ်…သူ မြင်းခြံမလာတာလည်း နှစ်နှစ်လောက်တောင် ရှိသွားပြီထင်ပါရဲ့…တို့မိသားစုအဖြစ်ကိုတွေ့တော့ သူ စိတ်မကောင်းခြင်းကြီးစွာနဲ့ နှုတ်ဆက်ပြီး ပြန်သွားတယ်…ခင်ခင် နင့်ကို ငါက လာခဲ့တော့ဆိုရင် မန္တလေးကို လိုက်လာခဲ့ဆိုပြီး ငွေနှစ်သိန်းပေးသွားတယ်…သီရိမေ ပြန်သွားတော့ ငွေနှစ်သိန်းကိုင်ပြီး တုန်တောင်နေမိပါတယ်…။ ကလေးတွေကိုလည်း ငွေကို အကိုင်ခိုင်းပြီး အားမငယ်ကြနဲ့တော့ မေမေတို့ သည်ဘဝက ကျွတ်ပြီလို့တောင် ပြောမိတယ်…။

နောက်တော့ သီရိမေက မန္တလေး မြို့သစ်မှာ ဝိုင်းကလေးနဲ့ အိမ်ကလေး အသင့်ဝယ်ပေးထားပြီး တို့သားအမိတစ်တွေကို ခေါ်ဖို့ ကားလွှတ်လိုက်တယ်…ဒီလိုနဲ့ ငါ မန္တလေးရောက်လာခဲ့ရတာပဲပေါ့…သားသမီးတွေကို ကျောင်းထားမလား…အလုပ်လုပ်စေချင်သလား မေးပါသေးတယ်… အကြီးနှစ်ယောက်ကတော့ အရွယ်တွေရကြပြီဆိုတော့ သီရိမေရဲ့ သနပ်ခါးစက်ရုံမှာပဲ အလုပ်ဝင်ကြတယ်…အငယ်ဆုံးမကလေးကို သီရိမေက ကျောင်းဆက်ထားပေးခဲ့တယ်။ အခုတော့ ဘွဲ့ရပြီလို့ သီရိမေတို့ရုံးမှာလုပ်နေပြီ။ အခုတော့ ခင်ခင်ဟာ New Life ခင်ခင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီပေါ့လေ…။ သားသမီးသုံးယောက်လုပ်စာနဲ့ ငါ့မိဘနှစ်ပါးရော၊ ကိုမြတ် မိဘနှစ်ပါးကိုရော ငါ ကန်တော့နိုင်နေပြီ…စိတ်ချမ်းသာရပါဟယ်…။

ဒါကြောင့် ငါ့ကျေးဇူးရှင်နှစ်ယောက်ရဲ့ကျေးဇူးကို ငါမမေ့ဘူးဆိုတာ ရှေ့ကခံပြောခဲ့တာပါ…။ ဟုတ်ပါပြီ…ဒါတွေကတော့ ငါ့ရဲ့ သည်ကနေ့ထိ ဘဝဖြစ်စဉ်ပေါ့…တကယ်လို့သာ နွယ်နွယ်တင့်လို သိရှိမေလို သူငယ်ချင်းတွေနဲ့ မတွေ့ရဘူး ဆိုရင်ကော…အခုတော့ စဉ်းစားကြည့်မိတယ်…လူဆိုတာ စဉ်းစားဉာဏ်ကို အသုံးချပြီး မရှေ့မယိုင် ခိုင်မြဲအောင် ကြံ့ကြံ့ခံနိုင်ရမယ်…ရင့်ကျက်ခိုင်မာတဲ့စိတ်နဲ့ အမှားနည်းနိုင်သမျှနည်းအောင် အရာရာကို စဉ်းစားဆင်ခြင်ရမယ်…အသိဉာဏ်နဲ့ အသိပညာကပဲ ဘဝကို ထိန်းကျောင်းရာမှာ အဓိကကျတယ်လို့ ထင်တယ်…”

ကိုတိုးကြီးက ခင်ခင့်စကားအပြတ်မှာ မေးခွန်းတစ်ခုမေးပါသည်။

“ဒါက နင်ဒုက္ခရောက်ရလို့ကိုး ငါ့နှမရဲ့…။ ထားပါတော့ နင့်ယောကျ်ားက ကြိုးစားလို့ ချမ်းသာသွားတယ်…နင့်ဘဝကလည်း လိုလေသေးမရှိ ပြည့်စုံတယ် ဆိုရင်ကော…ရည်မှန်းချက်မပြည့်ခင် လင်ယူတာလည်း ကောင်းတာပါပဲလို့ ခံယူမိမှာပဲမဟုတ်လား…”

ခင်ခင်က ပြုံးသည်။

“ဒုက္ခတွေ့မှ တရားရှိမိတာလည်း မှန်တာပါပဲ…ပြည့်စုံနေသရွေ့တော့ ငါလုပ်ခဲ့တာ မှန်တယ်လို့ တွေးမိကြမယ့်လူချည်းပေါ့လေ…တကယ်တော့ ချမ်းသာတဲ့လူလည်း အသိဉာဏ်နဲ့ အသိပညာ နှစ်ပါးစလုံး လိုအပ်တာပါပဲ…”

နွယ်နွယ်တင်က ခင်ခင့်စကားတွေကို မျက်လုံးကလေးတွေမှေးထားရင်း နားထောင်နေခဲ့သည်။ ငယ်ငယ်က ခင်ခင့်ကို ကူညီခဲ့ရတာတွေ၊ သူငယ်ချင်းများနှင့် ကျောင်းနေခဲ့ရတာတွေ၊ မန္တလေးတက္ကသိုလ်ကို အတူတူရောက်ခဲ့ကြရတာတွေ၊ စာတူဆေဒဘာသာတွဲ ယူခဲ့ကြပုံတွေကို စိတ်ရောက်နေပုံရပါ၏။ ပြီးတော့ ရင်နှင့်အမျှ ချစ်ခဲ့ရသောချစ်သူ…။ ချစ်သူ့လမ်းကြားမှာ သစ္စာတွေ ပန္နက်တူခဲ့ကြတာတွေလည်း ပါလိမ့်မည်ထင်ပါသည်။ အောင်က သူငယ်ချင်းများ၏ဘဝကို နားထောင်ရတာ ငြီးငွေ့ပုံမပေါ်။ သူ့ခမျာ မိုင်ပေါင်းသောင်းချီဝေးသော အမေရိကန်လို နိုင်ငံကြီးက ရောက်လာပြီး သူငယ်ချင်းတွေရဲ့ ဘဝအတွေ့တွေကို မျှဝေခံစားရသလို ဖြစ်နေသည်။



ခင်ခင့်စကားဆုံးသွားတော့ နွယ်နွယ်တင့်ဆီက အသံထွက်လာသည်။ အခမ်းအနားမှူး ကိုတိုးကြီးကိုပင် မစောင့်တော့။

“မုဆိုးမ ‘တစ်’ ပြီးတော့ မုဆိုးမ ‘နှစ်’ ဝင်တာပဲ ကောင်းမယ်ထင်တယ်။ ခင်ခင်က ကျေးဇူးတင်ကြောင်းပြောနေလို့ နွယ်ပဲ ပြောပါရစေတော့…ခင်ခင်နဲ့နွယ်ကတော့ ကံတူအကျိုးပေးခေါ်ရမှာပဲ…ပြီးတော့ ရပ်ဝေးက ရောက်လာတဲ့ အောင်နဲ့ သူငယ်ချင်းတွေ ဆုံမိအောင် စီစဉ်တဲ့ သိရှိမေ စိတ်ကူးကောင်းလို့ ကျေးဇူးတင်မိတယ်…အထူးသဖြင့် ကိုနိုင့်ကို တွေ့ရလို့လည်း ဝမ်းသာမိတယ်…တွေးတွေးသိန်းဆိုရင် အဝေးဆုံးပဲ…ရောက်အောင်လာတဲ့ သူငယ်ချင်းမကြီးကိုလည်း ချီးကျူးပါရဲ့…။

အခုပဲ တွေးတွေးသိန်း ပြောသွားပြီ…ခင်ခင်ပြောသွားပြီ…စိုးစိုးမော်ပြောသွားပြီ…အကြောင်းအရာတွေ ဖယ်လိုက်ရင် ဘဝတွေက သိပ်တော့လည်း မကွာကြလှပါဘူး…အဲဒါ ဘာလဲဆိုတော့ ဘဝမှာ ကံပစ်ချရာမှာ နေရတာနဲ့ ကံစေစားရာ လိုက်နေရတယ်ဆိုတဲ့အချက်ပဲ။ ကံ,ကံ၏ အကျိုးကို လက်ခံကြရသူတွေဆိုတော့ ဆိုးခြင်း ကောင်းခြင်းပေါ်မှာ မတုန်မလှုပ် ရှိကြတာလည်း အတူတူပါပဲ…။ နွယ့်စကားတွေထဲမှာ ကိုနိုင့်အကြောင်းလည်း ပါချင်ပါနိုင်တော့ ကိုနိုင် နွယ့်ကို ခွင့်လွှတ်ပါ…”

ကိုကိုနိုင်က နွယ်နွယ်တင့်ကိုကြည့်နေရာက “ပြောပါနွယ်” လို့ ခွင့်ပြုပါသည်။

“နွယ် ပြောခဲ့ဖူးတာ မှတ်မိကြမှာပေါ့…နွယ့်ဘဝဟာ ကိုနိုင့်ဘဝပါပဲလို့…။ သည်တော့ အောင်ကတောင် ပြောခဲ့ပါသေးတယ်…လူဆိုတာ ကိုယ့်ကိစ္စကိုယ် တာဝန်ယူကြရတာပါ…ကိုယ်ပိုင်ခရီးလမ်း မလွှဲသာ မရှောင်သာ လျှောက်ရတာမျိုး ရှိလာရင် ကိုယ့်အတွက်ကိုယ် ပြင်ဆင်နိုင်ဖို့ ပင်ကိုစိတ်ကူး အမှီအခိုကင်းတဲ့စိတ်ကူး ရှိသင့်တယ်လို့လေ…ဟုတ်တယ်နော် အောင်”

အောင်က ခေါင်းညိတ်ပြသည်။

“အော့်စကား မှန်ခဲ့ပါတယ်…နွယ်က အောင် ပြောခဲ့တုန်းက မဦးမချွတ် ပြောခဲ့တယ်လို့တောင် တွေးမိခဲ့တယ်…ကိုယ်တိုင်လည်း ဘာဖြစ်ရမယ် ညာဖြစ်ရမယ် တွေးမထားမိဘူး… ချစ်သူရှိတယ်…ပညာတတ်တယ်…မိဘက ချမ်းသာတယ်ဆိုတဲ့ အခြေအနေတွေကလည်း နွယ့်ကို အားပြု

www.burmeseclassic.com

www.burmeseclassic.com



နေတာတွေ ပါပါတယ်…ကိုနိုင်ကလွဲလို့ နွယ့်မှာ တခြား ဘာစိတ်မှ မရှိဘူးလို့ပဲ တွေးခဲ့တယ်…လှပတဲ့အနာဂတ်ပဲ ရှိတော့တယ်လို့ မျှော်မှန်းခဲ့တယ်…။ မိဘတွေ သဘောမတူကြသည် ထားဦး…ပညာတတ် အရွယ်ရောက်သူနှစ်ဦးကို ကလေးတွေခွဲသလို ဘယ်သူမှ မခွဲနိုင်ဘူး ထင်ခဲ့တယ်…"

အနှစ်နှစ်ဆယ်ကျော်ကာမှ ချစ်သူဟောင်းရှေ့မှာ ဘဝစာမျက်နှာဟောင်းတွေ လှန်နေခဲ့သူ…။ နွယ်နွယ်တင့်အသံက တည်ငြိမ်လွန်းလှပါ၏။ တရားရှိသော စိတ်နှလုံးက ထွက်လာသည့်အသံမျိုးဖြစ်သည်။ မျှော်လင့်ခဲ့သမျှသော အကောင်းတရားများ ပြိုကျသွားသူလို ရုပ်ခန္ဓာက သေးသွယ်သွားခဲ့သော်လည်း စိတ်ကတော့ အရာရာကို ခွင့်လွှတ်နိုင်စွမ်းရှိပုံမျိုးဖြစ်သည်။ မီးလင်းဖို၏ မီးညွန့်ကျိုးသွားခဲ့၏။ အချိန်ကလည်း ညဉ့်ရင့်လှပါပြီ။ သို့သော် သည်ညက သူငယ်ချင်းများ၏ညဖြစ်သည်။ ဘဝအစုံစုံည ဖြစ်သည်။ အဓိပ္ပာယ်ပြည့်ဝသော ညတစ်ညလည်း ဖြစ်ပါ၏။

အောင်ကတော့ တစ်ခါတစ်ခါ ကျွန်မကို လှမ်းကြည့်တတ်သည်။ ကိုတိုးကြီးကတော့ ဆိုဖာကြီးတစ်လုံးမှာ တစ်ယောက်တည်းထိုင်ရင်း မျက်နှာကို ဆိုဖာအမှီပေါ် ခေါင်းတင်ရင်း မှေးထားသည်။ ကျွန်မတို့မိန်းကလေးတွေကတော့ အားလုံး ကော်ဇောပေါ်မှာ။

"ကိုနိုင်နဲ့ နှစ်နှစ်သက်တမ်း ချစ်သူတွေဖြစ်သွားပြီး ကျောင်းကြီးပိတ်တဲ့ အခါ နွယ် မြင်းခြံကို ပြန်ရောက်သွားတယ်…နွယ်တို့အစီအစဉ်က ကိုနိုင်လည်း ရွာကိုပြန်နှင့်…ခြောက်လ တစ်နှစ် မိဘတွေနဲ့အတူနေကြရင်း ဘဝအတွက် ကြိုတင် ပြင်ဆင်ကြမယ်ပေါ့လေ… သည်ကြားထဲ စာမှန်မှန်ရေးကြမယ်ပေါ့…နွယ်ရောက်သွားပြီး ရက်ပိုင်းအတွင်းမှာပဲ မေမေက စကားတစ်ခွန်းပြောလာတယ်…ဖေဖေဟာ လူမှုရေးအရ အလွန်ကြီးလွန်သွားပြီတဲ့…မောင်ငယ်နှစ်ယောက်ကလည်း ဆေးစွဲနေကြပြီတဲ့…သမီး ကျောင်းနေစဉ်ရက်တွေမှာ မေမေဟာ ကိုယ့်အသက်ကိုယ် မနည်းထုပ်ထားရတယ်တဲ့…သမီးနဲ့မေမေ တောင်ကြီးကို ပြောင်းကြရမယ်တဲ့…သည်အထိလည်း နွယ် သဘောမပေါက်သေးပါဘူး…။ တောင်ကြီးပြောင်းရတော့လည်း ကိုနိုင့်လှမ်းခေါ်မယ်…မေမေနဲ့အတူ နေမယ်…ဖြစ်တာပဲလေ…ဒါပေမဲ့ အဲသလိုမဟုတ်ပါဘူး…မေမေက တောင်ကြီးက နွယ်တို့ဆေးလိပ်ခုံကို သနပ်ဖက်တွေ သွင်းနေတဲ့ သနပ်ဖက်ခြံပွဲစားရဲ့သားနဲ့ ပေးစားဖို့ပါ စီစဉ်ခဲ့တယ်…နွယ်က ငြင်းပါ



တယ်…နွယ့်မှာ ချစ်သူရှိတဲ့အကြောင်းလည်း ပြောတယ်…မေမေ့ကို နွယ်နဲ့အတူ ရွှေဘိုကိုခေါ်သွားဖို့လည်း ဝန်မလေးဘူး…မေမေဟာ အိမ်မှာနေရရှာတော့ နွယ့်ထက်တောင် စိတ်ဆင်းရဲမှု ပိုရရှာတာ နွယ် သိတာပေါ့…နွယ့်တစ်သက်လုံး မေမေ့ကို စိတ်ချမ်းသာအောင် ထားချင်တာလည်း နွယ့်စိတ်ရင်းအမှန်ပဲ…။ ဒါပေမဲ့ မေမေက သူ့အစီအစဉ်ကို မဖျက်ခဲ့ပါဘူး…နွယ့်မှာ မေမေ့ကိုထားခဲ့ပြီး ပစ်ပြေးလို့ကလည်း မဖြစ်… မေမေကလည်း နွယ့်ကို အလစ်မပေးဘူး၊ နွယ် ခေါင်းမီးတောက်ရုံမက ပါဘူး နှလုံးသားတွေပါ လောင်ကျွမ်းနေခဲ့ရတာလေ…။ တစ်ရက်တော့ နွယ်တို့ဆေးလိပ်ခုံမှာ ဆေးလိပ်လိပ်တဲ့ ဆေးလိပ်သမတွေထဲမှာ ရွှေဘို နယ်ဘက်က တစ်ယောက်ပါမှန်း နွယ်သိရတယ်…သိသိချင်းပဲ အဲသည် ဆေးလိပ်သမကို နွယ်တွေ့ပြီးမေးတယ်…ကိုနိုင်တို့ရွာကို သိသလားပေါ့ …သူက သိတယ်တဲ့…ဒါနဲ့ နွယ်က စာတစ်စောင်ရေးပြီး သူ့ကို ကိုနိုင် တို့ရွာ လွှတ်လိုက်တယ်…စရိတ်ရော ငွေကြေးပါ အလုံအလောက် နွယ် ထည့်ပေးလိုက်တာပါ…တစ်ပတ်လောက်နေတော့ အဲသည်မိန်းကလေး ပြန်လာတယ်…ကိုနိုင်တို့ရွာကိုတော့ ရောက်သတဲ့…ဒါပေမဲ့ ကိုနိုင် ဆိုတာ ရွာမှာ မတွေ့ဘူး…ခရီးထွက်သွားတယ်ဆိုတာနဲ့ ကိုနိုင် လာရင် ပေးလိုက်ပါဆိုပြီး သူ့အသိလက်ထဲ ထည့်ခဲ့တယ်လို့ ပြောတယ်… အဲသည် မိန်းကလေးကို နွယ်ယုံပါတယ်…ကိုနိုင့်လက်ထဲ စာရောက်မှာ ပဲလို့လည်း နွယ် ယုံကြည်မျှော်လင့်ခဲ့တယ်…စာက ကိုနိုင့်ကို မြင်းခြံ အမြန်ဆုံးလိုက်လာဖို့ ခေါ်လိုက်တဲ့စာပါ…ကိုနိုင့်ကိုလည်း မျှော်…မေမေ့ ကိုလည်း အရိပ်အကဲကြည့်နေ ရချိန်ပေါ့…။ တစ်ရက်တော့ မေမေက မနက်ဖြန်ပဲ တောင်ကြီးသွားကြရမယ်တဲ့…မေမေဟာ တစ်သက်လုံး စိတ်ဆင်းရဲခဲ့ရသူပါသမီးရယ်…သည်တစ်ခါတော့ သမီးကပဲ ဒုက္ခတွင်း ထဲက မေမေ့ကို ဆွဲတင်ပါတော့…မေမေ အသေဖြောင့်ပါရစေတော့ တဲ့"

နွယ်နွယ်တင့်ခမျာ ပြောရင်းကပင် သိမ့်ခနဲ ရှိုက်နေခဲ့သည်။ တစ်ခန်းလုံး တိတ်ဆိတ်လို့။ ကိုကိုနိုင်ကတော့ နွယ်နွယ်တင့်ကို ငေးကြည့်နေခဲ့သည်။ မျက်လုံးတွေကလည်း ရဲလို့။ အောင်က ကော်ဇောကွက်တွေကို ငုံ့ကြည့်လျက်။

"မေမေ အသေဖြောင့်ပါရစေတော့ဆိုတဲ့ မိဘရဲ့ တောင်းပန်စကားကို သည်မှာရှိတဲ့သူငယ်ချင်းတွေ ဘယ်သူမှ တောင်းဆိုခံခဲ့ရမယ် မထင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး…သည်စကားဟာ သမီးမှာရှိခဲ့တဲ့ သံယောဇဉ်တွေနဲ့ မေမေ့အသက်ကို လဲယူပါတော့ ဆိုတဲ့စကားပဲမဟုတ်လား…အတိတ်ကို စတေးလိုက်ရခြင်းဟာ ပစ္စုပ္ပန်ကိုရော အနာဂတ်ကိုပါ စတေးလိုက်ရတာမျိုးပါပဲ…။ ကိုနိုင့်ကို ပေးလိုက်တဲ့စာကလည်း ရောက်လေသလား၊ မရောက်လေသလား မသိရဘူး…နောက်ဆုံးတော့ မေမေ့စိတ်ချမ်းသာမှုကို နွယ်ရွေးချယ်လိုက်ပါတယ်…ကိုကျော်ဟန်ကို နွယ် လက်ထပ်လိုက်တယ်။ ကိုကျော်ဟန်ကလည်း လူကောင်းတစ်ယောက်ပါ…သူကလည်း မိဘစကားကို နားထောင်ရှာတဲ့လူပဲ…နွယ်နဲ့ မေမေ့ကို ချစ်ခင်လေးစားရှာပါတယ်…တင့်တောင်းတင့်တယ်လည်း ထားရှာပါတယ်…။ မိခင်တစ်ယောက်အနေနဲ့ မေမေ လူရွေးတာ မှန်တယ်လို့ ပြောရလောက်အောင် တော်ရှာပါတယ်…။

နွယ်တို့မိသားစုငါးယောက်ဘဝကတော့ ကွဲကြေသွားတဲ့ မြေအိုးလေးတစ်လုံးလိုပါပဲ…ဘယ်လိုမှ ပြန်ဆက်လို့မရတော့တဲ့အဖြစ်။ ဖေဖေက နောက်အိုး နောက်အိမ် ထူထောင်တယ်…မေမေက နွယ်နဲ့လိုက်နေတယ်…မောင်လေးနှစ်ယောက်ကလည်း နောက်ဆုံးတော့ ဒုက္ခတွေ့ကြရတာပါပဲ…ဒါကို နွယ် သံဝေဂယူလို့မှမဆုံးခင်မှာ ကိုကျော်ဟန် ဆုံးရှာတယ်…သနပ်ဖက်ကားမှောက်လို့ သူကွယ်လွန်ပြီဆိုတာ သိရတဲ့နေ့လောက် နွယ် ဆောက်တည်ရာမဲ့ခဲ့တာလည်း မရှိပါဘူး…ဆယ်နှစ်ကျော်ပေါင်းသင်းခဲ့တဲ့လင်သားပဲလေ…နွယ် ကြေကွဲခဲ့ရပါတယ်…ကလေးနှစ်ယောက်ကတော့ အရွယ်တွေရောက်ကြပြီ…နွယ့်ယောက္ခမတွေက သနပ်ဖက်ခြံကြီးတွေနဲ့ တိုက်တွေ ကားတွေ နွယ့်ကိုပေးရှာကြတယ်…သနပ်ဖက်လုပ်ငန်းမှာ ရှယ်ယာလည်းရှိတော့ မပူရပါဘူး”

ကျွန်မကတော့ အစွန့်စားကြီး စွန့်စားပြီးမှ ခွဲခွာခဲ့ကြရသော အောင့်မိဘနှစ်ပါးကို အမှတ်ရလိုက်သည်။ အကြောင်းကံတွေကလည်း ဆန်းကြယ်လှပါလား။

“အရာအားလုံး တိတ်ဆိတ်ငြိမ်သက်သွားပြီဆိုမှ ဘဝကို ဆင်ခြင်မိတယ်…တရားမမ္မကိုလည်း ပိုအားထုတ်ဖြစ်ခဲ့တယ်…နွယ်ဖြစ်ချင်ခဲ့တာ မဖြစ်ခဲ့ရဘူး…မဖြစ်ချင်တာတော့ ဖြစ်ခဲ့ရတယ်…အဆုံးမှာတော့ နွယ်တစ်ယောက်တည်း သံယောဇဉ်တချို့နဲ့ ကျန်ရစ်ခဲ့တယ်…နွယ်ဟာ အနှစ်နှာခံဖို့ မွေးဖွားလာခဲ့ရသူပါ…”

ကိုကိုနိုင်က စလှုပ်လာခဲ့သည်။



“နွယ်ပေးလိုက်တဲ့စာဟာ ကိုနိုင့်ဆီကို ရောက်လာခဲ့ပါတယ်…ဒါပေမဲ့ သိပ်နောက်ကျနေပြီ…ဘယ်လောက်တောင်နောက်ကျသလဲဆိုရင် ရှစ်လလောက်တောင် နောက်ကျခဲ့တယ်…စာဟာ ရွှေဘိုက ကိုနိုင့်ရွာကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့ပေမယ့် ကိုနိုင်က ရွာမှာ မရှိခဲ့ပါဘူး…ဒါ မှန်ပါတယ်…ကိုနိုင် ခရီးတွေထွက်နေခဲ့တယ်…ဆိပ်ခွန်ပုဆိုးတွေ ယူပြီး အောက်ပိုင်းနယ်တွေကို လိုက်ဖြန့်တဲ့အလုပ်ကို ကိုနိုင်လုပ်နေတာလေ…သူငယ်ချင်းတစ်ယောက်နဲ့ပါ…သူက ငွေစိုက်၊ ကိုနိုင်က လုပ်အားစိုက်ပေါ့…။ နွယ်နဲ့အတူနေရအောင် ပိုက်ဆံရှာနေတာပါ…ခြောက်လလောက် ရွာတောင် မပြန်ဖြစ်ခဲ့ပါဘူး…နွယ့်ဆီကိုတော့ ရောက်ရာအရပ်က စာထည့်ပါတယ်…သည်ကြားထဲ မြင်းခြံကို လာဖို့ကြိုးစားခဲ့ပါသေးတယ်…ဒါပေမဲ့ နွယ်တို့မိသားစုအကြောင်းကို သိတဲ့ မြင်းခြံက လူတစ်ယောက်နဲ့ ကိုနိုင် ခင်ခဲ့သေးတယ်…ကိုဟန်စိန် တဲ့…နွယ်သိလား…”

နွယ်နွယ်တင်က “နွယ်တို့အိမ်နီးချင်းပဲ” ဟု ဖြေသည်။

“ကိုဟန်စိန်က နွယ်တို့သားအမိ မရှိကြဘူးတဲ့…တောင်ကြီးကို သွားကြပြီလို့ ပြောတယ်…ကိုဟန်စိန်ပြောသလောက် နွယ်တို့မိသားစုတွေအကြောင်း သိခဲ့ရတယ်…ဒါပေမဲ့ နွယ့်ကို အိမ်ထောင်ချထားပေးမယ့်အကြောင်းတော့ မပါပါဘူး…ကိုနိုင် ရွာကိုပြန်ရောက်တော့မှ နွယ့်စာရတယ်…စာရရချင်း မြင်းခြံကို လိုက်ခဲ့တယ်…မြင်းခြံမှာ မရှိတော့ တောင်ကြီးကို ဆက်လိုက်ခဲ့တယ်…တောင်ကြီးရောက်တော့…”

ကိုကိုနိုင်က စကားဆက်မပြောတော့ဘဲ နှုတ်ဆွံ့သွားခဲ့သည်။

“နေပါဦးကွာ…သည်စာတစ်စောင်က မြင်းခြံနဲ့ရွှေဘို ရှစ်လကြာခဲ့ရသလား…ဟင်…နွယ်နွယ်တင်…ငါ့လာပေးရောပေါ့ဟာ…ဒါမှမဟုတ် နင့်ကို ကိုကိုနိုင့်ဆီ ငါပို့ပေးလို့ရသား…”

“ကိုတိုးကြီးရယ်…နွယ်ပြောပါပကော…ကိုနိုင့်ကို စာသာရေးပေးလိုက်ရတာပါ…မေမေ့ကို နွယ် ကတိပေးလိုက်ရပါပြီ…ကိုနိုင်ရောက်လာရင်တောလည်း တစ်မျိုးဖြစ်မလားမသိဘူးပေါ့လေ…နွယ်ကတော့ လွဲချော်ခဲ့ရပြီဆိုတာ ရင်က သိနေခဲ့ပါပြီ…”

ကိုတိုးကြီး၏ မခံချိမခံသာအမေးကို နွယ်နွယ်တင်က အေးလေးစွာ ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း အဲသလို ခံစားနေခဲ့ရတယ်…လွဲချော်ခဲ့ပြီလို့…ကျွန်တော် မခံနိုင်လွန်းတော့ အရက်တွေ သောက်ခဲ့မိတယ်…မိဘတွေ အိုကြီးအိုမနဲ့ လုပ်နေကြတဲ့ တောင်သူအလုပ်ကိုလည်း ကျွန်တော် စိတ်မဝင်စားတော့ဘူး…ဘာအလုပ်မှလည်း လုပ်ချင်စိတ်မရှိတော့ဘူး…နွယ့်ကို ကျွန်တော် သိပ်မျှော်လင့်ခဲ့တယ်…နွယ့်ဘဝကိုသိတော့လည်း သနားတာကတောင် ပိုပါသေးတယ်ဗျာ…။ ကျွန်တော့်ကို တက္ကသိုလ်မှာ ပညာတွေ သွားသင်ပြီး ဘွဲ့ရလို့ ရွာပြန်ရောက်ခါမှ အရက်သမားကြီး လုံးလုံးဖြစ်ရလေခြင်းဆိုပြီး အမေ့ခမျာ ယူကျုံးမရ ဖြစ်ရရှာတာလည်း သိပါရဲ့…ဒါပေမဲ့ သည်ပူလောင်မှုကို အရက်ကပဲ မေ့မျောစေနိုင်တယ်လို့ မိုက်မိုက်မှားမှား ခံယူခဲ့မိတယ်…ကျွန်တော့်စိတ်နဲ့ အမေ ဆုံးသွားခဲ့ရှာတယ်…အဖေက ဘာပြောသလဲဆိုတော့ ငနိုင် မင်းအမေခမျာ သား အရက်သမား ဖြစ်သွားရှာပါလားဆိုတဲ့ စွဲလမ်းစိတ်ကြီးနဲ့ သေရရှာတယ်…အဖေကတော့ ဘဝကူး ကောင်းပါရဲ့စေကွာတဲ့…ကျွန်တော် ငိုမိတယ်ဗျာ"

အောင်က ကိုကိုနိုင့်ပခုံးကို လှမ်းပုတ်လိုက်သည်။

"ဒါတင်ဘယ်ကမလဲ ကိုနိုင်ရယ်…ခင်ဗျားအသက်တွေဟာ အလဟဿ ကြီးသွားခဲ့တာကတော့…ကိုနိုင်ပြောဖူးပါတယ်…အောင်မှတ်မိတယ်…ကျွန်တော် ဘွဲ့ရရင် ကျွန်တော့်ရွာကလေး ဖွံ့ဖြိုးအောင်လုပ်မယ်…စာကြည့်တိုက်ဖွင့်မယ်… ပရဟိတလုပ်ငန်းတွေ လုပ်မယ်…ရွာကျောင်းမှာ ကျောင်းဆရာလုပ်မယ် ဆိုတာတွေလေ…ဒါတွေလည်း နောက်ကျသွားတာပဲမဟုတ်လား"

"သည့်နောက်တော့ ကျွန်တော် အိမ်ထောင်ကျတယ်…ရွှေဘိုသူပါပဲ…မအေးနွယ်တဲ့…မိဘတွေက ချမ်းသာကြတယ်…ဆန်စက်ရှိတယ်…ဆန်ပွဲရုံရှိတယ်…တောနယ်တွေကို စပါးပေး ပဲပေး ငွေကြေးအချေးအငှားလုပ်တယ်…ကျွန်တော် သည်တာဝန်တွေယူခဲ့ရတဲ့အခါ တောင်သူ့သားသမီးဖြစ်တဲ့ကျွန်တော်ဟာ တောင်သူတွေအပေါ် မညှာမိခဲ့ဘူး…အမြဲတမ်း အရက်မူးပြန်နေတဲ့မျက်နှာ…လောဘကြီးနေတဲ့စိတ်နှလုံး…အပေးအကမ်းတွန့်တိုတဲ့လက်တွေနဲ့ ကိုကိုနိုင် ဖြစ်သွားတော့တာပါပဲဗျာ"

"မင်း အခုကော အရက်သောက်သေးလား ကိုကိုနိုင်…မင်းကိုယ်မင်းကော ပြင်ဖို့ စဉ်းစားမိခဲ့ရဲ့လား…"



ကိုတိုးကြီးက ဝင်မေးခြင်းဖြစ်သည်။ နွယ်နွယ်တင်ကတော့ တစ်ခွန်းမှဝင်မပြောတော့ဘဲ နားထောင်နေခဲ့ပါ၏။ ခါတိုင်း နောက်ပြောင်နေကျ ထွေးထွေးသိန်းပင် ငိုင်နေခဲ့၏။

"ကျွန်တော်ဟာ ကိုကိုနိုင်နောက်တစ်ယောက်လို့ချည်း ခံစားနေရတယ် ကိုတိုးကြီးရာ…ကျွန်တော့်မှာ ဖြစ်နေတာ အဲဒါပဲ…။ အရက်လည်း သောက်တုန်းပဲ ကိုတိုး…"

"မင်းမှားတယ်…မင်း ဘယ်သူ့ကိုရွဲ့နေတာလဲ ကိုကိုနိုင်။ နွယ်နွယ်တင့်ကိုလား၊ လောကကြီးကိုလား၊ မင်းကိုယ်မင်းအတွက်လား…အမိပ္ပာယ် မရှိလိုက်တာကွာ…ငါ စာအုပ်တစ်အုပ် ဖတ်ဖူးတယ်…ဆရာမြသန်းတင့် ရေးတာနဲ့တူတယ်…ကောင်းမှုဆိုတာ နယ်နိမိတ်လွန်သွားရင် မကောင်းမှုဘက် ရောက်သွားတတ်တယ်တဲ့…ရက်ရောတာလွန်ရင် လက်ဖွာတဲ့ဘက် ရောက်တယ်…ခြွေတာတာလွန်ရင် ကပ်စေးနှဲတဲ့ဘက် ရောက်သွားတယ်…သစ္စာရှိလွန်ရင် မိုက်ရူးရဲဖြစ်သွားတယ်…သတိလွန်ရင် ကြောက်တဲ့ဘက် ရောက်သွားတယ်…မင်းက တုန်လှုပ်မှုလွန်နေတာ…မင်း ကယောင်ကတမ်းဘက် ရောက်သွားပြီ ကိုကိုနိုင်…"

ကိုကိုနိုင် ငိုင်ကျသွားသည်။ သည်ကနေ့ည ဘီယာလေးကပ်ပဲ စီစဉ်ထားသည့်အတွက် အရက်တော့ သောက်ခွင့်မရ။ သို့သော် ကိုကိုနိုင့်မျက်နှာက အဆီတွေပြန်နေခဲ့သည်။ ကိုကိုနိုင့်လို ရိုးသားအေးဆေးသလောက် ယဉ်ကျေးသော ပညာတတ်တစ်ယောက်က ဘဝမှာ ရိုက်ခတ်ချက်တစ်ခုကြောင့် အရာအားလုံး ဦးခေါက်ပြောင်းပြန် ဖြစ်သွားခဲ့တာ ယုံနိုင်စရာမရှိ။ အချစ်ကြောင့်လား၊ အခြေအနေကြောင့်လား ခွဲခြားရခက်လှ၏။ ကိုတိုးကြီးစကားကို ကျွန်မမှတ်ထားလိုက်မိသည်။ တုန်လှုပ်မှုလွန်ရင် ကယောင်ကတမ်းဘက် ရောက်သွားသတဲ့လား…။

"ကိုနိုင်…နွယ့်ကို ခင်မင်သေးတယ်ဆိုရင် အရက်မသောက်ပါနဲ့တော့လား…သည်ကုသိုလ်တော့ နွယ် ရနိုင်ပါရစေ ကိုနိုင်…"

ကိုကိုနိုင်က ခေါင်းညိတ်ရှာပါ၏။ ထွေးထွေးသိန်းက ကိုကိုနိုင့်ပေါင်ကို ဖြန်းခနဲ ရိုက်လိုက်လေသည်။

"ခေါင်းညိတ်တာ ဘာလဲ…သောက်မယ်လို့ပြောတာလား…မသောက်ဘူး ပြောတာလား…မရှင်းမရှင်းမလုပ်နဲ့…သူလည်း စိုးစိုးမော်ပဲ လုံးနေတာနဲ့ ပြီးနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အမှု ကိုယ်စစ်ကြပါနော်…ကျုပ်ကို ဆွဲမထည့်ပါနဲ့."

စိုးစိုးမော်က ကန့်ကွက်သည်။ ကိုကိုနိုင်က ကတိပေးရှာပါ၏။

"မသောက်တော့ပါဘူး…ကိုနိုင် ကတိပေးပါတယ်နွယ်…သည်ကနေ့ စကားဝိုင်းဟာ ကိုနိုင့်ကို အများကြီး ပြောင်းလဲပစ်လိုက်ပါပြီ…သီရိမေ ရယ် နင့်ကို ကျေးဇူးတင်တယ်ဟာ…"

ကျွန်မမှာလည်း ဝမ်းသာမျက်ရည်တွေ ကျခဲ့ရပါ၏။ ကျွန်မတို့စကားဝိုင်း ကလေးက အကျိုးရှိခဲ့ပြီမဟုတ်လား…။ အောင့်ကို ကျွန်မလှမ်းကြည့်လိုက်တော့ အောင်က ပြုံးပြသည်။ သည်အချိန်မှာပင် ညလယ်စာ ခရုခေါက်ဆွဲကြော်ပန်းကန် ကြီးတွေ အငွေ့တထောင်းထောင်းဖြင့် ရောက်လာသည်။ ကျွန်မတို့အားလုံး စားပွဲကို ရွှေ့ထိုင်ကြသည်။

သန်းခေါင်ကျော်ညသည် အေးစက်လျက်…။

■

(၆၇)

ပြင်ဦးလွင်အိမ်ကြီး၏ ဧည့်ခန်းမှာ ကျွန်မတို့ ထိုင်နေကြခြင်းဖြစ်၍ ညလယ်စာအတွက် စားသောက်ခန်းမကျယ်ဘက်ကို တစ်အုပ်ကြီးရွှေ့ခဲ့ကြခြင်း ဖြစ်၏။ ဧည့်ခံသူတွေက လိုလေသေးမရှိ ဧည့်ခံကြသည်။ ခရုခေါက်ဆွဲကြော်၊ Juice နှင့် သစ်သီးများ။ ပြီးတော့ လက်ဖက်ချဉ်စပ်သုပ်။ ကျွန်မကိုယ်တိုင် လိုက်လံ ဧည့်ခံသမယ့် ညစာစားသည့်အကျင့်မရှိ၍ Juice တစ်ခွက်လောက်ပဲ သောက်လိုက် သည်။ အောင်ကလည်း ကော်ဖီအေးတစ်ခွက်သာ သောက်နေခဲ့၏။ သူငယ်ချင်းတွေ ကတော့ အားပါးတရ စားနေကြသည်။

"အောင်…လာ အပြင်ထွက်ရအောင်…လရောင်ထဲမှာ ပန်းတွေ ပွင့်နေ ကြတာ မြင်စေချင်လို့…"

ကျွန်မကခေါ်တော့ အောင်က အနွေးထည်ထပ်ဝတ်ပြီး အပြင်ဘက်ကို ထွက်လိုက်လာခဲ့သည်။ မှန်တံခါးကြီးတစ်ချပ်ကို တွန်းဖွင့်လိုက်သည်နှင့် ဆောင်းည သန်းခေါင်လေက မျက်နှာကို အေးခဲသွားအောင် ပက်လိုက်သလို ထုံကျင်သွား သည်။ အောင်ကတော့ ကလောနှင့် အမေရိကားမှာ အနေကြာခဲ့သူဆိုတော့ အအေးကြိုက်ပုံရပါ၏။

ပန်းခြံဘက်ဆီကို ကျွန်မတို့လျှောက်သွားခဲ့ကြပါသည်။ လရောင်သည် ဖွေးဖွေးဝါဝါဖြင့် ပန်းခင်းကြီးတစ်ခုလုံးပေါ် ကျရောက်လျက်ရှိသည်။ နှင်းဆီပင်တွေ စိုက်ထားသော ကုန်းကလေးပေါ်ကို တက်လာခဲ့ကြတော့ နှင်းဆီပွင့်တွေ…။ နှင်းဆီတောကို ကျော်လာကြတော့ အင်ပျဉ်အိုးကြီးများနှင့် ရေထည့်စိုက်ထားသော ကြာတွေ…။ ကြာပွင့်ကြီးတွေက လရောင်ထဲမှာ ပွင့်နေလိုက်ကြတာ။

"မေကတော့ လရောင်ထဲမှာ ပန်းတွေ ပွင့်တာကြည့်ပြီး သိပ်ကြည်နူး တာပဲ…ပန်းတွေကလည်း အမှောင်ထဲမှာ ဘယ်ပွင့်ချင်ရှာကြမလဲ… လရောင်အောက်မှာပဲ ပွင့်ချင်ကြမှာပဲ…"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက အင်ပျဉ်အိုးကြီးတွေထဲက ကြာပွင့်တွေဆီ အောင့်ကို တမင်ခေါ်လာခဲ့ခြင်းဖြစ်၏။ လရောင်ဆမ်းမှ ပွင့်သောပန်းတွေ...။

"သည်ကြာပန်းတွေကိုကြည့်စမ်းအောင်...သည်ကြာတွေက ကုမုဒြာကြာ အနွယ်ပဲနဲ့ တူပါရဲ့...။ လရောင်ထဲမှာမှ ပွင့်ကြတာ အောင်ရဲ့...တစ်ရက် လရောင်ထဲမှာ မေ ထိုင်ကြည့်ဖြစ်တယ်...လကလေးလည်း သာလာရော ကြာပန်းတွေ ငုံနေရာက ပွင့်ဖတ်တွေ ဟ,ဟလာကြတာ...တဖြည်းဖြည်း ပွင့်လာကြတော့တာပဲ...လရောင်မှည့်လာပြီဆိုတာနဲ့ ကြာပွင့်ကြီးတွေက အစွမ်းကုန်ပွင့်ပြီး လရောင်ထဲမှာ လေနဲ့အတူ ကခုန်နေကြတော့တာပဲ... ရနံ့တွေကလည်း မွှေးလာလေရဲ့...ဒါပေမဲ့ အောင်ရယ်...လရောင်ကို မျှော်ပြီး ပွင့်ရတာကတော့ သနားစရာကောင်းလှပါတယ်...ကြာပန်း တွေဟာ လမိုက်ရက်တွေမှာတော့ မော်ဆရာက အသက်နုတ်ထားသလို ငြိမ်သက်နေကြရရှာတာကို မေ စိတ်ဆင်းရဲတယ်...လရောင်ဆိုတာ သဘာဝက ပေးတဲ့အမွေဆိုတော့ မျှော်ရုံကလွဲလို့ မေလည်း ဘာမှမတတ် နိုင်ခဲ့ဘူး...စဉ်းစားမိတယ်...မေလည်း ကြာပန်းတစ်ပွင့်နဲ့ မတူးပါလား လို့..."

"အောင်တို့တက်ခဲ့ရတဲ့ မဟာဂီတထဲမှာ ပန်းကြာဝတ်မှုန် ပတ်ပျိုး တစ်ပုဒ်ရှိတယ် မေရဲ့...လရောင်ကို ခံပြီး ပွင့်ကြတဲ့ကြာပေါ့..."

အောင်အမည်ပေးလိုက်သော ပန်းကြာဝတ်မှုန်ဆိုတာကို ကျွန်မ သဘော ကျနေမိသည်။

"တစ်မျိုးတော့ ကောင်းတာပေါ့မေ...လရောင်လည်းရှိတယ်...ပန်းပွင့် လည်းရှိတယ်...အေးမြတဲ့ နှင်းဆွတ်လေလည်းရှိတယ်...အေးချမ်း ဆိတ်ငြိမ်မှုလည်း ရှိတယ်...အဲဒါကို ခံစားတတ်တဲ့လူလည်း ရှိတယ် ဆိုရင် ပြည့်စုံပြီပေါ့...မေ ကံ ကောင်းပါတယ်လေ..."

"တစ်ခါတစ်ခါတော့လည်း ပြည့်စုံတာက သပ်သပ်...အထီးကျန်တာက သပ်သပ်ပါအောင်ရယ်...ဘာမှ အဓိပ္ပာယ်မရှိပါလားလို့ ခံစားမိရတာ လည်း ရှိတယ်..."

"လူတစ်ယောက် လောကထဲရောက်လာပြီဆိုကတည်းက အပြုံးတစ်ဝက် မျက်ရည်တစ်ဝက်နဲ့ စတွေ့ရတာမျိုးပါ...အောင်လည်း ဘာထူးသလဲ... ကမ္ဘာတစ်ခုကို ရောက်နေရတာပါပဲ...တစ်ခါတလေ ဘာမှအဓိပ္ပာယ်



မရှိပါလားလို့ အောင်လည်း ခံစားမိတာပဲ...ဘာမှအဓိပ္ပာယ်မရှိတာကို အဓိပ္ပာယ်လုပ်နေရတာတော့ ကြေကွဲစရာကောင်းတာပေါ့လေ"

အောင်က ကြာပွင့်အိုးတွေကြားမှာ လျှောက်နေခဲ့သည်။ ကြာပွင့်ကလေး တွေကို ငေးနေခဲ့သည်။ ကျွန်မက အောင့်အပေါ်မှာရော၊ ကြာပွင့်တွေအပေါ်မှာပါ လရောင်တွေကျနေတာကို ကြည့်နေမိ၏။ ရှားရှားပါးပါး မဟုတ်လား။ မနက်ဖြန့်၊ သန်ဘက်ခါ၊ ဖိန်းနွဲခါ...။ အောင် နောက်တစ်ခေါက် ကြာပန်းနှင့် လရောင်တွေ အောက် ရောက်လာဖို့ ကြာလိမ့်မည်။

"အောင်ကတော့ တဂိုးရေးခဲ့သလိုပါပဲ... *'နွေဦးက ပစ်ချပေးမယ့် ပန်းကုံး ကို စောင့်မနေချင်ပါနဲ့...ကိုယ့်မှာရှိနေတဲ့ ပန်းကုံးကိုသာ နွေဦးကို လှမ်းစွပ်ပေးလိုက်ပါ'* တဲ့။ သိပ်ကောင်းတဲ့ အတွေးအခေါ်ပဲ...။ အသက် အရွယ်အရ အတွေးအခေါ် ပြောင်းလာသလားတော့ မသိဘူး...နွေဦး ပန်းကုံးကို မစောင့်တော့ဘူး...အောင်ကပဲ နွေဦးကို ပန်းကုံးတစ်ကုံး ပေးချင်ခဲ့ပြီ..."

ကျွန်မတို့နှစ်ယောက် အိမ်ထဲပြန်ဝင်ခဲ့ကြတော့ အားလုံး မီးလင်းဖိုဘေး က ကော်ဇောပေါ် ရောက်လာကြပြီ။ အောင်နှင့်ကျွန်မကို ဝိုင်းကြည့်နေကြသည်။ ထွေးထွေးသိန်းက လှမ်းပြောသည်။

"နင်တို့ မအေးကြဘူးလား...ပြောသာပြောရတာ ငါတို့တနိုင်းကလည်း အေးသလားမပြောနဲ့...မြင်းခြံသူ တနိုင်းရောက်တော့ သွေးနွေးသတ္တဝါက သွေးအေးသတ္တဝါကို ဖြစ်ရော"

"ထွေးသိန်း...နင်ကော တနိုင်းမှာ လရောင်ထဲက နှင်းဆီပွင့်တွေ ကြည့် ဖြစ်လား"

စိုးစိုးမော်က ကလိခြင်းဖြစ်သည်။

"ငါကတော့ ပျင်းရင် တနိုင်းတံတားပေါ်သွားပြီး ကဗျာရွတ်တာပဲ"

"အံမယ် တယ်ဟုတ်ပါလား...ဘာကဗျာပါလိမ့်"

"ဖိုးသာထူး...ဖိုးသာထူး...အလွန်ဝတဲ့ ဖိုးသာထူး"

သူငယ်ချင်းတွေက ရယ်ကြတော့လည်း ပျော်ရသည်သာပင်။ ဧည့်ခန်း ထဲက မီးလင်းဖိုကြီးထဲကို ကျွန်မက မီးထပ်ဖြည့်ခိုင်းလိုက်သည်။ သည်ည မိုးလင်း ချင်လင်းသွားလိမ့်မည်။ ဘယ်သူမှ မအိပ်ကြေးမဟုတ်လား။ စည်းကမ်းထုတ်ထား တာတော့ မဟုတ်ပါ။ သည်လို ရှားတောင့်ရှားပါး တွေ့ဆုံပွဲဆိုတာ နောက်တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



သေချာတာမဟုတ်။ တစ်ကျွန်းစီနေ တစ်မြေစီမခြားကြသော်လည်း သူငယ်ချင်းတွေ သည်လို စုံစုံညီညီလာစုကြဖို့ဆိုတာကလည်း အခက်သား။

ကိုတိုးကြီးအလှည့်...။

ကိုတိုးကြီးက ကော်ဖီတွေကို မတ်ခွက်ကြီးနှင့်ထည့်ကာ တစ်ကျိုက်ကျိုက် သောက်နေခဲ့၏။ သူ့အကြောင်း တစ်ဝကြီးပြောတော့မည့်ပုံ။ အသံကလည်း အကျယ်ကြီး။

"ငါက တက္ကသိုလ်မှာ သူတကာထက် ပိုကြာခဲ့တဲ့ကောင်...ငါက လူတစ်မျိုးကွ...သိပ်သံယောဇဉ်ကြီးတတ်တယ်... ဒေသကောလိပ်တုန်းက တစ်တန်း နှစ်နှစ်နေခဲ့တဲ့သဘောက ပျော်ချင်လို့...။ အိမ်ပြန်ရင် အလုပ်ဝင်ရမှာလေကွာ...သည်တုန်းက ကျောင်းသားဘဝ ပြီးဆုံးသွားခဲ့ရင် သည်လိုပျော်ရမှာမဟုတ်တော့ဘူး...ငါက ဘာကိုမှ လေးလေးနက်နက် ရှိခဲ့တဲ့ကောင်မဟုတ်ဘူး...လူ့ဘဝဆိုတာ ပျင်းစရာကောင်းအောင် နေရမှာလို့တွေးတာ...အိမ်ရာက အစောကြီးနိုးနေပြီး အိမ်ပေါက်ဝ မေးထောက်ထိုင်နေရတာမျိုးပဲ...ဒါပေမဲ့ သိချင်းတော့ ဝါသနာကြီးတယ်... ဒါတစ်ခုတော့ ငါ ရည်မှန်းချက်ထားတယ်ပေါ့ကွာ...ကျန်တာကတော့ ကြုံရင်ကြုံသလိုပဲ...လိုက်ခဲ့ပါဆိုရင် ငါက အမြဲအားတယ်ဆိုတဲ့ကောင်... ကိုယ်က ရေမကူးတတ်ပေမယ့် ရေးကူးကြရအောင်ဆိုရင် တကယ် လိုက်ကူးတဲ့ကောင်...တစ်ခါလည်း ရေနစ်မှုးပြီ...။ ပြောချင်တာက အပေါင်းအသင်း သိပ်မင်တယ်...ငါ ရည်းစားနဲ့ကွဲခဲ့တာ မင်းတို့သိသားပဲ...ခဏပဲ ခံစားရတယ်...ဘယ့်နှယ်မှ မနေဘူး...အခု အဲဒီကောင်မ လင်ရနေရောပေါ့...ရှိမှရှိသေးရဲ့လားတောင် မသိဘူး။

ဒါပေမဲ့...ပေါ့ပေါ့နေတယ်...အလေးအနက်မရှိဘူး...ကိုယ့်စိတ်ချမ်းသာမှု ကိုယ်ရှာတယ်ဆိုတာတွေက ငါ့သိစိတ်မှာရှိနေတာ...ငါ့မသိစိတ်မှာ ရှိနေတာက အဲသလို မဟုတ်ဘူး...ငါ့သိစိတ်နဲ့ မသိစိတ်မှာကိုပဲ ဆန့်ကျင်ဘက် ဖြစ်နေတယ်...အဲဒါ အောင်ကပြောပြတာ...အောင်က ငါ့စိတ်သဘာဝတွေကို ချပြပြီး တစ်ည ဝေဖန်ပြတော့ ငါ လက်ခံလိုက်တယ်...။

အိမ်ထောင်ပြုကြတယ်ဆိုတာ သစ်သားတစ်ချောင်းနဲ့ သံတစ်ချောင်းကို ရိုက်အားကောင်းကောင်းနဲ့ ရိုက်ပြီး မြဲအောင်လုပ်တာပဲ...အခု ငါလည်း



အိမ်ထောင်ကျပါပြီ...သူ့နံမ ငါ့နံမ သည်လိုပါပဲ...သဘာဝပါပဲ...မြဲတုန်းမြဲတာပဲ...နောက်တော့ သစ်က ဆွေးတော့ သံ ချောင်လာတာတွေ ရှိတယ်...တစ်ခါတလေ သံက ဆွေးတာလည်း တွေ့ဖူးမှာပေါ့...ဘဝမှာ ဘယ်ဟာမျှ မြဲလို့လဲ...ဘယ်ဟာမှ မမြဲဘူး...ဒါပေမဲ့ မြဲတုန်းမှာ အဓိပ္ပာယ်ရှိရလိမ့်မယ်...ချင်ချစ်ခင်ခင် ရှိကြရလိမ့်မယ်...။

ငါ ကျောင်းပြီးတော့ အမေတို့က အိမ်က ဆပ်ပြာစက်ထဲ ဦးဆောင်တော့ဆိုပြီး တွန်းထိုးထည့်လိုက်တာပဲ...မင်းတို့သိတဲ့အတိုင်း ငါက တစ်ဦးတည်းသောသားဆိုတော့ သည်တာဝန် ငါမယူ ဘယ်သူယူလိမ့်မတုံး...လူငြိမ်အောင်လို့တဲ့ မြင့်မြင့်သန်းနဲ့ပေးစားတယ်...ဘာအဆိုတော်မှလည် မလုပ်နဲ့...ဘာဂစ်တာမှလည်း မတီးနဲ့တော့လို့ ဘယ်သူကမှ မတားမြစ်ခဲ့ပါဘူး...ဒါပေမဲ့ မလုပ်နိုင်တော့ဘူး...ရေချိုးရင်းနဲ့တောင် မဆိုဖြစ်ခဲ့ဘူး...ငါလည်း အဲသည်ကတည်းက သစ်ခွက်ဇလားထဲ ထည့်ထားတဲ့ မြင်းခြံဆပ်ပြာလိုပဲ ပုံ့ပုံ့ကြီး ငြိမ်နေရတော့တာပဲ...တစ်ခါတစ်ခါ ကျောင်းသားဘဝကို လွမ်းလို့ စိုးစိုးမော်ဆီ သွားလည်ပါတယ်... စိုးစိုးမော်က သာပြီး ပျင်းစရာကောင်းသေးတယ်...။

ဩော်...သူလည်း သူ့ဘဝနဲ့သူ ပင့်ကူအိမ်ရက်နေရရှာတော့ ဟိုတုန်းက တက္ကသိုလ်ကျောင်းသူလို ဘယ်ဟုတ်တော့ပါ့မလဲ...အထူးသဖြင့် အောင့်ကို လွမ်းတာပေါ့ကွာ...အောင်က လူကြီးဆန်တယ်...ဘာမဆို အလေးအနက်ရှိတယ်...ကိုကိုနိုင်ကလည်း ရွာဘိုမှာ...ထွန်းကျော်နဲ့မျိုးတင်လတ်ကလည်း မလေးရှားမှာ...အောင်က အမေရိကားမှာတဲ့...သီရိမေ မြင်းခြံလာတုန်း ပြောပြတော့ ငါ သတိရလိုက်တာကွာ...ငါတို့ သည်လိုမှ ဆုံမှဆုံနိုင်ပါတော့မလားလို့တောင် ငါတွေးမိတယ်...။

အောင် တစ်ခါက ငါ့ကို ရေးပေးဖူးတဲ့ကဗျာကို ငါပြန်ဖတ်ဖြစ်တယ်... အချုပ်ကကွာ... 'လူဟာ နေ့တိုင်း သောကကို တွေ့ရတယ်...အမျိုးမျိုး ရုပ်ဖျက်ထားတဲ့ ဒုစရိုက်ကို တွေ့ရတယ်...ဥဒ္ဒိဿဝံဂယက်က ဘဝရေအလျဉ်ကို ဆီးတားတတ်တယ်...အနိစ္စတရားက တူပုန်းတမ်း ကစားတယ်...ဒါပေမဲ့ မဆုတ်မနစ်သော ယုံကြည်မှုနှလုံးသားနဲ့ ဒါတွေကို ရင်ဆိုင်ရမယ်တဲ့...။

www.burmeseclassic.com

www.burmeseclassic.com



ဘာယုံကြည်မှုလဲ…ငြိမ်းချမ်းခြင်းဟာ တကယ်အစစ်အမှန်ဖြစ်တယ်၊ ကောင်းမြတ်ခြင်းဟာ တကယ်အစစ်အမှန်ဖြစ်တယ်၊ ဘာဝရသာ တကယ်အစစ်အမှန်ဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ပါ' တဲ့…။ ဟုတ်တယ် နော် အောင်…"

အောင်က ခေါင်းညိတ်ပြသည်။

"တဂိုးရဲ့ကဗျာပါ ကိုတိုးကြီးရဲ့…ကျွန်တော်ရေးတာ မဟုတ်ပါဘူး"

"အေးပါကွာ ထားပါတော့…မင်းလည်း ဘယ်သူကမှ ရိုက်စစ်နေတာ မဟုတ်ပါဘူး…"

ထွေးထွေးသိန်းက မေးခွန်းထမေးလေ၏။

"နေဦး နေဦး…ကိုတိုးကြီး Life က ကျောင်းပြီးတယ်…မိဘစီးပွားရေးမှာ ဝင်ဦးစီးရတယ်…မိန်းမယူတယ်…ကလေးသုံးယောက်ရတယ်…လူတစ်ယောက်အတွက် ဒါ Struggle မှ မဟုတ်တာပဲ"

ထွေးထွေးသိန်းကမှ ဟုတ်ဟုတ်သေးတော့လို့ ကျွန်မတွေးမိသည်။ အောင်ကတော့ ရယ်နေပါ၏။ ကိုတိုးကြီးကို ဆွလိုက်တာဆိုတော့ အသံပြဲကြီးနှင့် အော်တော့မည်ထင်ခဲ့သော်လည်း ကိုတိုးကြီးက မအော်ပါ။ အသံပင်ငြိမ်သွားခဲ့သည်။

"Struggle ဆိုတာ ဘဝတကျောရှိသရွေ့ ရှိရတာပဲပေါ့ ငါ့နှမရာ… ဒါတွေ ငါပြောရင် နင်တို့ မျက်ရည်တောင် ကျကြလိမ့်မယ်… စက်ဘီးတစ်စီးနဲ့ ပူပေါင်း လိုက်ရောင်းတဲ့လူလည်း Struggle ရှိတယ်… ခေါင်းပေါ်မှာ ဗန်းကလေးတင်ပြီး ဈေးလည်ရောင်းတဲ့ ကလေးမလေးမှာတောင် Struggle ရှိတယ်…။ ဆိုပါတော့…သီရိမေ ချမ်းသာတယ်ဟာ… ပြည့်စုံတယ်ဟာ…အနှောင်အဖွဲ့ မရှိဘူးဟာ… အောင်မြင်နေတယ်ဟာ…သူ့မှာ သောကမရှိဘူးလို့ နင်ပြောဖြစ်လို့လား…။ ထမ်းမှ ပိုးမှ ချွေးသံရွှဲရွှဲ နေပူထဲ ထင်းတုံးတွေပေါက်နေမှ Struggle မဟုတ်ဘူးဟ…။ လူဖြစ်လာကတည်းက ဒုက္ခတွေ ကပ်ပါလာတာ…ဒါတွေကို ပွန်းလှန်နေရတာ Struggle ပါပဲ…"

ထွေးထွေးသိန်းက ကျွန်မဘက်ကို လှည့်ပြန်လေသည်။

"သီရိမေ…ဟုတ်လား…နင့်ဘဝမှာ Struggle တွေ ရှိခဲ့သလား"

"ရှိတာပေါ့ ထွေးသိန်းရယ်…ငါ့ခြေလှမ်းတိုင်းဟာ ရုန်းကန်မှုတွေပါပဲ… သူ့ရဲ့သောကကြောင်သူတွေ…မောက်မာရိုင်းပျသူတွေ…အတောမသတ်



အောင် အလိုလောဘ ရှိသူတွေ…ရန်ငြိုးတွေ…မာန်မာနတွေ… စော်ကားမှုတွေ… အော်ဟစ်တန်းကျမှုတွေ…သွေးတိုးစမ်းကြတာတွေ… လဲပြိုအောင် တွန်းလှဲကြသူတွေကြားက ကိုယ့်ကိုယ်ကိုယ် မတ်အောင် ထူခဲ့ရသူပါ…"

ဤသို့ဖြင့် ကျွန်မအလှည့် အလိုလိုကျရောက်လာခဲ့ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၆၈)

၁၉၉၀ ခုနှစ်များတစ်ဝိုက်ဆီက ကျွန်မ ရုန်းကန်လှုပ်ရှားခဲ့ရသည့် ဘဝကြမ်းတွေကို သူငယ်ချင်းများအား ပြောပြခဲ့သည်။ တက္ကသိုလ်ဆရာမဘဝမှ စီးပွားရေးလုပ်ငန်းတစ်ခု၏ ဦးဆောင်သူအဖြစ် မျက်လှည့်ဆန်ဆန် ပြောင်းလဲလိုက်ရသော ကျွန်မအဖြစ်ကို တစ်ခါတစ်ရံ ကျွန်မကိုယ်တိုင်ပင် အံ့ဩခဲ့ရပါ၏။ စက်ပစ္စည်း၊ အရန်ပစ္စည်း၊ ကုန်ကြမ်း၊ လျှပ်စစ်ဓာတ်အား၊ ကုန်ထုတ်လုပ်မှု စသော ကျွန်မနှင့် မရင်းနှီးသော ဝေါဟာရများနှင့် ကျွန်မ နပမ်းလုံးခဲ့ရသည်။ ထောင့်အမျိုးမျိုးမှ တောင်းဆိုမှုတွေ၊ ပညာပြမှုတွေ၊ အကဲစမ်းမှုတွေ၊ ဖိနှိပ်မှုတွေ၊ စီးပွားရေးအရ နာလန်မထူနိုင်အောင် အကောက်ကြံမှုတွေ စသဖြင့် ကျွန်မရင်ဆိုင်ခဲ့ရတာတွေကို ပြောပြမိသည်။

"အဲသည်တုန်းကများ မေ့ခန္ဓာကိုယ်ဟာ လေထဲမှာ လွင့်မျောနေတယ်လို့တောင် ထင်ခဲ့တယ်...စိတ်ဆိုတာတော့ မပြောနဲ့တော့ ရူးသွပ်သွားတော့မလားရယ်လို့ ပြန်ပြန်ထိန်းခဲ့ရတာ ခဏခဏ...။ ညဘက်တွေမှာလည်း အိပ်မပျော်နိုင်ပါဘူး...ချွေးတွေပြန်ပြီး ပင့်သက်တချချပေါ့... အိပ်မက်တွေကတောင် အကောင်းတစ်ချက် မပါခဲ့ဘူး...။ တစ်ခါတလေများ တောအုပ်ထဲမှာ သတ္တဝါတစ်ကောင်ကို ထောင်တဲ့ ကျော့ကွင်းမှာ တန်းလန်းကြီးမိနေသလိုပဲ...ကယ်သူမရှိ အော်သံမကြား အော်ဟစ်နေရတယ်လို့ ခံစားမိတယ်...။ ပြောရရင်တော့ ရယ်စရာတောင် ကောင်းမလားမသိဘူး...စိုက်ထားတဲ့ နှင်းဆီပင်တွေတောင် မပွင့်ကြဘူး... အဲသလောက်...။

အယုံကြည်ရဆုံးမိတ်ဆွေတွေက အနားမှာမရှိဘူး...အနားမှာရှိသူတွေက မယုံကြည်ရဘူး...လောကဓံတရားရဲ့ အဘက်ဘက်က ထိုးနှက်နေတဲ့ ထိုးနှက်ချက်တွေဟာ အသွားထက်တဲ့ လက်နက်တွေနဲ့ချည်း ဖြစ်နေ



ပြီ...မေ့မှာတော့ အကာအကွယ်မဲ့နေခဲ့တယ်...မုန်တိုင်းပြီးသွားတော့လည်း အပြိုအပျက်တွေနဲ့ပါပဲ...သည်အချိန်မှာ ပန်းကလေးတစ်ပွင့်ကိုင်ရင်း ရောက်လာသူဟာ လဲပြိုလုလု မေ့ကို ထူမ,ပေးခဲ့တယ်... သူဟာ မေ့ရဲ့ အားအင်ဖြစ်ခဲ့ရတယ်...မေ့ရဲ့ အရိပ်အာဝါသ ဖြစ်ခဲ့ရတယ်...မေ့ရဲ့ နွေးထွေးတဲ့အနှောင်အဖွဲ့ ဖြစ်ခဲ့သူပါ...ကဗျာဆန်ဆန်ပြောရရင် နောက်တော့လည်း သူဟာ နွေဦးလို ရောက်လာပြီး နွေဦးလို ဆုတ်ခွာသွားခဲ့တယ်ဆိုရင် နားထောင်လို့ကောင်းမယ်ထင်တယ်..."

သည်အကြောင်းတွေကို ကျွန်မ ပြန်မပြောချင်ပါ။ ပြောရတိုင်းလည်း ရင်နာမိရသည်။ ကျွန်မအတွက်လည်း မကောင်း၊ ဘယ်သူ့အတွက်မှလည်း အကျိုးမရှိတာကို ပြောရသလို ခံစားမိရသည်။ သည်အကြောင်းတွေ အောင့်ကို ကျွန်မ ပြောခဲ့သည်။ သူငယ်ချင်းတချို့လည်း သိတန်သလောက်တော့ သိကြသည်။ သည်ကနေ့ညတော့ ကျွန်မဘဝဇာတ်ကြောင်းတွေကို သူငယ်ချင်းတွေရှေ့မှာ အိတ်သွန်ဖာမှောက် ကရားရေလွှတ် ပြောချနေမိသည်။

"မဒမ်ဆီဗူးဗွား ရေးခဲ့သလိုပါပဲ... မိန်းမသားတွေဟာ ပြင်းထန်တဲ့အတွင်းပဋိပက္ခတွေရဲ့ သားကောင်ဖြစ်တယ်...ဒါပေမဲ့ အဲဒီဆန်းကြယ်ရှုပ်ထွေးမှုကပဲ မိန်းမသားကို ရင့်သန်စေတယ်တဲ့...မေဟာ သဘာဝကို ကျော်လွှန်ပြီး ဖြေလွှတ်လိုက်ဖို့ ဘယ်တုံးကမှ မတွေးခဲ့ပါဘူး...ဒါပေမဲ့ သည်လို ရုန်းကန်လှုပ်ရှားခဲ့ရခြင်းကပဲ မေ့ကို ရင့်သန်စေခဲ့တာတော့ အမှန်ပဲ...မေ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စဟာ ဘယ်တုံးကမှ ရှေ့မှာမရှိခဲ့ပါဘူး... နောက်ကွယ်မှာ ပုန်းလျှိုးကွယ်လျှိုးရှိခဲ့တာ သည်အရွယ်သည်အချိန်အထိပါပဲ"

"ဒါဆို သိရိမေ...နင့်မှာ ရည်းစားရှိလိုက်သေးတယ်ပေါ့...ငါတို့လည်း မသိလိုက်ရပါလား...ပြောစမ်း ဘယ်သူလဲ...နင့်လူကို ငါတို့ကြည့်ချင်လိုက်တာ..."

ကျွန်မကို အောင်နှင့် တစ်လျှောက်လုံး စနောက်ခဲ့ကြသည့် သူငယ်ချင်းတွေက အောင့်ရှေ့မှာပဲ ကျွန်မမှာ ချစ်သူရှိခဲ့ကြောင်း ပြောပြနေတာကို ထူးဆန်းနေကြပုံပေါ်သည်။ သူတို့မျက်လုံးတွေထဲမှာ ကျွန်မချစ်သူဟာ အောင်မဟုတ်ဘူးလား၊ မဟုတ်ခဲ့ဘူးလား ဆိုသည့်အကြည့်တွေမှန်း ကျွန်မသိပါသည်။ အောင်မဟုတ်သော ကျွန်မချစ်သူဆိုတာကို သူတို့ တအံ့တဩ ဖြစ်နေကြပါ၏။ စိုးစိုးအေး က မေးတော့ ထွေးထွေးသိန်းကလည်း ဝင်ပါလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့တော့ အချုပ်တောင် ပေါက်သွားတယ်...သီရိမေ နင်ပြောတာ တကယ်လား...စိတ်မဆိုးကြနဲ့ဟာ ငါမေးတော့မယ်...ငါက နင့်ကို အောင်နဲ့ ခရီးရောက်နေကြပြီ ထင်နေတာ..."

နွယ်နွယ်တင်ကတော့ ရယ်သည်။

"ဘာလဲ ခရီးရောက်ပြီဆိုတာ...ထွေးသိန်းရယ် စကားလုံးများ ရွှေပါဦးဟယ်...အောင်နဲ့များလားလို့ ထင်မိတယ် ပြောပါဟယ်..."

ထွေးထွေးသိန်းက မျက်စောင်းထိုးသည်။

"အံမယ်လေးတော် အရေးထဲ ရှေ့နေမနဲ့ တွေ့နေပြန်ပါပြီ...ပုဒ်မ မပြောင်းပါဘူးဟဲ့...ဒီပုဒ်မပါပဲ...ငါက သီရိမေ သည်အရွယ်အထိ အိမ်ထောင်မပြုဘဲနေတာ အောင့်ကိုစောင့်နေတယ်ထင်လို့ ရိုးရိုးမေးတာပါ..."

"အချစ်ခိုးကြောင်ခိုးဖောက်ချစ်မှု ပုဒ်မ ၁၅၀၀"

စိုးစိုးမော်က အော်တော့ ထွေးထွေးသိန်းက ပိုကဲလာတော့၏။

"စီရင်ချက်ချမယ်... နားထောင်ကြ... အချစ်ကြမ်းနဲ့ အိမ်ထောင် တစ်သက်..."

ကျွန်မမှာတော့ ရယ်၍သာ နေရတော့သည်။ ကိုတိုးကြီးက ဝင်ဟောက်တော့မှ ပါးစပ်တွေ ပိတ်ကုန်ကြလေ၏။ ကိုတိုးကြီးက ကျွန်မကို သေချာအောင်မေးသည်။ မျက်လုံးကြီးတွေ ပြူးထားလိုက်လို့။

"ဟုတ်တယ်ဟ သီရိမေရ...ငါတို့က အောင်နဲ့နင် ကာလတစ်ခုမှာ လက်ထပ်ကြလိမ့်မယ်လို့ ထင်ခဲ့ကြတာ...လောကမှာ တို့မသိတာတွေ အများကြီးပါလားဟာ..."

ကျွန်မမှာ အောင့်ကိုလည်း အားနာမိရသည်။ အောင်ကတော့ သူ့ထုံးစံ အေးဆေးတည်ငြိမ်စွာ ရှိနေသည်။ ကျွန်မတို့ပြောနေကြတာကို မကြားချင်ဟန်ဆောင်နေတာလား၊ ကြားလျက် ဆိတ်ဆိတ်နေခြင်းပေပဲလား။ ကျွန်မအသံတွေ တုန်နေခဲ့သည်။

"အောင်နဲ့မေက သူငယ်ချင်းတွေပါ...နှစ်ပေါင်း နှစ်ဆယ်လုံးလုံး သူငယ်ချင်းတွေအဖြစ်နဲ့ပဲ သတိရကြသူတွေပါ...သူငယ်ချင်းတွေအဖြစ်နဲ့ပဲ လွမ်းကြသူတွေပါ...သူငယ်ချင်းတွေအဖြစ်နဲ့ပဲ လရောင်လို ဖြာကျနေခဲ့ကြသူတွေပါ...မိန်းကလေးဆိုတာ ရွေးချယ်စရာ သိပ်မများပါဘူး...သိပ်လည်း မကျယ်ဝန်းပါဘူး...တို့ငယ်ငယ်က ထုတ်ဆီးတိုးတဲ့အခါ ထမင်းရည်ပူ လောင်တယ်ဆိုတာ ရှိတယ်မဟုတ်လား... တကယ်



လောင်တာလည်းမဟုတ်ဘဲနဲ့ တို့ ကြောက်ခဲ့ရတယ်မဟုတ်လား... အောင်နဲ့မေ့ကြားမှာ ထမင်းရည်ပူစည်း ရှိတယ်ဆိုရင် ယုံပါ..."

ကျွန်မပါးပြင်မှာ မျက်ရည်တွေ စီးကျလာခဲ့သည်။ သူငယ်ချင်းတွေက ကျွန်မနှင့်အောင့်ကို အံ့ဩလှစွာ ကြည့်နေကြသည်။ အနှစ်နှစ်ဆယ်လုံးလုံး မှောက်ထားသည့်တောင်းတစ်လုံးအောက်မှာ ကျွန်မတို့နှစ်ယောက် ရှိနေကြလိမ့်မည် မှန်းဆထားကြရာက တကယ်တမ်း ဖွင့်လိုက်တော့ ဘာမှမရှိတာကို အံ့ဩနေကြပုံမျိုး ဖြစ်ပါ၏။ ကိုတိုးကြီးကပဲ စ,တောင်းပန်ခဲ့သည်။

"Sorry...သီရိမေ အောင်ရောပေါ့ကွာ...တစ်ခုခုတော့ လွဲနေပြီကွာ"

"မလွဲပါဘူး ကိုတိုးကြီးရယ်...ကိုတိုးကြီးမှာ မမြင့်မြင့်သန်း ရှိလာသလို...ကိုနိုင့်မှာ မအေးနွယ် ရှိလာသလိုပါပဲ...မေ့မှာလည်း အပြင်က ဝင်လာတဲ့လူတစ်ယောက် ရှိခဲ့တယ်ဆိုတာမျိုးပေါ့...သည်လောက်ပါပဲ...ဒါပေမဲ့..."

"ပြော သီရိမေ...ဓာတ်ကတော့ ကောင်းနေပြီဟ"

"သြော် မေ ကျက်ထားတဲ့ ရတုတစ်ပိုဒ်ကို ရွတ်ပြချင်လို့ပါ... *'သူတစ်ပါးနား၊ သို့တွေပြားကို၊ ကြားသိလေနိုး၊ မယ်ရှက်စိုးစွ'* တဲ့။ မိန်းကလေးဆိုတာ ကိုယ့်အကြောင်းကိုယ်သာသိဆိုသလို ကိုယ့်အကြောင်း သူများကြားမှာ စိုးကြရှက်ကြရသူတွေပါ...ဒါကြောင့်လည်း *'မတင့်ပေခဲ၊ နှလုံးမဲ့ကာ၊ နွဲ့နွဲ့နှောင်းနှောင်း၊ ယုံကယ်ကောင်းလျှင်၊ ယောင်းယောင်းဖြားဖြား၊ စကားဟူက၊ လွန်မောလှ၏၊ နှိမ့်ချချေတင်၊ ရှင့်ဆင်းပြင်သည်၊ မြင်လျှင် မောင်သိရမည်ကို'* တဲ့..."

မြင်လျှင် မောင်သိရမည်ကို...။ ကျွန်မ သိပ်များပွင့်လင်းသွားလေသလားတော့ မပြောတတ်ပါ။ အောင်နှင့်ကျွန်မအဖို့ရာမှတော့ *'မလှစတောင်း၊ သွယ်နွဲ့နှောင်းနှင့်၊ ရုံးပေါင်းပျော်ပါး၊ ယုယဖြားလျက်၊ သနားတုံ့တုံ့၊ ရင်ငွေ့လှုံလည်း၊ ယှဉ်စုံရှေးခါ၊ ရှင်နှင့်ငါကား၊ မကွာကြလျက်၊ လွန်းကြင်ငှက်သို့၊ ပိုက်ဖက်တူကွ၊ မပျော်ရတည့်'* ဆိုရလောက်အောင် ဝေးလွန်းလှပါ၏။

"အခုကော သီရိမေ...နင့်မွေဦးက ဥဩတွန်တုန်းပဲလား"

နွယ်နွယ်တင်က ကျွန်မပြောခဲ့သော မွေဦးလို ရောက်လာပြီး မွေဦးလို ဆုတ်ခွာသွားခဲ့သည်ဆိုသူကို ရည်ညွှန်းကာ မေးလိုက်ခြင်းဖြစ်သည်။ ကိုရဲမိုးကို ကျွန်မ ရည်ညွှန်းခဲ့တာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"ဉာဉ်တောင် ခေါမလာဝံ့တဲ့ နွေဦးမျိုးပါ နွယ်နွယ်တင်ရယ်"

ကျွန်မတို့စကားဝိုင်းက ကောင်းနေဆဲပင်။ ဘယ်သူမှ အိပ်ချင်ကြပုံမရှိ။ ညသန်းခေါင်ပင် ချဉ်းခဲ့ပြီ။ ညောင်းညာသူတွေက ဆိုဖာပေါ်ပြန်တက်ထိုင်ကြသည်။ တွေးတွေးသိန်းလို အိပ်ပုတ်ကြီးသူကပင် ပုံ့ပုံ့ကြီး လန်းလျက်ရှိပါ၏။ ကျွန်မတို့က နွယ်နွယ်တင့်ကို အားနာသဖြင့် တက်နားဖို့ ပြောသော်လည်း ငြင်းဆန်နေခဲ့သည်။ ခင်ခင်ကတော့ အိမ်ရှင်လို ဖြစ်နေသဖြင့် ထထိုင်လိုက် ပြေးလိုက် လွှားလိုက်...။

"ဉာဉ်ကိုတောင် ခေါမလာဝံ့မှတော့ ပန်းပွင့်တွေလည်း ပါလာစရာ မရှိဘူးပေါ့"

စိုးစိုးမော်၏ မှတ်ချက်ဖြစ်သည်။

"အောင်ကကောကွာ...မင်းအကြောင်းတော့ တို့အားလုံးက စိတ်ဝင်စားကြပါတယ်...တို့သူငယ်ချင်းတွေကတော့ ဘယ်မှာဖြစ်နေနေ တွေ့ရတာ လွယ်သကိုးကွ...မင်းကလည်း ပျောက်သွားလိုက်တာ အောင်ရာ... သည်ခေတ်ကြီးမှာ ဆက်သွယ်ရတာ လွယ်ပါတယ်ကွာ...မင်း နေတတ်လို့ပါ"

အောင်က ကိုတိုးကြီး အပြစ်တင်နေတာကို ငြိမ်လျက် ခံယူနေခဲ့သည်။ အောင့်အကြောင်းတွေက အောင်ပြောပြထားလို့ ကျွန်မသိထားသော်လည်း သူငယ်ချင်းတွေကတော့ အသေးစိတ်မသိနိုင်ကြသေး။ အောင်ကလည်း သူ့အတိတ်စာမျက်နှာဟောင်းတွေကို တစ်ချပ်ချင်း တစ်လွှာချင်း လှပ်ကြည့်ချင်တော့ပုံမရပါ။ သို့သော်လည်း ဇာတ်ဟောင်းတွေ ပြန်လှန်တိုင်း အောင့်မှာ နာကျင်မှုတွေ၊ ကြေကွဲမှုတွေ၊ အလွမ်းအဆွေးတွေနှင့်အတူ သူ့ကိုယ်သူ ယူကျုံးမရဖြစ်မှုတွေလည်း ပါဝင်နေမှန်း ကျွန်မသိပါသည်။

"အောင် အလင်းနှစ်သန်းပေါင်းများစွာဝေးတဲ့ နဂါးငွေ့တန်းတွေထဲ ရောက်သွားလို့ပါလို့ပဲ ပြောပါရစေတော့...သည့်အတွက် အားလုံးကို အောင် တောင်းပန်ရတော့မှာပါပဲ...အထူးသဖြင့် သူငယ်ချင်းတွေနဲ့ သည်လို လာပြီးဆုံရတဲ့ ညတစ်ညကို ကျွန်တော် သိပ်တောင့်တခဲ့ပါတယ် ဆိုရင် ယုံပါ...သည်ကနေ့ညဟာလည်း အဓိပ္ပာယ် သိပ်ကိုရှိလွန်းတဲ့ ညပါပဲ...။

သည်ည စကားတွေကို နားထောင်ရတော့ သူငယ်ချင်းတွေ ပျောက်သွားပြီး လူတွေဆိုတဲ့အသိကလေး ရနေခဲ့တယ်...လူတွေမှာရှိတဲ့ မြင့်စိတ်



နိမ့်စိတ်...လင်းစိတ် မှောင်စိတ်...အောင်စိတ် ရှုံးစိတ်...ဝမ်းသာစိတ် ဝမ်းနည်းစိတ်...အကုန်မြင်ခဲ့ရတယ်...။

ဘဝတွေ မတူတော့ အသံတွေ အရောင်တွေ အရသာတွေ မတူဘူးပေါ့လေ...။ ဒါပေမဲ့ ဘုံတူတာရှိပါတယ်...နှစ်ပေါင်းများစွာ ရပ်တည်နေကြရတဲ့ဘဝတွေကတော့ ကြောင့်ကြရတဲ့ဘဝတွေ...တောင့်တရတဲ့ ဘဝတွေနဲ့ပဲ ရှိကြရသေးတယ်ဆိုတဲ့ တူညီချက်ပါ...ဒါကလည်း ထူးဆန်းတဲ့ တရားမျိုးတော့ မဟုတ်ပါဘူး...။

အောင်နေရတဲ့ပတ်ဝန်းကျင်က တစ်မျိုးပါ...အောင်လုပ်နေရတဲ့အလုပ်တွေကို သည်နေရာမှာ ချပြရင်တောင် သူငယ်ချင်းတွေ နားလည်ဖို့ ခက်လိမ့်မယ်...အောင် မရောက်ချင်ဘဲ ရောက်နေရတဲ့ဘဝက ပိုဆိုးတာပေါ့...အောင် တစ်လျှောက်လုံး ရင်မှာ ပြည့်နှင့်နေအောင် မျိုထားခဲ့ရတဲ့ ကဗျာတွေ သည်ကနေ့ည အောင် သွန်အန်ရွတ်ချပြပါရစေတော့..."

ပြောရင်းဖြင့် အောင် ငိုနေသည်။ ကိုယ်လုံးသိမ့်သိမ့်ခါ ငိုကြွေးနေသော အောင့်ကို ကိုတိုးကြီးက ပခုံးလှမ်းဖက်ထားလိုက်သည်။

အောင်က သူ့ဘဝကို ခပ်တွေးတွေးသာ ပြောသွားခဲ့သည်။ မရိုးမသားရှိတာတော့မဟုတ်။ တချို့အကြောင်းအရာတွေကို သူ မပြောချင်တာရှိလိမ့်မည်။

"ကိုတိုးကြီးရာ...မြောင်းမြမြို့စားရဲ့ သူ့ရဲ့ကောင်း ဗျည်းနွဲ့နဲ့ ရာဇာဓိရာဇ် ဆင်စီးချင်းထိုးသလိုပါပဲ...ရာဇဓိရာဇ်ခေါ်တဲ့ ဗညားနွဲ့နဲ့ သူ့ရဲ့ကောင်း ဗျည်းနွဲ့တို့ ဆင်ချင်းတိုက်တဲ့အခါ ဗညားနွဲ့က ဗျည်းနွဲ့ကို ဆင်အဆုတ်မှာ ဓားနဲ့လှမ်းခုတ်တယ်...ဓားက ချွတ်မရတော့ ချွန်းသီးနဲ့ လှမ်းရိုက်တယ်...ရိုက်တော့ ဗျည်းနွဲ့ရဲ့နဖူး ကွဲသွားတယ်...ဆင်လည်း သေတယ် မဟုတ်လား...အဲသည်မှာ ဗျည်းနွဲ့ပြောတဲ့စကား ကိုတိုးကြီးမှတ်မိသလား... '*ပတ္တမြားကြေးမုံတွင်ကြည့်၍ မြင်တော်မူလျှင် ဗညားနွဲ့၏ လက်ရာဟူ၍ မြင်တော်မူတိုင်း သေသည်...တစ်ခါသေ, သေလိုတော့သည်...*' တဲ့။ ကျွန်တော် သည်စကားကို သိပ်စွဲတာပဲ...ဒဏ်ရာကို မှန်မှာမြင်တော်မူတိုင်း သေရသည်တဲ့...တစ်ခါတည်းသာ သေလိုသည်တဲ့...သိပ်လှတယ်...။ နဖူးကဒဏ်ရာကို မြင်တိုင်း ခဏခဏ သေရတာထက် တိုက်ပွဲမှာ တစ်ခါတည်းသေရတာက ကောင်းသေးတယ်လို့ ပြောတာ...။

www.burmeseclassic.com

www.burmeseclassic.com



အောင်လည်း မထူးပါဘူး…တိုင်းပြည်ကို စိတ်ရောက်တိုင်း…မန္တလေး တက္ကသိုလ်ကို သတိရတိုင်း…သူငယ်ချင်းတွေကို အောက်မေ့တိုင်း ခဏ ခဏ သေနေရသလိုပါပဲ…။

အောင်ဟာ အနှစ်နှစ်ဆယ်လုံးလုံး တွင်းအောင်းသတ္တဝါတစ်ကောင်လို နေခဲ့မိတယ်…ဒါကလည်း အောင့်အခြေအနေကြောင့်ပါ…သံယောဇဉ် တွေအကြောင်း…သမ္မဒယတွေအကြောင်း အောင် သိလွန်းလှလို့ မဟုတ် ပေမယ့် ဆန်းကြယ်လှတဲ့ ချစ်ခြင်းမေတ္တာတွေကြားမှာ ကြီးပြင်းခဲ့ရသူ တစ်ယောက်အနေနဲ့ သည်အဖြစ်တွေကို ထိတ်လန့်နေခဲ့မိတယ်…အဖြစ် သနစ်တွေက အခုထိ အောင့်ကို ခြောက်လှန့်နေတုန်းပဲ…။

သည်တော့ နောက်ထပ် ဆန်းကြယ်တဲ့သမ္မဒယမျိုး ဘယ်သူ့ကိုမှ မပေးချင်တော့ဘူး…သံယောဇဉ်ဆိုတာ စွဲလမ်းတမ်းတရတဲ့သဘောလည်း ပါလေတော့ လှမ်းမမီတဲ့အရပ်မှာ ပန်းပွင့်ပြနေရတာမျိုး မဖြစ်ချင်ခဲ့ ဘူး…ကိုယ်ကလည်း ငိုက်မပေးနိုင် ခူးသူကလည်း လက်မမီနိုင် တံချူ မမီနိုင်တဲ့ဘဝမှာ အောင် နေနေရပါတယ်…။

မင်းရဲကျော်စွာပြောတဲ့စကားလည်းရှိတယ်… *'ငါတို့ရေတွင် မိကျောင်း နှင့်အတူပြုမည်ဟု ကြုံးဝါး၍ကြိုကြသည်ဟု ငါတို့ငတ်မွတ်ချေသော ကြောင့် အကြံနှင့်မညီဘဲ မိကျောင်းကြည်းတင်၏သို့ ရှိချေသည်'* တဲ့။ မိကျောင်းလို ရေမှာ ပျော်ပိုက်ကြစို့ ကြံပါသော်လည်း ရေထဲမနေရဘဲ ကုန်းပေါ် အတင်ခံရသလို ဖြစ်နေရတာပဲ အဖတ်တင်တယ်လို့ ပြော တာပေါ့…မိကျောင်းကြည်းတင် ဆိုတဲ့ စကားဟာ လှသလောက် ခံစားမှုပေါ်တယ်နော်…။

အောင်ဟာ မိကျောင်းကြည်းတင် တစ်ကောင်ပါ…ကုန်းပေါ်အတင်ခံ လိုက်ရတဲ့ မိကျောင်းတစ်ကောင်လို ရေမှာ ပျော်ချင်ပါလျက် ဇွတ် ကုန်းပေါ် အတင်ခံလိုက်ရတယ်…အောင်ချစ်တဲ့ကဗျာ အောင်မြတ်နိုးခဲ့ ရတဲ့ ဂီတသံစဉ်တွေကြား အောင် ဘယ်တော့ပျော်ဝင်ရပါ့မလဲ တောင့်တ နေခဲ့ရတာ ကြာပါပြီ…။

အောင်ဟာ ကိုယ့်ဝေဒနာနဲ့ကိုယ် နေခဲ့ရတယ်…ရှေးက အိုင်ချင်းတစ်ပုဒ် မှာ *'ဉသျှစ်သီး မြေကြီးမှာမြုပ်၊ ပြာအုပ်လို့ မီးဖုတ်လိုက်ရင်၊ သီးဖော် ရယ်မှသီးဖက်၊ အပင်ထက်မှာ တက်တက်စင်၊ မီးကင်သည့်နှယ်၊ ကွဲတတ်တယ်…'* တဲ့။ အောင့်ကို အကြောင်းကံက မီးဖုတ်လိုက်လို့



ပူလောင်ရတာ ခံနိုင်ပါတယ်…ဒါပေမဲ့ မဆီမဆိုင် သီးဖော်သီးဖက်တွေပါ သစ်ပင်ပေါ်မှာနေရင်း ကွဲရတာမျိုး မဖြစ်စေချင်ဘူး…အထူးသဖြင့် မေ့ ကိုပေါ့…"

အောင့်စကားတွေကို သူတကာထက် ကျွန်မက ပိုနားလည်ရပါ၏။ မမေ့သော်လည်း အတွေ့ရခက်သည့် ဘဝတွေမဟုတ်လား။ တစ်ခါက မိခဲ့ဖူးသော လောင်းရိပ်အကြောင်းတော့ အောင်မပြောပါ။ စာသမား ကဗျာသမားဆိုတော့လည်း စာအရသာ ကဗျာအရသာတွေ ရှိလှပါသည်။

"*'သီရိထုံသင်း၊ မြတ်တံတင်းဝယ်၊ ယောင်းမြင်းရှည်လျား၊ ခြောက်အောင် ထားလည်း၊ စံကားရွှေပွင့်၊ နံ့မလွင့်သို့၊ ကြီးရင့်သက်ရွယ်၊ ချစ်မပြယ် တည့်…'* ဆိုသလိုပါပဲ…သေတ္တာထဲမှာ နှစ်ပေါင်းများစွာ သိမ်းထားတဲ့ စကားပွင့်တွေလို ဘယ်လောက်ပဲကြာကြာ ရနံ့မပြယ်သလို ကြီးရင့် သက်ရွယ် ချစ်မပြယ်နိုင်ခဲ့သူပါဗျာ…"

သူငယ်ချင်းတွေက အောင့်စကားကို လှိုက်လှိုက်လှဲလှဲ လက်ခုပ်တီးကြ သည်။ ကိုတိုးကြီးက အောင့်ကို ထဖက်သည်။ ကိုကိုနိုင်ကလည်း ဝမ်းသာအားရ အောင့်လက်နှစ်ဖက်ကို ဆွဲယူလိုက်သည်။ ကျွန်မတို့သူငယ်ချင်းမတွေကလည်း အောင့်ကို နှုတ်ဆက်ကြပါ၏။

အောင်ကတော့ မျက်ရည်တွေကြားမှာ ပြုံးလို့ပါလား။

"အောင်…မင်း နောက်တစ်ခေါက်လာရင် ပုဂံကို သွားကြမယ်ကွာ… တို့မှာ ပြောစရာစကားတွေ အများကြီးကျန်သေးတယ်…"

"ပုဂံကိုသွားဖို့ နောက်တစ်ခေါက်အထိ ကျွန်တော် မစောင့်တော့ဘူး ကိုတိုးကြီး…မနက်ဖြန် ရမည်းသင်းက မေမေ့ဆီ အောင်သွားမယ်… သန်ဘက်ခါ မန္တလေးပြန်လာပြီး ပုဂံသွားကြမယ်လေဗျာ…"

အောင်ကပြောတော့ အားလုံး ငြိမ်ကျသွားကြသည်။ သန်ဘက်ခါ ပုဂံ သွားကြဖို့ဆိုလျှင် နောက်ထပ် သုံးရက်ထပ်ကြာမည်။ နိုင်ငံရပ်ခြားကနေ တကန် တက ရောက်လာသောအောင့်အတွက် သုံးရက်ဆိုသည့်အချိန်ပေးဖို့ သူငယ်ချင်းတွေ ဝန်မလေးလောက်ကြမှန်းလည်း ကျွန်မသိပါသည်။ သို့သော် ကိုတိုးကြီးကပဲ စပြီးငြင်းဆန်လိုက်လေ၏။

"မနက်ဖြန် ရမည်းသင်းအထိ ငါနဲ့ကိုကိုနိုင် လိုက်ခဲ့မယ်ကွာ…ပုဂံတော့ မင်း သီရိမေနဲ့ပဲ သွားပါအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ပုဂံကို လိုက်တော့လိုက်ချင်ပါ့ဟယ်...ငါ့မှာ တနိုင်းအထိပြန်ရမှာ ဆိုတော့ အမေရိကားလောက် မနီးဘူးဟဲ့...ဟိုမှာလည်း သားအဖ တစ်တွေ ပြောင်းဆန်နေလောက်ပြီ"

ထွေးထွေးသိန်းကစလို့ အားလုံးသောသူငယ်ချင်းတွေ တိုင်ပင်ထားကြသလို ပုဂံလိုက်ဖို့အရေး နှုတ်လေးနေကြတာ ကျွန်မရိပ်စားမိပါသည်။ အောင်က ကျွန်မကိုလှမ်းကြည့်နေခဲ့သည်။ ကျွန်မတို့စကားဝိုင်းကလေး ခဏမျှငြိမ်သက်သွားပါ၏။ သည်အချိန်မှာပဲ ကျွန်မခေါင်းထဲ ဖျတ်ခနဲ ပေါ်လာတော့ အောင့်ကို စောင်းတီးပြဖို့ တောင်းဆိုလိုက်ပါ၏။ သူငယ်ချင်းတွေအားလုံးက လက်ခုပ်တီးကြပြန်သည်။

"စောင်းရှိလို့လား...မေ"

"ရှိပါ့ရှင်...အောင် ဂုဏ်ထူးတန်းတက်ဖို့ ရောက်မလာကတည်းက မေ စောင်းတစ်လက်ဝယ်ထားခဲ့တယ်...မေကတော့ နားမလည်ပါဘူး... စောင်းတီးတဲ့ ဆရာမတစ်ယောက်ကို စိတ်ကြိုက်ဝယ်ခိုင်းထားတာပါ..."

ကျွန်မစကားကြောင့် အောင် အံ့သြဝမ်းသာ ဖြစ်သွားပုံရသည်။ အောင့်မျက်လုံးတွေက ကျွန်မကို နားလည်သွားသလို အရောင်တွေ တလက်လက်ရှိနေခဲ့သည်။ စောင်းရောက်လာတော့ အောင်က စောင်းကြိုးတွေကို တော်တော်ကြာအောင် ညှိနေခဲ့သည်။ စိတ်ကြိုက်ရပြီဆိုတော့ အတီးကလေးတစ်ပုဒ် တီးနေသည်။ သန်းခေါင်ကျော် ဆောင်းညထဲမှာ စောင်းသံက ချိုမြလှပါသည်။

"အောင်...ပန်းကြာဝတ်မှုန်မယ်ဘွဲ့ တစ်ပုဒ်တီးပြပါ့မယ်...အဆိုကလေး ဖက်ပြီး တီးမှာပါ...ပခန်းမင်းရေးခဲ့တဲ့ အလွမ်းကလေးပေါ့"

အောင့်စောင်းသံက ကျွန်မတို့အားလုံးကို လွမ်းစေခဲ့သည်။ ၁၉၈၀ ခုနှစ်ကာလများဆီက မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ဂီတဆည်းဆာညများဆီ ပြန်ရောက်သွားကြသည်။ မန္တလေးတက္ကသိုလ် ပင်မအဆောက်အအုံကြီး၏ လှေကားထစ်များ၊ စိန်ပန်းနီနီ၊ ငုဝါဝါနှင့် တမာပွင့်ဖွေးဖွေးတွေ ကြဲပြန့်နေသော တက္ကသိုလ်လမ်းများ၊ အင်းဝဆောင်၊ ရာဇတ်ခန်းမ၊ ရေနီမြောင်း၊ မောနင်းစတား၊ ရွှေမန်း၊ သစ္စာ၊ မြတမာ၊ အောင်မင်္ဂလာ၊ ရွှေပြည်အေး၊ ရတနာပုံ၊ နဒီ၊ ဧယျာ၊ စပါးဝါ...။

*"ပန်းကြာဝတ်မှုန် x x ရွှေဘုံရွှေနန်း x x ညွှတ်ရုံးဝန်းလည် သုံးမည်ခံ ရုံရွှေလယ် ကြောနုတ်နွယ် နွဲ့လန်းကြူးယဉ် ပတ်ဝန်းယှက်သန်း သလွန်မြင့်မှာ သလွန်မြင့်မှန် သိမ်းမြန်း မြနန်းယှန်နွယ် မှုန်တယ် တိမ်ဘုံထက်မှိုင်း ရွှေလရိပ်သည့်တိုင်း ခိုင်းနှိုင်း ဖွယ်သာ ရွှေရင်မှာ ငွေဇလတ္တာ တခြမ်း ဖြူလွှာ ပိတုန်းတောင်စာ ပန်းလွှာရွှေရည် မောင်းရင့်ရင့်လေ x x"*

သည်စောင်းသံကို သည်တစ်ည ရှားတောင့်ရှားပါး ကြားရပြီးလျှင် နောက်တစ်ခါ ဘယ်တော့များမှ ကြားရမှာပါလိမ့်။ သည်လိုနဲ့ စောင်းသံလည်း ဝေး၊ လူလည်း ဝေးနေရဦးမှာလား စောင်းဆရာလေးရယ်...။

ကျွန်မတို့အားလုံး မဟာဂီတနှင့် ဝေးကြသော်လည်း အောင့်အဆိုထဲမှာ နစ်မျောနေကြသည်။ မီးလင်းဖိုကလေးလည်း မီးညွန့်ကျိုးသွားခဲ့ပြီ။ မီးရောင်ဝါလဲ့လဲ့အောက်မှာ စောင်းသံကလွဲ၍ တိတ်ဆိတ်လျက်...။

ရှိုက်သံတစ်ချက် ထွက်လာခဲ့၏။ ကြည့်လိုက်တော့ နွယ်နွယ်တင်။

သူငယ်ချင်းရယ်...။ ငါလည်း ရှိုက်ချင်လှလှပါပဲ။ နင်ငိုလိုက်ပါ...ငိုလိုက်ပါတော့။ နင့်ရင်ထဲ တစ်သက်လုံး သိုလှောင်ထားခဲ့ရသမျှ မျက်ရည်တွေ သည်နေရာမှာ သွန်ချပစ်လိုက်စမ်းပါတော့...။ ခင်ခင်က နွယ်နွယ်တင့်ဆံသားကို ထသွားကာ ခါးကို ဖက်ထားလိုက်သည်။

အောင့်စောင်းသံ ငြိမ်သွားပြီးသည့်နောက်ပင် အခန်းကလေးသည် လှုပ်မလာခဲ့။ ငြိမ်သက်တိတ်ဆိတ်...။

"ကိုင်း...နားကြရအောင်...မနက်ဆယ်နာရီ သည်အခန်းထဲအရောက်... မနက်မှ သွားရေးလာရေး စီစဉ်ကြရအောင်..."

ကိုတိုးကြီးက အခြေအနေကို ထိန်းလိုက်နိုင်ပါ၏။ အောင်တို့သုံးယောက်က အောက်ထပ်မှာ ကျန်ရစ်ခဲ့ကြသည်။ ကျွန်မတို့မိန်းကလေးသူငယ်ချင်းငါးယောက် အပေါ်ထပ်ကို တက်ခဲ့ကြသည်။ ခင်ခင်နှင့် ထွေးထွေးသိန်းက နွယ်နွယ်တင်နှင့် အတူအိပ်ကြလိမ့်မည်။ စိုးစိုးမော်ကတော့ ကျွန်မနှင့် လာအိပ်သည်။ မှန်ပြတင်းက မြင်နေရသော လရောင်...။ စိုးစိုးမော်က ကျွန်မအဝတ်အစားလဲတုန်း ခုတင်စွန်းမှာ ထိုင်သည်။

"သီရိမေရယ်...လွမ်းစရာ ပျော်စရာပါဟယ်...ငါ ငိုချင်လိုက်တာ..."

"စိုးမော်ရယ်...သူငယ်ချင်းတွေအားလုံး ငိုနေကြပါတယ်"

"နင်ကော..."

"ငိုဟာပေါ့ စိုးမော်ရယ်...ငါ အသံမထွက်ဘဲ ငိုနေတတ်တာ အနှစ်နှစ်ဆယ်ကျော်ပြီလေ..."

အခန်းထဲမှာ ရှိနေသေးသော စောင်းသံတွေက လရောင်ထဲကို ပြေးထွက်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၆၉)

တန်ဆောင်မုန်းလပြည့်ည...။

လောကနန္ဒာဘုရားရင်ပြင်ထက်မှာ အောင်နှင့်ကျွန်မ အတူယှဉ်လျက် ရပ်နေကြပါသည်။ ကျွန်မတို့ရှေ့မှာရှိသော ဧရာဝတီမြစ်ကြီးသည်လည်း လရောင်ဆမ်းထားသဖြင့် ငွေရည်ဂယက်ကလေးတွေက အကြေးခွံတွေလို တလက်လက်ခါလျက်ရှိ၏။ မြစ်တစ်ဖက်ကမ်း တန့်ကြည့်တောင်တန်းကြီးကတော့ မြစ်ထဲက ထိုးထွက်နေသည် ထင်ရပါ၏။ အရှေ့မိုးကောင်းကင်ထက်မှာတော့ တန်ဆောင်မုန်းလပြည့်ဝန်းကြီးက အစွမ်းကုန် ဖွေးဖွေးသာလျက်။ မြစ်သောင်ခုံ၊ သဲသောင်ပြန့်၊ လှေဆိပ် စသော မြင်ကွင်းတွေက လရောင်ထဲမှာ အေးမြနေပါ၏။ မြစ်ဘက်ဆီက ဖြတ်တိုက်လာသောလေက ဘုရားရင်ပြင်တော်ကို ကျော်ကာ သီရိပစ္စယာရွာကလေးထဲအထိ စီးဆင်းသွားလေသည်။ အောင်က လရောင်နှင့်မြစ်ကို ငေးနေခဲ့သည်။

"လှလိုက်တာမေရယ်...သည်လောက်လှပြီး ကျက်သရေရှိတဲ့မြင်ကွင်းမျိုးဟာ အောင်တို့တိုင်းပြည်မှာပဲ ရှိတယ်...အောင်တို့နှလုံးသားကို ကိုင်လှုပ်နိုင်တဲ့ အလှပါ...အောင်ကတော့ အိပ်မက်တွေ ပြန်မက်နေရသလိုပါပဲ...ရင်တွေ တစ်ခါ ခုန်မိရပြန်ပါရဲ့..."

အောင် တကယ့်ကို လွမ်းလွမ်းဆွေးဆွေးပြောနေခြင်းဖြစ်သည်။ ဘုရားရင်ပြင်တော်မှာ ကျွန်မတို့သာ ရှိသည်။ အောင်က ဘုရားအုတ်တံတိုင်းပေါ်မှာ လက်ထောက်လျက် မြစ်ဘက်ကို ငေးကြည့်ရင်း ပြောနေခြင်းဖြစ်သည်။ လရောင်ထဲမှာ ဘေးတိုက်မြင်နေရသော အောင့်မျက်နှာကို ကျွန်မ မော့ကြည့်နေမိပါ၏။ ကြည်နူးလန်းဆန်းနေသော အောင့်မျက်နှာကို မြင်ရတော့လည်း စိတ်ချမ်းသာရသည်။ ပြင်ဦးလွင်တွင် သူငယ်ချင်းတွေ ဆုံကြစဉ်က အောင့်ခံစားမှုတွေကို ကျွန်မကြားခဲ့ရသည်။ မနေ့တုန်းက မန္တလေးတက္ကသိုလ်ဝင်းထဲ ကျွန်မတို့သူငယ်ချင်းတွေ



ယ်ခြေရာတွေ လိုက်ကောက်ခဲ့ကြသေးသည်။ အရာအားလုံးကို အောင်က မှတ်မှတ်မိမိပြောနေတော့လည်း ကျွန်မအံ့သြခဲ့ရပါသေး၏။

"မေတို့ရှိရာ အင်းဝဆောင်တွေဘက်လာတိုင်း သည်တမာပင်ကြီးကို အောင် မော့ကြည့်မိတာချည်းပဲ...တမာရွက်ကလေးတွေကို အောင်ချစ်လို့လေ..."

"ဓာတုကလျာ ရှိတဲ့အဆောင်ကို နတ်ရှင်နောင်က အခစားဝင်ခဲ့တာပေါ့ဟယ်"

ကျွန်မတို့ ဓာတုဗေဒစာသင်ဆောင်များရှိရာသို့ မြန်မာစာကျောင်းသားအောင် ရောက်လာခဲ့တတ်သည့်နေ့တွေ...။ ဩော်...တမာရွက်ကလေးတွေကိုတောင် ချစ်တတ်ခဲ့သူရယ်...။

"မထွေးက နတ်ရှင်နောင်ဆိုလို့ အောင် ကဗျာရွတ်ချင်လာပြီ...။ နတ်ရှင်နောင်က ဓာတုကလျာမိဖုရားကို ဖွဲ့တဲ့ရတုပိုဒ်စုံလေ... *'ရှစ်ဆိုင်ရွက်ကြာ၊ ဖြန့်မိုးကာသား၊ မင်းသာစံမှတ်၊ စက်ပြာသာဒ်သို့၊ ရှိသွတ်ရည်ဆက်၊ ဖူးသည့်ရက်ဝယ်၊ စိတ်စက်နှလုံး၊ စုရုံးကြွင်းမဲ့၊ ကြွေခဲ့မတတ်၊ ဆွတ်လွတ်လှည့်ကာ၊ ဗျာပါကျူးပြစ်၊ စင်စစ်မသိ၊ မျက်စိလိုလိုက်၊ ပါကြိုက်သရွေ့၊ မြော်သည့်နေ့က၊ မမေ့စဖူး၊ အကျူးအလွန်၊ ဆယ်ပြန်ဆယ်ထပ်၊ တည်ရပ်မဲ့ဆုံး၊ ယူသို့ကျုံးသည်၊ သက်လုံးဆက်ပါချင်တော့သည်...'* တဲ့"

အောင့်ကဗျာရွတ်ဟန်က လွန်ခဲ့သော ၄နှစ်နှစ်ဆယ်တုန်းကလို ပီသကြည်မြဆဲ...။ အောင်ရယ်... *'ပြက်ပြက်ဟရည်၊ မသိသည်နှင့်၊ နွေလည်ရာသီ၊ ပွင့်ပြိုင်ညီကာ၊ နာရီပါဒ်ဝက်၊ လျှပ်တစ်ပြက်မျှ၊ စုံမက်ဆပွား၊ ချန်မထားသည်၊ သနားရက်သာဖြင်တော့သည်...'* ဆိုတာများ ဆက်ရွတ်လိုက်ပါဦးတော့လား...။ အဲသည်နေ့က နတ်ရှင်နောင်ရတုတွေ တော်တော်များများ အောင် ရွတ်ပြခဲ့သေးသည်။

အောင့်ကို ကျွန်မ ပိုနားလည်ခဲ့ရတာလည်း အမှန်ပင်။ သည်လို ရိုးရေချစ်သောစိတ်ကိုပဲ အစဉ်တစိုက် ကျွန်မသတိထားမိခဲ့သည်။ အောင့်မှာ သည်စိတ်တွေ မခန်းနိုင်သေးတာကိုပဲ ကျွန်မ ဝမ်းသာနေမိရသည်။ အောင့်ရိုးသားမှုက သူတစ်ပါးဆီသို့ ချက်ချင်းကူးစက်နိုင်သော ရိုးသားမှုမျိုးပင်။ သူ့အပြုံးသည် ဟန်ဆောင်ခြင်းမပါသော အပြုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်ပုံရိပ်တွေဟာ အောင့်ရင်ထဲ အမြဲတမ်းရှိနေတဲ့ပုံရိပ်တွေပါမေ... အောင်က ပုဂံကို အလွတ်ရတယ်ဆိုရင် မေအံ့သြမှာပဲ...ကိုယ့်တိုင်းပြည်ကို သတိရရင် ပုဂံပုံရိပ်တွေက အမြဲတမ်း ပါနေတတ်တယ်..."

"အောင့်ကို မေ ယုံကြည်ပါတယ်...ဒါပေမဲ့ ပုံရိပ်တွေကို လွမ်းရတဲ့အတွက်တော့ စိတ်မကောင်းဘူး...အောင့်ကို ဒါကြောင့် ပုဂံကို ခေါ်လာခဲ့တာပေါ့...သည်နေရာက ဧရာဝတီကိုလည်း မြင်ရတယ်...ပုဂံကိုလည်း မြင်ရတယ်...လရောင်လည်း မြင်ရတယ်...ဒါဆိုရင် ကိုယ့်တိုင်းပြည်ကို မြင်ရတာပဲပေါ့..."

"မေ ပြောတာမှန်ပါတယ်...ပုဂံကိုဖြတ်သွားတဲ့ ဧရာဝတီ...ဧရာဝတီကို ဝန်းရံထားတဲ့ပုဂံ...သည်အချက်ကိုက ကဗျာတစ်ပုဒ် ဖြစ်နေခဲ့တယ်"

"မေလည်း တွေးမိတာရှိပါတယ်"

"ဘာကိုလဲ...မေ"

"မေ ဖတ်ဖူးတဲ့စာပါ...လူတွေဟာ ရင့်ရော်ခြင်းကို ရင်ဆိုင်ရာမှာ စိတ်ပိုင်းအရ တိုက်ဖျက်ရမယ့် အန္တရာယ်ကြီးနှစ်ခုရှိတယ်တဲ့...တစ်ခုက လွန်လေပြီးသော အတိတ်အကြောင်းကို အလွန်အမင်း ပြန်ပြောင်းတွေးတောခြင်းနဲ့ တစ်ခုက အားသစ်ခွန်သစ်တွေ ရလာလေမလားရယ်လို့ ကိုယ့်ကိုယ်ကိုယ် ငယ်သေးတယ်လို့ ဖွတ်မထင်မိဖို့ပဲတဲ့...။ မေတို့ရှေ့မှာ ရင့်ရော်ခြင်းတွေ ရှိနေကြပြီ...တရွေ့ရွေ့ ဖြတ်နေကြရပြီ...တုန်လှုပ်စရာ မဟုတ်သလို ပေါ့တန်ရမယ့်ကိစ္စတော့လည်း မဟုတ်ပြန်ဘူး...သေချာတာကတော့ ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းနိုင်ဖို့ပဲ...မေကတော့ ကုန်သွားတဲ့အချိန်တွေကို နှမြောစိတ်ရှိတယ်...ဒါကလည်း နုပျိုခြင်းတွေ ကုန်သွားပြီရယ်လို့ ပြောတာမဟုတ်ပါဘူး...အဓိပ္ပာယ်ရှိတဲ့အချိန်တွေ ကုန်သွားရတာကို နှမြောတာပါ"

"အောင် သဘောပေါက်ပါတယ်မေ...ဆက်ပြောပါဦး"

"သည်လိုပါ ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူး...ဘာပဲဖြစ်ဖြစ် ငယ်ဘဝတွေကို ပြန်မရနိုင်တော့ဘူးအောင်...သည်ကြားထဲက ရှေ့ခရီးကလည်း မသေချာလှဘူးဆိုရင် ဘာအဓိပ္ပာယ်ရှိတော့မလဲဆိုတာ တွေးမိလို့ပါ...အတိတ်ဆိုတာ ပြန်ရွေ့ယူချင်လို့ မရတော့ဘူး...အဲသည် အတိတ်တုန်းက ငယ်ခဲ့တဲ့အရွယ်ကိုလည်း ပြန်ရောက်ချင်လို့ မဖြစ်နိုင်



တော့ဘူး...သည်တော့ အခုလက်ရှိ ရပ်နေတဲ့ ပစ္စုပ္ပန်ကို ဆင်ခြင်၊ အနာဂတ်ကို ရှေးရှု၊ လိုအပ်ရင် အတိတ်ကို အောက်မေ့နိုင်ဖို့ပဲရှိတယ်... အောင့်စိတ်ကူးတွေတော့ အောင်ပဲသိမှာပေါ့လေ...မေက ခေါင်းထဲရောက်လာတာ ပြောတာပါ"

"အောင်ကတော့ ကိုယ့်တိုင်းပြည်ကို ကာလသုံးပါးစလုံးနဲ့ လွမ်းနေရသူပါ မေ...အလွမ်းတွေဟာ အောင့်ဆီက တစ်ဖဝါးမှ မခွာနိုင်ကြဘူးဆိုတာလည်း အမှန်ပါ...ဒါပေမဲ့ အရိုးစုတွေကို တူးဖော်တွယ်ဆက်ပြီး ဒိုင်နိုဆောတစ်ကောင် ဖြစ်အောင်လုပ်ပြီးမှ ကျောက်ခေတ်ကို လွမ်းတာမျိုး မဟုတ်ပါဘူး...အောင့်မှာ ဇာတိစိတ်ရှိပါတယ်"

အောက်ဘက် ရေဆိပ်ဆီမှာတော့ လှေကလေးတွေ ရှိသည်။ ထမင်းအိုးမီးတောက်တွေ ရှိသည်။ မြစ်စပ် တံငါလှေကလေးဆီက သီချင်းသံသဲ့သဲ့ကို ကျွန်မတို့ ကြားနေရသည်။ အသံမကောင်းလှသော်လည်း ခံစားချက်အပြည့်ဖြင့် ဆိုနေမှန်းသိသာလှ၏။ လသာသာ လှိုင်းတပုတ်ပုတ်နှင့် လောင်းလှေကလေးပေါ်က ကိုတံငါ၏ ဘဝသည် ဘာအပူအပင်မှ မရှိလေရော့သလား။

"အဲဒါ...ဧရာဝတီမြစ်သားက ဘုရားဆိပ်မှာ ကြားနိုင်တဲ့အသံတွေပဲ... ကဗျာဆရာတစ်ယောက်ပြောသလို မိဘအိမ်မှာ ဧည့်သည်တစ်ယောက် ဖြစ်နေရသူ အဖို့ လွမ်းရတဲ့အသံတွေပါ"

"ကောင်းကင်ကကော ဘာထူးလို့လဲအောင်...လွမ်းရတဲ့အရောင်တွေပဲ မဟုတ်လား..."

အောင့်ပခုံးပေါ်ကို ကျွန်မလက်ကလေး ဖွဖွတင်ကာ ကောင်းကင်ကို လက်ညှိုးထိုးပြလိုက်သည်။ ဝန်းဝန်းပြည့်ပြည့်ကြီး သာလွန်းရက်သည့် လမင်းကြီး...။ အောင်က မြစ်ပြင်ဘက် ငေးနေရာမှ သည်ဘက်ကို လှည့်ကာ လမင်းကို မော့ကြည့်သည်။

"လရောင်မှာ ဆွဲငင်အားရှိတယ်ဆိုတာ ကျောင်းမှာ သင်ခဲ့ရတုန်းက သိပ်မယုံခဲ့ဘူး...ခံစားတတ်လာတော့မှ ယုံတာမေရဲ့...။ ဒီရေကိုတောင် ဆွဲတင်နိုင်မှတော့ မေ့လောက်တော့ အသာလေးပေါ့..."

"ဟုတ်ပါ့...မေ့စိတ်တွေလည်း ဒီရေလိုပဲ...တက်ချည် သက်ချည်နဲ့ ရှေ့တိုးနောက်ငင်စိတ်ဟာ လရောင်ကြောင့် ဖြစ်ရတာကို ယုံနေမိပြီ... လရောင်ကို ခံစားလို့ရတဲ့နေရာကို အမြဲတမ်း ရွေးချယ်ပြီးနေချင်တယ်...

www.burmeseclassic.com

www.burmeseclassic.com



အောင်ပြောခဲ့ဖူးတယ်မှတ်လား...လဟာ လခွဲတစ်ကြိမ်ပဲ သာတယ်လို့...အဲသလို လခွဲတစ်ကြိမ်ကို မျှော်ရတာ တစ်လျှောက်လုံးပဲ...လဆန်းရက်တွေဆိုရင် ဘာမှန်းမသိဘဲ ပျော်နေတာလေ...ဒါကြောင့်မေ့ရဲ့ ပြင်ဦးလွင်ခြံကို ဆန်းစသော်တာလို့ နာမည်ပေးထားတာလေ...ဆန်းစသော်တာ ကွေးကွေးလေးကို စိတ်နဲ့ ဖြည့်ဖြည့်ကြည့်နေရင်းက လပြည့်သွားတယ်...ပြည့်ရာက စိတ်နဲ့ပဲ နုတ်နုတ်သွားမိပြန်ရော...အမှောင်ဆုံးပြီးရင် ဆန်းစသော်တာ ပေါ်လာပြန်တာပါပဲ..."

"မေရယ်..."

ကျွန်မတို့နှစ်ယောက်သား ဘာစကားမှမဆိုဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။ မနက်ဖြန်ဆို အောင်ပြန်ရတော့မည်။ နောက်တစ်ခေါက်ဆိုတာ ဘယ်တော့လဲလို့ ကျွန်မ မမေးပါ။ မေးလည်းမမေးချင်ပါ။ လမင်းလို ဆုတ်ခြင်းဆန်းခြင်းသည် သူ့ကိစ္စပါ။ အောင့်လိုလူကို ကျွန်မ တရားဦးမယောသာပါ။

ကျွန်မတို့ ပုဂံကို အနှံ့လည်ဖြစ်ကြပါသည်။ ပုဂံသည် ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဆွဲဆောင်မှုရှိနေဆဲဖြစ်ပါသည်။ ခရစ်နှစ် ၁၀၈ ခုနှစ်တွင် ရွာပေါင်း ၁၉ ရွာကို စုစည်းကာ သမုဒ္ဒရာဇ်မင်းက အရိမဒ္ဒနပူရကို တည်ထောင်လိုက်သည်ကအစ ယနေ့အထိ ပုဂံ အစွန့်တည်လျက်ရှိ၏။

"ခရစ်နှစ် ၃၄၄ က ၃၈၇ မှာ သေဉ်လည်ကြောင်မင်းက ယုန်လွှတ်ကျွန်းအရပ်ကနေ သီရိပစ္စယာ ကျောက်စံကားအရပ်ကို ပြောင်းခဲ့တယ်...သိုက်တိုင်မင်း လက်ထက်မှာ တမ္ပဝတီခေါ်တဲ့ ဖွားစောအရပ်ကို ရွှေ့လာခဲ့ပြန်တယ်...ခရစ်နှစ် ၅၁၆ ကနေ ၅၂၃ လောက်ထင်တယ်...ပုဂံမင်းဆက် ၃၄ ဆက်မြောက်မှာ ပျဉ်ပြားမင်းက အခုလက်ရှိ ပုဂံမင်းနဲ့ ကျုံးမြို့ရိုးတွေ တည်ခဲ့တယ်လို့ မြန်မာရာဇဝင်တွေမှာ အောင်ဖတ်ရတာပဲ...အထောက်အထား ခိုင်ခိုင်မာမာရှိခဲ့တာကတော့ ခရစ် ၁၀၄၄ခု အနော်ရထာမင်းကြီးလက်ထက်ကနေ ပုဂံပျက်ရတဲ့ စောမွန်နစ်မင်းလက်ထက်အထိပဲ..."

"ပုဂံပျက်တာက ဘယ်နှစ်လဲ"

"ခရစ် ၁၃၂၅ ကနေ ၁၃၆၉ အထိပေါ့...၁၄ ရာစုပေါ့ မေ..."

အောင့်ကို ကျွန်မ လက်ဆွဲကာ ချီးကျူးဂုဏ်ပြုလိုက်ပါသည်။ အောင့်မှာ ဇာတိစိတ်တွေ အပြည့်ရှိနေတာပါလား...အောင်ဟာ မြန်မာတစ်ယောက်အဖြစ် ရှိနေသေးပါလား...အောင်ကလည်း ကျွန်မလက်တွေကို ပြန်ဆုပ်ထားလိုက်ပါ



သည်။ လောကနန္ဒာဘုရားစေတီထက်က ဆည်းလည်းသံကလေးတွေက တလွင်လွင်မြည်လျက်...။

ပုဂံညစာကိုတော့ ပုဂံဟန် ဆောက်ထားသည့် စားသောက်ဆိုင်ကလေးမှာ ကျွန်မတို့ စားဖြစ်ခဲ့ကြသည်။ ညောင်ဦးဘက်ကို ကူးကာ ရွှေစည်းခုံဘုရားကြီးကို ဖူးခဲ့ကြသည်။ ဧရာဝတီမြစ်ဘေးက ဧရာဝတီဟိုတယ်ဆီ အောင့်ကို လိုက်ပို့ရင်း မြစ်ကို မြင်နေရသော စားသောက်ခန်းမှာ စကားတွေ ထိုင်ပြောဖြစ်ခဲ့ကြသေးသည်။ မြစ်လေအေးအေးကြောင့်လည်းကောင်း၊ လသာသောရေပြင်နှင့် မြစ်ပြင်ကျယ်ကြီးကို ကြည့်မဝတာကြောင့်လည်းကောင်း ကျွန်မတို့ချင်း မခွဲနိုင်ကြသေး။

"မေ့ကို ပုဂံမှာပဲ အမှတ်တရစကားတစ်ခွန်း ပြောချင်တယ်မေ...ဘဝမှာ အထင်ကရဖြစ်ချင်တာလည်း ပါလို့ပါ...အောင့်ကို ပြောခွင့်ပေးပါ..."

"ပြောပါအောင်..."

"သည်တစ်ခေါက် အောင်ပြန်လာတာ စကားလုံးတွေ သယ်ဆောင်လာခဲ့တာပါမေ...အဲသည်စကားလုံးတွေက မများလှပေမယ့် သိပ်ကိုလေးလံပါတယ်..."

"လေယာဉ်ကွင်းမှာ ပေါင်ပိုများ ဆောင်ခဲ့ရသေးသလားအောင်ရယ်..."

အောင့်စကားကို ကျွန်မကြိုသိနေခဲ့ပါ၏။ ဟုတ်ချင်မှလည်းဟုတ်မည်။ သည်လိုပင် ကြိုသိသလိုလိုနှင့် လွဲခဲ့ရတာတွေ များခဲ့လှပြီမဟုတ်လား။ ကျွန်မက အောင် ပေါ့ပေါ့ပါးပါးပြောနိုင်ဖို့ စလိုက်ခြင်းဖြစ်သည်။

"မေနဲ့ ကိုရဲ..."

"တော်ပါတော့ အောင်...အောင်ပြောရမယ့်စကားသာ ပြောပါ"

"မေ့စကားနဲ့ပဲ ပြောပါရစေတော့...ဥသြနဲ့အတူ ပန်းပွင့်တွေပါ ပါတဲ့ နွေဦးကို မေ့ဆီ ဆောင်ကျဉ်းခဲ့ချင်ပါပြီ..."

ကျွန်မ မအံ့သြပါ။ အောင့်ဆီက သည်စကားမျိုးကို တစ်နေ့ ကြားရဖို့ ကျွန်မမျှော်လင့်ခဲ့ပြီးသား။ အနှစ် နှစ်ဆယ်လောက် ကြာမည်မထင်ခဲ့တာပဲရှိသည်။ နှုတ်ဖြင့်ပြောမှ သိကြရမည့်သူတွေ မဟုတ်တော့ ကျွန်မတို့နှစ်ယောက်စလုံး ခံစားမှုတွေကတော့ အနှစ်နှစ်ဆယ် စောခဲ့ကြသည်မဟုတ်လား။ ကျွန်မပြုံးလိုက်မိပါ၏။

"ဒုတိယနွေဦးတစ်မျိုး နမူနာလာပြတာလား အောင်ရယ်...နဂါးငွေ့တန်းတွေဆီ မေ မလိုက်ပါရစေနဲ့ရှင်"

"မေ စဉ်းစားပါဦးလေ...အခုမှတော့ အောင် မလောပါဘူး...မေ့အတွက် အချိန်ရှိရဦးမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မေ စဉ်းစားချင်ပါသေးတယ်အောင်...အခု တန်ဆောင်မုန်းလပြည့် နော်...တပေါင်းလပြည့်နေ့အထိတော့ အချိန်ပေးရမယ်"

"ကောင်းပြီလေ..."

ကျွန်မလက်တွေကို အောင်က ခပ်ဖွဖွဆုပ်သည်။ အောင့်ကို ဧရာ ဟိုတယ်မှာ ထားခဲ့ကာ ကျွန်မတည်းခိုနေသည့် ယာခင်းသာဟိုတယ်ကို မောင်းလာခဲ့သည်။ ညေ့ပါးချိန်ဆိုတော့ ပုဂံညသည် ရှင်လင်းနေပါ၏။ ရေမိုးချိုးပြီး သစ်သီးရည် တစ်ခွက်သောက်ရန် အပေါ်ဆုံးထပ်ကို တက်လာခဲ့သည်။ ပုဂံကို ဆီးမြင်နေရသည်။ အောင်ကတော့ သည်ညမှာလည်း ဧရာဝတီကို ထိုင်ကြည့်နေလိမ့်မည်။ ကောင်းကင် ကို မော့ကြည့်လိုက်တော့ ကြယ်စုမှုန်တွေကို လိုက်ရှာနေခဲ့မိသည်။ နဂါးငွေ့တန်း ကြယ်စုမှုန်တွေ...။

ပုဂံဟိုတယ်တစ်ခုဆီက စောင်းသံကို ကြားနေရသည်။ 'ပန်းကြာဝတ်မှုန်' ပတ်ပျိုးများပေလား။

နောက်တစ်နေ့မနက်စောစော အောင့်ဆီက ဖုန်းလာသည်။ ပုပ္ပားကို ဝင်ကြဦးမှာဆိုတော့ စောစောထွက်ဖို့ နှိုးခြင်းဖြစ်သည်။ အောင် မအိပ်ဘူးလား ဆိုတော့ မအိပ်ရသေးဘူး...လရောင်ကို တစ်ညလုံး ထိုင်ကြည့်နေတာဆိုပါ၏။

မနက် ခုနစ်နာရီ ဟိုတယ်ဘရိတ်ဖတ်စ် စားပြီး ပုပ္ပားကို ကျွန်မတို့ ထွက်ခဲ့ကြသည်။ ဗျတ္တပန်းဆက်လမ်းအတိုင်း ကျွန်မတို့ ကားမောင်းခဲ့ကြတော့ ရာသီဥတုက အေးမြသာယာနေပါသည်။

"သည်လမ်းက ဗျတ္တက ပုပ္ပားကို ပန်းလာယူရတဲ့ တောလမ်းကလေး ဖြစ်မလားမသိဘူးနော် မေ...ပုဂံနန်းကနေ မယ်ဝဏ္ဏဆီ ခဏခဏ လာရတော့လည်း ကိုဗျတ္တခမျာ မောရတယ်ရှိမှာမဟုတ်ပါဘူး..."

"မောချင်လည်း မောမှာပေါ့အောင်ရယ်...ကိုဗျတ္တက တစ်ပြည်သား ကုလားကလေးမဟုတ်လား...မယ်ဝဏ္ဏခမျာလည်း သူ့ချစ်သူကို မျှော် မောခဲ့ရှာမှာပဲ...ချစ်မိလို့သာကိုး အောင်ရဲ့...စိတ်တော့ ချလောက်မယ် မထင်ပါဘူး"

အောင်က အားရပါးရရယ်သည်။ ကျွန်မလည်း ကိုယ့်စကားနှင့်ကိုယ် ရယ်ဖြစ်ပါ၏။ အောင်က ပုပ္ပားကျရင် မယ်ဝဏ္ဏနတ်နန်းကို ဝင်ကြည့်ဦးမည်ဆို၏။ စကားဝါပွင့်ချိန်မဟုတ်သော်လည်း စကားဝါပင်တွေကတော့ အရွက်စိမ်းစိမ်းနှင့် လှပနေပါသည်။ အောင့်အတွက် စကားဝါပုလင်းနှင့် ဆေးမြစ်စုံတစ်တွဲ ဝယ်ခဲ့သည်။ အောင့်ကိုပေးတော့ ရယ်သည်။



"ဆေးမြစ်စုံက အမေရိကား ယူသွားရမှာလား မေ..."

"ယူသွားအောင်...အမေရိကန်ညော်မမိအောင်လို့လေ...ညော်ခံမြစ်ပါ တယ်...ပျစ်ပျစ်ကလေး သွေးလိမ်း..."

အောင်ရော ကျွန်မပါ ရယ်ကြရပြန်ပါ၏။ အောင်က ပုပ္ပားတောင်ဘွဲ့ကို ရွတ်သည်။

*"သိုးကလေ၊ ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြား၌၊ နံ့ရှား ကြိုင်လှိုင်၊ ခါတန်ပွင့်သည်၊ ရွှေနှင့်ယိုးမှား၊ ပန်းစံကား..."*

ကျွန်မကလည်း အားကျမခံ ရွတ်ချင်ခဲ့မိပါ၏။

*"ဆွေမိမင်း၊ မျက်သုတ်နီစင်၊ ရထည်းဖျင်နှင့်၊ ကျိုင်းစင်မြဝါ၊ မတ်ကြီး လျာကို၊ မယ်သာကြိုက်မိ တုမရှိ..."*

သို့သော် မရွတ်ဖြစ်ခဲ့ပါ။ ပုပ္ပားမှာ မနက်စာစားပြီးတော့ အောင့်ကို ပုဂံလေဆိပ် လိုက်ပို့လိုက်ပါသည်။

*'သူသွားတော့မည်*
*ပွေ့ချော့တွေးလည်း၊ ဝမ်းနည်းရှုံ့မှု*
*မှုန်ဝါးမျက်နှာ၊ မျက်ရည်ကာဆီး*
*ပြန်လာပါဦး...ခွဲချင်ဘူးကွယ်...'*

(ကြည်အေး)

အောင့်လေယာဉ်ထွက်သည်အထိ မစောင့်တော့ဘဲ ကျွန်မ ကားကို မန္တလေးဘက်ဆီ ပြန်မောင်းလာခဲ့ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၇၀)

ပျံ့ပျံ့ ပျံ့ပျံ့ ၊ လေရှိမြူးဝယ်
ဘယ်လူးညာငဲ့ ၊ ကြာမှုံနွဲ့သည်
ရီလှဲဆည်းဆာ သာသောကြောင့် ။

ပေါ်နီး ပေါ်နီး ၊ မျှော်ခေါ်ကိုးသည်
ရှေးမှီးဝပြင် ၊ စန်းစက်ရှင်ကို
ဖူးချင်မောလှ ပါသောကြောင့် ။

ညှိုးချဲ့ညှိုးချဲ့ ၊ တအားနွဲ့၍
ကြွေမဲ့အသွင် ၊ ရုတ်ခြည်းဆင်သည်
စန်းရှင်မတွန်း လှာသောကြောင့်…။

(မင်းသုဝဏ်)

ချစ်သောအောင်၊

သည်ကနေ့ တပေါင်းလပြည့်နေ့ဆိုတော့ အောင်ပြန်သွားခဲ့တာ သုံးလရှိသွားခဲ့ပြီနော်…အောင် ရေးပို့တဲ့ e-mail တွေ ရတဲ့အခါတိုင်း ပြင်ဦးလွင်က ဆောင်းည (စောင်းညလို့လည်း ခေါ်နိုင်ပါရဲ့) ကို သတိရမိပါတယ်…အဲသည်ညက ဘယ်သူမှ မအိပ်စက်နိုင်ခဲ့ကြဘူး…အောင် ရောက်လာတာ ဝမ်းသာကြသလို မထင်မှတ်ဘဲ စကားဝိုင်းကလည်း ကောင်းတော့ မငြီးနိုင်ခဲ့ကြဘူးထင်ပါရဲ့…။

သူငယ်ချင်းတွေနဲ့ ဆုံပြီးနောက်ပိုင်း မေ့ဘဝလည်း လန်းဆန်းသွားခဲ့ရပါရဲ့…တစ်နယ်စီ ဝေးနေကြပေမယ့် အမိတက္ကသိုလ်ကျောင်းတော်ကြီးက မွေးထုတ်ပေးလိုက်တဲ့ မောင်နှမတွေ ပြန်ဆုံ

BURMESE CLASSIC .com



တွေ့ကြရတော့လည်း အပေါင်းတွေ အသစ်ဖြစ်ရပါတယ်လေ…အခုတော့လည်း ကိုယ့်နေရာကိုယ် ပြန်ကြရပြီပေါ့…ဘဝတွေထဲ ခေါင်းထိုးနစ်ရင်း ရုန်းကန်လှုပ်ရှားနေကြရတဲ့သူတွေကို အောင်ရဲ့… ပြောရရင် စက္ကူဂျုပ်ဘူးထဲက စစ်တုရင်ရုပ်ကလေးတွေကို လက်နဲ့ဆုပ်ပြီး ရောက်ချင်ရာရောက် ကြဲပက်လိုက်သလိုပဲ…ကျတဲ့နေရာမှာ ငုတ်တုတ်ကလေးတွေ မလှုပ်မယှက် နေကြရသလိုပေါ့လေ…တချို့က ပွန်းကလေးတွေ၊ တချို့က မြင်းရုပ်၊ တချို့က ရဲတိုက်…အောင်ကတော့ ခပ်ဝေးဝေးကို ရောက်သွားတဲ့ ဘုရင်ကြီးပေါ့…သူငယ်ချင်းတွေ ပြန်သွားတော့မှ တို့တစ်တွေဟာ ကြောင်ကြခြင်းနဲ့ တောင့်တခြင်းတွေကြားမှာ ရှိကြရတုန်းပဲဆိုတဲ့ အောင့် စကားကို သဘောပေါက်မိတယ်။

အောင်ရေ…

စိတ်မကောင်းစရာသတင်းပေမယ့် မေ ပြောရတော့မှာပဲ…ပြီးခဲ့တဲ့လက နှယ်နှယ်တင်တစ်ယောက် ဆုံးပါးသွားခဲ့ရှာပြီ…မေတို့တွေ တောင်ကြီးကို သွားကြတယ်…ကိုကိုနိုင်လည်း ပါတယ်လေ…မပေါင်းဖက်လိုက်ရတဲ့ ချစ်သူနှစ်ဦးရဲ့ နောက်ဆုံးတွေ့ဆုံခန်းကိုတော့ မေ ရေးမပြပါရစေနဲ့တော့…နှယ်နှယ်တင်ဟာ ချစ်သူကို ခန္ဓာမစွန့်ခင် တွေ့ဆုံခဲ့ရမှုအပေါ် ကျေနပ်သွားရှာမယ် ထင်ပါရဲ့…ကိုကိုနိုင်လည်း တကယ် အရက်ပြတ်သွားခဲ့ပြီအောင်…။

မေ့အတွက်တော့ အချစ်ဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ရမှန်းတောင် မသိတော့ပါဘူးကွယ်…။

တန်ဆောင်မုန်းလပြည့်ညက အောင်နဲ့ ပုဂံကိုရောက်ခဲ့ကြတာကိုလည်း သတိရနေမိလိုက်တာ…။

အောင်ရေ…

မေ့အကြောင်းတွေပြောတုန်းက စကားတွေ ချန်ထားခဲ့သလိုပဲ အောင်ကလည်း ချန်ထားခဲ့တယ်နော်…မေ သဘောပေါက်ပါတယ်…သူငယ်ချင်းတွေကတော့ အောင်နဲ့မေ့ကို အံ့သြနေကြလေရဲ့…ဟုတ်မှဟုတ်ရဲ့လားဆိုတဲ့ မျက်နှာတွေနဲ့လေ…။

ပုဂံမှာ အောင်ပြောခဲ့တဲ့စကားတွေကို မေ သတိရနေပါတယ်…အောင်က ပုဂံနေဝင်ချိန်ကို စောင့်မကြည့်ချင်ပါ[illegible]တော့…

www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးခန်းတစ်ခုကို အလှတရားတစ်ခုအနေနဲ့ အောင်မကြည့်ချင်ဘူးတဲ့...ပုဂံ နေထွက်ချိန်ကိုပဲ စောင့်ချင်တယ်ဆိုတာလေ...နေ့တစ်နေ့ရဲ့ မွေးဖွားခြင်းကို အောင် သဘောကျတယ်တဲ့...အောင်ပြောမှ မေလည်း စဉ်းစားမိရတယ်...။

ပုဂံမြေမှာ အောင်ပြောခဲ့တဲ့ သုံးခွန်းသောစကားကို မေ အလေးအနက်ထား စဉ်းစားခဲ့ပါတယ်...

'မေ့ဆီကို ဥသြငှက်နဲ့ ပန်းပွင့်တွေ တစ်ပါတည်းပါတဲ့ နွေဦးကို ခေါ်ခဲ့ပါရစေ' ဆိုတာလေ...။ အောင်ပြောချင်တဲ့ စကားအဓိပ္ပာယ်ကို မေ သဘောပေါက်ပါတယ်...အနှစ် နှစ်ဆယ်လုံးလုံး နောက်ကျခဲ့ဖို့ မကောင်းလှပေမယ့် မေ့အတွက်တော့ အဓိပ္ပာယ်ရှိနေတုန်းပဲလို့ ခံစားရတာတော့ အမှန်ပါ...။

မေက အောင့်ကို ယုံကြည်ပါတယ်...ဒါပေမဲ့ သီတာဒေဝီလို မိန်းမသားတောင် ရသေ့ရဟန်းယောင်ဆောင်ထားတဲ့ ဒသဂီရိကို စည်း သုံးတန်ကျော်ပြီး သစ်သီးဆွမ်း လောင်းမိလို့ သိန်းခိုပြည် ပါသွားရတဲ့ အဖြစ်ကလည်း ရှိတော့...စည်းကျော်လာတဲ့ အောင့်ကို သစ်သီးဆွမ်းလောင်းဖို့ မေ သိပ်ကိုစဉ်းစားနေရတာလည်း အမှန်ပဲ...။ (အောင်က ဒသဂီရိ မဟုတ်သလို မေကလည်း သီတာဒေဝီ မဟုတ်ပါဘူး...သဘောသွားကိုသာ ပြောတာပါ...)

ချောင်းရေထဲက လှေကလေးထဲမှာ ပုလွေသံကလေး ကျူရှဲပြတဲ့လူတစ်ယောက် ရှိနေတာကို သိနေတဲ့ ရေခပ်သူ လုံမလေးလို ရင်ခုန်ရမယ့်အရွယ် မဟုတ်တော့ပါဘူး...မေ့မှာ မျှော်တွေးထောက်ထားစရာတွေ...မေ့ကို မှီခိုအားထားနေကြတဲ့ဘဝတွေ...ကိုယ်မွေးဖွားရှင်သန်ရာ ဇာတိကို တပ်မက်တဲ့စိတ်တွေကလည်း ရှိနေတော့ အောင်ပြန်သွားပြီးတဲ့ရက်တွေမှာ သိပ်ကို စဉ်းစားခဲ့ရပါတယ်...။

မေက လရောင်ထဲမှာ ပွင့်နေကြတဲ့ ပန်းတွေကို နှစ်သက်သလို မနက်ခင်း နေရောင်မှာ ပွင့်ကြတော့လည်း ချစ်ရတာပါပဲ...။

မေတို့ ပြင်ဦးလွင်ခြံကြီးထဲမှာ လရောင်ဖြာမှ ပွင့်ကြတဲ့ ကြာပန်းတွေကို အောင်တွေ့ခဲ့တယ်နော်...အောင် ဆိုပြခဲ့တဲ့ 'ပန်းကြာ



ဝတ်မှုန်' တွေပေါ့လေ...သူတို့ခမျာ ပွင့်ဖို့ မွေးဖို့ လရောင်ကို မျှော်ကြရတဲ့ဒုက္ခကလည်း မသေးလှဘူး အောင်ရေ...လရောင်မဲ့တဲ့ လကွယ်ရက်တွေမှာ အမှောင်ထဲ မေ့မျောနေကြတာနဲ့ တူကြလို့ လရယ်သာလိုက်ပါတော့လို့ မေ အမြဲဆုတောင်းမိရတယ်...။

အောင်ရေ...

ကဗျာဆရာကြီး တဂိုးရဲ့ ကဗျာတစ်ပုဒ်မှာ 'ကုသိုလ်နဲ့ *အကုသိုလ် လွန်ပွဲမှာ ငါ အချိန်တွေ ကုန်ခဲ့လှပြီ...ဒါပေမဲ့ ငါ့ကစားဖော်က သူ့ဘက် ပါအောင် ခေါ်နေပြန်ပြီ...'* တဲ့။

အောင်ကိုယ်တိုင် ပြင်ဦးလွင်မှာ သုံးသွားခဲ့တဲ့စကားကို မေ မှတ်မိနေတယ်... 'အောင် နဂါးငွေ့တန်းတွေထဲ ရောက်နေတယ်လို့ပဲ ပြောပါရစေတော့' တဲ့...အောင်ရှိရာ နဂါးငွေ့တန်းတွေဆီကို လာချင်ပေမယ့် မေ့မှာ ခွန်အားမဲ့လှပါတယ်...ခွန်အားမမဲ့ရင်တောင် အခြေအနေမပေးပါဘူး...ပြောရရင် နဂါးငွေ့တန်းတွေဆီ မေကတော့ ရောက်လာမယ်မဟုတ်ဘူး...အောင့်ကိုလည်း နဂါးငွေ့တန်းကြယ်မှုန်စုတွေထဲမှာ မနေစေချင်ဘူး...ဒါကတော့ မေ့ခံစားမှုပါ...။

အောင်ရေ...

ဆယ်စုနှစ်နဲ့ချီပြီး မျိုသိပ်ထားခဲ့တာလေးလည်း ရေးချင်သေးတယ်...အဲဒါကတော့ အောင့်ရဲ့ ရှမ်းနာမည်ကို မေ သိတယ်ဆိုတာပါပဲ... 'စဝ်ကြာပဒုမ်' တဲ့လား အောင်...အောင် မအံ့သြပါနဲ့...လူတွေဟာ ဘာကိုမှ သိပ်များများ...ပြီးတော့ သိပ်ကြာကြာ ဝှက်ကွယ်ထားလို့ မရနိုင်ဘူးလေ...။

မေ ဖတ်ဖူး မှတ်ဖူးတာကတော့ ကြာငါးပါးရှိသတဲ့...။ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ် (ကြာပုဏ္ဍရိက်) နဲ့ ကြာခေါင်းလောင်း (ပဒုမ္မာကြာ) တွေတဲ့...။ နေရောင်ကလေး ပက်လိုက်မှ လန်းရတဲ့ ကြာပွင့်တွေပေါ့...။

ကုမုဒြာကြာကတော့ ကြာဖြူအဆင်းရှိပြီး လရောင်ဆမ်းမှ ပွင့်ဖတ်ကလေးတွေ ရန်းကြွလာတတ်တာမျိုး...။

နေရောင်နဲ့ ပွင့်ရတဲ့ကြာနဲ့ လရောင်နဲ့ပွင့်ရတဲ့ကြာ...သူတို့ချင်း ဝေးလှပါလား...ဘာပဲဖြစ်ဖြစ် မေကတော့ လရောင်ကို မျှော်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပွင့်နေရတဲ့ 'ပန်းကြာဝတ်မှုန်' လို ဘဝမျိုးပါပဲ...။ ပန်းကြာဝတ်မှုန်တွေ ပွင့်ဖို့ ထိန်ထိန်သာနေတဲ့ လတစ်စင်းတော့ လိုမှာပေါ့လေ...။

ထုံးစံအတိုင်း မေကတော့ လရောင်လင်းတဲ့ လမင်းဝါဝါကို မျှော်ရုံပေါ့...အောင့်ကို ချစ်တယ်ဆိုတဲ့စကားကိုတော့ လောကလုံး ကြားအောင် ပြောပြလိုက်ချင်ပါရဲ့...။

လရောင်ရယ်...လင်းလှည့်ပါတော့...။

ချစ်လျက် –

'မေ'

BURMESE CLASSIC .com

သည်တစ်ခါတော့ ကျွန်မစိတ်တွေ တကယ်ပေါ့ပါးသွားခဲ့ပါ၏။ ကျွန်မ ရေးထားသည့်စာကို မှန်မှန်ကို ပေးခဲ့သည်။ ပြီးတော့ ပြင်ဦးလွင်ကို တက်လာခဲ့သည်။

သည်ကနေ့ တပေါင်းလပြည့်နေ့ည...။

ဆီးနှင်း မြူ တိမ် သူရိန် မီးခိုး ရန်သူမျိုးငါးပါးကင်းသည့် လမင်းကို ကျွန်မ ငေးရပါဦးမည်။ လရောင်ခံပြီး ပွင့်ကြမည့် ပန်းကြာဝတ်မှုန်တွေ...မှုံရာမှငုံ၊ ငုံရာမှကင်း၊ ကင်းရာမှဖူး၊ ဖူးရာမှ ပွင့်ကြလိမ့်မည်။

အောင်တို့ဆီမှာ နေ့နဲ့နေရောင်...ကျွန်မတို့ဆီမှာတော့ ညနဲ့လရောင်...

ပဒုမ္မာကြာ နှင့် ပန်းကြာဝတ်မှုန်...

၂၁ မိုင်က ကျော်လျှင်ပင် လဝန်းကို ကျွန်မ မြင်ရပြီ...။ ■

ခင်ခင်ထူး

၂၀၀၀ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်

မန္တလေး။



# ခင်ခင်ထူး
# ပါးကွက်ကျား

ဝတ္ထုတိုများ

ကျွန်မ ဝတ္ထုတိုများကတော့ သင်းပျံ့သည့်ရနံ့ ရှိချင်မှရှိပါမည်။ ချစ် စရာကောင်းချင်မှ ကောင်းပါလိမ့်မည်။ သို့သော် ပါးပြင်ပေါ်က သနပ်ခါး ကွက်ကျားကလေးလို နေပူခံ၊ လေပူခံ၊ ချွေးစိုခံသည် ဆိုလျှင် ကျွန်မ ကျေနပ်ပါပြီ။

(စာမူခွင့်ပြုချက်အမှတ်-၅၀၁၇၄၄၀၅၀၂)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com